သီရိလင်္ကာနိုင်ငံကား စိတ်ဝင်စားဖွယ် ကောင်းသည်။ နိုင်ငံငယ် သလောက် စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာ ရှည်လျား မြင့်မားသည်။ ယနေ့ မြန်မာနိုင်ငံတွင် စာသင်သား ရဟန်းတော် များ သင်ကြားနေကြရသော မြတ်ဗုဒ္ဓ၏ မူရင်း ပါဠိတော်များကို အဓိပ္ပာယ် ဖွင့်ဆိုသည့် အဋ္ဌကထာကျမ်းများ အားလုံးနီးပါးမှာ တိုင်းတစ်ပါးသားတို့ နားလည်နိုင်စေရန် ရည်ရွယ်၍ ရှေးဟောင်း သီဟိုဠ်ဘာသာဖြင့် ရေးသားထားသည့် မူရင်း သီဟိုဠ် အဋ္ဌကထာ ကျမ်းများမှ အေဒီ ၅ ရာစု အချိန်က ပါဠိဘာသာသို့ ပြန်ဆိုခဲ့သော ကျမ်းများဖြစ်သည်။

# သီရိလင်္ကာဗုဒ္ဓဘာသာသမိုင်း

## ဝါလ်ပိုလာ ရာဟုလာ

History of Buddhism in Ceylon

by

Walpola Rahula

**အရှင်ကေလာသ**

ဓမ္မာစရိယ၊ **B.A. (Philo) M.A. (Buddhism)**

မြန်မာပြန်သည်

အခန်း ၈
ဘုန်းကြီးကျောင်းတိုက်များ ၁
တည်ဆောက်ပုံ ၂၁၉-၂၅၆

အခန်း ၉
ဘုန်းကြီးကျောင်းတိုက်များ ၂
ကျောင်းတိုက်အုပ်ချုပ်ရေး ၂၅၅-၂၈၂

အခန်း ၁၀
ရဟန်းတော်များ၏ လူမှုဘဝ ၁
တိုးတက်မှုများ ၂၈၅-၃၁၅

အခန်း ၁၁
ရဟန်းတော်များ၏ လူမှုဘဝ ၂ ၃၁၇-၃၅၄
လှုပ်ရှားမှုများ

အခန်း ၁၂
ရဟန်းတော်များ၏ လူမှုဘဝ ၃ ၃၅၇-၃၈၂
ခြိုးခြံစွာကျင့်သုံးခြင်း

အခန်း ၁၃
သီဟိုဠ် ရဟန္တာများ ၃၈၅-၄၀၄

အခန်း ၁၄
လူဝတ်ကြောင်များ၏ ဘဝ ၁
လူမှုရေး ၄၀၇-၄၄၇

အခန်း ၁၅
လူဝတ်ကြောင်များ၏ ဘဝ ၂
ဘာသာရေး ၄၄၉-၄၆၀

အခန်း ၁၆
အခမ်းအနားများနှင့် ပွဲတော်များ ၄၆၃-၄၉၃


# သီရိလင်္ကာဗုဒ္ဓဘာသာသမိုင်း

အနုရာဓပုရခေတ် (ဘီစီ ၃ ရာစု – အေဒီ ၁၀ ရာစု)

ဝါလ်ပိုလာ ရာဟုလာ

## History of Buddhism in Ceylon

The Anuradhapura Period

3rd Century BC – 10th Century AC

by

Walpola Rahula

# အရှင်ကေလာသ

ဓမ္မာစရိယ၊ **B.A (Philo) M.A. (Buddhism)**

မြန်မာပြန်သည်

ပုံနှိပ်ရာဇဝင်
254 N Wickiup Road
Apache Junction, AZ 85219

## မာတိကာ


ဘာသာပြန်သူ၏ မိတ်ဆက် ဂ-ဈ

ကျမ်းပြုသူ၏ အမှာစာ ၁-၆

ABBREVIATIONS ၇

နိဒါန်း
ကျမ်းကိုးရင်းမြစ်များ ၉-၄၃

အခန်း ၁
အိန္ဒိယသမိုင်းနောက်ခံ ၅၄-၆၄

အခန်း ၂
ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်နိုင်ငံ ၁
လူမှုရေးအခြေအနေ ၆၇-၉၄

အခန်း ၃
ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်နိုင်ငံ ၂
ဘာသာရေးအခြေအနေ ၁၉-၁၁၇

အခန်း ၄
ဗုဒ္ဓဝါဒ ပြန့်ပွားလာခြင်း ၁၁၉-၁၃၉

အခန်း ၅
ဗုဒ္ဓဝါဒ နိုင်ငံတော်ဘာသာ ဖြစ်လာခြင်း ၁၄၁-၁၆၃

အခန်း ၆
တိုးတက်မှုနှစ်ကာလများ ၁ ၁၆၅-၁၈၄

အခန်း ၇
တိုးတက်မှုနှစ်ကာလများ ၂ ၁၈၇-၂၁၆

နှင့် အခြား အတုယူဖွယ် သီဟိုဠ်ဖြစ်ရပ်များနှင့် အလွန်ပင် ရင်းနှီးကြသည်။ ယင်းသို့ ရင်းနှီးနေသလောက်လည်း သမိုင်းတွင် ထင်ရှားသည့် သီရိလင်္ကာ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကျော်တို့၏ သာသနာပြု စိတ်ဓာတ်၊ ရက်ရောမှုနှင့် အများကောင်းကျိုး ဆောင်ရွက်မှုများမှာ ဗုဒ္ဓဝါဒီ မြန်မာတို့၏ နှလုံးသား၌ အနည်းနှင့်အများ နေရာယူလွှမ်းမိုးလျက် ရှိသည်။ ယင်းတို့၏ ဆောင်ရွက်များအပေါ် လေးစားအတုယူလျက်လည်း ရှိကြသည်။

သီရိလင်္ကာနိုင်ငံကား စိတ်ဝင်စားဖွယ် ကောင်းသည်။ နိုင်ငံငယ်သလောက် စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာ ရှည်လျားမြင့်မားသည်။ ယနေ့ မြန်မာနိုင်ငံတွင် စာသင်သား ရဟန်းတော်များ သင်ကြားနေကြရသော မြတ်ဗုဒ္ဓ၏ မူရင်း ပါဠိတော်များကို အဓိပ္ပာယ်ဖွင့်ဆိုသည့် အဋ္ဌကထာကျမ်းများ အားလုံးနီးပါးမှာ တိုင်းတစ်ပါးသားတို့ နားလည်နိုင်စေရန် ရည်ရွယ်၍ ရှေးဟောင်း သီဟိုဠ်ဘာသာဖြင့် ရေးသားထားသည့် မူရင်း သီဟိုဠ်အဋ္ဌကထာကျမ်းများမှ အေဒီ ငါးရာစုအချိန်က ပါဠိဘာသာသို့ ပြန်ဆိုခဲ့သော ကျမ်းများဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုမူ ထေရဝါဒ အစဉ်အလာက လက်ခံထားသည့် မြတ်ဗုဒ္ဓ၏ တရားတော်များအပေါ် အဓိပ္ပာယ်ကောက်ယူမှု အားလုံးမှာ သီဟိုဠ်ပညာရှင်တို့ သီဟိုဠ်ဘာသာဖြင့် ရေးသားပြုစုထားသော ပို့ချစဉ်ဖြစ်သည်။ ထို့ကြောင့် သီဟိုဠ် လူမျိုးတို့၏ စာပေအဆင့်အတန်းကို ခန့်မှန်းကြည့်နိုင်သည်။ ယင်းပို့ချစဉ်သည်လည်း ဘီစီ ၃ ရာစုက သီရိလင်္ကာနိုင်ငံသို့ ဗုဒ္ဓသာသာသနာကို ယူဆောင်သွားခဲ့သူ အိန္ဒိယဧကရာဇ် အသောက၏သားတော် အရှင်မဟိန္ဒနှင့် သာသနာပြု ပုဂ္ဂိုလ်တို့၏ ပို့ချစဉ်ပင် ဖြစ်သည်။ အရှင်မဟိန္ဒ၏ ပို့ချစဉ်ဟူသည် မြတ်ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူချိန်မှစ၍ မပြတ်လပ်သော မထေရ် အစဉ်အဆက်တို့၏ ပို့ချစဉ်ပင် ဖြစ်သည်။ ထို့ကြောင့် သီရိလင်္ကာနိုင်ငံအား ထေရဝါဒ အစဉ်အလာကို မပျက်ယွင်းအောင် ကောင်းစွာ ထိန်းသိမ်းထားခဲ့သည့် နိုင်ငံအဖြစ် ဂုဏ်ယူလေးစားရမည် ဖြစ်သည်။

ယင်းသို့ သမိုင်းနှင့် ယဉ်ကျေးမှု အစဉ်အလာ ကြီးမား၍လည်း သီရိလင်္ကာသည် အန္တရာယ် အနှောင့်အယှက် အမျိုးမျိုး၊ ကျူးကျော်




အခန်း ၁၇
ပညာရေး ၄၉၅-၅၁၈

နောက်ဆက်တွဲ ၁
မဟာဝိဟာရဟူသည် ၅၂၁-၅၂၃

နောက်ဆက်တွဲ ၂
ခေတ်အလိုက် သမိုင်းဖြစ်စဉ်များ ၅၂၄-၅၂၇

နောက်ဆက်တွဲ ၃
သီဟိုဠ် မင်းဆက်များ ၅၂၈-၅၃၂

## ဘာသာပြန်သူ၏ မိတ်ဆက်စကား

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ သမိုင်းသည် သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဘာသာ သမိုင်းနှင့် ခေတ်အဆက်ဆက်တွင် ပတ်သက်မှုရှိခဲ့သည်။ မြန်မာနိုင်ငံ၌ ထေရဝါဒ အုတ်မြစ်ကို ချပေးခဲ့သည့် ရှင်အရဟံသည်ပင် သီရိလင်္ကာနိုင်ငံမှ ကြွလာသူဖြစ်ကြောင်း အဆိုရှိသည်။ ပုဂံခေတ်မှသည် ယနေ့ ခေတ်တိုင်အောင်ပင် မြန်မာရဟန်းတော်များသည် သီရိလင်္ကာသို့ ကြွရောက်ပြီး အချို့ ပညာသင်ယူ၊ အချို့မှာ ဗုဒ္ဓဓမ္မ ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိကြသည်။ မွန်ဘုရင် ဓမ္မစေတီမင်းသည် မြန်မာနိုင်ငံမှ ပဥ္စင်းလောင်း သာမဏေများကို သီရိလင်္ကာနိုင်ငံရှိ ကလျာဏီမြစ်အတွင်း ရေသိမ်၌ ရဟန်းခံပြီး မြန်မာနိုင်ငံ၌ စင်ကြယ်သန့်ရှင်းသည့် သာသနာမျိုးဆက်သစ်တစ်ရပ်ကို တည်ထောင်ခဲ့သည်။ သီရိလင်္ကာမှ ပညာတတ် ရဟန်းတော်များလည်း မြန်မာနိုင်ငံသို့ ကြွရောက်ပြီး သာသနာပြုခြင်း၊ သိက္ခာသစ်ခံယူခြင်းများ ရှိခဲ့ကြသည်။

ဒီပဝင်၊ မဟာဝင်၊ ဗောဓိဝင်စသော ပါဠိမှ မြန်မာပြန်ဆိုထားသည့် ကျမ်းများ၊ ယင်းကျမ်းတို့ကို အခြေခံသည့် ဇိနတ္ထပကာသနီ စသည်နှင့် မြန်မာရာဇဝင်များ၏ နိဒါန်းပိုင်းစသည့် မြန်မာဘာသာ ကျမ်းစာများကို ဖတ်ရခြင်း၊ ထိုထို ဓမ္မကထိက ဆရာတော်များက ယင်းကျမ်းဂန်များမှ ဇာတ်ဝတ္ထု အကြောင်းအရာများကို ထုတ်ဖော်ပြီး နမူနာပြု ဟောပြောခြင်းများကြောင့် ဗုဒ္ဓဝါဒီ မြန်မာလူမျိုးတို့သည် အရှင်မဟိန္ဒ၊ အရှင်မသင်္ဃမိတ္တာ၊ အသောက၊ ဒေဝါနံပိယတိဿ၊ ဝဋ္ဋဂါမဏိ၊ ဒုဋ္ဌဂါမဏိ၊ ဗြာဟ္မဏတိဿသူပုန်ဘေး၊ မဟာဝိဟာရကျောင်းတိုက်စသောအမည်များ၊ ရဟန္တာအရှင်မြတ်တို့၏ အကြောင်းအရာများ

မဟာဝံသဋီကာ၊ ဗောဓိဝံသဋီကာ၊ ရသဝါဟိနီနှင့် သီဟိုဠ်ဘာသာဖြင့် ရေးသားသည့် နိကာယသင်္ဂဟကျမ်းများမှာ မူရင်းကျမ်းတို့၏ စာမျက်နှာအတိုင်း ဖြစ်ပါသည်။ မဟာဝံသစာကိုယ်ကို ကိုးကားရာ၌ ပထမဂဏန်းမှာ အခန်းကို ရည်ညွှန်းပြီး ဒုတိယ ဂဏန်းမှာ ဂါထာပုဒ်နံပါတ်ကို ဆိုလိုသည်။ ဥပမာ မဟာဝံသ ၃၅း၄၆ ဟုဆိုလျှင် မဟာဝံသ အခန်း ၃၅၊ ဂါထာ အမှတ် ၄၆ ဟု နားလည်ရန် ဖြစ်သည်။ ဒီပဝံသကျမ်းကို ကိုးကားရာ၌လည်း ထိုနည်းအတူ ဖြစ်သည်။

စာပေသုတေသီများအနေဖြင့် သီရိလင်္ကာ ဗုဒ္ဓဘာသာသမိုင်းကို လေ့လာမှုမှတစ်ဆင့် စစ်မှန်သည့် ဗုဒ္ဓဘာသာဆိုင်ရာ ဗဟုသုတ အထွေထွေကို ရရှိပြီး ထိုထို ပါဠိတော် အဋ္ဌကထာကျမ်းများ၌ ပါရှိသည့် ဖော်ပြချက်များအပေါ် အတွေးအမြင်သစ်များဖြင့် ပိုမိုနားလည်လာနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အရှင်ကေလာသ

အရီဇိုးနားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု။
၃၀ ဇူလိုင်၊ ၂၀၀၈။ ည ၁၁း၃၇ နာရီ။



တိုက်ခိုက်ခံရမှု အထွေထွေနှင့် လက်အောက်ပြုခံရမှု အကြိမ်ကြိမ်ရှိလင့်ကား နိုင်ငံနှင့် လူမျိုး ယနေ့တိုင် အခြေမပျက်ဘဲ တည်တံ့နေနိုင်ခြင်း ဖြစ်သည်။ သီရိလင်္ကာသည် ဒတ်ချ်၊ ပေါ်တူဂီနှင့် ဗြိတိသျှတို့၏ ကိုလိုနီဘဝသို့ နှစ်ပေါင်း ငါးရာလောက် ကျရောက်ခဲ့သည့် တိုင်အောင် ယနေ့ခေတ်တွင် ဗုဒ္ဓဘာသာဝင်ဦးရေ ရှစ်ဆယ် ရာနှုန်းရှိနေသေးခြင်းမှာ အံ့သြဖွယ်ဖြစ်သည်။ ယနေ့တိုင်လည်း ယဉ်ကျေးမှုကို စနစ်တကျ ထိန်းသိမ်းပြီး ပြုစုပျိုးထောင်မှုများ ရှိသည်။

မြန်မာနိုင်ငံနှင့် ပတ်သက်မှုရှိပြီး လေးစားဖွယ် ကောင်းသည့် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတစ်ခု၏ သမိုင်းဖြစ်စဉ်ကို ခေတ်အမြင်ဖြင့် သုံးသပ်ခြင်းမှာ လိုအပ်သည်။ မြန်မာတို့ နားလည်သော ဒီပဝင်၊ မဟာဝင် စသည်နှင့် ပါဠိတော် အဋ္ဌကထာကျမ်းများ၏ အဆိုကို ခေတ်မီစွာ တွေးမြင်သုံးသပ်မှုများမှာ ရှိလည်းရှိသင့်သည်။ အနောက်တိုင်း ပညာသင်ကြားမှုတွင် ဝေဖန်ဆန်းစစ်သည့် အတွေးအမြင်ဖြင့် သုံးသပ်ခြင်း (Critical Thinking) ကို အထူး ဦးစားပေးသည်။ ပါဠိတော် အဋ္ဌကထာကျမ်းတို့၏အဆိုကို ယုံကြည်မှုအခြေခံမျှဖြင့် မဟုတ်ဘဲ သမိုင်းအမြင်၊ လူမှုရေးရှုထောင့်နှင့် ကြောင်းကျိုး ဆီလျော်မှုရှိမရှိဟူသော ယုတ္တိနည်းများဖြင့် လေ့လာ ဆန်းစစ်သည်။ ယင်းသို့ ဆန်းစစ်ခြင်းဖြင့် အမှန်တရားအတွက် အများသဘောတူ လက်ခံနိုင်သည့် အဖြေ တစ်ရပ်ကို ရရှိနိုင်သည်။ သန်းစာလည်း ရယူနိုင်သည်။

သီရိလင်္ကာ ပညာရှင် ကမ္ဘာကျော် ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာအရှင်မြတ် ရေးသားသော *History of Buddhism in Ceylon - The Anuradhapura Period* ကျမ်းသည် သီရိလင်္ကာနိုင်ငံ၏ ဗုဒ္ဓဘာသာသမိုင်းကို လေ့လာဆန်းစစ်မှု ဖြစ်သော်လည်း ဗုဒ္ဓဝါဒဆိုင်ရာ ယုံကြည်ချက်နှင့် တွေးခေါ် ယူဆချက်တစ်ချို့ကို ခေတ်မီ ဝေဖန်ဆန်းစစ်သည့် အမြင်ဖြင့် ကြောင်းကျိုးကို ဖော်ထုတ်ပြီး သုံးသပ်ချက်များ ပါရှိသည်။ သမားရိုးကျ အမြင်မှ ခွဲထွက်ပြီး ခေတ်မီ ဆန်းသစ်သော အတွေးအမြင်များဖြင့် သမိုင်းဖြစ်စဉ်အပေါ် ချဉ်းကပ်သည်။ ယင်းသို့သော လေ့လာဆန်းစစ်မှုမျိုးမှာ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဆိုင်ရာ စာပေတွင်လည်း ရှိသင့်သည်သာ ဖြစ်သည်။ အထူးသဖြင့် ဗုဒ္ဓသာသနာဆိုင်

ရာ တက္ကသိုလ်များ၌ အလားတူ သုတေသနကျမ်းစာမျိုး ရေးသား ပြုစုသင့်သည်။ ဤကျမ်း၌ ဖော်ပြသည့် ထူးခြားသည့် အတွေးအမြင် တစ်ချို့ကို မြန်မာစာဖတ် ပရိသတ်များ၊ အထူးသဖြင့် အင်္ဂလိပ်စာပေကို ဖတ်အား နည်းတော်မူကြသည့် မြန်မာနိုင်ငံက ဆရာတော် သံဃာတော်များ ဖတ်မိပြီး ငြင်းဆိုချေပသည့် သို့မဟုတ် သဘောတူလက်ခံသည့် အလားတူ သုတေသနစာတမ်းများ ထွန်းတောက်လာစေရန် မျှော်လင့်ချက်ဖြင့် ဤကျမ်းကို မြန်မာပြန်ဆို ဖြစ်သွားပါသည်။

ဤကျမ်း၌ ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာ၏ သုံးသပ်ချက်များမှာ ရဲရင့်ပြီး ပြောင်မြောက်သည်။ ပါဠိမုတ္တကဝိနိစ္ဆယ (ပါဠိတော်၌ မပါသည့် အဆုံးအဖြတ်များ) ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းမှာ အေဒီ ငါးရာစုနှင့် ယင်းမတိုင်မီ အချိန်က နိုင်ငံရေး၊ လူမှုရေးနှင့် ရဟန်းတော်များ၏ နေ့စဉ်ဘဝ ပြောင်းလဲလာမှုအရ မြတ်ဗုဒ္ဓ ပညတ်ထားသည့် ဝိနယသိက္ခာပုဒ်အချို့ကို ဘောင်အတွင်းမှ လိမ္မာပါးနပ်စွာ ပြုပြင် ပြောင်းလဲလိုခြင်းကြောင့် ဖြစ်ကြောင်း သုံးသပ်သည်။ အဋ္ဌကထာကျမ်းတို့၌ ဖော်ပြသည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သာသနာသုံးရပ်တွင် ပရိယတ္တိသည် သာသနာတော်၏ မူလ ရင်းမြစ်ဖြစ်၏ဟူသော ဓမ္မကထိက မထေရ်တို့၏ အဆိုမှာလည်း ဝါလ်ပိုလာ၏ အမြင်အရ ဗုဒ္ဓရှင်တော်မြတ်၏ မူရင်းအာဘော်နှင့် ကိုက်ညီခြင်း မရှိချေ။ ယင်းသည် နေ့စဉ်လူမှုဘဝ လိုအပ်ချက်ကြောင့် တိုးတက်ပြောင်းလဲသွားသည့် အယူအဆဖြစ်ကြောင်း ဆိုသည်။

တစ်ဖန် ရဟန္တာဟူသော ဝေါဟာရနှင့် ပတ်သက်၍ ဆန်းစစ်မှုပြုရာတွင် ရဟန္တာပုဂ္ဂိုလ် တစ်ပါး၏ အရည်အချင်းကို သတ်မှတ်ခြင်းများမှာ မူလအဓိပ္ပာယ်မှ ပြောင်းလဲခြင်း၊ ကွဲလွဲခြင်းများ ရှိပုံကိုလည်း ဖော်ပြသည်။ ထိုခေတ်က ရဟန္တာအချို့မှာ ဘာသာရေးနှင့် အမျိုးသားရေးရာ အယူသည်းမှုများပင် ရှိသေးကြောင်း မဟာဝံသ၌ ဖော်ပြသည့် ရဟန္တာရှစ်ပါး အကြောင်းကို ကိုးကားပြီး သက်သေပြထားသည်။ ယင်းဖော်ပြချက်မှာ မူရင်းပါဠိတော် အဋ္ဌကထာကျမ်းတို့၌ ဖော်ပြသည့် ရဟန္တာ အရှင်မြတ်များနှင့် လုံးဝ ခြားနားကြောင်း ပြဆိုသည်။ သို့ဖြင့် အေဒီငါးရာစုက သီဟိုဠ်ရဟန္တာဟူသည် မည်သို့ သဘောရှိကြောင်း သုံးသပ်ချက်မှာ စိတ်ဝင်စားဖွယ် ကောင်းသည်။



ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာက "ဗုဒ္ဓရှင်တော်မြတ်သည် စကြဝတေးမင်း၌လည်း ဗုဒ္ဓဖြစ်လာမည့် ပုဂ္ဂိုလ်ကဲ့သို့ လက္ခဏာ ၃၂ ပါး ပါရှိကြောင်းနှင့် ဗုဒ္ဓကိုရော စကြဝတေးမင်းကိုပါ စေတီတည်ထိုက်ကြောင်း ဟောတော်မူသည်။ ယင်းယူဆချက်ကို အခြေခံ၍ပင် 'အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ = ဘုရင်မင်းတို့၏ အလိုသို့ လိုက်စိမ့်သောငှာ ခွင့်ပြု၏'ဟု ဘုရင်မင်းတို့ကို ဦးစားပေး၍လည်း ဟောတော်မူသည်"ဟု မှတ်ချက်ပေးသည်။

သို့ရာတွင် ပညာရှင် ရာဟုလာအနေဖြင့် အဋ္ဌကထာကျမ်းများ၏ အဆိုကို များစွာ ကိုးကားသကဲ့သို့ ဤနေရာ၌လည်း အဋ္ဌကထာဖွင့်ကို သေချာစွာ စိစစ်ပြီး ဆိုသင့်သည်။ အဋ္ဌကထာ၌ 'မင်းတို့၏ အလိုသို့ လိုက်စိမ့်သောငှာ ခွင့်ပြု၏ဟူသည် နောက်သို့ (တစ်လ) ဆုတ်ပြီး ဝါဆို ဝါကပ်ရာ၌ ရဟန်းတော်များမှာ မည်သည့် အကျိုးဆုတ်ယုတ်မှု မရှိနိုင်သောကြောင့် မင်းအလိုသို့လိုက်ရန် ခွင့်ပြုခြင်းဖြစ်၏။ သို့ဖြစ်၍ ဓမ္မနှင့် ညီသော ကိစ္စမျိုး၌ မင်းအလိုသို့ လိုက်ရမည်။ အဓမ္မကိစ္စမျိုး ဖြစ်လျှင်ကား (ဘုရင်မင်းများ အပါအဝင်) မည်သူ၏ အလိုသို့မျှ လိုက်ဖွယ် မလိုချေ (အဓမ္မိကေ ပန န ကဿစိ အနုဝတ္တိတဗ္ဗံ၊ ဝိ-ဋ္ဌ ၃၊ ၁၅၀)' ဟု အတိအကျ ဖွင့်ဆိုချက်ရှိသည်။

ဤကျမ်းကို ပြုစုသူကိုယ်တိုင်လည်း ထေရဝါဒ ရဟန်းတော် ဖြစ်၍ မြန်မာ ထေရဝါဒ ဗုဒ္ဓဝါဒီတစ်ယောက် အနေဖြင့်လည်း ကျမ်းဂန်လာ စာသားများနှင့် အတွေးအမြင်များအပေါ် ဝါလ်ပိုလာ ရာဟုလာ နည်းတူ ခံစားကြည့်နိုင်သည်။ သို့ရာတွင် သဘောတူခြင်း မတူခြင်းမှာ စာဖတ်သူ အပေါ်တွင်သာ မူတည်ပြီး ရာဟုလာ၏ သုံးသပ်ချက်များအပေါ် မိမိတို့ကိုယ်တိုင် ပြန်လည်သုံးသပ် ဝေဖန် ဆန်းစစ်သည့် စာတမ်းများ ပြုစုတင်ပြရန်သာ ဖြစ်သည်။

ကျမ်းကိုးများနှင့် ပတ်သက်၍ အနည်းငယ် မှာဖွယ်ရှိပါသည်။ ဝါလ်ပိုလာ ရာဟုလာ ကိုးကားခဲ့သည့် ပါဠိတော်နှင့် အဋ္ဌကထာ ကျမ်းများမှာ သီဟိုဠ်မူဖြစ်သဖြင့် ယင်းတို့ကို ပိဋကတ်သုံးပုံ စီဒီရွမ် (ဂိုအင်ကာမူ) မြန်မာဘာသာ စာမျက်နှာဖြင့် ပြန်လည် တိုက်ဆိုင်ပေးထားပါသည်။ သီဟိုဠ်မူသာရှိပြီး မြန်မာမူ ရှားပါး သို့မဟုတ် မတွေ့ဖူးသည့်

ကျွန်ုပ်အနေဖြင့် ဤကျမ်းစာ ကျယ်လွန်းသွားမည်ကို စိုးရိမ်သဖြင့် ရံဖန်ရံခါ ရည်ညွှန်းချက်များနှင့် နမူနာပုံစံများကို ဖြစ်နိုင်သမျှ အကျဉ်းမျှကိုသာ ဖော်ပြပါသည်။ သို့တစေ အချို့နေရာများ၌ ရာစုနှစ်ပေါင်း များစွာအလွန်က မတူခြားနားသည့် မြို့ပြယဉ်ကျေးမှုအတွင်း နေထိုင်ခဲ့ကြသော လူမျိုးတစ်မျိုး၏ဘဝကို နားလည်ပြီး နှစ်သက်မှုအတွက် လိုအပ်သည့် အပိုင်းအခြားတစ်ခုကို စာဖတ်သူ၏ စိတ်ထဲ၌ ဖန်တီးပေးလိုသည့် အထူးရည်ရွယ်ချက်ဖြင့် အတော်အတန် ရှည်လျားသည့် ဝတ္ထုဖြစ်ရပ်များကို ဖော်ပြပါသည်။

ဤကျမ်း၌ မကြာခဏပင် ဝိဆက် (ပါဠိ ဝေသာခ)၊ ဝသ်စ် (ပါဠိ ဝဿ)၊ ပေါယ (ပါဠိ ဥပေါသထ)၊ အတဆီလ် (ပါဠိ အဋ္ဌင်္ဂသီလ)၊ ဗော (ပါဠိ ဗောဓိ)၊ ပိရိတ် (ပါဠိ ပရိတ္တ)၊ ဒါဂေါဘ (ပါဠိ စေတိယ) စသည့် သီရိလင်္ကာဝေါဟာရများကို သုံးနှုန်းထားပါသည်။ အကြောင်းမူ ယင်းဝေါဟာရများမှာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အထူးဝေါဟာရများအဖြစ် ဝင်ရောက် နေရာယူထားပြီး ဖြစ်သောကြောင့်တည်း။ အိပ်ချ် ကမ်း (H. Kern) ကိုယ်တိုင်ပင် စေတိယနှင့် စတူပ ဝေါဟာရများအတွက် ဒါဂေါဘဟူသော ဝေါဟာရကို သုံးစွဲခဲ့သည်။ (*Manual of Indian Buddhism,* pp. 91-92)။ ဖာဟီဟန်၏ခရီးစဉ်ကျမ်းကို ဘာသာပြန်ခဲ့သူ ဂျေ လဂ်ဂျီ (J. Legge) သည် မဟာမောဂ္ဂလ္လာယန ဟူသော အဆင့်မြင့်အသံထွက်အစား မုဂလန်ဟူသော ရိုးရိုး သီရိလင်္ကာဝေါဟာရကို သုံးစွဲပြီး 'ဤဗုဒ္ဓသာဝက၏ သီရိလင်္ကာအမည် မုဂလန်ဟူသော ဝေါဟာရမှာ ပိုမို အသံထွက်ရ လွယ်ကူသည်' (p. 44, n.4)ဟုဆိုခဲ့သည်။ သို့ဖြစ်၍ သီရိလင်္ကာသုံး ဗုဒ္ဓဘာသာဝေါဟာရ အများစုမှာ ပါဠိသက္ကတ ဝေါဟာများထက် ပိုမိုအသံထွက်ရ လွယ်ကူသည်။

လန်ဒန် ပါဠိတော်အသင်းမှ ထုတ်ဝေသည့် ပါဠိကျမ်းစာ ငါးခုခြောက်ခုမှတစ်ပါး ဤကျမ်း၌ အသုံးပြုသည့် ကျန်ပါဠိကျမ်းများမှာ သီဟိုဠ်မူ ပါဠိကျမ်းများ ဖြစ်ကြသည်။

ကျွန်ုပ်၏ဆရာဖြစ်သူ သီရိလင်္ကာတက္ကသိုလ်၊ ပါဠိဌာန ပါမောက္ခ ဂျီပီ မာလာလာဆေကေရအား ကျွန်ုပ်အပေါ် ကူညီမှုအားလုံး အတွက် ကျေးဇူးစကားကို ထုတ်ဖော်ပြောဆိုရန် ခက်ခဲလောက်အောင်ပင် ကျေးဇူး ကြီးမားပါသည်။ ဤကျမ်း၌ ဖော်ပြသည့် အချက် အ

## ကျမ်းပြုသူ၏ အမှာစာ

ကမ္ဘာ့ဗုဒ္ဓဘာသာ နိုင်ငံများအတွင်း သီရိလင်္ကာနိုင်ငံက ရယူထားသော ထင်ရှားသည့် အခန်းကဏ္ဍသည် ရှင်းလင်းပြီး နားလည်လွယ်သည့် သီရိလင်္ကာ ဗုဒ္ဓဘာသာသမိုင်းကျမ်းတစ်စောင် လိုအပ်ချက်ကို တိုးမြင့်စေသည်။ သို့ရာတွင် သမိုင်းဦးအစမှသည် ယနေ့ခေတ်ထိ သမိုင်းစဉ်တစ်လျှောက်လုံးမှာ ကျမ်းစာအုပ်တစ်အုပ်တည်းဖြင့် ဖော်ပြရန် မဖြစ်နိုင်လောက်အောင် ကျယ်ဝန်းသည်။

ဗုဒ္ဓဝါဒအစပိုင်းခေတ်ကိုပင် ဝေဖန်ဆန်းစစ် သို့မဟုတ် ပြည့်ပြည့်စုံစုံ လေ့လာနိုင်မည် မဟုတ်ချေ။ ဒေါက်တာ အဒိကရမ် (Dr. E.W. Adikaram)၏ 'အေဒီ ၅ ရာစု ပါဠိဘာသာ အဋ္ဌကထာကျမ်းများ၌ ဖော်ပြသည့် သီရိလင်္ကာ ဗုဒ္ဓဘာသာအခြေအနေကျမ်း'သည်သာ ဤသမိုင်းနယ်ပယ်တွင် သုတေသနဆန်ဆန် ရေးသားထားသည့် ယခုအချိန်ထိ တစ်ခုတည်းသော ကျမ်းဖြစ်သည်။ သို့ရာတွင် ယင်းကျမ်း၌ ဖော်ပြထားချက်အရဆိုလျှင် ယင်းကျမ်းမှာ ဗုဒ္ဓဝါဒ ကျဆင်းသွားမှုနှင့် စာရိတ္တ ပျက်ပြားသွားမှုအပေါ် သံဝေဂဖြစ်ပွားသူ ဥပသကာတစ်ယောက်၏ သဘောထားကို ဖော်ပြသည်။ ဤကျမ်း၏ သဘောထားခံယူချက်နှင့် ဘာသာရပ်အပေါ် ချဉ်းကပ်ပုံတို့မှာ ယင်းကျမ်းနှင့် တစ်မျိုးတစ်ဖုံ ခြားနားသည်။

ဒေါက်တာ အဒိကရမ်၏ ကျမ်းစာသည် အေဒီ ၅ ရာစုတိုင်အောင်သာဖော်ပြပြီး အချက်အလက်များနှင့် ပတ်သက်၍ ပါဠိဘာသာ အဋ္ဌကထာကျမ်းများကို မှီငြမ်းပြုသည်။ ဤကျမ်းစာ၌မူ ခေတ်အပိုင်းအခြား ပိုမိုကျယ်ပြန့်ပြီး ရနိုင်သရွေ့ အထောက်အထား အားလုံးနီးပါးမှ အချက်အလက်များကို ဖော်ပြသည်။

နိဒါန်းပိုင်းတွင် ဤကျမ်းစာ၌ အသုံးပြုထားသည့် အထောက်အထား ရင်းမြစ်ကျမ်းများကို အကျဉ်းချုပ် ပြန်လှန် သုံးသပ်ထားသည်။

ရင်းမြစ်ကျမ်း အများစုကို ရှေးဦးပညာရှင်များက အသေးစိတ် ဝေဖန်သုံးသပ်ထားပြီးဖြစ်၍ ကျွန်ုပ်အနေဖြင့် လက်ရှိရည်ရွယ်ချက်နှင့် သက်ဆိုင်သည့် အချက်အလက် အနည်းငယ်မျှကိုသာ သုံးသပ်ပါသည်။ သို့တစေ ရှေးဦးပညာရှင်များအနေဖြင့် သဟာဿဝတ္ထုနှင့် ရသဝါဟိနီ နှစ်ကျမ်း၊ အထူးသဖြင့် ယခုအချိန်ထိ* ပုံမနှိပ်ရသေးသည့် သဟာဿဝတ္ထုကျမ်းကို လေ့လာဆန်းစစ်မှု မပြုထားသောကြောင့် ထိုနှစ်ကျမ်းနှင့်ပတ်သက်၍ ပိုမိုရှည်လျားစွာ ဖော်ပြရန်လိုပါသည်။

ပထမ အခန်းသုံးခုတွင် ဗုဒ္ဓဝါဒခရီးစတင်ခဲ့ရာ အသောကမင်း၏ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံသို့ ဗုဒ္ဓဝါဒပျံ့နှံ့လာပုံ နောက်ခံသမိုင်းကို ဖော်ပြသည်။ ယင်းနောက် အခန်းလေးတွင် သီရိလင်္ကာနိုင်ငံ၌ ဗုဒ္ဓဝါဒအခြေကျသွားပုံနှင့် အခန်းငါးတွင် ဗုဒ္ဓဝါဒသည် နိုင်ငံတော်၏ ဘာသာတရား လျင်မြန်စွာ ဖြစ်သွားပုံတို့ကို ဖော်ပြသည်။ အခန်းခြောက်နှင့် ခုနစ်တို့၌ လေ့လာနေဆဲ ခေတ်အပိုင်းအခြားအတွင်း ဗုဒ္ဓဝါဒ အတက်အကျဖြစ်ပုံများသို့ စာဖတ်သူအား ခပ်သုတ်သုတ် ဆွဲခေါ်သွားသည်။ အခန်းရှစ်နှင့်ကိုးတွင် ဗုဒ္ဓဝါဒယဉ်ကျေးမှု၏ တည်ရာဖြစ်သည့် ဘုန်းကြီးကျောင်းတိုက်များနှင့် ပတ်သက်၍ ဖွဲ့စည်းပုံသွင်ပြင်၊ လောကီရေးကိစ္စများနှင့် အုပ်ချုပ်ပုံများကို ရှုထောင့်မျိုးစုံမှ ဆွေးနွေးထားသည်။ ဗုဒ္ဓဝါဒသမိုင်းနှင့် ဗုဒ္ဓယဉ်ကျေးမှု တိုးတက်ခဲ့သည့် ဘုန်းကြီးကျောင်းဘဝအပေါ် ရှုထောင့်သုံးမျိုးကို အခန်းသုံးခု ခွဲခြား၍ ဖော်ပြသည် - အခန်းတစ်ဆယ်ဖြင့် ရာစုနှစ်များ တစ်လျှောက်လုံး လူမှုရေး စီးပွားရေး လွှမ်းမိုးမှုမျိုးစုံအောက်တွင် ဗုဒ္ဓဝါဒ၏ တိုးတက်မှုဖြစ်စဉ်ကို ဆန်းစစ်ပြီး၊ အခန်းတစ်ဆယ့်တစ်ဖြင့် ဗုဒ္ဓဝါဒ၏ ပုံမှန်ဆောင်ရွက်စဉ်ကို သုံးသပ်လျက်၊ အခန်းဆယ့်နှစ်တွင် ဗုဒ္ဓဝါဒရှိ ရှေးဟောင်းသူမြတ်ကျင့်စဉ်ဝါဒ ဖြစ်ပေါ်လာပုံကို ဆွေးနွေးသည်။ အခန်းဆယ့်သုံးတွင် ရှေးခေတ်သီဟိုဠ်၌ ရဟန္တာများအဖြစ် ရည်ညွှန်းခြင်းခံရသည့် သူတော်စင် ရဟန်းတော်များ၏ အရေးပါမှုကို ကြိုးစား ဖော်ထုတ်သည်။ အခန်းဆယ့်လေးဖြင့် အခန်းဆယ့်ငါးတွင် တင်ပြမည့် လူဝတ်

*၁၉၅၉ - ခုနှစ်၊ (သီဟိုဠ်အက္ခရာဖြင့်) အေပီ ဗုဒ္ဓဒတ္တမထေရ် တည်းဖြတ်ထုတ်ဝေသည့် အချိန်မတိုင်မီအထိ (ကို ရည်ရွယ်သည်)။



ကြောင် ဥပါသကာများ၏ ဘာသာရေးဘဝနောက်ခံအဖြစ် စီးပွားရေးနှင့် လူမှုရေးဇာတ်ခုံမှ ၎င်းတို့၏လူမှုဘဝအကြောင်းကို ဖော်ပြသည်။ အခန်းဆယ့်ခြောက် တစ်ခုလုံးဖြင့် ထင်ရှားလာသည့် ဗုဒ္ဓတရားတော်၏ အရေးကြီး အစိတ်အပိုင်းတစ်ခု ဖြစ်လာသည့် ဘာသာရေးအဆောင်အယောင်များ၊ အခမ်းအနားများနှင့် ပွဲတော်များအကြောင်းကို ဖော်ပြသည်။ ရှေးခေတ် သီရိလင်္ကာ၏ ပညာရေးနှင့်ပတ်သက်၍ အနည်း ငယ်မျှသာသိရပြီး တစ်စုံတစ်ရာ ရေးသားချက်များ မတွေ့ရချေ။ နောက်ဆုံးခန်း၌ ရှေးဟောင်းသီဟိုဠ်၏ လောကီ လောကုတ္တရာ ပညာရေး စနစ်အကြောင်းကို ကြိုးစား၍ ဆွေးနွေးထားသည်။ နောက်ဆက်တွဲအဖြစ် သီရိလင်္ကာ ဗုဒ္ဓဘာသာသမိုင်းတွင် အရေးကြီးသည့် အခန်း တစ်ခုအဖြစ်ပါဝင်သည့် မဟာဝိဟာရဟူသော ဝေါဟာရကို ရှင်းလင်း ရန် ဆောင်းပါးတို တစ်ပုဒ်ကို ထည့်သွင်းထားသည်။

သီရိလင်္ကာ မဟာယာနဗုဒ္ဓဘာသာအကြောင်းကိုမူ ကြုံရာအခန်းများ၌ ကြားညှပ် အကြောင်းအရာအဖြစ်သာ ဆွေးနွေးပါသည်။ သို့ရာတွင် သီရိလင်္ကာသိပ္ပံဂျာနယ် *Ceylon Journal of Science*, Section G, Vol. II တွင် ဒေါက်တာ အက်စ် ပရနဝိတန (Dr. S. Paranavitana) ပုဂ္ဂိုလ်က အလွန်ပြည့်စုံ ကောင်းမွန်သည့် 'သီဟိုဠ်မဟာယာနဗုဒ္ဓဝါဒ' ဆောင်းပါးဖြင့် ဖော်ပြထားပြီးဖြစ်၍ သီရိလင်္ကာ မဟာယာနဗုဒ္ဓဝါဒနှင့်ပတ်သက်၍ သီးခြားအခန်းတစ်ခု ထည့်သွင်းဖော်ပြရန်မှု ကျွန်ုပ်တမင်သက်သက် ချန်ထားခဲ့သည်။

ဤကျမ်းတွင် စာပေအနုပညာနှင့် ပတ်သက်၍ သီးသန့် အခန်းဖွဲ့၍ ဖော်ပြထားခြင်း မပြုပေ။ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ ရေးသားထားချက် များစွာ ရှိပြီးဖြစ်သည်။ ပုံစံအားဖြင့် ဒေါက်တာ မာလာလာဆေကေရ၏ 'သီဟိုဠ်ပါဠိစာပေကျမ်း' ဖြစ်သည်။ သို့တစေ သတ်မှတ်ခေတ် အပိုင်းအခြားအတွင်း စာပေတိုးတက်မှုအကြောင်း ပြဆိုသင့်သည့် အချက်အလက်အချို့ကိုမူ ရင်းမြစ်ကျမ်းများ ဆွေးနွေးမှုအခန်း၊ ဘုန်းကြီးကျောင်းဘဝနှင့် ပညာရေး အခန်းများ၌ အကျဉ်းမျှ ဖော်ပြပါသည်။ ထို့အတူပင် အနုပညာအကြောင်းကို သီးသန့်ဖော်မပြသော်လည်း သက်ဆိုင်သည့် နေရာများ၌ ရည်ညွှန်းဖော်ပြချက်များကို တွေ့ရမည်ဖြစ်သည်။

လက်တိုင်းပင် ဆရာ၏ ဂရုတစိုက် ကြည့်ရှုခြင်းမှ မလွတ်နိုင်ပေ။ သုတေသန အတွေ့အကြုံနှင့် စာပေနှံ့စပ်သည့် ဆရာ ဒေါက်တာ မာလာလာ ဆေကေရနှင့် အတူတကွဆောင်ရွက်ခြင်းမှာ နှစ်သက်ဖွယ်ကောင်းပြီး အကျိုးရှိသော စည်းကမ်းတစ်ရပ်လည်း ဖြစ်သည်။

မိတ်ဆွေ ရဟန်းသုံးပါးဖြစ်ကြသည့် (၁) ဝိနယပြဿနာများစွာနှင့် ပတ်သက်၍ တန်ဖိုးရှိသည့် ဆွေးနွေးမှုများဖြင့် ကျွန်ုပ်အား ကူညီခဲ့သည့် ကွယ်လွန်သူ တိပိဋကာစရိယ ဟာဒိပဏ္ဏလဝိဇ္ဇာလင်္ကာရ ဒုတိယ ကျောင်းအုပ် ပညာလောကမထေရ် (၂) ပါဠိဘာသာနှင့်စာပေ အထူးသဖြင့် အဖွင့်ကျမ်းများဆိုင်ရာတွင် ကျယ်ပြောသည့် ဗဟုသုတဖြင့် ကျွန်ုပ်အား ကူညီခဲ့သည့် ဒုတိယကျောင်းအုပ်နှင့် ညွှန်ကြားရေးမှူး ယက္ခဒုဝေသိရိ ပညာရာမ မထေရ်နှင့် (၃) ကျယ်ဝန်းသည့် ပြဿနာအချို့နှင့် ပတ်သက်ပြီး ဆွေးနွေးခွင့်ပေးခဲ့သည့် ယင်းကျောင်းတိုက်၏ ကျောင်းအုပ်ကြီး တိပိဋကာစရိယ ကောဋ္ဌဟေနေ ပညာကိတ္တိမထေရ်တို့အား ကျေးဇူး အထူးတင်ပါသည်။

ကျွန်ုပ်၏ ကျမ်းစာနှင့် ပတ်သက်ပြီး မဆွကတည်းက စိတ်ဝင်စားခဲ့သူ သီဟိုဠ်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ ဒေါက်တာ အီး အက်ဖ် စီ လူဒိုဝစ်က် (Dr. E.F.C. Ludowyk)သည် အင်္ဂလိပ်စာ အရေးအသားတွင်သာမက အဖိုးတန်သည့် တိုက်တွန်းချက် များစွာကိုလည်း ပေးခဲ့သည်။ ကျွန်ုပ်အနေဖြင့် ကူညီမှုအားလုံးအတွက် ပါမောက္ခကြီးကိုလည်း ကျေးဇူးအထူးတင်ပါသည်။ ဤကျမ်းစာနှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေးမှု များစွာနှင့် အဖိုးတန် တိုက်တွန်းချက်အချို့ပေးခဲ့သူ သမိုင်းပါမောက္ခ ဒေါက်တာ အိပ်ချ် စီ ရေး (Dr. H.C. Ray) အားလည်း ကျေးဇူးစကား ဆိုပါသည်။

ရှေးခေတ် သီဟိုဠ်မြေပုံကို ပြင်ဆင်ပေးသူ မစ္စတာ စီ ဒဗျူ နိကိုလက်စ် (Mr. C.W. Nicholas)နှင့် သီရိလင်္ကာ ရှေးဟောင်းသုတေသနဌာနက တည်းဖြတ်ထားသော အနုရာဓပုရမြို့ မြေပုံကို အသုံးပြုခွင့်ပေးသည့်အတွက် ရှေးဟောင်းသုတေသနဌာန၊ ဌာနမှူးကိုလည်း ကျေးဇူးတင်ပါသည်။

ဤကျမ်းစာ၏ အက္ခရာစဉ်အညွှန်းကို ကြင်နာစွာ စီစဉ်ပေးသူ

ပဲရစ်မြို့သား အမ် ဂျိမ်း ဘာထရန် ဗိုကန်ဒေ (M. Jean Bertrand Bocande) အား ကျေးဇူးတင်ပါသည်။ နောက်ဆုံးအနေဖြင့် နည်းမျိုးစုံဖြင့် ကြင်နာစွာ ကူညီအကြံပေးခဲ့သူ သီရိလင်္ကာဝေါဟာရအဘိဓာန်အယ်ဒီတာချုပ် မစ္စတာ ဂျူလီယပ်စ် ဒီ လန်နာဒိုလီနှင့် ဤကျမ်းစာထွက်ပေါ်လာအောင် ဖန်တီးခဲ့သည့် ဒေဟိဝါလခရိုင်၊ နေဒိမလမြို့ ဗုဒ္ဓယဉ်ကျေးမှုဌာနတို့အား ကျေးဇူးတင်ပါသည်။

ဝါလ်ပိုလာ ရာဟုလာ

ဓမ္မယထန မဝထ
ပါလီမန်လမ်း
သိရိ ဇယဝါဒေနပုရ၊ ကော့တေမြို့
ဩဂုတ်လ၊ ၁၉၉၃ ခုနှစ်။

**ABBREVIATIONS**

CBhA Catubhnavartthakatha (Saratthasamuccaya)
CJSc Ceylon Journal of Seience.
DhAG Dhampiya-Atuva-Gatapadaya
DPPN Dictionary of Pali Proper Names by G/)/ Malalasekera.
EHBC Early History of Buddhism in Ceylon
ERE Encyclopaedia of Religion and Ethics.
EZ. Epigraphia Zeylanics.
Fa Hein A Record of Buddhist Kingdoms: An Account of the Chinese Monk Fa Hien of his Travels in India and Ceylon translated by J. Legge.
HBT. History of Buddhist Thought by E.J. Thomas.
HIL. History of Indian Literature by M. Winternitz.
Hiuen Tsiang Buddhist Records of the Western World translated from the Chinese of Hiuen Tsiang by Samuel Beal.
JAG. Jataka-Atuva Gatapadaya.
JRAS. (CB) Journal of the Royal Asiatic Society (Beylon Branch).
Manu Manusmrt
MIB Manual of Indian Buddhism by H. Kern.
Pjv. Pujavaliya
PLC Pali Literature of Cehlon by G.P. Malalasekera (1928)
RE. Rock Edicts of Asoka.
Rjv. Rajavaliya
RsvT. Rasavahini Tika
Sat.Br. Satapatha Brahmana
SBE Sacred Books of the East.
Shv Sahassavatthu.
UCR University of Ceylon Review.

မြန်မာ စာဖတ်ပရိသတ်များအတွက်ဖြစ်၍ ပါဠိတော် အဋ္ဌကထာကျမ်းညွှန်း သင်္ကေတကို မဖော်ပြတော့ဘဲ အင်္ဂလိပ်ဘာသာ ကျမ်းစာများနှင့် မြန်မာအက္ခရာဖြင့် ပုံမနှိပ်ရသေးသော ပါဠိကျမ်းစာအချို့၏ အတိုမှတ် သင်္ကေတများကိုသာ ဖော်ပြပါသည်။ အချို့ကျမ်းများမှာ အပြည့်အစုံ ဖော်ပြ၍ ကျမ်းညွှန်းသင်္ကေတ ဖော်ပြရန် မလိုအပ်သောကြောင့် ချန်ထားခဲ့ပါသည်။

များကို ကိုးကားချက်များ တွေ့ရသည်[၁]။

ဒီပဝံသပါ အကြောင်းအရာများသည် မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ် အကျဉ်း၊ မြတ်ဗုဒ္ဓ သီရိလင်္ကာသို့ ဒေသစာရီ ကြွရောက်ပုံနှင့် စပြီး အေဒီလေးရာစု မဟာသေနမင်းလက်ထက်တွင် ပြီးဆုံးသည်။ ဒီပဝံသ ကျမ်း၏ မပြေပြစ်သည့် ဘာသာစကားနှင့် ရေးဟန်၊ သဒ္ဒါရေးဆိုင်ရာ ထူးခြားချက်များ၊ ထပ်ခါထပ်ခါ ပြဆိုမှုများနှင့် ဖော်ပြပုံ အစီအစဉ် မကျမှုတို့သည် စာဖတ်သူအား ယင်းကျမ်းကို ပုဂ္ဂိုလ်တစ်ယောက်က အစဉ်အတိုင်း ရေးသားသည်မဟုတ်ဘဲ သီဟိုဠ်ကျွန်း ဒေသအသီးသီး ခေတ်ကာလ အဖုံဖုံတွင် နေထိုင်ခဲ့ကြသည့် ဂါထာဗန္ဓရေးဖွဲ့မှု မကျွမ်း ကျင်သူတို့၏ ထပ်ဖြည့် ရေးသားချက်များအဖြစ် ယုံကြည်စေသည်။

အရှင်မဟာဗုဒ္ဓဃောသသည် ၎င်း၏ သမန္တပါသာဒိကာ ဝိနယဋ္ဌ ကထာ၌ သမိုင်းဆိုင်ရာ နိဒါန်းကိုဖော်ပြရာ၌ ဒီပဝံသကျမ်းကို မှီငြမ်း ပြုခဲ့ကြောင်း ပါမောက္ခ ဝီလျံဂိုင်ဂါက ယူဆခဲ့သည်[၂]။ သို့ရာတွင် ပါဠိ အဋ္ဌကထာ ကျမ်းများရော ဒီပဝံသကျမ်းပါ အသုံးများ ထင်ရှားသည့် ရင်းမြစ်ကျမ်းတစ်ခုမှ ရယူခဲ့သည်ဟုဆိုမူ ပို၍ မှန်ကန်ဖွယ်ရှိသည်။ ပေါရာဏကထာများနှင့် အထူးမဖော်ပြသည့် အခြားသော မူရင်းကျမ်း အချို့မှ သမန္တပါသာဒိကာ၌ ကိုးကားခဲ့သည့် ဂါထာအချို့မှာ ဒီပဝံသ ကျမ်းဂါထာနှင့် အနည်းငယ်သာ ကွဲပြားသည်ကို တွေ့ရသည်[၃]။ ရှေး ဟောင်း သီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်းများသည် ဒီပဝံသကျမ်း၏ ကိုးကားရာ ရင်းမြစ်ကျမ်းများ ဖြစ်ကြောင်း မှန်းဆနိုင်ရာသည်။

**မဟာဝံသကျမ်း**[၄] - ပထမပိုင်း (အခန်း ၁ မှ အခန်း ၃၇ ၏ ဂါထာအမှတ် ၅၀ ထိ)ကို အေဒီ ငါးရာစု ခန့်က အနုရာဓပုရမြို့၊ ဒီဃ

---

[၁] ဝိ-ဌ ၁၊ ၅၆။ အဘိ-ဌ ၃၊ ၁၀၇။

[၂] ဂိုင်ဂါ၊ မဟာဝံသ (အင်္ဂလိပ်) ဘာသာပြန်၊ နိဒါန်း၊ စာ-၁၁။

[၃] ဒီပဝံသ အခန်း ၁၂၊ ၃၅-၃၉ ဂါထာနှင့် ဝိ-ဌ ၁၊ စာ- ၄၁ လာ ဂါထာများနှင့် ဒီပဝံသ အခန်း ၄၊ ၅၀-၅၁ ဂါထာများ။ ဝိ-ဌ ၁၊ စာ- ၁၉-၂၀ ဂါထာများကို နှိုင်းယှဉ်ကြည့်ပါ။

[၄] ပါမောက္ခ ဂိုင်ဂါနှင့် အခြားများစွာသော ပညာရှင်များက ယေဘုယျအားဖြင့် အခန်း ၁ မှ အခန်း ၃၇ ဂါထာအမှတ် ၅၀ ထိကိုသာလျှင် မဟာဝံကျမ်း အ

## နိဒါန်း

## ကျမ်းကိုးရင်းမြစ်များ

ဤကျမ်းစာ အခြေပြုခဲ့သည့် အဓိကရင်းမြစ်ကျမ်းများကို (သမိုင်းအရ) အုပ်စုခုနစ်မျိုး ခွဲခြားနိုင်ရာသည် -

၁။ ပါဠိတော်ကျမ်းစာများ
၂။ အသောက ကျောက်စာများ
၃။ သီရိလင်္ကာ ကျောက်စာများ
၄။ ပါဠိသမိုင်းကျမ်းများ
၅။ ပါဠိဘာသာ အဋ္ဌကထာကျမ်းများ
၆။ အစဉ်အလာ ဇာတ်ဝတ္ထုများနှင့်
၇။ ပါဠိ သီဟိုဠ် အထွေထွေကျမ်းစာများ

### ၁။ ပါဠိတော်ကျမ်းစာများ

ပါဠိအဖွင့်နှင့် အခြားကျမ်းများတွင် ဖော်ပြသည့်အတိုင်း ဗုဒ္ဓဘာသာ အကြောင်း အထူးသဖြင့် သံဃာတော်များအကြောင်း ရှုထောင့်မျိုးစုံမှ ဆွေးနွေးရာ၌ ဓမ္မဝိနယဆိုင်ရာ ကျမ်းစာများ၏ အကူအညီကို ယင်း တို့၏ သမိုင်းဆိုင်ရာ တိုးတက်မှုကို ခြေရာခံရန် လိုအပ်သည့် နေရာ တိုင်းမှ ရယူသည်။ အိန္ဒိယနှင့် သီရိလင်္ကာ ဗုဒ္ဓဘာသာ၏ အစောပိုင်း ရာစုနှစ်များအတွင်း ပါဠိတော်ကျမ်းစာများ တိုးပွားမှုကို သက်သေပြ ရန် အထောက်အထား ရှိသော်လည်း ယင်းတို့၏ တိုးတက်မှုမှာ ကန့် သက်ချက်ရှိပြီး နောက်ဆုံး အရှင်မဟာဗုဒ္ဓဃောသ မထေရ်က သီဟိုဠ် ဘာသာ ပါဠိတော် အဖွင့်ကျမ်းများကို ပါဠိဘာသာသို့ ပြန်ဆိုလိုက်

ချိန် အေဒီငါးရာစုတွင် ပါဠိတော်ကျမ်းများမှာ စနစ်တကျ စီစဉ်ပြီး ဖြစ်ကြောင်း သံသယဖြစ်ရန် အကြောင်းမရှိချေ။

## ၂။ အသောကကျောက်စာများ

အသောကကျောက်စာများသည် ဘီစီသုံးရာစု အိန္ဒိယ၏ လူမှုရေးနှင့် ဘာသာရေးဘဝ ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လေးစားရသော အချက်အလက်အတွက် ကျေးဇူးတင်ထိုက်သည့် အထောက်အထားများဖြစ်လျက် ယင်းကျောက်စာများကို ဤကျမ်း၌ အိန္ဒိယနောက်ခံသမိုင်းကို ဖော်ပြရာတွင် ကျယ်ပြန့်စွာ အသုံးပြုထားသည်။

## ၃။ သီရိလင်္ကာ ကျောက်စာများ

ဘီစီသုံးရာစု ဗုဒ္ဓဝါဒ ရောက်ရှိလာပြီးနောက်မှသာ သီဟိုဠ်ကျွန်း၌ စာပေအရေးအသား မှတ်တမ်းများကို တွေ့ရသည်။ ယင်းတို့အနက် ရဟန်းတော်များ နေထိုင်စရာအဖြစ် အသုံးပြုသောဂူဝရှိ ရေသရောက်စွန်းများ (Drip-ledges) အောက်တွင် ရေးထွင်းထားသော စာတမ်းများ၌ တွေ့ရသည့် အစောဆုံး မှတ်တမ်းများသည် ဘီစီ ၃ ရာစု သို့မဟုတ် ၂ ရာစုခန့်အထိ ရှေးကျသည်။

ခရစ်နှစ်မတိုင်မီ တွေ့ရသည့် ထိုမှတ်တမ်းများမှာ ယေဘုယျအားဖြင့် 'ဤမည်ဤမည်သောဂူကို သံဃာအား လှူဒါန်း၏'ဟု ဖော်ပြသည့် ပုံသေကဲ့သို့ အလွန်တိုတောင်းသော လှူဒါန်းမှုပြ ရေးမှတ်ချက်များ ဖြစ်ကြသည်။

ရေလှောင်ကန်၊ တူးမြောင်းနှင့် လယ်ကွင်းများမှရသည့် ဝင်ငွေများ၊ ရေမှ ရသည့်အခွန်များ၊ ရဟန်းသံဃာနှင့် ဘုန်းကြီးကျောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် အခြားဝင်ငွေများအား ပေးအပ်မှုကို မှတ်တမ်းတင်သည့် ကျောက်ထွင်း အရေးအသားများကို အေဒီပထမရာစု နောက်ပိုင်းတွင် တွေ့ရသည်။ ယင်းမှတ်တမ်းများ၌ ဘုန်းကြီးကျောင်းတိုက်များ တည်ဆောက်မှုနှင့် ပြုပြင်မှုများ အကြောင်းကို မကြာခဏ တွေ့ရသည်။

ဘာသာရေး ရည်ရွယ်ချက်အမျိုးမျိုးအတွက် ကူညီပံ့ပိုးမှုပုံစံတစ်ခုအဖြစ် စပါးနှင့် အခြားသီးနှံတိုးများ ပေးအပ်မှုကို အေဒီ လေးရာစုမှ



စတင် တွေ့ရှိရသည်။ ဘာသာရေးဆိုင်ရာ ကူညီပံ့ပိုးမှုအဖြစ် ငွေကြေးအပ်နှံမှုများကို ငါးရာစု နောက်ပိုင်းမှသာ တွေ့ရှိရသည်။

ဘုန်းကြီးကျောင်းများနှင့် ဒေသဆိုင်ရာ အစိုးရအုပ်ချုပ်ရေး၊ ဥပဒေနှင့် ထုံးစံများကဲ့သို့သော ကိစ္စများနှင့် သက်ဆိုင်သည့် ရှည်လျားပြီး တန်ဖိုးရှိသော ကျောက်ထွင်း အရေးအသားများကို အေဒီကိုးရာစု နောက်ပိုင်း၌ တွေ့ရသည်။

ကျောက်ထွင်းစာများသည် ထုံးစံအတိုင်းပင် ယင်းခေတ်က ပုဂ္ဂိုလ်များနှင့် လုပ်ဆောင်ချက်များကို ဖော်ပြပါက တန်ဖိုးအရှိဆုံး သမိုင်းဆိုင်ရာ ရင်းမြစ်များ ဖြစ်ကြသည်။ သို့တစေ ကျောက်စာများတွင် အတိတ်ဖြစ်ရပ်များကို ပြဆိုသောအခါ၌မူ ထိုမှတ်တမ်းများ၏ အရေးပါမှုမှာ ရာဇဝင်ကျမ်းများထက်ပို၍ အရေးမပါတော့ချေ။ ဆယ်ရာစု မတိုင်မီကျောက်စာများ၌ ဆယ့်နှစ်ရာစုကျောက်စာများတွင် အတွေ့များသည့် စကားတန်ဆာဆင်၍ ရေးသားမှုမျိုးကို တွေ့ရသည်။

ရာစုနှစ် စောစောပိုင်းကာလ အလွန်တိုတောင်းသော ကျောက်စာများမှာပင် အကြောင်းအရာ အားလျော်စွာ စကားလုံးတစ်လုံး သို့မဟုတ် ဝါကျတစ်ကြောင်းပင်ဖြစ်စေ အဖိုးတန် သတင်းအချက်အလက်များ ပါဝင်သကဲ့သို့ ရာစုနှစ်နှောင်းပိုင်းကာလ ကျောက်စာရှည်များ၌လည်း သမိုင်းအချက်အလက် အမြောက်အမြားကို ပေးထားသည်။ ရှေးခေတ် သီဟိုဠ်ကျောက်စာများ၌ အစိုးရပိုင်းဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ[၁] မှတ်တမ်းများ ပါဝင်သည်။

## ၄။ ပါဠိသမိုင်းကျမ်းများ

**ဒီပဝံသ**ကျမ်းသည် ယနေ့တိုင်တည်ရှိသေးသည့် ရှေးအကျဆုံး သီရိလင်္ကာသမိုင်းကျမ်းဖြစ်သည်။ ဒီပဝံသကျမ်း၏ ယနေ့ခေတ်ပုံစံကျမ်းကို အေဒီလေးရာစု လက်ရာဟု ယခုအခါ သဘောတူကြသည်။ အေဒီငါးရာစု အစပိုင်းတွင် ရေးသားခဲ့သည့် အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာ ကျမ်းများ၌ ဒီပဝံသအမည်နှင့် ယင်း ဒီပဝံသကျမ်းမှ ဂါထာ

[၁] သီဟိုဠ်ကျောက်ထွင်း မှတ်တမ်းအားလုံးကို မရနိုင်တော့ချေ။ ဤကျမ်း၌ အတွဲ ၁ မှ ၄ ထိ ပုံနှိပ်ထားသော ကျောက်စာများကိုသာ အသုံးပြုထားပါသည်။

ပါရှိသည့် လောကီရေးရာ သမိုင်းကြောင်းသည် ဘာသာရေးသမိုင်းကို လောက် အသားမပေးချေ။ (သမိုင်းဆရာ) ကာရ်န်[၂]က ယင်းသမိုင်း ကျမ်းများသည် သီရိလင်္ကာ ဗုဒ္ဓဘာသာသမိုင်းအတွက် အလွန်အရေး ပါမှုနှင့်ပတ်သက်၍ အထူး အသိအမှတ်ပြုထိုက်ကြောင်း ဆိုခဲ့သည်။ ပါမောက္ခ ဂိုင်ဂါက[၃] ယင်းသမိုင်းကျမ်းနှစ်စောင်အား သမိုင်း ရင်းမြစ် ကျမ်းများအဖြစ် သတိမူသင့်ကြောင်း ယူဆသည်[၄]။

မဟာဝံသ၏အဖွင့်ကျမ်းသည် မဟာဝံသဋီကာအဖြစ် လူသိများ သော်လည်း ယင်းအမည်ဖြင့် ကျမ်းပြုဆရာက မည်သည့်နေရာတွင်မှာ ခေါ်ဝေါ်ခြင်းမပြုချေ။ ကျမ်းပြုပုဂ္ဂိုလ်၏ ကိုယ်ပိုင်အမည်မှာ **ဝံသတ္ထပကာသိနီ** ဖြစ်ပြီး ရှင်းပြခေါင်းစဉ်မှာ **ပဇ္ဇပဒေါရုဝံသဝဏ္ဏနာ** ဖြစ်သည်။ ကျမ်းပြုပုဂ္ဂိုလ်မှာ အစဉ်အလာအရ မဟာနာမ (မဟာဝံသ ကျမ်းပြု မဟုတ်သူ) မထေရ်တစ်ပါး ရေးသားခဲ့ကြောင်း ယုံကြည်ကြ သည်။ လန်ဒန်ပါဠိတော်အသင်း (Pali Text Society)အတွက် ယင်း ကျမ်းကို တည်းဖြတ်ပေးခဲ့သူ မာလာလာဆေကေရက မဟာဝံသဋီ ကာကို အေဒီ ၈ ရာစုနှင့် ၉ ရာစုခန့်ဟု ယူဆခဲ့သည်[၅]။ မဟာဝံသဋီ ကာသည် ရှေးဟောင်း သီဟိုဠ်အဋ္ဌကထာ၊ အစဉ်အလာစကား (ပေါ ရာဏ)၊ ဥတ္တရဝိဟာရအဋ္ဌကထာ၊ ဝိနယဋ္ဌကထာ၊ ဒီပဝံသဋ္ဌကထာ၊ သီမာဋ္ဌကထာ၊ စေတိယဝံသဋ္ဌကထာ၊ မဟာဗောဓိဝံသဋ္ဌကထာ၊ သဟဿဝတ္ထုအဋ္ဌကထာ၊ ဂဏ္ဌိပဒဝဏ္ဏနာကဲ့သို့သော ရင်းမြစ်ကျမ်း များမှ အလေးဂရုပြုထိုက်သည့် အချက်အလက်သစ် အများအပြားကို ရယူခဲ့ကြောင်း ကျွန်ုပ်တို့ နားလည်ရသည်။ နောက်ဆုံးဖော်ပြချက်မှာ မဟာဝံသလာ ခက်ခဲသည့် စကားလုံးများနှင့် ဝါကျများကို အကျဉ်း

---

[၁] ဤကျမ်း၊ စာ ၃၂၉ ကို ရှုပါ။

[၂] *Manual of Indian Buddhism* by Kern, p 9.

[၃] ဂိုင်ဂါ၏ မဟာဝံသအင်္ဂလိပ်ဘာသာပြန်နိဒါန်း၊ စာ - ၉။

[၄] အသေးစိတ်များကို Geiger ၏ ဒီပဝံသနှင့် မဟာဝံသ၊ B.C. Law ၏ *On the Chronicles of Ceylon* ကျမ်းများကို ရှုပါ။

[၅] မဟာဝံသဋီကာ နိဒါန်း၊ စာ- ၁၀၉။



သန္ဒသေနာပတိ၏ကျောင်းတိုက်၌[၁] သီတင်းသုံးခဲ့သော မဟာနာမခေါ် သည့် မထေရ်တစ်ပါး ရေးသားခဲ့ကြောင်း သိရသည်။ ဒုတိယပိုင်း (အခန်း ၃၇၊ ဂါထာ ၅၁ မှ အခန်း ၄၉ အထိ)ကို အေဒီ ၁၃ ရာစုတွင် အရှင်ဓမ္မကိတ္တိမထေရ် ရေးသားသည်။ ပေါလုန္နရုဝမြို့တွင် ဖြစ်ဖွယ်ရှိ သည်။ ဤကျမ်း၌ မဟာဝံသ၏ အခြားအပိုင်းများကို ရံဖန်ရံခါ ကိုး ကားသော်လည်း ကျမ်းအစမှ အခန်း ၅၂ အထိသော အစိတ်အပိုင်း ကိုသာလျှင် အဓိကနှင့် ခပ်များများ အသုံးပြုထားသည်။

---

ဖြစ် ယူဆကြသည်။ ယင်းကျမ်း၏ ကျန်အစိတ်အပိုင်းများကို ဂိုင်ဂါက နှစ်တွဲ ခွဲ၍ တည်းဖြတ် ဘာသာပြန်ထားသည့်အတိုင်း ၎င်းတို့က စူဠဝံသကျမ်းဟု ခေါ်ဝေါ်ကြသည်။ သို့ရာတွင် ယင်းသို့ ပိုင်းခြားသတ်မှတ်ခြင်းနှင့် ပတ်သက် ၍ အကြောင်းတစ်စုံတစ်ရာ ရှိပုံမရချေ။ ဂိုင်ဂါက (စူဠဝံသ အတွဲ ၁၊ နိဒါန်း စာမျက်နှာ ၁ တွင်) အပိုင်း ၂ နှင့် ၃ ကို အမည်ပေးရာ၌ ညီသည့်အနေဖြင့် မဟာဝံသ အခန်း ၉၉ ၊ ဂါထာ ၇၆ အား စူဠဝံသအဖြစ် ရည်ညွှန်းထားသည်။ သို့တစေ ယင်းဖော်ပြချက်မှာ ခနော်ခနဲ့နိုင်လွန်းသည်။ ယင်းသည် 'အစဉ် အဆက်'နှင့် သမိုင်းကျမ်းမဟုတ်ဟူသော အဓိပ္ပာယ်ဖြင့် 'မဟာရာဇာ အစဉ် အဆက်'(မဟာဝံသ)နှင့် 'စူဠရာဇာအစဉ်အဆက်'(စူဠဝံသ)ကို ရည်ရွယ်သည်။ ယင်းအခန်း ဂါထာအမှတ် ၇၈ တွင် 'မဟာဝံသံ နိဋ္ဌိတံ' ဟုပင် ဆိုသည်။

မဟာဝံသကျမ်းပြုဆရာများသည် မဟာဝံသ စူဠဝံသဟု ခွဲခြားသတ်မှတ် ခြင်းမပြုခဲ့ကြပေ။ ၎င်းတို့သည် ကျမ်းစာတစ်ခုလုံးတွင် အခန်းအသီးသီး၏ နိဂုံး ၌ ပုံသေဖော်ပြသည့်စာကြောင်းအရ ယင်းကျမ်းတစ်ကျမ်းလုံးကို အစမှအဆုံး တိုင် မဟာဝံသဟုပင် အမည်ပေးခဲ့ကြသည်။ ခွဲခြားခေါ်ဝေါ်ရန် စတင်ခဲ့ကြ သူများမှာ နိကာယသင်္ဂဟကျမ်းနှင့် ရာဇာဝလိယ ကျမ်းပြုပုဂ္ဂိုလ် များကဲ့သို့ သော နှောင်းခေတ် ကျမ်းပြုပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။ ဆန်းသည်မှာ နိကာ ယသင်္ဂဟကျမ်းပြုဆရာသည်ပင် ဂိုင်ဂါ ခွဲခြားသတ်မှတ်ခဲ့သည့် စူဠဝံသကျမ်း မှ အခန်း ၃၇ ၏ ဂါထာ အမှတ် ၇၅ ကို မဟာဝံသကျမ်းဟု (နိကာယ၊ စာ- ၁၃) ကိုးကားခဲ့ခြင်းဖြစ်သည်။ နိကာယသင်္ဂဟကျမ်းပြုဆရာသည် အခန်း ၃၇ ကို မဟာဝံသကျမ်း၌ ထည့်သွင်းခဲ့သလား ဆိုသည်ကိုမူ ကျွန်ုပ်တို့ မသိရပေ။

ဤကျမ်း၌ အခန်း ၁ မှ အခန်း ၁၀၁ အထိ မဟာရာဇဝင်တစ်ခုလုံးကို ယင်း၏ကျမ်းပြုဆရာတို့ မှည့်ခေါ်ခဲ့သည့်အတိုင်း မဟာဝံသဟုပင်ခေါ်ဝေါ် ထားသည်။ ကိုလံဘိုမြို့က ပုံနှိပ်သည့် စာအုပ်၌လည်း တစ်အုပ်လုံးကို မဟာ ဝံသဟုပင် မှည့်ခေါ်သည်။

[၁] မဟာဝံသဋီကာ ခေါ် ဝံသတ္ထပ္ပကာသနီ၊ စာ - ၆၈၇။

မဟာဝံကျမ်းကား ရင်းမြစ်ကျမ်း များစွာကို အခြေခံသည်။ ကျမ်း၏အစဆုံး (အခန်း ၁၊ ဂါထာ ၂) တွင် အရှင်မဟာနာမမထေရ်က ရှေးဆရာ (ပေါရာဏ)တို့ ရေးသားပြီး ထပ်ခါထပ်ခါ ပြဆိုမှုများ မလိုအပ်ဘဲ အကျယ်ချဲ့ကားချက်များကဲ့သို့သော မှားယွင်းမှုများ ပါရှိသည့် အလားတူ ကျမ်းတစ်စောင်ရှိကြောင်း ဖော်ပြသည်။ ယင်းကျမ်းမှာ လက်ရှိ ဒီပဝံကျမ်းဖြစ်စေ အခြားကျမ်း တစ်ခုဖြစ်စေ ဒီပဝံသသည် မဟာဝံသကျမ်းပြုဆရာ၏ မှီငြမ်းကျမ်း တစ်ခုအဖြစ် သံသယ မဖြစ်သင့်ချေ။ တစ်ဖန် အရှင်မဟာနာမသည် အစဉ်အလာပြောဆိုသည်တို့ (သုတိတော စ အာဂတံ)ကိုလည်း ထည့်သွင်းခဲ့သည်။

အရေးပါသည့် ကုသိုလ်အမျိုးမျိုး အကြောင်းကို ရေးသားထားသည့်[၁] 'ကုသိုလ်စာအုပ်' (ပုညပေါတ္ထက)ဟု ခေါ်သည့် ဘုရင့်မိသားစုများနှင့် ကြွယ်ဝသူများ၏အိမ်၌ သိမ်းဆည်းထားသော အခြားမှတ်တမ်းများလည်း ရှိသေးသည်။ ယင်းမှတ်တမ်းများ၌ အများစုမှာ ကျောင်းတိုက်၊ စေတီ၊ ရေကန်နှင့် တူးမြောင်းများ စသည်နှင့် အခြားများစွာသော ဘုရင်နှင့် မှူးမတ်များ၏ အလှူဒါနရေးရာ ဆောင်ရွက်မှုများကို အခြေပြုကြသည်[၂]။ ဒုတိယ ဒပ္ပုလ ဟုလည်းခေါ်သော ပထမ ဥဒယဘုရင် (၇၉၃-၇၉၇ အေဒီ)သည် ၎င်း၏ ဆုံးဖြတ်ချက်များကို စာအုပ်တွင် ရေးမှတ်ထားစေပြီး နန်းတော်၌ လုံခြုံစွာ သိမ်းဆည်းထားကြောင်း ဆိုသည်[၃]။ ဘုရင်အချို့၏ အမိန့်အရ ပြုစုထားသော အစိုးရဆောင်ရွက်ချက် မှတ်တမ်းများလည်း ရှိကြသည်[၄]။ ထို့ပြင် ဒါဌာဓာတုဝံသ[၅]၊ ကေသဓာတုဝံသ[၆] နှင့် အလားတူ ကျမ်းများစွာ ကဲ့သို့သော သမိုင်းဆိုင်ရာ[၇] ရှေးဦး ရေးသားချက်များလည်း ရှိကြသေးသည်။

---

[၁] ဤကျမ်း စာမျက်နှာ ၄၄၄ ကို ရှုပါ။
[၂] ဥပမာ မဟာဝံသ၊ အခန်း ၃၂၊ ၂၆ ဂါထာ။ အခန်း ၃၈၊ ၄၆ ဂါထာ။ အခန်း ၇၉၊ ၆၂ ဂါထာ။
[၃] မဟာဝံသ၊ အခန်း ၅၉၊ ၂၀ ဂါထာ။
[၄] ယင်းကျမ်း၊ အခန်း ၅၉၊ ၇ ဂါထာ။
[၅] ယင်းကျမ်း၊ အခန်း ၃၇၊ ၉၃ ဂါထာ။
[၆] ယင်းကျမ်း၊ အခန်း ၃၉၊ ၄၉ နှင့် ၅၆ ဂါထာ။
[၇] ဤကျမ်း၊ စာမျက်နှာ - ၈၁၊ ၈၅ ကိုလည်းရှု။



မဟာဝံသကျမ်းသည် ကဗျာဗန္ဓနှင့် စိတ်ကူးများဖြင့် မွမ်းမံ ချဲ့ကား ထားသော်လည်း ကျမ်းပြုပုဂ္ဂိုလ်များသည် ရနိုင်သည့် ကိုးကားကျမ်းများအတိုင်း အလွန်သစ္စာရှိစွာ ရေးသားထားသည်။ မူရင်းကျမ်းတို့၌ ဖော်ပြသည့် အသေးစိတ် အချက်အလက်များကို မဟာဝံသ၌ အလွန် ဂရုတစိုက် ထည့်သွင်းဖော်ပြသည်[၁]။ ရင်းမြစ်ကျမ်းများတွင် မပါသည့် အချက်အချို့ကိုပင် ဖော်ပြသည်မှာ သေချာသည်[၂]။

မဟာဝံသ ပထမပိုင်းကျမ်းပြုပုဂ္ဂိုလ်၏ ဘက်မလိုက် မျှတမှုကား စံတင်လောက်သည်။ ကျမ်းပြုပုဂ္ဂိုလ်သည် နိုင်ငံခြားသား တမီလ်လူမျိုး အုပ်ချုပ်သူများကိုပင် နိုင်ငံခြားသားများ ဖြစ်လင့်ကစား အကယ်၍ ၎င်းတို့အနေဖြင့် အမှန်တကယ် ကောင်းမွန်သူများဖြစ်လျှင် မျှတကောင်းမွန်ကြောင်း ပြဆိုခဲ့သည်။ တမီလ် အာဏာသိမ်းသူများ ဖြစ်ကြသည့် **သေန**နှင့် **ဂုတ္တိက** ပုဂ္ဂိုလ်နှစ်ယောက်ကို ဓမ္မနှင့်အညီ အုပ်ချုပ်သူများဖြစ်ကြောင်း ဖော်ပြသည်[၃]။ သီရိလင်္ကာထီးနန်းကို လက်နက်ဖြင့် အနိုင်သိမ်းယူခဲ့သည့် စောဠတိုင်းသား ဧဠာရမင်းသားမှာမူ လူကြိုက် မများခဲ့ချေ။ သို့ရာတွင် မဟာနာမထေရ်က ထိုမင်းသားသည် မျှတပြီး စီမံခန့်ခွဲမှုတွင် ဘက်မလိုက်ကြောင်းနှင့် ဖြစ်ရပ်များကို ထောက်ပြပြီး နမူနာများ ထုတ်ပြသည်[၄]။

အချို့နေရာများတွင် မဟာဝံသအား သမိုင်းမှတ်တမ်းအဖြစ်ယူဆရန်ခဲယဉ်းသည်။ မဟာဝံသကျမ်းသည် သီရိလင်္ကာသမိုင်းကျမ်းမဟုတ်လျှင် ယင်းသည် သီရိလင်္ကာ ဗုဒ္ဓဝါဒသမိုင်းကျမ်းအဖြစ် သေချာပေါက်ဆိုနိုင်ပြီး ဤသီရိလင်္ကာဗုဒ္ဓဝါဒသမိုင်းကျမ်းသည် သီရိလင်္ကာသမိုင်း၏ အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် နေရာယူသည်။ ဒီပဝံသရော မဟာဝံသပါ နှစ်ကျမ်းလုံး ဗုဒ္ဓဝါဒသမိုင်းများ ဖြစ်ကြသည်။ ၎င်းကျမ်းများ၌

---

[၁] ဥပမာ မဟာဝံသ၊ အခန်း ၁၄၊ ၁၇၊ ၂၁၊ ၂၄၊ ၃၀။ အခန်း ၃၈၊ ၅၉ ဂါထာ။ အခန်း xlix ၊ ၆၆-၆၇ ဂါထာတို့ကို ရှုပါ။
[၂] မဟာဝံသ၊ အခန်း ၁၉၊ ၄၄ ဂါထာ။ ဂဏနာယ ပရိစ္ဆေဒေါ၊ ပေါရာဏောဟိ နဘာသိတော (အရေအတွက် အပိုင်းအခြားကို ရှေးဆရာတို့ ဖောပြ မထားပါ)။
[၃] ယင်း အခန်း ၂၁၊ ၁၁ ဂါထာ။
[၄] ယင်း အခန်း ၂၁၊ ၁၄ ဂါထာ။

ဒတွာ အန္တေ ခီရယာဂုံ လဘိတွာ ဂတာဘိက္ခုဝတ္ထုစေတ္ထ ကထေတဗ္ဗံ’[၁] ဤနေရာ၌ အစတွင် ရရှိသမျှ အစားအစာကို ကလေးများအား ပေးစွန့်ပြီး နို့ယာဂုဆွမ်းကို ရဖို့အတွက် ထွက်ခွာသွားသော ရဟန်း ဝတ္ထုကိုလည်း ဖော်ပြသင့်၏’။

ယင်းဝတ္ထုဖြစ်ရပ်များကို ဖော်ပြမထားသဖြင့် ယခုအခါ ယင်းတို့ ကို ခြေရာခံလိုက်ရန် မလွယ်ကူတော့ချေ။ သို့တစေ ယင်းဖြစ်ရပ် များမှာ အဋ္ဌကထာကျမ်းများကို ရေးသားစဉ်က ယနေ့ခေတ်တွင် မြေခွေးနှင့် စပျစ်သီးပုံပြင်ကို လူအများ နားလည်သကဲ့သို့ ထိုခေတ် က လူအများ သိလွယ်သည်မှာ ထင်ရှားသည်[၂]။

## ၆။ အစဉ်အလာ ဇာတ်ဝတ္ထုများ

သဟဿဝတ္ထုအဋ္ဌကထာ သို့မဟုတ် သဟဿဝတ္ထုပကရဏ[၃]ကျမ်း သည် သီဟိုဠ်တက္ကသိုလ်စာကြည့်တိုက်၌ ခတ်ပုံမိတ္တူ နှစ်အုပ်နှင့် လက်ရေးမူတစ်အုပ် ရှိသည်။

(၁) သဟဿဝတ္ထုပကရဏကျမ်း၊ ဗြိတိသျှပြတိုက်ရှိ ပေရွက်မူ သီဟိုဠ် အက္ခရာရေး မိတ္တူ အရွက် ၄၀၊ ပေရွက်ရေ ၁၅၄ ချပ် ရှိသည်။ စာလုံးပါ စာမျက်နှာတစ်ခု၏ အရှည်မှာ ၁၆ လက်မဖြစ်သည်။ ပေ တစ်ရွက်လျှင် ကိုးကြောင်းရှိသည်။ အင်္ဂလိပ်ဘာသာဖြင့် ‘ဤသဟဿ ဝတ္ထုပကရဏကျမ်းကို ၁၈၉၄ ခုနှစ်တွင် အနုရာဓပုရမြို့ အစိုးရဌာန ကိုယ်စားလှယ် အိပ်ချ် နေဗေလီ အီစ်ကွေးလျား (H. Neville Esquire) ထံသို့ ဂေါလေမြို့၊ ဂင်တောတရပ်၊ တိဘူမိကာရာမကျောင်း တိုက်နေ အက်စ် ပညာနန္ဒ ဆထာဝိရ ပုဂ္ဂိုလ်က လက်ဆောင်ပေးသည်’။

---

[၁] ယင်း စာ၊ ၂၉။ နောက်ထပ် နမူနာများကို ဝိသုဒ္ဓိ ၁၊ ၁၂၀။ အံ-ဋ္ဌ ၁၊ ၃၉၅ တို့၌ ရှုပါ။

[၂] မူရင်းကျမ်းများ၊ သဘာဝနှင့် ပါဠိအဋ္ဌကထာကျမ်းများ၌ ပါဝင်မှုများကို အသေး စိတ်လေ့လာလိုပါက အဒိကရမ် (E. W. Adikaram)၏ *Early History of Buddhisn in Ceylone* ကျမ်းစာ အပိုင်း ၁ ကို ရှုပါ။

[၃] နောက်ထပ် သုတေသနအတွက် အလင်းရောင်ပေးရေးအတွက် ငြင်းခုံမှု အ နည်းမှ တစ်ပါး ဤအကြောင်းအရာကို *Unversty of Ceylon Review* အတွဲ ၂၊ စာ-၈၆-၉၁ တွင် တွေ့ရသည်။



ချုပ် ရှင်းပြချက်ဖြစ်ကြောင်း ထင်ရှားသည်[၁]။

## ၅။ ပါဠိဘာသာ အဋ္ဌကထာကျမ်းများ

အေဒီ ငါးရာစု အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက်တွင် ရေး သားသည့် အရှင်မဟာဗုဒ္ဓဃောသ၏ ပါဠိတော်အဖွင့်ကျမ်းများသည် ဘီစီ ၃ ရာစုမှ အေဒီ ၅ ရာစုအထိ သီရိလင်္ကာ ဗုဒ္ဓဘာသာသမိုင်းကို ပြန်လည် ဆန်းစစ်မှုအတွက် အားထားနိုင်ပြီး အဆီအနှစ်ပြည့်ဝသည့် အချက်အလက် ရင်းမြစ်များဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃော၏ လုပ် ငန်းမှာ တည်းဖြတ်သူ ဘာသာပြန်ပုဂ္ဂိုလ်ဖြစ်သော်လည်း မိမိတာဝန်ကို ပြည့်စုံစွာ ဆောင်ရွက်ခဲ့ပုံရပြီး အရှင်မြတ်၏ တတ်ကျွမ်းမှုနှင့် အရေး ပါမှုကြောင့် အရှင်မြတ်အား ယခုခေတ်တွင် အဋ္ဌကထာကျမ်း အား လုံး နီးပါးကို ရေးသားခဲ့သူအဖြစ် ယူဆခံရသည်။ ပိဋကတ်သုံးပုံ၏ အဖွင့် အဋ္ဌကထာကျမ်းများကို အရှင်မဟိန္ဒ သီရိလင်္ကာသို့ ဆောင်ယူ ခဲ့ကြောင်းနှင့် သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့၏ အကျိုးအတွက် ယင်း အဋ္ဌကထာကျမ်းများကို မူလက သီဟိုဠ်ဘာသာဖြင့် ရေးသားခဲ့ ကြောင်း အရှင်မဟာဗုဒ္ဓဃောသမထေရ်က ဆိုသည်[၂]။

မူလ သို့မဟုတ် မဟာအဋ္ဌကထာ၊ မဟာပစ္စရိအဋ္ဌကထာနှင့် ကုရုန္ဒိအဋ္ဌကထာကျမ်းမှာ အရေးပါသည့် တိပိဋကကျမ်းစာ အားလုံး နီးပါးမျှ၏ အဖွင့်ကျမ်းများကို အထည်ကိုယ်ပြုခဲ့သည့် သီဟိုဠ်ဘာသာ အခြေခံ အဖွင့်ကျမ်းများ ဖြစ်ကြသည်။ ယင်းကျမ်းများအပြင် အလွန် အရေးမပါသည့် သီဟိုဠ်ဘာသာအဖွင့်ကျမ်း အများအပြားလည်း ရှိ သည်။ ယင်း (သီဟိုဠ်ဘာသာ) ပိဋကတ်သုံးပုံ အဖွင့်ကျမ်းများကို ရှေး အကျဆုံးသော စာပေလက်ရာများအဖြစ် ယူဆနိုင်သည်။ ယနေ့ခေတ် တွင် ယင်း (သီဟိုဠ်) အဋ္ဌကထာကျမ်းများအားလုံး မတည်ရှိကြတော့ ချေ။ အဆိုပါ သီဟိုဠ်ဘာသာ မူရင်းကျမ်းများမှ ကောက်နုတ်ချက်

---

[၁] ရှင်းလင်းစွာ လေ့လာရန် မာလာလာဆေကေရ၏ ရှင်းလင်းကောင်းမွန်သည့် မဟာဝံသဋီကာနိဒါန်းကို ရှုပါ။

[၂] အရှင်မဟာဗုဒ္ဓဃောသ၏ ဒီ-ဋ္ဌ ၁၊ မ-ဋ္ဌ ၁၊ အံ-ဋ္ဌ ၁ သို့မဟုတ် သံ-ဋ္ဌ ၁ ကျမ်းများ၏အစ ပဏာမဂါထာများကို ရှုပါ။

အတိုအထွာများကို ဓမ္မိယာအဋ္ဌုဝါဂါဋ္ဌာပဒယ (သီဟိုဠ်ကျမ်း)၌[၁] တွေ့နိုင်သေးသည်။

သီဟိုဠ် အဋ္ဌကထာကျမ်းများသည် ပုံစံတစ်မျိုးတည်းဖြင့် တည်ငြိမ်မှု မရှိခဲ့ချေ။ ယင်းကျမ်းများသည် ဘီစီ သုံးရာစုတွင် စတင်ခဲ့သော်လည်း ရာစုနှစ်များ ကြာမြင့်လာသဖြင့် တဖြည်းဖြည်း တိုးပွားလာပြီး အချက်အလက်သစ်များ စုပေါင်းလာခဲ့သည်။ ယင်းကျမ်းတို့၏ တိုးပွားလာမှုသင်္ကေတကို အနည်းဆုံး အေဒီ ၂ ရာစုအထိ တွေ့ရှိနိုင်သည်။ အကြောင်းမူ အဋ္ဌကထာကျမ်းတစ်စောင်[၂]၌ အေဒီ ၁၂၇-၁၇၁ အတွင်း အုပ်ချုပ်ခဲ့သော ဝသဘမင်းအား ရည်ညွှန်းထားသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ အသစ်ထည့်သွင်းသော အချက်အလက်များမှာ အလွန်သဘာဝကျသည့် ဒေသဆိုင်ရာ တိုက်ဆိုင်ဖြစ်ရပ်များနှင့် ကျွန်းနေလူထု၏ လူမှုရေးနှင့် ဘာသာရေးဘဝများ ဖြစ်ကြသည်။ ယင်းဖြစ်ရပ်သစ်များကို ထည့်ရခြင်း၏ ရည်ရွယ်ချက်မှာ သမိုင်း သို့မဟုတ် ဒေသဆိုင်ရာ အခြေအနေများကို သင်ခန်းစာပေးရန် မဟုတ်ချေ။ ယနေ့ခေတ်တွင် ယင်းဖော်ပြချက်များကို သမိုင်း သို့မဟုတ် လူမှုရေးရည်ရွယ်ချက်ဖြင့် အသုံးပြုကြသော်လည်း အမှန်သော် ထိရောက် ရိုးစင်းသည့်ဟန်ဖြင့် တရားဓမ္မနှင့် ကိုယ်ကျင့်တရားဦးတည်ချက်များဖြင့် သရုပ်ဖော် ရှင်းပြရန်သာ ရည်ရွယ်သည်။

အရှင်မဟာဗုဒ္ဓဃောသသည် ၎င်း၏ အဋ္ဌကထာနိဒါန်း (ပဏ္ဏာမ)များ၌ မိမိအနေဖြင့် သီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်းများကို ပါဠိဘာသာသို့ ပြန်ဆိုရုံသာဖြစ်ပြီး ယင်းသို့ပြန်ဆိုရာ၌လည်း မလိုအပ်ဘဲ အကျယ်ချဲ့ခြင်း၊ ထပ်ခါထပ်ခါ ပြဆိုခြင်းများနှင့် မသက်ဆိုင်သော အကြောင်းအရာများကို ချန်ထားမည်ဖြစ်သော်လည်း မဟာဝိဟာရဝါသီတို့၏ ပို့ချမှုအစဉ်အလာကို သွေဖည်မည်မဟုတ်ကြောင်း ဆိုသည်။ အရှင်မြတ်၏ ရည်ရွယ်ချက်၌ အသုံးမကျ၍ ချန်ခဲ့သော အချက်အလက်အချို့မှာ သက်ဆိုင်မှု မရှိခြင်းကြောင့်ပင် ဖြစ်လင့်ကစား ယင်းတို့ကို ထိန်းသိမ်းထားနိုင်ခဲ့မူ ယနေ့ခေတ်တွင် အလွန် အသုံးဝင်

[၁] ယင်းကျမ်း၊ စာ - ၇၉၊ ၈၀၊ ၁၀၅၊ ၁၃၆၊ ၁၄၈၊ ၁၄၉။
[၂] ဝိ-ဋ္ဌ ၂၊ ၆၈။



ဝင်ပါလိမ့်မည်[၁]။ ထိုအချိန်က လူထုအတွက် အလွန်ထင်ရှားသောကြောင့် ချန်ထားခြင်းလည်း ဖြစ်နိုင်သည်။

အဋ္ဌကထာ ကျမ်းပြုဆရာများရော အခြားပုဂ္ဂိုလ်များပါ အချက်အလက်တစ်ခုကို သရုပ်ဖော်ရန်၊ ငြင်းဆိုမှုတစ်ရပ်ကို လက်ခံစေရန်၊ သို့မဟုတ် ကြည်ညိုသူများအား ဘာသာရေး စိတ်ဓာတ် ပြင်းပြလာမှုအတွက် ဆွဲဆောင်ရန် ဖြစ်ရပ်ဝတ္ထုတစ်ခု လိုအပ်သည့် အခါတိုင်း လုံလုံလောက်လောက် ရယူနိုင်သည့် ရှေးခေတ် သီဟိုဠ်ဖြစ်ရပ်ထူးများကို ရလွယ်သည့် နေရာတစ်ခုရှိကြောင်း ယုံကြည်ရန် အကြောင်းရှိသည်[၂]။ ယင်းဖြစ်ရပ်များမှာ တရားဟော ပုဂ္ဂိုလ်အတွက်ရော နာယူသူပရိသတ်အတွက်ပါ အလွန်သိလွယ်ကြောင်း အရှင်မဟာဗုဒ္ဓဃောသအနေဖြင့် နေရာများစွာတို့၌ ယင်းတို့ကို ညွှန်းရုံသာ ညွှန်းပြီး အသေးစိတ်ဖော်ပြခြင်း မပြုသည်ကို ထောက်၍ ထင်ရှားပါသည်။ ဥပမာပြရမူ ဝိသုဒ္ဓိမဂ်၌ ‘တေလကန္ဒရိကဝတ္ထု စေတ္ထ ကထေတဗ္ဗံ’[၃] ‘ဤနေရာ၌ တေလကန္ဒရိကဝတ္ထုကိုလည်း ဆိုအပ်၏’။ ‘စိတ္တလပဗ္ဗတဝါသိကအမ္ဗခါဒက မဟာတိဿတ္ထေရဝတ္ထုပိ စေတ္ထ ကထေတဗ္ဗံ’[၄] ဤနေရာ၌ သရက်သီးကို ဘုဉ်းပေးသည့် စိတ္တလပဗ္ဗတအရပ်နေ အရှင်မဟာတိဿမထေရ်၏ ဆိုသင့်၏’။ ‘အာဒိတော ပဉ္စာယ လဒ္ဓံ လဒ္ဓံ ဘိက္ခံ တတြ တတြ ဒါရကာနံ

[၁] မဟာဝံသဋီကာ၊ စာ ၁၉၃ ၌ မဇ္ဈိမနိကာယ် စူဠသီဟနာဒသုတ်အဖွင့် သီဟိုဠ်အဋ္ဌကာ၌ ဇနသာနနှင့် အသောက(ဓမ္မာသောက)တို့၏ မယ်တော် အကြောင်း ဖော်ပြချက် ပါရှိကြောင်း ဆိုသည်။ သို့တစေ ယင်းအချက်အလက်မှာ ယနေ့ခေတ် အရှင်မဟာဗုဒ္ဓဃောသ၏ စူဠသီဟနာဒသုတ်အဋ္ဌကထာ၌ မတွေ့ရချေ။ ယင်းသည် အရှင်မဟာဗုဒ္ဓဃောသအနေဖြင့် သီဟိုဠ်ဘာသာ အဋ္ဌကထာကို အပြည့်အစုံ ဘာသာမပြန်ဆိုကြောင်း ထင်ရှားသော သာဓက ဖြစ်သည်။ တစ်ခါတစ်ရံ၌မူ ကုဋ္ဋကဏ္ဏ၏မြင်း ဂုဠဝဏ္ဏကဲ့သို့သော အကြောင်းကိုပင် အလွန်စိတ်ဝင်စားဖွယ် အသေးစိတ်အချက်ကိုပင် ဖော်ပြသည် (မ-ဋ္ဌ ၃၊ ၁၁၂)။
[၂] အံ-ဋ္ဌ ၁၊ ၃၉၅ ၌ လာသော ဒါရုဘဏ္ဍကမဟာတိဿ မထေရ်၏ ဖြစ်ရပ်ကို ရသဝါဟိနီ အတွဲ ၂၊ စာ- ၃၃ နှင့် ၄၃ တို့၌လာသော တိဿာယဝတ္ထု နှင့် နကုလဿဝတ္ထုများကို ခြုံငုံ နိုင်းယှဉ် ကြည့်ပါ။
[၃] ဝိသုဒ္ဓိ ၁၊ ၂၇။
[၄] ယင်း ၁၊ ၄၄။

သည့် ပါဠိဘာသာကျမ်း တစ်စောင်ကို အခြေခံကြောင်း ပဏာမ၌ ဆိုသည်။ သဟာဿဝတ္ထုကျမ်းသည် ဤ၌ ညွှန်းဆိုသည့် အဆိုပါ ပါဠိဘာသာကျမ်း ဖြစ်နိုင်ပါသလော။

ကွယ်လွန်သူ ဟာ့ဂ် နေဗီးလ် (Hugh Nevill)က ၎င်းစုဆောင်းထားသည့် ပုံမနှိပ်ရသေးသည့် စာမူစာရင်း (ယခု ဗြိတိသျှပြတိုက် အမှတ်စဉ် ၁၁၅)တွင် သဟာဿဝတ္ထု ပကရဏသည် ပါဠိဘာသာရေး ရသဝါဟိနီကျမ်း၏ အခြေခံ ဖြစ်ကြောင်းနှင့် ယင်းကျမ်းသည် ဓမ္မရုစိဂိုဏ်း၏ကျမ်းစာ ဖြစ်ကြောင်း မှတ်ချက်ပေးသည်။ သို့တစေ မာလာလာဆေကေရအလိုမူ ယင်းကျမ်းအား အဘယဂိရိဂိုဏ်းထွက် ကျမ်းဖြစ်ကြောင်း မှတ်ချက်ပြုရန် အကြောင်းမရှိဟု ယူဆသည်[၁]။

ဂေါ်ဠကမ္ဗရဝတ္ထု၌ တွေ့ရသည့် 'ဥတ္တရဝိဟာရဝါသိနော ပန ဧဝံ ဝဒန္တိ[၂] = ဥတ္တရဝိဟာရကျောင်းနေ ပုဂ္ဂိုလ်များက ဤသို့ ဆိုကြ၏' ဟူသော စာကြောင်းအရ သဟာဿဝတ္ထုကျမ်းသည် ဓမ္မရုစိဂိုဏ်းသားများဟုဆိုလိုသည့် ဥတ္တရဝိဟာရဝါသီရဟန်းတို့၏ ကျမ်းစာ မဟုတ်သည်မှာ သေချာသည်။

ရသဝါဟိနီကျမ်းနိဒါန်း၌ အရှင်ရဋ္ဌပါလ၏ကျမ်းသည် ရှေးခေတ်ရဟန္တာမထေရ်တို့ မိန့်တော်မူခဲ့ကြပြီး ရှေးဆရာတို့ သီဟိုဠ်ဘာသာဖြင့် မှတ်တမ်းတင်ထားသည့် ဝတ္ထုဖြစ်ရပ်များကို ပါဠိဘာသာသို့ ပြန်ဆိုခြင်းဖြစ်ကြောင်း ဆိုသည်။ ရသဝါဟိနီကျမ်းပဏာမ၌ ကျမ်းပြုပုဂ္ဂိုလ်က သီဟဠအဋ္ဌကထာနည်းကို မှီငြမ်းပြုကြောင်း ဆိုသည်။ သဟာဿဝတ္ထုကို ဖတ်ရှုပါက ယင်းကျမ်းသည် သီဟိုဠ်မူရင်း၏ တိုက်ရိုက် တစ်ခါတလေ ခပ်ကြမ်းကြမ်း ပါဠိဘာသာပြန် ဖြစ်ကြောင်း အတော်အတန် ရှင်းလင်းစွာ ဖော်ပြသည်။ သဟာဿဝတ္ထု၌ တစ်ခါတစ်ရံ သဒ္ဒါရေး မမှန်၊ မချောမွတ်၊ ကြွပ်ဆပ်ပြီး မည်သည့် စာပေတောက်ပြောင်မှု ဟန်ပန်မျှ မရှိချေ။ ယင်းကျမ်း၌ 'သီဟိုဠ်ပါဠိ'ဟုပင် ခေါ်နိုင်လောက်သည့် သီဟိုဠ်ဘာသာ တွဲလုံးများ၊ အသုံးအနှုန်းများကို တိုက်

[၁] *Pali Literature of Ceylon*, pp. 128-129.

[၂] ရသဝါဟိကျမ်း၌လည်း ယင်းစာကြောင်းကို တွေ့ရသည်။

[၃] *Rasavahini I*, Intro. vv. 5-7.



(၂) သဟာဿဝတ္ထုပကရဏကျမ်း၊ ဗြိတိသျှပြတိုက်ရှိ ပေမူ။ သီဟိုဠ်အက္ခရာရေး။ မိတ္တူရွက်ရေ ၅၀။ ပေရွက်ရေ ၂၉၈။ စာပါ ပေရွက်အရှည် ၁၀ လက်မရှိသည်။ စာတစ်မျက်နှာတွင် ၇ ကြောင်း သို့မဟုတ် ၈ ကြောင်း ရှိသည်။

(၃) သဟာဿဝတ္ထုအဋ္ဌကထာ၊ လက်ရေးမူ၊ ဘားနဒ်စာကြည့်တိုက်၊ ရန်ကုန်၊ မြန်မာ၊ မြန်မာအက္ခရာရေး။

ကျမ်းပြုပုဂ္ဂိုလ် အမည်မသိရ။ ပဏာမတွင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာအားရှိခိုးပြီးနောက် ကျမ်းပြုပုဂ္ဂိုလ်က သီဟဠာစရိယ (သီဟိုဠ်ဆရာ)များကို အလေးဂရုပြုကြောင်းနှင့် ကျမ်းစာပါအချက်များကို သီဟဋ္ဌကထာ (သီဟိုဠ်ဘာသာ အဖွင့်ကျမ်းများ)နှင့် ဆရာအစဉ်အဆက်မှ ရရှိကြောင်း ဆိုသည်[၁]။

ကျမ်းပြုနှစ်နှင့် ပတ်သက်၍ မသေချာချေ။ သို့တစေ သဟာဿဝတ္ထုအဋ္ဌကထာဟူသောအမည်နှင့် ယင်းကျမ်းကို မဟာဝံသဋီကာ၌ ကိုးကားခြင်းကြောင့် ယင်းကျမ်းကို အေဒီ ၉ စုထက် စောသော ခေတ်တစ်ခုတွင် ရေးသားကြောင်း ထင်ရှားသည်။ အဋ္ဌကထာဟူသော ဝေါဟာရသည် အနုရာဓပုရခေတ် အစောပိုင်းကာလတွင် မျက်မှောက်ခေတ်မှာထက် ပိုမိုကျယ်ပြန့် ခံ့ညားသည့် အဓိပ္ပာယ်ကို ဆောင်သည်။ ယနေ့ခေတ်တွင် ယင်းဝေါဟာရသည် တိပိဋကပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းကိုသာ ဆိုလိုသည်။ သို့ရာတွင် အနုရာဓပုရခေတ်တွင် ယင်းဝေါဟာရသည် တိပိဋကပါဠိတော်မှတစ်ပါး အခြားစာပေအမျိုးအစားအားလုံးကို အဓိပ္ပာယ် သက်ရောက်သည်။ သို့ဖြစ်၍ သဟာဿဝတ္ထုကဲ့သို့သော အများပြောပုံဝတ္ထုကျမ်းစာတစ်ခုကိုပင် အဋ္ဌကထာဟုခေါ်ဝေါ်ထားခြင်းဖြစ်သည်။ ထိုခေတ်၌ တိပိဋကပါဠိတော်ကို အထူးရည်ရွယ်သည့် ပါဠိတော်များနှင့် ယင်းတို့၏အဖွင့် အဋ္ဌကထာကျမ်းများအပါအဝင် မဟာဗောဓိဝံသအဋ္ဌကထာ (မဟာဗောဓိပင် သမိုင်းကျမ်း)၊ စေတိယဝံသအဋ္ဌကထာ (စေတီတော်များ သမိုင်းကျမ်း)၊ မဟာစေတိယဝံသအဋ္ဌကထာ (မဟာစေတီသမိုင်းကျမ်း)၊ ဒီပဝံသအဋ္ဌကထာ (သီဟိုဠ်ကျွန်းသမိုင်း)၊ မဟာဝံသအဋ္ဌကထာ (မင်းဆက်များ

[၁] သဟာဿဝတ္ထုံ ဘာသိဿံ၊ သီဟဋ္ဌကထာနယံ၊ ဂဏှိတွာ စရိယဝါဒိံ စ။

သမိုင်း)ကဲ့သို့သော အခြားစာပေကျမ်းဂန်အားလုံး အဋ္ဌကထာကျမ်းများဖြစ်ကြသည်။ ယင်းဖော်ပြပြီး ကျမ်းအားလုံးမှာ သီဟိုဠ်ဘာသာကျမ်းများဖြစ်ကြသည်။ သီဟဠအဋ္ဌကထာ ဟူသောအမည်သည် ယေဘုယျအားဖြင့် သီဟိုဠ်ဘာသာဖြင့်ရေးသော ကျမ်းအားလုံးကို ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်သည်။ ထိုအချိန်က ဋီကာဟုခေါ်သည့် စာပေပုံစံ မရှိသေးပေ။ ဋီကာဟူသော ဝေါဟာရသည် သက္ကတသြဇာ လွှမ်းမိုးသည့် အေဒီ ၁၀ ရာစု နှင့် ၁၁ ရာစု ပေါလုန္နရုဝခေတ် အတွင်းကျမှသာ ရေပန်းစားလာခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သိရသမျှ အရှင်အာနန္ဒာ၏ မူလဋီကာသည် ပထမဆုံးသော ဋီကာကျမ်းဖြစ်သည်။ မူလဋီကာကို အေဒီ ၁၀ သို့မဟုတ် ၁၁ ရာစုခန့်တွင် ရေးသားသည်။ အရှင်အာနန္ဒာသည် ရူပသိဒ္ဓိ ပါဠိသဒ္ဒါကျမ်းပြု အရှင်ဗုဒ္ဓပ္ပိယ၏ ဆရာဖြစ်သည်။ အေဒီ ၁၂ ရာစု အလယ်ခန့်တွင် ရေးသည့် မောဂ္ဂလ္လာန်ကျမ်းပြုပုဂ္ဂိုလ်သည် အရှင်ဗုဒ္ဓပ္ပိယ၏ ရူပသိဒ္ဓိကျမ်းကို သိသည်။ ထို့ကြောင့် အကယ်၍ အရှင်အာနန္ဒာကို အေဒီ ၁၀ သို့မဟုတ် ၁၁ ရာစု တစ်ချိန်ချိန်တွင် သတ်မှတ်ပါက အလွန် မှားဖွယ်ရာ မရှိနိုင်ချေ။ သို့ဖြစ်၍ ဋီကာကျမ်း စာပေအစပိုင်းကို အကြမ်းဖြင်းအားဖြင့် အေဒီ ၁၀ ရာစုနှင့် ၁၁ ရာစုအတွင်းဟု သတ်မှတ်နိုင်သည်။ ယင်းခေတ်မတိုင်မီကျမ်းစာအားလုံးကို ယေဘုယျအားဖြင့် အဋ္ဌကထာဟူသော အမည်အောက်တွင် အသိများပုံရသည်။ ဖော်ပြပါ အချက်များအရ သဟဿဝတ္ထုအဋ္ဌကထာကို အနည်းဆုံး အေဒီ ၉ ရာစု ထက်စောသော ခေတ်ဟု သတ်မှတ်နိုင်သည်။

သဟဿဝတ္ထုအဋ္ဌကထာ၌ မဟာဝံသနှင့် မဟာဝံသအဋ္ဌကထာနှစ်ကျမ်းလုံးကို ကိုးကားထားပြီး ‘ဥတ္တရဝိဟာရဝါဒီ’တို့ ဖော်ပြသည့် ယူဆချက်တစ်ရပ်ကိုလည်း ရည်ညွှန်းထားသည်။ မဟာဝံသကျမ်းကို ကိုးကားသောကြောင့် ယင်းကျမ်းသည် အေဒီ ၅ ရာစုထက် နောက်ကျသည်။ သီဟဠအဋ္ဌကထာ (နိဒါနကထာ) နှင့် မဟာဝံသအဋ္ဌကထာ (ကျမ်းစာကိုယ်)တို့ကို ကိုးကားသောကြောင့် သဟဿဝတ္ထုအဋ္ဌကထာအနေဖြင့် ရှေးကျသော ကျမ်းတစ်စောင်ဖြစ်ကြောင်း ဖော်ပြသည်။ အကြောင်းမူ သီဟဠအဋ္ဌထာကျမ်းအား ကိုးကားမှုကို ၁၀ ရာစု မတိုင်မီခန့် ရေးသားခဲ့သည့် ပါဠိဘာသာနှင့် သီဟိုဠ်ဘာသာ ကျမ်းများ၌



မတွေ့ရသောကြောင့်ဖြစ်သည်။ သဟဿဝတ္ထုအဋ္ဌကထာကို ရေးသားသည့်ချိန်တွင် လေ့လာသူများ မဟာဝံသအဋ္ဌကထာကို ဖတ်ရှုသောအချက်သည် သဟဿဝတ္ထုကျမ်းပြုဆရာက ၎င်း၏ စာဖတ်ပရိသတ်အား နောက်ထပ် အသေးစိတ်များအတွက် မဟာဝံသအဋ္ဌကထာကျမ်းကို ညွှန်းဆိုချက်ကြောင့်ဖြစ်ကြောင်း ထင်ရှားသည်[၁]။

အထက်တွင် ပြဆိုခဲ့အတိုင်း အေဒီ ၉ ရာစုခန့်ဟု ယူဆရသည့် မဟာဝံသဋီကာတွင် သဟဿဝတ္ထုအဋ္ဌထကာမှ ကိုးကားချက် သုံးခုပါသည်[၂]။ ပထမနှစ်ခု (သုရာနိမ္မလဝတ္ထုနှင့် ဂေါဌယိမ္ဗရဝတ္ထု)ကို လက်ရေးမူ၌ တွေ့ရသည်။ တတိယဝတ္ထု (သာလီမင်းသားဝတ္ထု)ကိုမူ မတွေ့ရ။ အမှန်သော် လက်ရေးမူ၌ သာလီမင်းသားဝတ္ထု တစ်ခုလုံးကို မြုပ်ထားသည်။ ယင်း၌ သာလိမင်းသားနှင့် ပတ်သက်၍ ‘သာလိရာဇကုမာရဝတ္ထုံ **မဟာဝံသေ** ဝုတ္တနယေန ဝေဒိတဗ္ဗံ။ သာလိရာဇကုမာရဝတ္ထု ဒုတိယံ’ ဟူသော ဝါကျတစ်ကြောင်းမျှသာ ပါသည်။ ဤသည်မှာ **သာလိ**မင်းသားအကြောင်း တွေ့ရသမျှဖြစ်သည်။ မူရင်းကျမ်းစာမှ ရေးကူးသူသည် ရှည်လျားသည့် ဝတ္ထုကို ကူးယူမှုအတွက် ဝန်လေး၍ သက်သာရာရစေရန် စာဖတ်သူအား မဟာဝံသကို ကိုးကားလျက် ယင်းဝတ္ထုကို မြုပ်ထားခဲ့သလား သို့မဟုတ် လက်ရေးမူသည် သဟဿဝတ္ထုမူရင်း၏ အတိုချုပ်ပုံစံတစ်ခုကို ရခဲ့သလားဟူသည်ကို လက်ရေးမူနောက်ထပ်တစ်ချို့ကို မတွေ့မချင်း အတိအကျ မဆိုနိုင်ချေ။ သို့တစေ သဟဿဝတ္ထုကို အခြေခံသည်ဟု ယေဘုယျအားဖြင့် ယုံကြည်ထားသည့် ရသဝါဟိနီကျမ်းတွင် သာလိမင်းသားအကြောင်း ဖော်ပြချက်ကို မဟာဝံသဋီကာတွင် ဖော်ပြသည့်အတိုင်း တွေ့ရသည်[၃]။

ရသဝါဟနီကျမ်းပြု အရှင်ဝေဒေဟမထေရ်က ၎င်း၏ကျမ်းသည် အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက်အတွင်း ဂုတ္တဝင်္ကပရိဝေဏကျောင်း၌ သီတင်းသုံးသည့် အရှင်ရဋ္ဌပါလဟုခေါ်သည့် မထေရ် ရေး

---

[၁] အယံ ပန သင်္ခေပေါ၊ ဝိတ္ထာရော ပန မဟာဝံသဋ္ဌကထာယံ ဝုတ္တော။ အတ္ထိကေဟိ တတော ဂဟေတဗ္ဗော (ဓမ္မာသောကမဟာရာဇဿ ဝတ္ထု)။

[၂] *Mahavamsa Tika,* pp 451, 452, 607.

[၃] *Rasavahini II*, p. 116.

ယောက်၏ အမည်များကို ဖော်ပြသည်။ သို့တစေ နန္ဒိမိတ္တ (ဒုတိယဝဂ်၊ ဝတ္ထုအမှတ် ၆)နှင့် ဝေဠုသုမနဝတ္ထု (စတုတ္ထဝဂ်၊ ဝတ္ထုအမှတ် ၉ ၌ပါပြီး)တို့မှာ ဆိုပြီးဝတ္ထုများ ဖြစ်ကြသည်။ သို့ဖြစ်၍ ဝတ္ထုများကို သူရနိမ္မလဖြင့် စတင်ပြီး ဝတ္ထုလေးခုပြီးနောက် ဆုံးသွားသည်။ တစ်ဖန် ဆဋ္ဌမဝဂ်၏ ပထမဆုံး ဝတ္ထု၌ 'သဓ်ေပေန ဒုဋ္ဌဂါမဏိရညော ဝတ္ထုံ ပဌမံ' ဟူသော စကားရပ် ဝါကျမျှသာပါသည်။ ဒုတိယဝတ္ထု သာလိမင်းသားအကြောင်းကိုလည်း ဖော်ပြမထားဘဲ စာဖတ်သူအား ယင်းဝတ္ထုကို မဟာဝံသမှ ရယူရန် တိုက်တွန်းထားသည် - 'သာလိရာဇကုမာရဝတ္ထုံ မဟာဝံသေ ဝုတ္တနယေန ဝေဒိတဗ္ဗံ။ သာလိရာဇကုမာရဝတ္ထုံ ဒုတိယံ။ သို့တစေ ယင်းဝတ္ထုကိုလည်း အမှန်တကယ် ဖော်ပြသကဲ့သို့ ရေတွက်ထားသည်။

'အနိစ္စာ ဝတ သင်္ခါရာ' (ဓမ္မသောဏ္ဍကဝတ္ထု၊ ပထမဝဂ် ပထမဝတ္ထု) ဖြင့် အစပြုသည့် ဂါထာအဖွင့်သည် အလွန် အသေးစိတ်ဖြစ်ပြီး နှစ်သက်ဖွယ် ကောင်းသည်။ ထို့ပြင် ယင်းအဖွင့်၌ 'ကာလဝိမုတ္တံ နိဿရဏံ နိဗ္ဗာနံ' ကဲ့သို့သော နက်နဲသည့် ဒဿနဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါရှိသည်။ ကျမ်းစာတစ်ခုလုံးတွင် ယင်းဂါထာ တစ်ပုဒ်တည်း၌သာ ယင်းသို့ အသေးစိတ် ဖွင့်ဆိုသည်။

အခြား ရည်ညွှန်းကျမ်းများ၌ မတွေ့ရသည့် သမိုင်းဆိုင်ရာ အချက်အလက် အများအပြားကို သဟဿဝတ္ထုကျမ်း၌ ဖော်ပြသည်။ ပုံစံအားဖြင့် ရသဝါဟိနီကျမ်း၌ တွေ့ရသည့် 'ဒုဗ္ဗိဋ္ဌိမဟာရာဇ'၏ ဖစ်မြစ်နှင့် ပတ်သက်သည့် သဲလွန်စအချို့ကို ယင်းကျမ်း၌ ပြဆိုသည်။ 'ဗြာဟ္မဏတိယံ စောရဘယံ'သည် အဋ္ဌကထာကျမ်းများနှင့် သမိုင်းကျမ်းများ၌တွေ့ရမြဲ ဝါကျပြတ် ဖြစ်သော်လည်း 'တိယံ' ဟူသော ဝေါဟာရကိုမူ ရှင်းပြရန် ခက်ခဲသည်။ သဟဿဝတ္ထု၌ကား 'ဗြာဟ္မဏတိဿစောရဘယံ'ဟု (လေးကြိမ်) အတိအကျ ဆိုသည်။ ဖုဿဒေဝတ္ထေရဝတ္ထုသည် ရသဝါဟိနီ၌ မတွေ့ရသည့် အချက်အလက်သစ် လုံးဝဖြစ်သည်။ ရသဝါဟိနီ၌ ဖုဿဒေဝဝတ္ထု ပါသော်လည်း ဒုဋ္ဌဂါမဏိမင်းကြီး၏ ထင်ရှားသည့် စစ်သူကြီး ဖြစ်သည်။ သဟဿဝတ္ထုပါ ဖုဿဒေဝတ္ထေရ်ကား သဒ္ဓါတိဿမင်းကြီး၏ နှမတော်၏သား (ကဋ္ဌကနာရဝါသီ ဖုဿဒေဝတ္ထေရော နာမ သဒ္ဓါတိဿမဟာရညော



ရိုက်ဘာသာပြန်မှု များစွာ တွေ့ ရသည်။ ပုံစံအားဖြင့် -

ကာလသိဂါလံ ပိမ္ဗရော အဂ္ဂဟေသိ (ကာလသိဂါလဿ ဝတ္ထု)
တဝ သဟာယကံ သုဝပေါတကံ မာရိတစောရောတိ အာဟ
(ဗျဂ္ဃဿ ဝတ္ထု)
ဧတဿ မနုဿဿ ဂေဟဒ္ဓိန္န မနုဿော
(စောရဂေဟေ ဝါသိတမနုဿဿ ဝတ္ထု)
မယှံ အာဟာရံ ခါဒိတွာ အာဂမဒါလကံ မံ ဣတော မုဥ္စနုပါယံ
ကရောဟီတိ (စောရဂေဟေ ဝါသိတ မနုဿဿ ဝတ္ထု)
တဝ ကထနပစ္စေကဗုဒ္ဓေါ နာမ ကီဒိသောတိ
(ဓမ္မာသောက မဟာရာဇဿ ဝတ္ထု)
သီဟဠဒီပေ ဥတ္တရပစ္ဆိယံ (ဒန္တကုဋုမ္ဗိကဿ ဝတ္ထု)
တံ ပူဇံ ကရဏာသမယေ (ကဥ္စနဒေဝိယာ ဝတ္ထု)

စသည်တို့ ဖြစ်သည်။

ယင်းသို့သော ဝါကျများ ကျမ်းစာတစ်ခုလုံး ပြည့်နှက်နေသဖြင့် ယင်းကျမ်းကို ကောင်းစွာ ဖတ်ရှုနားမလည်နိုင်ဘဲ သီဟိုဠ်ဘာသာစကားကို လုံလောက်အောင် မတတ်ကျွမ်းပါက မနှစ်သက်နိုင်ချေ။ တစ်ခါတစ်ရံ 'ပေါဒံ ကီဠိတုံ' 'တိုက်ခိုက် သို့မဟုတ် နပန်းလုံးရန်' (ဂေါဠကမ္ဗရဝတ္ထု)ကဲ့သို့သော အသုံးအနှုန်းများကို တွေ့ရသည်။ သို့တစေ ယင်းအသုံးမျိုးကို ပါဠိဘာသာ၌ တွေ့ရမည်မဟုတ်ချေ။ ပေါဒ ဟူသောဝေါဟာရသည် တိုက်ခိုက်ခြင်း အဓိပ္ပာယ်ရှိသည့် ပါဠိသက် သီဟိုဠ်ဝေါဟာရ ဖြစ်ဖွယ်ရှိသည်။ ဥပမာ စပါးကြီးမြွေအနက်ဟော ပိမ္ဗရော (သုံးရိုးသုံးစဉ် ပါဠိဝေါဟာရ အဇဂရ၊ သီဟိုဠ် ပိမ္ဗုရာ)၊ အရပ် သို့မဟုတ် နယ်ပယ် ဒေသ နံဘေး အနက်ဟော ပစ္ဆိယံ (သီဟိုဠ် ပသ၊ ပါဠိမှန် ပဿ) စသော ဝေါဟာရများ ဖြစ်သည်။

သဒ္ဒါနည်း ရေးထုံးမမှန်သည့် ဝါကျများကိုလည်း တွေ့ရသည်။ ပုံစံအားဖြင့် -

ဩလောကေတွာ အတ္တနော ဂတေ (စောရဃာတကဿ ဝတ္ထု)
အထ နာဝါ သတ္တဒိဝသံ ဂတကာလေ သမုဒ္ဒမၛ္ဈေ ဘိဇ္ဇိ
(ဒန္တကုဋုမ္ဗိကဿ ဝတ္ထု)

ရညော ပုတ္တော ဝိဇာယိ
(စောရဂေဟေ ဝါသိတမနုဿဿ ဝတ္ထု) စသည်။

ယင်းသို့ သဒ္ဒါရေးထုံးနှင့် အသုံးအနှုန်း မမှန်သည်တို့ကို တွေ့ရသကဲ့သို့ ကောင်းမွန်သည့် တွဲလုံးများကိုလည်း တွေ့ရသေးသည်။ ပုံစံအားဖြင့် -

ယထာ ခေါတေန ပတ္တေန (တိဿဒဟရသာမဏေရဿ ဝတ္ထု)
ဒုက္ခာပေတွာ[၁] (စောရဃာတကဝတ္ထု)

ယင်းကျမ်း၌ ဇာတကဌကထာတွင် ပါရှိသော ဝါကျများ လွှမ်းမိုးနေသည်ကိုလည်း တွေ့ရသည်။

ရသဝါဟိနီပဏ္ဏာမ၌ ရှေးခေတ်ရဟန္တာအရှင်မြတ်တို့ သီဟိုဠ်ဘာသာဖြင့် မိန့်ကြားသည့် ဝတ္ထုဖြစ်ရပ်များသည် နေရာဌာန အမျိုးမျိုး၌ (တတ္ထတတ္ထုပပန္နာနိ ဝတ္ထာနိ) စတင်ခဲ့ကြောင်း ဖော်ပြသည်။ သဟဿဝတ္ထုကျမ်းလာ ပုံစံများစွာတို့သည် နေရာဌာနအမျိုးမျိုးမှ နှုတ်ပြောအကြောင်းအရာများကို အခြေခံကြောင်း ထင်ရှားစွာ ဖော်ပြသည်။ ဝတ္ထုဖြစ်ရပ်တစ်ခု သို့မဟုတ် တိုက်ဆိုင်မှုတစ်ရပ်နှင့် ပတ်သက်၍ တစ်ခါတစ်ရံ 'ဣတိ ဝုတ္တာနိ' 'ဤသို့ ဆိုကုန်၏' ဟု အဆုံးသတ်ထားသည်။ ပုံစံအားဖြင့် -

တာဝတိံသဘဝေ နိဗ္ဗတ္တိံသုန္တိ ဝဒန္တိ (ကာကဿ ဝတ္ထု)
စတူဟိ မာသေဟိ ဂတောတိ ဝဒန္တိ (စူဠနာဂတ္ထေရဿ ဝတ္ထု)
အလဒ္ဓဌာနံ နာမ နဋ္ဌာတိ ဝဒန္တိ
(ပူဝပဗ္ဗတဝါသီ တိဿတ္ထေရဿ ဝတ္ထု)

ရသဝါဟိနီကျမ်းပြုပုဂ္ဂိုလ်က မိမိ၏ကျမ်းစာမှာ ပုနရုတ္တိ (ဆိုပြီးသည်ကို ထပ်ဆိုခြင်း) ကဲ့သို့သော အမှားများဖြင့် ပြည့်နေသည့် အရှင်ရဋ္ဌပါလ၏ ပါဠိဘာသာပြန်ကို ပြန်လည် မွမ်းမံ ရေးသားခြင်းမျှသာ ဖြစ်ကြောင်း ဝန်ခံထားသည်[၂]။

သဟဿဝတ္ထုကျမ်းကို ထုတ်ချင်းပေါက် ဖတ်မိသူ မည်သူမဆို ယင်းကျမ်းမှာ ဘာသာစကားအရရော စီစဉ်မှုအရပါ ပြန်လည် မွမ်းမံ

---

[၁] သုက္ခာပေတွာ၊ ဇနဝသဘသုတ်၊ ဒီ ၂၊ ၁၈၂။
[၂] ပုနရုတ္တာဒိဒေါသေဟိ တမာသိ၊ သဗ္ဗံ အာကုလံ အနာကုလံ ကရိဿာမိ။ ရသဝါဟိနီ၊ ပဏ္ဏာမဂါထာ၊ အမှတ် ၇။



ရေးသားရန် အလွန်လိုအပ်သည်ဟု ခံစားရသည်။ သဟဿဝတ္ထုကျမ်း စီစဉ်ပုံ၌ စည်းကမ်းရော နည်းလမ်းပါ မရှိချေ။

ပုံမှန်အားဖြင့် တစ်ဝဂ် (အခန်းတစ်ခု)စီ၌ ဝတ္ထု ၁၀ ခုစီ ရှိမြဲဖြစ်သော်လည်း (သဟဿဝတ္ထု၌) တစ်ဝဂ်၌ ဝတ္ထု ၅ ခု၊ အခြားတစ်ဝဂ်၌ ၉ ခု၊ နောက်တစ်ခု၌မူ ၁၁ ခု ရှိသည်။ ဝတ္ထုအစ၌ ဝတ္ထု၏အမည်သည် အဆုံး၌ဖော်ပြသည့် အမည်နှင့်မတူသည်ကို မကြာခဏတွေ့ရသည်။ ဝတ္ထုခေါင်းစဉ်များမှာ ဖွင့်ဆိုရှင်းပြပြီး ရှည်လျားလျက် မာတိကာ သဘောဖြင့် ဖော်ပြရန် ရည်ရွယ်သည်။ ပုံစံအားဖြင့် စူလဂလ္လရဋ္ဌေ အာသနသာလံ ဇဂ္ဃန္တဿ ဥပါသကဿ ဝတ္ထု၊ မဟာဂါမေ တိဿမဟာဝိဟာရေ ဓမ္မသုတနေသာဒဿ ဝတ္ထု - စသည်။ ယင်းဖွင့်ဆိုရှင်းပြ ဝတ္ထုခေါင်းစဉ်ပုံစံမှာ သီဟိုဠ်ကျေးလက်နေ ပုဂ္ဂိုလ်များအတွင်း ဝတ္ထုဖြစ်ရပ်များ၌ ယနေ့တိုင်ပင် တွေ့ရဆဲဖြစ်သည်။

လေးခုမြောက်ဝဂ်၏ စာပေဟန်မှာ အခြားအားလုံးနှင့် လုံးဝခြားနားသည်။ ဝတ္ထုတစ်ခုသည် ယင်းဝတ္ထု၏လိုရင်းကို အကျဉ်း ဖော်ပြသည့် ဂါထာတစ်ပုဒ်ဖြင့် အစပျိုးသည်။ အဆုံးတွင် 'တေန ဝုတ္တံ' ဟူသော စကားနှစ်လုံးအပြီး ယင်းဂါထာကို ပြန်ဆိုသည်။ တစ်ခါတစ်ရံ အစပျိုးဂါထာပြီးနောက် ဝတ္ထုကို 'တံ ယထာနုသုယျတေ' ဖြင့် ဖွင့်သည်။ လေးခုမြောက်ဝဂ်သည် သက္ကတ သြဇာလွှမ်းမိုးမှု ရှိပုံရသည်။

ဝတ္ထုများကို စီစဉ်ရာ၌လည်း စနစ်တကျမရှိချေ။ ဝတ္ထုအားလုံး ရောထွေးနေကြသည်။ ဇမ္ဗုဒီပဝတ္ထုများကို သီဟိုဠ်ဝတ္ထုများ အကြား၌ ဟိုတစ်ခုဒီတစ်ခု တွေ့ရသည်။ ကာကဝဏ္ဏတိဿဝတ္ထု (၉ ခုမြောက်ဝဂ်၊ ဝတ္ထုအမှတ် ၅)သည် အမှန်စင်စစ် ကာကဝဏ္ဏတိဿ၊ ဒုဋ္ဌဂါမဏီနှင့် ဝေဠုသုမန အမည်ရသည့် ပုဂ္ဂိုလ်သုံးယောက်အကြောင်း ဖြစ်သည်။ သို့တစေ ယင်းဝဂ်အဆုံး၌ ယင်းကို ဖော်ပြခြင်းမရှိဘဲ ဆယ်ခုမြောက်ဝတ္ထုအဖြစ် ဒုဋ္ဌဂါမဏိဝတ္ထုဟု အမည်ပေးထားသည်။ ယင်း၌ 'ဒုဋ္ဌဂါမဏိအဘယမဟာရညော ဝတ္ထု မဟာဝံသေ ဝိတ္ထာရိတမေဝ။ တံ တတော ဂဟေတဗ္ဗံ' ဟုသာ ဆိုသည်။ သို့တစေ ဝတ္ထုတစ်ခုလုံးကို ဖော်ပြမှသာ ကောင်းမွန်မည်ဟု ယူဆရသည်။ ငါးခုမြောက်ဝဂ်၌ ကျမ်းပြုပုဂ္ဂိုလ်သည် အစဉ်အတိုင်း တစ်ယောက်ပြီး တစ်ယောက် ဖော်ပြရန် ရည်ရွယ်သည့်အတိုင်း ဒုဋ္ဌဂါမဏိမင်း၏ စစ်သူကြီး ဆယ်

လောက်သည့် သီဟိုဠ် မှတ်တမ်းဟောင်းအချို့ကို မှီငြမ်းပြုခဲ့သည်ဟူသော အချက်ကိုမူ သံသယဖြစ်ဖွယ် မလိုချေ။

**ရသဝါဟိနီ**သည် ဂါထာညှပ်[၁] ပါဠိစကားပြေဖြင့် ရေးသားထားသော ဝတ္ထု ၁၀၃ ပုဒ်ကို စုစည်းထားသည့် ကျမ်းဖြစ်သည်။ ယင်းကျမ်းကို ကဏ္ဍနှစ်ခု ခွဲထားသည်။ ပထမကဏ္ဍ၌ ဇမ္ဗူဒီပ (အိန္ဒိယ)နှင့် သက်ဆိုင်သည့် ဝတ္ထု ၄၀ ပါဝင်ပြီး ဒုတိယကဏ္ဍ၌ လင်္ကာ (သီဟိုဠ်) နှင့် သက်ဆိုင်သည့် ဝတ္ထု ၆၃ ပုဒ်ပါဝင်သည်။

ပဏ္ဏာမဂါထာအရ ရသဝါဟိနီကျမ်းပြုပုဂ္ဂိုလ်သည် ဝနဝါသီဂိုဏ်းဝင် အရှင်ဝေဒေဟမထေရ်ဖြစ်ပြီး ယင်းမထေရ်သည် သီဟိုဠ်ကျွန်းရှိ သီရိပါဒအကြောင်း ဖွဲ့ဆိုသည့် ပါဠိကဗျာကျော် သမန္တကူဋဝဏ္ဏနာကျမ်းနှင့် သီဟဠသဒ္ဒလက္ခဏာခေါ် သီဟိုဠ်သဒ္ဒါကျမ်းများကိုလည်း ရေးသားခဲ့သည်။ ထိုမထေရ်၏ ဆရာမထေရ်အား အာနန္ဒဝနရတနအဖြစ် ဖော်ပြထားသည်။ ယင်းကျမ်းကို ယေဘုယျအားဖြင့် အေဒီ ၁၄ ရာစု အစောပိုင်းတွင် ရေးသားကြောင်း ယူဆထားကြသည်။ သို့တစေ ထိုကျမ်းက မှီငြမ်းပြုခဲ့သည့် နှုတ်ပြောနှင့် ကျမ်းထွက် ရင်းမြစ်များမှာ ယင်းခေတ်ထက် များစွာ စောပုံရသည်။

ရသဝါဟိနီကျမ်းကို မိတ်ဆက်ရာ၌ ကျမ်းပြုပုဂ္ဂိုလ်က ကျမ်းစာ၏ သမိုင်းကို ဖော်ပြသည်။ ရှေးခေတ် ရဟန္တာမထေရ်မြတ်တို့သည် အထူးထူးသော အရပ်ဒေသ၌ ဖြစ်ပျက်ခဲ့သည့် ဝတ္ထုကြောင်းများကို သီဟိုဠ်ဘာသာစကားဖြင့် ပြောပြခဲ့ကြသည်။ ယင်းတို့ကို ရှေးဆရာတို့က စုဆောင်းထားခဲ့ကြသည်။ မဟာဝိဟာရကျောင်းတိုက်ရှိ ဂုတ္တဝင်္ကပရိ

[၁] အေဒီ ၁၄ ရာစု ဂဒလာဒေဏိဝိဟာရ၌ သီတင်းသုံးနေထိုင်ခဲ့သော ဓမ္မကိတ္တိအမည်ရှိမထေရ် ရေးသားခဲ့သည့် 'သဒ္ဓမ္မာလင်္ကာရယ' အမည်ရှိ သီဟိုဠ်ဘာသာဖြင့် ရေးသားထားသည့် ကျမ်းတစ်စောင်ရှိသည်။ ယင်းကျမ်းသည် ရသဝါဟိနီကျမ်း ဘာသာပြန်ဖြစ်သည်မှာ သေချာသော်လည်း ရသဝါဟိနီကျမ်းတွင် မပါသည့် မေတ္တေယျဝတ္ထုနှင့် ပဒုမာဝတီဝတ္ထုနှစ်ခု ပါဝင်သည်။ ယင်း (သီဟိုဠ်)ကျမ်းသည် တိုက်ရိုက်ဘာသာပြန် ကျမ်းမဟုတ်ဘဲ စကားအလင်္ကာဆင်၍ ဥပမာများဖြင့် ပြန်လည်ရေးသားသော ဝတ္ထုများဖြစ်ကြသည်။ သဒ္ဓမ္မာလင်္ကာရယ ကျမ်းပြုပုဂ္ဂိုလ်သည် ရသဝါဟိနီကျမ်းပြု ပုဂ္ဂိုလ်ကဲ့သို့ပင် ဝနဝါသီဂိုဏ်းဝင်ဖြစ်သည်။



ဘဂိနိယာ ပုတ္တော) ဖြစ်သည်။ ထို့ကြောင့် ယင်းမထေရ်သည် ဒုဋ္ဌဂါမဏိမင်းကြီး၏ တူတော်ဖြစ်သည်။ ဒုဋ္ဌဂါမဏိ သို့မဟုတ် သဒ္ဓါတိဿမင်းတို့၌ နှမရှိသည်ဟူသောအချက်ကို အခြား မည်သည့်ကျမ်း၌မျှ မတွေ့ရချေ။

ဖုဿဒေဝ မထေရ်အကြောင်းကို အခြားကျမ်းဂန် များစွာတို့၌ တွေ့ရသည်။ သမန္တပါသာဒိကာ (ဝိနယဋ္ဌကထာ)[၁] ၌ ယင်းမထေရ်အကြောင်းကို တံမြက်လှည်းခြင်း၏ အကျိုးကို သရုပ်ဖော်ရာ၌ ပြဆိုသည်။ အခြားအသေးစိတ် များစွာကို မြှုပ်ထားခဲ့သည်။ တံမြက်လှည်းခြင်းနှင့် ပတ်သက်သည့်အကြောင်းနှင့် မာရ်နတ် ကိုယ်ထင်ပြသည့် အကြောင်းများကိုသာ ဖော်ပြသည်။ သဟဿဝတ္ထု၌ မာရ်နတ်တစ်ရက်သာ လာသည်။ သမန္တပါသာဒိကာ၌ မာရ်နတ်သည် တစ်နေ့တည်း၌ မျောက်အသွင်၊ နွားအသွင်၊ ခြေဆာနေသော ယောကျ်ားအသွင်ဖြင့် သုံးကြိမ် လာသည်။ ယင်းမထေရ်ကို ကဋ္ဋအန္ဓကာရဝါသီ ဖုဿဒေဝမထေရ်ဟု ခေါ်တွင်သည်။ သာရသင်္ဂဟကျမ်း[၂]၌ ထိုမထေရ်ကို ကာလန္ဓကာလဝါသီ ဖုဿဒေဝမထေရ်ဟု ခေါ်တွင်ပြီး ရည်ရွယ်ချက်တူညီသည်။ အသေးစိတ်အချက် အများအပြား ချန်လှပ်ထားခဲ့ပြီး မာရ်နတ် ကိုယ်ထင်ပြခြင်းလည်း တူညီသည်။ သဒ္ဓမ္မရတနာကရ (၁၅ ရာစု အစောပိုင်းရေး သီဟိုဠ်ဘာသာကျမ်းစာ)[၃] ၌ ယင်းမထေရ်ကို ကာလကန္ဒ ဖုဿဒေဝမထေရ် ခေါ်သည်။ (ယင်း သီဟိုဠ်ကျမ်းအရ အဆိုပါ ကာလကန္ဒကျောင်းတိုက်သည် ရုဟုဏအရပ်၌ရှိသည်)။ ယင်းကျမ်း၌ မာရ်နတ်သည် ပုံစံတစ်မျိုးတည်းဖြင့် တစ်နေ့တွင် သုံးကြိမ်ဆက်တိုက် လာကြောင်း ဆိုသည်။ ဤကျမ်း၌လည်း မူလဝတ္ထု၏ အသေးစိတ် အများအပြားကို ချန်ထားခဲ့ပြီး တံမြက်လှည်းခြင်းနှင့် ပတ်သက်သည်နှင့် မာရ်နတ် လာနှောင့်ယှက်သည်တို့ကိုသာ ဖော်ပြသည်။ ယင်းဝတ္ထုကို တံမြက်လှည်းခြင်း၏ အကျိုးကို ချီးမွမ်းရန် ဖော်ပြခြင်းဖြစ်သည်။ ဝိသုဒ္ဓိမဂ်ကျမ်း၌[၄] ယင်းမထေရ်အား ကဋ္ဋကန္ဒရဝါသီ

[၁] ဝိ-ဋ္ဌ ၄၊ ၁၇၄။

[၂] *Sārasangaha*, p. 33.

[၃] *Saddharmartnākara*, p. 334.

[၄] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၂၂၁။ (မြန်မာမူ၌ ကဋ္ဋအန္ဓကာရဝါသီ ဟုရှိသည်)။

ဖုဿဒေဝမထေရ်အဖြစ် ဆိုသည်။ ထိုမထေရ်သည် မာရ်နတ် ဖန်ဆင်းပြသည့် ဗုဒ္ဓပုံတော်ကို ကြည့်ရှုရင်း ရဟန္တာအဖြစ်ကို ရသည်။ အခြား အသေးစိတ်များကို ဖော်ပြမထားပေ။ စေတီယင်ပြင်ကို တံမြက်လှည်းကြောင်းနှင့် ပုံစံအမျိုးမျိုးဖြင့် မာရနတ် လာရောက် နှောင့်ယှက်ကြောင်းလည်း မပြဆိုပေ။ ရည်ညွှန်းပြီး ကျမ်းဂန်တို့၌ ဖော်ပြသည့် အကြောင်းအရာများတွင် သဒ္ဓါတိဿမင်း နှမတော်၏သား ဖြစ်ကြောင်း မဖော်ပြကြသော်လည်း ကျမ်းအားလုံး၌ ဖုဿဒေဝ မထေရ်သည် မာရ်နတ်ဖန်ဆင်းပြသည့် ဗုဒ္ဓပုံတော်ကို ဖူးမြော်ရင်း ရဟန္တာဖြစ်သွားကြောင်း တူညီစွာ ဖော်ပြကြသည်[၁]။

သဟဿဝတ္ထုဟူသော အမည်အရ ယင်းကျမ်း၌ ဝတ္ထုဖြစ်ရပ်ပေါင်း တစ်ထောင်ပါရှိကြောင်း ဆိုလိုသည်။ အမှန်သော် ဝတ္ထုရေ ၉၄ ပုဒ်မျှသာ ပါရှိသည်။ တစ်ထောင်နှင့် ငါးရာကဲ့သို့သော ခန့်မှန်း ရေတွက်မှုများကို ယေဘုယျအားဖြင့် ရှေးခေတ် ပါဠိစာပေ၌ အရေအတွက်များမှုကို ဖော်ပြရန် သုံးလေ့ရှိသည်။ ယင်းသို့ သုံးသည်ဆိုသော်လည်း ၉၄ ဟူသောအရေအတွက်မှာ သဟဿဟူသော ဝေါဟာရကို သုံးနိုင်ရန် နည်းလွန်းလှသည်။

ယင်းနှင့် ပတ်သက်၍ မာလာလာဆေကေရက အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဖော်ပြချက်တစ်ခုပေးခဲ့သည်။ ၎င်းက သဟဿဟူသော ဝေါဟာရသည် နှစ်သက်ဖွယ်ကောင်းသော၊ အံ့သြဖွယ်ကောင်းသော၊ ဝမ်းမြောက်ဖွယ် ကောင်းသောဟု အဓိပ္ပာယ်ရသည့် သက္ကတဝေါဟာရ 'သဟရှ'နှင့် ညီသော ပါဠိဝေါဟာရ ဖြစ်နိုင်ကြောင်း ကြံဆခဲ့သည်[၂]။ သို့ဖြစ်ပါက ကျမ်းခေါင်းစဉ် 'သဟဿဝတ္ထုအဋ္ဌကထာ

[၁] ဇာတကဋ္ဌကထာ၌ ယင်းမထေရ်အား ကဋ္ဌကန္ဓကာရဝါသီ ဖုဿဒေဝမထေရ်ဟုသာ ဖော်ပြပြီး ထိုမထေရ်အကြောင်း မည်သည့်အချက်ကိုမျှ ဖော်ပြ မထားပေ (ဇာ-ဋ္ဌ ၄၊ ၃၉၄)။

[၂] ဝေါဟာရဇစ်မြစ် လေ့လာမှုအရ 'ဥတကြရှ'ကို ဥက္ကံသ သို့မဟုတ် 'ပြဟရှ'ကို 'ပဟံသ'ဟု ပါဠိဝေါဟာရ ပြောင်းရသကဲ့သို့ 'သဟရှ'ကို 'သဟံသ'ဟုသာ ဆိုနိုင်ပြီး 'သဟဿ'ဟု မဖြစ်နိုင်ကြောင်း ငြင်းဆိုနိုင်ရာသည်။ သို့သော် 'ဝရ်ရှ'နှင့် 'ဝဿ'၊ 'ကြဿျက' 'ကဿက' ပုံစံများမှာ 'သဟရှ'မှ 'သဟဿ' ဆင်းသက်လာကြောင်း အဆိုကို ဖြစ်နိုင်ခြေ ပေးပါသည်။ သဟဿဝတ္ထုကျမ်း၏ စာပေအဆင့်



သို့မဟုတ် 'သဟဿဝတ္ထုပကာရဏ' ဟူသည် 'ကြည်ရွှင်ဖွယ် ဝတ္ထုများကျမ်း'ဟု အဓိပ္ပာယ်ထွက်မည်ဖြစ်ပြီး အတော်အတန် နှစ်သက်ဖွယ်ကောင်းသည်။ သဿဝတ္ထုကျမ်းကို 'အရသာရှိသောမြစ်' သို့မဟုတ် 'ရသတို့စီးဆင်းရာ' သို့မဟုတ် 'ကြည်နူးဖွယ် ဖန်တီးရှင်'ဟု အဓိပ္ပာယ်ရသည့် 'ရသဝါဟိနီကျမ်း'နှင့် နှိုင်းယှဉ်ကြည့်ပါက အထက်ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာပို၍ ကြောင်းကျိုးဆီလျော်သည်ကို တွေ့ရသည်။ သို့ဖြစ်မူ 'သဟဿ' နှင့် 'ရသဝါဟိနီ' ခေါင်းစဉ်နှစ်ခုလုံးမှာ အဓိပ္ပာယ် တူညီရတော့မည် ဖြစ်သည်။ ယင်းသည် 'ရသဝါဟိနီကျမ်း' သည် 'သီဟဠဝတ္ထုကျမ်း'ကို မှီငြမ်းပြုသည်ဟူသော အချက်ကို ထောက်ခံခြင်းဖြစ်သည်။

ရသဝါဟိနီကျမ်း၌ သီဟဠဝတ္ထုကျမ်းနှင့် စကားလုံးများ တူညီသည့် ဝါကျအများအပြား ပါရှိသည်။ ရသဝါဟိနီကျမ်းလာ ကိဉ္စိသင်္ဂဟဝတ္ထု၌ ဘုရင့်ထီးစောင့်နတ် ရွတ်ဆိုသော ဂါထာသည် စကားလုံး တစ်လုံးနှစ်လုံးကလွဲ၍ သဟဿဝတ္ထု၌ တွေ့ရသည့် ဂါထာအတိုင်း ဖြစ်သည်။ ဝေဠုက္ကမ္ဗရမထေရ် ရဟန္တာဖြစ်ပြီးနောက် ရွတ်ဆိုသောဂါထာသည် ရသဝါဟိနီ၌ ပိုမိုကောင်းမွန်ပြီး သဒ္ဒါရေးမှန်အောင် ပြုပြင်ထားသည်ကလွဲ၍ နှစ်ကျမ်းလုံး၌ အတူတူဖြစ်သည်။

အထက်ပါ ယူဆချက်များက 'အနုရာဓပုရမြို့၊ မဟာဝိဟာရကျောင်းတိုက်၊ ဂုတ္တဝင်္ကပရိဝေဏကျောင်းနေ အရှင်ရဋ္ဌပါလမထေရ်ရေးခဲ့သော သဟဿဝတ္ထုကျမ်းသည် အေဒီ ၁၄ ရာစု အရှင်ဝေဒေဟမထေရ်က ရသဝါဟိနီကျမ်းအဖြစ် ပြန်လည်ပြုပြင် မွမ်းမံရေးသားခဲ့သောကျမ်း မဖြစ်နိုင်ဘူးလား'ဟူသောအမေးကို ဖြစ်ပေါ်လာစေသည်။

သဟဿဝတ္ထုကျမ်းသည် ဘာသာစကားမညက်ညော သဒ္ဒါရေးညံ့သော်လည်း သမိုင်းတန်ဖိုး များစွာရှိပါသည်။ ယင်းကျမ်းသည် ထိုခေတ်အချိန်က ကျမ်းပြုပုဂ္ဂိုလ် လက်လှမ်းမီ ရရှိနိုင်သော မှီခိုအားထား

အတန်းမှဆုံးဖြတ်လျက် ဝေါဟာရဇစ်မြစ်တစ်ခု အနေဖြင့်လည်း ယူဆနိုင်သည်။ 'ဟဿ'သည် 'ဟရ်ရှ' မှဖြစ်စေ၊ 'ဟာယှ' မှဖြစ်စေ ဆင်းသက်လာနိုင်သည်။ လန်ဒန် ပါဠိတော်အသင်း အဘိဓာန်ကိုလည်း ရှုပါ။ ထို့ပြင် 'တေသံ ဣဒံ ဘာသိတံ ဟဿကံ ယေဝ သမ္ပဇ္ဇတိ (မ ၂။ ၂၃၄) ကိုလည်း ရှုပါ။

သည်မှာ သေချာပါသည်။ ပါဠိအဋ္ဌကထာ ကျမ်းများခေတ် အေဒီ ၅ ရာစုထက်ပင် ရှေးကျနိုင်ဖွယ်ရှိသည်။ ရသဝါဟိနီကျမ်းလာ ဝတ္ထုများ စွာသည် ဇာတ်နိပါတ်တော် အစဉ်အလာ၌ တွေ့ရသည့် ဗုဒ္ဓရှင်တော်မြတ်၏ အတိတ်ဘဝ ဖြစ်ရပ်များနှင့် ပတ်သက်သည်။ သို့တစေ ရသဝါဟိနီနှင့် ဇာတ်တော်များအကြား၌ အဓိကနှင့် အခြေခံ ခြားနားချက်များ ရှိသည်။ ဇာတ်တော်များ၌ တိရစ္ဆာန်များ စကားပြောသည့် ဝတ္ထု များစွာပါသော်လည်း ရသဝါဟိနီ၌ ကျီးကန်းငှက် တစ်မျိုးသာ ၎င်း၏နှုတ်ဖြင့် စကားပြောသည်ကို တွေ့ရသည်[၁]။ ဇာတကဝတ္ထုများ၌ တွေ့ရသကဲ့သို့ လူသားဘာသာစကားကို ပြောဆိုသဖြင့် ငှက်များကို ချီးမွမ်းဆိုခြင်း မဟုတ်ဘဲ ငှက်တို့၏ ဘာသာစကားကို နားလည်ခြင်း အတွက် လူသားအား မွမ်းဆိုခြင်း ဖြစ်သည်။ အခြားသော တိရစ္ဆာန် များမှာ ၎င်းတို့၏ နှုတ်ဖြင့်ပင် စကားမပြောကြပေ။ ဒုဋ္ဌဂါမဏိမင်းကြီး၏ မြင်းမသည် မိမိ၏အစားအစာကို ဘိက္ခုသံဃာအား မျှဝေလိုသဖြင့် မိမိ၏ဆန္ဒကို ပါးစပ်မှမဆိုဘဲ မြေကြီးခတ်ပြီး အရိပ်နိမိတ်ပြ၍ ဆိုသည်[၂]။ ဒုဋ္ဌဂါမဏိ၏ဆင်သည် ကြီးမြတ်သည့် အသိပညာနှင့် ပြည့်စုံသည်။ ၎င်းအား အောင်မြေကို ရှာဖွေခွင့်ပြုသော်လည်း ၎င်းအနေဖြင့် မိမိ၏မဟာဗျူဟာ အစီအစဉ်များကို နှုတ်မှမြွက်ဟ၍ ဆိုနိုင်စွမ်းမရှိပေ[၃]။ လေတွင်ပျံဝဲသည့် **ဗုဒ္ဓေနီ**၏မြင်းသည်ပင် စကားမပြောချေ[၄]။

အစဉ်အလာ ရှေးကျမှုကို သက်သေပြသည့် ရသဝါဟိနီကျမ်း၌ တွေ့ရသည့် နောက်တစ်ချက်မှာ ဝတ္ထုများစွာတို့၌ တန်ခိုးပြာဋိဟာများကို တွေ့ရခြင်းဖြစ်သည်[၅]။ နတ်ဒေဝါတို့ လူသားရှေ့တွင် ပေါ်လာပြီး ၎င်းတို့နှင့် တူညီသည့် ဝေါဟာရများဖြင့် လွတ်လပ်စွာ ပြောဆိုမှုများ ပါဝင်သည့် အချို့ဝတ္ထုများမှာ ဝိမာနဝတ္ထုကို သတိရစေသည်[၆]။

[၁] ရသဝါဟိနီ ၂။ ၅၂-၆၄။
[၂] ယင်း၊ ၆၇။
[၃] ယင်း၊ ၇၅
[၄] ရသဝါဟိနီ ၁၊ ၁၁။
[၅] ပုံစံအားဖြင့် ရသဝါဟိနီ ၂။ ၂၂၊၂၆၊ ၄၁ တို့ကို ရှုပါ။
[၆] ပုံစံအားဖြင့် ရသဝါဟိနီ ၂။ ၁၂၅၊ ၁၆၉ တို့ကိုရှုပါ။



ဝေဏာ[၁]၌ သီတင်းသုံးနေထိုင်သော ရဋ္ဌပါလအမည်ရှိမထေရ်က ယင်း သီဟိုဠ်ဘာသာ ဝတ္ထုများကို ပါဠိဘာသာသို့ ပြန်ဆိုခဲ့သော်လည်း ယင်း ကျမ်းသည် အမှားများနှင့် ထပ်ခါတလဲလဲ ပြဆိုမှုများ ပြည့်နှက်နေ သည်။ သို့ဖြစ်၍ 'ကျွန်ုပ် ယင်းကျမ်းကို ပြန်လည်ပြုပြင် မွမ်းမံ ရေး သားပါအံ့။ ယင်းကျမ်းကို အာရုံစူးစိုက်၍ နာယူပါ။ ယင်းဝတ္ထုများကို ရှေးခေတ် ရဟန္တာပုဂ္ဂိုလ်များ ပြောပြခဲ့သည် ဖြစ်သောကြောင့် ယင်း ပြောပြချက်များကို သူတော်ကောင်းများ လေးစားရမည်'ဟု ကျမ်းပြု ပုဂ္ဂိုလ်က ဆိုခဲ့သည်။

၁၄ ရာစုတွင် ဝတ်ရုံသစ် ဆင်မြန်းပြီး ရသဝါဟိနီ နာမည်သစ် ကို ပေးခဲ့သော်လည်း ယင်းကျမ်းပါ အကြောင်းအရာများသည် ရှေး အရိယာပုဂ္ဂိုလ်များ၏ ခေတ်ဆီသို့ ရောက်နေသည်။ ရသဝါဟိနီ ကျမ်း ပြုဆရာ၏ ဖော်ပြချက်များအပြင် ယင်းကျမ်၌ လွှမ်းခြုံနေသည့် အစဉ် အလာများ၏ ရှေးကျမှုကို သက်သေပြရန်လိုသည့် စဉ်းစားဖွယ် အ ချက်လက် များစွာ ပါရှိသည်။

ရသဝါဟိနီကျမ်းသည် သဟဿဝတ္ထုကျမ်းကို မှီငြမ်းပြုကြောင်း ယေဘုယျအားဖြင့် သုတေသီပညာရှင်များ သဘောတူကြသည်။ ရသ ဝါဟိနီကျမ်း ပဏာမ၌ ရည်ညွှန်းသည့် အရှင်ရဋ္ဌပါလ၏ ကျမ်းသည် သဟဿဝတ္ထုဖြစ်နိုင်ကြောင်း မှတ်ချက်ပေးထားပြီး ဖြစ်သည်။ အရှင် ဝေဒေဟမထေရ်က အရှင်ရဋ္ဌပါသည် ရှေးခေတ် ရဟန္တာကြီးများ သီဟိုဠ်ဘာသာဖြင့် ပြောပြခဲ့သည့် ဝတ္ထုဖြစ်ရပ်များကို ပါဠိဘာသာသို့ ပြန်ဆိုရုံမျှသာ ဖြစ်ကြောင်း ပြဆိုသည်။ သဟဿဝတ္ထုကျမ်းပြု ပုဂ္ဂိုလ် က ၎င်း၏ကျမ်းသည် သီဟဠဋ္ဌကထာကျမ်းနှင့် ဆရာစဉ်ပြောရိုး စကားကို[၂] အခြေခံကြောင်း အတည်ပြုသည်။ ယခုအခါတွင် သီဟဠ ဋ္ဌကထာဟူသည်ကို ရဟန္တာပုဂ္ဂိုလ်များ သီဟိုဠ်ဘာသာဖြင့် ရေးသား ထားခဲ့သည့် ကျမ်းအဖြစ် ယေဘုယျအားဖြင့် ယူဆကြသည်။ သို့ဖြစ်၍ အရှင်ရဋ္ဌပါလသည် ရှေးခေတ် ရဟန္တာပုဂ္ဂိုလ်များ သီဟိုဠ်ဘာသာဖြင့် ပြောပြခဲ့သော ဝတ္ထုများကို ပါဠိဘာသာသို့ ပြန်ဆိုသည်ဟူသော ရသ

[၁] (အမည်နာ မထင်ရှားဘဲ နောက်ကျနိုင်ဖွယ်ရှိသည့်) ရှေးဆရာတစ်ပါး ရေးသည့် ရသ ဝါဟိနီဋီကာကျမ်း၌ ဝင်္ကပရိဝေဏဟု ဖော်ပြသည် (ယင်း၊ စာ-၃)။
[၂] သဟဿဝတ္ထုံ ဘာသိဿံ၊ သီဟဠဋ္ဌကထာနယံ ဂဏှိတွာ စရိယဝါဒဉ္စ။

ဝါဟိနီကျမ်း ဖော်ပြချက်အား ဤသဟဿဝတ္ထုကျမ်းကို ရည်ညွှန်းမှု အဖြစ် ယူဆနိုင်သည်။

ကျမ်းစာနှစ်စောင်လုံးကို သေချာစွာ ဂရုစိုက်ဖတ်ရှု လေ့လာပါက ယင်းယူဆချက်ကို ထောက်ခံပါလိမ့်မည်။ အကြောင်းအရာတွင် သာမက ဝါကျများ တွဲလုံးများ စာပိုဒ်တစ်ခုလုံးပင် ကျမ်းနှစ်စောင်လုံး တူညီမှုရှိကြသည်။ ရသဝါဟိနီ အရေးအသားသည် သဟဿဝတ္ထုထက် ပိုမိုစနစ်ကျ ချောမွတ်ပြီး ကျစ်လစ်သည်မှာ သံသယဖြစ်ဖွယ် မလိုချေ။ သို့တိုင်အောင် ရသဝါဟိနီကျမ်း၌ 'သီဟိုဠ-ပါဠိ' အသုံးအနှုန်းများ [၁] နှင့် ပါဠိပျက် သီဟိုဠဝေါဟာရများ [၂] ပါဝင် နေဆဲဖြစ်သည်။

ကျမ်းစာနှစ်ခုလုံး၌ စာလုံး တစ်လုံးနှစ်လုံးမှလွဲ၍ စာကြောင်းချင်း ထပ်တူညီသည့် ဂါထာများ ပါရှိသည်။ ပုံစံအားဖြင့် ရသဝါနီကျမ်း ကိဋိသင်္ဂဟဝတ္ထုလာ -

'သာဓု သာဓု ကုမာရိကေ၊ သဒ္ဓါယ ဓမ္မဇီဝိနီ။

တွံ ဟိ ဒါနံ ဒဒမာနာ၊ သာဓု ပူဇာ သဒါ ဘဝ' ဂါထာနှင့် သဟဿဝတ္ထု ကုဏ္ဍလိသယ်္ဟဝတ္ထုလာ -

'သာဓု သာဓု ကုမာရိကေ၊ သဒ္ဓါသိ ဓမ္မဇီဝိနီ။

သာဓု ဒါနံ အဒါသိ တွံ၊ သာဓု ပူဇာ သဒါ ဘဝ' ဂါထာတို့ကို ယှဉ်ကြည့်ပါ။ ရသဝါဟိနီကျမ်း ဂေါဠယိမ္ဗရ ဝတ္ထုတွင် တွေ့ရသည့်

'သင်္ဂါမသောဏ္ဍော ပရသတ္တုမဒ္ဒနော၊

သူရော စ ဝီရော ဗလဝါ ပရာဘိဘူ။

ရုဒ္ဒဿ ယက္ခဿသိရံ ဝိနာသယံ၊

ကိလေသသီသံ စ တတော ဝိနာသယံ' ဟူသော ဂါထာနှင့် သဟဿဝတ္ထုလာ ယင်းဝတ္ထု၌ တွေ့ရသည့်

'သင်္ဂါမသောဏ္ဍော ပရသတ္တု မဒ္ဒနော၊

သူရော စ ဝီရော စ ဗလဝါ ပရာဘိဘူ။

ဒုဋ္ဌုဒ္ဒဿ ယက္ခဿ သီသံ သယံ ဝိနာသယိ၊

[၁] ပုံစံအားဖြင့် 'ရာဇပုရိသော သပ္ပိံ တုမှေ ခါဒိဿာမီတိ တဇ္ဇေန္တော ဘာယာပေသိ (ရသဝါဟိနီ ၊ စာ-၃၃)။

[၂] ဥပမာ 'မဟူနေလ' (သီဟိုဠ မာနေလ်) ရသဝါဟိနီ၊ စာ- ၆၂၊ 'ပေါသောန' (သီဟိုဠ ပေါသောန) ရသဝါဟိနီ၊ စာ-၁၁။



အဝိဇ္ဇာသီသံ စ အဟံ ဝိနာသယံ' ဂါထာဖြင့် ယှဉ်ကြည့်ပါ။

သို့တစေ ကျမ်းဂန်နှစ်ခု၌ အထူးသဖြင့် အမည်နာမများနှင့်ပတ်သက်၍ ကွဲပြားသည့်အချက်များလည်း များစွာပါရှိသည်။ ပုံစံအားဖြင့် ရသဝါဟိနီကျမ်းလာ မဟာဝါပိဝိဟာရ အမည်ကို သဟဿဝတ္ထု၌ မဟာဝါသဝိဟာရဟု ခေါ်ထားသည်။ ရသဝါဟိနီ၌ မင်းကြီး ကုဋ္ဌရဇ္ဇနှင့် ခိုးသားကြီး ဟာရဉတိက အမည်များကို သဟဿဝတ္ထု၌ ကုဏ္ဍရဇ္ဇ၊ အရတိ အမည်များဖြင့် တွေ့ရသည်။ ယင်းသို့သော ကွဲပြားချက်များကို များစွာတွေ့နိုင်သည်။ ယင်းတို့အနက် အချို့မှာ တစ်ဆင့် ကူးယူသူများ၏ အမှားများဖြစ်နိုင်သည်မှာ သေချာသည်။

အချက်အလက် တော်တော်များများကို သဟဿဝတ္ထုထက် ရသဝါဟိနီကျမ်းက ပိုမို အသေးစိတ် ဖော်ပြထားပြီး ယင်းကို နောက်ပိုင်း တိုးတက်မှု၏ သင်္ကေတအဖြစ် ယူဆနိုင်သည်။ သဟဿဝတ္ထုကျမ်းက 'ဧကော ဘုဇဂေါ' မြွေတစ်ကောင်ဟု သာမန်ဆိုထားပါက ရသဝါဟိနီကျမ်းက ယင်းကို 'ဂေါနသသပ္ပေါ' မြွေပွေး သို့မဟုတ် မြွေဟောက်ဟု အတိအကျ ဆိုသည်။ သဟဿဝတ္ထု၌ 'ဂေါလိယဂါမေ စဏ္ဍာလပုတ္တော'ဟု ဆိုသည်ကို ရသဝါဟိနီ၌ 'ပောလ္လောလိ ဂါမေ ဗဟုလော နာမ စဏ္ဍာလပုတ္တော'ဟု အတိအကျ ဆိုသည်။ သဟဿဝတ္ထု၌ 'သတာရဟဂါထံ ဝတွာ'ဟုဆိုသော်လည်း ရသဝါဟိနီ၌ ယင်းဂါထာကို 'ကဿပဒသဗလေန ဒေသနာ နန္ဒပြာဟ္မဏေန စ အမှာကံ သုတသောမဗောဓိသတ္တဿ ကထိတာ ပရမတ္ထုဝန္တိယော သတာရဟ ဂါထာယော ပရိဝတ္တေတွာ' ဟု ဖော်ပြသည်။

တစ်ဖန်မူ တစ်ခါတစ်ရံ သဟဿဝတ္ထု၌ ပြဆိုသည့် ထင်ရှားသည့် အချက်များမှာ ရသဝါဟိနီ၌ ပျောက်နေသည်။ သို့တစေ ယင်းဖြစ်ရပ်မျိုးမှာ ရှားရှားပါးပါး ဖြစ်သည်။

အထက်ပါ အချက်အလက်များအရ အကယ်၍ ရသဝါဟိနီကျမ်းသည် သဟဿဝတ္ထုကျမ်းကို မှီငြမ်းမပြုလျှင် အနည်းဆုံး ယင်းနှစ်ကျမ်းလုံး တစ်ခုတည်းသော မှီငြမ်းကျမ်းမှ အချက်အလက်များကို ရယူသည်ဟု ဆိုနိုင်ဖွယ်ရှိသည်။ ယင်းမှီငြမ်းကျမ်းမှာ မည်သို့သော ကျမ်းဖြစ်မည်ကို ကျွန်ုပ်တို့ မပြောနိုင်ချေ။

ရသဝါဟိနီကျမ်း၌ ဖော်ပြသည့်အစဉ်အလာသည် အလွန်ရှေးကျ

ရသဝါဟိနီဝတ္ထုများသည် ရှေးခေတ် အိန္ဒိယနှင့် သီဟိုဠ်တို့၏ သွင်ပြင်ဓလေ့နှင့် လူမှုရေးအခြေအနေများနှင့် ပတ်သက်၍ သစ်လွင်ပြီး စိတ်ဝင်စားဖွယ် အလင်းရောင်တစ်ခု ပေးသဖြင့် ယနေ့ခေတ် ကျွန်ုပ်တို့အဖို့ အကျိုးများသည်ဟု မှန်ကန်စွာ ရှုမြင်ယူဆနိုင်သည်။ အချို့ဝတ္ထုများ၌ စိတ်ကူးယဉ် ဒဏ္ဍာရီ တစ်ဝက်လောက်တွင် အရေးပါသည့် သမိုင်းဆိုင်ရာ အချက်အလက်များ ပါဝင်နိုင်ရာသည်[၁]။

## ၇။ ပါဠိ သီဟိုဠ် အထွေထွေကျမ်းများ

ဘီစီသုံးရာစုက ဗုဒ္ဓဂယာ မဟာဗောဓိပင်မကြီးမှ ယူဆောင်လာခဲ့သည့် အနုရာဓပုရမြို့ရှိ ဗောဓိပင်သမိုင်းကို ဖော်ပြသော **မဟာဗောဓိဝံသ** ကျမ်းသည် ယခုအခါ ဥပတိဿအမည်ရှိမထေရ် ရေးခဲ့သည်ဟု ယေဘုယျအားဖြင့် လက်ခံထားသည့် ပါဠိစကားပြေကျမ်းဖြစ်သည်။ ကျမ်းစာရေးသည့် ခေတ်ကာလကိုမူ အတိအကျ မသတ်မှတ်နိုင်သေးချေ။ မဟာဝံသဋီကာ (အေဒီ ၉ ရာစုခန့်)ကျမ်း၌ မဟာဗောဓိဝံသကထာဟုခေါ်သော ကျမ်းတစ်စောင်ကို ရည်ညွှန်းခဲ့သည်[၂]။ ဂိုင်ဂါ (Geiger) သည် 'ယနေ့တိုင် တည်ရှိဆဲဖြစ်သည့် မဟာဗောဓိဝံသကျမ်း' အဖြစ် ယူဆခဲ့သည်[၃]။ သို့တစေ မာလာလာဆေကေရကမူ ယင်း မဟာဗောဓိဝံသကျမ်းကို မဟာဝံသဋီကာထက် နောက်ကျကြောင်း ယူဆသည်[၄]။ သိရိဓမ္မာရာမကား ယင်းကျမ်းကို အရှင်မဟာဗုဒ္ဓဃောသနှင့် ပေါဠုန္နရုဝခေတ် အရှင်သာရိပုတ္တရာတို့ အကြားတွင် ထားသည်[၅]။ ခေတ်အပိုင်းအခြား မည်သို့ရှိစေ မဟာဗောဓိဝံသကျမ်းသည် ရှေးခေတ် ဆရာ့ဆရာများ (ပုဗ္ဗာစရိယကေသရီဟိ) ရေးသားခဲ့သော ဗောဓိပင်သမိုင်းဆိုင်ရာ ပိုမိုရှေးကျသည့် ကျမ်းစာတစ်ခုကို အခြေခံခဲ့သည်။ အဆိုပါ မူရင်းကျမ်းမှာ ယခုအခါ ပျောက်ဆုံးသွားပြီဟု ယူဆရသည်။

---

[၁] Pali Leterature of Ceylon, p. 226.

[၂] မဟာဝံသဋီကာ၊ စာ-၄၁၂။

[၃] ဒီပဝံသ နှင့် မဟာဝံသ၊ စာ-၄၉။

[၄] မဟာဝံသဋီကာ၊ နိဒါန်း၊ စာ- ၁၀၇။

[၅] *Mahabodhivamsa-ganthipadavivaranaya*, Preface, p.1



ရသဝါဟိနီ၌ပါသည့် ဂါထာအများစုမှာ အရှင်ဝေဒေဟမထေရ်၏ ရေးသားချက်များ ဖြစ်သည်။ 'တေနာဟု ပေါရာဏာ၊ ဝုတ္တံ ဟောတံ ပေါရာဏေဟိ၊ ဘဝန္တေတ္ထ၊ တေန ဝုတ္တံ'စသည့် ပုံမှန် စကားဆက်များဖြင့် ကျမ်းစာတစ်ခုလုံး နေရာအနှံ့အပြားတွင် ကျမ်းဟောင်းများမှ ဂါထာများကို ထည့်သွင်းထားသည်[၁]။ ဂါထာပုဒ်များကို ရယူသည့် ကျမ်းစာများအနက် မဟာဝံသကျမ်းကိုသာလျှင် ပြဆိုသည်[၂]။

ရသဝါဟိနီကျမ်းလာ သီဟိုဠ်ကျွန်းဖြစ် ဝတ္ထုများအနက် ငါးဆယ်ရာနှုန်းမှာ ရောဟနအရပ်မှဖြစ်ပြီး ဆယ့်ငါးရာနှုန်းမှာ အနုရာဓပုရမြို့မှ ဖြစ်သည်။ ကျန်ဝတ္ထုအများစုမှာ နာဂဒီပ၊ ဥတ္တရပဿ၊ ဒက္ခိဏပဿနှင့် ပစ္ဆိမပဿ စသည်ဖြင့် ပြန့်ကျဲနေသည့် ဒေသများမှ ဖြစ်သည်။ ဝတ္ထုဖြစ်ရပ်များ၏ ဖြစ်ပေါ်ရာဒေသကို ဖော်ပြရန် ခက်ခဲသည့် ဖြစ်ရပ်များလည်း ပါရှိသည်။ အထက်၌ ဖော်ပြခဲ့သည့် နေရာဒေသအားလုံးမှာ နောက်ဆုံး ဘီစီသုံးစုနှင့် အေဒီပထမ ရာစုနှစ်များအတွင်း ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သည့် အရေးပါသည့် ဗဟိုဌာနများ ဖြစ်ခဲ့သည်။ အထူးသဖြင့် ရောဟဏဇနပုဒ်အရပ် ဖြစ်သည်။ နောက်ပေါ်မြို့တော်များ သို့မဟုတ် နေရာဒေသများ ဖြစ်သည့် ပုလတ္ထိပုရ (ပေါလုန္နရုဝ) သို့မဟုတ် ဇမ္ဗုဒ္ဒေါဏိ (ဒမ္ဗဒေဏိယ)ကဲ့သို့သော ဒေသများကို ရသဝါဟိနီကျမ်း၌ မဖော်ပြချေ။ ဤသည်မှာ စာပေစုဆောင်းမှုတစ်ခုမှလာသည့် ဝတ္ထုဖြစ်ရပ်များသည် အဆိုပါဗုဒ္ဓသာသနာနှင့် ပတ်သက်သည့် အချက်အခြာ နေရာဒေသများ မထင်ရှားလာမီကပင် ပြီးစီးနေပြီဖြစ်ကြောင်း ထောက်ပြနိုင်ဖွယ်ရှိသည်။

ရသဝါဟိနီကျမ်း၌ ဖော်ပြသည့် နောက်ဆုံးဘုရင်မှာ အနုရာဓပုရမြို့၌ အေဒီ ၂၄၉ မှ ၂၆၈ အထိ အုပ်ချုပ်ခဲ့သည့် သိရိနာဂမင်းဖြစ်သည်။ ရသဝါဟိနီကျမ်းလာ ခရစ်ပေါ်ပြီးနောက် အုပ်ချုပ်ခဲ့သည့် နောက်ဘုရင် တစ်ပါးမှာ ဒုဗ္ဗိဠ္ဌ (မဟာဒါဋိက မဟာနာဂ) အေဒီ ၆၇-၇၀ ဖြစ်သည်။ သို့တစေ ထူပါရာမရှိ အသိဂ္ဂါဟကပရိဝေဏကို ရည်

---

[၁] ယင်း၊ စာ-၁၁၆၊ ၁၄၁၊ ၁၄၃၊ ၁၈၆။

[၂] ယင်း၊ စာ-၉၈၊ ၁၀၁၊ ၁၀၃၊ ၁၂၂။

ညွှန်းထားသည်[၁]။ အသိဂ္ဂါဟက 'သန်လျက်ကိုင်ဆောင်သူ' ဟူသော ဘွဲ့မှာ အိန္ဒိယမှ မြတ်ဗုဒ္ဓ၏ ကေသဓာတု ဆံတော်ဓာတ်ကို သယ်ဆောင်ခဲ့သည့် သိလာကာလကို ဂုဏ်ပြုရန် ပထမ မောဂ္ဂလ္လာနမင်း (အေဒီ ၄၉၆-၅၁၃)က ဂုဏ်ပြုပေးအပ်သည့် ဘွဲ့ဖြစ်ဖွယ်ရှိသည်[၂]။ သို့ဖြစ်၍ အသိဂ္ဂါဟကပရိဝေဏကို ယင်းခေတ်မတိုင်မီ သို့မဟုတ် ယင်းခေတ်ပြီးနောက် တည်ဆောက်ခဲ့ဖွယ်ရှိသည်။ ရသဝါဟိနီကျမ်း၌ ဖော်ပြခဲ့သည့် အခြားမင်းအားလုံးမှာ ခရစ်နှစ်မတိုင်မီက မင်းများ ဖြစ်ကြသည်။ ကာကဝဏ္ဏတိဿ၊ ဒုဋ္ဌဂါမဏိ၊ သဒ္ဓါတိဿနှင့် လဇ္ဇိတိဿမင်းများကို မကြာခဏ ဖော်ပြသည်။

မာလာလာဆေကေရသည် ဝတ္ထုအများအပြားကို သီဟိုဠ်တွင် ပိဋကတ်သုံးပုံကို ပေထက်အက္ခရာတင်သည့် ဝဋ္ဋဂါမဏိမင်း (ဘီစီ ၂၉-၁၇) လက်ထက်ခန့်အတွင်း ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ၎င်း (မာလာလာဆေကေရ)က မူရင်းကျမ်းတစ်ခုတွင် ထပ်မံ ဖြည့်စွက်ခြင်းများလော၊ သို့တည်းမဟုတ် ထို(ဝဋ္ဋဂါမဏိမင်း)ခေတ်ပြီးနောက် များမကြာမီ မူရင်းဝတ္ထုဖြစ်ရပ်များကို စုစည်းခဲ့ကြောင်း ဖော်ပြသလောဟု မေးခွန်းထုတ်ခဲ့သည်[၃]။

ရသဝါဟိနီကျမ်းလာ ဝတ္ထုဖြစ်ရပ်များသည် ခေတ်အဆက်ဆက်တွင် သီဟိုဠ်ကျွန်းသူကျွန်းသားများအတွင်း အလွန့်အလွန် ထင်ရှားခဲ့ပုံရသည်။ ရှေးခေတ်များ၌ ရဟန်းတော်များသည် မိမိတို့ကြွရောက်ရာ အရပ်တိုင်းတွင် လူဝတ်ကြောင်များအား စာရိတ္တမြင့်တင်ရေးအတွက် ဟောပြောညွှန်ပြခဲ့ဖွယ်ရှိသည်။ 'တဿ ကထံ သုတွာ ဘိက္ခူ သန္တုဋ္ဌာ တတော ပဋ္ဌာယ ဂါမနိဂမရာဇဓာနီသု စာရိကံ စရမာနာ မနုဿာနံ တံ သမ္ပတ္တိံ ဝဏ္ဏေတွာ မနုဿေ ဒါနာဒီသု ယော ဇေသုံ'[၄] 'ထိုသူ၏ ဖြစ်ရပ်ကို ကြားရပြီးနောက် ရဟန်းတော်များသည် နှစ်သက်ပီတိ ဖြစ်ပြီး ထိုအချိန်မှစ၍ မြို့ရွာဇနပုဒ် မင်းနေပြည်တော်တို့၌ ခရီးဒေသစာရီကြွကြသောအခါ လူအပေါင်းအား ယင်းဝတ္ထုဖြစ်ရပ်ကို ချီးမွမ်းစကား

[၁] ယင်း၊ စာ-၁၂၃၊ ၁၂၄။
[၂] မဟာဝံသ၊ အခန်း ၃၉၊ ၄၉-၅၆ ဂါထာ။
[၃] Pali Literature of Ceylon, p. 225.
[၄] ရသဝါဟိနီ ၂၊ စာ-၁၃။



ဆိုပြီး လူအပေါင်းအား ဒါနစသည်၌ မွေ့လျော်စေကြပြီ'။ 'ဘိက္ခူ တဿ ကထံ သုတွာ ဂတဂတဋ္ဌာနေ ဒေဝ ပုတ္တေန ကတကမ္မံ ပကာသေတွာ ဗဟုဇနေ ဒါနာဒီသု ဒသကုသလ ကမ္မေသု နိယောဇေသုံ[၁]'။ 'ရဟန်းတော်များသည် ထိုပုဂ္ဂိုလ်၏စကားကို ကြားပြီးနောက် ရောက်ရာအရပ်၌ နတ်သား ပြုလုပ်သည့်အမှုကို ဖော်ပြ၍ လူအပေါင်းအား ဒါနစသော ကုသလကမ္မပထ ၁၀ ပါး၌ မွေ့လျော်စေကြပြီ'။

အဆိုပါ ဥပမာများက ယင်းဝတ္ထုဖြစ်ရပ်များသည် နေရာဒေသအမျိုးမျိုး၌ ဖြစ်ပျက်ခဲ့(တတ္ထတတ္ထုပပန္နာနိ)ပြီး ရှေးခေတ် ရဟန္တာအရှင်မြတ်တို့ သီဟိုဠ်ဘာသာဖြင့် ပြောပြခဲ့ကြောင်း (အရဟာ ပုရေ အဘာသုံ ဒီပဘာသာယ) ဖော်ပြသည်။ အဆိုပါဝတ္ထုများအနေဖြင့် သီဟိုဠ်လူထုအကြား မွေးဖွားရှင်သန်ခဲ့သည် ဟူသောအချက်မှာ မဏိသူရိယ၊ သူရနိမ္မလစသော အသုံးများသည့် ဝေါဟာရများအရ ထင်ရှားစွာ သိရသည်[၂]။ ပုဂ္ဂိုလ်ရေးအမည်နာမများကို ရှင်းပြရန် ကြိုးပမ်းမှုများမှာ ယနေ့ခေတ် ကျေးလက်နေ ပုဂ္ဂိုလ်များအား အလွန် လွယ်ကူသည်။ ရသဝါဟိနီကျမ်းသည် သီရိလင်္ကာရှိ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ၌ ပါဠိသင်ကျောင်းသားများ၏ ပထမဆုံးဖတ်စာအုပ်အဖြစ် ယနေ့တိုင်ပင် ရေပန်းစားဆဲဖြစ်သည်။

တစ်ခါတစ်ရံ ရသဝါဟိနီကျမ်းသည် မဟာဝံသနှင့် အခြားတစ်နေရာရာ၌ တွေ့ရသည်ကို ဖြည့်စွက်ပြီး အချက်အလက်သစ်များကို ပေးသည်။ ပုံစံအားဖြင့် ဘုရင်သိရနာဂကို အင်အားသုံး၍ မင်းပြုလာသည့် စွန့်စားသူတစ်ယောက်အဖြစ် မဟာဝံသရော ရသဝါဟိနီကျမ်းပါ သဘောတူကြသည်[၃]။ မဟာဝံသ၌ သိရိနာဂကို ကုဏ္ဍနာဂ၏ ယောက်ဖဟုဆိုသည်။ ရသဝါဟိနီအရ သိရိနာဂအား ပုဏ္ဏားမျိုး လူငယ်ဟုသိရသဖြင့် ၎င်းအကြောင်း စိတ်ဝင်စားဖွယ်အချက် ဖြစ်သည်။ အကယ်၍ ရသဝါဟိနီအဆိုကို လက်ခံမူ ကုဏ္ဍနာဂ၏ မိခင် ဘုရင်မသည် ပုဏ္ဏား အမျိုးသမီးဖြစ်ကြောင်း ထင်ရှားသည်။

[၁] ယင်း၊ စာ-၂၆၊ ၇၁၊ ၈၄။
[၂] ယင်း၊ စာ- ၂၆၊ ၇၁၊ ၈၄။
[၃] မဟာဝံသ၊ အခန်း ၃၆၊ ၂၁-၂၃ ဂါထာ။ ရသဝါဟိနီ ၂၊ စာ-၇။

မဟာဗောဓိဝံသကျမ်းကား အနုပညာကျမ်းအဖြစ်ရော မဟာဗောဓိပင် သမိုင်းကျမ်းအဖြစ်ပါ အမြဲလေးစားခြင်း ခံရသည်။ မဟာဗောဓိဝံသဋီကာ၊ မဟာဗောဓိဝံသပရိကထာ (ဓမ္မပြဒီပိကာကျမ်း)၊ မဟာဗောဓိဝံသဂန္ထိပဒဝိဝရဏ၊ မဟာဗောဓိဝံသပဒတ္ထဝဏ္ဏနာကဲ့သို့သော ခေတ်အသီးသီးတွင် ရေးသားခဲ့သည့် ဋီကာကျမ်းများစွာက ရှေးဆရာတို့အနေဖြင့် မဟာဗောဓိဝံသကျမ်းကို မည်မျှ အရေးပါသည်ဟုယူဆကြောင်း ဖော်ပြသည်။ ယင်းကျမ်းကို အေဒီ ၁၄ ရာစု စတုတ္ထပရက္ကမဗာဟုမင်းလက်ထက်၌ ဝိလဂမ္မုလသံဃရာဇမထေရ်က သီဟဠမဟာဗောဓိဝံသကျမ်းအမည်ဖြင့် သီဟိုဠ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

ဗုဒ္ဓစွယ်တော်ခေတ် သမိုင်းကျမ်းဖြစ်သည့် **ဒါဌာဝံသ**ကျမ်းကို အေဒီ ၁၂ ရာစု (အေဒီ ၁၁၉၇ ခုနှစ်ပြီးနောက် များမကြာမီ ဖြစ်နိုင်သည်) တွင် စစ်သူကြီး ပရက္ကမ၏ တောင်းပန်မှုကြောင့် ပုလတ္ထိပုရ (ပေါ်ဠုန္နရုဝ)မြို့ အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သူ အရှင်ရာဇဂုရုဓမ္မကိတ္တိမထေရ်က ပါဠိဘာသာဖြင့် ရေးသားခဲ့သည်။ ကျမ်းပြုပုဂ္ဂိုလ်က ၎င်း၏ကျမ်းကို ရှေးရှေးက သီဟိုဠ်ဘာသာဖြင့် ရေးသားခဲ့သည့် ဗုဒ္ဓစွယ်တော်ခေတ်သမိုင်းကျမ်းကို အခြေခံကြောင်း ဖော်ပြသည် (ဂါထာအမှတ် ၁၀)။ သီဟိုဠ်ဘာသာဖြင့် ရေးသားထားသည့် ဒါဌာဝံသသန္နယ (ဒါဌာဝံသနိဿယ)ကျမ်း၌ ယင်းရှေးဦး သီဟိုဠ်ကျမ်းကို ကိတ္တိသိရိမေဃဝဏ္ဏမင်း (အေဒီ ၃၆၂-၃၈၉) လက်ထက် ဗုဒ္ဓစွယ်တော်ကို သီဟိုဠ်သို့ သယ်ယူလာစဉ် ရေးသားခဲ့ကြောင်း ဆိုသည်။ (ယင်းသီဟိုဠ်မူရင်းကျမ်းကို မရနိုင်တော့ချေ။) မဟာဝံသကျမ်း[၁]၌ ကိတ္တိသိရိမေဃဝဏ္ဏမင်းသည် စွယ်တော်ခေတ်သမိုင်းကျမ်းများ၌ ဖော်ပြသည့်အတိုင်း ဗုဒ္ဓစွယ်တော်မြတ်အား ပူဇော်ခဲ့ကြောင်း ဆိုသည်။ ယင်း၌ဖော်ပြသည့် သမိုင်းကျမ်းဟူသည် အရှင်ဓမ္မကိတ္တိ မှီငြမ်းပြုခဲ့သည့် သီဟိုဠ်ရှေးကျမ်းဖြစ်ဖွယ်ရှိသည်။ ဂိုင်ဂါကမူ မဟာဝံသ ညွှန်းဆိုကျမ်းသည် ဓမ္မကိတ္တိ၏ ဒါဌာဓာတုဝံသကျမ်းဖြစ်ကြောင်း ဖော်ပြသည်[၂]။ သို့ရာတွင် ဓမ္မကိတ္တိကိုယ်တိုင်ပင် ကိတ္တိသိရိမေဃဝဏ္ဏမင်းသည် စွယ်တော်ခေတ်ကို ပူ

---

[၁] မဟာဝံသ၊ အခန်း ၃၇၊ ၉၃ ဂါထာ။

[၂] စူဠဝံသ အင်္ဂလိပ်ဘာသာပြန်၊ အတွဲ ၁၊ စာ-၇ အောက်ခြေမှတ်ချက် ၄။

ဇော် စောင့်ရှောင့်မှုဆိုင်ရာ မှတ်တမ်းတစ်စောင်ကို ရေးသားစေပြီး နှောင်းခေတ် မင်းများသည် ယင်းမှတ်တမ်းပါ ညွှန်ကြားချက်များကို လိုက်နာကြကြောင်း ဖော်ပြခဲ့သည်[၁]။ အရှင်ဓမ္မကိတ္တိ ယင်းကျမ်းကို ပါဠိဘာသာဖြင့် ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ သီဟိုဠ ဘာသာ စကားကို မဖတ်တတ်သည့် အခြားနိုင်ငံများမှ ပုဂ္ဂိုလ်များ၏ အကျိုး အတွက်ဖြစ်သည်[၂]။

ဗုဒ္ဓပရိနိဗ္ဗာန်စံချိန်မှစပြီး ပဉ္စမဘုဝနေကဗာဟု မင်းလက်ထက် (အေဒီ ၁၃၆၀-၁၃၉၁) တိုင်အောင် သီရိလင်္ကာ ဗုဒ္ဓဘာသာသမိုင်း အကျဉ်းချုပ် ကျမ်းဖြစ်သော်လည်း **နိကာယသင်္ဂဟ**ကျမ်းမှာ အလွန် အရေးပါသည်။ ယင်းကျမ်းကို ယေဘုယျအားဖြင့် ဒုတိယဝီရဗာဟုမင်း (အေဒီ ၁၃၉၁-၁၃၉၇) လက်ထက် ဒုတိယဓမ္မကိတ္တိအဖြစ် ထင်ရှားသူ ဒေဝ ရက္ခိတ ဇယဗာဟု မဟာသတ္တဝိရ ရေးသားသည်။

ကျမ်းပြုပုဂ္ဂိုလ်သည် ၎င်း၏ကျမ်းကို (ကျမ်းပြုသူ၏ စကားအ တိုင်း) 'ကြောက်ရွံ့ခြင်းနှင့် မျက်နှာလိုက်ခြင်း ကင်းတော်မူကြသည့် ရှေးမထေရ်တို့ ရေးသားချက်များနှင့် မျက်မှောက်ခေတ်တွင် မြင်ကြား သိရသည်များ'ကို အခြေခံသည်[၃]။ နိကာယသင်္ဂဟကျမ်းပြုပုဂ္ဂိုလ်သည် ရှေးမထေရ်များအား 'ကြောက်ရွံ့ခြင်းနှင့် မျက်နှာလိုက်ခြင်းကင်းသူ များ' အဖြစ် အရည်အချင်း သတ်မှတ်ခြင်းမှာ အလွန် အရေးပါသည်။ ယင်းမှတစ်ဆင့် ထိုမထေရ်တို့၏ ရေးသားချက်များသည် ဘက်မလိုက် အကြောက်နှင့် မျက်နှာလိုက်မှု မလွှမ်းမိုးကြောင်း ဖော်ပြသည်။ ယင်း ဖော်ပြချက်ကို ထိုကျမ်း၏ တန်ဖိုးအဖြစ် ကျွန်ုပ်တို့ ယူဆနိုင်သည်။

နိကာယသင်္ဂဟကျမ်းပြုဆရာသည် ကျမ်းဂန်များစွာနှင့် ကျွန်ုပ်တို့ ယနေ့ မရနိုင်တော့သည့် ဗုဒ္ဓဘာသာပညာရှင် များစွာကို သိရှိပုံရ သည်။ ယင်းကျမ်းသည် မဟာဝိဟာရဂိုဏ်း သီရိလင်္ကာဗုဒ္ဓဘာသာ သမိုင်းကျမ်း ဖြစ်သည်မှာ ထင်ရှားသည်။

---

[၁] ဒါဌာ၊ စာ-၄၀၆-၄-၇။
[၂] ယင်းကျမ်း၊ စာ-၁၀။
[၃] နိကာယသင်္ဂဟ၊ စာ-၁။



ဤ(အထွေထွေ)ကျမ်းစာ ခေါင်းစဉ်အောက်တွင် **ပူဇာဝလိယ၊ ရာဇာဝလိယ၊ ရာဇရတနာကရယ၊ ထူပဝံသ**နှင့် **ဓာတုဝံသ**ကဲ့သို့ သော အခြား များစွာသော ကျမ်းများလည်း အဖိုးတန် သမိုင်းအချက် အလက်များ ပါရှိကြသည်။

00000000

ကျောက်စာ အမိန့်ပြန်တမ်းများမှ အကဲဖြတ်နိုင်သည်။ ကျောက်စာအမှတ် ၂၊ ၅ နှင့် ၁၃ တို့တွင် အသောကလက်အောက်ခံ နိုင်ငံများကို ဖော်ပြထားသည်။ တောင်ဖက်တွင် စောဠ (Cholas) တိုင်း၊ ပန်ဒျာ (Padyas)၊ သတိယပုတ္တ(Satiyaputras)နှင့် ကေရာလပုတ္တ (Keralaputras) တိုင်းများ၌ ဆုံးသည်။ မြောက်ဖက်တွင် ၎င်း၏အင်ပါယာသည် ဟိမဝန္တာတောင်ခြေသို့တိုင် ကျယ်ပြန့်သည်။ ကက်ရှမီးယားနှင့် နီပေါ နိုင်ငံများရှိ အဆောက်အအုံများက ယင်းတို့သည် အသောက အင်ပါယာ၏ အစိတ်အပိုင်းများ ဖြစ်ခဲ့ကြောင်း ဖော်ပြကြသည်။ အနောက်မြောက်ဖက်တွင် ဆီရီယန်းဘုရင် အန်းတီးယော့ခ်(Antiochus)၏ နယ်ပယ်သို့တိုင် ရောက်ခဲ့သဖြင့် ဘုရင်အန်းတီးယော့ခ်၏ လက်အောက်ခံ ပါရှားနှင့် ဆီးရီးယားသို့တိုင် ကျယ်ပြန့်ခဲ့သည်။ ယဝန (Yavanas)၊ ကမ္ဗောဇ (Kambojas)နှင့် ဂန္ဓာရ (Gandhāras) တိုင်းသူပြည်သားများအား အနောက်မြောက်ဖက်တွင် နေထိုင်သူများအဖြစ် ဖော်ပြသည်။ အသောက၏ ဘိုးတော် စန္ဒဂုတ္တမင်းသည် ဘီစီ ၃၀၄ ခန့်တွင် စစ်ချီမှုတစ်ရပ် အောင်မြင် ပြီးဆုံးပြီးနောက် အလက်စန္ဒာဘုရင်၏ စစ်သူကြီးတစ်ဦးဖြစ်သူ ဆဲလျူကပ်စ် (Seleucus)ထံမှ အရီးယား (Aria)၊ အာရာချောရှား(Arachosia)၊ ဂေဒြိုရှား (Gedrosia)နှင့် ပရိုပနိဆာဒေ (Paropanisadai)ဟူသော နယ်ပယ် လေးခုကို သိမ်းယူခဲ့သည်။ ထို့ပြင် ဘီစီ ၂၆၂ ခန့်တွင် ကျယ်ပြန့် ပြင်းထန်သည့် စစ်ပွဲကို ဆင်နွှဲပြီးနောက် အသောကသည် ကလိင်္ဂတိုင်းကို အောင်နိုင်ခဲ့သည်။

'ဘုရင် အသောကလက်အောက်ရှိ အိန္ဒိယအစိုးရသည် တရားဥပဒေနှင့် နိုင်ငံရေးအမြင်အရ ဘုရင်ဧရာဇ် စနစ်သာ ဖြစ်သည်။ သို့တစေ အရပ်ဒေသ များစွာတို့၌ အိန္ဒိယ အချုပ်အခြာ အာဏာပိုင်စိုးမှုသည် အနောက်တိုင်း သက်ဦးဆံပိုင် ဘုရင်စနစ်ထက် များစွာ ပိုမိုကန့်သတ်မှုများ ရှိသည်'[၁]။

လူ့အဖွဲ့အစည်းကို ဘာသာရေးနှင့် ဘာသာရေးမဟုတ်သည့် လူတန်းစားများဖြင့် တည်ဆောက်ထားသည်။ ဘာသာရေးပုဂ္ဂိုလ်များတွင် ဗြာဟ္မဏ၊ သမဏနှင့် ပါသဏ္ဍာဟု သုံးမျိုး ကွဲပြားသည်။ ပါသဏ္ဍာများ

[၁] Mookerji's *Asoka*, p. 47.

အခန်း ၁

## အိန္ဒိယသမိုင်းနောက်ခံ

သီဟိုဠ်ရှေးဦး ဗုဒ္ဓဘာသာသမိုင်းကို နားလည်ပြီး ကျေနပ်မှုရှိစေရန် ကျွန်ုပ်တို့အနေဖြင့် နောက်ခံသမိုင်းအဖြစ် သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓဝါဒကို ပို့ပေးခဲ့သည့် ဘီစီသုံးရာစု အိန္ဒိယနိုင်ငံနှင့် ယင်း (ဗုဒ္ဓဝါဒ)ကို ခံယူခဲ့သည့် ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်ကျွန်းတို့နှင့် ပတ်သက်၍ ယေဘုယျအတွေးအမြင်အချို့ ရှိထားရန် လိုပေသည်။ အိန္ဒိယနိုင်ငံမှ သာသနာပြုပုဂ္ဂိုလ်တို့ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓဝါဒကို သယ်ယူလာသောအခါ ၎င်းတို့သည် ဗုဒ္ဓရှင်တော်မြတ်၏ တရားဓမ္မကိုသာမက အိန္ဒိယဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာတို့ကိုပါ သယ်ယူလာခဲ့သည်။ သီရိလင်္ကာရှိ ဗုဒ္ဓဘာသာဆိုင်ရာ ပူဇော်မှုများ၊ အခမ်းအနားများ၊ ပွဲတော်များနှင့် စောင့်ထိန်းမှု အားလုံးနီးပါးလောက်မှာ ဒေသဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အနည်းမှတစ်ပါး သီရိလင်္ကာသို့ ခေတ်ဦးပိုင်း အိန္ဒိယသာသနာပြုမထေရ်တို့ ပေးအပ်ခဲ့သည့် ကျင့်စဉ် အစဉ်အလာများသာ ဖြစ်ကြသည်။ သို့ဖြစ်၍ သီရိလင်္ကာသို့ ဗုဒ္ဓဝါဒ ရောက်ရှိလာသည့် ခေတ်တွင် အိန္ဒိယ၌ ထွန်းကားနေသော အခြေအနေများနှင့် ပတ်သက် ၍ အတွေးအမြင်တစ်ရပ် ရှိထားရန် ဦးစွာ လိုအပ်သည်။

ဗုဒ္ဓဝါဒသည် ဘီစီ ခြောက်ရာစုတွင် ဗာရာဏသီမြို့ ဣသိပတနအရပ်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဗုဒ္ဓရှင်တော်မြတ်က တရားဦးဒေသနာ ဟောကြားခြင်းဖြင့် အသိပညာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်အနေဖြင့် စတင်ခဲ့သည်။ ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်အတွင်း ဂင်္ဂါမြစ်ဝှန်းဒေသအတွင်း တဖြည်းဖြည်း ပြန့်နှံ့သွားပြီး ဝိန္ဓယာတောင်

တန်းနှင့် ဟိမဝန္တာတောင်တန်းများအကြားရှိ အိန္ဒိယမြောက်ပိုင်း နိုင်ငံငယ်များစွာတို့၌ တည်တံ့ပြန့်နှံ့ခဲ့သည်။ ဘုရင်မင်းများ၊ အမတ်ကြီးများ၊ သူဌေးသူကြွယ်များနှင့် ကုန်သည်ကြီးများ၊ ပုဏ္ဏားများနှင့် လယ်သမားများသည် ထိုခေတ်က လက်ခံထားပြီးဖြစ်သည့် သီအိုရီနှင့် ကျင့်စဉ်အချို့ကို ဆန့်ကျင်တော်လှန်သည့် ဗုဒ္ဓရှင်တော်မြတ်၏ သစ်လွင်သည့် ဓမ္မလမ်းစဉ်ကို လိုက်နာကျင့်သုံးလာကြသည်။

ဘီစီ ၄၈၃ ခန့် ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံလွန်တော်မူချိန်တွင် အိန္ဒိယမြောက်ပိုင်းရှိ အရေးပါသည့် နိုင်ငံအားလုံးနီးပါးမျှကို ယင်းတော်လှန်သည့် ဓမ္မလမ်းစဉ်သစ်က နက်ရှိုင်းစွာ လွှမ်းမိုးသွားပြီးဖြစ်ပုံရသည်။ မဟာပရိနိဗ္ဗာနသုတ်တော်အရ နောက်ခံသမိုင်းအမျိုးမျိုးရှိကြသည့် နိုင်ငံရှစ်ခုသည် ဗုဒ္ဓရှင်တော်မြတ်၏ ဓာတ်တော်ဝေစုကို ရလိုကြောင်း တောင်းဆိုကြသည်။ ဤသည်မှာ ဗုဒ္ဓရှင်တော်မြတ်အနေဖြင့် ယင်းနိုင်ငံများ၌ ကိုယ်တော်မြတ်၏ အဆုံးအမကို နာခံသူတပည့် များစွာရှိကြောင်း ဖော်ပြခြင်းဖြစ်သည်။ သို့တစေ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်းများစွာ ကြာသည့်တိုင် မည်သည့်နိုင်ငံကမျှ ဗုဒ္ဓ၏ဓမ္မကို နိုင်ငံတော်၏ ဘာသာတရားအဖြစ် သတ်မှတ်သည်ဟူသော အချက်ကို သက်သေပြရန် အထောက်အထား မရှိချေ။

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံပြီးနောက် များမကြာမီ မိုးရာသီ ဝါတွင်းကာလတွင် ထိုအချိန်က ဗုဒ္ဓ၏တပည့်သာဝကများအနက် သိက္ခာဝါ အကြီးဆုံးနှင့် အသက်ရှင်ဆဲဖြစ်သည့် အရှင်မဟာကဿပမထေရ် ဦးဆောင်ပြီး မာဂဓဘုရင် အဇာတသတ္တု၏ အထောက်အပံ့ဖြင့် ရာဇဂြိုဟ်မြို့၌ ပထမသံဂါယနာ တင်သည်။ ယင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓရှင်တော်မြတ်၏ တရားမှန်များကို စနစ်တကျ စုစည်းရန် ဖြစ်သည်။ ယင်းသံဂါယနာတင်ပွဲကြီး၌ ဗုဒ္ဓ၏အနီးနေသာဝက အရှင်အာနန္ဒာနှင့် အရှင်ဥပါလိတို့မှာ အဓိက ဦးဆောင်ပါဝင်သူများ ဖြစ်ကြသည်[၁]။

ရာစုနှစ် တစ်ခုခန့်အကြာ ဘီစီလေးရာစု ပါဋ္ဌလိပုတ်ဘုရင် ကာလာသောကမင်းလက်ထက် ဝေသာလီမြို့ မဟာဝုန်ကျောင်းတိုက်နေ မျိုးရိုးကိုအကြောင်းပြု၍ မှည့်ခေါ်မှုအရ ဝဇ္ဇီဟုတွင်သည့် ရဟန်းအုပ်စု

[၁] ဝိ-ဋ္ဌ ၁၊ ၄။ မဟာဝံသ၊ အခန်း ၃။



သည် ခြိုးခြံစွာကျင့်ကြံသည့် မထေရ်ကြီးများအား စိတ်မချမ်းမြေ့ ဖြစ်စေသည့် သုံးစွဲမှုအသစ် ဆယ်မျိုးကို ပြုလုပ်ကြသည်[၁]။ ထိုအချိန်က အရှင်ယသ၊ အရှင်ရေဝတနှင့် အရှင်သဗ္ဗကာမိဟူသော သံဃနာယက မဟာထေရ်သုံးပါး၏ လမ်းညွှန်မှုဖြင့် ဝေသာလီမြို့၌ ဒုတိယသံဂါယနာတင်ပြီး ဝဇ္ဇီရဟန်းတို့ ပြုလုပ်သည့် ဆယ်ချက်ကို မှားယွင်းဖောက်ပြန်ကြောင်း ပြင်ဆင်ခဲ့ကြသည်။ ဗုဒ္ဓရှင်တော်မြတ်၏ မှန်ကန်စင်ကြယ်သည့် ဓမ္မသည် တစ်စုံတစ်ခုသော အချိန်ထိ သန့်ရှင်းနေခဲ့သည်[၂]။

ဒုတိယသံဂါယနာပြီးနောက် ထေရဝါဒမဟုတ်ဘဲ မှားယွင်းသူများအဖြစ် သတ်မှတ်ခံရသော ရဟန်းအုပ်စုသည် အခြားတစ်နေရာတွင် စုရုံးကြပြီး စင်ပြိုင်သံဂါယနာတင်လျက် ထေရိယဂိုဏ်းနှင့် ခြားနားသော မဟာသံဃိက (သို့မဟုတ် မဟာသံဂီတိ)အမည်ဖြင့် ဂိုဏ်း တစ်ခု တည်ထောင်ကြသည်။ နောက်ရာစုနှစ်များအတွင်း ထေရဝါဒဂိုဏ်းကွဲ အမျိုးမျိုးနှင့်အတူ ဂိုဏ်းကြီး ဆယ့်ရှစ်ဂိုဏ်း ပေါ်ပေါက်ခဲ့သည်[၃]။

ဘီစီ လေးရာစု ကုန်ခါနီးတွင် စန္ဒဂုတ္တမောရိယမင်းသည် ခန့်မှန်းခြေ အာဖဂန်နစ္စတန်မှ မိုင်ဆို (Mysore)နယ်ထိ နိုင်ငံကို ချဲ့ထွင်လျက် ကြီးမားပြီး တန်ခိုးထန်သည့် အင်ပါယာကို တည်ထောင်သည်။ ယနေ့ခေတ် အိန္ဒိယအပြင်ဘက်နှင့် ပါကိစ္စတန် အနောက်ဖျားဒေသထိ နယ်ပယ်များသည် စန္ဒဂုတ္တမင်း၏ အင်ပါယာ အောက်တွင် ရှိခဲ့သည်[၄]။

စန္ဒဂုတ္တမင်း၏သား ဗိန္ဒုသာရသည် ဖခင်၏ အင်ပါယာကို ထိန်းထားနိုင်ရုံမက တောင်ပိုင်းဒေသသို့ပင် ချဲ့ထွင်ခဲ့ဖွယ်ရှိသည်။ ဘီစီ ၂၇၄ ခန့်တွင် ဗိန္ဒုသာရ၏သား အသောကသည် စွမ်းရည်နှင့်ပြည့်စုံသည့် **ကောဋိလျစာဏကျ**ကဲ့သို့သော နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်များ၏ လိမ္မာကျွမ်းကျင်သည့် လမ်းညွှန်မှုဖြင့် ဧကရာဇ်ဘုရင်ကြီး နှစ်ပါးတည်ထောင်ခဲ့သော အင်ပါယာကြီးကို ဆက်ခံသည်။ ဘုရင်အသောက၏ အင်ပါယာ အတိုင်းအဆကို မင်းကြီးကိုယ်တိုင် ထုတ်ပြန်ခဲ့သည့်

[၁] ဝိ ၄၊ ၄၉၁။
[၂] ဝိ-ဋ္ဌ ၁၊ ၂၇။ မဟာဝံသ၊ အခန်း ၄။
[၃] မဟာဝံသ၊ အခန်း ၅၊ ၁-၅ ဂါထာ။ နိကာယသင်္ဂဟ၊ စာ ၅-၆။
[၄] Mookerji's *Asoka*, p. 12.

လာပြီးနောက်မှသာ ဗုဒ္ဓဝါဒအပေါ် နှစ်နှစ်ကာကာ သက်ဝင်လာပြီး မင်းကြီးကိုယ်တိုင် လိုက်နာကျင့်သုံးမှုများ ပြုခဲ့သည်။ မဟာဝံသကျမ်း[၁] ၌ ဘုရင်အသောကသည် စောစောပိုင်းကာလများ၌ ၎င်း၏ ရက်စက်ကြမ်းတမ်းမှုကြောင့် စဏ္ဍာသောက(လူကြမ်းအသောက)ဟု ထင်ရှားခဲ့သော်လည်း တရားဓမ္မနှင့် မွေ့လျော်သူ ဖြစ်လာပြီးနောက် ဓမ္မာသောကဟု ထင်ရှားလာကြောင်း ဖော်ပြသည်[၂]။

---

သဒ္ဒိ ဝသနကပုရိသော။ ဝိ-၄ ၃၊ ၃၅၁) PTS ပါဠိအဘိဓာန်ကျမ်း၌လည်း ဘိက္ခုဂတိက (-ဂတိက တည်ပုဒ်အောက်တွင် ကြည့်ပါ) ပုဒ်ကို တွေ့ရသည်မှာ ပါဠိပျက် အဋ္ဌကထာစာမူမှ ရယူထားခြင်း ဖြစ်ဖွယ်ရှိသည်။ အတွေ့အကြုံနုသူ တစ်ယောက်အဖို့ ဖတ်ရခက်သည့် သီဟိုဠ်အရေး 'ဘ'ကို 'ဂ'အဖြစ် လွယ်လွယ်ပင် မှားယွင်းနိုင်သည်။

ဘုရင်အသောက၏ ရဟန်းသံဃာတော်များနှင့် နီးကပ်စွာဆက်ဆံမှုသည် သံဃာတော်များနှင့် ရင်းနှီးကျွမ်းဝင်မှု သို့မဟုတ် နက်နဲသည့် ဓမ္မအလင်းကို ရရှိရန်အတွက် တစ်ခုတစ်ခုသော အချိန်ပိုင်းထိ သံဃာတော်များနှင့် အတူ ဘုန်းကြီးကျောင်းတိုက်တစ်ခု၌ အတူတကွနေထိုင်ခြင်းများ ရှိနိုင်သည်။ နိကာယသင်္ဂဟကျမ်း (သီဟိုဠ်ဘာသာကျမ်း၊ စာ-၇) ၌ အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ ကျောင်းတိုက်၌ ဘာသာဝါဒအမျိုးမျိုးကို လေ့လာရန် ခုနစ်ရက် နေထိုင်ခဲ့ကြောင်း ဖော်ပြသည်။ ဤ၌ ဘုရင်အသောကကို အတုယူရန် ကြိုးစားခဲ့ပြီး ထို့ကြောင့်ပင် တရုတ်အသောကမင်းဟု ယေဘုယျအားဖြင့် သတ်မှတ်ခံရလျက် ကျောင်းတိုက်တစ်ခု၌ ရဟန်းတော်များနှင့် အတူ နေထိုင်ခဲ့သူ အေဒီ ၅ ရာစု တရုတ် ဧကရာဇ် လီယန် ဦထည် (Lian-u-thi, 5th century A.D.) အကြောင်းမှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။

[၁] မဟာဝံသ ၅၊ ၁၈၉ ဂါထာ။

[၂] မူကာဂျီ(Mookerji)က ယင်းဒဏ္ဍာရီ ဖော်ပြချက်များမှာ သတ္တုကြမ်းကို ရွှေအဖြစ်သို့ ပြောင်းလဲပစ်သည့် ဘာသာတရားကို အမွှမ်းတင်ခြင်း ဖြစ်ကြောင်း ယူဆသည် (*Asoka*, p. 5)။ အမှန်သော် ကျောက်စာအမှတ် ၁၃ ၌ ကလိင်္ဂစစ်ပွဲအတွင်း မင်းကြီး၏ ရက်စက်ကြမ်းကြုတ်မှုအတွက် နောင်တပူပန်မှု စိတ်မချမ်းမြေ့မှုနှင့် ပတ်သက်သည့် ခိုင်လုံသည့်မှတ်ချက် ပါရှိပြီးဖြစ်သည်။ ယင်းကျောက်စာ၌ မင်းကြီးသည် ထိုအချိန်က စဏ္ဍ 'ကြမ်းတမ်းသူ' တစ်ယောက် ဖြစ်ကြောင်း ဖော်ပြသည်။ မူကာဂျီ၏ 'အသောက' စာအုပ် စာမျက်နှာ ၁၆၅ အောက်ခြေမှတ်ချက် အမှတ် ၆ ကိုလည်း ရှုပါ။



အနက် ထိုခေတ်က အထင်ရှားဆုံးမှာ အသောကမင်းကြီး ကိုယ်တိုင် ကျောက်ထွင်းဂူများ လှူဒါန်းခဲ့ဖူးသည့် နိဂဏ္ဌများနှင့် အာဇီဝကများ ဖြစ်ကြသည်။ ကျောက်စာအမှတ် ၉ ၌ ဖော်ပြသည့်အတိုင်း ထိုအချိန်က လူကြိုက်များသော ဘာသာတရား၌ အနှစ်မဲ့ ပွဲလမ်းသဘင်များနှင့် အယူသည်းမှုများ ပြည့်နေပုံရသည်။ မိသားစုဘဝ အတွေးအမြင်မှာ အဆင့်အတန်း မြင့်ပုံရသည်။ တိရစ္ဆာန်တို့၏ ကြင်နာစွာ ပြုမူရန် တောင်းဆိုမှုကိုပင် အသိအမှတ်ပြုသည်။ သမဏဗြာဟ္မဏများနှင့် အခြား ရသေ့ရဟန်းများကို ထောက်ပံ့ရန်မှာ အိမ်ရာတည်ထောင်သူများ၏ တာဝန်ဖြစ်သည်။ အမျိုးသမီးများ၏ ကောင်းကျိုးနှင့် အဆင့်မြင့်ရေးကို အထူးအလေးပေးသည်။ အမျိုးသမီးအရေးနှင့် ပတ်သက်၍ တာဝန်ယူရသည့် **သတြီအဇ္ဈကမဟာမတ္တ**ခေါ် ဝန်ကြီးများရှိသည်[၁]။

ပညာရေးဘဝသည် ဘုရားကျောင်းများ၌ အဓိကအားဖြင့် ဗဟိုပြုသည်။ သို့တစေ ပညာသင်ကြားခြင်းနှင့် ယဉ်ကျေးမှုသည် လူထုအကြားမှာပင် ခွဲခြားမှု ရှိပုံရသည်။ လူထုအများ ဖတ်ရှုနားလည်လိမ့်မည်ဟု ယူဆပြီး အသောကကျောက်စာများကို သက္ကတဘာသာဖြင့် မရေးဘဲ အရပ်သုံးဘာသာစကားဖြင့် ရေးသားထားခြင်းသည် သာမန်လူတန်းစား လူထုအတွင်း စာပေဖတ်ရှုနိုင်သူ ဦးရေများပြားကြောင်း ညွှန်ပြသည်။ ဗင်ဆင် အေ ဆမစ် (Vincent A. Smith)က 'အသောကခေတ် ဗုဒ္ဓဘာသာဝင် လူထုအကြား စာပေဖတ်ရှုတတ်မှု ရာနှုန်းမှာ လက်ရှိ ဗြိတိသျှအုပ်ချုပ်ခံ အိန္ဒိယနိုင်ငံဒေသအများရှိ လူဦးရေထက် ပိုများနိုင်မည်ဟု ကျွန်ုပ်ထင်၏'ဟု ဆိုခဲ့သည်[၂]။

အသောကခေတ်က အိန္ဒိယတွင် ပါဋလိပုတ္တနှင့် ဝေဒိသာကဲ့သို့သော မြို့ကြီးများစွာရှိသည်။ စန္ဒဂုတ္တဘုရင့်တရားရုံးသို့ ရောက်လာသူ ဗိုလ်ချုပ် ဆဲလျူကပ်စ် (Seleucus)၏ ဂရိသံတမန် မေဂါစသင်းနက်စ် (Megasthenes)က ပါဋလိပုတ်မြို့တော်ကို မျှော်စင် ၅၇၀ နှင့် ဂိတ်ပေါင်းများစွာရှိသည့် မြို့ရိုးတံတိုင်းဖြင့် ကာရံထားကြောင်း ဖော်ပြခဲ့သည်။ မြို့တော်တစ်လျှောက်တွင် ပေ ၆၀၀ ကျယ်ပြီး လက်လံ ၃၀

---

[၁] အသောက ကျောက်စာအမှတ် ၁၁။

[၂] Mookerji's *Asoka*, p. 35.

နက်သော ကျုံးရှိသည်[၁]။ ကက်ရှ်မီးယားရှိ ရှရီနာဂါမြို့နှင့် နီပေါရှိ မြို့တော်များမှာ အသောကကိုယ်တိုင် တည်ဆောက်ခဲ့သည်ဟု ယူဆရသည်။ နိုင်ငံတော် တစ်လွှား၌ ပါဠလိပုတ်ရှိ အသောကာရုံ ကျောင်းတိုက်ကဲ့သို့သော ဘုန်းကြီးကျောင်းတိုက်ကြီးများနှင့် ဆန်ချီနှင့် ဘာရဟုတ အရပ်များမှာကဲ့သို့ စေတီပုထိုးများဖြင့် ပြည့်နေသည်။ 'ဗုဒ္ဓဝါဒနှင့်ပတ်သက်သမျှအနက် ဓာတ်တော်စေတီအား ပူဇော်မှုကို အမှန်ပင် အသောကမင်းက အစပြုခဲ့သည်'[၂]။

အသောကမင်းသည် ဗုဒ္ဓဝါဒီအဖြစ် မွေးခဲ့သူမဟုတ်ပေ။ ၎င်း၏ဖခင်နှင့် ဘိုးတော်တို့၏ ဘာသာတရားနှင့် ပတ်သက်၍ အတော်အတန် သေချာမှု မရှိသော်လည်း ၎င်းတို့ ဗုဒ္ဓဝါဒီ မဟုတ်ကြသည်မှာ သေချာသည်။ အခြားမည်သည့် နေရာတွင်မှ ထောက်ခံခြင်း၊ ဆန့်ကျင်ခြင်းမရှိသော ဂျိန်းဝါဒအစဉ်အလာ တစ်ခုအရ အသောက၏ ဘိုးတော် စန္ဒဂုတ္တမင်းသည် ဂျိန်းဝါဒီ ဖြစ်ကြောင်းနှင့် ဘဝသက်တမ်းကုန်ဆုံးသည်ထိ ဘဝနောက်ဆုံး နေ့ရက်များကို ရဟန်းဝတ်ဖြင့် နေထိုင်ရန် ထီးနန်းကို စွန့်ခဲ့ကြောင်းဆိုသည်[၃]။ **ဒိဗျာဝဒါန**ကျမ်းတွင် ခမည်းတော် ဗိန္ဒုသာရမင်းသည် အသောကမင်း ထီးနန်းကိုဆက်ခံမှုနှင့်ပတ်သက်၍ မေးမြန်းလိုသဖြင့် ပိင်္ဂလဝဿ (Pingalavatsa) အမည်ရသည့် အာဇီဝကကို ထီးနန်းသို့ ပင့်ဖိတ်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်[၄]။ မဟာဝံသဋီကာကျမ်း[၅]၌ သီဟိုဠ်ဘာသာ မဇ္ဈိမနိကာယအဋ္ဌကထာကျမ်းကို ကိုးကားလျက် ဇနသာနအမည်ရသည့် အာဇီဝက ရဟန်းသည် ဘုရင်ဗိန္ဒုသာရမိသားစု ကိုးကွယ်ခံ ပုဂ္ဂိုလ်ဖြစ်ပြီး ၎င်းသည် အဝတ်မစည်းသည့် ဘုန်းကြီးဖြစ်ကြောင်း ဖော်ပြသည်။ ဤဖော်ပြချက်မှ **ဇနသာန** အာဇီဝက ရဟန်းသည် ဒိဂမ္ဗရ (Digambara)

---

[၁] *Cambridge Shorter History of India*, I. p. 21.

[၂] Sir John Marshall: *The Moauments of Sanchi,* I. p. 21.

[၃] *Cambridge Shorter History of India*, I. p. 34.

[၄] Mookerji; *op. cit*, p. 3, 5.

[၅] မဟာဝံသဋီကာ၊ ၁၉၂-၃။ (သို့သော် ဤအကြောင်းအရာကို အရှင်မဟာဗုဒ္ဓဃောသ၏ မဇ္ဈိမနိကာယအဋ္ဌကထာ၌ မဖော်ပြပေ။ ဘာသာပြန်သူ)



ဂိုဏ်းဝင် ဂျိန်းဘုန်းကြီးဖြစ်ကြောင်း နားလည်ရသည်။ မဟာဝံသဋီကာကျမ်း[၁]၌ ဇနသာနအမည်ကိုပင် နောက်ဖော်ပြချက်တစ်ရပ် တွေ့ရသေးသည်။ ယင်းဖော်ပြချက်၌ ဇနသာနသည် ဗိန္ဒုသာရဘုရင့် မိဖုရား၏ မိတ်ဆွေနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်ကြောင်း ဆိုသည်။ သမန္တပါသာဒိကာ[၂]နှင့် မဟာဝံသ[၃]နှစ်ကျမ်းလုံး၌ ဗိန္ဒုသာရသည် ဗြာဟ္မဏဝါဒီ ဖြစ်ကြောင်း၊ ဗြာဟ္မဏဝါဒီ ဂိုဏ်းအမျိုးမျိုးမှ ရဟန်းများကို ဆည်းကပ်ကြောင်း၊ ဘုရင်အသောကသည် သုံးနှစ်ပတ်လုံး ၎င်းဖခင်၏ အယူဝါဒကို လိုက်နာကျင့်သုံးခဲ့ပြီး အဘိသိက်ခံပြီးနောက် လေးနှစ်မြောက်တွင် ဗုဒ္ဓဝါဒီဖြစ်လာကြောင်း တူညီစွာ ဆိုကြသည်။ အသောကအနေဖြင့် ဂူအချို့ကို အာဇီဝကများအား လှူဒါန်းခဲ့သည်ကို ထောက်၍ ၎င်းအနေဖြင့် မိမိကိုယ်တိုင် အချိန်ကာလ တစ်ခုအထိ ကိုးကွယ်ခဲ့ပြီး မျိုးရိုးစဉ်ဆက် ကိုးကွယ်ခဲ့သည့် အာဇီဝက ရဟန်းများအား ပူဇော်မှုပြုခဲ့ကြောင်း ညွှန်ပြသည်[၄]။

ဘုရင်အသောကသည် ဘိသိက်ခံပြီးနောက် နှစ်အနည်းငယ် အကြာတွင် ဗုဒ္ဓဝါဒီ ဥပါသကာဖြစ်လာသည်။ သို့တစေ နှစ်နှစ် သုံးနှစ်ခန့်ထိ မိမိ၏ ဘာသာတရားအသစ်နှင့် ပတ်သက်ပြီး ကွဲကွဲပြားပြား မရှိသေးချေ။ ဗုဒ္ဓဝါဒီ ရဟန်းသံဃာတော်များ[၅]နှင့် နီးကပ်စွာ ဆက်ဆံ

---

[၁] မဟာဝံသဋီ၊ ၁၉၀။ [၂] ဝိ-၌ ၁၊ ၄၄။

[၃] မဟာဝံသ ၅၊ ၃၄။

[၄] ဗာရာဗာရ တောင်ကုန်းရှိ နိဂြောဓနှင့် ခါလတိက ကျောက်ထွင်းဂူများ။

[၅] ဗြဟ္မဂိရိအရပ်ရှိ ကျောက်စာအမှတ် ၁ တွင် 'သံဃေ ဥပယီတေ' ဟူသော စာတစ်ကြောင်း ပါရှိသည်။ 'ရဟန်းသံဃာတော်များထံ အဖူးမြော် သွားသည်' ဟု ယေဘုယျအားဖြင့် ဘာသာပြန်ဆိုနိုင်သည်။ ပညာရှင်အချို့က အသောကမင်းကြီးသည် အမှန်ပင် ဗုဒ္ဓဝါဒီရဟန်းပြုသွားကြောင်း ဆိုလိုသည်ဟု ယင်းဝါကျကို အဓိပ္ပာယ် ကောက်ယူကြသည်။ ပညာရှင် မူကာဂျီ(Mookerji)ကမူ ဘိက္ခုဂတိက အဆင့်ကို ညွှန်ပြခြင်း ဖြစ်နိုင်သည်ဟု ကြံခဲ့သည်။ ပညာရှင် ဗရူးဝါ (Barua)၏ (*Inscriptions of Asoka*, II, p. 334)ပါ မှတ်ချက်ကိုလည်း ရှုပါ။ အမှတ်စင်စစ် ဘိက္ခုဂတိက မဟုတ်ဘဲ ဘိက္ခုဘတိက 'ရဟန်းသံဃာကို ဆည်းကပ်သူ' (ဒီ ၂၊ ၁၇၆။ ဒီ-၌ ၄၊ ၇၁၇ ကို ရှုပါ)ဟု ဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃောသ အလိုအရ ဘိက္ခုဘတိကဟူသည် 'ဘုန်းကြီးကျောင်း တစ်ခု၌ ရဟန်းတော်များနှင့်အတူ နေထိုင်သူ'ဟု ဆိုလိုသည် (**ဘိက္ခုဘတိကောတိ** ဧကသ္မိံ ဝိဟာရေ ဘိက္ခူဟိ

များကို နာယူရမည်၊ နာယူရန် ဆန္ဒရှိနေရမည်ဟု နားလည်ခြင်းဖြင့် သင့်မြတ် ညီညွတ်ခြင်းသည် ချီးမွမ်းထိုက်၏' ဟု ကြေညာခဲ့သည်။

ခြားနားခြင်းမရှိဘဲ သမဏ ဗြာဟ္မဏတို့၏ လွတ်လပ်မှုကို ပါဠိတော်ကျမ်းဂန်များ၌ အလေးထား ဖော်ပြသကဲ့သို့ မင်းကြီး၏ ကျောက်စာများ၌လည်း ပြည်သူ့ ဝတ္တရားအဖြစ် အထူးပြု ဖော်ပြခဲ့သည်။

ဘာသာအယူဝါဒ မြောက်မြားစွာ တည်ရှိနေသည့် အင်ပါယာကြီးကို အုပ်ချုပ်ပြီး နှလုံးစိတ်ဝမ်း ကြီးမြတ်သူ ဘုရင်အသောကသည် ဘာသာတရားမျိုးစုံကို ကိုးကွယ်ကြသည့် မိမိ၏ တိုင်းသူပြည်သားအားလုံးကို ပြောဆို တောင်းပန်ရမည့် ကိုယ်ကျင့်တရား စနစ်တစ်ခုကို ပြောင်းလဲရေးနှင့် ပတ်သက်၍ စိတ်မချမ်းမြေ့ ဖြစ်ခဲ့သည်။ သို့ဖြစ်၍ မင်းကြီးသည် ၎င်း၏ ကျောက်စာများတွင် မကြာမခဏ သုံးနှုန်းခဲ့သည့် 'ဓမ္မ'ဟူသော စကားလုံးကို 'လူကြီးမိဘ ဆရာသမားတို့အား လေးစားခြင်း၊ ရသေ့ရဟန်း သမဏဗြာဟ္မဏ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်း ကျေးကျွန် မှီခိုသူ ဆင်းရဲဒုက္ခရောက်နေသူများအား သင့်တင့်စွာ ကျွေးမွေး စောင့်ရှောက်ခြင်း၊ သက်ရှိများအား သတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်း၊ ကြင်နာခြင်း၊ သစ္စာစောင့်သိခြင်း၊ အတွင်းအပြင် စင်ကြယ်ခြင်း၊ သိမ်မွေ့ခြင်း၊ သူတော်ကောင်းပီသခြင်း၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ ကိုယ်ကျင့်သီလ စင်ကြယ်မှုအပေါ် ခိုင်မာသည့် စိတ်ဆန္ဒနှင့် အကျိုးမဲ့ မဖြုန်းတီးဘဲ စုဆောင်း ချွေတာခြင်း'အထိ အဓိပ္ပာယ်များဖြင့် ကိုယ်စားပြု ဖွင့်ဆိုခဲ့သည်။ ဓမ္မဟူသော စကားလုံးအောက်၌ အသောကမင်းကြီး အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့် ယင်းကိုယ်ကျင့်တရားရေးရာ စည်းမျဉ်းများအား ဂိုဏ်းဂဏ အုပ်စုအမျိုးမျိုးကို လိုက်နာကျင့်သုံးသူများ၊ ရသေ့ရဟန်းများနှင့် အိမ်နေလူများ၊ မင်းကြီး၏ အင်ပါယာ အတွင်းအပြင်မှ လူထု၊ လူရိုင်းများနှင့် ယဉ်ကျေးပြီး နိုင်ငံများ၊ အိန္ဒိယနိုင်ငံသားနှင့် အိန္ဒိယနိုင်ငံသား မဟုတ်သူများ အားလုံးက လက်ခံနိုင်သည်။ ယင်းသို့ဖြင့် ဘုရင်အသောကသည် အများဆိုင် ဘာသာတရား တစ်ခုကို တည်ထောင်ရန် ကြိုးပမ်းခဲ့ပြီး ယင်း၏ ကြိုးပမ်းချက်သည် သမိုင်းတွင် ပထမဆုံး ဖြစ်ဖွယ်ရှိသည်။



ကလိင်္ဂစစ်ပွဲအတွင်း ထိတ်ရှဲ့ဖွယ် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခြင်းနှင့် လူအမြောက်အမြား ဆင်းရဲ ဒုက္ခရောက်ရမှုကို ကိုယ်တိုင်တွေ့မြင်ရသဖြင့် ဘိက်သိက်ခံပြီးနောက် ရှစ်နှစ်မြောက်တွင်[၁] သံဃာတော်များ၏ ကောင်းသော လမ်းညွှန်မှုမှတစ်ဆင့် အသောကမင်းကြီးသည် ပြောင်းလဲသွားသည်။ ယင်းသည် မင်းကြီး၏ ဘဝတစ်ချိုးကွေ့ဖြစ်သည်။ 'မင်းကြီး၏ ဓမ္မကို စောင့်ထိန်းမှု၊ ဓမ္မကို ချစ်မြတ်နိုးမှုနှင့် ဓမ္မကို ဟောကြားမှုများသည် ကျယ်ပြန့်လာခဲ့၏'[၂]။ မင်းကြီးသည် နောက်ထပ် အောင်မြင်မှုများအတွက် သန်လျက်ဓားကို ဆွဲမထုတ်တော့ဘဲ သိမ်းဆည်းခဲ့ပြီး ထိုအချိန်မှစပြီး **ဓမ္မဝိဇယ** ဟုခေါ်သည့် ကိုယ်ကျင့်တရားနှင့် စိတ်ပိုင်းဘဝ အောင်မြင်မှုအတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့၏။ ယင်းသည် မင်းကြီးအား ကြီးမြတ်သော အောင်မြင်သူအဖြစ် ယူဆခြင်း ခံရစေ၏'[၃]။

ဘာဗြုကျောက်စာ (Bhābru Edict) နှင့် မိဂဒါဝုန်၊ ကောသမ္ဗီနှင့် ဆန်ချီအရပ်တို့၌ တွေ့ရသည့် ကျောက်စာတိုင်တို့၌ ဖော်ပြချက်အရ ယခုအချိန်တွင် ဗုဒ္ဓဝါဒသည် ဘုရင်အသောက၏ အဓိကကိစ္စ ဖြစ်လာသည်။ အသောကသည် ဗုဒ္ဓဝါဒကို အိန္ဒိယ၏ နိုင်ငံတော်ဘာသာဖြစ်စေသည့် ပထမဆုံးသော ဘုရင်ဖြစ်သည်။ အသောကထံမှ ဗုဒ္ဓဝါဒကို ရရှိခဲ့သည့် သီရိလင်္ကာနိုင်ငံသည် ယင်း ဗုဒ္ဓဝါဒအစဉ်အလာကို သီဟိုဠ် နောက်ဆုံးဘုရင်များ လက်ထက်တိုင် လိုက်နာ ကျင့်သုံးခဲ့သည်။ ရဟန်းသံဃာတော်များကို ရည်ညွှန်းသည့် ဘာဗြု ကျောက်စာ၌ ဘုရင်အသောကသည် ဘိက္ခုများ၊ ဘိက္ခုနီများနှင့် ဥပါသကာ ဥပါသိကာများအား ပိဋကတ်ပါဠိတော်များမှ ထုတ်နုတ်ထားသည့် သုတ္တန်ခုနစ်ခုကို မကြာခဏ ကြားနာဆင်ခြင်ရန် တိုက်တွန်းထားသည်။ မိဂဒါဝုန်၊ ကောသမ္ဗီနှင့် ဆန်ချီ ကျောက်စာတိုင်များ၌ သံဃာသင်းကွဲမှုကို ဖြစ်ပေါ်စေသည့် မည်သည့် ဘိက္ခု ဘိက္ခုနီ မဆိုကို လူဝတ်လဲရမည်ဖြစ်ပြီး ဘုန်းကြီးကျောင်းများ၌ နေထိုင်ခွင့် မပြုရန် အမိန့်ထုတ်

---

[၁] ကျောက်စာအမှတ် ၁၃။
[၂] ကျောက်စာအမှတ် ၁၃။
[၃] ကျောက်စာအမှတ် ၁၃။

ပြန်ထားသည်။ ယင်းသို့ဖြင့် မင်းကြီးသည် ဗုဒ္ဓဝါဒ၏ လောကီရေး ဦးဆောင်မှုကို လက်ခံလျက် ဗုဒ္ဓဝါဒ ကောင်းကျိုးအတွက် သက်ဝင်လှုပ်ရှားသည့် စိတ်ဝင်စားမှုကို ရယူခဲ့သည်။

အသောကမင်းတရား၏ ယုံကြည်မှုအသစ်သည် ၎င်း၏ဘဝတစ်ခုလုံးနှင့် အကျင့်စရိုက်ကိုပါ ပြောင်းလဲပစ်ပုံရသည်။ ၎င်း၏ စိတ်ပိုင်းဘဝ ယုံကြည်မှုအသစ်နှင့် ဆန့်ကျင်သည့် ထိုအချိန်က လိုက်နာဆဲထုံးစံနှင့် ဘုရင်မင်းတို့ဆိုင်ရာ ညွှန်ကြားချက် အများစုကို ဖျက်ပစ်ပြီး အခြားတစ်ပါးနှင့် အစားထိုးခဲ့သည်။ မင်းကြီး၏ ယုံကြည်မှု အသစ်က ပြုပြင်လိုက်သည့် နှလုံးသား အပြောင်းအလဲသည် မင်းကြီး၏ ပုဂ္ဂိုလ်ရေးဘဝကိုသာမက ပြည်သူ့ရေးရာ ပေါ်လစီနှင့် အုပ်ချုပ်ရေးကဏ္ဍကိုပါ သက်ရောက်စေခဲ့သည်။ မင်းကြီး၏ နောက်ဆုံး နိုင်ငံရေးစွန့်စားမှုဖြစ်သည့် ကလိင်္ဂစစ်ပွဲပြီးနောက် မင်းကြီးသည် စစ်ပွဲကို လုံးဝစွန့်လိုက်သည်။ ကျောက်စာအမှတ် ၁၃ ၌ 'အကယ်၍ တစ်စုံတစ်ယောက်သည် မင်းကြီးအား အပြုသဘောဆောင်သည့် နာကျင်စေမှုတစ်ခုကို ပြုဘိမူ မင်းကြီးသည် ထိုပုဂ္ဂိုလ်အား ဖြစ်နိုင်သမျှ ခွင့်လွှတ်မှုကို ထိုက်တန်သူအဖြစ် ယူဆလိမ့်မည်'ဟု ဆိုသည်။ မိမိ၏ နိုင်ငံနယ်ပယ်နှင့် ဆက်စပ်နေသည့် တိုင်းနိုင်ငံများနှင့်ပတ်သက်၍ မင်းကြီးက ကလိင်္ဂကျောက်စာအမှတ် ၂ တွင် 'မင်းကြီးသည် လူအပေါင်းက မင်းကြီးကို မကြောက်ရွံ့ကြစေရန်၊ ယုံကြည်ကြစေရန်၊ မင်းကြီးထံမှ ပျော်ရွှင်မှုကို ရရှိကြပြီး သောကပူပန်မှုကို မရရှိကြစေရန် အလိုရှိ၏'ဟု ဆိုသည်။ မင်းကြီးသည် ကျောက်စာအမှတ် ၉ ၌ 'မင်းမြတ်မဟာ၏ ကိုယ်ကျင့်သီလကို ကျင့်သုံးမှု ရလာဒ်အဖြစ် စစ်စည်ရွှမ်းသံသည် (စစ်သည်များကို မဟုတ်ဘဲ) ဓမ္မကို ဖိတ်ခေါ်ခြင်း ဖြစ်လာ၏' ဟု ဆိုသည်။

ဘုရင်အသောက၏ ဗုဒ္ဓဝါဒအပေါ် တက်ကြွစွာ စိတ်ဝင်စားမှုနှင့် နက်ရှိုင်းစွာ ကြည်ညိုမှုသည် အခြားဘာသာတရားများအား သေးသိမ်သွားအောင် မဖြစ်စေခဲ့ပေ။ ထိုနှင့် ဆန့်ကျင်လျက် မင်းကြီးအနေဖြင့် ဘာသာတရား အားလုံးအပေါ် ပူဇော်သကာပြုခဲ့ပြီး ပစ္စည်းဝတ္ထုများဖြင့် ထောက်ပံ့မှုများကိုသာ ပြုလုပ်ခဲ့သည်။

ဘာသာတရားနှင့် ပတ်သက်သည့် သည်းခံမှုစိတ်ဓာတ်ကို ဗုဒ္ဓကိုယ်တိုင် တပည့်သာဝကများအား ဟောကြားခဲ့ပြီးဖြစ်သည်။ မဇ္ဈိမ



နိကာယ်၊ ဥပါလိသုတ်တွင် နာလန္ဒာမြို့နေ အထင်ကရလူချမ်းသာ နိဂဏ္ဌနာဋပုတ္တ (ဇိနမဟာဝီရ)၏ တပည့်ဖြစ်သူ ဥပါလိသည် ဗုဒ္ဓ၏ တပည့်သာဝက ဖြစ်လိုကြောင်း မြတ်ဗုဒ္ဓအား လျှောက်ထားသည်ကို မှတ်တမ်းတင်ထားသည်။ ဗုဒ္ဓရှင်တော်မြတ်က ဥပါလိအား ဗုဒ္ဓဝါဒီဥပါသကာ ဖြစ်လာပြီးနောက်မှပင် နိဂဏ္ဌတို့အား လိုအပ်သည်များဖြင့် ထောက်ပံ့မှုကို ဆက်လက်ပြုလုပ်ရန် တိုက်တွန်းတော်မူသည်။ ဘုရင်အသောကသည် ဘာသာရေးနှင့် ပတ်သက်သည့် အလားတူ သည်းခံနားလည်မှုမျိုးကို နက်ရှိုင်းစွာ ခံယူထားသည်မှာ သေချာသည်။

ကျောက်စာတိုင်အမှတ် ၆ တွင် မင်းကြီးက ဤသို့ဆိုသည် 'ငါသည် ဂိုဏ်းဂဏအသီးသီးမှ ရဟန်းတော်များအား ပူဇော်ဖွယ် အမျိုးမျိုးဖြင့် ပူဇော်၏'။ တစ်ဖန်လည်း 'ဘုရင်မင်းမြတ်သည် ဒေသအားလုံးတွင် မျိုးနွယ်အသီးသီးမှ လူသားအားလုံး အတူတကွ နေထိုင်မှုကို လိုလားတော်မူ၏'[၁]။ မင်းကြီးသည် 'ဘာသာတရား အားလုံး၏ အဆုံးအမကောင်းများ တိုးတက်မှု၌ စိတ်ဝင်စားတော်မူ၏'[၂]။ ဘုရင် အသောကသည် ဘာသာရေးဂိုဏ်းတစ်ခုက အခြားတစ်ခုကို စော်ကားမှုကို အလိုမရှိချေ။ ကျောက်စာအမှတ် ၁၂ တွင် မင်းကြီးက 'မိမိဘာသာတရားကိုသာ ချီးမွမ်းစကားဆိုပြီး အခြားဘာသာတရားများကို ပုတ်ခတ်ကဲ့ရဲ့ခြင်း မလုပ်ရ။ . . . ယင်းသို့ မလုပ်ဘဲ အခြားဘာသာတရားများကိုလည်း အကြောင်းတစ်ခုခုဖြင့် ချီးမွမ်းစကား ဆိုရမည်။ ယင်းသို့ပြုခြင်းဖြင့် ဘာသာတရားတစ်ခုသည် ယင်း၏ တိုးတက်ပြန့်ပွားမှုကိုရော အခြားဘာသာတရား၏ ပြန့်ပွားမှုကိုပါ အထောက်အကူပြု၏။ ယင်းသို့မဟုတ်လျှင် မိမိဘာသာတရားကိုရော အခြားဘာသာတရားကိုပါ နစ်နာစေ၏။ အကြောင်းမူ မိမိဘာသာတရားအပေါ် နှစ်သက်မှုကိုသာ အကြောင်းပြု၍ မိမိဘာသာတရားကိုသာ ချီးမွမ်းဆိုပြီး အခြားဘာသာတရားကို ကဲ့ရဲ့ရှုတ်ချသူသည် ပြောင်းပြန်အားဖြင့် မိမိဘာသာတရားအား ပိုမို ထိခိုက်နစ်နာစေသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ လူအားလုံးသည် အခြားပုဂ္ဂိုလ်များ ဟောကြားသည့် တရားဓမ္မကို

[၁] ကျောက်စာအမှတ် ၇။

[၂] ကျောက်စာအမှတ် ၁၂။

ချူစ် (Antiochus)နှင့် ယင်း၏ အိမ်နီးချင်းများ အပါအဝင် နေရာတိုင်း၌ လူသားတို့အား ဆေးကုသရေးဌာနနှင့် တောရိုင်းတိရိစ္ဆာန်တို့အား ဆေးကုသရေးဌာန ဟူသော ဆေးကုသရေးဌာ နှစ်မျိုးတို့ကို တည်ဆောက်ပေး၏။ လူရောတိရိစ္ဆာန်များပါ အသုံးဝင်သည့် ဆေးဖက်ဝင်သစ်ပင်များကို မရှိသေးသည့် နေရာတိုင်း၌ အရေးတကြီး စိုက်ပျိုးစေ၏။ ဆေးဖက်ဝင် သစ်မြစ် သစ်သီးများ မရှိသေးသည့် နေရာတိုင်း၌ မှာယူ စိုက်ပျိုးစေ၏။ လမ်းဘေးများ၌ ရေတွင်း ရေကန်များ တူးဖော်စေ၏။ လူသားများရော တောရိုင်းတိရိစ္ဆာန်များပါ ချမ်းသာ ပျော်ရွှင်ရေးအတွက် သစ်ပင်များ စိုက်ပျိုးစေ၏'ဟု ဆိုသည်။

သို့ရာတွင် ပြည်တွင်းပြည်ပ ယင်းသို့သော ကြီးမားကျယ်ပြန့်သည့် လူမှုရေးကောင်းကျိုးဆောင်ရွက်မှု အားလုံးသည် ဘာသာတရားလေးစားပြီး စာရိတ္တနက်ရှိုင်းသူ အသောက၏စိတ်ကို အားရကျေနပ်မှု မဖြစ်စေနိုင်သေးပေ။ ပြုပြီးသမျှ ကောင်းကျိုး ဆောင်ရွက်မှုအားလုံးသည် မတည်မြဲဘဲ ရုပ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုသာ ဖြစ်ပြီး ယင်းလှူဒါန်းပေးကမ်းမှုများမှာ မဆိုစလောက်သာဖြစ်သည်။ မင်းကြီး အနေဖြင့် ဓမ္မဒါနနှင့်တူသော ဒါနမရှိဟု ပြင်းပြစွာ ခံစားမိခဲ့သည် (နာသတိ ဧတာရိသံ ဒါနံ ယာရိသံ ဓမ္မဒါနံ)[၁]။

သို့ဖြစ်၍ မင်းကြီးသည် ဓမ္မပြန့်ပွားရေး ရည်ရွယ်ချက်ဖြင့် ယခင်က မတည်ရှိဖူးသေးသည့် (န ဘူတပုဗ္ဗ) **'ဓမ္မမဟာမတြ'**ဟုခေါ်သည့် သာသနာပြု ဌာနသစ်တစ်ခု ဖွင့်လှစ်သည်[၂]။ ကျောက်စာအမှတ် ၅ ၌ ယင်း မဟာမတြများကို ဓမ္မတည်တံ့ ပြန့်ပွားရေးနှင့် ဘာသာတရားကို ချစ်မြတ်နိုးသူများ၏ ကောင်းကျိုးချမ်းသာရေးတို့အတွက် ဘာသာရေးဂိုဏ်းဂဏအသီးသီး၌ ခန့်ထားကြောင်း ပြဆိုသည်။ အဆိုပါ ဓမ္မမဟာမတြများကို ယောန၊ ကမ္ဗောဇ၊ ဂန္ဓာရနှင့် မင်းကြီး၏ အနောက်ဖက်

---

ကျိုးပြုလုပ်ငန်း ဖြစ်သည့် 'ဓမ္မဖြင့် အောင်နိုင်ခြင်း'၏ ရည်ရွယ်ချက်အဖြစ်သဘာဝအားဖြင့် ထင်ရှားစွာ ပေါ်လာရမည်ဖြစ်သည်' (မူကာဂျီ၊ စာ-၁၃၂၊ အောက်ခြေမှတ်ချက် ၂)။

[၁] ကျောက်စာအမှတ် ၁၁။ 'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ = အလှူအားလုံးတွင် ဓမ္မဒါနသည် အမြတ်ဆုံး ဖြစ်၏' (ဓမ္မပဒ၊ အခန်း ၂၅၊ ၂၁ ဂါထာ)။

[၂] ကျောက်စာအမှတ် ၅။



ဘုရင်အသောကသည် မိမိပြည်သူများ ကိုယ်ကျင့်တရားကောင်းမွန်တိုးတက်ရေးအတွက် နည်းမျိုးစုံကို အသုံးပြုခဲ့သည်။ ကျောက်စာတိုင် အမှတ် ၇ အရ ဘာသာတရား အဆုံးအမများကို သင်ကြားပြီးလက်တွေ့ အသုံးချမှုများကို ပြုလုပ်ခဲ့သည်။ မင်းကြီးသည် ဗုဒ္ဓဝါဒီ၊ ဂျိန်းဝါဒီ၊ အာဇီဝကနှင့် အခြားဘာသာဝါဒီများ ဖြစ်ကြသည့် ရဟန်းရှင်လူ ပြည်သူအကြား မိမိ၏ မေတ္တာရှေ့သွားပြုသည့် သင်ကြားချက်များကို ပြန့်နှံ့စေရန် **ဓမ္မမဟာမတ္တ**(ဓမ္မရေးရာဝန်ကြီး)များနှင့် ရာထူးအဆင့် အမျိုးမျိုးရှိသည့် အရာရှိများကို ခန့်ထားသည်။ ပြည်သူ အများ၏ ကိုယ်ကျင့်တရားနှင့် စာရိတ္တရေးရာ ကောင်းမွန်မှုအတွက် ရည်ရွယ်သည့် ယင်းဓမ္မမဟာမတ္တဌာနသည် အသောကမင်းကြီး၏ ကိုယ်ပိုင်ဆန်းသစ်တီထွင်မှု လုံးဝဖြစ်သည်။ မင်းကြီးသည် ရှေးခေတ်ဘုရင်မင်းများ လုပ်လေ့လုပ်ထရှိသည့် တောလိုက်ခြင်းနှင့် အပန်းဖြေခရီးထွက်ခြင်းများအစား တိုင်းသူပြည်သားများအား အကြံဉာဏ်ပေးရန်နှင့် ဗုဒ္ဓဝင်နေရာတော်များကို ဖူးမြော်ရန် ဘုရားဖူးခရီးထွက်ခြင်း (ဓမ္မ ယာတြာ)များ ပြုခဲ့သည်[၁]။ ကိုယ်တိုင် ဘုရားဖူးခရီးထွက်သည်သာမက အဆင့်မြင့်အရာရှိများအားလည်း တာဝန်တစ်ရပ်အနေဖြင့် မိမိ၏ စံနမူနာကို ယူကြ (ဘုရားဖူးခရီးထွက်)ရန် ညွှန်ကြားခဲ့သည်[၂]။ တိုင်းသူ ပြည်သားများ၏ ဘာသာတရား အသိစိတ်ဓာတ်များ ပြည့်ဝလာရန်နှင့် ကိုယ်ကျင့်ကောင်းမွန်သည့်ဘဝသို့ နိုးကြွလာစေရန် ဘုရင်အသောကသည် ဘိုးဘေးစဉ်ဆက်များကဲ့သို့ စစ်မက်ရေးရာအင်အားဖြင့် ဆောင်ရွက်ခြင်းအစား ဆင်ပြောင်ကသည့် နတ်ရထားများ၌ နတ်သား နတ်သမီးရုပ်ပုံ ခင်းကျင်းပြသမှုများ၊ သရုပ်ဖော်မှုများ ပါဝင်သည့် နှစ်သက်ဖွယ် နတ်လောက သွင်ပြင်များဖြင့် ပြည်သူအပေါင်းအား ဆွဲဆောင်လျက် စည်းရုံးလှုံ့ဆော်ခဲ့သည်[၃]။ ဘာဗြုကျောက်စာ၌ ဖော်ပြချက်အရ ဗုဒ္ဓကျမ်းစာများကို ဟောကြားခြင်းကိုပင် ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များဖြင့် ဆောင်ရွက်ခဲ့ပုံရသည်။

---

[၁] ကျောက်စာအမှတ် ၈။

[၂] ကျောက်စာအမှတ် ၃။

[၃] ကျောက်စာအမှတ် ၄။

ဘုရင်အသောက၏ 'ဓမ္မနိုင်ငံတော်'သည် လူသားများအတွက်သာ ကန့်သတ်ထားခဲ့သည် မဟုတ်ချေ။ ကျောက်စာအမှတ် ၂ တွင် မင်းကြီးသည် 'လူသားအတွက် ဆေးကုသမှုဌာန၊ တောရိုင်းတိရိစ္ဆာန်များအတွက် ဆေးကုသမှုဌာန၊ ရှားပါးသည့်နေရာများ၌ လူသားများအတွက်ရော တောရိုင်းတိရိစ္ဆာန်များအတွက်ပါ ကောင်းနိုးရာရာ ဆေးဘက်ဝင်သစ်ပင်များ မှာယူစိုက်ပျိုးစေကြောင်း' ဖော်ပြသည်။ ကျောက်စာ အမှတ် ၁ ၌ 'မည်သည့် သက်ရှိသတ္တဝါကိုမျှ မသတ်ဖြတ်ရ ယဇ်မပူဇော်ရ'ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ မင်းဧကရာဇ်သည် တစ်ချိန်တည်းတွင် ဘုရင့်မီးဖိုဆောင် အသုံးပြုရန် သတ္တဝါများအား သတ်ဖြတ်ခြင်းကိုလည်း ရပ်ဆိုင်းခဲ့သည်။ အင်ပါယာ တစ်ဝန်းလုံး၌ သက်ရှိတိရိစ္ဆာန်အပေါင်း၏ အသက်ကို ကာကွယ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ကျောက်စာတိုင်အမှတ် ၅ အရ မင်းကြီးသည် အချို့သော တိရိစ္ဆာန်များအား သတ်ဖြတ်ခြင်း၊ သင်းကွပ်ခြင်း၊ သံပူကပ်၍ တံဆိပ်ခတ်နှိပ်ခြင်းနှင့် ငါးမျှားခြင်းများကို အထူးနေ့ရက်များနှင့် ဗုဒ္ဓဘာသာ ဥပုသ်နေ့များ၌ တားမြစ်ခဲ့သည်။ 'အထဲတွင် သက်ရှိများရှိနေသည့် သစ်သီးအချို့ကိုပင် မီးမရှို့ရ။ အကြောင်းမဲ့ဖြစ်စေ၊ အကြမ်းပြုမှုလို၍ ဖြစ်စေ (သက်ရှိသတ္တဝါများ အတွက်) သစ်တောများကို မီးမရှို့ရ။ သက်ရှိများသည် အခြားသက်ရှိများ၏ အစားအစာ မဖြစ်စေရ'ဟုလည်း အမိန့်ထုတ်ပြန်ခဲ့သည်။ ကျောက်စာတိုင်အမှတ် ၇ တွင် မင်းကြီးက 'လမ်းမြင့်များပေါ်၌လည်း လူသားများနှင့် ကျွဲနွားတိရိစ္ဆာန်များ အရိပ်ခိုနားနေနိုင်ရန် ပညောင်ပင်များ စိုက်ပျိုးရမည်၊ ၎င်းတို့ သက်သောင့် သက်သာဖြစ်ရေးအတွက် သရက်ဥယျာဉ်များ စိုက်ပျိုးခြင်း၊ တစ်ကောသဝက် အကွာအဝေးတိုင်း၌ ရေတွင်းရေကန်များ တူးခြင်း၊ နားနေဆောင် စရပ်တန်ဆောင်း ဆောက်လုပ်ခြင်း၊ နေရာအနှံ့တွင် ရေဖြန့်ဖြူးရေးဌာနများဖွင့်ထားခြင်းများ ပြုရမည်' ဟု ဆိုသည်။

အသောကမင်းကြီးသည် မိမိ တိုင်းသူပြည်သားများ၏ ကောင်းကျိုးကိုသာ ဆောင်ရွက်ခြင်းဖြင့် အားရကျေနပ်ခြင်း မရှိပေ။ မိမိအင်ပါယာ၏ အပြင်ဖက် အထူးသဖြင့် မိမိအုပ်ချုပ်သည့် နယ်ပယ်နှင့် ကပ်နေသည့် နိုင်ငံများသို့ အာရုံစိုက်ခဲ့သည်။ သီဟိုဠ်သို့ ရည်ညွှန်းဖွယ်ရှိသော အချက်များပါသည့် ကျောက်စာအမှတ် ၂ တွင် 'မင်းကြီး



အုပ်ချုပ်သည့် နယ်နိမိတ်အတွင်းနှင့် အစွန်အဖျားရှိ စောဠ (Cholas)၊ ပန်ချာ (Pāndyas)၊ သတိယပုတြ (Satiyaputras)၊ ကေရာလပုတြ (Keralaputras)နှင့် တမ္ဗပဏ္ဏိ[၂] (Taṃbapaṃṇ̣ī)၊ ဂရိဘုရင် အန်တီယို

[၁] အသောက ကျောက်စာပါ တမ္ဗပဏ္ဏိသည် သီဟိုဠ်ကျွန်းကို ဆိုလိုသလား သို့တည်းမဟုတ် အိန္ဒိယတောင်ပိုင်း တိန္နီ (Tinnevelly) မြစ်ဝှမ်းရှိ တာမရာပါရ်နီ (Tāmraparṇ̣ī) မြစ်ဝှမ်းဒေသလား ဆိုသည့်အချက်နှင့် ပတ်သက်၍ အယူအဆကွဲပြားလျက်ရှိသည်။ ဗရူးဝါး (Barua) ရေးသားသည့် 'အသောကကျောက်စာများ' (*Inscriptions of Asoka*) ကျမ်း၊ အပိုင်း ၂၊ စာ- ၂၃၅-၆ ၌ Taṃbapaṃṇ̣ī (တမ္ဗပဏ္ဏိ)ဟူသော ဝေါဟာရနှင့် ပတ်သက်၍ ရှည်လျားသည့် ဆွေးနွေးချက်တစ်ရပ်ပါရှိသည်။ ဗင်ဆင် အေ ဆမစ် (Vincent A. Smith)ကမူ ထိုစကားလုံးကို သီဟိုဠ်ကို ရည်ရွယ်သည်ဟု မယူဆဘဲ တိန္နီ(Tinnevelly) မြစ်ဝှမ်းရှိ တာမရာပါရ်နီ (Tāmraparṇ̣ī) မြစ်ကို ယူဆသည်။ ရေးချောင်ဓူရီ (Raychaudhuri)ကား ယင်းစကားလုံးအား သီဟိုဠ်ကျွန်းကို ရည်ရွယ်သည်ဟု ယူဆသည်။ ဂရိသံတမန် မေဂါစသင်းနစ်စ် (Megasthenes)က သီဟိုဠ်ကျွန်းအား တာပရိုဗာနီ (Taprobane = တမ္ဗပဏ္ဏိကို ဆိုလိုသည်)ဟု ရည်ညွှန်းခဲ့သည်။ ယင်းဖော်ပြချက်သည် အိန္ဒိယနိုင်ငံတွင်းမှာရော အပြင်မှာပါ အသောကခေတ် မတိုင်မီကပင် သီဟိုဠ်ကျွန်းအား ယင်း(တမ္ဗပဏ္ဏိ) အမည်ဖြင့် အများသိကြပြီဖြစ်ကြောင်း ဖော်ပြသည်။ ဗရူးဝါးသည် ယင်းဝေါဟာရ မည်သည်ကို ရည်ညွှန်းသည်ဟူသော အချက်ကို ဖော်မပြခဲ့ပေ။ ဆွေးနွေးမှု အပြီးတွင် သူက 'ပါဠိနှင့် သီဟိုဠ် ဘာသာများဖြင့် ရေးသားသည့် ဗုဒ္ဓဘာသာသမိုင်းကျမ်းများ၌ ဒေဝါနံပိယတိဿမင်း လက်ထက် ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် သီဟိုဠ်ကျွန်းသို့ အသောကမင်းကြီး စေလွှတ်လိုက်သော ဗုဒ္ဓသာသနာပြု အဖွဲ့အကြောင်းကို အတိအကျ ဖော်ပြထားသည်။ ထို့ပြင် အစဉ်အလာအရ အေဒီ ပထမရာစု အစောပိုင်းတွင် ရေးသားခဲ့သည့် 'ပရိဝါရပါဠိ' ပရိဝါပါဠိတော်၌ပင် ထိုနာမည်ကို မှတ်တမ်းတင်ထားသည်။ သို့ရာတွင် ကိုယ်ပိုင် (သမိုင်း) ခွန်အားရှိသည့် အသောကကျောက်စာများကို ဆွေးနွေးနေခြင်းဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် ယင်းသို့သော စာပေအစဉ်အလာ အဆိုကို အခြေခံအဖြစ် သီဟိုဠ်ကို မျက်နှာသာပေးသည့်အနေဖြင့် မယူဆသင့်ချေ' ဟု ဆိုသည်။ သို့တစေ မူကာဂျီကမူ အသောကကျောက်စာပါ တမ္ဗပဏ္ဏိကို သီဟိုဠ်ကျွန်းအဖြစ် အခိုင်အမာ ယူဆသည်။ ၎င်းက 'ထို့ပြင် အင်ပါယာကြီးတစ်ခုကို အုပ်ချုပ်သူတစ်ယောက်အား တိန္နီမြစ်ဝှမ်းဒေသကဲ့သို့သော နေရာငယ်ကို ၎င်း၏နိုင်ငံတော်အပြင်ဖက် ဒေသများအဖြစ် ညွှန်ပြကြောင်း စဉ်းစားရန် မမျှော်လင့်နိုင်ပါချေ။ နောက်ဆုံးတွင် မင်းကြီး၏သားတော်က ယင်းအင်ပါယာ၏ ဘာသာတရားကို ပေးအပ်ခဲ့သည့် သီဟိုဠ်သည် မင်းကြီး၏ လူသား ကောင်း

ကျိုးဆောင် လုပ်ငန်းနှင့် လူမှုရေး ကောင်းကျိုးဆောင်ရွက်မှုများ ပါဝင်သည့် အသောကမင်းကြီး၏ ဗုဒ္ဓသာသနာပြုလုပ်ရှားမှု နယ်ပယ် အတွင်း၌ ရှိနေပြီဖြစ်သည်။ အရှင်မဟိန္ဒ၏ သီဟိုဠ်ကျွန်း၌ လုပ်ဆောင်မှု အချိန်ကာလ(ဘီစီ ၂၅၂)သည် များစွာနောက်ကျသဖြင့် ယင်းလုပ်ငန်းအား အသောကကျောက်စာများ၌ ဖော်ပြရန် မဖြစ်နိုင်ချေ။ သို့တစေ အရှင်မဟိန္ဒ၏ လုပ်ငန်း အခြေခံအတွက် များစွာ ပြင်ဆင်ထားပြီး ဖြစ်သည့် သီဟိုဠ်နှင့် အသောကမင်းတရားကြီးတို့၏ ဆက်ဆံမှုများ အကြောင်းကို ပြဆိုထားသည်[၁]။

[၁] Mookerji : p. 36.

00000000



နယ်ခြားဒေသရှိ အခြားလူမျိုးများအကြား ခန့်အပ်ထားသည်။ ဓမ္မကို လိုက်နာ ကျင့်သုံးသူများ၏ ကောင်းကျိုးချမ်းသာနှင့် ဆင်းရဲမှလွတ်မြောက်ခြင်းတို့အတွက် ယင်းအမတ်များကို စစ်သားများ၊ စစ်ဗိုလ်ချုပ်များ၊ ဗြာဟ္မဏဘာသာ ဂိုဏ်းကွဲများ၊ ဂဟပတိများ၊ ခိုကိုးရာမဲ့သူများ၊ အိုမင်းမစွမ်းသူ သက်ကြီးရွယ်အိုများ၌ ခန့်အပ်ထားသည်။ ထိုအမတ်များသည် အကျဉ်းသား ဖြစ်မှုဆန့်ကျင်ရေး လုပ်ဆောင်ရန်၊ မွေးကင်းစကလေး များစွာရှိသူများ သို့မဟုတ် အသက်အရွယ်ကြောင့် ကံမကောင်း အကြောင်းမလှဘဲ ဆင်းရဲဒုက္ခရောက်နေသူများအား လွတ်လပ်ခွင့်ပေးခြင်းတို့အတွက်လည်း လုပ်ပိုင်ခွင့် အာဏာရှိသည်။

ကျောက်စာအမှတ် ၁၃ တွင် 'အဓိက အောင်မြင်မှုဟု မင်းတရားကြီးယူဆပြီး အင်ပါယာ အတွင်းအပြင်ရှိ လူအပေါင်းအား ကြိမ်ဖန်များစွာ အောင်မြင်ပြီး ဖြစ်သည့်' ဓမ္မဝိဇယခေါ် တရားဖြင့် အောင်မှုကြီး အကြောင်းကို ဖော်ပြသည်။ မင်းကြီး၏ ဓမ္မဝိဇယသည် ဆီးယားဘုရင် အန်တီ ယိုချပ်စ် (Antiochus)၊ အီဂျစ်ဘုရင် ပတိုလေမီ (Ptolemy)၊ မက်ဆီဒန် ဘုရင် အန်တီဂိုနပ်စ (Antigonus of Macedon)၊ ဆိုင်ရီနီ ဘုရင် မဂ္ဂါစ် (Magas of Eyrene)၊ အီပီရပ်စ် ဘုရင် အလက်စန္ဒာ (Alexander of Epirus) ဘုရင့်နိုင်ငံများနှင့် စောဠ၊ ပန်ဒျာ (Pandyas = ပန်ဂျပ်)မှ သည် တမ္ဗပဏ္ဏိ(သီဟိုဠ်) နိုင်ငံများအထိပင် ကျယ်ပြန့်ခဲ့သည်။ မင်းကြီးက ဆက်လက်ဖော်ပြသည် 'နေရာတိုင်း၌ လူအများသည် မင်းတရားကြီး၏ ဘာသာတရား သွန်သင်ဆုံးမမှုကို လိုက်နာ ကျင့်သုံးလျက်ရှိကြ၏။ မင်းတရားကြီး၏ သံတမန်များ သွားရောက်ခြင်းမရှိသည့် နိုင်ငံများ၌ နေထိုင်သူများပင် မင်းကြီး လေ့ကျင့်အားထုတ်မှု၊ စူးစမ်းမှုနှင့် ဓမ္မလိုက်နာကျင့်သုံးမှုများကို ကြားရခြင်း၌ ၎င်းတို့ကိုယ်တိုင် လိုက်နာကျင့်သုံးပြီး နေကြလိမ့်မည်။ ဓမ္မဖြင့် အောင်နိုင်ခြင်းသည် အရပ်ဒေသ အားလုံးကို အောင်နိုင်ခြင်းမည်၏။ တစ်ဖန် အရပ်ဒေသအားလုံးကို အောင်နိုင်ခြင်းသည် မေတ္တာခံစားမှု၏ ရလာဒ်ဖြစ်၏။ တရားသော အောင်နိုင်ခြင်းများတွင် မေတ္တာကို ရရှိ၏'။

သီဟိုဠ် ပါဠိဘာသာ အစဉ်အလာများ၌[၁] အရှင်မဟာမောဂ္ဂလိ

[၁] ဝိ-၄ ၁၊ ၃၇။ မဟာဝံသ ၅၊ ၁၉၁ ဂါထာ။

ပုတ္တတိဿမထေရ်၏ သင်ကြားချက်များကြောင့် အသောကမင်းတရားကြီးသည် ထိုမျှလောက် (လှူမှုကောင်းကျိုး၊ ဗုဒ္ဓသာသနာ့အကျိုးဆောင်ရွက်မှု) အတိုင်းအတာဖြင့် ဗုဒ္ဓသာသနာတော်နှင့် ဆွေမျိုး တော်စပ်သူအဖြစ်ဆိုနိုင်ခွင့် မရှိသေးဟုဆိုလိုသည့် ပစ္စည်းလေးပါး ထောက်ပံ့သူ 'ပစ္စယဒါယကာ'သာလျှင် ဖြစ်သေးသောကြောင့် ဗုဒ္ဓသာသနာတော်နှင့် ဆွေမျိုးတော်စပ်သူ ဗုဒ္ဓသာသနာ့အမွေခံ 'သာသနဒါယာဒ' ဖြစ်လာနိုင်ရန် သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့အား သာသနာ့ဘောင်သို့ ဝင်ရောက်စေခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ မင်းကြီး၏ သံဃာတော်များအပေါ် မြင့်မားစွာ လေးစားမှုနှင့် အားပေးမှုတို့ကြောင့် သံဃာများအတွင်း မလိုလားအပ်သည့် အကျင့်ပျက်မှုများ ပေါ်လာသောကြောင့် ညီညွတ်မှုနှင့် ငြိမ်းချမ်းမှုကို အနှောင့်အယှက် ဖြစ်စေသည်။ ထေရဝါဒက လက်ခံထားသည့် ယူဆချက်များ ကျင့်စဉ်များနှင့် ဆန့်ကျင်သည့် ဂိုဏ်းကွဲအမျိုးမျိုး ပေါ်ပေါက်ခဲ့သည်။ ယင်း အခြေအနေသည် အသောကဘုရင်အား ပါဋလိပုတ္တမြို့တော်၌ တတိယ သံဂါယနာတင်ရန် တွန်းအားပေးခဲ့သည်[၁]။ ရည်ရွယ်ချက်မှာ 'ပိဋကတ်သုံးပုံကို စယ်ကြယ်စေရန်နှင့် အဓမ္မဝါဒီများကို သုတ်သင်ရန်ဖြစ်ပြီး အသောက၏ အဓိကစိုးရိမ်မှုမှာ မည်သည့် တွေးခေါ်မြော်မြင်မှု သို့မဟုတ် ဘာသာဝါဒရေးရာ တရားဓမ္မထက်မဆို နိုင်ငံတော်က တည်ဆောက်ထားသည့် ဘာသာရေး အဆောက်အအုံက ပိုပြီးအဓိကဖြစ်သည်'[၂]။ ထေရဝါဒအသိုက်အမြုံကို ငြင်းဆိုသူများသည် ရာဇဂြိုဟ်မြို့အနီး နာလန္ဒာမြို့၌ သီးခြား သံဂါယနာတစ်ခု တင်ကြသည်။ ယင်းအုပ်စုအသစ်မှ ယင်းတို့၏ ကိုယ်ပိုင်ကျမ်းဂန်များကို ရေးသားလျက် ဂိုဏ်းကိုးဂိုဏ်း ဖြစ်ပေါ်ခဲ့သည်[၃]။ အသောကမင်းကြီးသည် သံဃာစည်းလုံး ညီညွတ်မှုနှင့် ပတ်သက်၍ ကျောက်စာတိုင်များဖြင့် တိကျသည့် အမိန့်အာဏာများ[၄]၊ သံဃာသင်းကွဲမှုကို ဖြစ်ပေါ်စေသူ မည်သူမဆိုသည် လူထွက်ရမည်ဖြစ်ပြီး ဘုန်းကြီးကျောင်းမှ ထွက်ခွာသွားရ

---

[၁] ဝိ-ဋ္ဌ ၁၊ ၄၅။ မဟာဝံသ ၅၊ ၂၂၈ ဂါထာ။

[၂] Sir John Marahall: *The Monuments of Sanchi*, I,p. 22.

[၃] နိကာယသင်္ဂဟ၊ စာ၊ ၇-၈။ [၄] မိဂဒါဝုန်၊ ကောသမ္ဗီနှင့် ဆန်ချီ ကျောက်စာများ။



မည်ဟု ထုတ်ပြန်ထားသည်အထိ အလွန် စိုးရိမ်သည်။ 'ယေဘုယျ ယူဆချက်အရ အသောက၏ အထောက်အပံ့ဖြင့် ဖြစ်ပေါ်လာသည့် ပိဋကတ်တော်သည် တတိယ ပါဋလိပုတ္တ သံဂါယနာကို ဖြစ်ပေါ်စေသည့် ပါဠိအစဉ်အလာ၏ စစ်မှန်မှုကို အတည်ပြုသည်'[၁]။

တတိယသံဂါယနာပြီးနောက် ယင်းသံဂါယနာ၏ သံဃာ့ဥက္ကဋ္ဌဖြစ်ပြီး အမြော်အမြင် ကြီးမားတော်မူသည့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ လမ်းညွှန်မှုဖြင့် ဗုဒ္ဓသာသနာတော် အရှည်ခံ့ တည်တံ့ရေးအတွက် သီဟိုဠ်အပါအဝင် ကိုးနိုင်ငံသို့ သာသနာပြုပုဂ္ဂိုလ်များကို စေလွှတ်ခဲ့သည်[၂]။ အသောကမင်းကြီး၏သားတော် အရှင်မဟာမဟိန္ဒသည် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော် တည်တံ့ရေးအတွက် တာဝန်ပေးခြင်း ခံရသည်။ သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿမင်းကြီးသည် အိန္ဒိယဘုရင်ထံ အဖိုးတန် လက်ဆောင်ပဏ္ဏာများနှင့်အတူ သံတမန်များကို အိန္ဒိယသို့ စေလွှတ်ပြီး မိတ်ဆွေဖြစ်လိုမှုကို ဖော်ပြပြီးဖြစ်သည့်အတိုင်း အသောကအနေဖြင့် မိမိ၏လုပ်ဆောင်ချက်မှာ သီဟိုဠ်ကျွန်း၌ အလွန့်အလွန် အကျိုးဖြစ်ထွန်းမည် ဖြစ်ကြောင်း တွေးမိခဲ့ပုံရသည်။ အိန္ဒိယ ဗုဒ္ဓသာသနာပြုအဖွဲ့များ သွားလေရာ ဒေသတိုင်း၌ အောင်မြင်ခဲ့သည်။ ယောနကဓမ္မရက္ခိတ မထေရ်ကဲ့သို့သော ဂရိလူမျိုးများပင် ဗုဒ္ဓဝါဒီရဟန်းတော်များ ဖြစ်သွားကြသည်။ သို့တစေ အသောကမင်းကြီး၏ ဗုဒ္ဓဝါဒရေးရာ ဆောင်ရွက်မှု ဒေသအားလုံးအနက် သီဟိုဠ်သည် အကျိုးအဖြစ်ထွန်းဆုံး ဖြစ်သည်။ 'ကျောက်စာများတွင် ဖော်ပြသရွေ့ သီဟိုဠ်ကျွန်းအား ကျောက်စာအမှတ် ၂ နှင့် ၁၃ တို့၌ တမ္ဗပဏ္ဏိအဖြစ် ဖော်ပြပြီး ၎င်း၏ ဓမ္မဝိဇယနိုင်ငံတော် အစီအမံကို တိုးချဲ့ရန် ဓမ္မဒူတများ စေလွှတ်ခဲ့သော နိုင်ငံများစာရင်း၌ အသောကမင်းကြီးကိုယ်တိုင် ထည့်သွင်းထားပြီးဖြစ်သည့် နိုင်ငံတစ်ခုအဖြစ်လည်း ဖော်ပြသည်။ သို့ဖြစ်၍ ယင်းကျောက်စာများကို ရေးသားချိန် (ဘီစီ ၂၅၈-၂၅၇)တွင် ကျောက်စာအမှတ် ၂ အရ သီဟိုဠ်သည် တောရိုင်းတိရစ္ဆာန်များနှင့် လူသားများ၏ ဆင်းရဲမှု သက်သာရေးကဲ့သို့သော အ

---

[၁] Barua: *Inscriptions of Asoka*, II,p. 379.

[၂] ဝိ-ဋ္ဌ ၁၊ ၄၇။ မဟာဝံသ ၇၊ ၁ ဂါထာ။

များအဖြစ် တမ္ဗပဏ္ဏိ၊ ဝိဇိတပုရနှင့် ဥပတိဿဂါမကဲ့သို့သော အခြား ဒေသများ ရှိခဲ့သည်။ သို့တစေ ပဏ္ဍုကာဘယမင်းက ဘီစီလေးရာစု၏ နောက်ဆုံးနှစ်များတွင် အနုရာဓပုရမြို့ကို ထင်ရှားသည့် မြို့တော်အဖြစ် မြင့်တင်လိုက်ချိန်မှစ၍ အနုရာဓပုရသည် လင်္ကာကျွန်းနိုင်ငံ၏ မြို့တော်အဖြစ် ရာစုနှစ်ပေါင်း ဆယ့်နှစ်ခု ခန့်မျှ ကြာညောင်းခဲ့သည်။

ဘီစီသုံးရာစု ကုန်ဆုံးချိန်တွင် အနုရာဓပုရမြို့၏ ဗိသုကာပညာ တိုးတက်မှုမှာ အဆင့်မြင့် အခြေအနေသို့ ရောက်ရှိပြီး ဖြစ်ပုံရသည်။ အနုရာဓဂါမကို ပထမဦးစွာ တည်ဆောက်ခဲ့ပြီး မိမိနာမည်ဖြင့် ခေါ်တွင်စေခဲ့သူ ပဏ္ဍုကာဘယ၏ ဦးလေးတော် အနုရာဓသည် မိမိနေထိုင်ရန် ရာဇဂေဟခေါ်သည့် အိမ်တစ်ဆောင် ဆောက်လုပ်ခဲ့သည်[၁]။ ပဏ္ဍုကာဘယသည် ရန်သူများကို နှိမ်နင်းပြီး အနုရာဓပုရမြို့သို့ ဝင်ရောက်သောအခါ ဦးလေးတော်အနုရာဓသည် အောင်မြင်သူ တူတော်မောင်အား မိမိ၏အိမ်ကို ပေးအပ်ပြီး အခြားအိမ်တစ်ဆောင် သွားရောက်နေထိုင်သည်[၂]။ အနုရာဓပုရမတိုင်မီ နန်းစိုက်မြို့တော်ဖြစ်သည့်

---

သည်။ ယင်းကျေးရွာများ၌ ဝိဇိတမြို့တော် ပါဝင်သည် - ဝိဇိတံ နဂရံ (မဟာဝံသ၊ ၇၊ ၄၁)။ တစ်ဖန် မဟာဝံသ အခန်း ၁၀၊ ၄၂ ဂါထာ၌ 'ကလဟံ နဂရံ နာမ ဂါမော တတ္ထ ကတော အဟု = ကလဟမြို့ဟုခေါ်သည့် ကျေးရွာကို ထိုနေရာ၌ တည်ဆောက်၏'ဟု ဆိုသည်။ ရောဟဏအရပ်ရှိ မဟာဂါမကို ယင်းမြို့တော်အနေဖြင့် အရှိန်အဝါနှင့် ကြွယ်ဝမှုကို အနုရာဓပုရမြို့နှင့် ပြိုင်ဆိုင်လျက် တောင်ပိုင်းဒေသမြို့တော် ဖြစ်လာပြီး နောက်ပိုင်းကာလ အထိပင် မဟာဂါမ 'ရွာကြီး'ဟု အမြဲတမ်း ခေါ်ဝေါ်ခဲ့သည်။ အေဒီ တစ်ရာစု၌ ပတိုလေမီက ၎င်း၏ သီဟိုဠ်ကျွန်းမြေပုံ၌ အနုရာဓပုရအား အနောရောဂြမ္မ (*Anourogram-mon*)ဟု ခေါ်ဝေါ်သည်။ ပတိုလေမီသည် အနုရာဓပုရအနေဖြင့် အလွန်တိုးတက်ပြီး ကာလနှင့် သီဟိုဠ်နိုင်ငံ၏ ထီးစိုက်မြို့တော် အထင်အရှား ဖြစ်နေခိုက်မှာပင် ယင်းမြို့တော်အား 'ဂြမ္မံ' (ဂြာမ = ဂါမ = ကျေးရွာ)ဟု သုံးနှုန်းခဲ့သည်။ အရှင်မဟာဗုဒ္ဓဃောသ၏ 'ယဿ ဂါမဿ အနုရာဓပုရဿေဝ ဒွေ ဣန္ဒခီလာ (ဝိ-၅ ၁၊ ၂၁၄)။ ဂါမဟူသောဝေါဟာရကို အခြေခံမူလအားဖြင့် အုပ်စု၊ အစုအဝေး၊ အသိုင်းအဝိုင်း သို့မဟုတ် အခြေချနေထိုင်မှု အဓိပ္ပာယ်များဖြင့် သုံးနှုန်းသည်။

[၁] မဟာဝံသ ၉၊ ၂။ အနုရာဓသည် အိန္ဒိယမြောက်ပိုင်းမှ ရယူသည့် အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပုံရသောကြောင့် ယင်းကို အထူးပြု ဖော်ပြ ခြင်းဖြစ်သည်။

[၂] မဟာဝံသ ၁၀၊ ၇၃-၇၄ ဂါထာ။

## အခန်း ၂

# ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်နိုင်ငံ

## (၁) လူမှုရေးအခြေအနေ

ဘီစီ သုံးရာစုတွင် သီဟိုဠ်နိုင်ငံ၏ မြို့တော်မှာ အနုရာဓပုရ ဖြစ်သည်။ မူလအနုရာဓရွာအား မြို့တော်အဖြစ်သို့ တိုးတက်အောင် ဆောင်ရွက်ခဲ့သူမှာ ပဏ္ဍုကာဘယ (၃၇၇-၃၀၇ ဘီစီ) ဖြစ်ပြီး[၁] ၎င်းအနေဖြင့် အလွန် ကောင်းမွန်စွာ တည်ဆောက်ခဲ့ပုံရသည်။ ပဏ္ဍုကာဘယမင်း မတိုင်မီက သီဟိုဠ်တွင် မြို့တော်အနေဖြင့် အထူးပြုခေါ်ဝေါ်နိုင်သည့် နေရာ မရှိသေးချေ။ လူအများနေထိုင်သည့် အချက်အခြာနေရာ အားလုံးကို ဂါမ(ရွာ)ဟု ခေါ်ဝေါ်သည်။ သို့ရာတွင် မဟာဝံသ၏ ရှေးဦးကဏ္ဍ၌ ဂါမနဂရဟူသော စကားလုံးများကို ကျေးရွာမြို့ကြီး မြို့ငယ်ဟု မခွဲခြားဘဲ သုံးနှုန်းခဲ့ပြီး[၂] နေရာဒေသတစ်ခု၏ အရွယ်အစား အကျယ်အဝန်းနှင့် ပတ်သက်၍ ဆုံးဖြတ်မှုတစ်ရပ်ရရှိရန် မဖြစ်နိုင်ချေ။ အနုရာဓပုရမြို့တော် မထင်ရှားလာမီ အချိန်တိုအတွင်း  အစိုးရ ရုံးစိုက်မြို့

---

[၁] မဟာဝံသ၊ အခန်း ၁၀၊ ၇၅ ဂါထာ။

[၂] ဂါမနှင့် နဂရဟူသော ပါဠိအသုံးနှစ်မျိုးမှာ ထင်ထင်ရှားရှား ခြားနားမှုရှိသည်။ ဂါမဟူသည် ကျေးရွာ၊ နဂရဟူသည် မြို့ ဖြစ်သည်။ ပုံစံအားဖြင့် တေန ခေါ ပန သမယေန သုနိဓဝဿကာရာ မဂဓမဟာမတ္တာ ပါဋလိဂါမေ နဂရံ မာပေန္တိ ဝဇ္ဇီနံ ပဋိဗာဟာယ = ထိုအချိန်၌ သုနိဓနှင့် ဝဿကာ ရအမည်ရသည့် မဂဓနိုင်ငံ၏ အမတ်ချုပ်နှစ်ယောက်တို့သည် ဝဇ္ဇီတိုင်းသားတို့ကို ထိန်းချုပ်နိုင်ရန် ပါဋလိရွာ၌ မြို့တစ်မြို့ကို တည်ဆောက်နေကြသည်’ (ဒီ ၂၊ ၅၃)။ သို့ရာတွင် မဟာဝံသ ရှေးဦးကဏ္ဍများ၌ ယင်းခွဲခြားမှုကို အသိအမှတ် မပြုခဲ့ချေ။ ပုံစံအားဖြင့် မဟာဝံသ အခန်း ၇၊ ဂါထာအမှတ် ၄၁ တွင် ဝိဇယနိုင်ငံတော်၏ အမတ်များသည် ဒေသအမျိုးမျိုး၌ ကျေးရွာ များစွာတို့ကို တည်ဆောက်ကြသည်ဟု ဆို

ရသည်။ ယင်း၌ာန အရာရှိ၏တာဝန်မှာ ညအချိန် အစိုးရအုပ်ချုပ်မှုကို စီမံရေးဖြစ်သည်။ ထိုအချိန်မှစ၍ မြို့တော်၌ နဂရဂုတ္တိလများ ရှိလာခဲ့သည်[၁]။ ယင်းသည် နှောင်းခေတ်များ၌ မြို့တော်ဝန်၏ ရှေ့ပြေးပုံစံ ဖြစ်ဖွယ်ရှိသည်။

အနုရာဓပုရမြို့တော်အနီး၌ ပန်းခြံနှစ်ခုရှိသည်။ **နန္ဒနဝန**(နောင်အခါ ဇောတိဝနဟု ခေါ်တွင်ခဲ့သည်)သည် တောင်ဖက်ဂိတ် အပြင်လောက်တွင် မြို့တော်နှင့် ဆက်လုနီး ဖြစ်သည်။ အရှင်မဟိန္ဒ သီဟိုဠ်ကျွန်းသို့ ရောက်ပြီးနောက် များမကြာမီရက်များအတွင်း တရားအများစုကိုဟောခဲ့သည်မှာ ဤနန္ဒဝန်ဉယျာဉ်တွင် ဖြစ်သည်[၂]။ **မဟာမေဃဝန**ဉယျာဉ်မှာ ပဏ္ဍုကာဘယ၏သားတော် မုဋသိဝမင်း တည်ထောင်ခဲ့ပြီး သစ်သီး ပန်းမာန်များ ထွက်သည်[၃]။ ဤဉယျာဉ်မှာ မြို့တော်နှင့် မနီးမဝေးတွင်ရှိပြီး မြို့တော်အရှေ့ဘက်ဂိတ် အပြင်ဘက်လောက်တွင် တည်ရှိသည်[၄]။ ယင်းဉယျာဉ်ထဲတွင် ဘုရင်အတွက် တည်ဆောက်ထားသော ဘုရင့်အိမ်တော်(ရာဇဂေဟ) ရှိသည်။ အရှင်မဟာမဟိန္ဒမထေရ်အိန္ဒိယမှ ကြွရောက်ပြီးနောက် ရက်ပေါင်းများစွာ သီတင်းသုံးခဲ့သည်မှာ ဤဘုရင့်အိမ်တော်၌ ဖြစ်သည်[၅]။ ပန်းခြံတွင်း၌ သာယာသည့် ရေလှောင်ကန်များ ရေအိုင်များရှိသည်။ ဉယျာဉ်ဝင်းအတွင်း **ကကုဓဝါပိ** အမည်ရှိ ရေလှောင်ကန်ငယ်နှင့်[၆] ဘုရင့်အိမ်တော် မြောက်ဖက်၌ **မရုတ္တ**အမည်ရှိ ရေအိုင်ရှိကြောင်း ဖော်ပြသည်[၇]။

ယင်းဉယျာဉ်ထဲ၌ (ပဏ္ဍုကာဘယ၏) ဦးလေးတော် အနုရဒ္ဓမင်း တူးဖော်ခဲ့သည့် ရေလှောင်ကန်တစ်ခု တည်ရှိပြီး ဖြစ်သော်လည်း[၈] ပဏ္ဍုကာဘယမင်းသည် မြို့တော်အား ရေဖြန့်ဖြူးရန် ရေလှောင်ကန်တစ်ခု ထပ်မံတူးဖော်ခဲ့သည်[၉]။ မြို့တော်ပြင်ဘက်၌ ပဏ္ဍုကာဘယမင်း

[၁] မဟာဝံသ ၁၀း၈၀-၈၁။
[၂] မဟာဝံသ ၁၅း၁။
[၃] မဟာဝံသ ၁၁း၂။
[၄] မဟာဝံသ ၁၅း၈၊ ၁၁။
[၅] မဟာဝံသ ၁း၁၂၊ ၃၀။
[၆] မဟာဝံသ ၁၅း၅၂။
[၇] မဟာဝံသ ၁၅း၃၀။ မဟာဝံသဋီကာ၊ စာ-၃၄၄။
[၈] မဟာဝံသ ၁၀း၈၈။
[၉] မဟာဝံသ ၉း၁၁။



ဉပတိဿဂါမ၌ ဧကထူဏိကဟုခေါ်သည့် ထင်ရှားသည့် အဆောက်အအုံ တစ်ခုအကြောင်းကိုလည်း သိရသည်။ ဧကထူဏိက ဟူသောအမည်နာမအရ တိုင်တစ်လုံးတည်းဖြင့် တည်ဆောက်ထားသည့် ယင်းအိမ်ကို ပဏ္ဍုကာဘယ၏ ဦးလေးတော်များက ၎င်းတို့၏ ညီမတော်စိတ္တာအား သားတော် ထွန်းကားခြင်းမှ ကာကွယ်ရန် အကျဉ်းချလို၍ တည်ဆောက်ခဲ့သော်လည်း ယင်းသည် မအောင်မြင်သည့် ကြိုးစားမှုသာ ဖြစ်သည်။ ယင်းအဆောက်အအုံကို လေဝင်လေထွက် ပြတင်းပေါက် (ဂဝက္ခ)များဖြင့် တည်ဆောက်ထားသည်[၁]။

ဒေဝါနံပိယတိဿ မင်းကြီးလက်ထက် (ဘီစီ ၂၄၇-၂၀၇)၌ပင် အနုရာဓပုရမြို့ရှိ အဆောက်အအုံ အနည်းငယ်မှာ အားလုံးနီးပါး ထပ်တူညီစွာ ရှိနေသေးပုံရသည်။ အဆောက်အအုံ ပစ္စည်းများနှင့် အတွေ့အကြုံရင့်ကျင့်သည့် ဗိသုကာပညာရှင်များ ချို့တဲ့နေဖွယ်ရှိသည်။ ပုံစံအားဖြင့် ဒေဝါနံပိယတိဿမင်းသည် အရှင်မဟိန္ဒအတွက် သင့်တင့်လျောက်ပတ်သည့် နေစရာအဆောက်အအုံတစ်ခုကို မတွေ့နိုင်ခြင်းဖြစ်သည်။ မင်းကြီးသည် အလျင်အမြန်ပင် ရွှံ့အိမ်တစ်ခုဆောက်လုပ်လျက် ယင်းကို အပြင်က မီးရှို့ပြီး ခြောက်အောင် ပြုလုပ်သည်။ ယင်းအိမ်ကို ခြောက်သွေ့အောင် မီးရှို့သည့် အကြောင်းကြောင့် နံရံများမည်းနက်လာပြီး ကျောင်းကိုလည်း ကာဠပါသာဒပရိဝေဏ 'ပြာသာဒ်နက်ကျောင်း'ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်[၂]။ ယင်းကျောင်းကို မည်သို့

[၁] မဟာဝံသ ၁၀း၉၅-၁၀၂။
[၂] မဟာဝံသ ၂၅း၂၀၃၊ ၂၀၄။
ပါမောက္ခ ဂိုင်ဂါ (Geiger)က 'သီဃံ ဉက္ကာယ သုက္ခာပေတွာန မတ္တိကာ' ဝါကျကို 'မင်းကြီးသည် ရွှံ့အုတ်များကို မီးဖြင့် အလျင်အမြန် ခြောက်အောင် ပြုလုပ်စေ၏' (မဟာဝံသ၊ အင်္ဂလိပ်ဘာသာပြန်။ He had the bricks of cla dried speedily with fire.)ဟု ဘာသာပြန်ထားသည်။ သို့တစေ မတ္တိကာ ဟူသော ဝေါဟာရသည် 'အုတ်'အနက်ကို မဟောဘဲ 'ရွှံ့၊ ရွှံ့စေး'ကိုသာ ဟောသည်။ အကယ်၍ 'အုတ်' အနက်ကို ဆိုလိုခဲ့လျှင် ပုဒ်အမှန်ဖြစ်သည့် 'ဣဋ္ဌကာ' ပုဒ်ကို အလွယ်တကူ သုံးနှုန်းခဲ့နိုင်သည်။ ကာဠပါသာဒပရိဝေဏကျောင်းသည် သစ်သားချောင်း ရွှံ့စေးဖြင့် ဆောက်လုပ်သည့် အဆောက်အအုံ ဖြစ်ဖွယ်ရှိသည်။ မြန်မြန် ပြီးအောင်ဆောက်လုပ်လို၍ သို့မဟုတ် အဆောက်အအုံ ပြုလုပ်ပြီး နံရံများခြောက်နေဟန်ဖြစ်စေလို၍ ရွှံ့စေးကို မီးမြိုက် အခြောက်ခံလိုက်ပုံရသည်။ ဒေဝါ

တည်ဆောက်ခဲ့သည် ဟူသောအချက်မှာ ရှင်းလင်းမှုမရှိချေ။ သို့တစေ ကျောင်းဆောက်ရန် ဖုတ်ပြီးအုတ်များကို မရနိုင်၊ အနည်းဆုံး မြို့တော်အတွင်း၌ လွယ်ကူစွာ မရနိုင်သည်မှာ သေချာသည်။

အကယ်၍ ပိုမိုသင့်လျော်သည့် နေရာထိုင်ခင်းကို ပေးရန် အခြေအနေရှိလျှင် ဒေဝါနံပိယတိဿမင်းကြီးအနေဖြင့် ဘုရင် အသောက၏သားတော် အိန္ဒိယ၏အထူးဧည့်သည် ဘုရင့်သာသနာပြု ပုဂ္ဂိုလ်အား ယင်းသို့သော သီတင်းသုံးစရာကျောင်းမျိုးကို ပေးအပ်မည် မဟုတ်ပေ။

ဒေဝါနံပိယတိဿသည် အရှင်မဟိန္ဒအား အလွန်လေးစားတော်မူ၍ အခြားပုဂ္ဂိုလ်များ ပိုင်ဆိုင်ပြီးဖြစ်သည့် အိမ်တစ်ခုကို သူမြတ်ပုဂ္ဂိုလ်အား လှူဒါန်းလိုစိတ်မရှိဟု ငြင်းဆိုနိုင်သည်။ သို့တစေ ယင်းသို့ဖြစ်ဖွယ်မရှိ။ အကြောင်းမူ ဒေဝါနံပိယတိဿသည် အရှင်မဟိန္ဒ ကြွရောက်ပြီး ဒုတိယနေ့တွင် အရှင်မြတ်အား မဟာမေဃဝနအတွင်းရှိ အိမ်တစ်ဆောင်၌ တစ်ညတာ သီတင်းသုံးရန် ပင့်ဖိတ်သည်။ အရှင်မြတ်ကလည်း လက်ခံသည်[၁]။ ယင်းအိမ်မှာ အနည်းဆုံး ဘုရင်၊ မိဖုရားနှင့် နန်းတော် အခြွေအရံများဖြစ်သည့် အခြားပုဂ္ဂိုလ်များ အသုံးပြုပြီးဖြစ်မည်မှာ သံသယ ဖြစ်ဖွယ်မလိုချေ။

မြို့တော်၌ လူအများ စည်းရုံးစုဝေးရန်အတွက် ခန်းမကြီး ရှိပုံမရချေ။ မြို့နေလူအများ အရှင်မဟိန္ဒကို ဖူးမြော်ပြီး တရားနာလိုကြသောအခါ မင်းကြီးသည် နန်းတော်ဥပစာအတွင်း၌ လုံလောက်သည့် ခန်းမတစ်ခုမရှိသည်ကို သိမြင်သဖြင့် ဘုရင့်စီးတော်ဆင်ထားသည့် ခန်းမကို

နံပိယတိဿမင်းကြီးအား ထူပါရုံစေတီ တည်ဆောက်မည့် အုတ်များ ပြုလုပ်ရန် အလုပ်သမားများ ရရှိလိုကြောင်း အကြောင်းကြားလိုက်သည် (မဟာဝံသ ၁၇း၃၈)။ သို့ဖြစ်၍ ထိုအချိန်က အုတ်ပြုလုပ်နည်းကို တတ်သိပြီးဖြစ်သည်။ မဟာဝံသကျမ်းအနေဖြင့် ကာဠုပါသာဒပရိဝေဏ အမည်နှင့်ပတ်သက်၍ ထင်ကြေးဖြင့် ရှင်းလင်းမှုကို ထည့်သွင်းခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ အခေါ်အဝေါ်များနှင့်ပတ်သက်၍ ယင်းသို့ စိတ်မှန်းဖြင့် ရှင်းလင်းမှုများမှာ အတော်ထင်ရှားသည် (ပုံစံအားဖြင့် လဗုဂါမရှင်းလင်းချက်၊ မဟာဝံသ ၁၀း၇၂။ မဏိသူရိယနှင့် သူရနိမ္မလ ရှင်းလင်းချက်၊ ရသဝါဟိနီ ၂၊ စာ -၂၆၊ ၇၁၊ ၈၄။ လိစ္ဆဝိ၊ ဝဇ္ဇီနှင့် ဝေသာလီ ရှင်းလင်းချက်များ၊ သုတ္တနိ-ဋ္ဌ ၁၊ ၂၆၄)။

[၁] မဟာဝံသ ၁၅း၁၂၊ ၁၃။



ရှင်းလင်းရန်နှင့် လူအများစုရုံးနိုင်ရေးအတွက် ပြင်ဆင်ရန် အမိန့်ပေးခဲ့သည်[၁]။ ဘုရင့် ရဟန်းတော် (၏တရား)ကို နာယူရန် လူအများစုရုံးလာကြသည်မှာ ယင်း (ဘုရင့်ဆင်တော်အိမ်) တွင် ဖြစ်သည်။ အရှင်မဟိန္ဒ၏ပရိသတ်မှာ ပိုမိုများပြားလာသဖြင့် တရားစခန်းကို ဆင်တော်အိမ်မှ မြို့တော်တောင်ဖက်ဂိတ် ပြင်ဖက်ရှိ အရိပ်ကောင်း၊ အေးချမ်းပြီး စိမ်းလန်းထူထဲသည့် ဘုရင့်ဥယျာဉ်အတွင်း လေကောင်းလေသန့်များရရှိသည့် မွေ့လျော်ဖွယ် နန္ဒနဥယျာဉ်သို့ ပြောင်းရွှေ့ခဲ့သည်[၂]။

ယင်း အခြေခံအချက်များအရ ထိုအချိန်က အနုရာဓမြို့တော်၌ အဆောက်အအုံများ အထွေထွေ လိုအပ်ချက်ရှိခဲ့ပုံရသည်။ လောဟပါသာဒကဲ့သို့သော အဆောက်အအုံကြီးများ သီဟိုဠ်မြို့တော်၌ ပေါ်ပေါက်လာသည်မှာ ဗုဒ္ဓဝါဒတည်ရှိပြီးနောက်မှသာ ဖြစ်သည်။ ပဏ္ဍုကာဘယ တည်ဆောက်ခဲ့သော ဘာသာရေးအဆောက်အအုံ အတော်များများ ရှိခဲ့ပြီးဖြစ်သည်ဆိုသော်လည်း လူသူအများအပြား စုဝေးနိုင်လောက်သည့် အဆောက်အအုံကြီး တစ်ခုရှိခဲ့သည့် အထောက်အထားမရှိချေ။ ဤအချက်သည် လူအများအပြား စုရုံးမှု မရှိခဲ့၊ ရှိခဲ့သည် ဆိုလျှင်တောင် ယင်းစုရုံးမှုများကို ဟင်းလင်းပြင်နေရာ၌ ကျင်းပခဲ့ကြကြောင်း ညွှန်ပြသည်။ သီဟိုဠ်သားများသည် ဘာသာရေး တရားများကြားနာရန်ကဲ့သို့သော အထူးရည်ရွယ်ချက်ဖြင့် လူသူစုရုံး စည်းဝေးခဲ့ကြသည်မှာ ဗုဒ္ဓဝါဒ ရောက်ရှိပြီးနောက်မှသာ ဖြစ်ဖွယ်သည်။

အနုရာဓမြို့တော်၌ မြို့တော်သန့်ရှင်းရေး အခြေအနေသည် အဆင့်မြင့် အမိန့်တစ်ရပ် ဖြစ်ခဲ့ပုံရသည်။ ပဏ္ဍုကာဘယအုပ်ချုပ်စဉ် မြို့တော် သန့်ရှင်းရေးအတွက် ပန်းမှိုက်သွန် ၅၀၀၊ မိလ္လာ ရှင်းလင်းသူ ၂၀၀၊ လူသေများကို သုသာန်သို့ လွှင့်ပစ်သူ (သုဘ ရာဇာ) ၁၅၀၊ မြို့တော်ကို စောင့်ကြပ်သူ ၁၅၀ ရှိသည်[၃]။

ပဏ္ဍုကာဘယသည် မိမိကိုရောမိခင်ကိုပါ ကူညီခဲ့ပြီး မိမိအား ထီးနန်းကို ပေးအပ်ခဲ့သူ ဦးလေးတော် အဘယအတွက် နဂရဂုတ္တိက (မြို့စောင့်)ဟုခေါ်သည့် ရာထူးဌာနအသစ်တစ်ခု တီထွင်ခဲ့ကြောင်း သိ

[၁] မဟာဝံသ ၁၄း၆၁။ ဝိ-ဋ္ဌ ၁၊ ၅၉။

[၂] မဟာဝံသ ၁၅း၁-၂။

[၃] မဟာဝံသ ၁၀း၉၁-၉၂။

ရှေးအကျဆုံး ကျေးရွာအချို့ အခြေချပြီးဖြစ်၍ အနုရာဓပုရမြို့တော်၏ အနောက်ဖက်နှင့် အနောက်မြောက်ဖက်ရှိ နယ်ပယ်များ၌လည်း လူဦးရေ တိုးတက် စည်ကားနေပြီဖြစ်သည်။ မြောက်ဖက်နှင့် အနောက်ဖက် ကမ်းခြေတစ်လျှောက် တည်ရှိသော ကျော်ကြားသည့် ပင်လယ်ဆိပ်ကမ်းလေးခုဖြင့် မြို့တော်ကို ဆက်သွယ်ထားသည့် လမ်းကြောင်းလေးခုရှိသည်။ ယင်းတို့မှာ မြောက်ဖက်၌ မဟာတိတ္ထ (မန်နာမြို့အနီးရှိ မာတောတ သို့မဟုတ် မန်တိုင်)၊ ဇမ္ဗုကောလပတ္တန၊ ဂေါဏဂါမပတ္တန (အရှေ့ဖျား ကမ်းခြေဘက်ဟု ယူဆရသည်) နှင့် မဟာကန္ဒရမြစ်၏ မြောက်ဖက်ရှိ ပင်လယ်ဆိပ် (မြောက်ပိုင်းတွင် ဖြစ်နိုင်သည်)တို့ဖြစ်သည်။ ယင်းလေးခုအနက် နောက်ဆုံး လေးခုကို အတိအကျ မဖော်ပြနိုင်သေးဘဲရှိသည်။ အဆိုပါ ပင်လယ်ဆိပ်ကမ်း ဝန်းကျင် ဒေသများ၌ လူသူအခြေချနေထိုင်ကြမည်ကို သံသယဖြစ်ဖွယ်မလိုဘဲ ယင်းရေလမ်းများ တစ်လျှောက် ကြီးငယ်မဟူ ကျေးရွာများစွာ တည်ရှိကြမည် ဖြစ်သည်။ ဇမ္ဗုကောလပတ္တနမှ အနုရာဓပုရမြို့တော်သို့ ဗောဓိပင်ပွားကို ဆောင်ယူသောအခါ ယင်းခရီးစဉ်တွင် ကျေးရွာများစွာတို့၌ ရပ်နားခဲ့သည်။ (သို့တစေ) တိဝက္ကအမည်ရသည့် ပုဏ္ဏားရွာတစ်ရွာကိုသာ အထင်အရှား ဖော်ပြသည်။

နောက် အခြေချနေထိုင်သည့် နေရာတစ်ခုမှာ ကလျာဏီ (ယခုခေတ် ကေလဏိယ)အရပ်တွင် ဖြစ်သည်။ ဒေဝါနံပိယတိဿ နောက်ရာစုနှစ်တစ်ခု အလွန် ဆိုလိုသည်မှာ ဘီစီနှစ်ရာစုတွင် ကေလဏိယ၌ မင်းနိုင်ငံတစ်ခု ရှိခဲ့ကြောင်း အတိအကျ သိရသည်။ ဒုဋ္ဌဂါမဏိ၏ မယ်တော် (ကလျာဏီဘုရင် တိဿ၏သမီးတော်)ဖြစ်သူ နာမည်ကျော် **ဝိဟာရမဟာဒေဝီ**သည် ယင်း ကလျာဏီမင်းမျိုးမှ ဖြစ်သည်[၃]။ **ရာဇာ**

[၁] အရှင်မဟိန္ဒသည် ဒေဝါနံပိယတိဿမင်းကြီးအား ထိုနေရာတွင် ဗုဒ္ဓရှင်တော်မြတ်က နာဂတို့အား အောင်နိုင်ပုံ အကြောင်းကို ပြောပြသည် (မဟာဝံသ၊ ၁၉း၃၅)။ ယင်းဖြင့် ဇမ္ဗုကောလပတ္တနသည် နာဂဒီကျွန်းတွင် ရှိကြောင်း ဖော်ပြသည်။ မဟာဝံသကျမ်းအရ ဖော်ပြပြီး ဖြစ်ရပ်သည် ဗုဒ္ဓရှင်တော်မြတ် နာဂဒီပသို့ ဒုတိယအကြိမ် ကြွတော်မူစဉ်တွင် ဖြစ်သည်။

[၂] မဟာဝံသ ၁၉း၃၇ ဂါထာ။

[၃] မဟာဝံသ ၁၂း၁၂။



တည်ဆောက်ခဲ့သည့် **မဟာသုသာန**ခေါ် ဗဟိုသုသာန်ကြီး တစ်ခုရှိပြီး ယင်းသုသာန်ထဲ၌ သေဒဏ်ကွပ်မျက်သည့် နေရာလည်း ရှိသည်[၁]။

မြို့တော်၌ အလုပ်လုပ်ကြသည့် စဏ္ဍာလ (သုဘရာဇာ)တို့ နေထိုင်သည့် စဏ္ဍာလဂါမသည် ဗဟိုသုသာန်၏ အနောက်မြောက်ဘက်တွင် ရှိသည်[၂]။ အဆိုပါ စဏ္ဍာလကျေးရွာတွင် မဟာဝံသ[၃]၌ပေးထားသည့် အရေအတွက်အရ ပဏ္ဍုကာဘယမင်းလက်ထက်က အနည်းဆုံး လူဦးရေ ၂၀၀၀ ခန့် ရှိခဲ့ပုံရသည်။ ယင်းရွာ၏ အရှေ့မြောက်ဖက်တွင် နီစသုသာနခေါ်သည့် စဏ္ဍာလများအတွက် သုသာန်တစ်ခုရှိသည်[၄]။ ဒေဝါနံပိယတိဿခေတ်တွင် မြို့တော်အနီး မြင်းဇောင်း တစ်ခုရှိကြောင်း ဖော်ပြသည်[၅]။ ပဏ္ဍုကာဘယမင်း တည်ဆောက်ခဲ့သည့် ဆင်ခြေဖုံး ကျေးရွာ (ဒွါရဂါမ)လည်း လေးရွာရှိသည်[၆]။

ဘီစီသုံးရာစုတွင် တောင်ကုန်းဒေသများနှင့် အရှေ့ဘက်ကမ်းခြေ[၇]မှ တစ်ပါး သီဟိုဠ်တစ်ကျွန်းလုံးသည် လက်တွေ့အားဖြင့် အလွန်ထူထပ်ဖွယ် မရှိသော်လည်း လူဦးရေ အများအပြား နေထိုင်ခဲ့ကြပုံရသည်။ လူနေထိုင်၍ အဆင်ပြေသော နေရာအားလုံးနီးပါး လောက်ကို လူတို့ သိမ်းပိုက် နေထိုင်ကြပြီး ဖြစ်သည်။ ဟင်နရီပါကာ (Henry Parker)က မဟာဂါမနှင့် ယင်း၏ပတ်ဝန်းကျင် ကျေးရွာများကို သီဟိုဠ်ကျွန်းသို့ ပထဆုံးဝင်ရောက် နေထိုင်သည့် ရှေးဦး အာရိယန်လူမျိုးများ ပထမဆုံး အခြေချခဲ့သည့် နေရာများအဖြစ် ငြင်းဆိုသည်။ (၎င်းအလိုအရ) တောင်ပိုင်းရှိ ကိရိန္ဒ (Kirinda) အရပ်သည် ယင်းလူမျိုးတို့

[၁] မဟာဝံသ ၁၀း၈၀။ မဟာဗောဓိဝံသ၊ စာ-၈၄။

[၂] မဟာဝံသ ၁၀း၉၃။

[၃] မဟာဝံသ ၁၀း၉၁-၉၂။

[၄] မဟာဝံသ ၁၀၊ ၉၄။

[၅] မဟာဗောဓိဝံသ၊ စာ - ၈၅။

[၆] မဟာဝံသ ၁၀း၈၈။

[၇] ရသဝါဟိနီကျမ်း၌ နာဂဒီပ၊ ဥတ္တရပဿ၊ ဒက္ခိဏပဿနှင့် ပစ္ဆိမပဿများကို ရည်ညွှန်းထားသည်။ သို့တစေ ပါစီနပဿကို ဖော်ပြ မထားပေ။ ယင်းသို့ မဖော်ပြသဖြင့် အေဒီ ပထမရာစု ကုန်ခါနီးအချိန်ထိ သီဟိုဠ်ကျွန်း အရှေ့ပိုင်းဒေသများ၌ လူဦးရေ မတိုးပွားသေး ကြောင်း ဖော်ပြသည်။

ပထမဆုံး နေထိုင်ခဲ့သည့် နေရာအစစ် ဖြစ်သည်။ ဟင်နရီပါကာက အဓိကလူမျိုးများ အဓိကအခြေချနေထိုင်သည့် အရပ်အားလုံးကို ဂါမရွာဟု ခေါ်ဝေါ်ခဲ့ပြီး မြို့တော်သည် မဟာဂါမဖြစ်လာ၏ဟု ဆိုသည်[၁]။

ကျွန်ုပ်တို့အနေဖြင့် ယင်းတင်ပြချက်ကို သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ တောင်ပိုင်းရှိ ဝလဝါဂင်္ဂ၊ ကိရိန္ဒိဩယ၊ မဏိကင်္ဂ နှင့် ကုံဗုက္ကံဩယ မြစ်များတည်ရှိသည့် ဧရိယာသည် သီဟိုဠ်ကျွန်း၌ ပထမဦးဆုံး လူအခြေချ နေထိုင်ခဲ့သည့် ဒေသဖြစ်သည်ကိုမူ သံသယ ဖြစ်ဖွယ်မလိုချေ။ ဘီစီသုံးရာစုတွင် ကာဇရဂါမ (ယခုခေတ် ကတရဂါမ)၌ ခတ္တိယလူမျိုးစု တစ်စုရှိခဲ့သည်။ ယင်းခတ္တိယမျိုးနွယ်မှ ကိုယ်စားလှယ်များသည် အရှင်မသံဃမိတ္တာ အိန္ဒိယမှ ယူဆောင်လာသည့် မဟာဗောဓိကိုင်းပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ထင်ရှားသောပုဂ္ဂိုလ်များတွင် ပါဝင်ခဲ့ကြသည်[၂]။ ပထမဦးဆုံးသော ဗောဓိပင်ငယ်ကို ကာဇရဂါမ၌ စိုက်ပျိုးခဲ့သည်[၃]။ ဒေဝါနံပိယတိဿ၏ အစ်ကို ရင်ခွင်ပိုက်ဘုရင် မဟာနာဂသည် ဘုရင်မ၏ သစ္စာဖောက် အန္တရာယ်မှလွတ်မြောက်ရန် မိသားစုနှင့်အတူ အနုရာဓပုရမြို့တော်မှ ရောဟဏ အရပ်သို့ ထွက်ပြေးပြီး မဟာဂါမကို အုပ်ချုပ်ခဲ့သည်[၄]။ မဟာနာဂသည် အန္တရာယ်ရှိစဉ် မဟာဂါမသို့ ချက်ခြင်းထွက်သွားသည့် အချက်ကြောင့် ထိုအရပ်ရှိ ခတ္တိယတို့သည် အနုရာဓပုရရှိ ဘုရင့်မိသားစုနှင့် ဆက်သွယ်မှုရှိကြောင်း ဆိုနိုင်သည်။ သီဟိုဠ်သမိုင်း တစ်လျှောက်တွင် ရောဟဏ အရပ်အား လွတ်လပ်မှုအတွက် နောက်ဆုံး ခိုကိုးရာ လွတ်မြောက်နယ်မြေအဖြစ် တွေ့ရသည်။ အနုရာဓပုရမြို့တော်၌ တိုင်းတစ်ပါးသားတို့ ကျူးကျော်ဝင်ရောက်ချိန် သို့မဟုတ် ပြည်တွင်းရေးရှုပ်ထွေးနေချိန်တိုင်း၌ ဘုရင်မင်းများ၊ အမတ်များ၊ ရဟန်းတော်များနှင့် လွတ်လပ်မှုနှင့် အကာအကွယ်ကို အလိုရှိသူ အခြားသော ပုဂ္ဂိုလ်များသည် တောင်ပိုင်းဒေသ၌ ခိုလှုံခဲ့ကြသည်။

---

[၁] Paker: *Ancient Ceylon* (1909), p. 240-241.

[၂] မဟာဗောဓိဝံသ ၁၉း၅၄။

[၃] ယင်း ၁၉း၆၂။

[၄] ယင်း ၂၂း၂-၈။



ထို့ပြင် ယနေ့တိုင် နေရာအတိအကျကို မဖော်ထုတ်နိုင်သေးသည့် **စန္ဒနဂါမ**ဟုခေါ်သည့် ခတ္တိယတို့ နေထိုင်ခဲ့သည့် အခြားနေရာတစ်ခု လည်းရှိသည်။ ဒေဝါနံပိယတိဿမင်းလက်ထက် အနုရာဓပုရမြို့တော်၌ မဟာဗောဓိပင် ပူဇော်ပွဲများသို့ တက်ရောက်ခဲ့သည့် ခတ္တိယ ကိုယ်စားလှယ်များ၌ စန္ဒနဂါမမှလည်း ပါဝင်ခဲ့သည်[၁]။ ယင်းဂါမ၌လည်း ပထမဆုံး မဟာဗောဓိပင်ပွားကို စိုက်ပျိုးခဲ့သည်[၂]။

လုံခြုံမှုအတွက် မဟာနာဂမင်းသား မဟာဂါမသို့ ခရီးထွက်ခြင်းဖြင့် အနုရာဓပုရနှင့် မဟာဂါမတို့အကြား ဆက်သွယ်မှုရှိကြောင်း ဖော်ပြသည်။ ယင်းဒေသနှစ်ခုကို ဆက်သွယ်သည့် လမ်းသည် စေတိယဂိရိ (ယခုအခေါ် မဟိန္တလေ့)၊ ကစ္ဆကတိတ္ထ (မာဂန္ဒော့တ) သို့မဟုတ် ဝမှမာနကတိတ္ထ (သဟဿတိတ္ထ သို့မဟုတ် ဒဟာသတောတ၊ အဿမဏ္ဍလတိတ္ထ ဟုလည်း ခေါ်သည်)၊ မဟိယင်္ဂဏ (ယခုခေတ် အလုတနုဝရ)၊ ဒီဃဝါပိနှင့် ဂုတ္တဟာလက (ဗုတ္တလ) ဒေသတို့ကို ဖြတ်သွားရသည်[၃]။ ယင်းလမ်း၏ အများဆုံးအပိုင်း၌ လူသူပြတ်သည့် တောတောင်များတည်ရှိသော်လည်း (အန္တရာမဂ္ဂေ အဂါမကာရညေ) လမ်းတစ်လျှောက်တွင် လူသူ အခြေချနေထိုင်သည့် ဒေသအများအပြားရှိမည်ကို သံသယဖြစ်ဖွယ်မလိုချေ[၄]။

အနုရာဓပုရနှင့် မိုင် ၆၀ သို့မဟုတ် ၇၀ ခန့်အတွင်းရှိ ခရိုင်နယ်ပယ်များ၌ လူသူအများအပြား နေထိုင်ခဲ့ကြပုံရသည်။ ဦးလေးများကို ဆန့်ကျင် တော်လှန်သည့် စစ်ဆင်ရေးစီမံချက်၌ ပဏ္ဍုကာဘယသည် နယ်စွန်ဇနပုဒ် (ပစ္စန္တဂါမ)များကို သိမ်းသွင်းရန် တောင်ဖက် ဘိန္တန္န (Bintanna)ခရိုင် ဒေါလပဗ္ဗတ (ယနေ့ခေတ် ဒေါလလ ဝေလ ဖြစ်ဖွယ်ရှိသည်)အထိ ဆုတ်ခွာခဲ့ရကြောင်း ဖော်ပြသည်[၅]။ သို့ဖြင့် အနည်းဆုံး အနုရာဓပုရနှင့် ဒေါလပဗ္ဗတအကြားရှိ ခရိုင်နယ်ပယ်များ၌ လူသူကောင်းစွာ အခြေချနေထိုင် စည်ကားနေပြီဖြစ်သည်[၆]။

---

[၁] မဟာဝံသ ၁၉း၅၄။ [၂] ယင်း၊ ၁၉း၆၄။

[၃] ရသဝါဟိနီ ၂၊ စာ- ၄၅၊ ၄၈ စသည်။ မဟာဝံသ ၂၅း၆-၇။

[၄] ရသဝါဟိနီ ၂၊ စာ - ၁၇၃။ [၅] Geiger: Mhavamsa Tran. p. 289.

[၆] မဟာဝံသ ၉း၂၇။

အတွက်လည်း ထင်ရှားသည့် ဝါသနာတစ်ခုဖြစ်သည်။ သို့ဖြစ်၍ ဥမ္မာဒစိတ္တာ၏ အစ်ကိုများ၊ ပဏ္ဍုကာဘယ၏ ဦးလေးများသည် တုမ္ဗရ တော၌ အမဲလိုက်ကြခြင်း ဖြစ်သည်[၁]။ ဒေဝါနံပိယတိဿမင်း လက်ထက်တွင် အမဲလိုက်ခြင်းသည် ကျော်ကြားသည့် ဘုရင့်အားကစား တစ်မျိုးဖြစ်လာသည်။ ဒေဝါနံပိယတိဿ၏ ကျော်ကြားသည့် မိဿက တောင် (နောင်အခါ မဟိန္တလေ့)သို့ အမဲလိုက် အပျော်ခရီးများကို ကြီးကျယ်သည့် ပျော်ပွဲစားခရီးများအဖြစ် ဆောင်ရွက်ခဲ့သည်[၂]။ ယင်းမင်းကြီးသည် မင်းခစားယောကျ်ားများနှင့်အတူ မြို့တော်မှ ဝေးကွာသည့် တောင်ကုန်းများသို့ အပြေးအလွှား သွားလေ့ရှိသည်[၃]။ လိုက်ပါသူများနှင့်အတူ အစားစာကို သယ်ယူသွားပြီး ညနေချမ်းတွင် မင်းကြီးအား တောင်ကုန်းတွင် ညနေစာကျွေးမွေးသည်[၄]။ အမဲလိုက်ခြင်းသည် သတ်ဖြတ်ခြင်း သို့မဟုတ် အစားအစာအတွက်သာ ရည်ရွယ်သည် မဟုတ်ဘဲ အားကစား တစ်မျိုးလည်းဖြစ်သည် (မိဂဝံ ကီဠိတုံ အဂါ)[၅]။ သို့ဖြစ်၍ ဒေဝါနံပိယတိဿသည် ချုံနွယ်ပိတ်ပေါင်းတို့ကို စားသည့် သတိပညာမဲ့သူ တိရစ္ဆာန်သတ္တဝါအား သတ်ဖြတ်ရန် မသင့်လျော် (ပမတ္တံ တံ န ယုတ္တံ ဝိဇ္ဈိတုံ)ဟု ဆင်ခြင်မိခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ မင်းကြီးသည် မိမိ၏လေးကြိုးကို ခေါက်သိမ်းပြီး သားသမင်များအား အသက်ဘေးမှ လွတ်မြောက်မှုအတွက် ကောင်းမြတ်သည့် အခွင့်အရေးတစ်ရပ်ကို ပေးခဲ့သည်[၆]။

[၁] မဟာဝံသ ၁၀း၂။
[၂] ဘုရင် အာလဝကသည် တစ်ပတ်လျှင်တစ်ကြိမ် အမဲလိုက်သွားကြောင်း မှတ်သားရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည် (*Sāratthasamussaya*, p. 211)။ အသောကကျောက်စာ အမှတ် ၈ ၌ အသောကမင်း မတိုင်မီ အိန္ဒိယရှေးဘုရင်များသည် ၎င်းတို့၏ ပျော်ရွှင်မှုအတွက် အမဲလိုက်သွားလေ့ရှိကြောင်း ဆိုသည်။ မဟာဝံသ ၅း၁၅၄ ဂါထာ၌ အသောက၏ ညီတော် တိဿမင်းသားသည် တောလိုက်ထွက်ခြင်းကို နှစ်သက်ကြောင်း ပြဆိုသည်။
[၃] မဟာဝံသ ၁၄း၂။
[၄] ယင်း ၁၄း၂၄။
[၅] ယင်း ၁၄း၁-၂။
[၆] ယင်း ၁၅း၃-၄။



**ဝလိယ**(သီဘာသာရေး)ကျမ်း၌ အနုရာဓပုရမှ ထွက်ပြေးလာသူ ဒေဝါနံပိယတိဿ၏ညီ မဟာနာဂ၏သား **ယဋ္ဌာလတိဿ**သည် ကေလဏိယကို အုပ်ချုပ်ပြီး စေတီတစ်ဆူ တည်ကြောင်းဆိုသည်[၁]။ ယင်းမင်းမျိုးသည် သီဟိုဠ်ကျွန်း၌ ရှေးအကျဆုံး အခြေချသူများ၌ ပါဝင်ကြောင်း ယူဆလျှင် အတော်ပင် ကြောင်းကျိုး ခိုင်လုံသည်။

မဟာဝံသဋီကာ၌ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာကြသည့် ရှေးဦးအာရိယန်လူမျိုးများသည် ရေကို လွယ်ကူစွာရနိုင်သည့် နေရာဒေသများ၌ အခြေချနေထိုင်ခဲ့ကြကြောင်း ပြဆိုသည်[၂]။ ယင်းမှာ အဓိကအားဖြင့် သီဟိုဠ်ကျွန်း၌ အခြေခံမြစ်များ အနီးတွင် ဖြစ်သည်။ အနုရာဓပုရမြို့တော်နှင့် ဥပတိဿ၊ ဥဇ္ဇေနီ၊ ဥရုဝေလနှင့် ဝိဇိတကဲ့သို့သော မြို့တော်ပြင်ဖက်ရှိ ရှေးဦး ကျေးရွာများသည် ကဒမ္ဗနဒီ (မလဝတုဩယ)၊ ဂမ္ဘီရနဒီနှင့် ကလာဩယ မြစ်ကမ်းတွင် တည်ရှိကြသည်[၃]။ ယင်းနောက် အထူးသဖြင့် ကစ္ဆကတိတ္ထ(မာဂန္တောတ) ဝန်းကျင်ရှိ မဟာဝါလိဂင် (Mahavāliganga)နှင့် အမ္ဗနဂင် အရပ်များတွင် အခြေချနေထိုင်ခဲ့ကြသည်။ တောင်ပိုင်း အခြေချနေထိုင်မှုများ၌ ကုမ္ဗုက္ကံဩယ (Kumbukkanoya)၊ မဏိကဂင်(ကပ္ပကန္ဒရ)၊ ကိရိန္ဒိဩယနှင့် ဝလဝေဂင်ဟူသော မြစ်လေးခုအတွင်း ပါဝင်သည်။ နောက်ထပ် အခြေချနေထိုင်သည့် နေရာတစ်ခုမှာ ကေလဏိဂင် မြစ်ဝှမ်းဒေသ ဖြစ်သည်။ မြစ်ရေကို လွယ်လွယ်ကူကူ မရနိုင်သည့် နေရာများ၌ အခြေချနေထိုင်နိုင်ရန် ဆည်မြောင်း တာတမံကြီးများ တည်ဆောက်ကြသည်။ သို့ဖြစ်၍ အနုရာဓမင်းနှင့် ပဏ္ဍုကာဘယမင်းတို့ တည်ဆောက်ခဲ့သည့် ရေလှောင်ကန်များနှင့် ပတ်သက်၍ သမိုင်းဦးတွင် အတော်အတန် ခိုင်လုံမှုရှိသည်[၄]။ နေထိုင်မည့်ဒေသ၌ ရေအလုံအလောက် ရရှိရေးအတွက် ယင်း စိုးရိမ်မှုသည် ရှေးဦးအခြေချ နေထိုင်သူများ (ရော နှောင်းခေတ်

[၁] *Rājāvaliya*, p. 17.
[၂] မဟာဝံသဋီကာ၊ စာ-၂၆၁။ တသ္မိံ တသ္မိံ သမ္ပန္နသလိလာသယေ ဘူမိပ္ပဒေသေ ဂါမေ နိဝေသယုံ။
[၃] မဟာဝံသ ၇း၄၃။
[၄] မဟာဝံသ ၉း၁၁။ ၁၀း၈၅၊ ၈၈။

သီဟိုဠ်လူမျိုးများပါ) ယင်းတို့၏ အဓိက သက်မွေးဝမ်းကျောင်း အနေဖြင့် စိုက်ပျိုးရေးကို အမှီပြုကြောင်း သက်သေပြသည်။ မဟာဝံသကျမ်း၌[၁] ကဏ္ဍုကာဘယ၏ ဦးလေးတော် ဂိရိကဏ္ဍသိဝသည် ၁၀၀ ကရီသ (ဧက ၈၀၀ ခန့်) မြေဧရိယာကို စိုက်ပျိုးခဲ့ကြောင်း ဆိုသည်။ ကောက်သိမ်းချိန်ကို လူတိုင်း လူတန်းစားနိမ့်မြင့်မဟူ ပါဝင်ဆင်နွှဲသည့် ပွဲတော်ကြီးအဖြစ် ယူဆသည်။ ဂိရိကဏ္ဍသိဝမင်း၏ ရုပ်ဆင်းကြန်အင်နှင့် ပြည့်စုံသည့် သမီးတော် ပါလီ (နောင်အခါ သုဝဏ္ဏပါလီ)သည် သူ့ခမည်းတော်နှင့် ကောက်သိမ်းသူများအတွက် စားသောက်ဖွယ်ရာများ သယ်ဆောင်လျက် ဝေါယာဉ်တော်စီးပြီး အခြွေအရံများနှင့်အတူ လယ်ထဲသို့ ကိုယ်တိုင် ထွက်ကြွတော်မူသည်[၂]။

စိုက်ပျိုးရေး လုပ်ဆောင်သူများ၏ ထုံးစံအတိုင်း ရှေးဦးအခြေချနေထိုင်သူများသည် ကျွဲနွားမွေးမြူခြင်းဖြင့် စိုက်ပျိုးရေးကို ဆောင်ရွက်ကြသည်။ ဒွါရမဏ္ဍလခေါ်သည့် ကျေးရွာတွင် နေထိုင်သူ နွားကျောင်းသားများ (ဂေါပါလကာ) အကြောင်းကို ဖော်ပြချက်ပါရှိသည်။ မဟိန္တလေ့အရပ်[၃] အနီးရှိ ယင်းရွာသည် အဓိကအားဖြင့် နွားကျောင်းသားများဖြင့် တည်ဆောက် ဖွဲ့စည်းထားပုံရသည်[၄]။ ဒီဃဂါမဏိနှင့် (ဥမ္မာဒ) စိတ္တတို့၏အိမ်၌ အယုံကြည်ရဆုံးသော ကျွန်များအနက် တစ်ယောက်မှာ စိတ္တဟုခေါ်သည့် နွားကျောင်းသား (ဂေါပါလကံ စိတ္တံ)ဖြစ်သည်[၅]။ နွားကျောင်းခြင်းသည် ယနေ့တိုင်ပင် ရှိနေသေးသဖြင့် ရှေး

---

[၁] မဟာဝံသ ၁၀း၂၉-၃၁။

[၂] သုဒ္ဓေါဒနမင်း (ဗုဒ္ဓ၏ ခမည်းတော်)ကြီး၏ ခမ်းနားသည့် ဖြစ်ရပ်တစ်ခုအဖြစ် ကျင်းပခဲ့သည့် လယ်ထွန်မင်္ဂလာ (ဝပ္ပနမင်္ဂလာ) ပွဲတော်အား အမှတ်ရစေနိုင်သည့် ဆက်စပ်ပတ်သက်မှုမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ယင်းအခမ်းအနားသို့ မင်းသားငယ် သိဒ္ဓတ္ထကိုပင် လယ်ထဲသို့ ယူဆောင်သွားသေးသည်။ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အမှတ်တရပွဲတော်များကို ဂရိများနှင့် ရောမလူမျိုးတို့ ကျင်းပကြသကဲ့သို့ပင် သကျလူမျိုးများလည်း ပွဲတော်များ ကျင်းပကြဖွယ်ရှိသည်။ ဂိရိကဏ္ဍသိဝမင်းလည်း သကျမျိုးဖြစ်ပြီး သုဒ္ဓေါဒနမင်းကြီးနှင့် မိသားစု ဆက်နွယ်ပတ်သက်မှုရှိသည် (မဟာဝံသ ၇း၁၈)။

[၃] မဟာဝံသ ၂၃း၂၃။

[၄] မဟာဝံသ ၁၀း၁၃။

[၅] ယင်း ၉း၂၂။



ခေတ်ကျေးရွာများ၌ အထင်ရှားဆုံး သက်မွေးဝမ်းကျောင်း အလုပ်တစ်ခုဖြစ်သည်။

အမဲလိုက်ခြင်းသည် စိုက်ပျိုးရေး သို့မဟုတ် နွားကျောင်းခြင်းကဲ့သို့ပင် အရေးပါပုံရသည်။ တောကြီးမျက်မည်းအတွင်း ပြန့်ကျဲနေသည့် ကျေးရွာများ၌ နေထိုင်ကြသူများအဖို့ အမဲလိုက်ခြင်းကို သက်မွေးဝမ်းကျောင်းမှု နည်းလမ်းအဖြစ် ထင်မြင်ကြသည်မှာ သဘာဝကျသည်။ အမဲလိုက်ခြင်းသည် ပဏ္ဍုကာဘယမင်းအဖို့ နီစသုသာနနှင့် ပါသာဏတောင်တို့ အကြား၌ အမဲလိုက်သမားများအတွက် တဲတန်းတစ်ခု ဆောက်ပေးခဲ့ရသည်အထိ အရေးပါသည်[၁]။ ယင်းအမဲလိုက်သမားများသည် အနုရာဓပုရမြို့တော်သို့ အသားများ ပုံမှန် ဖြန့်ဖြူးပေးဖွယ်ရှိသည်။ ဗျာဓဒေဝ(အမဲလိုက်သူများ၏နတ်)ဟုခေါ်သည့် နတ်သားတစ်ယောက်သည် အမဲလိုက်သူများ၏ သက်စွန့်ဆံဖျား လုပ်ရပ်များနှင့် ပတ်သက်၍ ညွှန်ကြားမှုပြုသည်[၂]။

ဟင်နရီပါကာ[၃]က ယနေ့တိုင်အောင်ပင် ဝန္နိယ (လူမျိုး)တို့သည် အမဲလိုက်မထွက်မီ တစ်နေ့တွင် ၎င်းတို့ ကျေးရွာရှိ ရေကန်တွင် ရေချိုးလျက် ကိုယ့်ကိုယ်ကို စင်ကြယ်အောင်လုပ်ပြီး ၎င်းတို့ မျှော်လင့်သည့်အတိုင်း အမဲလိုက်ရာ၌ အောင်မြင်စေရန် ပွဲလမ်းတစ်ခု ကျင်းပကြသည်ဟု သုံးသပ်ခဲ့သည်။ ယင်းသည် ပဏ္ဍုကာဘယခေတ် ဗျာဓဒေဝ အစွဲအလမ်းဟောင်းကို ဆက်ခံမှုတစ်ရပ် ဖြစ်ဖွယ်ရှိသည်။

အသားကင်မှာ အထူးစားသောက်ဖွယ်တစ်မျိုး ဖြစ်ပုံရသည်။ မကြာခဏပင် အမဲလိုက်ပြီးနောက် သားကောင်ရသည့် နေရာတွင် အသားကို မီးတောက်ဖြင့် ကင်ကြသည်။ ယင်းသို့ ပြင်ဆင်သည့် အသားကို အင်္ဂါရမံသဟုခေါ်သည်[၄]။ အမဲလိုက်ခြင်းသည် ဆင်းရဲသားများအတွက် သက်မွေးဝမ်းကျောင်း တစ်ခုဖြစ်သကဲ့သို့ ချမ်းသာသူများ

---

[၁] မဟာဝံသ ၁၀း၉၅ - အာဝါသပါလိ ဗျာဓာနံ တဒါ အာသိ နိဝေသိတာ။

[၂] ယင်း၊ ၁၀း၈၉။

[၃] Parker : *Ancient Ceylon*, p. 168.

[၄] မဟာဝံသ ၁၀း၁၄-၁၆။ ဗာရဏသီရာဇာပိ အင်္ဂါရပက္ကံ မံသံ ခါဒိဿာမီတိ ဒေဝိံ အာဒါယ အရညံ ပဝိဌော (အဘိ-၄ ၂၊ ၄၅၂)။ ရောဟဏ ဇနပုဒ်မှ မုဆိုးတစ်ယောက်လည်း အင်္ဂါရပက္ကမံသကို စားသုံးသည် (အံ-၄ ၁၊ ၂၇)။

ဘုရင်များ၌ သင့်လျော်သည့် ဘိသိက်ခံမှုများ မရှိခဲ့ချေ။ အနည်းနှင့် အများမှာ ဒေသဆိုင်ရာ ခေါင်းဆောင်များ သို့မဟုတ် ဂါမဏိများ ဖြစ်ကြသည့် ရှေးဦးဘုရင်များသည် ပြီးပြည့်စုံသည့် ဘိသိက်ခံမှုနှင့် ပတ်သက်၍ အယူအဆများ ရှိပုံမရချေ။ သို့ရာတွင် ၎င်းတို့အနေဖြင့် မိမိကိုယ်ကိုမိမိ အုပ်ချုပ်သူ အာဏာပိုင်များအဖြစ် ယူဆကြသောအခါ မင်းခမ်းမင်းနားအနေဖြင့် ကျင်းပသည့် အခမ်းအနား တစ်ခုရှိခဲ့သည်။ မဟာဝံသကျမ်းတွင် ဖော်ပြသည့်အတိုင်း ပဏ္ဍုကာဘယမင်း၏ ထီးနန်းသိမ်း မှတ်တမ်းတိုအရ ယင်းအခမ်းအနားကို တစ်စေ့တစ်စောင်း သိရှိရသည်[၁]။

ပဏ္ဍုကာဘယသည် ထီးဖြူ သို့မဟုတ် ဦးလေးတော်များ၏ နိုင်ငံတော်ထီးဖြူကို ယူဆောင်လာဖို့ အမိန့်ပေးပြီး အနုရာဓပုရမြို့ရှိ သဘာဝအိုင်(ဇာတဿရ)တွင် ယင်းထီးဖြူအား ဆေးကြော သုတ်သင်စေသည်။ ယင်းနောက် ယင်းထီးဖြူကို မိမိအားဆောင်းမိုးစေပြီး ယင်းရေအိုင်မှ ရေကြည်ဖြင့် မိမိ၏ ဘိသိက်ခံမင်္ဂလာကို အလေးအနက် ပက်ဖျန်းလျက် သုဝဏ္ဏပါလီအား ကြင်ယာတော်မိဖုရားအဖြစ် တင်မြှောက်သည်။ ယင်းဖော်ပြချက်မှာ ဦးလေးတော်များ ဘိသိက်ခံစဉ်ကလည်း အဆိုပါ နိုင်ငံတော်ထီးဖြူတော်ပင် အသုံးပြုခဲ့ကြောင်း ညွှန်ပြသည်။

ဘိသိက်ခံရာ၌ အရေးအကြီးဆုံးကိစ္စများအနက် တစ်ခုမှာ အခမ်းအနားအတွင်း ဘုရင်အနေဖြင့် မိဖုရားတင်မြှောက်မည့် ခတ္တိယအနွယ် အမျိုးသမီး ရှိရခြင်းဖြစ်သည်။ ဝိဇယမင်းသား၏ စီမံခန့်ခွဲသူများက တည်ဆောက်မှု အများအပြား တည်ဆောက်ပြီးနောက် ဝန်ကြီးများအနေဖြင့် ဝိဇယအား ဘုရင်အဖြစ် တင်မြှောက်လိုကြောင်း လျှောက်တင်ကြသော်လည်း မင်းသားက တစ်ချိန်တည်းတွင် ခတ္တိယမျိုး သတို့သမီးကို မတင်မြှောက်နိုင်သရွေ့ ယင်းသို့ မပြုလိုသေးကြောင်း ငြင်းဆိုခဲ့သည်။ အမတ်များသည် အိန္ဒိယတောင်ပိုင်းရှိ မဓုရာမြို့သို့ ယင်းကိစ္စအတွက် ဘုရင့်မျိုးနွယ်မှ မိဖုရားလောင်းရရှိရန် သံတမန်များ စေလွှတ်ကြသည်[၂]။ ဝိဇယမင်းကို ဆက်ခံသူ ပဏ္ဍုကာဘယ

[၁] မဟာဝံသ ၁၀း၇၇-၇၈။

[၂] မဟာဝံသ ၇း၄၆-၅၀။



ရှေးဦးအခြေချနေထိုင်သူများသည် အဓိကအားဖြင့် လယ်ယာမြေအလုပ်ကို လုပ်ကိုင်ကြပြီး နိုင်ငံအနှံ့အပြား၌ နေရာသစ်များ ရှာဖွေနေထိုင်ကြရသောကြောင့် ပန်းချီပန်းပု အနုပညာများမှာ များစွာ တိုးတက်ပုံမရချေ။ သို့တစေ မဓုရာဘုရင်သည် ဝိဇယမင်း လက်ထက်၌ ‘အစည်းအရုံး ဆယ့်ရှစ်ခုမှ မိသားစုတစ်ထောင်’ ပို့ပေးလိုက်ကြောင်း ဆိုသည်[၁]။ မဓုရာမှလာခဲ့သည့် အခြားများစွာသော မိသားစုများ[၂]သည် နိုင်ငံတိုးတက်မှုကို အထောက်အကူပြုခဲ့ပြီး လူဦးရေ တိုးမြင့်စေသည်။

ဒေဝါနံပိယတိဿမင်းလက်ထက် ကုမ္ဘကာရအာဝါဋ[၃] (အိုးထိမ်းသည်၏တွင်း)ဟု အမည်ရသည့် ထင်ရှားသည့် နေရာတစ်ခုရှိသည်။ ယင်းတွင်းသည် အိုးထိမ်းသည်တို့ အိုးပြုလုပ်ရန် မြေစေးများ တူးဖော်ရယူကြောင့် ဖြစ်သည့်တွင်း ဖြစ်ဖွယ်ရှိသည်။

ဒေဝါနံပိယတိဿမင်းလက်ထက် ကမ္မာရဒေဝဟုခေါ်သည့် နတ်ဒေဝါတစ်မျိုးအကြောင်း ဖော်ပြထားသည်မှာ ကြောင်းကျိုးဆီလျော်ဖွယ်ရှိသည်။ ကမ္မာရဒေဝဟူသည် ‘ပန်းပဲသမားနတ်’ဟု အဓိပ္ပာယ်ရနိုင်ပြီး ယေဘုယျအားဖြင့် ‘ကုန်ပစ္စည်း ထုတ်လုပ်သူများ၏ နတ်’ဟု အဓိပ္ပာယ် ချဲ့ထွင်ယူဆနိုင်သည်။ ကမ္မာရဒေဝ သင်ကြားရေးဌာနဖြင့် ထိုအချိန်က ပန်းပဲအလုပ်ရုံသည် အလွန်အရေးပါကြောင်း ဖော်ပြသည်။ ယင်းသို့ဖြစ်ရသည်မှာ အမဲလိုက်ရန်နှင့် တောတောင်အနီးတွင် နေထိုင်ကြသူ ကျေးရွာသားများအဖို့ မိမိကိုယ်ကို ကာကွယ်ရန် လက်နက်များ မဖြစ်မနေ လိုအပ်သောကြောင့် ဖြစ်သည်။

မဟာဝံသကျမ်း၌ ပဏ္ဍုကာဘယမင်းသည် အဘိက်သိက်ခံပြီးနောက် ဆယ်နှစ်အကြာတွင် သီဟိုဠ်တစ်ကျွန်းလုံးရှိ ကျေးရွာများ၏ နယ်နိမိတ်များကို တည်ဆောက် သတ်မှတ်ပေးကြောင်း ဖော်ပြသည်[၄]။ ရာဇဝင် ကျမ်းများ၌ ဖော်ပြသရွေ့ ယင်းကျေးရွာများစုကို ယင်းတို့၏

[၁] ယင်း ၇း၅၇။

[၂] ယင်း ၇း၅၆။

[၃] မဟာဗောဓိဝံသ၊ စာ - ၈၄။ မဟာသိမ်တော်ကြီး၏ နယ်နိမိတ်အပိုင်းအခြားသည် အဆိုပါ တွင်း သို့မဟုတ် ကျင်းကို ဖြတ်ကျော်သွားသည်။

[၄] မဟာဝံသ ၁၀း၁၀၃။

ခေါင်းဆောင်နာမည်များကို အကြောင်းပြု၍ ခေါ်ဝေါ်ထားသည်။ ပုံစံအားဖြင့် ဥပတိဿရွာ၊ ဥရုဝေလရွာ၊ ရာမရွာ၊ ဝိဇိတရွာ၊ ပဏ္ဍုလရွာ စသည်တို့ဖြစ်သည်။

ဝိဇယမင်းခေတ်လောက် ရှေးကျသည့်ကာလကပင် ဇနပဒ သို့မဟုတ် ခရိုင်နယ်များ တည်ဆောက်ထားသည့် ရည်ညွှန်းချက်များကိုလည်းတွေ့ရသည်[၁]။ ပဏ္ဍုကာဘယခေတ်၌ ရည်ညွှန်းထားသည့် ခရိုင်နယ်များအနက် ဂိရိကဏ္ဍဒေသအမည်ရှိ ခရိုင်တစ်ခုလည်း ပါဝင်ခဲ့သည်။ ယင်းခရိုင်ကို ယင်းခရိုင်မှ အခွန်များကို စားရသူ ပဏ္ဍုကာဘယမင်း၏ သားတော် ဂိရိကဏ္ဍသိဝ[၂]ကို အကြောင်းပြု၍ မှည့်ခေါ်ထားခြင်းဖြစ်သည်။

သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဝါဒမတိုင်မီက ဘုရင်ဟူသော ဝေါဟာရနှင့် တူညီသော အဓိပ္ပာယ်ရှိသည့် ဘုရင်မျိုးရှိခဲ့ပုံမရဘဲ ဒေသအသီးသီးကို ခွဲဝေအုပ်ချုပ်သည့် ဒေသဆိုင်ရာ အုပ်ချုပ်သူများရှိသည့် ဗဟိုအစိုးရတစ်ရပ်လည်း ရှိပုံမရချေ။ ဆက်သွယ်ရေး နည်းလမ်းများအား အလွန်ကန့်သတ်ထားသည်ကိုတွေ့ရ၍ အနုရာဓပုရနှင့် မဟာဂါမ သို့မဟုတ် ကလျာဏီ မြို့များအကြား အစဉ်အမြဲ ပုံမှန်ဆက်သွယ်မှုကို ထိန်းသိမ်းထားရန် မဖြစ်နိုင်ခဲ့ချေ။ သို့ဖြစ်၍ ဒေသအသီးသီးမှ ခေါင်းဆောင်များသည် အလိုအလျောက်ပင် ထိုဒေသများ၏ အုပ်ချုပ်သူဘုရင်မင်းများ ဖြစ်သွားကြသည်။ ယင်းဖော်ပြပါ ဒေသဆိုင်ရာ အုပ်ချုပ်သူများနှင့်ပတ်သက်၍ သတင်းအစအန အနည်းငယ်မျှသာ သိရသို့မဟုတ် လုံးဝ မသိရချေ။ သို့တစေ ကျေးလက်ဒေသရေးရာများကို ကောင်းမွန်စွာ စီမံခန့်ခွဲသည့် ကျေးရွာအဖွဲ့အစည်း သို့မဟုတ် အုပ်ချုပ်ရေး အဆောက်အအုံဆိုင်ရာ စနစ်တစ်ခုရှိခဲ့ကြောင်း ပြဆိုရန် အတော်ပင် ကြောင်းကျိုးဆီလျော်သည်။

အက်စ် ပရနဝိတန(S. Paranavitana)ပုဂ္ဂိုလ်က ခရစ်နှစ် မတိုင်မီ ဂူထွင်းစာအများအပြား၌ ပရုမက (Parumaka)ဟူသော ဘွဲ့ဖြင့် အထူးပြုထားသည့် ပုဂ္ဂလိကအလှူရှင်များ၏ အမည်နာမများ ပါဝင်ကြောင်းဆိုသည်။ သက္ကတဝေါဟာရ ပြမုခ (Pramukha) ပါဠိဝေါဟာရ ပမုခ (Pamukha) ဟူသော မူရင်းဝေါဟာရမှ ဆင်းသက်သော ပရုမက (Parumaka)ဟူသည် ဘွဲ့ထူးဂုဏ်ထူးဖြစ်ပြီး ရှေးခေတ်များတွင် ယင်းဂုဏ်ထူးဖြင့် အသိုင်းအဝိုင်း အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင် နာမည် ထင်ရှားသည်။ ရှေးခေတ် သီဟိုဠ်ဘုရင်များ၏ အထင်ရှားဆုံးသော နောက်ထပ် ထီးသုံးနန်းသုံး ဘွဲ့ထူးဖြစ်သည့် ဂါမဏိသည် ဝေဒဝေါဟာရ ဂြာမဏီနှင့်တူပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ ယင်းဝေါဟာရများကို ခွဲခြမ်းစိတ်ဖြာလျက် ပရနဝိတနပုဂ္ဂိုလ်က ယင်းဂူထွင်းကျောက်စာများတွင် တွေ့ရသည့် ဇေဋ္ဌ (ဇေဋ္ဌ)ဟူသော ဝေါဟာရလည်း မူလပုဒ်ရင်းတူပြီး အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင် သို့မဟုတ် အသက်ကြီးသူကို ဆိုလိုကြောင်း ခန့်မှန်းဖော်ပြသည်။ ယင်း(ဝေါဟာရရှုထောင့်)မှ ပရနဝိတန ပုဂ္ဂိုလ်က ဤသို့သုံးသပ်သည် 'ထိုအမည်နာမများသည် ကျွန်ုပ်တို့အား ရှေးခေတ်များ၌ ထင်ရှားဖြစ်ပေါ်ခဲ့သည့် ဘုရင်မင်းတို့အကြောင်း နားလည်မှုအတွက် အတွေးအမြင်တစ်ရပ်ကို ပေးသဖြင့် စိတ်ဝင်စားဖွယ်လည်းကောင်း၏။ အကယ်၍ ယင်းဝေါဟာရ ဖွင့်ဆိုချက်များက ကျွန်ုပ်တို့အား တစ်ခုခုပြောပြသည်ဆိုလျှင် သီရိလင်္ကာ ရှေးဦးဘုရင်များသည် တစ်ဆင့်ခံဖြစ်သော်လည်း ထင်ရှားသည့် အစည်းအဝေးများ၏ ခေါင်းဆောင်များဖြစ်ကြလျက် နောင်အခါ ၎င်းတို့အနေဖြင့် အင်ပိုင်ယာဘုရင် အဖြစ်ယူဆလာသောအခါ အဓိပ္ပာယ်မဲ့ ဖြစ်သွားသည့် ရှေးအမည်ဟောင်းများကို ကိုယ်ပိုင်ငယ် နာမည်အဖြစ် ဆက်လက်၍ အသုံးပြုကြ၏။ သီရိလင်္ကာ ဘုရင်များသည် မိမိတို့အနေဖြင့် ခတ္တိယမျိုးရိုးများ ဖြစ်ကြောင်း ဆိုကြသော်လည်း ယင်းသို့မဟုတ်ဘဲ ဝေဿမျိုးများသာ ဖြစ်နိုင်ဖွယ်ရှိ၏။ သမိုင်းတင်ခေတ်များအတွင်း အိန္ဒိယဘုရင့် မိသားစုများအနက် အကျော်ကြားဆုံးအချို့မှာ ဝေဿမျိုးရိုးများဖြစ်ကြ၏'[၁]။

ဒေဝါနံပိယတိဿမင်းကြီး မတိုင်မီ ဗုဒ္ဓဝါဒအကြို သီရိလင်္ကာ၌

---

[၁] ယင်း ၇း၄၆။

[၂] အမည်ရင်းမှာ သိဝဖြစ်နိုင်ပြီး ဂိရိကဏ္ဍမှာ ယင်းမြို့ကို အုပ်ချုပ်သူဖြစ် သောကြောင့် ရှေ့မှ ဆက်ခေါ်ထားခြင်း ဖြစ်ဖွယ်ရှိသည်။

[၁] *Epigraphia Zeylanica*, p. 123.

နန်းမြို့ကို တမ္ဗပဏ္ဏိမှ ဥပတိဿရွာသို့ ရွှေ့ပြောင်းခဲ့သည်ဟူသော အချက်နှင့် ပဏ္ဍုဝါသုဒေဝ မင်းလက်ထက်ထိ အုပ်ချုပ်ရေးကို ယင်းမြို့က ပင် စီမံခဲ့သည်ဟူသောအချက်များက ပုရောဟိတ်သည် အရေးအပါဆုံးဖြစ်ပြီး အမတ်အားလုံးကို ဩဇာသက်ရောက်မှုရှိကြောင်း ဖော်ပြသည်။ ပုရောဟိတ်သည် များသောအားဖြင့် ဗြာဟ္မဏဖြစ်သည်။ ပဏ္ဍုကာဘယမင်းသည် ၎င်း၏ဆရာဖြစ်သူ ပဏ္ဍုလဗြာဟ္မဏ၏သား စန္ဒအား ပုရောဟိတ်အဖြစ် ခန့်အပ်ခဲ့သည်[၁]။ ဒေဝါနံပိယတိဿမင်း၌ အသောကမင်းထံသို့ သွားခဲ့သော ညီတော်အရိဋ္ဌမင်းသားနှင့်အတူ လိုက်ပါသွားသည့် ပုရောဟိတ်တစ်ယောက်ရှိသည်[၂]။

လူထုအားလုံး၏ ခေါင်းဆောင်ဖြစ်သည့် ဘုရင်မင်းအပြင် ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်ကျွန်း လူ့အဖွဲ့အစည်းကို ဘာသာရေးဆိုင်ရာများနှင့် လောကီရေးရာ ဆောင်ရွက်သူများဟု ကဏ္ဍနှစ်မျိုး ခွဲခြားနိုင်သည်။ ဘာသာရေးဆိုင်ရာ ဂိုဏ်းဂဏအများအပြားရှိပြီး ယင်းတို့သည် ထီးနန်းကို ဦးဆောင်မှုပြုသည်[၃]။ လောကီရေး ဆောင်ရွက်သူများကို ခွဲခြားလျှင် ထုံးစံအတိုင်း ခတ္တိယ သို့မဟုတ် အုပ်ချုပ်သူများ၊ ဗြာဟ္မဏများ သို့မဟုတ် ပညာတတ် ဟောပြော သင်ကြားသူများ၊ ဝေဿမျိုး၌ ပါဝင်နိုင်သည့် လယ်သမားများနှင့် သိုးနွားထိန်းကျောင်းသူများ၊ စဏ္ဍာလ သို့မဟုတ် ကျေးကျွန် အလုပ်လုပ်ကြသည့် နိမ့်ကျ ချို့တဲ့သူများဟု အဓိကအားဖြင့် လေးမျိုး ခွဲခြားနိုင်သည်။ အဖြစ်နိုင်ဆုံး အခြားအမျိုးဇာတ်အသီးသီး၌ ပါဝင်သည့် လူ့အဖွဲ့အစည်း မျိုးစုံ အကြောင်းကိုလည်း ဖော်ပြသည်[၄]။

ဗြာဟ္မဏများမှာ ချမ်းသာပြီး ပညာတတ်ကြလျက် ၎င်းတို့သည် ကျေးရွာ လူ့အဖွဲ့အစည်းများ၌ အရှိန်အဝါရှိပြီး လေးစားခြင်းခံကြရ

[၁] မဟာဝံသ ၁၀း၇၉။
[၂] ယင်း ၁၁း၂၀။
[၃] ဤယူဆချက်နှင့် ပတ်သက်သည့် ဆွေးနွေးမှုများကို ရှေ့အခန်းတွင် တွေ့ရမည်။
[၄] ယင်းလူမျိုးစုများ၏ တာဝန်ဝတ္တရားများကို တိတိကျကျ ခွဲခြား သတ်မှတ်ထားခြင်း မရှိချေ။ ပုံစံအားဖြင့် ခတ္တိယမျိုးဖြစ်သူ ပဏ္ဍုကာဘယမင်း၏ ဦးလေးတော် ဂိရိကဏ္ဍသိဝသည် ကောသတစ်ရာ ထွန်ယက်စိုက်ပျိုးကြောင်း ပြဆိုသည်။



သည်လည်း မိဖုရားအနေဖြင့် ခတ္တိယနွယ် မင်းသမီးကို မရမချင်း ဘိသိက်ခံရန် ဆန္ဒမရှိခဲ့ချေ[၁]။ ယင်းဖြစ်ရပ်များက ဘုရင်ဘိသိက်ခံမှုတွင် မင်းမျိုးမင်းနွယ် သတို့သမီးမှာ မဖြစ်မနေ လိုအပ်သော အရာဖြစ်ကြောင်း ဖော်ပြသည်။

မဟာဝံသဋီကာကျမ်း[၂]၌ သီဟိုဠ်သို့ ပြည့်စုံသင့်မြတ်သည့် ဘိသိက်ခံမှုပုံစံကို ပို့ပေးခဲ့သူမှာ အသောက မင်းဖြစ်ကြောင်း အတိအကျ ဖော်ပြသည်။ ဒေဝါနံပိယတိဿမင်းသည် ပဏ္ဍုကာဘယကို ဆက်ခံပြီးနောက် များမကြာမီ ပါဋလိပုတ္တမြို့ရှိ အသောကမင်းကြီးထံ အဖိုးတန် လက်ဆောင်အများအပြား ပို့ပေးခဲ့သည်။ အသောကမင်းအနေဖြင့် သီဟိုဠ်ရှိ အဆွေတော် မင်းတရားထံ မိမိပြန်ပေးရမည့် သင့်တော်သော လက်ဆောင်ပစ္စည်း ရွေးချယ်မှုအတွက် အခက်အခဲနှင့် ကြုံခဲ့သည်။ သီဟိုဠ်သံတမန်များအား စုံစမ်းသောအခါ ဘုရင်အသောကသည် သီဟိုဠ်ဘုရင်မှာ လုပ်ငန်းတစ်ခုဖြင့် အာဏာပိုင်စိုးခြင်းမှ တစ်ပါး မိမိ(အသောက)ကဲ့သို့ ဘိသိက်ခံအခမ်းအနား မရှိကြောင်း သိခဲ့သည်[၃]။ သို့ဖြစ်၍ အသောကမင်းသည် အဆွေတော် သီဟိုဠ်မင်းထံသို့ ပြီးပြည့်စုံသည့် ဘိသိက်ခံမင်္ဂလာအတွက် လိုအပ်ချက် အားလုံးကို ပို့ပေးရန် ဆုံးဖြတ်ခဲ့သည်။ သို့ဖြင့် အသောကသည် 'ယပ်တောင်၊ သင်းကျစ်(သရဖူ)၊ သန်လျက်၊ ထီးဖြူ၊ ခြေနင်း (ဖိနပ်)၊ ခေါင်းပေါင်း၊ နား၏ ဒွေါင်း၊ စလွယ်၊ ရေတကောင်း၊ စန္ဒကူးနီ၊ အစာမချရသေးသည့် (အသစ်ကျပ်ချွတ်) ဝတ်လဲတော်တစ်စုံ၊ အဖိုးတန် လက်သုတ်ပဝါ၊ နာဂတို့ ယူဆောင်လာသည့် မျက်စဉ်း၊ အရုဏ်ရောင် မြေညက်(မြေနီ)၊ အနောတတ္တရေစင်၊ ဂင်္ဂါမြစ်ရေ၊ မင်္ဂလာအခမ်းအနားတွင် အသုံးပြုသည့် ခရုသင်း၊ အရွယ်ရောက် သတို့သမီးကညာ၊ ရွှေအိုး ရွှေပန်းကန်များ၊ အဖိုးတန် ဝေါယာဉ်တော်၊ ဖန်ခါးသီး သျှစ်သျှားသီးနှင့် အဖိုးတန်တော်ဝင် ဆေးဝါးများ၊ ကျေးငှက်တို့ သယ်ယူလာသည့် သလေးဆန်

[၁] ယင်း ၇း၁၇။
[၂] မဟာဝံသဋီ၊ စာ - ၃၀၆။
[၃] န အညံ အဘိသေကပရိဟာရံ နာမ အတ္ထိ၊ ကေဝလံ နဝယဋ္ဌိကာ ဧဝ ကိရ သော ရဇ္ဇံ ကာရေတိ (မဟာဝံသဋီ၊ စာ ၁၈၆)။

လှည်းအစည်း ခြောက်ဆယ်တိုက်၊ ထို့ပြင် ဘုရင်တစ်ပါး ဘိသိက်ခံရာ၌ လိုအပ်နိုင်သည့် အရာအားလုံး’ကို ပေးပို့ခဲ့သည်[၁]။

နေပြည်တော်သို့ ပြန်ရောက်သောအခါ သီဟိုဠ်အမတ်ကြီးများသည် ဘုရင်အသောက သင်ကြားလိုက်သည့်အတိုင်း ဒေဝါနံပိယတိဿမင်းကြီးအား ပြည့်စုံသည့် အခမ်းအနားဖြင့် ဒုတိယအကြိမ် ဘိသိက်ခံကြသည်[၂]။

ဤဆက်စပ်မှုတွင် ယင်းသက်ရောက်မှု အကြောင်းကို မည်သည့်ရာဇဝင်ကျမ်း သို့မဟုတ် မည်သည့်ကျမ်းတွင်မှ မှတ်တမ်း မပြုခဲ့သော်လည်း ‘ဒေဝါနံပိယ’ဟူသော ဂုဏ်ပြုဘွဲ့အမည်ကိုပင် ‘တိဿ’ဟူသော အမည်မျှသာရှိသည့် သီဟိုဠ်ဘုရင်အား ဧကရာဇ်တစ်ပါးအဖြစ် ဂုဏ်ပြုသည့်အနေဖြင့် အသောကမင်းက ပေးအပ်ခဲ့ကြောင်း လက်ခံရန် ကြောင်းကျိုးဆီလျော်သည်။ ဒေဝါနံပိယတိဿမတိုင်မီ သီဟိုဠ်ဘုရင်များသည် ယင်းရှေ့ဆက်ပုဒ် (ဒေဝါနံပိယ)ကို အသုံး မပြုခဲ့ကြချေ။

ဒေဝါနံပိယ ‘နတ်တို့ ချစ်မြတ်နိုးခြင်းခံရသူ’ဟူသော ဘွဲ့သည် အိန္ဒိယ၌ အသောကမင်းကြီး မတိုင်မီကပင် အသုံးပြုခဲ့သော ဘွဲ့ဖြစ်ပြီး ယင်းဝေါဟာရကို ခေတ်စကားဖြင့် ‘ပြည့်ရှင်မင်းကြီး’ဟု လွတ်လပ်စွာ ဘာသာပြန်ဆိုနိုင်သည်။ အသောကကျောက်စာအမှတ် ၈ တွင် ‘အတိကြတံ အတရံ ဒေဝါနံပိယ ဝိဟာရ ယတြ နမ နိကြမိံသု’ဟု ပါရှိသည်။ ဘီအမ် ဘရူးဝါး အင်္ဂလိပ်ဘာသာပြန်အရ ‘ရှေးအခါတုန်းက ဘုရင်မင်းများသည် အပျော်ခရီးများ သွားခဲ့ကြ၏’[၃]။ ဒေဝါနံပိယ ပုဒ်ကို ဘုရင်မင်းများဟု သာမန်အားဖြင့်သာ ဘာသာပြန်ဆိုသည်။ မူကာဂျီ (Mookerji)ကမူ ယင်းစကားလုံးကို ‘အရှင်မင်းများ’ (Their Sacred Majesties)ဟု ဘာသာပြန်ဆိုလိုသည်။ ယင်းဖော်ပြချက်သည် ‘ဒေဝါနံပိယတိဿ’ဟူသော ဘွဲ့အမည်ကို အသောကမင်းကြီးအား ဆက်ခံသူများလည်း အသုံးပြုခဲ့ကြောင်း ဖော်ပြသည်။ ယင်း ‘ဒေဝါနံပိယ)ဘွဲ့ကို ဘုရင်အသောက၏ မြေးတော် ဒသရထမင်း ကိုယ်တိုင် နာဂရဇ္ဇုနီ

---

[၁] မဟာဝံသ ၁၁း၂၈-၃၂။

[၂] မဟာဝံသ ၁၁း၄၁။

[၃] *Inscriptions of Asoka*, II, p. 186.



တောင်ကုန်းရှိ ဂူထွင်းစာများ၌ အသုံးပြုခဲ့သဖြင့် ယင်း(ဘွဲ့ကို) အသုံးပြုမှုသည် ဆက်လက် တည်ရှိနေခဲ့ပုံရသည်[၁]။

ဒေဝါနံပိယတိဿပြီးနောက် သဒ္ဓါတိဿ (ဘီစီ ၇၇-၅၉)၊ လဇ္ဇိတိဿ (ဘီစီ ၅၉-၅၀)၊ မဟာစူလိက မဟာတိဿ (ဘီစီ ၁၇-၃)၊ ကူဋ္ဌကဏ္ဏတိဿ (အေဒီ ၁၆-၃၈)နှင့် မဟာနာဂ (အေဒီ ၅၅၆-၅၇၉) ကဲ့သို့သော သီဟိုဠ်ဘုရင် များစွာတို့သည် ‘ဒေဝါနံပိယ’ကို ဂုဏ်ထူးဆောင်ဘွဲ့အဖြစ် အသုံးပြုခဲ့ကြသည်[၂]။

ဘုရင့်တရားရုံးများ၌ အမတ်များရှိရာတွင် ‘ပုရောဟိတ’ (ဘုရင့်အတိုင်ပင်ခံ)အမတ်သည် အဆင့် အမြင့်ဆုံးဖြစ်သည်။ ဝိဇယမင်း၏ ပုရောဟိတမှာ ဥပတိဿဂါမ (ဥပတိဿရွာ သို့မဟုတ် မြို့)ကို တည်ဆောက်ခဲ့သူ ဥပတိဿဖြစ်သည်[၃]။ ဝိဇယမင်းကွယ်လွန်ပြီးနောက် ထီး

---

[၁] See Mookerji : *op. cit.* pp 12, 150 n. 4.

ကာလကြာသော် ယင်းဘွဲ့အမည်သည် ဗုဒ္ဓဝါဒီဘုရင်များအတွက် အထူးပြုဘွဲ့အမည်များအဖြစ် ယူဆခဲ့ပုံရပြီး ဗုဒ္ဓဝါဒီမဟုတ်သည့် ဘုရင်များက ယင်းဘွဲ့ကို လျှောင်ပြောင်ရန် ကြိုးစားခဲ့ကြဖွယ် ရှိသည်။ သို့ဖြစ်၍ ‘သိဒ္ဓါန္တကောမုဒီ’ ကျမ်း၌ ‘ဒေဝါနံပိယ ဣတိ စ မုခေ’ (*Siddhāntakaumudi*, Bombay, 1929, p. 213.)ဟုဆိုသည်။ မူကာဂျီက ‘နန္ဒမင်းများ၊ မောရိယမင်းများနှင့် သုင်္ဂမင်းများခေတ်အတွင်း ပြည်စုံကောင်းမွန်သည့် ယင်းဘွဲ့သည် အလွန် ထင်ရှားသည့် ဗုဒ္ဓဝါဒီ ဧကရာဇ်ဘုရင်များကို ဆန့်ကျင်သူ နှောင်းခေတ် ဗြာဟ္မဏဝါဒီ အယူသည်း ဘုရင်များ၏အမြင်၌ မကောင်းမှုတစ်ခုအသွင် ခံစားမိကြ၏’ဟု ယူဆသည်။ သို့တစေ ဘရူးဝါးကမူ ယင်းမှတ်ချက်ကို မထောက်ခံချေ။ ဘရူးဝါးက ‘နှိမ့်ချသော အမြင်သည် ဘဋ္ဋောဂျိ ဒီရှိတနှင့် အခြားပုဂ္ဂိုလ်များ (Bhaṭṭoji Dīkshita and others)အား ဘုရင်အသောကကို ဆန့်ကျင်သော မည်သည့် ဂိုဏ်းဂဏစွဲ အယူသည်းမှုကြောင့်မှ မဟုတ်ချေ။ အကြောင်းမူ ယင်းဘွဲ့ထူးကို (အသုံးပြုရန်) တိုက်တွန်းသောအခါ ယင်းတို့အနေဖြင့် ရှေးဘုရင်များ အထူး သဖြင့် ဘုရင်အသောက၏ အမည်နာမနှင့် ပတ်သက်သည့် ထီးနန်းသုံးအဖြစ် ဒေဝါနံပိယတိဿဘွဲ့ကဲ့သို့သော ဘွဲ့အမည် ခန့်အပ်မှုနှင့်ပတ်သက်၍ ၎င်းတို့ မတိုင်မီ အစဉ်အလာတစ်ရပ် မရှိခဲ့သောကြောင့်ဖြစ်၏’ ဟုဆိုသည်။ မူကာဂျီ၏ *Asoka,* pp. 108-109 နှင့် ဘရူးဝါး၏ *Inscriptions of Asoka*, II, pp. 219-220 တို့ကို ကြည့်ပါ။

[၂] E.Z. I, pp. 58, 144,148; *Ibid*. III, pp 154, 156.

[၃] မဟာဝံသ ၇း၄၄။

စပ်ခဲ့သည်မှာ ပဏ္ဍုကာဘယမင်းမှ စတင်သည်[၁]။

ရှေးခေတ် အိန္ဒိယနှင့် သီဟိုဠ်တို့အကြား ဆက်နွယ်မှုသည် ဒေဝါနံပိယတိဿမင်းလက်ထက်တွင် အမြင့်ဆုံးဖြစ်သည်။ အသောကမင်း၏ ကြီးမားထန်ပြင်းသည့် ဘုရင်ဧကရာဇ်အဖြစ် ကျော်ကြားမှုသည် မြောက်မှတောင် အရှေ့မှအနောက်သို့တိုင် ပြန့်နှံ့သွားသည်။ မင်းကြီးသည် ၎င်း၏ကောင်းကျိုးလုပ်ငန်းများကို အခြားဘုရင်မင်းများ၏ နယ်ပယ်များသို့ပင် ချဲ့ထွင်ခဲ့သည်။ ပြီးခဲ့သောအခန်း၌ အသောကမင်း၏ လူမှုကောင်းကျိုးနှင့် ဆေးဝါးအထောက်အပံ့များဆိုင်ရာ ဆောင်ရွက်မှုများ၌ သီဟိုဠ်နိုင်ငံ[၂] ပါဝင်ခဲ့ကြောင်းနှင့် မင်းကြီး၏ ဓမ္မဝိဇယစီမံကိန်းသည် သီဟိုဠ်ကျွန်း၌ အောင်မြင်ကြောင်း ဖော်ပြပြီးဖြစ်သည်။ ဤသည်မှာ အသောကမင်းကြီးသည် လက်နက်ကိုင် စစ်သားများကြောင့် မဟုတ်ဘဲ မင်းကြီး၏ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ဘာသာတရားဆိုင်ရာ လုပ်ဆောင်ချက်များကြောင့် သီဟိုဠ်နိုင်ငံသူ နိုင်ငံသားတို့၏ နှလုံးသားကို အောင်နိုင်ခဲ့ကြောင်း ဆိုလိုခြင်းဖြစ်သည်။ တစ်ဖန် မင်းကြီးက ၎င်း၏သံတမန်များ မသွားရောက်ခဲ့သည့် အခြားနိုင်ငံများသည်ပင် ၎င်း၏ စည်းကမ်းမူဝါဒများကို လိုက်နာကြကြောင်း ဆိုထားသည်။

ဒေဝါနံပိယတိဿနှင့် အသောကမင်းတို့အကြား ရင်းနှီးကျွမ်းဝင်သည့် ဆက်ဆံမှုတည်ရှိခဲ့ကြောင်းနှင့် ဘုရင်နှစ်ဦးတို့အကြား ချစ်ကြည်ရေး ဖလှယ်ခဲ့ကြကြောင်း ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးဖြစ်သည်။ သီဟိုဠ် ဘုရင်ဖက်မှ ယင်းသို့သော ဖော်ရွေပျူငှာမှု အခြေအနေသည် အသောကမင်းကြီးထံမှ သီဟိုဠ်နိုင်ငံရရှိခဲ့သည့် အကျိုးတရားများနှင့် အသောကမင်းကြီး ပိုင်ဆိုင်ထားသည့် အောင်မြင်မှုအပေါ် ကျေနပ်သောကြောင့်

[၁] ရောဟဏမြို့ကို အုပ်စိုးခဲ့သူ လာမာဏိမိဟိန္ဒ (Lāmāṇi Mihind) အမည်ရသည် မင်းသားတစ်ပါးသည် ၎င်း၏အမျိုးအနွယ်မှာ ပဏ္ဍုကာဘယမှ ဆင်းသက်ခဲ့ ကြောင်းဆိုသည် (E.Z. III,p. 222)။ စတုတ္ထ မဟိန္ဒဘုရင်သည် ၎င်း၏ အမျိုး အနွယ်ကို ပဏ္ဍုကာဘယနှင့် ဘုရင်သုဒ္ဓေါဒနတို့မှ ဆင်းသက်ကြောင်း၊ ယင်း သို့ဆိုသဖြင့် ၎င်းမှာ သကျမျိုးနှင့် ဆက်နွယ်ကြောင်း ဖော်ပြသည် (EZ. III,p. 227)။

[၂] တမ္ဗပဏ္ဏိဟူသည်ကို သီဟိုဠ်ကျွန်းအဖြစ် ဖော်ပြခြင်းနှင့် ပတ်သက်၍ ဤကျမ်းစာမျက်နှာ ၅၉၊ အောက်မှတ်ချက် ၁ တွင် ကြည့်ပါ။



သည်။ ၎င်းတို့သည် ဆရာများဖြစ်ပြီး လူထု၏အတိုင်ပင်ခံ ပုဂ္ဂိုလ်များလည်း ဖြစ်ကြသည်။ မဟာဝံသကျမ်း၌ မန္တရများကို ကျွမ်းကျင်သည့် ဗြာဟ္မဏများက မိဖုရားစိတ္တာ၏သားသည် ထီးနန်းကို အကြောင်းပြု၍ ဦးလေးတော်အားလုံးကို သတ်ပစ်လိမ့်မည်ဟု ကြေညာကြောင်းဖော်ပြသည်[၁]။ ပဏ္ဍုကာဘယကို မိခင်က ချမ်းသာကြွယ်ဝပြီး ဝေဒကျမ်းများကို တတ်ကျွမ်းသည့် ပဏ္ဍုလအမည်ရသည့် ဗြာဟ္မဏတစ်ယောက်ထံ အပ်နှံခဲ့သည်။ ဘုရင်မင်းတစ်ပါးအတွက် လိုအပ်သည့် ဝိဇ္ဇာသိပ္ပံပညာရပ်များကို သင်ကြားပေးပြီး ရန်သူကို တိုက်ခိုက်ရန် စစ်တပ်တစ်ခု ဖွဲ့နိုင်လောက်သည့် ငွေကြေးကို ပေးအပ်ခဲ့သည်မှာ ယင်း ပဏ္ဍုလ ဗြာဟ္မဏဖြစ်သည်[၂]။ ဇမ္ဗုကောလဆိပ်ကမ်းမှ ဗောဓိကိုင်းကို ဆောင်ယူခဲ့သည့် အစီအစဉ်၌ အနုရာဓပုရမြို့သို့အသွား ဗြာဟ္မဏတိဝက္ကရွာသို့ အဝင်တွင် ရပ်နားခဲ့ရကြောင်း ဖော်ပြသည် (တိဝက္ကဿ ဗြာဟ္မဏဿ ဂါမဒွါရေ)[၃]။

ယင်းရပ်နားမှုကို အမည်နာမထုတ်ဖော်၍ ထင်ရှားစွာ ညွှန်းဆိုပြီး အခြားရပ်နားသည့် ဒေသများကိုမူ အမည်နာမ အထူးထုတ်ဖော်ခြင်းမရှိဘဲ 'အခြားများစွာသော နေရာများ (ဌာနေသု တေသု တေသု စ)'ဟုသာ ဖော်ပြသည်။ ထို့ပြင် ဗြာဟ္မဏတိဝက္ကကို အနုရာဓပုရမြို့ ဗောဓိပင်ပူဇော်ပွဲများသို့ တက်ရောက်သည့် ထင်ရှားသည့် ဧည့်သည်များအနက် အထူးဖော်ပြသည်[၄]။ ဗောဓိကိုင်း ရှစ်ခုအနက် တစ်ခုကို ဤဗြာဟ္မဏရွာ၌ စိုက်ပျိုးခဲ့သည်[၅]။ အခြားမျိုးနွယ်များနှင့် အဓိကကျသည့် ပုဂ္ဂိုလ်များ၏ အလုပ်အကိုင်များကဲ့သို့သော ရနိုင်သည့် ရည်ညွှန်းမှုများကို ဤအခန်း အစပိုင်း၌ ဖော်ပြပြီးဖြစ်သည်။

ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်ကျွန်း၌ တန်ခူး(ဇေဋ္ဌ) လပြည့်နေ့တွင် ကျင်းပသော ထင်ရှားသည့် ပွဲတော်နှစ်ခုရှိသည်[၆]။ တစ်ခုမှာ ရေပွဲ

[၁] မဟာဝံသ ၉း၂။
[၂] ယင်း ၁၀း၁၉-၂၆။
[၃] ယင်း ၁၉း၃၇။
[၄] မဟာဝံသ ၁၉း၅၄။
[၅] ယင်း ၁၉း၆၁။
[၆] ယင်း ၁၉း၁။ မဟာဝံသ-ဋီ၊ စာ - ၃၂၉။

သဘင် (သလိလကိဠိတံ = သင်္ကြန်ပွဲတော် ?) ဖြစ်သည်။ ယင်းပွဲတော်မှာ လူအများအတွက် အဓိက ရည်ရွယ်သည်။ ရသဝါဟိနီကျမ်းတွင်[၁] ဒုဋ္ဌဂါမဏိမင်းလက်ထက်၌ မင်းကြီးကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သည့် တန်ခူးလ၌ကျင်းသည့် ရေပွဲသဘင်အကြောင်း ဖော်ပြသည်။ တန်ခူးလသည် ပူပြင်းရာသီဖြစ်၍ ယင်းလတွင် ရေပွဲသဘင်ကျင်းပမှုကို ကြိုဆိုမည်ဖြစ်သည်။ နောက်ပွဲတော်တစ်ခုမှာ အမဲလိုက်ပွဲဖြစ်ပြီး ယင်းပွဲ၌လည်း ဖော်ပြပြီးအတိုင်း ဘုရင်ကိုယ်တိုင် ပါဝင်သည်။ စိုက်ပျိုးရေးနှင့်ဆက်နွယ်မှုရှိသည့် ပွဲတော်များအကြောင်းကို ဖော်ပြပြီးဖြစ်သည်။

ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်ကျွန်း၌ စာပေရေးရာ လှုပ်ရှားမှု အကြောင်း ဖော်ပြချက် မတွေ့ရသည်သာမက ဘီစီသုံးရာစု မတိုင်မီ ကျောက်စာရေးထိုးမှုများလည်း တစ်စုံတစ်ရာ မတွေ့ရချေ။ သို့တစေ အနည်းဆုံး အုပ်ချုပ်ရေးလူတန်းစားနှင့် ဗြာဟ္မဏများ အတွင်း၌မူ ပညာရေးကို လျစ်လျူရှုထားခြင်းမရှိ။ မြို့တော်အနောက်ဖက်ရှိ ထိုဗြာဟ္မဏ၏ အမည်ဖြင့် ထင်ရှားသည့် ရွာတစ်ရွာတွင် နေထိုင်သည့် ပဏ္ဍုလအမည်ရသည့် ဗြာဟ္မဏထံ ပဏ္ဍုကာဘယမင်း ပညာသင်ယူကြောင်း ဖော်ပြချက်ပါရှိသည်။ ပဏ္ဍုလသည် မိမိ၏သားဖြစ်သူ စန္ဒနှင့် ပဏ္ဍုကာဘယတို့အား အတတ်ပညာများ သင်ပေးရသည်ဟု ဆိုသည်[၂]။ အခြားကျောင်းသားများအကြောင်း ဖော်ပြချက်မပါရှိသဖြင့် ပဏ္ဍုကာဘယအနေဖြင့် ကျောင်းသားခေါင်းဆောင် ဖြစ်လေသလားဟု စဉ်းစားရန်သာ ရှိသည်။

သီဟိုဠ်၌ အခြေချခဲ့ကြသည့် ရှေးဦးအာရိယန် လူများသည် အိန္ဒိယရှိ ၎င်းတို့၏နိုင်ငံမှ အားလုံး အတူတကွ ထွက်လာခဲ့ကြသည် မဟုတ်ချေ။ သီဟိုဠ်သည် ပင်မအိန္ဒိယတိုက်ငယ်အတွင်း ဖြစ်ပေါ်သည့် နိုင်ငံရေး လူမှုရေး စီးပွားရေး သို့မဟုတ် ဘာသာရေးစသော မဟာပြောင်းလဲမှုတိုင်းက သီဟိုဠ်လူမျိုးတို့၏ဘဝကို သိသိသာသာ လွှမ်းမိုးခဲ့သည်ထိ အိန္ဒိယနှင့် နီးစပ်ရင်းနှီးစွာ ဆက်နွယ်မှုရှိသည်။ တလေမန္နာရ (Talaimannar) နှင့် ဓနုသကောဒိ (Dhanuskodi) တို့အကြား ရေအ

[၁] ရသဝါဟိနီ ၂၊ စာ - ၇၃။

[၂] မဟာဝံသ ၁၀း၂၀-၂၃။



နည်းငယ် အကျယ်အဝန်းသာ ခြားထားမှုသည် နှစ်နိုင်ငံအကြား ပုံမှန်ဆက်သွယ်မှုကို အပိတ်အပင်မရှိဘဲ နွေရာင်းခေတ်များတွင် တစ်ခါတစ်ရံ အလိုရမ္မက်ကြီးသည့် အိန္ဒိယတောင်ပိုင်းမှ အုပ်ချုပ်သူများ သီဟိုဠ်ကျွန်းကို ဝင်ရောက်တိုက်ခိုက်မှုများ ရှိသော်လည်း အိန္ဒိယသည် မိခင်မေတ္တာဖြင့် သီဟိုဠ်အား လာရောက်ကူညီရန် အမြဲတမ်း အဆင်သင့်ဖြစ်ခဲ့သည်။

နှစ်နိုင်ငံအကြား ပျူငှာလိုက်လှဲသည့် ဆက်ဆံမှုများမှာ ရှေးအကျဆုံးကာလကပင် တည်ရှိခဲ့သည်။ ဝိဇယမင်း (ဘီစီ ၄၈၃-၄၄၅)နှင့် ၎င်း၏လူများသည် ၎င်းတို့၏ ဇနီးလောင်း သတို့သမီးများကို အိန္ဒိယတောင်ပိုင်း ပဏ္ဍုယနိုင်ငံ မဓုရာမြို့မှ ရရှိခဲ့ကြသည်[၁]။ မဓုရာဘုရင်သည် ၎င်း၏ သားမက်တော် (သီဟိုဠ်ဘုရင်)ထံသို့ အနုသုခုမပညာသည် မိသားစု တစ်သောင်းရှစ်ထောင်အပြင် ဆင် မြင်း ရထားများနှင့် လက်မှု ပညာသည်များကို ပို့ပေးခဲ့ကြောင်း သိရသည်[၂]။ ဝိဇယသည် ၎င်း၏ ယောက္ခမတော်ထံသို့ အဖိုးတန် ပုလဲရတနာများကဲ့သို့သော လက်ဆောင်ပဏ္ဏာများ ပေးပို့ပြီး ခင်မင်ရင်းနှီးမှုကို ထိန်းသိမ်းခဲ့သည်[၃]။ ဝိဇယမင်းကို ဆက်ခံသူ ၎င်း၏တူတော် ပဏ္ဍုဝါသုဒေဝသည် အိန္ဒိယမြောက်ပိုင်းမှ သကျမင်းသမီးကို လက်ထပ်ခဲ့သည်[၄]။ နောက်တွင် ယင်းသမီး၏ မောင်တော်များ သီဟိုဠ်သို့ ရောက်လာကြပြီး ကျွန်းသီဟိုဠ်ရှိ နေရာအသီးသီး၌ အခြေချနေထိုင်ကြသည်[၅]။ ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်၌ ထင်ရှားသည့် အကြီးမြတ်ဆုံးဘုရင် ပဏ္ဍုကာဘယသည် အိန္ဒိယမြောက်ပိုင်းမှ ရောက်လာကြသည့် သကျအနွယ် မင်းသား ခြောက်ယောက်၌ပါဝင်သူ ဒီဃာယု၏ မြေးတော်ဖြစ်သည်[၆]။ သီဟိုဠ်ဘုရင်များ ၎င်းတို့၏ အစဉ်အဆက်ကို ဗုဒ္ဓ၏အနွယ်ဖြစ်သည့် သကျမျိုးနှင့် ဆက်

[၁] မဟာဝံသ ၇း၄၈-၅၈၊ ၆၉-၇၂။

[၂] ယင်း ၇း၅၆-၅၇။

[၃] ယင်း ၇း၇၃။

[၄] ယင်း ၈း၁၈-၂၇။

[၅] ယင်း ၉း၆၀-၁၁။

[၆] ယင်း ၉း၁၃-၂၇။

ဖြစ်သည်မှာ သေချာသည်။ သီဟိုဠ်ဘုရင်ပေးပို့ခဲ့သည့် အဖိုးတန်လက်ဆောင်ပစ္စည်းများအပေါ် ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် အသောကမင်းတရားကြီးက ဒေဝါနံပိတိဿမင်း၏ အဘိသိက်ခံ အစီအရင်ကို ပြင်ဆင်ပေးလျက် မိမိ(အသောကမင်းကြီး)ကိုယ်တိုင် ဗုဒ္ဓဓမ္မသံဃာကို ကိုးကွယ်သကဲ့သို့ သီဟိုဠ်ဘုရင်အား ဗုဒ္ဓဝါဒီတစ် ယောက်ဖြစ်လာရန် တိုက်တွန်းသည့် သတင်းကောင်းကို ပို့လိုက်သောအခါ နှစ်နိုင်ငံ အပြန် အလှန်ရင်းနှီးမှုသည် အထွတ်အထိပ်သို့ ရောက်သွားသည်[၁]။

[၁] မဟာဝံသ ၁၁း၃၄-၃၅၊ ဒီပဝံသ ၁၂း၅-၇။ သို့ရာတွင် ဒီပဝံကျမ်းလာ အသောကမင်းကြီး၏ နောက်မှတ်တမ်း တစ်ခုအရမူ အသောကမင်းကြီးသည် ဒေဝါနံပိယတိဿမင်းကြီးအား ဗုဒ္ဓဝါဒကို လက်ခံရန် တိုက်တွန်းကြောင်း မဖော်ပြပေ။ ယင်းမှတ်တမ်း၌မူ အသောကမင်းကြီးသည် ဒေဝါနံပိယတိဿအား မိမိအနေဖြင့် ဗုဒ္ဓဓမ္မသံဃာအား ဆည်းကပ်ကြောင်းကိုသာ ဆိုကြောင်း ပြဆိုသည် (ဒီပဝံသ ၁၁း၃၅-၃၆)။ ယင်းသည် သွယ်ဝိုက်သောနည်းဖြင့် တိုက်တွန်းခြင်း ဖြစ်နိုင်သည်။

သုတ္တနိပါတ်အဋ္ဌကထာ၌ မဟာဝံသ၌ ဖော်ပြသည်နှင့် အတော်များများ တူညီသည့် ဖော်ပြချက်တစ်ခု ပါရှိသည်။ မြောက်ပိုင်း ကဋ္ဌဝါဟနဘုရင်နှင့် ဗာရာဏသီဘုရင်တို့သည် အသောကမင်းနှင့် ဒေဝါနံပိယတိဿ မင်းတို့ကဲ့သို့ လုံးဝမတွေ့မြင်ဖူးသည့် မိတ်ဆွေရင်း များဖြစ်ကြသည်။ တစ်ခါသော် ကဋ္ဌဝါဟနသည် မိတ်ဆွေ ဗာရာဏသီဘုရင်ထံ အဖိုးမဖြတ်နိုင်သည့် ဝတ်ရုံများကို လက်ဆောင်ပို့ခဲ့သည်။ ဗာရာဏသီဘုရင်သည် ယင်းထက်အဖိုးတန်သည့် လက်ဆောင်ပစ္စည်းကို ရွေးချယ်ရန် ခက်ခဲနေခြင်း၌ **သစ္စာဓမ္မ**ဟူသော လက်ဆောင်ကို ရွေးချယ်ခဲ့သည်။ ထိုအချိန်ကား ကဿပဘုရားရှင် အသက်ထင်ရှား ရှိချိန်ဖြစ်သည်။ ဗာရာဏသီဘုရင်သည် ကဋ္ဌဝါဟနထံ လောက၌ ဗုဒ္ဓဓမ္မနှင့် သံဃာ ပေါ်ထွန်းနေပြီဖြစ်ကြောင်း သတင်းစကားကို ပို့ပေးခဲ့သည်။ ယင်း ဓမ္မလက်ဆောင်ကို ရရှိသောအခါ ကဋ္ဌဝါဟနဘုရင်သည် ဗုဒ္ဓကို သွားရောက် ဖူးမြော်ရန် ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့သော် ၎င်း၏ အမတ်များနှင့် တူတော်က မသွားရောက်ရန် မင်းကြီးအား တားမြစ်လျက် မိမိတို့ကိုယ်တိုင် ဗုဒ္ဓကိုဖူးမြော်ရန် သွားရောက်ခဲ့ကြသည်။ (ဒေဝါနံ ပိယတိဿ၏ တူတော်လည်း ပါဋ္ဌလိပုတ်မြို့တော်သို့ သွားရောက်ခဲ့သည်။) ၎င်းတို့ ဗာရာဏသီသို့ သွားနေချိန်တွင် ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့် ၎င်းတို့ စိတ်မချမ်းမြေ့ဖြစ်ကြသည်။ သို့တစေ ရဟန်းသံဃာ များက ၎င်းတို့အား သရဏဂုံ ဆောက်တည်ရန် အကြံပေးကြသည်။ ဘုရင့် တူတော်ကလွဲ၍ ကျန်ပုဂ္ဂိုလ်အားလုံး ရဟန်းအဖြစ်

ထိုပြင် သီဟိုဠ်ဘုရင်သည် ၎င်း၏မိတ်ဆွေ အိန္ဒိယဧကရာဇ် တိုက်တွန်းသည့်အတိုင်း ဒုတိယအကြိမ် ဘိသိက်ခံအခမ်းအနား ကျင်းပခဲ့သည်။ ယင်းသို့ ဆောင်ရွက်ချက်မှာ ဘုရင်နှစ်ပါး၏ ချစ်ကြည်မှုသင်္ကေတဖြစ်နိုင်သကဲ့သို့ အသောက၏ ကြီးကျယ်ခမ်းနားမှုအောက်သို့ ခိုလှုံခြင်းနှင့် (အသောက၏) သီဟိုဠ်အပေါ် ဩဇာ လွှမ်းမိုးမှုလည်း ဖြစ်နိုင်သည်။ နှစ်နိုင်ငံအကြား ယင်းသို့စတင်ခဲ့သည့် ချစ်ကြည်မှုသည် ဘုရင်အသောကအား ၎င်း၏သားတော် မဟိန္ဒနှင့် သမီးတော် သံဃမိတ္တာအား သီဟိုဠ်၌ ဗုဒ္ဓသာသနာကိုတည်ထောင်ရန် သာသနာပြုများအဖြစ် စေလွှတ်ခဲ့သည်အထိ ဖြစ်သည်[၁]။

---

ခံယူကြသည်။ ဘုရင့်တူတော်သည် ကဿပဗုဒ္ဓ အသုံးပြုတော်မူသည့် ‘ဓမ္မကရဏ’(ရေစစ်တော်)ဟူသော ‘ပရိဘောဂဓာတု’ကို ယူဆောင်သွားပြီး ဓမ္မဝိနယ၌ လိမ္မာကျွမ်းကျင်သည့် ရဟန်းတော်တစ်ပါးသည် တရားဟောကြားသည်။ ကဋ္ဌဝါဟနမင်းသည် မထေရ်မြတ်ထံ သွားရောက် ဖူးမြော်ပြီး တရားကို နာကြားလျက် ကျောင်းတိုက်တစ်ခုနှင့် စေတီတစ်ဆူ တည်ဆောက်ပြီး ဗောဓိပင်တစ်ပင် စိုက်ပျိုးပြီးနောက် သရဏဂုံနှင့် ငါးပါးရှစ်ပါးသီလ ဆောက်တည်ကြသည်။ အလှူဒါနပြုကြလျက် သေလွန်သောအခါ နတ်ပြည်လောက၌ ပြန်လည် မွေးဖွားကြသည် (သုတ္တိနိ-၃၊ ၄၆၉)။

[၁] နှစ်နိုင်ငံအကြား မကြာခဏ ကူးလူးဆက်ဆံမှုသည် အိန္ဒိယနှင့် သီဟိုဠ်နိုင်ငံတို့သည် အစောဆုံး ဘီစီသုံးရာစုကပင် ပင်လယ်ရေကြောင်း ဆက်ဆံမှုများ ရှိခဲ့ကြောင်း အဓိပ္ပာယ်ကောက်ယူရန် ကြောင်းကျိုးလျော်ကန်ကြောင်း ဖော်ပြသည်။

စိတ္တာနှင့် ကာဠဝေလ ဘီလူးနှစ်ယောက်ပင် ဖြစ်သည်။

ဤဖြစ်ရပ်က စိတ္တာနှင့် ကာဠဝေလ ဘီလူးနှစ်ယောက်မှာ ဌာနေ သို့မဟုတ် ဝါဒ္ဒါလူမျိုး ခေါင်းဆောင် နှစ်ယောက်လည်း မဟုတ်၊ အမှန်သော် ပဏ္ဍုကာဘယကိုယ်တိုင် သိသူများပင်မဟုတ်ဘဲ အစွဲအလမ်းကြောင့် ယနေ့တိုင် တည်ရှိနေသည့် ဘီလူးနှင့် ဝိညာဉ်သတ္တဝါများကဲ့သို့ လူအများ၏ စိတ်အာရုံတွင် တည်ရှိနေသည့် သေသူများ၏ ဝိညာဉ်သတ္တဝါများ ဖြစ်ကြသည်။

ယက္ခ(ဘီလူး)သတ္တဝါ အစွဲအလမ်းနှင့်အတူ ရှေးဦးနေထိုင်သူတို့၏ အခြားယဉ်ကျေးမှုများကဲ့သို့ ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်၌ ထင်ရှားခဲ့ခဲ့သော ဘိုးဘွားဘီဘင်တို့ကို ကိုးကွယ်မှု သို့မဟုတ် သေသွားသူတို့၏ ဝိညာဉ်များကို အရိုအသေပေးမှု အကြောင်းကို ဆွေးနွေးရန် လိုအပ်သည်[၁]။ ပဏ္ဍုကာဘယနှင့် ထိုခေတ် ပြည်သူတို့သည် သစ္စာတည်တံ့ပြီး မိမိတို့ ချစ်မြတ်နိုးသူများ သေလွန်ပြီးနောက် ယက္ခများအဖြစ် ပြန်လည်မွေးဖွားပြီး ဘဝဟောင်းမှ မိတ်ဆွေများနှင့် ခေါင်းဆောင်များအား ဆက်လက် စောင့်ရှောက်သည်ဟူသော ယုံကြည်မှု ရှိခဲ့ပုံရသည်။ စိတ္တာနှင့် ကာဠဝေလတို့နှစ်ယောက်မှာ ယင်းသို့သော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထို့အတူ ပဏ္ဍုကာဘယမိသားစု၏ သစ္စာစောင့်သိသော ကျေးကျွန်အမျိုးသမီးဖြစ်ခဲ့သူ စိတ္တာသည် ယက္ခိနီ(ဘီလူးမ)အဖြစ် ပြန်လည်မွေးဖွားသည်။ ပဏ္ဍုကာဘယသည် ဘဝဟောင်း(လူဖြစ်စဉ်)က ကျေးဇူးရှိခဲ့ဖူးသောကြောင့် မြို့တော်တောင်ဖက်ဂိတ်တွင် ယင်း ဘီလူးမအတွက် နေထိုင်စရာအိမ် ဆောက်လုပ်ပေးကြောင်း သိရသည်[၂]။

---

[၁] Encyclopaedia of Religion and Ethics မှ Ancestor Worship and Cult of the Dead ကိုလည်း ရှုပါ။

[၂] မဟာဝံသ ၁၀း၈၅။ ယက္ခဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ လေးစားထိုက်ပြီး ဒေဝ (နတ်)တို့လောက် အဆင့်မမြင့်သည့် လူသားလွန် (ကမ္မဇိဒ္ဓိတန်ခိုးရှိသည့်) သတ္တဝါဖြစ်သည်။ စောစောပိုင်း ပါဠိစာပေတွင် ယက္ခဟူသော ဝေါဟာရသည် ဗုဒ္ဓဟူသောအဓိပ္ပာယ် (မ ၂၊ ၄၉)၊ နတ်တို့ဘုရင် သက္က(သိကြား)မင်း (မ ၁၊ ၂၅၆။ ဒီ ၂၊ ၂၀၈)နှင့် အခြားနတ်ဒေဝါတို့ကိုလည်း (ဒီ ၂၊ ၂၀၅) ရည်ညွှန်းသည်။ ဗုဒ္ဓအား ကြည်ညိုသူ ဘုရင် ဗိမ္ဗိသာရသည် ဇနဝသဘယက္ခအမည်ဖြင့် မွေးဖွားခဲ့သည်(ဒီ ၂၊ ၁၆၆)။ အဓိပ္ပာယ် ဆွဲသုံးသည့်အနေဖြင့် ဗုဒ္ဓဝါဒမတိုင်မီ

## အခန်း ၃
## ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်နိုင်ငံ
## (၂) ဘာသာရေးအခြေအနေ

ဘီစီ သုံးရာစု ဗုဒ္ဓဝါဒ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓမရောက်လာမီ[၁] ကျွန်းသီဟိုဠ်၌ စနစ်တကျ ဖွဲ့စည်းထားသည့် အမျိုးသား သို့မဟုတ် နိုင်ငံတော်ဘာသာတရား မရှိသေးသည်မှာ ထင်ရှားသည်။ တရုတ်ဘုရားဖူးခရီးသည် ဟူယင်ဆန် (Hiuen Tsiang)၏ အလိုအရသော် 'ရှေးခေတ်သီဟိုဠ်နိုင်ငံသည် ကိုယ်ကျင့်သီလမကောင်းသည့် ဘာသာတရားကို စွဲလန်းခဲ့၏'[၂] ဟုဖြစ်သည်။ ရာဇဝင်ကျမ်းကို အသေအချာ လေ့လာပါက ယင်းကိုးကွယ်မှုများမှာ ရှေးဦးလူတို့၏ သဘာဝတရားနှင့် တိရစ္ဆာန်ကိုးကွယ်မှုဆိုင်ရာ အယူသည်းမှုများဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

ဝိဇယမင်းအကြောင်း၌ ယက္ခ(ဘီလူး) ယက္ခိနီ(ဘီလူးမ)များကဲ့သို့သော ဝိညာဉ်လောကသားများအကြောင်း ဖော်ပြချက်များတွေ့ရသော်လည်း ဘီစီလေးရာစု ပဏ္ဍုကာဘယမင်းခေတ်သို့ ရောက်သည့်တိုင်မည်သည့်ကိုးကွယ်မှု သို့မဟုတ် အစွန်းရောက်မှုပုံစံကိုမျှ ဖော်ပြထားခြင်းမရှိချေ။ ရာဇဝင်ကျမ်းများတွင် တွေ့ရသည့် ပဏ္ဍုကာဘယ၏ လုပ်ဆောင်ချက်များစွာတွင် ထိုအချိန်က ခေတ်စားနေသည့် ကိုးကွယ်မှုပုံစံများနှင့်ပတ်သက်သည့် ယူဆချက်အချို့ ရနိုင်သည်။ ပဏ္ဍုကာဘ

---

[၁] ဤအခန်း၌ ရည်ညွှန်းထားသည့် JRAS (CB) တွင် အက်စ် ပရနဝိတန (S. Paranavitana) ရေးသားသည့် အဖိုးတန်သည့် *Pre-Buddhist Religious Beliefs in Ceylon* ဟူသော စာတမ်းကို ကြည့်ပါ။

[၂] Hiuen Tsiang : Bk. XI, p. 246. (သို့ရာတွင် မှတ်တမ်းရေးသူ ဟူယင်ဆန်သည် သီဟိုဠ်ကျွန်းသို့ ရောက်ဖူးခဲ့ခြင်း မရှိချေ။)

ယသည် ရှေးခေတ် အိန္ဒိယနှင့် သီဟိုဠ်ဘုရင်များ၏ ထုံးတမ်းစဉ်လာများကို လိုက်နာပြီး မိမိခေတ်တွင် ထင်ရှားသည့် အစွန်းရောက် ဂိုဏ်းများနှင့် ဘာသာတရားများကို တန်းတူ လွတ်လပ်မှုနှင့် စိုးမိုးအုပ်ချုပ်ခြင်းများဖြင့် ဦးဆောင်ခဲ့ရဖွယ်ရှိသည်။ သို့ရာတွင် ၎င်း၏ကိုယ်ပိုင် ယုံကြည်မှု ဘာဖြစ်သည်ဟူသောအချက်မှာ မသိရဘဲရှိသည်။ ၎င်းအနေဖြင့် မည်သည့်ကိုးကွယ်မှု ပုံစံကိုမျှ စိတ်တိမ်းညွတ်ခြင်းမရှိဘဲ ဤယုံကြည်ချက်တစ်ခု ကောင်းသကဲ့သို့ အခြားတစ်ခုလည်း ကောင်းသည်ဟုပင် ယူဆခဲ့ဖွယ်ရှိသည်။

ဘီလူးများကို ကိုးကွယ်မှုမှာ ထင်ရှားပြီး ထိုအချိန်က လွှမ်းမိုးနေသည့် ယုံကြည်စွဲလမ်းမှုတစ်ခု ဖြစ်နေပုံရသည်။ နန်းတက်ပြီးနောက်များမကြာမီတွင် ပဏ္ဍုကာဘယသည် မြို့တော်အရှေ့ဖက်၌ ကာဠဝေလ ဘီလူးနှင့် အဘယရေကန်[၁] အနိမ့်ပိုင်း ထောင့်စွန်းရှိ စိတ္တရာဇဘီလူးကို နှိမ်နင်းအောင်မြင်ခဲ့ရကြောင်း ဆိုထားသည်[၁]။ ဟင်နရီပါကာ (Henry Parker)က ယင်းဘီလူးနှစ်ယောက်မှာ ဝါဒ္ဒါ (vāddā) လူမျိုးတို့၏ ထင်ရှားသည့် ခေါင်းဆောင်များဖြစ်ပြီး 'နိုင်ငံရေးနားလည်သည့်ဘုရင် (ပဏ္ဍုကာဘယ)သည် ယင်းဘီလူးနှစ်ယောက်တို့၏ အရှိန်အဝါသြဇာကြောင့် မိမိ၏အောင်နိုင်မှုကို မလွဲမသွေ အသိအမှတ်ပြုရမည်ကို သိရှိခဲ့ကြောင်း' ယူဆခဲ့သည်။ 'ဤကိစ္စနှင့်ပတ်သက်၍ ၎င်း (ပဏ္ဍုကာဘယ)၏ နိုင်ငံရေး အမြော်အမြင်ရှိမှုသည် နိုင်ငံတော်အား နှစ်ပေါင်းများစွာ ကြာသည်ထိ သွေးချောင်းစီးမှု မလုံခြုံမှုတို့မှ ကယ်တင်ခဲ့သည်မှာ ယုံမှားဖွယ်မရှိဘဲ ဝါဒ္ဒါလူမျိုးတို့အား မိမိ၏လုပ်ဆောင်မှုများကို နှစ်သက်သည့် ငြိမ်းချမ်းသည့် ဌာနေများအဖြစ် ပြောင်းလဲပစ်နိုင်ခဲ့၏'[၁] ဟု ၎င်း (ဟင်နရီပါကာ)က တင်ပြခဲ့သည်။ ဤသည်မှာ သီဟိုဠ်ကျွန်းသို့ အာရိယန်လူမျိုးတို့ ဝင်ရောက်မလာမီ နေထိုင်ခဲ့ကြသော ရှေးဦးလူမျိုးများအဖြစ် ရာဇဝင်ကျမ်းများ၌ ရည်ညွှန်းခဲ့သည့် ယက္ခ(ဘီလူး)များအား ပဏ္ဍုကာဘယ၏ လိမ္မာပါးနပ်စွာ ဖြေရှင်းတတ်ပုံ အကြောင်းယုတ္တိအတွက် နမူနာတစ်ခု ဖြစ်သည်။

သို့တစေ ဖော်ပြပါ အချက်အလက်များနှင့် ပတ်သက်၍ ရှောင်ဖယ်ဖယ်လုပ်ရန် အကြောင်း မရှိချေ။ ဥမ္မာဒစိတ္တာ မင်းသမီးအား သစ္စာဖောက်လုပ်ကြံသတ်ဖြတ်မည့် အကြံအစည်ကို သဘောတူလက်ခံမည် မဟုတ်သောကြောင့် မင်းသမီး၏ လူယုံကျေးကျွန်များ ဖြစ်ကြသည့် စိတ္တနှင့် ကာဠဝေလတို့ကို မောင်တော် မင်းသားများက သတ်ပစ်ခဲ့ကြောင်းနှင့် ယင်းကျွန်များသည် ယက္ခများအဖြစ် ပြန်လည် မွေးဖွားပြီး ပဏ္ဍုကာဘယ မင်းသားဖြစ်လာမည့် သူငယ်ကို မိခင်ဝမ်း၌ ရှိစဉ်ကပင် စောင့်ရှောက်ခဲ့ကြောင်း မဟာဝံသကျမ်း၌ အတိအကျဆိုသည်[၁]။ ဝံပုလွေရိုင်း အသွင်ကိုပြပြီး ဦးလေးတော်များ၏ အာရုံ စူးစိုက်မှုကို ပြောင်းပစ်ခြင်းဖြင့် ကျွန်မိန်းမငယ်အား မင်းသားသူ ငယ်ကို ထည့်ထားသည့် တောင်းဖြင့် ထွက်ပြေးခွင့်ရအောင် ဖန်တီးပေးလျက် ဦးလေးတော်များ၏ ရက်စက်သည့်လက်မှ ကယ်တင်ခဲ့သည်မှာလည်း စိတ္တနှင့် ကာဠဝေလ ဘီလူးနှစ်ယောက်ပင် ဖြစ်သည်[၂]။

---

[၁] ကာဠဝေလ နတ်ကွန်းသည် အနည်းဆုံး အေဒီလေးရာစုအထိ တည်ရှိခဲ့သည်။ မဟာသေနမင်းသည် ယင်းကာဠဝေလနတ်ကွန်းနေရာ၌ စေတီတစ် ဆူတည်ခဲ့ကြောင်း အဆိုရှိသည်။ ကာဠဝေလဂေဟာဿ ဌာနေ ထူပံ စ ကာရေသိ (မဟာဝံသ ၃၇း၄၄)။

ဝေသာလီမြို့ရှိ ဥဒေန၊ ဂေါတမက၊ သတ္တမ္ဗ၊ ဗဟုပုတ္တ၊ သာရန္ဒဒနှင့် စာပါလ (ဒီ ၂၊ ၉၈)စေတီများကဲ့သို့ ဘောဂဂါမ ရှိ အာနန္ဒစေတီ (ဒီ ၂၊ ၇၈)နှင့် အာဠဝီရှိ အဂ္ဂါဠဝစေတီ (သုတ္တနိ-ဌ၂၊ ၇၈)များမှာ မူလက ယက္ခ (ဘီလူး)အမျိုးမျိုး၏ နတ်ကွန်းများဖြစ်ပြီး နောင်အခါ ယင်းတို့၏ အမည်ဖြင့် ယင်းနတ်ကွန်းများကို အမည်မှည့်ခေါ်ကြသည်။ သို့တစေ ဗုဒ္ဓပွင့်တော်မူပြီးနောက်တွင် ယင်းနတ်ကွန်းများနေရာများ၌ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများ သီတင်းသုံးမည့် ဝိဟာရ (ကျောင်းတိုက်)များ တည်ဆောက်ခဲ့ကြပြီး မူလနာမည်များအတိုင်းပင် ခေါ်ဝေါ်ခဲ့ကြသည် (သုတ္တနိ-ဌ ၂၊ ၇၈။ အံ-ဌ ၂။ ၁၅၁။ ဒီ-ဌ ၂၊ ၁၁၁)။ ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင်ပင် အိန္ဒိယနိုင်ငံတစ်လွှား ပျံ့ကြဲနေသည့် စေတီများကို ယေဘုယျအားဖြင့် ရည်ညွှန်းတော်မူခဲ့သည် (မ ၁၊ ၂၅။ ဓမ္မပဒ၊ အခန်း ၁၄၊ ၁၀ ဂါထာ)။ ထုံးစံအားဖြင့် စေတီယ (စေတီ)များမှာ နတ်များနှင့် ယက္ခများနေထိုင်သည့် နေရာများအဖြစ်ယူဆကြပြီး လူအများသည် မိမိတို့၏ အခက်အခဲများအတွက် ကူညီမစစေရန် ယင်းနတ်ကွန်းများ၌ ပူဇော်ပသခဲ့ကြသည်။

[၂] *Ancient Ceylon*, p. 26.

[၁] မဟာဝံသ ၉း၂၂-၂၃။

[၂] မဟာဝံသ ၁၀း၁-၅။

၎င်း၏ ယုံကြည်ချက်အရ ၎င်းအပေါ် ကျေးဇူးရှိပြီး ကူညီခဲ့ကြသော ယက္ခနှင့် ယက္ခိနီများအတွက် နတ်ကွန်း သို့မဟုတ် စေတိယများ ဆောက်လုပ်ပေးသည်ဟုသာ ဆိုလိုသည်။

မဟာဝံသကျမ်း၌[၁] 'ပွဲတော် နေ့များ၌ ပဏ္ဍုကာဘယသည် စိတ္တရာဇနှင့်အတူ ထိုင်ခုံတစ်ခုံတည်းတွင် ထိုင်ပြီး လူများကိုရော နတ်များကိုပါ မိမိရှေ့၌ ကခုန်စေလျက် ပျော်ရွှင် ခံစား၏'ဟု ဆိုသည်။ ထို့ပြင် မဟာဝံသကျမ်း၌[၂]ပင် ပကတိမျက်စိဖြင့် မြင်ရသည့် ကာဠဝေလနှင့် စိတ္တရာဇတို့နှင့် (ကာဠဝေလ စိတ္တေဟိ ဒိဿမာနေဟိ) အတူ မင်းကြီးသည် ယက္ခ ဘူတတို့နှင့် (ယက္ခဘူတ သဟာယ ဝါ) မိတ်ဆွေ ဖြစ်လျက် စည်းစိမ်ကို မျှဝေခံစားကြောင်းလည်း ပြဆိုသည်။

အထက်ပါ ကဗျာဆန်ဆန် ဖော်ပြချက်များမှ ယက္ခတို့သည် လူတို့မြင်နိုင်သည့် ပုံစံဖြင့်ပေါ်လာခြင်းနှင့် ပဏ္ဍုကာဘယသည် လူထုရှေ့မှောက်၌ ၎င်းတို့နှင့် အတူထိုင်သည်ဟူသော အချက်ကို နားလည်ရန် မလိုတော့ချေ။ ပါကာ(Parker)က ပကတိမျက်စိဖြင့် မြင်နိုင်သည့် ကာဠဝေလနှင့်စိတ္တဟူသော စကားလုံးများဖြင့် 'လေးစားထိုက်သည့် အေဒီငါးရာစု သမိုင်းပညာရှင်၏ လက်ကို ထုတ်ဖော်ပြသ၏'ဟု ယူဆသည်[၃]။ နောက်ဖြစ်နိုင်ဖွယ်ရှိသည့် ရှင်းပြမှုတစ်ခုမှာ မိမိ၏ ကြီးကျယ်ခမ်းနားမှုကို အထူးပြုဖော်ပြရန် ပဏ္ဍုကာဘယသည် ယင်းယက္ခတို့၏ ရုပ်တုများကို မိမိနှင့်အဆင့်တူ ထိုင်ခုံဘေး၌ ချထားဖွယ်ရှိ၏ဟု ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့ အနေဖြင့် 'အတုခိုး မျက်လှည့် (Imitative magic)'အဖြစ် ထင်ရှားသည့် ရှေးဦးလူသားတို့၏ အတွေးအမြင် တစ်ရပ်ကို ထည့်သွင်း စဉ်းစားခဲ့လျှင် ပဏ္ဍုကာဘယ၏ ယင်းအပြုအမူကို လွယ်ကူစွာ နှစ်သက်လက်ခံနိုင်သည်။ 'ယင်းသို့ ပြုလုပ်ချက်၏ နောက်ကွယ်တွင် တိမ်မြုပ်နေပြီး ကျယ်ပြန့်သည့် အဆင့်အတန်းတစ်ခုကို ဖြစ်ပေါ်စေသောအဓိပ္ပာယ်မှာ အကယ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဆန္ဒ

[၁] မဟာဝံသ ၁၀း၈၇-၈၈ ဂါထာ။
[၂] ယင်း ၁၀း၁၀၄။
[၃] *Anchent Ceylon* p. 26 n. 1.



ဖော်ပြပါ အချက်များသည် သေသူများအနေဖြင့် ရံဖန်ရံခါ ယက္ခ သို့မဟုတ် ယက္ခိနီများအဖြစ် ပြန်လည် မွေးဖွားပြီး ၎င်းတို့သည် မိမိ ချစ်နှစ်သက်သူများ လိုအပ်ချိန်တွင် အကူအညီပေးရန် လာရောက်ကြသည်ဟူသော ယုံကြည်မှုတစ်ရပ်ရှိခဲ့ကြောင်း ဖော်ပြသည်။ ယင်းယုံကြည်မှုမျိုးသည် ရှေးခေတ်အိန္ဒိယတွင် ဗုဒ္ဓမတိုင်မီကရော ဗုဒ္ဓပွင့်ပေါ်ပြီးနောက်မှပါ ထင်ရှားရှိခဲ့သည်[၁]။ အရှင်မဟိန္ဒသည် သီဟိုဠ်သို့ရောက်ပြီးနောက် ဒုတိယနေ့တွင် သေသူများ၏ ဝိညာဉ်လောကနှင့် ပတ်သက်သည့် ဗုဒ္ဓစာပေကျမ်းဂန် နှစ်ခုဖြစ်သည့် **ပေတဝတ္ထု**နှင့် **ဝိမာနဝတ္ထု**ပါဠိတော်များကို ဟောကြားကြောင်း သိရသည်[၂]။ ယင်းသည် အရှင်မဟိန္ဒအနေဖြင့် သီဟိုဠ်ကျွန်း သာသနာပြုလုပ်ငန်း၏ ပဏာမအဆင့်တွင် ဒေသခံများအနေဖြင့် အရှင်မြတ်၏တရားကို လွယ်လွယ်ကူကူ နားလည်ပြီး နှစ်သက်စေမည့် တရားဒေသနာတစ်ခုမှ တစ်ဆင့် ၎င်းတို့၏ စိတ်အာရုံကို အသုံးချခြင်းဖြင့် ဒေသခံတို့၏ နှလုံးသားကို ရယူနိုင်ရန် ခြင်ဆင်မိခဲ့ဖွယ်ရှိကြောင်း ယူဆနိုင်သည်။

သီဟိုဠ်၌ ရှေးဦး နေထိုင်ခဲ့ကြသည့် လူမျိုးစု အချို့ကိုလည်း ယက္ခဟု သုံးစွဲခဲ့သည်မှာ ဖြစ်နိုင်ဖွယ်ရှိသည်။ သို့ဖြစ်မူ ယင်းသီဟိုဠ် ဌာနေလူမျိုးများအား ၎င်းတို့သေလွန်ပြီးနောက် လူသားမဟုတ်သည့် ယက္ခ(ဘီလူး)များအဖြစ် ပြန်လည်မွေးဖွားသော ဆင်းသက် လူမျိုးများအဖြစ် မှတ်ယူနိုင်ရာသည်။ ယက္ခများကို ကိုးကွယ်ခဲ့ကြပြီး ယက္ခတို့အား ယဇ်ပူဇော်မှု များလည်း ပြုလုပ်ခဲ့ကြဖွယ်ရှိသည်။ ယင်းသို့ဖြင့် ယက္ခကို ကိုးကွယ်သူများအားလည်း ကိုးကွယ်ခံယက္ခတို့၏ အမည်ကိုယူ၍ ယက္ခလူမျိုးဟု ခေါ်ဝေါ်လာခဲ့ပုံရသည်။ ကာလရွေ့သောအခါ အမည်နာမသည်သာမက ၎င်းတို့၏ တန်ခိုး ဣဒ္ဓိပါဒ်လည်း ပြောင်းလဲသွားသည်(ဟုမှန်းဆနိုင်ရာသည်)။ ရိဂ်ဝေဒ (Ṛgve-da) ကျမ်းလာ **ဒါသ** ဟူသောဝေါဟာရသည် အာရိယန်လူမျိုး မဟုတ်သူ ဌာနေများ၊ နတ်ဆိုးများ၊ ရက္ခသများ ဟူသော အဓိပ္ပာယ်များဖြင့် သုံးနှုန်းမှုများ နှင့် နှိုင်းယှဉ်ကြည့်ပါ (*History of Indian Literature* by M. Winternix, I, p. 78)။ *University of Ceylon Review* Vol. I, No. 2 (November, 1943) တွင် O.H. de A. Wijeaekera ရေးသားသည့် *The Philosophical Impart of Vedic Yaksa and Pali Yakkha* (p. 23-24) ကိုလည်း ရှုပါ။

[၁] ဇာတ်တော်အမှတ် ၅၁၂၊ ၅၄၄ နှင့် ၅၄၅ တို့ကို ရှုပါ။
[၂] မဟာဝံသ ၁၄း၅၈။ ဝိ-၄ ၁၊ ၄၇။

ကွယ်လွန်သူများကို ကိုးကွယ်မှုသည် 'လူသားတို့ ကိုးကွယ်သည့် ဘာသာတရား မျိုးကွဲကြီးများအနက် တစ်ခုဖြစ်၏။ ကိုးကွယ်သူများ သည် သက်ရှိလူသားတို့၏ လူမှုရေးဆက်ဆံမှုများကို ရိုးရှင်းစွာ သိမ်း ဆည်းထားကြောင့် ယင်းကိုးကွယ်မှု၏ အခြေခံများကို နားလည်ရန် မ ခက်ခဲပေ။ ကွယ်လွန်သူ ဆွေမျိုးသည် နတ်ဒေဝါ ဖြစ်သွားပြီး မိမိ၏ မိ သားစုကို ဆက်လက်စောင့်ရှောက်ရုံဖြစ်ပြီး ဘဝဟောင်းကကဲ့သို့ ဆွေ မျိုးများထံမှ စားဝတ်နေရေးမှုကို ရရှိခြင်း၌ ကွယ်လွန်သူ ခေါင်းဆောင် သည် ၎င်း၏အမျိုးကို စောင့်ရှောက်ဆဲဖြစ်လျက် မိတ်ဆွေများကို ကူ ညီခြင်း ရန်သူများကို နှိမ်နင်းခြင်းများဖြင့် မိမိ၏အရှိန်အဝါကို ရယူ ထားဆဲဖြစ်သည်သာမက အမှန်ကို ပေးအပ်ပြီး အမှားကို ပြစ်ဒဏ် ခတ်ဆဲဖြစ်၏'[၁]။ ယင်းယုံကြည်မှုသည် သီဟိုဠ်၌ **ဗဏ္ဍာရ** အစွဲအလမ်း (Baṇḍāra-cult)ဟု ယနေ့ခေတ်တိုင် တည်ရှိဖြစ်သည်။ ယင်းစွဲလမ်းမှု မှာ ယနေ့တိုင် သီဟိုဠ်ကျွန်း အချို့ဒေသများ၌ ပြုလုပ်ဆဲဖြစ်သည့် ကွယ်လွန်ပြီး ခေါင်းဆောင်များနှင့် ထင်ရှားသည့် ဆွေမျိုးများကို ရို သေကိုးကွယ်ခြင်း ဖြစ်သည်။ မိန္နေရိယ အရပ်ရှိ ဧရာမကန်ကြီးကို တည်ဆောက်ခဲ့သူ မဟာသေန(အေဒီ ၄ ရာစု)မင်းနတ်အား ကိုးကွယ် သည့် မိန္နေရိယဒေယျော (Minnĕriya-Deyyo) ကိုးကွယ်မှုကို နမူနာ အဖြစ် ဖော်ပြနိုင်ရာသည်။ ကျေးလက်လူတို့သည် သေသူအချို့မှာ ဂေဝလယက္ခ (gevala-yakās = အိမ်နေနတ်)များအဖြစ် ပြန်လည်မွေး ဖွားသည်ဟု ယုံကြည်ကြပြီး ၎င်းနတ်တို့သည် ၎င်းတို့၏ စိတ်နေစိတ် ထားအလိုက် စေတနာကောင်း သို့မဟုတ် ဆိုးနိုင်ကြသည်။ ယက္ခ (yakkha) မှ ဆင်းသက်လာသည့် သီဟိုဠ်ဝေါဟာရ ယကာ (yakā)ကို ဝါဒ္ဒါ (Vāddās) လူမျိုးများ အတွင်းမှာပင် အကျိုးပြုသူဖြစ်စေ မပြုသူ ဖြစ်စေ ပုရိသနတ်များအားလုံးကို ရည်ညွှန်းသည်[၂]။ ယနေ့တိုင်ပင် ကျေးလက်ရွာသားအချို့ တဲငယ်များဆောက်ပြီး ထိုနေရာတွင် သေသူ များ(ဝင်စားသည့်)နတ်များအား ပူဇော်ပသမှုမှာ ထင်ရှားဆဲ ဖြစ်သည်။

သို့ဖြစ်၍ စိတ္တရာဇနှင့် ကာဠဝေလတို့မှာ ဌာနေဝါဒ္ဒါလူမျိုးခေါင်း

[၁] *Encyclopaedia of Religion and Ethics*, Vol I, p. 425.

[၂] Parker : *op. cit.* p. 134.



ဆောင်မဟုတ်ဘဲ ကွယ်လွန်သူနတ်များကို အရိုအသေပြုခြင်းဖြင့် ထို အချိန်က ထင်ရှားသည့် ယုံကြည်မှုနောက်သို့ လိုက်ခဲ့ခြင်းသာ ဖြစ် ကြောင်း ယူဆပါက မှန်ကန်ဖွယ်ရှိသည်။

အထက်တွင် တွေ့ရသည့်အတိုင်း ပဏ္ဍုကာဘယသည် စိတ္တရာဇ၊ ကာဠဝေလ ယက္ခနှစ်ယောက်နှင့် ယခင်ဘဝက ၎င်းမိခင်၏ အလုပ် အကျွေးဖြစ်ခဲ့သူ စိတ္တာယက္ခိနီအားလည်း နေထိုင်စရာများပေးခဲ့သည်။ ထိုယက္ခများအပြင် ပဏ္ဍုကာဘယသည် ဝလဝါမုခီ (Valavā-mukhī) ယက္ခိနီအားလည်း နန်းတော်ပရိဝုဏ်အတွင်း နတ်ကွန်း ဆောက်လုပ် ပေးပြီး ယင်းယက္ခတို့အား နှစ်စဉ် ပူဇော်ပသမှုများပြုခဲ့ကြောင်း အရိပ် အယောင်လည်း တွေ့ရသည်[၁]။ ဝလဝါမုခီ ဟူသည် မြင်းမပုံအသွင်ဖြင့် ယူဆထားသည့် စေတိယာ အမည်ရှိသော ယက္ခိနီ၏ ဘွဲ့အမည်ဖြစ် သည်။ ပဏ္ဍုကာဘယသည် ယင်းမြင်းမကို ဖမ်းယူရရှိခဲ့ပြီး ထိန်း သိမ်းထားခဲ့သည်။ မြင်းမသည် ပဏ္ဍုကာဘယ၏ ဦးလေးတော်များကို တိုက်ခိုက်သည့် စစ်ပွဲများတွင် အလွန် အကူအညီပေးခဲ့သည်[၂]။ သို့ဖြစ် ၍လည်း ပဏ္ဍုကာဘယသည် မြင်းမကို အထူးကျေးဇူးတင်လေးစားပြီး နန်းတော်ဝင်းအတွင်း နေထိုင်စရာ ဆောက်လုပ်ပေးခြင်းဖြစ်သည်[၃]။

သို့ဖြင့် ပဏ္ဍုကာဘယသည် နေရာဒေသအသီးသီး၌ ယက္ခများ နှင့် ယက္ခိနီများကို အတည်တကျဖြစ်စေသည်ဟူသော မဟာဝံသဖော် ပြချက်မှာ ယနေ့ခေတ် သီဟိုဠ်လူမျိုးတို့ ဒေဝါလယ သို့မဟုတ် နတ် ကွန်းများ ဆောက်လုပ်ပြီး နတ်မျိုးစုံအား ပူဇော်ပသမှု ပြုကြသကဲ့သို့

[၁] မဟာဝံသ ၁၀း၈၆။

[၂] ယင်း ၁၀း၅၃။

[၃] ကုရုဓမ္မဇာတ်တော် (ဇာတ်တော်အမှတ် ၂၇၆)လာ စိတ္တရာဇနှင့် မဟာဝံသလာ စိတ္တရာဇတို့ကို နှိုင်းယှဉ်လေ့လာပါက စိတ်ဝင်စားဖွယ်ကောင်းသည်။ စိတ္တရာဇ ယက္ခသည် ရှေးခေတ် အိန္ဒိယရှိ ထင်ရှားသော ယုံကြည်စွဲလမ်းသည့် အရာဝတ္ထု (ဇာတကအမှတ်၊ ၂၇၆) ဖြစ်သည်။ ထို့ပြင် ပဒမာဏဝ ဇာတ်တော် (ဇာတ်တော် အမှတ်၊ ၄၃၂)လာ အဿမုခီ ယက္ခိနီနှင့် မဟာဝံသလာ ဝလဝါမုခီ ယက္ခိနီ တို့ကိုလည်း နှိုင်းယှဉ်ပါ။ ထို့အတူပင် ယင်းဇာတ်တော်ကို မဟာဝံသလာ သီဟဗာဟုဖြစ်ရပ်နှင့်လည်း နှိုင်းယှဉ်ကြည့်ပါ။ (G.C. Mendis ၏ *The vijaya Legend*, Paranvitana Felicitation Volume, p. 263 ကိုလည်း ရှုပါ။

သို့တစေ အနည်းဆုံး အေဒီ ၁၀ ရာစု ဗုဒ္ဓဝါဒီများက အရှင်မဟိန္ဒသည် တိဿရေကန်တွင် နေထိုင်သည့် ရက္ခသတစ်ယောက်ကို ဗုဒ္ဓဝါဒသို့ သွတ်သွင်းခဲ့ကြောင်း ယုံကြည်ကြသည်။ ဤရက္ခသသည် ဗုဒ္ဓဝါဒီ ဖြစ်သွားပြီးနောက် ဗုဒ္ဓဝါဒနှင့် လောကကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြောင်း ဆိုထားသော်လည်း ယင်းရက္ခသ၏ ဘဝအကြောင်း ဘာမျှမသိရချေ[၁]။

သမန္တကူဋ (Adam's Peak)တွင်နေသည့် နတ်သည်လည်း ဗုဒ္ဓဝါဒမတိုင်မီ နတ်တစ်ယောက် ဖြစ်သည်။ ဤနတ်သည် မူလဘူတအားဖြင့် ယက္ခဖြစ်ဖွယ်ရှိပြီး ဗုဒ္ဓရှင်တော်မြတ် သီဟိုဠ်သို့ ပထမအကြိမ် ကြွရောက်တော်မူစဉ်အတွင်း ဗုဒ္ဓရှင်တော်မြတ်က ၎င်းအား ဗုဒ္ဓအဖြစ်သို့ သွတ်သွင်းပြီးနောက် ၎င်း၏အဆင့်အတန်း နတ်ဒေဝါ အဖြစ်သို့ မြှင့်တင်ခဲ့ပုံရသည်။ အာဋ္ဌာနာဋိယသုတ်၌ သုမနဟုခေါ်သည့် ယက္ခတစ်ယောက် ရှိသည်မှာလည်း မှတ်သားဖွယ်ကောင်းသည်။ နှောင်းခေတ်များတိုင်အောင် သုမနနတ်ကို မဟာယာန ဘုရားလောင်း သုမနဘဒြအဖြစ် တွေ့ရသည်[၂]။

သီဟိုဠ်ကျွန်းသားတို့ ဗုဒ္ဓဝါဒကို လက်ခံယုံကြည်လာသည့်နောက်ပိုင်း၌ပင် သီဟိုဠ်ကျွန်းသားတို့သည် ၎င်းတို့၏ ရိုးရာနတ်ဒေဝါတို့ကို ဆက်လက်၍ အရိုအသေပြုလိုခဲ့ကြသည်။ သို့တစေ ဗုဒ္ဓဝါဒီများ ဖြစ်လာခြင်း၌ ၎င်းတို့အနေဖြင့် ဗုဒ္ဓဝါဒီမဟုတ်သည့် နတ်များကို ရိုသေကိုးကွယ်လိုစိတ် မရှိကြချေ။ သို့ဖြစ်၍ ၎င်းတို့သည် ယင်း နတ်များကို ဗုဒ္ဓဝါဒီအဖြစ်သို့ သွတ်သွင်းပေးကြပြီး သုမနနတ်ကဲ့သို့ပင် မြင့်မြတ်သည့် နေရာ၌ ထားကြသည်။ ဒေသဆိုင်ရာ နတ်အများစုနှင့် ပတ်သက်၍ ထိုနည်းနှင်နှင်ပင် ဖြစ်ကြသည်။ ဗုဒ္ဓဝါဒီ မဟုတ်သူ အရေးမပါသည့် နတ်အချို့လည်း ရှိနိုင်သေးသည်။ သို့တစေ ဗုဒ္ဓဝါဒကို ဖြန့်ဝေပေးကြသူ အရေးပါသည့် နတ်အများစုမှာ မကြာမီ ဗုဒ္ဓဝါဒီ

---

[၁] E.Z. I, p.23ff.; JRAS(CB), Vol. XXXI, No. 82, p. 305.

[၂] CJSe. Section G. Vol. II, Pt, I, p. 64. (S. Paranavitana ၏ *The God of Adam's Peak*, an Artibus Asise Supplementum.ကိုလည်း ရှုပါ။)



ကို ယင်းသို့သော ဆင်တူဖြစ်ရပ်မျိုးတွင် နှစ်သက်စေနိုင်လျှင် မူလဖြစ်ရပ်သည် ယင်းဆင်တူဖြစ်ရပ်သို့ လိုက်ရမည်ဖြစ်၏’။ ယင်းသည် ‘ရုပ်တုဆင်းတုတွင်ရှိသော တန်ခိုးက တစ်စုံတစ်ယောက်အား ထိုအရာဝတ္ထုအပေါ် တန်ခိုးကိုပေးသည်ဆိုသော ယုံကြည်မှုတစ်မျိုး ဖြစ်၏’[၁]။ ပဏ္ဍုကာဘယတွင် မိတ်ဆွေအဖြစ်ဖြင့် ယက္ခများ ဘူတများနှင့် ကပြဖျော်ဖြေမည့် နတ်ဒေဝါများနှင့် လူအများ ရှိ၏ဟူသော ဖော်ပြချက်သည် ဤဖြစ်ရပ်၌ အံ့သြဖွယ် မဟုတ်ချေ။ ပဏ္ဍုကာဘယသည် ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်ကျွန်း၌ အကြီးကျယ်ဆုံးနှင့် အစွမ်းနိုင်ဆုံး ဘုရင်တစ်ပါးဖြစ်သည်မှာ သေချာသည်။ သို့ဖြစ်၍ ပဏ္ဍုကာဘယ၏ ဘဝသည် အတိတ်က ကြီးကျယ်ပြီး စွမ်းအားရှိသူ အားလုံးနီးပါး၏ ဖြစ်ရပ်များကဲ့သို့ပင် လူသားလွန် ပုဂ္ဂိုလ်များ၏ စိတ်ကူးယဉ် ဖြစ်ရပ်များဖြင့် ဝန်းရံထားသည်။ ဗုဒ္ဓရှင်တော်မြတ်နှင့် တပည့်သာဝကများသည် ဒေဝါများ၊ ယက္ခများနှင့် ဘူတများကို မကြာခဏ တွေ့ဆုံကြသည်၊ ဝိဇယမင်းသည် ယက္ခများကို အောင်နိုင်သည်၊ အသောကမင်းတွင် အလိုရှိချိန်တွင် ခေါ်ယူ၍ရသည့် ကျေးကျွန်များအဖြစ် ယက္ခနှင့် နာဂများရှိသည်၊ သိရိသံဃဗောဓိမင်းသည် အန္တရာယ်ကြီးမားသည့် ယက္ခတစ်ယောက်ကို အောင်နိုင်ခဲ့သည်၊ မဟာသေနမင်းသည် နတ်တို့အား စိန်ခေါ်ခဲ့သည်၊ အေဒီ ၁၅ ရာစု ကဗျာဆရာ ပညာရှင်ကြီးဖြစ်သူ **တောဋ္ဌဂမုဝ သိရိ ရာဟုလ**သည်ပင် ၎င်းပိုင်နိုင်သည့် ယက္ခများ ရှိရမည်ဟု ယုံကြည်ခံရခြင်းအတွက် လူသိများသည်[၂]။

ပဏ္ဍုကာဘယသည် မိမိ၌ တန်ခိုးရှင်များ၏ ကူညီမှုရှိသည်ဟု ရိုးသားစွာ ယုံကြည်ခဲ့နိုင်ဖွယ်ရှိပြီး ယင်းသို့ယုံကြည်သဖြင့် နတ်ကွန်းအများအပြား ဆောက်လုပ်လျက် ၎င်းတို့ကူညီမှုအတွက် ကျေးဇူးဆပ်သည့်အနေဖြင့် ၎င်းတို့အား တုံ့ပြန်ထောက်ပံ့မှုများ ပြုခဲ့ပုံရသည်။ ထို့ပြင် ၎င်းအနေဖြင့် မိမိမှာ ထောက်ပံ့ကူညီသည့် ယက္ခတို့၏ ခွန်အား

---

[၁] R.R. Marrett ၏ *Man in the Making* စာအုပ်ပါ အခန်း ၂ နှင့် ၃ ကို ရှုပါ။

[၂] အလက်စန္ဒသဂရိတ်သည် ၎င်း၏ ဘဝတစ်ဆင့်တွင် မက်ဆီဒုန် (Macedon) မြို့သား ဖိလစ် (Philip)၏သား မဟုတ်ဘဲ နတ်ဘုရားတစ်ဆူ၏ သားဖြစ်ပြီး ၎င်းသည် လူသားလွန် တန်ခိုးများကို ပိုင်ဆိုင်ထားကြောင်း အဆိုရှိသည်။

ရှိကြောင်း ပြည်သူများကို ပြသလျက် မိမိ၏ စိုးပိုင်ခြင်းနှင့် ကြီးကျယ်ခြင်းများဖြင့် ပြည်သူများအား နှစ်သက်စေမည့် နိုင်ငံရေးပရိယာယ်တစ်ခု အဖြစ်လည်း ယူဆခဲ့ဖွယ်ရှိသည်။

အဆိုပါ ယက္ခများအပြင် အလွန်အရေးမပါသည့် ယက္ခအများအပြားလည်း ရှိသေးသည်။ ဥတ္တရဝိဟာရအဋ္ဌကထာကျမ်းကို ကိုးကားသည့် မဟာဝံသဋီကာကျမ်း[၁] အရ ဇုတိန္ဓရခေါ်သည့် ယက္ခတစ်ဦးရှိပြီး ၎င်းသည် စေတိယာ သို့မဟုတ် ဝလဝါမုခီယက္ခိနီ၏ ခင်ပွန်းဖြစ်လျက်သူသည် သီရီသဝတ္ထုမြို့ တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ ဤယက္ခသည် သီဟိုဠ်ကျွန်း အရှေ့ဖျားရှိ ဓုမရဠတောင်(ဥဒုမ္ဗရတောင်ဟုလည်း ခေါ်သည်၊ ယနေ့ခေတ် ဒိမ္ဗုလာဂလတောင်)တွင် နေထိုင်သည်။ ပဏ္ဍုကာဘယအကြောင်း၌ အရေးပါသည့်နေရာတွင်ရှိသူ ဝလဝါမုခီ ယက္ခိနီ၏ ခင်ပွန်းနှင့်ပတ်သက်ပြီး အခြား ဘာမှမသိရချေ။

ပဏ္ဍုကာဘယသည် မဟေသယက္ခအတွက် နတ်ကွန်းတစ်ခု ဆောက်လုပ်ပေးကြောင်း သိရသည်[၂]။ ယင်းနတ်နှင့် ပတ်သက်သည့် နောက်ထပ် ဘာမှ မသိရချေ။ သို့တစေ ယင်းနတ်နေထိုင်သည့် နတ်ကွန်းသည် ဒေဝါနံပိယတိဿမင်းလက်ထက်တိုင် တည်ရှိခဲ့ပုံရသည်။ အကြောင်းမူ ထူပါရာမစေတီတော်တွင် ဌာပနာမည့် ဗုဒ္ဓဓာတ်တော်များကို သယ်ယူလာသည့် ဆင်သည် မဟေဇနတ်ကွန်းသို့ ရောက်သည်ထိ ဆက်သွားခဲ့ကြောင်း ဆိုထားသောကြောင့်ဖြစ်သည်[၃]။ နောက်ပိုင်း၌ ယင်းနတ်ကွန်းအကြောင်း ဖော်ပြချက် တစ်စုံတစ်ရာ မရှိတော့ချေ။ ဤသည်မှာ ထူပါရာစေတီတော် ပတ်လည်၌ ဖြစ်ပေါ်လာသည့် ဗုဒ္ဓဘာသာအဆောက်အအုံများအကြား ပျောက်ကွယ်သွားပုံရသည်။

ဒေဝါနံပိယတိဿမင်းလက်ထက် ကမ္မာရဒေဝဟု ခေါ်သည့် ဆောက်လုပ်ရေးဆိုင်ရာနတ် တစ်မျိုးအကြောင်းကို ဖော်ပြထားသည်[၄]။ ယင်းနတ်အကြောင်းကို ပြီးခဲ့သည့် အခန်းတွင် ဆွေးနွေးခဲ့ပြီဖြစ်သည်။

---

[၁] မဟာဝံသဋီ၊ ၂၈၉။
[၂] မဟာဝံသ ၁၀း၉၀။
[၃] ယင်း ၁၇း၃၀။ မဟာဝံသဋီ၊ စာ-၃၇၈။
[၄] မဟာဗောဓိဝံသ၊ စာ-၈၄။



ဒုဋ္ဌဂါမဏိမင်းလက်ထက်၌ ပုရဒေဝအမည်ရှိ နတ်တစ်ယောက် အကြောင်း ဖော်ပြသည်[၁]။ အဆိုပါ 'မြို့ကိုစောင့်နေသည့်နတ်'သည် ဘီစီနှစ်ရာစုတွင် ပထမအကြိမ် ရည်ညွှန်းခဲ့သော်လည်း ယင်းမတိုင်မီကပင် တည်ရှိနေခဲ့ဖွယ်ရှိသည်။ ထို့ပြင် အရိဋ္ဌတောင် (ရိဋ္ဌိဂလတောင်)တွင် နေထိုင်သည့် ဇယသေနအမည်ရှိသည့် ယက္ခတစ်ယောက် ရှိသည်။ စီးချင်းတိုက်ပွဲတစ်ခုတွင် ၎င်းကို ဒုဋ္ဌဂါမဏိမင်းကြီး၏ ဗိုလ်ချုပ်ဖြစ်သူ ဂေါဋ္ဌက္ကမ္ဗရက နှိမ်နင်းခဲ့သည်[၂]။ မြို့တော်အနောက်ဖက် ဂိတ်အနီး ပဏ္ဍုကာဘယမင်း နေရာချထားပေးခဲ့သည့် ပစ္ဆိမရာဇိနီ 'အနောက်မိဖုရား'အမည်ရှိ နတ်သမီးတစ်ယောက်လည်း ရှိသည်[၃]။ ဤနတ်သမီး၏ လုပ်ဆောင်မှုနှင့် ပတ်သက်ပြီး ဘာမျှ မသိရချေ[၄]။

အရှင်မဟိန္ဒ ကြွရောက်ခဲ့ပြီး သီဟိုဠ်ရှိ လူသားလွန် တန်ခိုးရှင်နတ်တို့အချို့ကို ဗုဒ္ဓဝါဒီအဖြစ်သို့ ပြောင်းလဲခဲ့ကြောင်း မျှော်လင့်ခြင်းမှာ သဘာဝသာလျှင် ဖြစ်သည်။ အခြားကမ္ဘာ့ အစိတ်အပိုင်းသို့ သွားခဲ့ကြသည့် အရှင်မြတ်၏ မိတ်ဆွေနှစ်ပါးသည် ယက္ခနှင့် နာဂများကို အောင်နိုင်ပြီး ဗုဒ္ဓဝါဒီဖြစ်စေခဲ့ကြောင်းဆိုသည်။ ကသ္မိရဒေသသို သွားရောက်ခဲ့သည့် မဇ္ဈန္တိက(Majjhantika)မထေရ်သည် ယက္ခများ နာဂများ ဂန္ဓဗ္ဗများနှင့် ကုမ္ဘဏ္ဍများကို အောင်နိုင်ခဲ့ကြောင်း ဆိုသည်[၅]။ သုဝဏ္ဏဘူမိသို့ သွားခဲ့သည့် အရှင်သောဏမထေရ်သည် ယက္ခိနီတစ်ယောက်ကို နှိမ်နင်းခဲ့သည်[၆]။ အရှင်မဟိန္ဒသည် ယက္ခနှင့် နာဂတို့ဖြင့် စုပြုံနေသည့် နိုင်ငံတစ်ခုသို့ လာခဲ့ရသော်လည်း အရှင်မြတ်အနေဖြင့် မည်သည့် ယက္ခတို့ကိုမျှ ဗုဒ္ဓဝါဒသို့ ကူးပြောင်းစေခဲ့ကြောင်း ဆိုမထားချေ။

---

[၁] မဟာဝံသ ၂၅း၈၇။
[၂] ရသဝါဟိနီ ၂၊ စာ-၈၉။
[၃] မဟာဝံသ ၁၀း၈၉။
[၄] ပရဝိတနပုဂ္ဂိုလ်က ယင်းအနောက်မိဖုရားသည် ဟူယင်ဆန် ဖော်ပြသည့် အနောက်ဖက် အမျိုးသမီးများ၏ မိဖုရားဖြစ်ပုံရကြောင်း ယူဆခဲ့သည်။ (JRAS. CB. Vol. XXXI, No. 82, p. 309)။
[၅] မဟာဝံသ ၉း၁၁-၂၈။ ဝိ-၌ ၁၊ ၄၉။
[၆] မဟာဝံသ ၉း၄၄-၄၅။ ဝိ-၌ ၁၊ ၅၂။

လက်ခံလျှင် ယင်း (သောတ္တိသာလ)သည် အစောဆုံး ဘီစီလေးရာစု အချိန်က အနုရာရာဓပုရမြို့ရှိ ပြာဟ္မဏတို့ သောတ္တိဝစနကို ရွတ်ဆိုသည့် နေရာခန်းမဆောင် တစ်ခုဖြစ်လိမ့်မည်။

ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်၌ နိဂဏ္ဌ (အဝတ်မစည်းသူ)တို့ တည်ရှိခဲ့သည့် အထောက်အထားလည်း တွေ့ရသည်။ ရှေးဦး ပါဠိစာပေ၌ နိဂဏ္ဌဟူသော ဝေါဟာရသည် ဇိနကို ရည်ညွှန်းပြီး ဂျိန်းဝါဒကို တည်ထောင်သူ မဟာဝီရကို နိဂဏ္ဌနာဋ္ဌပုတ္တ ဟုခေါ်သည်[၁]။ အေဒီ ငါးရာစု အဋ္ဌကထာကျမ်းများနှင့် ပါဠိသမိုင်းကျမ်းများ၌ပင် နိဂဏ္ဌဟူသောပုဒ်အား ဇိနကိုရည်ညွှန်းခဲ့သည်[၂]။

ပဏ္ဍုကာဘယခေတ်တွင် အနုရာဓပုရမြို့၌ ဇောတိယ၊ ဂိရိနှင့် ကုမ္ဘဏ္ဍဟု ထင်ရှားသည့် နိဂဏ္ဌ သုံးယောက်ရှိသည်။ ပဏ္ဍုကာဘယသည် နိဂဏ္ဌဇောတိယအတွက် ဇာတ်နိမ့်တို့ သုသာန်၏ အရှေ့စူးစူးတွင် သင်္ခမ်းကျောင်းတစ်ခု ဆောက်လုပ်ပေးခဲ့သည်။ ဂိရိအမည်ရှိ နိဂဏ္ဌလည်း ထိုအနေရာ၌ပင် နေသွားခဲ့သည်။ ပဏ္ဍုကာဘယသည် ကုဘမ္ဘဏ္ဍ နိဂဏ္ဌအတွက် ဒေဝကုလ (ဝတ်ကျောင်း)တစ်ခု တည်ဆောက်ပေးကြောင်း သိရပြီး ယင်းဝတ်ကျောင်းကို ယင်းနိဂဏ္ဌ၏ အမည်ဖြင့် ခေါ်ဝေါ်ကြသည်[၃]။ အဆိုပါ နိဂဏ္ဌ သုံးယောက်တို့၏

ကြည့်မှုနှင့်ဆိုင်သည့် အစီအရင်တစ်မျိုး သို့မဟုတ် (ကျက်ပြီးထမင်းကို မြေကြီးပေါ်တွင် ကြဲဖြန်းခြင်း၊ မန္တရားတစ်မျိုးကို ထပ်ခါထပ်ခါ ရွတ်ဆို၍ ဆုတောင်းခြင်း၊ ယင်းသို့ပြုစဉ် ဝန်ဆောင်ခ ပေးအပ်ခြင်း သို့မဟုတ် ပန်းနံ့သာ အသားချိုစသည့် အပိုလက်ဆောင်များဖြင့် ပြာဟ္မဏတို့ကို ပူဇော်ပသခြင်းများဖြင့်) အလေးအနက်လုပ်ရသည့် အစီအရင်မျိုး ဖြစ်သည်။ Monier Willians ၏ *Skt. Eng. Dict*. S.v. *Svasti*. ကိုလည်း ရှုပါ။

[၁] မ ၂၊ ၃၅ (ဥပါလိသုတ္တ)။

[၂] နိဂဏ္ဌဟူသော ဝေါဟာရကို ဗုဒ္ဓဝါဒီမဟုတ်သည့် အယူဝါဒအားလုံးကို ရည်ညွှန်းခဲ့သည်မှာ နှောင်းခေတ် ပါဠိစာပေတွင်သာ ဖြစ်သည်။ ဥပမာ အေဒီ ၁၂ ရာစု ရေးသားသည့် ဒါဌာဝံသတွင် ယင်းဝေါဟာရ၏ အဓိပ္ပာယ်မှာ သေချာမှု မရှိကြောင်း တွေ့ရသည်။ ယင်းသည် ဝဏ္ဏာဝ (၂၀၉-၂၁၀ ဂါထာ)ကို ဆိုသည်မှာ သေချာသည်။ သို့ရာတွင် ဂါထာအမှတ် ၁၅၅ ၌မူ နိဂဏ္ဌတို့သည် ရှိဝနှင့် ဗြဟ္မာကို ယုံကြည်သည်ဟု ဆိုထားသည်။

[၃] မဟာဝံသ ၉၇း၉၉။



များ ဖြစ်လာကြသည်[၁]။

ယက္ခယုံကြည်မှုများအပြင် ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်၌ သစ်ပင်ကိုးကွယ်မှုရှိကြောင်း ရာဇဝင်ကျမ်းများ၌ အထောက်အထားများ တွေ့ရသည်။ ရှေးဦးဗုဒ္ဓဝါဒ ပါဠိတော်ကျမ်းများ၌ သစ်ပင်ကိုးကွယ်မှုကို ထင်ရှားသည့် ယုံကြည်မှုတစ်ခုအဖြစ် ဖော်ပြပြီး အချို့သစ်ပင်များကို ‘စေတိယ = စေတီ’ဟု ခေါ်ဝေါ်ထားသည်[၂]။ နှောင်းခေတ် ပန်းပုလက်ရာများ၌ပင် အချို့သစ်ပင်များကို ‘စေတိယ’များ စာရင်း၌ ဖော်ပြသည်[၃]။ မိုဟင်ဂျိုဒရို (Mohenjodaro)နှင့် ဟာရပ္ပ (Harappa)မြို့များရှိ အိန္ဒုမြို့ပြယဉ်ကျေးမှုတွင် သစ်ပင်ကိုးကွယ်မှုကို ထင်ရှားစွာ တွေ့ရသည်။ မိုဟင်ဂျိုဒရိုတွင်လည်း ဗောဓိပင်ကို ရှိခိုးကိုးကွယ်ကြကြောင်း ယူဆကြသည်[၄]။

ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်၌ ရိုသေစရာအဖြစ်ယူဆခံရသည့် သစ်ပင်နှစ်ပင်ရှိကြောင်း သေချာသည့် အထောက်အထားရှိသည်။ တစ်ပင်မှာ ယနေ့ခေတ်တိုင်အောင်ပင် ယေဘုယျအားဖြင့် ရိုသေစရာအဖြစ်နှင့် နတ်တို့နေထိုင်သည့်နေရာအဖြစ် ယူဆခံရသည့် ပညောင်ပင် ဖြစ်သည်။ ပဏ္ဍုကာဘယသည် မြို့တော် အနောက်ဖက်ဂိတ်ရှိ ပညောင်ပင်တွင် ယက္ခတို့၏ဘုရင် ဝေဿရဝဏအား နေရာပေးကြောင်း သိရသည်[၅]။ နောက်အရိုအသေခံ သစ်ပင်မှာ ထန်းပင် (Palmyrah) ဖြစ်သည်။ ပဏ္ဍုကာဘယမင်းသည် ဗျာဓဒေဝနတ် ‘မုဆိုးနတ်’အား မြို့တော် အနောက်ဖက် ဂိတ်အနီး ထန်းပင်တွင် နေရာချထားပေး

[၁] ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်ကျွန်း၌ ယုံကြည်မှု အမျိုးမျိုးရှိနေသည့်အနက် နာဂယုံကြည်မှုအကြောင်း ဖော်ပြမထားသည်မှာ အံ့သြဖွယ်ကောင်းသည်။ သို့တစေ ထုံးစံမဟုတ်ဘဲ ယနေ့တိုင် သီဟိုဠ်ကျေးရွာများ၌ မြွေဟောက်များကို အရိုအသေပေးနေခြင်းက ရှေးခေတ်သီဟိုဠ်ရှိ ယုံကြည်မှုများအနက် မြွေဟောက်များအတွက် နေရာရှိကြောင်း ဖော်ပြသည်။

[၂] မ ၁၊ ၂၅။ ဒီပဝံသ ၁၄း၁၀။

[၃] Ananda K. Coomaraswamy : *History of Indian and Indonesian Art*, p. 47.

[၄] Sir John Marshall : *Mohendaro and the Indus Civilization*, Vol. I, p. 63 ff.

[၅] မဟာဝံသ ၁၀း၈၉။

သည်[၁]။ ဟင်နရီပါကာက အဆိုပါ မုဆိုးများနတ်သည် အိန္ဒိယတောင်ပိုင်းမှ ဌာနေ (ရှေးဦးလူ)များ၏ တောင်ကုန်းနတ် (Hill God)နှင့် တူကြောင်းနှင့် အလွန်ရှေးကျသည့် အချိန်က သီဟိုဠ်၌ ပထမဆုံးလာရောက် နေထိုင်သူများလည်း ထိုသို့ပင် ဖြစ်ကြောင်း ယူဆခဲ့သည်[၂]။ သို့တစေ ဖော်ပြပါ တစ်သီးတစ်ခြားဖြစ်သည့် နမူနာမှတစ်ပါး ရှိသေစရာ သစ်ပင်များ၌ ထန်းပင်ကို ထည့်သွင်းခဲ့သည်ဟူသောအချက်၊ ယင်း(ထန်းပင်)ကို ယနေ့ ကျေးလက်နေသူတို့အတွင်း အရိုအသေပြုရာ သစ်ပင်အဖြစ် ယူဆကြသည်ဟူသော အချက်များကို ဖော်ပြရန် သင့်လျော်သည့် အထောက်အထား မရှိချေ[၃]။

---

[၁] *ဗျာဓဒေဝဿ တာလကံ*။ မဟာဝံသ ၁၀း၈၉။ ဝီလျံဂိုင်ဂါက ဗျာဓိဒေဝဿ ဟု ဖတ်သည်။ မာလာလာဆေကေရလည်း ယင်းသို့ပင် ဖတ်သည်။ သို့တစေ ထိုအချိန်တွင် အမဲလိုက်ခြင်းမှာ အရေးပါသည့် သက်မွေးဝမ်းကျောင်းတစ်ခု ဖြစ်သည်ဟူသောအချက်နှင့် ပဏ္ဍုကာဘယသည် မုဆိုးများ နေထိုင်မည့် အိမ်တန်းများ ဆောက်လုပ်ပေးသည် (အာဝါသပါလိ ဗျာဓာနံ၊ မဟာဝံသ ၁၀း၉၅) ဟူသောအချက်တို့ကို ထည့်သွင်းစဉ်စားပါက သုမင်္ဂလနှင့် ဗတုဝန္တုဒဝေ (Batuwantudave)တို့ တည်းဖြတ်သည့် မဟာဝံသကျမ်း၌ ဖော်ပြသော 'ဗျာဓဒေဝ' အမည်သည် ပို၍ ကြောင်းကျိုး ဆီလျော်သည်။

[၂] *Ancient Ceylon*, p. 177.

[၃] ပရနဝိတနကမူ ဗုဒ္ဓလက်ထက်က ရှေးခေတ်အိန္ဒိယတွင် ထန်းပင်ကို အရိုအသေပြုစရာ သစ်ပင်အဖြစ် ယူဆခဲ့ဖွယ်ရှိသည်ဟု ယူဆသည်။ ယင်းယူဆချက်ကို ထောက်ခံရန်အတွက် ထိုပုဂ္ဂိုလ်က ဥပမာတစ်ခု ထုတ်ပြသည်။ ယင်းမှာ ဆဗ္ဗဂ္ဂီရဟန်းများ ဖိနပ်ချုပ်ရန် ထန်းရွက်အတွက် ထန်းပင်ကို ခုတ်ခြင်းအား (ဗုဒ္ဓရှင်တော်မြတ်က) တားမြစ်ခဲ့သည်။ ပရနဝိတနက လူအများသည် ထန်းပင်၌ ဧကိန္ဒြိယ (ရုပ်ဇီဝိတိန္ဒြေ) ရှိသည်ဟု ယုံကြည်ကြသည်ဟု ဆိုသည် (JRAS. CB., Vol. XXXI, No. 82, p. 318.)။ သို့တစေ ယင်းဖော်ပြချက်မှာ ထန်းပင်နှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသည့် ယူဆချက်ကို မပေးချေ။ အကြောင်းမူ ရှေးခေတ် အိန္ဒိယ၌ ထန်းပင်ကိုသာမဟုတ် မြက်ပင်များအပါအဝင် အပင်အားလုံးတွင် ဧကိန္ဒြိယ (ဇီဝိတိန္ဒြေ)ရှိသည်ဟူသော အယူအမှာ ထင်ရှားကြောင့်ဖြစ်သည်။ အာဠဝီမြို့၊ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးကြသော ရဟန်းတော်များသည် ကျောင်းသင်္ခမ်းများ ဆောက်လုပ်ရန် သစ်ပင်များကို ခုတ်လှဲကြသည်။ (သစ်ပင်၏ အမည်ကို ဖော်ပြမထားပေ။) ဤဖြစ်ရပ်၌ သုံးနှုန်းဖော်ပြချက်မှာ အတူတူဖြစ်သည် 'ဧကိန္ဒြိယံ သမဏာ သကျပုတ္တိယာ ဇီဝံ ဝိဟေဌေဿန္တိ၊ ဇီဝသညိနော



အထက်တွင် ဖော်ပြပြီးသည့် ယုံကြည်စွဲလမ်းမှုများအပြင် အခြားဘာသာတရားများလည်း ရှိသေးသည်။ ပရနဝိတနပုဂ္ဂိုလ်က ရှေးအကျဆုံး ကျောက်စာများ၌ ဗုဒ္ဓဝါဒရောက်ရှိပြီးနောက် များမကြာမီတွင် သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏများ တည်ရှိမှုအတွက် အထောက်များရှိကြောင်းနှင့် သို့ဖြစ်၍ ဗြာဟ္မဏတို့သည် ဗုဒ္ဓဝါဒမရောက်မီ၌လည်း တည်ရှိခဲ့ရမည်ဟု ဆိုသည်[၁]။ ပြီးခဲ့သော အခန်း၌ လူ့အဖွဲ့အစည်းအတွင်း ဗြာဟ္မဏတို့၏ အခန်းကဏ္ဍအကြောင်းကို ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ထိုအချိန်က အနုရာဓပုရမြို့တွင် ဗြာဟ္မဏဝါဒဆိုင်ရာ စာသင်ကျောင်း အများအပြားရှိခဲ့သည်။

မဟာဗောဓိဝံသကျမ်းတွင် **ဒိယဝါသ**အမည်ရှိ ဗြာဟ္မဏ ပိုင်ဆိုင်(နေထိုင်)သည့် ဒေဝဂေဟ (နတ်ကွန်း) အား မဟာသိမ်နယ်နိမိတ်ကို မှတ်သားလျက် ဒေဝါနံပိယတိဿမင်း လက်ထက်တိုင် ထိန်းသိမ်းထားကြောင်း ဆိုသည်[၂]။ အဖြစ်နိုင်ဆုံးမှာ ယင်းသည် ဗြာဟ္မဏယုံကြည်မှုဆိုင်ရာ ဒေဝါလယ သို့မဟုတ် နတ်ကွန်းဖြစ်သည်။ အနုရာဓပုရမြို့ရှိ ပဏ္ဍုကာဘယ၏ အဆောက်အအုံများတွင် ဗြာဟ္မဏဘုရားကျောင်းဖြစ်ဖွယ်ရှိသည့် ဗြာဟ္မဏတို့ နေထိုင်စရာနေရာ (ဗြာဟ္မဏဝတ္ထု)ကိုလည်း ထည့်သွင်းခဲ့သည်[၃]။ ပဏ္ဍုကာဘယသည် **သောတ္ထိသာလ** ဟုခေါ်သည့် အဆောက်အအုံတစ်ခုကိုလည်း ဆောက်လုပ်စေကြောင်း ဆိုသည်[၄]။ မဟာဝံသဋီကာကျမ်းတွင် ယင်း (သောတ္ထိသာလ) ဝေါဟာရအတွက် အဓိပ္ပာယ် နှစ်မျိုးဖွင့်ရာတွင် တစ်မျိုးမှာ ဗြာဏတို့ သောတ္ထိဝစနကို ဟောကြားသည့် ခန်းမဟုဖြစ်သည်၊ နောက်တစ်မျိုးမှာ ဆေးရုံဟု ဖြစ်သည်[၅]။ အကယ်၍ ပထမအဓိပ္ပာယ် ဖွင့်ဆိုချက်ကို

---

[၁] ဇီဝသညိနော ဟိ မနုဿာ ရုက္ခသ္မိံ (ဝိ ၁၊ ၂၇၇)'။ တွေ့မြင်နေကျ မြက်ပင်များကိုပင် ရုပ်ဇီဝိတိန္ဒြေရှိသည်ဟု ယုံကြည်ကြသည်။

JRAS. (CB), Vol. XXXI, No. 82, p. 322.

[၂] မဟာဗောဓိဝံသ၊ စာ- ၈၅။

[၃] မဟာဝံသ ၁၀း၁၀၂။

[၄] ယင်း ၁၀း၁၀၂။

[၅] မဟာဝံသဋီ၊ စာ ၂၉၆။ သောတ္ထိသာလာ နာမ ဗြာဟ္မဏာနံ ဝစနသာလာ ဂိလာနသာလာ ဝါ။ သောတ္ထိဝစနဟူသည် ယဇ်ပူဇော်ရန် ပြင်ဆင်သည့် ယုံ

မည်များကိုလည်း တွေ့ရသည်။ အချို့ နက္ခတ်အမည်များ နောက်သို့ လိုက်၍မှည့်ခေါ်ထားသည့် ကဿဏကြီဠာ (kṣaṇakrīḍā)ကဲ့သို့သော ပြည်သူ့ပွဲတော်များကို ကျင်းပကြသည်။ မဟာဝံကျမ်း၌ ပဏ္ဍုကာဘယ သည် ဆဏ(saṇa)အချိန်အခါအတွင်း စိတ္တရာဇနတ်နှင့်အတူ ထိုင် ကြောင်း ပြဆိုသည်[၁]။ ဤ၌ ဆဏ(သက္ကတ kṣaṇa )ဟူသော ဝေါ ဟာရသည် မင်္ဂလာရှိသော အချိန်အခါ အခိုက်အတန့်၌ ကျင်းပသည့် ပွဲတော်ဟု အဓိပ္ပာယ်ရသည်။ မဟာဝံသဋီကာကျမ်း၌ ဒေဝါနံပိယ တိဿမင်းလက်ထက်၌လည်း ရေသဘင်ပွဲတော်ကို နက္ခတ်တာရာတစ် ခုကို အကြောင်းပြု၍ ကျင်းပကြောင်းဖွင့်ဆိုသည်[၂]။ နိမိတ်ဖတ်သူများ ဗေဒင်ဆရာများနှင့် ပတ်သက်သည့် ရည်ညွှန်းချက် များစွာ တွေ့ရ သည်။ ပဏ္ဍုဝါသုဒေဝ ရောက်လာမှုကို ဗေဒင်ဆရာတို့ ကြိုတင်ဟော ကြားခဲ့သည်[၃]။ ထိုအတူ ဘဒ္ဒကစ္စာနာ ရောက်လာမှုကိုလည်း ဗေဒင် ဆရာတို့ ကြိုဟောခဲ့သည်[၄]။ မန္တရား ကျွမ်းကျင်ကြသည့် ဗြာဟ္မဏများ က စိတ္တာ၏သားသည် ထီးနန်းကို အကြောင်းပြု၍ ၎င်း၏ဦးလေး တော်များကို သတ်ဖြတ်မည်ဖြစ်ကြောင်း ကြိုတင်ဟောကြားခဲ့သည်[၅]။ ပဏ္ဍုကာဘယသည် အနုရာဓပုရမြို့တည် ကိစ္စနှင့်ပတ်သက်၍ ဗေဒင် ဆရာ ဟူးရားဆရာများနှင့် တိုင်ပင်ခဲ့သည်[၆]။ ဟူးရားဆရာများသည် အရှင်မဟိန္ဒနှင့် အခြားမထေရ်များအတွက် နေရာထိုင်ခင်းများ ဖြန့် ခင်းသည်ကို မြင်သောအခါ ၎င်းတို့က နိုင်ငံတော်ကို ထိုမထေရ်တို့ အောင်နိုင်ပြီဖြစ်ကြောင်းနှင့် ထိုမထေရ်များအနေဖြင့် နိုင်ငံတော်၏ အရှင်သခင်များဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ကြသည်[၇]။

ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်တွင် နေရာဌာန အသီးသီး၌ ယုံကြည်သူ အုပ်စု အနည်းငယ်နှင့်အတူ ယုံကြည်မှုနှင့် စွဲလမ်းမှုအထွေထွေ ရှိခဲ့

[၁] မဟာဝံသ ၁၀း၈၇။
[၂] မဟာဝံသဋီ၊ စာ - ၃၂၉။
[၃] မဟာဗောဓိဝံသ ၈း၁၄။
[၄] မဟာဝံသဋီ၊ စာ -၂၇၂။
[၅] မဟာဝံသ ၉း၂ ။
[၆] မဟာဝံသ ၁၀း၇၆။
[၇] မဟာဝံသ ၁၀း၇၅။



ဝတ်ကျောင်းများသည် ဒေဝါနံပိယတိဿမင်းလက်ထက်တိုင် တည်ရှိ နေခဲ့ပြီး ယင်းတို့မှာ မဟာသိမ်တော်ကြီး နယ်နိမိတ်အတွင်း ပါဝင်ခဲ့ သည်[၁]။ ယင်း (နိဂဏ္ဌဝတ်ကျောင်း) သုံးခုအနက် ဂိရိ၏ ကျောင်းသည် အရေးအပါဆုံးနှင့် အချမ်းသာဆုံး ဖြစ်ဖွယ်ရှိသည်။ မဟာဝံသဋီကာ ကျမ်းတွင် ဘုရင်ကို ဆန့်ကျင် လုပ်ကြံခဲ့ကြသည့် တိဿ၊ အဘယနှင့် ဥတ္တရ အမည်ရှိ ခလ္လာဋနာဂ (Khallāṭanāga)၏ တူတော်မောင် သုံး ယောက်သည် ယင်း(ဂိရိ၏ဝတ်ကျောင်း)အတွင်းရှိ မီးလျှံထဲသို့ ခုန်ချ ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့ကြကြောင်း ဆိုသည်[၂]။ နောက် တက်ဘုရင် ဝဋ္ဋဂါမဏိအဘယမင်းသည် ယင်းဝတ်ကျောင်းကို ဖျက် ဆီးပစ်ပြီး ထိုနေရာတွင် အဘယဂိရိကျောင်းကို တည်ဆောက်ခဲ့သည်။ နှောင်းခေတ်များတွင် နိဂဏ္ဌတို့၏ ဝတ်ကျောင်း မရှိတော့ကြောင်းနှင့် အနုရာဓပုရမြို့ သို့မဟုတ် သီဟိုဠ်ကျွန်း မည်သည့်နေရာတွင်မှ ဂျိန်း ဘုရားကျောင်း အကြွင်းအကျန်ရှိကြောင်း ညွှန်ပြရန် ရှေးဟောင်း အ ထောက်အထား မရှိတော့ကြောင်း သိရသည်[၃]။ အနုရာဓပုရမြို့ရှိ ဂိရိ နိဂဏ္ဌကျောင်းဖြစ်ပုံ သို့မဟုတ် ရှေးခေတ်အိန္ဒိယရှိ ယက္ခ(နတ်ဘီလူး) နတ်ကွန်းဟောင်းများ၏ ဖြစ်ပုံကဲ့သို့ပင် ဂျိန်းဘုရားကျောင်းများကို ဗုဒ္ဓ ဘာသာကျောင်းများအဖြစ် ပြောင်းပစ်ခြင်းမှာ ထင်ရှားသည်[၄]။

ထိုအချိန်က သီဟိုဠ်တွင် သျှိဝဝါဒတည်ရှိခဲ့ကြောင်း ယုံကြည်ရ သည့် အထောက်အထားရှိသည်။ ယင်းသို့ဖြစ်၍ မဟာဝံသကျမ်း၌ ပဏ္ဍုကာဘယသည် သိဝိကသာလာတစ်ခု တည်ဆောက်ခဲ့ကြောင်း ဆို သည်[၅]။ မဟာဝံသဋီကာ၌ သောတ္ထိသာလာဟူသော ဝေါဟာရနှင့် ပတ်သက်၍ အဓိပ္ပာယ်နှစ်မျိုး ဖွင့်ဆိုသည်။ ပထမ အဓိပ္ပာယ်မှာ သိဝ

[၁] မဟာဗောဓိဝံသ၊ စာ - ၈၄။
[၂] မဟာဝံသဋီကာ၊ စာမျက်နှာ ၆၁၂ တွင် ၎င်းတို့ မီးထဲခုန်ချသည့်နေရာမှာ ယခု တွေ့ရသည့် အဘယဂိရိဘုရားတည်ရှိသည့် နေရာဖြစ်ကြောင်း ဖော်ပြသည်။
[၃] JRAS. (CB), Vol. XXXI, No. 82, p. 326.
[၄] အလွန်ရှေးကျသည့် အချိန်က သီဟိုဠ်ကျွန်းသို့ ဂျိန်းဘုန်းကြီးများ လာရောက် ခဲ့မှု ဖြစ်နိုင်ချေနှင့် ပတ်သက်ပြီး JRAS. (CB), Vol. XXXI, No. 82, p. 324, နှင့် Lewis Rice, Mysores and Coorg, p. 3 ff. တို့ကိုလည်း ရှုပါ။
[၅] မဟာဝံသ ၁၀း၁၀၂။

ပြဟ္မာ၏ အင်္ဂါဇာတ် (သိမ်လိင်္ဂ)တည်ရှိသည့် အဆောင်ဖြစ်ကြောင်းနှင့် ဒုတိယ ဖွင့်ဆိုချက်မှာ မွေးဖွားရာအိမ်ဟု ဖြစ်သည်[၁]။ ပရနဝိတန ပုဂ္ဂိုလ်က သိဝိကာနှင့် သောတ္ထိသာလာဟူသော ဝေါဟာရများကို ဘာသာရေးသဘောပါသည့် အခြားအဆောက်အအုံများနှင့် အတူ ဖော်ပြထားသဖြင့် ပထမယူဆချက်မှာ လက်ခံနိုင်ဖွယ်ရှိကြောင်း ယူဆသည်[၂]။ ယင်းသို့ဖြစ်သည်ဆိုလျှင် ဤနေရာ၌ ရှေးခေတ် သီဟိုဠ်တွင် လိင်အင်္ဂါကို ကိုးကွယ်မှုအတွက် နမူနာတစ်ခုရှိသည်။ မဟာဝံသဋီကာကျမ်းတွင် မဟာနာမမင်း (အေဒီ ၃၃၄-၃၆၂)သည် သီဟိုဠ်ကျွန်း နေရာ အားလုံး၌ရှိသည့် သိဝလိင်္ဂများကို ဖျက်ဆီးပစ်ကြောင်း ဆိုသဖြင့် အေဒီလေးရာစု၌ သိဝလိင်အင်္ဂါကို ကိုးကွယ်မှု ကျယ်ကျယ်ပြန့်ပြန့် ရှိနိုင်ကြောင်း ယူဆရသည်[၃]။

သီဟိုဠ်ကျွန်း၌ သမဏများအဖြစ် လူသိများသည့် ပရိဗ္ဗဇကနှင့် အာဇီဝကများ၊ ပါသဏ္ဍများ၊ ပဗ္ဗဇိတများနှင့် အခြားရသေ့ရဟန်းများ၏ အရေအတွက်ကို တူညီစွာ တွေ့ရှိရသည်။ မဟာဝံသကျမ်း၌ ပဏ္ဍုကာဘယသည် ပရိဗ္ဗာဇကများအတွက် ဘုန်းကြီးကျောင်းတစ်ခုနှင့် အာဇီဝကများအတွက် အိမ်တစ်ဆောင် တည်ဆောက်ပေးကြောင်း ဆိုသည်[၄]။ ဂိရိနိဂဏ္ဌနှင့် ဇောတိယနိဂဏ္ဌတို့နေထိုင်သည့် ပတ်ဝန်းကျင်တွင် ပါသဏ္ဍနှင့် သမဏအများအပြား နေထိုင်ကြသည်[၅]။ မဟာဗောဓိဝံသကျမ်းအရ ဒေဝါနံပိယတိဿမင်းလက်ထက် ပရိဗ္ဗာဇကများစွာအတွက် အာရာမ(ကျောင်းတိုက်)များရှိပြီး ယင်းတို့သည် မဟာ

[၁] သိဝိကာသာလာ နာမ သိဝလိင်္ဂပတိဋ္ဌာပိတာ သာလာ၊ ဝိဇာယနဃရံ ဝါ။ မဟာဝံသဋီ၊ ၂၉၆။

[၂] JRAS. (CB), Vol. XXXI, No. 82, p. 326.

[၃] မမျှော်လင့်ဘဲ ပဏ္ဍုကာဘယ၏ ဦးလေးများအနက် တစ်ယောက်၏ အမည်နာမသည် ဂိရိကဏ္ဍသိဝ၊ ဆိုလိုသည်မှာ ဂိရိကဏ္ဍခရိုင်နယ်၏ သိဝ ဖြစ်သည် (မဟာဝံသ ၁၀း၂၉)။ ယင်းသည် ထိုခေတ် သီဟိုဠ်၌ သိဝလိင်္ဂ တည်ရှိမှုကို ဖော်ပြနိုင်သည့် သွယ်ဝိုက်သည့် အထောက်အထား တစ်ခုအဖြစ် ယူဆနိုင်ပါမည်လော။

[၄] မဟာဝံသ ၁၀း၁၀၁-၁၀၂။

[၅] ယင်း ၁၀း၉၈။



သီမာ၏ ဘယ်ဖက်တွင် ရှိသည်[၁]။ ပရိဗ္ဗာဇကများနှင့် ပဗ္ဗဇိတများသည် ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်ကျွန်း၌ များစွာရှိပြီး ထင်ရှားကြောင်း သမိုင်းကျမ်းများ၌ ယင်းတို့ကို ရည်ညွှန်းချက်အချို့မှ မြင်တွေ့နိုင်သည်။ ဥပ္ပလဝဏ္ဏာအမည်ရှိ နတ်သမီးသည် ဝိဇယမင်းနှင့် ၎င်း၏အသင်း အပင်းများကိုကူညီရန် ပရိဗ္ဗာဇကအသွင်ဖြင့် သီဟိုဠ်ကျွန်း သို့ရောက်လာခဲ့သည်[၂]။ ပဏ္ဍုဝါသုဒေဝလည်း ပရိဗ္ဗာဇကအသွင်ဖြင့် သီဟိုဠ်ကျွန်းသို့ ရောက်လာသည်[၃]။ ဘဒ္ဒကစ္စာနာနှင့် အမျိုးသမီး ၃၂ ယောက်သည် ပရိဗ္ဗာဇိကာ (ပရိဗိုဇ်မများ)အသွင် ဝတ်ဆင်ပြီး သီဟိုဠ်ကျွန်းသို့ ရောက်လာခဲ့ကြသည်[၄]။ ယင်းဖြစ်ရပ်က ပဗ္ဗဇိတနှင့် ပရိဗ္ဗာဇကများကို သီဟိုဠ်ကျွန်းသားတို့ သိကြပြီး လူသိများလျက် လုံခြုံမှုအတွက် နှစ်သက်ခြင်း ရှိကြသည်ကို ဖော်ပြသည်။

တာပသဟုခေါ်သည့် ဘာသာရေးအုပ်စုတစ်ခု အကြောင်းကိုလည်း ဖော်ပြသည်။ ပဏ္ဍုကာဘယသည် မုဆိုးရပ်ကွက်တန်းလျားအလွန် မြောက်ဖက်တွင် အဆိုပါ တာပသများအတွက်လည်း ကျောင်းတိုက်တစ်ခု တည်ဆောက် ပေးကြောင်းဆိုသည်[၅]။ တာပသဟူသော ဝေါဟာရဖြင့် မည်သည်ကိုဆိုလိုကြောင်း ကွဲပြားစွာ မသိရချေ။ ယင်းဘာသာရေး အုပ်စုများစွာအပြင် မိစ္ဆာဒိဋ္ဌိအယူရှိသူ မိသားစုငါးရာလည်း မုဆိုးတန်းလျားလိုင်း၏ အရှေ့ဖက်တွင် နေထိုင်ခဲ့သည်[၆]။ ပဏ္ဍုကာဘယခေတ် သီဟိုဠ်သားတို့အမြင်၌ မိစ္ဆာဒိဋ္ဌိဟူသည် ယနေ့ခေတ် ကျွန်ုပ်တို့အဖို့ စိတ်ဝင်စားဖွယ် တိမ်မြုပ်သည့်အရာ တစ်ခုဖြစ်သည်။

ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်ကျွန်း၌ ဘာသာရေးယုံကြည်မှု ခေါင်းစဉ်ဖြင့် တိုက်ရိုက် သွင်းယူနိုင်ဖွယ်မရှိသည့် အခြားယုံကြည်မှုများလည်း ရှိခဲ့သေးသည်။ ယင်းမှာ ဗေဒင်ကို ယုံကြည်မှုဖြစ်သည်။ လူသားတို့၏ နက္ခတ်တာရာအမည်ကို အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဝေဒခေတ်မှ အလေ့အကျင့် ဖြစ်သည်။ ရှေးခေတ် ရောဟဏနှင့် အနုရာဓကဲ့သို့သော အ

[၁] မဟာဗောဓိဝံသ၊ စာ- ၈၄-၉၅။

[၂] မဟာဝံသ ၇း၆။

[၃] ယင်း ၈း၁၁။

[၄] မဟာဝံသ ၈း၂၄။

[၅] ယင်း ၁၀း၉၀။

[၆] ယင်း ၁၀း၁၀၀။

ns)လူမျိုးများသည် မူလအားဖြင့် မြတ်ဗုဒ္ဓ၏ တစ်ဘဝတာ လုပ်ဆောင်ချက်များ၌ တွေ့ရသည့် မဇ္ဈဒေသ (Madhyadeŝe)မှ အခြေချနေထိုင်ခဲ့ကြသည့် အာရိယန်အနွယ် ခတ္တိယများဖြစ်ကြသည်[၁]။ စောစောပိုင်းက သီဟိုဠ်ကျွန်းသို့ ရောက်လာကြသည့် ပန်ဂျပ်မိသားစုများသည် သဘာဝအားဖြင့် ဗုဒ္ဓနှင့်ဓမ္မအကြောင်း ဗဟုသုတအချို့ကို ယူဆောင်ခဲ့မည်ဖြစ်ပြီး ယင်းတို့အထဲမှအချို့မှာ ဗုဒ္ဓဝါဒီများ ဖြစ်နိုင်သည်။

အသောကမင်း၏ လူမှုရေးလှုပ်ရှားမှုများသည် သီဟိုဠ်သို့တိုင်ရောက်ရှိသွားကြောင်း တွေ့ရှိရပြီး မင်းကြီး၏ ဒူတ(သံတမန်)များသည် အရှင်မဟိန္ဒမတိုင်မီ သီဟိုဠ်သို့ အလည်အပတ် ရောက်ရှိခဲ့ဖွယ်ရှိသည်။ ထိုဧည့်သည်များသည် အသောကမင်း၏ ဗုဒ္ဓဝါဒရေးရာဆောင်ရွက်မှုများအကြောင်း သီဟိုဠ်လူမျိုးများအား ပြောပြကြမည်မှာ အလွန်ပင် ဖြစ်နိုင်သည်။ အိတ်ချ် အိုဒင်ဘတ် (H. Oldenberg)[၂] က ကောင်းမွန်သည့် အကြောင်းပြချက်မပါဘဲ သီဟိုဠ်သမိုင်းကျမ်းများ၌ ဖော်ပြသကဲ့သို့ ဗုဒ္ဓဝါဒကို သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒယူဆောင်လာခဲ့သည်မဟုတ်ဘဲ အိမ်နီးချင်း ကလိင်္ဂတိုင်းမှတစ်ဆင့် တဖြည်းဖြည်း ပြန့်နှံ့ခဲ့ကြောင်း ယူဆသည်။ သို့တစေ ပဏ္ဍုကာဘယ တည်ထောင်ခဲ့သည့် ဘာသာရေး အဆောက်အအုံများအနက် ဗုဒ္ဓဝါဒဆိုင်ရာ အဆောက်အအုံ တစ်ခုတလေမျှ တည်ဆောက်ကြောင်း ဖော်ပြချက် မတွေ့ရသည်မှာ ထူးဆန်းသည်[၃]။ ယင်းသို့ မဖော်ပြဘဲထားခြင်းမှာ အရှင်မဟိန္ဒအပေါ် လုံးဝအာရုံ စူးစိုက်စေရန်နှင့် ယင်းသို့ပြုခြင်းဖြင့် ဂုဏ်ယူထိုက်သည့် အထင်ရှားဆုံးသော ပုဂ္ဂိုလ် ဘုရင်အသောကနှင့် သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓဝါဒကို သယ်ယူလာသူကို ဆက်သွယ်ရန် ဗုဒ္ဓဝါဒ သမိုင်းကျမ်းအဖို့ သဘာဝအားဖြင့် စိတ်ညွတ်မှုကြောင့် ဖြစ်ဖွယ်ရှိကြောင်း အိုဒင်ဘတ်နှင့် မာလာလာဆေကေရတို့ နှစ်ယောက်လုံးပင် သဘောတူကြသည်[၄]။ သို့တစေ သမိုင်းကျမ်းများ၌ ယင်းသို့ သိလျက်

---

[၁] PLC, p. 17; D.r. Bhandarkar : *Carmichael Lectures* (1918), p. 9.

[၂] *Vinaya Pitaka*, intro, p. 1.

[၃] မဟာဝံသ ၁၀း၉၆-၁၀၂။

[၄] *Vinaya*, Intro. p. lii; *PLC*. p. 10.



သည်။ သို့တစေ ကျွန်ုပ်တို့တွေ့ရမည် ဖြစ်သည့်အတိုင်း ယင်းတို့တွင် သီဟိုဠ်၌ အရှိန်အဝါရှိမှုနှင့် ပတ်သက်၍ ဗုဒ္ဓဝါဒ စည်းရုံးသကဲ့သို့ စနစ်တကျ ဖွဲ့စည်းခဲ့သည့် မည်သည့် ယုံကြည်မှုအုပ်စု အကြောင်းမျှ အထောက်အထား မတွေ့ရချေ။

00000000

## အခန်း ၄

## ဗုဒ္ဓဝါဒပြန့်ပွားလာခြင်း

သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓဝါဒကို ပို့ပေးခဲ့သူမှာ ဘီစီ သုံးရာစု အလယ် လောက်တွင် သီဟိုဠ်သို့ကြွရောက်လာသည့် အသောကမင်း၏ သား တော် အရှင်မဟိန္ဒဖြစ်သည်ဟုဟု ယုံကြည်ရသည်[၁]။ ယင်းသည် သီဟိုဠ်သို့ ဗုဒ္ဓဝါဒ ရောက်ရှိလာမှုအတွက် တရားဝင်ထုတ်ပြန်မှုအဖြစ် ယူဆ နိုင်သော်လည်း ဗုဒ္ဓ၊ ဗုဒ္ဓဓမ္မအကြောင်းနှင့် စွမ်းအားရှင် ဗုဒ္ဓဝါဒီ အိန္ဒိယဧကရာဇ်၏ လှုပ်ရှားမှုအကြောင်း သတင်းများကို (အရှင်မဟိန္ဒ မရောက်မီ) စောစောပိုင်းကပင် သီဟိုဠ်ကျွန်းသို့ မရောက်ရှိခဲ့သေးဟု ယုံကြည်ရန် အကြောင်းမရှိချေ။ ဝိဇယမင်းလက်ထက်၌ သီဟိုဠ် အိန္ဒိယနှစ်နိုင်ငံအကြား အဆက်မပြတ် အပြန်အလှန်ဆက်သွယ်မှုများ တည်ရှိခဲ့သောကြောင့်ဖြစ်သည်။ အိန္ဒိယတောင်ပိုင်း ပန်ဂျပ် (Pāṇḍya-

---

[၁] ဒီပဝံသ ၇း၁၈-၁၉။ ၁၁း၃၉-၅၄။ ဝိ-၅ ၁၊ ၃၈-၇၆။ မဟာဝံသ ၅း၁၉၅။ ၁၃း ၁၅ ဂါထာ။ တရုတ်ဘုရားဖူးခရီးသည် ရဟန်းတော် ဟူယင်ဆန်က ဗုဒ္ဓဝါဒကို ‘မဟေန္ဒြ ဟုခေါ်သည့် အသောကမဟာရာဇာ၏ ညီတော်’က သီဟိုဠ်ကျွန်းသို့ ဆောင်ယူခဲ့ကြောင်း ဆိုသည် (Hiuen Tsiang, Bk. XI, p. 246.)။ သို့ရာတွင် ယင်းဖော်ပြချက်အပေါ် အထူးအလေးပြုရန် အကြောင်းမရှိချေ။ ဟူယင်ဆန် သည် ၎င်း၏ သတင်းအချက်အလက်ကို တစ်ဆင့်စကားအားဖြင့် ရယူစုဆောင်း ခဲ့သည်။ ပါဠိဘာသာမှတ်တမ်းများမှာ များစွာပိုမို လေးစားထိုက်သည်။ မဟိန္ဒ သည် သီဟိုဠ်သို့ ကြွရောက်လာပြီး သီဟိုဠ်မှာပင် သာသနာ့တာဝန်ကို ထမ်း ဆောင်ပြီး သီဟိုဠ်မှာပင် ပျံလွန်တော်မူသည်။ အရှင်မဟိန္ဒနှင့် ပတ်သက်၍ သီဟိုဠ်လူထုသည် အခြားမည်သည့် နိုင်ငံသားထက်မဆို သဘာဝအားဖြင့် ပိုမို ရင်နှီးမှုရှိပြီး ခိုင်လုံသည့် သတင်းအချက် အလက် ရှိလိမ့်မည်ဖြစ်သည်။

ဝိမာနဝတ္ထုမှ ဖြစ်ရပ်ဝတ္ထုများကို ဟောကြားသည်။ ယင်းဟောကြားချက်သည် ကွယ်လွန်သူ ဝိညာဉ်လောကသားများကို ယုံကြည်ပြီးဖြစ်သည့် ဘုရင့်ပရိသတ်အား နှစ်သက်စေမည်မှာ သေချာပြီး[၁] ၎င်းတို့အား ဗုဒ္ဓဝါဒအပေါ်သဘောတူ လက်ခံနိုင်စေမည်ဖြစ်သည်။ ယင်းဟောကြားချက်သည် ပိုမိုနှစ်သက်လက်ခံဖွယ် အမှုအရာဖြင့် နန်းတွင်းသူတို့အား ရှင်းပြသည်။ အရှင်မဟိန္ဒသည် သစ္စသံယုတ်ပါဠိတော်[၂] ဖြင့် ဗုဒ္ဓဝါဒ၏ သစ္စာလေးပါးကိုပြလျက် မိမိ၏တရားကို အဆုံးသတ်လိုက်သည်။ ဤသုတ္တန်၌ အရှင်မြတ်အနေဖြင့် အဆုံးမထင် ကျင်လည်ရမည့် မွေးသေသံသရာ၏ ကြောက်မက်ဖွယ် ကောင်းပုံကိုလည်း ပရိသတ်အား ဖော်ပြခွင့်ရလိုက်သည်။

တိုးပွားလာနေသည့် ပရိသတ်အား အခြားသော ဒေသနာအစီအရီကို ဟောကြားတော်မူသည်။ ဤတရား ဒေသနာများအတွက် ရွေးချယ်သည့် သုတ္တန်များမှာ အထူးသဖြင့် နာကြားသူများ၏ စိတ်ပိုင်းဆိုင်ရာ ရရှိမှုနှင့် ယုံကြည်မှုများကြောင့် ထူးခြားကြသည်။ ပထမဆုံးမှာ ကောင်းကံ မကောင်းကံတို့၏ အကျိုးပေး၊ မကောင်းမှုပြုသူတို့ကို စောင့်ကြိုနေသည့် ဆင်းရဲဒုက္ခနှင့် ငရဲသားတို့၏ နှိပ်စက်ပုံကို ဖော်ပြချက်များနှင့် ပတ်သက်သည့် ဒေဝဒူတသုတ် (မ ၃၊ ၁၉၁)[၃] ဖြစ်သည်။ ယင်းသုတ္တန်မှာ မကောင်းမှု၏ အကျိုးဆက်များကို ကြောက်ရွံ့ခြင်းဖြင့် မကောင်းမှုကို ပြုခြင်းမှရပ်စဲရန် လူတို့ကိုဆွဲဆောင်ရန် ညွှန်ပြသည်[၄]။ ယင်းနောက် လူယုတ်မာသည် မကောင်းမှုကို ပြုခြင်းကြောင့် ဤဘဝ နောင်ဘဝတွင် ဆင်းရဲဒုက္ခကို ခံစားရပုံကို သင်ကြားသည့် ဗာလပဏ္ဍိတသုတ် (မ ၃၊ ၁၇၈)[၅]တော်ကို ဟောကြားသည်။ သူတော်ကောင်းမူကား ထိုသို့မဟုတ်ဘဲ မကောင်းမှုမှ ရှောင်ကြဉ်ပြီး ကောင်းမှုကိုပြုလျက် ဤဘဝ နောင်ဘဝတွင် ချမ်းသာသည်။ တရားတော်များသည် ကံ၏အကျိုးကို ဤဘဝတွင် မည်သို့ခံစားရမည်ဆိုသည့် အချက်

[၁] မဟာဝံသ ၁၄း၅၅-၅၈။
[၂] သစ္စာလေးပါးကို ဖော်ပြသည့် သံယုတ္တနိကာယ်၏ နောက်ဆုံးပိုင်း ဖြစ်သည်။
[၃] မဟာဝံသ ၁၄း၆၃။
[၄] ဒီပဝံသ ၁၃း၇-၈။ ဘီတီ သတ္တေ ပါပုဏ်သု။
[၅] မဟာဝံသ ၁၅း၃-၄။



အားထုတ်မှုတစ်ရပ် ရှိခဲ့သည်ဟု ဖော်ပြခြင်းမှာ လက်ခံလောက်သည့် သဘောမရှိပေ။ ဗုဒ္ဓဝါဒအကြောင်း ပြည်သူအများ သိပြီးဖြစ်လျက် သီဟိုဠ်ကျွန်း နေရာအနှံ့တွင် ဗုဒ္ဓဝါဒီအချို့ပင် ရှိပြီးဖြစ်သော်လည်း အရှင်မဟိန္ဒရောက်မလာမီ ဘာသာတရားတစ်ခုကို အတိအကျ တည်ဆောက်ရန် ဘိက္ခုများမရှိသေးသည့်အတွက် ဘာသာရေး အဆောက်အအုံတစ်ခု တည်ဆောက်ရန် မလိုအပ်သောကြောင့် ဖြစ်ဖွယ်ရှိသည်။

အရှင်မဟိန္ဒသည် အခြားမထေရ်လေးပါးနှင့်အတူ သီဟိုဠ်သို့ ကြွလာခဲ့သည်။ ၎င်းမထေရ်တို့ကို ခေါ်ယူလာခြင်းအတွက် အရှင်မြတ်၏ ရည်ရွယ်ချက်မှာ အလိုရှိသူများအား ဥပသမ္ပဒကံဆောင်နိုင်ရန် ဖြစ်သည်မှာ သေချာသည်[၁]။ ခုနစ်ဦးပါဝင်သည့်[၂] အရှင်မဟိန္ဒအဖွဲ့တွင် နှမတော် သံဃမိတ္တာ၏သား သုမနသာမဏေနှင့် မိခင်၏ အစ်မတော် (ကြီးတော်)သမီး၏သား ဘဏ္ဍုကဥပါသကာတို့ နှစ်ယောက်မှာ အရှင်မဟိန္ဒ၏ ဆွေမျိုးရင်းများ ဖြစ်ကြသည်။ အရှင်မြတ်တို့၏ အဖွဲ့တွင် ၎င်းတို့ နှစ်ယောက် ပါဝင်မှုမှာ သီဟိုဠ်နှင့် ရင်းနှီးမှုနှင့် ချစ်ကြည်မှုကို ထူးခြားစွာ ဖော်ပြသည်။

ပါဠိသမိုင်းကျမ်းများ၌ အရှင်မဟိန္ဒနှင့် တောလိုက်အခမ်းအနားတစ်ရပ်တွင် ရောက်နေသည့် ဒေဝါနံပိယတိဿတို့ ပထမဆုံးအကြိမ် တွေ့ဆုံမှုသည် အနုရာဓပုရမြို့ အရှေ့ဖက်ရှိ ယခုအခါ မဟိန္တလေ့ဟု ခေါ်သည့် မိဿကတောင်ပေါ်တွင် တန်ခူးလပြည့်နေ့၌ ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်[၃]။

မိတ်ဆွေတော် ဘုရင်အသောကထံမှ ဗုဒ္ဓဝါဒအကြောင်း သိရှိပြီးဖြစ်သည့် ဒေဝါနံပိယတိဿမင်းသည် ဗုဒ္ဓဝါဒသာသနာပြု ပုဂ္ဂိုလ်များအား အကြီးမြတ်ဆုံးသော ကြင်နာလေးစားမှုဖြင့် ကြိုဆိုခဲ့သည်။ ၎င်း

[၁] ဝိ ၃၊ ၂၈၇။ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဝိနယဓရပဉ္စမေန ဂဏေန ဥပသမ္ပဒံ။
[၂] ဒီပဝံသ ၁၂း၃၄-၃၆။ ဝိ-ဋ္ဌ ၁၊ ၅၂။ မဟာဝံသ ၈း၁၆။
[၃] ဒီပဝံသ ၁၂း၄၀။ ဝိ-ဋ္ဌ ၁၊ ၅၂။ မဟာဝံသ ၁၃း၁၈-၂၀။ အရေးပါသည့် ဗုဒ္ဓဝါဒသမိုင်း ဖြစ်ရပ်မှန်သမျှ လပြည့်နေ့၌ဖြစ်သည်မှာ ထုံးစံပင်ဖြစ်ကြောင်း ခန့်မှန်းရသည်။

တို့၏ ပထဆုံးသော စကားစမြည်ပြောဆိုစဉ်အတွင်း ဘုရင်၏ အသိဉာဏ်နှင့် နားလည်မှုစွမ်းရည်ကို ခန့်မှန်းရန် အရှင်မဟိန္ဒသည် မင်းကြီးအား မေးခွန်းအချို့ မေးမြန်းသည်။ သမိုင်းတွင် မှတ်တမ်းတင်အပ်သည့် ပထမဆုံးသော ဉာဏ်ရည်စမ်းမှုအဖြစ် ယူဆနိုင်ပြီး ရုတ်တရက်ကြည့်လျှင် ရိုးရှင်းလွယ်ကူသည်ထင်ရသော်လည်း ယင်းစမ်းသပ်မှုကို ဖြေဆိုရန် ရှင်းလင်းပြီး စူးရှထက်မြက်သည့် စိတ်ဓာတ်လိုသည်[1]။

အရှင်မဟိန္ဒသည် ဒေဝါနံပိယတိဿအနေဖြင့် ဗုဒ္ဓ၏ဓမ္မကို နားလည်နိုင်သည့် အသိပညာရှိကြောင်း ယုံကြည်သွားသဖြင့် မင်းကြီးအား ဆက်လက်၍ စူဠဟတ္ထိပဒေါပမသုတ်(မ ၁၊ ၂၃၂)ကို ဟောကြားတော်မူသည်[2]။

အရှင်မဟိန္ဒသည် မိမိ၏ ပထမဆုံးတရားအဖြစ် ယင်းသုတ္တန်ကို ရွေးချယ်ခြင်းမှာ အလွန်သင့်လျော်သည်။ ယင်းသုတ္တန်၌ ဗုဒ္ဓဓမ္မသံဃနှင့်ပတ်သက်၍ ရှင်းလင်းသည့် အတွေးအမြင်တစ်ရပ်ကိုပေးပြီး ဗုဒ္ဓဝါဒီအဖြစ် ခံယူပုံနှင့် ရဟန်းပြုပုံ အကြောင်းကို ရှင်းပြသည်။ ယင်းသုတ္တန်သည် ရဟန်းတော်တစ်ပါး၏ ရိုးသားမြင့်မြတ်သည့် ဘဝအကြောင်း၊ လေ့ကျင့်အားထုတ်ပြီးသည့် တရားဓမ္မနှင့် ရရှိပြီးဖြစ်သည့် ဓမ္မအဆင့် အရည်အသွေး၊ စောင့်စည်းသည့်တရားများ၊ ဘဝတိုးတက်မှု အဆင့်အမျိုးမျိုး၊ ဗုဒ္ဓဝါဒ၏ နောက်ဆုံးပန်းတိုင်ဖြစ်သည့် ဗောဓိဉာဏ်ကို ရရှိမှုတို့ကိုလည်း အသေးစိတ် ဖော်ပြသည်။ ယင်းသုတ္တန်တွင် သစ္စာလေးပါးကဲ့သို့သော အခြေခံဗုဒ္ဓတရားတော် အားလုံးနီးပါး ပါဝင်သည်။ ဗုဒ္ဓဝါဒ အထွေထွေ ဗဟုသုတအပြင် အရှင်မဟိန္ဒအနေဖြင့် ဗုဒ္ဓဝါဒဆိုင်ရာ ကျင့်ကြံမှုအကြောင်း ဘာမျှမသိသေးသည့် အိမ်ရှင် မင်းကြီးအား ၎င်း၏ ဧည့်သည်သစ်များကို မည်သို့ ဆက်ဆံရမည်

---

[1] မဟာဝံသ ၁၄း၁၆-၂၁။ ဝိ-ဠ ၁၊ ၅၇။ ဒီပဝံသ ၁၂း၅၃။ ဤဖြစ်ရပ်နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်တစ်ချက်မှာ အရှင်မဟိန္ဒသည် ဗုဒ္ဓဝါဒအား ဝိဘဇ္ဇဝါဒအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့် တတိယသံဃာယနာတင်ပြီး၍ မကြာမီ ကြွလာခဲ့ကြောင်းနှင့် ယင်းသို့ဖြစ်၍ အရှင်မြတ်၏ ယုတ္တိဆီလျော်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှုအပေါ် စိတ်အားထက်သန်မှုကို သတိမူသင့်သည်။

[2] ဒီပဝံသ ၁၂း၅၃။ ဝိ-ဠ ၁၊ ၅၇။ မဟာဝံသ ၁၄း၂၂။



ကို သိနိုင်ရန် သံဃာတော်များနှင့် ၎င်းတို့၏ နေထိုင်မှုဘဝနှင့် ပတ်သက်သည့် အတွေးအမြင်ကို ပို့ဆောင်ပေးရန် လိုအပ်သည်။ တရားဒေသနာအဆုံးတွင် ဒေဝါနံပိယတိဿမင်းကြီးနှင့် ခြွေရံသင်းပင်းများသည် ယုံကြည်မှုအသစ်ကို ခံယူရန် လိုလိုလားလား မြွက်ဆိုကြသည်[1]။

ဒေဝါနံပိယတိဿအနေဖြင့် မိတ်ဆွေတော်ဘုရင် အသောက၏ သားတော်အား မိမိ၏ဧည့်သည်အဖြစ် လက်ခံရမှုအတွက် ပျော်ရွှင်လိုက်မည့်ဖြစ်ပုံကို နားလည်ရန် အခက်အခဲမရှိပါချေ။ မင်းကြီးသည် အားလုံးကို မြို့တော်သို့ ပင့်ဖိတ်ခဲ့သော်လည်း ဧည့်သည်ရဟန်းတော်များအနေဖြင့် တောင်ပေါ်တွင် နေထိုင်ရန်သာ နှစ်သက်ကြသည်[2]။

နောက်နေ့နံနက်တွင် အရှင်မဟိန္ဒနှင့် နောက်ပါရဟန်းတော်များသည် အနုရာဓပုရမြို့တော်သို့ ဝင်ရောက်တော်မူကြသည်။ ၎င်းတို့အား မင်းကြီးက ကြိုဆိုလက်ခံခဲ့ပြီး နန်းတော်ထဲသို့ ပင့်ယူသွားသည်။ အရှင်မဟိန္ဒ ကြွရောက်လာမှုအတွက် အစီအစဉ်များကို ဆောင်ရွက်ပေးကြသည့် နိမိတ်ဖတ်သူများက သာသနာပြုအဖွဲ့၏ အလုံးစုံပြည့်စုံအောင်မြင်မှုကို ဟောကြားကြသည်[3]။ မင်းကြီး၏အပြုတ်အသတ် ဖော်ရွေပျူငှာစွာ လက်ခံမှုကြောင့်ပင် အရှင်မဟိန္ဒကိုယ်တိုင်လည်း ဗုဒ္ဓသာသနာတော် ခိုင်မာစွာ တည်တံ့မည်ဖြစ်ကြောင်း ယုံကြည်ခဲ့သည်။

ဆွမ်းဘုဉ်းပေးပြီးနောက် အရှင်မဟိန္ဒသည် နန်းတွင်းသူနန်းတွင်းသားတို့အား ဓမ္မစကား မြွက်ကြားတော်မူသည်။ ယင်းအခမ်းအနား၌ အရှင်မြတ်သည် ဘုရင့်နန်းတော်မှ အမျိုးသမီးများ အဓိကပါဝင်သည့် ယင်းပရိသတ်နှင့် သင့်တော်မည့် အကြောင်းအရာကို ရွေးချယ်ခဲ့သည်[4]။ ပထမဆုံး မိမိတို့ပြုသည့် ကံအလျောက် ကွယ်လွန်ပြီးနောက် ပေတလောကနှင့် နတ်ပြည်လောကတွင် ဖြစ်နေကြသည့် ဝိညာဉ်လောကသားများအကြောင်းဆိုပြသည့် ပါဠိတော်နှစ်ခုဖြစ်သည့် ပေတ

---

[1] ဒီပဝံသ ၁၂း၅၄။ ဝိ-ဠ ၁၊ ၅၇။ မဟာဝံသ ၁၄း၂၃။

[2] မဟာဝံသ ၁၄း၂၆။

[3] မဟာဝံသ ၁၄း၅၃။ ဝိ-ဠ ၁၊ ၄၆။

[4] ဝိ-ဠ ၁၊ ၅၈။

များ ချမှတ်ပြီးမှသာ ဗုဒ္ဓဝါဒတည်တံ့လိမ့်မည်ဟု တူညီစွာဆိုကြသည်။ သမန္တပါသာဒိကာ[၁]၌မူ ယင်းနှင့်မတူသည့် အဖြေကို မှတ်တမ်းတင်ထားသည် - 'အို မင်းကြီး၊ ဗုဒ္ဓသာသနာတော် တည်တံ့ပါပြီ။ သို့တစေ ယင်း၏ အမြစ်များမှာ ကောင်းစွာ မတွယ်သေး'ဟု မထေရ်က ဖြေကြားသည်။ မင်းကြီးက 'မည်သည့်အချိန်တွင် အမြစ်ကောင်းစွာ တည်တံ့ပါမည်နည်း'ဟု မေးသည်။ အရှင်မဟိန္ဒ၏အဖြေမှာ အလွန်မှတ်သားဖွယ်ကောင်းသည် - 'သီဟိုဠ်ကျွန်းသား မိဘနှစ်ပါးမှ သီဟိုဠ်မှာ မွေးဖွားသည့် အမျိုးသားတစ်ယောက် သီဟိုဠ်တွင် ရဟန်းပြုပြီး ရဟန်းဝိနည်းကို သင်ယူ၊ ရွတ်အံပြီးနောက်မှသာ ဗုဒ္ဓသာသနာတော်၏ အမြစ် နက်ရှိုင်းစွာ တည်တံ့ပါ၏'။

အရှင်မဟိန္ဒသည် ဤအရေးပါသည့် ဖော်ပြချက်ကို မည်သည့်ကျမ်းဂန် အထောက်အထားဖြင့်ဆိုသည်ကို ကျွန်ုပ်တို့ မသိရချေ။ သို့တစေ သေချာသည်မှာ အရှင်မြတ်အနေဖြင့် သီဟိုဠ်၌ ဗုဒ္ဓသာသနာတော် တည်တံ့မှုအတွက် တာဝန်ရှိကြသည့် မိမိအားဖြစ်စေ တိုင်းသူပြည်သားများအားဖြစ်စေ အထူးအရှိန်အဝါ သို့မဟုတ် အခွင့်အရေးကို မည်သည့် အထူးအရှိန်အဝါ သို့မဟုတ် သီးခြားလုပ်ပိုင်ခွင့်ကိုမှ မိမိကိုယ်တိုင်ကိုဖြစ်စေ နိုင်ငံသားများကိုဖြစ်စေ ချုပ်ကိုင်ထားရန် ဆန္ဒမရှိဟူသောအချက် ဖြစ်သည်။ အရှင်မြတ်အနေဖြင့် အမိန့်အာဏာဖြင့် သတ်မှတ်သည့် စိတ်ဝင်စားမှုမျိုးကို ဖန်တီးရန် သို့မဟုတ် ဘုရင်၏ အားပေးချီးမြှင့်မှု သဘောထားတစ်ရပ်ကို ခံယူရန် ရှာဖွေစဉ်းစားခြင်း မပြုခဲ့ချေ။ အရှင်မြတ်၏ လုံးဝ စိုးရိမ်မှုမှာ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဝါဒ ခိုင်မာစွာ တည်တံ့မှု စိတ်ချရစေရန်နှင့် ကျွန်းသူကျွန်းသားတို့ အကျိုးဖြစ်ထွန်းမှု ဆက်လက် တည်ရှိစေရန်သာ ဖြစ်သည်။ အကယ်၍ အရှင်မြတ်၏ ပြီးမြောက်မှုကို အောင်မြင်မှုဟု ခေါ်နိုင်လျှင် ယင်းသည် မကြံစည်နိုင်သည့် အမြင့်ဆုံး အခြေအနေ၏ ကိုယ်ကျင့်တရား၊ စိတ်ပိုင်းဘဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အောင်မြင်မှုများသာဖြစ်ပြီး နိုင်ငံရေး စီးပွားရေးဆိုင်ရာ ရယူခြင်းမျိုး မဟုတ်ချေ။

---

[၁] ဝိ-ဋ္ဌ ၁၊ ၇၅။



ကိုသာမက နောင်ဘဝတွင် မည်သို့ဖြစ်မည်ဆိုသည်ကိုပါ ဖော်ပြသည်။ အရှင်မဟိန္ဒသည် ဓမ္မအသစ်ကို အစပျိုးပေးပြီး ပျော်ရွှင်သည့်ဘဝအတွက် လိုအပ်ချက်အနေဖြင့် ဘာသာတရား၏ ကိုယ်ကျင့် တရားရေးရာအပိုင်းကို အထူးပြုဟောကြားတော်မူသည်။ ယင်းသည် ပရိသတ်အား စိတ်ပိုင်းဘဝ တိုးတက်မှုအတွက် မျက်နှာစာသစ်များကို ဖွင့်လျက် အတွေးအမြင်သစ် တစ်ခုဆီသို့ပို့ ဆောင်ပေးခဲ့သည်။

ဘုရင်မင်း၏ တောင်းပန်လျှောက်ထားမှုကြောင့် အရှင်မဟိန္ဒနှင့် သီတင်းသုံးဖော်များသည် မြို့တော်နှင့် မဝေးလွန်း မနီးလွန်းသည့် မဟာမေဃဝန်ဉယျာဉ်ရှိ ဘုရင့်နားနေဆောင်တွင် သီတင်းသုံးနေထိုင်ကြသည်[၁]။ ဒေဝါနံပိယတိဿမင်းကြီးသည် မထေရ်များထံသို့ သွားရောက်ဖူးမြော်ပြီး ထိုနေရာကို နှစ်သက် မနှစ်သက် စုံစမ်းသဖြင့် အရှင်မဟိန္ဒထံမှ ဤနေရာမှာ နှစ်လိုဖွယ် နေချင်စရာဖြစ်ကြောင်း သိရသောအခါ ယင်းမဟာမေဃဝန်ဉယျာဉ်ကို အလှူဒါန အထိမ်းအမှတ်အဖြစ် အရှင်မဟိန္ဒ၏ လက်ပေါ်တွင် ရေခွက်မှ ရေကို သွန်းချလျက် သံဃာအား လှူဒါန်းလိုက်သည်[၂]။

ဤလှူဒါန်းမှုသည် ဘာသာတရားအပေါ် အတွင်းက ကြည်ညိုမှု ဘုရင်မင်းတရား၌ အမှန်တကယ်ရှိကြောင်း ဖော်ပြလျက် ရဟန်းတော်များ၏ စိတ်ပိုင်းလေ့ကျင့်မှုဘဝအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုကို သေချာစေသည်။ သို့ဖြစ်၍ အရှင်မဟိန္ဒသည် သီဟိုဠ်၌ ဗုဒ္ဓဝါဒကို တည်ထောင်မည်ဖြစ်ကြောင်း အရေးအပါဆုံး ဖြစ်သည့် ကြေညာမှု တစ်ရပ်ကို တိုင်းပြည်သိ ကြေညာလိုက်ခြင်းဖြစ်သည်[၃]။

မဟာမေဃဝန်ဉယျာဉ်ကို သံဃာတော်အား လှူဒါန်းပြီးနောက် အရှင်မဟိန္ဒသည် ချက်ချင်းပင် နောင်အခါထေရဝါဒ၏ ခံတပ်ကတုတ် သဖွယ်ဖြစ်ပြီး သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဝါဒယဉ်ကျေးမှုနှင့် စာပေသင်ကြား

---

[၁] မဟာဝံသ၊ ၁၅၊ ၈။ [၂] ယင်း၊ ၁၅၊ ၁၄-၁၅၊ ၂၄-၂၅။
[၃] ဝိ-ဋ္ဌ ၁၊ ၆၁။ သို့ရာတွင် မဟာဝံသ ၁၅း၂၆ ၌ 'ဗုဒ္ဓဝါဒအခြေကျခဲ့ပြီ' (ပတိဋ္ဌိတံ ဒီပမှိ သာသနဿ)ဟုဆိုသည်။ သို့ရာတွင် ယင်းသို့ဖော်ပြချက်သည် သိမ်သမုတ်ပြီးမှသာ ဗုဒ္ဓသာသနာ တည်တံ့မည်ဖြစ်ကြောင်း ပြဆိုသော ဂါထာအမှတ် ၁၈၀-၁၈၁ တို့နှင့် ညီညွတ်မှုမရှိ။

ရာ ဌာနကြီးဖြစ်သော နာမည်ကျော် မဟာဝိဟာရကျောင်း တိုက်ဖြစ်လာမည့် ဗုဒ္ဓဝါဒဗဟိုဌာနချုပ်ကို စတင်စီမံခဲ့သည်။ နောင်အခါ မြင့်မြတ်သော အနုရာဓပုရမြို့တော်ဟု ခေါ်ဝေါ်လာကြမှုကို မူလကပင် အရှင်မဟိန္ဒ စီမံချမှတ်ခဲ့ကြောင်း မှတ်ယူရန် အလွန် ကောင်းမွန် လှုံလောက်သော အကြောင်းတရားများ ရှိသည်။ ထိုအချိန်က သီဟိုဠ်ကျွန်းတွင် အရှင်မဟိန္ဒထက် ပိုမိုပညာတတ်သော၊ စင်ကြယ် ယဉ်ကျေးသော၊ ကျယ်ကျယ်ပြန့်ပြန့် ခရီးသွားပြီး ဗဟုသုတနှင့် ပြည့်စုံသူ တစ်ဦးတလေမျှ မရှိချေ။ အရှင်မဟိန္ဒသည် ကြီးကျယ် ခမ်းနားလှသော မဂဓဧကရာဇ်၏မြို့တော် ပါဋ္ဋလိပုတ္တကဲ့သို့သော မြို့ကြီးများတွင် သီတင်းသုံးနေထိုင်ဖူးပြီး၊ ဖခင်အသောကမင်းကြီး တည်ထောင်သည့် အသောကာရာမကျောင်းတိုက်နှင့် မိခင်တည်ထောင်သည့် **ဝေဒိသာ**အရပ်မှ စေတိယဂိရိကျောင်းတိုက် (ယခုဆန်ချီစေတီ) ကဲ့သို့သော ကျောင်းတိုက်ကြီးများကို တွေ့မြင်ဖူးသည်။ သို့ဖြစ်၍ အာရာမ (ကျောင်းတိုက်)ကြီးတစ်ခုကို ပိုမိုကောင်းမွန်စွာ စီမံနိုင်သူ တစ်ဦးတလေမျှ မရှိပါချေ။ သမိုင်းကျမ်းများတွင် ဖော်ပြသည့် တန်ခိုးပြာဋိဟာများ၊ အထူးအဆန်း ဖြစ်ရပ်များ၊ ကဗျာဆန်ဆန် မွမ်းမံချယ်သမှုများနှင့် ပုံကြီးချဲ့ဖော်ပြမှုများကို ဖယ်ရှားလိုက်သောအခါ အရှင်မဟိန္ဒသည် ဒေဝါနံပိယတိဿ မင်းကြီးနှင့်အတူ မဟာမေဃဝနဉယျာဉ်အတွင်း လှည့်လည်ခြင်း၊ သံဃာ့ဝိနည်းနှင့် ညီညွတ်သည့် **မာလက** တစ်ခုအတွက် သင့်တင့် လျောက်ပတ်သည့်နေရာ၊ (သံဃာတော်များ သက်သောင့်သက်သာရှိရန်) ရေချိုးခန်း ပါရှိသည့် ရေကန်၊ ဗောဓိပင်စိုက်ပျိုးခြင်း၊ သံဃာတော်များ ဥပုသ်ဆောင်(သိမ်)၊ သံဃာတော်များအား လှူဒါန်းသည့် အလှူပစ္စည်းများကို ခွဲဝေမည့်နေရာ၊ ညီမူစည်းဝေးရာ ဆွမ်းစားဆောင်နှင့် မဟာစေတီတော် နေရာများအတွက် နေရာသတ်မှတ်ခြင်းများကို ကျွန်ုပ်တို့ တွေ့မြင်ရသည်[၁]။ ဤ၌ မဟာဝိဟာရ

[၁] မဟာဝံသ ၁၅း၂၇-၁၇၂။ ဖော်ပြပါ နေရာများမှာ ထိုအချိန်က အာရာမ (ကျောင်းတိုက်)တစ်ခုအတွက် အဓိကကျသည့်နေရာများ ဖြစ်ဖွယ်ရှိသည်။ ပဋိမာဃရ ဆင်းတုတော်ဆောင် မပါသည်ကို သတိမူသင့်သည်။ နောက်ထပ်ဝေဖန်သုံးသပ်မှုများကို ဤကျမ်းအခန်း ၇ တွင် တွေ့ရပါလိမ့်မည်။



ကျောင်းတိုက် (၏မြေနေရာ)ကို အနုရာဓပုရမြို့၌ ရွေးချယ်သည်ကို တွေ့ရသည်။

မဟာမေဃဝန်ဉယျာဉ်ကို လက်ခံပြီးနောက် အဂ္ဂိခန္ဓောပမသုတ်[၁]ကို ဟောကြားတော်မူသည်။ ယင်းသုတ္တန်ဖြင့် ရဟန်းတစ်ပါးသည် မိမိအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကြသည့်ဒကာဒကာမများ ကောင်းကျိုးချမ်းသာ ရစေရန်နှင့် ကိုယ်တိုင်လည်း နောက်ဆုံးပန်းတိုင် ဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ကိုယ်ကျင့်သီလနှင့် ပြည့်စုံရမည်ဖြစ်ပြီး မြင့်မြတ်သည့်ဘဝဖြင့် နေထိုင်ရမည်ကို သင်ကြားသည်။ ဆိုလိုသည်မှာ ကိုယ်တိုင်အကျိုးအတွက် ဖြစ်သကဲ့သို့ အခြားပုဂ္ဂိုလ်များအတွက်လည်းဖြစ်ကြောင်း ဆိုလိုသည်။ အလှူဒါနကြီး တစ်ခုပြုပြီးနောက် ဤအချိန်၌ ယင်းသုတ္တန်ကို ဟောကြားခြင်းမှာ မင်းကြီး အနေဖြင့် အလွန် ဖော်ရွေဧည့်ခံမှုကို ပေးအပ်ခံရသည့် ရဟန်းတော်များသည် ယင်းသို့သော အလှူကို ခံယူထိုက်ကြောင်းနှင့် မင်းကြီးကိုယ်တိုင်လည်း မိမိ၏ကောင်းမှုအတွက် ထပ်တူအကျိုးရမည်ဖြစ်ကြောင်း တိုက်တွန်းမှု တစ်ရပ် ဖြစ်ပုံရသည်။

ယင်းနောက် များမကြာမြင့်မီတွင် ဒေဝါနံပိယတိဿသည် အရှင်မဟိန္ဒအား ဗုဒ္ဓဝါဒသည် သီဟိုဠ်ကျွန်း၌ တည်တံ့ပြီလောဟု မေးမြန်းတော်မူသည်[၂]။ ပါဠိကျမ်းများ၌ အရှင်မဟိန္ဒ၏ အဖြေနှင့်ပတ်သက်၍ မှတ်တမ်းများ ကွဲပြားကြသည်။ ဒီပဝံသကျမ်း[၃]နှင့် မဟာဝံသကျမ်းတို့၌ အရှင်မဟိန္ဒ၏အဖြေမှာ မြတ်ဗုဒ္ဓ၏ ဟောကြားချက်များအရ (သံဃာတော်များ) ဥပုသ်ပြုရန် သိမ်တစ်ခုနှင့် အခြားသော သံဃာ့စည်းမျဉ်း

[၁] မဟာဝံသ၊ ၁၅း၁၇၆။

[၂] ဤနေရာတွင် လွန်ခဲ့သောနေ့က သံဃာတော်အား မဟာမေဃဝနကို လှူဒါန်းသောအခါ အရှင်မဟိန္ဒသည် ဗုဒ္ဓဝါဒ တည်တံ့လိမ့်မည်ဟု မိန့်ဆိုခဲ့သည်ကို သတိရသင့်သည်။ ယခုတစ်ဖန် ဘုရင်က ဗုဒ္ဓဝါဒတည်တံ့ပြီလောဟု စုံစမ်းမေးမြန်းပြန်သည်။ သမန္တပါသာဒိကာ အလိုအရ ယင်းမေးခွန်းကို အလွန် နောက်ကျပြီးမှ မေးသည်။

[၃] ဒီပဝံသ ၁၄း၂၁-၂၅။ ဒီပဝံသ၌ အာရာမဟူသော ဝေါဟာရအစား သံဃာရာမနှင့် ဝိဟာရဟူသော ဝေါဟာရများကို သုံးသည်။

၂၇ ရက်မြောက်တွင် အရှင်မဟိန္ဒသည် အနုရာဓမြို့တော်မှ ထွက်ခွာပြီး ဝါဆိုရန်အတွက် မဟိသာသကတောင်သို့ ကြွတော်မူသည်[၁]။ ထိုနေ့မှာပင် မင်းကြီး၏ တူတော်မောင် အမတ်ကြီးဖြစ်သူ မဟာအရိဋ္ဌနှင့် အခြွေအရံ ငါးဆယ့်ငါးယောက် သာသနာ့ဘောင်သို့ ဝင်ရောက်ကြသည်[၂]။ သို့ဖြစ်၍ ရဟန်းသံဃာ ခြောက်ဆယ်နှစ်ပါးသည် မဟိသာသကတောင်၌ ပထမဆုံးဝါကို ကပ်ဆိုတော်မူကြသည်[၃]။ ထိုတောင်တွင် ထိုအရှင်မြတ်တို့ သီတင်းသုံးနေထိုင်ရန် အဆောက်အအုံများမရှိသဖြင့် ဒေဝါနံပိယတိဿမင်းသည် ယနေ့ခေတ် ကဏ္ဍက စေတိယ (Kaṇṭaka-cetiya) အနီးဝန်းကျင်ရှိ ရှင်းလင်းခိုင်းပြီး သံဃာတော်များ သီတင်းသုံးနေထိုင်ရန် စီမံပေးသည်[၄]။ တစ်ချိန်တည်းတွင် အနုလာမိဖုရားနှင့် အခြွေအရံများက ဘိက္ခုနီဘောင်သို့ ဝင်ရောက်လိုကြောင်း တောင်းဆိုလာသဖြင့် အရှင်မဟိန္ဒ၏ အကြံပြုချက်ဖြင့်[၅] ဒေဝါနံပိယတိဿသည် မဟာဗောဓိပင်၏ တောင်ကိုင်းနှင့်အတူ အရှင်မသံဃာမိတ္တာအား ပို့ပေးရန် ဘုရင်အသောကထံသို့ သဝဏ်လွှာပေးပို့လိုက်သည်[၆]။

မိဖုရား အနုလာနှင့် နန်းတွင်းသူများသည် မြို့တော်၏ တစ်ဖက်တွင် ၎င်းတို့အတွက် တည်ဆောက်ပေးထားသည့် ဥပါသိကာဝိဟာရဟုခေါ်သော အမျိုးသမီးဆောင်တွင် နေထိုင်ပြီး ဆယ်ပါးသီလကို စောင့်ထိန်းရင်း အရှင်မ သံဃမိတ္တာထေရီ ရောက်လာမည်ကို စောင့်မျှော်နေကြသည်[၇]။

---

[၁] မဟာဝံသ၊ ၁၆း၂။ [၂] ယင်း၊ ၁၆း၁၀-၁၁။

[၃] ယင်း၊ ၁၆၊ ၁၇။ အရှင်မဟိန္ဒ မဟိသာသကတောင်သို့ ကြွရောက်သောနေ့မှာပင် ဘဏ္ဍုက ပဉ္စင်းခံပြီး ဖြစ်ကြောင်း သတိရသင့်သည် (မဟာဝံသ၊ ၁၄၊ ၃၂။)

[၄] မဟာဝံသ၊ ၁၆၊ ၁၂။

[၅] ယင်း၊ ၁၅၊ ၁၆-၂၃။

[၆] ယင်း၊ ၁၈၊ ၁။ (အိန္ဒိယနိုင်ငံ၏) တောင်ဖက်တွင် တည်ရှိသည့် သီဟိုဠ်သို့ မဟာဗောဓိပင်၏ တောင်ဖက်ကိုင်းကို သယ်ယူခြင်းမှာ အတော်သင့်မြတ်လှပါသည်။

[၇] ယင်း၊ ၁၈၊ ၉-၁၂။



နီးစပ်သော ပတ်သက်မှုရှိသည့် ပေးထားပြီး ပထဝီဝင်ဒေသတစ်ခုတွင် 'ဗုဒ္ဓဝါဒတည်တံ့မှု' ယူဆချက်သည် မြတ်ဗုဒ္ဓ၏ သင်ကြားချက်များနှင့် အတော်အတန် စိမ်းနေသည်။ ယင်းသို့သော ကိစ္စမျိုးကို ဗုဒ္ဓရှင်တော်မြတ် လုံးဝ မြွက်ဟတော်မမူဖူးချေ။ ဗုဒ္ဓရှင်တော်မြတ်က တပည့်သာဝကများအား 'သတ္တဝါများစွာတို့၏ ကောင်းကျိုးချမ်းသာအတွက်' ကမ္ဘာတစ်လွှားတွင် ဓမ္မကိုဟောကြားရန် ခရီးဒေသစာရီလှည့်လည်ဖို့ စေလွှတ်တော်မူသည်မှာ မှန်သည်[၁]။ သို့တစေ နိုင်ငံတစ်ခုတွင် 'ဗုဒ္ဓသာသနာတည်တံ့ရေး' အစီအရင် သို့မဟုတ် အထူးနည်းလမ်းတစ်ခုနှင့် ပတ်သက်သည့် နှစ်သက်မှုများ သို့မဟုတ် ညွှန်ကြားချက်များကို မည်သည့်နေရာတွင်မှ ဟောကြားတော်မမူချေ။ ဗုဒ္ဓဝါဒသည် တစ်ကိုယ်ရေ ဘာသာတရားသာဖြစ်သည်။ လူတစ်ယောက်သည် သစ္စာတရားကို သိမြင်သွားသည်နှင့် တစ်ပြိုင်နက် ၎င်း၏ ခန္ဓာကိုယ်တွင် ဗုဒ္ဓဝါဒ တည်တံ့ပြီးဖြစ်သည်။ သို့ဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ တပည့်ရင်းချာ တစ်ယောက်ဖြစ်သည့် အရှင်ပုဏ္ဏသည် ကိုယ်ကျင့်သီလ ဆုတ်ယုတ်ပြီး လူဆိုးများကြောင့် နာမည်ကြီးသည့် အမိမြေသုနာပရန္တတိုင်းသို့ သွားပြီး လူအမြောက်အမြားကို ဗုဒ္ဓဝါဒသို့ သွတ်သွင်းပေးသည်[၂]။ မဇ္ဈိမနိကာယ်အဋ္ဌကထာ[၃] အလိုအရ နောင်အခါ မြတ်ဗုဒ္ဓကိုယ်တိုင်ကို ယင်းနိုင်ငံသို့ ပင့်ဖိတ်ခံရသည်။ သို့တစေ ထိုဒေသ၌ 'ဗုဒ္ဓဝါဒတည်တံ့မှု'အကြောင်း မိန့်ကြားချက် လုံးဝမရှိပေ။ ထို့အတူပင် ဘုရင်အသောကနှင့် ဒေဝါနံပိယတိဿအကြောင်းအရာနှင့် ခပ်ဆင်ဆင်တူသည့် ကဋ္ဌဝါဟနနိုင်ငံ ဖြစ်ရပ်တွင် ထိုဒေသ၌ ဗုဒ္ဓဝါဒတည်တံ့မှုအကြောင်း ဖော်ပြခြင်း မရှိချေ။

နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခုတွင် တည်ထောင်သည့် အနေဖြင့် သာသနာ သို့မဟုတ် ဗုဒ္ဓဝါဒကို တည်တံ့စေလိုသည့် အတွေးအမြင် လိုအင်ဆန္ဒကို အသောကဘုရင်ကိုယ်တိုင် ပထမဆုံး

---

[၁] ဝိ ၃၊ ၂၇။

[၂] မ ၃၊ ၃၁၁ (ပုဏ္ဏောဝါဒသုတ်)။

[၃] မ-ဋ္ဌ ၄၊ ၂၃၇

တွေးကြံသိရှိခဲ့ပုံရသည်။ အသောကမင်းကြီးသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် အသုံးပြုလျက် ဓမ္မဝိဇယဟုခေါ်သည့် စိတ်ပိုင်း ဘဝ အောင်မြင်မှုကြီးကို စတင်ခဲ့သည့် ပထမဆုံးသော ဘုရင်ဖြစ်သည်။ ဗုဒ္ဓဝါဒသည် ပထမဆုံးသော သာသနာပြု ဘာသာတရား၊ ဘုရင်အသောကသည် အခြားနိုင်ငံသားများကို ဗုဒ္ဓဝါဒ အဖြစ်ခံယူရန် သာသနာပြုပုဂ္ဂိုလ်များ စေလွှတ်ခဲ့သည့် ပထမဆုံးသော ဘုရင်ဖြစ်သည်။ နိုင်ငံရေးအရ မင်းကြီးအောင်နိုင်ခဲ့သည့် နိုင်ငံများတွင် အစိုးရအဖွဲ့များ တည်ထောင်မည်ဖြစ်သော အောင်နိုင်သူနှင့် အုပ်စိုးသူတစ်ယောက်ကဲ့သို့ပင် ဘုရင်အသောကသည် စိတ်ပိုင်းအရ မင်းကြီးအောင်နိုင် (ဓမ္မဝိဇယ) ခဲ့သည့် နိုင်ငံများ၌ ဗုဒ္ဓသာသနာ တည်ထောင်မှုအတွက် စဉ်စားမိခဲ့ပုံရသည်။ ကြံရည်ဖန်ရည် အစွမ်းအစနှင့် ပြည့်စုံသည့်စည်းရုံးသူနှင့် စိတ်ပညာရှင်တစ်ယောက်ဖြစ်သည့်အတိုင်း မင်းကြီးသည် သာမန်လူတန်းစားတို့အကြား ဗုဒ္ဓသာသနာတော် တည်တံ့မှုကို သိသာထင်ရှားသည့် အခြေခံပုံစံတစ်ခုဖြင့် ညွှန်ပြမည်ဖြစ်သည့် အခမ်းအနား တစ်မျိုးကို အသုံးပြုရန် လိုအပ်သည်ဟု ယူဆခဲ့သည်။

သီဟိုဠ်၌ ခံယူလိုက်သည့် အစစ်အမှန် အခမ်းအနားနှင့် ပတ်သက်၍ ကျမ်းဂန်များ၌ ဖော်ပြချက် ကွဲပြားလျက်ရှိသည်။ ဒီပဝံသ[၁]နှင့် မဟာဝံသ[၂]တို့၌ သိမ်အပိုင်းအခြားကို တည်ထောင်ပြီးမှုဖြင့် သီဟိုဠ်၌ ဗုဒ္ဓသာသနာ တည်တံ့မှုကို တူညီစွာဆိုကြသည်။ ဒေဝါနံပိယတိဿသည် မိမိနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားများနှင့် တိုင်းသူပြည်သားတို့ 'ဗုဒ္ဓရှင်တော်မြတ်၏ အမိန့်ဩဝါဒတော်အတွင်း[၃]' နေထိုင်နိုင်ရန် (အနုရာဓ)မြို့တော် တစ်ခုလုံးကို သိမ်နယ်နိမိတ်အတွင်း သွင်းလိုကြောင်း လျှောက်ထားသဖြင့် ထိုအတိုင်း ပြုခဲ့သည်[၄]။

သမန္တပါသာဒိကာ ဝိနည်းအဋ္ဌကထာအလိုအရ သာသနာတည်တံ့သည့် အခမ်းအနားကို အလွန်နောက်ကျပြီးမှ ဆောင်ရွက်သည်။ အနုရာဓပုရမြို့တော်၌ မဟာဗောဓိပင်ကို စိုက်ပျိုးပြီးမှပင် ဖြစ်နိုင်သည်။ (ဒေဝါနံ ပိယတိဿ)ဘုရင်၏ တူတော် ယခင်နိုင်ငံတော် အမတ်ဟောင်းဖြစ်ခဲ့သူ အရိဋ္ဌမထေရ်အား ထိုအခမ်းအနား၌ ဝိနည်းကို ပြန်ဆိုရန် အရှင်မဟိန္ဒက ရွေးချယ်ခဲ့သည်[၁]။ အခမ်းအနားနှစ်ခုလုံးကို ပြုလုပ်ဖွယ်ရှိသော်လည်း မတူသည့် အချိန်အခါနှစ်မျိုးတွင် သာသနာတည်တံ့မှုအတွက် နောက်ထပ် အဆင့်တစ်ခုကို အထိမ်းအမှတ်ပြုသည့် ဒုတိယ အခမ်းအနား ဖြစ်ဖွယ်ရှိသည်။

ကျမ်းစာနှစ်မျိုးလုံးတွင် စာပေအရ ခြားနားသော်လည်း အတွင်းသဘော ရည်ရွယ်ချက်မှာ တူညီကြသည်။ ဝိနည်းကို ရွတ်ဆို (ပါတိမောက်ပြ) မည့် နေရာအတွက် လိုအပ်သောသိမ်သည် သံဃာ့ကံများကို ဆောင်ရွက်ရန် လိုအပ်သည်။ သံဃာ့ပရိသတ်ရှေ့မှောက်၌ အရှင်အရိဋ္ဌမထေရ် ပါတိမောက်ပြမှုသည် သံဃာ့ကံဆောင်ရွက်မှုနှင့် တူညီသည်။ သို့ဖြစ်၍ နောက်ဆုံးတွင် သာသနာတည်တံ့မှုသည် သိမ်တစ်ခုနှင့် ဝိနည်းကို ရွတ်ဖတ်ခြင်းမရှိဘဲ မဖြစ်နိုင်သော သံဃာတည်တံ့မှုဆီသို့ လျော့ကျသွားသည်[၂]။

အရှင်မဟိန္ဒသည် အနုရာဓပုရမြို့တော်၌ ၂၆ ရက် သီတင်းသုံးတော်မူခဲ့သည်။ ထိုအချိန်အတွင်း အရှိန်အဟုန်ဖြင့် ချီတက်နေပြီး ကြီးမားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ အရှင်မြတ်သည် ဘာသာတရားအသစ်၏ တန်ဖိုးများကို လူထုလက်ခံလာစေရန် တရားဒေသနာ မြောက်မြားစွာကို ဟောကြားခဲ့သည်။ ဒေသနာအများစုမှာ ဘဝ၏ မတည်မြဲမှု (အနိစ္စသဘော)၊ ဘဝသံသရာ၏ ကြောက်မက်ဖွယ်ကောင်းပုံနှင့် ဘဝသံသရာမှ လွတ်မြောက်ပြီး နိဗ္ဗာန်ကို ရရှိရန်လိုအပ်သည့် မြင့်မြတ်သည့်ဘဝ အကြောင်းများနှင့် ပတ်သက်သည်။ အရှင်မြတ်၏ တရားတော်များအနက် မြတ်ဗုဒ္ဓ၏ အခြေခံ ဟောကြားချက်များကို ဖော်ပြသည့် ဓမ္မစက္ကပဝတ္တနသုတ္တန်[၃]လည်း ပါဝင်သည်။

---

[၁] ဒီပဝံသ၊ ၁၄၊ ၂၁-၂၅။

[၂] မဟာဝံသ၊ ၁၅၊ ၁၈၀-၁၈၁။

[၃] ယင်း၊ ၁၅၊ ၁၈၂-၁၈၃။

[၄] ယင်း၊ ၁၅၊ ၁၈၄-၁၈၅။



[၁] ဝိ-႒ ၁၊ ၇၅။

[၂] ဒီပဝံသ၌ မင်းကြီးက သံဃာရာမကို တည်ထောင်ပြီးပြီလောဟု မေးလျှောက်ရာ အရှင်မဟိန္ဒက သိမ်တစ်ခု တည်ဆောက် မပြီးမချင်း ယင်းသို့ ဆိုနိုင်မည်မဟုတ်ဟု ဖြေကြားသည် (ဒီပဝံသ၊ ၁၄း၂၂)။ ယနေ့ခေတ်၌ပင် သိမ်တစ်ခုမရှိဘဲ သံဃာရာမတစ်ခု အလုံးစုံ ပြီးပြည့်စုံသည်ဟု မယူဆသေးချေ။

[၃] မဟာဝံသ၊ ၁၅း၁၉၉။

ဓာတ်တော်များကို ဌာပနာထားသည့် ဓာတ်တော်များကို အနုရာဓပုရမြို့၊ စေတိယတောင်နှင့် သီဟိုဠ်ရှိ အခြားများစွာသော ဒေသများ၌ တည်ထားခဲ့ကြသည်[၁]။ နောက်နှစ်တွင် အရှင်မသံဃမိတ္တာသည် အနုရာဓပုရမြို့၊ ဟတ္ထာဠှကဘိက္ခုနီကျောင်းတိုက်၌ ပရိနိဗ္ဗာန်စံသည်[၂]။

အရှင်မဟိန္ဒ သီဟိုဠ်သို့ ရောက်ရှိခြင်းကို သီဟိုဠ်ယဉ်ကျေးမှု အစအဖြစ် သတ်မှတ်နိုင်သည်။ အရှင်မြတ်သည် လင်္ကာဒီပသို့ ဘာသာတရားအသစ် (ဗုဒ္ဓသာသနာ)ကိုသာမက ထိုအချိန်က ဂုဏ်ရှိန် အမြင့်ဆုံးဖြစ်သည့် မြို့ယဉ်ကျေးမှု တစ်ခုလုံးကိုပါ ယူဆောင်လာခဲ့သည်။ သံဃာ့ကျောင်းတိုက်ကြီးများ၊ စေတီတော်များနှင့်အတူ သီဟိုဠ်ကျွန်းသို့ ပန်းချီပန်းပု အနုပညာများကိုလည်း ရောက်ရှိစေခဲ့သည်။ အရှင်မဟိန္ဒအား သီဟိုဠ်စာပေသမိုင်း၏ ဖခင်အဖြစ်လည်း ယူဆနိုင်သည်။ အဋ္ဌကထာ ကျမ်းပြုဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ မထေရ်က

သော အဇိတမည်သော ရဟန်းသည် သံဃာတော်အား ပါတိမောက် ရွတ်ဆိုပြသူ ဖြစ်သည်'။ ဆိုလိုသည်မှာ အဇိတသည် အသက် ၃၀ ရှိပြီဟု ဖြစ်သည်။ အရှင်မဟိန္ဒ သီဟိုဠ်ကို ကြွရောက်တော်မူသော အခါ ၁၂ ဝါရပြီဖြစ်သည်။ မဟာမဟိန္ဒတ္ထေရော သော၊ တဒါ ဒွါဒသဝဿိကော (မဟာဝံသ၊ ၁၃၊ ၁)။ သီဟိုဠ်သို့ ကြွရောက်စဉ်က သက်တော် ၃၂ နှစ် အရွယ်ရှိကြောင်း ဆိုလိုသည်။ ထိုအတူပင် အရှင်မဟိန္ဒအား ပရိနိဗ္ဗာန်စံချိန်၌ သဋ္ဌိဝဿိကော (နှစ် ၆၀) ဟု ရည်ညွှန်းသောအခါ အရှင်မြတ်သည် သက်တော် ၈၀ ရှိပြီးဖြစ်သည်။ ဝဿဟူသော ပါဠိဝေါဟာရသည် 'မိုးရာသီ' 'ဝါတွင်း' ဟု အဓိပ္ပာယ်ရသကဲ့သို့ 'နှစ်ကာလ'ဟုလည်း အဓိပ္ပာယ်ရသည်။ ရဟန်းတော်တစ်ပါး၏ 'သာသနာအသက်'ကို ကုန်လွန်ခဲ့ပြီဖြစ်သော ဝါတွင်းကာလများဖြင့် ရေတွက်သည်။ ရဟန်းတော်တစ်ပါးအား အသက်အရွယ် ကြီးရင့်သောအခါ ယေဘုယျအားဖြင့် 'သဋ္ဌိဝဿိကော' သက်တော် ၈၀ ဟု ရည်ညွှန်းသည်။ (မ-ဋ္ဌ ၁၊ ၁၆၁။ ဒီ-ဋ္ဌ ၁၊ ၁၇၀။ ဝိသုဒ္ဓိ ၁၊ ၃၇။) ဤသည်မှာ ထိုရဟန်းအား အသက် ၈၀ ရှိပြီဟု အတိအကျ ဆိုလိုသည် မဟုတ်ဘဲ သက်တော် ကြီးရင့်ပြီးဟုဆိုခြင်းသာဖြစ်သည်။ တစ်ခါတစ်ရံ ဝဿဟူသော ဝေါဟာရကို သာမန်အားဖြင့် နှစ်ကာလဟူသော အဓိပ္ပာယ်ဖြင့်လည်း သုံးနှုန်းသည်။

[၁] မဟာဝံသ၊ ၂၀၊ ၄၄-၄၅။

[၂] ယင်း၊ ၂၀၊ ၄၈-၅၀။



သီတင်းကျွတ်ပြီးသောအခါ အရှင်မဟိန္ဒသည် သိမ်မွေ့နူးညံ့သော သွင်ဟန်ဖြင့် ဒေဝါနံပိယတိဿမင်းကြီးအား ဗုဒ္ဓရှင်တော်မြတ်၏ ဓာတ်တော်များကို ဌာပနာမည့် စေတီတစ်ဆူတည်ထားရန် တိုက်တွန်းတော်မူသည်[၁]။ အရှင်မဟိန္ဒနှင့် ဒေဝါနံပိယတိဿမင်းတို့၏ ကူညီသူအဖြစ်ဆောင်ရွက်ခဲ့သူ သုမနသာမဏေသည် ဘိုးတော် အသောကမင်းထံမှ သီဟိုဠ်နိုင်ငံအတွက် ဗုဒ္ဓရှင်တော်မြတ်၏ လက်ယာညှပ်ရိုးတော်နှင့် အခြားဓာတ်တော်များကို သပိတ်တစ်လုံးအပြည့် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်[၂]။ ထိုအချိန်က ယင်းဓာတ်တော်များကို မိဿကတောင်ပေါ်တွင် သိမ်းဆည်းထားပြီး ထိုအချိန်မှစ၍ ထိုတောင်ကို စေတိယတောင်ဟု ခေါ်တွင်ခဲ့သည်[၃]။ မြတ်ဗုဒ္ဓ၏ လက်ယာညှပ်ရိုးတော်ကို ထူပါရာမစေတီတော်တွင် ဌာပနာပြီး ယင်းစေတီတော်သည် သီဟိုဠ်တွင် ပထမဦးဆုံးသော စေတီတော်ဖြစ်လာသည်[၄]။

မဟာဗောဓိကိုင်းနှင့်အတူ သံဃမိတ္တာ သီဟိုဠ်သို့ ရောက်သောအခါ အနုလာနှင့် နန်းတွင်းသူများ ဘိက္ခုနီ ပြုကြသည်[၅]။ ဥပါသိကာဝိဟာရ တိုးတက်လာပြီး အဆောင်များကို တိုးချဲ့လျက် ဟတ္ထာဠှကဝိဟာရ သို့မဟုတ် ဘိက္ခုနုပဿယဟု ခေါ်ဝေါ်သည်[၆]။ အရှင်မ သံဃမိတ္တာလည်း ထိုဘိက္ခုနီကျောင်းမှာပင် သီတင်းသုံးတော်မူသည်[၇]။

ဗောဓိကိုင်း စိုက်ပျိုးမှုကို ကြီးကျယ်သည့် အခမ်းအနားဖြင့် ဆောင်ရွက်သည်။ သီဟိုဠ်မြောက်ပိုင်းကရော တောင်ပိုင်းကပါ အပါအဝင် ဒေသအားလုံးမှ ကိုယ်စားလှယ်များ ယင်းအခမ်းအနားသို့ တက်ရောက်ကြသည်[၈]။ အသောကမင်းကိုယ်တိုင် ဗောဓိပင်စိုက်ပျိုး

[၁] မဟာဝံသ၊ ၁၇၊ ၁။

[၂] ယင်း၊ ၁၇၊ ၉-၂၁။

[၃] ယင်း၊ ၁၇၊ ၂၃။ အရှင်မဟိန္ဒသည် ဝေဒိသာအရပ်ရှိ မယ်တော်၏ကျောင်းတိုက် စေတိယဂိရိအမည် အမှတ်တရအနေဖြင့် ယင်းမိဿကတောင်ကို အမည်သစ်ပေးခဲ့နိုင်ဖွယ်ရှိသည်။

[၄] ယင်း၊ ၁၇၊ ၅၀။

[၅] ယင်း၊ ၁၇၊ ၆၅။

[၆] ယင်း၊ ၁၉၊ ၆၉-၇၁။

[၇] ယင်း၊ ၁၉၊ ၆၈။

[၈] မဟာဝံသ၊ ၁၉၊ ၅၄။

သည့် အခမ်းအနားသို့ တက်ရောက်ရန် မိသားစုဝင် အများအပြား စေလွှတ်ခဲ့သည်[၁]။ နောင်တွင် ဤဗောဓိပင်မှ ပင်ပေါက်များကို အနုရာဓပုရမြို့တော်နှင့် အနီးဝန်းကျင်နေရာများ၊ ဇမ္ဗုကောလပဋ္ဋန၊ မြောက်ပိုင်းရှိ တိဝက္ကဗြာဟ္မဏရွာ၊ တောင်ပိုင်းရှိ ကာဇရဂါမ၊ စန္ဒနဂါမ (မည်သည့်နေရာဟု အတိအကျမသိရသေး) အရပ်များတွင် စိုက်ပျိုးခဲ့သည်[၂]။ နောင်တွင် ဗောဓိပင်ပေါက် ၃၂ ပင်ကို သီဟိုဠ်တစ်ကျွန်းလုံးသို့ ပို့ပေးခဲ့သည်[၃]။

ဗောဓိကိုင်းနှင့်အတူ ဗုဒ္ဓသပိတ်တော်ဖြင့် ဗုဒ္ဓဓာတ်တော်များကို ဆောင်ယူလာခြင်းသည် နောင်အခါ အိန္ဒိယနှင့် သီဟိုဠ်နှစ်နိုင်ငံအကြား ကြီးမားသည့် ယဉ်ကျေးမှု ဆက်နွယ်ခြင်းကို နောက်ထပ်တိုးချဲ့လိုက်ခြင်းဖြစ်သည်။ ဗောဓိပင်စိုက်ပျိုးခြင်းသည် ကျွန်းသီဟိုဠ်၌ ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓယဉ်ကျေးမှု အမြစ်တွယ်ခြင်း၏ အထိမ်းအမှတ်ဖြစ်သည်။ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို ဗုဒ္ဓကိုယ်စားအဖြစ် မှတ်ယူပြီး ယင်းဓာတ်တော်များကို ဌာပနာထားခြင်းမှာ လင်္ကာဒီပ၌ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် သီတင်းသုံးတော်မူသကဲ့သို့ မင်္ဂလာရှိသည်။ ပတ္တဓာတု (ဗုဒ္ဓရှင်တော်မြတ်၏ သပိတ်တော်)ကို ဘုရင့်အိမ်တော်တွင် ထိန်းသိမ်းထားပြီး[၄] ယင်းသည် နောင်အခါ စွယ်တော်ဓာတ်ကဲ့သို့ပင် သီဟိုဠ်လူမျိုးတို့ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားသည့် အမျိုးသား အမွေအနှစ်တစ်ခု ဖြစ်လာခဲ့သည်။

ရဟန်းသံဃာ အရေအတွက် တိုးတက် များပြားလာသဖြင့် ဒေဝါနံပိယတိဿသည် မဟာဝိဟာရကျောင်းတိုက်နှင့် စေတိယပဗ္ဗတကျောင်းတိုက်များအပြင် ကျောင်းတိုက် အများအပြား တည်ဆောက်ပေးသည်။ မဟာဝံသကျမ်း[၅]၌ အထက်တန်းလွှာ မိသားစုမှ ရဟန်းဝတ်လာသူများ နေထိုင်ခဲ့သောနေရာသည် ကဿရသမဏက[၆] (အထက်တန်းလွှာ ရဟန်းများနေရာ) ဖြစ်လာပြီး ဝေဿမျိုးမှ ရဟန်းပြုလာသူတို့ နေထိုင်ခဲ့သည့်နေရာ ဝေဿဂိရိ(ဝေဿမျိုးတို့၏တောင်)[၁] ဖြစ်လာကြောင်း မှတ်တမ်းတင်ထားသည်။ ယင်းသည် သီဟိုဠ်သံဃာတော်များအကြား ရှေးအကျဆုံးအချိန်ကပင် လူမျိုးနှင့် အဆင့်အတန်း ခွဲခြားမှုတည်ရှိခဲ့ကြောင်း ယူဆသင့်သလော။ ဒေဝါနံပိယတိဿသည် အနုရာဓပုရမြို့၌ သံဃာတော်များသုံးဆောင်ရန်အတွက် မဟာပါဠိ[၂] ဟုခေါ်သော အများသုံး စားသုံးဆောင်တစ်ခုကိုလည်း တည်ဆောက်ခဲ့သည်။ မင်းကြီးသည် နာဂဒီပ ကျွန်းရှိ ဇမ္ဗုကောလပဋ္ဋအရပ်၌လည်း ဝိဟာရတစ်ခုနှင့် ကျော်ကြားလှသည့် တိဿမဟာဝိဟာရတို့ကို တည်ဆောက်ခဲ့သည်[၃]။

အရှင်မဟိန္ဒသည် သက်တော် ၃၂ နှစ်အရွယ် ငယ်ရွယ်စဉ်အခါ သီဟိုဠ်သို့ ကြွရောက်တော်မူသည်။ အရှင်မြတ်သည် ဒေဝါနံပိယတိဿမင်း၏ ညီငယ်ဖြစ်ပြီး ထီးနန်းဆက်ခံသူ ဥတ္တိယဘုရင် (ဘီစီ ၂၀၀) နန်းစံ ရှစ်နှစ်မြောက်တွင် စေတိယတောင်၌ ဝါဆိုတော်မူစဉ် သက်တော် ရှစ်ဆယ်တွင် ပရိနိဗ္ဗာန်စံတော်မူသည်[၄]။ အရှင်မြတ်၏

[၁] ယင်း၊ ၁၉၊ ၁-၄။ [၂] ယင်း၊ ၁၉၊ ၆၀-၆၂။

[၃] ယင်း၊ ၁၉၊ ၆၃-၆၄။ [၄] ယင်း၊ ၂၀၊ ၁၃။

[၅] မဟာဝံသ၊ ၂၀၊ ၁၄-၁၆။

[၆] အနုရာဓပုရအနီးတွင် ယင်း ဝေဿဂိရိဆိုသော တောင်ရှိသည်။ ရှေးဟောင်းကဿရသမဏာရာမကို ဖော်ထုတ်မှုနှင့် ပတ်သက်၍ E.Z.IV, p. 128 နှင့် CJSc. G.II, 182 တို့ကို ရှုပါ။ မဟာဝံသဋီကာ၌လည်း ကဿရသမဏက ဝိဟာရကို ယခုအခါ ဝေဿဂိရိယအဖြစ် လက်ခံထားသော ကဿပဂိရိ ဝိဟာရအဖြစ် ဖော်ပြသည်။ (မဟာဝံသဋီ၊ စာ-၄၀၇။ ကဿရသမဏ သင်္ခါတေ ကဿပဂိရိဝိဟာရေ)။ ယင်းဖော်ပြချက်သည် ကျောက်စာ အရေးအသားများနှင့် ညီညွတ်သည်။

[၁] မည်သည့်နေရာဟု မဖော်ထုတ်ရသေး။ သို့ရာတွင် C.W. Nicholas in J.R.A.S., C.B., New Series, Vol. V, pt. 2.p. 159. တို့ကို ရှုပါ။

[၂] မဟာဝံသ၊ ၂၀၊ ၂၃။ [၃] မဟာဝံသ၊ ၂၀၊ ၂၃။

[၄] ဒီပဝံသ၊ ၁၇၊ ၉၅၊ မဟာဝံသ၊ ၂၀၊ ၂၉-၃၃။

ဒီပဝံသနှင့် မဟာဝံသကျမ်းတို့၌ အရှင်မဟိန္ဒသည် သဋ္ဌိဝဿ 'နှစ်ခြောက်ဆယ်' ရှိသောအခါ ပရိနိဗ္ဗာန်စံလွန်ကြောင်း ပြဆိုကြသည်။ ရဟန်းတော်တစ်ပါး၏ ဘဝတွင် နှစ်အရေအတွက် ဟူသည်ကို ပုံမှန်အားဖြင့် အသက် ၂၀ အရွယ်တွင် မိမိရရှိခဲ့သည့် ဥပသမ္ပဒါ (ရဟန်းအဖြစ်)မှ စတင်ရေတွက်လေ့ရှိသည်။ သို့ဖြစ်၍ အသက်မှန်ဖြစ်ရန် ၂၀ နှစ် ထပ်၍ ပေါင်းထည့်ရမည်ဖြစ်သည်။ စူဠဝဂ္ဂပါဠိတော် စာ -၅၀၅ ၌ အဇိတော နာမ ဘိက္ခု ဒသဝဿော သံဃဿ ပါတိမောက္ခုဒ္ဒေသကော ဟောတိ 'ဆယ်ဝါ ပြည့်ပြီး

အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ ပိဋကတ်သုံးပုံ၏အဖွင့် အဋ္ဌကထာကျမ်းများကို ယူဆောင်လာခဲ့ပြီး ယင်းအဋ္ဌကထာကျမ်းများကို သီဟိုဠ်ကျွန်းသူကျွန်းသားတို့၏ အကျိုးအတွက် သီဟိုဠ်ဘာသာသို့ ပြန်ဆိုကြောင်း မိန့်ဆိုခဲ့သည်[၁]။ သို့ဖြင့် အရှင်မဟိန္ဒသည် သီဟိုဠ်နိုင်ငံသားတို့အား စာပေဘာသာစကား တစ်ခုကို ဖန်တီးပေးခဲ့ပြီး ယင်းစာပေကဏ္ဍကို ခမ်းနားစွာ ဖွင့်လှစ်ပေးခဲ့သည်။ အရှင်မြတ်အနေဖြင့် အသောကခေတ် အက္ခရာကိုလည်း အသုံးပြုခဲ့ဖွယ်ရှိသည်[၂]။

သီဟိုဠ်ကျွန်းတွင် အရှင်မဟိန္ဒ၏ သာသနာပြုလုပ်ငန်း ထူးခြားပြောင်မြောက်စွာ အောင်မြင်မှုနှင့် ထူးခြားစွာ အရှိန်အဟုန်ဖြင့် ဗုဒ္ဓဝါဒ ပြန်နှံ့သွားရခြင်းမှာ အကြောင်းတရား များစွာရှိသည်။ အရှင်ဟိန္ဒ ရောက်ရှိခြင်းသည် အိန္ဒိယနှင့် သီဟိုဠ်တို့အကြား လူမှုရေး၊ ယဉ်ကျေးမှုနှင့် သံတမန်ရေး ဆက်ဆံမှု အစီအရီ၏ အောင်မြင်မှု ရလဒ်ဖြစ်သည်။ ဒေဝါနံပိယတိဿသည် အသောကမင်းနှင့် မိတ်ဆွေ ဖြစ်မှုကို မျှော်လင့်တောင့်တနေသည်။ သီဟိုဠ်ဘုရင်နှင့် ၎င်း၏ဆွေတော်မျိုးတော်များ ဖြစ်ကြသော အရေးပါသည့် အမတ်များ ဗုဒ္ဓဝါဒကို လက်ခံသွားကြသောအခါ ကျန်ပုဂ္ဂိုလ်များမှာ လွယ်ကူသွားပြီ ဖြစ်သည်။ တစ်နိုင်ငံလုံးနီးပါး ပြန့်ကျဲနေသည့် ဘာသာရေးအုပ်စုငယ်အများအပြား ရှိလင့်ကစား ဘာသာတရားအသစ်အပေါ် ဆန့်ကျင်နိုင်သော စနစ်တကျ စည်းလုံးမှု သို့တုတ် စွမ်းရည် မရှိကြချေ။ အခြားတစ်ဖက်တွင် ဗုဒ္ဓဝါဒသည် သီဟိုဠ်နိုင်ငံသားတို့အား ယခုအချိန်ထိ ၎င်းတို့ သိပြီး လိုက်နာ ကျင့်သုံးပြီးဖြစ်သည့် ဘာသာတရားတို့ထက် များစွာ အထက်တန်းကျသည့် ဘဝဖြစ်စဉ်သစ် တစ်မျိုးကို ပေးအပ်ခဲ့သည်။ ရိုးသားမှု ပုံစံတစ်ခုမှာ အများကောင်းကျိုးအတွက် မိမိတို့၏ အချိန်ကို မြှုပ်နှံထားကြသည့် ရဟန်းတော်များ၏ စင်ကြယ်

---

[၁] သီဟဠဒီပံ ပန အာဘတာထ ဝသိနာ မဟာ မဟိန္ဒေန၊
ထပိတာ သီဟဠဘာသာယ ဒီပဝါသီနံ အတ္ထာယ။

[၂] သီဟိုဠ်အမျိုးသမီးများ၏ ဘဝနှင့် အကျင့်စရိုက်ကို ပုံစံသွင်းလျက် ၎င်းတို့အပေါ် အရှင်မသံဃမိတ္တာ၏ ဩဇာလွှမ်းမိုးမှုသည်လည်း ထပ်တူ ထပ်မျှပင် ကြီးမားလှပါသည်။

သည့်ဘဝသည် ဘုရင်မင်းကြီးကိုရော တိုင်းသူပြည်သားများအတွက်ပါ လုံ့ဆော် တက်ကြွမှုတစ်ရပ် ဖြစ်ခဲ့သည်။ ဘာသာတရားအသစ်က သင်ကြားပေးသည့် ကိုယ်ကျင့်တရားရေးရာ စည်းကမ်းချက်များသည် ပျော်ရွှင်ငြိမ်းချမ်းသည့် လူမှုဘဝကို ဖြစ်ပေါ်စေသည်။

သီဟိုဠ်လူမျိုးများနှင့် ကြားခံဆက်သွယ်မှုသည် သာသာပြုလုပ်ငန်းအပေါ် မဆိုစလောက် တားဆီးမှုရှိသည်။ ဘီစီ ၃ ရာစု အသောကကျောက်စာနှင့် သီဟိုဠ်ကျောက်စာ ဘာသာစကားများကို နှိုင်းယှဉ်ကြည့်လျှင် ဘာသာစကားနှစ်ခုမှာ အလုံးစုံနီးပါးမျှ တူညီကြသည်ကို တွေ့နိုင်သည်။ အနည်းငယ် မဆိုစလောက်သာ ကွဲပြားပြီး ဘာသာစကားတစ်ခုဖြင့် ပြောသူအား ထိုပုဂ္ဂိုလ်ဖော်ပြသည့် အဓိပ္ပာယ်များကို များစွာ အခက်အခဲမရှိဘဲ နားလည်ရန် ဖြစ်နိုင်သည်။

ဘာသာတရား ပြန့်ပွားခြင်းအတွက် ဟောပြောခြင်းမှာ အဓိကနည်းစနစ်ဖြစ်ပုံရသည်။ ပူဇော်ဖွယ်ရာများ ဖြစ်သည့် စေတီတော်များ၊ ဗောဓိပင်များပါရှိသည့် ကျောင်းတိုက်ကြီးများကို အရေးပါသည့် ကျေးရွာများတွင် သံဃာတော်များ သီတင်းသုံးနိုင်ရန် တည်ဆောက်ခဲ့သည်။ ယင်းတို့သည် အသိပညာရယူသည့် အချက်အခြာနေရာများ ဖြစ်လာပြီး ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓယဉ်ကျေးမှုကို သင်ကြားပေးသည်။ အရှင်မဟိန္ဒသည် အိန္ဒိယ ဘုရင်အသောက၏ သာသနာပြုနည်းနှင့် အလားတူနည်းကို သီဟိုဠ်တွင် လိုက်နာအသုံးပြုခဲ့သည်ဟု ယူဆနိုင်သည်။ သို့တစေ (သီဟိုဠ်တွင်) မတွေ့ရသည့် အချက်နှစ်ခုမှာ သိသာထင်ရှားနေသည်။ ဘုရင်အသောကသည် ဓမ္မပြန့်ပွားရေးအတွက် ကျောက်စာတိုင်များစွာကို စိုက်ထူခဲ့သည်။ သို့တစေ သီဟိုဠ်၌ ကျောက်တုံးပေါ်မှာ သို့မဟုတ် ကျောက်တိုင်ပေါ်မှာ ဒေဝါနံပိယ တိဿမင်းကြီး စိုက်ထူရေးသားခဲ့သည့် ဓမ္မလိပိ (ဓမ္မ အရေးအသား) တစ်ခုတလေမျှ ယနေ့တိုင် မတွေ့ရှိသေးပေ။ အိန္ဒိယဧကရာဇ် အသောက ပြုလုပ်သကဲ့သို့ သီဟိုဠ်တွင် ဓမ္မမဟာမတ္တဌာနများကို ဖွဲ့စည်းခဲ့ခြင်း မရှိ။ အရှင်မဟိန္ဒသည် အိန္ဒိယတွင် ဖခမည်းတော်၏ နည်းလမ်းကို လိုက်နာပြီး သီဟိုဠ်၌ ဓမ္မလိပိ (ဓမ္မအရေးအသား)များ ထုတ်ပြန်ရန် ဒေဝါနံပိယတိဿအား အဘယ်ကြောင့် အကြံမပြုခဲ့ပါသနည်း။ သီဟိုဠ်သည်



အလွန်သေးငယ်ပြီး လူအများနေထိုင်သည့် ဧရိယာအနေဖြင့် ဘုရင့်အမိန့်တော်ကို နိုင်ငံတော်တစ်ဝန်းလုံး အလျင်အမြန် ထုတ်ပြန်နိုင်လောက်အောင် ကျဉ်းမြောင်းသောကြောင့်ပေလော။ ရဟန်းတော်များသည် နိုင်ငံတော်တစ်ဝန်းလုံး ဗုဒ္ဓဝါဒပြန့်ပွားစေရန် မပင်ပန်းနိုင်ဘဲ အသုံးချခဲ့သဖြင့် သီဟိုဠ်၌ ယင်းသို့သော သတင်းဖြန့်နည်းလမ်းများကို အသုံးပြုဖွယ်မလိုသောကြောင့် ဖြစ်ဖွယ်ရှိပါသည်။

00000000

ထုံးတမ်းစဉ်လာ သို့ဟုတ် 'စာရိတ'ဟူသည် အဘယ်နည်း။ ရှေးခေတ်များတွင် အစဉ်အဆက် ဆင်းသက်ခဲ့သော သူတော်ကောင်းတို့၏ ထုံးတမ်း (သဒါစာရ) များသည် ဘာသာရေးဥပဒေနှင့် တရားဝင် ပြဋ္ဌာန်းချက်များအဖြစ် တူညီသည့် စာရင်းတွင် နေရာယူပြီး နိုင်ငံတော်၌ တည်ရှိပြီး ဥပဒေ၏ အစိတ်အပိုင်းများ ဖြစ်နေကြသည်။ သီဟိုဠ်၌လည်း ဌာနေတို့၏ ဥပဒေသည် နိုင်ငံတော်၏ တည်ရှိပြီး ထုံးတမ်းစဉ်လာမှလွဲ၍ တစ်ခြားတစ်ပါး မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ဧဋ္ဌာရသည် အစိုးရကောင်း ဖြစ်ရေးအတွက် ယင်း (တည်ရှိပြီး ထုံးတမ်းများ) ကို လိုက်နာခြင်းဖြစ်သည်။ မဟာဝံသကျမ်း၌ ဤအချက်ကို ထင်ရှားစေသည့် သာဓက အများအပြား ရှိသေးသည်။

ဘာတိယမင်း(အေဒီ ၃၈-၆၆)အား ဗုဒ္ဓဝါဒကျင့်ထုံး အားလုံးနှင့် ဆိုင်သည့် ရှေးဘုရင်တို့ ချမှတ်ခဲ့သော စည်းမျဉ်းစည်းကမ်း အားလုံးကို လိုက်နာခဲ့ကြောင်း ဖော်ပြသည်[1]။ မဟာဒါဌိက-မဟာနာဂမင်း (အေဒီ ၆၇-၇၉)သည်လည်း ရှေးမင်းများနှင့် ၎င်း၏အစ်ကို ချမှတ်ခဲ့သည့် ဘာသာရေး ထုံးတမ်းစဉ်လာအားလုံးကို စောင့်ထိန်းခဲ့သည်။ မဟိန္ဒပွဲတော်ကို ခမ်းနားစွာ ကျင်းပခဲ့သည့် သိရိမေဃဝဏ္ဏ (အေဒီ ၃၆၂ ခန့်) က ယင်းပွဲတော်အား နှစ်စဉ် ကျင်းပရမည်ဟု တိုးမြှင့်ခဲ့သည်။ အေဒီ ၁၃ ရာစု မဟာဝံသ ဒုတိယပိုင်း ရေးသားသူက ယင်းဘုရင့်အမိန့်ကို ထိုနေ့အထိ ဆက်ခံသူဘုရင်အားလုံး အစဉ်မပြတ် လိုက်နာခဲ့သည်ဟု ဖော်ပြသည်[2]။ ဟောပိဋ္ဋိဂမ (Hopiṭigama) ဟုခေါ်သော ကျေးရွာအုပ်ချုပ်ရေးနှင့် ပတ်သက်သော စည်းမျဉ်းဥပဒေအချို့ကို မှတ်တမ်းတင်ထားသော အေဒီ ၁၀ ရာစု၌ ရေးထိုးသည့် ကျောက်စာတစ်ခု[3]တွင် ရှေးဟောင်း ဥပဒေများကို ရှေးဟောင်း ထုံးတမ်းစဉ်လာများအဖြစ် ရည်ညွှန်းထားသည်။ ၁၂ ရာစု တွင် သိရိတလေနာ (Siritlenā) တရားရုံး၏ တရားဝင် အတွင်းရေးမှူး သို့မဟုတ် အမတ် ဖြစ်သည်[4]။

---

[1] မဟာဝံသ၊ ၃၄၊ ၆၇။

[2] ယင်း၊ ၃၄၊ ၈၅။

[3] ယင်း ၃၇၊ ၈၈၀၈၉။

[3] E.Z. III, p. 75. Badulla Pillar Inscription. (Revised in V, pt. 2, pp. 177-195)

[4] Nks. p. 18.

# အခန်း ၅

## ဗုဒ္ဓဝါဒ နိုင်ငံတော်ဘာသာ ဖြစ်လာခြင်း

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ရာစုနှစ် နှစ်ခုခန့် အကြာတွင် ဘုရင်အသောကသည် ဗုဒ္ဓဝါဒအား နိုင်ငံတော်ဘာသာတရားအဖြစ် အသုံးပြုခဲ့သည့် ပထမဆုံးသော ဘုရင်ဖြစ်ကြောင်း တွေ့ခဲ့ရပြီးဖြစ်သည်။ သို့တစေ သီဟိုဠ်တွင် ဗုဒ္ဓဝါဒစတင် ရောက်ရှိပြီးနောက် နှစ်ရက်မြောက်နေ့မှစတင်၍ နိုင်ငံတော်ဘာသာတရား[1] ဖြစ်သွားခဲ့သည်။

ဒေဝါနံပိယတိဿမင်းကြီး၏ အရှင်မဟိန္ဒအား မင်းကြီးအနေဖြင့် ဗုဒ္ဓ၏ အာဏာဒေသနာတော်အတွင်း နေထိုင်နိုင်ရန် မြို့တော်အား ထည့်သွင်းလျက် သိမ်သမုတ်ရန် တောင်းပန်ခြင်းမှာ အလွန်အရေးကြီးသည်[2]။ ဘီစီ သုံးရာစု ထိုနေ့အချိန်မှစ၍ အေဒီ ၁၉ ရာစု သီဟိုဠ် (ဘုရင်တို့၏) အုပ်ချုပ်ရေး ဆုံးခန်းတိုင်ခဲ့သည်အထိ ဗုဒ္ဓဝါဒီတစ်ယောက်သည်သာ သီဟိုဠ်ဘုရင်ဖြစ်ရန် တရားဝင် အခွင့်အရေးရှိသည်။ အေဒီ ၁၀ ရာစုနှစ်လောက်က ယင်းယုံကြည်မှုသည် သီဟိုဠ်ဘုရင်သည် ဗုဒ္ဓဝါဒီဖြစ်ရသည်သာမက ဘုရားလောင်း ဗောဓိသတ္တ (ဘုရားဖြစ်လာမည့်သူ)လည်း ဖြစ်ရသည်အထိ အလွန် အားကောင်းခဲ့ သည်[3]။ စတုတ္ထ မဟိန္ဒမင်း လက်ထက် (အေဒီ ၉၅၆-၉၇၂) ဇေတ

---

[1] နိုင်ငံတော်ဘာသာဟူသည် နိုင်ငံတော်က တရားဝင်ဘာသာအဖြစ် အသိအမှတ်ပြုခံထားရသော ဘာသာတရားဖြစ်ကြောင်း ဆိုလိုသည်။

[2] မဟာဝံသ၊ ၁၅၊ ၁၈၂-၁၈၃။

[3] E.Z. 1, pp. 234, 237.

ဝနာရာမ ကျောက်ဖျာ ကျောက်ထွင်းစာ[၁]တွင် 'ဗောဓိသတ္တများမှ တစ်ပါး မည်သူမျှ သီရိလင်္ကာဘုရင် ဖြစ်နိုင်မည် မဟုတ်'၊ တဖန် 'ယင်း ဗောဓိသတ္တများသည် သဗ္ဗညုဗုဒ္ဓထံမှ ဖော်ပြပါအာမခံချက်ကို လက်ခံရရှိပြီးဖြစ်သည်'ဟု ကြေညာခဲ့သည်။

ကိတ္တိနိဿင်္ကမလ္လမင်း (အေဒီ ၁၁၈၇-၁၁၉၆) က ၎င်း၏ ကျောက်ထွင်းစာများတွင် လင်္ကာဒီပကို ဗုဒ္ဓဝါဒက ပိုင်ဆိုင်သည်၊ သို့ဖြစ်၍ စောဠများ ကေရာဠများကဲ့သို့သော ဗုဒ္ဓဝါဒီမဟုတ်သူများသည် သီဟိုဠ်ထီးနန်း ကို ဆက်ခံပိုင်ခွင့် မရှိဟု ဖော်ပြထားသည်။

အေဒီ ၁၃ ရာစုတွင်ရေးသည့် ပူဇာဝလိယအမည်ရှိ သီဟိုဠ်ကဗျာကျမ်းတွင် ယင်းယူဆချက်နှင့်ပတ်သက်၍ ပိုမိုရှင်းလင်းစွာ ဖော်ပြထားသည် 'ဤလင်္ကာဒီပကျွန်းကား ဗုဒ္ဓဝါဒနိုင်ငံဖြစ်၏။ ယင်းသည် ရတနာသုံးပါး ပြည့်နေသော ဘဏ်တိုက်နှင့် ပမာတူ၏။ သို့ဖြစ်၍ ဤကျွန်းနေ မိစ္ဆာဒိဋ္ဌိအယူရှိသူများကား ယခင်က ယက္ခများကဲ့သို့ တည်မြဲလိမ့်မည် မဟုတ်။ သီဟိုဠ်အား ဗုဒ္ဓဝါဒီမဟုတ်သူတစ်ယောက် အတင်းအကြပ်ပြု၍ ခေတ္တအားဖြင့် အုပ်ချုပ်ခဲ့လျှင်ပင် ရှင်တော်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကြောင့် ထို (အုပ်ချုပ်သူ)၏ အစဉ်အဆက်သည် တည်တံ့လိမ့်မည်မဟုတ်။ သို့ဖြစ်၍ လင်္ကာသည် ဗုဒ္ဓဝါဒီ ဘုရင်များအတွက်သာ သင့်တင့်လျောက်ပတ်သဖြင့် ၎င်း (ဗုဒ္ဓဝါဒီဘုရင်)တို့၏ အစဉ်အဆက်လည်း တည်တံ့လိမ့်မည်'[၂]။

ကန္ဒီမှ မာလဝတ္တချာတာ (Malvatta Chapter*) က ပင်လယ်ကမ်းခြေနယ်များကို အုပ်ချုပ်ခဲ့သည့် ကိုလမ်ဘိုရှိ ဒတ်ချ်အုပ်ချုပ်ရေးအရာရှိ ဖောလ်ခ် (Falk: 1765-1785 A.D.) ထံ ရေးသားသည့် ရှေးခေတ် သီဟိုဠ်ဥပဒေနှင့် သက်ဆိုင်သည့် သမိုင်းမှတ်တမ်း တစ်ခုတွင် 'ပထမ

---

[၁] ပေါ်ဠုန္နရုဝ၊ ဂလပေါတ၊ E.Z. UUm o, 109. မြောက်ဘက်ဂိတ် ကျောက်ထွင်းစာ။ ယင်း၊ စာ-၁၅၉။

[၂] Pjv. p. 656.

* *Malvatta Chapter* ဟူသည် ဂါမဝါသီဂိုဏ်းဟု ခေါ်သော သီရိလင်္ကာ ထေရဝါဒဗုဒ္ဓဘာသာဂိုဏ်းကွဲ တစ်ခု ဖြစ်သည်။ ထိုဂိုဏ်းမှ ရေးသောစာဟု ယူဆပါသည် (ဘာသာ ပြန်သူ)။



ဆုံးသော ဥပဒေမှာ သီဟိုဠ်ဘုရင်သည် ဗုဒ္ဓဝါဒကို မစွန့်ရ၊ အခြားဘာသာတရားကို မကိုးကွယ်ရဟုဖြစ်၏' ဟုဆိုထားသည်[၁]။

ယင်းယုံကြည်ချက်သည် အနည်းဆုံး ၁၉ ရာစုနှောင်းပိုင်းကာလအထိ လွှမ်းမိုးနေသောကြောင့် သီဟိုဠ် အုပ်ချုပ်ရေးမှူး ဘရောင်းရစ်ဂ် (Brownrigg)က အင်္ဂလန်ရှိ ဝီလျံမ် ဝီလ်ဘာဖော့စ် (William Wilberforce) အား ဇွန်လ ၁၃ ရက်၊ ၁၈၁၆ ခုနှစ် ရက်စွဲဖြင့် ပေးပို့ခဲ့သည့် စာအရ သိနိုင်သည်။ ယင်းစာတွင် 'လွတ်လပ်သည့် ကန္ဒီဘုရင့်နိုင်ငံနှင့် ဗုဒ္ဓဘာသာအကြား နီးကပ်စွာ ဆက်နွယ်မှု ရှိခဲ့ကြောင်း ယခု ရရှိ၏။ နိုင်ငံရပ်ခြား အာဏာ သို့မဟုတ် ဩဇာလွှမ်းမိုးမှု အားလုံးကို ဆန့်ကျင်ပြီး ဗုဒ္ဓက ၎င်းတို့၏ ဘုရင်ဧကရာဇ်ကို ကာကွယ်ရန် စီမံပေးသည်ဟု ယုံကြည်ကြ၏'ဟု ဖြစ်သည်။

ရံဖန်ရံခါ သီဟိုဠ်ကျွန်းကို အုပ်ချုပ်ခဲ့ကြသည့် ဒရာဗီဒီယန်လူမျိုးများပင် ၎င်းတို့စိတ်ထဲ၌ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အနည်းဆုံး ရာထူးအတွက် ဗုဒ္ဓဝါဒီများအဖြစ် ခံယူခဲ့ကြသည်။ ပုံစံအားဖြင့် ဘီစီ ၂ ရာစုတွင် အနုရာဓပုရမြို့ကို အုပ်ချုပ်ခဲ့သော စောဠ (တိုင်းဇာတိ) မင်းသား ဧဠာရသည် သံဃာတော်များအား ဖူးမြော်ပြီး ဆွမ်းဖိတ်ရန် စေတိယတောင် (မဟိန္တလေ့) သို့ သွားခဲ့ကြောင်း သိရသည်။ 'ဧဠာရသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြီးမြတ်မှုကို မသိသော်လည်း ထုံးတမ်းစဉ်လာကို လိုက်နာပြီး (စာရိတ္တံ အနုပါလယံ) စေတိယတောင်သို့ သွားလျက် သံဃာတော်များအား ဆွမ်းဖိတ်ခဲ့၏'ဟု မဟာဝံသကျမ်း၌ ဆိုသည်[၂]။ မဟာဝံသ ပါဠိသမိုင်းကျမ်းပြုဆရာသည် ဧဠာရသည် ဗုဒ္ဓဝါဒအပေါ် အမှန်တကယ် စိတ်ဝင်စားမှုမရှိသော်လည်း ဌာနေတို့၏ တည်ရှိပြီး ထုံးတမ်းစဉ်လာကို လိုက်နာရသည်ဟု ယူဆပုံရသည်[၃]။

---

[၁] *Prabhāsadaya*, 1930, May, p. 17.

[၂] မဟာဝံသ ၂၁၊ ၂၁-၂၂။

[၃] မဟာဝံသဋီကာ (အတွဲ၂၊ စာ-၄၈၃)၌ ဧဠာရ ဆင်းတုဆောင်တစ်ခုအကြောင်းကို ဖော်ပြသည် 'ဧဠာရပဋိမာဃရ'။ ယင်းသည် ဧဠာရ တည်ဆောက်သည့် ဗုဒ္ဓဆင်းတုတော်ကို ထားရှိသည့် အဆောင်ကို ဆိုလိုသလော သို့မဟုတ် ဧဠာရကိုယ်တိုင်၏ ဆင်းတုကို ထားသည့် အဆောင်ကို ဆိုလိုသလောဟူသည်ကို ရှင်းလင်းစွာ မသိရချေ။

ရှင်းလင်းစွာ ကြေညာထားသည်[၁]။ ဗုဒ္ဓဝါဒကို ကာကွယ်သူအဖြစ်ဖြင့် မူလက ဗုဒ္ဓနှင့် ရဟန္တာပုဂ္ဂိုလ်များကိုသာ ရည်ညွှန်းအသုံးပြုသည့် ဝေါဟာရများကိုပင် သီဟိုဠ်ဘုရင်များအတွက် သုံးနှုန်းလာသည်ထိပင် ဘုရင်သည် (လူထု၏) အလွန် လေးစားမှုကို ခံရသည်။ ပုံစံအားဖြင့် ဗုဒ္ဓသို့ မဟုတ် ရဟန္တာပုဂ္ဂိုလ်များ ကွယ်လွန်မှုအတွက်သာ အသုံးပြုသည့် ပရိနိဗ္ဗိ (ပရိနိဗ္ဗုတ) ဟူသော ဝေါဟာရကို အေဒီ ၁၀ ရာစုတွင် ဘုရင်တစ်ပါး ကွယ်လွန်မှုကို ရည်ညွှန်း၍ အသုံးပြုခဲ့သည်[၂]။

ထိုနည်းအတိုင်းပင် အတိအကျအားဖြင့် ဗုဒ္ဓဝါဒီရဟန်းတော်တစ်ပါးကိုသာ ရည်ညွှန်းသုံးနှုန်းရသည့် vat-himi (ဥပဇ္ဈာယသာမိ) ဟူသော ဝေါဟာရကို ကြီးမြတ်သည့် လေးစားမှုပေးသည့်အနေဖြင့် အေဒီ ၈ ရာစုခန့်မှ စပြီး ဘုရင်မင်းများနှင့် အုပ်ချုပ်သူများအား ခေါ်ဝေါ်သုံးနှုန်းခဲ့သည်[၃]။

---

[၁] E.Z. I, p. 237, *tumā pay sivur rak (nu.va)s.* ဤ၌ ဗုဒ္ဓ၏ သပိတ်တော်နှင့် သင်္ကန်းဟူသည် ဗုဒ္ဓဝါဒကို ကိုယ်စားပြုသည်။ အင်္ဂလိပ် ဘုရင့်ဘွဲ့ (အမည်) မှာ 'Defender of the Faith = ဘာသာတရားကို ကာကွယ်သူ' ဖြစ်သည်။

[၂] E.Z. III, p. 76, 77, *sataḷosa piriniviyan bahanse*.

[၃] ပုံစံအားဖြင့် ရာဿဟေလ (Rāssahela)ကျောက်စာကို ရှုပါ။ E.Z. IV, p. 173, 174; Kirigallāva Pillar Ins. E.Z. II. p. 3-4; and BadullaPillar Ins. E.Z. III, p. 75; Kaḷudiyapokuṇda Ins. E.Z. III, p. 258-269, 264-266.

ဝေကြေမဆင်းဂ် (Wickremasinghe) က *vat-himi* သည် 'ပစ္စည်းပိုင်ရှင်' ဟု အဓိပ္ပာယ်ရသည့် *vastu-svāmin* သို့မဟုတ် 'ဘာသာရေး ကိစ္စများကို ညွှန်ကြားသူ'ဟု အဓိပ္ပာယ်ရသည့် *vātta-svamin* ဟူသောသက္ကတစာလုံးများမှ ဆင်းသက်ဝေါဟာရများ ဖြစ်ဖွယ်ရှိကြောင်း ဆိုသည် (E.Z. I, p 35, n. 7.)။ ပရနဝိတန ကမူ ဆင်းသက်စကားလုံးများနှင့် ပတ်သက်၍ တစ်စုံတရာ မှတ်ချက်ပြုခြင်းမရှိ (E.Z. III, p. 86.)။ ကေ ပညာကိတ္တိ (K. Paňňākitti) မထေရ်၏ *vat-himi* သည် 'ဥပဇ္ဈာသာမိ'မှ ဆင်းသက်ဝေါဟာရဖြစ်၏ဟု ဆိုသော မှတ်ချက်မှာ လက်ခံနိုင်ဖွယ် အရှိဆုံးဖြစ်သည်။

အေဒီ ၁၀ ရာစုတွင် ရေးသားခဲ့သည့် The Dhampiyā-Aṭuvā-Găṭapadaya ကျမ်း (စာ-၁၁၆၊ ကြောင်းရေ ၁၀)တွင် *upajjhāyavattaṃ* ဝေါဟာရကို '*vat teranaṭa kaṭayuiu vat*'ဟု နိဿယပြန်ဆိုထားသည်။ တစ်ဖန် ယင်းကျမ်း (စာ-၁၅၃၊ ကြောင်းရေ ၁၄) တွင်ပင် ဗေလဋ္ဌသီသအမည်နှင့်ပတ် သက်၍ '*Ānanda mahaterun vajateru Belaṭṭhasīsa mahaterun.*'ဟုဆိုသည်။



ထုံးတမ်းစဉ်လာဟု အဓိပ္ပာယ်ရသော သီဟိုဠ်စကားလုံး Sirit နှင့် ပါဠိ ဝေါဟာရ စာရိတသည် အစဉ်အလာ၌ပါဝင်သော ယနေ့ခေတ် ဥပဒေဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းသည့် စကားလုံး များဖြစ်ကြသည်။

ဖော်ပြပြီး နမူနာများမှ နိုင်ငံတော် ဥပဒေ၏ တစ်စိတ်တစ်ဒေသအဖြစ် အသိအမှတ်ပြုခဲ့ပြီး ဘုရင်မင်းများ ချမှတ်ခဲ့သည့် ဘာသာရေး အစဉ်အလာများနှင့် ကျင့်ထုံးများရှိကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ယင်းထုံးတမ်းများကို သီဟိုဠ်လူမျိုးဖြစ်စေ ဒရာဗီဒီယန်လူမျိုးဖြစ်စေ သီဟိုဠ်ဘုရင်များအနေဖြင့် လေးစား လိုက်နာခဲ့ကြရသည်။

ဧဠာရမတိုင်မီ အနုရာဓပုရမြို့၌ နှစ် ၃၀ ခန့် အုပ်ချုပ်ခဲ့သည့် သေနနှင့် ဂုတ္တိလဟူသော တမီလ်မင်း နှစ်ယောက်သည်ပင် ဗုဒ္ဓဝါဒီများ ဖြစ်ခဲ့ပုံရသည်။ ၎င်းတို့၏ အုပ်ချုပ်မှုကို ရည်ညွှန်းရာတွင် မဟာဝံသကျမ်း[၁]၌ ဓမ္မေန 'တရားသဖြင့်' ဟူသော ဝေါဟာရကို သုံးထားခြင်းမှာ ၎င်းတို့သည် ဗုဒ္ဓဝါဒီများအနေဖြင့် သို့မဟုတ် အနည်းဆုံး ဗုဒ္ဓဝါဒထုံးစံများနှင့်အညီ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ကြောင်း ဆိုလိုရာရောက်သည်။ ဗုဒ္ဓဝါဒီမဟုတ်သူ အခြားတစ်ယောက်အနေဖြင့် မည်သို့ ဓမ္မနှင့်အညီ အုပ်ချုပ်နိုင်ပါမည်နည်း။ တိရစ္ဆာန်အဆင့်မျှ ယူဆခံရသည့် မိစ္ဆာဒိဋ္ဌိတစ်ယောက်သည် မည်သို့လျှင် ဓမ္မနှင့်အညီ အုပ်ချုပ်နိုင်မည်နည်း။

ခုဒ္ဒပါရိန္ဒ (Khudda-Pārinda) မင်း၏ မိဖုရား (အေဒီ ၅ ရာစု)၏ ကျောင်းတိုက်တစ်ခုအား လှူဒါန်းမှုကို မှတ်တမ်းတင်သည့် ကျောက်စာ[၂]တစ်ခုတွင် တမီးလ်လူမျိုးဖြစ်သူ မိမိ၏ခင်ပွန်းသည်အား ဗုဒ္ဓဒါသ ခုဒ္ဒ ပါရိန္ဒဟု ဖော်ပြထားသည်။ 'ဗုဒ္ဓ၏အလုပ်အကျွေး'ဟု အဓိပ္ပာယ်ရသည် ဗုဒ္ဓဒါသဟူသော စကားလုံးကို အတိအကျ ရည်ညွှန်း၍ သုံးနှုန်းထားခြင်းမှာ ခုဒ္ဒပါရိန္ဒသည် ဗုဒ္ဓဘာသာဝင် သို့မဟုတ် အနည်းဆုံး ယင်းသို့ဖြစ်လိုသူ တစ်ယောက်ဖြစ်ကြောင်း သက်သေပြသည်။ ၎င်းကို ဆက်ခံသူ ပါရိန္ဒသည်လည်း အရဂါမရှိ ၎င်းရေးထိုးခဲ့သော ကျောက်စာတွင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တစ်ကျောင်းသို့ ၎င်း၏ လှူဒါန်း

---

[၁] မဟာဝံသ၊ ၂၁၊ ၁၁။

[၂] E.Z. IV, p. 114.

မှုများကို မှတ်တမ်းတင်ခဲ့သည်[၁]။ ကတရဂါမရှိ နောက် ကျောက်စာ[၂] တစ်ခုတွင် တိရိတရ (Tiritara)[၃]၏သားဖြစ်သူ ဒါထိယသည် ကတရ ဂါမရှိ မင်္ဂလမဟာစေတီ (ယနေ့ခေတ် ကိရိဝေဟေရ) အား လှူဒါန်း ထောက်ပံ့မှုတစ်ခုကို ထည့်သွင်း ဖော်ပြထားသည်။

ဒါဌိယဟူသည် ပါရိန္ဒနှင့် ခုဒ္ဒကပါရိန္ဒဟူသော တူညီသည့် တမီးလ် မင်းဆက်၌ ပါဝင်သည်။ ပရနဝိတန ပညာရှင်[၄]က အေဒီ ၅ ရာစုကုန်ထိ ၂၇ နှစ်ပတ်လုံး အနုရာဓပုရမြို့၌ အုပ်ချုပ်ခဲ့သော ယင်း တမီးလ် မင်းသားများသည် ဗုဒ္ဓဝါဒီများဖြစ်သည်ဟု ယူဆသည်[၅]။ စတုတ္ထ အဂ္ဂဗောဓိမင်းထံတွင် ခစားခဲ့ကြသည့် ပေါတ္ထကုတ္ထနှင့် မဟာ ကန္ဒကဲ့သို့သော တမီးလ်လူမျိုး အရာရှိများစွာတို့သည်လည်း ဝိဟာရ (ကျောင်းတိုက်များ) ဆောက်လုပ်ပြီး ဘုန်းတော်ကြီးကျောင်းများကို ထောက်ပံ့ခဲ့ကြကြောင်း သိရသည်[၆]။ ကန္ဒီခေတ် ဒရာဗီဒီယန် ဘုရင် များသည် ရှေးခေတ် သီဟိုဠ်ဘုရင်များ၏ စံနမူကို လိုက်နာလျက် ဗုဒ္ဓ ဝါဒကို ယုံကြည်ကြောင်း ကြေညာ၍ ဗုဒ္ဓဝါဒထုံးစံများကို စောင့်ထိန်း ပြီး ဗုဒ္ဓဝါဒကို ထောက်ပံ့ခဲ့ကြသည်မှာ အလွန်ထင်ရှားသည်။

ဘုရင်မင်းအား သာမန်ဥပသကာများတွင် ထည့်သွင်းသော်လည်း ၎င်းတို့၏ ရာထူးမှာ လူသာမန်တို့နှင့် အတော်အတန်ခြားနားသည်။ သုတ္တန်များတွင် မြတ်ဗုဒ္ဓနှင့် စက္ကဝတ္တိမင်းတို့ကို ထပ်တူနီးပါး သတ်

[၁] E.Z. IV, p. 113.

[၂] ယင်း၊ အတွဲ ၃၊ စာ-၂၁၈။

[၃] ယင်းကျောက်စာတွင်ဖော်ပြသည့် မဟာဒဠိမဟာနာ(Mahadaḷi Mahanā)နှင့် ၎င်း၏ဖခင် သရတရယ (Sarataraya)တို့ကို ဒါဌိကနှင့် တိရိတရ အဖြစ် (ပညာရှင်) ပရနဝိတနက နှစ်သက်ဖွယ် အကြောင်းပြချက်များ ပေးထား သည် (CJSc. G. Vol. II, p.181. ကိုရှုပါ)။

[၄] E.Z. IV, 114.

[၅] ထို့ပြင် ကျွန်ုပ်တို့အနေဖြင့် ယင်းကျောက်စာများမှ အဆိုပါ တမီးလ်လူမျိုး ဘုရင်များသည် ဗုဒ္ဓဝါဒီများဖြစ်သည်သာမက တိုင်းသူပြည်သား များနှင့် ပိုမို နီးစပ်ပြီး တစ်ထပ်တည်းဖြစ်စေရန် (၎င်းတို့ သီဟိုဠ်ကို အုပ်ချုပ်နေစဉ် အတွင်း) ၎င်းတို့၏ ကိုယ်ပိုင်အမည်များတွင် အဘယနှင့် မဟာနာဂကဲ့သို့ သော သီဟိုဠ် ဘွဲ့နာမည်များကိုလည်း ထည့်သွင်းခဲ့ကြသည်။

[၆] မဟာဝံသ၊ ၄၆၊ ၁၉-၂၃။



မှတ်ထားသည်။ ဒီဃနိကာယ်လာ လက္ခဏသုတ်တွင် ဗုဒ္ဓမှာရော စက္ကဝတ္တိမင်းမှာပါ နှစ်မျိုးလုံး၌ မဟာပုရိသလက္ခဏာ သုံးဆယ့်နှစ်ပါး နှင့် ပြည့်စုံကြကြောင်း ဖော်ပြသည်။ အဆိုပါ မဟာပုရိသလက္ခဏာ ၃၂ ပါးနှင့် ပြည့်စုံသူသည် အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေပါ က စက္ကဝတ္တိမင်း ဖြစ်မည်၊ အကယ်၍ သူသည် လူ့ဘောင်ကို စွန့်ခွာ လျှင်မူ ဗုဒ္ဓဖြစ်လာလိမ့်မည်။ အင်္ဂုတ္တရနိကာယ်၌ ထိုပုဂ္ဂိုလ်များသည် လူအများ ကောင်းကျိုးချမ်းသာအတွက် မွေးဖွားလာသည့် ပုဂ္ဂိုလ်ထူး များဖြစ်ပြီး ထိုပုဂ္ဂိုလ်နှစ်မျိုးလုံးမှာ ထူပါရဟ (စေတီတည်ထိုက်သူ) များဖြစ်ကြကြောင်း ဖော်ပြထားသည်[၁]။ နာမ်လောကတစ်ခုလုံးကို ဗုဒ္ဓ ရှင်တော်မြတ်က စိုးမိုးထားချိန်တွင် စက္ကဝတ္တိမင်းသည် လောကီပုထု ဇဉ်လောက၏ စံပြမဟာအုပ်ချုပ်သူဘုရင် ဖြစ်သည်။ ယင်းထင်မြင် ယူဆချက်တွင် အခြေခံလျက် သာမန် ဘုရင်တစ်ပါးကိုပင် အခြား သာမန်လူသားများထက် များစွာပိုလွန်သည့်အဆင့်ကို ပေးထားသည်။ သို့ဖြစ်၍ ဗုဒ္ဓရှင်တော်မြတ်က ရဟန်းတော်များအား ဘုရင်တို့၏ ညွှန် ကြားချက်များကို လိုက်နာရန် မိန့်မှာကြောင်း တွေ့ရသည်[၂]။

သို့ဖြစ်၍ သီဟိုဠ်ဘုရင်အား ဗုဒ္ဓသာသနာကို ကာကွယ်စောင့် ရှောက်သည့် လောကီရေးရာ ခေါင်းဆောင်အဖြစ် ယူဆခံရသည်မှာ အတော် သဘာဝကျပါသည်။ အေဒီ ၁၀ ရာစုတွင် စတုတ္ထမြောက် မဟိန္ဒဘုရင်က ‘ဗုဒ္ဓရှင်တော်မြတ်၏ ဆွမ်းခံသပိတ်နှင့် သင်္ကန်းတော် ကို ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့်’ ခတ္တိယသည် ဘုရင်ဖြစ်လာ၏ဟု

[၁] အံ ၁၊ ၅၆၇။ မဟာပရိနိဗ္ဗာနသုတ်တော်၌ ထူပါရဟ (စေတီတည်ထိုက်သူ) ငါးမျိုးဖော်ပြသည်။ တထာဂတ၊ ပစ္စေကဗုဒ္ဓ၊ (အရိယာ ဖြစ်ပြီးသည့် ဗုဒ္ဓ၏ သာဝက၊ စက္ကဝတ္တိရာဇ တို့ဖြစ်သည် (ဒီ၂၊ ၁၁၇)။ *Manusmṛti* ကျမ်းအရ ဘုရင်ဟူသည် လူယောင်ဖန်ဆင်းထားသည့် ကြီးမြတ်သည့် နတ်ဒေဝါဖြစ်ပြီး သက်ရှိသတ္တဝါ အားလုံးထက် ထူးခြားလွန်မြတ်သည် (Manu. V, 93-94; 96-97; VII, 4-13.)။

[၂] အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ (ဝိ ၃၊ ၁၉၃)။ ဤ၌ အဌကထာ ဖွင့်ဆိုချက်မှာ ‘ဝါဆိုဝါကပ် ထုတ်ပြန်ချက်နှင့် အခြားသော ဓမ္မနှင့်ညီသည့် ညွှန်ကြားချက်များကိုသာ လိုက်နာရန် လိုပြီး မည်သည့် အဓမ္မကိစ္စကိုမျှ လိုက်နာရန် မလိုချေ (ဝိ-ဌ ၃၊ ၃၅၀)’ ဟု ဖြစ်သည် (ဘာသာပြန်သူ)။

လည်းဆိုသည်[၁]။ အရှင်မဟာတိဿ မထေရ်က ဝဋ္ဋဂါမဏိနှင့် ၎င်း၏ စစ်သူကြီးများအကြား နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို ငြိမ်းချမ်းစေပုံအကြောင်း ဖြစ်ရပ်တစ်ခုရှိသည်[၂]။ ဓာတုသေနမင်းအား မထေရ်တစ်ပါးက မွေးစားပြီး ဘုရင်ဖြစ်လာအောင် ပညာသင်ပေးခဲ့သည်[၃]။ သြဇာခံဘုရင် မဟိန္ဒသည် ဒုတိယ သေနမင်း (အေဒီ ၈၅၁-၈၈၅) နှင့် သဘောတူ လက်မှတ်ထိုးရန် စိုးရိမ်နေသောအခါ မဟိန္ဒမင်းသည် မိမိ၏ တောင်းဆိုချက်ကို ထောက်ခံရန် ၎င်းနှင့်အတူ ရဟန်းတော်များကိုပင့်ဆောင်သွားခဲ့သည်[၄]။ ဘုရင်မင်းများအား အကြံပေး ဆုံးမသူအဖြစ် ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂလိကမထေရ်များနှင့် ပတ်သက်သည့် သာဓက အများအပြား ရှိသည်[၅]။

တစ်ခါတစ်ရံတွင် ရဟန်းတော်များသည် အနာဂတ်မင်းသားများ ရွေးချယ်ခြင်းနှင့် ၎င်းတို့နှစ်သက်သည့် မင်းသားများကို ထောက်ပံ့ခြင်း၊ ထီးနန်းဆက်ခံမှု ဥပဒေကို ချိုးဖောက်ခြင်းအထိပင် ဆောင်ရွက်ကြသည်။ သဒ္ဓါတိဿမင်း ကွယ်လွန် (ဘီစီ ၅၉) သောအခါ နိုင်ငံတော် ဝန်ကြီးများသည် ထို (ဘုရင်တင်မြှောက်ခြင်း) ကိစ္စအတွက် ထူပါရုံကျောင်းတိုက်၌ အစည်းအဝေး ပြုခဲ့ကြသည့် သံဃာတော်များ၏ သဘောတူညီချက်ဖြင့် (တရားဝင် ထီးနန်းကို ဆက်ခံခွင့်ရှိသူ) လဇ္ဇီတိဿထက် ပိုမိုနှစ်သက်ခြင်းခံရသူ ထုလ္လထန (Thullatthana) ကို နန်းတင်ခဲ့ကြသည်[၆]။ ရဟန်းတော်များသည် ပထမ မောဂ္ဂလ္လာနမင်း (အေဒီ ၄၉၆-၅၁၆) အား ၎င်း၏ စစ်တပ်များကို ဘုန်းကြီးကျောင်းတစ်ခု၌[၇] စည်းရုံးရန် ခွင့်ပြုခဲ့ကြပြီး မောဂ္ဂလ္လာနမင်းက ပထမ ကဿပမင်းကို အောင်ပွဲရပြီးနောက် ထိုမင်းအား သံဃာတော်များက မဟာဝိဟာရ ကျောင်းတိုက်၌ ခမ်းနားစွာ ကြိုဆိုခဲ့ကြသည်[၈]။

---

[၁] မဟာဝံသ၊ ၂၄၊ ၄၉-၅၇။ ယင်းသို့ လျှောက်ခြင်းမှာ လောကဝတ်စကား ဆိုခြင်းပေလော။

[၂] ယင်း၊ ၂၈၊ ၇၁-၇၇။

[၃] ယင်း၊ ၂၈။ ၁၆။

[၄] ယင်း ၅၁း ၁၄။

[၅] ဥပမာ၊ မဟာဝံသ ၄၂း၂၂။ ၄၆း၆။

[၆] ယင်း၊ ၂၈၊ ၁၇၊ ၁၈။ သို့တစေ ယင်း ကြားဝင်ဆောင်ရွက်မှုမှာ ရှားရှားပါးပါးဖြစ်ပြီး တရားဝင် ဘုရင်၏ အမျက်ရှခြင်းကို ခံခဲ့ရသည်။

[၇] ယင်း၊ ၃၉၊ ၂၁။

[၈] ယင်း၊ ၃၉၊ ၂၉-၃၁။



လောကီမှုကို ခေါင်းဆောင်သူနှင့် ဗုဒ္ဓဝါဒကို ကာကွယ်သူအဖြစ် ဗုဒ္ဓသာသနာတော်အား ကောင်းစွာ စောင့်ရန်မှာ ဘုရင်မင်းတို့၏ အဓိကတာဝန်များအနက် တစ်ခုဖြစ်သည်။ သို့ဖြစ်၍လည်း ဘုရင်မင်းများ အနေဖြင့် ဗုဒ္ဓသာသနာတော်အတွင်း စည်းလုံးမှုမရှိ သို့မဟုတ် အကျင့်သိက္ခာပျက်ပြားခြင်း ရှိနေမှုနှင့် ကြုံရသည့်အခါတိုင်း ဗုဒ္ဓသာသနာတော် စင်ကြယ်သန့်ရှင်းရေး၌ ဘုရင်မင်းများ ပါဝင်ပတ်သက်နေသည်ကို မကြာခဏ တွေ့ကြရသည်[၁]။ ဗုဒ္ဓသာသနာ၏ စင်ကြယ်မှုကို ညစ်ညူးစေသော အလိုမရှိအပ်သည့် မှားယွင်းသည့် အချက်များကို ဥပဒေအရ သို့တည်းမဟုတ် သုတ်သင်ရှင်းလင်းခြင်းဖြင့် နှိမ်နင်းရန်မှာ နိုင်ငံတော်၏တာဝန် ဖြစ်သည်။ သံဃာအချင်းချင်း လွယ်ကူစွာ ဖြေရှင်း၍ မရနိုင်သည့် သံဃာ့အငြင်းပွားမှုများ ဖြစ်ပေါ်လာတိုင်း ကြားဝင်ဖြေရှင်းပေးရန်လည်း ဘုရင်၏ တာဝန်ဖြစ်သည်။ ယင်းသို့ဖြင့် ဘုရင် **ကဏိရဇာနုတိဿ** (၈၉-၉၂ အေဒီ) သည် စေတိယဂိရိရှိ ဥပုသ်

---

Cf. Pācit. p. 87 တွင် 'အာယသ္မတော အာနန္ဒဿ ဥပဇ္ဈာယော ဗေလဋ္ဌသီသော (ဝိ ၂၊ ၁၁၆)' ဟုလာသည်။ အေဒီ ၁၂ ရာတွင် ရေးသားသည့် ဓမ္မပြဒီပိကာ (သီဟိုဠ်)ကျမ်း(စာ-၂၉၃)၌ *vadăjuran* ဟူသော သီဟိုဠ်ဝေါဟာရကို ဥပဇ္ဈာစရိယဟူသော အဓိပ္ပာယ်ဖြင့် သုံးထားသည်။ အေဒီ ၁၄ ရာစုခန့် လက်ရာဖြစ်သည့် မဟာရူပသိဒ္ဓသဒ္ဒနယကျမ်း (စာ-၂၆၇)တွင် ဥပဇ္ဈာယဿကို '*vajādurange*'ဟု (သီဟိုဠ်ဘာသာ) နိဿယ ပြန်သည်။ အေဒီ ၁၄ ရာစုကုန်ခါနီးတွင် ရေးသားသည့် နိကာယသင်္ဂဟ (သီဟိုဠ်)ကျမ်း (စာ-၁၂) တွင် *vat-terun* သီဟိုဠ်ဝေါဟာကို ဥပဇ္ဈာယတ္ထေရ အဓိပ္ပာယ်ဖြင့် သုံးသည်။ ဝေါဟာရ တစ်လုံးချင်းစီကို အနက်ပြန်ဆိုသည့် ရှေးဟောင်း သီဟိုဠ်ဘာသာ *sanna* (နိဿယ) ကျမ်းများတွင် ပါဠိသက်ဝေါဟာရပုံစံကို မူရင်းပါဠိ သို့မဟုတ် သက္ကတကို နိဿယပြန်ဆိုရန် ဖြစ်နိုင်သည့် နေရာတိုင်း၌ အသုံးပြုသည်ကို သတိရသင့်သည်။ ဖော်ပြပြီး အထက်ပါသာဓကများအရ *vaja, vada, vat* ပုံစံများမှာ ဥပဇ္ဈာယ သို့မဟုတ် ဥပဇ္ဈမှ ဆင်းသက်ကြောင်း တွေ့နိုင်သည်။ ဒုတိယမြောက် ဓနိတအသံထွက်၏ ရှေ့၌ရှိသည့် ပထမ ရဿသရတစ်လုံးကို ဖြုတ်ခြင်းမှာ သီဟိုဠ်ဘာသာစကား၌ အဖြစ်များသည်။ ဂိုင်ဂါ၏ *A Grammar of the Sinhalese Language*, p. 34. ကို ရှုပါ။

[၁] ပုံစံအားဖြင့် ဝေါဟာရိကတိဿ၊ ဂေါဌာဘယ၊ ပထမ မောဂ္ဂလ္လာန၊ တတိယ မောဂ္ဂလ္လာန၊ သိလာမေဃဝဏ္ဏ၊ သတ္တမ အဂ္ဂဗောဓိ နှင့် ဒုတိယမြောက် သေနမင်း (တို့ဖြစ်သည်)။

ဆောင် (သိမ်)၌ သံဃာ့အငြင်းပွားမှုနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးသူ အဖြစ် တက်ကြွစွာ ပါဝင်ခဲ့ကြောင်း သိရသည်[၁]။ လူသာမန်တစ်ယောက် သံဃာ့ကိစ္စနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးရန် ဥပုသ်ဆောင် (သိမ်)အတွင်း ဝင်ခဲ့ရသည့်အချက်မှာ ထူးဆန်းသည်။ သို့တစေ ဘုရင်အနေဖြင့် ယင်းကိစ္စကို ဥပုသ်ဆောင်အတွင်း၌သာ ဆုံးဖြတ်ခဲ့သည်မှာ သေချာသည်[၂]။ ဘုရင်သည် သိမ်အတွင်းသို့ သံဃာတော်များ၏ ဖိတ်ကြားမှုကြောင့် ဝင်ခဲ့သလော သို့တည်းမဟုတ် မိမိ၏သဘောအတိုင်း ဝင်ခဲ့သလောဟူကိုမူ အတိအကျ မသိရချေ။ မည်သို့ပင် ဖြစ်နိုင်စေ၊ ဗုဒ္ဓသာသနာတော်အား လူဥပသကာ ဦးဆောင်သူတစ်ယောက်အနေဖြင့် ဘုရင်တွင် သံဃာ့ကိစ္စကို ဆုံးဖြတ်ပေးရန်အမိန့်အာဏာ အမှန်တကယ်ရှိခဲ့ သို့မဟုတ် ရှိသည်ဟု မိမိဖာသာယူဆခဲ့သည်မှာ သေချာသည်[၃]။ မဟာသေနမင်း လက်ထက်အတွင်းဇေတဝနဝိဟာရကို အလှူခံခဲ့သည့် တိဿမထေရ်အား တရားရေးဝန်ကြီးက လူဝတ်လဲခဲ့သည်[၄]။ အဆိုပါ တိဿမထေရ်အား သံဃာ(အများစု) က ပါရာဇိကအာပတ်ဖြင့် စွဲဆိုမှုမှန်ကန်ကြောင်း သက်သေပြခဲ့သော်လည်း သံဃာသည် ဘုရင့်အကူအညီမပါဘဲ ထိုပုဂ္ဂိုလ်အားလူဝတ်လဲရန် အမိန့်အာဏာ မရှိချေ[၅]။

ဘုရင်သည် 'ဗုဒ္ဓသာသနာကို ကာကွယ်သူ'ဖြစ်သော်လည်း ဘုရင့်ကူညီမှု အခွင့်အာဏာမှာ သံဃာတော်အား ကူညီ အလုပ်အကျွေးပြုရန်သာဖြစ်သည်။ ဘုရင့်အနေဖြင့် သံဃာ့ဆန္ဒကို ဆန့်ကျင်၍ အတင်းအကြပ် လုပ်ရန် အမိန့်အာဏာ မရှိချေ။ ပုံစံအားဖြင့် သီလာမေဃဝဏ္ဏမင်း (၆၁၇-၆၂၆ အေဒီ) မဟာဝိဟာရသံဃာအား အဘယဂိရိ

[၁] မဟာဝံသ ၃၅း၁၀-၁၁။

[၂] မဟာဝံသဋီ၊ စာ-၆၄၀။

[၃] ဘုရင့်လုပ်ဆောင်မှုကို သံဃာထုအားလုံး သဘောတူညီခြင်း မရှိသော်လည်း သံဃာအများစု၏ သဘောတူညီမှုရှိခဲ့ကြောင်း မှတ်ယူသင့်သည်။

[၄] မဟာဝံသ၊ ၃၇၊ ၃၉။

[၅] ပဉ္စမ ကဿပမင်း (၉၁၃-၉၂၃)လက်ထက် အနုရာဓပုရမြို့ရှိ ကျောက်ထွင်းစာအရ သံဃာအချင်းချင်း မပြေငြိမ်းနိုင်သည့်အခါတိုင်း ဗုဒ္ဓ သာသနာ့ရေးရာ အငြင်းပွားမှုများတွင် နိုင်ငံတော်၏ အဆင့်မြင့်အရာရှိများ ပါဝင်ပတ်သက်မှုရှိခဲ့ကြောင်းလည်း သိရသည် (E.Z. I, p. 44.)။



သံဃာနှင့်အတူ ဥပုသ်အတူပြုရန် တောင်းပန်သောအခါ မဟာဝိဟာရသံဃာသည် ဘုရင့်တောင်းပန်မှုကို လိုက်လျောရန် ငြင်းဆိုခဲ့ပြီး ဘုရင်သည် မိမိ၏ ဆန္ဒအတိုင်းဆောင်ရွက်ရန် အာဏာ မရှိဖြစ်ခဲ့ရသည်[၁]။ နောက်တစ်ကြိမ်တွင် မဟာဝိဟာရသံဃာသည် ဒုတိယဒါဌောပတိဿမင်းအား ဥပသကာတစ်ယောက်အပေါ် အကြီးမားဆုံး စော်ကားမှုဖြစ်သည့် **ပတ္တနိကုဇ္ဇန** (သပိတ်မှောက်ခြင်း) ကံကို ပြုကြသည်။ (သို့တစေ) ဘုရင်သည် မဟာဝိဟာရသံဃာ၏ ဆန္ဒကို ဆန့်ကျင်ခဲ့သည်[၂]။

ဘာသာရေးနှင့် အယူအဆရေးရာများနှင့်ပတ်သက်၍ သံဃာထုနှင့် ဘုရင်မင်းတို့အကြား ရံဖန်ရံခါ သဘောတူညီမှုများ မရှိခဲ့သော်လည်း နိုင်ငံရေးနှင့် လောကီလူမှုရေးကိစ္စနှင့် ပတ်သက်၍မူ ယင်းတို့အကြား ပဋိပက္ခမရှိခဲ့သည်မှာ ထင်ရှားသည်။ ရဟန်းတော်များ အနေဖြင့် ကိုယ်တိုင် တိုက်ရိုက် နိုင်ငံရေးအာဏာကို ရယူရန် ကြိုးစားမှုလုံးဝ ရှိခဲ့ပုံမရချေ။ သို့သော် သံဃာတော်များသည် မိမိတို့၏ အလိုဆန္ဒအတိုင်း ဆောင်ရွက်ရန် ဆွဲဆောင်နိုင်သော ဘုရင်အား ကူညီထောက်ပံ့ရန် ၎င်းတို့၏ အရှိန်အဝါကို အမြဲတမ်း အသုံးပြုခဲ့ကြသည်။ သို့တစေ နိုင်ငံရေးခေါင်းဆောင်များ အချင်းချင်းနှင့် ဘုရင်ရွေးချယ်မှုကိုပင် ပြေငြိမ်းအောင်ဆောင်ရွက်ရာ၌ အဓိကနေရာတွင် ပါဝင်ကြသည့် ရဟန်းတော်များအကြောင်း ဖော်ပြချက်များရှိသည်။ ဂေါဓဂတ္တတိဿမထေရ် ဒုဋ္ဌဂါမဏိနှင့် အစ်ကိုမင်းသားတို့ အချင်းချင်း ဖြစ်ပွားသည့် ပြည်တွင်းစစ်ကို ငြိမ်းအေးစေသည်။ ဒုဋ္ဌဂါမဏိသည် မထေရ်မြတ်အား ဤထက်စောစီးစွာ ငြိမ်းချမ်းရေးလုပ်ရန် မိမိတို့ညီအစ်ကိုနှစ်ယောက်အား မိန့်ကြားမှု မပြုခြင်းအပေါ် အပြစ်တင်ပြီး အသက်ခုနစ်နှစ်အရွယ် သာမဏေငယ်သည်ပင် စစ်ပွဲကို ရပ်စဲစေနိုင်မည်ဟု

[၁] မဟာဝံသ ၄၄း၈၀။

[၂] ယင်း ၄၅း၃၁။ မဟာဝံသကျမ်းတွင် ဒါဌောပတိဿ၏ နာမကျန်းဖြစ်မှုနှင့် နောက်ဆုံး ကွယ်လွန်သည်ထိ ဖြစ်ရခြင်းတို့မှာ သံဃာ့ဆန္ဒကို ဆန့်ကျင်သည့် လုပ်ရပ်ကြောင့် ဖြစ်ရသည်မှာ သေချာကြောင်းနှင့် ၎င်း၏ တောင်းဆိုမှုကို လိုက်လျောရန် ပျက်ကွက်မှုအပေါ် သံဃာတော်အား မှားယွင်းသည်ဟု ၎င်းမြင်သောကြောင့် ဖြစ်ကြောင်း ဖော်ပြထားသည်။

ဧဋ္ဌာရမင်း မဟိန္ဒလေ့အရပ်မှ ထွက်ပြေးရစဉ်[၁] ၎င်း၏ လှည်းဘီးသည် စေတီတော်အား အနည်းငယ် ထိခိုက်စေခဲ့သည်။ ဝန်ကြီးများက ဖြစ်ပျက်ခဲ့ပုံကို မင်းကြီးအား လျှောက်ထားကြသည်။ အားလုံးအပေါ် ညီမျှမှုနှင့် ဘုရင်အုပ်ချုပ်ရေး မျှတမှုတို့အတွက် ကျော်ကြားသည့် ဘုရင်မင်းတရားသည် ချက်ခြင်းပင် လှည်းရထားပေါ်မှ ဆင်းပြီး လမ်းပေါ်တွင် ဝမ်းလျားမှောက်လျက် 'ဤရထားဘီးဖြင့်ပင် ငါ့ဦးခေါင်းကိုလည်း ဖြတ်ပစ်ပါ'ဟု ဆိုသည်။ သို့တစေ ဝန်ကြီးများက မြတ်ဗုဒ္ဓသည် အခြားပုဂ္ဂိုလ်အား ထိခိုက်နစ်နာမှုကို လုံးဝ အလိုရှိတော်မမူပါဟု လျှောက်ပြီး ထိခိုက်သွားသည့် ပျက်စီးမှုကို ပြန်လည်ပြုပြင်ပြီး အပြစ်ကိုခံယူရန် တောင်းပန်ကြသည်။ ဤဖြစ်ရပ်ဖြင့် ရှေးခေတ် သီဟိုဠ်၌ ဝတ်ပြုရှိခိုးရာ ဗုဒ္ဓနေရာတော်များကို ပျက်စီးအောင် လုပ်ခြင်းအတွက် သေဒဏ်ပေးကြောင်း ဖော်ပြသည်။

အမှန်စင်စစ် ဗုဒ္ဓသာသနာသည် အပြည့်အဝစောင့်ရှောင့်ထားသော နိုင်ငံတော်ဆိုင်ရာ ဌာနတစ်ခုပင်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ပြည်သူအများသည် အနည်းစုအတိုင်းအတာဖြင့် ကျောင်းတိုက်များ တည်ဆောက်ပြီး ထိန်းသိမ်းစောင့်ရှောင့်ကြသော်လည်း ဗုဒ္ဓသာသနာတော်၏ စင်ကြယ်သန့်ရှင်းမှုကို ကာကွယ်ခြင်းနှင့် သံဃာတော်များနှင့် ဘုန်းကြီးကျောင်းတိုက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့မှာ အဓိကအားဖြင့် နိုင်ငံတော်၏ တာဝန်များဖြစ်ကြသည်။ မဟိန္တလေ့နှင့် အဘယဂိရိကဲ့သို့သော ပိုမို ကြီးကျယ်သည့် ကျောင်းတိုက်များနှင့် ပတ်သက်သည်များကို စောင့်ရှောက်ရန်မှု နိုင်ငံတော်က လှူဒါန်းသည့် အပြည့်အစုံ အမြဲဌာနများ ရှိကြသည်။ ယင်းဌာနများကို သံဃာတော်၏ သဘောတူညီချက်ဖြင့် ဘုရင်ကချမှတ်သည့် စည်းမျဉ်းစည်းကမ်းများဖြင့် အုပ်ချုပ်ထားသည်[၂]။

ကုန်ပစ္စည်းနှင့်ဆိုင်သည့် အခွန်များကိုပင် သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် စည်းကြပ်ထားသည်။ ရှေးဟောင်း မဟာပါဠိ တည်ရှိခဲ့သည့်နေရာတွင် တွေ့ရသော လောင်းလှေတွင် တွေ့

[၁] မဟာဝံသ ၂၁း၂၂-၂၅။

[၂] E.Z. I p. 84, 115, 232.



အေဒီ ၁၀ ရာစုတွင် ဘုရင့်အရေးကို တိုင်ပင်ဆွေးနွေးခဲ့သည့် သံဃာတော်များ ရှိခဲ့ကြောင်း ဖော်ပြထားသည်ကိုပင် တွေ့ရသည်။ ယင်းဖော်ပြချက်မှာ သံဃာအနေဖြင့် နိုင်ငံတော် လူထုအမြင်ကို ကိုယ်စားပြုခြင်းအဖြစ် ယူဆခဲ့ကြောင်း ဖော်ပြသည်။ ဇေတဝန်ကျောင်းကျောက်ပြား ရေးသားချက်အရ စတုတ္ထ မဟိန္ဒမင်းသည် ဗောဓိသတ္တ (ဘုရားလောင်း) များဖြစ်ကြသည့် သီရိလင်္ကာဘုရင်များကား 'သပိတ်တော်နှင့် သင်္ကန်းတော်ကို ကာကွယ်ရန်အလို့ငှာ မဟာသံဃာ (ရဟန်းသံဃာထုကြီး) က ပေးအပ်သည့် ဘုရင့်စည်းစိမ်ကို ရရှိပြီးနောက် ဘိသိက်ခံ အခမ်းအနားနေ့မှာပင် ဘိက္ခုသံဃာအား အလုပ်အကျွေးပြုစောင့်ရှောက်ရန်' အစဉ်အလာရှိကြ၏ဟု ထုတ်ပြန်ခဲ့သည်[၁]။ ယင်းဖြစ်ရပ်မှာ ဘုရင်တစ်ပါး ထီးနန်းရရှိရေးတွင် သံဃာတော်များ၏ ထောက်ခံမှုကို မရှိမဖြစ်လိုအပ်ကြောင်း ထင်ရှားစွာ ဖော်ပြသည်။ နှောင်းခေတ်များတွင်လည်း ဘုရင်ခန့်အပ်မှုနှင့် ပတ်သက်၍ အရေးပါသည့် အခန်းတွင် ဆက်လက်၍ ပါဝင်ခဲ့ကြသည်[၂]။

ဘုရင်မင်းများအနေဖြင့် ငြိမ်းချမ်းအောင်မြင်သည့် အစိုးရတစ်ရပ် ဖြစ်ရေးအတွက် ရဟန်းသံဃာတော်များ၏ နှလုံးသားကိုရယူရန် အလေးဂရုပြုရသည်အထိ လူထုအပေါ် သံဃားတော်များ၏ ဩဇာသက်ရောက်မှု ကြီးမားခဲ့သည်။ သံဃာတော်များ၏ ထောက်ခံမှုရရှိမှသာ လူထုကြည်ညို ထောက်ခံမှုကို ရရှိသည်။ ဒုဋ္ဌဂါမဏိမင်းသည်

[၁] E.Z. I, p. 234, 237, 240: *tumã pay sivur rak (nu-vq)s Mahasañg-hupiḷiăvyũ rajsiri pãmiã sãnã bisev vindna (da)vas mahasañg-haṭ meheyaṭ uvasar-vas.*

[၂] ပုံစံအားဖြင့် မဟာဝံသ အခန်း ၄၉၊ ၁-၃ ဂါထာများတွင် ပထမ ဝိဇယဗာဟုမင်း (အေဒီ ၁၀၅၅-၁၁၁၄) ကွယ်လွန်ပြီးနောက် ကွယ်လွန်သူ ဘုရင့်နှမတော်၊ ၎င်း၏ သားသုံးယောက်၊ နိုင်ငံတော် ဝန်ကြီးများနှင့် သံဃာတော်များသည် အတူတကွ စည်းဝေးကြပြီး တစ်ညီတစ်ညွတ်တည်းပင် ကိုယ်စားပြုဘုရင် (sub-king) အား ထီးနန်းအပ်ခဲ့ကြသည်။ ရာဇာဓိ ရာဇသီဟမင်း ကွယ်လွန်ပြီးနောက် ကန္ဒီ၏ နောက်ဆုံးဘုရင် တင်မြှောက်မှုကို နိုင်ငံတော် ဝန်ကြီးချုပ်များ၊ သံဃနာယကဆရာတော်များနှင့် ဒေသ ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် အစည်းအဝေးက ပြုလုပ်ပေးခဲ့ သည် (Davy ၏ *Travels in Ceylon*, p. 159 ကို ရှုပါ။)

'ယင်း(ဓာတ်တော်များနှင့်သံဃာတော်)တို့အား ဖူးမြင်ရခြင်းမှာ မင်္ဂလာရှိပြီး အကာအကွယ် အရံအတား ဖြစ်သောကြောင့်'[၁] ဟုဆိုပြီး စစ်ချီစဉ် လှံတံဖျားတွင် ဗုဒ္ဓဓာတ်တော်များ ထည့်သွင်းလျက် သံဃာတော်များအား စစ်ချီရာသို့ပင့်ဖိတ်ခဲ့ခြင်းမှာ ထိုအကြောင်းကြောင့် ဖြစ်ဖွယ်ရှိသည်။ ဒုတိယ မဟိန္ဒမင်း (အေဒီ ၇၇၂-၇၉၂)သည် ရောဟနကို ဆန့်ကျင်တိုက်ခိုက်ရေး အစီအစဉ်တစ်ရပ် စတင်မည်ပြု သောအခါ ထူပါရာမ ကျောင်းတိုက်တွင် 'ရဟန်းတော်များနှင့် ပညာရှိပုဂ္ဂိုလ် အားလုံးကို' စည်းဝေးခေါ်ယူလိုက်ပြီး မိမိ၏ စစ်ရေး အစီအမံအတွက် အကြံဉာဏ်များကို ရယူခဲ့သည်[၂]။ နောက်တစ်နည်းဆိုရသော် မင်းကြီးသည် ယင်းနည်းဖြင့် မိမိ၏ စစ်ရေးအစီအမံနှင့်ပတ်သက်၍ ပြည်သူ့ထောက်ခံမှုနှင့် လေးစားချစ်ခင်မှုကို သေချာစေခဲ့သည်။

ထီးနန်းတက်ပြီးနောက် ဘုရင်တစ်ပါး ပထမဆုံးပြုသောအရာမှာ အလှူဒါနပြုခြင်း၊ (သာသနာတော်အား) ပူဇော်ထောက်ပံ့ရန် (သံဃာတော်များအား) လျှောက်ထားခြင်း၊ ခမ်းနားသည့် ပွဲတော်များကို ကျင်းပသည့် ဘုန်းကြီးကျောင်းတိုက်များအား အဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းများဖြင့် ၎င်း၏ ဘာသာတရားအပေါ် စိတ်ဝင်စားမှုကို ပြသရန်ဖြစ်သည်။

မူလက နိုင်ငံတော်၏ လောကီရေးရာကိစ္စဖြစ်သည့် ဘုရင်တို့၏ အဘိသိက်ခံခြင်းသည် နောင်အခါ ဘာသာရေး အခမ်းအနားပုံစံ အသွင်သို့ ပြောင်းလဲသွားခဲ့သည်။ မဟာဝံသဋီကာကျမ်းတွင်[၃] အဆိုပါ နိုင်ငံတော် လုပ်ဆောင်မှုနှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ် အသေးစိတ်တစ်ချို့ကို ဖော်ပြထားသည်။ အဘိသိက်ခံ အခမ်းအနားအတွက် အသုံးပြုမည့် မင်းမြောက်တန်ဆာများ ထည့်သည့်ခွက်များကို မြင့်မြတ်သည့်နေရာများ ဖြစ်သည့် အထူးနေရာ ခုနစ်မျိုးမှ ရယူထားသည့် မြေညက်ဖြင့် ပြုလုပ်သည်။ ယင်းခွက်ပြုလုပ်ရန် မြေညက်ကို မဟာဗောဓိ၊ ကြေးပြာသဒ်၊ ပဂုမ္ဗမာလက၊ မဟာစေတီ (ရုဝမ်ဗာလိဆာယ) တို့၏

[၁] မဟာဝံသ၊ ၂၅၊ ၁-၄။ မင်္ဂလာ စေဝ ရက္ခာ စ၊ ဘိက္ခူနံ ဒဿနံ ဟိ နော။
[၂] ယင်း၊ ၄၈၊ ၁၂၆-၁၂၇။
[၃] မဟာဝံသဋီ၊ စာ-၃၀၇။



မြောက်ဖက်လှေကား ဆင်းများမှဖြစ်စေ သို့မဟုတ် စတုဿာလာ မြောက်တံခါးအောက်မှဖြစ်စေ၊ သို့မဟုတ် ရဟန်းသံဃာများ သက်နိုးလှုန်းရန် အသုံးပြုသည့် သမုဇ္ဇဝ (Samujjava) ဟု ခေါ်သည့် ခန်းမဆောင် ဝင်ပေါက် လှေကားနေရာမှဖြစ်စေ ရယူလေ့ရှိသည်။ ဖော်ပြပါ နေရာများရှိ လှေကားများ၏အောက်မှ မြေညက်များကို ယူရမည်ဟူသော အထူးသတ်မှတ်ချက်ဖြင့် ဘုရင်တစ်ပါး၏ အဘိသိက်ခံခြင်းကို ဘာသာရေးဆိုင်ရာ ခမ်းနားမှုတစ်ခု ရှိကြောင်း ယူဆကြောင်း အထင်အရှား ဖော်ပြသည်။ နောက်ဆုံးအနေဖြင့် ၉ ရာစု တွင် အဘိသိက်ခံ အခမ်းအနားကို ဘုန်းကြီးကျောင်းမှာပင် ကျင်းပပုံရသည်။ ပုံစံအားဖြင့် ဒုတိယသေနမင်း(အေဒီ ၈၅၁-၈၈၅)သည် ၎င်း၏ အဘိသိက်ကို မဟာစေတီတော်တွင် ကျင်းပခဲ့ပြီး ယင်းအခမ်းအနားကို နှစ်စဉ် ကျင်းပရမည်ဟုစာရေးပြီး တိုးမြှင့်သတ်မှတ်ခဲ့သည်[၁]။

အခြေခံဥပဒေ၌ ဗုဒ္ဓဝါဒပါဝင်မှုအခြေအနေမှာ ဗုဒ္ဓသာသနာကို ဆန့်ကျင်သည့် လုပ်ရပ်ကို အဆင့်မြင့်သစ္စာဖောက်မှုအဖြစ် သတ်မှတ်သည်အထိ ပြင်းထန်ခဲ့သည်။ သို့ဖြင့် တမီးလ်လူမျိုးတို့ အုပ်ချုပ်နေစဉ် အတွင်း ဓာတုသေနမင်း(အေဒီ ၄၆၀-၄၇၈)ကို ဆန့်ကျင်သော စစ်ရာဇဝတ်သားများနှင့် ပတ်သက်သည့် ဖြစ်ရပ်မှာ '၎င်းတို့သည် ဘုရင်ကိုရော ဗုဒ္ဓသာသနာကိုပါ စောင့်ရှောက်ခဲ့ခြင်းမရှိ'ဟု ဖြစ်သည်[၂]။

ထို့ပြင် သရဏင်္ကရသံဃရာဇာ ဦးဆောင်သည့် ကန္ဒီမြို့ မာလဝတ္တချာတာမှ ကိုလံဘိုရှိ ဒတ်ချ်အုပ်ချုပ် ရေးမှူး ဖောက်ခ်(Falk 1765-1785)ထံ ပေးပို့သည့် (ဖော်ပြပြီး) အထောက်အထားမှ ရှေးခေတ်သီဟိုဠ် ဥပဒေ အရ 'စေတီတော်များနှင့် ဗောဓိပင်များကို ဖျက်ဆီးသူများ၊ သာသနာပိုင်ပစ္စည်းကို လုယက်သူများမှာ သေဒဏ်ပေးထိုက်၏' ဟု သိရသည်[၃]။ ယင်းဥပဒေသည် ဘီစီ ၂ ရာစုလောက် စောသည့် အချိန်ကပင် အာဏာသက် ရောက်မှုရှိခဲ့ကြောင်း ယုံကြည်နိုင်လောက်သည့် အထောက်အထားများ ရှိသည်။ အကြောင်းမူ အခါတစ်ပါး၌

[၁] မဟာဝံသ ၄၀း၈၂။
[၂] ယင်း၊ ၃၈၊ ၃၈။ တေ မံ ဝါ သာသနံ ဝါ နော ရက္ခိံသု။
[၃] Prabhāsodaya, 1930, p. 19.

နှစ်ပါးလုံးသည် ထီးနန်းကို သေချာပေါက် ရရှိခဲ့ကြသည်[၁]။

ရှေးခေတ်သီဟိုဠ်တွင် မထင်ရှားခဲ့သည့် ဘုရင်မင်းများက နိုင်ငံတော်အား သာသနာတော်ကို လှူဒါန်းခြင်းသည် နိုင်ငံတော်သည် ဗုဒ္ဓသာသနာတော်အတွက် အလုပ်သည်ဟူသော အခြေခံစည်းမျဉ်း၏ အထိမ်းအမှတ်လည်းဖြစ်သည်။ ဒေဝါနံပိယတိဿသည် ၎င်း၏မင်း အဖြစ်ကို မဟာဗောဓိပင်အား လှူဒါန်းခဲ့သည်[၂]။ ဒုဋ္ဌဂါမဏိသည် ခုနစ်ရက်စီ ငါးကြိမ်စီ ဗုဒ္ဓသာသနာတော်အား သီဟိုနိုင်ငံ၏ မင်းအဖြစ်ပေးအပ်ခဲ့ကြောင်းသိရသည်[၃]။ ယင်းအချိန်တိုကာလများအတွင်း အစိုးရကို စီမံအုပ်ချုပ်ခဲ့သည့် နည်းလမ်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်ကို ရနိုင်လျှင် အလွန်စိတ်ဝင်စားဖွယ်ကောင်းပါလိမ့်မည်။ ဘုရင်က ထိုအချိန်အတွင်း ဘုရင်အဖြစ်နှင့်ပတ်သက်သည်ကို ကြေညာထားပြီး အစိုးရအား ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုထားခြင်း ဖြစ်နိုင်ဖွယ်ရှိသည်။ သို့ရာတွင် အကယ်၍ သူပုန်သူကန်ထကြွခြင်းကဲ့သို့သော အကျိုးဆက်များက ဘုရင်၏ဝင်ရောက်ဆောင်ရွက်ရမှု မဖြစ်မနေလိုအပ်ခဲ့လျှင် ဘုရင်အနေဖြင့် ဝင်ရောက်ဆောင်ရွက်ရန် အချိန်ဆွဲနေမည် မဟုတ်ချေ[၄]။ တိဿမင်းသည် သီဟိုဠ်နိုင်ငံအား ကာဠဗုဒ္ဓရက္ခိတမထေရ်အား ထိုမထေရ် ဟောကြားသော တရားအတွက် လှူဒါန်းသည့်အနေဖြင့် လှူဒါန်းခဲ့သည်[၅]။ သိရိမေဃဝဏ္ဏမင်းသည် နိုင်ငံတော်တစ်ခုလုံးကို စွယ်တော်ဓာတ်အား လှူဒါန်းခဲ့သည်[၆]။ ပဌမမောဂ္ဂလ္လာနမင်းသည် အစ်ကို ကဿမင်းကို အောင်နိုင်ပြီးနောက် မဟာဝိဟာရကျောင်းတိုက်သို့သွားပြီး ဘုရင်အဖြစ်၏ သင်္ကေတဖြစ်သည့် ထီးဖြူတော်ကို သံဃာတော်အား လှူဒါန်းခဲ့သော်လည်း

[၁] မဟာဝံသ ၄၂း၄၂။ ၄၄း၁။ ၄၃း၆၄-၆၅။

[၂] မဟာဝံသ ၂၈း၃၆။

[၃] ယင်း၊ ၃၁၊ ၃၆၊ ၉၀၊ ၉၂၊ ၁၁၁။

[၄] ဘုရင်သည် ၎င်း၏အစိုးရနှင့် ပုံမှန်အတိုင်း အုပ်ချုပ်နေစဉ် ယင်းသို့ လှူဒါန်းခြင်းမှာ လုပ်ရိုးလုပ်စဉ်မျှသာ ဖြစ်ခဲ့လေသလော။

[၅] မ-ဋ္ဌ ၂၊ ၁၉၅။

[၆] ဒါဌာဝံသ၊ အခန်း ၅၊ ၃၆၀။



ရသည့် ကျောက်စာ (၁၀ ရာစုဖြစ်ဖွယ်ရှိ) တွင် 'ဤမဟာပါဠိသို့ မြို့တော်သို့ သယ်ယူလာသည့် စပါးတစ်အိတ်လျှင် တစ်ပတ (*pata*)နှုန်း သယ်ယူလာရမည်' ဟု ကြေညာထားသည်[၁]။

ဥပုသ် (*pôya*)နေ့များ၌ ကုန်ရောင်းကုန်ဝယ် လုပ်ခြင်းကို ဥပဒေဖြင့် တားမြစ်ထားသည်။ သို့ရာတွင် ယင်းသို့ နေ့များ၌ ကုန်ရောင်းကုန်ဝယ်ပြုမှု ဘာသာရေးရည်ရွယ်ချက်များဖြင့် အသုံးပြုမည့် ဒဏ်ငွေကို ပေးဆောင်ရသည်။ မူလက တတိယဥဒယမင်း (အေဒီ ၉၄၅-၉၅၃)လက်ထက် မဟိယင်္ဂဏအနီးအနားတွင် စိုက်ထူခဲ့သည့် ၁၀ ရာစုတွင် ရေးထိုးသည့် ကျောက်စာတစ်ခုတွင်[၂] 'ဥပုသ်နေ့များ၌ ကုန်ရောင်းကုန်ဝယ်လုပ်သူ မည်သူမဆိုသည် မီးအလင်းလှူဒါန်းရန် ဆီတစ်ပဒ္ဒ (padda) အတိုင်းအတာ ပေးဆောင်ရမည်၊ ယင်းဆီမီး အလှူကို မဟိယင်္ဂဏအရပ်ရှိ ကျောင်းတိုက်ကြီး၌ လှူဒါန်းမည်၊ ဆီပြစ်ဒဏ်ကို ပေးဆောင်ရန် ပျက်ကွက်သူများမှ ရှေးဟောင်းထုံးစံနှင့် အညီ ဒဏ်ငွေများဆောင်ရမည်ဖြစ်ပြီး ယင်းကို မီးအလှူအတွက် အသုံးပြုရမည်' ဟု ဖော်ပြသည်[၃]။

ဘုရင်များစွာတို့ ထုတ်ပြန်ခဲ့သည့် တိရိစ္ဆာန်များကို မသတ်ရဟူသော မာဃာတ (Māghāta)အမိန့်မှာ ဗုဒ္ဓဝါဒ၌ သင်ကြားသည့် အဟိံသာကိုယ်ကျင့်တရားတွင် အခြေပြုသည့် ဘာသာရေးသက်သက် ဖြစ်သည်။ မုဆိုးလိုက်ပြီး အသက်မွေးသူများရှိသည်။ ၎င်းတို့အနေဖြင့် ယ

[၁] E.Z. III p. 133.

[၂] E.Z. III, p. 74. Badulla Pillar Inscription.

[၃] ဖော်ပြပါ ဥပဒေများနှင့် ထုံးစံအများစုကို များသောအားဖြင့် ၁၀ ရာစုတွင် ကျောက်တုံး၌ ရေးသားခဲ့သော်လည်း ယင်းတို့မှာ ရှေးခေတ်များ ကပင် လက်တွေ့ လိုက်နာပြီး ဖြစ်ကြောင်း ယင်းကျောက်စာအရ သိရသည်။

[၄] ပုံစံ မဟာဝံသ၊ ၃၅၊ ၆ - အာမဏ္ဍဂါမဏိမင်း (အေဒီ ၇၉-၈၉)။ မဟာဝံသ ၃၆၊ ၂၈ - ဝေါဟာရိကတိဿမင်း (အေဒီ ၂၆၉-၂၉၁) ပြစ်ဒဏ်အဖြစ် ခန္ဓာကိုယ်ကို နှိပ်စက်မှုကို ဖျက်သိမ်း။ မာဝံသ ၄၁၊ ၃၀ - သိလာကာလမင်း (အေဒီ ၅၂၄-၅၃၇)။ မဟာဝံသ၊ ၄၆၊ ၃ - စတုတ္ထ အဂ္ဂဗောဓိ (အေဒီ ၆၅၈-၆၇၄)။ မဟာဝံသ ၄၈၊ ၂၃ - တတိယကဿပမင်း (အေဒီ ၇၁၇-၇၂၄)။

ခင် အသက်မွေးအလုပ်ကို စွန့်ပြီး အသစ်အလုပ်များ လုပ်ကြရဖွယ်ရှိသည်[၁]။

ရဟန်းတော်များသည် ရဟန်းတော်များကို နိုင်ငံတော်က ၎င်းတို့၏ စွမ်းရည်နှင့် လုပ်ဆောင်ချက်များနှင့်အညီ ချီးမြှောက်ထောက်ပံ့မှုပြုသည်[၂]။ ဗုဒ္ဓဒါသမင်းသည် ထိုထိုအရပ်ဒေသရှိ တရားဟောသူများ၏ လစာငွေ (ဓမ္မဘာဏကဝတ္တံ)များကို ညှိပေးပြီး ထိုမင်းသည် ယင်းဓမ္မ ဘာဏကတို့အား အခွန်နှင့်အလုပ်အကျွေး (ဘောဂေ ကပ္ပိယကာရကေ)များ ပေးကြောင်းလည်း သိရသည်[၃]။ ဝေါဟာရိကတိဿမင်းသည် သုံးသိန်း ပေးပြီး ရဟန်းတော်များ အကြွေးမှ လွတ်စေသည်[၄]။

အိန္ဒိယမှရရှိခဲ့သည့် အရေးပါသည့် ဗုဒ္ဓဓာတ်တော်အားလုံးကို နိုင်ငံတော်ပိုင်အဖြစ် ယူဆခဲ့သည်။ ဒေဝါနံ ပိယတိဿမင်းလက်ထက် သီဟိုဠ်သို့ ဆောင်ယူခဲ့သည့် ဗုဒ္ဓသပိတ်တော်ကိုမူ နန်းတော်ထဲမှာပင် သိမ်းဆည်း ထားသည်[၅]။ ဝဋ္ဋဂါမဏိမင်းလက်ထက် တမီးလ် ကျူးကျော်သူ ခုနစ်ယောက်အနက် တစ်ယောက်သည် ဗုဒ္ဓသပိတ်တော်အား ၎င်းတို့နှင့်အတူ အိန္ဒိယသို့ ယူဆောင်သွားပြီး ကောင်းစွာ ကျေနပ်သွားကြသည်အထိ ဗုဒ္ဓသပိတ်တော်သည် နောင်အခါ အရေးပါသည့် နိုင်ငံတော်ပိုင်ပစ္စည်းတစ်ခု ဖြစ်ခဲ့သည်[၆]။ ပထမ ဥပတိဿမင်း (အေဒီ ၄ ရာစု)သည် ငတ်မွတ်ဘေးနှင့် ပလိပ်ဘေးများကို ပယ်ရှားနိုင်ရန် ယင်းသပိတ်တော်အား အခမ်းအနားဖြင့် အသုံးပြုခဲ့ပြီး ယင်းနည်းအတိုင်း ဆက်လက်ပြီး အခမ်းအနားကျင်းပရန် အမိန့်ထုတ်ပြန်ခဲ့သည်[၇]။ ဗုဒ္ဓစွယ်တော်ဓာတ်ကိုလည်း နိုင်ငံတော်ပိုင်ပစ္စည်းနှင့် အမျိုးသားရေးလက္ခဏာအဖြစ် ယူဆခဲ့သည်မှာလည်း အလွန်ထင်ရှားသည်။ နှောင်း

---

[၁] ယင်းအမိန့်ကြောင့် တစ်နိုင်ငံလုံး သက်သတ်လွတ် ဖြစ်သွားခဲ့သလား ဆိုသည်ကိုမူ မသိရချေ။

[၂] မဟိန္တလေ့ရှိ စတုတ္ထ မဟိန္ဒမင်း ကျောက်စာကို ရှုပါ။

[၃] ယင်း၊ ၃၇း၁၇၃။

[၄] ယင်း၊ ၃၆း၃၉။

[၅] မဟာဝံသ ၂၀း၁၃။

[၆] ယင်း၊ ၃၈း၅၅။ ယင်းသပိတ်တော်ကို နောင်အခါ သီဟိုဠ်သို့ ပြန်လည် ပင့်ဆောင်ခဲ့သည်။

[၇] ယင်း၊ ၃၇၊ ၁၈၉-၁၉၈။



ခေတ်များတွင် ယင်းဗုဒ္ဓမြတ်စွယ်တော်နှင့် သပိတ်တော်ဟူသော ဓာတ်တော်နှစ်ခုကို ပိုင်ဆိုင်မှုသည် သီရိလင်္ကာဘုရင်အဖြစ် အသိမှတ်ပြုခံရရန် အလိုရှိသည့် မင်းသားအဖို့ အလိုအပ်ဆုံးသော အရာအဖြစ် ယူဆခြင်းခံရသည်[၁]။ သီဟိုဠ်သို့ သိလာကာလ ပင့်ဆောင်ခဲ့သည့် ဗုဒ္ဓ၏ ဆံတော်ဓာတ်ကို ဆင်းတုတော်ဆောင် တစ်ခုတွင် ဌာပနာထားပြီး ပထမ မောဂ္ဂလ္လာနမင်း (အေဒီ ၄၉၆-၅၁၃) သည် ယင်းဓာတ်တော်အား အထူး ပူဇော်မှုပြုခဲ့သည်[၂]။

ဆံတော်ဓာတ်ကို ယူဆောင်လာချိန်က အထူးပြုအပ်နှင်းခဲ့သော အသိဂ္ဂါဟဘွဲ့သည် ဘုရင်က အဆင့်မြင့် ဘုရင့်အရာရှိများအား ပေးအပ်သည့် ဘာသာရေးဆိုင်ရာ ဂုဏ်ပြုမှုတစ်ရပ်ဖြစ်ကြောင်း ယူဆရန် အကြောင်း ရှိသည်။ ဆံတော်ဓာတ်ကို ပင့်ယူလာသူ သိလာကာလသည် ပထမဆုံး အသိဂ္ဂါဟ (သန်လျက်သယ်ဆောင်သူ) ဘွဲ့ရပြီး ဗုဒ္ဓဓာတ်တော်စောင့်ရှောက်ခြင်းအတွက် ဂုဏ်ထူးကိုလည်း ပေးအပ်ခံရသည်[၃]။ ယင်း ကေသဓာတုအမိန့် နှင့် ဆက်စပ်နေသည့် **အသိ** သို့မဟုတ် သန်လျက်မှာ မင်းသားသိဒ္ဓတ္ထ ရဟန်းမပြုမီ ၎င်း၏ ဆံပင်ကို ဖြတ်ခဲ့သော သန်လျက်ကို အမှတ်အသားပြုခြင်း ဖြစ်ဖွယ်ရှိသည်[၄]။

ဘုရင့်ပေးအပ်သည့် ဂုဏ်ပြုဘွဲ့ထူးကြီးဖြစ်လာခဲ့သည့် အသိဂ္ဂါဟဘွဲ့ကို အလွန်အရေးပါသူများကိုသာ ပေးအပ်ခဲ့သည်။ ယင်းဘွဲ့ပေးအပ်ခံရသူ အားလုံးသည် နောင်အခါ ထီးနန်းကို ဆက်ခံကြသည်။ သိလာကာလ ကိုယ်တိုင်လည်း ဘုရင်ဖြစ်လာခဲ့သည်။ အသိဂ္ဂါဟဘွဲ့ဖြင့် ဂုဏ်ပြုခံခဲ့ရသည့် ဒုတိယ သံဃတိဿနှင့် သိလာမေဃဝဏ္ဏမင်း

---

[၁] Codrington : *Short History of Ceylon*, pp. 57, 60, 67, 77, 80. Mendis : *Early History of Ceylon*, pp. 107, 133.

[၂] မဟာဝံသ၊ ၃၉၊ ၄၉-၅၄။

[၃] မဟာဝံသ၊ ၃၉၊ ၅၄။

[၄] ဆံတော်ဓာတ်ကို သိမ်းဆည်းထားသည့် ပဋိမာဃရ သို့မဟုတ် ဆင်းတုတော်ဆောင်တွင် မြင်းတစ်ကောင်း၏ ရုပ်တုတစ်ခုကိုလည်း သိမ်းဆည်းထားကြောင်း ဖော်ပြသည် (မဟာဝံသ၊ ၃၉၊ ၅၂)။ ယင်းသည် မင်းသားသိဒ္ဓတ္ထ တောထွက်သည့်နေ့က ၎င်း၏ဆံပင်ကို မဖြတ်မီစီးခဲ့သည့် မြင်း (ကဏ္ဍက မြင်း)အမှတ်အသားပြု ဆင်းတုဖြစ်ဖွယ်ရှိသည်။

ယင်းကို ပြန်ပေးအပ်ခဲ့သည်[၁]။ ဒုတိယအဂ္ဂဗောဓိမင်းသည် ထူပါရာမ စေတီတော်ကို ပြန်လည်ပြုပြင်ပြီးနောက် နိုင်ငံတော်အား စေတီတော်ကို လှူဒါန်းခဲ့သည်[၂]။

နိုင်ငံတော်၏ အမျိုးသားပိုင်ပစ္စည်း၊ စွမ်းအင်နှင့် အုပ်ချုပ်မှုစွမ်းရည်များကို အဘယ်ကြောင့် ဗုဒ္ဓသာသနာတော်တွင် ယင်းသို့ ရက်ရောစွာ အပ်နှံရသနည်းဟူသည်ကို စုံစမ်းလေ့လာရန် စိတ်ဝင်စားဖွယ်နှင့် လမ်းညွှန်ဖွယ်ကောင်းသည်။ ရည်ရွယ်ချက်ရှိသော စိတ်ပိုင်းလေ့ကျင့်မှု သက်သက်နှင့် လောကီကိစ္စများကို ကျော်လွန်သွားခြင်းပေလော။ ယင်းသို့ တစ်စိတ်တစ်ဒေသအားဖြင့် ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မလိုချေ။ သို့တစေ ဤလောကတွင် အဓိက အကျိုးတရားကို လျင်မြန်စွာ ရရှိခဲ့သည်သာဖြစ်သည်။ ဘုန်းကြီးကျောင်းတိုက်များသည် အမျိုးသားယဉ်ကျေးမှုကို တည်ဆောက်ပေးသော နေရာဌာနများဖြစ်ကြလျက် ရဟန်းတော်များသည် မင်းသားများမှစ၍ လယ်သမားများအထိ တစ်နိုင်ငံလုံး၏ ဆရာသမားများ ဖြစ်ကြသည်။ ရဟန်းတော်များသည် ဘုရင်မင်းများ တိုင်းပြည်ကို ငြိမ်းချမ်းစွာ အုပ်ချုပ်နိုင်ရန် ကူညီခဲ့ကြသည်။ ဝိနယပါဠိတော်အရ ရဟန်းတော်များသည် ဘုရင်မင်းတို့၏ အလိုသို့ လိုက်ရခြင်းမှာ ရဟန်းတော်များ၏ တာဝန်ဖြစ်သည်[၃]။

ရဟန်းတော်များသည် ဘုရင်အား ထောက်ခံရန် လူထုအပေါ် ၎င်းတို့၏ ဩဇာအရှိန်အဝါကို အသုံးပြုခဲ့ကြသည်။ အပြန် အလှန်အားဖြင့် ဘုရင်မင်းတို့က ရဟန်းတော်များ လိုအပ်သည်များကို စောင့်ရှောက်ပေးခဲ့ကြသည်။ ယင်းကို ပွင့်လင်းစွာ ဖော်ပြခြင်းမရှိသော်လည်း ယင်းသည် အပြန်အလှန် နားလည်မှုတစ်ရပ်ဖြစ်သည်။ ဘုရင်သည် လူထုနှင့် နီးစပ်စွာ ဆက်သွယ်မှုနှင့် လူထုအပေါ် ကြီးမားသော ဩဇာလွှမ်းမိုးမှုရှိသည့် သံဃာတော်များ၌ ထက်မြက်သည့် ဝါဒရေးရာဖြန့်ချိမှုနည်းလမ်းကို သိမြင်ခဲ့သည်။ သို့ဖြစ်၍ စက်ဆုပ်ဖွယ် လူသတ်မှုများကျူးလွန်ခဲ့သည့် ဘုရင်များသည် သံဃာတော်များကို ရိုသေပူဇော်ပြုပြီး

---

[၁] မဟာဝံသ၊ ၃၉၊ ၃၁။

[၂] ယင်း၊ ၄၂၊ ၆၁။

[၃] ဝိ ၃၊ ၁၉၃။ (ဘာသာပြန်သူ၏ မှတ်ချက်ကို ဤကျမ်း၊ စာ-၁၄၇၊ အောက်ခြေမှတ်ချက် ၂ ကို ရှုပါ။)။

လူထုထောက်ခံနှစ်သက်မှုရရှိရန် သံဃာတော်များအား နိုင်ငံတော်တစ်ဝန်းလုံးသို့ စေလွှတ်မှုများကို တွေ့ရသည်။ ပုံစံအားဖြင့် ပုန်ကန်သူအဖြစ် ရုန်းကန်နေရချိန်အတွင်း ဘုန်းကြီးကျောင်းတိုက်များ (ထူပါရာမ ကျောင်းတိုက်အပါအဝင်) ကို လုယက်ခဲ့သူ ဒုတိယကဿ ဘုရင် (အေဒီ ၆၄၁-၆၅၀)သည် ထီးနန်းရပြီးနောက် ကျောင်းတိုက်များအား အကြီးအကျယ် ထောက်ပံ့မှုများ ပြုလုပ်ပြီး တရားဟောဆရာများကို နိုင်ငံတစ်ဝန်းလုံးသို့ စေလွှတ်ခဲ့သည်[၁]။ လူအများ ဘာသာတရားလိုက်စားလျှင် ဘုရင်များအနေဖြင့် တိုင်းပြည်ကို အုပ်ချုပ်ရလွယ်ကူသည်။ သီဟိုဠ်ဘုရင် မဟာနာမ၏ တရုတ်ဘုရင်ထံ ပေးစာတစ်စောင်တွင် တိုင်းသူပြည်သားများ ဓမ္မကို လိုက်နာကျင့်သုံးပါက ဘုရင်မင်းများသည် ပျော်ရွှင်ရကြောင်း ဆိုထားသည်[၂]။ ဘုရင်များသည် လူထုအနေဖြင့် ဓမ္မကိုကျင့်ကြံပါက တိုင်းပြည်တွင် အနှောင့်အယှက်များ မရှိသည်ကို သိမြင်သောကြောင့် ပျော်ရွှင်ကြခြင်းဖြစ်သည်။ ဘာသာတရားဟူသည် တည်ထောင်ပြီး အဖွဲ့အစည်းတစ်ခုကို ထိန်းသိမ်းရန်နှင့် ဆန်းသစ်တီထွင်မှုနှင့် တော်လှန်မှုများကို အားမပေးရန် မျှော်လင့်သောကြောင့် ဖြစ်သည်။ ဘုရင်မင်းများအနေဖြင့် အခြေခံအားဖြင့် တိုင်းသူပြည်သားများ၏ စိတ်ထဲတွင် လက်ခံအောင် ကြိုးစားမှုကဲ့သို့သော စိတ်သဘောထားကို ဘာသာရေးအဖွဲ့ တစ်ခုက အကောင်း

---

[၁] မဟာဝံသ၊ ၄၄၊ ၁၄၈။ ပါမောက္ခဂိုင်ဂါသည် 'သဗ္ဗာဂါမိယဘိက္ခူဟိ'ဟူသော စကားလုံးများကို 'တိုင်းတစ်ပါးသား ရဟန်းတော်အားလုံး'ဟု (အင်္ဂလိပ်) ဘာသာပြန်ဆိုခဲ့သည်။ အယ်စီ ဝိဒေသိဟ (L.C. Wijesinha)ကမူ 'လူအများနေထိုင်သည့်နေရာတွင် မနေထိုင်ကြသည့် ရဟန်းမြတ်များ'ဟု ဘာသာပြန်သည်။ ကျွန်ုပ် (ဝါလ်ပိုလာ ရာဟုလာ)အနေဖြင့် 'သဗ္ဗာဂါမိယဘိက္ခူဟိ'ဟု ပါဠိမှန်ယူသည့် ယင်းဖော်ပြပါ (အင်္ဂလိပ်)ဘာသာပြန် နှစ်ခုလုံးကို ဘဝင်မကျပါ။ အကယ်၍ 'သဗ္ဗဂါမိယ'ဟု ပါဠိမှန်ယူလျှင် 'လှည့်လည်သွားလာသည့် ရဟန်းတော်များအားလုံး 'ဘာသာပြန်ဆိုနိုင်မည်ဖြစ်ပြီး အကြောင်းအရာနှင့် ပိုမိုဆီလျော်ဖွယ်ရှိသည်။ 'ဂါမိယ'ဟူသည် သွားခြင်း၊ လှည့်လည်ခြင်း၊ ခရီးသွားခြင်းဟု အဓိပ္ပာယ်ရသည်။

[၂] JRAS. (CB), Vol. XXIV, No. 88, I (1917), p. 83.



ဆုံး ထုတ်လုပ်ပေးနိုင်သည်။ သို့ဖြစ်၍ သံဃာတော်အတွက် ဘုရင်ပြုလုပ်သမျှသည် လုံလောက်သည့် အကျိုးတရားကို ရရှိစေသည်။

ဗုဒ္ဓဝါဒကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့သည့်အချိန်မှစ၍ ဗုဒ္ဓဝါဒ၏ မူလအနှစ်သာရဖြစ်သည့် တောထွက်ခြင်း ခြိုးခြံခြင်းများ ပျောက်ဆုံးခဲ့ပြီး တဖြည်းဖြည်း ဘာသာရေး နိုင်ငံရေးနှင့် လူမှုရေးတာဝန်များ စွာရှိသည့် ဘာသာရေးအဖွဲ့အစည်းတစ်ခုအဖြစ်သို့ တိုးတက်သွားခဲ့ကြောင်း ဝန်ခံရမည်ဖြစ်သည်။ မည်သည့် ဘာသာတရားအတွက်မဆို ယင်းသည် ဖွဲ့စည်းထားသည့် အဆောက်အအုံတစ်ခုဖြစ်လာသောအခါ မူလပုံစံအတိုင်း ဆက်သွားရန် မဖြစ်နိုင်ချေ။ အကယ်၍ ယင်းဘာသာတရားသည် ၎င်း၏ အရှိန်အဝါနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းထားရလျှင် ယင်းသည် အချိန်ကြာသော် ပြောင်းလဲသွားမြဲဖြစ်သည်။ 'အခြေအနေအရ ပြောင်းလဲမှု သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်း' ဟူသည် သဘာဝ၏ မပြောင်းလဲနိုင်သော အမိန့်ဖြစ်သည်။

00000000

သည်[၁]။ ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်အတွက် ရဟန်းတော်များသည် လူဝတ်လဲပြီး စစ်တပ်အတွင်း ဝင်ရောက်သည်အထိပင် တက်ကြွခဲ့ကြသည်။ ပုံစံအားဖြင့် ဒုဋ္ဌဂါမဏိ၏ ဗိုလ်ချုပ်ဆယ်ယောက်အနက် တစ်ယောက်ဖြစ်ပြီး ယခင်က ရဟန်းတော်တစ်ပါးဖြစ်ခဲ့သည့် ထေရပုတ္တအဘယသည် ရဟန်းဘဝမှ လူထွက်ပြီး တပ်မတော်ထဲ ဝင်ရန် ဆုံးဖြတ်ခဲ့သည်။ အောင်ပွဲရပြီးနောက် ယင်းဗိုလ်ချုပ်သည် သာသနာ့ဘောင်ထဲ ပြန်ဝင်ပြီး ရဟန္တာဖြစ်သွားသည်[၂]။ ဘုရင်ဂါမဏိ၏ လှံဖျားတွင် ဗုဒ္ဓဓာတ်တော်တစ်ခုကို ထည့်သွင်းထားသည်[၃]။ ဒုဋ္ဌဂါမဏိသည် လူထုကို စည်းရုံးရန်နှင့် အမိမြေမှ နိုင်ငံခြားသား အုပ်စိုးသူများကို နှင်ထုတ်ရန် လူထု၏ ဘာသာရေးနှင့် အမျိုးသားရေး စိတ်ဓာတ်အားလုံးကို အစွမ်းကုန် အသုံးချခဲ့ပုံရသည်[၄]။

ဒုဋ္ဌဂါမဏိ (၁၀၁-၇၇ ဘီစီ)သည် မဟာထူပ (Ruvanvālisāya)၊ မရိစဝဋ္ဋိ (Mirisavāṭiya) နှင့် မဟာဝိဟာရ ကျောင်းတိုက်၏ ဥပုသ်ဆောင် (သိမ်) ဖြစ်သော ဘုံကိုးထပ်မြင့်သည့် လောဟပါသာဒကဲ့သို့သော ဘာသာရေးအဆောက်အအုံ များစွာကို တည်ဆောက်ခဲ့သည်။ ဒုဋ္ဌဂါမဏိသည် ဗုဒ္ဓသာသနာတော်အား မိမိပြည်သူလူထု၏ ဂုဏ်ယူစရာအဖြစ် ဆောင်ရွက်ခဲ့ပြီး မဟာဝံသကျမ်း[၅]အလို နိုင်ငံများစွာမှ လူအများ မဟာထူပစေတီ ဘုရားပွဲတော်ကို ကြည့်ရှုရန် လာရောက်ကြသည်။ ယနေ့ခေတ် ဝေသာခပွဲတော် (ကဆုန်လပြည့်ဗုဒ္ဓနေ့) ၏ ရှေ့ပြေးပုံစံကို ဤခေတ်အတွင်း အဦးဆုံး တွေ့ရသည်။ ဒုဋ္ဌဂါမဏိသည် ဝေသာခပူဇာ နှစ်ဆယ့်လေးမျိုးကို ကျင်းပခဲ့ကြောင်း သိရသည်[၆]။

---

[၁] မဟာဝံသ ၂၅း၂-၄။

[၂] ရသဝါဟိနီ ၂၊ စာ-၉၃။

[၃] မဟာဝံသ ၂၅း၁။

[၄] ဒုဋ္ဌဂါမဏိအား သီဟိုဠ်သမိုင်းစဉ်တစ်ခုလုံးမှ ယနေ့ခေတ်တိုင်အောင်ပင် တစ်စိုက်မတ်မတ် တည်ရှိခဲ့သော ဘာသာရေးအခြေပြု အမျိုးသားရေးဝါဒ၏ အာဒိကမ္မိက (ရှေးဦးပုဂ္ဂိုလ်)အဖြစ် မှတ်တစွာ ယူဆနိုင်ပါသည်။

[၅] မဟာဝံသ၊ ၂၉၊ ၂၉။

[၆] ယင်း၊ ၂၇၊ ၃၅။

# အခန်း ၆

## တိုးတက်မှုနှစ်ကာလများ ၁

ပြီးခဲ့သော အခန်းတွင် အရှင်မဟိန္ဒ ဆောင်ရွက်ခဲ့သည့် လေးဆယ့်ရှစ်နှစ်အတွင်း ဗုဒ္ဓသာသနာသည် သီဟိုဠ်၌ အခိုင်အမာတည်တံ့ခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ နောက်ရာစုနှစ်တွင် ပြည်သူများအကြား ယုံကြည်မှုအသစ် တိုတက်မှု အလွန်မြန်ဆန်သည်ကို တွေ့ရသည်။ မဟာဝံသကျမ်း[၁] အရ ကြီးငယ်မဟူ ရာပေါင်းများစွာသော ဘုန်းကြီးကျောင်းတိုက်များကို ယင်းရာစုနှစ်တွင် တည်ဆောက်ကြသည်။ ဒေဝါနံပိယတိဿမင်း ကွယ်လွန်ပြီးနောက် အနုရာဓပုရမြို့၌ အစဉ်အတိုင်း အုပ်ချုပ်ခဲ့ကြသည့် မင်းကြီး၏ညီတော် လေးယောက်တို့သည် ဌာနအသစ်များ ဖွင့်လှစ်ခြင်း ရဟန်းတော်များအားကောင်းစွာ ထောက်ပံ့ခြင်းများဖြင့် ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် အကောင်ဆုံး ဆောင်ရွက်ခဲ့ကြသည်[၂]။ တောင်ပိုင်းဒေသရှိ ရောဟနမြို့မှ ကာလဝဏ္ဏတိဿနှင့် အခြားအုပ်ချုပ်သူများသည် ဝိဟာရ (ကျောင်းတိုက်) အများအပြား တည်ဆောက်ခဲ့ကြသည်။ ယင်းတို့အနက် တိဿမဟာရာမ၊ စိတ္တလပဗ္ဗ (နာမည်ကျော် ကမ္မဋ္ဌာန်း တတရား အားထုတ်သည့်နေရာ)နှင့် ကတရဂါမ (အရပ်)ရှိ ကိရိဝေဟေရ ကျောင်းတိုက်များကို ဖော်ပြရမည် ဖြစ်သည်[၃]။ ကလျာဏီ (ယခု အ

---

[၁] မဟာဝံသ ၂၁၊ ၇။

[၂] ရိဋ္ဌိဂလ (အရိဋ္ဌပဗ္ဗတ) ၌ တွေ့ရသည့် ခရစ်နှစ်မတိုင်မီ သံဃာတော်များအားဂူများလှူဒါန်းမှုကို ဖော်ပြသည့် ကျောက်စာများ၌ ယင်းတောင်ကို အစောဆုံး ဘီစီသုံးရာစုကပင် တရားအားထုတ်ရာ ဌာနအဖြစ် အသုံးပြုခဲ့ကြောင်း ဖော်ပြသည် (E.Z. p. 136.)။ သူရတိဿမင်း (ဘီစီ ၁၈၇-၁၇၇)သည် ယင်းနေရာကို တိုးတက်အောင် ဆောင်ရွက်ခဲ့သည် (မဟာဝံသ၊ ၂၁၊ ၆)

[၃] မဟာဝံသ၊ ၂၂၊ ၂၃။ E.Z. III, p. 214. ဓာတုဝံသ၊ စာ- ၂၂ တို့၌ ရောဟနအရပ်ရှိ ကျောင်းတိုက် များစွာတို့ကို မဟာနာဂနှင့် ယဋ္ဌာလယ တိဿမင်းတို့လှူဒါန်းသည်ဟု ဆိုသည်။

ခေါ် ကေလဏိယ) အရပ်မှ တိဿမင်းသည် အနောက်ဖျားဒေသ၌ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် အလေးပေး ဆောင်ရွက်ခဲ့သည်[၁]။ ကေကာဝဏ္ဏမင်း၏ သားငယ် တိဿသည် သီဟိုဠ်ကျွန်း အရှေ့ဖျားဒေသရှိ ဒီဃဝါပိအရပ်၌ (ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက်) တာဝန်ယူသည်[၂]။

ဘာသာတရားအသစ်၏ ဩဇာလွှမ်းမိုးမှုအောက်တွင် သီဟိုဠ်လူမျိုးများသည် ငြိမ်းချမ်းမှုတစွာ နေထိုင်ခဲ့ကြပြီး နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ သို့တစေ အိန္ဒိယတောင်ပိုင်းမှ နိုင်ငံတော်၏ ငြိမ်းချမ်းမှုနှင့် တိုးတက်မှုကို နှောင့်ယှက်ခဲ့ကြသည့် စွန့်စားသူအချို့ မကြာမီ ရောက်လာခဲ့ကြသည်။ ယင်းတို့အနက် တစ်ယောက်မှာ စောဠမင်းသား ဧဠာရသည် ဘီစီနှစ်ရာစု အလယ်လောက်တွင် သီဟိုဠ်ကို ကျူးကျော် တိုက်ခိုက်ခဲ့ပြီး အနုရာဓပုရမြို့ရှိ အစိုးရကို ဖမ်းဆီးလျက် လေးဆယ့်ငါးနှစ်ခန့် အုပ်ချုပ်ခဲ့ကြသည်။ သီဟိုဠ်ကျွန်း၏ မြောက်ပိုင်းဒေသမှာ နိုင်ငံခြားသား အုပ်ချုပ်သူများလက်အောက်တွင် ရောက်နေသော်လည်း ရောဟနမြို့မှာ လွတ်လပ်စွာ တည်ရှိနေခဲ့သည်။

ယင်းရှည်လျားသည့် နိုင်ငံခြားသားတို့ အုပ်ချုပ်စဉ်ကာလတွင် သီဟိုဠ်သမိုင်းတွင် နိုင်ငံရေးအရရော ဘာသာရေးအရပါ အရေးပါသည့် တိုးတက်မှု အများအပြားဖြစ်ပေါ်ခဲ့သည်။ ဗုဒ္ဓဝါဒအစောပိုင်းကာလ၏ အကြီးကျယ်ဆုံးသော အမျိုးသားအာဇာနည် ဧကန်ဖြစ်သည့် ရောဟနမြို့ဘုရင် ကာကဝဏ္ဏတိဿမင်း၏ သားတော် ဒုဋ္ဌဂါမဏိသည် ဗုဒ္ဓဝါဒအား နိုင်ငံခြားသားတို့ အုပ်ချုပ်နေခြင်းမှ လွတ်မြောက်စေရန် စစ်ဆင်ရေးကြီးတစ်ရပ် ဆောင်ရွက်ရန် စည်းရုံးခဲ့သည်။ ၎င်းစစ်ချီ ကြွေးကြော်သံမှာ 'ထီးနန်းအတွက် မဟုတ်၊ ဗုဒ္ဓသာသနာတော်အတွက် ဖြစ်သည်' ဟုဖြစ်သည်[၃]။ သီဟိုဠ်လူမျိုး အားလုံး

[၁] မဟာဝံသ၊ ၂၅၊ ၂။ ပါရဂင်္ဂံ ဂမိဿာမိ၊ ဇောတေတုံ သာသနံ အဟံ။
ယင်း ၂၅၊ ၁၇။ ရဇ္ဇသုခါယ ဝါယာမော၊ နာဟံ မမ ကဒါပိ စ။
သမ္ဗုဒ္ဓသာသနဿေဝ၊ ဌပနာယ အယံ မမ။

[၂] မဟာဝံသ၊ ၂၂၊ ၁၃။

[၃] ယင်း ၂၄၊ ၁၄၊ ၁၅၊ ၅၈။



သည် မင်းသားငယ် ဂါမဏိ၏ အလံအောက်တွင် ညီညွတ်စွာ တည်ရှိခဲ့ကြသည်။ ယင်းသည် သီဟိုဠ်လူမျိုးများအတွင်း အမျိုးသားရေးဝါဒ အစပင်ဖြစ်ခဲ့သည်။ ယင်းသည် ဗုဒ္ဓဝါဒလမ်းစဉ်သစ် အောက်တွင် စည်းရုံးခဲ့သည့် ရှင်သန်ပျိုမျစ်သည့် သွေးနှင့် မျိုးဆက်သစ် ဖြစ်သည်။ ဘာသာရေး အယူသည်းမှုဆီ ရောက်လုနီးပါးဖြစ်ခဲ့သည့် ဘာသာရေး အခြေပြု အမျိုးသားရေးဝါဒ တစ်ရပ်သည် သီဟိုဠ်လူမျိုး တစ်ခုလုံးကို မြင့်တက်စေခဲ့သည်။ ဗုဒ္ဓဝါဒီမဟုတ်သူတစ်ယောက်ကို လူသားသတ္တဝါ အဖြစ်ပင် မယူဆခဲ့ချေ။ သို့ဖြစ်၍ သီဟိုဠ်လူမျိုး အားလုံး ခြွင်းချက်မရှိ ဗုဒ္ဓဝါဒီများ ဖြစ်သွားကြသည်။

ဧဠာရကို နှိမ်နင်းပြီးနောက် အောင်မြင်သူ ဒုဋ္ဌဂါမဏိသည် လူသားသတ္တဝါ ထောင်ပေါင်းများစွာတို့ကို သတ်ဖြတ်မှုအတွက် နောင်တရခဲ့သည်။ ပိယင်္ဂုဒီပမှ ရဟန္တာရှစ်ပါးသည် ဘုရင်မင်းအား နောင်တဖြစ်ဖွယ် မလိုကြောင်း၊ လူတစ်ယောက်နှင့် တစ်ဝက်ကိုသာ သတ်ဖြတ်ကြောင်း၊ တစ်ယောက်မှာ ဗုဒ္ဓဓမ္မသံဃဟူသော သရဏဂုံသုံးပါးကို ဆောက်တည်သူ အခြားတစ်ယောက်မှာ ငါးပါးသီလ ဆောက်တည်သူများဖြစ်ပြီး အကြွင်းမှာ မိစ္ဆာဒိဋ္ဌိ (ယုံကြည်မှုမှားသူများ) နှင့် ဒုဿီလ (သီလမရှိ) သူများမှာ တိရစ္ဆာန်နှင့် အလားတူသူများ ဖြစ်ကြောင်း မိန့်ကြားကြသည်ဟု သိရသည်။ 'မင်းကြီးအနေဖြင့် ဗုဒ္ဓသာသနာတော် ထွန်းကားအောင် အမျိုးမျိုး ဆောင်ရွက်သဖြင့် မင်းကြီး၏ စိတ်ထဲမှ ထိုကိစ္စကို ဖယ်ထုတ်လိုက်ပါ'[၁]။

ယင်းသို့ဖြင့် ဝါဒရေးရာပြင်းထန်သည့် ဘာသာရေးအတွေးအမြင်သည် ဗုဒ္ဓဝါဒအခြေပြု အမျိုးသားရေးဝါဒကို ဖြစ်ပေါ်စေခဲ့သည်။ ထိုအချိန်၌ ဗုဒ္ဓဝါဒသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရဟန်းတော်များသည် နိုင်ငံရေးနှင့် လောကီရေးရာကိစ္စများတွင် တရားဝင် ဝင်ရောက်လာကြသည်။ 'ရဟန်းတော်များကို ဖူးမြော်ရခြင်းမှာ မင်္ဂလာဖြစ်ပြီး အကာအကွယ်လည်း ဖြစ်သဖြင့်' ဒုဋ္ဌဂါမဏိ၏ တောင်းပန်မှုအရ ရဟန်းတော်များသည် လွတ်မြောက်ရေး တပ်မတော်နှင့်အတူ လိုက်ပါခဲ့ကြ

[၁] ယင်း ၂၅၊ ၁၀၃-၁၁၁။

သည် တိုင်းတစ်ပါးသားတို့၏ အုပ်ချုပ်မှုကြောင့် ပျက်စီးနေရပြီး ဘုရင်နှင့် စစ်သူကြီးတို့ အငြင်းပွားနေကြသည်။ ပညာရှိရဟန်းတော်သည် စစ်သူကြီးများအား 'ဗုဒ္ဓသာသနာတော်ကို ဆက်လက်တည်တံ့စေရန် မည်သူက စွမ်းဆောင်နိုင်မည်နည်း၊ တမီးလ်များလော သို့မဟုတ် ဘုရင်မင်းတရားလော'ဟု မေးမြန်းသည်။ စစ်သူကြီးများသည် မိမိတို့၏ သဘောထားမှာ ကိုယ့်ကိုယ်ကို သတ်သေရမည့် အနေမျိုးဖြစ်ကြောင်း သဘောပေါက်သွားကြသည်။ သို့ဖြစ်၍ တိဿနှင့်မဟာတိဿမထေရ်တို့သည် စစ်သူကြီးများကို ဘုရင်ထံ ယူဆောင်သွားကြပြီး ယင်းတို့အကြား အရှည်တည်တံ့သည့် ဖျန်ဖြေခြင်းကို ဆောင်ရွက်ပေးလိုက်ကြသည်[၁]။

ထိုအချိန်က အကယ်၍ အမြော်အမြင် ကြီးမားတော်မူကြသည့် မထေရ်ကြီးများက ကြားဝင်ဆောင်ရွက်မှုမရှိခဲ့လျှင် ဗုဒ္ဓဝါဒနှင့် သီဟိုဠ်လူမျိုးတို့၏ ကံကြမ္မာ မည်သို့ဖြစ်လာမည်ကို မည်သူမျှ မပြောနိုင်ချေ။ ဘုရင်နှင့် စစ်သူကြီးများသာ ပညာရှိမထေရ်ကြီးများ၏ ကျေးဇူးကို သိခဲ့ကြသည်။ သို့ဖြစ်၍ ကျေးဇူးတင်သည့်အနေဖြင့် ဘုရင်နှင့် စစ်သူကြီးများက မထေရ်ကြီးများကို ခံစားမှုအပြည့်ဖြင့် ဤသို့ လျှောက်ထားကြသည် 'အကယ်၍ တပည့်တော်ရဲ့ တိုင်းပြည်အရေး ဆောင်ရွက်မှု အောင်မြင်ခဲ့ပါလျှင် တပည့်တော်တို့ သတင်းစကားပို့လိုက်သည်နှင့် အရှင်ဘုရားတို့မဖြစ်မနေ ကြွတော်မူကြပါဘုရား'ဟု လျှောက်ထားကြသည်[၂]။ ဤသည်မှာ အဘယဂိရိနှင့် အခြားကျောင်းတိုက်များကို ဘုရင်နှင့် စစ်သူကြီးများက မဟာတိဿနှင့် တိဿမထေရ်တို့အား လှူဒါန်းရခြင်း၏ အကြောင်းတရားဖြစ်သည်။

ယင်းသည် ရဟန်းပုဂ္ဂိုလ်တစ်ပါးအား ဝိဟာရတစ်ခုကို ပုဂ္ဂလိကလှူဒါန်းသည့် ပထမဆုံးသော မှတ်တမ်း ဖြစ်သည်။ ယင်းသည် ဘုရင်နှင့် စစ်ဗိုလ်ချုပ်များအဖို့ ပုဂ္ဂိုလ်ရေး ကျေးဇူးရှိမှုကြောင့် လုပ်ဆောင်ချက် သက်သက်ဖြစ်သည်။ မဟာတိဿမထေရ်သည် ယခင်က နယ်စွန် နယ်ဖျားဒေသ၌ မထင်မရှား နေထိုင်ခဲ့ပြီး နောင်အခါ ဘုရင်၏ အ

[၁] မဟာဝံသ၊ ၂၈၊ ၆၇-၇၆။

[၂] မဟာဝံသ၊ ၂၈၊ ၇၆-၇၇။



ဒုဋ္ဌဂါမဏိကို ဆက်ခံသော ညီတော် သဒ္ဓါတိဿမင်း (ဘီစီ၇၇-၅၉)သည် ဗုဒ္ဓသာသနာတော်အတွက် များစွာ ဆောင်ရွက်ခဲ့ပြီး အဆောက်အအုံများ ဆောက်လုပ်ခဲ့သည့် ဝိဟာရအများအပြားတွင် နှောင်းခေတ် သီဟိုဠ်ဗုဒ္ဓသာသနာသမိုင်းတွင် အရေးပါခဲ့သည့် အနုရာဓပုရမြို့တော်မှ ဒက္ခိဏာဂိရိဝိဟာရ[၁] လည်း ပါဝင်သည်။

ဘီစီတစ်ရာစု စောစောပိုင်းကပင် ဘိက္ခုများသည် နိုင်ငံတော်အရေးကိစ္စများတွင် ပိုမို စိတ်ဝင်စားမှုရှိခဲ့သည်။ ထုံးစံအတိုင်း ထီးနန်းဆက်ခံမှုအစဉ်အလာကို ဆန့်ကျင်လျက် သဒ္ဓါတိဿ၏ သားကြီး လဇ္ဇီတိဿထက် ပိုမိုနှစ်သက်သည့် သားငယ် ထူလထန (ဘီစီ ၅၉) အား ထီးနန်းကို ရရှိအောင် ပူးပေါင်းကြံစည်မှုတွင် ရဟန်းတော်များ ပါဝင်ခဲ့ကြသည်။ လဇ္ဇီတိဿ (ဘီစီ ၅၉-၅၀) သည် ညီတော် ထူလထနအား ဖြုတ်ချပြီး သံဃာအား လုံးဝကြည်ညိုမှု မရှိခြင်း၌ သုံးနှစ်တိုင်တိုင် သံဃာတော်အား လျစ်လျူရှုထားခဲ့သည်[၂]။

ဘီစီ ၁ ရာစု နှောင်းပိုင်းတွင် သီဟိုဠ်ဗုဒ္ဓဝါဒသမိုင်း၌ အလွန် အရေးပါသည့် အဖြစ်အပျက်အချို့ကို တွေ့ရသည်။ ရောဟနဇနပုဒ်မှ တိဿ (Tīya) ဗြာဟ္မဏသည် ဝဋ္ဋဂါမဏိ (ဘီစီ ၄၃) အား စစ်ကြေညာလိုက်သည်။ တစ်ချိန်တည်းတွင် အိန္ဒိယတောင်ပိုင်းမှ တမီလ် သူပုန် ခုနစ်ဦးသည် အင်အားကြီးမားသည့် စစ်သားများနှင့် မဟာတိတ္ထ (Mannare) အရပ်သို့ ကျူးကျော်ပြီး အနုရာဓပုရသို့ ချီတက်လာကြသည်။ တစ်နိုင်ငံလုံး တောင်မှ မြောက်ထိ စစ်ပွဲများ အနှံ့အပြားတွင် ဖြစ်ပွားနေသည်။ ဘီစီ ၄၃ မှစ၍ ဆယ်လေးနှစ် တိုင်တိုင် တမီလ်လူမျိုး ငါးယောက် အနုရာဓပုရမြို့၌ အစဉ်အဆက် အုပ်ချုပ်ကြသည်။ ယင်းအချိန်အတွင်း ဝဋ္ဋဂါမဏိမင်းသည် တောစွန် ဇနပုဒ်အရပ်များတွင် ပုန်းအောင်းပြီးနေထိုင်ခဲ့ရသည်[၃]။

ယင်းသူပုန်ဘေးကြီးအပြင် ဗြာဟ္မဏတိဿသူပုန်ဘေးဟု လူသိများသည့် တစ်နိုင်ငံလုံး မကြုံစဖူး ငတ်မွတ် ခေါင်းပါးသည့်ဘေးနှင့် ကြုံတွေ့ရသည်။ လူအများ အစားအစာလုံးဝမရှိ၊ လူသားကိုပင် စားရ

[၁] ယင်း၊ ၂၈၊ ၇။ ဌေ့ာရ၏ အုတ်ဂူဟုလည်း ခေါ်သည်။

[၂] မဟာဝံသ၊ ၂၈၊ ၁၇-၂၀။

[၃] ယင်း၊ ၂၈၊ ၃၇-၄၂။

သည်အထိ၊ ၎င်းတို့ လေးစားကြည်ညိုသည့် ရဟန်းတော်များ၏ အသားကိုပင် စားသည်အထိ ဖြစ်ခဲ့သည်။ ထောင်ပေါင်း များစွာသော ရဟန်းတော်များရော လူဥပါသကာများပါ သေဆုံးကြရသည်၊ ကျောင်းတိုက်ပေါင်းများစွာကို စွန့်ပစ်ခဲ့ကြရသည်၊ အနုရာဓပုရမြို့တော်ရှိ မဟာဝိဟာရ ကျောင်းတိုက်ကြီးမှာ လုံးဝစွန့်ပစ်ခံ ဖြစ်သွားသည်၊ ကျောင်းတိုက်ဝင်းအတွင်း သစ်ပင်ပိတ်ပေါင်းများ ကြီးထွားကုန်သည်၊ မဟာထူပစေတီတော်လည်း လုံးဝလျစ်လျူရှုထားရသည်။ ရဟန်းတော်များစွာတို့ သီဟိုဠ်မှ အိန္ဒိယသို့ ထွက်ခွာသွားကြရသည်။ တစ်နိုင်ငံလုံး ကသောင်းကနင်းဖြစ်ခဲ့သည်[၁]။

မထေရ်ကြီးများနှင့် သီဟိုဠ်ခေါင်းဆောင်များသည် အနာဂတ်ဗုဒ္ဓသာသနာတော်သည် အန္တရာယ်ရှိကြောင်းသိမြင်တော်မူကြသည်။ ဗုဒ္ဓသာသနာတော် လက်ရှိအခြေအနေ တည်တံ့မှုကိုပင် များစွာခြိမ်းခြောက်လျက်ရှိသည်။ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ထောက်ပံ့ရန် သီဟိုဠ်ဘုရင်မရှိ။ ထိုအချိန်ထိ ဆရာများထံမှ တပည့်များသို့ နှုတ်ရအာဂုံဆင်းသက်ခဲ့သည့် ပိဋကတ်သုံးပုံကို အစဉ်မပြတ် နှုတ်ရအာဂုံဆောင်သည့် အစဉ်အလာသည် ယင်းဆိုးရွားသည့်အခြေအနေ ဖြစ်ပေါ်နေစဉ် မဖြစ်နိုင်တော့သော အခြေအနေဖြစ်လာသည်။ ယင်းဝမ်းနည်းဖွယ် ကာလအတွင်း သံဃာတော်၏ အဓိကစိုးရိမ်မှုမှာ ၎င်းတို့အနေဖြင့် အရာအားလုံးထက် တန်ဖိုးထားသော ဗုဒ္ဓ၏တရားတော်များကို ကာကွယ်ရန်ဖြစ်သည်။ သို့ဖြစ်၍ အမြော်အမြင် ကြီးမားတော်မူကြသော မထေရ်ကြီးများသည် ဒေသဆိုင်ရာ ခေါင်းဆောင်တစ်ယောက်၏ ဦးဆောင်မှုဖြင့် မာတလေ (Mātale) အရပ်ရှိ အလုဝိဟာရ (Aluvihāra) ၌ စည်းဝေးကြပြီး သမိုင်းတွင် ပထမဆုံးအဖြစ် 'သစ္စာဓမ္မ အရှည်တည်တံ့ရေး (စိရဋ္ဌိတတ္ထံ ဓမ္မဿ)'အတွက် အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို ပေထက်အက္ခရာတင်ခဲ့ကြသည်[၂]။

နောက်ဆုံးတွင် ဝဋ္ဋဂါမဏိအဘယမင်း (ဘီစီ ၂၉-၁၇) သည် ဆယ့်လေးနှစ်ကြာ မဟာတော်လှန်တိုက်ခိုက်မှုများ ပြီးနောက် တမီလ်

[၁] အဘိ-ဋ္ဌ ၂၊ ၄၂၇၊ ၃၁၈။ အံ-ဋ္ဌ ၃၊ ၉၃။

[၂] မဟာဝံသ၊ ၂၈၊ ၁၀၀-၁၀၁။ ဒီပဝံသ၊ ၂၀၊ ၄၅။ နိကာယသင်္ဂဟ၊ စာ-၉။



များကို နှိမ်နင်းပြီး အနုရာဓပုရမြို့ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ ဤမင်းသည် နိဂဏ္ဌ(ဂျိန်း)တို့၏ ဂိရိကျောင်းတိုက်ကို ဖျက်ဆီးပြီး ၎င်း၏အမည်ကို ရှေ့မှထည့်ပြီး အဘယဂိရိကျောင်းတိုက်ကို တည်ဆောက်ခဲ့သည်[၁]။

မင်းကြီးသည် ထိုကျောင်းတိုက်ကို ၎င်းကံဆိုးနေစဉ်က အကြီးအကျယ်ကူညီခဲ့သည့် မဟာတိဿဟုခေါ်သော မထေရ်တစ်ပါးအား လှူဒါန်းခဲ့သည်။ ဝဋ္ဋဂါမဏိ၏ စစ်သူကြီး ငါးယောက်တို့သည်လည်း ကျောင်းတိုက်ငါးခု တည်ဆောက်ခဲ့ကြပြီး ယင်းကျောင်းတိုက်တို့ကို မိမိတို့ အခက်အခဲရှိစဉ်က ခင်မင်ရင်းနှီးခဲ့ပြီး ကူညီခဲ့သည့် ကျေးဇူးတရားကြောင့် တိဿအမည်ရှိ မထေရ်အား လှူဒါန်းခဲ့ကြသည်။

ဝဋ္ဋဂါမဏိမင်းကြီးသည် တမီလ်များကို တိုက်ခိုက်ရန် ပြင်ဆင်နေစဉ် မင်းကြီး၏ ကမူးရှူးထိုးလုပ်တတ်သည့် သဘာဝကြောင့် မင်းကြီးကို စိတ်ပျက်သွားကြသည့် စစ်သူကြီးအချို့မှာ မင်းကြီးကို စိတ်ဆိုးပြီး စွန့်ပစ်ခဲ့လျက် တမီလ်များနှင့် ပူးပေါင်းရန် ဆန္ဒရှိခဲ့ကြကြောင်း (အလွန် ဖြစ်နိုင်သည်) ဆိုသည်။ ယင်းဥပဒေမဲ့ ငတ်မွတ်ခေါင်းပါးနေစဉ်အတွင်း တစ်နိုင်ငံလုံး ခိုးသားဓားပြများ သောင်းကျန်းလျက်ရှိသဖြင့် ထိုစစ်သူကြီးများသည် လမ်းခရီးတွင် ခိုးသားဓားပြများ တိုက်ခိုက်ခံရသဖြင့် ပညာတတ် ရဟန်းတော်ဖြစ်သည့် ဟမ္ဗုဂလ္လဝိဟာရကျောင်းတိုက်နေ တိဿမထေရ်ထံ ခိုလှုံနေခဲ့ကြပြီး ထိုနေရာတွင် ကြင်နာမှုနှင့် အကာအကွယ်ကို ရရှိခဲ့ကြသည်။ ထိုမထေရ်သည် ထိုစစ်သူကြီးတို့၏ အကြောင်းကို သိရသောအခါ မထေရ်မှာ အကြီးအကျယ် အခက်ကြုံရတော့သည်။ နိုင်ငံတော်နှင့် ဗုဒ္ဓသာသနာတော်

[၁] မဟာဝံသ၊ ၂၈၊ ၇၈-၈၁။ နိကာယသင်္ဂဟ၊ စာ-၁၀။ ဝဋ္ဋဂါမဏိ အနုရာဓပုရမြို့မှ နှိမ်နင်းခံရပြီး ထွက်ပြေးရသောအခါ ပဏ္ဍုကာဘယမင်း တည်ဆောက်ခဲ့သည့် ဂိရိကျောင်းမှ နိဂဏ္ဌတစ်ယောက်က 'သီဟိုဠ် ငမည်းကြီး ထွက်ပြေးပြီ (ပလာယတိ မဟာကာဠသီဟဠော)'ဟု ကျယ်လောင်စွာ အော်ခဲ့သည်။ ယင်းနိဂဏ္ဌမှာ တမီလ်ကပြား အဖြစ်နိုင်ဆုံး ဖြစ်သည်။ ထိုအချိန်က မင်းကြီးသည် 'အကယ်၍ ငါအလိုပြည့်ခဲ့လျှင် ဤနေရာ တွင် ငါ ဝိဟာရ (ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း) တစ်ခုတည်ဆောက်မည်ဟု စိတ်ကူးရှိခဲ့သည် (မဟာဝံသ၊ ၂၈၊ ၄၂-၄၄)

ဂုဏ်ရည်နှင့် အရှိန်အဝါကို အလွန်ရိုသေစွာ စောင့်ထိန်းခဲ့ကြသည်။ မဟာဝိဟာရသံဃာတော်များသည် ကွဲပြားခြင်းမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ လေးစားမှု၊ သစ္စာရှိမှုနှင့် ထောက်ပံ့မှုတို့ကို ရရှိခဲ့ပြီး (လူထု)အာရုံညွတ်မှုကို ခွဲခြမ်းလျက် မိမိတို့အယူအဆကို မျှဝေရန် ထိုနယ်ပယ်အတွင်းသို့ ဝင်လာသည့် အုပ်စုသစ်များကို မနှစ်သက်ကြချေ။ သို့တစေ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ပြောင်းလဲမှုအထွေထွေ၏ ပုံမှန် အကျိုးဆက်ဖြစ်သည့် တိုးတက်ပြောင်းလဲမှုအသစ်များကို ဖိနှိပ်ထားရန် မဖြစ်နိုင်ချေ။ သံဃာထုအတွင်း ကွဲပြားမှုသည် ပျက်စီး ဆုတ်ယုတ်ခြင်း၏ လက္ခဏာတစ်ရပ် ဖြစ်သည်မှာ သေချာသော်လည်း လှုပ်ရှားမှုနှင့် တိုးတက်မှု၏ လက္ခဏာဖြစ်သည်။

နောက်ထပ် ရာစုနှစ်သုံးခုခန့်ကာလမှာ ပုံမှန်သမိုင်း၏ အပြောင်းအလဲများကို တွေ့ရသည်။ ဝဋ္ဋဂါမဏိ၏ သားတော် စောရနာဂ (ဘီစီ ၃-အေဒီ ၉)သည် သံဃာများအား ရန်ငြိုးဖွဲ့ပြီး ၎င်း၏ညီအစ်ကို ဝမ်းကွဲတော်သူ မဟာစူလိက မဟာတိဿ (ဘီစီ ၁၇-၃)အား ပုန်ကန်ဆန့်ကျင်စဉ်က ခိုလှုံခွင့်မပေးခဲ့သော ကျောင်းတိုက် ဆယ့်ရှစ်ခုကို ဖျက်ဆီးပစ်သည်[၁]။ ဗုဒ္ဓဝါဒကို ၎င်း၏ စော်ကားဖျက်ဆီးမှုမှာ မဟာဝံသ ကျမ်းပြုဆရာအနေဖြင့် ‘မကောင်းမှုပြုသည့် မင်းသည် လောကန္တရိက ငရဲသို့ ကျရောက်သွားသည်’ဟု ယုံကြည်သွားသည်အထိ ကြီးမားသည်[၂]။

ရဟန်းတော်များ၏ ပုံမှန်လုပ်ငန်းအဖြစ် ကျမ်းစာသင်ကြားမှု အတွေးအမြင်ကို ဘာတိကာဘယမင်း (အေဒီ ၃၈-၆၆) လက်ထက်တွင် မဟာဝံသကျမ်း၌ ပထမဆုံးအကြိမ် ဖော်ပြထားသည်။ မင်းကြီးသည် ဂန္ထဓုရ (စာပေသင်ကြားပို့ချသည့်) တာဝန်ကို ထမ်းဆောင်နေကြသော သံဃာတော်များ၏ အသုံးအဆောင်များကို ထောက်ပံ့ခဲ့ကြောင်းအထူးပြုဖော်ပြသည်။ ဤနေရာ၌ စာပေပို့ချသည့် စာချသံဃာများနှင့် စာသင်သံဃာများကို အထူးရည်ညွှန်းဖွယ်ရှိသည်။ ဘာတိကာဘယသည် ဒုဋ္ဌဂါမဏိစတင်ခဲ့သည့် အစဉ်အလာကိုလိုက်ပြီး နှစ်ကျိပ်ရှစ်ဆူဘုရားတို့၏ ဝေသာခပွဲတော်များကို ကျင်းပခဲ့ကြောင်း သိရသည်[၃]။

---

[၁] မဟာဝံသ၊ ၃၄၊ ၁၁-၁၃။

[၂] ယင်း၊ ၃၄၊ ၁၄။

[၃] မဟာဝံသ၊ ၃၄၊ ၆၉၊ ၆၆။



ထူးပင့်ဖိတ်ချက်အရ အနုရာဓပုရမြို့တော်တွင် နေထိုင်ရန် ကြွလာခဲ့သည်[၁]။ သို့ဖြစ်၍ အရှင်မြတ်သည် အုပ်ချုပ်ရေးလူတန်းစား အပေါ် ထူးထူးခြားခြား ဩဇာလွှမ်းမိုးမှုကို မဖြစ်မနေ အသုံးပြုခဲ့သည်။ ယင်းသို့ဖြစ်ခြင်းသည် မဟာဝိဟာရကျောင်းတိုက် သံဃာတော်များ၏ ဂုဏ်သိက္ခာနှင့် အရှိန်အဝါကို အဟန့်အတား ပြုခဲ့သည်မှာ သေချာသည်။ သို့ဖြစ်၍ မဟာဝိဟာရသံဃာသည် မဟာတိဿမထေရ်အား လူအိမ်များသို့ ခဏခဏ သွားရောက်ရောနှောမှု (ကုလသံသဋ္ဌ) ဖြင့် ပြစ်တင်ပြီး ပဗ္ဗာဇနိယကံ (သံဃာ့အသိုင်းအဝန်းမှ ကြဉ်ဖယ်မှု) ဖြင့် နှင်ထုတ်သည့် ပြစ်ဒဏ် ချမှတ်ကြသည်[၂]။ ယင်းသည် ဘုရင်နှင့် စစ်သူကြီးများ၏ လုပ်ဆောင်ချက်အပေါ် သွယ်ဝိုက်၍ ဆန့်ကျင်မှုလည်း ဖြစ်သည်။

သို့တစေ မဟာတိဿ၏တပည့် ဗဟလမဿုတိဿ (မုတ်ဆိတ်ရှည် တိဿ)[၃]သည် ယင်းသို့ ပြစ်ဒဏ် ချမှတ်မှုအပေါ် မျှတသည်ဟု သဘောမတူဘဲ ငြင်းဆိုမှုကို တိုးမြင့်ခဲ့သည်။ သို့ဖြစ်၍ ယင်း (ဗဟလမဿု)ကိုလည်း မဟာဝိဟာရသံဃာက မစင်ကြယ်သည့်ဘက်သို့ ဘက်လိုက်မှုဖြင့် ဥက္ခေပနိယ ဝိနည်းကံပြုကြပြန်သည်[၄]။ ဗဟလမဿုတိဿသည် အလွန်စိတ်ဆိုးပြီး တပည့်ရဟန်း များစွာနှင့်အတူ အဘယဂိရိကျောင်းသို့ သွားနေပြီး မဟာဝိဟာရကျောင်းတိုက်သို့ ပြန်မသွားဘဲနေသည်[၅]။

ယင်းသည် ထိုအချိန်ထိ မဟာဝိဟာရကျောင်းတိုက် အရှိန်အဝါ

---

[၁] မဟာဝံသ၊ ၂၈၊ ၈၂။

[၂] မဟာဝံသ၊ ၂၈၊ ၉၅။ နိကာယသင်္ဂဟ၊ စာ ၁၀။ ပဗ္ဗာဇနိယကံနှင့် ပတ်သက်၍ ဝိ ၄၊ ၂၃ ကို ရှုပါ။ ယင်းပုံစံဖြင့် မဟာတိဿအပေါ် ဆန့်ကျင်သည့် လုပ်ရပ်အတွက် အခက်အခဲမရှိသည်မှာ သေချာသည်။ အကြောင်းမူ မဟာတိဿသည် လူမှုရေးကျွမ်းကျင်ပြီး လူဥပသကာများနှင့် ရင်းနှီးကျွမ်းဝင်သည့် ဥပမိရုပ်ရှိပြီး ၎င်းတို့နှင့် ချစ်ခင်နီးစပ်မှု ရှိပုံရသည်။ မဟာတိဿသည် အတွေးအမြင် ကျယ်ပြန့်ပြီး လောကီရေး အသိပညာများစွာ ရှိသည်။

[၃] နိကာယသင်္ဂဟ၊ စာ-၁၀ ၌ မဟာဒါဠိယာတိဿ (Mahadāḷiyā-Tissa) ဟု ဖော်ပြသည်။

[၄] ဥက္ခေပနီယကံအကြောင်းကို ဝိ ၄၊ ၄၉ တွင် ရှုပါ။

[၅] မဟာဝံသ၊ ၂၈၊ ၉၆။ နိကာယသင်္ဂဟ၊ ၁၀။

အောက်တွင် ညီညွတ်စွာ တည်ရှိခဲ့သည့် သံဃာအတွင်း သဘောထားကွဲလွဲ၏ အစပင်ဖြစ်သည်။ အဘယဂိရိရဟန်းတော်များသည် မဟာဝိဟာရ ကျောင်းတိုက်နှင့် သီးခြားအုပ်စုအနေဖြင့် နေထိုင်ခဲ့ကြသော်လည်း အစပိုင်းတွင် ယင်းအုပ်စုနှစ်ခုအကြား မဟာတိဿမထေရ်အား ချမှတ်သည့်ပြစ်ဒဏ်မှာ ဝိနည်းနှင့်အညီ ချမှတ်သည်ဟူသောအချက်ကို သဘောမတူသည်မှတစ်ပါး အတွေးအခေါ်ပိုင်းမှာရော လေ့ကျင့်အားထုတ်မှုပိုင်းမှာပါ ခြားနားမှုမရှိချေ။

သို့ရာတွင် မကြာမီအချိန်အတွင်း၌ အိန္ဒိယရှိ ဝဇ္ဇီပုတ္တဂိုဏ်းမှ ဓမ္မရုစိအမည်ရှိ မထေရ်၏ တပည့်များ ဖြစ်ကြသည့် ရဟန်းတော်အချို့ သီဟိုဠ်သို့ ရောက်လာကြပြီး ၎င်းတို့ကို အဘယဂိရိကျောင်းတိုက်၌ လက်ခံထားသည်[၁]။ အရှိန်အဝါကြီးမားသည့် မဟာဝိဟာရကျောင်းတိုက်မှ ကွဲထွက်လာသည့် အဘယဂိရိကျောင်းတိုက်သည် ၎င်းတို့၏ အခြေအနေ တောင့်တင်းစေရန် မဟာမိတ်အချို့ကို ရရှိလိုကြောင်း မှန်းဆနိုင်သည်။ ဝဇ္ဇီပုတ္တဂိုဏ်းသားတို့၏ သင်ကြားချက်နှင့် အဓိပ္ပာယ်ကောက်ယူမှုအချို့ကို ထေရိယဂိုဏ်းဖြစ်သည့် မဟာဝိဟာရကျောင်းတိုက်အယူအဆက လက်မခံချေ။ အရှင်မဟာဗုဒ္ဓဃောသ၏ ဖော်ပြချက်အရ ဝဇ္ဇီပုတ္တရဟန်းတို့သည် မတူသည့် အယူဝါဒများအနက် ထေရဝါဒက လက်ခံထားသော အနတ္တတရားတော်နှင့် လုံးဝ ဆန့်ကျင်သော ထာဝရတည်ရှိသည့် တစ်ကိုယ်ရေ ဝိညာဉ်ကောင် ရှိသည်ဟူသော အယူအဆကို ယူထားကြောင်း သိရသည်။ ရဟန္တာပုဂ္ဂိုလ်တစ်ယောက်သည် (ရဟန္တာအဖြစ်မှ) ပြန်လည် လျှောကျနိုင်သည်။ ယင်းဆန့်ကျင်ဖက် အယူအဆများအစား အရှင်မဟာဗုဒ္ဓဃောသက ဝဇ္ဇီပုတ္တကတို့မှာ ဗုဒ္ဓဝါဒဂိုဏ်းကွဲတစ်ခု ဖြစ်ကြောင်း လက်ခံသည်[၂]။

---

[၁] နိကာယသင်္ဂဟ၊ စာ-၁၀။

[၂] ကေ ပန ပုဂ္ဂလဝါဒိနော၊ သာသနေ ဝဇ္ဇီပုတ္တကာ စေဝ သမိတ္တိယာ စ ဗဟိဒ္ဓါ ဗဟူ အညတိတ္ထိယာ (အဘိ-ဋ္ဌ ၃၊ ၁၁၂)။ သမိတ္တိယာ ဝဇ္ဇီပုတ္တကာ သဗ္ဗတ္ထိဝါဒိနော ဧကစ္စေ စ မဟာသံဃိကာ အရဟန္တောပိ ပရိဟာနိံ ဣစ္ဆန္တိ (ယင်း၊ ၁၄၇)။ အဘယဂိရိကျောင်းတိုက်၌ လက်ခံထားသော ဓမ္မရုစိမထေရ်၏ တပည့်များလည်း ယင်းဝါဒကို ခံယူထားကြသလော ဟူသည်ကို ကျွန်ုပ်တို့ အသေအချာ မသိရချေ။



တိဿနှင့် ၎င်း၏တပည့်များသည် ရောက်သစ်စ ရဟန်းများနှင့် ၎င်းတို့၏ သင်ကြားချက်များကို နှစ်သက်ကြပြီး ယင်းကိုအကြောင်းပြု၍ နောင်အခါ အိန္ဒိယရှိ ၎င်းတို့၏ဆရာကြီး အမည်ကိုယူပြီး အဘယဂိရိ ရဟန်းများကိုလည်း ဓမ္မရုစိဂိုဏ်းဟု ခေါ်ဝေါ်လာကြသည်[၁]။ ဘုရင်က ယင်းအဘယဂိရိသံဃာဖက်တွင် ရှိသောကြောင့် ဗုဒ္ဓဝါဒဂိုဏ်းသစ် သို့မဟုတ် ယင်းတို့၏ ဝါဒအပေါ် တရားဝင် တားမြစ်မှု မရှိသည်မှာ ထင်ရှားသည်။

ထိုအချိန်မှစ၍ အဘယဂိရိရဟန်းတော်များသည် အိန္ဒိယရှိ ဗုဒ္ဓဝါဒဂိုဏ်းကွဲမျိုးစုံနှင့် လှုပ်ရှားမှုအသစ်နှင့် အစဉ်မပြတ် ဆက်သွယ်မှုရှိခဲ့ပြီး ယင်းတို့မှတစ်ဆင့် စိတ်ဓာတ်တက်ကြွမှုနှင့် ခွန်အားကို ရရှိခဲ့ပုံရသည်။ ၎င်းတို့သည် ၎င်းတို့၏ အယူအဆ၌ မပြောင်းထန်ဘဲ ပြည်ပမှ အတွေးအမြင်သစ်များကို အမြဲတမ်းကြိုဆိုပြီး တိုးတက်အောင် ကြိုးစားခဲ့ကြသည်။ ၎င်းတို့သည် ထေရဝါဒကိုရော မဟာယာနကိုပါ လေ့လာပြီး ‘ပိဋကတ်သုံးပုံအား ကျယ်ပြန့်စွာ ပြန့်နှံ့စေသည်’[၂]။ ရှေးမှု မပျက် ဆက်လက်ထိန်းသိမ်းပြီး ထေရဝါဒကိုသာလျှင် သင်အံပို့ချသော မဟာဝိဟာရကျောင်းတိုက်ကား မဟာယာနဝါဒကို ဆန့်ကျင်ပြီး အခြားမည်သည့် ဆန်းသစ်တီထွင်မှုကိုမဆို အားမပေးချေ။ မဟာဝိဟာရသည် ထေရဝါဒီတို့ လက်ခံသည့် တိကျသောသင်ကြားချက်များနှင့် အစဉ်အလာကိုသာ သစ္စာရှိစွာ စောင့်ထိန်းခဲ့သည်။ သို့ဖြစ်၍ မဟာဝိဟာရကျောင်းတိုက်ရှိ သံဃာတော်များ၏ အမြင်တွင် အဘယဂိရိရဟန်းတော်များမှာ ထေရဝါဒမဟုတ်ဘဲ မှားယွင်းသည့် အယူအဆများသာဖြစ်သည်။

မဟာဝိဟာရကျောင်းတိုက်သည် အရှင်မဟိန္ဒကိုယ်တိုင် အထွတ်အမြတ်ပြုခဲ့သည့် ဗုဒ္ဓဝါဒ၏ မူလဘူတနှင့် ပထမဦးဆုံး **သေဉ်မြေ** ဖြစ်သည်။ မဟာဝိဟာရရဟန်းတော်များသည် ၎င်းတို့၏ ကြီးမြတ်သည့် အစဉ်အလာအတွက် ဂုဏ်ယူကြပြီး ၎င်းတို့ ကျောင်းတိုက်၏

---

[၁] နိကာယသင်္ဂဟကျမ်း၊ စာမျက်နှာ ၁၀ အရ ယင်းဂိုဏ်းသစ်သည် အေဒီ ၁၅ ရာစုတွင် ‘ဝဋ္ဋဂါမဏိမင်း နန်းစံ ၅ နှစ်မြောက်’တွင် ပေါ်ပေါက်လာသည်။

[၂] Hiuen Tsiang, II, p. 247.

မှာပင် နေထိုင်သည်၊ လူ့လောကကို လုံးဝဆင်းမလာ၊ နိမ္မိတရုပ်သဏ္ဌာန်မျှသာ တွေ့ရခြင်းဖြစ်ပြီး လူသားတို့အကြား ဗုဒ္ဓဘုရားရှင် ပွင့်ပေါ်မလာ၊ ယင်း နိမ္မိတဗုဒ္ဓရော နိမ္မိတဗုဒ္ဓ ဓမ္မကိုသင်ယူထားသူ အရှင်အာနန္ဒတို့ပါ ဓမ္မကို ဟောကြားကြသည်၊ ဗုဒ္ဓအစစ်မှာ ဓမ္မကို လုံးဝမဟောကြား'ဟူသော ဝိညာဏဝါဒကို ယူစွဲထားကြသည်[၁]။ ထို့အပြင် ယင်းအယူအဆအရ ဗုဒ္ဓသည် ယင်းသို့ဖြစ်သဖြင့် မည်သည့်အရာကိုမျှ မသုံးဆောင်ဘဲ (န ဘဂဝါ ကိဉ္စိ ပရိဘုဉ္ဇတိ) လောကနှင့် လိုက်လျောညီထွေရှိစေရန် လှူဒါန်းသည်များကို လက်ခံသကဲ့သို့ ပြုမူသည် (လောကာနုဝတ္တနတ္ထံ)။ သို့ဖြစ်၍ ဗုဒ္ဓအား ပြုလုပ်သောအရာသည် အထောက်အပံ့မပြုသဖြင့် (နိရုပကာရတ္တာ) မည်သည့်အကျိုးကိုမျှ မဖြစ်စေနိုင်[၂]။

ထိုနည်းအတိုင်းပင် ဝေတုလ္လဝါဒီတို့သည် ဝေါဟာရ၏ အဓိပ္ပာယ်အစစ်အမှန်အရ သံဃာဟူသည် တရားကိုယ်အားဖြင့် မဂ်တရားဖိုလ်တရားကိုသာ ဆိုလိုသည် (ပရမတ္ထတော မဂ္ဂဖလာနေဝ သံဃော)၊ မဂ်ဖိုလ်မှ တစ်ပါး သံဃာဟူသည်မရှိ၊ မဂ်ဖိုလ်တို့သည် မည်သည့်အရာကိုမျှ လက်ခံခြင်းမရှိ၊ သို့ဖြစ်၍ သံဃာသည် အလှူပစ္စည်းများကို လက် ခံသည် (ဒက္ခိဏံ ပဋိဂဏှာတိ) သို့မဟုတ် အလှူပစ္စည်းများကို စင် ကြယ်အောင်လုပ်သည် (ဒက္ခိဏံ ဝိသောဓေတိ) သို့မဟုတ် သံဃာသည် စားဖွယ် သောက်ဖွယ်ကို သုံးဆောင်သည်ဟုဆိုပါက မှားယွင်းသည်။ သို့ဖြစ်သဖြင့် သံဃာအား မည်သည့်အရာကိုမျှ လှူဒါန်း၍ မဖြစ်နိုင်ဘဲ သံဃာအား လှူဒါန်းသမျှသည် မည်သည့်အကျိုးကိုမျှ ရရှိမည်မဟုတ်[၃]။ ၎င်းတို့သည် အပြန်အလှန် ယုံကြည်ချက်ဖြင့် မည်သည့်လူသားစုံတွဲမဆို မေထုန်မှီဝဲကောင်းသည်ဟုလည်း ယုံကြည်ကြသည်[၄]။

---

[၁] ယင်း၊ စာ-၁၉၃။ [၂] ယင်း၊ စာ-၁၉၂။

[၃] ယင်း၊ စာ-၁၉၀-၁၉၂။

[၄] ယင်း၊ ၂၀၉။ ဧကာဓိပ္ပာယော မေထုနော ဓမ္မော ပဋိသေဝိတဗ္ဗော။ ဧကာဓိပ္ပာယ သို့မဟုတ် တစ်ခုသော ရည်ရွယ်ချက်ဟူသည် ကရုဏာ သို့မဟုတ် မုဒိတာကြောင့် သို့မဟုတ် အမျိုးသမီးတစ်ယောက်နှင့် ဘုရားကျောင်းတစ်ခုတွင် ရှိခိုးဝတ်ပြုပြီးနောက် အတူတကွ မွေးဖွားရန်ပြုသည့် လေးနက်သည့် အဓိဋ္ဌာန်ကို ဆိုလိုကြောင်း အဋ္ဌကထာ၌ ရှင်းပြသည်။



ဘာတိကာဘယကိုဆက်ခံသူ ဘာသာတရား ကိုင်းရှိုင်းပြီး မှားယွင်းမှုတစ်ခုဖြင့် ကြည်ညိုခဲ့ပြီး[၁] ဓမ္မနှင့် ဗုဒ္ဓဝါဒရေးရာများ ပြန့်ပွားရေးအတွက် များစွာ ကြိုးပမ်းဆောင်ရွက်ခဲ့သူ မဟာဒါဌိကမဟာနာဂ (အေဒီ ၆၇-၆၉) တွင် ကျော်ကြားလှသည့် ဂိရိဘဏ္ဍပူဇာပွဲတော်[၂]ကို စတင်ကျင်းပခဲ့သည်။ ၎င်း၏သားတော် အာမဏ္ဍ ဂါမဏိ (အေဒီ ၇၉-၈၉)သည် အသောက၏စံနမူနာကို လိုက်နာဖွယ်ရှိသည့် သီဟိုဠ်တစ်ကျွန်းလုံး[၃] မာဃာတ တိရစ္ဆာန်များကို မသတ်ရန် ပထမဆုံးထုတ်ပြန်ခဲ့သူ ဖြစ်သည်။

၎င်းကိုဆက်ခံသူ ညီတော် ကဏိရဇာနုတိဿ (အေဒီ ၈၉-၉၂)သည် ရဟန်းဆိုး ခြောက်ဆယ်ခန့်ကို စေတိယပဗ္ဗတ (မဟိန္တလေ့)ရှိ ကျောက်ဆောင် ချောက်ကမ်းပါးပြတ်မှ အောက်သို့ပစ်ချရန် အမိန့်ပေးခဲ့သည်။ ထိုရဟန်းတော်များသည် သာသနာရေးအငြင်းပွားမှုနှင့် ပတ်သက်၍ မင်းကြီး၏ ဆုံးဖြတ်ချက်ကို လက်မခံဘဲ ဥပုသ်ဆောင် (သိမ်)အတွင်း မင်းကြီးအားသတ်ဖြတ်ရန် ကြံစည်ခဲ့ကြသည်[၄]။ အဆိုပါ

---

[၁] မင်းကြီးသည် မိမိကိုယ်တိုင်ကိုရော၊ မိဖုရား၊ သားတော်နှစ်ယောက်၊ နိုင်ငံတော်ဆင်နှင့် နိုင်ငံတော်အိမ်တို့ကို သံဃာတော်က လက်မခံသော်လည်း သံဃာတော်အား လှူဒါန်းခဲ့သည် (မဟာဝံသ၊ ၃၄၊ ၆။

[၂] မဟာဝံသ၊ ၃၄၊ ၈၁။ [၃] မဟာဝံသ၊ ၃၅၊ ၆။

[၄] မဟာဝံသ၊ ၃၅၊ ၁၀-၁၁။ မဟာဝံသဋီကာ၊ စာ-၆၄၀။ အဒိကရမ် အမည်ရှိ ပုဂ္ဂိုလ်က ယင်းသို့ ပြစ်ဒဏ်ပေးမှုသည် 'ရဟန်းတော်အချို့ကို နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်လာစေသည်'ဟု ဆိုသည် (EHBC. p. 89.)။ ယင်းသည် နိုင်ငံရေးလှုပ်ရှားမှုတစ်ရပ် မဟုတ်ဘဲ ဥပုသ်ဆောင်အတွင်း သို့မဟုတ် ဥပုသ်ဆောင်နှင့်ပတ်သက်သည့် သံဃာအတွင်း အငြင်းပွားမှုသာဖြစ်သည် (ဥပေါသထဃရဋ္ဌံ)။ မဟာဝံသဋီကာ၌ စေတိယဂိရိဝိဟာရေ ဥပေါသထာ ဂါရေ ဘိက္ခူသု ဥပ္ပန္နံ အဋ္ဋံ 'စေတိယဂိရိ ကျောင်းတိုက်အတွင်းရှိ ဥပုသ်အိမ်၌ ရဟန်းတော်များအတွင်း ဖြစ်ပွားသည့် အငြင်းပွားမှု'ဟု ရှင်းလင်းစွာ ဖော်ပြသည်။ ဘုရင်မင်းက ယင်းအငြင်းပွားမှုတွင် ကြားဝင် ဆောင်ရွက်ပြီး ယင်းအငြင်းပွားမှုကို ငြိမ်းစေသည်။ သို့တစေ ရဟန်းအချို့ မင်းကြီး၏ ဆုံးဖြတ်ချက်ကို မနှစ်သက်ကြသဖြင့် ယင်းဥပုသ်ဆောင် အတွင်းမှာပင် မင်းကြီးကို သတ်ဖြတ်ရန် ကြံစည်ကြသည်။ ဘုရင်အား သတ်ဖြတ်ရန် လုပ်ကြံမှု (ရာဇပရာဓကမ္မ) အတွက် ထိုသံဃာများအား ပြစ်ဒဏ်ပေးမှုကို ဖြစ်ပေါ်စေသည်။

ရက်စက်သည့် လုပ်ရပ်သည် ထိုခေတ် ရဟန်းတော်အချို့၏ ဘဝတွင် မတွေ့ကြုံဖူးသော အဖြစ်အပျက်များအဖြစ် ဖော်ပြသည်။ ယင်းသို့သော ရှောင်တခင် ဖြစ်ရပ်များသည် သံဃာတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့သည်မှာ သံသယဖြစ်ဖွယ်မလိုချေ။ ယင်းသို့ ဖြစ်ခြင်းမှာ ကျွန်ုပ်တို့ တွေ့ရသည့် ဘုရင်များက မကြာခဏ ကျောင်းတိုက်တစ်ခုကို မျက်နှာသာပေး သို့မဟုတ် ဆန့်ကျင်သည့် အကြောင်းတရားများကြောင့် ဖြစ်ဖွယ်ရှိသည်။ မြင့်မြတ်သည့် ရဟန်းတော် တစ်ပါးသည် ကျောင်းတိုက်တစ်ခုအတွက် ဘုရင့်အသိုင်းအဝိုင်း၏ မျက်နှာသာပေးမှုကို ခပ်ကြာကြာ ရနေစဉ်တွင် မကောင်းမှု ပြုလုပ်သူလည်း ထိုအချိန်နှင့်အမျှပင် ယင်းအခွင့်အရေးကို ဆုံးရှုံးနေမည်ဖြစ်သည်။

အထက်ဖော်ပြပြပါ ကံဆိုးသည့်ဖြစ်ရပ်ပြီးနောက် ဆယ်စုနှစ် သုံးခုနှင့် တစ်ဝက်ခန့်ကာလအတွင်း ဝသဘမင်း (အေဒီ ၁၂၇-၁၇၁) က တိုးတက်မှုအချို့ ဆောင်ရွက်ပေးသည့် အချိန်တိုင်အောင် စေတိယဂိရိကျောင်းတိုက်အား မည်သည့်မင်းမှ ဂရုစိုက် ထောက်ပံ့ခဲ့ပုံမရချေ[၁]။ ၎င်း၏ ဆောင်ရွက်မှုမှာလည်း ၎င်း (မင်း) အသက်ရှည်ရန် သံဃာတော်များ၏ အကြံပေးမှုကြောင့်ဖြစ်သဖြင့် မိမိအကျိုး အတွက်ကြောင့်သာ ဖြစ်သည်။ ဝသဘမင်းသည် မျက်နှာမလိုက်ဘဲ ကျောင်းတိုက်အားလုံးအတွက် ဦးဆောင်လုပ်ပေးပုံရပြီး မင်းကြီးသည် ဓမ္မကထိကများအား ထောက်ပံ့ခြင်း၊ စေတီတော်အသစ်နှင့် ဗုဒ္ဓဆင်းတုတော်အသစ်များ တည်ဆောက်ခြင်း၊ ဘုန်းကြီးကျောင်းတိုက်ဟောင်းများကို ပြန်လည် ပြုပြင်ခြင်းများဖြင့် ဗုဒ္ဓသာသနာတော်အတွက် များစွာ

ဂိုင်ဂါ (မဟာဝံသအင်္ဂလိပ်ဘာသာပြန်၊ စာ-၂၄၇၊ အောက်ခြေ မှတ်ချက်၊ ၁) သည် စေတိယဝှယေ ဟူသောစကားလုံး (မဟာဝံသ ၃၅း၁၀) ကို ထူပါရာမ (မဟိန္တလေ့) ကို ရည်ညွှန်းသည်ဟု ယူဆခဲ့သည်။ သို့တစေ မဟာဝံသဋီကာ စာမျက်နှာ ၆၄၀ ၌ ယင်းသည် စေတိယဂိရိဝိဟာရ (မဟိန္တလေ့) ဟု ရှင်းလင်းစွာ ပြဆိုပြီးဖြစ်သည်။ ဂိုင်ဂါသည် ‘ရဟန်းတော်များသည် ကဏ္ဍိရဟုခေါ်သော ဂူသို့ ထွက်ပြေးလွတ်မြောက်သွားသည်’ဟုလည်း ယူဆခဲ့သေးသည်။ ထိုရဟန်းတော်များကို မဟိန္တလေ့ရှိ တောင်ကမ်းပါး စောက်မှ ပစ်ချ (ပြီးကွပ်မျက်) ခဲ့သည်။

[၂] မဟာဝံသ၊ ၃၅၊ ၈၀။



ဆောင်ရွက်ခဲ့သည်။ ဤမင်းအုပ်ချုပ်စဉ်အတွင်း မြောက်ပိုင်းရှိ နာဂဒီပ (ယနေ့ အခေါ် ဂျာဖနာကျွန်းဆွယ်) ကျွန်းမှာပင် ဝိဟာရများ တည်ဆောက်ခဲ့သည်[၁]။ ဝေသာခပွဲတော် လေးဆယ့်လေးခုကို ဤမင်း ကျင်းပခဲ့သည် ဟုဆိုသည်။ ဤမင်းသည် နိုင်ငံတော်၏ မြို့ပြ၊ စီးပွားရေးနှင့် ကျန်းမာရေး အခြေအနေများ တိုးတက်အောင်လည်း ဆောင်ရွက်ခဲ့သည်။ ဝသဘမင်းနှင့် ဝေါဟာရိကတိဿ (အေဒီ ၂၆၉-၂၉၁) မင်းများ လက်ထက်အတွင်း ရာစုနှစ်တစ်ခုခန့်ကာလတွင် ဗုဒ္ဓဝါဒသမိုင်း၌ အရေးပါသည့် ဖြစ်ရပ်များ ရှိခဲ့ပုံမရချေ။ ဘုရင်အားလုံးနီးပါး ဝိဟာရများကို ဂိုဏ်းဂဏမရွေး ထောက်ပံ့ခဲ့ကြပြီး ဗုဒ္ဓသာသနာတိုးတက်ရေးအတွက် ၎င်းတို့တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့ကြသည်။

ဝေါဟာရိကတိဿမင်း လက်ထက်တွင် သီဟိုဠ်သမိုင်းတွင် ပထမဆုံး အကြိမ်အဖြစ် ဝေတုလ္လဝါဒ (Skt. *Vaitulyavāda*)ဟုခေါ်သော ဝါဒရေးရာ ဂိုဏ်းကွဲတစ်ခုအကြောင်းကို သိရသည်။ မဟာဝိဟာရကျောင်းတိုက်ကိုရော အဘယဂိရိကျောင်းတိုက်[၂]ကိုပါ ကျောင်းတိုက်နှစ်ခုလုံးကို ထောက်ပံ့သူ ဝသဘမင်းသည် ဗုဒ္ဓဝါဒစည်းမျဉ်း စည်းကမ်းနှင့် နိုင်ငံတော်၏ ဥပဒေကိုပါ ကျွမ်းကျင်သည့် ကပိလအမတ်[၃]၏ အကူအညီဖြင့် စုံစမ်းစစ်ဆေးပြီးနောက် အယူမှားများပါရှိသည့် ဝေတုလ္လဝါဒအား နှိပ်ကွပ်ခဲ့ကြောင်း သိရသည်။

အဘယဂိရိကျောင်းတိုက်၏ ဓမ္မရုစိကများထက်ပို၍ပင် အယူမှားယွင်းသည်ဟု ယူဆခံရသည့် ယင်းဝေတုလ္လဝါဒီများမှာ မည်သူများဖြစ်ကြောင်း ရှင်းလင်းမှုမရှိချေ။ ပါဠိသမိုင်းကျမ်းများ၌ ယင်းကိစ္စအတွက် လုံးဝ ဖော်ပြခြင်းမရှိ။ အရှင်မဟာဗုဒ္ဓဃောသအလိုအရမူ ဝေတုလ္လဝါဒီများကို မဟာသုညဝါဒီများဟုလည်း ခေါ်သည်[၄]။ ဝေတုလ္လဝါဒီတို့သည် ‘မြတ်ဗုဒ္ဓသည် တုသိတာနတ်ပြည်တွင် မွေးဖွားပြီး တုသိတာ

[၁] E.Z. IB. Vallipuram Gold Plate, p. 237. ကိုရှုပါ။

[၂] မဟာဝံသ၊ ၃၆၊ ၃၁-၃၃။ ဂိုင်ဂါ အင်္ဂလိပ်ဘာသာပြန်၊ စာ-၂၅၈၊ အောက်ခြေမှတ်ချက် ၄။

[၃] ယင်း၊ ၃၆၊ ၄၁။

[၄] မဟာသုညဝိဒိသဒ္ဒီတံ ဝေတုလ္လကာနံ၊ အဘိ-ဋ္ဌ ၃၊ ၂၅၈။

ဆွမ်းစားဆောင် မဟာပါဠိတွင် ရဟန်းတော်များအား စောင့်ရှောက်ထားခဲ့ကြောင်းဆိုသည်[၁]။ သို့ရာတွင် အခြားရဟန်းတော်များကား မည်သို့ရှိခဲ့သနည်း။ ယင်းရဟန်းတော်များသည် မည်သို့ သီတင်းသုံးတော်မူခဲ့ကြသနည်း။ ပိဏ္ဍပါတ (အလှူဆွမ်း) ကို အမှီပြု၍ သီတင်းသုံးခြင်းမှာ ငတ်မွတ်ခေါင်းပါးစဉ် ကာလအတွင်း မလွယ်ကူချေ။ ဆွမ်းကို မဟာပါဠိမှဖြစ်စေ အခြားနေရာရာမှဖြစ်စေ မရနိုင်ကြသည့် ရဟန်းတော်အချို့မှာ ကြွေးတင်သွားသည့်တိုင်အောင် ကိုယ့်ကိုယ်ကို စောင့်စည်းခဲ့ကြရသည် ဟူသောအချက်မှာ ဖြစ်နိုင်အံ့လော။ သို့တည်းမဟုတ် ငတ်မွတ်ဘေးအတွင်း ရဟန်းတော်အချို့ ၎င်းတို့၏ စောင့်ရှောက်သူ မရှိဖြစ်နေသည့် မိဘများကို သို့မဟုတ် နီးစပ်သည့် ဆွေမျိုးများကို စောင့်ရှောက်ခဲ့ရသလော။ ဝေါဟာရိကတိဿသည် သီဟိုဠ်ကျွန်းအတွင်းရှိ အရိယဝံသသုတ်တော်ကို ဟောကြားသည့်နေရာတိုင်းတွင် ဆွမ်းလှူဒန်းမှုကို တည်ဆောက်ကြောင်းလည်း သိရသည်[၂]။ ယခုအခါ အရိယဝံသုတ်ကို ဟောကြားခြင်းသည် ဗုဒ္ဓဝါဒအနေဖြင့် မနှစ်သက်ဖွယ် အခြေအနေဟူသော အမှတ်သင်္ကေတ ဖြစ်သည်။

ဝေါဟာရိကတိဿမင်းသည် ကိုယ်ခန္ဓာကို နာကျင်အောင် ပြစ်ဒဏ်ပေးမှုကို ရုပ်သိမ်းခဲ့ပြီး[၃] ဝေသာခပွဲတော်ကို[၄] ခမ်းနားစွာ ကျင်းပပြီး ဗုဒ္ဓသာသနာတော် အကျိုးအတွက် များစွာ ဆောင်ရွက်ခဲ့သည်။

ဝေါဟာရိကတိဿမင်း အုပ်ချုပ်စဉ်ကာလသည် သမိုင်းတွင် မဖြစ်ဖူးလောက်အောင် နှစ်ပေါင်း လေးဆယ်ခန့် ကြာညောင်းခဲ့သည်။ ယင်းနောက် ကျွန်ုပ်တို့သည် သီဟိုဠ်ဗုဒ္ဓဘာသာ၏ သမိုင်းမှတ်များတွင် ပြဿနာ အများဆုံးကာလအပိုင်းအခြားတစ်ခု ဖြစ်ဖွယ်ရှိသည့် အေဒီ လေးရာစု၏ ပထမနှစ်ဝက်သို့ ဝင်ရောက်လာပြီ ဖြစ်သည်။

---

[၁] မဟာဝံသ၊ ၃၆၊ ၂၀။

[၂] မဟာဝံသ၊ ၃၆၊ ၃၈။

[၃] မဟာဝံသ၊ ၃၆၊ ၂၈။ ဟိံသာမုတ္တံ ဝေါဟာရံ။

[၄] ယင်း၊ ၃၆၊ ၄၀။





အေဒီ သုံးရာစုတွင် သီဟိုဠ်သို့ ရောက်လာကြသည့် ဝေတုလ္လများအဖြစ် မဟာဝံသကျမ်းတွင် ရည်ညွှန်းခဲ့သူများမှာ ယင်းအယူအဆများကို အမှန်တကယ်ယူဆခြင်းရှိ မရှိ အသေအချာ မသိရချေ။ မှတ်တမ်းများ၌ ၎င်းတို့၏ သင်ကြားချက်များနှင့်ပတ်သက်၍ လုံးဝ ဖော်ပြခြင်းမရှိ။ ရှေးကျသည့် ပါဠိသမိုင်းကျမ်းဖြစ်သည့် ဒီပဝံသကျမ်း၌ ဝေတုလ္လဟူသော ဝေါဟာရအစား ဝိတဏ္ဍဝါဒ[၁] ဟူသော ဝေါဟာရကို သုံးနှုန်းထားသည်။ သို့တစေ ယင်းဝေါဟာရ၏ အဓိပ္ပာယ်ကို ရှင်းပြခြင်းအတွက် မဖြစ်နိုင်ချေ။

ပါဠိအဋ္ဌကထာကျမ်းများ[၂]၌ အထူးသဖြင့် အဘိဓမ္မာရေးရာ နက်နဲသော ယူဆချက်များနှင့် ပတ်သက်၍ ထေရဝါဒယူဆချက် မဟုတ်သည်ကို စွဲကိုင်ထားကြသည့် သဘောထားကွဲလွဲသူ ဗုဒ္ဓဝါဒီများကို ရည်ညွှန်းလျက် ဝိတဏ္ဍဝါဒီဟူသော ဝေါဟာရကို ရံဖန်ရံခါ ဖော်ပြကြသည်။ ဝိတဏ္ဍဝါဒီနှင့် ထေရဝါဒီနှစ်ဦးလုံး တူညီသော ကျမ်းစာများကို ကိုးကားကြပြီး ၎င်းတို့၏ ဖွင့်ဆိုချက်ကို ထောက်ခံရန် တိပိဋကမှ တူညီသောသုတ္တန်များကို ဖော်ပြကြရာတွင် ၎င်းတို့၏ အဓိပ္ပာယ်ကောက်ယူမှုပုံစံသာ ခြားနားကြသည်။

ဝေါဟာရိကတိဿမင်းလက်ထက် သီဟိုဠ်သို့ ရောက်ရှိလာကြသည့် ဝေတုလ္လဝါဒီများကို ရည်ညွှန်းရာ၌ နိကာယသင်္ဂဟကျမ်း[၃]တွင် ဓမ္မရုစိကဟုခေါ်သော အဘယဂိရိဝါသီ ရဟန်းတော်များသည် အသောကခေတ်က ဗုဒ္ဓဝါဒကို ပျက်စီးစေရန်ရည်ရွယ်၍ သင်္ကန်းဝတ်ခဲ့ကြသော ဝေတုလ္လဟုခေါ်သည့် မိစ္ဆာဒိဋ္ဌိဝါဒီ ပုဏ္ဏားများ ရေးသားခဲ့သော ဝေတုလ္လပိဋကတ်ကို လက်ခံပြီး ဗုဒ္ဓတရားတော်များအဖြစ် ကြေညာလျက်၊ ထေရိယနိကာယဝင် (ထေရဝါဒီ) ရဟန်းတော်များသည် ၎င်းတို့၏ သင်ကြားချက်ကို ဓမ္မဝိနယနှင့် ညှိနှိုင်းတိုက်ဆိုင်လျက် ယင်းပိဋကတ်ကို မှားယွင်းသည့် သင်ကြားချက်အဖြစ် ငြင်းပယ်ကြသည်။

---

[၁] ဒီပဝံသ ၂၂း၄၁-၄၂။

[၂] အဘိ-ဋ္ဌ ၂၊ ၄၊ ၁၃၃၊ ၂၈၅။ မ-ဋ္ဌ ၂၊ ၂၈၂၊ ၃၀၁။

[၃] နိကာယသင်္ဂကျမ်း၊ စာ-၁၁။

ဤ၌ ဗြာဟ္မဏများကို ရည်ညွှန်းခြင်းမှာ သီဟိုဠ်သို့ ယူဆောင်လာသည့် ဝေတုလ္လပိဋကတ်ကို သက္ကတဘာသာဖြင့် ရေးသားထားကြောင်း ဆိုလိုရာရောက်ပြီး မဟာယာနသုတ္တန် အားလုံးမှာလည်း သက္ကတဘာသာဖြင့်ပင် ရေးသားထားကြောင်း ကျွန်ုပ်တို့ သိရသည်။

တစ်ခါတစ်ရံ ဝေတုလ္လသုတ္တန်များဟုလည်း ခေါ်သော ဝေပုလ္လဟူသော ဝေါဟာရကို မဟာယာနသုတ္တန်များ[၁] ကို ဖော်ပြရန် တွင်တွင် အသုံးပြုသည်။ အသင်္ဂရေးသည့် အဘိဓမ္မာသမုစ္စယကျမ်းအလိုအရ ဝေပုလ္လ၊ ဝေဒလ္လ၊ ဝေတုလ္လဟူသော ဝေါဟာရများမှာ တစ်ခုတည်းသောအရာကို ရည်ညွှန်းသည်။ ဝေပုလ္လဟူသော ဝေါဟာရကို ဗောဓိသတ္တပိဋကဟု ၎င်းက အဓိပ္ပာယ်ဖွင့်ဆိုသည် (Santiniketan မှ ၁၉၅၀ ပြည့်တွင် Pradhan တည်းဖြတ်သည့် အဘိဓမ္မာသမုစ္စယကျမ်း၊ စာ-၇၉)။ Kern ရော Pranavitana ပါ နှစ်ဦးလုံး ဝေတုလ္လဝါဒီ ဟူသော ဝေါဟာရကို မဟာယာနဝါဒီနှင့် ထပ်တူပြု (အတူတူဟုဆို) ခြင်း အတွက် စောဒနာရန် အကြောင်း မရှိဟု ယူဆကြသည်[၂]။

မဟာဝံသကျမ်းပြုဆရာသည် ဝေတုလ္လဟူသော ဝေါဟာရကို အသုံးပြုသောအခါ ယေဘုယျအားဖြင့် မည်သည့် ဗုဒ္ဓဝါဒဂိုဏ်းကွဲ တစ်ခုမျှ မရှိဘဲ မဟာဝိဟာရဝါသီတို့ လက်မခံနိုင်သည့် ကွဲလွဲသည့် ယူဆချက်များနှင့် အဓိပ္ပာယ်ကောက်ယူမှု အသစ်ကိုမဆို ကိုယ်စားပြုသော မည်သည့် မဟာယာနဂိုဏ်းကွဲကိုမဆို ဖော်ပြရန် ယင်း ဝေါဟာရကို အသုံးပြုခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားသည်[၃]။

ဝေတုလ္လများ သီဟိုဠ်တွင် လှုပ်ရှားခဲ့သော အချိန်သည် အိန္ဒိယရှိ မဟာယာနဝါဒတွင် အရေးပါသည့် တိုးတက်မှုအချို့ရှိသည့် အချိန်ကာလနှင့် တိုက်ဆိုင်နေကြောင်း မှတ်သားထိုက်သည်။ ယင်းသို့ ဖြစ်

[၁] Kern : MIB. p. 4.

[၂] CJSe. G. Vol. II, p. 35-36.

[၃] သီဟိုဠ်တွင် ယနေ့တိုင်အောင်ပင် လက်ခံထားပြီးဖြစ်သော ယုံကြည်မှုနှင့် အားထုတ်မှုအသစ်များကို ဆန့်ကျင်သည့် အတွေးအမြင် သစ်ကို စွဲကိုင်ထားသည့် မည်သည့်ဗုဒ္ဓဝါဒီကိုမဆို ဝေတုလ္လများဟု ကင်ပွန်းတပ်ကြသည်။ ဝေတုလ္လ သို့မဟုတ် ဝေပုလ္လဟူသော ဝေါဟာရသည် စာပေအရ 'ဆန့်ကျင်သော' 'ခြားနားသော'ဟု အဓိပ္ပာယ်ရသည်။



၍ ဝေါဟာရိကတိဿမင်း လက်ထက်အတွင်း သီဟိုဠ်တွင် ပထမဆုံးအကြိမ်အဖြစ် ဝေတုလ္လဝါဒီများပေါ်လာခြင်း အေဒီနှစ်ရာစု၏ ဒုတိယနှစ်ဝက်တွင်ခန့်တွင် အိန္ဒိယတစ်နေရာ၌ ပေါ်ထွန်းခဲ့သော မဟာယာနပညာရှင် နာဂရဇ္ဇုန၏ အရှိန်ပြင်းသည့် လှုပ်ရှားမှုပြီးနောက် ဖြစ်ပေါ်လာခြင်း ဖြစ်သည်[၁]။ အုပ်စုတစ်ခု၏ အထည်ကိုယ်အနေဖြင့် ဝေတုလ္လများ သို့မဟုတ် မဟာယာနများမှာ မဟာဝိဟာရသံဃာတော်များ၏ သွန်သင်မှု အောက်၌တည်ရှိသည့် နိုင်ငံရေးအာဏာပိုင်များ၏ ဖိနှိပ်မှုခံရသော်လည်း သီဟိုဠ်တွင် ယင်းဝါဒသစ်များ လှုပ်ရှားလာသည့် အခါတိုင်း ထေရဝါဒအတွေးအမြင်နှင့် သင်ကြားမှုများအပေါ် ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုသည် စွဲမြဲနေပြီး ချိုးနှိမ်၍ မရနိုင်ဘဲရှိခဲ့သည်။ အချိန်ကာလလွန်သော် မဟာယာနအယူအဆနှင့် ကျင့်ကြံအားထုတ်မှုများသည် ထေရဝါဒစနစ်အတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာပြီး ယင်းတို့ကို လက်ခံလျက် ယင်းတို့မှာ အစစ်အမှန်ဟုတ်မဟုတ် စစ်ကြောခြင်းမရှိဘဲ ထေရဝါဒအဖြစ် ပူးပေါင်းလိုက်ကြသည်။

ဝေါဟာရိကတိဿမင်းသည် ဝေတုလ္လဝါဒီများကို နှိမ်နင်းခဲ့သည်သာမက ယေဘုယျအားဖြင့် သံဃာကို စင်ကြယ်အောင် ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဝါဒသည် ဆိုးဝါးသည့် အခြေအနေတွင်ရှိပြီး သံဃာအတွင်း အကျင့်ပျက်မှုများ ရှိပုံရသည်။ ဘုရင်သည် သံဃာအား သုံးသိန်းပေးပြီး အကြွေးရှိသည့် ရဟန်းများစွာတို့အား အကြွေးမှ လွတ်မြောက်စေသည်ဟု ဆိုသည်[၂]။ ယင်းသို့သော ဖြစ်ရပ်မျိုးကို ရှေးခေတ်များတွင် မကြားဖူးချေ။ ရဟန်းများသည် ဘာကြောင့် ဘယ်လို အကြွေးတင်ရသည်ဟူသည်မှာ မေးဖွယ်တစ်ရပ် ဖြစ်သည်။ ယင်းသည် ဝေတုလ္လဝါဒီတို့၏ ကိုယ်ကျင့်တရား ပျက်ကွက်မှု ဩဇာလွှမ်းမိုးမှုကြောင့် ဖြစ်ခြင်းပေလော။ ဆယ်စုနှစ် နှစ်ခုခန့် အလွန်က ကုဏ္ဍနာဂလက်ထက် (အေဒီ ၂၄၈-၂၄၉)အတွင်း ဇေနာလိကဟု ထင်ရှားသော ငတ်မွတ်ခေါင်းပါးဘေးဖြစ်ခဲ့ပြီး ကုဏ္ဍနာဂသည် ကပ်ဘေးဆိုက်နေစဉ်အတွင်း ကျော်ကြားလှသည့် သံဃာတော်များ၏ အများသုံး

[၁] HIL. II, p. 342.

[၂] မဟာဝံသ၊ ၃၆၊ ၃၉။

ဂေါဋ္ဌိကာဘယမင်းသည် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ဝေတုလ္လဝါဒီများကို နှိမ်နင်းပြီး ၎င်းတို့၏ ကျမ်းစာများကို မီးရှို့လျက် ခေါင်းဆောင်ပုဂ္ဂိုလ် ခြောက်ဆယ်ကို သီဟိုဠ်ကျွန်းမှ နှင်ထုတ်ခဲ့သည်။ နှင်ထုတ်ခံရသည့်အနက် အချို့မှာ သီဟိုဠ်မှထွက်ခွာပြီး အိန္ဒိယတောင်ပိုင်း စောဠနိုင်ငံ ကာဝီရပဋ္ဋနမြို့၌ နေထိုင်ကြသည်[၁]။

ထိုကာလသည် အိန္ဒိယ၌ အသင်္ဂနှင့် ဝသုဗန္ဓုတို့၏ ယောဂါစာရဝါဒလှုပ်ရှားမှု အားကောင်းနေချိန်ဖြစ်ပြီး ဗုဒ္ဓဝါဒအတွင်းသို့ ဂန္ဓာရီနှင့် မျက်လှည့်အတတ်များ ဝင်ရောက်လာချိန်ဖြစ်သည်[၂]။

ကာဝေတိုင်းသို့ ထွက်ပြေးခိုလှုံကြရသည့် သီဟိုဠ်ရဟန်းတော်များသည် အရှိန်အဝါရှိပြီး စွမ်းရည်နှင့် ပြည့်စုံပြီး နောင်အခါ သီဟိုဠ်တွင် မဟာယာနဗုဒ္ဓဝါဒ ခေါင်းဆောင်ဖြစ်လာမည့် ရဟန်းငယ် သံဃမိတြနှင့် ရင်းနှီးခင်မင်သွားကြသည်။ မဟာဝံသကျမ်းတွင် ဤရဟန်းငယ်အား ထိုအချိန်က အိန္ဒိယတွင် ဘာသာတရားတိုးတက်မှု 'မှော်အတတ်စသည်ကို သင်ကြားပေးခြင်း၌ ကျွမ်းကျင်သူ (ဘူတဝိဇ္ဇာဒိကောဝိဒေါ)[၃]' အဖြစ် ဖော်ပြသည်။

တိုင်းပြည်မှ ထွက်ပြေးလာကြသည့် ရဟန်းတော်များ၏ သနားစဖွယ် ပလိပ်ရောဂါအကြောင်းကို သံဃမိတြမထေရ် ကြားသိသောအခါ အလွန့်အလွန် စိတ်လှုပ်ရှားသွားပြီး သီဟိုဠ်ကျွန်းတွင် မဟာယာနဗုဒ္ဓဘာသာကို ပျံ့နှံ့စေရန် ခိုင်မာသည့် ရည်ရွယ်ချက်ဖြင့် သီဟိုဠ်သို့ လာခဲ့သည်။ ဂေါဌာဘယမင်းသည် ယင်းတိုင်းတစ်ပါးသား ပညာတတ်ရဟန်းတော်အား ကြည်ညိုသွားပြီး မိမိ၏ သားနှစ်ယောက်ကို ပညာသင်ပေးရန် ထိုရဟန်းတော်ထံ အပ်နှံခဲ့သည်။ သံဃမိတြသည် မင်းသားငယ် မဟာသေနက မိမိအပေါ် သစ္စာရှိပြီး ကြည်ညိုလေးစားပြီး အကြီးဖြစ်သူ ဇေဋ္ဌတိဿမှာ ယင်းသို့ မဟုတ်ကြောင်း သိလိုက်သည်။ ဖခင်ကွယ်လွန်ပြီးနောက် ဇေဋ္ဌတိဿ (အေဒီ ၃၂၃-၃၃၃) သည် ထီးနန်းကိုရသောအခါ သံဃမိတြသည် ကြောက်ရွံ့ပြီး သီဟိုဠ်

---

[၁] မဟာဝံသ၊ ၃၆၊ ၁၁၀-၁၁၂။ နိကာယသင်္ဂဟ၊ စာ- ၁၁။

[၂] HIL. II, p. 352,354.

[၃] မဟာဝံသ၊ ၃၆၊ ၁၁၃။

## အခန်း ၇

## တိုးတက်သည့်နှစ်ကာလများ ၂

ဝေတုလ္လဝါဒီများသည် ဝေါဟာရိကတိဿမင်း နှိမ်နင်းလင့်ကစား ထီးနန်းကို အကြမ်းနည်းဖြင့် ရရှိလာသူ ဂေါဌာဘယမင်း (အေဒီ ၃၀၉-၃၂၂)လက်ထက်တွင် တစ်ဖန် အဘယဂိရိကျောင်းတိုက်၌ တစ်ဖန် အားထုတ်ကြပြန်သည်။ ဂေါဌာဘယသည် ၎င်းမတိုင်ခင် အုပ်ချုပ်ခဲ့သော၊ အုပ်ချုပ်ရေးပိုင်းတွင် မအောင်မြင်သော်လည်း ဗုဒ္ဓဝါဒီကောင်းတစ်ယောက်အဖြစ် စံပြုထိုက်သော သိရိသံဃဗောဓိမင်း (အေဒီ ၃၀၇-၃၀၉)နှင့် အလွန် ဆန့်ကျင်စွာ ပြုမူဆောင်ရွက်ခဲ့သည်။ ဂေါဌာဘယသည် အင်အားတောင့်တင်းလျက် ရဟန်းတော်များအား အသုံးအဆောင်ပစ္စည်းများကို ပေါများစွာ ပေးကမ်းပြီး ကျောင်းတိုက်များကို ပြုပြင်ခြင်း၊ ကျောင်းတိုက်အသစ်များ တည်ဆောက်ခြင်း၊ ဝေသာခပူဇာကဲ့သို့သော ထင်ရှားသည့်ပွဲတော်များကျင်းပခြင်းများ ပြုခဲ့သည်[1]။

ဓမ္မရုစိက သို့မဟုတ် အဘယဂိရိဝါသီ ရဟန်းတော်များက ဝေတုလ္လကို လက်ခံသောအခါ ဥဿလိယာ တိဿအမည်ရှိသော မထေရ်တစ်ပါးသည် အဘယဂိရိကျောင်းတိုက်၌ မိမိကိုယ်တိုင် ခေါင်းဆောင်ဖြစ်လျက် ဝေါဟာရိကတိဿမင်းလက်ထက်၌ ဖြစ်ပျက်ခဲ့သကဲ့သော မနှစ်မြို့ဖွယ်ရာ အခြေအနေအကျိုးဆက်များကို ရှောင်ရှားလိုခဲ့သည်။ သို့ဖြစ်၍ ထိုမထေရ်သည် နောက်ပါရဟန်းတော် သုံးရာခန့်နှင့်နှင့်အတူ ကျောင်းတိုက်မှ ထွက်ခွာသွားခဲ့ပြီး ဓမ္မရုစိဂိုဏ်းနှင့် အဆက်အသွယ်မလုပ်ဘဲ ဒက္ခိဏဂိရိအရပ်တွင် သီတင်းသုံးနေထိုင်ခဲ့သည်။ ယင်းအုပ်စုဝင် သာဂလအမည်ရသည့် မထေရ်ကြီးတစ်ပါးသည် ထို အရပ်၌ ဘာသာတရားကို ဟောကြားချိန်မှ စ၍ ဒက္ခိဏဂိရိအရပ်တွင် သာဂလိယအမည်ရှိ ဂိုဏ်းသစ်တစ်ခု ပေါ်လာခဲ့သည်[2]။

---

[1] မဟာဝံသ၊ ၃၆၊ ၉၉-၁၀၉။

[2] နိကာယသင်္ဂဟ၊ စာ-၁၁။

ဆုံးဖြတ်ခံရသည်။ တရားမျှတမှုဖြင့် လူထု၏ လေးစားခြင်း ခံရသည့် တရားသူကြီးက ဘုရင်၏ဆန္ဒကို ဆန့်ကျင်သော်လည်း[၁] တိဿရဟန်းအား လူဝတ်လဲပစ်သည်[၂]။

ဘာသာတရားရေးရာ လူဝတ်ကြောင်များ၏ ခေါင်းဆောင်ဖြစ်သူ မဟာသေနမင်း၏ လုပ်ပိုင်ခွင့်အာဏာသည် ယင်းမင်း၏ မဆင်မခြင် အလျင်စလို လုပ်ဆောင်မှုများကြောင့် ကျဆင်းသွားသည်မှာ ထင်ရှားသည်။ ယင်းသို့ဖြစ်၍ ပြီးခဲ့သော ဖြစ်ရပ်တွင် ၎င်း၏အမတ်ကြီးဖြစ်သူ မေဃဝဏ္ဏအဘယအား အလျှော့ပေးလိုက်ရပြီး ယခုအခါ အမတ်သည် ဘုရင်၏အလိုဆန္ဒကို လျစ်လျူရှုရဲလာလျက် ဘုရင်အလွန်ကြည်

မျိုးဖြင့် ဆုံးဖြတ်ခံရခြင်းဖြစ်ကြောင်း သတိရသင့်သည်။ မဟာဝိဟာရကျောင်းတိုက်၏ဆန္ဒကို ဆန့်ကျင်ပြီး ကျောင်းတိုက်တစ်ခုကို လက်ခံသူ မည်သူမဆိုသည် ရဟန်းယုတ်ဖြစ်ပြီး အပြစ်တစ်ခုဖြင့် စွပ်စွဲခံရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ မဟာဝံသကျမ်း ၃၇း၃၂ တွင် ဒက္ခိဏာရာမကျောင်းတိုက်မှ တိဿမထေရ်အား 'သီလကြောင်၊ မရိုးသားသူ၊ မိတ်ဆွေယုတ်၊ စောင့်စည်းမှုမရှိသူ (ကုဟနေ ဇိမှမာနသေ၊ ပါပမိတ္တေ အသညတေ)'ဟု ဖော်ပြသည်။ နိကာယသင်္ဂဟကျမ်း၊ စာ-၁၃ တွင် ထိုမထေရ်အား 'ကောဟုံ တိဿ' သီလကြောင် တိဿဟု ဖော်ပြသည်။ သို့ရာတွင် အနုရာဓပုရမြို့ရှိ ဇေတဝနဝိဟာရ အရှေ့ဖက် (ဂိတ်) စေတီအနီး တွေ့ရှိရသည့် ဒုတိယ မဟိန္ဒမင်း (အေဒီ ၇၇၂-၇၉၂) နန်းစံ ခုနစ်နှစ်မြောက်တွင် ရေးထိုးခဲ့သော ကျောက်စာ၌ ဤမထေရ်အား 'သာဂုလိ မဟာဟိမိ ယံ နမိ ပါဋ္ဌဝု အပိဿတောစ တိဿ မဟာထေရနာထဿ' ခြိုးခြံရောင့်ရဲပြီး သာဂလမဟာထေရ်ဟူသော အမည်ဖြင့် ကျော်ကြားသော မဟာတိဿမထေရ်အား' (E.Z. III, p. 227.)ဟု ရည်ညွှန်းဖော်ပြထားသည်။ ယင်းကျောက်စာကို သာဂလိယဂိုဏ်းကို ထောက်ခံသူတစ်ယောက်က ရေးထိုးခဲ့ဖွယ်ရှိသည်။

[၁] မဟာဝံသ ၃၇း၃၉။ ဝိနိစ္ဆယ မဟာမစ္စော၊ တဒါ ဓမ္မိကသမ္မတော။ ဤသည်မှာ မေဃဝဏ္ဏအဘယအမတ်ကိုပင် ရည်ညွှန်းခြင်း ဖြစ် နိုင်သည်။ ဘုရင့်ဆန္ဒကို ဆန့်ကျင်သည့် ယင်းသို့သော ကိစ္စမျိုးကို ဆောင်ရွက်နိုင်လောက်အောင် အရှိန်အဝါရှိသည့် အခြားပုဂ္ဂိုလ် တစ်ယောက် မရှိနိုင်သည်မှာ ထင်ရှားသည်။ နိကာယသင်္ဂကျမ်း၊ စာ- ၁၄ ၌ ၎င်း၏ အမည်ကို ဓမ္မိကဟု ဖော်ပြခြင်းမှာ မမှန်ချေ။ ဓမ္မိကောတိ သဓုဇနေဟိသမ္မာဝိတော = သူတော်ကောင်းများက မျှတ၏ဟု ချီးမွမ်းခံရသူ (မဟာဝံသ-ဋီ၊ ၈၈၄)။

[၂] မဟာဝံသ ၃၇း၃၈-၃၉။



မှ ထွက်ခွာသွားပြီး မဟာသေနမင်း (အေဒီ ၃၃၄-၃၆၂) နန်းတက်သည်နှင့် ပြန်လာသည်[၁]။ ယင်းသည် သံဃမိတြအဖို့ နှစ်ပေါင်း လေးဆယ်နီးပါးမျှ ၎င်း၏စိတ်ထဲ၌ ကြာမြင့်စွာ တည်ရှိနေခဲ့သည့် အစီအစဉ်ကို ဆောင်ရွက်ရန် အခွင့်အရေးဖြစ်သည်။

သီဟိုဠ်သမိုင်းတွင် မဟာသေနသည် နိုင်ငံအတွက် များစွာ အလုပ်လုပ်ခဲ့သည့် စွမ်းရည်သတ္တိနှင့်ပြည့်စုံသည့် ဘုရင်အနေဖြင့်ရောယခင်မည်သည့်မင်းမှ မစွမ်းဆောင်နိုင်ခဲ့သည့် မဟာဝိဟာရကျောင်းတိုက်၏အရှိန်အဝါကို ဆန့်ကျင်၍ မိမိ၏ယုံကြည်ချက်အတိုင်း ဆောင်ရွက်ရန် သတ္တိရှိခဲ့သူလည်းဖြစ်သည်။

အဘယဂိရိကျောင်းတိုက်၌ နေထိုင်သူ သံဃမိတြသည် မဟာဝိဟာရကျောင်းတိုက်အား မဟာယာနဗုဒ္ဓဘာသာအဖြစ်သို့ သွတ်သွင်းရန် ကြိုးပမ်းမှု မအောင်မြင်ချေ။ ထို့နောက် သူသည် မဟာဝိဟာရကျောင်းတိုက်နေ သံဃာတော်များအား ငတ်မွတ်ခေါင်းပါးစေလိုသဖြင့် ပြည်သူများအား ဆွမ်းမလောင်းလှူရေး အမိန့်ထုတ်ပြန်ရန် တပည့်ဖြစ်သူ မဟာသေနမင်းကို ဖျောင်းဖျသည်။ ထေရိယဂိုဏ်းဝင် သံဃာတော်များသည် အနုရာဓပုရမြို့မှ ထွက်ခွာပြီး မဟာဝိဟာရကျောင်းတိုက်ဘက်မှ အမြဲတမ်း ရပ်တည်သည့် ရောဟနနှင့် မလယဒေသများသို့ ထွက်ခွာကြသည်။ ကိုးနှစ်တိုင်တိုင် မဟာဝိဟာရကျောင်းတိုက်၌ သံဃာတော်များ ဆိတ်သုံးခဲ့သည်။ သံဃမိတြသည် ဘုရင်နှင့်သောဏအမတ်၏ ထောက်ခံချက်ဖြင့် ခုနစ်ထပ်မြင့်သည့် လောဟပါသာဒနှင့် မဟာဝိဟာရကျောင်းတိုက်၏ အခြားများစွာသော အဆောက်အအုံများကို ဖျက်ဆီးပြီး ထိုပစ္စည်းများဖြင့် အဘယဂိရိ ကျောင်းတိုက်၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် အသုံးပြုခဲ့သည်။ မဟာဝိဟာရကျောင်းတိုက်၏ မြေနေရာတွင် လယ်ထွန်ပြီး ပဲပင်များ စိုက်ပျိုးခဲ့သည်။ တစ်ချိန်တည်းတွင် စေတိယပဗ္ဗတ(မဟိန္တလေ့)ကိုလည်း အဘယဂိရိကျောင်းတိုက်မှ ဓမ္မရုစိကဂိုဏ်းဝင်တို့ သိမ်းယူထားခဲ့သည်[၂]။

[၁] မဟာဝံသ၊ ၃၆၊ ၁၁၃-၁၁၇။ ၃၇၊ ၁-၂။ နိကာယသင်္ဂဟ၊ စာ-၁၁-၁၂။

[၂] မဟာဝံသ ၃၇း၃-၁၆။ ၃၇း၇၆။ နိကာယသင်္ဂဟ၊ စာ-၁၂-၁၃။ ဂိုင်ဂါသည် မဟာဝံသ ၃၇း၇၅ ဂါထာကို အောက်ပါအတိုင်း ဘာသာပြန်ထားသည် -

ဘုရင်မင်း၏ အကြမ်းဖက် လုပ်ဆောင်ချက်ကြောင့် တစ်နိုင်ငံလုံး တုန်လှုပ်ချောက်ခြားခဲ့ကြသည်။ မဟာဝိဟာရကျောင်းတိုက်၏ ထင်ပေါ်ကျော်ကြားမှုမှာ ပြည်သူအမြင်သည် ၎င်း(မင်း)ကို ဆန့်ကျင်သည့်ဘက်သို့ ပြောင်းလဲသွားသည်အထိ အလွန်ကြီးမားခဲ့သည်။ ဘုရင်မင်းနှင့် အနီးကပ်အဆက်အသွယ်ရှိခဲ့သူများပင် မကျေချမ်းမှုများဖြင့် ပြည့်လျှက်ရှိကြသည်။ မဟာသေနသည် မဟာဝိဟာရ ကျောင်းတိုက်၏ ပြည်လူထုအပေါ် ဩဇာသက်ရောက်မှုကို မဆိုစလောက်သာ သဘောသဘောပေါက်ခဲ့သည်။ ၎င်း၏ အနီးစပ်ဆုံး မိတ်ဆွေ မေဃဝဏ္ဏ အဘယအမတ်သည် မလယဇနပုဒ်သို့ ထွက်ပြေးပြီး စစ်တပ်အင်အားစုဆောင်းလျက် ဘုရင်အား စစ်ကြေညာခဲ့သည်။ ယင်းသို့ဖြင့် မဟာသေနသည် သတိပြုမိသွားပြီး ယင်းအခြေအနေ၏ ဆွဲဆောင်မှုကို သဘောပေါက်သွားခဲ့သည်။ မိတ်ဆွေဟောင်းဖြစ်ကြသည့် ဘုရင်နှင့်အမတ်တို့သည် တိတ်တဆိတ် တွေ့ဆုံ ဆွေးနွေးကြပြီး ဘုရင်သည် မိမိ၏အမှားကို ဝန်ခံပြီး မဟာဝိဟာရကျောင်းတိုက်ကို ပြန်လည်တည်ဆောက်ပေးရန် ကတိပြုခဲ့သည်။ အပြန်အလှန် တောင်းပန်မှုများ ဖလှယ်ကြပြီးနောက် ပျော်ရွှင်ဖွယ် ပြေငြိမ်းမှု ဖြစ်ပေါ်ခဲ့သည်[၁]။

သို့ရာတွင် စိတ်ဆိုးအမျက်ထွက်နေကြသည့် လူထုသည် အရေးယူရန် တောင်းဆိုကြသည်။ ဘုရင့်အချစ်တော် မိဖုရားများအနက် စာရေးဝန်ချုပ်၏[၂] သမီးဖြစ်သူသည် စိတ်တွင် နာကျင်ခါသီးမှုကြောင့် လက်သမား တစ်ယောက်အား သံဃမိတြရဟန်းကို သတ်ပစ်ခိုင်းသည်။ သံဃမိတြ၏ မိတ်ဆွေ သောဏအမတ်ကိုလည်း သတ်ပစ်လိုက်သည်။ မေဃဝဏ္ဏအမတ်၏[၃] ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုဖြင့် မဟာဝိဟာရကျောင်းတိုက်ကို ပြန်လည် တည်ဆောက်ခဲ့သည်။

မေဃဝဏ္ဏအဘယအမတ်၏ တိုက်တွန်းချက်ကို လက်ခံသော်လည်း ဘုရင်သည် မဟာဝိဟာရကျောင်းတိုက်အား မနှစ်သက်ဘဲ ရှိသည်။ သို့ဖြစ်၍ ဘုရင်သည် မဟာဝိဟာရကျောင်းတိုက် တာဝန်ခံပုဂ္ဂိုလ်များ၏ အပြင်းအထန်ကန့်ကွက်မှုကို လျစ်လျူရှုပြီး ထိုကျောင်းတိုက်၏ နယ်နိမိတ်အတွင်း ဇေတဝနကျောင်းတိုက်ကို တည်ဆောက်လျက် ဒက္ခိဏာရာမ သို့မဟုတ် ဒက္ခိဏဂိရိကျောင်းတိုက်နေ သာဂလိယဂိုဏ်းဝင် အရှင်တိဿမထေရ်အား လှူဒါန်းသည်။ ထိုကိစ္စနှင့် ပတ်သက်၍ မဟာဝိဟာရကျောင်းတိုက်သည် နောက်တစ်ဖန် ကိုးလကြာ သံဃာတော်များ ကင်းဆိတ်သွားပြန်သည်။ ဇေတဝနဝိဟာရကို လက်ခံသူ တိဿမထေရ်သည် ရဟန်းပရိသတ် အလယ်၌ အန္တိမဝတ္ထုဖြင့်[၄]

မဟာဝိဟာရေ ပါပေန၊ မဟာသေနေန နာသိတေ။
ဝသိံသု ဓမ္မရုစိကာ၊ ဘိက္ခူ စေတိယပဗ္ဗတေ။

'ဓမ္မရုစိက ရဟန်းများသည် (ထိုအချိန်က) မဟာသေန မင်းယုတ် ဖျက်ဆီးပစ်လိုက်သည့် မဟာဝိဟာရကျောင်းတိုက်၌ နေထိုင်ကြ၏'ဟု ဘာသာပြန်ပြီးနောက် 'စေတိယပဗ္ဗတေ'ဟူသော စကားလုံးကို ရှေ့ဂါထာပါ 'အမ္ဗဋ္ဌလံ'ပုဒ်နှင့် ဆက်စပ်ရန် ယူဆောင်သွားသည်။ အောက်ခြေ မှတ်ချက်တစ်ခု (စူဠဝံသ၊ အင်္ဂလိပ်ဘာသာပြန်၊ စာ- ၃၇၊ အောက်ခြေမှတ်ချက် ၅) တွင် ဂိုင်ဂါက ဓမ္မရုစိက ရဟန်းများသည် မဟာဝိဟာရနှင့် အမ္ဗဋ္ဌလ ဝိဟာရများကို ပိုင်ဆိုင်သွားကြောင်း ဖော်ပြသည်။ သို့ရာတွင် ဓမ္မရုစိကတို့သည် မဟာဝိဟာရကို လုံးဝ သိမ်းယူခြင်းမပြုခဲ့ချေ။ ၎င်းတို့သည် မဟာဝိဟာရကို ဖျက်ဆီးပစ်လိုက်သောအခါတွင်မှ မဟိန္တလေ့ကို သိမ်းပိုက်ခဲ့ကြသည်။

ယင်းဂါထာ၏ ဘာသာပြန်အမှန်မှာ ဤသို့ဖြစ်သင့်သည် 'ကောက်ကျစ်ယုတ်မာသူ မဟာသေနမင်းက မဟာဝိဟာရကျောင်းတိုက်ကို ဖျက်ဆီးလိုက်သောအခါ ဓမ္မရုစိကရဟန်းတို့သည် စေတိယပဗ္ဗတ(မဟိန္တလေ့)တွင် နေထိုင်ခဲ့ကြသည်'။ ယင်းပြန်လျှင် 'ဝိဟာရဘူမိယ သာဝါ ဥန္နဝပုရ ဝါပိယ။ ဧကဠဘဂိရိဝေဟေရ ဝါသိ ဓမ္မရုစီဟု ဂေါစ် သာဂိရိယေဟိ ဝိသူဟ = မဟာဝိဟာရကျောင်းတိုက် မြေနေရာကို ထွန်ယက်ပြီး ပဲများစိုက်ပျိုးကြ၏။ ယင်းနောက် အဘယဂိရိကျောင်းတိုက်မှ ဓမ္မရုစိက ရဟန်းများသည် စေတိယဂိရိသို့ သွား၍ နေထိုင်ကြ၏' ဟုဆိုသော နိကာယသင်္ဂဟကျမ်းနှင့် ညီညွတ်သည်။



[၁] မဟာဝံသ၊ ၃၇၊ ၁၇-၃၅။

[၂] မဟာဝံသ ၃၇း၂၈ ၌ လေခကဓီတာဟု ဆိုသည်။ သို့ရာတွင် နိကာယသင်္ဂဟ၊ စာ- ၁၃ ၌ ထိုမိဖုရားသည် မိဖုရားခေါင်ဖြစ်ပြီး လမ္ဗကဏ္ဏ၏ သမီးဟုဆိုသည်။

[၃] မဟာဝံသ၊ ၃၇၊ ၂၆-၃၀။ နိကာယသင်္ဂဟ၊ စာ- ၁၃။

[၄] မဟာဝံသ၊ ၃၇း၃၈။ အန္တိမဝတ္ထု။ (၁) မေထုန်မှု (၂) ခိုးမှု (၃) လူသတ်မှု (၄) ဈာန်မဂ်ဖိုလ်ကို မရဘဲ ရသည်ဟု လိမ်ညာပြောဆိုမှုဟူသော ပါရာဇိက လေးမျိုးအနက် တစ်ခုခုကို ကျူးလွန်သူအား အန္တိဝတ္ထု ကျူးလွန်သူဟု ခေါ်သည်။ အဘယဂိရိကျောင်းတိုက်ကို လက်ခံသူ မဟာတိဿမထေရ်သည် အာပတ်တစ်ခုဖြင့် ဆုံးဖြတ်ခံရသော်လည်း (အန္တိမဝတ္ထုဖြင့် မဟုတ်ဘဲ) အခြားတစ်

ပြန်ဆိုခဲ့သည်မှာ ဤမင်းလက်ထက်တွင် ဖြစ်သည်[၁]။ ထိုမထေရ်သည် ဖာဟီယန် ညွှန်းဆိုခဲ့သည် 'မဟာသီလ' ဟုအဓိပ္ပာယ်ရသည့် 'တာမိုကီတိ' (Ta-mo-kiu-ti)နှင့် အတူတူ ဖြစ်နိုင်သည်[၂]။ ထိုအချိန်က အဘယဂိရိကျောင်းတိုက်သည် တိုးတက်ထွန်းကားနေပြီး မဟာဝိဟာရကျောင်းတိုက်၏ လှုပ်ရှားမှုများ နောက်ကျန်နေပုံရသည်။ ဖာဟီယန်မှတ်တမ်းအရ အဘယဂိရိကျောင်းတိုက်၌[၃] ရဟန်း ၅၀၀၀ ရှိပြီး မဟာဝိဟာရကျောင်းတိုက်တွင် ရဟန်း ၃၀၀၀ သာရှိသည်[၄]။

ဗုဒ္ဓဒါသမင်း၏သားတော် ပထမ ဥပတိဿမင်းလက်ထက် အေဒီ ငါးရာစု အစပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ငတ်မွတ်ခေါင်းပါးဘေးကို ကျော်လွှားရန် ရဟန်းတော်များ၏ အကြံပြုချက်ဖြင့် ဂင်္ဂါရောဟဏဟုခေါ်သော ပွဲတော်တစ်မျိုးကို ခမ်းနားစွာ ကျင်းပခဲ့သည်။ ငတ်မွတ်ခေါင်းပါးဘေးကြုံတိုင်း ယင်းပွဲတော်ကို ကျင်းပရမည် ဟုသတ်မှတ်ခဲ့သည်[၅]။ ဥပတိဿမင်းသည် အလွန်ကြင်နာတတ်ပြီး အလွန်ဘာသာတရားကိုင်းရှိုင်းသည့်မင်း ဖြစ်ပြီး ၎င်းအသက်ထင်ရှားရှိစဉ်အတွင်း ၎င်း၏ အစားအစာကို သံဃာတော်များ၏ လှူသိမ်းသည့် ဆွမ်းစားဆောင် မဟာပါဠိမှ ရယူခဲ့ကြောင်း သိရသည်[၆]။

ရဟန်းပြုနေသူ ဤမင်း၏ညီတော် မဟာနာမမင်း (အေဒီ ၄၀၃-၄၃၁)သည် နောင်တော်ကို မိဖုရားက သတ်ဖြတ်လိုက်သောအခါ လူထွက်ပြီး ထီးနန်းတက်သည်။ မဟာနာမမင်းသည် အဘယဂိရိကျောင်းတိုက်သံဃာ[၇]ကို ကြည်ညိုပြီး ၎င်း၏မိဖုရားမှာ မဟာဝိဟာရသံဃာ[၈]ကို ကြည်ညိုသည်။ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ အနုရာဓပုရမြို့သို့ ရောက်လာပြီး မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံး

[၁] မဟာဝံသ၊ ၃၇း၂၇၆။

[၂] Fa Hien, p. 107; ဂိုင်ဂါ၏ စူဠဝံသ အင်္ဂလိပ်ဘာသာပြန်၊ ပထမအုပ် စာမျက်နှာ ၁၆ မှ အောက်ခြေမှတ်ချက် ၅ ကို ကြည့်ပါ။

[၃] Fa Hien, p. 102.

[၄] Fa Hien, p. 107.

[၅] မဟာဝံသ၊ ၃၇၊ ၁၈၉-၁၉၈။

[၆] ယင်း၊ ၃၇၊ ၂၀၃။

[၇] ဤမင်းသည် ယင်းကျောင်းတိုက်၌ ရဟန်းပြုနေခဲ့ပုံရသည်။

[၈] မဟာဝံသ ၃၇း၂၁၂-၂၁၃။



ညိုလေးစားသည့် ရဟန်းတစ်ပါးကို လှူဝတ်လဲပစ်ခဲ့သည်။ ယင်းသို့ ဖြစ်ရသည်မှာ မဟာဝိဟာရကျောင်းတိုက်နှင့် ပြည်သူ့အမြင်သည် ဘုရင်ကို ဆန့်ကျင်သောကြောင့် ဖြစ်နိုင်သည်။

မဟာသေနမင်းသည် ခေတ်ပြိုင် အိန္ဒိယမှာပင် ထင်ရှားသူဖြစ်သည်။ အကြောင်းမူ မဟာယာနဗုဒ္ဓဝါဒအပေါ် စိတ်ညွတ်သောကြောင့် ဖြစ်ဖွယ်ရှိသည်။ ဒါဌာဝံသကျမ်း[၁] တွင် မြတ်ဗုဒ္ဓစွယ်တော်အားကာကွယ်စောင့် ရှောက်ရန်အတွက် အိန္ဒိယမှ ၎င်းထံသို့ ပို့ပေးလိုက်ကြောင်း၊ သို့တစေ စွယ်တော်ဓာတ် သီဟိုဠ်သို့ ဆိုက်ရောက်သွားသောအခါ ၎င်းကွယ်လွန်ပြီဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။

ဗောဓိသတ္တဆင်းတုအား ရည်ညွှန်းဖော်ပြချက်ကို ပထမဆုံးအနေဖြင့် ဤခေတ်ကာလအတွင်း တွေ့ရှိရသည်။ ယင်းသည် ထိုအချိန်က မဟာယာနသြဇာလွှမ်းမိုးမှု၏ သက်သေဖြစ်ကြောင်း ထင်ရှားသည်။ ယင်း 'ဗောဓိသတ္တကိုယ်စားပြု သပ္ပာယ်လှပပြီး ဆွဲဆောင်အားကောင်းသော ဆင်းတု'ကို ဆင်စွယ်ပန်းပုထွင်းသူအဖြစ် ကျော်ကြားသော မဟာသေနမင်း၏ သားငယ် ဇေဋ္ဌတိဿ[၂]က ၎င်း၏ ခမည်းတော် (မဟာသေန)[၃] အတွက် မှာကြားမှုဖြင့် ထွင်းထုခဲ့သည်။

အေဒီ ၃၆၂ တွင် မဟာသေနမင်း၏ အရိုက်အရာကို သားကြီးဖြစ်သူ သိရိမေဃဝဏ္ဏမင်း ဆက်ခံသည်။ သိရိမေဃဝဏ္ဏမင်းသည် ခမည်းတော်၏ မှားယွင်းသော အပြုအမူအားလုံးကို မဟာဝိဟာရသံဃာတော်များထံတွင် တောင်းပန်ဝန်ချလျက် ထိခိုက်ပျက်စီးသွားမှုအားလုံးကို အထူးပြုပြင်ပြီး မိမိ၏အရှိန်အဝါ အာဏာဖြင့် မဟာဝိဟာရကျောင်းတိုက်နှင့် လူထု၏မေတ္တာကို ပြန်လည်ရရှိအောင် အရာခပ်သိမ်းကို ဆောင်ရွက်သည်။ လိမ္မာပါးနပ်လှသည့် ဘုရင်သည် အရှင်မဟိန္ဒ၏ ရွှေဆင်းတုကို ထုလုပ်စေပြီး အရှင်မဟိန္ဒ သီဟိုဠ်သို့ ဆိုက်ရောက်မှုကို အထိမ်းအမှတ်ပြုရန် ခမ်းနားလှသည် ပွဲလမ်းသဘင်ကို ရက်ပေါင်းများစွာ ကြာအောင် နှစ်စဉ် ကျင်းပသည်။ မင်းကြီးသည်

[၁] ဒါဌာဝံသ၊ စာ ၃၀၁-၃၀၂။

[၂] ဒုတိယ ဇေဋ္ဌတိဿမင်း (အေဒီ ၃၈၉-၃၉၈)

[၃] မဟာဝံသ၊ ၃၇၊ ၁၀၂။

သီဟိုဠ်ကျွန်း နေရာအနှံ့အပြားရှိ လူဥပသကာများနှင့် ရဟန်းတော်များကို ပွဲတော်သို့ ဖိတ်ကြားလျက် ဆက်ခံမည့်ဘုရင်များသည် ထိုပွဲတော်ကို နှစ်စဉ် ဦးဆောင်ကျင်းပအောင် မြှင့်တင်ပေးခဲ့သည်။ ထိုပွဲတော်ကြီးသည် ဆိုးရွားသော အတိတ်နေ့ရက်များ၏ ခါးသီးသည့် အမှတ်ရမှုများ ပျောက်သွားအောင် ဆောင်ရွက်သည်မှာ ထင်ရှားသည်[၁]။

ဤမင်းနန်းစံ ကိုးနှစ်မြောက်တွင် မြတ်ဗုဒ္ဓ၏ လက်ယာစွယ်တော်ဓာတ်ကို ကလိင်္ဂတိုင်း[၂] ဒန္တပုရမြို့မှ သီဟိုဠ်သို့ သယ်ဆောင်ခဲ့သည်။ ယင်းဓာတ်တော်ကို မြို့တော်၏ အထူးအဆောက်အအုံအတွင်း သိမ်းဆည်းထားပြီး ပြည်သူများ ဖူးမြော်နိုင်ရန် နှစ်စဉ် အဘယဂိရိကျောင်းတိုက်သို့ ပင့်ဆောင်သည်[၃]။

သီဟိုဠ်လူမျိုးတို့၏ အမျိုးသားရေးလက္ခဏာ တစ်ရပ် ဖြစ်လာသည့် ယင်းမြတ်ဗုဒ္ဓစွယ်တော်ဓာတ်အား ပူဇော်မှုတွင် မဟာဝိဟာရကျောင်းတိုက်၏ ပါဝင်ခြင်းမပြုခဲ့သည်မှာ ထူးခြားသည်။ အဘယဂိရိကျောင်းတိုက်သည် အထူးသဖြင့် မဟာသေနမင်းလက်ထက်အတွင်း သီဟိုဠ် မဟာယာနဗဟိုဌာနအဖြစ် အိန္ဒိယတွင် လူသိများသည်။ စွယ်

[၁] မဟာဝံသ၊ ၃၇၊ ၅၃၀၉၀။

[၂] မဟာဝံသ၊ ၃၇၊ ၉၂ ဂါထာ။ ဒါဌာဝံသ၊ စာ- ၃၄၀။

(*Indian Architecture* ကျမ်းကို ရေးသားပြုစုသူ) ပါရေးဘရောင်း (Perey Brown)က 'စွယ်တော်မြို့ (ဟုအဓိပ္ပာယ်ရသည့်) တစ်ချိန်တစ်ခါက အဖိုးမဖြတ်နိုင်သည့် ပိုင်ဆိုင်မှုကို အပ်နှံထားရာ ဤမြင့်မြတ်သည့် ဒန္တပုရမြို့တော်သည် အထိမ်းအမှတ် သင်္ကေတများအားလုံး ယခုအခါ ပျောက်ဆုံးသွားပြီဖြစ်သော်လည်း ပူရီ (Pūri) သို့မဟုတ် ဘုဝနေသွာရ (Bhubanesvar) မြို့များ၏ အနီးဝန်းကျင် တစ်နေရာရာတွင် တည်ရှိသည်။ လက်လှမ်းမီသည့် ထိုနေရာဒေသ၏ ရှေးဟောင်းပစ္စည်း အထိမ်းအမှတ်နေရာမှာ အသောက မင်းကြီး၏ ကျောက်စာတစ်ခု တည်ရှိသည့် ဒေါလိယ တောင်ကုန်း (Daulia Hill) ဖြစ်သည် (ယင်း၊ စာ-၃၅)။ 'ယင်းမြင့်မောက်နေသည့် ကဇဂန္ဓာထ ဘုရားကျောင်းနေရာသည် ပိုမိုရှေးကျပြီး အဖိုးမဖြတ်နိုင်သော ဤဗုဒ္ဓဓာတ်တော် သီဟိုဠ်သို့ ကြွမသွားမီ ဒန္တပုရမြို့ရှိ ဗုဒ္ဓစွယ်တော် ကိန်းဝပ်တော်မူခဲ့သည့်နေရာ မဟုတ်ဟု မဆိုနိုင်သည့် နေရာဖြစ်ကြောင်း တိုက်တွန်းလျက်ရှိသည် (စာ-၁၂၃)။

[၃] မဟာဝံသ ၃၇း၉၅-၉၇။ ဒါဌာ၊ စာ-၄၀၅-၄၀၈။ Fa Hien မှတ်တမ်း၊ စာ-၁၀၆-၁၀၇။



တော်ဓာတ်ကို ပင့်ဆောင်ခဲ့ကြသည့် မင်းသားနှင့် မင်းသမီးများ ကိုယ်တိုင် မဟာယာနဗုဒ္ဓဝါဒီများ ဖြစ်ဖွယ်ရှိပြီး ယင်းသို့ဖြစ်၍ပင် အဘယဂိရိဂိုဏ်းရဟန်းတော်များနှင့် ရှေးဦးစွာ ဆက်သွယ်မိပုံရသည်[၁]။ ထိုအချိန်မှစ၍ စွယ်တော်ဓာတ်အား ထိန်းသိမ်းစောင့်မှုမှာ အဘယဂိရိကျောင်းတိုက်၏ တာဝန်ဖြစ်လာပြီး မဟာဝိဟာရကျောင်းတိုက်နှင့် မပတ်သက်ဘဲရှိလာသည်။

သိရိမေဃဝဏ္ဏမင်းသည် အိန္ဒိယဘုရင် သမုဒြဂုတ္တမင်းထံ သံအဖွဲ့တစ်ခု စေလွှတ်ပြီး ဗုဒ္ဓဂယာတွင် သီဟိုဠ်ဘုရားဖူးများအတွက် ဘုန်းကြီးကျောင်းတိုက်တစ်ခု တည်ဆောက်ရန် ခွင့်တောင်းခဲ့ကြောင်းလည်း သိရသည်[၂]။

ဆေးပညာတတ်ကျွမ်းသည့် ဘုရင်အဖြစ် လူသိများပြီး လူများအတွက်ရော တိရစ္ဆာန်များအတွက်ပါ ဆေးဘက်ဝင်ပစ္စည်းများ ဖြန့်ဖြူးပေးခဲ့သူ ဗုဒ္ဓဒါသမင်း (အေဒီ ငါးရာစု အစပိုင်း) လက်ထက်၌ နာမည်ကျော် တရုတ်ဘုရားဖူးရဟန်းတော် ဖာဟီယန်သည် သီဟိုဠ်သို့ကြွလာခဲ့သည်[၃]။ ဤမင်းသည် ပညာရှင်ပုဂ္ဂိုလ်များအား ချီးမြှောက်ခြင်း၊ တရားဟော ပုဂ္ဂိုလ်များအား ဆွမ်းဆန်တော်များ ထောက်ပံ့ခြင်းများဖြင့် ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် များစွာ ဆောင်ရွက်ခဲ့သည်[၄]။

မဟာဓမ္မကထိ[၅]ဟု လူသိထင်ရှားသော မဟာထေရ်က သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါဠိသုတ္တန်အချို့ကို သီဟိုဠ်ဘာသာသို့

[၁] ဒါဌာဓာတုဝံသတွင် မင်းသားမင်းသမီးများသည် ပထမတွင် ဓာတ်တော်ကို အနုရာဓပုရမြို့၏ အနောက်မြောက်ဘက်ရှိ မေဃဂိရိကျောင်းတိုက်နေ ရဟန်းတော်တစ်ပါးအား လျှို့ဝှက်စွာ ပေးအပ်ခဲ့ကြောင်း၊ ရဟန်းတော်က ဘုရင်မင်းအား သတင်းစကား ပို့ခဲ့ကြောင်း ဆိုသည်။

[၂] ဂိုင်ဂါ၊ မဟာဝံသ အင်္ဂလိပ်ဘာသာပြန်နိဒါန်း၊ စာ-၃၉။

[၃] ဗုဒ္ဓဒါသမင်းသည် ဆေးအနှစ်ချုပ်ကျမ်းတစ်စောင် ရေးသားခဲ့သည်။ သဗ္ဗေသံ ဝေဇ္ဇသတ္ထာနံ၊ ကတွာ သာရတ္ထသင်္ဂဟံ (မဟာ ဝံသ၊ ၃၇၊ ၁၄၆ ဂါထာ)။

[၄] ဓမ္မဘာဏကဝတ္တံ။ မဟာဝံသ၊ ၃၇၊ ၁၅၀ ဂါထာ။

[၅] ဤမထေရ်၏ နာမည်ရင်း အခြားတစ်ခု ဖြစ်ဖွယ်ရှိသည်။ မဟာဓမ္မကထိဟူသည် 'တရားဟော ပုဂ္ဂိုလ်ကြီး'ဟု အဓိပ္ပာယ်ရသည်။ ရှေးခေတ် အခါတုန်းက လူအများကို ၎င်းတို့၏ အမည်နာမထက် ၎င်းတို့ လုပ်ဆောင်သည့် ထင်ရှားသည့် ပုံစံများဖြင့် မကြာခဏ အသိများကြသည်။

လျက် ကျောင်းတိုက်ထဲကို ဝင်သွားသည်။ သံဃာတော်များကို ရှိခိုး ပူဇော်ပြီးနောက် ပူဇော်သည့် အထိမ်းအမှတ်နှင့် ကျေးဇူးတင်သည့် အနေဖြင့် နိုင်ငံတော်ကို သံဃာတော်များအား လှူဒါန်းသည်ကို သံဃာတော်များက ၎င်းအား ပြန်လည်ပေးအပ်သည်[၁]။

မောဂ္ဂလ္လာနမင်းလက်ထက် ဖြစ်ပေါ်ခဲ့သည့် အရေးကြီးဖြစ်ရပ် တစ်ခုမှာ အိန္ဒိယမှ ဗုဒ္ဓဆံတော်ဓာတ် ကေသဓာတုကို သီဟိုဠ်သို့ ဆောင်ယူလာခြင်းဖြစ်သည်။ ကဿပမင်းလက်ထက် ဆိုးရွားသည့်နေ့များအတွင်း အိန္ဒိယသို့ ထွက်ပြေးသွားသည့် နန်းတော်နှင့် နီးစပ်သူ သိလာကာလအမည်ရှိ လူငယ်သည် ဗုဒ္ဓဂယာတွင် ရဟန်းအဖြစ်ခံယူ သည်[၂]။ မြတ်ဗုဒ္ဓဆံတော်ကို သီဟိုဠ်သို့ ပင့်ဆောင်ခဲ့သည်မှာ အမ္ဗသာမဏေရဟု ချစ်စနိုး ခေါ်ဝေါ်ခံရသူ အဆိုပါ သိလာကာလပင်ဖြစ် သည်။ သိလာကာလသည် ဘုရင်၏ပူဇော်ချီးမြှောက်မှု များစွာခံ ရပြီး အခမ်းအနားများအတွက် သန်လျက်ကိုင်ဆောင်သူဟု အဓိပ္ပာယ်ရသည့် အသိဂ္ဂါဟဘွဲ့ကို ပထမဆုံး လက်ခံရရှိသူဖြစ်သည်။ ယင်းဘွဲ့ သည် နောင်အခါ နိုင်ငံတော်၏ ထင်ရှားသည့် ဘွဲ့ထူးဂုဏ်ထူး တစ် ခုဖြစ်လာသည်။ သိလာကာလအား ဘုရင့်နှမတော်နှင့် ထိမ်းမြားပေး လိုက်သည်။ ဆံတော်ဓာတ်အား ရုပ်ပွားတော်ဆောင်တွင် ရတနာကြုတ်ဖြင့်ထားပြီး အခါအားလျော်စွာ ပွဲတော်ကြီး ဆင်ယင်ကျင်းပသည်[၃]။ မောဂ္ဂလ္လာနမင်းသည် နောင်တော်လက်ထက်က အန္တရာယ် နှင့်ကြုံရစဉ်အတွင်း မညီမညွတ်ဖြစ်နေသည့် ဗုဒ္ဓသာသနာတော်အား စင်ကြယ်သန့်ရှင်းအောင် ဆောင်ရွက်သည်။

မောဂ္ဂလ္လာနမင်းကို ၎င်း၏သားဖြစ်သူ ကုမာရဓာတုသေန (အေဒီ ၅၁၃-၅၂၂)က ဆက်ခံသည်။ ဤမင်းသည် ဓမ္မသင်္ဂီတိ (သံဂါယနာတင်) တစ်ခု ပြုလုပ်ပြီး သာသနာတော်ကို သန့်စင်စေကြောင်း အဆိုရှိ

[၁] ယင်း၊ ၃၉၊ ၄၁-၄၃။

[၂] သမုဒ္ဒရာဇဂုတ္တမင်း၏ ခွင့်ပြုချက်ဖြင့် သိရိမေဃဝဏ္ဏမင်း ဆောက်လုပ်ခဲ့သည့် ကျောင်းတိုက်တွင် (ရဟန်းပြုသည်မှာ အဖြစ်နိုင်ဆုံးဖြစ်သည်)။

[၃] မဟာဝံသ၊ ၃၉၊ ၄၄-၅၆။ မဟာဝံသကျမ်းတွင် ဆံတော်ဓာတ်အကြောင်းကို ယခုအခါ ရှာဖွေမတွေ့ရှိရသေးသည့် ကေသဓာတုဝံသကျမ်းတွင် အသေးစိတ် ပြဆိုထားကြောင်း ဖော်ပြသည် (မဟာဝံသ၊ ၃၉၊ ၄၉၊ ၅၈)။



လျက် သီဟိုဠ်ဘာသာဖြင့်ရှိသည့် ပိဋကတ်သုံးပုံ၏အဖွင့် အဋ္ဌကထာကျမ်းများကို ပါဠိဘာသာသို့ ပြန်ဆိုသည်မှာ ဤ မင်းလက်ထက်တွင် ဖြစ်သည်[၁]။ မဟာနာမမင်း ကွယ်လွန်ပြီးနောက် သီဟိုဠ်နိုင်ငံသည် နှစ်ဆယ့်ငါးနှစ်ထက်မနည်း ပရမ်းပတာဖြစ်နေခဲ့သည်။ တမီးလ် အာဏာသိမ်း ခြောက်ယောက်က အနုရာဓပုရမြို့တွင် အစဉ်အဆက် အုပ်ချုပ်ခဲ့ကြသည်။ သီဟိုဠ်တစ်ကျွန်းလုံး ဖျက်ဆီးခံရပြီး နိုင်ငံတော်၏ ဘာသာရေး ယဉ်ကျေးမှုနှင့် စီးပွားရေးအားလုံး ပိတ်ပင် တားဆီးခြင်းခံရ သည်။ တမီးလ်တို့ အလုပ်အကျွေးပြုနေသော အရှိန်အဝါရှိသည့် သီဟိုဠ်လူမျိုးများ ရှိနေစဉ်အတွင်း သီဟိုဠ်မိသားစုများစွာသည် ရောဟဏဇနပုဒ်သို့ ထွက်ပြေးကြသည်[၂]။

ဓာတုသေနမင်း (အေဒီ ၄၆၀-၄၇၈) သည် ထိုခေတ်ထိုအချိန်က သူရဲကောင်းဖြစ်ပြီး နိုင်ငံတော်အား တိုင်းတစ်ပါးတို့ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်စေခဲ့သည်။ ဤဘုရင်သည် မူလက ရဟန်း တစ်ပါးဖြစ်ခဲ့ပြီး ၎င်း၏ ဦးလေးဖြစ်သူ ပညာရှိရဟန်းတော်တစ်ပါးက မွေးမြူစောင့်ရှောက်ပြီး ပညာသင်ပေးခဲ့သည်[၃]။ ဓာတုသေနမင်းသည် လူထွက်ပြီး တမီးလ်များကို သတ်ဖြတ်လျက် သီဟိုဠ်လူမျိုးတို့၏ အုပ်ချုပ်မှုကို ပြန်လည် တည်ဆောက်ခဲ့သည်။ ဤမင်းသည် ဗုဒ္ဓသာသနာတော် တိုးတက်ရေးအတွက်ရော နိုင်ငံတော် စည်ပင်ရေး အတွက်ပါ များစွာ ဆောင်ရွက်ခဲ့သည်။ ၎င်း၏ လုပ်ဆောင်မှုများအနက် ကလာဝါဝ (Kalāvāva) ရေလှောင်ကန်ကြီးကို ဖော်ပြရမည်ဖြစ်သည်[၄]။

ဤမင်းသည် မဟာဝိဟာရကျောင်းတိုက်အား အလွန်ကြည်ညိုသူ ဖြစ်ပြီး ကျောင်းဆောင်ကြီး ၁၈ ဆောင်နှင့် ရေကန်များ တည်ဆောက် လျက် ထေရိယဂိုဏ်းဝင် သံဃာတော်များအား လှူဒါန်းသည်။ ၎င်း တည်ဆောက်သည့် အလားတူ ကျောင်းတိုက်နှင့် ရေကန်များစွာကို လည်း ယင်းဂိုဏ်းဝင် သံဃာတော်များအား လွှဲပြောင်း လှူဒါန်းခဲ့ သည်။ ရဟန်းအသုံးအဆောင် ပစ္စည်းများ အများအပြားကို သံဃာ

[၁] ယင်း၊ ၃၇၊ ၂၄၃-၂၄၄။

[၂] မဟာဝံသ၊ ၃၈၊ ၁၂-၃၈။

[၃] ယင်း၊ ၃၈၊ ၁၄-၁၇။

[၄] ယင်း၊ ၃၈၊ ၄၂။

တော်များအား လှူဒါန်းပြီး ပိဋကတ်သုံးပုံသင်ကြားမှု ပြန့်ပွားရေး အတွက် အလွန် အားပေးကူညီခဲ့သည်[၁]။

မိမိသည် မဟာဝိဟာရကျောင်းတိုက်၏ ထီးနန်းနှင့် ပတ်သက်သူ မိတ်ဆွေဖြစ်သော်လည်း အဘယဂိရိကျောင်းတိုက်၌ လိုအပ်သည့် တိုးတက်မှုကို ဆောင်ရွက်ရန် မေ့ပျောက်မထားပေ[၂]။ ဤမင်းသည် ထေရိယဂိုဏ်းအား လှူဒါန်းမည်ဟူသော အကြံဖြင့် စေတိယပဗ္ဗတ (မဟိန္တလေ့)ရှိ အမ္ဗတ္ထလဝိဟာရကို ပြန်မွမ်းမံခဲ့သော်လည်း မဟာသေနမင်း လက်ထက်ကတည်းက ယင်းတောင်ကုန်းကို သိမ်းပိုက်ထားကြသည့် ဓမ္မရုစိကဂိုဏ်းဝင် ရဟန်းတို့၏ အနူးအညွတ် တောင်းပန်ခြင်းကြောင့် ယင်းဂိုဏ်းဝင်တို့အား လှူဒါန်းခဲ့သည်[၃]။

ဓာတုသေနမင်းသည် ဗုဒ္ဓနှင့် ဗောဓိသတ္တဆင်းတုတော် အများအပြား တည်ဆောက်ပြီး ယင်းတို့အတွက် အဆောက်အအုံများလည်း ဆောက်လုပ်ခဲ့သည်[၄]။ ဤမင်းသည် အရှင်မဟိန္ဒဆင်းတုတော်တစ်ခု တည်ဆောက်ပြီး အရှင်မဟိန္ဒအား မီးသင်္ဂြိုဟ်ခဲ့သည့် မြေနေရာတွင် ပွဲတော်ကြီးတစ်ခု ကျင်းပသည်။ ထိုနေရာမှာပင် 'ဒီပဝံသကျမ်း'ကို ရွတ်ဆို ရှင်းပြခဲ့သည်ဟု ဆိုသည်[၅]။

ဖခင်ကို သတ်ဖြတ်ခြင်းဖြင့် ထင်ရှားသော သားဖြစ်သူ ပထမ ကဿပမင်း (အေဒီ ၄၇၈-၄၉၆)က ဖခင် ဓာတုသေနမင်း၏ ထီးနန်းကို ဆက်ခံသည်။ ကဿပမင်း၏ ညီဖြစ်သူ မောဂ္ဂလ္လာနမင်းသားသည် နောင်တော် ကဿပမင်း အုပ်ချုပ်စဉ်အတွင်း အသက်အန္တရာယ် စိတ်မချရသဖြင့် သီဟိုဠ်မှ ရှောင်ပြီး အိန္ဒိယသို့ ထွက်ပြေးခဲ့သည်[၆]။ ပထမတွင် ထေရိယဂိုဏ်းဝင် ရဟန်းတော်များသည် အဓိကအားဖြင့် ပြည်သူများ ငြိုငြင်ခံရမည်ကို စိုးရိမ်သဖြင့် ကဿပမင်းအား မနှစ်သက်လိုဘဲ ရှိကြသည်။ ရဟန်းတော်များသည် ကဿပမင်း တိုးချဲ့ပြီး အသုံး

[၁] ယင်း၊ ၃၈၊ ၄၄-၅၁။

[၂] ယင်း၊ ၃၈၊ ၆၁။

[၃] ယင်း၊ ၃၈၊ ၇၅-၇၈။

[၄] ယင်း၊ ၃၈၊ ၈၂၊ ၈၅-၈၈၊ ၇၈။

[၅] ယင်း၊ ၃၈၊ ၈၈-၈၉။

[၆] မဟာဝံသ၊ ၃၉၊ ၁-၂။



အဆောင် ပစ္စည်းအသစ်များဖြင့် ပြည့်စုံအောင် ပြုပြင်ထားသော ဣဿရိယ သမဏာရာမကျောင်းတိုက်အလှူကို လက်ခံရန် ငြင်းဆိုကြသည်။ သို့တစေ နောင်အခါတွင် ထေရိယ သံဃာတော်များသည် အလျှော့ပေးပြီး ယင်းကျောင်းတိုက်ကို ဗုဒ္ဓရုပ်ပွားတော်အား လှူဒါန်းရန်ခွင့်ပြုလျက် သွယ်ဝိုက်၍ အလှူခံလိုက်ကြသည်[၁]။ ကဿပမင်းသည် ဓမ္မရုစိက သံဃာတော်များအားလည်း ကျောင်းတိုက်တစ်ခု ဆောက်လုပ် လှူဒါန်းခဲ့သည်[၂]။

ရဟန်းတော်များသာမက သီဟိုဠ်ရှိနိဂဏ္ဌများလည်း ကဿပမင်းအား မနှစ်သက်ကြချေ။ နိဂဏ္ဌများသည် မောဂ္ဂလ္လာနမင်း၏ သူလျှိုများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး မောဂ္ဂလ္လာနမင်း သီဟိုဠ်သို့ ရောက်ရှိရန် အခွင့်အလမ်း အချိန်အခါကောင်းကို သတင်းပို့ခဲ့ကြသည်[၃]။

ပထမ မောဂ္ဂလ္လာနမင်း (အေဒီ ၄၉၆-၅၁၃)သည် အိန္ဒိယမိတ်ဆွေ အချို့နှင့်အတူ သီဟိုဠ်သို့ ဆိုက်ရောက်ခဲ့ပြီး ကုဌာရိ[၄]အမည်ရှိသည့် ဘုန်းကြီးကျောင်းတိုက်တစ်ခုတွင် ၎င်း၏ စစ်တပ်အင်အားကို စုဆောင်း ပြီး ကဿပမင်းကို အောင်နိုင်လျက် ထီးနန်းကို ရသည်။ ဤမင်းသည် ဂိုဏ်းဂဏအားလုံးမှ သံဃာတော်များ နှစ်သက်သည့် မင်းတစ်ပါးဖြစ်သည်။ ၎င်း၏ အောင်ပွဲပြီးနောက် သံဃာတော်များအား ပူဇော်ရန် အဘယဂိရိ နှင့် မဟာဝိဟာရကျောင်းတိုက် နှစ်လုံးသို့ သွားရောက်ခဲ့သည်[၅]။ မဟာဝိဟာရကျောင်းတိုက် ရဟန်းတော်များသည် နေရာကို သန့်ရှင်းပြီး သင်္ကန်းများဝတ်ရုံလျက် ဘုရင်သစ်ကို တွေ့ဆုံရန် ထေစဉ်ဝါလိုက် ရပ်နေကြသည်။ မောဂ္ဂလ္လာနမင်းသည် စစ်တပ်ကြီးကို ဆင်တံတိုင်း (ဟတ္ထိပါကာရ) အပြင်ဘက်တွင် ထားခဲ့

[၁] မဟာဝံသ၊ ၃၉၊ ၁၀-၁၃ ဂါထာ။

[၂] ယင်း၊ ၃၉၊ ၁၅။

[၃] ယင်း၊ ၃၉၊ ၂၀-၂၁။ ယင်းနိဂဏ္ဌတို့ကို မောဂ္ဂလ္လာနမင်းကိုယ်တိုင် အိန္ဒိယမှ အထူးသဖြင့် ၎င်း (မင်း)၏ ရည်ရွယ်ချက်ဖြင့် လွှတ်လိုက်ခြင်း ဖြစ်နိုင်သည်။ ဘာသာရေးဆိုင်ရာ ရသေ့ရဟန်းအသွင်ဖြင့် သူလျှိုများအလုပ်ကို လုပ်ခြင်းမှာ ရှေးခေတ်များတွင် အဖြစ်များသည်။

[၄] မဟာဝံသ၊ ၃၉၊ ၂၁။

[၅] ယင်း၊ ၃၉၊ ၃၃။

ရဟန်းများသည် မာန်မာနကို လျှော့ပြီး မဟာဝိဟာရကျောင်းတိုက်သို့ ဝင်ရောက်ခိုလှုံလျက် နေထိုင်ကြသည်[၁]။

အိန္ဒိယတွင် အရှင်ဇောတိပါလ ကြီးပြင်းခဲ့ရသည့် ထိုအချိန်ကာလသည် ထင်ရှားကျော်ကြားလှသည့် ဗုဒ္ဓဝါဒီ ယုတ္တိဗေဒ ပညာရှင်များဖြစ်ကြသည့် ဒိန္နာဂါနှင့် ဓမ္မကိတ္တိတို့၏ လှုပ်ရှားမှုကြီးပြီးနောက် ဘာသာတရား ခေါင်းစဉ်များနှင့် ပတ်သက်သော ယုတ္တိနှင့် လူထုငြင်းဆိုမှုများကို လေ့လာမှုမှာ အလွန်အရေးပေးကြောင်း သတိရလျှင် ဤဖြစ်ရပ်ကို ကောင်းစွာ နားလည်ပြီး နှစ်သက်နိုင်မည် ဖြစ်သည်[၂]။ နောက်ဆုံးပေါ် အိန္ဒိယဗုဒ္ဓဝါဒအတွေးအမြင် သီအိုရီများနှင့် တွေ့ထိခဲ့ပြီးဖြစ်သည့် အရှင်ဇောတိပါလအဖို့ အိန္ဒိယတိုက်ငယ်ပေါ်တွင် ဖြစ်ပေါ်နေသည့် မျက်မှောက် တိုးတက်မှုကို နားလည်မည့် အခွင့်အလမ်းနည်းပါးကြသည့် သီဟိုဠ်ရဟန်းတော်များအား နှိမ်နင်းရန်မှာ ခက်ခဲသောအရာ ဖြစ်မည်မဟုတ်ချေ။

ဝေတုလ္လဝါဒီများအား ယင်းသို့ လူသိရှင်ကြား နှိမ်နင်းခဲ့သော်လည်း နောက်တက်လာသည့် ဒုတိယအဂ္ဂ ဗောဓိမင်း (အေဒီ ၆၀၁-၆၁၁)သည် မဟာဝိဟာရကျောင်းတိုက်ထက် အဘယဂိရိနှင့် ဇေတဝနဝိဟာရများအတွက် ပိုမိုဆောင်ရွက်ခဲ့ပြန်သည်။ ၎င်း၏ မိဖုရားသည်လည်း အဘယဂိရိကျောင်းတိုက်ကို ပိုမို ကြည်ညိုသည်[၃]။ အမှန်စင်စစ် ဒုတိယအဂ္ဂဗောဓိမင်းသည် မဟာဝိဟာရကျောင်းတိုက်ကို စိတ်ဝင်စားပုံပင်မရချေ။ ပုံစံအားဖြင့် အခါတစ်ပါး ဇောတိပါလ မထေရ်ကြီးက မိမိ ထူပါရာမစေတီတော်ကြီးကို ဝတ်ပြုနေစဉ် စေတီတော်၏ အစိတ်အပိုင်းတစ်ခု ကွဲအက်ပြိုကျသည်ကို မင်းကြီးအား ပြသော အခါ မင်းကြီးသည် စိုးရိမ်စကား ပြောကြားပြီး ဗုဒ္ဓညှပ်ရိုးတော်ကို လောဟပါသာဒသို့ ရွှေ့ပြောင်းခဲ့သော်လည်း ပြန်လည်ပြုပြင်ရန် နှောင့်နှေးခဲ့သည်။ 'တုန်လှုပ်ဖွယ် အိပ်မက်' မြင်သောအခါတွင်မှ မင်းကြီးသည် စေတီတော်မြတ်အား ပြန်လည်ပြုပြင်မှုကို ပြီးဆုံးအောင် ဆောင်ရွက်ခဲ့

[၁] နိကာယသင်္ဂဟ၊ စာ-၁၅။ [၃] မဟာဝိဟာဝံသ ၄၂း၆၃-၆၆။

[၂] *History of Indian Lateraturе* by M. Winternitz, p.362. *History of Buddhist Tought* by E.J. Thomas, p. 245.



သည်[၁]။ တူညီသည့် လမ်းစဉ်ပေါ်တွင်ရှိသည့် မောဂ္ဂလ္လာနမင်း၏ သာသာပြုဆောင်ရွက်မှုများ နောက်ပိုင်း အလျင်အမြန် သံဂါယနာတင်ရန်နှင့် သာသနာတော်ကို သန့်ရှင်းစင်ကြယ်စေရန် မည်သည့်အရာသည် အရေးတကြီး ဖြစ်ခဲ့သနည်း။ ကုမာရဓာတုသေနမင်း၏ သံဂါယနာနှင့် သာသနာသန့်ရှင်းရေး ဆောင်ရွက်မှု၏ သဘောသဘာဝကို မသိရချေ။ မြတ်ဗုဒ္ဓ၏ ဓမ္မအစစ်အမှန်များကို ဆုံးဖြတ်ရန် ရှေးခေတ်များက သံဂါယနာ တစ်ခုကို ကျင်းပခဲ့ပြီးဖြစ်သည်။ သို့တစေ အကယ်၍ အေဒီငါးရာစုတွင် အဋ္ဌကထာကျမ်းများက ပါဠိတော်များကို ဖွဲ့စည်းထားပြီးဖြစ်လျှင် အေဒီ ခြောက်ရာစု၌ ကျင်းပသည့် သံဂါယနာသည် မည်သည့် ရည်ရွယ်ချက် ရှိပါသနည်း။ ယင်းသည် လူထုအကြား ဓမ္မသင်ယူမှုကို အားပေးရန် ခမ်းနားသည့် ဓမ္မကျမ်းစာ ရွတ်ဖတ်ခြင်း တစ်ရပ်သာ ဖြစ်လေသလော[၂]။

ဆယ်နှစ်ခန့်မျှ နိုင်ငံရေးပဋိပက္ခများနှင့် အုပ်ချုပ်သူများ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံသတ်ဖြတ်မှုများ ပြီးနောက် အထက်တွင် ဖော်ပြပြီးဖြစ်သည့် ရဟန်းလူထွက်ဖြစ်သူ သိလာကာဠမင်း (အေဒီ ၅၂၄-၅၃၇) အုပ်ချုပ်မှု ခေတ်သို့ ရောက်လာသည်။ ဤမင်းသည် မသတ်ဖြတ်ရ မာဃာတအမိန့်ကို သီဟိုဠ်တစ်ကျွန်းလုံးသို့[၃] မြင့်တင်လိုက်ပြီး ဆေးရုံများကို ထိန်းသိမ်းလျက်[၅] ပုံမှန် ဘာသာရေးကိစ္စများကို ဆောင်ရွက်သည်။

ဤမင်းနန်းစံ ဆယ့်နှစ်မြောက်တွင် ကာသိတိုင်း (ဗာရာဏသီ) မြို့သို့ စီးပွားရေးကိစ္စဖြင့် သွားရောက်ခဲ့သူ ပူရဏအမည်ရသည့် ကုန်သည် လုလင်ငယ်တစ်ယောက်သည် 'ဓမ္မဓာတု' အမည်ရသည့် ကျမ်းငယ်ကို သီဟိုဠ်သို့ ယူဆောင်လာခဲ့သည်[၅]။ ယခင် အိန္ဒိယနိုင်ငံသို့

[၁] မဟာဝံသ၊ ၃၉၊ ၅၇။

[၂] ဒလ္လမောဂ္ဂလ္လာနမင်းလည်း ပိဋကတ်ကျမ်းစာ ရွတ်ဖတ်သရဇ္ဈာယ်ပွဲ ကျင်းပခဲ့ကြောင်း ဆိုသည် (မဟာဝံသ၊ ၄၄၊ ၄၈)။ ဤရွတ်ဖတ်မှုသည်လည်း ယင်းသို့ သဘောရှိသည့် ရွတ်ဖတ်ခြင်းမျိုး ဖြစ်ဖွယ်ရှိသည်။

[၃] မဟာဝံသ၊ ၄၁၊ ၃၀။ [၄] ယင်း၊ ၄၁၊ ၂၈။

[၅] ယင်းကျမ်း၌ မည်သည့် အချက်များ ပါရှိသည်ဟူသည်ကို အတိအကျ မသိရချေ။ သို့ရာတွင် ပရနဝိတနပုဂ္ဂိုလ်က 'သိလာကာလမင်း လက်ထက် ဗာရာ

ထွက်ပြေး ခိုလှုံနေစဉ်အတွင်း အိန္ဒိယရှိ မဟာယာနဝါဒီများနှင့် ဆက်သွယ်မှု များစွာရှိခဲ့ပုံရသည့် သိလာကာလသည် ယင်းကျမ်းစာကို အလွန် ရိုသေလေးစားစွာ လက်ခံပြီး နန်းတော်အနီးတွင် သိမ်းထားပြီး ၎င်း နှစ်စဉ်ပုံမှန်ကျင်းပသည့် ပွဲတော်တစ်ခုအတွက် တစ်နှစ်လျှင် တစ်ကြိမ် ယင်းကျမ်းစာကို ဇေတဝနဝိဟာရသို့ ယူဆောင်သွားသည်။ ထိုအချိန်က ဇေတဝနဝိဟာရ၌ နေထိုင်ကြသော ဒက္ခိဏဂိရိကျောင်းတိုက်မှ သာဂလိယဂိုဏ်းဝင် ရဟန်းများသည် အတိတ်က ဘုရင်အချို့ ဝေတုလ္လဝါဒီများအပေါ် ထားရှိခဲ့သည့် ဆက်ဆံမှုကို သတိရကြသောကြောင့် ယင်းပွဲတော် လှုပ်ရှားမှုများ၌ ပူးပေါင်းပါဝင်ရန် ရှုံ့မုန်းကြသည်။ သို့တစေ အဘယဂိရိဂိုဏ်း သံဃာများက ၎င်းတို့အား **ဓမ္မဓာတု**ကျမ်းကို ပူဇော်ရန် ဆွဲဆောင်ခဲ့ကြသည်။ မဟာဝိဟာရသံဃာနှင့် အနုရာဓမြို့သူ မြို့သားအချို့မှာ ယင်းအစီအစဉ်များမှ အတူတကွ ပါဝင်ပတ်သက်မှုမရှိဘဲ နေကြသည်[၁]။

ထင်ရှားကျော်ကြားလှသည့် ကဗျာဆရာ ဘုရင် စူဠမောဂ္ဂလ္လာနမင်း သို့မဟုတ် ဒုတိယ မောဂ္ဂလ္လာနမင်း (အေဒီ ၅၃၇-၅၅၆) လက်ထက်အတွင်း ဓမ္မပြန့်ပွားရေးနှင့် ဓမ္မသင်ကြားမှုတိုးမြှင့်ရေးတို့ အတွက် လှုပ်ရှားမှု ကြီးတစ်ရပ်ကို တွေ့ရသည်။ တရားဟော ပုဂ္ဂိုလ်များအား ပူဇော်မှုများစွာ ပြုလုပ်လျက် ဤမင်းသည် ပိဋကတ်သုံးပုံကို အဋ္ဌကထာကျမ်းများနှင့်အတူ ဟောပြော ပို့ချစေသည်။ ကျမ်းစာရေးသားမှုများကိုလည်း စီမံပေးသည်။ ဤမင်းကိုယ်တိုင် ဘာသာရေးကဗျာ (ဓမ္မကဗ္ဗ) တစ်ခု ရေးဖွဲ့လျက် ညအချိန် မြို့တော်ရှိ တရားပွဲတစ်ခုအပြီးတွင် ဆင်ကျောကုန်းပေါ်တွင် ထိုင်လျက် ယင်းကဗျာကို ရွတ်ဆိုသည်။ ဤမင်းသည် ဓမ္မကျမ်းစာသင်ယူမှု ပျံ့နှံ့ရေးနှင့် ပတ်သက်၍ ဓမ္မကို သင်ယူရန် ကလေးများကို ချိုချဉ်သကြားလုံးများဖြင့် ဆွဲ

ဏသိမှ သီဟိုဠ်သို့ ရောက်ရှိလာသော ဝေတုလ္လသုတ္တန်မှာ ဗုဒ္ဓ၏ တြိကာယဓမ္မနှင့်ဆိုင်သော ကျမ်းစာဖြစ်သည်ဟူသော အချက်ကို တစ်စုံတစ်ရာ သံသယဖြစ်ဖွယ် မလိုချေ (*Ceylon Journal of Science*, G. Vol. II, p. 38.) ဟုဆိုသည်။

[၁] မဟာဝံသ၊ ၄၁၊ ၃၇-၄၀။ နိကာယသင်္ဂဟ၊ စာ- ၁၄-၁၅။



ဆောင်သည်ဟု မှတ်တမ်းတင်ခံရသည်အထိ အလွန် ဂရုတစိုက် ပြုခဲ့သည်[၁]။

နိုင်ငံရေးနှင့် အကျိုးဆက် သိပ်မရှိသော အခြားအနိမ့်အမြင့်ဖြစ်မှု နှစ်ကာလအတန်ငယ် ကြာပြီးနောက် ပထမအဂ္ဂဗောဓိမင်း (အေဒီ ၅၆၈-၆၀၁)လက်ထက်သို့ ရောက်လာသည်။ ဤမင်းအုပ်ချုပ်စဉ်အတွင်း ကဗျာဆရာကြီး ဆယ့်နှစ်ယောက်သည် သီဟိုဠ်ဘာသာဖြင့် ကဗျာပေါင်းများစွာ ရေးသားခဲ့ကြသည်[၂]။ နိုင်ငံတော်နှင့် သာသနာ့ရန်သူများကို နှိမ်နင်းလျက် ကိုးနှစ်ခန့် ကြာသွားပြီးနောက်[၃] ဒါဌာသိဝမဟာထေရအမည်ရသည့် အကြံပေးဆရာတော်၏ ညွှန်ကြားချက်များဖြင့် ကောင်းမွန်သည့် အလုပ်များကို လုပ်ဆောင်ခဲ့သည်[၄]။

ဤမင်းလက်ထက်တွင် အလွန်အရေးပါသည့် ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာကြောင်း သိရသည်။ အိန္ဒိယမှ ကြွလာသူ ဇောတိပါလဘွဲ့ အမည်ရှိ မထေရ်ကြီးတစ်ပါးသည် အများပြည်သူနှင့်ဆိုင်သော အငြင်းပွားမှု တစ်ရပ်ဖြင့် သီဟိုဠ်၌တည်ရှိသည့် ဝေတုလ္လဝါဒကို နှိမ်နင်းခဲ့သည်။ ဝေတုလ္လတို့ကို ပြင်းပြင်းထန်ထန် ထောက်ခံသူ ဒါဌာပဘုတိဟုခေါ်သော **အာဒိပါဒ**တစ်ယောက်သည် နှိမ်နင်းခံရမှုကြောင့် မကျေမချမ်းဖြစ်ပြီး စိတ်ဆိုးပြီး မထေရ်ကိုရိုက်ရန် လက်ဖြင့် ချိန်ရွယ်လိုက်သည်။ သို့ရာတွင် ဘုရင်သည် ဇောတိပါလမထေရ်အား အလွန့်အလွန် ကြည်ညိုသွားပြီး ယင်းကျောင်းတိုက်မှာပင် ဆက်လက် သီတင်းသုံးရန် လျှောက်ထားသည်[၅]။ နိကာယသင်္ဂဟကျမ်း၌ ဤလူသိရှင်ကြား နှိမ်နင်းပြီးနောက် ဝေတုလ္လဝါဒသို့ ဝင်ရောက်သူမရှိတော့ကြောင်းနှင့် အဘယဂိရိနိကာယနှင့် ဇေတဝနနိကာယ နှစ်ခုလုံးမှ

[၁] မဟာဝံသ၊ ၄၁၊ ၅၈-၆၀၊ ၆၂။
[၂] မဟာဝံသ၊ ၄၂၊ ၁၃။ နိကာယသင်္ဂဟ၊ စာ-၁၅။
[၃] မဟာဝံသ၊ ၄၂၊ ၁၄။
[၄] ယင်း၊ ၄၂၊ ၁၄-၃၄။
[၅] မဟာဝံသ၊ ၄၂၊ ၃၅-၃၇။ နိကာယသင်္ဂဟ၊ စာ-၁၅။ နိကာယသင်္ဂဟကျမ်းတွင် ဤအငြင်းပွားမှုကို သိလာကာလမင်းလက်ထက်တွင် ဖြစ်ကြောင်း ဖော်ပြသည်မှာ မှားယွင်းဖွယ်ရှိသည်။

အဘိဓမ္မာ၌ စိတ်ဝင်စားမှုအသစ်မှာ ထိုခေတ်၏ ပညာတတ်လူတန်းစား၏ ထူးခြားသည့် သွင်ပြင်ဖြစ်လာခဲ့သည်။ ဟူယင်ဆန်က ထိုအချိန်၌ အိန္ဒိယရှိ ပညာတတ်ရဟန်းများမှာ များစွာ ပူဇော်ဂုဏ်ပြုခြင်းခံရကြောင်းနှင့်[၁] သီဟိုဠ်ရဟန်းများသည်လည်း ၎င်းတို့၏ ဗဟုသုတနှင့် အသိပညာစွမ်းရည်များအတွက် ထင်ရှားကြောင်း မှတ်တမ်းတင်ခဲ့သည်[၂]။ သို့ဖြစ်၍ ထိုခေတ်ကာလ၏ ယုံကြည်မှုဆိုင်ရာ စိတ်ဓာတ်နှင့်အညီ တတိယ ဇေဋ္ဌတိဿမင်းသည် ၎င်းသေခြင်းတရားနှင့် ကြုံတွေ့ခဲ့သည့် စစ်ပွဲသို့ မသွားမီ ၎င်း၏မိဘုရားအား အဘိဓမ္မာကို သင်ကြားပြီး အဘိဓမ္မာကို ဟောကြားလျက် ရရှိသည့် ကုသိုလ်အဖို့ကို မိမိအားမျှဝေရန် မှာကြားခဲ့သည်[၃]။ ဒုတိယ မဟိန္ဒမင်းသည်လည်း အဘိဓမ္မာကို ကျယ်ကျယ်ပြန့်ပြန့် ဟောကြားပို့ချရန် တိုက်တွန်းခဲ့သည်[၄]။

ဒုတိယ ဒါဌောပတိဿမင်း (အေဒီ ၆၅၀-၆၅၈) လက်ထက်တွင် မဟာဝိဟာရကျောင်းတိုက်နှင့် ဘုရင်တို့အကြား တစ်ဖန် အငြင်းပွားမှု ရှိခဲ့ပြန်သည်။ ဒါဌောပတိဿမင်းသည် အဘယဂိရိကျောင်းတိုက် အတွက် ကျောင်းအဆောက်အအုံတစ်ခု ဆောက်လုပ်ရန်လိုသော်လည်း မဟာဝိဟာရသံဃာက မိမိတို့ ကျောင်းတိုက်၏ နယ်နိမိတ်အတွင်း တည်ရှိသဖြင့် ငြင်းဆိုသည်။ သို့တစေ ဘုရင်သည် မိမိ၏ အစီအမံအတိုင်း အင်အားသုံး၍ ဆောင်ရွက်သည်။ ထေရိယဂိုဏ်းဝင် သံဃာတော်များသည် တစ်ဖန် ဘုရင်အား မုန်းတီးဆန့်ကျင်ကြလျက် ဘုရင်အား လူဥပါသကာ တစ်ယောက်ကို အဆက်အသွယ် ဖြတ်တောက်ခြင်းဖြစ်သည့် ပတ္တနိကုဇ္ဇနကံ[၅] ပြုကြသည်။ သို့တစေ ဘုရင်သည် မဟာဝိဟာရသံဃာအား ဆန့်ကျင်မှု တစ်စုံရာ မပြုလုပ်ခဲ့ချေ။

---

[၁] Huen Tsiang I, p. 81.

[၂] ယင်း၊ အတွဲ ၂၊ စာ-၂၄၇။

[၃] မဟာဝံသ၊ ၄၅၊ ၁၀၉။

[၄] ယင်း၊ ၄၄၊ ၁၄၁။

[၅] မဟာဝံသ၊ ၄၅၊ ၁၄၁။ ရဟန်းများသည် သပိတ်ကို တည့်တည့်အပေါ် လှန်လျက် သွားကြပြီး ၎င်းတို့ မကြိုက်သည့် ဥပသကာ အိမ်ရှေ့တွင် သပိတ်ကို မှောက်ထားကြသည်။ ယင်းသို့ ပြုလုပ်ချက်မှာ သံဃာအနေဖြင့် ထိုဥပါသကာ



သည်[၁]။ ဤမင်းသည် သာဂလိယဂိုဏ်းဝင် ရဟန်းတော် များအတွက် ဝေဠုဝနဝိဟာရကျောင်းတိုက်ကို တည်ဆောက်ခဲ့သည်[၂]။ သမိုင်းတွင် ဒုတိယအကြိမ်အဖြစ် မိဖုရား၏ဆွေမျိုး တစ်ယောက်အား ဤမင်းက **အသိဂ္ဂါဟ**ဘွဲ့ ပေးအပ်သည်ကို တွေ့ရသည်[၃]။

ဒုတိယအဂ္ဂဗောဓိမင်း လက်ထက်အတွင်း ကလိင်္ဂမင်းသည် နိုင်ငံရေးပဋိပက္ခကြောင့် သီဟိုဠ်သို့ ရောက်လာပြီး အရှင်ဇောတိပါလ မထေရ်ထံတွင် ရဟန်းပြုသည်။ ဤရဟန်း (ကလိင်္ဂမင်း)၏ မိဘုရားနှင့် အမတ်များ သီဟိုဠ်သို့ လိုက်လာပြီး ၎င်းတို့လည်း ရဟန်းပြုကြသည်။ အဂ္ဂဗောဓိမင်းနှင့် မိဘုရားတို့သည် သီဟိုဠ်တွင် ပျော်ရွှင်စွာ နေထိုင်နိုင်ရန် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးကြသည်။ ကလိင်္ဂမင်း (ရဟန်းတော်)သည် သီဟိုဠ်၌ ပျံလွန်တော်မူသည်[၄]။

ယင်းနောက် ရာစုနှစ်ဝက် တစ်ခုမျှလောက်တွင် သီဟိုဠ်နိုင်ငံသည် နိုင်ငံရေးနှင့် ဘာသာရေးပြဿနာများ အစဉ်မပြတ် ရှိခဲ့သည်။ ထိုအချိန်မှစ၍ နှောင်းခေတ်များတွင် ဘုရင်မင်းများသည် များသောအားဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံဟောင်းများကို ပြန်လည်ပြုပြင်ပြီး ကျောင်းတိုက်များအား ထောက်ပံ့မှုများ ပြုလုပ်ပြီး ထင်ရှားသည့် ပွဲတော်များ ကျင်းပပြီး ဗုဒ္ဓသာသနာတော် စင်ကြယ်ရန် ကြိုးပမ်းခဲ့သည်။

ထိုအချိန်က ဗုဒ္ဓသာသနာတော်ကို သုတ်သင်ခြင်း(သောဓန)၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ အတော်အတန် ထင်ရှားသည်။ အမြဲတမ်းပင် သာသနာတော်သုတ်သင်မှုကို ဝိနယစည်းမျဉ်း စည်းကမ်းဟူသော ဓမ္မကံ (ဓမ္မကမ္မ)[၅]နှင့်အညီ ဆောင်ရွက်ကြောင်း ဖော်ပြသည်။ သာသ

---

[၁] မဟာဝံသ၊ ၄၂၊ ၅၁-၅၆။

[၂] ယင်း၊ ၄၂၊ ၄၃။ ဝီလျံဂိုင်ဂါသည် ယင်းကျောင်းတိုက်နေရာသည် အနုရာဓပုရနှင့် မဟိန္တလေ့အကြား တစ်နေရာရာတွင် ရှိနိုင်သည်ဟု ယူဆသည်။ (စူဠဝံသ၊ အင်္ဂလိပ်ဘာသာပြန်၊ အတွဲ ၂၊ စာ-၇၇၊ အောက်ခြေမှတ်ချက် ၂)။

[၃] မဟာဝံသ၊ ၄၂၊ ၄၂။

[၄] ယင်း၊ ၄၂၊ ၄၄-၅၀။

[၅] မဟာဝံသ၊ ၃၉၊ ၅၇။ အခန်း ၄၅၊ ၄၆၊ ၇၆။ အခန်း ၅၁၊ ၆၄။

နာ သုတ်သင်မှုကို ဘုရင်၏အမိန့်ဖြင့် သံဃာတော်များက ဆောင်ရွက်ခြင်းဖြစ်သည်။ ရဟန်းတော်အများစုသည် အချိန်ကာလများနှင့်အတူ ပြောင်းလဲနေဖွယ်ရှိပြီး ယင်းကို ရှေးရိုးအစဉ်အလာအတိုင်း လိုက်နာလိုကြသည့် သံဃာတော်များက စာရိတ္တပျက်ပြားမှု အဖြစ်ယူဆသည်။ ကျွန်ုပ်တို့အနေဖြင့် ယင်းသဘာဝတိုးတက်မှုအလျဉ် မဖြစ်ပေါ်စေရန် စာရိတ္တပျက်ပြားမှု လျှော့ကျရေးအဖြစ် ယူဆသည့် ဘုရင်မင်းများနှင့် ဩဇာတိက္ကမ ကြီးမားသည့် ဘာသာရေး ခေါင်းဆောင်ရဟန်းတော်များ၏ မအောင်မြင်သော ကြိုးပမ်းမှုများကို သမိုင်းတစလျှောက်တွင် မြင်တွေ့ကြရသည်။

ဒလ္လမောဂ္ဂလ္လာနခေါ် တတိယမောဂ္ဂလ္လာနမင်း (အေဒီ ၆၁၁-၆၁၇)သည် ခမ်းနားလှသည့် ပိဋကတ်သုံးပုံ ရွတ်ဆိုမှု (ပိဋကာနုဒ္ဓသဇ္ဈာယံ) တစ်ရပ် ကျင်းပပြီး ပညာတတ်ပုဂ္ဂိုလ်များအား ပူဇော်သက္ကာပြုလျက် ဘာသာတရားအသိပညာ ပြန့်ပွားရေးအတွက် အားပေးဆောင်ရွက်ခဲ့သည်[၁]။ ဤမင်းလက်ထက်တွင် ကဌိန (Ka hina ceremo-ny) ပွဲအကြောင်း ဖော်ပြချက်တစ်ရပ် တွေ့ရသည်[၂]။ ဤမင်းလည်း သာသနာတော် သန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်[၃]။

ဤမင်းကို ဆက်ခံသူ သိလာမေဃဝဏ္ဏမင်း (အေဒီ ၆၁၇-၆၂၆) လက်ထက်အတွင်း အဘယဂိရိကျောင်းတိုက်တွင် ကြီးမားသည့် ဆူပူမှုတစ်ရပ် ဖြစ်ပွားသည်။ အဘယဂိရိကျောင်းတိုက်တွင် နေထိုင်သူ ဗောဓိအမည်ရသည့် ရဟန်းတစ်ပါးသည် ယင်းကျောင်းတိုက်နေ သံဃာတော်များစွာတို့၏ ဝိနည်းနှင့်မညီသည့် အပြုအမူကို ဆန့်ကျင်လျက် ဘုရင်ထံ စာဒကတက်ပြီး ဓမ္မကံဖြင့် ကိုင်တွယ်ဖြေရှင်းပေးရန် ဘုရင်အား တောင်းဆိုသည်။ ဘုရင်က ဗောဓိရဟန်းတော်အား သာသနာသန့်ရှင်းရေး ဆောင်ရွက်ရန် တာဝန်ပေးအပ်သည်။ ဒုဿီလ ရဟန်းတော်များအားလုံး စုရုံးပြီး ရဟန်းတော် ဗောဓိအား သတ်ဖြတ်လိုက်ပြီး ယင်းဥပဒေကို ဖျက်သိမ်းလိုက်ကြသည်။ ဘုရင်သည် အလွန်စိတ်ဆိုးပြီး ရာဇဝတ်ပြစ်မှု ကျူးလွန်သူများ၏ လက်များကို ဖြတ်

[၁] မဟာဝံသ၊ ၄၂၊ ၅၁-၅၆။
[၂] မဟာဝံသ၊ ၄၄၊ ၄၇။
[၃] ယင်း၊ ၄၄၊ ၄၈။



ပစ်ပြီး၊ ထူးခတ်ထားလျက် ရေချိုးကန်များကို စောင့်ကြည့်ခိုင်းသည်။ ထို့ပြင် ရဟန်းတစ်ရာကို ပြည်နှင်ဒဏ်ပေးပြီး အဆုံးစွန် ‘သာသနာတော်ကို စင်ကြယ်အောင်’ ဆောင်ရွက်လိုက်သည်။ ယင်းကိစ္စဖြစ်ပျက်ပြီးနောက် ကျောင်းတိုက်ကြီးနှစ်ခု အညီအညွတ် ပူးပေါင်းမှုဖြစ်ပေါ်လာမည်ကို စိုးရိမ်ပြီး ထေရိယဂိုဏ်းဝင် သံဃာတော်များအား အဘယဂိရိ ကျောင်းတိုက်သံဃာနှင့်အတူ ဥပုသ်ပြုပွဲကျင်းပရန် တောင်းပန်သည်။ သို့တစေ ထိုတောင်းပန်မှုကို လိုက်လျောရန် ငြင်းဆိုသည်[၁]။

နောက်ထပ် ဆယ်နှစ် သို့မဟုတ် ဆယ့်ငါးနှစ်ခန့်အတွင်း သီဟိုဠ်နိုင်ငံသည် အုပ်ချုပ်သူအချင်းချင်း ဖြစ်ပွားသည့် ပြည်တွင်းစစ်ပွဲများကြောင့် လက်တွေ့အားဖြင့် ပြိုကွဲပျက်စီးခဲ့သည်။ မဟာဝိဟာရနှင့် အဘယဂိရိကဲ့သို့သော ချမ်းသာသည့် ကျောင်းတိုက်များအားလုံး လုယက်ခံရသည်၊ ထူပါရာမကဲ့သို့သော စေတီတော်များ ဖျက်ဆီးခံရပြီး ရတနာများကို ယူဆောင်သွားကြသည်။ ကျောင်းတိုက်များတွင် ရှိသည့် ရွှေဆင်းတုတော်များ၊ တံခွန်များနှင့် အခြားအဖိုးတန် ပစ္စည်းများ လုယက်ယူဆောင်သွားကြပြီး သူပုန်အမျိုးမျိုးတို့၏ စစ်တပ်ကို ထိန်းသိမ်းရန် ရောင်းချကြသည်[၂]။

အဆိုပါ ပြဿနာများပြီးနောက် ဒုတိယ ကဿပမင်း (အေဒီ ၆၄၁-၆၅၀) နန်းတက်သောအခါ ဤမင်းသည် ပျက်စီးသွားသည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ပြီး အတိတ်တွင် လုပ်ခဲ့သည့် ၎င်း၏ မကောင်းမှုများကို ကုစားရန် ဘာသာရေး လှူပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်[၃]။ ဤမင်းသည် သံဃာတော်များအား လှည့်လည်သွားလာပြီး တရားဓမ္မများ ဟောကြားစေ[၄]လျက် ပါဠိတော်လက်သန်းကျမ်းများ ရေးသားရန် တိုက်တွန်းခဲ့သည်[၅]။ အဋ္ဌကထာကျမ်းများနှင့်တကွ အဘိဓမ္မာပါဠိတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ရန်လည်း တိုက်တွန်းခဲ့သည်[၆]။

[၁] မဟာဝံသ၊ ၄၄၊ ၇၅-၈၀။
[၂] ယင်း၊ ၄၄၊ ၁၃၀-၁၄၀။
[၃] ယင်း၊ ၄၄၊ ၁၄၈။
[၄] ယင်း၊ ၄၄၊ ၁၄၈။
[၅] မဟာဝံသ၊ ၄၅၊ ၃။
[၆] ယင်း၊ ၄၅၊ ၁၅၀။

ဟု လူသိများသော ရဟန်းတော်များသည် ထင်ရှားလာသည်[၁]။ ထို ရဟန်းတော်များသည် မူလအားဖြင့် အဘယဂိရိဂိုဏ်းဝင်များဖြစ်ပုံရပြီး ရာစုနှစ် တစ်ခုနှင့် တစ်ဝက်ကြာမှသာ သီးခြားအုပ်စု တစ်ခုအဖြစ် ကွဲထွက်သွားခဲ့ပုံရသည်[၂]။ ပံ့သကူဆောင် ရဟန်းများသည် ချက်ချင်း ခေတ်စားလာပြီး ဘုရင်မင်းများသည် ထိုရဟန်းများထံ ဖူးမြော် ဝင်ထွက် သွားလာမှု တိုးချဲ့လာကြောင်း တွေ့ရသည်[၃]။ ပဥ္စမ အဂ္ဂဗောဓိမင်း (အေဒီ ၇၁၁-၇၁၇) သည် မိမိကိုယ်တိုင် ဝတ်သည့် အဝတ်ကောင်းများကိုပင် ပံ့သကူဆောင် ရဟန်းတို့၏ သင်္ကန်းများအဖြစ် လှူဒါန်းခဲ့ကြောင်း သိရသည်[၄]။

ပံ့သကူဆောင် ရဟန်းတော်များအပါအဝင် ဂိုဏ်းကြီး သုံးဂိုဏ်းမှ သံဃာတော်များအား လှူဒါန်းထောက်ပံ့ခဲ့သူ ဆဋ္ဌမ အဂ္ဂဗောဓိမင်း (အေဒီ ၇၆၆-၇၇၂) လက်ထက်၌လည်း သာသနာတော် သန့်ရှင်းရေး ဆောင်ရွက်မှုအကြောင်း တစ်ဖန်ကြားရပြန်သည်[၅]။ ဤအချိန်၌ ပေါ လုန္နရုဝသည် ပိုမို အချက်အချာနေရာ ဖြစ်လာပြီး ဤမင်းသည် ပေါလုန္နရုဝကို မြို့တော်အဖြစ် ပထမဆုံး သိမ်းပိုက်ခဲ့သူဖြစ်သည်[၆]။

နောင် ပေါလုန္နရုဝခေတ်တွင် ဗုဒ္ဓဝါဒကျင့်စဉ်များအတွင်း အကြီးအကျယ် ဟိန္ဒူဩဇာလွှမ်းမိုးမှု ရှိခဲ့သည်ကို တွေ့ရသည်။ ဟိန္ဒူကျင့်စဉ် လွှမ်းမိုးမှု ရှေးဦးလက္ခဏာများကို ဤမင်းလက်ထက် လောက်တွင် သတိပြုမိကြသည်။ ဥပမာအားဖြင့် ဒုတိယ မဟိန္ဒမင်း (အေဒီ ၇၇၂-

[၁] မဟာဝံသ၊ ၄၇း၆၆။ ခုတင်ဆယ့်သုံးမျိုးအနက် ပထမဆုံး ခုတင်ဖြစ်သည့် ပံ့သကူခုတင်ကို ဆောင်သည့် ရဟန်းတော်များကို ပံသုကူလိက (ပံ့သကူဆောင်) မထေရ်များဟု ခေါ်သည်။ ထိုရဟန်းများသည် ၎င်းတို့၏ သင်္ကန်းများကို လူများ လွှင့်ပစ်ထားသည့် အဝတ်စုတ်များဖြင့် ၎င်းတို့၏ သင်္ကန်းကို ချုပ်လုပ ကြသည်။ ဘီစီ ပထမရာစုအချိန်ကပင် ပံသုကူဆောင် မထေရ်များ ရှိခဲ့သည်။

[၂] မဟာဝံသ၊ ၅၁၊ ၅၂။

[၃] ယင်း၊ အခန်း ၄၇၊ ၆၆။ အခန်း ၄၈၊ ၄၊ ၁၆။ အခန်း ၄၉၊ ၆၀၊ ၁၆၃၊ ၇၆။ အခန်း ၅၀၊ ၅၂။

[၄] ယင်း၊ ၄၈၊ ၁၆။

[၅] ယင်း၊ ၄၈၊ ၇၁-၇၂။

[၆] ယင်း၊ ၄၈၊ ၇၄။



ဒုတိယ ဒါဌောပတိဿမင်း၏ ညီငယ် စတုတ္ထ အဂ္ဂဗောဓိမင်း (အေဒီ ၆၅၈-၆၇၄) လက်ထက်တွင် ငြိမ်းချမ်းသည့် ခေတ်တစ်ခုသို့ ရောက်လာသည်။ ဒါဌာသိဝအမည်ရှိ ဘုရင့်အကြံပေး မထေရ်၏ ညွှန်ကြားချက်အရ အတိတ်က ၎င်း၏ ဆွေတော်မျိုးတော်များ ပြုလုပ်ခဲ့သည့် ဘုန်းကြီးကျောင်းတိုက်များအပေါ် မမျှတမှု အားလုံးအတွက် ပြီးပြည့်စုံသည့် ပြုပြင်များကို ဆောင်ရွက်သည်။ မင်းကြီးသည် နိကာယသုံးခု (ဂိုဏ်းသုံးခု)လုံးမှ သံဃာတော်များအား ကြည်ညိုသည်။ ရဟန်းတော်များအား ထိန်းသိမ်း စောင့်ရှောက်မည့် ကျေးရွာများ၊ အလုပ်အကျွေး ပြုသူများ၊ ကပ္ပိယများနှင့် အခြားလိုအပ်သည်များ အားလုံးကို ထောက်ပံ့သည်။ 'မင်းကြီးသည် နိကာယသုံးခုမှ သံဃာတော်များအား များပြားပြီး သေချာသည့် အခွန်တော်များနှင့်အတူ ရွာပေါင်း တစ်ထောင်ကို လှူဒါန်းသည်'[၁]။

အိမ်မှ မည်သည့်အလှူပစ္စည်းကိုမျှ လက်ခံမည် မဟုတ်ဟူသော သင်္ကေတ ဖြစ်သည်။ အကြီးအကျယ် စော်ကားမှုတစ်ရပ်အဖြစ် ယူဆသည့် ထိုဘာသာရေး ဆန္ဒပြမှုသည် သံဃာအား မလေးစားသော သံဃာ့လာဘ်ကို လျော့ပါးအောင်လုပ်သော ဥပသကာအား ပြုလုပ်သည် (မဟာဝံသ၊ ၄၅၊ ၃၂-၃၄)။ စူဠဝဂ္ဂပါဠိတော် (စာ-၂၆၂) အရ ပတ္တနိကုဇ္ဇနကံကို သံဃာ့ပရိသတ်က (သိမ်ထဲမှာ) ကမ္မဝါစာရွတ်ဖတ်ပြီး ဆောင်ရွက်ရသည်။ မဟာဝံသ (စူဠဝံသ) မှတ်တမ်း၌ ဝိနည်းပါဠိတော်တွင် ညွှန်ပြသည့်အတိုင်း (သိမ်ထဲတွင် ကမ္မဝါစာဖတ်၍) ပြုပြီးနောက် လူထုပရိသတ် ရှေ့မှောက်၌ မြင်နိုင်သည့် ပုံစံဖြင့် အေဒီ ခုနစ်ရာစုအချိန်က လက်တွေ့ ဆောင်ရွက်ခဲ့ပုံကို ဖော်ပြခြင်း ဖြစ်ဖွယ်ရှိသည်။ စူဠဝဂ္ဂဝါဠိတော်၌ လူဥပါသကာတစ်ယောက်အပေါ် ပတ္တနိကုဇ္ဇနကံပြုနိုင်သည့် အကြောင်း ရှစ်မျိုးကို ချမှတ်ထားသည် ၁) သံဃာအား လာဘ်လာဘနည်းအောင် ကြိုးစားခြင်း ၂) ရဟန်းတော်များအား ကိုယ်ထိလက်ရောက် စော်ကားရန် ကြိုပမ်းသူ ၃) ရဟန်းတော်များအား နေရာတစ်နေရာမှ နှင်ထုတ်ရန် ကြိုးပမ်းသူ ၄) ရဟန်းတော်များအား စော်ကားရန် ကြိုးပမ်းသူ ၅) သံဃာတော်များ အကြား ညီညွတ်မှု ပျက်ပြားအောင် အားထုတ်သူ ၆) ဗုဒ္ဓရှင်တော်မြတ်အား ကဲ့ရဲ့စကား ဆိုသူ ၇) ဓမ္မအား ကဲ့ရဲ့စကား ဆိုသူ ၈) သံဃာအား ကဲ့ရဲ့စကားဆိုသူတို့ဖြစ်သည်။

[၁] မဟာဝံသ ၄၆း၆-၁၆။

တစ်နိုင်ငံလုံးသည် ဘုရင့်စံနမူကို လိုက်နာကြသည်။ ဘုရင့်အမှုတော်ကို ထမ်းရွက်ကြသည့် ရာထူးမြင့်သော တမီးလ်လူမျိုးများပင် ဘုရင်၏ ဘာသာရေး ဆောင်ရွက်မှုများ၌ ဘုရင့်စံနမူအတိုင်း အတုယူဆောင်ရွက်ကြသည်။ မိဖုရားကြီးသည် ဘိက္ခုနီများအတွက် ကျောင်းတိုက်တစ်ခု တည်ဆောက်ပြီး ၎င်းတို့ လိုအပ်သည်များ အားလုံးကို ထောက်ပံ့ လှူဒါန်းသည်[၁]။

စတုတ္ထ အဂ္ဂဗောဓိမင်း အုပ်ချုပ်စဉ်အတွင်း ပထမဆုံးအကြိမ်အဖြစ် နောင်အခါ ပုံမှန် ဗုဒ္ဓဝါဒကျင့်စဉ်တစ်ခု ဖြစ်လာသည့် အခမ်းအနားဖြင့်[၂] ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် ပတ်သက်သည့် ရည်ညွှန်းချက် တစ်ရပ်ကို တွေ့ရသည်။ ဤမင်းသည် မာဃာတ (သူတစ်ပါး အသက်ကို မသတ်ရ)ဟူသော အမိန့်ကိုလည်း ထုတ်ပြန်ခဲ့သည်[၃]။ တိရစ္ဆာန် တို့၏ အသက်နှင့်ပတ်သက်သည့် အတွေးအမြင်သစ်တစ်ရပ် လူထု နှလုံးသား၌ လွှမ်းမိုးစ ပြုလာသည်ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ တတိယကဿပမင်း (အေဒီ ၇၁၁-၇၉၂)လက်ထက် မာဃာတ အမိန့်သာမက ဆိပ်ကမ်းနှစ်ခုတို့၌ (မစ္ဆတိတ္ထေ ဒုဝေ) ငါးများကို မွေးမြူစောင့်ရှောက်ခဲ့သည်[၄]။ ဒုတိယ မဟိန္ဒမင်း (အေဒီ ၇၇၂-၇၉၂) နှင့် ပထမ သေနမင်း (အေဒီ ၈၃၁-၈၅၂)တို့သည် ငါးများ၊ သားရိုင်းများနှင့် ငှက်များအား (မစ္ဆာနံ မိဂပက္ခီနံ) အစားအစာများကို တရားဝင်သတ်မှတ်ပေးခဲ့ပြီး ပထမ ဥဒယမင်း (အေဒီ ၇၉၂-၇၉၇၊ ဒုတိယ ဒပ္ပုလမင်းလည်းဟူ)သည် ကျွဲနွားများအား ပြောင်းကို ကျွေးရန်နှင့် ကျီးကန်းများနှင့် အခြားငှက်များအား ဆန်ကို ကျွေးရန် သတ်မှတ်ပေးခဲ့ကြောင်း သိရသည်[၁]။

အနုရာဓမြို့ပြီးနောက် သီဟိုဠ်နိုင်ငံ၏ မြို့တော်ဖြစ်လာသည့် ပုလတ္ထိပုရ သို့မဟုတ် ပေလုန္နရုဝမြို့သည် ထိုအချိန်က ကျူးကျော်သူတို့ကို ဆန့်ကျင်သည့် မဟာဗျူဟာအရရော အနီးအနားရှိ ကျယ်ပြန့်သည့် ဆည်မြောင်းတာတမံကို အကြောင်းပြု၍ ကြွယ်ဝချမ်းသာမှုကြောင့်ပါ အရေးပါလာသည်။ အနုရာဓပုရမြို့မှာမူ ကြီးပွားမှုမှာ ဟောင်းနွမ်းသွားပြီး အစိုးရနန်းစိုက်မြို့ဖြစ်ခြင်းထက် ဘာသာရေးဆိုင်ရာမြို့တော် တစ်ခုသာဖြစ်လာနေသည်။ စတုတ္ထအဂ္ဂဗောဓိမင်း (အေဒီ ၆၅၈-၆၇၄)သည် ပေါလုန္နရုဝမြို့ကို ယာယီအားဖြင့် ပထမဆုံးသိမ်းပိုက်ခဲ့ပြီး ဤမင်းသည် ထိုမြို့မှာပင် မမျှော်လင့်ဘဲ ရုတ်တရက် နာမကျန်းဖြစ်ပြီး ကွယ်လွန်သည်။ ဤမင်းသည် ပြည်သူလူထုက ၎င်း၏ အရိုးပြာများကို ဆေးအဖြစ် အသုံးပြုကြသည်အထိ အလွန်ကောင်းပြီး ဘာသာ တရား ကိုင်းရှိုင်းသူဖြစ်သည်။

မာနဝမ္မမင်း (၆၇၆-၇၁၁)လက်ထက်တွင် ရဟန်းတော်များ၏ အလွန်အမင်း သက်သောင့်သက်သာနေရသည့် ဘဝကိုဆန့်ကျင်ပုံရသည့် တုံ့ပြန်မှုတစ်ရပ် အနေဖြင့်ရော ရှေးဟောင်း ဘာသာရေးဘဝကို ပြန်လည် ရှင်သန်စေသည့် အနေဖြင့်ပါ ပံသုကူလိက (ပံ့သကူဆောင်)

---

[၁] ယင်း၊ ၄၆၊ ၁၀-၂၇။

[၂] ယင်း၊ ၄၆၊ ၅။

[၃] ယင်း၊ ၄၆၊ ၃။

[၄] မဟာဝံသ၊ ၄၆၊ ၂၄။ ဂိုင်ဂါသည် မစ္ဆတိတ္ထဟူသော စကားလုံးကို ဘာသာပြန်ခြင်းမပြုဘဲ စာဖတ်သူအား (ယင်းဝေါဟာရကို) 'မစ္ဆတိတ္ထ' အမည်ဖြင့် ထင်ရှားသော ကျောင်းတိုက်များအဖြစ် ယူဆခဲ့သူ ဝိက္ကမသံဃ (Wickrema-singha)ပုဂ္ဂိုလ်အား ရည်ညွှန်းခဲ့သည် (E.Z. I, 216, 221, 227)။ ယင်းဖော်ပြချက် မှားယွင်းသည်မှာ ထင်ရှားသည်။ သနားကြင်နာမှု (ကရုဏာ)ကြောင့် ငါးများကို မြစ်ဆိပ်တို့၌ မွေးမြူ ကျွေးမွေးထားခြင်းမှာ သီဟိုဠ်ကျေးရွာများ၌ ယနေ့တိုင်အောင်ပင် ထင်ရှားသော အလေ့အကျင့်တစ်ခုဖြစ်ပြီး ယင်းသည် ရှေးဟောင်း အစဉ်အလာတစ်ရပ်ကို လိုက်နာနေကြခြင်းဖြစ်ဖွယ်ရှိသည်။ ဗုဒ္ဓဝါဒီ ကျေးလက်နေသူများသည် အထူးသဖြင့် ဥပုသ်နေ့များ၌ ထမင်း သို့မဟုတ် အခြား အစားအစာများဖြင့် ငါးများကို ကျွေးမွေးလေ့ရှိကြသည်။ ယင်းသို့ မွေးမြူထားသည့် ငါးတစ်ကောင်ကို သတ်ဖြတ်ခြင်းသည် ရွာသူရွာသားများအား အလွန် စိတ်မချမ်းမြေ့ဖွယ် ဖြစ်စေသည်။ ဥပမာအားဖြင့် မကြာမီက သီဟိုဠ်တောင်ပိုင်းဒေသ၊ ဝါလိဂမ် ကောရာလေ့ (Vāligam Kōralē) နယ်၌ပါဝင်သည့် ကနန်ကေ့ ကျေးရွာရှိ ယင်းသို့သော ဆိပ်ကမ်းတစ်ခု၌ ငါးတစ်ကောင်ကို သတ်ဖြတ်ခဲ့သူ အမျိုးသားတစ်ယောက်သည် နောက်ဆက်တွဲ အကျိုးဆက်များမှ လွတ်ကင်းရန် ကျေးရွာ ဘုန်းကြီးကျောင်းသို့ ဒဏ်ငွေ ရူပီး ၁၀ မဖြစ်မနေ ပေးဆောင်ခဲ့ရသည်။

ရာစုနှစ် ဆယ့်နှစ်ခုနီးပါးမျှ ကုန်လွန်ခဲ့ပြီးနောက် ယခုအချိန်တွင် အနုရာဓပုရမြို့သည် ဘုရင်ထီးနန်းစိုက် မြို့တော်အဆင့်မှ လျှောကျသွားခဲ့ပြီးဖြစ်ပြီး ယင်း၏ နောက်ဆုံးဘုရင်မှာ ဒုတိယ ဥဒယမင်း (အေဒီ ၈၈၅-၈၉၆) ဖြစ်ပြီး ၎င်းအား ဆက်ခံခဲ့သူမှာ ဒုတိယ သေနမင်း ဖြစ်သည်။

ရှေးခေတ် အဆက်ဆက်တွင် ဗုဒ္ဓဝါဒ လှုပ်ရှားမှုများ၏ အဓိက ဗဟိုနေရာ ဖြစ်ခဲ့သော လောဟပါသာဒတွင် ဒုတိယသေနမင်း ပြန်လည်ပြုပြင်ပြီး အသုံးအဆောင်အသစ်များ လှူဒါန်းပြီးနောက် အချိန်ကာလမှာပင် ရဟန်းတော် ၃၂ ပါးမျှသာ ရှိတော့သည်[၁]။ နိုင်ငံရေးအရရော ဘာသာရေးအရပါ စိတ်ဝင်စားမှုနှင့် လှုပ်ရှားမှုအားလုံးသည် ယခုအခါ အရေးပါမှုအရရော အရွယ်အစားအရပါ အလျင်အမြန်ကြီးထွားလာနေသည့် မြို့တော်သစ် ပေါလုန္နရုဝသို့ အလျှိုအလျှိုပြောင်းရွှေ့နေပြီ ဖြစ်သည်။

[၁] မဟာဝံသ၊ ၅၀၊ ၆၉-၇၀။

00000000



၇၉၂)သည် 'နေရာအနှံ့ရှိ ပျက်စီးယိုယွင်းနေသည့် နတ်စင်(ဒေဝကုလ) များကို ပြန်လည်ပြုပြင်စေသည်၊ နတ်ရုပ်များကို တမင်တကာ ထုလုပ်စေသည်၊ ဗြဟ္မဏများအားလည်း မိမိစားသည့် ရသာမွန်များကို ပေးကမ်းသည်၊ ၎င်းတို့အား ရွှေဖြင့်ပြုသော ဝိုင်ကလပ်တွင် ထည့်၍ နွားနို့နှင့် သကြားကို ပေးကမ်းလှူဒါန်းသည်'[၁]။ ဤရာစုနှစ် စောစောပိုင်းက အခြားသော မင်းတစ်ပါး[၂]သည် ဗြဟ္မဏများအား အထောက်အပံ့ပြုခဲ့ကြောင်း သိရသည်။

ယခုအချိန်မှစ၍ ရာစုနှစ် တစ်ခုနီးပါးမျှ ပထမဥဒယမင်း (အေဒီ ၇၉၂-၇၉၇၊ ဒုတိယဒပ္ပုလမင်းလည်းဟူ) ၏ မိဖုရားက ဘိက္ခုနီမကျောင်းတိုက်တစ်ခု ဆောက်လုပ်ခဲ့သည်ဟူသော အချက်မှတစ်ပါး ထင်ရှား မှတ်သားထိုက်သည့် ဖော်ပြချက်တစ်စုံတစ်ရာ မတွေ့ရချေ[၃]။ ရှေးဟောင်း ဘာသာရေးအဆောက်အအုံများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ဘာသာရေးပွဲတော်များ ကျင်းပခြင်းနှင့် ရဟန်းတော်များအား ပရိက္ခရာရှစ်ပါး လှူဒါန်းခြင်းများမှာ ဘုရင်မင်းတို့၏ ပုံမှန် လုပ်ရိုးလုပ်စဉ်များ ဖြစ်ကြသည်။

ပထမ သေနမင်း (အေဒီ ၈၃၁-၈၅၁)[၄] အုပ်ချုပ်စဉ်အတွင်း အရေးပါသော ခေတ်ကာလအပိုင်းအခြား ဖြစ်လာပြန်သည်။ ဤမင်းလက်ထက်၌ အိန္ဒိယမှ ဝဇိရပြဝတဂိုဏ်း[၅]ဝင်ပုဂ္ဂိုလ်တစ်ယောက်သည် သီဟိုဠ်သို့ ရောက်လာပြီး အဘယဂိရိကျောင်းတိုက်အတွင်းရှိ ဝီရင်္ကုရာရာမကျောင်း၌ နေထိုင်လျက် **ဝဇိရယာနဓမ္မ**ကို ဟောကြားသည်[၆]။ နိကာယသင်္ဂဟကျမ်း၌ မတွလသေနမင်းသည် ရတနသုတ်ကဲ့သို့သော စွမ်းအင်ထက်မြက်သည့် သုတ္တန်များကို နှစ်သက်ပြီး ဝဇိရယာနဝါဒ

[၁] မဟာဝံသ၊ ၄၈၊ ၄၃၊ ၁၄၄။
[၂] တတိယ ကဿပမင်း (အေဒီ ၇၁၇-၇၂၄)၊ မဟာဝံသ၊ ၄၈၊ ၂၃။
[၃] မဟာဝံသ၊ ၄၉၊ ၂၅။
[၄] ဤမင်းကို နိကာယသင်္ဂဟကျမ်း၌ မတွလသေန (Matva-Sena )မင်းဟု အမည်ပေးသည်။
[၅] ယနေ့အချိန်ထိ မည်သည့် ဂိုဏ်းဖြစ်ကြောင်း အတိအကျ မသိရချေ။
[၆] မဟာဝံသ၊ ၁၊ ၆၈။ နိကာယသင်္ဂဟ၊ စာ- ၁၆။

သင်ကြားချက်များကို လက်ခံခဲ့ကြောင်း ပြဆိုသည်[၁]။ ထိုထက် မတ္တလသေနမင်းလက်ထက်မှ စတင်၍ 'ဝေဖုလ္လယာနဝါဒသည် ယင်းဝါဒကို ကာကွယ်ထားပြီး လျှို့ဝှက်သည့်ဓမ္မအဖြစ် လျှို့ဝှက်စွာ ကျင့်ရသောကြောင့် သီဟိုဠ်နိုင်ငံရှိ ပညာမတတ်သူ လူမိုက်တို့အကြား ထင်ရှားခဲ့သည်' ဟု ဆက်လက် ဖော်ပြထားသည်။

ထိုအချိန်၌ ပန်ဍျ (Pāṇḍya)နိုင်ငံ ဘုရင်သည် ဧရာမစစ်တပ်ကြီးဖြင့် သီဟိုဠ်ကို ကျူးကျော် ဝင်ရောက်ပြီး ဘုရင့်နန်းတော်၊ မြို့များနှင့် ဘုန်းကြီးကျောင်းတိုက်များကို လုယက်လျက် ရွှေသားဗုဒ္ဓဆင်းတုတော်အပါအဝင် ၎င်းတို့ တန်ဖိုးအထားဆုံး အရာအားလုံးကို ယူဆောင်သွားကြလျက် 'လင်္ကာတစ်ကျွန်းလုံးကို အဖိုးတန်ပစ္စည်းများကို လုယက်ခံဘဝသို့ ရောက်စေလျက် ခမ်းနားလှသည့် မြို့တော်မှာ ဘီလူးများ လုယက်ခံရသည့် အခြေအနေမျိုးဖြစ်သွားသည်'[၂]။ ပထမ သေနမင်းသည် အနုရာဓပုရမြို့မှ ထွက်ခွာပြီး ၎င်း၏ ကျန် ဘဝအစိတ်အပိုင်းကို ပေါလုန္နရုဝမြို့တွင် ကုန်လွန်ခဲ့သည်[၃]။

၎င်းမင်းကို ဆက်ခံပြီး ပေါလုန္နရုဝမြို့၌ ထီးနန်းစိုက်သူ ဒုတိယသေနမင်း (အေဒီ ၈၅၁-၈၈၅)သည် ပန်ဍျ နိုင်ငံကို ကျူးကျော်ရန် သီဟိုဠ်စစ်တပ်ကို စေလွှတ်သည်။ ယင်းစစ်တပ်သည် သီဟိုဠ်ကို လုယက်ခဲ့သည့် ဘုရင်အား နှိမ်နင်းပြီး ပန်ဍျ မင်းသားတစ်ယောက်ကို ထီးနန်းအပ်ပြီး သီဟိုဠ်တို့ ပိုင်ဆိုင်သည့် ရတနာအားလုံး ကို ပြန်လည်ယူဆောင်လာခဲ့သည်။ စွမ်းအားပြည့် အုပ်ချုပ်သူ ဒုတိယသေနမင်း

[၁] နိကာယသင်္ဂဟကျမ်း၊ စာ- ၁၆။ ဝေဖုလ္လယာနသည် တန်ခိုးစွမ်းရည်များကို ဖော်ပြချက်များပြည့်နေသည့် ကျင့်စဉ်စနစ်ဖြစ်သည် (*History of India Literature*, II, p 387, 392 ကိုရှုပါ)။ မာယာဇာလမဏ္ဍ နှင့် သာရဝဂုယှ (နိကာယ၊ စာ-၈)ကဲ့သို့သော ဝေဖုလ္လယာကျမ်းစာများ၏ ခေါင်းစဉ်များသည်ပင် ဂန္ဓာရီဝိဇ္ဇာ အတွေးအမြင်များကို ဖော်ပြလျက် ရှိသည်။

[၂] မဟာဝံသ၊ ၁၊ ၃၃-၃၆။

[၃] မဟာဝံသ၊ ၁၊ ၅၀။ နိကာယင်္ဂဟ၊ စာ-၁၆ တို့၌ အဆိုပါမင်း မတ္တလသေနမင်းသည် မှားယွင်းသည့် အယူဝါဒကို လက်ခံသောကြောင့် ထီးနန်းကို စွန့်ခွာထွက်ပြေးရပြီး မြို့တော်အား တမီးလ်များထံ အရှုံးပေးလိုက်ရလျက် ပေါလုန္နရုဝမြို့မှာ သေဆုံးရသည်'ဟု ဖော်ပြကြသည်။



လက်အောက်၌ သီဟိုဠ်တစ်ကျွန်းလုံး ပြန်လည်ညီညွတ်ပြီး ချမ်းသာကြွယ်ဝသည်[၁]။

၎င်းမင်းသည် ကျောင်းတိုက်ဟောင်းများ ကျောင်းဆောင်ဟောင်းများကို ပြန်လည်ပြုပြင်ပြီး ထောက်ပံ့ရေး ရံပုံငွေများကို လွတ်လပ်စွာ ပြုလျက် ခမ်းနားလှသည့် ပရိတ်ရွတ်ပွဲနှင့် ကဆုန်လပြည့် ပွဲတော်များ ကျင်းပသည်။ ၎င်းမင်းသည် ဗုဒ္ဓဆင်းတုတော်များကိုရော ဗောဓိသတ္တ ရုပ်တုများကိုပါ ပြုလုပ်ခဲ့သည်။ ရတနသုတ်ကို ရွှေပြားပေါ်တွင် ရေးခိုင်းပြီး ယင်းရွှေပြားကို ပူဇော်မှု ပြုသည်။ ယင်းသည် ၎င်းမင်းအား ဆိုခဲ့ပြီး ဝေဖုလ္လယာနဝါဒ ဩဇာလွှမ်းမိုးမှုရှိကြောင်း ဖော်ပြသည်။ ၎င်းမင်းသည် အဘိဓမ္မာကို ရွတ်ဖတ်မှုများ ပြုလုပ်စေသည်[၂]။

ပံ့သကူဆောင်မထေရ်များ အဘယဂိရိဂိုဏ်းမှ ခွဲထွက်ပြီး သီးခြားဂိုဏ်းတစ်ခုအဖြစ် တည်ထောင်ခဲ့ကြသည်မှာ ၎င်းမင်းနန်းစံ နှစ်ဆယ့်နှစ်မြောက်တွင် ဖြစ်သည်[၃]။ ကျန်သည့် နန်းစံနှစ်များတွင် ဂိုဏ်းကြီးသုံးဂိုဏ်းအတွင်း မညီညွတ်မှုများ ဖြစ်ပွားပြီးနောက် ၎င်းမင်းသည်ပင် စင်ကြယ်အောင် ဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်[၄]။

ဗုဒ္ဓနှင့် ဟိန္ဒူ အလေ့အကျင့်များ ပိုမို နီးစပ်လာနေခဲ့ပြီး ဒုတိယသေနမင်းသည် 'အိုးတိုင်း၏ ထိပ်တွင် အဖိုးတန် ရတနာများနှင့် ပုလဲလုံးများ အပြည့်ထည့်ထားသော ရွှေအိုးအလုံး တစ်ထောင်ကို ဗြဟ္မဏ အယောက် တစ်ထောင်အား လှူဒါန်းလျက် ၎င်းတို့အား ရတနာ စီခြယ်သည့် ရွှေသားဝိုင်ကလပ်ဖြင့် နို့ယနာထမင်း ကျွေးမွေးပြီးနောက် ယင်း (ဗြဟ္မဏ) တို့အား ရွှေကြိုးများ ပေးကမ်းသည်။ ၎င်းမင်းသည် ဗြဟ္မဏတို့အား ကောင်းမှုရှင် မိတ်ဆွေ တစ်ယောက်အဖြစ်ဖြင့် ၎င်းတို့၏ နှလုံးသား ဆန္ဒအတိုင်း အဝတ်အစားသစ်များ ဝတ်ဆင်စေပြီး ခမ်းနားသော ပွဲသဘင်ဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်စေခဲ့သည်'[၅]။

[၁] မဟာဝံသ၊ ၅၀၊ ၅၀။

[၂] မဟာဝံသ၊ ၅၀၊ ၅၂။

[၃] ယင်း၊ ၅၀၊ ၅၂။

[၄] ယင်း၊ ၅၀၊ ၆၄။

ယင်း ၅၀၊ ၆၅-၆၇။

လူဥပါသကာများသည် ဂူနေရဟန်းတော်များအား အခြား ရဟန်းတော်များထက် ပို၍ စိတ်ပိုင်းလေ့ကျင့်မှုနှင့် ဘာသာတရား အားထုတ်မှုတို့တွင် ပိုမိုသာလွန်သည်ဟု ယူဆကြသည်။ ထို့ကြောင့် အဘိဓမ္မာဝိဘင်္ဂအဋ္ဌကထာ[၁]၌ တိဿအမည်ရှိသော ဘုရင်သည် စေတိယဂိရိတောင်ရှိ ရဟန်းတော်များသည် အနုရာဓပုရမြို့တော်ရှိ ရဟန်းတော်များထက် သာလွန်သည်ဟု အယူရှိကြောင်း မှတ်တမ်းတင်ခဲ့သည်[၂]။ ဖာဟီယန်သည် အေဒီငါးရာစုအချိန်က မဟိန္တလေ့တွင်နေ ထိုင်ခဲ့သည့် 'အလွန်သီလနှင့် ပြည့်စုံသူ သမဏတစ်ဆူ' အကြောင်းကို ရည်ညွှန်းထားသည်[၃]။ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ မထေရ်က လူအများသည် ဒက္ခိဏဂိရိ၊ ဟတ္ထိကုစ္ဆိ၊ စေတိယဂိရိနှင့် စိတ္တလပဗ္ဗတတို့ကို ရဟန္တာအရှင်မြတ်တို့ သီတင်းသုံးသည့် နေရာများအဖြစ် ယူဆကြကြောင်း မိန့်ဆိုသည်[၄]။ တမ္ဗပဏ္ဏိဒီပအရပ်ရှိ စူဠနာဂလိုဏ်ဂူကို ကမ္မဋ္ဌာန်းထိုင်မည့် စံပြနေရာအဖြစ် ယူဆကြသည်[၅]။ ဥဒုမ္ဗရဂိရိ (ဒိမ္ဗုလာဂလ)မှာ များစွာသော ရဟန်းတော်တို့ ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်ရန် သွားရောက်သည့် ဒုတိယ ထင်ရှားသည့် နေရာဖြစ်သည်[၆]။ ရှေးဦးရဟန်းတော်များသည် အမြတ်ဆုံးဖြစ်ပြီး ထိုရဟန်းတော်များမှာ လိုဏ်ဂူများတွင် နေထိုင်ခဲ့ကြသည်ဟူသော ပုံမှန် ယုံကြည်ချက်ကို ရည်ညွှန်းခြင်းဖြင့် လိုဏ်ဂူများနှင့်ရော လိုဏ်ဂူနေ ရဟန်းတော်များနှင့်ပါ ဆက်စပ်နေသည့် နောက်ထပ် စင်ကြယ်မြင့်မြတ်မှုကို နှစ်သက်စေနိုင်မည်ဖြစ်သည်။

---

လေ့ရှိသည် (ဒီ ၂၊ ၂၁၁)။ ရာဇဂြိုဟ်အနီးရှိ ပိပ္ပလိဂူသည် အရှင်မဟာကဿပမထေရ်ကြီး နှစ်သက်သော ဂူဖြစ်သည်။ တာလပုဋ္ဌမထေရ်သည် လိုဏ်ဂူထဲတွင် အဖော်မမှီးတစ်ကိုယ်တည်း သီတင်းသုံးနေထိုင်ရမှုကို အလွန် နှစ်သက်ကြောင်း သံဃာ့အလယ်၌ မြွက်ဟတော်မူသည် (ထေရ ဂါထာ၊ စာ-၃၁၆)။

[၁] အဘိ-ဋ္ဌ ၂၊ ၄၅၅။

[၂] သို့ရာတွင် မဟိန္တလေ့၌ ဖြစ်ပျက်ခဲ့သည့် ကဏ္ဍိရဇာနုတိဿ ဖြစ်ရပ်ကို ပြန်ကြည့်ပါ (ဤကျမ်း၊ စာ- ၁၇၇)။

[၃] Fa Hien, p. 107.

[၄] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၁၁၇။

[၅] ယင်း၊ ၁၊ ၁၂၄။

[၆] ရသဝါဟိနီ ၂၊ ၁၂၆။

## အခန်း ၈

## ဘုန်းကြီးကျောင်းတိုက်များ ၁
## တည်ဆောက်ပုံ

မဟိန္တလေ့၊ ဝေဿဂိရိယ[၁]၊ စိတ္တလပဗ္ဗတ၊ ရိဋ္ဌိဂလ (အရိဋ္ဌပဗ္ဗတ)နှင့် ဗတ္တိစလ (Batticaloa)နယ်ရှိ ရာဇဂလ သို့မဟုတ် ရာဿဟေလ (Rās-sahela)တို့၌ တွေ့ရသည့်ဂူများမှာ ရှေးဦး ဗုဒ္ဓဘာသာရဟန်းတော်များ၏ နေရာထိုင်ခင်းများ ဖြစ်ကြသည်။ အရှင်မဟိန္ဒနှင့် အခြား ရဟန္တာအရှင်မြတ်များသည် သီဟိုဠ်၌ ပထမဦးဆုံးသောဝါကို မဟိန္တလေ့အရပ်ရှိ ဂူများ၌ သီတင်းသုံးတော်မူခဲ့ကြသည်။ ရှေးဦးအချိန်များတွင် ဂူများကို ရဟန်းတော်များ နေထိုင်စရာအဖြစ် အသုံးပြုခဲ့ကြသည်။ ယင်းမှာ တစ်စိတ်တစ်ဒေသအားဖြင့် ကျောင်းဆောင် အဆောက်အအုံ ဆောက်လုပ်ရန် မလွယ်ကူသောကြောင့် ဖြစ်သည်။ သို့တစေ ကျောင်းဆောင်ကြီးများ ဆောက်လုပ်ပြီးနောက်တွင် ဘာသာတရားကို ပိုမိုကြည်ညို ယုံကြည်ပြီး ခြိုးခြံစွာကျင့်လိုသည့် ရဟန်းတော် အချို့မှာ ယနေ့ခေတ် အချို့သော ရဟန်းတော်များကဲ့သို့ပင် တောင်များ တောနက်များရှိ ဂူများတွင် နေထိုင်ရန် ပိုမို နှစ်သက်ကြသည်။ ယေဘုယျအားဖြင့် ရဟန်းတော်များ၏ ဂူပျော်ဆန္ဒမှာ ရိုးရှင်းပြီး လူသူမဲ့ တိတ်ဆိတ်မှုရှိသည့် ဂူများကို ရှေးပဝေသဏီကပင် မိမိတို့ဘဝကို ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ရန် မြှုပ်နှံထားကြသော ရသေ့ရဟန်းများ၏ စံပြနေထိုင်စရာအဖြစ် ယူဆခဲ့သောကြောင့် ဖြစ်ဖွယ်ရှိသည်[၂]။ သို့ဖြစ်၍

---

[၁] ကူဿရသမဏ္ဍာရာမ ဟုလည်းခေါ်သည်။

[၂] မဟာတဏှာသင်္ခယ သုတ်တော်တွင် ဗုဒ္ဓရှင်တော်မြတ်က သီလကိုယ်ကျင့်ကောင်းမွန်သည့် ရဟန်းတော်သည် တောင်ဂူတွင် (ဂိရိဂုဟံ) နေထိုင်၏ဟု မိန့်တော်မူသည် (မ ၁၊ ၃၂၃)။ ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင်လည်း ဝေဒိကတောင်ရှိ ဣန္ဒသာလဂူတွင် ကမ္မဋ္ဌာန်း ဘာဝနာ ရှုမှတ်တော်မူ

သီဟိုဠ်၌ ပထမဆုံးသော ဘုန်းကြီးကျောင်းတိုက်မှာ ဒေဝါနံပိယတိဿ မင်း တည်ဆောက်ခဲ့သည့် အနုရာဓပုရမြို့ မဟာမေဃဝနရှိ တိဿာရာမ ကျောင်းတိုက်ဖြစ်သည်။ ယင်းကျောင်းတိုက်သည် နောင်အခါ မဟာဝိဟာရကျောင်းတိုက်အဖြစ် တိုးတက်သွားခဲ့သည်။ ပထမတွင် ရဟန်းတော်များ နေထိုင်ရန် ရွှံ့ဖြင့်တည်ဆောက်သည့် ကျောင်းမျှသာ ဖြစ်သည်။ ယင်းကို ကာလပါသာပရိဝေဏဟု ခေါ်တွင်သည်။ နောင်တွင် မဟာမေဃဝနအတွင်း ဘုရင်နှင့်အမတ်များက ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းဆောင်များစွာ ဆောက်လုပ်ခဲ့ကြသည်[၂]။

ထူပါရာမစေတီတော်ကို တည်ပြီးနောက် စေတီ အဆောက်အအုံနှင့် ဗုဒ္ဓဂယာမှ မဟာဗောဓိကိုင်းကို မဟာမေဃဝနအတွင်း စိုက်ပျိုးပြီးနောက် ဗောဓိပင်တို့မှာ သီဟိုဠ်ဘုန်းကြီးကျောင်းတိုက်၏ သွင်ပြင်များ ဖြစ်လာသည်။ ယင်းဖြစ်ရပ်နှစ်ခုလုံးမှာ ဒေဝါနံ ပိယတိဿမင်း လက်ထက်တွင် ဖြစ်သည်။ မရှေးမနှောင်းမှာပင် ရောဟဏနှင့် သီဟိုဠ်ရှိအခြားဒေသများ၌ ကျောင်းတိုက်ကြီးများ ပေါ်ပေါက်လာခဲ့သည်။ ဘီစီ ဒုတိယရာစု ဒုဋ္ဌဂါမဏိမင်း လက်ထက်တွင် အနုရာဓပုရမြို့ရှိ အဆောက်အအုံကြီး များစွာရှိသည့် မဟာဝိဟာရကျောင်းတိုက်ကြီးမှာ ရဟန်းတော်များ သီတင်းသုံးနေထိုင်ရာ ဌာနကြီး ဖြစ်လာသည်။ အနုရာဓပုရမြို့တော်တွင် ဘီစီတစ်ရာစု၌ အဘယဂိရိကျောင်းတိုက်နှင့် အေဒီလေးရာစု၌ ဇေတဝနကျောင်းတိုက်ဟူသော နောက်ထပ်အရေးပါသည့် ကျောင်းတိုက်ကြီးနှစ်ခုကို တည်ဆောက်ခဲ့သည်။

ပုံမှန်အားဖြင့် ကျောင်းတိုက်တစ်ခုကို အာရာမ သို့မဟုတ် ဝိဟာရဟု ခေါ်သည်။ အေဒီငါးရာစုတွင် လက်ခံထားသည့် ယူဆချက်အရ အကယ်၍ ယင်း ကျောင်းတိုက်အတွင်း စေတီရှိလျှင်၊ ယင်းစေတီ နေရာတွင် ဓမ္မကြားနာမှုကို ပြုလုပ်လျှင်၊ ထို့အပြင် အရပ်လေးမျက်နှာမှ ကြွလာကြသည့် ရဟန်းတော်များ ခွင့်ပြုချက် မလိုဘဲပင် ခြေဆေးနိုင်၊ သော့ဖြင့် တံခါးကို ဖွင့်နိုင်၊ အိပ်ရာ ပြင်နိုင်ပြီး အလိုရှိသည့် အချိန်တွင် ထိုနေရာမှ ထွက်ခွာနိုင်လျှင် အနည်းဆုံး အကျယ်အဝန်း လေး

သိမ်းစောင့်ရှောက်ရန် ပိုမို လွယ်ကူလာသည်။

[၁] မဟာဝံသ၊ ၁၅း၂၀၃-၂၀၄။ [၂] ယင်း၊ ၁၅း၂၀၀-၂၁၃။



သီဟိုဠ်ကျွန်းအနှံ့အပြား၌ ပြန့်ကျဲစွာ တွေ့ရသည့် ဂူခုံးများတွင် ရေးထိုးထားသော ဗုဒ္ဓဝါဒ၏ အစောပိုင်း ရာစုနှစ်များ အနည်းငယ်အတွင်း လှူဒါန်းမှုဆိုင်ရာ ကမ္ပည်းစာအများအပြားသည် ရဟန်းတော်များ အသုံးပြုခဲ့သည့် ပမာဏကိုညွှန်ပြပြီး ဘုရင်မင်းများ၊ အမတ်ကြီးများနှင့် သာမန်အရပ်သားများအနေဖြင့် ယင်းဂူများကို သံဃာတော်များအား လှူဒါန်းရန် မည်မျှစိတ်အားထက်သန်ကြောင်း ဖော်ပြသည်[၁]။ ရဟန်းသံဃာများကိုပင် အလှူရှင်များအဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်[၂]။ ယင်းသို့တွေ့ရသည်မှာ မူလက အချို့မထေရ်များ ကိုယ်တိုင်အသုံးပြုရန် ရရှိခဲ့သည့်ဂူများကို ၎င်းတို့က တစ်ဖန် သံဃာအား လှူဒါန်းခဲ့ဖွယ်ရှိသည်။ သို့မဟုတ် အချို့မထေရ်များသည် မိမိတို့၏ ဆွေမျိုးများအား ဂူများပြုလုပ်စေပြီး မထေရ်များ၏ကိုယ်စား ထိုဂူများကို သံဃာအား လှူဒါန်းဖွယ်ရှိပြီး၊ ထိုသို့ဖြစ်၍ ထိုမထေရ်တို့ အမည်နာမများကို အလှူရှင်များအဖြစ် ရေးထွင်းခဲ့ခြင်း ဖြစ်နိုင်သည်။

တစ်ခါတစ်ရံတွင် မိသားစုတစ်ခုတည်းမှ နာမည် အသီးသီးဖြင့် သီးခြားစီ ဂူများကို လှူဒါန်းခဲ့ကြသည်[၃]။ ယင်းဂူများကို ၎င်းတို့ မိသားစုဝင်ပင် ပိုင်ဆိုင်သလား သို့မဟုတ် နိုင်ငံတော်ကပင် ပိုင်ဆိုင်သလားဟူသည်ကိုမူ အတိအကျ မဆုံးဖြတ်နိုင်ချေ။ ဖြစ်နိုင်သည်မှာ ဂူအများစုကို ဘုရင်ကပိုင်ဆိုင်သော်လည်း ပြည်သူတို့အား သန့်ရှင်းခွင့် ရဟန်းတော်များ နေထိုင်နိုင်အောင် ပြုလုပ်ခွင့်ပေးထားသည်သာမက ၎င်းတို့၏ အမည်နာမများကို အလှူရှင်အဖြစ် ရေးထွင်းခွင့်ပင် ပေးခဲ့ဖွယ်ရှိသည်။ ယင်းသို့ပြုခြင်းသည် ဗုဒ္ဓဝါဒပြန့်ပွားရေးအတွက်နှင့် လူထုအကြား ကောင်းမွန်သည့် ဘဝတစ်ခုသို့ တိုးတက်လာရန် လှုံ့ဆော်မှုတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

[၁] ထိုကျောက်စာများသည် အနည်းနှင့်အများ တစ်ပုံစံတည်းကဲ့သို့ ဖြစ်ကြသည်။ ယင်းကျောက်စာများသည် ဤမည်ဤမည်သော ဂူများကို သံဃာတော်များအား လှူဒါန်းကြောင်း မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ဥပမာ 'နာဂအမည်ရှိသော ဥပသကာ၏သား တိဿ၏ဂူကို သံဃာအား လှူဒါန်းပါသည်'။

[၂] EZ, I, p. 144, No 4. [၃] EZ, I, p. 18..

ဂူတစ်ခုအား ရဟန်းတော်များ နေထိုင်စရာဖြစ်လာအောင် ပြုပြင်ခြင်းမှာ လွယ်ကူသော လုပ်ငန်းတစ်ခု မဟုတ်ချေ။ အနည်းဆုံး အေဒီ ငါးရာစုခန့်က ရေပန်းစားခဲ့သော ဂူထွင်းဖြစ်စဉ်ကို အကြမ်းဖျင်း ရည်ညွှန်းထားချက်ကို ပါဠိတော်အဖွင့်အဋ္ဌကထာကျမ်းများ၌ ရနိုင်သည်မှာ ကံကောင်းသည်။ ရှေးဦးစွာ ဂူကို ထင်းများဖြင့် ဖြည့်ထားပြီး ယင်းနောက် ထင်းကို မီးရှို့သည်၊ ယင်းသို့ ပြုခြင်းဖြင့် လျော့ရဲရဲဖြစ်နေသည့် ကျောက် အပိုင်းအစများကို ဖယ်ထုတ်ပစ်သည်သာမက မကောင်းသည့် အနံ့အသက်များကိုလည်း ပျောက်သွားစေသည်။ ဂူကို သန့်ရှင်းပြီးနောက် ပွင့်လင်းနေသော နံဘေးများတွင် အုတ်နံရံများ တည်ဆောက်လျက် ဝင် ပေါက်နှင့် ပြတင်းပေါက်များကို တပ်ဆင်သည်[၁]။ တစ်ခါတစ်ရံ နံရံများကို သရွတ်ကိုင်ထားပြီး ထုံးဖြူသုတ်ထားသည်။ ယင်းနောက် တောနေရဟန်းတစ်ပါးအဖို့ လိုအပ်သည့် အိပ်ရာတစ်ခုနှင့် ကုလားထိုင်တစ်လုံးကဲ့သို့သော ရိုးရှင်းသည့် ပရိဘောဂပစ္စည်းများကိုလည်း ပြင်ဆင်ထားသည်[၂]။ ဂူများအား နေချင်စဖွယ်ဖြစ်အောင် ဆေးသုတ်လိမ်းထားကြောင်းပင် ဖော်ပြထားသည်[၃]။ သို့ဖြစ်၍ ဝိသုဒ္ဓိမဂ်ကျမ်းတွင် စိတ္တဂုတ္တမထေရ်ကြီး သီတင်းသုံးနေထိုင်ရာ မဟာဂါမရွာအနီးရှိ ကုရဏ္ဍကလိုဏ်ဂူကြီးတွင် နောက်ဆုံးဘုရား ခုနစ်ဆူတို့၏ တောထွက်ခန်း ပန်းချီများကို လှပစွာ ရေးဆွဲထားကြောင်း မှတ်တမ်းတင်ထားသည်[၄]။ ယင်းပန်းချီကားမှာ ဂူ၏မျက်နှာကြက်ပေါ်တွင် ရေးဆွဲထားခြင်း ဖြစ်နိုင်သည်။ ယင်းဂူသို့ အလည်အပတ် ကြွရောက်လာ

---

[၁] မဟိန္ဒလေ့နှင့် အခြားနေရာများရှိ ရှေးဟောင်းဂူ အကြွင်းအကျန်များ၌လည်း ဂူများ၌ ဝင်ပေါက်တံခါးနှင့် ပြတင်းပေါက်များရှိကြောင်း ဖော်ပြသည်။

[၂] သက်ကြီးရွယ်အို ဆရာအရှင်အတွက် စိတ္တလတောင်တွင် ဂူတစ်ခုပြင်ဆင်ပေးသော ရဟန်းငယ်တစ်ပါးအကြောင်း ဖော်ပြချက် (အံ-ဋ္ဌ ၁၊ ၃၄) နှင့် ကုန္ဒသာလဂူကို လူအများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြပုံ မှတ်တမ်း (ဒီ-ဋ္ဌ ၂။ ၂၉၀) များအရ သိရသည်။

[၃] သီဟိုဠ်ရှိ အချို့ဂူများတွင် ရှေးခေတ်က ဆေးသုတ်လိမ်းထားသည့် အကြွင်းအကျန်များကို ယနေ့တိုင်ပင် တွေ့နိုင်သေးသည်၊ ဥပမာ တောင်ပိုင်းဒေသများရှိ ကရမ္ဗဂလဂူနှင့် ဆိဂိရိယအရပ်ရှိ ဂူများတွင် ဖြစ်သည်။

[၄] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၆။



ကြသည့် ရဟန်းတော်များသည် ယင်းပန်းချီကားကို နှစ်သက်သွားကြပြီး ယင်းပန်းချီကားများ၏ ဆွဲဆောင်မှုကောင်းပုံကို ဂူနေမထေရ်ကြီးအား လျှောက်ထားကြသည်ဟု ဆိုသည်[၁]။ သို့ဖြစ်၍ ဖော်ပြသည့် ဂူတစ်ခုမှာ လူမှုအသိုင်းအဝိုင်းနှင့် ကင်းရှင်းလိုသည့် ရဟန်းတစ်ပါး၏ ခံစားမှုနှင့် ငြိမ်းချမ်းသည့် စရိုက်ရှိသူ ပုဂ္ဂိုလ်တစ်ယောက်၏ နေထိုင်စရာဖြစ်သည့်ပြင် နက်နက်ရှိုင်းရှိုင်း ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ရန် စံပြနေရာလည်း ဖြစ်သည်။ ဂူတစ်ခု၏ အတွင်းနေရာသည် ပူအိုက်သည့် နွေရာသီတွင် နှစ်သက်စဖွယ် အေးမြသည်။ ဂူများနှင့် တွဲလျက်တွင် ရှေးခေတ် ရဟန်းတော်များ သီတင်းသုံးနေထိုင်ရန် တိတ်ဆိတ်သည့် နေရာများ၌ တဲကျောင်း (ပဏ္ဏသာလာ)များလည်း ရှိနိုင်သည်။

ဗုဒ္ဓသာသနာတော်သည် ဘုရင်နှင့်လူထု၏ ကိုးကွယ်ရာ ဘာသာတရား ဖြစ်လာပြီးနောက် ရဟန်းတော်များသည် မိမိတို့အား ပစ္စည်းလေးပါးဖြင့် အထောက်အပံ့ပြုကြပြီး မိမိတို့ထံမှ စိတ်ပိုင်းဘဝလေ့ကျင့်မှုကို မျှော်လင့်ကြသည့် ဒကာဒကာမများ၏ ကျေးဇူးကို မသိကျိုးကျွံပြုလျက် လူသူအဆက်အသွယ် ပြတ်တောက်သည့် ဂူကျောင်း တဲကျောင်းများ၊ တောင်ပေါ်တဲကျောင်းများနှင့် တောတောင်များတွင် တစ်ပါးတည်း သီတင်းသုံးနေထိုင်ခွင့် မရကြတော့ချေ။ သို့ဖြစ်၍ တိုးတက်လျက်ရှိသည့် မြို့ပြများနှင့် ကြွယ်ဝသည့် ကျေးရွာကြီးများ၏ အနီးဝန်းကျင်တွင် ဘုန်းကြီးကျောင်းတိုက်များ ပေါ်ပေါက်လာသည်။ ယင်းသည် သံဃာနှင့် လူဒကာဒကာမများအကြား အပြန်အလှန်ဆက်ဆံမှုကို အဆက်မပြတ် လွယ်ကူစွာ ထိန်းသိမ်းနိုင်ရန် ဖြစ်သည်[၂]။

---

[၁] သို့ရာတွင် စိတ္တဂုတ္တ မထေရ်ကြီးသည် မျက်စိကို အပေါ်သို့ တစ်ခါမျှ မော့မကြည့်သဖြင့် ယင်းပန်းချီကားကိုလည်း မမြင်မိကြောင်း မိန့်ဆိုသည်။

[၂] ဗုဒ္ဓခေတ် အချိန်တွင်လည်း ဘုန်းကြီးကျောင်းတိုက်များသည် မြို့ကြီးများအနီးတွင် တည်ရှိခဲ့သည်။ ဥပမာ ဇေတဝန်ကျောင်းတော်မှာ သာဝတ္ထိမြို့ အနီးတွင် တည်ရှိသည်။ နှောင်းခေတ်များတွင်လည်း ဘုန်းကြီးကျောင်းတိုက်များကို တိုးတက်နေသော မြို့ပြများဖြစ်ကြသည့် အိန္ဒိယအလယ်ပိုင်း ဝေဒိသာမြို့အနီး ဆန်ချီအရပ်နှင့် တစ်ချိန်က အတိုးတက်ဆုံးဖြစ်ခဲ့သည့် ပန်ဂျပ်ပြည်နယ် တက္ကဆိလာမြို့များ၏ အနီးတွင် ကျောင်းတိုက်ကြီးများ တည်ဆောက်ခဲ့ကြသည်။ ကျောင်းတိုက်ကြီးများသည် မြို့ကြီးများအနီး၌ တည်ရှိသဖြင့် ယင်းတို့ကို ထိန်း

(Ruvanvälisaya) သို့ ဆက်ထားသော ပါဒပီဌိကာ ဆယ့်ခြောက်ခု ရှိကြောင်း ဖော်ပြချက်မှာ စေတီတော်အတွင်း ဗုဒ္ဓဆင်းတုတော် ဆယ့်ခြောက်ခု ဌာပနာထားကြောင်းနှင့် ယင်း ပါဒပိဌိကာများက ဘုရားဖူးများအား ရပ်သင့်သည့်နေရာကို ဖော်ပြလျက် အပြင်မှာ ရပ်လျက် ပုပ္ဖဒါနဖြင့် ပူဇော်သည့်နေရာကိုဖော်ပြသည် (ဓမ္မပြဒီပိကာ၊ စာ-၃၁၂)။ ယင်းဖော်ပြချက်သည် အေဒီ ၁၂ ရာစုခန့်က ပါဒပီဌိကာကို ဝေဒိကာဘူမိ၌သာမက စေတီတော်ဝင်းအထိ တွဲစပ်ထားကြောင်း ဖော်ပြသည်။ ခြေတော်ရာများ ထွင်းထုထားသည့် ကျောက်ဖျာများ ရုဝန်ဝါလိဆာယဝင်းတွင် တွေ့နိုင်သေးသည်။

နေရာဌာန ဆယ့်ခြောက်ခုတို့၌ စေတီတော်တစ်ဆူအား ရှိခိုးပူဇော်မှုသည် အနည်းဆုံး အေဒီ ၁၅ ရာစုထိ ဆင်းသက်ခဲ့ပုံရသည်။ တောဋ္ဌဂ မုဝေ သိရိရာဟုလပုဂ္ဂိုလ်က ၎င်းရေးသားသည့် ဆာဠလိဟိနိ သန္ဒေသကထာ (သီဟိုဠ်ဘာသာ) တွင် 'ကေလနိယ (မြို့) ရှိ ကြီးမား ခံ့ညားလှသော စေတီတော်တွင် နေရာဌာန ဆယ့်ခြောက်ခုတို့၌ ရပ်နားလျက် ဖူးမြော်ပူဇော်ကြောင်း' ပြဆိုသည် (စာ-၆၅)။ သို့တစေ အဋ္ဌကထာကျမ်းများ၌ စေတီတော်တစ်ဆူအား ပူဇော်မှုနှင့် ပတ်သက်သည့် လမ်းညွှန်မှုများသည် တစ်ခါတစ်ရံ ခြားနားသည်။

ပေါလုန္နရုဝခေတ်သို့ ရောက်သောအခါ ယင်းပါဒပိဌိကာ အယူအဆသည် အသေးစိတ် တိုးတက်ခဲ့သည်။ ပေါလုန္နရုဝမြို့တော်တွင် ကိရိဝေဟေရ နှင့် ရန်ရောတွေဟေရ ကဲ့သို့သော ရှေးဟောင်းစေတီတော်များ ပတ်လည်ရှိ ပုံမှန်အဝေးတစ်နေရာတွင် ဗုဒ္ဓဆင်းတုတော်များကို ထည့်သွင်းထားသည့် ဘုရားခန်းငယ် ရှစ်ခုကို တွေ့နိုင်သည်။ ယင်း ဘုရားခန်းများကို စေတီတော်နှင့် အလွန်နီးကပ်စွာ တည်ဆောက်ထားသည်။ ပေလုန္နရုဝခေတ် စေတီတော်များမှာ အနုရာဓပုရမြို့ရှိ စေတီတော်များထက် သေးငယ်သောကြောင့် ဘုရားခန်း ရှစ်ခုထိ လျော့သွားသည်မှာ ထင်ရှားသည်။ ဥပါသကာများသည် ၎င်းတို့ လက်ယာရစ် လှည့်လည်စဉ်အတွင်း ယင်းနေရာများတွင် ဒူးထောက် ရှိခိုးပူဇော်ကြသည်။ မူလအားဖြင့် ပါဒပိဌိကာသည် ဥပသကာများအား စေတီတော်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်များကို သတိရစေသည်။ သို့ရာတွင် ပေလုန္နရုဝ ခေတ်အတွင်း ဆင်းတုတော်များကို ပါဒပိဌိကာအစား ရှိခိုးဝတ်ပြုသူများအား အထောက်အပံ့ပြုရန် ထိုနေရာမှာပင် ထားသည်။

ပန်းတင်ခုံ နေရာမှ စေတီတော်သို့ တက်ရောက်ပြီး လက်ယာရစ် လှည့်ခြင်း အယူအဆမှာ ခေတ်သစ် ကြည်ညိုသူ ဗုဒ္ဓဝါဒီ တစ်ယောက်အဖို့ အတော်အတန် အမြင်မတော်နိုင်ဖွယ်ရှိသည်။ သို့တစေ ယင်းသည် ရှေးခေတ်များက အများပြုလုပ်သည့် အလေ့အကျင့်ပင်ဖြစ်သည်။ ဝေဒိကာဘူမိသို့ ဦးတည်သွားသော ရှေးခေတ် လှေကားဆင့် အကြွင်းအကျန်များကို မရီစိဝါဋိယနှင့် ကဏ္ဍကစေတီကဲ့သို့သော စေတီများ၌ တွေ့မြင်နိုင်သေးသည်။ အိန္ဒိယအလယ်ပိုင်းရှိ



လံခန့်မျှရှိသည့် သစ်ရွက်တဲကျောင်းငယ် (ပဏ္ဏသာလာ)[၁] သည်ပင် စတုဒိသာသံဃာအတွက် ဆောက်လုပ်သော ဝိဟာရ ဖြစ်သည်[၂]။

အထက်ပါ ဖော်ပြချက်မှ ကျောင်းတိုက်တစ်ခုအတွက် ခွဲခြားမရသည့် အရာများမှာ စေတီ၊ နေထိုင်စရာ နေရာနှင့် ဓမ္မကို ဟောကြားခြင်းတို့ဖြစ်ကြောင်း တွေ့နိုင်သည်။ သို့တစေ လုံးဝ တိုးတက်ပြီးသော ဘုန်းကြီးကျောင်းတိုက် တစ်ခု၌ အခြားများစွာသော အပိုအဆောင်အယောင်များ ရှိကြသည်။

ကျောင်းတိုက်ကြီးတစ်ခုသို့ အဝင်ဝတွင် ၉ ရာစုနှင့် ၁၀ ရာစုအချိန်က 'ဓောရဋ္ဌပါနမဍိုယ'ဟုခေါ်သည့် 'ဂိတ်အဝင်ရေမဏ္ဍပ်' အဆောင်တစ်ခုရှိသည်။ ယင်းသည် ဘုရားဖူးများအနေဖြင့် ပန်းမန်များကို ရေဆေးခြင်း ရေသောက်ခြင်းများဖြင့် အမြင့်အမြတ်ထားသည့်နေရာဌာနသို့ မဝင်မီ ကိုယ်လက်သန့်စင်မှုများ ပြုလုပ်နိုင်ရန် အများဆုံးဖြစ်နိုင်ဖွယ်ရှိသည့် ရေအိုးများကို သိမ်းဆည်းထားသည့် နေရာဖြစ်သည်။ ဇေတဝနဝိဟာရ ကျောင်းတိုက်အတွင်းရှိ 'ဂိတ်အဝင်ရေမဏ္ဍပ်' သည် သိသာသော အရွယ်ရှိသည့် နှစ်ထပ်အဆောက်အအုံ ဖြစ်သည်။ အပြင်မှလာသူ မည်သူမဆိုအား အပေါ်ထပ်မှာဖြစ်စေ၊ အောက်ထပ်မှာဖြစ်စေ၊ သို့မဟုတ် ရေအိုးများထားသည့် နေရာတွင်ဖြစ်စေ နေထိုင်

---

[၁] မူလက ပဏ္ဏသာလာဟူသည်မှာ ပုဒ်ရင်း အဓိပ္ပာယ်အရ 'သစ်ရွက်တဲ'ဟု အဓိပ္ပာယ်ရသည်။ နောင်အခါတွင် ယင်းဝေါဟာရသည် မည်သည့် ဘုန်းကြီးကျောင်းမျိုးကိုမဆို အဓိပ္ပာယ် သက်ရောက်စေသည်။ ယနေ့ ခေတ်တွင် သီဟိုဠ်ရှိ ဗုဒ္ဓဘာသာ ကျောင်းတိုက်များအတွင်းရှိ ခေတ်မီ အဆောက်အအုံကြီးများကိုလည်း ပဏ္ဏသာလာဟူသော ပါဠိဝေါဟာရမှ ဆင်းသက်ခဲ့သည့် 'ပနဆလ'ဟု သီဟိုဠ်ဘာသာစကားဖြင့် ခေါ်သည်။ အေဒီ ၉ ရာစု ကျောက်စာတစ်ခုတွင် 'ပနဟလ' (pan-hala) ဟူသော ဝေါဟာရကို အသုံးပြုထားသည် (EZ.IV, p. 178-179)။

[၂] ယတ္ထ စေတိယံ ပတိဋ္ဌိတံ ဟောတိ၊ ဓမ္မဿဝနံ ကရီယတိ၊ စတူဟိ ဒိသာဟိ ဘိက္ခူ အာဂန္တွာ အပ္ပဋိပုစ္ဆိတွာ ယေဝ ပါဒေ ဓောဝိတွာ ကုဉ္စိကာယ ဒွါရံ ဝိဝရိတွာ သေနာသနံ ပဋိယောဇိတွာ ဝသိတွာ ယထာဖာသုကံ ဂစ္ဆန္တိ၊ သော အန္တမသော စတုရတနိယာ ပဏ္ဏသာလာပိ ဟောတု၊ စာတုဒိသံ သံယံ ဥဒ္ဒိဿကတဝိဟာရောတွေဝ ဝုစ္စတိ (အံ-ဋ္ဌ ၃၊ ၂၇၁)။

ခွင့်မပြုကြောင်း စည်းကမ်း သတ်မှတ်ထားသည်[၁]။ ထိုမဏ္ဍပ်သည် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပရိသတ်အား ကိုယ်လက်ဆေးကြော သုတ်သင်ရန်နှင့် အဝတ်အစားလဲရန် အခန်းနေရာလွတ် ရှိနိုင်လောက်အောင် အတော်အတန် ကြီးမားပုံရသည်[၂]။

အနုရာဓပုရမြို့တော်ရှိ အချို့သော ဘုရားများ၏ဝင်းအတွင်းသို့ အဝင်တွင် လှေကားထစ်များအနီးတွင် လက်ဆေးဇလုံ ပုံသဏ္ဌာန်ရှိသည့် တွင်းခေါင်းများနှင့် ကျောက်တုံးများကို တွေ့ရသည်။ အနုရာဓပုရမြို့အနီးရှိ ပံကုလိယကျောင်းတိုက်တွင်တွေ့ရသည့် ယင်းသို့သော ကျောက်လက်ဆေးခွက်တွင် တွေ့ရသည့် အလှူကောင်းမှု စာတန်းတစ်ခုတွင် ခြေဆေးရေဟု အဓိပ္ပာယ်ရသည့် ပါဒေါဝနိ (ပါဠိ ပါဒဓောဝနီ) ဟူသော ပုံစံပြ ဝေါဟာရသည့် ယင်းကို ရည်ညွှန်းသည်။ မိဖုရား ကလျာဏဝတီရေးထိုးသည့် ရုဝန်ဝါလိဆာယ (Ruvanväli-sāya) ကျောက်စာတွင် ခြေဆေးခွက်ဟု အဓိပ္ပာယ်ရသည့် ပါဒေနိ (ပါဠိ ပါဒဒေါဏိ) ဟူသော ဝေါဟာရလည်း ယင်းကိုပင် ရည်ရွယ်သည်။ ခြေဆေးခွက်ဟု ခေါ်နိုင်သည့် ကျောက်တစ်လုံး ရေလှောင်ကန်များကို ထူပါရာမစေတီကဲ့သို့သော ဘုရားများတွင် တွေ့ရသည်။ ယင်း ခြေဆေးခွက်များသည် ဝတ်ပြု ဆုတောင်းလာသူများအနေဖြင့် မြင့်မြတ်သည့် နေရာတော်များသို့ မဝင်မီ ခြေဆေးရန် ရေထည့်ထားသော ကျောက်ခြေဆေးကန်များဖြစ်ကြောင်း ဖော်ပြသည်[၃]။

ဘုန်းကြီးကျောင်းဝင်းအတွင်း အရေးအပါဆုံးမှာ ဗုဒ္ဓဓာတ်တော်ကို ဌာပနာထားသည့် စေတီဖြစသည်။ ရုဝန်ဝါလိဆာယ မှာကဲ့သို့ ပင်မ စေတီရင်ပြင်၌ အနည်းဆုံး ဝင်းနှစ်ခုရှိသည်။ နောက်တစ်ခုကို ဝါလိကင်္ဂဏ (သဲခင်းရင်ပြင်) ဟုခေါ်သည်။ ယင်းကို အဖြူရောင် သဲ

[၁] EZ.III p. 227.

[၂] ဥပုသ်နေ့များ၌ ရှစ်ပါးသီလစောင့်သုံးရန် ခပ်လှမ်းလှမ်းတွင်ရှိသော ဘုန်းကြီးကျောင်းများသို့ သွားရောက်ကြသည့် ကျေးရွာများမှ ကြည်ညိုသူ ဥပါသကာများအဖို့ ကျောင်းတိုက်ဝင်းအတွင်းသို့ မဝင်မီ ကျောင်းတိုက် အတွင်းရှိ ရေကန်များတွင် ကိုယ်လက်သုတ်သင်လျက် အဝတ်အစား အသစ်များလဲခြင်းမှာ ယနေ့တိုင်အောင်ပင် ထုံးစံတစ်ခု ဖြစ်သည်။

[၃] ပညာရှင် ပရနဝိတန၏ *The Satupa in Ceylon*, p. 64 ကို ရှုပါ



ခင်းထားပြီး နံရံဖြင့် ကာရံထားသည်[၁]။ အနုရာဓပုရမြို့၌ ယနေ့တိုင်တွေ့ရသကဲ့သို့ အပေါ်ဆင့်ရှိ ကျောက်တုံးဖြူ ခင်းထားသည့် အတွင်းပိုင်းဝင်းကို ဆင်ရုပ်များဖြင့် တန်ဆာဆင်ထားသော ဟတ္ထိပါကာရခေါ် အောက်ခံ နံရံထိန်းဖြင့် ပတ်ရံထားသည်။ ပင်မ ဝင်ပေါက် လေးခုတွင် တောရဏဟု ခေါ်သည့် ခမ်းနားသော အဝင် မုခ်ဦးရှိသည်[၂]။

စေတီ၏ အမိုးခုံးသည် ဝေဒိကာဘူမိ[၃] သို့မဟုတ် ပုပ္ဖာဓနု[၄] ဟုခေါ်သည့် တဖြည်းဖြည်း သေးသွားသည့် စက်ဝိုင်းပုံ သုံးဆင့်မှ မြင့်တက်သွားပြီး ယင်းသည် စေတီ၏ အောက်ခြေပုံစံ ဖြစ်သည်[၃]။ ယင်းအဝိုင်း သုံးဆင့်တွင် အပေါ်ဆုံးအဆင့်နှင့် အလယ်အဆင့်ကိုပင် ပန်းပူဇော်မည့် ပန်းတင်ခုံအဖြစ် အသုံးပြုသည်။ အပေါ်ဆုံးအဆင့်မှာ ကုဋ္ဋိမဝေဒိကာဘူမိဖြစ်သည်။ အောက်ဆုံး အဆင့်တွင် ပါဒပီဌိကာခေါ် လှေကားဆင့် ဆယ့်ခြောက်ခု ရှိသည်။ ယင်းကို စေတီပတ်လည် ပုံမှန်နေရာအချို့၌ ဆက်ထားသည်။ ယင်းတို့မှာ ဘုရားဖူးများ ရပ်နားပြီး ဒူးတုပ်လျက် အပေါ်ပစ္စယာတွင် ပန်းများပူဇော်ပြီးနောက် လှည့်လည်ပြီး ဝတ်ပြုရှိခိုးရန် နေရာများကို ညွှန်ပြသည်။ မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ပါသည့် အကြောင်းအရာ တစ်ရပ်မှာ မထေရ်တစ်ပါးသည် အနောက်ဖက် လှေကားများမှတစ်ဆင့် ဝေဒိကာဘူမိ (ပစ္ဆိမမုခ နိဿိတေန သောပါနေန) မှ တက်သွားပြီး စေတီတော်အား ပန်းမန်များ လှူဒါန်းခဲ့ပုံ အကြောင်းကို ဖော်ပြသည်[၅]။

[၁] မဟာဝံသ ၃၃း၃၁။ ၃၄း၇၀။ ရှေးခေတ်များတွင် ဝါလိကင်္ဂဏသာ ရှိခဲ့ပုံရသည်။ နောင်ခေတ်များတွင် နိုင်ငံတော် ချမ်းသာကြွယ်ဝလာပြီး ကျောင်းတိုက်များကို တိုးချဲ့သောအခါ ခြံဝင်းကျယ်လာပြီး ခွဲထားခဲ့ဖွယ်ရှိသည်။

[၂] မ-ဋ္ဌ ၃၊ ၁၇၀။ မဟာဝံသ ၃၈၊ ၁၀။

[၃] မ-ဋ္ဌ ၃၊ ၁၇၀။ ဝေဒိကာဘူမိဟူသည် အဝင်မုခ်ဦးကို ဆိုလိုသည်။

[၄] မဟာဝံသ ၃၀း၅၁၊ ၅၈၊ ၆၀။ ၃၃း၂၂။ ဂိုင်ဂါသည် 'ပုပ္ဖာဓာန' ပုဒ်ကို 'ပန်းပူဇော်ရန် လှေကားထစ်သဏ္ဌာန် အဆင့်ဟု ဘာသာပြန်သည်။

[၅] မ-ဋ္ဌ ၃၊ ၁၇၀။ အဘိ-ဋ္ဌ ၁၊ ၁၁၄။ မဟာစေတိယံ ပဒက္ခိဏံ ကတွာ သောဠသသု ပါဒပိဋ္ဌိကာသု ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ။
အေဒီ ၁၂ ရာစု ခန့်တွင် ဝေဒိကာဘူမိသို့ တက်ပြီး လက်ယာရစ်လှည့်သည့် ထုံးစံ ပြတ်တောက်သွားခဲ့ကြောင်း တွေ့ရသည်။ ဂုရုဠုဂေါမိ အမည်ရှိပုဂ္ဂိုလ်ကရင်း ရေးသားသည့် ဓမ္မပြဒီပိကာ (အေဒီ ၁၂ ရာစု) ကျမ်းတွင် ရုဝန်ဝါလိဆာယ

ပုံမှန်အားဖြင့် ဗောဓိပင်တည်ရှိရာဝင်း၏ အရပ်လေးမျက်နှာတွင် တောရဏ သို့မဟုတ် ဝင်ပေါက်ဂိတ် လေးခုရှိပြီး[၁] မြင့်တက်နေသည့် ကျောက်ပလက်ဖောင်း၏ ဝေဒီတစ်ခုကို စေတီတော် ပတ်လည်တွင်[၂] ချထားလျက် ယင်းအပေါ်တွင် ဥပါသကာများက ရှိခိုးဝတ်ပြုနိုင်သည်။ ဗောဓိပင်အနီးတွင် ဗောဓိဃရ[၃] သို့မဟုတ် ဗောဓိဂေဟရှိသည်။ စေတိယဃရနှင့်မတူဘဲ ဝတ်ပြုကျောင်းတစ်ခုနှင့်တူသည့် ယင်းအဆောက်အအုံကို သစ်ပင်ပေါ်မှ တည်ဆောက်ထားသည် မဟုတ်ဘဲ သစ်ကိုင်းများအောက်ရှိ ပင်စည်ပတ်လည်တွင်[၄] တည်ဆောက်ထားခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် ဗောဓိဃရအတွင်း ဗုဒ္ဓဆင်းတုတော်များ ရှိသည်[၅]။ စေတိယဃရကဲ့သို့ပင် ဤအဆောက်အအုံ (ဗောဓိဃရ)သည်လည်း မဟာဗောဓိပင်မြတ်အား လက်ယာရစ် လှည့်လည်ကြသည့် ဘုရားဖူးများအား အမိုးအကာပေးရန် ရည်ရွယ်ပုံရသည်။

နောက်ထပ် အရေးကြီးသည့် အရာတစ်ခုမှာ ဗုဒ္ဓဆင်းတုတော်ထားရှိသည့် ပဋိမာဃရ (ဆင်းတုတော်ဆောင်) ဖြစ်သည်။ ဆင်းတု

---

[၁] မဟာဝံသ ၃၄း၁၀၈၊ ၁၂၈။ [၂] ယင်း ၃၄း၅၂၊ ၁၀၃။

[၃] မဟာဝံသ ၁၅း၂၀၅။ ၃၇း၁၅။ ၃၈း၄၃။ ၄၁း၆၅။ ဝိ-၄ ၃၊ ၁၄၊ ၇၀။ ရာစုနှစ်ပေါင်း များစွာပတ်လုံး ဘုရင်များစွာတို့သည် မဟာဝိဟာရကျောင်းတိုက်အတွင်းရှိ မဟာဗောဓိပင်နှင့် အခြားဒေသများရှိ ဗောဓိပင် ပတ်လည်တွင် ဗောဓိဃရများ တည်ဆောက်ကြကြောင်း ဖော်ပြသည်။

[၄] ဤသည်မှာ မဟာဝံသ အခန်း ၄၀၊ ဂါထာအမှတ် ၅၄ ၌ဖော်ပြသည့် မှတ်တမ်းဖြစ်အရဖြစ်သည်။ ယုဝရာဇ မဟိန္ဒ (အေဒီ ၈၅၁-၈၈၆ ဒုတိယ သေနမင်း လက်ထက်)သည် (သီဟိုဠ်) မဟာဗောဓိပင်၌ ဗောဓိဃရတစ်ခု စတင်ဆောက်လုပ်သည်။ ထုပ်တန်းနှင့် ထိနေသဖြင့် ဗောဓိကိုင်းတစ်ခုကို ခုတ်ဖြတ်ရမည်ဟု သတိပြုမိသည့် လက်သမားများက ယုဝရာဇအား အကြောင်းကြားကြသည်။ ယုဝရာဇသည် မဟာဗောဓိပင်အား အလှူဒါန ပြုပြီး ဗောဓိဃရကို တည်ဆောက်ရလွယ်ကူစေရန် ဗောဓိကိုင်းမြတ်သည် အပေါ်သို့ ကွေးပါစေသတည်းဟု ဆုတောင်းအဓိဋ္ဌာန်ပြုလိုက်သည်။ ဆုတောင်းသည့်အတိုင်း ဖြစ်လာခဲ့သည်။ ယင်းမှတ်တမ်းအရ ဗောဓိဃရကို ဗောဓိကိုင်းများ၏ အပေါ်မှ တည်ဆောက်ခြင်းမဟုတ်ဘဲ အကိုင်းများအောက်မှ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

[၅] မဟာဝံသ ၃၇၊ ၃၁။



စေတီပတ်လည်တွင် စေတိယဃရ သို့မဟုတ် စေတီအိမ်ဟုခေါ်သည့် အဆောက်အအုံရှိသည်[၁]။ ယင်း အဆောက်အအုံသည် ယင်းကို

---

ဆန်ချီနှင့် ဘိလဆ(Bhilsa)ကဲ့သို့သော စေတီအချို့၏ ဝေဒိကာဘူမိသို့ သွားသည့် လှေကားထစ်များကို ဘုရားဖူးများ အသုံးပြုနိုင်ဆဲ ဖြစ်သည်။ အမှန်သော် အဝိုင်းပုံ ဝေဒိကာဘူမိ သုံးခုသည် စေတီတော်၏ အခြေခံဖြစ်ပြီး ပေအတော်မြင့်သော အပေါ်ဆုံး ပစ္စယာအထက်ရှိ အမိုးခုံးတွင် ဓာတ်တော်များကို ဌာပနာထားသည်။ သို့ဖြစ်၍ ဝေဒိကာဘူမိတစ်လျှောက် စေတီတော်ပတ်လည်၌ လမ်းလျှောက်ခြင်းသည် အတွင်းရှိ ဓာတ်တော်များကို မရိုသေရာရောက်သည်။

[၁] တစ်ခါတစ်ရံ စေတိယဂေဟဟုလည်း ခေါ်သည် (ဝိ-၄ ၃၊ ၇၀။ မဟာဝံသ၊ ၉၇း၉၀-၉၁)။

စေတိယဃရ၏ မူလရင်းမြစ်ကို အတိအကျ မသိရချေ။ အရှင်မဟာဗုဒ္ဓဃောသ၏ အဿလာယနသုတ်အဖွင့် (မ-ဋ္ဌ ၃၊ ၂၈၁) တွင် အဿလာယနအမည်ရှိ ဥပါသကာသည် ဗုဒ္ဓတရားကို လိုက်နာကျင့်သုံးသွားပြီးနောက် မိမိအိမ်အတွင်း စေတီတစ်ဆူ တည်ဆောက်ခဲ့သည် (အတ္တနော အန္တော နိဝေ-သနေယေဝ စေတိယံ ကာရေသိ)။ ၎င်းကို ဆက်ခံသူများသည် အဋ္ဌကထာကျမ်းကို ရေးသားသည့်ခေတ်တိုင်အောင် ယင်းအစဉ်အလာကို လိုက်နာခဲ့ကြပြီး အိမ်ဆောက်သည့် အခါတိုင်းတွင် အိမ်အတွင်း၌ စေတီတစ်ဆူကို တည်ဆောက်ကြသည် (ယာဝဇ္ဇဒိဝသာ အဿလာယနဝံသေ ဇာတာ နိဝေသနံ ကာရေတွာ အန္တောနိဝေသနေ စေတိယံ ကာရေန္တေဝ)။ စေတီကို အိမ်အတွင်း ထည့်သွင်းရသည်ဟူသော အစဉ်အလာကို ဖြစ်ပေါ်စေခဲ့သည့် ယင်းအလေ့အကျင့် ရှိနိုင်ပါသလား။

ဤကိစ္စနှင့် ပတ်သက်၍ ဂူအတွင်းမှာပင်ရှိသည့် ကာရ်လေစေတီမှာကဲ့သို့သော ရည်ညွှန်းချက်ကို ပြုလုပ်နိုင်သည်။ ဓာတ်တော်များမှာ သက်တော်ထင်ရှား မြတ်ဗုဒ္ဓကို ကိုယ်စားပြုသည်။ ဥပမာအားဖြင့် မိမိနှင့် နောက်ပါရဟန်းတော်များ ဗုဒ္ဓဘုရားရှင်ကို ဖူးမြော်ရန် အိန္ဒိယသို့ ကြွရောက်လိုကြောင်း အရှင်မဟိန္ဒ၏ ဖော်ပြချက်ကို ကြည့်ပါ။ ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူပြီဖြစ်ကြောင်း လျှောက်ထားကြသောအခါ အရှင်မြတ်က 'ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို ဖူးမြင်ရခြင်းမှာ ဗုဒ္ဓဘုရားရှင်ကို ဖူးမြော်ရခြင်းပင်ဖြစ်သည်'ဟု အရှင်မြတ်က ဖြေကြားသည် (ဓာတူသု ဒိဋ္ဌေသု ဒိဋ္ဌော ဟောတိ ဇိနော၊ မဟာဝံသ ၁၇၊ ၃)။ သို့ဖြစ်၍ ယင်းသို့သော ဓာတ်တော်များကို ဌာပနာ (ထည့်သွင်း) သော စေတီတစ်ဆူကိုလည်း သက်တော်ထင်ရှား မြတ်ဗုဒ္ဓသီတင်းသုံးတော်မူသည့် နေရာအဖြစ် ယူဆရမည်ဖြစ်သည်။

ဖုံးအုပ်ထားသော အမိုးပါသည့် ကျောက်တိုင်ပေါ်ရှိ အမှတ်တရနေရာပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံငယ်တစ်ခု ဖြစ်ခဲ့ပုံရသည်။ ယင်းအဆောက်အအုံ၌ တစ်ခါတစ်ရံတွင် တံခါးများ ရှိပြီး[၁] အတွင်း၌ လှပသည့်ကော်ဇောများ ခင်းထားသည်[၂]။ ယင်းသည် အတွင်း၌ ပန်းများ ပူဇော်လှူဒါန်းမှုပြုရန် နေရာပါသည့် စေတီကို ထည့်သွင်းထားသည့် အိမ်တစ်ဆောင်နှင့် အနည်းနှင့်အများ တူနေသည်[၃]။

ရှေးဟောင်းသုတေသနဆိုင်ရာ အကြွင်းအကျန်များတွင် တွေ့ရသည့်အတိုင်း စေတိယဃရကို ထူပါရာမနှင့် အမ္ဗတ္ထလ ကဲ့သို့သော အရွယ်အစားငယ်သည့် စေတီများ၌သာ တွေ့ရသည်။ ရုဝန်ဝါလိ၊ အဘယဂိရိနှင့် ဇေတဝနကဲ့သို့သော မည်သည့် စေတီကြီးများတွင်မှ စေတိယဃရ ပြုလုပ်ထားသည်ကို မတွေ့ရချေ။ ယင်းသို့ အရွယ်အစား ကြီးမားသည့် စေတီများ၌ စေတိယဃရတည်ဆောက်ရန် မဖြစ်နိုင်သည်မှာ ထင်ရှားသည်။ စေတိယဃရဟူသည် စေတီတော်အတွက် သာမက နေထဲမိုးထဲတွင် ပတ်၍လမ်းလျှောက်ကြသည့် ဘုရားဖူးများအတွက်ပါ နားခိုရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခြင်း ဖြစ်သည်။ စေတိယဃရသည် အဆောက်အအုံကို ကာကွယ်ပေးသော်လည်း အထူးသဖြင့် လပြည့်ညများတွင် ရိုးစင်းခမ်းနားသည့် သပ္ပာယ်လှပမှုကို ပျက်စီးစေသည်[၄]။ တစ်ခါတစ်ရံတွင် စေတီကို ပန်းချီဆေးရေးများ (စိတ္တကမ္မ)ဖြင့် တန်ဆာဆင်ထားသည့် ဒုတိယ အဂ္ဂဗောဓိမင်း (အေဒီ ၆၀၁-၆၁၁) ပြန်လည်ပြုပြင်ပြီးနောက် ထူပါရာမစေတီ ဖြစ်ပုံနှင့် တူသည်[၅]။ အမ္ဗတ္ထလစေတီကို သဒ္ဓါတိဿမင်း (ဘီစီ ၇၇-၅၉)က မနော

သို့ဖြစ်ပါက စေတီဟူသည် မြတ်ဗုဒ္ဓသီတင်း သုံးတော်မူသော ဂန္ဓကုဋိပင်ဖြစ်ပြီး ယင်း (ဂန္ဓကုဋိ) သည် အမိုးရှိသင့်သည်မှာ သဘာဝကျပါသည်။

[၁] မဟာဝံသ၊ ၄၈း၆၆။

[၂] ဝိ-၄ ၂၊ ၈၉။

[၃] ပြန်လည် မွမ်းမံထားသည့် ခေတ်သစ် စေတိယဃရတစ်ခုကို သီဟိုဠ်ရှိ အတ္တနဂလ္လအရပ်၌ တွေ့မြင်နိုင်သည်။

[၄] ပရနဝိတနရေးသားသည့် Stupa in Ceylon ကျမ်းပါ စေတိယဃအခန်းကို ရှုပါ။

[၅] မဟာဝံသ၊ ၄၂၊ ၅၆။



သိလာ သို့မဟုတ် စိန်နီမှုန့်ဖြင့် ရွှေရောင်ဆေးသုတ်ခဲ့သည်[၁]။

နောက်ထပ် အရေးပါသည့် အရာတစ်ခုမှာ **ဗောဓိပင်** ဖြစ်သည်။ အချို့ဗောဓိပင်များမှာ ဝဇ္ဇမာနဗောဓိ[၂] ကဲ့သို့သော အထူးမည်နာမများဖြင့် ထင်ရှားသည်။ ယင်းသည် ဗုဒ္ဓဝါဒီများ ယုံကြည်ထားသည့် မြင့်မြတ်သော သစ်ပင်အား မြတ်နိုးလေးစားမှုနှင့် ပတ်သက်သည့် အထောက်အထား ဖြစ်သည်။ ဘုန်းကြီးကျောင်းတိုက် တစ်ခုတွင် ဗောဓိပင်သည် ဗုဒ္ဓဓာတ်တော်များ ပြီးနောက် ဒုတိယ နေရာတွင် ရှိသည်။ စေတီ သို့မဟုတ် ဗုဒ္ဓဆင်းတုတော် သို့မဟုတ် ဗုဒ္ဓဓာတ်တော်များကို ဌာပနာထားသည့် အာသနဃရ[၃]ဖက်ကို ထိုးနေမှသာလျှင်၊ သို့မဟုတ် ဗောဓိပင်၏ ကောင်းစွာ ကြီးထွားမှုကို ဆွေးမြေ့နေသော သို့မဟုတ် ထိုးထွက်နေသော အကိုင်းကို ဖယ်ရှားမှုသည် အထောက်အပံ့ပြုပါခဲ့လျှင် လူခန္ဓာကိုယ်တွင် ခွဲစိတ်ကုသသကဲ့သို့ ဗောဓိကိုင်းကို ခုတ်ဖြတ်နိုင်သည်။ အကယ်၍ ငှက်များသည် ယင်း ဗောဓိကိုင်းပေါ်တွင် နားနေ၍ စေတီတော်အား ညစ်နွမ်းစေလျှင် ဗောဓိကိုင်းကို ဖြတ်တောက် ဖယ်ရှားကောင်းသည်[၄]။ သို့တစေ အခြားမည်သည့် ရည်ရွယ်ချက်ဖြင့်မျှ ဗောဓိကိုင်းကို မဖြတ်ကောင်းချေ[၅]။

[၁] ရသဝါဟိနိ ၂၊ စာ- ၁၀။ မဟာဝံသ၊ ၃၄း၁၂၄။ [၂] မဟာဝံသ၊ ၄၈း၅။

[၃] အာသနဃရဟူသည် ပန်းပူဇော်ရန် နေရာများပါရှိသည့် အဆောက်အအုံ ဖြစ်သည်မှာ ထင်ရှားပြီး တစ်ခါတစ်ရံ ယင်းနေရာများတွင် ဖော်ပြပြီးဖြစ်သည့် အတိုင်း ဗုဒ္ဓဓာတ်တော်များကို ဌာပနာထားသည်။ အနုရာဓပုရမြို့နှင့် မဟိန္ထလေ့အရပ်များတွင်ရှိသည့် ယင်းပန်းပူဇော်ရန် နေရာများ၏ ရှေ့တွင် ကျောက်ဖြင့် တည်ဆောက်သည့် ‘အာသန’များရှိပြီး ဃရဟူသော ဝေါဟာရသည် ယင်းပန်းပူဇော်ရန် နေရာများကို ခေါ်ခြင်းဖြစ်သည်။ မကြာမီက ရုဝန်ဝါလိဆာယအရပ်ရှိ ယင်းပန်းပူဇော်သည့် နေရာများကို တစ်စစီဖြုတ်ကြည့်လိုက်သေအခါ အခြားပစ္စည်းများနှင့်အတူ ဓာတ်တော်များပါရှိသည့် ကြုတ်များကို တွေ့ရှိခဲ့သည်ကို သတိပြုသင့်သည်။ ခေတ်သစ် စေတီတော်များ၏ ပတ်လည်တွင် နေထိုင်စရာ အမိုးအကာရှိ သို့မဟုတ်မရှိဘဲ ပန်းပူဇော်ရန်အတွက် နေရာလေးခုတွေ့ရပြီး ရှေးခေတ် ခမ်းနားသည့် အာသနဃရ၏ သေးငယ်သော လှေကားဆင်းများအနေဖြင့် ယူဆနိုင်သည် (ဝဟာလကဒ)။

[၄] ဤဖော်ပြချက်က ဗောဓိပင်များသည် စေတီတော်အနီးတွင် တည်ရှိကြကြောင်း ဖော်ပြသည်။

[၅] အံ-၄ ၁၊ ၃၅၆။ အဘိ-၄ ၂၊ ၄၀၈။

ပေါ်၌ အပြာရောင် မျက်နှာကြက်ကို လျှုဒါန်းသည်[၁]။ ဤဆင်းတုတော်အား အမည်နာမ များစွာဖြင့် ရည်ညွှန်းကြသည်။ ဥပမာ ဥရုသိလာပဋိမာ၊ မဟာသိလာပဋိလာ၊ သိလာသတ္ထု၊ သိလာသမ္ဗုဒ္ဓ၊ သိလာမယဗုဒ္ဓ၊ သိလာမယ မုနိန္ဒ၊ သိလာမယမဟေသီတို့ဖြစ်သည်။

ဤဆင်းတုတော်အား ရည်ညွှန်းသည့် အခါတိုင်းတွင် သိလာ (ကျောက်) ဟူသော ဝေါဟာရကို မခွဲဘဲ တွဲသုံးထားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ အခြားကျောက်ဆင်းတုတော်များ ရှိကြသော်လည်း ဤဆင်းတုတော်ကိုသာလျှင် 'ကျောက်သားဆင်းတုတော်ကြီး'ဟု လူသိများသည်။ စတုတ္ထမဟိန္ဒမင်း (အေဒီ ၉၅၆-၉၇၂) ၏ မဟိန္ဒလေ့ ကျောက်စာတွင် 'မင်္ဂလမဟာသိလာပဋိမာ' မင်္ဂလကျောက်သားဆင်းတုတော်ကြီးဟု ရည်ညွှန်းသည်ကို တွေ့ရသည်[၂]။ ဤမင်း၏ ဇေတဝနာရာမကျောက်ဖျာပေါ်တွင် ရေးသည့်စာ၌ အဆင့်မြင့် ချီးမွမ်းသည့် ဝေါဟာရများဖြင့် 'မဟာသိလာပဋိမာ'ကို ရည်ညွှန်းထားသည်[၃]။ ရည်ညွှန်းထားချက်များက ထူးခြားစွာ အရိုအသေပြုခြင်းခံရပြီး အလွန်တန်ဖိုးကြီးမားသည့် ဓာတ်တော်များကဲ့သို့ပင် ပူဇော်ခြင်းခံရသည့် ရှေးဟောင်း ကျောက်ဆင်းတုတော် တစ်ဆူရှိကြောင်း ဖော်ပြသည်။ ဝိက္ကမသိငှေ် (Wickremasinghe) အမည်ရှိ ပုဂ္ဂိုလ်က စတုတ္ထ မဟိန္ဒမင်း ကျောက်စာတွင် ဖော်ပြထားသည့် ကျောက်သားဗုဒ္ဓဆင်းတော်သည် ဒေဝါနံပိယတိဿမင်း ထူပါရာမစေတီတော်၌ တည်ဆောက်ခဲ့သော ဆင်းတုတော် ဖြစ်နိုင်သည်ဟု ယူဆခဲ့ပြီး[၄] အေဒီ ငါးရာစုတွင် အဘယဂိရိကျောင်းတိုက်၌ တရုတ်ဘုရားဖူးရဟန်းတော် ဖာဟီယန် တွေ့ရှိခဲ့သည့် ဆင်းတုတော်နှင့် အတူတူ ဖြစ်နိုင်သည်ဟူသော ဖြစ်နိုင်ခြေဖြင့် ကောက်ချက်ချခဲ့သည်[၅]။

[၁] ယင်း ၄၀၊ ၇၇။

[၂] EZ, I, p. 92.

[၃] EZ, I, p.p. 218,218,233.

[၄] EZ, I, p. 217.

[၅] EZ, I, p. 230.

ဒေဝါနံပိယတိဿမင်း၏ ဗုဒ္ဓဆင်းတုတော်သည် အနုရာဓပုရမြို့ သမာဓိ (အရုပ်)တွင် တွေ့ရသည့် ထင်ရှားကျော်ကြားသော ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော် ဖြစ်သလားဟု မေးလိုဖွယ်ရှိသည်။ ဤဆင်းတုတော်သည် လာရောက်



တော်ဆောင်သည် သီဟိုဠ်ဘုန်းကြီးကျောင်းတစ်ခု၌ မည်သည့် အချိန်ကစတင် အရေးပါလာခဲ့ကြောင်း စူးစမ်းရန် စိတ်ဝင်စားဖွယ် ကောင်းသည်[၁]။ အရှင်မဟိန္ဒ၏ မဟာဝိဟာရကျောင်းတိုက် ပန္နက်တွင် မဟာထူပနှင့် မဟာဗောဓိပင်များအတွက် နေရာရှိခဲ့သော်လည်း ဆင်းတုတော်ဆောင်အတွက် နေရာမပါရှိကြောင်း တွေ့ရသည်။ ဤနေရာ၌ ဘီစီသုံးရာစု ဘုရင်အသောကခေတ်အတွင်း ဗုဒ္ဓဆင်းတုတော် တည်ရှိခဲ့ကြောင်း မသိရသည်ကို သတိရသင့်သည်။ ဗုဒ္ဓဆင်းတုတော်များသည် ဆန်ချီနှင့် ဘာရဟုတရှိ ရှေးဟောင်း ပန်းပုလက်ရာများမှ လွဲ၍ မတွေ့ရချေ။ ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိမှုကို ဖြစ်နိုင်စွာ မျှော်လင့်ရမည်ဖြစ်သော စိတ်အာရုံ ကိုယ်စားပြုမှုများမှာပင် ဗုဒ္ဓရှင်တော်မြတ်အား ခြေတော်ရာ၊ စကြာဘီးပုံ သို့မဟုတ် ပန်းကုံးပန်းဆိုင်းများနှင့် ထီးမိုးထားသည့် ထိုင်ခုံများကဲ့သို့သော သင်္ကေတများဖြင့်သာ ညွှန်ပြခဲ့သည်။ ဘာရဟုတ ပန်းပုလက်ရာများ၌ တွေ့ရသည့် မြင်ကွင်းတစ်ခုသည် ခြေတော်ရာရှေ့၌ ဒူးထောက်နေသည့် အဇာတသတ္တုမင်းကို ကိုယ်စားပြုကြောင်း ကျောက်စာတွင် အတိအကျ ဖော်ပြသည် 'အဇာတသတ္တုသည် ဗုဒ္ဓရှင်တော်မြတ်အား ဒူးထောက်၍ ရှိခိုးဦးညွှတ်သည်'[၂]။ အိန္ဒိယတွင် ဗုဒ္ဓဆင်းတု ထုလုပ်ခြင်းနှင့် ယင်းအား ပူဇော်ကိုးကွယ်မှုကို အသောကနောက်ပိုင်းခေတ်မှ စပြီးသတ်မှတ်ခြင်းကို ခိုင်လုံစေသည့် အထောက်အထား များစွာရှိသည်။ ကာရ်န် (Karn) အမည်ရှိပုဂ္ဂိုလ်[၃] က စုဆောင်းထားသည့် အထောက်အထားများ အားလုံးသည် ဗုဒ္ဓဆင်းတု ထုလုပ်ကိုးကွယ်မှုအစမှာ ဘီစီတစ်ရာစုထက် နောက်မကျဟူသည်ကို ဖော်ပြရန် အားသာကြောင်း ယူဆခဲ့သည်။

သို့ရာတွင် အနည်းဆုံး အေဒီ ငါးရာစုထိ တည်ရှိခဲ့ပြီး လုံးဝပျောက်မသွားသေးသည့် သီဟိုဠ်အစဥ်အလာ တစ်ခုသည် ဗုဒ္ဓဆင်းတု

[၁] ယနေ့ခေတ်တွင် ဗုဒ္ဓဆင်းတု ထားသည့်နေရာဟု အများသိကြသည့်အတိုင်း ထိုဆင်းတုဆောင်သည် သီဟိုဠ်ဘုန်းကြီးကျောင်း တစ်ခု၏ အဓိကနေရာဖြစ်သည်။

[၂] အဇာတသတ္တု ဘဂဝတော ဝန္ဒတေ။ ဘာရဟုတ ကျောက်စာ (Barua and Sinha)၊ စာ-၃၆။

[၃] MIB, p. 95.

တော်သမိုင်းကို ဘီစီသုံးရာစုအချိန်ထိ ခြေရာခံထားသည်[၁]။ ဇေဋ္ဌတိဿမင်း (အေဒီ ၃၂၃-၃၃၃)၏ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ မဟာဝံသကျမ်း၌ 'ထူပါရာမစေတီတော်တွင် ဒေဝါနံပိယ တိဿမင်းက ကြီးမားပြီး သပ္ပာယ်လှပသည့် ကျောက်ဆင်းတုတော်တစ်ဆူ ထည့်သွင်းခဲ့ကြောင်း' မှတ်တမ်း တင်ထားသည်[၂]။ အကယ်၍ ယင်း ဖော်ပြချက်ကို လက်ခံလျှင် သီဟိုဠ်သည် ကမ္ဘာပေါ်တွင် ပထမဆုံးသော ဗုဒ္ဓဆင်းတုတော် တည်ရှိခဲ့သည့် နိုင်ငံဖြစ်သည်။ ဒေဝါနံပိယတိဿမင်းသည် အမှန်ပင် ယင်းဆင်းတုတော်ကို ပြုလုပ်ခဲ့သလား သို့တည်းမဟုတ် နှောင်းခေတ် အစဉ်အလာသည် ထူပါရာမစေတီတော်အတွင်း တွေ့ရှိခဲ့သည့် မည်သည့်အရပ်တွင် ပြုလုပ်သည်ဟု မသိရသော ရှေးခေတ် ဗုဒ္ဓဆင်းတုတော်ကို သီဟိုဠ်နိုင်ငံ၏ ပထမဆုံးသော ဗုဒ္ဓဘာသာဘုရင် (ဒေဝါနံပိယတိဿမင်း) တည်ဆောက်ခဲ့သည်ဟု ယူဆလေသလားဟူသည်ကို အတိအကျ မသိရချေ။ အိန္ဒိယရှိ ဆန်ချီနှင့် ဘာရဟုတအရပ်များတွင်ရှိသည့် ရှေးခေတ်ပန်းပုဆင်းတုတော် များအကြား ဗုဒ္ဓဆင်းတုတော်တစ်ဆူ မတွေ့ရှိမှုဖြင့် ဘီစီ သုံးရာစုတွင် အခြားမည်သည့် နေရာတွင်မှ ဗုဒ္ဓဆင်းတုတော် တစ်ဆူ ပြုလုပ်ခဲ့ခြင်း မရှိဟု

[၁] တရုတ်ရဟန်းတော် ဖာဟီယန်က ၎င်းရောက်နေစဉ်အတွင်း အိန္ဒိယ၌ တည်ရှိနေသည့် ပြောဆိုစဉ်တစ်ခုကို ရည်ညွှန်းထားသည်။ ယင်းပြောဆိုစဉ် အရ ပရသေနဇိတ (Prasenajit) မင်း (ပသေနဒီကောသလမင်း) က ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ်အခါတွင် စန္ဒကူးနံ့သာသားဖြင့် ဗုဒ္ဓဆင်းတုတော် တစ်ဆူပြုလုပ်စေကြောင်း သိရသည်။ ဖာဟီယန်က ယင်းဆင်းတုတော်သည် နှောင်းခေတ်တွင် ထုလုပ်ကြသည့် ဆင်းတုတော် အားလုံး၏ စံပြဆင်းတုတော် ဖြစ်လာကြောင်း ဆိုသည် (Fa Hien, p. 56-57)။ သီဟိုဠ်တွင် ပသေနဒီကောသလမင်း တည်ဆောက်ခဲ့သည့် ဗုဒ္ဓဆင်းတုတော် အကြောင်း ဖော်ပြချက်ပါရှိသည့် ကောသလဗိမ္ဗဝဏ္ဏနာ ကျမ်းစာတစ်စောင်လည်း ရှိသည်။ ယင်းကျမ်းကို အေဒီ ၁၃ သို့မဟုတ် ၁၄ ရာစုခန့်တွင် ရေးသားခဲ့ဖွယ်ရှိသည် (DPPN, I, p. 698)။ မဟာဝံသ အခန်း ၃၀၊ ဂါထာအမှတ် ၇၂ တွင် ဒုဋ္ဌဂါမဏိမင်း (ဘီစီ ၁၀၁-၇၇) သည် သုဝဏ္ဏမာလီ မဟာစေတီတွင် ဗုဒ္ဓရွှေဆင်းတုတော် တစ်ဆူ ဌာပနာခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။

[၂] မဟာဝံသ ၃၅၊ ၁၂၈ ဂါထာ။ ဒေဝါနံပိယတိဿေန၊ သော ပတိဋ္ဌာပိတံ ပုရာ။
ထူပါရာမေ ဉရုသိလာ-ပဋိမံ စာရုဒဿနံ။



ကောက်ချက်ချပါက ကြောင်းကျိုး မဆီလျော်ချေ။ အိန္ဒိယတိုက်နယ်၏ တိုးတက်မှုဖြင့် သီဟိုဠ်တွင် အတွေးအခေါ်သစ်များ ပေါက်ပွားလာမှုကို တားဆီးရန် တစ်ခုခု ရှိခဲ့သလား။

အထက်တွင် ဖော်ပြခဲ့သည့် 'ကျောက်ဆင်းတုတော်ကြီး' (ဉရုပဋိမာ) သည် အများအလေးဂရုပြု ရိုသေခြင်းခံရသည့် ထင်ရှားသည့် ဆင်းတုတော်ဖြစ်သည်။ ဇေဋ္ဌတိဿမင်း (အေဒီ ၃၂၃-၃၃၃) သည် ယင်းဆင်းတုတော်ကို ထူပါရာမစေတီမှ ရွှေ့ပြောင်းပြီး ပါစီနတိဿပဗ္ဗတ ကျောင်းတိုက်တွင် ပူဇော်ထားခဲ့သည်[၁]။ တစ်ဖန် မဟာသေနမင်း (အေဒီ ၃၃၄-၃၆၂) သည် ယင်းဆင်းတုတော်ကို ထိုကျောင်းတိုက်မှ ရွှေ့ပြောင်းပြီး အဘယဂိရကျောင်းတိုက်တွင်[၂] ထားခဲ့သည်။ ဗုဒ္ဓဒါသမင်း (အေဒီ ၄ ရာစုကုန်ခန့်) သည် ဤဆင်းတုတော်၏ မျက်လုံးတော်ပတ်လည်တွင် ရတနာများ စီခြယ်ခဲ့သည်[၃]။ ဓာတုသေနမင်း (အေဒီ ၄၆၀-၄၇၈)သည် ဤဆင်းတုတော်အတွက် အဆောက်အအုံတစ်ခု တည်ဆောက်ပြီး ဗုဒ္ဓဒါသမင်း လှူဒါန်းခဲ့သည့် ရတနာများ ပျောက်ဆုံးသွားသောကြောင့် မျက်လုံးတော်တစ်စုံတွင် ပြန်လည်ပြုပြင်မည့် ရတနာများကို လှူဒါန်းခဲ့သည်။ ဓာတုသေနသည် ရောင်လျှံစက်ဝန်းနှင့် အထွတ် (နားကင်းတော်) နှင့် အပြာရောင် ရတနာများဖြင့်စီခြယ်ထားသည့် ဆံတော်များကိုလည်း ပြုလုပ်စေခဲ့သည်[၄]။ သိလာမေဃဝဏ္ဏမင်း (အေဒီ ၆၁၇-၆၂၆) သည် ဆင်းတုတော်၏ အဆောင်ဟောင်းကို ပြန်လည်ပြုပြင်ခဲ့ပြီး ရတနာများစွာဖြင့် တန်ဆာဆင်လျက် ကောလဝါပိရေကန်ကို ဤဆင်းတုတော်ကြီးအား လှူဒါန်းခဲ့သည်[၅]။ ဒုတိယသေနမင်း (အေဒီ ၈၅၁-၈၈၅) သည် ပျက်စီးသွားသည့် ဆင်းတုတော်ဆောင်ကို ပြန်လည်ပြုပြင်ပြီး ၎င်း၏ မိဖုရား ယင်းအဆောင်

[၁] မဟာဝံသ ၃၆၊ ၁၂၉ ဂါထာ။ ပါစီနတိဿပဗ္ဗတဟူသည် အနုရာဓပုရမြို့၊ နုဝရဝါဝ (Nuvaraväva)အနီး တူးဖော်တွေ့ရှိခဲ့သည့် အကြွင်း အကျန်များ ဖြစ်သည်။

[၂] ယင်း ၃၇၊ ၁၄။

[၃] ယင်း ၃၇၊ ၁၂၃။ ၃၈၊ ၆၁-၆၂။

[၄] ယင်း ၃၈၊ ၆၁-၆၄။

[၅] ယင်း ၄၄၊ ၆၈-၆၉။

ကျိုးဆီလျော်စွာ ဖော်ပြသည့် အခြားနေရာများမှာပင် စေတီနှင့် ဗောဓိပင်များကိုသာ ညွှန်းဆိုပြီး ဆင်းတုတော် သို့မဟုတ် ဆင်းတုဆောင်ကို လုံးဝညွှန်းဆိုခြင်းမရှိ[၁]။ အနန္တရိယကံနှင့် ပတ်သက်၍ ရှင်းလင်းချက်တစ်ခုတွင် ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်ပြီးနောက် တစ်စုံတစ်ယောက်သည် စေတီတော်ကို ဖြိုဖျက်လျှင်ဖြစ်စေ ဗောဓိပင်ကို ဖြတ်လျှင်ဖြစ်စေ ဗုဒ္ဓဓာတ်တော်များကို ပွန်းပဲ့အောင်လုပ်လျှင်ဖြစ်စေ ထိုပုဂ္ဂိုလ်သည် အာနန္တရိယကံကို ကျူးလွန်သူနှင့် အလားတူကြောင်း ပြဆိုသည်[၂]။ သို့ရာတွင် ဆင်းတုတော်ကို ဖျက်ဆီးခြင်း သို့မဟုတ် ပွန်းပဲ့အောင်လုပ်ခြင်းနှင့် ပတ်သက်သည့် ဖော်ပြချက် လုံးဝမရှိချေ။ ဆင်းတုတော်ထဲ၌ ဗုဒ္ဓဓာတ်တော်များကို ထည့်သွင်းထားမှသာလျှင် ထိုဆင်းတုတော်အား အရေးကြီးသည်ဟု ယူဆသည်[၃]။ ဓာတ်တော်များ ထည့်သွင်းခြင်းမရှိဘဲ ဆင်းတုတော်သည် ဘာသာရေးတန်ဖိုး အနည်းငယ်မျှသာရှိသော သို့မဟုတ် ဘာသာရေးတန်ဖိုးမရှိသော ပစ္စည်းတစ်ခုသာ ဖြစ်သည်။

ယင်းဖော်ပြချက်များထက် ဝိဘင်္ဂအဋ္ဌကထာ[၄]တွင်တွေ့ရသော ဖော်ပြချက်တစ်ရပ်မှာ ပို၍ အံ့ဩဖွယ် ကောင်းသည်။ ယင်းဖော်ပြချက်မှာ 'တစ်စုံတစ်ယောက်သည် စေတီတော်ကိုဖြစ်စေ ဗောဓိပင်ကိုဖြစ်စေ ဖူးမြော်ခြင်းဖြင့် ဗုဒ္ဓါလမ္ဗဏပီတိ[၅]ကို ရရှိ၏'ဟုဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓဆင်းတုတော်အား ယင်းသို့ပြုရန် ဖော်ပြခြင်းမရှိချေ။ အကယ်၍ အလားတူ ဖော်ပြချက်မျိုးကို ယနေ့ပြုလုပ်မည်ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် အလိုအလျောက်ပင် တစ်စုံတစ်ယောက်သည် ဗုဒ္ဓါလမ္ဗဏပီတိကို ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ခြင်းဖြင့် ရရှိနိုင်သည်ဟု မဆိုင်းမတွပင် ပြောဆိုမည်ဖြစ်သည်။ သို့တစေ အဋ္ဌကထာ၌ ဆင်းတုတော်တစ်ဆူအား ဖူးမြော်ခြင်းကို နောက်ထပ်တစ်ခု ဖြစ်နိုင်ခြေအနေဖြင့် ဖော်ပြခြင်း မပြုချေ။ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြင်ခြင်းမှာ

[၁] ဥပမာ အဘိ-ဋ္ဌ ၂၊ ၃၃၂၊ ၄၀၈။ မ-ဋ္ဌ ၁၊ ၂၅၈။ အံ-ဋ္ဌ ၂၊ ၃၇၇။ ဝိ-ဋ္ဌ ၄၊ ၁၅၂။
[၂] ရှေးခေတ် သီဟိုဠ် ဥပဒေအရ ယင်းပြစ်မှုကို ကျူးလွန်လျှင် သေဒဏ်ပေးသည်။
[၃] အံ-ဋ္ဌ ၁၊ ၃၄၁။ အဘိ-ဋ္ဌ ၂၊ ၄၀၈။ ဝိ-ဋ္ဌ ၃၊ ၄၂၄။
[၄] အဘိ-ဋ္ဌ ၂၊ ၃၃၂။ အဘိ-ဋ္ဌ ၁၊ ၁၁၅ ကိုလည်းရှုပါ။
[၅] ဗုဒ္ဓါလမ္ဗဏပီတိဟူသည် ဗုဒ္ဓကို ဖူးမြော်ရာမှဖြစ်စေ ဗုဒ္ဓဂုဏ်ကို အောက်မေ့ရာမှဖြစ်စေ ရရှိလာသည့် နှစ်သက်မှုပီတိဖြစ်သည်။



အေဒီနှစ်ရာစုအတွင်း မဟာဝံသကျမ်း၌ တစ်ဆူတည်းသော ဗုဒ္ဓဆင်းတုတော်နှင့် ဆင်းတုတော်ဆောင်ကို ရည်ညွှန်းထားချက်ကိုသာ ကျွန်ုပ်တို့တွေ့ရသည်။ ဝသဘမင်း (အေဒီ ၁၂၇-၁၇၁)သည် ဗုဒ္ဓဆင်းတုတော် လေးဆူ ပြုလုပ်ပြီး ယင်းဆင်းတုတော်များအတွက် အဆောင်တစ်ခု ဆောက်လုပ်ခဲ့ကြောင်း သိရသည်[၁]။ အေဒီ သုံးရာစုတွင်လည်း ဆင်းတုတော်နှင့် ပတ်သက်သည့် ရည်ညွှန်းချက် တစ်ခုကိုသာ ရရှိသည်။ ကြေးဆင်းတုတော် နှစ်ဆူကို ဝေါဟာရိကတိဿမင်း (အေဒီ ၂၆၉-၂၉၁)က သွန်းလုပ်ကြောင်းသိရပြီး အဆိုပါ ဆင်းတုတော်များကို

ဖူးမြော်သူများအဖို့ ကမ္ဘာပေါ်ရှိ မည်သည့် နေရာမှ ဗုဒ္ဓဆင်းတုတော်ထက်မဆို ပိုမိုကြီးမြတ်သော ဆွဲဆောင်မှုရှိသည်။ (အိန္ဒိယဝန်ကြီးချုပ်ဟောင်း) ဂျာဝါဟာလာ နေရူးသည် ဤဆင်းတုတော်ကို နှစ်သက်ခဲ့ပြီး 'ဒေဟရာဒန် အကျဉ်းထောင်တွင် အကျဉ်းချခံရစဉ်က အလွန်တည်ငြိမ်အေးချမ်းသည့် ဤဗုဒ္ဓဆင်းတုတော်မြတ်၏ ရုပ်သွင်တော်သည် ကျွန်ုပ်အား သက်သာရာရစေပြီး ခွန်အားကိုပေးသည်သာမက စိတ်ဓာတ်ကျဆင်းသည့် အကြိမ်များစွာကို ကျော်လွှားရန် ကူညီပေးနိုင်ခဲ့၏'ဟု ဆိုခဲ့သည် (Jawaharlal Nehru's *Autobiography*, p. 271)။ ဤဆင်းတုတော်သည် ကမ္ဘာပေါ်၌ တွေ့ရှိသမျှတွင် အသပ္ပာယ်ဆုံး ဖြစ်ဖွယ်ရှိသည်။ အီးဘီ ဟာဗေးလ် (E.B. Havell) က ၎င်း၏ကျမ်း (*Handbook of Indian Art*, p. 155) တွင် ဆာရနာထ(မိဂဒါဝုန်) ဗုဒ္ဓဆင်းတုတော်တွင် ယင်းနှင့်တူညီသည့် မျက်နှာတော်ရှိကြောင်းဆိုသည်။ သို့တစေ မူလဆင်းတုတော်များ၏ မျက်နှာတော်နှစ်ခုကို လေ့လာသူ တစ်ယောက်အဖို့ ဆင်းတုတော် နှစ်ခုအကြားတွင် များစွာ ခြားနားသည်ကို တွေ့နိုင်သည်။ အနုရာဓပုရမြို့တော်မှ ဗုဒ္ဓဆင်းတုတော်၏ မျက်နှာတော်တွင် တွေ့ရသည့် ရိုးစင်းမှု၊ တည်ငြိမ်သည့် ခွန်အားနှင့် ခိုင်ကျည်မှုသွင်ပြင်များသည် မိဂဒါဝုန်ဗုဒ္ဓဆင်းတုတွင် တွေ့ရသည့် နူးညံ့ပြီး မိမိကိုယ်ကို ကျေနပ်နေသည့် သွင်ပြင်၌ ပျောက်ဆုံးနေသည်။ အနုရာဓပုရ ဆင်းတုတော်၏ မျက်နှာတော်၏ မဟာဆန်သည့် လေးနက်မှုများက အံ့ဩမှုနှင့် လေးစားမှုကို တောင်းဆိုသည်။ တစ်ချိန်တည်းတွင် မိဂဒါဝုန် ဆင်းတုတော်၏ အသက်ဝင်သည့် သပ္ပာယ်မှုက မေတ္တာနှင့် ကြည်ညိုမှုကို တောင်းဆိုသည်။ မိဂဒါဝုန် ဗုဒ္ဓဆင်းတုတော်သည် ဆက်ဆံမှုတွင် ပိုမို ခြောက်သွေ့ပြီး ပညာရှင်ဆန်ပြီး သီဟိုဠ်ဆင်းတုတော်၏ သပ္ပာယ်ပြီး ဟန်ချက်ညီသည့် စီးဆင်းမှု လိုနေပြီး သစ်သားဖြင့် ပြုလုပ်သည့် ပြုပြင်ထားမှုသည် မူလသွင်ပြင်၏ စွမ်းရည် ကင်းမဲ့သည့် အတုပြုလုပ်ထားသည့် လက်တော်ကို ပြသည်။

[၁] မဟာဝံသ ၃၅၊ ၈၉။

မဟာဗောဓိပင်၏ အရှေ့ဖက် ဗောဓိဃရ(ဗောဓိဆောင်)တွင် ထားရှိကြောင်းသိရသည်[၁]။ သို့တစေ အေဒီလေးရာစုမှစ၍ မဟာဝံသနှင့် အခြားကျမ်းများ၌ ဘုရင်များစွာတို့ တည်ဆောက်ခဲ့သည့် ဆင်းတုတော်များနှင့် ဆင်းတုဆောင်များအား ဖော်ပြမှု များစွာကို တွေ့ရသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ ပါဠိအဋ္ဌကထာကျမ်းများ၌ နေရာဌာနနှစ်ခုတွင်သာ ဗုဒ္ဓဆင်းတုတော်များအား ရည်ညွှန်းချက်များ ပါရှိသော်လည်း ဆင်းတုတော်ဆောင်အကြောင်းကိုမူ လုံးဝ ဖော်ပြခြင်းမပြုချေ။ အဋ္ဌကထာကျမ်းများအရ ဗုဒ္ဓရှင်တော်မြတ်၏ ဓာတ်တော်များကို ဌာပနာ (ထည့်သွင်း)ထားမှသာလျှင် ဆင်းတုတော် တစ်ဆူအဖို့ အရေးပါသည်။ အေဒီ ၅ ရာစု ပါဠိအဋ္ဌကထာကျမ်းများကို ရေးသားချိန်က သံဃာတော်များအား လှူဖွယ်ဝတ္ထုများ လှူဒါန်းချိန်တွင် 'ပညာရှိပုဂ္ဂိုလ်များ' (ပဏ္ဍိတမနုဿာ) သည် ဗုဒ္ဓဓာတ်တော် ပါရှိသည့် ဆင်းတုတော် သို့မဟုတ် ဓာတ်တော်ကြုတ် (သဓာတုကံ ပဋိမံ ဝါ စေတိယံ ဝါ) ကို ထားလေ့ရှိပြီး ရှေးဦးစွာ အစားအစာနှင့် သောက်တော်ရေများကို ရှေးဦးစွာ ဆင်းတုတော် သို့မဟုတ် ဓာတ်တော်ကြုတ်အား လှူဒါန်းကြသည်[၂]။ မည်သည့်အချိန်တွင် မဟာဗောဓိကိုင်းတစ်ခုကို ဖြတ်တောက်နိုင်သည်ဟူသော အချက်နှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ယင်းဗောဓိကိုင်းတစ်ခုသည် ထူပကိုဖြစ်စေ သို့မဟုတ် ဓာတ်တော် ပါရှိသည့် ဆင်းတုတော် (သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ) ကိုဖြစ်စေ နှောင့်ယှက်မှသာလျှင် ယင်းဗောဓိကိုင်းကို ဖြတ်တောက်နိုင်ကြောင်း ပြဆိုသည်[၃]။

အေဒီ ၅ ရာစု မတိုင်မီ သမိုင်းမှတ်တမ်း၌ ဖော်ပြသည့် ဆင်းတုတော်ဆောင်သည် ပေါလုန္နရုဝခေတ်နှင့် ယင်းခေတ်နောက်ပိုင်း ဆင်းတုတော်ဆောင် အသေးစိတ်နှင့် တူသည်ဖြစ်စေ သို့တည်းမဟုတ် ထိုဆင်းတုတော်ဆောင်များမှာ ဆင်းတုတော်တစ်ခုပေါ်မှ ဆောက်လုပ်ထားသော သာမန်အမိုး(မဏ္ဍပ်)များဖြစ်သလား ဟူသည်မှာ အတော်

[၁] မဟာဝံသ ၃၆၊ ၃၁။
[၂] ဝိ-ဋ္ဌ ၃၊ ၄၂၄။
[၃] အံ-ဋ္ဌ ၁၊ ၃၄၁၊ အဘိ-ဋ္ဌ ၂၊ ၃၃၂။



အတန် ရှင်းလင်းမှုမရှိချေ။ သို့တစေ အဆိုပါ ဆင်းတုတော်ဆောင်မှာ ဆင်းတုတော်အား လေနှင့် ရာသီဥတုဒဏ်မှ ကာကွယ်မည့် အမိုးမျှသာဖြစ်သည်ဟူသော အချက်မှာ ပိုမိုဖြစ်နိုင်ဖွယ်ရှိသည်။

ယင်းအဆောက်အအုံများ၏ အရွယ်အစားနှင့် ပုံသဏ္ဌာန်မည်သို့ဖြစ်စေ ပါဠိအဋ္ဌကထာကျမ်းများ၌ ယင်းပဋိမာဃရ သို့မဟုတ် ဆင်းတုတော်ဆောင်ကို လုံးဝဖော်ပြခြင်းမရှိသည့်အချက်မှာ အလွန်စိတ်ဝင်စားဖွယ် ကောင်းသောအချက်ဖြစ်သည်။ ရဟန်းတော်များအား စေတိယင်္ဂဏ (စေတီရင်ပြင်) နှင့် ဗောဓိယင်္ဂဏ (ဗောဓိရင်ပြင်)၊ စေတိယဃရနှင့် ဗောဓိဃရ၊ ဥပုသ်အိမ်၊ ပါနီယမာလက (သောက်ရေဆောင်) နှင့် ပရိဝေဏ (နေထိုင်ရာကျောင်းဆောင်)ကို တံမြက်လှည်း သန့်ရှင်းရန်ကဲ့သို့သော နေ့စဉ်တာဝန်အချို့ကို ဆောင်ရွက်ရမည်ဟု ဆိုသည်[၁]။ သို့တစေ ပဋိမာဃရအကြောင်းကို ဖော်ပြချက်မရှိချေ။ သမန္တပါသာဒိကာ (ဝိနယအဋ္ဌကထာ) တွင် သေနာသန (နေထိုင်ရန်နေရာ) နှင့် အသေနာသန (နေထိုင်ရန် မသင့်တော်သည့်နေရာ) များ၏ စာရင်းကို ပေးထားသည်[၂]။ သို့တစေ ဆင်းတုတော်ဆောင်သည် ဘုန်းကြီးကျောင်းတိုက်ရှိ အဆောက်အအုံ အားလုံး၏ ပုံစံ နှစ်မျိုးဖြစ်သည့် သေနာသန စာရင်းမှာရော အသေနာသန စာရင်းမှာပါ မပါဝင်ချေ။

ထိုအချိန်က တည်ရှိဆဲဖြစ်သော်လည်း ဗုဒ္ဓဆင်းတုတော်အား ပါဠိအဋ္ဌကထာကျမ်းများ၌ ရှိခိုးပူဇော်မည့် နေရာတွင် နေရာမပေးခဲ့ခြင်းမှာ အံ့သြဖွယ်ကောင်းသည်။ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းမည့် ရဟန်းများသည် စေတီတော်နှင့် ဗောဓိပင်များကို ပူဇော်ရန် သွားပြီး ယင်းနောက်မှ ဆွမ်းခံဝင်ရန် ညွှန်ကြားချက်များရှိသော်လည်း ဗုဒ္ဓဆင်းတုတော်ကိုမူ လုံးဝ မသိကျိုးကျွံ ပြုခဲ့သည်[၃]။ ရှိခိုးပူဇော်မှုကို ကြောင်း

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၃၇။ မ-ဋ္ဌ ၂၊ ၃၀၀။ အံ-ဋ္ဌ ၁၊ ၃၇၅။ အဘိ-ဋ္ဌ ၂၊ ၃၃၄။
[၂] ဝိ-ဋ္ဌ ၃၊ ၇၀။ စေတိယဃရံ ဗောဓိဃရံ အာသနဃရံ သမ္မုဇ္ဇနိအဋ္ဋံ ဒါရုအဋ္ဋံ ဝစ္စကုဋိ ဣဋ္ဌကသာလာ ဝဍ္ဎကီသာလာ ဒွါရကောဋ္ဌကော ပါနီယမာလော မဂ္ဂေါ ပေါက္ခရဏီတိ ဧတာနိ ဟိ အသေနာသနာနိ။ ဝိဟာရော အၚ္ဍယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာ မဏ္ဍပေါ ရုက္ခမူလံ ဝေဠုဂုမ္ဗောတိ ဣမာနိ သေနာသနာနိ။
[၃] ဒီ-ဋ္ဌ ၁၊ ၁၀၇။ မ-ဋ္ဌ ၁၊ ၂၆၀။ အဘိ-ဋ္ဌ ၂၊ ၃၃၆။

တစ်ကောင်၏ ရုပ်ပုံနှင့် ဗုဒ္ဓ၏ အဂ္ဂသာဝက နှစ်ပါးတို့၏ ရုပ်ပုံများနှင့် ရတနာစီခြယ်သည့် မဏ္ဍပ (မဏ္ဍပ်)တစ်ခုကိုလည်း ပေးခဲ့ကြောင်း ဆိုသည်[၁]။ ဖော်ပြပါ ပစ္စည်းများအတွက် နေရာလွတ်လိုသည်မှာ ထင်ရှားသည်။ သို့ဖြစ်၍ အနည်းဆုံး အေဒီ ၅ ရာစုကုန် အထိ ဆင်းတုတော်ဆောင်အချို့မှာ အထဲတွင် ပန်းပုပစ္စည်း အမျိုးမျိုးရှိသည့် ခမ်းနားကျယ်ဝန်းသော အဆောက်အအုံများ ရှိခဲ့သည်ဟု ယုံကြည့်ရသည့် အချက်ရှိသည်။ ထိုအချိန်မှစ၍ နောင်အချိန်များတွင် ဆင်းတုတော်များနှင့် ဆင်းတုတော်ဆောင်များမှာ ပို၍ပို၍ ထင်ရှားခေတ်စားလာပုံရသည်။ အေဒီ ၁၀ ရာစုတွင် ယနေ့ခေတ်၌ ကျွန်ုပ်တို့ တွေ့မြင်ရသည့်အတိုင်း ဆင်းတုတော်ဆောင်အတွင်း မီးအိမ်များထွန်းညှိရန်[၂] လှူဒါန်းမှုများတွေ့ရသည်။ သို့တစေ သမိုင်းမှတ်တမ်းများကို ရှေးဟောင်းအကြွင်းအကျန်များက အထောက်အကူပြုသည့် ပေါလုန္နရုဝခေတ်အထိ ဆင်းတုဆောင်နှင့် ပတ်သက်၍ ရှင်းလင်းသည့် ထင်မြင်ချက်တစ်ရပ်ကို မရနိုင်ဘဲရှိသည်။

တရားဟော တရားနာအတွက် နေရာထိုင်ခင်းမှာ ဘုန်းကြီးကျောင်းတိုက်တစ်ခုမှာ ခွဲခြမ်းမရသောအရာ တစ်ခုဖြစ်သည်[၃]။ အနုရာဓပုရမြို့ရှိ လောဟပါသာဒ၏ မြေညီထပ်ကို ပုံမှန်အားဖြင့် တရားဟောခန်းအဖြစ် အသုံးပြုခဲ့သည်[၄]။ အခြားနေရာများတွင် ယေဘုယျအားဖြင့် ဓမ္မမဏ္ဍပဟုခေါ်သည့် ခန်းကျယ်များ အဆောင်များကို အထူးသဖြင့် တရားနာရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ကြသည်[၅]။ အချို့နေရာများတွင် တရားဒေသနာများကို ပဓာနဃရတွင် ဟောကြားသည်[၆]။ ဓမ္မမဏ္ဍပများသည် ကျယ်ဝန်းခြင်း ရှိပုံမရ သို့မဟုတ် သက်သောင့်သက်သာ ဖြစ်ပုံမရချေ။ တရားနာနေတုန်း မြွေကိုက်ခံရ

[၁] မဟာဝံသ၊ ၃၉း၅၂-၅၃။

[၂] EZ.III, p. 264.

[၃] အံ-ဋ္ဌ ၄၊ ၂၄၆။

[၄] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၈။ ဝိ-ဋ္ဌ ၃၊ ၂၄၀။ မ-ဋ္ဌ ၄၊ ၂၄၆။

[၅] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၉၂။ ရသဝါဟိနီ ၂၊ ၃။ ဓမ္မသာလာ (တရားဟော ခန်းမဆောင်)ဟူသော ဝေါဟာရသည် အေဒီ ၁၂ ရာစု ပထမ ပရက္ကမ ဗာဟုမင်းလက်ထက်တိုင်အောင် မတွေ့ရချေ (မဟာဝံသ ၇၈း၄၂)။

[၆] မ-ဋ္ဌ ၁၊ ၉၂။



ဗုဒ္ဓါလမ္ဗဏပီတိကိုရရှိရန် အလွယ်ကူဆုံးသော နည်းလမ်းတစ်ခုဖြစ်သောကြောင့် အကယ်၍ အဋ္ဌကထာ ကျမ်းပြုဆရာများသည် ရုပ်ပွားဆင်းတု ပူဇော်ကိုးကွယ်မှုကို ဘာသာရေးတန်ဖိုးရှိသည့်အနေဖြင့် အသိအမှတ် ပြုခဲ့သလားဟူသည်နှင့်ပတ်သက်၍ တိကျသည့် သာဓကတစ်ရပ်ကို ရှာသင့်သည်။

ယင်းသို့ ရှာဖွေခြင်းသည် ကျွန်ုပ်တို့ထံသို့ အရေးပါသည့် ပြဿနာတစ်ရပ်ကို ယူဆောင်လာသည်။ ပါဠိအဋ္ဌကထာကျမ်းများကို ရေးသားစဉ်က ဗုဒ္ဓဆင်းတုတော်များ တည်ရှိနေပြီဖြစ်ကြောင်း ကျွန်ုပ်တို့ သိရပြီး အဋ္ဌကထာကျမ်းများကို ပြုစုသည့်ခေတ်မတိုင်မီကပင် ဗုဒ္ဓဆင်းတုတော်များသာမက ဆင်းတုတော်ဆောင်များပါ တည်ရှိနေပြီဖြစ်ကြောင်း သက်သေပြရန် မဟာဝံသကျမ်းအရ ထင်ရှားပြီးဖြစ်သည်။ အေဒီငါးရာစု အစောပိုင်းအချိန်က တရုတ်ဘုရားဖူး ရဟန်းတော် ဖာဟီယန်သည်လည်း အနုရာဓပုရမြို့တော်၌ ဗုဒ္ဓဆင်းတုတော်ကြီး တစ်ဆူအကြောင်းနှင့် ယင်းဆင်းတုတော်၏ ကြီးကျယ်ခမ်းနားပုံကို ဖော်ပြခဲ့သည်။ ဖာဟီယန်သည် ကုန်သည်တစ်ယောက် ဤဆင်းတုတော်အား ယပ်တောင်တစ်ချောင်းကို လှူဒါန်းနေသည်ကို တွေ့မြင်ခဲ့သည်[၁]။ ပါဠိအဋ္ဌကထာကျမ်းများကို ရေးသားချိန်က ဗုဒ္ဓဆင်းတုတော်များနှင့် ဆင်းတုတော်ဆောင်များ တည်ရှိပြီးဖြစ်သည်ကို အနည်းငယ်မျှပင် သံသယဖြစ်ဖွယ်မလိုချေ။ သို့ဖြစ်မူ အဋ္ဌကထာကျမ်းများ၌ ဆင်းတုတော်များအား အဘယ်ကြောင့် ဘာသာရေးဆိုင်ရာ ကိုးကွယ်မှု ပြုအပ်သောနေရာကို မပေးခဲ့ပါသနည်း၊ ထို့ပြင် ဘုန်းကြီးကျောင်းတိုက်တစ်ခု၏ ပုံစံမျိုးစုံရှိသည့် ဆင်းတုတော်ဆောင် အကြောင်းကို ဖော်ပြခြင်းမပြုခဲ့ပါသနည်း။

ဖြေရှင်းချက်နှစ်မျိုး ပြုလုပ်နိုင်သည်။ ပထမ၊ ရှေးဟောင်း သီဟိုဠ်အဋ္ဌကထာကျမ်းများကို ရေးသားချိန်က ဘုန်းကြီးကျောင်းများ၌ ဆင်းတုတော်ဆောင် ရှိခဲ့ပုံမရခြင်းနှင့် ထိုအချိန်က တည်ရှိဆဲ ဆင်းတုတော်များမှာ အလွန်နည်းပါးပြီး ယင်း(ဆင်းတုတော်များ)မှာ ရှိခိုးပူဇော်မှု စနစ်ဟောင်း၏ ဆန်းသစ်တီထွင်မှု တစ်ရပ်ဖြစ်သောကြောင့် အရေးမပါသေးခြင်းဖြစ်သည်။ ယင်းဆင်းတုတော်များကို အတွင်းတွင်

[၁] Fa Hien, p. 102-103.

ဓာတ်တော်များရှိမှသာလျှင် ပူဇော်စရာ အရာဝတ္ထုအဖြစ် ယူဆသည်။ အချို့သော ဆင်းတုတော်များမှာ သေးငယ်ပြီး ပြောင်းရွှေ့၍ ရသည်။ အကြောင်းမူ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သံဃာတော်အား အလှူပေးအခမ်းအနားများ၌ တစ်နေရာမှ တစ်နေရာသို့ ယူဆောင်ရသောကြောင့် ဖြစ်သည်။ ယင်းသို့ သေးငယ်သော ဆင်းတုတော်များအတွက် သီးခြားဆင်းတုဆောင်မလိုချေ၊ ဘုန်းကြီးကျောင်းတိုက် သို့မဟုတ် စေတိယယရ သို့မဟုတ် ဗောဓိဃရတွင် မည်သည့်နေရာ၌မဆို ထားနိုင်သည်။ ထိုဆင်းတုတော်များအတွက် အထူးဆင်းတုတော်ဆောင် မလိုချေ။ ယင်းအခြေအနေများကြောင့် ရှေးဟောင်း သီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်းများ၌ ဆင်းတုတော်ဆောင်ကို ဖော်ပြမည့် အခွင့်အလမ်းမရှိသဖြင့် ယင်းရှေးဟောင်း မူရင်းသီဟိုဠ်အဋ္ဌကထာကျမ်းများကို သစ္စာရှိစွာ မှီငြမ်းပြု ရေးသားခဲ့ကြသည့် ပါဠိဘာသာ အဋ္ဌကထာကျမ်းပြုဆရာများသည် ၎င်းတို့ခေတ်တွင် ဆင်းတုဆောင်များ တည်ရှိပြီးဖြစ်သော်လည်း ယင်းတို့ကို ဖော်ပြရန် ရေးသားစဉ်မှ အပြင်သို့ထွက်သင့်သည်ဟု မယူဆခဲ့ကြချေ[၁]။

ဗုဒ္ဓဆင်းတုတော်သည် သီဟိုဠ်၌ အထူးသဖြင့် မဟာယာနဝါဒီတို့ အကြား ရေပန်းစား လူသိများခဲ့သောကြောင့်လည်း ဖြစ်နိုင်သည်။ ပါဠိအဋ္ဌကထာကျမ်းများကို မဟာယာနဝါဒကို အပြင်းအထန် ဆန့်ကျင်ခဲ့သည့် မဟာဝိဟာရကျောင်းတိုက်၏ ဦးဆောင်မှုဖြင့် ရေးသားခဲ့ပြီး ယုံကြည်စိတ်ချရသည့် ထေရဝါဒဂိုဏ်းဝင်နှင့် မဟာဝိဟာရအစဉ်အလာများကို စိတ်အားထက်သန်စွာ မြင့်တင်သူဖြစ်သည့် အရှင်မဟာဗုဒ္ဓဃောသသည် မဟာယာနနှင့် ပတ်သက်သည့် မည်သည့် အချက်ကိုမှ ရည်ညွှန်းလိုခြင်းမရှိချေ။ ဗုဒ္ဓဆင်းတုတော်ကို နှစ်ကြိမ်မျှ ရည်ညွှန်းခဲ့ရာမှာပင် ဆင်းတုအား အရေးပါမှုကို မပြဘဲ ဆင်းတုတော်တွင်ရှိသည့် ဓာတ်တော်ကိုသာလျှင် အရေးပါကြောင်း ဖော်ပြခဲ့သည်။ ဆင်းတုဆောင်ကိုလည်း မသိကျိုးကျွံ ပြုခဲ့သည်။

[၁] သို့တစေ နောက်တစ်ဖက်တွင် အဋ္ဌကထာကျမ်းများသည် ခေတ်ပြိုင် အဖြစ်အပျက်များနှင့် အကြောင်းအရာများကို ကိုးကားဖော်ပြချက်များ ပြည့်နှက်နေကြောင်း ကျွန်ုပ်တို့ သိရသည်။



ဗုဒ္ဓစွယ်တော်ဓာတ်အား ထားရှိသည့် သဘောထားနှင့် ပတ်သက်၍လည်း ဖော်ပြပါ ယူဆချက်ကို အထောက်အပံ့ပြုစေသည်။ ဗုဒ္ဓစွယ်တော်ဓာတ်အား အေဒီလေးရာစု ကိတ္တိသိရိ မေဃဝဏ္ဏမင်းလက်ထက်တွင် သီဟိုဠ်သို့ ဆောင်ယူခဲ့ပြီး ယင်းသည် အလွန်အရေးပါသည့် ဓာတ်တော်ဖြစ်သော်လည်း အေဒီ ၅ ရာစု ပါဠိအဋ္ဌကထာကျမ်းများ၌ ယင်းစွယ်တော်ဓာတ်ကို ဖော်ပြခြင်း မရှိချေ။ ဖာဟီယန်သည် စွယ်တော်ဓာတ် အကြောင်း ဖော်ပြခဲ့ပြီး မျက်မြင်သက်သေအဖြစ်ဖြင့် နှစ်ပတ်လည် ပြည်သူများအားပြပွဲအတွက် စီတန်းလှည့်လည်ပြီး အဘယဂိရိကျောင်းတိုက်သို့ စွယ်တော်ဓာတ်ကို ပင့်ဆောင်သည့် စွယ်တော်လှည့်ပွဲအကြောင်း အသေးစိတ်ကို ဖော်ပြခဲ့သည်[၁]။ ဤအရေးအကြီးဆုံး စွယ်တော်ဓာတ်အား ပါဠိအဋ္ဌကထာကျမ်းများ၌ ဖော်ပြခြင်းမရှိခြင်းအတွက် ပေးနိုင်သည့် တစ်ခုတည်းသော ရှင်းလင်းချက်မှာ ယင်းစွယ်တော်ဓာတ်ကို သီဟိုဠ်သို့ မဟာယာနဝါဒ၏ အထောက်အပံ့ဖြင့် ပင့်ယူခဲ့ပြီး ယင်းစွယ်တော်ဓာတ်သည် အဘယဂိရိကျောင်းတိုက်ပိုင်အနေဖြင့် ထင်ရှားခဲ့သောကြောင့်ဖြစ်သည်။ ဗုဒ္ဓဆင်းတုတော်များနှင့် ပတ်သက်၍လည်း ထိုနည်းအတူပင် ဖြစ်ဖွယ်ရှိသည်။

ရှေးဦး ဆင်းတုတော်ဆောင်၏ အရွယ်အစားနှင့် ပုံသဏ္ဌာန်မည်သို့ပင်ဖြစ်စေ အနည်းဆုံး အေဒီ ၅ ရာစု ကုန်ခါနီးထိအချိန်တွင် ထုထည်အတော်အတန် ကြီးမားသည့် အဆောက်အအုံအဖြစ်သို့ တိုးတက်ခဲ့ပြီးဖြစ်ကြောင်း ယုံကြည်နိုင်သည့် သာဓကများရှိသည်။ မဟာဝံသကျမ်း[၂]၌ ပထမမောဂ္ဂလ္လာနမင်း (အေဒီ ၄၉၆-၅၁၃)လက်ထက် သီဟိုဠ်သို့ ပင့်ဆောင်ခဲ့သည့် ဆံတော်ဓာတ် (ကေသဓာတု)ကို ဆင်းတုတော်ဆောင်တွင် ပူဇော်ထားခဲ့သည်။ ဤဗုဒ္ဓဆံတော်ဓာတ်ကဲ့သို့သော အဖိုးတန်ရတနာကို ဗုဒ္ဓသာသနာကို ကြည်ညိုသည့် ဗုဒ္ဓဝါဒီသီဟိုဠ်ဘုရင်တစ်ပါးက ခိုင်ခံ့ခြင်း စည်းကြပ်ခြင်းမရှိ ဓာတ်တော်၏ လုံခြုံမှုလည်း မကောင်းသည့် အဆောက်အအုံတစ်ခုတွင် ထားခဲ့ခြင်းမှာ ဆင်ခြင်ဖွယ် ဖြစ်သည်။ အဆိုပါ ဗုဒ္ဓဆင်းတုတော်ဆောင်မှာပင် မောဂ္ဂလ္လာနမင်းက ၎င်းမိခင်ဘက်က ဦးလေးနှင့်၎င်း၏ဇနီးရုပ်ပုံ၊ မြင်း

[၁] Fa Hien, p. 105-107.

[၂] မဟာဝံသ ၃၉၊ ၅၀-၅၁။

ဝဍုနာ (Sala-vaḍunā)၏ အလှူဒါနဖြစ်သည်။ ယင်းကျောက်စာ အရေးအသားသည် အေဒီ ၁၂ ရာစု ဖြစ်ဖွယ်ရှိသည်[၁]။ ဘတ္တသာလာ ဟူသော ဝေါဟာရနှင့် တစ်ဆက်တည်းတွင် 'သလာကဂ္ဂ'ဟုခေါ်သော သစ်သားဖြင့် ပြုလုပ်သည့် လက်မှတ် သို့မဟုတ် တံကင်များဖြစ်ဖွယ်ရှိသည်ကို ဆွမ်းဝေစုကို ရယူရန် ဆွမ်းစားဆောင်သို့ မဝင်မီ ရဟန်းတော်များအား ထုတ်ပေးသည့် အဆောင်ရှိသည်[၂]။

ရဟန်းသံဃာတော်များ သီတင်းသုံးသည့် နေရာများကို ယေဘုယျအားဖြင့် ဝိဟာရ၊ အာဝါသ သို့မဟုတ် ပရိဝေဏဟူသော အမည်များဖြင့် လူသိများသည်[၃]။ သို့တစေ ရှေးခေတ်သီဟိုဠ်တွင် နောက်ဆုံးဝေါဟာရ ( ပရိဝေဏ) ဟူသော ဝေါဟာရမှာ အထင်ရှားဆုံး ဖြစ်သည်[၄]။ ဘုန်းကြီးကျောင်းတိုက်တစ်ခုတွင် ရဟန်းတော်များ နေထိုင်သည့် အဆောင်များအဖြစ် အသုံးပြုသည့် ပရိဝေဏ များစွာရှိသည်။ အနုရာဓပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်တွင် ယင်းသို့သော ပရိဝေဏနှင့် ပြာသာဒပေါင်း ၃၆၄ ခု ရှိသည်ဟု ဆိုသည်[၅]။ ထူပါရာမစေတီတွင် ပရိဝေဏအရေအတွက် များစွာရှိပြီး ယင်းတို့အနက် စူဠနာဂမထေရ် သီတင်းသုံးခဲ့သည့် အသိဂ္ဂါဟကပရိဝေဏကို ထိုအမည်ဖြင့် ကျွန်ုပ်တို့ သိကြသည်။ ရောဟဏ(အရပ်)ရှိ တိဿမဟာဝိဟာရတွင် အေဒီ ၉ ရာစုနှင့် ၁၀ ရာစု နှစ်များအတွင်း ပရိဝေဏပေါင်း

[၁] E.Z. III, p. 133.

[၂] မဟာဝံသ ၁၅၊ ၂၀၅။ ၃၆၊ ၇၄။ ၄၉၊ ၃၂။

[၃] ဝိ ၃၊ ၆၁။ ၉၆။ ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၇။ မဟာဝံသ ၄၄၊ ၃၁။

[၄] ပါဠိစကားလုံး ပရိဝေဏမှ ဆင်းသက်လာသော သီဟိုဠ်စကားလုံး ပိရိဝေနဟူသော ဝေါဟာရကို ယခုအခါ သီဟိုဠ်တွင် ဗုဒ္ဓဝါဒနှင့် အရှေ့တိုင်း ဘာသာစကားများကို သင်ကြားမှု၏ အဓိကဘာသာရပ်အဖြစ် ပို့ချပေးသည့် ရဟန်းသံဃာနှင့်ဆိုင်သော ကောလိပ်ကိုသာလျှင် နား လည်ကြသည်။ ဝိဟာရဟူသော ဝေါဟာရကို ရုပ်တုတော်ဆောင်ကိုသာလျှင် သုံးနှုန်းသည်။ အာဝါသဟူသည် ရဟန်းသံဃာတော် အနည်းငယ်သာ သီတင်းသုံးပြီး ဘုန်းကြီးကျောင်းတိုက်တစ်ခု၏ အခြားသွင်ပြင်များမရှိသည့် နေရာဖြစ်သည်။

[၅] နိကာယသင်္ဂဟ၊ ၁၂။ ယင်းပြာသာဒများမှာ မည်သို့ဖြစ်သည်ကို ပြဆိုရန်ခဲယဉ်းသည်။ လောဟပါသာဒပုံစံရှိသည့် စည်းဝေးညီမှုသည့် ခန်းမဖြစ်နိုင်သည်။

[၆] ရသဝါဟိနီ ၂၊ ၈၁-၁၂၂-၁၂၃။



သည့် ဖော်ပြချက်များစွာတွေ့ရသည်[၁]။ ထိုဖြစ်ရပ်များက ယေဘုယျအားဖြင့် တရားဟောခန်းမများသည် များပြားသည့် ပရိသတ်အတွက် လုံလောက်စွာ ကျယ်ဝန်းခြင်းမရှိဘဲ ပတ်ဝန်းကျင်မှာ မြေရိုင်းဖြစ်ကြောင်း ဖော်ပြသည်။

ဝိဟာရအားလုံး နီးပါးမျှတွင် ယေဘုယျအားဖြင့် လပြည့်လကွယ်နေ့များ၌ ရဟန်းတော်များ ဥပုသ်ပြုကံ ဆောင်ရန် စည်းဝေးသည့် ဥပေါသထဆောင် တစ်ခု ရှိမြဲဖြစ်သည်[၂]။ အနုရာဓပုရမြို့ရှိ ဘုံကိုးထပ်ရှိသည့် နာမည်ကျော် လောဟပါသာဒသည် မဟာဝိဟာရကျောင်းတိုက်၏ ဥပုသ်ဆောင်ဖြစ်သည်[၃]။ ဤခမ်းနားလှသည့် အဆောက်အအုံသို့ဝင်ရန် ဝင်ပေါက်လေးခု၌ ဝင်ပေါက်တံခါး (ဒွါရကောဋ္ဌက) များရှိသည်[၄]။ အနုရာဓပုရမြို့တော်မှာပင် ထူပါရာမ၊ မရိစဝဋ္ဋိ (Mari-cava i)နှင့် ဒက္ခိဏဝိဟာရကဲ့သို့သော အခြား ကျောင်းတိုက်များ၌လည်း သီခြား ဥပုသ်ဆောင်များ ရှိကြသည်[၅]။ ရောဟဏ (အရပ်ရှိ)

[၁] ဂဝရဝါလအင်္ဂဏအရပ်တွင် အရိယဝံသသုတ်ကို နာယူနေသည့် မထေရ် တစ်ပါးသည် မြွေပွေး ကိုက်ခံရသည် (အံ-ဋ ၂၊ ၁၀၅)။ အမျိုးသမီး တစ်ယောက်သည် စိတ္တတောင်တွင် သစ်ပင်တစ်ပင်အောက်၌ မတ်တတ်ရပ်ပြီး တရားနာရသည်မှာ ခန်းမအတွင်း လုံလောက်သည့် နေရာမရှိသောကြောင့် ဖြစ်နိုင်သည်။ ထိုအမျိုးသမီး၏ သားငယ်သည် ထိုသစ်ပင်အောက်မှာပင် သူမအနီး အိပ်ပျော်သွားစဉ် မြွေဟောက် အကိုက်ခံရသည် (အံ-ဋ ၂၊ ၁၀၅)။ ပဓာနိယမထေရ်သည် ခန္ဓစေလဝိဟာရ၌ အရိယဝံသသုတ်ကို နာယူနေစဉ် အဆိပ်ပြင်းသည့် မြွေအကိုက်ခံရသည် (မ-ဋ ၁၊ ၈၁)။ မဟာဂါမ (အရပ်)ရှိ မဟာဝါပိဝိဟာရတွင် အရိယဝံသသုတ်ကို နာယူရန် သွားသည့် ကုဋ္ဌရဇ္ဇအမည်ရှိ နောက်ထပ်မထေရ်တစ်ပါးမှာ နေရာရလို၍ ဝင်းအပြင်ရှိ မြက်ခင်းတွင် ရပ်နေခဲ့ရသည်။ ဤမထေရ်သည် မြွေဟောက် (တစ်မျိုး) အကိုက်ခံရသည် (ရသဝါဟိနီ ၂၊ ၄)။ အခြား အမျိုးသမီးတစ်ယောက်သည် မဟာဂါမ(အရပ်)ရှိ မဏိစေတီဂိတ်အနီးရှိ ဓမ္မမဏ္ဍပ်တွင် တရားနာရန် သွားသည်။ နံရံအနီး သဲဖြင့် ဆော့ကစားနေသည့် သူမ၏သား မြွေဟောက် အကိုက်ခံရသည် (ရသဝါဟိနီ ၂၊ ၃)။

[၂] မဟာဝံသ ၃၄း၃၀။ ၃၅း၈၅။ ၃၆း၁၆-၁၇၊ ၁၀၇။

[၃] ယင်း ၂၇၊ ၄။

[၄] ယင်း ၂၇၊ ၄၁။

[၅] ယင်း ၃၆၊ ၁၀၇။

စိတ္တလပဗ္ဗတဝိဟာရကျောင်းတိုက်ရှိ ဂိတ်ကဲ့သို့သော အချို့ဝင်ပေါက်များတွင် ဒွါရပါလကရူပခေါ် တံခါးစောင့်ရုပ်များရှိသည်[၁]။ စိတ္တလပဗ္ဗတရှိ ဥပုသ်ဆောင်တွင် တွေ့ရသည့် ရုပ်ပုံများမှာ ဘိက္ခုနီငယ် တစ်ပါးသည် ယင်းတံခါးစောင့်ရုပ်ပုံကို ငေးကြည့်ရင်း အတွင်း၌ ဖြစ်ပေါ်လာသည့် ပြင်းပြသည့် ရာဂစိတ်ကြောင့် သေဆုံးသွားကြောင်း အဋ္ဌကထာကျမ်းများ၌ ဖော်ပြခံရလောက်အောင် အလွန်အမင်း လှပပြီး အသက်ဝင်ကြသည်[၂]။

အချို့ဘုန်းကြီးကျောင်းများ၌ နှောင်းခေတ်များတွင် ဓာတုသာလာ သို့မဟုတ် ဓာတုဂေဟဟုခေါ်သည့် ဗုဒ္ဓဓာတ်တော်များကို ထိန်းသိမ်းထားရန် အဆောက်အအုံ ရှိခဲ့သည်[၃]။ ယင်း အဆောက်အအုံများမှာ ဆံတော်ဓာတ်နှင့် စွယ်တော်ဓာတ်ကဲ့သို့သော အထူးဓာတ်တော်များကို ထိမ်းသိမ်းရန် ယခင်က ဆောက်လုပ်ခဲ့သည့် အဆောက်အအုံများအား အတုပြု၍ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ဖွယ်ရှိသည်။ ဆံတော်ဓာတ် ကိန်းဝပ်ရာ အဆောက်အအုံကို ဖော်ပြပြီးဖြစ်သည်။ အနုရာဓပုရမြို့ရှိ ဒါဠာဓာတုဃရ(စွယ်တော်တိုက်)သည် ဘာသာရေးအရ အလွန် အရေးပါသော လှပသည့် အဆောက်အအုံဖြစ်ပြီး ဘုန်းကြီးကျောင်းတိုက်နှင့် ဆက်ထားသည်။ အေဒီ ၇ ရာစုတွင် တရုတ်ရဟန်းတော် ဟူယင်ဆန် ဖော်ပြသည့်အတိုင်း အနည်းဆုံး ဘုရင့်နန်းတော်နှင့် ဆက်သွယ်ထားသည်[၄]။ စွယ်တော်ဘုရားကျောင်း အဆောက်အအုံတွင် အင်္ဂတေဖြင့် ပြုလုပ်သည့် နှစ်သက်ဖွယ် ဆင်ရုပ်များရှိသည်[၅]။

အနည်းဆုံး မဟာဝိဟာရ၊ ဇေတဝနနှင့် အဘယဂိရိကဲ့သို့သော ကျောင်းတိုက်ကြီး အချို့တွင် ရတနပါသာဒဟု ထင်ရှားသည့် အ

---

[၁] ပုံမှန်အားဖြင့် အနုရာဓပုရမြို့နှင့် အခြားနေရာများရှိ ရှေးဟောင်းအဆောက်အအုံပျက်များမှ သိရသမျှ ရှေးခေတ်များတွင် ဘာသာရေး အဆောက်အအုံ အများစု၏ ဝင်ဝတွင် အစောင့်ကျောက်တုံးများ ရှိကြသည်။

[၂] အဘိ-ဋ္ဌ ၂၊ ၄၈၀။ ဒီ-ဋ္ဌ ၃၊ ၁၇၀။

[၃] မဟာဝံသ ၃၇း၁၅ (အေဒီ ၄ ရာစု)။ စူဠဝံသ ၄၆း၂၉ (အေဒီ ၇ ရာစု)။

[၄] Hiuen Tsiang, XI,, p. 429.

[၅] မဟာဝံသ၊ ၃၈း၈။



ဆောက်အအုံတစ်မျိုးလည်း ရှိသည်[၁]။ မည်သည့် အဆောက်အအုံအမျိုးအစား ဖြစ်သည် မည်သည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုခဲ့သည် ဟူသည်တို့ကို ဆုံးဖြတ်ပေးနိုင်သည့် အခြေအနေမရှိချေ။ အကယ်၍ အာရ်တန် (Ayrton) ၏ ရတနပါသာဒဟူသည်ကို 'ဆင်ခံအဆောက်အအုံ' (Elephant Stablee) အဖြစ် ဖော်ပြချက်ကို သဘောတူလျှင် ယင်းသည် ပရိသတ်အများ စုဝေးသည့် အခမ်းအနားများအတွက် ရည်ရွယ်သော အဆောက်အအုံကြီး ဖြစ်သည်။ စွယ်တော်ဓာတ်နှင့် အခြားဓာတ်တော်များကို အများပြည်သူအား ပြသမှုအတွက် ရည်ရွယ်ခဲ့သလားဟူသည်ကို မဆိုနိုင်ချေ[၂]။

ဘုန်းကြီးကျောင်းတိုက်တိုင်းတွင် ရဟန်းတော်များကို ဆွမ်းစားသောက်ဖွယ်ဖြင့် အလုပ်အကျွေးပြုသည့် ဘတ္တသာလာဟုခေါ်သည့် ဆွမ်းစားဆောင်တစ်ခု ရှိသည်[၃]။ မူလက ဒေဝါနံပိယတိဿ မင်းကြီး ဆောက်လုပ်ခဲ့သည့် မဟာဝိဟာရကျောင်းတိုက်အတွင်းရှိ ဘတ္တသာလာမှာ မဟာပါလိဟု ထင်ရှားသည်ကို ကျွန်ုပ်တို့ သိကြသည်[၄]။ ယင်းဆွမ်းစားဆောင်သည် သံဃာဂိုဏ်းကွဲများ ဖြစ်ပေါ်ပြီးနောက်မှာပင် ဂိုဏ်းဂဏ မခွဲခြားဘဲ အနုရာဓပုရမြို့ရှိ အဓိကကျောင်း တိုက်ကြီးများရှိ သံဃာတော်အားလုံးကို ဆွမ်းလှူဒါန်းခဲ့သည့် ဗဟိုဋ္ဌာန ဖြစ်ခဲ့သည်[၅]။ မဟာပါလိဆောင်တွင် ချက်ပြီးထမင်းများကို ထည့်သည့် ကျောက်လှေ သို့မဟုတ် ကျောက်ခွက်ရှည် ရှိသည်[၆]။ ကျောက်ခွက်ရှည်များအနက် တစ်ခုတွင် တွေ့ရသည့် ကျောက်စာတစ်ခု၌ ဂလနာဝါ (galnāv) ကျောက်လှေဟူသော အမည်တစ်ခုကို တွေ့ရသည်။ ယင်းကျောက်ခွက်ရှည်သည် ဓာတ်တော်များကို စောင့်ထိန်းရသူ သလ

---

[၁] မဟာဝံသ၊ ၃၅း၇။ ဆန်ချိီတွင်လည်း ရတနဂြဟ ဟုခေါ်သော အဆောက်အအုံတစ်ခုရှိသည် (Corpus Inscriptionum Indicarm III, p. 202).

[၂] ပရနဝိတနပုဂ္ဂိုလ်က ရတနာသုံးပါးအား ရှိခိုးပူဇော်ရန် သီးခြားဆောက်ထားသည့် အဆောက်အအုံဖြစ်ဖွယ်ရှိသည်ဟု ယူဆခဲ့သည် (EZ. III, p. 226.n.4.)။

[၃] မဟာဝံသ ၁၅၊ ၂၀၅။ ၂၀၊ ၂၃။ ၃၆၊ ၁၂။

[၄] ဒီပဝံသ ၁၇၊ ၉၂။ မဟာဝံသ ၁၅၊ ၂၃။

[၅] ရသဝါဟိနီ ၂၊ ၅၁။ Fa Hien, p. 105; Hiuen Tsian, p. 250.

[၆] မဟာဝံသ ၄၁၊ ၆၇။

သို့သော ရှေးခေတ်များ၌ စာကြည့်တိုက်များ မရှိခဲ့သည်မှာ ဖြစ်နိုင်ဖွယ်ရှိသော်လည်း ဘီစီ တစ်ရာစုတွင် ပိဋကတ်သုံးပုံကို ပေထက်အက္ခရာတင်ခဲ့ကြောင်းသိရသဖြင့် အနုရာဓပုရနှင့် မဟာဂါမမြို့များရှိ ကျောင်းတိုက်ကြီးများ၌ ကျမ်းစာအုပ်များ စုဆောင်းထားခဲ့သည်မှာ သံသယဖြစ်ဖွယ် မလိုသည့်ပြင် ဒီပဝံသနှင့် မဟာဝံသကျမ်းများကို အေဒီ ၄ ရာစုနှင့် ၅ ရာစုနှစ်များအတွင်း ရေးသားခဲ့သည်။ မဟာဝံသကျမ်း၌ အရှင်မဟာဗုဒ္ဓဃောသသည် **ဂန္ထာကရဝိဟာရ**၌ သီတင်းသုံးနေထိုင်ပြီး ၎င်း၏အဋ္ဌကထာကျမ်းများကို ရေး သားခဲ့ကြောင်းနှင့် ယင်းအဆောက်အအုံကို ပဥ္စမ ကဿပမင်း (အေဒီ ၉၁၃-၉၂၅)က ပြန်လည်ပြုပြင် မွမ်းမံခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်[၁]။ ယင်း (ဂန္ထာကရဝိဟာရ)သည် မဟာဝိဟာရကျောင်းတိုက်၏ ပိဋကတ်တိုက်ကို ရည်ညွှန်းခဲ့သလားဟူသည်ကို မသိရချေ။

---

[၁] ယင်း ၃၇၊ ၂၄၃။ ၄၁၊ ၆၇။

00000000



၃၆၃ ခုရှိသည်[၁]။ ယင်းကျောင်းတိုက်ကြီး၌ သိလာပဿယပရိဝေဏ ဟူ သောအမည်မှာ စာပေ၌ ထင်ရှားသည်[၂]။ ဘုရင်မင်း များစွာတို့ တည်ဆောက်ခဲ့သည့် ဝိဟာရများစွာတို့၌ ပရိဝေဏပေါင်းများစွာအား ဖော်ပြချက်များကို သမိုင်းကျမ်း နေရာများစွာတွင် တွေ့ရသည်။ လက်ဆေးရန် ရည်ရွယ်ချက်ဖြင့် ရဟန်းတော်များ နေထိုင်သည့် နေရာ ရှေ့တွင် ရေအိုးများ တည်ထားပြီး ရေအိုးထဲမှရေကို ခပ်ယူရန် ရေမှုတ် (Uḷuñka) ကို အသုံးပြုသည်[၃]။

ရဟန်းတော်များ နေထိုင်သည့် အဆောင်များအကြားတွင် ပဓာနယရဟုခေါ်သည့် နောက်ထပ် အရေးပါသည့် အဆောင်တစ်မျိုးရှိသည်။ ယင်းအမည်သည် မူလအားဖြင့် ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်သည့် အဆောင်ဖြစ်သည်။ သို့တစေ နောင်အခါတွင်ယင်းကျောင်းဆောင်၏ အထူးရည်ရွယ်ချက်ကို မေ့ပျောက်လိုက်ပြီး ယင်းအမည်နာမ ကျန်နေခဲ့သည်။ နောင်အခါတွင် ယင်းပဓာနဃရသည် ဘုန်းကြီးကျောင်းတိုက်တစ်ခု၏ ပဓာနနာယကဆရာတော် သီတင်းသုံးသည့် အဆောင် ဖြစ်လာပုံရသည်။ သို့ဖြစ်၍ အရှင်မဟာဗုဒ္ဓဃောသသည် ပဓာနဃရကျောင်းဆောင်တွင် သီတင်းသုံးနေထိုင်သည့် မဟာဝိဟာရကျောင်းတိုက်၏ ပဓာနနာယကဖြစ်သည့် သံဃပါလမထေရ်ကို ဖူးတွေ့ခဲ့ကြောင်း သိရသည်[၄]။ သမန္တပါသာဒိကာ ဝိနည်းအဋ္ဌကထာတွင် လူအများသည် ပွဲတော်နေ့များတွင် ပရိဝေဏ (သံဃာတော်များ သီတင်းသုံးသည့် ကျောင်းဆောင်) များနှင့် ပဓာနဃရ (နာယကဆရာတော်များ သီတင်းသုံးသည့်ကျောင်းဆောင်) များသို့ ဝင်ရောက်ကြပြီး ပိဋကတ်သုံးပုံ ကျွမ်းကျင်သည့် ဆရာတော်များနှင့် တရားဟော ဓမ္မကထိက ဆရာတော်များအား အခြားရဟန်းတစ်ရာနှင့်အတူ ပင့်ဖိတ်ကြကြောင်းဆိုသည်[၅]။ တစ်ခါတစ်ရံတွင် တရားဒေသနာများကို ပဓာနဃရမှာပင် ဟောကြားသည်[၆]။ ပဓာနဃရကို ကမ္မဋ္ဌာန်းအားထုတ်သည့်

---

[၁] E.Z. III, p. 223.

[၂] ရသဝါဟိနီ ၂၊ စာ-၅၉။

[၃] မ-ဋ္ဌ ၂၊ ၂၈၄။ ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၃၇။

[၄] မဟာဝံသ ၃၇း၂၃၂။

[၅] ဝိ-ဋ္ဌ ၃၊ ၆၉။

[၆] မ-ဋ္ဌ ၁၊ ၈၁။

အဆောင်အဖြစ် သီးသန့်အသုံးပြုခဲ့လျှင် အပြင်မှလာသူများအား ဝင်ရောက်ခွင့်နှင့် တွေ့ဆုံမေးမြန်းခြင်း ဖိတ်ကြားခြင်းများဖြင့် နှောင့်ယှက်မှုကို ခွင့်ပြုခြင်းမှာ မသင့်သကဲ့သို့ ထင်ရသည်။

အေဒီ ၅ ရာစုခန့်ထိ အစောပိုင်းကာလကပင် ပဓာနဃရသည် မူလရည်ရွယ်ချက် အမှန်တကယ် မတည်ရှိတော့သော်လည်း ရှေးဟောင်း ဘုန်းကြီးကျောင်းနှင့်ဆိုင်သော အလေ့အကျင့် အကြွင်းအကျန် တစ်ခုအနေဖြင့် ကျန်နေခဲ့ပုံရသည်။ သို့မဟုတ် ပဓာနဃရတွင် သီတင်းသုံးသည့် ဆရာတော်များသည် ထုံးစံအနေဖြင့် နေ့စဉ်နာရီအတန်ကြာ တရားထိုင်ခဲ့ပုံရသည်၊ သို့မဟုတ် ကမ္မဋ္ဌာန်းထိုင်ခြင်းအစား ဂါထာများ သုတ္တန်များကိုပင် ရွတ်ပွားခဲ့ပုံရသည်။ သို့ရာတွင် ယင်းပဓာနဃရကို ယနေ့ခေတ် ဥပေါသထဆောင်များကဲ့သို့ ရှေးခေတ်များတွင်[၁] ကျောင်းတိုက်ကြီးတစ်ခု၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုအဖြစ် ယူဆခဲ့သည်။ ယနေ့ခေတ် သီဟိုဠ်တွင် ဥပေါသထဆောင်ကို ယေဘုယျအားဖြင့် နေထိုင်စရာအဆောက် အအုံအဖြစ် အသုံးပြုသော်လည်း ဘုန်းကြီးကျောင်းတိုက်တစ်ခု၏ မရှိမဖြစ်လိုအပ်သော သွင်ပြင်တစ်ခုအဖြစ်ယူဆပြီး ထိုအဆောင်တွင် ဥပုသ်ပြု

[၁] ပဓာနဃရကို သီဟိုဠ်ဘာသာဖြင့် ပိယင်္ဂလ (piyangala)ဟုခေါ်သည်။ မဟိန္တလေ့ (အရပ်)တွင်ရှိသော စတုတ္ထ မဟိန္ဒမင်း၏ ကမ္ပည်း ကျောက်ပြားများ၌ ပိယင်္ဂလ ဝေါဟာရကို ဖော်ပြမှု ပါရှိသည် (EZ. I, p. 95.)။ ထိုအတူ ပဉ္စမ ကဿပမင်း၏ ဇေတဝန ကျောက်ဖျာရေးစာ (EZ. I, p. 47)၊ ပဉ္စမ ကဿပ မင်း မာဋိလိဂိရိယ (Mäḍiligiriya) ကျောက်စာ (EZ. II, p. 25)၊ ဝသဘမင်း၏ ပေရုမာယင်္ကုလမ် (Perumäi-yaṇkulam) ကျောက်ထွင်းစာ (EZ. II, p. 28)၊ ယခု ကိုလမ်ဘို ပြတိုက်တွင်ရှိသည့် တိဿမဟာရာမ ကျောက်ဖျာထွင်းစာ (EZ. III, p. 106) နှင့် မန္နာကစ္ဆေဟေရိ (Mannar Kacheheri) ကျောက်စာ (EZ. III, p. 103)တို့ဖြစ်သည်။

အေဒီ ၁၀ ရာစုခန့်တွင် ပိယင်္ဂဏဟူသော ဝေါဟာရကို အိမ်ဖြစ်စေ တောဖြစ်စေ လူသူမနီး ဆိတ်ငြိမ်သည့် နေရာအားလုံးကို ဖော်ပြရန် တူညီစွာသုံး နှုန်းခဲ့သည်။ ဓမ္မိယာအဋ္ဌုဝါဂါဋ္ဌပဒ (ကျမ်း) က ပါဠိ အန္ဓဝနကို အဒ်ဝန (Añdavana) ပိယင်္ဂလဟု ရှင်းပြသည်။ သို့တစေ မူလဘူတအားဖြင့် ပိယင်္ဂလ သို့မဟုတ် ပဓာနဃရဟူသည် အဆောက်အအုံတစ်ဖြစ်သည်။



အခမ်းအနားကို ပုံမှန် ဆောင်ရွက်ခြင်းမရှိချေ[၁]။ စင်္ကြန်ဆောင်တစ်ခု သို့မဟုတ် အရှင်မဟိန္ဒ အသုံးပြုခဲ့သည့် စင်္ကြန်လမ်းတစ်ခုကို မဟာဝိဟာရကျောင်းတိုက်[၂]အတွင်း ရည်ညွှန်းသော်လည်း နှောင်းခေတ်များ၌ စင်္ကြန်များကို ဖော်ပြချက်များ သမိုင်းမှတ်တမ်းများ၌ မတွေ့ရပေ။ သို့ရာတွင် စင်္ကြန်ဆောင်ကို ကမ္မဋ္ဌာန်းထိုင်ရန် အရေးကြီးသည့် အဆောင်အဖြစ် ယူဆခဲ့သည်။

ဘုန်းကြီးကျောင်းတိုက်၏ အခြားသွင်ပြင်များအနက် တစ်ခုမှာ ဝစ္စကုဋိ သို့မဟုတ် ရေအိမ်ဖြစ်သည်[၃]။ ဘုန်းကြီးကျောင်း ဥပစာအတွင်းရှိ သင့်တင်လျောက်ပတ်သော နေရာများတွင် တံမြက်စည်းနှင့် ထင်းများကို သိုလှောင်ထားရန်အတွက် သီးခြားတဲများရှိသည်။ ထို့ပြင် အများသောက်သုံးရန်အတွက် ရေအိုးများထားရှိသည့်နေရာ ပါနီယမာလကနေရာလည်း ရှိသည်[၄]။

ပါဠိအဋ္ဌကထာကျမ်းများမှာရော ပါဠိသမိုင်း မှတ်တမ်းများမှာပါ အနုရာဓပုရခေတ်၌ ပိဋကတ်စာကြည့်တိုက် တစ်ခုအား ရည်ညွှန်းထားချက် မတွေ့ရသည်မှာ အံ့သြဖွယ်ဖြစ်သည်။ အေဒီ ၁၂ ရာစု ပထမပရက္ကမဗာဟုမင်း[၅] လက်ထက်ရောက်မှ ပိဋကတ်စာကြည့်တိုက် တစ်ခုကို တိုက်ရိုက် ပထမဆုံး ရည်ညွှန်းသည်ကို တွေ့ရသည်။ ယင်း

[၁] သီဟိုဠ်ရှိ ခေတ်သစ် ဘုန်းကြီးကျောင်းများတွင် ဥပုသ်ဆောင်သည် ယေဘုယျအားဖြင့် ဝါတွင်းကာလအတွင်းသာလျှင် ဝိနည်းကံဆောင်မှုများအတွက် အသုံးပြုသည်။ အချို့ကျောင်းတိုက်များတွင် စင်္ကြန်ဆောင်ကိုပင် ကမ္မဋ္ဌာန်းထိုင်ခြင်းအတွက် အသုံးမပြုသော်လည်း ကျောင်းတိုက်တစ်ခု၏ သွင်ပြင်အနေဖြင့် တွေ့ရသည်။

[၂] မဟာဝံသ ၇၈၊ ၃၇။ ဒုဝေ စ ပေါဋ္ဌကာလယေ။

[၃] ဤနေရာ၌ အနုရာဓပုရမြို့ အပြင်ပတ်လမ်းရှိ အနောက်ဖက် ဘုန်းကြီးကျောင်းတိုက်များနှင့် အခြားရှေးဟောင်းနေရာများတွင် တွေ့ရသည့် တန်ဆာဆင်ထားသည့် ကျင်ငယ်အိမ် (အဖြစ်) ကျောက်တုံးများကို အာရုံစိုက်ကြည့်မည်ဆိုပါက စိတ်ဝင်စားဖွယ်ကောင်းမည်ဖြစ်သည်။ ယင်း ကျင်ငယ်အိမ် ကျောက်တုံးများနှင့် ပတ်သက်၍ ကျေနပ်ဖွယ် ရှင်းလင်းချက်များ မပေးနိုင်သေးဘဲရှိသည်။ *Archaeological Survey of Ceylon,* Vol. I, p. 56. ကိုရှုပါ။

[၄] ဝိ-ဋ္ဌ ၃၊ ၇၀၊ အံ-ဋ္ဌ ၁၊ ၂၇။

[၅] မဟာဝံသ ၇၈၊ ၃၇။ ဒုဝေ စ ပိဋ္ဌကာလယေ။

နှင့်ပတ်သက်ပြီး အစပထမတွင် ပြစ်တင် ဝေဖန်ခဲ့ကြသည်[၁]။

လောကီရေးနှင့်ဆိုင်သည့် ရာထူးများမရှိသည့် ရှေးခေတ်များတွင် ဘုန်းကြီးကျောင်းအုပ်ချုပ်ရေးမှာ အတော် ရှင်းလင်းသည်။ နာယက ရွေးချယ်မှု စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းခြင်းနှင့် နေရာကို သန့်ရှင်း သပ်ယပ်စွာ ထားရှိခြင်းများကဲ့သို့သော တာဝန်များသာ ဖြစ်သည်။ သို့တစေ နောင်အခါတွင် ရဟန်းသံဃာ ဦးရေတိုးတက်လာခြင်းနှင့် လူသူအများအပြား လာရောက်မှုကို ဖိတ်ခေါ်လျက်ရှိသည့် ဘာသာရေး သင်္ကေတများ အများအပြားတည်ဆောက်မှုများနှင့်အတူ ကျောင်းတိုက်တစ်ခု၏ စီမံခန့်ခွဲရေးသည်လည်း ဌာနခွဲများစွာ ရှိသည့် ပြီးပြည့်စုံသည့် ဌာနတစ်ခု၏ အစိတ်အပိုင်း ဖြစ်လာပုံရသည်။ ကျောက်စာများက ရှေးခေတ်သီဟိုဠ် ဘုန်းကြီးကျောင်းတိုက်များ အုပ်ချုပ်ရေးစနစ်၏ စိတ်ဝင်စားဖွယ် ပုံသဏ္ဌာန် တစ်ရပ်ကို ကျွန်ုပ်တို့အား ပေးထားသည်[၂]။ ယင်းကျောက်စာရေး မှတ်တမ်းအများစုမှာ အေဒီ ၉ ရာစုနှင့် ၁၀ ရာစုခေတ်ပင် ဖြစ်သော်လည်း ရည်ညွှန်းထားသည့် အုပ်ချုပ်ရေးစနစ်မှာ ပုံစံတူ ရှေးဦးစံနစ်များပေါ်တွင် အခြေခံထားကြောင်း

---

သည်ကို သေချာစွာ မသိရချေ။ ပုံမှန်အားဖြင့်မူ ဝိနည်းကျင့်ဝတ်များနှင့် အညီ ထူးချွန်ပြောင်မြောက်သော ဗျတ္တပဋိဗလဖြစ်သည့် သီလဝန္တ ရဟန်းတော်အား ယင်းသို့သော ရာထူးကို ခန့်အပ်ခဲ့သည်ဟူသော အချက်ကို ကြောင်းကျိုးဆီလျော်စွာ ယုံမှားမဲ့ မှတ်သင့်သည်။ ယနေ့ခေတ်မှာကဲ့သို့ ရဟန်းတစ်ပါးအနေဖြင့် ဆရာတပည့် ဆက်ခံမှုနောက်ခံဖြင့် ကျောင်းတိုက်တစ်ခု၏ ရာထူးကို တောင်ဆိုခွင့် မရှိသည် မှာ ထင်ရှားသည်။ ဆရာတပည့် ဆက်ခံမှုအရ (ဘုန်းကြီးကျောင်းအုပ်ချုပ်ရေး) ရာထူးဆက်ခံမှုနှင့် ပတ်သက်သည့် ပထမဆုံးသော အထောက်အထားကို ပဉ္စမ ကဿပမင်း (အေဒီ ၉၁၃-၉၂၃) လက်ထက်အတွင်း ရေးထိုးခဲ့သည့် ဗုဒ္ဓံနေဟေလ (Buddhanne-häla) ကျောက်စာတွင် သဲလွန်စကို တွေ့နိုင်သည် (EZ. I pp. 194-196)။

[၁] ဝိ-ဌ ၂။ ၆၈။။

[၂] ဥပမာအားဖြင့် ဇေတဝနာရာမ ကျောင်းတိုက် သက္ကတ ကျောက်စာ (EZ, I, p. 4) ကို ရှုပါ။ မဟိန္ထလေ့ရှိ စတုတ္ထ မဟိန္ဒမင်း ကျောက်စာနှစ်ခု (EZ, I, p. 84)၊ စတုတ္ထမဟိန္ဒမင်း၏ ဇေတဝနာရာမကျောက်စာ (အမှတ် ၂) (EZ, I, p. 323)၊ ပဉ္စမကဿပမင်း၏ ကျောက်စာ (EZ, I, p. 43)။

# အခန်း ၉

## ဘုန်းကြီးကျောင်းတိုက်များ ၂
## ကျောင်းတိုက်အုပ်ချုပ်ရေး

ဘုန်းကြီးကျောင်းတိုက်တစ်ခု၏ အုပ်ချုပ်ရေးသည် သံဃာ၏လက်အောက်တွင် လုံးဝရှိသည်။ ဘုန်းကြီးကျောင်းတိုက် အသီးသီးတွင် ယင်း၏ စည်းမျဉ်းစည်းကမ်းနှင့် အမိန့်လုပ်ပိုင်ခွင့်ကို တာဝန်ယူထားသည့် နေဝါသိက မဟာထေရ (ဌာနေမဟာထေရ်)[၁] တစ်ပါးရှိသည်။ နာယကမဟာထေရ်သည် အရေးပေါ် ကိစ္စရပ်များနှင့် ပတ်သက်၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို အသုံးပြုရန် လုပ်ပိုင်ခွင့်ရှိသည်။ ပုံစံဆိုရမူ စေတိယဂိရိ (မဟိန္တလေ့) ကျောင်းတိုက်၏ ပဓာနနာယကဖြစ်သူ အဘယမထေရ်သည် အခါတစ်ပါး၌ လုယက်ရန် ကျောင်းတိုက် အတွင်းသို့ ဝင်ရောက်ခဲ့ကြသည့် သူပုန်တစ်ယောက်နှင့် ၎င်း၏ နောက်လိုက်နောက်ပါများအား သံဃိကပစ္စည်းဖြင့် ဧည့်ခံခဲ့ဖူးသည်။ မဟာထေရ်၏ လုပ်ဆောင်မှုသည် ဝိနည်းစည်းကမ်းများနှင့် ညီညွတ်မှုမရှိသော်လည်း မထေရ်သည် တန်ဖိုးကြီးမားသည့် သံဃိကပစ္စည်းကို ကာကွယ်ရေးအတွက် ယင်းသို့ပြုသင့်သည်ဟု ယူဆခဲ့သည်။ ဆွေးနွေးမှုပြုပြီးနောက် မထေရ်၏အယူအဆနှင့် ပတ်သက်၍ ရဟန်းအချို့ လက်ခံခဲ့သော်လည်း ထိုရဟန်းများသည် အရှင်မြတ်၏ လုပ်ဆောင်မှု

---

[၁] အံ-ဋ္ဌ ၁၊ ၃၂။

အစောပိုင်းကာလများ၌ ဆက်ခံမှုဥပဒေနှင့် ဗုဒ္ဓဝါဒနှင့်ဆိုင်သော လောကီရေး ရာထူးဆိုင်ရာ စည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းစွာ မသိရချေ။ အဖြစ်နိုင်ဆုံးမှာ ကျောင်းတိုက်တစ်ခု၏ နာယကပုဂ္ဂိုလ်ကို သံဃာတော်က ခန့်အပ်ဖွယ်ရှိသည်။ ဤကိစ္စအတွက် မည်သည့် အခြေခံ စည်းမျဉ်းစည်းကမ်းများ ရှိခဲ့

ယင်းသို့သော ရဟန်းတော်များကို ကျောင်းတိုက်များတွင် နေထိုင်ခွင့် မပြုသော ရဟန်းတော်များလည်း ရှိခဲ့ပုံရသည်[၁]။ အငြင်းပွားမှုကို ဖြစ်ပေါ်စေသည့် ရဟန်းများလည်း ရှိခဲ့သည်။ ကျောက်စာတစ်ခုတွင် သဘောကွဲလွဲမှုရှိလျှင် အစားအစာကို ရဟန်းများအား မပေးတော့ဘဲ ခွေးများ၊ ငှက်များကို ပေးရမည်ဟု ဆိုထားသည်[၂]။ ရဟန်းနှစ်ပါး အကြား အငြင်းပွားမှုဖြစ်လျှင် မတရားပြောဆိုသော ပုဂ္ဂိုလ်အား ကျောင်းတိုက်တွင် နေထိုင်ခွင့် မပြုချေ[၃]။ ကျောင်းတိုက်တစ်ခုမှ နှင်ထုတ်ခံရသည့် ရဟန်းသည် အခြားကျောင်းတိုက်တစ်ခုတွင်လည်း နေထိုင်ခွင့်မရှိတော့ချေ[၄]။ ဇေတဝန်ကျောင်းတိုက် သက္ကတကျောက်စာတွင် အခြားကျောင်းတိုက်များကို ကူညီ သို့မဟုတ် ၎င်းတို့ကိုယ်တိုင် ယင်းကျောင်းတိုက်များနှင့် ဆက်ဆံသူများသည် ထိုကျောင်းတိုက်တွင် မနေရဟူသော စည်းမျဉ်းတစ်ရပ် ချမှတ်ထားသည်[၅]။ ယင်းစည်းမျဉ်းနှင့် ပတ်သက်၍ ထိုအချိန်က နိကာယအမျိုးမျိုးအကြား အဓိက ခြားနားမှုနှင့် မနာလိုဖြစ်မှု၏ သင်္ကေတတစ်ခုအနေဖြင့် အဓိပ္ပာယ်ကောက်ယူနိုင်ဖွယ်ရှိသည်[၆]။

အပေါ်ထပ်မှာဖြစ်စေ အောက်ထပ်မှာဖြစ်စေ ရှိသည့် အထက်တွင် ဖော်ပြခဲ့သော 'ဂိတ်အဝင်ရေအိမ်' အဆောင်တွင် မည်သည့် တစိမ်းပုဂ္ဂိုလ်ကိုမှ နေရာထိုင်ခင်းအတွက် မပေးအပ်ပေ။ ထိုနေရာတွင် အပြင်သူများ ပိုင်ဆိုင်သည့် မည်သည့်ပစ္စည်းကိုမျှလည်း သိမ်းဆည်း မထားပေ။ အခိုင်းအစေများ၏ ပစ္စည်းများမှတစ်ပါး အခြားပစ္စည်းတစ်ခုခုကို အကယ်၍ ထိုနေရာတွင် သိမ်းဆည်းထားလျှင် တာဝန်ရှိ အလုပ်သမားများအား အလုပ်ဖြုတ်ပစ်ပြီး ၎င်းတို့ ပိုင်ဆိုင်သည့် မြေများကို ထိန်းသိမ်းစောင့်ရှောက်မှုမှ ဖယ်ရှားပစ်သည်။ ၎င်းတားမြစ်မှုသည် ဘုန်းကြီးကျောင်း အဆောက်အအုံကို ခေတ္တခဏ နေထိုင်ရာ

[၁] EZ. I, p. 5-6, 86.

[၂] EZ. III, p. 358-359.

[၃] EZ. I, p. 5.

[၄] EZ. III, p. 103.

[၅] EZ. I, p. 4. anyavihāra-sahāyyaṃ kurvatā'pi na vastaryaṃ.

[၆] EZ. III, p. 227.



ယူဆရန် ကြောင်းကျိုး ခိုင်လုံပေသည်။ အမှန်စင်စစ် ခေတ်သစ် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရာတွင် မဟိန္တလေ့နှင့် အဘယဂိရိအရပ်တို့၌ ယနေ့တိုင်တွေ့ရသည့် ရှေးခေတ် စည်းမျဉ်းစည်းကမ်းများကို မှီငြမ်းပြုခဲ့ကြောင်း မဟိန္တလေ့ (အရပ်) ရှိ စတုတ္ထ မဟိန္ဒမင်း ကျောက်စာက ရှင်းလင်းစွာ ဖော်ပြသည်[၁]။

ကျွန်ုပ်တို့ ရနိုင်သည့် ဘုန်းကြီးကျောင်း စီမံခန့်ခွဲရေးနှင့် ပတ်သက်သော ကျောက်စာရေးမှတ်တမ်းများမှာ မဟာယာနဆိုင်ရာ ဩဇာလွှမ်းမိုးသည့် ကျောင်းတိုက်များ၏ စည်းမျဉ်းများဖြစ်ကြသည်။ ယင်းသို့သော မှတ်တမ်းတစ်ခုမှာ အချို့သော ကျောင်းတိုက်ငယ်များ၏ စီမံခန့်ခွဲမှုအတွက် စည်းမျဉ်းများကို မှတ်တမ်းတင်ထားသော ဇေတဝနာရာမ သက္ကတကျောက်စာဖြစ်သည်။ စောစောပိုင်းက တွေ့မြင်ရသည့်အတိုင်း မဟိန္တလေ့သည်လည်း ဓမ္မရုစိကတို့ သိမ်းပိုက်ထားသည့် အေဒီ ၄ ရာစုအချိန် မဟိန္ဒမင်းလက်ထက်အတွင်း မဟာယာန ဩဇာ လွှမ်းမိုးမှု အောက်သို့ ရောက်ခဲ့သည်။ မဟိန္တလေ့အရပ်ရှိ အမ္ဗဋ္ဌလ (Ambasthala)မှ သေလစေတိယအနီး ကျောက်တုံးပေါ်တွင် ရေးထွင်းထားသည့် ဗုဒ္ဓ၏ကာယသုံးခု (တြိကာယ)ကို ချီးမွမ်းထားသည့် အေဒီ ၈ ရာစုခန့် သက္ကတကဗျာအပိုင်းအစတစ်ခုမှာ မဟာယာန ဩဇာလွှမ်းမိုးမှု၏ သေချာသော အထောက်အထား ဖြစ်သည်။ သို့ဖြစ်၍ မဟိန္တလေ့အရပ်ရှိ စတုတ္ထမဟိန္ဒမင်း၏ ကျောက်ပြားနှစ်ခုသည်လည်း မဟာယာန ဩဇာလွှမ်းမိုးမှုအောက်ရှိ ဘုန်းကြီးကျောင်းတိုက်တစ်ခုကို အုပ်ချုပ်သည့် စည်းမျဉ်းစည်းကမ်းများကို အဓိက ဖော်ပြထားကြောင်း ယုံကြသည့် ကြောင်းကျိုးဆီလျော်မှု ရှိပါသည်။ ကံမကောင်းသည်မှာ ထိုအချိန်ထိ မဟာဝိဟာရကျောင်းတိုက် သို့မဟုတ် အခြား ထေရဝါဒဘုန်းကြီးကျောင်းတိုက်၏ စီမံခန့်ခွဲရေးနှင့် ပတ်သက်

. . . ကျွမ်းကျင်လိမ်မာသော ပုဂ္ဂိုလ်များကို ရွေးချယ်ထားသည့် အကျိုးရှိမှုကြောင့် ၎င်းပိုင်သော အဘယဂိရိဝိဟာရ၌ ဖိအားကြောင့် ၎င်းကို နှစ်သက်စေသော စည်းမျဉ်းစည်းကမ်းများနှင့် (မဟိန္တလေ့ရှိ) စေတိယဂိရိဝိဟာရတွင် ယခင်ကတည်ရှိပြီးဖြစ်သော စည်းမျဉ်းများမှ (EZ, I, p. 91,11, 6-7)။

[၁] CJSc. G. Vol.II, p. 42.

သည့် မည်သည့်အလားတူ မှတ်တမ်းကိုမျှ မတွေ့ရချေ။ သို့တစေ အုပ်ချုပ်မှုစနစ်နှစ်ခုအကြား အနည်းဆုံး မရှိမဖြစ်လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများတွင် တစ်စုံတစ်ရာ ကြီးမားသည့် ခြားနားချက်ရှိခဲ့ကြောင်း အထောက်အကူပြုရန် အကြောင်းတရား မရှိချေ။

ရဟန်းသံဃာတော်များ၊ အလုပ်သမားများနှင့် ကျေးကျွန်များနှင့် လောကီဆန်ဆန် အုပ်ချုပ်မှုနှင့်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ ရှိခဲ့သည်။ ယင်းစည်းမျဉ်း စည်းကမ်းများကို သံဃာတော်များ၏ အကြံပေးချက်နှင့် အတည်ပြုချက်များဖြင့် ဘုရင်က ချမှတ်ပေးသည်။ တာဝန်ဝတ္တရားများကို ခွဲခြားထားပြီး ယင်းတို့နှင့် ဆက်သွယ်ထားသည့် လစာငွေနှင့် အဖိုးအခများကို အထူးဖော်ပြသည်။ အုပ်ချုပ်ရေးဆိုင်ရာ ဌာနပေါင်းစုံနှင့် အလုပ်သမားများအတွက် လုပ်ငန်းများကို လက်မှတ်ထိုးခြင်းကဲ့သို့သော လုပ်ငန်းအားလုံးကို သံဃာတော်နှင့် ညှိနှိုင်းကြသည်။ အလုပ်အကျွေးများကို သံဃာတော်များ၏ သဘောတူညီချက်ဖြင့်သာလျှင် ပြစ်ဒဏ်ပေးမှုနှင့် အလုပ်ဖြုတ်မှုများကို ပြုလုပ်နိုင်ပြီး ယင်းသို့သော ကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ရန် ရဟန်းပုဂ္ဂိုလ်တစ်ပါးချင်းစီတွင် အခွင့်အရေး မရှိချေ[၁]။ ရဟန်းတော်များသည် ဘုန်းကြီးကျောင်းတိုက်များသို့ လှူဒါန်းထားသော ကျေးရွာများနှင့် လယ်မြေများမှ ရရှိသည့် အခွန်များကို တာဝန်ယူသည်။ စာရင်းများကို နေ့စဉ်သိမ်းထားပြီး တစ်လကုန်တိုင်း ယင်းတို့ကို တစ်ဖန် လစဉ်စာရင်းတွင် သွင်းသည်။ နှစ်ကုန်တွင် နှစ်ပတ်လည် စာရင်းဖော်ပြချက်ကို သဘောတူညီမှုအတွက် သံဃာ့ရှေ့ မှောက်၌ တင်သွင်းပြီး အကယ်၍ စာရင်းများနှင့် ပတ်သက်၍ ကွာ ဟချက်၊ အားနည်းချက်များရှိခဲ့လျှင် မှတ်ပုံတင် (ပဉ္စိကာ) ကို သိမ်းဆည်းထားသည့် မထေရ်တစ်ပါးက စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်သည်[၂]။

ကျောင်းတိုက် (အာရာမ)တစ်ခု၏ အလုပ်သမားများ အားလုံးကို ပုံမှန်အားဖြင့် ယင်းကျောင်းတိုက်၏ အခွန် အလှူတော်ငွေမှ ပေးကမ်း

[၁] EZ. I, p. 85.

[၂] EZ. I, p. 4,87.



သည်။ အာရာမတစ်ခုကို ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် လုပ်ငန်းအသေးစိတ်ကို အလွန်ဂရုတစိုက် စဉ်းစားပြီး လုပ်ငန်းအသေးစိတ်တိုင်းအတွက် အဖိုးအခကို လက်မှတ်ထိုးသည်။ ပန်းကောက်သူများကဲ့သို့သော သာမန်အလုပ်သမားများကိုပင် ငွေကြေးအတိအကျ ပမာဏကို ပုံမှန်ပေးသည်[၁]။ ရဟန်းတော်များကိုယ်တိုင်ကိုလည်း ၎င်းတို့၏ အလုပ်အတွက် ဝတ္ထုငွေများ လှူဒါန်းသည်။ ပုံစံအားဖြင့် လစာငွေ အဆင့် အမျိုးမျိုးကို ဝိနယ၊ သုတ္တနှင့် အဘိဓမ္မကို သင်ကြားသူ ရဟန်းများနှင့် ကျောင်းတိုက်ကို စောင့်ရှောက်သူများနှင့် ညှိထားသည်[၂]။

အစားအသောက် ဆွမ်းကွမ်းကို ဘုန်းကြီးကျောင်းတိုက် ဝင်းအတွင်းရှိ အများသုံး မီးဖိုတွင် ပြင်ဆင်သည်[၃]။ ဘိက္ခုများသည် မိမိတို့၏ ဆွမ်းအဖို့ကိုရယူရန် ဖြန့်ဖြူးသည့်နေရာသို့ သွားရသည်။ ရဟန်းတော်များအား ဆန်စိမ်းများကို လှူဒါန်းမှု မပြုချေ[၄]။ ထောပတ်နှင့် ဆေးဝါးကဲ့သို့သော အခြားအလှူပစ္စည်းများ ဖြန့်ဝေမှုကို ကျောင်းတိုက်အတွင်းမှာလည်း ပြုလုပ်ပြီး ရဟန်းတော်များသည် ယင်းပစ္စည်းများကို လက်ခံရယူရန် သတ်မှတ်ထားသည့် နေရာသို့ ကြီးစဉ်ငယ်လိုက် ကြွတော်မူကြရသည်[၅]။

မှားယွင်းစွာ သက်မွေးဝမ်းကျောင်းပြုသည့် ရဟန်းယုတ်များကို ကျောင်းတိုက်အတွင်း၌ နေထိုင်ခွင့် မပြုချေ။ ဥပမာ စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးလုပ်သည့် ရဟန်းတော်များ၊ မြေယာပိုင်ဆိုင်သည့် ရဟန်းတော်များ၊ ဘာသာတရားကို ဆန့်ကျင်သည့် ပြစ်မှုကို ကျူးလွန်သူများ၊ ၎င်းတို့၏ တာဝန်ကို မဆောင်ရွက်ဘဲ နေသူများနှင့် ၎င်းတို့၏ ပြစ်မှုများကြောင့် ကျောင်းတိုက်မှ နှင်ထုတ်ခံရသည့် ရဟန်းများ၊

[၁] EZ. I, p. 87.

[၂] EZ. I, p. 85,87.

[၃] သီဟိုဠ်ရှိ ခေတ်သစ် ဗုဒ္ဓဘာသာ ကျောင်းတိုက်များတွင် ယင်းကို ဒန်ဂေ (dangē)ဟု ခေါ်သည်။

[၄] EZ. I, p. 85. ဝိနည်းဥပဒေတော်နှင့် သုတ္တန်ဒေသနာတော်များအရ ရဟန်းတော်များသည် ဆွမ်းဆန်တော် အစိမ်းများကို ခံယူခြင်း မပြုချေ။

[၅] ဝိ-၄ ၂၊ ၇၂။

ရွက်မှုများအပြင် နာယကရဟန်းတော်များ၏ အရေးပါသည့် ပုဂ္ဂိုလ်ရေး အလုပ်အကျွေးများလည်း ပါဝင်သည်[၁]။ ဘုန်းကြီးကျောင်းတိုက်များတွင် အလုပ်လုပ်ကြသည့် အလုပ်သမားများမှာ အထွေထွေ ရပိုင်ခွင့် အခွင့်အရေးများအပြင် ယင်းအလုပ်သမားများကို ထိန်းသိမ်းရန် အထူးရည်ရွယ်ချက်ဖြင့် ဘုရင်မင်းများက ကျေးရွာများနှင့် အခွန်အတုပ်များ ချမှတ်ထားသည့် သာဓကများရှိသည်အထိ အလွန်ကြီးမားကျယ်ပြန့်သည်[၂]။

ကျောင်းတိုက်ကြီးတစ်ခုကို ထိန်သိမ်းခြင်းနှင့် ဆက်လက်စောင့်ရှောက်မှုများအတွက် ပုံမှန်ခိုင်မြဲသည့် ဝင်ငွေတစ်ခု မရှိမဖြစ် လိုအပ်သည်။ ယင်းပုံမှန်ဝင်ငွေအတွက် ရင်းမြစ် အများအပြားမှ ရယူသည်[၃]။

ကြည်ညိုသူ ဥပါသကာများသည် မိမိတို့၏ သားငယ်များအား သံဃာတော်များကို ပြုစုလုပ်ကျွေးရန် လှူဒါန်းလေ့ရှိကြောင်း အများသိသော်လည်း ယင်းမှာ ပုံမှန်မဟုတ်ဘဲ အမြဲတမ်းလည်း မဟုတ်ချေ။ ထို့ပြင် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်တည်း ကျောင်းတိုက်ကြီးတစ်ခုကို ထိန်းသိမ်း စောင့်ရှောက်ရန် မဖြစ်နိုင်ဘဲ အထူးသဖြင့် နေထိုင်သူရဟန်းများ အရာအထောင် ရှိလာသောအခါ မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ပုံမှန် ဝင်ငွေအတွက် အခြားရင်းမြစ်များ တည်ရှိရမည်ဖြစ်ပြီး ယင်းသို့သော အခွန်ငွေများမှာ လူထုအား မခက်ခဲစေသင့်ဟု ယူဆသည်။ ပုံမှန် အမြဲတမ်း ထောက်ပံ့မှုများကို အကြမ်းဖျင်းအားဖြင့် လေးမျိုးခွဲခြားနိုင်သည်။ ပထမမှာ မြေရိုင်းများ၊ လယ်ယာမြေများနှင့် ကျေးရွာများ၊ ဒုတိယမှာ ရေကန်နှင့် ဆည်မြောင်းများ၊ တတိယမှာ ဆန်စပါး၊ အခြား သီးနှံများနှင့် ဘုန်းကြီးကျောင်းတိုက်ကို စောင့်ရှောက်ရန် အပ်

ဥပါသကာဟု ခေါ်ဆိုသည်။ သို့တစေ နောင်တွင် အဓိပ္ပာယ် ကျဉ်းမြောင်းသွားပြီး ယင်းဝေါဟာရကို သက်ကြီးရွယ်အို ပုဂ္ဂိုလ်၊ အထူးသဖြင့် ဆင်းရဲသူ သက်ကြီးရွယ်အို၊ ဗုဒ္ဓဝေယျာဝစ္စများကို ဆောင်ရွက်ပြီး ဘုန်းကြီး ကျောင်းများကို မကြာခဏ သွားရောက်သူဟု ဆိုလိုသည်။

[၁] မဟာဝံသ ၃၇၊ ၁၇၃။ [၂] ယင်း ၃၇၊ ၆၃။ ၄၂၊ ၂၃။

[၃] ဝါရ်နသူရိယ၏ *Inscriptional Evidence bearing on the Nature of Religious Endourments in Ancient Ceylon* ဆောင်းပါးကိုလည်း ဖတ်ရှုပါ။ UCR. Vol. I, Nos, I, 2; Vol. II, Nows, I, 2.



အနေဖြင့် နန်းတော်အရာရှိများ အသုံးပြုနေထိုင်ရန် ရည်ညွှန်း၍ ပြုလုပ်ထားပုံရသည်ဟု ယူဆဖွယ်ရှိသည်။ ဘုန်းကြီးကျောင်းတိုက်မှ ပိုင်ဆိုင်သည့် အလုပ်သမားများ၊ နွားများ၊ လှည်းများနှင့် ကျွဲများကို မည်သူတစ်ယောက်မျှ မပိုင်ဆိုင်နိုင်ချေ။ ဘုန်းကြီးကျောင်းတိုက်က ပိုင်ဆိုင်သည့် ကျေးရွာများတွင် သင့်တော်သည့် စုံစမ်းစစ် ဆေးမှုများပြုပြီးနောက် ကောက်ခံထားသည့် ဒဏ်ငွေများကို ဘုန်းကြီးကျောင်းတိုက်အား ပေးအပ်ပြီး နိုင်ငံတော်က မပိုင်ဆိုင်ရချေ[၁]။

ဘုန်းကြီးကျောင်းပိုင် မြေများပေါ်ရှိ သစ်ပင်များကို မခုတ်လှဲရပေ[၂]။ တစ်ခါတစ်ရံ လူအများသည် ကျောင်းတိုက်များသို့သွားပြီး သစ်ပင်များကို တောင်းယူကြသည်။ ရဟန်းတော်များက ယင်းသစ်ပင်များကို သံဃာကပိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် ၎င်းတို့အား ငြင်းဆိုကြသည်။ သို့တစေ အကယ်၍ လူပုဂ္ဂိုလ်သည် ယင်း (သစ်ပင်) တို့ကို ရယူရန် အတင်းအကြပ် လျှောက်ထားကြလျှင်၊ သို့တည်းမဟုတ် အကြမ်းဖက်ရန် ခြိမ်းခြောက်ကြလျှင် သင့်လျော်သည့် အခွန်ကို လျော်ကြေးအဖြစ် ပေးပြီးနောက်၊ သို့မဟုတ် ကျောင်းတိုက်အတွက် အလုပ်အကိုင်တစ်ခု လုပ်ကိုင်ပြီးနောက် ၎င်းတို့အား သစ်ပင်များကို ယူရန် မိန့်ကြားကြသည်။ 'အပ် တစ်ချောင်းမျှရှိသော သစ်ပင်တစ်ပင်သည်ပင် ကြီးလေးသော ဘဏ္ဍာ(ဂရုဘဏ်)ဖြစ်သည်'။ ခွင့်ပြုချက် မရှိဘဲနှင့်ပင် ယင်းသစ်ပင်များကို ရဟန်းများ နေထိုင်ရာအဆောင် ဆောက်လုပ်ရန် အသုံးပြုနိုင်သည်။ သစ်ရွက်များ၊ ပန်းများ သို့မဟုတ် သစ်သီးများကိုပင် လူပုဂ္ဂိုလ်များအား ပေးခွင့်မရှိချေ[၃]။ ယင်းသို့သော တားမြစ်ချက်များမှာ ဘုန်းကြီးကျောင်းများအား အပြင်မှ လုယက်သူများကို ကာကွယ်ရန် ရည်ရွယ်ခဲ့သည်မှာ ထင်ရှားသည်။

မဟာဝိဟာရ၊ အဘယဂိရိ၊ ဇေတဝန၊ မဟိန္ဒလေ့နှင့် တိဿမဟာရာမကဲ့သို့သော အဓိကကျသည့် ကျောင်းတိုက်များ၌ အလွန်များ ပြားသည့် ရဟန်းတော်များ သီတင်းသုံးတော်မူကြသည်။ အေဒီ ၅

[၁] EZ. II, p. 10-13.

[၂] EZ. I, p. 87.

[၃] အဘိ-ဌ ၂၊ ၃၂၂။

ရာစုတွင် သီဟိုဠ်သို့ အလည်အပတ်ကြွရောက်ခဲ့သည့် တရုတ်ရဟန်းတော် ဖာဟီယန်အဆိုအရ အဘယဂိရိကျောင်းတိုက်၌ ရဟန်း ၅၀၀၀၊ မဟာဝိဟာရကျောင်းတိုက်၌ ၃၀၀၀၊ မဟိန္တလေ့၌ ၂၀၀၀ ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် အများသုံး နေရာဌာနမှ အစားအစာကို ရယူကြသည့် ရဟန်းတော် ၆၀၀၀၀ ရှိကြောင်းလည်း ဖာဟီယန်က ဆိုပြီး ထို့အပြင် ဘုရင်မင်းသည် နောက်ထပ် ရဟန်း ငါးထောင် သို့မဟုတ် ခြောက်ထောင်စာအတွက် အများသုံး အစားအစာထောက်ပံ့မှုကို မြို့တော်ရှိ အခြားနေရာများ၌ ပြင်ဆင်ထားကြောင်းလည်း ဆိုသည်[၁]။ တရုတ်ရဟန်းတော် ဟူယင်ဆန် (အေဒီ ၇ ရာစု)ကမူ ထိုအချိန်က သီဟိုဠ်နိုင်ငံ၌ ရဟန်းသံဃာ ၂၀၀၀၀ ရှိသည်ဟု သိရကြောင်း မှတ်တမ်းတင်ခဲ့သည်[၂]။ ယင်းဖော်ပြချက်များမှာ အတော်အတန် အတိအကျ မဟုတ်လျှင်တောင် ၎င်းတို့ အနေဖြင့် သီဟိုဠ်နိုင်ငံတွင် ရဟန်းသံဃာ အလွန်များပြားကြောင်း ညွှန်ပြကြသည်။

ဘုန်းကြီးကျောင်းတိုက်များအား ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းများအတွက် များပြား ကြီးမားသည့် အလုပ်များအတွက် လိုအပ်သည့် အတင်းအကြပ် ခိုင်းစေမှုပမာဏကို စိတ်ကူးဖြင့် မှန်ကြည့်နိုင်သည်။ တစ်ကိုယ်ရေ လိုအပ်ချက်များနှင့် ၎င်းတို့နေထိုင်သီတင်းသုံးသည့် ကျောင်းခန်းများနှင့် ကျောင်းဝင်းကို သန့်ရှင်းခြင်းကဲ့သို့သော လုပ်ငန်းအချို့ကို ရဟန်းတော်များကိုယ်တိုင် လုပ်ကိုင်ကြသည်။ သို့တစေ ကျန်လုပ်ငန်းများနှင့် ပတ်သက်၍ အခိုင်းအစေများနှင့် အလုပ်သမားများစွာလိုအပ်သည်မှာ ထင်ရှားသည်။ စတုတ္ထမဟိန္ဒမင်း ရေးထိုးခဲ့သည့် မဟိန္တလေ့ကျောက်စာအရ မဟိန္တလေ့ကျောင်းတိုက်မှာပင် ကျောင်းတိုက်ရေးရာ တာဝန်နှင့် လုပ်ရှားအမျိုးမျိုးကို ဆောင်ရွက်နေကြသည့် အမြဲတမ်း အလုပ်သမား ၂၀၀ ကျော်ရှိကြောင်း သိရသည်။

ဘုရင်မင်းများနှင့် မိဖုရားများစွာတို့ သံဃာနှင့် ဘုန်းကြီးကျောင်းတိုက်များအား အာရာမိကများနှင့် အစေအပါးများကို လှူဒါန်းကြ

[၁] Fa Hien, p. 102,105,107.

[၂] Hiuen Tsiang, Bk. XI, p. 247.



ကြောင်း မှတ်တမ်းရှိသည်[၁]။ သိလာမေဃဝဏ္ဏမင်း (အေဒီ ၇ ရာစု) ဖမ်းယူခဲ့သည့် အကျဉ်းခံ တမီးလ်စစ်သားများကို ကျေးကျွန်များအဖြစ် ကျောင်းတိုက်များသို့ လှူဒါန်းခဲ့သည်[၂]။ တစ်ခါတစ်ရံတွင် အလုပ်လက်မဲ့ ဆင်းရဲသူများသည် ရဟန်းတော်များအား ကူညီပြီး နေထိုင်ရန် ဘုန်းကြီးကျောင်းများ၌ အလုပ်အကျွေးများ ဖြစ်သွားကြသည်[၃]။ ယင်းပုဂ္ဂိုလ်များအား ဘုန်းကြီးကျောင်းတိုက်တွင် လိုအပ်သည်များကို လုပ်ဆောင် အသုံးပြုသည်။ အင်္ဂုတ္တနိကာယ အဋ္ဌကထာတွင် ရောဟဏအရပ်ရှိ ဘုန်းကြီး ကျောင်းတိုက်တစ်ခုတွင် နေထိုင်သည့် ဆင်းရဲသားလူဖျင်းတစ်ယောက် သုံးစွဲသည့် အသုံးစရိတ်အကြောင်းကို ရဟန်းတော်များက လက်တွေ့ ကျီစယ်ကြသည့် အကြောင်းမှာ စိတ်ဝင်စားဖွယ် ဖြစ်သည်[၄]။ ကျောင်းတိုက်များတွင် ရဟန်းတော်များနှင့်အတူ နေထိုင်ကြသည့် ဘိက္ခုဘတိကဟုခေါ်သော နောက်လူတန်းစား တစ်ရပ်ရှိသည်။ ယင်းဝေါဟာရ၏ အဓိပ္ပာယ်အရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့၏ သက်မွေးဝမ်းကျောင်းအတွက် ရဟန်းတော်များကို မှီခိုနေရသည်မှာ ထင်ရှားသည်[၅]။ အေဒီ ၁၀ ရာစု ကျောက်စာတစ်ခု[၆] အရ ဥပါသကဟုခေါ်သည့် သံဃာအလုပ်အကျွေးတစ်ချို့လည်း ကျောင်းတိုက်တွင် နေထိုင်ကြောင်းသိရသည်[၇]။ ယင်းအများကောင်းကျိုးဆောင်

[၁] ဥပမာ မဟာဝံသ ၄၆၊ ၁၀၊ ၁၄၊ ၂၈၊ ၁၆၄။

[၂] ယင်း၊ ၄၄၊ ၇၃။

[၃] ဒုဂ္ဂတမနုဿာ သံဃံ နိဿာယ ဇီဝိဿာမီတိ ဝိဟာရေ ကပ္ပိယကာရကာ ဟောန္တိ (ဝိ-ဋ္ဌ ၃၊ ၂၈၃)။

[၄] အံ-ဋ္ဌ ၂၊ ၂၁၅။

[၅] EZ. III, p. 227. [၆] EZ. III, p. 227.

[၇] အိန္ဒိယတောင်ပိုင်း တမီးလ် ကျောက်များ၌ ဥပါသကဟုခေါ်သည့် ဘုန်းကြီးကျောင်း အလုပ်အကျွေး လူတန်းစားတစ်ရပ်အကြောင်း ဖော်ပြသည် (EZ. III, p. 228.)။ သီရိလင်္ကာ ဘုန်းကြီးကျောင်းတိုက်များ၌ ယနေ့တိုင်အောင်ပင် ရဟန်းတော်များ၏ ဘုန်းကြီးကျောင်းဆိုင်ရာ အခမ်းအနားများ လိုအပ်ချက်များကို ဆောင်ရွက်နေကြသည့် သက်ကြီးရွယ်အိုများရှိကြပြီး ယေဘုယျအားဖြင့် ဥပါသကဟု လူသိများသော ကပ္ပိယများလည်း ရှိကြသည်။ မူလအားဖြင့် မည်သည့် ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူကိုမဆို လူမှုဘဝအဆင့်ကို မခွဲခြားဘဲ

မွေးဖွားပါစေ’[၁]။ ယင်းသို့သော ကျောက်စာအချို့၏ အဆုံးတွင် ခွေးပုံ၊ ကျီးကန်းပုံများဖြင့် သရုပ်ဖော် ထွင်းထုထားသည်။ နောက်ကျောက်စာတစ်ခုတွင် ‘ဤ (လှူဒါန်းမှု) ကို ဆက်လက်၍ မလုပ်ဆောင်သူသည် မေတ္တေယျဘုရားရှင် ၎င်း၏အိမ်ရှေ့သို့ ကြွဝင်ဖြတ်လျှောက်လျှင်ပင် (အရိုအသေပြုရန်) ၎င်း၏လက်ကို မ၍ မရနိုင်သူ ဖြစ်ပါစေသတည်း’ ဟု ဖော်ပြသည်။ ယင်းသို့သော သတိပေးချက် များသည် ယုံကြည်ကြသူ ကျေးလက်နေ ပုဂ္ဂိုလ်များအား ဘုန်းကြီးကျောင်းမြေများမှ ဝေးရာသို့ ထွက်မသွားနိုင်စေရန် များစွာ အထောက်အကူပြုခဲ့ခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ အထူးသဖြင့် ဆင်းရဲဒုက္ခနှင့် ကြုံရချိန်များတွင် ယင်းသို့သော မြေများကို ရောင်းချ သို့မဟုတ် ပေါင်နှံကြသည်။ ယင်းသို့သော မြေယာများကို ပြန်လည်ရွေးယူသည့် ပထမ ဥဒယမင်း၏ မိဖုရားနှင့် ပတ်သက်သော သာဓကတစ်ရပ် ရှိသည်။

ဘုရင်မင်းများ၊ မိဖုရားများနှင့် ပုဂ္ဂလိက အလှူရှင်များ ပေးအပ်သည့် ရေကန်များနှင့် တူးမြောင်းများမှာ အရေအတွက်အားဖြင့် များစွာရှိသည်။ ဤနေရာတွင် ထေရိယဂိုဏ်းသို့ ရေလှောင်ကန် ၁၈ ခု လှူဒါန်းခဲ့သူ ဓာတုသေနမင်းကို အထူး ဖော်ပြထိုက်သည်။ ဘုန်းကြီးကျောင်းတိုက်များသို့ လှူဒါန်းသည့် ရေလှောင်ကန် အများစုမှာ ယနေ့ခေတ်တွင် ပျောက်ဆုံးပြီး ရှာမရတော့သည့် ကျေးရွာရေကန် များဖြစ်ကြသည်ကို မှတ်သားသင့်သည်။ သီဟိုဠ်နိုင်ငံကဲ့သို့သော စိုက်ပျိုးရေးနိုင်ငံတစ်ခုတွင် ယင်းရေလှောင်ကန်များနှင့် ဆည်မြောင်းများမှာ ဝင်ငွေရရှိသည့် အဖိုးတန် ရင်းမြစ်များဖြစ်ကြပြီး ယင်းတို့မှ ရရှိသည့် ရေခွန်ကဲ့သို့သော ဝင်ငွေမှာ အရေးပါခဲ့ရမည်ဖြစ်သည်။

[၁] EZ III, p. 198.

[၂] EZ III, p. 258.

[၃] မဟာဝံသ ၄၉၊ ၂၈။

[၄] မဟာဝံသ အခန်း ၃၅၊ ဂါထာအမှတ် ၄၈ နှင့် အခန်း ၃၆၊ ဂါထာအမှတ် ၃။ EZ. I, pp. 211; 254-255 တို့ကို ရှုပါ။ အမျိုးသမီး တစ်ယောက်သည် ၎င်းတို့ မိသားစုပိုင်သည့် ရေကန်တစ်ခုကို သံဃာအား လှူဒါန်းခဲ့သည်။

[၅] မဟာဝံသ ၃၈၊ ၄၄-၅၁။



နှံထားသည့် ငွေကြေးများ၊ စတုတ္ထမှာ အခွန် စည်းကြပ် ကောက်ခံခြင်းများနှင့် ပြစ်ဒဏ်ငွေ များဖြစ်ကြသည်။

ယင်းထောက်ပံ့ငွေများကို မည်သည့်အချိန်က စတင်ခဲ့ကြောင်း အတိအကျဆိုရန် ခက်ခဲသည်။ သို့ရာတွင် ယင်းထောက်ပံ့ငွေတည်ရှိမှုမှာ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓဝါဒရောက်ရှိ လာချိန်ထက် များစွာရှေးမကျသည်မှာ အလွန် သေချာသည်[၁]။

သို့ရာတွင် ဘုန်းကြီးကျောင်းတိုက်တစ်ခုအား ထောက်ပံ့ပေးအပ်သည့် ပထမဆုံး မှတ်တမ်းတင်တင်ခဲ့သည့် မှတ်တမ်းမှာ ဘီစီ တစ်ရာစု၌ ဝဋ္ဋဂါမဏိမင်းက မဟာတိဿမထေရ် သီတင်းသုံးနေထိုင်သည့် ကုပိက္ကလ ကျောင်းတိုက်အား ‘သံဃဘောဂ’ကို လှူဒါန်းသော အချိန်၌ ဖြစ်သည်။ ယင်း အလှူအကြောင်းကို ကေတကအပြား (*ketaka* leaf) ပေါ်တွင် ရေးခဲ့သည်[၂]။ သံဃဘောဂဟူသော ဝေါဟာရဟူသည် မည်သို့သော ထောက်ပံ့မှုမျိုး ဖြစ်သည်ဟု အတိအကျ မဆိုနိုင်ချေ။ ယင်းအထောက်အပံ့ဟူသည် မြေရိုင်း၊ လယ်ယာ၊ ရေကန် သို့မဟုတ် ကျေးရွာမှရရှိသည့် ဝင်ငွေများပင် ဖြစ်နိုင်သည်[၃]။ ထိုအချိန်မှစ၍ နှောင်းခေတ်ရာစုနှစ်များ တစ်လျှောက်လုံးတွင် မြေရိုင်းများ၊ လယ်ယာ မြေများ၊ ထိန်းသိမ်း စောင့်ရှောက်ရေး ကျေးရွာများကို ဘုရင်မင်းများနှင့်

[၁] ဝိ ၃၊ ၃၀၀ တွင် ပိလိန္ဒဝစ္ဆမထေရ်အား ဗိမ္ဗိသာရမင်းက ကျေးရွာကို လှူဒါန်းကြောင်း ဖော်ပြထားသည်။ ထိုကျေးရွာတွင် နေထိုင်သူ ၅၀၀ ကို အာရာမိက ‘ကျောင်းတိုက်၏ အလုပ်သမား ကပ္ပိယများ’ အဖြစ် ဖော်ပြထားသည်။ ယင်းကျေးရွာအား မင်းကြီးက မထေရ်အား ပေးအပ်ခြင်းမှာ မထေရ်အား အာရာမိကတစ်ယောက်ကို မထေရ်အား လှူဒါန်းရမည်ဟု ပြောထားသည့် ကတိအတိုင်းဆောင်ရွက်ရမည်ကို ပျက်ကွက်သောကြောင့် ပြစ်ဒဏ်အနေဖြင့် ပေးအပ်ခြင်း ဖြစ်သည်။

[၂] မဟာဝံသ ၃၃၊ ၅၀။

[၃] ပါမောက္ခဝီလျံ ဂိုင်ဂါသည် သံဃဘောဂဟူသော ဝေါဟာရကို ‘ရဟန်းတော်များ အသုံးပြုရန် မြေများ’ဟု ဘာသာပြန်သည်။ သို့တစေ မြေကို လှူဒါန်းထောက်ပံ့သည်ဟု ယုံဆခြင်းအတွက် မျှတမှုမရှိချေ။ သံဃဘောဂဟူ သည် စာပေနည်းအရ သံဃာတော်များ၏ ‘ပိုင်ဆိုင်မှု’ ‘အခွန်တော်’ ‘ပစ္စည်းဥစ္စာ’ဟု အဓိပ္ပာယ်ရသည်။

မိဖုရားများက ဘာသာရေးဌာနများအား လှူဒါန်းမှုနှင့်ပတ်သက်သည့် အထောက်အထားများစွာကို တွေ့ရှိလာရသည်[၁]။ ဖာဟီယန်မှတ်တမ်း အရ အေဒီ ငါးရာစုတွင် ယင်းမြေရိုင်းမြေလွတ်များကို လှူဒါန်းပုံကို သိရသည်။ 'သူ (မင်းကြီး)သည် ထို့နောက် လူများ၊ လယ်မြေများနှင့် အိမ်များကို ထိုအချိန်မှစ၍ သားစဉ်မြေးဆက် ယင်းလှူဒါန်းမှုကို မည်သူမျှ နှစ်စဉ်အခွန် သို့မဟုတ် ထုတ်ပြန်မှုကို မပြုပြင်ရဲစေရန် သတ္တုပြားများပေါ်တွင် စာရေးလျက် ရဟန်းတော်များအား လှူဒါန်းသည်'[၂]။

ဘုန်းကြီးကျောင်းမြေများသည် ဘုန်းကြီးကျောင်းများအတွက်သာမက ဘုန်းကြီးကျောင်းဝေယျာဝစ္စ လုပ်ဆောင်သူများအားလည်း အခြေခံ ဝင်ငွေများဖြစ်ကြသည်။ မြေစာရင်ငှားများသည် ၎င်းတို့၏ တာဝန်ကို ဆောင်ရွက်သမျှ ပျော်ရွှင်နိုင်သည်။ ယင်းမြေရိုင်းများ၊ လယ်ယာမြေများနှင့် ကျေးရွာများသည် အစိုးရမြေခွန်များမှ လွတ်ကင်းပြီး တရားဝင်ကိစ္စများနှင့်ပတ်သက်၍ အစိုးရအရာရှိများ ယင်းကျေးရွာများသို့ ဝင်ရောက်နိုင်ခြင်းမရှိချေ[၃]။ အကယ်၍ တစ်ယောက်ယောက်သည် ယင်းမြေများနှင့် ရွာများသို့ အကာအကွယ် သို့မဟုတ် ခိုလှုံခွင့်အတွက် ဝင်ရောက်ခဲ့မူ ထိုမြေနှင့်ထိုကျေးရွာများ၌ ဝင်ရောက်ဖမ်းဆီးခွင့်မရှိချေ။ အကယ်၍ တစ်စုံတစ်ယောက်သည် ကာကွယ်တားဆီးမှုအတွက် မထိုက်တန်ခဲ့မူ ဘုန်းကြီးကျောင်းမြေများမှ ၎င်းတို့ကို ထွက်စေပြီးမှသာ ဖမ်းဆီးခွင့်ရှိနိုင်သည်။ ထိုမြေနယ်နိမိတ်များအတွင်း အရာရှိများသည် ထိုပုဂ္ဂိုလ်များအား မဖမ်းဆီးနိုင်ချေ[၄]။

ယင်းဥပဒေကို အလွန်လေးစားပြီး ဂရုတစိုက် စောင့်စည်းကြသည်။ ယင်းဥပဒေကို သက်ဦးဆံပိုင် အာဏာပိုင်စိုးသည့် ဘုရင်တစ်ပါးပင် ဖောက်ဖျက်ရန် အန္တရာယ်ကြီးမားပုံကို သရုပ်ဖော်ထားသည့် စိတ်ဝင်စားဖွယ် ဖြစ်ရပ်တစ်ခုရှိသည်။ တတိယ ဥဒယမင်း

[၁] မဟာဝံသ ၃၄၊ ၆၃။ ၃၅၊ ၈၃။ [၂] ဖာဟီယန်မှတ်တမ်း၊ စာ - ၁၀၉။

[၃] EZ. I, pp. 167-169; 173-174; II, pp. 3-4.

[၄] EZ. I, pp. 203, 206; II, pp. 6-8, 23, 29. ဤနေရာ၌ ဗိမ္ဗိသာရမင်းကြီး၏ ရဟန်းသံဃာအဖြစ်သို့ ဝင်ရောက်ပြီးသူတစ်ယောက်အား မည်သည့်အရာကိုမျှ မပြုရဟူသော ကြေညာချက်ကို အမှတ်ရသင့်သည်။



(အေဒီ ၉၁၄-၉၁၇)လက်ထက်တွင် တရားရုံးအရာရှိအချို့ ဘုရင်ကို ကြောက်ပြီး တပေါဝနခေါ်သည့် ရှေးခေတ်ဥယျာဉ်သို့ ထွက်ပြေးကြသည်[၁]။ ဘုရင်နှင့် အိမ်ရှေ့မင်းတို့သည် ထို (တပေါဝန)သို့ သွားကြပြီး ၎င်းတို့၏ လက်များကို ဖြတ်စေသည်။ ယင်းအကြမ်းဖက်ပြီး ဥပဒေနှင့် မညီညွတ်သော ယင်းလုပ်ရပ်အပေါ် ကျေနပ်မှုမရှိသဖြင့် ယင်းတောအုပ်တွင် သီတင်းသုံးနေထိုင်ကြသည့် ရဟန်းတော်များသည် ယင်းနေရာကို စွန့်ခွာပြီး ရောဟဏဇပုဒ်သို့ ကြွသွားကြသည်။ သို့ဖြစ်သဖြင့် လူထုနှင့် စစ်သားများသည် ဆန့်ကျင်ပုန်ကန်ကြပြီး အဘယဂိရိကျောင်းတိုက်အတွင်းရှိ ရတနပြာသာဒ်ထက်သို့ တက်ပြီး ဘုရင်ကို ခြိမ်းခြောက်ပြီး တပေါဝန၌ ဘာသာတရားကို မလေးမစားလုပ်ရန် ကူညီခဲ့သော အရာရှိအချို့၏ ဦးခေါင်းကို ဖြတ်ပြီး ပြတင်းပေါက်က ပစ်ချရန် တောင်းဆိုကြသည်။ ယုဝရာဇမင်းနှင့် ၎င်း၏မိတ်ဆွေ အာဒိပါဒတို့သည် အုတ်တံတိုင်းပေါ်မှ ခုန်ချပြီး ကြောက်ရွံ့မှုကြောင့် ရောဟဏဇနပုဒ်သို့ ထွက်ပြေးကြသည်။ ၎င်းတို့သည် ရဟန်းတော်များထံသို့ သွားရောက်ဖူးမြော်ပြီး ခြေတော်ရင်း၌ ဝပ်တွားလျက် ငိုယိုပြီး ယင်းသို့သော ရိုင်းစိုင်းသည့် အမှုအတွက် မိမိတို့ကို ခွင့်လွှတ်ပါရန် တိုးလျှိုးတောင်းပန်ကြသည်။ ထိုရဟန်းတော်များနှင့် အခြား နိကာယသုံးခုမှ ရဟန်းတော်များ၏ ကြားဝင်ဖြန်ဖြေပေးမှုကြောင့် ဘုရင်၊ လူထုနှင့် စစ်တပ်အကြား ခြွင်းချက်မရှိ ရင်ကြားစေ့မှု ဖြစ်သွားသည်[၂]။

မည်သူမျှ ယင်းဘာသာရေး ထောက်ပံ့မှုများကို မချိုးဖောက် သို့မဟုတ် ဆက်လက်၍မပေးဘဲ မနေဝံ့ကြချေ။ ဤနေရာတွင် အချို့ကျောက်စာများ၌ ယင်းဘာသာရေး အထောက်အပံ့များကို ချိုးဖောက်နိုင် သို့မဟုတ် နှောင့်ယှက်နိုင်သူများအား တစ်မူထူးခြားသည့် သတိပေးချက်များ ပါရှိသည်မှာ စိတ်ဝင်စားဖွယ်အဖြစ် မှတ်သားသင့်သည်။ ကျောက်စာတစ်ခု၌ ဤသို့ဖော်ပြသည် 'အကယ်၍ လယ်မြေများအား နှောင့်ယှက်မှုကို ဖန်တီးနိုင်သူရှိခဲ့မူ ထိုပုဂ္ဂိုလ်များသည် အစားအစာ မရရှိပါစေနှင့်။ နောင်ဘဝတွင် ခွေးများ ကျီးကန်းများအဖြစ် ပြန်လည်

[၁] EZ. I, 134, n. 3.

[၂] မဟာဝံသ ၄၃၊ ၁၄။

(ကဟာပဏ) ၁၀၀ လှူဒါန်းကြောင်း ဖော်ပြသည်။ ဤနေရာ၌လည်း မြို့တော်၏ နှစ်စဉ် အတိုးငွေကို အရိယဝံသပွဲတော်အသုံး စရိတ်အတွက်သာ အသုံးပြုသည်။ ထိုနေရာတွင် တွေ့ရသည့် နောက်ထပ်ကျောက်စာ အပိုင်းအစတစ်ခု[၁]တွင် နိဋ္ဌလဝိဋ္ဌိယ သိဝအမည်ရှိ အခြားပုဂ္ဂိုလ်တစ်ယောက်သည် ဒေဝဂိရိကျောင်းတိုက် အသုံးစရိတ်အတွက် ငွေဒင်္ဂါး ၂၀ လှူဒါန်းကြောင်းလည်း ဖော်ပြသည်။ ယင်းကျောက်စာ၏ နိဂုံးပိုင်းမှာ အလွန်စုတ်ပြတ်နေသော်လည်း အထက်ပါ အခြေခံဖြင့် အတိုးငွေကို အရိယဝံသပွဲတော်အတွက် သုံးစွဲရန်ဖြစ်ကြောင်း အခိုင်အမာဆိုနိုင်သည်။ ကလုဒိယပေါကုဏ[၂] အရပ်မှ အေဒီ ၉ ရာစု ကျောက်စာတွင် ဒဠှနာအမည်ရှိသူ အမျိုးသားတစ်ယောက်သည် ဒက္ခိဏာဂိရိ ကျောင်းတိုက်နေ သံဃာတော်များအား ဆွမ်းလှူဒါန်းရန် ရည်ရွယ်ပြီး ရွှေသားဒင်္ဂါး ၂၃ ပြား[၃] လှူဒါန်းကြောင်း ပါရှိသည်။ အခြားပုဂ္ဂိုလ်အများအပြားလည်း ဤကိစ္စနှင့် ပတ်သက်ပြီး အသီးသီး သံဃာတော်များအား ဆွမ်းလှူဒါန်းကြသည်။

အခြားပုံမှန် ဝင်ငွေရသည့် ရင်းမြစ်တစ်ခု ရှိသေးသည်။ ဘုန်းကြီးကျောင်းများ၌ ကျေးကျွန်များကို ထိန်းသိမ်းရန်နှင့် ကျေးကျွန်အဖြစ်မှ လွှတ်ပေးရန် ငွေကြေးအပ်နှံမှု ပုံစံဖြင့် ရရှိခြင်းဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်သည် ကျွန်ယောကျ်ားကိုဖြစ်စေ ကျွန်မိန်းမကိုဖြစ်စေ လက်ခံရန် ရဟန်းတော်များအား တားမြစ်တော်မူခဲ့သည်[၄]။ သို့တစေ အမြဲနေရဟန်းများနှင့် ခဏနေရဟန်း အရေအတွက် များပြားလာသဖြင့် ကျေးကျွန်များသည် ဘုန်းကြီးကျောင်းများ၌ အလုပ် လုပ်လာခဲ့ကြသည်။ သမန္တပါသာဒိကာ (ဝိနယ) အဋ္ဌကထာ[၅] ကျမ်းတွင် ဘုရင်မင်းများသည် ဘုန်းကြီးကျောင်းများသို့ ကျေးကျွန်များ လှူဒါန်း

---

[၁] ယင်း၊ III, p.251

[၂] ယင်း၊ III, p.258.

[၃] တစ်ကဟာပဏသည် ၇၀-၇၂ ထရွိုင်ခန့် အလေးနှင့် ညီမျှသည်။

[၄] ဒီ ၁၊ ၆၁။

[၅] ဝိ-ဋ္ဌ ၃၊ ၂၈၃။ ဝိဟာရေသု ရာဇူဟိ အာရာမိကဒါသာ နာမ ဒိန္နာ ဟောန္တိ၊ တေပိ ပဗ္ဗာဇေတုံ န ဝဋ္ဋတိ။ ဘုဇိဿေ ကတွာ ပန ပဗ္ဗဇေတုံ ဝဋ္ဋတိ။



ယေဘုယျအားဖြင့် ကျောင်းတိုက်ကြီးများကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ယင်းသို့သော လှူဒါန်းမှုများအပြင် အထူးရည်ရွယ်ချက်များဖြင့် အခြား လှူဒါန်းထောက်ပံ့မှုများလည်း ရှိခဲ့သည်။ ပြုပြင်သူမဲ့နေသည့် ရှေးခေတ် အဆောက်အအုံများကို စောင့်ရှောက်ရန်နှင့် ယင်းတို့ကို ကောင်းစွာပြုပြင်နိုင်ရန် ရည်ရွယ်ချက်၍ လှူဒါန်းထောက်ပံ့ခြင်းအများစုကို ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်[၁]။ သံဃာတော်များအား အထွေထွေ ဆွမ်းခဲဖွယ်များ လှူဒါန်းရေးအတွက် အထောက်အပံ့များကိုပင် တွေ့နိုင်သည်။ ပုံစံအားဖြင့် ရာဿဟေ (Rāssahela) အရပ်ရှိ ကျောက်စာအရ ဒိန်ခဲမှတစ်ပါး အခြားဘာမှမရှိသည့် မြေယာတစ်ခု၏ ဝင်ငွေမှ ဆီနှင့် (နွား) နို့များကို လှူဒါန်းကြောင်း သိရသည်[၂]။

လူထု၏ စီးပွားရေးဘဝ ပြောင်းလဲမှုများနှင့်အတူ ဘာသာရေး အထောက်အပံ့များလည်း ပုံစံတစ်မျိုး ဖြစ်လာသည်။ အေဒီ ၄ ရာစုနှင့် ၅ ရာစု ကျောက်စာအများစုသည် ယင်းသို့သော ပြောင်းလဲမှုကို ဖော်ပြကြသည်။ ရှေးဦး ရာစုနှစ်များအတွင်း ဘာသာရေး အထောက်အပံ့များကို ခြံမြေများ၊ စိုက်မြေများ၊ ကျေးရွာများ၊ ရေလှောင်ကန်များနှင့် ဆည်မြောင်းများအနေဖြင့် တွေ့မြင်ကြရသည်။ သို့တစေ အေဒီ ၄ ရာစုခန့်မှစ၍ ရှေးခေတ် အပြုအမူများတွင် ဘာသာရေးအတွက် ရင်းနှီးလှူဒါန်းမှုအချို့၌ ယင်းပစ္စည်းမျိုးနှင့် ငွေနှစ်မျိုးလုံးကို ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာကြသည်။ ယင်းအသစ် တိုးတက် ပြောင်းလဲမှုသည် ပြည်ပနိုင်ငံများ အထူးသဖြင့် ရောမအင်ပါယာနှင့် ကူး

---

[၁] EZ. I. pp. 89, 254-; EZ, II, p. 218

[၂] EZ. IV. p. 173-174 (Inscription III). *dihi tei kir misa on vaḷaj no karana ko* . အလှူရှင်များကိုယ်တိုင် အနှစ်သက်ဆုံးဖြစ်သည့် ပစ္စည်းများကို တမလွန်ဘဝတွင် ယင်းသို့သော ပစ္စည်းများ ပြည့်စုံကြွယ်ဝနိုင်စေရန် ရဟန်းတော်များနှင့် ဘုန်းကြီးကျောင်းတိုက်များအား လှူဒါန်းလိုသည့် ဥပါသကာများ ရှိကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဖော်ပြပါ အလှူရှင်များတွင် သိသာထင်ရှားသည့် ဒိန်ချဉ်၊ ဆီနှင့်နွားနို့များကို နှစ်သက်မှု ရှိခဲ့ခြင်းဖြစ်နိုင်သည်။ မိမိအလှူငွေကို အခြားမှားယွင်းစွာ အသုံးပြုမှုကို ကာကွယ်ရန် ယင်းသို့သော သတ်မှတ်ချက်မျိုး လိုအပ်သောကြောင့်လည်း ဖြစ်နိုင်သည်။

သန်းရောင်းဝယ်မှု တိုးတက်လာခြင်းကြောင့် ဖြစ်သည်။ အေဒီ ၁ ရာစု ဩဂတ်စတတ်စ် (Augustus) ဘုရင် လက်ထက်ခန့်မှစ၍ အေဒီ ၇ ရာစု အလက်စန္ဒြီးယား (Alexandria) ကျဆုံးချိန်အထိ အိန္ဒိယနှင့် ရောမအင်ပါယာတို့ အကြား ပုံမှန်နှင့် ကျယ်ပြန့်သည့် ငရုပ်ကောင်း၊ ဟင်းခတ်အမွှေးအကြိုင်၊ ရေမွှေး၊ ခါသာပိတ်သား၊ ပုလဲနှင့် အဖိုးတန် ကျောက်မျက်များ ကုန်သွယ်မှု တိုးတက်ခဲ့သည်။ ယင်းကုန်ပစ္စည်း အများစု ထွက်ရှိသည့် သီဟိုဠ်နိုင်ငံသည်လည်း ယင်းကုန်သွယ်မှု ရေစီးကြောင်းတွင် မျောပါခဲ့သည်။ သီဟိုဠ်ဆိပ်ကမ်းအများအပြားနှင့် နိုင်ငံအတွင်းပိုင်းမှာပင် ရောမနိုင်ငံသုံး ဒင်္ဂါးပြား အမြောက်အမြား တွေ့ရှိခြင်းက သီဟိုဠ်သည် ရောမနိုင်ငံနှင့် ကုန်သွယ်မှုရှိခဲ့ကြောင်း ဖော်ပြလျက်ရှိသည်။ တစ်ချိန်တည်းလောက်တွင် သီဟိုဠ်သည် အခြားသော ဂရိနှင့် ပါရှားနိုင်ငံများနှင့်လည်း ကုန်သွယ်မှုရှိခဲ့သည်။

ဖော်ပြပါ နိုင်ငံရပ်ခြားတိုင်းပြည်များနှင့် ဆက်ဆံမှုအသစ်သည် နိုင်ငံတော်၏ စီးပွားရေးဘဝနှင့် ကုန်စည်ဖြန့်ဝေမှုနှင့် ငွေကြေး လဲလှယ်မှုများအပေါ် ထူးခြားသည့် ဩဇာလွှမ်းမိုးမှု ရှိခဲ့သည်။ ယင်းသို့ ဖြစ်ခြင်းမှာ ကုန်သွယ်မှုအသစ်ဖြင့် ယခင်တည်ရှိပြီး ကုန်သွယ်မှု အသစ်ကို အစားထိုးလိုက်သည်ဟု မဆိုလိုချေ။ ကုန်သွယ်မှုစနစ်ဟောင်းနှင့် ယှဉ်လျက် ကုန်သွယ်မှုစနစ်သစ် အမြစ်တွယ်လာခဲ့ခြင်း ဖြစ်သည်။ နိုင်ငံခြား တိုင်းပြည်များနှင့် ဆက်ဆံမှု၏ အကျိုးအမြတ်မှာ အဓိက အားဖြင့် နှစ်မျိုးဖြစ်သည်။ ပထမအနေဖြင့် သတ္တုဒြပ်စင်ကို ငွေကြေး အဖြစ် အသုံးပြုမှု ကျယ်ပြန့်ထင်ရှားလာပြီး ဒုတိယအနေဖြင့် မြို့တော်မှာရော သီဟိုဠ်ရှိ အခြားကုန်သွယ်မှု ဗဟိုဌာနများမှာပါ ကုန်စည် ဖြန့်ဖြူးရန်နှင့် ဖလှယ်ရန် ရည်ရွယ်ချက်များဖြင့် ကုန်သည်အဖွဲ့ အစည်း များစွာ ပေါ်လာသည်။ ယင်းသည် ခေတ်သစ် ကုန်သွယ်မှု၌ ကုပ္ပဏီများနှင့် ဘဏ်များ၏ ရှေ့ပြေးဖြစ်သည်။ ယင်းကုန်သွယ်ရေး အဖွဲ့အစည်းများထံတွင် ကုန်ပစ္စည်းများကိုဖြစ်စေ ငွေကြေးကိုဖြစ်စေ အပ်နှံထားနိုင်ပြီး ရရှိသည့် အမြတ်ငွေကို မည်သို့အသုံးပြုရမည်ဆိုသည့် ညွှန်ကြားချက်များကို ယင်းအဖွဲ့အား ပြောကြားထားခဲ့နိုင်သည်။ ယင်းသို့ (ညွှန်ကြားထားခဲ့) သော ဘာသာရေး ငွေပဒေသာ



များကို အေဒီ ၄ ရာစုခန့်မှစ၍ တွေ့ရှိနိုင်သည်။ ထင်ရှားသည့် သရုပ်ဖော် တင်ပြမှုအနေဖြင့် အေဒီ ၄ ရာစုတွင် ရေးထိုးခဲ့သည့် တောဏိဂလ (Tōṇigala) ကျောက်စာ[၁]ကို ကိုးကားနိုင်သည်။

သိရိမေဃဝဏ္ဏ (အေဒီ ၃၆၂-၃၈၉)မင်း နန်းစံ ၃ နှစ်မြောက်တွင် ရေးထိုးသည့် ယင်းကျောက်စာသည် ပုဂ္ဂိုလ်ရေး မှတ်တမ်းတစ်ခုဖြစ်ပြီး အလှူရှင်နှင့် ကုန်သွယ်မှုအဖွဲ့အစည်းတို့အကြား သဘောတူညီချက်ဖြစ်ပုံရသည်။ ယင်းမှတ်တမ်းအရ နိုင်ငံတော် အမတ်ကြီးတစ်ယောက်၏သားဖြစ်သည့် ဒေဝအမည်ရှိသူသည် မြို့တော် မြောက်ပိုင်းခရိုင်တစ်ခုရှိ ကလဟုမန (Kalahumana) ဟုခေါ်သော ကုန်သွယ်ရေး အဖွဲ့အစည်းထံတွင် စပါးလှည်းနှစ်စီးတိုက်နှင့် ဆယ်အမုဏ (amuṇa)၊ ဥန္ဒု (ဟင်းခတ်မွှေးကြိုင်တစ်မျိုး) ခြောက်အမုဏနှင့် ပဲဆယ်အမုဏကို အပ်နှံထားကြောင်း သိရသည်။ အရင်းငွေကို မသုံးရသို့မဟုတ် မလျှော့စေရဘဲ နှစ်စဉ် ယင်းမှရရှိသည့် စပါး၏ အတိုးငွေ ၅၀ ရာနှုန်းနှင့် အခြားအသီးအနှံများ၏ အတိုးငွေ ၂၅ ရာနှုန်းကို ယဟိသပဝယ (Yahisavaya) ဟုခေါ်သော ဘုန်းကြီးကျောင်းတိုက်အသစ်တွင် နှစ်စဉ်ကျင်းပသည့် အရိယဝံသပွဲတော် အသုံးစရိတ် အတွက် လှူဒါန်းရမည်ဖြစ်သည်။ ယာဂု၊ နံနက်စာနှင့် နေ့လယ်စာ အကြားတွင် စားရသည့် အစားအစာများ၊ ဒိန်ချဉ်၊ ပျားရည်၊ ထန်းလျက်၊ ဆီဦး၊ ထောပတ်၊ ဆား၊ သစ်ရွက်စိမ်းများနှင့် မီးဖိုချောင်တွင် လိုအပ်သည့် အခြားပစ္စည်းများကို ယင်းအလှူငွေမှ သုံးစွဲရမည်ဖြစ်သည်။

ယင်းသည် စိတ်ဝင်စားဖွယ် ဘာသာရေးအလှူငွေ အပ်နှံမှုပုံစံတစ်မျိုးဖြစ်သည်။ ငွေကြေးပဒေသာပင်အနေဖြင့် ဘာသာရေးအတွက် အပ်နှံငွေများနှင့် ပတ်သက်သည့် သာဓကများလည်းရှိသည်။

လဟုအာဠ္ဍဗာဏ္ဍိဂလ (Lahuä abāndigala) ကျောက်စာတွင် နိုင်ငံတော် ဝန်ကြီးတစ်ယောက်၏ သားဖြစ်သည့် **သိရိနက** အမည်ရသူသည် ဒေဝဂိရိအမည်ရှိကျောင်းတိုက်ကြီးတွင် အသုံးပြုရန် မြို့တော် အရှေ့ဖက်ရှိ မဟာတဘက ဘုရားဆင်းတု ရွှေချရန် ငွေဒင်္ဂါး

[၁] EZ, III, p. 177.

ဖြင့် ယူဆခံရသည်[၁]။ ယင်းသည် လူ့ဂုဏ်သိက္ခာတန်ဖိုးကို လေ့ကျင့်ရန် ကြိုးစားမှုတစ်ရပ်အဖြစ် ယူဆသည်။ ဗုဒ္ဓဒါသ (ဗုဒ္ဓ၏ကျေးကျွန်)ဟု အမိပ္ပာယ်ရသည့် လူအမည်များမှာ ရှေးခေတ် ဗုဒ္ဓဝါဒီများအတွင်း ထင်ရှားခြင်းမှာ ယင်းသို့ဖြစ်လိုမှုကြောင့်ဖြစ်သည်။ ဒေဝါနံပိယတိဿ မင်းကြီးသည် မဟာဗောဓိကိုင်းမြတ်ကို အိန္ဒိယမှ ပင့်ဆောင်လာပြီး နောက် များမကြာမီ ယင်းဗောဓိကိုင်းကို ပူဇော်ရန် သုံးရက် တိုင်တိုင် ဗောဓိပင်တံခါးစောင့် အဖြစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်[၂]။ ဤ မင်းကိုယ်တိုင်ပင် သီရိလင်္ကာ နိုင်ငံတော်နှင့် အခြားပိုင်ဆိုင်မှုများကို ဗုဒ္ဓသာသနာတော်အား လှူဒါန်းခဲ့သည်မှာလည်း ယင်းရည်ရွယ်ချက် ဖြင့် ဆောင်ရွက်ခြင်းမျိုးဖြစ်သည်။ ယင်းသည် ရိုသေကိုင်းရှိုင်းမှုနှင့် ပူဇော်သက္ကာရပြုမှုကို ထုတ်ဖော်ပြသရန် သမုတိသဘောဖြင့် ဆောင် ရွက်ခြင်းမျှသာ ဖြစ်သည်။ မဟာဒါဌိကမဟာနာဂမင်း (အေဒီ ၆၇-၇၉) သည် သံဃာတော်များက တားမြစ်သော်လည်း မင်းကြီး၊ မိဖုရား၊ သားတော် နှစ်ယောက်၊ စီးတော်ဆင်နှင့် ထီးနန်းကို သံဃာတော်အား လှူဒါန်းပြီးနောက် အသပြာတစ်သိန်း ပမာဏရှိသည့်တန်ဖိုးကို သံဃာ တော်များအား လှူဒါန်းလျက် ကိုယ်တိုင်နှင့် လှူဒါန်းပြီးအရာအားလုံးကို ပြန်လည် ရွေးယူသည်[၃]။ အဠမအဂ္ဂဗောဓိမင်း (အေဒီ ၈၀၁-၈၁၂) သည် မယ်တော်အား မိမိကို သံဃာတော်အား လှူဒါန်းစေပြီးနောက် 'မိမိကိုယ်နှင့် ညီမျှ သည့် ပမာဏ' (ဓမ္မတ္တဂ္ဃဟဏံ)ကို ပေးချေခြင်းဖြင့် လွတ်မြောက်သူ ပြန်ဖြစ်သွားသည်[၄]။ မင်းကြီး ယင်းသို့ပြုခြင်းမှာ ၎င်း၏ အမှုထမ်းများအပေါ် ကျေးကျွန်များဟု ခေါ်မိခြင်းအတွက် ဒဏ် ခတ်သည့် အနေဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ မင်းကြီးကို မယ်တော်ဖြစ်

---

[၁] ရတနာသုံးပါး (သရဏဂုံသုံးပါး)ကို ဆည်းကပ်ကိုးကွယ်ရန် နည်းလမ်းသုံးမျိုး ရှိသည်။ တစ်မျိုးမှာ မိမိကိုယ်ကို အပ်နှံခြင်းဟု အဓိပ္ပာယ်ရသည့် အတ္တ သံနိယျာတန သရဏဂုံဖြစ်သည် (အံ-ဌ ၁၊ ၁၀၄)။ ယင်းဖော်ပြချက်အရ ရတနာသုံးပါး၏ ကျေးကျွန်အဖြစ် ခံယူခြင်းဟူသော အဓိပ္ပာယ်သို့ သက် ရောက်သွားသည်။

[၂] မဟာဝံသ ၁၉၊ ၃၂ ဂါထာ။

[၃] ယင်း၊ အခန်း ၃၄၊ ၈၆-၈၈ ဂါထာ။

[၄] ယင်း၊ အခန်း ၄၉၊ ၆၂-၆၄ ဂါထာ။



ကြကြောင်းနှင့်[၁] ၎င်းတို့ကို ရဟန်းဘောင်သို့ ဝင်ရောက်မပြုသော် လည်း ၎င်းတို့အနေဖြင့် ကျေးကျွန်အဖြစ်မှ လွတ်မြောက်ပြီးနောက် ဝင်ရောက်ခွင့်ပြုကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ ကျေးကျွန် များကို လက်ခံခြင်းသည် ဗုဒ္ဓရှင်တော်မြတ်၏ အာဏာဒေသနာတော် နှင့် ဆန့်ကျင်သောကြောင့် မဇ္ဈိမနိကာယ်အဋ္ဌကထာ[၂]၌ ယင်းသို့သော ကျေးကျွန်များကို လက်ခံခြင်းမှာ မသင့်လျော်သောကြောင့် ယင်းတို့ကို လက်ခံမည်ပြုသောအခါ အလှူရှင်က 'ကပ္ပိယကာရကို လှူဒါန်းပါ၏၊ အာရာမိက (အရမ်စောင့်)ကို လှူဒါန်းပါ၏'ဟု ဆို၍လှူဒါန်းရမည်ဟု သတ်မှတ်ခဲ့သည်[၃]။

ယင်းသတ်မှတ်ချက်သည် အခက်အခဲတစ်ရပ်ကို ရှောင်ရှားရန် အနှစ်သာရအားဖြင့် ဖြည့်ဆည်းပေးမှု မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်း စာသားကို အသုံးပြုရန် လိမ္မာသည့် အကြံပေးမှုတစ်ရပ် ဖြစ်ဖွယ်ရှိ သည်။ သို့တစေ ကိုယ်ကျင့်သိက္ခာအရ မည်သို့ပင် သင့်လျော်သည့် အမည်နာမတစ်ခုဖြင့် ခေါ်ဝေါ်သုံးနှုန်းစေကာမူ အမှန်သော် ဘုန်းကြီး

---

[၁] သိလာမေဃဝဏ္ဏမင်းသည် တမီးလ် စစ်ရှုံးသုံ့ပန်းများကို ကျွန်အဖြစ် ဘုန်းကြီး ကျောင်းများသို့ လှူဒါန်းကြောင်း ရှေ့အခန်းများ၌ တွေ့ရပြီးဖြစ်သည် (မဟာ ဝံသ ၄၄၊ ၇၃)။

[၂] မ-ဋ္ဌ ၂၊ ၁၁၃၊ ဒါသိဒါသဝသေနေဝ တေသံ ပဋိဂ္ဂဟဏံ န ဝဋ္ဋတိ၊ ကပ္ပိယ- ကာရကံ ဒမ္မိ၊ အာရာမိကံ ဒမ္မီတိ ဧဝံ ဝုတ္တေ ပန ဝဋ္ဋတိ။

[၃] ကပ္ပိယကာရကဟူသည် ယေဘုယျအားဖြင့်ဆိုမူ ရဟန်းတော်များ၏ လိုအပ် ချက်များကို တာဝန်ယူဆောင်ရွက်ပေးသည့် လူဥပါသကာ တစ်ယောက် ဖြစ် သည်။ ကပ္ပိယကာရကသည် အခမဲ့ အလုပ်အကျွေးပြုပြီး ၎င်း၏ဆောင်ရွက်မှု ကို လက်ခံလျှင် ရဟန်းသည် တစ်စုံတရာ ပေးကမ်းရန်မလိုဘဲ မိမိ၏ လိုအပ် ချက်များအတွက် ကပ္ပိယကာရကအား လွတ်လပ်စွာ ပြောကြားနိုင်သည်။ ထို မှတစ်ဆင့် ရဟန်းသည် ဝိနည်းစည်းကမ်းနှင့် အတိအကျ ညီညွတ်မှုအပြင် လူ အများ၏ ယုံကြည်မှုဖြင့် မည်သည့် လက်ဆောင်ပဏ္ဏာမှ ပေးကမ်းဖွယ် မလို ဘဲ ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဤ၌ ဖော်ပြသည့် ကပ္ပိယကာရကဟူသည် ဘုန်းကြီးကျောင်းတိုက်အတွက် ဆောင်ရွက်ရန် အ ခြားသူများက ပေးအပ်ခြင်းခံရသူများဖြစ်ဖွယ်ရှိသဖြင့် ကျွန်ဟူသော အဓိပ္ပာယ် သက်ရောက်ဖွယ် ရှိသည်။ အာရာမိကဟူသည် ဘုန်းကြီးကျောင်းတိုက်၌ အလုပ်လုပ်သူများ အစေအပါးများ ဖြစ်ကြသည်။

ကျောင်းများ၌ ကျေးကျွန်များ ရှိခဲ့သည်ဟူသော အချက်မှာ သူ့ကျွန်အဖြစ်မှ မလွတ်မချင်း ရဟန်းဘောင်သို့ ဝင်ခွင့်မပြုရဟု ဖော်ပြသည့် အထက်ပါ သမန္တပါသာဒိကာကျမ်းအရ သံသယမဖြစ်နိုင်တော့ချေ။

ရနိုင်သည့် အထောက်အထားများက ရှေးခေတ်တွင် ဘုန်းကြီးကျောင်းများ၌ ယောကျ်ား မိန်းမ ကျေးကျွန်များကို အလုပ်ခန့်ထားပြီး ၎င်းတို့ကို ထိန်းသိမ်းမှုအတွက် ငွေကြေးအများအပြား မြုပ်နှံထားကြောင်း ဖော်ပြသည်။ အနုရာဓပုရရှိ[၁] အေဒီ ၆ ရာစုမှ ၇ ရာစုရေးထိုးသည့် ကျောက်စာတို ရှစ်ခုတွင် အနုရာဓပုရမြို့ အဘယဂိရိကျောင်းတိုက်ရှိ ကျေးကျွန်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အမည်နာမ ဖော်ပြထားသည့် လူအများအပြား၏ ငွေကြေး လှူဒါန်းမှုများကို မှတ်တမ်းတင်ထားသည်။ ၎င်းတို့အနက်မှ ခြောက်ယောက်သည် အသီးသီး ၁၀၀ ကဟာပဏစီ အပ်နှံကြပြီး ၎င်းတို့အနက်မှ တစ်ယောက်မှာ ၁၀၀၀၊ နောက်တစ်ယောက်မှာ ၂၀၀၀ အပ်နှံသည်။ ၎င်းလှူဒါန်းမှုမှ ရရှိသည့် ကုသိုလ်ကောင်းမှုကို အခြား သတ္တဝါများအား အမျှပေးဝေထားသည်။

အကယ်၍ ဘုန်းကြီးကျောင်းတိုက်များ၌ ကျေးကျွန်များကို ထိန်းသိမ်းရန် ငွေကြေးအပ်နှံမှုကို ကုသိုလ်ဟု ယူဆလျှင် ၎င်းကျေးကျွန်တို့ကို ကျွန်ဖြစ်ခြင်းမှ လွတ်မြောက်အောင် ပြုလုပ်ခြင်းမှာ ပို၍ပင် ကုသိုလ်အဖြစ် ယူဆမည်ဖြစ်သည်။ သို့ဖြင့် ကျွန်များကို ဘုန်းကြီးကျောင်းများသို့ လှူဒါန်းခြင်းသည် ကုသိုလ်ရရန် နည်းလမ်း နှစ်မျိုးကို ရရှိစေသည်။ ၎င်းသို့ လှူဒါန်းခြင်းသည်ပင် ကုသိုလ်ဖြစ်ပြီး ၎င်းအလှူပစ္စည်းကို ရွေးနုတ်ခြင်းသည်လည်း ရွေးယူသူအား ကုသိုလ်ရစေသည်။ ၎င်းလုပ်ရပ်နှစ်မျိုးလုံးသည် ဘုန်းကြီးကျောင်းတိုက်အား အကျိုးရစေသည်။ အေဒီ ၁၄ ရာစုအစပိုင်းတွင် ဝိလဂမ္ဗုလ မဟာထေရ် ရေးသားသည့် အနာဂတဝံသဒေသနာကျမ်း[၁]တွင် မကောင်းမှုအကုသိုလ်စရိုက်ဆိုးများမှ လွတ်မြောက်ရန် ကျေးကျွန်များကို လွတ်အောင် လုပ်ပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကျေးကျွန်များကို လှူဒါန်းခြင်းနှင့် ၎င်းတို့ကို ပြန်လွှတ်ပေးခြင်းမှာ ဘာသာရေး အစွန်းရောက်မှု၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ယူဆနိုင်ဖွယ်ရှိပြီး အချို့သော ၎င်းဖြစ်စဉ်ကို ယူဆမှုနည်းလမ်းများမှာ ဤအယူသည်းမှုကို ရှာဖွေခြင်းဖြင့် တိုးတက်သွားခဲ့သည်။ ဘုန်းကြီးကျောင်းတိုက်များနှင့် ဆက်စပ်နေသည့် အစစ်အမှန် ကျေးကျွန်များရှိနေစဉ် လှူဒါန်းခြင်းခံရပြီး လွတ်မြောက်ပြီးဖြစ်သည့် အချို့သော ကျေးကျွန်များမှာ ကျွန်များ လုံးဝမဟုတ်ကြတော့ဘဲ လူမှုအဆင့် အတန်းမြင့် လွတ်လပ်သူများ ဖြစ်သွားကြသည်။ ၎င်းပုဂ္ဂိုလ်များကို ခဏတာမျှ ကိုယ့်ကိုယ်ကို လှူဒါန်းကြခြင်းဖြစ်နိုင်ပြီး ကုသိုလ်ရရန် ရည်ရွယ်ပြီး နာရီပိုင်း မိနစ်ပိုင်းမျှလည်း လှူဒါန်းကြဖွယ်ရှိသည်။

မိမိကိုယ်ကို ဗုဒ္ဓဓမ္မသံဃာ့ကျေးကျွန်အဖြစ် လှူဒါန်းကြခြင်းမှာ အဆင့်မြင့် ဘာသာရေး လုပ်ဆောင်မှုနှင့် ကုသိုလ်တရားတိုးပွားမှု အနေ

---

[၁] EZ, IV, p. 139-140. ပရနဝိတနက 'ကျွန်' 'အခိုင်းအစေ'ဟု ဘာသာပြန်ခဲ့သည့် စကားလုံးမှာ 'ဝဟရလ (vaharala)'ဖြစ်သည်။ ၎င်းကျောက်စာနှင့် အခြားကျောက်စာများ၌ စကားလုံးနှင့် ပုံစံများစွာ ဖော်ပြသည်။ ၎င်းတို့မှာ ဝဟရိလ၊ ဝဟေရိလ၊ ဝိဟေရိလ စသည်တို့ဖြစ်သည်။ ဤဆွေးနွေးမှုတွင် ပရနဝိတန၏ ဘာသာပြန်နောက်သို့ လိုက်ထားပါသည်။ သို့တစေ ဒီဂျေဝိဇယရတနေ (*Interpretation of Vaharala ect.*, in *Sinhalese Inscriptions* UCR. Vol. Z, No. I, p. 103.) က ပရနဝိတန၏ ဘာသာပြန်နှင့် ပတ်သက်၍ ရှုထောင့် မျိုးစုံမှ မေးခွန်းထုတ်ထားပြီး ဝဟရလဟူသောပုဒ်ကို 'သစ်သားရက်မ'ဟု ဘာသာပြန်သည်။ (ဝိဇယရတနေက ဝဟရလပုဒ်ကို သစ်သားသို့မဟုတ် သစ်သားရက်မဟု အဓိပ္ပာယ်ရသည့် သက္ကတ ဝိသျှရ+လမှ ဆင်းသက်သည်ဟု ယူဆသည်။)

ကျောက်စာတွင်ပါသည့် ဝဟရလပုဒ်သည် ကျွန်ဟုအဓိပ္ပာယ်ရသည်ဖြစ်စေ သစ်သားရက်မဟု အဓိပ္ပာယ်ရသည်ဖြစ်စေ သီဟိုဠ် ရှေးခေတ်က ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတိုက်များ၌ ကျေးကျွန်များကို အလုပ်ခန့်ထားသည်ဟူ သော သမိုင်းအချက်အလက်မှာ အထက်တွင် တွေ့မြင်ရသည့် အတိုင်း အဋ္ဌကထာနှင့် သမိုင်းကျမ်းများ ဖော်ပြချက်အတွက် ခွန်အားရှိဆဲ ဖြစ်သည်။ ကျွန်ကိုညွှန်းသည်ဖြစ်စေ သစ်သားကို ညွှန်းသည်ဖြစ်စေ **ဝဟရလ** အတွက် ပေးအပ်သည့်ငွေကြေးမှာ ဤဆွေးနွေးမှုနှင့်ပတ်သက်သည့် အချက်ဖြစ်သော ဘုန်းကြီးကျောင်းတိုက်တစ်ခု၏ ဝင်ငွေဖြစ်သည်။



---

[၁] အနာဂတဝံသဒေသနာ၊ စာ-၄၂။

သဖြင့် မဟာပါဠိ ဆွမ်းစားဆောင်က ၎င်းအား ကျွေးမွေးထားရသည်[၁]။ (တရုတ်ဘုရားဖူး ရဟန်းတော်) ဖာဟီယန်၏ အောက်ပါမေးခွန်းသည် အေဒီ ငါးရာစု သီဟိုဠ်ဘုန်းကြီးကျောင်းတိုက်များ မည်မျှ ချမ်းသာကြွယ်ဝသည်ကို ဖော်ပြရန် လုံလောက်ပေလိမ့်မည်၊ 'ချမ်းသာကြွယ်ဝသည့် ရဟန်းသံဃာဆိုင်ရာများတွင် အဖိုးတန်ကျောက်နှင့် မဏိ (ပတ္တမြား) အများအပြားရှိကြ၏။ ဘုရင်တစ်ယောက်သည်ပင် အဖိုးမဖြတ်နိုင်သည့် ပုလဲများကို အဝမ္မရယူရန် ဖမ်းစားခြင်းခံရ၏။ ထိုဘုရင်သည် နောင်အခါ ရဟန်းတော်များအား မိမိ၏ မကောင်းစိတ်အကြံအစည်ကို ဖွင့်ဟ ဝန်ခံပြီးနောက် ထိုဘုရင်က ထိုနေ့မှစ၍ ဘုရင်တစ်ပါးအား ဘုန်းကြီးကျောင်းတိုက်ရှိ ပစ္စည်း ဥစ္စာထားသည့် နေရာသို့ ဝင်ရောက်ကြည့်ရှုခွင့်မပြုရန်နှင့် ရဟန်းတော်တစ်ပါးသည် ရဟန်းသိက္ခာ ဝါလေးဆယ် ရပြီးနောက်မှသာ ဝင်ရောက်ခွင့်ပြုရန် စည်းမျဉ်းချမှတ်ရန် သံဃာတော်များအား လျှောက်ထားသည်[၂]။

ကျောင်းတိုက်ကြီးများ ကြွယ်ဝချမ်းသာသော်လည်း ကောင်းစွာ လှူဒါန်းထောက်ပံ့မှုပြုခြင်း မခံရသည့် ကျောင်းတိုက်ငယ်များ ရှိသေးသည်။ နဝမအဂ္ဂဗောမင်း(အေဒီ ၈၂၈-၈၃၁)လက်ထက်တွင် ကျောင်းတိုက်ငယ်များမှ သံဃာတော်များသည် ၎င်းတို့၏ ယာဂုစား သောက်ဖွယ်ကို ရယူရန် မဟာဝိဟာရကျောင်းတိုက်သို့ သွားရောက်ကြရသည်။ သို့ရာတွင် ထိုအကြောင်းကို ဘုရင် ကြားသိတော်မူသောအခါ ဘုရင်သည် ထိုကျောင်းတိုက်များအားလည်း ထောက်ပံ့လှူဒါန်းမှု ပြုခဲ့သည်[၃]။

ဘိက္ခုနီကျောင်းတိုက် ထိန်းသိမ်းရေးနှင့် အုပ်ချုပ်ရေးအကြောင်းကိုမူ မသိရချေ။ သို့ရာတွင် ဘိက္ခုနီ ကျောင်းတိုက်များသည် ဗုဒ္ဓဝါဒ သီဟိုဠ်ကျွန်းသို့ စတင်ရောက်ရှိလာချိန်မှစ၍ သီဟိုဠ်၌ တည်ရှိခဲ့သည်။ ဒေဝါနံပိယတိဿမင်းကြီးကိုယ်တိုင် သီဟိုဠ်၌ အနုလာဒေဝီ (ဘိက္ခုနီ) နှင့် အဖော်ဘိက္ခုနီများအတွက် အနုရာဓမြို့တော် အတွင်း ဘိက္ခုနီ

[၁] မဟာဝံသ ၄၄၊ ၁၁-၁၂။

[၂] Fa Hien, p. 104.

[၃] မဟာဝံသ ၄၄၊ ၈၈-၉၀။



သူက ကျေးကျွန်အဖြစ်ဖြင့် သံဃာတော်အား လှူဒါန်းခဲ့သည်မှာ သံသယဖြစ်ဖွယ်မလိုချေ။ ကံမကောင်းသည်မှာ သီရိလင်္ကာဘုရင်အား လွတ်လပ်သူဖြစ်စေရန် ဘုန်းကြီးကျောင်းတိုက်အား လှူဒါန်းသည့် 'ခန္ဓာကိုယ်နှင့် ညီမျှသည့်တန်ဖိုး' ပမာဏနှင့် ပတ်သက်၍ အတိအကျမသိ ရခြင်းဖြစ်သည်။ အနည်းငယ်မျှတော့ မဖြစ်နိုင်ချေ။ ကိမတိ နိရှန်က မလ္လ (Kīrti Niśśaṅka Malla)မင်း (အေဒီ ၁၁၈၇-၁၁၉၆) သည် သားတော်သမီးတော်တို့ကို ဗုဒ္ဓမြတ်စွယ်တော်နှင့် ဗုဒ္ဓသပိတ်တော်အား လှူဒါန်းပြီးနောက် ရွှေဓာတ်တော်ကြုတ်တစ်ခု အပါအဝင် ပစ္စည်းဥစ္စာကို လှူဒါန်းခြင်းဖြင့် ၎င်းတို့ကို လွတ်လပ်စေသည်[၁]။ ဖော်ပြပါ သာဓကများအရ အချို့သော လွတ်လပ်သည့် ကျွန်များမှာ ကျွန်အစစ်များ အဟုတ်ကြောင်း ဖော်ပြသည်။

ကျောက်စာများတွင် ယင်းဓလေ့ထုံးစံသည် အေဒီ ငါးရာစုမှ ရှစ်ရာစုအထိ အလွန်ထင်ရှားသည့်ဘာသာရေး အယူစွဲလန်းမှုတစ်ရပ် ဖြစ်ခဲ့သည်။ ဝေဿဂိရိယ[၂] (ကျောင်းတိုက်အရပ်)မှ ကျောက်စာ လေးခုတွင် မိမိတို့ကိုယ်တိုင်နှင့် ဆွေမျိုးများအား ကျေးကျွန်အဖြစ်မှ လွတ်မြောက်မှုကို ရရှိခဲ့ကြသူများစွာတို့ကို မှတ်တမ်းတင်ထားသည်။ ယင်းတို့အနက် တစ်ယောက်မှာ မိမိဇနီးမယားကို ကျွန်အဖြစ်မှ လွတ်စေသည်၊ အခြားနှစ်ယောက်မှာ သားသမီးများကို လွတ်စေသည်၊ အခြားနှစ်ယောက်မှာ မိမိကိုယ်တိုင်ကို လွတ်မြောက်စေသည်။ ယင်းသို့ ပြုလုပ်မှုကြောင့် ရရှိသည့် ကုသိုလ်ကောင်းမှုကို သတ္တဝါအား လုံးတို့အား အမျှပေးဝေထားသည်။ သားသမီးများကို လွတ်မြောက်စေသည့် အမျိုးသားနှစ်ယောက်မှာ ယင်းကုသိုလ်မှုကြောင့် ဗုဒ္ဓအဖြစ်ကို ရရှိလိုကြောင်း ဆုတောင်းထားသည်။ မိမိကိုယ်ကို လွတ်မြောက်စေသူ နှစ်ယောက်သည်ပင် ယင်းတို့ရရှိသည့် ကုသိုလ်အဖို့ကို သတ္တဝါ အားလုံးတို့အား အမျှဝေထားသည်။ အဆိုပါ ဖော်ပြချက်များသည် ဘုန်းကြီးကျောင်းများ၌ ကျေးကျွန်ဖြစ်ရခြင်းနှင့် ကိုယ်တိုင် ကျေးကျွန်အဖြစ်မှ လွတ်မြောက်မှုရရှိခြင်းတို့ကို ဘာသာတရား ကိုင်းရှိုင်းမှုနှင့် ကုသိုလ်

[၁] EZ. II, p. 107.

[၂] EZ. II, p. 132-133.

တရားအဖြစ် ယူဆကြောင်း ထင်ရှားသည်။ မိမိကိုယ်ကို ကျေးကျွန်အဖြစ်မှ လွတ်မြောက်အောင် ပြုသူနှစ်ယောက်တို့သည် ကျောင်းတိုက်အား ကဟာပဏ ၁၀၀ စီလှူဒါန်းကြသည်။ သို့ရာတွင် အခြားပုဂ္ဂိုလ်များမှာ မည်မျှစီ ပေးလှူကြကြောင်း မသိရချေ။

ကုရုဏာဂလ (Kuruṇāgala) ခရိုင်၊ တိဆာဝ ကောရာလေ့ (Tisāva Kōraḷe) အရပ်ရှိ Mädagama Vihāra ကျောင်းတိုက်တွင် တွေ့ရသည့် အေဒီ ၇ ရာစုခန့် ကျောက်စာအရ အမျိုးသားတစ်ဦးသည် မိမိ၏သမီးများအား ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေသည်။ ဤမှတ်တမ်းနှင့် ဇနီးမယားကို ကျေးကျွန်အဖြစ်မှ လွတ်စေသည့် ဖော်ပြပြီး အထောက်အထားများအရ ထိုအချိန်က အမျိုးသမီး ကျွန်များသည် ဘုန်းကြီးကျောင်းတိုက်များ၌ အလုပ် လုပ်ကြကြောင်း ဖော်ပြသည်။ စတုတ္ထမဟိန္ဒမင်း ရေးထိုးသည့် မဟိန္ထလေ့အရပ်ရှိ ကျောက်စာအရလည်း အေဒီ ၁၀ ရာစု၌ အမျိုးသမီး အလုပ်သမားများကို ဘုန်းကြီးကျောင်းတိုက်များ၌ အလုပ်ခန့်ထားကြောင်း သိရသည်။

တစ်ခါတစ်ရံတွင် လူများစွာသည် ကျေးကျွန်အဖြစ် စုပေါင်းခံယူကြပြီး အတူတကွ ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေကြသည်။ မာတလေ့ (Mātale)ခရိုင်၊ နိလဂမ (Nilagama)အရပ်ရှိ ဒလ္လမောဂ္ဂလ္လာနမင်း (အေဒီ ၆၁၁-၆၁၇) ခေတ် ကျောက်စာအရ နာမည်အတိအကျဖော်ပြထားသည့် လူရှစ်ယောက်သည် နိလဂမအရပ်ရှိ တိဿာရာမကျောင်းတိုက်သို့ ကဟာပဏ ၁၀၀ စီပေးလှူပြီး ကဆုန်လပြည့်နေ့တွင် မိမိကိုယ်ကို ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေကြကြောင်း ဆိုသည်။

ဖော်ပြပါ သာဓကများသည် အစစ်အမှန်ရော အတုအယောင်များပါ ရောထွေးနေသည့် ယင်းသို့ 'လူအများအပြားတို့ ကျေးကျွန်အဖြစ်ခံယူခြင်း'၏ အကျိုးအမြတ်များသည် ဘုန်းကြီးကျောင်းတိုက်များ၏ ဝင်ငွေရရှိသည့် ရင်းမြစ်တစ်ခုဖြစ်သည်။

နောက်ထပ် ဝင်ငွေရရှိသည့် ရင်းမြစ်တစ်ခု ရှိသေးသည်။ အေဒီ ၁၀ ရာစု ကျောက်စာတစ်ခုတွင် အသုံးများထင်ရှားသည့် သံဃာ့ဆွမ်းစားဆောင် မဟာပါဠိကို ထိန်းသိမ်းရန် အနုရာဓပုရမြို့တွင်းသို့ သယ်ယူလာသည့် စပါးအိတ်တိုင်းမှ တစ်ပတ (one *Pata*) နှုန်းဖြင့် အခွန်



တစ်ခု ရှင်သန်ခဲ့ခြင်းဖြစ်သည်။ အခြားနယ်မြို့များလည်း ယင်းသို့သော အခွန်စည်းကြပ်မှု တည်ရှိခဲ့သလောဟူသော အချက်နှင့်ပတ်သက်၍ အထောက်အထားများ မရရှိချေ။ ကျေးရွာများအတွင်းနှင့် ဘုန်းကြီးကျောင်းမြေအတွင်း စည်းကမ်းဖောက်ဖျက်သည့် ပြစ်မှုအတွက် စုဆောင်းရရှိသည့် ဒဏ်ငွေများကိုလည်း ဘုန်းကြီးကျောင်းတိုက်သို့ လှူဒါန်းသည်[၁]။

ဖော်ပြပါ ဝင်ငွေရရှိမှု ပုံစံများစွာတွင် ကျောက်တိုင်စိုက်ထူခြင်း သို့မဟုတ် လှေကားစောင်းတန်းဆောက်လုပ်ခြင်း သို့မဟုတ် ကျောက်လှေ (stone-boat) ပြုလုပ်ခြင်းများဖြင့် ကျောင်းတိုက်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြုပြင်ရန် လှူဥပါသကာများနှင့် ဘိက္ခုများ တစ်သီးပုဂ္ဂလ လှူဒါန်းမှုများမှ အလားတူရရှိသည့် အလှူငွေများကိုလည်း ထည့်သွင်းသင့်သည်[၂]။ ထင်ရှားသည့် ရဟန်းတော်များသည် ဘုရင်မင်းများထံမှ အထူးဆွမ်းဆန်တော် စရိတ်အလှူငွေများ ရရှိကြသည်[၃]။ ယင်း (အလှူငွေ)သည်လည်း သံဃာတော်များအတွက် ထင်ရှားသည့် အခွန်တော်ငွေများ ဖြစ်နိုင်သည်။

ရင်းမြစ်များစွာမှ ရရှိသည့် ယင်းဝင်ငွေများသည် ဘုန်းကြီးကျောင်းတိုက်များကို ချမ်းသာစေသည်။ ဝိဘင်္ဂအဋ္ဌကထာတွင် စိတ္တလပဗ္ဗတဝိဟာရနှင့် တိဿမဟာဝိဟာရကျောင်းတိုက်များသည် သံဃာတော် တစ်သောင်းနှစ်ထောင်ကို သုံးနှစ်တိုင်တိုင် ကျွေးမွေးထားနိုင်လောက်အောင် ကောက်ပဲသီးနှံများကို သိုလှောင်ထားကြောင်း ဖော်ပြထားသည်[၄]။ တစ်ခါတစ်ရံ ဘုရင်မင်းများ အခက်အခဲကြုံနေရစဉ် ဘုန်းကြီးကျောင်းတိုက်များသည် ၎င်းတို့အား ထောက်ပံ့ထားရသည်။ သို့ဖြစ်သဖြင့် ဒုတိယသံဃတိဿမင်း (အေဒီ ၆၁၁)သည် ၎င်းအုပ်ချုပ်စဉ် အခက်အခဲနှင့် ကြုံရစဉ်အတွင်း အစားအစာ ပြတ်တောက်သွား

---

[၁] Slab-inscription of Kassa V, EZ.I, p. 44.

[၂] See EZ.III, p. 122; IV, p. 145-149.

[၃] မဟာဝံသ ၃၇၊ ၁၅၀-=၁၇၃ ဂါထာ။

[၄] အဘိ-ဋ္ဌ ၂၊ ၄၂၆။

ကျောင်းတိုက်တစ်ခု ဆောက်လုပ်ခဲ့သည်[၁]။ စတုတ္ထအဂ္ဂဗောဓိမင်း (အေဒီ ၆၅၈-၆၇၄)၏ မိဖုရားကြီး ဇေဋ္ဌာနှင့် ပဉ္စမကဿပမင်း (အေဒီ ၉၁၃-၉၂၃)တို့ နှစ်ပါးလည်း ဘိက္ခုနီကျောင်းတိုက်များ တည်ဆောက်ကြကြောင်းသိရသည်[၂]။ အခြားသော (ဘိက္ခု)ကျောင်းတိုက် များကဲ့သို့ပင် ဘိက္ခုနီကျောင်းတိုက် ထိန်းသိမ်းရေးနှင့် အုပ်ချုပ်ရေး နည်းစနစ်တစ်ခု လိုအပ်ခဲ့မည်မှာ သံသယဖြစ်ဖွယ်မလိုချေ။

ကျောက်စာ အထောက်အထားများအရ ပုံမှန်အားဖြင့် ဘိက္ခုကျောင်းတိုက်ကြီးများနှင့် ဘိက္ခုနီကျောင်းတိုက်ကြီးများနှင့် တွဲစပ်လျက် ဆေးရုံများတည်ရှိခဲ့ကြောင်း သိရသည်။ မြောက်ပိုင်း ဗဟိုဒေသ တမန်ကဍုဝ (Tamankaḍuva)ခရိုင်ရှိ မေဍိရိဂိရိယ (Mäḍirigiriya)[၃] အရပ်တွင် တွေ့ရှိရသည့် အေဒီ ၁၀ ရာစု ရေးထိုးသည့် ကျောက်စာနှစ်ခုတွင် ဘုန်းကြီးကျောင်းတိုက်နှင့် တွဲစပ်နေသည့် ဆေးရုံတစ်ခု အကြောင်းကို ရည်ညွှန်းထားသည်။ ကျယ်ဝန်းလှသည့် ယင်းဒေသတွင် နာမည်ကျော် ရှေးခေတ် မဏ္ဍလဂိရိကျောင်းတိုက်၏ အကြွင်းအကျန်များရှိသည်[၄]။ ကျောက်စာနှစ်ခုအနက် တစ်ခုတွင် 'ဆိတ်(သေ) ကြက်ငှက် (သေ)များကို ကျောင်းတိုက်ဆေးရုံအတွက် သတ်မှတ်ပေးရမည်'ဟု ဖော်ပြထားသည်။ ဟောင်းနွမ်းပျက်စီးနေပြီး ကောင်းစွာဖတ်မရနိုင်တော့သည့် အခြားကျောက်စာတစ်ခုတွင် 'ဆေးရုံဝန်ထမ်းများ'၊ 'ဆေးရုံ အလုပ်သမားများ'၊ 'နိုင်ငံတော် သမားတော်ကြီး'၊ 'ဆေးရုံနှင့်ဆက်နွယ်သည့် ကျေးရွာများ မြေများ'၊ 'ဆေးရုံနှင့် ဆက်နွယ်နေသည့် မြေငှားများ'စသော ဝေါဟာရများပါဝင်သည်။ ယင်းမှတ်တမ်းကို ကောင်းစွာ ထိန်းသိမ်းထားနိုင်ခဲ့လျှင် ဆေးရုံများနှင့်ပတ်သက်သည့် အဖိုးတန်သတင်းအချက်အလက်များ ရနိုင်မည်ဖြစ်သည်။ ရှင်းလင်းပီသသည့် အထက်ပါ စကားလုံးများသည်ပင် သတင်းအချို့ကို ပေးသည်။ အဆိုပါဆေးရုံများတွင် ယင်းတို့၏ အသုံးပြုမှုအတွက်

---

[၁] ဝိ-ဠ ၁၊ ၆၇။ [၂] မဟာဝံသ ၄၆၊ ၂၇။

[၃] E.Z. II, p. 25.

[၄] ဘုရင်မင်းများစွာတို့ ဤကျောင်းတိုက်တွင် အဆောက်အအုံများ ဆောက်လုပ်ကြကြောင်း သိရသည်။ မဟာဝံသ ၃၆၊ ၁၇။ ၄၆၊ ၂၉။ ၄၁၊ ၅၈ ကို ရှုပါ။

သီးခြား ကျေးရွာများနှင့် မြေများရှိကြပြီး နိုင်ငံတော်သမားတော်ကြီးများ စီမံအုပ်ချုပ်မှုအောက်တွင် ယင်းဆေးရုံများနှင့် ဆက်နွယ်နေသည့် လယ်ယာသီးစားလုပ်ကိုင်သူများ၊ အလုပ်သမားများနှင့် အခိုင်းအစေ များရှိကြသည်။ ကုကုရုမဟန္ဒမန (Kukurumahandamana) ကျောက်စာ (အေဒီ ၁၀ ရာစု)တွင် မဟိန္ဒာရာမ ဘိက္ခုနီကျောင်းတိုက်နှင့် ဆက်စပ်သည့် ဆေးရုံအကြောင်းကို ဖော်ပြထားသည်[၁]။

အနုရာဓပုရမြို့၊ မဟိန္တလေ့နှင့် ထူပါရာမအနီးနှင့် အခြားအရပ်များတွင် တွေ့ရှိရသည့် ဆေးဘက်တွင် အသုံးပြုသည့် ကျောက်လှေများကဲ့သို့သော ရှေးဟောင်း အကြွင်းအကျန်များက ဆေးရုံများမှာ ဘုန်းကြီး ကျောင်းတိုက်များနှင့် ဆက်စပ်နေကြောင်း ဖော်ပြလျက်ရှိသည်။ ဆေးရုံတစ်ခုအား ကိုလိုနီနှင့်တူသည့် ဘုန်းကြီးကျောင်းတိုက်တစ်ခုနှင့် ဆက်သွယ်ထားရန် လိုအပ်မှုကို ကောင်းစွာ နားလည်နိုင်သည်။ ယင်းဘုန်းကြီးကျောင်း ဆေးရုံများမှာ ရဟန်းတော်များနှင့် ကျောင်းတိုက်အတွင်း နေထိုင်သူများကိုသာ ရည်ရွယ်သလော သို့တည်းမဟုတ် အပြင်ဘက်မှ လူဥပါသကာများကိုပါ လက်ခံသလောဟူသည်ကိုမူ ကျွန်ုပ်တို့ မသိရပေ။

အထက်ပါ ဖော်ပြချက်များအရ ရှေးခေတ်သီဟိုဠ်ရှိ ဘုန်းကြီးကျောင်းတိုက်များသည် ကိုယ်ပိုင်စီမံအုပ် ချုပ်ခွင့်ရှိပြီး အချို့မှာ အခွန်များစွာကို ရရှိကြလျက် ယင်းတို့သည် အလုပ်ပေးနိုင်သည့် အချက်အခြာနေရာ ယဉ်ကျေးမှု၏ ဗဟိုဌာနတို့ဖြစ်ကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။

---

[၁] ယနေ့ခေတ် သူနာပြု စစ္စတာများကဲ့သို့ ဘိက္ခုနီများကိုယ်တိုင် လူနာများကို ပြုစုစောင့်ရှောက်ခြင်း ဖြစ်ဖွယ်ရှိသည်။ လူနာများအား ပြုစုစောင့်ရှောက်ခြင်းကို ဗုဒ္ဓရှင်တော်မြတ်က ကြီးမြတ်သော ကုသိုလ်အဖြစ် ချီးမွမ်းတော်မူသည်။

ထားရန်နှင့် မိမိနေထိုင်သည့်နေရာ၌ အစားအသောက်များကို ချက်ပြုတ်ရန် တားမြစ်ထားသည်။ ရဟန်းတော်များ ကိုယ်တိုင် ချက်ပြုတ်ရန်လည်း တားမြစ်သည်။ သို့ရာတွင် ရာဇဂြိုဟ်မြို့၌ ငတ်မွတ်ခေါင်းပါးမှုနှင့် ကြုံကြိုက်စဉ် ယင်းဝိနည်းသိက္ခာပုဒ်များကို ပြောင်းလဲရန် ခွင့်ပြု တော်မူခဲ့သည်။

ငတ်မွတ်ခေါင်းပါးစဉ်အတွင်း လူအများသည် ရဟန်းတော်များအား လိုအပ်သည့် အစားအစာများကို ထောက်ပံ့ကြသည်။ ယင်းဆွမ်းဆန်များကို မိမိတို့ သီတင်းသုံးသည့် နေရာများ၌ သိမ်းဆည်းထားရန် တားမြစ်သောကြောင့် ရဟန်းတော်များသည် ယင်းတို့ကို အပြင်တွင် သိမ်းဆည်းထားရသည်။ ကြောင်၊ ကြွက်များနှင့် အခြားသောတိရစ္ဆာန်များ ယင်းတို့ စားပစ်ကြပြီး သူခိုးများနှင့် ဆာလောင် မွတ်သိပ်သူများ ယင်းတို့ ခိုးယူသွားကြသည်။ ယင်းဖြစ်ရပ်ကို ဗုဒ္ဓရှင်တော်မြတ်အား လျှောက်ထားသောအခါ ဗုဒ္ဓက အစားအသောက်များကို နေထိုင်ရာအခန်းတွင်း၌ သိမ်းဆည်းရန် ခွင့်ပြုတော်မူသည်။ သို့တစေ ချက်ပြုတ်ခြင်းကို အပြင်မှာပင် ပြုနေရဆဲဖြစ်သည်။ ဆာလောင် မွတ်သိပ်နေသူများသည် ချက်ပြုတ်နေသည့် နေရာတစ်ဝိုက်တွင် စုပြုံ ရောက်လာကြသည်။ ယင်းသို့ဖြစ်ခြင်းသည် အကြီးအကျယ် အနှောင့်အယှက်ဖြစ်ပြီး ရဟန်းတော်များသည် အေးချမ်းစွာ မစားသောက်နိုင်ကြချေ။ ဗုဒ္ဓသိတော်မူသောအခါ ရဟန်းတော်များအား အစားအစာကို နေထိုင်ရာကျောင်းဝင်းအတွင်းမှာပင် ချက်ပြုတ်ရန် ခွင့်ပြုတော်မူသည်။ သို့တစေ ငတ်မွတ်ခေါင်းပါးစဉ်အတွင်း ရရှိသည့် အစားအစာအများစုကို ကပ္ပိယကာရကများက ခိုးယူကြသဖြင့် ရဟန်းတော်များအား အနည်းငယ်မျှသာ ကျွေးမွေးနိုင်သည်။ ထိုကိစ္စကို ဗုဒ္ဓ သိတော်မူသောအခါ ရဟန်းတော်များအား ကိုယ်တိုင်ချက်ပြုတ်ခွင့် ပြုတော်မူသည်။ အစားအသောက်နှင့် ပတ်သက်သည့် ဝိနည်းသိက္ခာပုဒ် များစွာတို့ကို ယင်း ငတ်မွတ်ခေါင်းပါးမှု ကာလအတွင်း ပြုပြင်ပြောင်းလဲတော်မူသည်။ သို့တစေ ငတ်မွတ်ခေါင်းပါးမှု ငြိမ်းသွားသောအခါ ယင်းပြင်ဆင်မှုအားလုံးကို ပြန်၍ရုပ်သိမ်းတော်မူလျက် သိက္ခာပုဒ်ဟောင်းများကို ကျင့်ရမည်ဖြစ်ကြောင်း ပညတ်တော်မူသည်[၁]။

---

[၁] ဝိ ၃၊ ၃၀၅၊ ၃၁၃။

## အခန်း ၁၀

## ရဟန်းတော်များ၏ လူမှုဘ၀ ၁ တိုးတက်မှုများ

ဝိနယပိဋကတွင် ကျွန်ုပ်တို့ လေ့လာသိရှိရသည့်အတိုင်း မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အထိ စောစီးစွာကပင် ရဟန်းတော်များ၏ နေထိုင်မှုဘ၀သည် လူမှုရေးနှင့် စီးပွားရေး ပြောင်းလဲသွားသည့်အတိုင်း အချိန်အခါ နေရာဒေသအလျောက် စတင်ပြောင်းလဲခဲ့ကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။

ရဟန်းတော်များသည် မူလတွင် သုံးမရ၍ လွှင့်ပစ်ထားသည့် ပိတ်စ အပိုင်းအစများကို ချုပ်စပ်ထားသည့် ပံ့သကူသင်္ကန်းကို ဝတ်ရုံလေ့ရှိခဲ့သည်။ သို့တစေ နောင်အခါတွင် နာမည်ကျော် ဆေးဆရာကြီး ဇီဝက၏ တောင်းပန်မှုကြောင့် ဗုဒ္ဓရှင်တော်မြတ်က ရဟန်းတော်များအား လူဥပါသကာတို့ လှူဒါန်းသည့် သင်္ကန်းကို ဝတ်ရုံရန် ခွင့်ပြုတော်မူခဲ့သည်။ ယင်းသို့သော အခွင့်အလမ်းကို ရရှိသွားသောအခါ လူအများသည် ရဟန်းတော်များအား လှူဒါန်းမည့် သင်္ကန်းများကို အလျှံပယ်ဖြစ်အောင် ပြုလုပ်လာကြသည်။ တစ်ခါတစ်ရံတွင် လူများသည် ဘုန်းကြီးကျောင်း၌ မိမိသင်္ကန်းကို အလှူခံလိုသည့် ရဟန်းမရှိသဖြင့် သင်္ကန်းများကိုပိုက်ပြီး အိမ်ပြန်ခဲ့ရသည်။ ယင်းအရေးပေါ် ဖြစ်ရပ်ကို ဗုဒ္ဓရှင်တော်မြတ် သတိပြုမိသွားသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ကြည်ညိုသူတို့ လှူဒါန်းသည့် သင်္ကန်းကို လက်ခံယူမည့် စီဝရပဋိဂ္ဂါဟက ရဟန်းတစ်ပါး ခန့်ရမည်ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။ သို့ဖြင့် သင်္ကန်းလက်ခံသူ၏ နေရာကို စီမံတော်မူသည်။ သို့တစေ သင်္ကန်းလက်ခံသည့် ရဟန်းများသည် သင်္ကန်းကိုလက်ခံပြီး သင့်တော်သည့်နေရာတွင် သိုမှီးသိမ်းဆည်းခြင်းမပြုဘဲ နေရာတကာ

တွင် သင်္ကန်းကို ပစ်ထားသဖြင့် သင်္ကန်းများ ဆွေးမြေ့ကုန်သည်။ ယင်းနောက် ဗုဒ္ဓရှင်တော်မြတ်က သင်္ကန်းကို သိမ်းဆည်းသည့် စီဝရနိဒဟက ရဟန်းကို ခန့်အပ်တာဝန်ပေးရန် ပညတ်တော်မူသည်။ သို့ရာတွင် ယင်းရည်ရွယ်ချက်အတွက် သင့်တော်သည့် နေရာမရှိသဖြင့် သင်္ကန်းများကို နေရာတကာတွင် စုပုံထားသဖြင့် ပိုးရွချပုန်းတို့ ကိုက်စားကုန်ပြန်သည်။ သို့ဖြစ်၍ ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းတော်များအား သိုလှောင်ရုံ ဘဏ္ဍာဂါရတစ်ခု တည်ဆောက်ရန် ညွှန်ကြားတော်မူသည်။ ယင်းနောက် ယင်းသိုလှောင်ရုံကို ကြည့်ရှုစောင့်ရှောက်သည့် ရဟန်းတစ်ပါးကို စီမံရပြန်သည်။ ယင်းသို့ သိုမှီးစုဆောင်းထားသည့် သင်္ကန်းများကို ခွဲဝေရာ၌ ရဟန်းတော်များအကြား အခက်အခဲများနှင့် ခြားနားချက်များ ဖြစ်ပေါ်လာသည်။ ယင်းမနှစ်မြို့ဖွယ် ကိစ္စများကို ရှောင်ရှားရန် ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းတော်များအား သင့်တင့်လျောက်ပတ်စွာ သင်္ကန်းများကို ခွဲဝေပေးရန် သင်္ကန်းခွဲဝေပေးသူ စီဝရဘာဇက ရဟန်းတော်တစ်ပါးကို ခန့်အပ်ရပြန်သည်။ ယင်းသို့ဖြင့် သင်္ကန်း နှင့်ပတ်သက်သည့် ဝိနည်းစည်းကမ်းများ အရေအတွက် များပြားလာခဲ့ခြင်းဖြစ်သည်[၁]။

ဝိနယစည်းမျဉ်းများတွင် နမူနာ များစွာမှာ အခြေအနေသစ်များနှင့် ကိုက်ညီစေရန် နောက်ဆက်တွဲ စည်းမျဉ်းများဖြင့် မူလပညတ်ပြီး သိက္ခာပုဒ်များကို ပြန်လည်ဖြည့်စွက်ထားပုံကို ဖော်ပြသည်။ ဥပမာအားဖြင့် ဂဏဘောဇန (ဘုံဆွမ်း) နှင့် ပတ်သက်သည့် စည်းမျဉ်းကို ခုနစ်ကြိမ်ထက်မနည်း ပြန်လည်ပြုပြင်ထားသည်ကို တွေ့ရသည်[၂]။

တစ်ခါတစ်ရံ ဝိနယစည်းမျဉ်းများသည် ဒေသဆိုင်ရာ အခြေအနေများကြောင့် ပြောင်းလဲသွားသည်။ မူလပညတ်ချက်များအရ ဥပသမ္ပဒ (ရဟန်းခံ) ကံဆောင်ရန် သံဃာဆယ်ပါးလိုသည်၊ သားရေစတစ်ခုထက် ပို၍ ပြုလုပ်ထားသော ဖိနပ်ကို အသုံးမပြုရ၊ နှစ်ပတ်တစ်ကြိမ်ထက် ပို၍ရေချိုးခြင်းကို တားမြစ်သည်၊ အရေ သို့မဟုတ် သားရေများကို ထိုင်ခုံများအဖြစ် အသုံးမပြုရ။ ယင်းသိက္ခာပုဒ်များကို

[၁] ဝိ ၃၊ ၃၉၇ ရှုပါ။
[၂] ဝိ ၂၊ ၉၈။ (ဂဏဘောဇနသိက္ခာပဒ)။



လိုက်နာကျင့်သုံးလျက်ရှိစဉ် အရှင်မဟာကစ္စာယန၏ တပည့် အရှင်သောဏသည် အဝန္တိတိုင်း[၁]မှ သာဝတ္ထိသို့ ဗုဒ္ဓရှင်တော်မြတ်အား ဖူးမြော်ရန် သွားရောက်ခိုက်တွင် ဆရာဖြစ်သူ အရှင်မဟာကစ္စာယနကိုယ်စား ဗုဒ္ဓရှင်တော်မြတ်အား ဤသို့ လျှောက်ထားသည် ‘ရှင်တော်မြတ်ဘုရား၊ အဝန္တိတိုင်းတွင် ရဟန်းတော်များ အလွန်ရှားပါးပါသည်။ သို့ဖြစ်၍ ရဟန်းအရေအတွက် အနည်းငယ်မျှဖြင့် ဥပသမ္ပဒကံဆောင်ရန် ခွင့်ပြုတော်မူပါ။ အဝန္တိတိုင်း၌ လမ်းများမှာ အလွန် ကြမ်းတမ်းလှပါသည်။ သို့ဖြစ်၍ ထိုအရပ်၌ တစ်ခုထက်ပိုသော သားရေစဖြင့် ပြုလုပ်သည့်ဖိနပ်ကို စီးခွင့်လည်း ပြုတော်မူပါ။ အဝန္တိ တိုင်းသားတို့သည် မကြာခဏ ရေချိုးခြင်းကို နှစ်သက်ကြပါသည်။ သို့ဖြစ်၍ မကြာခဏ ရေချိုးရန် ခွင့်ပြုတော်မူပါ။ နိုင်ငံ အလယ်ပိုင်းမှာ လူအများ ဖျာကြမ်းကို အသုံးပြုသကဲ့သို့ အဝန္တိတိုင်းမှ လူအများသည် သားရေများကို ထိုင်စရာအဖြစ် အသုံးပြုကြပါသည်။ သို့ဖြစ်၍ ထိုမြို့တွင် သားရေနယ်ကို ထိုင်စရာအဖြစ် အသုံးပြုရန် ခွင့်ပြုတော်မူပါ’။

အထက်ပါ တောင်းပန်မှုကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် သံဃာတော်များအား စုရုံးလိုက်ပြီး ယင်းသိက္ခာပုဒ် အားလုံးကို အဝန္တိတိုင်းတွင်သာမက မဇ္ဈိမဒေသအပြင်ရှိ နိုင်ငံအားလုံးအတွက်ပါ ပြောင်းလဲပေးခဲ့သည်။ ထိုအချိန်မှစ၍ မဇ္ဈိမဒေသ အပြင်ဖက်ရှိ ရဟန်းတော်များသည် ဝိနည်းကျွမ်းကျင်သည့် ရဟန်းတော် တစ်ပါးအပါအဝင် ရဟန်းငါးပါးဖြင့် ဥပသမ္ပဒကံဆောင်လာနိုင်သည်၊ သားရေစ တစ်စထက်ပို၍ ပြုလုပ်ထားသည့် ဖိနပ်ကို စီးလာနိုင်သည်၊ နှစ်သက်သမျှရေကို အကြိမ်ကြိမ် ချိုးလာနိုင်သည်၊ သားရေခင်းကို ထိုင်စရာ အဖြစ် အသုံးပြုလာနိုင်သည်[၂]။

တစ်ခါတစ်ရံတွင် ငတ်မွတ်ခေါင်းပါးမှုသည် ရဟန်းတော်များ သက်သောင့်သက်သာ ဖြစ်ရေးအတွက် အစားအသောက်နှင့် ပတ်သက်သည့် ဝိနည်းသိက္ခာပုဒ်တစ်ချို့ကို ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။ ရဟန်းတော်များအား အစားအသောက်များကို သိမ်းဆည်း

[၁] ဥဇ္ဇေနီမြို့၊ အိန္ဒိယ အလယ်ပိုင်း ဂွါလိယာ (Gwalior) ပြည်နယ်။
[၂] ဝိ ၃၊ ၂၈၈။

တိုးတက်စပြုလာသည့် အခြေအနေများကြောင့် ဘဝ၏ သဘာဝမှန်များကို ရင်ဆိုင်လာရပြီး ဝိနယသိက္ခာပုဒ်များကို မူလပုံစံအတိုင်း လိုက်နာကျင့်သုံးရန် ခက်ခဲကြောင်း ဆင်ခြင်မိလာကြသည်။ ရာဇဂြိုဟ်သံဂါယနာ ဆုံးဖြတ်ချက်သည် ဝိနည်းသိက္ခာပုဒ်များကို တစ်စုံတစ်ရာ ပြောင်းလဲပြုပြင်မှုကို ဆန့်ကျင်ခဲ့သည်။ သို့ဖြစ်၍ ဝိနည်းသိက္ခာပုဒ်၏ စာသားကို မပြောင်းလဲ၊ အရှင်မဟာကဿပမထေရ်ကြီးထိုမျှ အလေးပေး ချမှတ်ခဲ့သည့် ပြည်သူတို့၏ ပြစ်တင်ဝေဖန်မှုကို မသင့်ရောက်စေဘဲ ရဟန်းတော်များသည် ၎င်းတို့ကိုယ်တိုင် အချင်းချင်း သဘောတူညီမှုမရှိဘဲ ဝိနည်းသိက္ခာပုဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြင့် အခက်အခဲများကို ကျော်လွှားမည့် နည်းလမ်းများကို ဖော်ထုတ်ခဲ့ကြသည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ဆွေးနွေးချက်များကို ပါဠိမုတ္တကဝိနိစ္ဆယ (ပါဠိတော်များ၌ မတွေ့ရသည့် အဆုံးအဖြတ်)များဟုခေါ်သည်[၁]။ ထိုအရှင်မြတ်များသည် ယင်းသို့ မယူဆခဲ့သော်လည်း ယင်းပါဠိမုတ္တကဝိနိစ္ဆယများသည် ပြင်ဆင်ချက်များနှင့် စည်းမျဉ်းအသစ်များနှင့် တူညီကြသည်။ ပါဠိတော်များ၌ တွေ့ရှိရသည့်အတိုင်း မူလဟောကြားချက်များ၏ အနှစ်သာရနှင့် ညီညွတ်မှု မရှိသော်လည်း သံဃာက လက်ခံထားသည့် ယူဆချက်အသစ်များနှင့် လိုက်နာကျင့်သုံးမှုများလည်း ရှိကြသည်။

ဘီစီ တစ်ရာစုသည် သီဟိုဠ်ဗုဒ္ဓဘာသာသမိုင်း၌ အရေးအကြီးဆုံးသော အချိန်ကာလဖြစ်သည်။ ရဟန်းတော်များ၏ ဘဝနေနည်းနှင့်ရော ဗုဒ္ဓဓမ္မနှင့်ပါ သက်ဆိုင်သည့် အလွန်တာသွားသည့် အကျိုးများနှင့် အခြေခံ ပြောင်းလဲမှုအချို့ ယင်းရာစုနှစ် ကုန်ခါနီးတွင် ဖြစ်ပေါ်ခဲ့သည်။ ထိုအချိန်က တစ်နိုင်ငံလုံး တစ်ခြမ်းကို ပြည်ပ ကျူးကျော်ဝင်ရောက်သူများ၏ ဖျက်ဆီးခြင်းကိုခံရပြီး အခြားတစ်ခြမ်းမှာ မကြုံစဖူးသော ငတ်မွတ်ခေါင်းပါးမှု ဘေးကြောင့် အကြီးအကျယ် ပျက်စီးနေ

[၁] ဝိ-ဋ္ဌ ၂။ ၂၃။ အေဒီ ၁၃ ရာစုတွင် အရှင်သာရိပုတြာ ရေးသားသည့် ပါဠိမုတ္တကဝိနိစ္ဆယဟုသည့် ကျမ်းစာအုပ်တစ်ခု ရှိသည်။ ယင်းကျမ်း၌ ဝိနယပိဋကမူရင်းကျမ်းစာများ၌ မတွေ့ရသည့် ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များ ပါဝင်သည်။



ဖော်ပြပြီး နမူနာအနည်းငယ်မှာ ဝိနည်းသိက္ခာပုဒ်များ ပညတ်မှုနှင့် ယင်းသိက္ခာပုဒ်များကို ပြန်လည် ပြုပြင်ဖြည့်စွက်မှုတို့မှာ အချိန်အခါနှင့် နေရာဒေသများကို အကြောင်းပြုရပြီး လူမှုရေးနှင့် စီးပွားရေး အခြေအနေများ၏ လွှမ်းမိုးမှု ခံရကြောင်း ဖော်ပြကြသည်။

ဗုဒ္ဓရှင်တော်မြတ်၏ သံဃာကို အုပ်ချုပ်မှုသည် စစ်မှန်သည့် ဒီမိုကရက်တစ်စနစ် တစ်ခုနှင့်တူသည်။ အမှန်စင်စစ် ဗုဒ္ဓသည် သံဃာတော်များအား အမိန့်ပေးနိုင်သော်လည်း ယင်းအာဏာကို တစ်ကြိမ်တစ်ခါ အသုံးပြုခဲ့ကြောင်း မတွေ့ရချေ။

မဟာပရိနိဗ္ဗာနသုတ်တော်၌ ဗုဒ္ဓရှင်တော်မြတ်က အရှင်အာနန္ဒာအား 'မိမိအနေဖြင့် သံဃာကို စီမံခန့်ခွဲသူ' သို့မဟုတ် 'သံဃာသည် မိမိအား မှီခိုနေသည်'ဟု လုံးဝ မတွေးမိကြောင်း မိန့်ကြားတော်မူသည်ကို တွေ့ရသည်[၁]။ ထို့ပြင် ဗုဒ္ဓသည် ရဟန်းတော်များအား 'ကိုယ့်ကိုယ်ကိုနှင့်ဓမ္မကိုသာ အမှီသဟဲပြုကြရန်၊ အခြားမည်သည့်အရာ သို့မဟုတ် မည်သူတစ်ယောက်ကိုမျှ မကိုးကွယ်ကြရန်' ညွှန်ကြားတော်မူသည်[၂]။ 'ဒီမိုကရေစီနည်းကျ တည်ဆောက်မှုကို ကြိုက်နှစ်သက်သည့် သကျမျိုး

[၁] တထာဂတဿ ခေါ် အာနန္ဒ န ဧဝံ ဟောတိ 'အဟံ ဘိက္ခုသံဃံ ပရိဟရိဿာမီတိ ဝါ မမုဒ္ဒေသိကော ဘိက္ခုသံဃောတိ ဝါ' (ဒီ ၂။ ၁၀၀)။

[၂] အတ္တဒီပါ ဝိဟရထ အတ္တသရဏာ အနညသရဏာ၊ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ (ယင်း၊ ၁၀၀)။ အချို့သော ဥရောပတိုက်သား ပညာရှင်များသည် ယင်းစာပိုဒ်ကို 'မိမိကိုယ်ကို မီးအိမ်များကဲ့သို့ (အလင်းရောင်ဖြင့်) နေထိုင်ကြလော့' (Rays Davids, *Dīgha Nikāya Translation*, Vol. II,p. 108.) ဟု ဘာသာပြန်လိုကြသည်။ သို့ရာတွင် ဤစာပိုဒ်၌ 'ဒီပ'ဟူသော ဝေါဟာရသည် ကျွန်းကို ဟောပြီး မီးအိမ်ကို မဆိုလိုချေ။ ဒီ-ဋ္ဌ ၂။ စာ ၁၃၈ တွင် ယင်းပုဒ်ကို 'မဟာသမုဒ္ဒဂတံ ဒီပံ ဝိယ အတ္တာနံ ဒီပံ ပတိဋ္ဌံ ကတွာ ဝိဟရထ = ကိုယ့်ကိုယ်ကို မဟာသမုဒ္ဒရာထဲ၌ တည်ရှိသည့် ကျွန်းကဲ့သို့ (နေထိုင်ရာ) ပြု၍နေထိုင်ကြလော့'ဟု ဖွင့်ဆိုသည်။ သံသရာကို မဟာသမုဒ္ဒရာ (သံသာရသာဂရ) နှင့် နှိုင်းယှဉ်ပြီး သမုဒ္ဒရာအလယ်၌ ဘေးကင်းသည့်အရာမှာ ကျွန်းဖြစ်သည်၊ မီးအိမ်မဟုတ်ချေ။ 'ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ = ပညာရှိသည် ရေအလျဉ် မလွှမ်းမိုးနိုင်သည့် ကျွန်းကို ဖန်တီးကြလော့' (ဓမ္မပဒ၊ ၂၅ ဂါထာ)။ မီးအိမ်ဟူသော အတွေးကို ခရစ်ယန် ဘိုင်ဘယ်လ်ကျမ်းမှ ရယူသည်မှာ သေချာသည်။

ဝင်ဖြစ်သောကြောင့် ဗုဒ္ဓသည် ဒီမိုကရက်တစ် အတွေးအမြင်များကို နှစ်သက်ခဲ့ခြင်းဖြစ်ဖွယ်ရှိသည်။ ဗုဒ္ဓသည် မိမိ၏ သံဃာ့ပရိသတ်ကို ဒီမိုကရေစီနည်းကျ ဖွံ့ဖြိုးစေလိုသဖြင့် ဝိနယစည်းမျဉ်းများကို အကြောင်းတိုက်ဆိုင်မှသာ ပညတ်ခဲ့သည်’[၁]။

ဝိနယသည် ပရမတ္ထသစ္စာမဟုတ်ဘဲ သံဃာ့အဖွဲ့အစည်းတစ်ခု၏ ကိုယ်ကျင့်တရား ကောင်းမွန်မှုအတွက် ဝေါဟာရပညတ်မျှသာဖြစ်သည်။ နေရာဒေသအမျိုးမျိုး အချိန်အခါသီးသီးတွင် လိုအပ်လာတိုင်း ဝိနယသိက္ခာ ပုဒ်များကို ပြုပြင်ပြောင်းလဲခဲ့ရသည်။ ယင်းကို သိမြင်တော်မူသော ဗုဒ္ဓရှင်တော်မြတ်က အရှင်အာနန္ဒာအား မိမိ (ဗုဒ္ဓ) ကွယ်လွန်ပြီးနောက် လိုအပ်လျှင် သံဃာသည် ခုဒ္ဒကသိက္ခာပုဒ်များကို ရုတ်သိမ်း သို့မဟုတ် ပြုပြင်နိုင်ကြောင်း မိန့်ကြားတော်မူသည်[၂]။

ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်ပြီးနောက် လအနည်းငယ်အကြာတွင် ရာဇဂြိုဟ်မြို့၌ ကျင်းပသည့် ပထမသံဂါယနာတွင် ‘ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များ’နှင့် ပတ်သက်၍ မေးခွန်းတစ်ခု ပေါ်ပေါက်ခဲ့သည်။ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များဟူသည် မည်သည်တို့ဖြစ်ကြောင်းနှင့် ပတ်သက်၍ ယူဆချက်အမျိုးမျိုး ပေါ်ထွက်ခဲ့သည်။ ဗုဒ္ဓအနေဖြင့် မည်သည်ကို ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များဟု ဆိုလိုကြောင်း ရှင်းလင်းအောင် မမေးလိုက်နိုင်ခြင်းအတွက် အရှင်အာနန္ဒာသည် အစည်းအဝေး၏ ပြစ်တင်မှုကို ခံရသည်။ ဖော်ပြပါ မေးခွန်းနှင့်ပတ်သက်၍ တူညီသည့် အတည်ပြုချက်ရရန် မဖြစ်နိုင်ခဲ့ချေ[၃]။ သို့ဖြစ်၍ သံဂါယနာ၏ အကြီးအကဲဖြစ်

[၁] Nalimaksh Dutt in *The Cultural Heritage of India*, Vol, I, p. 290.

[၂] အာကင်္ခမာနော အာနန္ဒ သံဃော မမစ္စယေန ခုဒ္ဒါနုခုဒ္ဒကာနိ သိက္ခာပဒါနိ သမူဟနန္တု (ဒီ ၂။ ၁၂၇)။

[၃] သို့ရာတွင် အင်္ဂုတ္တရအဋ္ဌကထာ၌ နောက်တစ်သုတ်တွင် (အံ-ဋ္ဌ ၂။ ၂၁၆) တွေ့ရသည့် ခုဒ္ဒါနုခုဒ္ဒကာနိဟူသောပုဒ်ကို ဖွင့်ဆိုရာတွင် ‘ခုဒ္ဒါနုခုဒ္ဒကာနီတိ စတ္တာရိ ပါရာဇိကာနိ ဌပေတွာ သေသသိက္ခာပဒါနိ = ခုဒ္ဒါနုခုဒ္ဒကာနိ ဟူသည် ပါရာဇိက လေးပါးမှ တစ်ပါးသော သိက္ခာပုဒ်များကို ဆိုလို၏’ဟု ဖွင့်ဆိုသည်။ အဋ္ဌကထာ၌ ယင်းအယူအဆမှာ အင်္ဂုတ္တရနိကာယ်ကို အသုံးပြုသောဆရာတို့၏ အယူအဆဖြစ်ကြောင်း ဖော်ပြသည်။ ‘ဣမံ ပန အင်္ဂုတ္တရနိကာယံ ဝလဥ္ဇနကာစရိယာ စတ္တာရိ ပါရာဇိကာနိ ဌပေတွာ သေသာနိ သဗ္ဗာနိပိ ခုဒ္ဒါနုခုဒ္ဒကာနီ



သူ အရှင်မဟာကဿပမထေရ်ကြီး တင်ပြသည့်အတိုင်း သံဃာသည် သိက္ခာပုဒ်အသစ်များ မချမှတ်ရန်၊ တည်ရှိသိက္ခာပုဒ်တို့ကို မထုတ်ပယ်ရန်၊ ဗုဒ္ဓပညတ်ပြီးသိက္ခာပုဒ်များကို လိုက်နာကျင့်သုံးရန် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

ယင်းသို့ ဆုံးဖြတ်လိုက်ခြင်းအတွက် အရှင်မဟာကဿပ၏ အဓိကတင်ပြချက်မှာ မည်မျှပင် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များဖြစ်စေကာမူ တစ်စုံတစ်ခုသော သိက္ခာပုဒ်များကို ထုတ်ပယ်ခဲ့လျှင် ပြည်သူ့အမြင်သည် မိမိတို့ကို ဆန့်ကျင်လိမ့်မည်ဟူ၍ဖြစ်သည်။ အချို့သော ဝိနည်းသိက္ခာပုဒ်များကို လူဥပါသကာများ သိနှင့်ပြီးဖြစ်သည်ဟု အရှင်မြတ်ကဆိုသည်။ လူတို့သည် ရဟန်းတော်များအဖို့ အပ်သည် မအပ်သည်တို့ကို သိနှင့်ပြီးဖြစ်နေသည်။ အကယ်၍ သံဃာသည် ခုဒ္ဒကသိက္ခာပုဒ်အချို့ကို ထုတ်ပယ်ခဲ့လျှင် ‘ကြည့်စမ်း၊ ရဟန်းဂေါတမ၏ တပည့်များအတွက် ချမှတ်ခဲ့သော စည်းမျဉ်းများသည် သူ၏အလောင်းကို မီးရှို့ရာမှထွက်သည့် မီးခိုးများ မငြိမ်းမီအထိပင် ကြာခဲ့သည်။ ၎င်းတို့၏ ဆရာ အသက်ထင်ရှားရှိစဉ် အချိန်တွင်သာ ယင်းစည်းမျဉ်းများကို လိုက်နာခဲ့ကြသည်၊ ယခုအချိန်တွင် ၎င်းတို့၏ ဆရာအရှင် ကွယ်လွန်ပြီ၊ ၎င်းတို့သည် ယင်းသိက္ခာပုဒ်များကို မလိုက်နာကြတော့ပြီ’ဟု ပြောဆိုသူများရှိလာနိုင်သည်။ ယင်းမှာ အရှင်မဟာကဿပ၏ ဆုံးဖြတ်ချက်ကို လက်ခံခဲ့သည့် အကြောင်းပြချက်ဖြစ်သည်။ အရှင်မြတ်အနေဖြင့် ပြည်သူ့ပြစ်တင်ဝေဖန်ခံရခြင်းဟူသော အကြောင်းပြချက်မှ တစ်ပါး သိက္ခာပုဒ်များကို ပြုပြင်ပြောင်းလဲမှုအတွက် မည်သည့် တရားဝင်အကြောင်းပြချက်ကိုမျှ မပေးခဲ့သည်မှာ အလွန်အရေးပါသည်[၁]။

ထိုနေ့မှစ၍ မျက်မှောက်ခေတ်တိုင်အောင် ထေရဝါဒသံဃာသည် စုဆောင်းထားသမျှသော သိက္ခာပုဒ်များထဲမှ တစ်ခုတလေကိုမျှပင်ပြုပြင်ပြောင်းလဲမှုလည်းမပြု၊ သိက္ခာပုဒ်အသစ်များကိုလည်း ဝိနယသိက္ခာပုဒ်အတွင်းသို့ ထည့်သွင်းခြင်း လုံးဝမပြုလုပ်ခဲ့ချေ။ သို့တစေ အချိန်ကာလ ကြာမြင့်လာသောအခါ ထေရဝါဒ သံဃာတော်များသည်

တိ ဝဒန္တိ’ (အံ-ဋ္ဌ ၂။ ၂၁၆)။

[၁] ဝိ ၄၊ ၄၈၀။ (ပဉ္စသတိကက္ခန္ဓက)။

နှင့် ဝိပဿနာဓုရဟူ သော ဝေါဟာရများကို မတွေ့ရချေ။ မူလဘူတ ယူဆချက်အရ ဓမ္မနှင့်ပတ်သက်သည့် ဗဟုသုတရော ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်မှုပါ ရဟန်းဘဝ၏ အစိတ်အပိုင်းဖြစ်သည်။ ယင်းသို့ ခွဲဝေမှုကို အေဒီ ငါးရာစုတွင် ရေးသားသည့် အဋ္ဌကထာကျမ်းများနှင့် အခြားပါဠိတော်မဟုတ်သည့် ကျမ်းများ၌သာ တွေ့ရသည်။ ပရိယတ္တိ သင်ကြားမှုသည် ဗုဒ္ဓသာသနာတော်၏ ရင်းမြစ်ဖြစ်သည်ဟူသော အတွေးသစ်ကို လက်ခံခြင်းသည် ယင်း (ဂန္ထဓုရ ဝိပဿနာဓုရ) ဆန်းသစ်တီထွင်မှုကို ပေးခဲ့ပုံရသည်။

ယင်းလုပ်ငန်းတာဝန် နှစ်မျိုးအနက် ဂန္ထဓုရကို ဝိပဿနာဓုရထက် ပိုမို အရေးကြီးသည်ဟု ယူဆခဲ့သည်။ အဋ္ဌကထာတို့၌ တွေ့ရသည့် နမူနာများက ဗျတ္တပဋိဗလဖြစ် (စွမ်းနိုင်ပြီး ပရိယတ္တိပညာရှိ) သည့် ရဟန်းများသည် မိမိကိုယ်ကို ဂန္ထဓုရတာဝန်ကို ထမ်းဆောင်ပြီး ပရိယတ္တိပညာ နည်းပါးသည့် သက်ကြီးရွယ်အို ရဟန်းများ၊ အထူးသဖြင့် အရွယ်လွန်မှ ရဟန်းပြုလာသူများသည် ဝိပဿနာဓုရ တာဝန်ကို ထမ်းဆောင်ကြကြောင်း တွေ့ရသည်။

သို့ဖြင့် စက္ခုပါလမထေရ်က 'ငါသည် အသက်ကြီးပြီးမှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ငါ့အနေဖြင့် ဂန္ထဓုရတာဝန်ကို ထမ်းဆောင်ရန် မစွမ်းနိုင်တော့ပါ၊ သို့ဖြစ်၍ ဝိပဿနာဓုရတာဝန်ကို ထမ်းပြီး တရားအား ထုတ်ပါမည်'ဟု မိန့်ဆိုသည်ကို တွေ့ရသည်[၁]။ သီဟိုဠ်ကျွန်း ရောဟဏအရပ်၌ မှဆိုးဖြစ်သူ မိလက္ခတိဿသည် အသက်ကြီးသော် သာသနာ့ဘောင်သို့ ဝင်ရောက်လျက် ဆရာအား 'အရှင်မြတ်ဘုရား၊ စာပေပရိယတ္တိ သင်ယူခြင်းမှာ စွမ်းနိုင်သူ၏ တာဝန်ဖြစ်ပါ၏။ တပည့်တော်၏ သဒ္ဓါတရားသည် ဒုက္ခကို အကြောင်းပြု၍ ဖြစ်ခဲ့ပါ၏။

[၁] အဟံ မဟလ္လကကာလေ ပဗ္ဗဇိတော၊ ဂန္ထဓုရံ ပူရေတုံ န သက္ခိဿတိ၊ ဝိပ-ဿနာဓုရံ ပန သက္ခိဿာမိ (ဓမ္မပဒ-ဋ္ဌ ၁၊ ၄)။ ဓမ္မပဒအဋ္ဌကထာ ကျမ်းပြုဆရာသည် ဗုဒ္ဓရှေ့မှောက်၌ ပြောဆိုဘိသကဲ့သို့ ယင်းစကားလုံးများကို အရှင်စက္ခုပါလမထေရ်ထံသို့ ပေးအပ်ခဲ့သည်။ သို့ရာတွင် ဗုဒ္ဓလက်ထက် တော်အခါက ယင်းသို့ တာဝန်ခွဲဝေမှုများ မရှိချေ။ ယင်းခွဲဝေမှုကို ဂန္ထဓုရနှင့် ဝိပ-ဿနာဓုရဟူသော စကားလုံးများ တိုးတက်လာပြီးနောက်မှ ရေးသားခဲ့သည်မှာ ထင်ရှားသည်။



သည်ကို တွေ့ခဲ့ရပြီ။ သီဟိုဠ်တစ်ကျွန်းလုံး ဖရိုဖရဲဖြစ်နေသည်။ ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်မှု ဆက်လက်တည်ရှိခြင်းကိုပင် စိုးရိမ်ဖွယ် ခြိမ်းခြောက်ခဲ့သည်[၁]။ ယင်းသို့သော အခြေအနေတွင် အဝေးကို ကြိုမြင်တော်မူကြသည့် မထေရ်ကြီးများသည် နောက်ဆုံးတွင် ဗုဒ္ဓဓမ္မကြာရှည်စွာ တည်တံ့စေရန် ရည်ရွယ်၍ အလုဝိဟာရကျောင်းတိုက်၌ ပိဋကတ်သုံးပုံကို ပေထက်အက္ခရာ တင်ခဲ့ခြင်းဖြစ်သည်။

ယင်းစိုးရိမ်ဖွယ် ကပ်ဘေးကာလတွင် သံဃာတော်များ၏ သဘောထားသည် အဓိကပြောင်းလဲသွားခဲ့ပုံရသည်။ ငတ်မွတ်ခေါင်းပါးဘေးကြီးပြီးနောက် ကလ္လဂါမဇနပဒအရပ်ရှိ မဏ္ဍလာရာမကျောင်းတိုက်တွင် ကျင်းပသည့် ရာပေါင်းများစွာသော ရဟန်းတော်များတက်ရောက်သည့် အစည်းအဝေးတစ်ခုတွင် ယခင်က တစ်ကြိမ်တစ်ခါမပေါ်ပေါက်ဖူးသော မေးခွန်းသစ်တစ်ခု ပေါ်ပေါက်လာပြန်သည်။ ယင်းမေးခွန်းမှာ 'ဗုဒ္ဓသာသနာတော်၏ မူလရင်းမြစ်သည် အဘယ်နည်း၊ ပရိယတ္တိလော သို့တည်းမဟုတ် ပဋိပတ္တိလော'ဟူ၍ ဖြစ်သည်[၂]။ မြတ်ဗုဒ္ဓ၏ မူလတရားတော်အရ ဓမ္မကို ကျင့်သုံးမှု (ပဋိပတ္တိ)သည် သင်ယူခြင်း(ပရိယတ္တိ)ထက်ပို၍ များစွာ အရေးကြီးကြောင်း ကျွန်ုပ်တို့အားလုံး သိကြသည်။ သို့တစေ ယင်းအခြေခံ ယူဆချက်နှင့် ပတ်သက်သည့် အတွေးအမြင် ခြားနားချက်သည် မထေရ်မြတ်များအကြား ပေါ်ပေါက်ခဲ့ပုံရသည်။

ယင်း အကြောင်းအရာနှင့်ပတ်သက်၍ ယူဆချက် အုပ်စုနှစ်ခုရှိသည်။ ပံ့သကူဆောင် မထေရ်များက ပဋိပတ္တိသည် သာသနာတော်၏ ရင်းမြစ်ဖြစ်၏ဟု ဆိုကြသည်။ သို့ရာတွင် ဓမ္မကထိကမထေရ်များကမူ

[၁] ပုံစံအားဖြင့် ယင်းခေတ်တွင် ရဟန်းတော်တစ်ပါးသည်သာ မဟာနိဒ္ဒေသပါဠိတော်ကို အာဂုံဆောင်နိုင်တော့သည်။ ထိုရဟန်းမှာ ကိုယ်ကျင့်တရားပျက်ပြားမှုဖြင့် ကျော်ကြားသည်။ သို့ဖြစ်လင့်ကစား သီလရှိကြသည့် ပညာတတ်မထေရ်ကြီးများသည် ယင်းကျမ်းကို ထိုရဟန်းထံမှ မသင်လိုသော်လည်း ထိုမထေရ်ကွယ်လွန်ပြီးနောက် ထိုကျမ်းဂန် ပျောက်ဆုံးမသွားစေရန် ထိုမထေရ်ထံမှပင် သင်ယူခဲ့ကြရသည် (ဝိ-ဋ္ဌ ၂၊ ၂၇၄)။

[၂] ပရိယတ္တိ နုခေါ သာသနဿ မူလံ ဥဒါဟု ပဋိပတ္တိတိ (အံ-ဋ္ဌ ၁၊ ၇၁)။

ပရိယတ္တိအဓိကဖြစ်၏ဟု ဆိုကြသည်[၁]။ အုပ်စုနှစ်ခုလုံးသည့် မိမိတို့အဆိုကို ထောက်ခံရန် ငြင်းခုံမှုများနှင့် အကြောင်းပြချက်များကို တင်ပြကြသည်။ နောက်ဆုံးတွင် ပရိယတ္တိသည် သာသနာတော်၏ ရင်းမြစ်ဖြစ်ပြီး ပဋိပတ္တိသည် သာသနာ့ရင်းမြစ် မဟုတ်ဟု ဆုံးဖြတ်ကြသည်။ ပံသကူဆောင်မထေရ်တို့ နှုတ်ဆိတ်သွားကြပြီး ဓမ္မကထိက မထေရ်တို့ အနိုင်ရသွားကြသည်[၂]။

အထက်ပါ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အင်္ဂုတ္တရအဋ္ဌကထာ၌ ဤသို့ မှတ်တမ်းတင်ခဲ့သည် ‘ဝိပဿနာ တရားအားထုတ်သူ ရဟန်းတစ်ရာ သို့မဟုတ် တစ်ထောင်ပင် ရှိသော်လည်း ပရိယတ္တိကို သင်ယူမှုမရှိလျှင် သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်မှု မရှိနိုင်[၃]။ ထိုအယူအဆနှင့်တူစွာပင် ဒီဃနှင့် မဇ္ဈိမနိကာယ်အဋ္ဌကထာကျမ်းများ၌လည်း အောက်ပါစကားလုံးများဖြင့် ဖော်ပြကြသည်။ ‘ပဋိပတ္တိနှင့် ပဋိဝေဓရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပရိယတ္တိရှိလျှင် ဗုဒ္ဓသာသနာတော် တည်တံ့နိုင်၏။ ပညာရှိပုဂ္ဂိုလ်တစ်ယောက်သည် တိပိဋကကို ကြားနာရခြင်း၌ ကျန်နှစ်မျိုးလုံးကို ရရှိနိုင်၏။ သို့ဖြစ်၍ ပရိယတ္တိတည်ရှိလျှင် ဗုဒ္ဓသာသနာသည် တည်ရှိနိုင်၏’[၄]။ ဝိဘင်္ဂအဋ္ဌကထာ၌လည်း ပရိယတ္တိသင်ကြားမှု၏ တန်ဖိုးကို သေးသိမ်အောင် ပြုလုပ်ခြင်းမှာ မဟာအမှားတစ်ခု ဖြစ်ကြောင်း ဆိုသည်[၅]။

သို့ရာတွင် အဋ္ဌကထာကျမ်းများ၌ ဖော်ပြသည့် ယင်းယူဆချက်သည် ဓမ္မပဒတွင်တွေ့ရသည့် အနည်းငယ်မျှသာ ပရိယတ္တိသင်ကြားမှု

[၁] ပံ့သကူဆောင်မထေရ်ဟူသည် ဖုန်အလိမ်းလိမ်း ပေကျံနေသည့် သင်္ကန်းကိုသာ ဝတ်ရုံသူများဖြစ်ကြသည်။ ဓမ္မကထိကမထေရ်ဟူသည်ဓမ္မကို ကျွမ်းကျင်သည့် တရားဟောပုဂ္ဂိုလ် သို့မဟုတ် ဆရာများဖြစ်ကြသည်။

[၂] အံ-ဋ္ဌ ၁၊ ၇၁။

[၃] အာရဒ္ဓဝိပဿကာနံ ဘိက္ခူနံ သတမ္ပိ သဟဿမ္ပိ သံဝိဇ္ဇာနေ ပရိယတ္တိယာ အသတိ အရိယမဂ္ဂပ္ပဋိဝေဓော နာမ နဟောတိ (အံ-ဋ္ဌ ၁၊ ၇၁)။

[၄] ပဋိဝေဓော စ ပဋိပတ္တိ စ ဟောတိပိ န ဟောတိပိ၊ သာသနဋ္ဌိတိယာ ပရိယတ္တိပမာဏံ။ ပဏ္ဍိတော ဟိ တေပိဋကံ သုတွာ ဒွေပိ ပူရေတိ . . တသ္မာ ပရိယတ္တိယာ ဌိတိယာ သာသနံ ဌိတံ ဟောတိ (ဒီ-ဋ္ဌ ၃၊ ၈၂။ မ-ဋ္ဌ ၄၊ ၈၁)။

[၅] အဘိ-ဋ္ဌ ၂၊ ၄၅၅။



ရှိသော်လည်း ဓမ္မကိုသိမြင်သူသည် ပရိယတ္တိကို များစွာသင်ကြားမှုရှိသော်လည်း ဓမ္မကို သိမြင်မှုမရှိ သူထက် ပိုမြတ်သည်ဟူသော မူလအတွေးအမြင်နှင့် ညီညွတ်မှုမရှိကြောင်း ကျွန်ုပ်တို့ သိကြသည်[၁]။ သို့တစေ အခြေအနေများက ရဟန်းတော်များအား ယင်းသို့သော သဘောထားကို ခံယူရန် တွန်းအားပေးခဲ့ပုံရသည်။

ပရိယတ္တိသင်ကြားမှုသည် လူမှုရေး အရေးတကြီး လိုအပ်ချက်ကို ရရှိစေသောကြောင့် ယင်း၏တန်ဖိုးကို အလွန်နှစ်သက်ခဲ့ကြသည်။ ဆိတ်ငြိမ်ရာ၌ တစ်ကိုယ်တည်း ကမ္မဋ္ဌာန်းတရား ပွားများနေသူသည် လူ့အသိုင်းအဝိုင်းနှင့် ပြတ်တောက်သွားသည်။ ထိုပုဂ္ဂိုလ်၏ လူ့အများအတွက် အသုံးကျမှုကို အလျင်အမြန် နားလည်မှု မရှိ။ ပညာတတ်ပုဂ္ဂိုလ်ကား လူ့အများက အလွန်လိုအပ်ပြီး များစွာ နှစ်သက်သည့် လိုအပ်ချက်ကို ပေးသည်။ သို့ရာတွင် ယင်းသို့ဖြစ်ခြင်းမှာ သဘာဝဖြစ်သဖြင့် ပရိယတ္တိသင်ကြားမှုကို များစွာ အရေးပေးခြင်း ဖြစ်သည်။ သို့ဖြစ်၍ သတ္တိထာမ ရှိကြသည့် ပညာတတ် ရဟန်းတော်များသည် စာပေသင်ကြားကြပြီး ပရိယတ္တိ (သင်ကြားမှု)သည် ပဋိပတ္တိ (အားထုတ်မှု)နှင့် ပဋိဝေဓ (ထိုးထွင်းသိမြင်မှု)တို့ထက် များစွာ အရေးကြီးသည်ဟူသော ယူဆချက်ကို ပို၍ ခိုင်မာစွာ တည်ဆောက်ခဲ့ကြသည်။

ယင်းတိုးတက် ပြောင်းလဲမှုအသစ်မှ မရှိမဖြစ် လိုအပ်သည့်အနေဖြင့် ဂန္ထဓုရနှင့် ဝိပဿနာဓုရဟူသော သက်မွေးဝမ်းကျောင်းအလုပ်နှစ်မျိုးသို့ ဆင့်ကဲပြောင်းလဲသွားခဲ့ပုံရသည်[၂]။ ဂန္ထဓုရ သို့မဟုတ် ကျမ်းစာများဖြင့် အသက်မွေးခြင်းဟူသည် ဓမ္မကို သင်ယူခြင်း ပို့ချခြင်းဟုဆိုလိုပြီး ဝိပဿနာဓုရ ကမ္မဋ္ဌာန်းဖြင့် အသက်မွေးခြင်းဟူသည် ဘဝကို အနိစ္စ (အမြဲမရှိခြင်း)၊ ဒုက္ခ (ဆင်းရဲခြင်း)နှင့် အနတ္တ (ထာဝရတည်မြဲသည့် အရာမရှိ)ဟု ဆင်ခြင်၍ နေထိုင်ခြင်းဟု အဓိပ္ပာယ်ရသည်[၃]။ မူရင်းပါဠိတော်ကျမ်းဂန်များ၌ ယင်းသို့သော အလုပ်ခွဲခြားသတ်မှတ်ခြင်းမျိုးကို မတွေ့ရချေ။ ရှေးဦးဗုဒ္ဓဝါဒကျမ်းဂန်များ၌ ဂန္ထဓုရ

[၁] ဓမ္မပဒ၊ ၁၉-၂၀ ဂါထာ။

[၂] ဝိပဿနာဓုရကို တစ်ခါတစ်ရံ ဝါသဓုရဟုလည်းခေါ်သည် (အဘိ-ဋ္ဌ ၃၊ ၇၇)။

[၃] ဓမ္မပဒ-ဋ္ဌ ၁၊ ၅။

မိမိအနေဖြင့် သင်္ခါရတရားတို့၏ မတည်မြဲမှုကို သက်သေပြရန် မဟာသမ္မတမင်းဆက်၏ အမည်အားလုံးကို ရွတ်ပြခဲ့ဘိသကဲ့သို့ 'အနိစ္စာ ဝတ သင်္ခါရာ'[၁] အစချီသည့်ဂါထာကို ရုတ်တရက် ထည့်သွင်းလိုက်သည်။ ယင်းသည်လည်း အဋ္ဌကထာကျမ်းများ၌ ဖော်ပြသည့် အတွေးအမြင်နှင့် ကိုက်ညီမှုပင် ဖြစ်သည်။

အဋ္ဌကထာကျမ်းများနှင့် အခြားကျမ်းများမှ ဆေးပညာမှာပင် အထူးကျွမ်းကျင်သည့် ရဟန်းတော်များရှိကြောင်း သိကြရသည်[၂]။ မူလပါဠိတော်ကျမ်းများအရ ရဟန်းတော်များသည် ဆေးပညာကို သင်ယူရန် မဖြစ်နိုင်သော်လည်း[၃] အဋ္ဌကထာကျမ်းများ၌ ရဟန်းတော်များအား သီတင်းသုံးဖော်များ၊ မိဖကဲ့သို့သော အလွန် နီးစပ်သူများနှင့် မိမိတို့နှင့် ဆက်စပ်ပတ်သက်နေသည့် အခြားနီးစပ်သူများအား ဆေးဝါး ကုသရန် ခွင့်ပြုထားသည်[၄]။

မြေယာဥပဒေနှင့်ပတ်သက်သည့် ဗဟုသုတအပါအဝင် အသိပညာနယ်ပယ်၌ ရဟန်းတော်များ၏ အောင်မြင်ပြီးမြောက်မှုမှာ မဟာဝိဟာရကျောင်းတိုက်မှ အာဘိဓမ္မိက ဂေါဒတ္တ အမည်ရှိ မထေရ်အား ဘတိယမင်း (အေဒီ ၃၆-၆၆) က သီဟိုဠ်နိုင်ငံ၏ တရားရုံးချုပ်နီးပါးမျှ တူညီသည့် ရာထူးကို ပေးအပ်ခဲ့သည်အထိ အလွန် အထွတ်အထိပ်သို့ ရောက်သွားခဲ့ပုံရသည်[၅]။ ဂေါဒတ္တမထေရ်သည် ဝိနယအဘိဓမ္မာနှစ်မျိုးလုံးတွင် အမှန်တကယ် ကျွမ်းကျင်သည့် ကျွမ်းကျင်ပညာရှင်ဖြစ်သည်။

[၁] ဒီပဝံသ ၅၊ ၄၉။

[၂] ပသမုလ (Pasmula) မဟာသာမိ မထေရ်ရေးသားသည့် ဘေသဇ္ဇမဥ္စူသာကျမ်း၊ မယူရပါဒ ပရိဝေဏကျောင်းတိုက်နေ ပြိန္စိပလ (Principal) မထေရ် (အေဒီ ၁၃ ရာစု) ရေးသည့် ယောဂရဏ္ဏဝ (Yogarṇava) ကျမ်းနှင့် ပြယောဂရတနာဝလီ (Prayogaratvalī) ကျမ်းများမှာ ဗုဒ္ဓဘာသာ ရဟန်းတော်များ ရေးသားသည့် နှောင်းခေတ် ဆေးကျမ်းများအနက် အချို့ဖြစ်သည်။ ဘေသဇ္ဇမဥ္စူသာကျမ်း၏ သီဟိုဠ်ဘာသာနိဿယကို ဝေလိဝိဋ္ဌ (Välivita) ပိဋ္ဋကပါတိကသရဏင်္ကရ မထေရ် ရေးသားခဲ့သည်။

[၃] ဒီ ၁၊ ၁၀၊ ၅၈။ ဗြဟ္မဇာလနှင့် သာမညဖလသုတ်။

[၄] ဝိ-ဋ္ဌ ၂၊ ၆၄။

[၅] ဝိ-ဋ္ဌ ၁၊ ၂၆၆။



တပည့်တော် ဝိပဿနာစုရကို ဖြည့်ဆည်းပါမည်'ဟု လျှောက်သည်[၁]။

ယင်းသို့လျှောက်လျက် မိလက္ခတိဿသည် ဆရာထံမှ ကမ္မဋ္ဌာန်းတရား ရယူပြီးနောက် ဘုရားဖူးသွားရင်း အခြားဝတ်ကြီးဝတ်ငယ်များကို ဖြည့်ကျင့်ရင်း စိတ္တလပဗ္ဗတတွင် တစ်နေ့၊ ဂမေဏ္ဍဝါလ မဟာဝိဟာရတွင် တစ်နေ့၊ ကတရဂါမနှင့် အခြား ဘုရားဖူးနေရာများတွင် တစ်နေ့၊ သွားရောက်နေထိုင်လျက် ကမ္မဋ္ဌာန်းတရားဟု ၎င်းယူဆသည့် အရာ၌ ကိုယ့်ကိုယ်ကို မြှုပ်နှံခဲ့သည်[၂]။

ယင်းသို့သော တိုးတက်မှုအသစ်များအရ ရဟန်းတော်များသည် မိမိကိုယ်ကို စာပေသင်ကြားရန်အတွက် အဓိကမြှုပ်နှံကြပြီး ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်မှုကို ဒုတိယအဖြစ် ယူဆခဲ့ကြသည်။ ပိဋကတ်သုံးပုံကို သင်ယူရာမှာပင် ပဋိပတ္တိအကျင့်ကို သင်ကြားပေးသည့် ဝိနယပိဋကကို နှိုင်းယှဉ်မှုအရ နောက်ပိုင်း တိုးတက်လာသည့် ပိဋကတ်တစ်ခုဖြစ်သော ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ပြဿနာများနှင့် သက်ဆိုင်သည့် အဘိဓမ္မပိဋကလောက် အရေးမပါဟု ယူဆလာကြသည်။ သို့ဖြစ်၍ စတုတ္ထ မဟိန္ဒမင်း ရေးထိုးသည့် နာမည်ကျော် မဟိန္ဒလေ့ ကျောက်စာတွင် ဝိနယပိဋကကို သင်ကြားသည့် ဆရာအား ငါးဖို့ (သီဟိုဠ်ဝေါဟာရ *vasag*)[၃]၊ သုတ္တန်ပိဋကကို သင်ကြားသည့် ဆရာအား ခုနစ်ဖို့ ပေးရမည်ဖြစ်ပြီး အဘိဓမ္မာပိဋကကို သင်ကြားသူဆရာအားမူ ဆယ့်နှစ်ဖို့ ပေးရမည်ဟု ချမှတ်ရေးထိုးထားသည်။ ဝိနယနှင့် သုတ္တပိဋကကို သင်ကြားသူ ဆရာအားပေးသည့် နှစ်ဖို့လုံးကို အဘိဓမ္မာပိဋကကို သင်ကြားသည့် ဆရာတစ်ယောက်တည်းအား ပေးထားသည်။ ယင်း ဆွမ်းဆန်တော် ခွဲဝေမှုနှုန်းသည် ဝိနည်းသင်ဆရာအား တတိယဆင့်တွင် ထားပြီး အဘိဓမ္မာသင်ဆရာအား ပထမဆင့်တွင် ထားကြောင်း ထင်ရှားစွာ သိရသည်။ ဤသည်မှာ ပညာသိက္ခာကို သီလသိက္ခာထက် အ

[၁] ဘန္တေ ဂန္ထော နာမ ပဋိဗလဿ ဘာရော၊ မယှံ ပန ဒုက္ခူပနိသာ သဒ္ဓါ၊ ဝါသဓုရံ ပူရေဿာမိ (အံ-ဋ္ဌ ၁၊ ၂၈)။

[၂] ယနေ့ခေတ်မှာပင် ယင်းသို့သော ဘဝမျိုးကို လိုက်နာနေသည့် ရဟန်းတော်များရှိကြသည်။

[၃] *vasag* ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ မသေချာသေးချေ။

ဆင့်မြှင့်ထားကြောင်း ဆိုလိုသည်။

မူလအားဖြင့် ဂန္ထဓုရဟူသည် ပိဋကတ်ကို သင်ယူပို့ချခြင်းကိုသာလျှင် ဆိုလိုသည်။ သို့ရာတွင် ကာလရွေ့လျောသောအခါ ယင်းဝေါဟာရ၏ မူလအဓိပ္ပာယ် ကျယ်ဝန်းသွားပြီး ယင်းသည် ဘာသာစကား၊ သဒ္ဒါ၊ သမိုင်း၊ ယုတ္တိဗေဒ၊ ဆေးနှင့် အခြားသင်ကြားမှု နယ်ပယ်များကိုပါ ငုံမိလာသည်[၁]။ ဘုန်းတော်ကြီးကျောင်းတိုက်များသည် သင်ကြားပို့ချခြင်းနှင့် ယဉ်ကျေးမှုတို့အတွက် အချက်အခြာနေရာများဖြစ်လာပြီး ရဟန်းတော်များသည် မင်းညီမင်းသားမှစ၍ လယ်သမားများအထိ သင်ကြားပေးရမည့် ဘာသာရပ်အားလုံးတွင် ကျွမ်းကျင်ကြရသည်။

အလွန်စိတ်ဝင်စားရာနှင့် အရေးပါသည့် ဂန္ထဓုရတိုးတက်မှု၏ အကျိုးဆက်တစ်ခုမှာ အေဒီ ၆ ရာစု၌ မဟာဝံသကျမ်းကို ရေးသားခြင်းဖြစ်သည်။ သုတ္တန်များစွာတို့၌ ဘုရင်မင်းများ၊ ဝန်ကြီးများ၊ သူပုန်များ၊ ခိုးသားများ၊ စစ်တပ်များ၊ စစ်ပြုခြင်းများ၊ တိုက်ပွဲများ၊ ကျေးရွာများ၊ မြို့များ၊ မြို့တော်များ၊ နယ်ပယ်များနှင့် ယင်းသို့သော အကြောင်းအရာများကို ဗုဒ္ဓရှင်တော်မြတ်က တိရစ္ဆာနကထာ (တိရစ္ဆာန်စကား)ဟု ဟောမြွက်ပြီး ရဟန်းတော်များအား ယင်းသို့သော နိမ့်ကျပြီး ပိန်ဖျင်းသည့် စကားများကို ပြောဆိုခြင်းအပေါ် နှစ်သက်ခြင်းမှ တားမြစ်ထားသည်[၂]။

အားလုံးသိကြသည့်အတိုင်းပင် မဟာဝံသကျမ်းသည် ဘုရင်မင်းများ၊ ဝန်ကြီးများ၊ သူပုန်များ၊ စစ်ပွဲများ၊ ကျေးရွာများနှင့် မြို့များကဲ့သို့သော တိရစ္ဆာနကထာ (တိရစ္ဆာန်စကား)များကို များစွာဖော်ပြသည်။ ရဟန်းတော်တစ်ပါးအဖို့ ယင်းသို့သော လောကီစကားများနှင့် ဆက်စပ်နေမှုမှာ အရေးပါသည်။ မဟာဝံသကျမ်းကို ရေးသားသူ အရှင်မဟာနာမသည် ယင်းကို ကောင်းစွာ သိပြီးဖြစ်သည်။ သို့တစေ အရှင်မြတ်သည် ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်မည့် ကံပါလာကြသည့်

[၁] Päpiḷiyāna ကျောက်စာတွင် ယုတ္တိဗေဒနှင့် သဒ္ဒါကျမ်းများကို ကျွမ်းကျင်သည့် ဆရာများကို ရနိုင်သောအခါ ၎င်းဆရာတို့အား ‘လစာငွေ’ပေးပြီး ယင်းဘာသာရပ်များကို သင်ကြားပေးရမည်ဟု ဆိုထားသည်။

[၂] ဒီ ၁၊ ၆၂။



သည့် သီဟိုဠ်လူမျိုးများ၏ သမိုင်းကို ရေးသင့်သည်ဟု ယူဆသည်။ သို့တစေ ယင်းသို့သော သမိုင်းအကြောင်းအရာများ၌ နစ်မြုပ်နေခြင်းမှာ ဗုဒ္ဓရှင်တော်မြတ်၏ မူလသင်ကြားချက်နှင့် ဆန့်ကျင်သည်။ သို့ဖြစ်၍ အရှင်မြတ်သည် ယင်းအခက်အခဲကို ကျော်လွှားရန် နည်းလမ်းတစ်ခုကို တွေ့ရှိခဲ့သည်။

အဋ္ဌကထာကျမ်းများ၌ ဘုရင်မင်းများ၊ ဝန်ကြီးများနှင့် ယင်းသို့သော ပုဂ္ဂိုလ်များအကြောင်းကို ပြောဆိုပြီးနောက် အကယ်၍ တစ်စုံတစ်ယောက်သည် ထိုမျှ တန်ခိုးအာဏာနှင့် ပြည့်စုံသူသည်ပင် နောက်ဆုံး၌ အိုခြင်းနာခြင်းနှင့် ကြုံတွေ့ရသေး၏ဟု ဆင်ခြင်မည်ဆိုလျှင် ယင်းပြောခြင်းသည် ကမ္မဋ္ဌာန်းအာရုံဖြစ်လာနိုင်ကြောင်း ဖော်ပြသည်[၁]။ သို့ဖြစ်၍ မဟာဝံသကျမ်း၌ ကဏ္ဍတစ်ခု ဆုံးတိုင်း ကျမ်းပြုဆရာသည် ဘဝ၏မတည်မြဲမှု အတွေးအမြင် သို့မဟုတ် စိတ်ပိုင်းဘဝ အဆုံးအမတစ်ခုပါသည့် ဂါထာတစ်ပုဒ်ကို ထည့်သွင်းထားသည်။ မဟာဝံသကျမ်း စာကိုယ်၌လည်း သင့်တော်သည့် နေရာများ၌ ကြားညှပ် ထည့်ထားသည့် စိတ်ပိုင်းဆိုင်ရာ ဆုံးမစကားများ ပါရှိသည်။ ထို့ပြင် ကဏ္ဍတိုင်းကိုလည်း ‘သုဇနပ္ပသာဒသံဝေဂတ္ထာယ ကတေ မဟာဝံသေ = ကြည်ညိုသူတို့၏ နှစ်သက်ပီတိ ဖြစ်ခြင်းနှင့် သံဝေဂပွားများရန် ရေးသားအပ်သော မဟာဝံသကျမ်း’ ဟုဖော်ပြသည့် ပုံစံကျစာကြောင်းဖြင့် အဆုံးသတ်ထားသည်။ ကျမ်းပြုဆရာသည် မိမိကျမ်းစာအား ဘုရင်မင်းများ၊ ဝန်ကြီးများ၊ သူပုန်များနှင့် စစ်ပွဲများ အကြောင်းနှင့် ပတ်သက်သည့် သမိုင်းအနေဖြင့် မဟုတ်ဘဲ လောက၏ အနိစ္စသဘာဝကို သင်ကြားရန်နှင့် စာဖတ်သူ၏ စိတ်ထဲသို့ တည်ငြိမ်သည့် ပျော်ရွှင်မှုနှင့် သံဝေဂတရား ပျံ့နှံ့စေရန် ရည်ရွယ်သည့် ကမ္မဋ္ဌာန်းအာရုံဖြစ်သည့် ဘာသာရေးဆိုင်ရာ ကျမ်းစာအနေဖြင့် အသိအမှတ်ပြုရန် ကြိုးစားခဲ့ပုံရသည်။ ယင်းသည် ပညာတတ် ကျမ်းပြုအရှင်မြတ်၏ တိရစ္ဆာနကထာ (တိရစ္ဆာန်စကား)များကို ရှောင်ရှားခဲ့ပုံဖြစ်သည်။

ဒီပဝံသကျမ်းပြုဆရာသည်လည်း မဟာသမ္မတမင်းမှစ၍ မင်းသား သိဒ္ဓတ္ထတိုင်အောင် ဘုရင်မင်းတို့၏ စာရင်းကို ဖော်ပြပြီးနောက်

[၁] ဒီ-ဋ္ဌ ၁၊ ၈၅။

ရဟန်းသံဃာတော်အရေအတွက် များပြားလာပြီး ၎င်းတို့၏ လူဥပါသကာများအပေါ် လုပ်ဆောင်မှုများကို လိုအပ်သည်ဟု ယူဆလာသောအခါ ရဟန်းသံဃာတော်များအား စောင့်ရှောက်ရန် ဘုန်းကြီးကျောင်းတိုက်များအား ကြီးမား များမြောင်သည့် အလှူဒါနများ ပြုလုပ်လာကြကြောင်း သိခဲ့ကြပြီဖြစ်သည်။ ယင်းသို့သော ယာယီ အခြေအနေများသည် ရဟန်းသံဃာတော်များ၏ ဘဝတွင် နောက်ထပ်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။ အကယ်၍ ရဟန်းတော်များသည် ဘုန်းကြီးကျောင်းပိုင်မြေကို သုံးစွဲရန် လိပ်ပြာသန့်သည်ဆိုလျှင် ယင်းသည် ဘာသာရေးဖြင့် လွှမ်းခြင်းဖြစ်ပေလိမ့်မည်။

အခြေအနေသစ်ကို ပုံမှန်ဖြစ်သွားစေရန် သံဃာသည် ဝိနယစည်းကမ်းအသစ်များ တီထွင်မှုအပေါ် သဘောတူရပြီး 'လာဘသီမာ' ဟုခေါ်သည့် ကျင့်စဉ်သစ်တစ်ခုကို တီထွင်ရသည်။ သို့ဖြစ်၍ သမန္တပါသာဒိကာတွင် "လာဘသီမာ (ဝင်ငွေ အပိုင်းအခြား)နှင့် ပတ်သက်၍ ယင်းကို ဗုဒ္ဓရှင်တော်မြတ်လည်း ခွင့်ပြုတော်မမူ (သံဂါယနာတွင်) ဓမ္မကို စုဆောင်းခဲ့ကြသည့် မထေရ်ကြီးများလည်း မတည်ဆောက်ခဲ့ကြချေ။ သို့တစေ ဘုရင်မင်းများနှင့် ဝန်ကြီးများသည် ကျောင်းတိုက်တစ်ခုကို တည်ဆောက်ပြီးနောက် (ထိုမြေနေရာ) ပတ်ဝန်းကျင်ရှိ တစ်ဂါဝုတ်၊ ယူဇနာဝက် သို့မဟုတ် တစ်ယူဇနာ (အကွာအဝေးအတွင်း အပိုင်းအခြားများ)ကို သတ်မှတ်ပြီး 'ဤနေရာသည် ငါတို့ကျောင်းတိုက်၏ ဝင်ငွေရရှိသည့် အပိုင်းအခြားဖြစ်၏'ဟု အမည်နာမများကို ရေးထွင်းထားသည့် ကျောက်တိုင်များကို စိုက်ထူလျက် 'ဤမြေဧရိယာအတွင်း ထွက်ရှိသမျှအားလုံးကို ငါတို့ကျောင်း တိုက်ကို လှူဒါန်းရမည်' ဟု ကျောင်းတိုက် အပိုင်းအခြားကို ပိုင်းခြားသည်"။ ယင်းကို လာဘသီ

---

ကြပ်မှုဖြင့် ရေးဆွဲခဲ့သည် (Coomaraswamy : Mediaeval Sinhalese Art, p. 47, 59, 168.)။ ဝိဇ္ဇာလင်္ကာရ ပရိဝေဏ ကျောင်းတိုက်ကို တည်ထောင်သူ ရတနမာလေ သိရိဓမ္မာလောက မထေရ် (၁၈၂၈-၁၈၈၇) သည် ဆတကောရလေ (Sat-Kōralē)ရှိ ကျောင်းတိုက်များစွာကို ပန်းချီကားများ ရေးဆွဲပေးခဲ့သည်ဟု သိရသည် (Koṭahēnē Prajāñkirti : *Sri Dharmāloka Charitaya*, 1937, p. 8.)။



ဘုန်းကြီးကျောင်းအရေးနှင့်ဆိုင်သည့် မှုခင်းတစ်ခုတွင် အရှင်မြတ်ဆုံးဖြတ်ချက်အပေါ် အလွန့်အလွန် နှစ်သက်သွားသဖြင့် ဘုရင်သည် ကြေညာမောင်းခတ်၍ 'ငါ အသက်ရှင်နေသမျှ ရဟန်းတော်များ၊ ရဟန်းမိန်းမများ သို့မဟုတ် လူများနှင့်ပတ်သက်သည့် မည်သည့် အမှုတွင်မဆို အာဘိဓမ္မိက ဂေါဒတ္တမထေရ်၏ ဆုံးဖြတ်ချက်သည် နောက်ဆုံး ဖြစ်၏။ အရှင်မြတ်၏ ဆုံးဖြတ်ချက်ကို မလိုက်နာသူအား ငါ အပြစ်ပေးမည်'ဟူသော အမိန့်ပြန်တမ်းကို ထုတ်ပြန်သည်[၁]။

စာပေသာမက အနုပညာသည်လည်း ဂန္ထဓုရဝန်ဆောင် ရဟန်းတော်များ၏ စိတ်ဝင်စားမှု နယ်ပယ်အတွင်း ထည့်သွင်းခဲ့သည်။ အာနန္ဒ ကေ ကုမာရဆွာမိ (Ānanada K. Coomaraswamy) အမည်ရှိ(ပုဂ္ဂိုလ်)က သုံးသပ်သည်မှာ 'ဗုဒ္ဓဝါဒသည် အိန္ဒိယမှ တောင်ဖက်တွင် သီဟိုဠ်၊ မြန်မာ၊ ရှမ်း (ယိုးဒယား)နှင့် ဂျာဗားနှင့် မြောက်ဖက်တွင် တရုတ်နှင့် ဂျပန်နိုင်ငံများသို့ ပြန့်နှံ့သွားခဲ့သည့် အနုပညာပြိုင်ဖက်ကို ကျော်လွန်ပြီး အမှန်ပင် အဓိကနေရာသို့ ရောက်လာခဲ့သည်။ ယင်းသို့ဖြင့် ရဟန်းတော်များသည်ပင် အနည်းဆုံး လက်မှုပညာ အရည်အသွေး၏ သီအိုရီပိုင်းဆိုင်ရာ ဗဟုသုတအချို့ရှိရန် အရေးတကြီးဖြစ်လာပြီး ယင်းသည် မကြာခဏ ယင်းသို့ဖြစ်သည်။ ရဟန်းတော်

---

[၁] မယိ သန္တေ ဘိက္ခူနမ္ပိ ဘိက္ခုနီနမ္ပိ ဂိဟီနမ္ပိ အဓိကရဏံ အာဘိဓမ္မိက ဂေါဒတ္တတ္ထေရေန ဝိနိစ္ဆိတံ သုဝိနိစ္ဆိတံ။ တဿ ဝိနိစ္ဆယေ အတိတ္ထမာနံ ရာဇာဏာယ ဌပေတိ (ဝိ-ဌ ၁၊ ၂၈၆)။ ဂေါဒတ္တမထေရ်သည် လောကီရေးရာ ကိစ္စများတွင် တရားသူကြီး တစ်ယောက်ကဲ့သို့ ပြုမူခဲ့သလောဟူသော အချက်ကို အသေအချာ မသိရချေ။ ဘုရင်မင်းတရား၏ ကြေညာချက်ကို မထေရ်မြတ်၏ အသိပညာနှင့် ဥပဒေရေးရာ တတ်ကျွမ်းမှုနှင့် အဆင့်မြင့် အရည်အသွေးများကို အသိအမှတ်ပြုသည့်အနေဖြင့် ဖော်ပြခြင်းဖြစ်နိုင်သည်။ ယင်းသည် မထေရ်မြတ်အပေါ် ပြည်သူတို့ ထားရှိသည့် အဆင့်မြင့် ရိုသေလေးစားမှုကို ညွှန်ပြခြင်းလည်းဖြစ်သည်။ အကယ်၍ မထေရ်မြတ်အနေဖြင့် မည်သည့် လောကီရေးရာ မှုခင်းများတွင်မဆို ကြီးမှူးဆောင်ရွက်လျှင်ဖြစ်စေ ကြီးလေးသည့် ပြစ်ဒဏ်စီရင်မှု သို့မဟုတ် ကိုယ်ခန္ဓာကို ညှဉ်းပန်းမှုနှင့် ဆက်စပ်နေသည့် မည်သည့် စီရင်မှုကိုမဆို ဆောင်ရွက်မည် မဟုတ်ချေ။ ကြီးလေးသည့် ပြစ်ဒဏ်စီရင်မှုနှင့် ကိုယ်ခန္ဓာညှဉ်းပန်းမှုကို တားမြစ်သည့် ဘုရင်မင်းများပင် ရှိခဲ့သည်။

များသည် အသိပညာနည်းပါးသူ အနုပညာသည် တစ်ယောက်၏ သာရိပုတြာကဲ့သို့သော လက်ရာများကို ၎င်းထံမှသင်ယူရန်ထက် ရှင်းပြရန် ပိုမို မျှော်လင့်ခံကြရသည်။ ဆယ့်ရှစ်ရာစုတွင် ရဟန်းတော်များ အကြား လက်မှုပညာသည်များပင် ရှိခဲ့သည်"[၁]။

စူဠဝဂ္ဂပါဠိတော်၌ နာမည်ဆိုးဖြင့် ကျော်ကြားသည့် ဆဗ္ဗဂ္ဂီရဟန်းများသည် ၎င်းတို့နေထိုင်ရာ ကျောင်းများတွင် ယောကျ်ား မိန်းမ ရုပ်ပုံများ ရေးဆွဲစေကြောင်း သိရသည်။ သို့ရာတွင် ဗုဒ္ဓသည် ယင်းကိစ္စကို တားမြစ်ခဲ့ပြီး နွယ်များ၊ ပန်းများကဲ့သို့သော ပုံစံများကိုသာ ရေးဆွဲရန် ခွင့်ပြုတော်မူသည်[၂]။ အဋ္ဌကထာတွင် ယင်း ယူဆချက်ကို အသေးစိတ်ဖော်ပြပြီး ရဟန်းတစ်ပါးအဖို့ အခြားပုဂ္ဂိုလ် တစ်ယောက်အား လူယောကျ်ား လူမိန်းမပုံများကိုသာမက တိရိစ္ဆာန် အထီးအမပုံများ (အောက်ထစ်ဆုံး) တီကောင်၏ အမပုံကိုပင် မဆွဲခိုင်းကောင်းချေ။ ရဟန်းတော်တစ်ပါးသည် မည်သူ့ကိုမဆို ဂိတ်စောင့် (ဒွါရပါလ) ပုံကိုပင် ပြုလုပ်ရန် မတောင်းဆို ကောင်းချေ[၃]။ သို့ရာတွင် အဋ္ဌကထာ၌ ပသာဒ(ကြည်ညိုခြင်း)နှင့် သံဝေဂကို ပွားစေနိုင်သော ဇာတ်နိပါတ်တော်များနှင့် ဆွမ်းခံကြွနေသည့်ပုံများကဲ့သို့သော ရုပ်ပုံများကို ပုံသွန်းခြင်း ပန်းချီဆွဲခြင်းများကို ခွင့်လွှတ်ခြင်းဖြင့် တစ်စုံတစ်ခုသော လွတ်လပ်မှုအတိုင်းအတာကို ခွင့်ပြုသည်[၄]။

သို့ဖြင့် ရဟန်းတော်များသည် ကြည်ညိုသူများအား ပသာဒနှင့် သံဝေဂကိုဖြစ်ပွားစေရန် ရည်ရွယ်လျက် ဇာတ်နိပါတ်တော်များနှင့် ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ်က ဖြစ်ရပ်များဖြင့် မိမိတို့၏ ကျောင်းတိုက်

[၁] *Mediaeval Sinhalese Art*, p. 47.

[၂] ဝိ ၄၊ ၂၅၂။

[၃] ဘုန်းကြီးကျောင်းတိုက်များအတွင်းသို့ ဝင်သည့် ဂိတ်စောင့်ပုံမှာ အလွန်လူသိများသည်။

[၄] ရေးဆွဲထားသော ဖြစ်ရပ်များ၌ အမျိုးသမီးအမျိုးသား ရုပ်ပုံများနှင့် တိရိစ္ဆာန်များကို ရေးဆွဲ သို့မဟုတ် ပုံသွန်းထားသည်မှာ ထင်ရှားသည်။ သို့တစေ အကယ်၍ ယင်းရုပ်ပုံများသည် ပသာဒနှင့် သံဝေဂကိုဖြစ်ပွားစေနိုင်လျှင် ယင်းတို့ကို ခွင့်လွှတ်နိုင်သည်။ သို့ဖြစ်၍ မဟာဝံသကျမ်း၏ အခန်းတိုင်းကို အထက်ပါအတိုင်း အဆုံးသတ်ထားခြင်းဖြစ်သည်။



များကို လှူဒါန်းရန် အားရှိလာကြသည်။ တစ်ချိန်တည်းတွင် ရဟန်းတော်များသည် လှပသပ္ပါယ်သော ပန်းချီများ ဆင်းတုတော်များ ရှိသည့် ကျောင်းတိုက်များက အဖိုးတန်ပစ္စည်းများ လှူဒါန်းကြသည့် ဘုရားဖူးများစွာကို ဆွဲဆောင်သည့် အစစ်အမှန်သဘာဝကို မသိဘဲ ရှိခဲ့ကြသည်။ ဤသည်မှာ ရဟန်းတော်များအဖို့ မိမိတို့နေထိုင်ရာကျောင်းတိုက်ကို အနုပညာခံစားမှုနှင့် အနုပညာ လက်ရာမြောက်မှုတို့ဖြင့် ဆွဲဆောင်ရန် မက်လုံးတစ်ခုလည်းဖြစ်သည်။

အေဒီ ငါးရာစုခန့်တွင် သီဟိုဠ်ရဟန်းတော်သည် ပန်းပုအနုပညာတွင် တုနိုင်းမည့်သူမရှိအောင် ဖြစ်ခဲ့ပုံရသည်[၁]။ တရုတ်မှတ်တမ်းတစ်ခုအရ နန်တေ (နန္ဒ)အမည်ရသည့် သီဟိုဠ်ရဟန်းတော် တစ်ပါးသည် အေဒီ ၄၅၆ ခုနှစ်တွင် တရုတ်ဧကရာဇ်ထံသို့ သံတမန်ဆက်သွယ်မှုအတွက် စေလွှတ်ခံရသဖြင့် ရဟန်းတော်သည် ထိုအချိန်က မိမိနှင့်အတူ မိမိကိုယ်တိုင်ပြုလုပ်သည့် ဆင်းတုတော် သုံးဆူကို တရုတ်ဧရာဇ်အား လက်ဆောင်အဖြစ်ပေးရန် ယူဆောင်ခဲ့သည်။ အေဒီ ၃၈၆-၅၅၆ တွင် ထီးနန်းစိုက်ခဲ့သည့် ဝေတာတာ (Wai Tartar) မင်းဆက် သမိုင်းဆရာအလိုအရ အာရှအလယ်ပိုင်းနိုင်ငံများမှ လူများနှင့် ဘုရင်များသည် ဆင်းတုတော်ပုံတူများ ရရှိရန် အနုပညာသည်များကို စေလွှတ်၍ အချင်းချင်း အတုယူကြသော်လည်း မည်သူမျှ နန်တေ၏ လက်ရာများကို မယှဉ်ပြိုင်နိုင်ချေ။ ဆယ်လှမ်းမျှအကွာတွင် ရပ်ခြင်း၌ ယင်းတို့သည် အမှန်ပင် တောက်ပြောင်သည်ဟု ထင်ရသော်လည်း ပိုမိုနီးကပ်စွာ ချဉ်းကပ်သွားပါက ကိုယ်ခန္ဓာသည် တဖြည်းဖြည်း ပျောက်ကွယ် သွားသည်[၂]။

[၁] ကမ္ဘာကျော် ဆိဂိရိယ (Sigiriya) ပန်းချီများသည်လည်း အေဒီ ၅ ရာစု လက်ရာများဖြစ်ကြသည်။

[၂] *Ceylon* by Tennent, Vol. I. p. 615-620.

ဒီယောလဒေါရုဝ (Degaldoruva) နှင့် ရိဒိဝိဟာရရှိ ပန်းချီကားများကို အေဒီ ၁၈ ရာစုနှောင်းပိုင်းတွင် အကျော်ကြားဆုံး ပန်းချီ ဆရာဖြစ်သည့် ဒေဝရမပေါလ သိလဝတေနေ အမည်ရှိ သီဟိုဠ်ရဟန်းတော် ရေးဆွဲခဲ့သည်။ အနုပညာဝေဖန်ရေး ဆရာများစွာတို့၏ အာရုံစိုက်မှုကို ရရှိစေသည့် ယင်းပန်းချီများကို မာလာဝတ္တကျောင်းဆရာတော် မောရတောဝှ မဟာနာယကမထေရ်၏ ကြီး

သို့တစေ တစ်ချိန်တည်း၌ ကပ္ပိယဝေါဟာရမပါဘဲ လှူဒါန်းကြောင်း ဖော်ပြသည့် ကျောက်စာအချို့လည်း ရှိကြသည်။ အချို့သော ယင်း ရေလှောင်ကန်နှင့် တူးမြောင်း လှူဒါန်းမှုများကို အထူးရည်ရွယ်ချက် တစ်စုံတစ်ရာကို ဖော်ပြခြင်းမပြုဘဲ ထားကြသည်[1]။ လှူဒါန်းစဉ်က နှုတ်ဖြင့် ကပ္ပိယဝေါဟာရများကို အသုံးပြုခဲ့ပြီးဖြစ်၍ ကျောက်စာတွင် ယင်းတို့ကို ထပ်မံ ထည့်သွင်းမထားခြင်းလည်း ဖြစ်နိုင်သည်။

ဝတ္တကမြေကို ဗုဒ္ဓသာသနာတော် တည်တံ့ရေးအတွက် လိုအပ်သည့်အနေဖြင့် အသိအမှတ်ပြုပြီးသည်နှင့် ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ သံဃာ၏ တာဝန်ဖြစ်သည်မှာ ထင်ရှားသည်။ သို့ဖြစ်၍ ကျောင်းတိုက်ပိုင်ပစ္စည်းကို ကာကွယ်ရန် လိုအပ်သည်ဟု ယူဆလျှင် သံဃိကပစ္စည်းဖြင့် သူပုန်သူကန်များ၊ လုယက်သူများနှင့် ဆူပူသောင်းကျန်းသူများအား ဧည့်ခံကျွေးမွေးရန် ရဟန်းအား အကြံပြုထားသည်။ တစ်နေရာတွင် မဟိန္ဒလေ့မှ နာယကဆရာတော် အဘယမထေရ် ကျောင်းတိုက်ကို လုယက်ရန်လာသည့် သူပုန်တစ်ယောက်အား တည်ခင်းဧည့်ခံပုံကို တွေ့ရသည်[2]။ အခြား ရဟန်းများသည် မထေရ်၏လုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး ပြစ်တင် ဝေဖန်ကြသည်။ သို့ရာတွင် မထေရ်က ထိုရဟန်းတော်များအား ယင်းသို့ ပြုခြင်းဖြင့် မိမိသည် ကျောင်းတိုက်ပစ္စည်းများကို သူပုန်လက်မှ ကယ်တင်ထားလိုက်ပြီး သူပုန်ကိုပြုစုရန် အသုံးပြုလိုက်သော ပမာဏမှာ စေတိယယရတွင် ခင်းသည့် ခြေသုတ်ဖုံ၏ တန်ဖိုးထက်ပင် နည်းသေးကြောင်း ရှင်းပြလိုက်သည်။ သို့ဖြင့် ဝေဖန်သူများ ယုံကြည်သွားကြသည်။ ယင်း ဖော်ပြမှုအပြီးတွင် သမန္တပါသာဒိကာ၌ ထက်မြက်သည့် ရဟန်းတော်သည် ထိုသို့သော အမှုအယာဖြင့် ပြုလုပ်သင့်ကြောင်း ဆိုသည်[3]။

ဆေးပညာ၌ ကျွမ်းကျင်သည့် ရဟန်းတော်များရှိကြောင်း ကျွန်ုပ်တို့ တွေ့ရပြီးဖြစ်သည်။ နီးစပ်သည့် လူများမှာ ဆေးဝါးကုသမှုဆိုင်ရာ အကြံဉာဏ်အတွက် ထိုသို့သော ရဟန်းများထံ သွားရောက်ကြမည်

---

[1] *e.g.,* EZ. III, p. 154. Ihscription of Bhātika Abhaya (38-67 A.D.) etc.

[2] ဥဇ္ဇကျမ်း၊ စာ - ၂၅၅ တွင် ရှုပါ။

[3] ဝိ-ဋ္ဌ ၂၊ ၆၈။



မာဟု ခေါ်၏”[1]။

ဘုန်းကြီးကျောင်းတိုက်များကို လှူဒါန်းမှုများ ပေးအပ်သည်ကို ဖော်ပြသည့် သီဟိုဠ်ရှေးခေတ် ကျောက်စာများကို ယင်းအလေ့အကျင့်နှင့်အညီ တည်ဆောက်ခဲ့ကြပုံရသည်။ အတ္တာဏိကဏု (*attā ṇi ka ṇu*)ဟုခေါ်သည့် ယင်းသို့သော ကျောက်စာများကို တည်ဆောက်သည့် အခါသမယတွင် ဘုရင်မင်းကိုယ်စားပြု နိုင်ငံတော်၏ အဆင့်မြင့် အရာရှိများသည် ယင်းပေးအပ်မှုကို အမိန့်အာဏာပေးရန် ယင်းနေရာသို့ လူကိုယ်တိုင် လာရောက်ကြသည်။ သို့ရာတွင် လာဘသီမာဟူသည်ကို ဘုန်းကြီးကျောင်းတိုက်များအား မြေလှူဒါန်းသည့် ရှေးခေတ် ကျောက်စာများစွာအနက် တစ်ခုတွင်မျှ မပါရှိခြင်းဖြစ်သည်မှာ စူးစမ်းဖွယ်ဖြစ်သည်။ သို့ရာတွင် နယ်နိမိတ်များကိုပိုင်းခြားသည့် သီမာ အာတုဠု ကောဋ္ဋ (*sīmā äṭulu koṭ*) ဟူသော စကားလုံးများကို ယင်း ကျောက်စာရေး မှတ်တမ်းများအနက် အချို့တွင် ထည့်သွင်းထားပြီး ယင်းစကားလုံးများသည် လာဘသီမာ အယူအဆကို ဆောင်သည့် အနေဖြင့် အဓိပ္ပာယ်ကောက်ယူနိုင်ဖွယ်ရှိသည်[2]။

ယခုအချိန်တွင် ပိုင်းခြားထားသည့် မြေကို ဝိနယအစဉ်အလာများက အသိအမှတ်ပြုပြီး သဘောတူလက်ခံသဖြင့် ရဟန်းတော်များသည် ဘုန်းကြီးကျောင်းတိုက်၏ ဝင်ငွေနှင့် ကုန်ကျစရိတ်ကို စိတ်ဝင်စားရန် အလွန်ကောင်းသော အကြောင်းပြချက်များ ရှိခဲ့သည်။ ယခင်တွေ့ခဲ့ပြီးဖြစ်သည့်အတိုင်း နှစ်ပတ်လည် ငွေစာရင်း ဖော်ပြချက်ကို အတည်ပြုရန် သံဃာ့အစည်းအဝေးသို့ တင်ပြရကြောင်း တွေ့ရသည်[3]။

---

[1] ဝိ-ဋ္ဌ ၃၊ ၄၁၈။ လာဘသီမာ နာမ နေဝ သမ္မာသမ္ဗုဒ္ဓေန အနုညာတာ၊ န ဓမ္မသင်္ဂါဟကတ္ထေရေဟိ ဌပိတာ။ အပိ စ ခေါ ရာဇရာဇမဟာမတ္တာ ဝိဟာရံ ကာရေတွာ ဂါဝုတံ ဝါ အဍ္ဎယောဇနံ ဝါ ယောဇနံ ဝါ သမန္တတော ပရိစ္ဆိန္ဒိတွာ အယံ အမှာကံ ဝိဟာရဿ လာဘသီမာတိ နာမလိခိတကေ ထမ္ဘေ နိခဏိတွာ ယံ ဧတ္ထန္တရေ ဥပ္ပဇ္ဇတိ သဗ္ဗံ တံ အမှာကံ ဝိဟာရဿ ဒေမာတိ သီမံ ဌပေတိ၊ အယံ လာဘသီမာ နာမ။

[2] See EZ. I, p. 167-168, Iripinniyava pillar Inscription, p. 173, Rambava Pillar Inscriiption ; III, p. 103-105, Mannar Kaoceri Pillar Inscription.

[3] ဥဇ္ဇကျမ်း၊ စာ - ၂၅၈ ကို ရှုပါ။

သံဃာ့စီးပွားရေးဘဝ ပြောင်းလဲမှု၏ မရှောင်လွှဲနိုင်သော အကျိုးဆက်အနေဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ မူလသင်ကြားချက် အနှစ်သာရနှင့် ဆန့်ကျင်သည့် ယင်းသို့သော ကျင့်ကြံမှုများစွာကို ၎င်းတို့၏ သီလသိက္ခာတွင် လိုက်နာလာကြသည်။ အမျိုးသမီး အမျိုးသား နှစ်မျိုးလုံးကို ဘုန်းကြီးကျောင်းတိုက် အလုပ်သမား အခိုင်းအစေများအဖြစ် လက်ခံခဲ့ကြပုံကို အောက်ကဏ္ဍများ၌ တွေ့ခဲ့ကြပြီးဖြစ်သည်[၁]။

အခြေအနေသစ်က တောင်းဆိုသည့် ယင်းသို့သော လေ့ကျင့်အားထုတ်မှုများစွာတို့သည် မူလ ဝိနယစည်းမျဉ်းများနှင့် ဆန့်ကျင်ကြသည်။ ရဟန်းတော်များသည် ရာဇဂြိုဟ် ပထမသံဂါယနာ ဆုံးဖြတ်ချက်များနှင့် ဆန့်ကျင်သည့် ဝိနယသိက္ခာပုဒ်များကို ပြောင်းလဲရန် အခွင့်အာဏာနှင့် သတ္တိမရှိကြချေ။ ရဟန်းတော်များသည် အခြေ အနေသစ်ကို လျစ်လျူရှုထားရန်လည်း မစွမ်းနိုင်ကြချေ။ ရဟန်းတော်များသည် အခက်အခဲနှင့် ကြုံကြရသည်။ အောက်တွင် ထုတ်ပြထားသည့် နမူနာအချို့မှာ ရဟန်းတော်များအနေဖြင့် အမှန်စင်စစ် ၎င်းတို့၏ ဖြေရှင်းမှုမှာ ဗုဒ္ဓဓမ္မ၏ အနှစ်သာရနှင့် အတော်အတန် ဆန့်ကျင်သော်လည်း ဝိနယစည်းမျဉ်း စာသားများကို ဆန့်ကျင်ခြင်း မရှိဘဲ အခက်အခဲများအား လိမ္မာပါးနပ်စွာ ကျော်လွှားနိုင်ခဲ့ကြပုံကို ဖော်ပြလိမ့်မည်ဖြစ်သည်။

ဝိနည်းတော်အရ ရဟန်းသည် မြေကြီးကို ကိုယ်တိုင် မတူးရ သို့မဟုတ် အခြားတစ်ယောက်ကို မတူးခိုင်းကောင်းချေ။ အကယ်၍ တူးလျှင် တူးခိုင်းလျှင် ပါစိတ်အာပတ်သင့်သည်[၂]။ သို့ရာတွင် ဘုန်းကြီးကျောင်းတိုက်နှင့် ဆက်စပ်နေသည့် မြေယာများရှိလာသောအခါ ယင်းသိက္ခာပုဒ်ကို လိုက်နာရန် အလွန်ခက်ခဲသည်။ သို့ဖြစ်၍ ယင်းသိက္ခာပုဒ်ကို ဖွင့်ဆိုရာတွင် သမန္တပါသာဒိကာကျမ်းက ပါဠိမုတ္တကဝိနိစ္ဆယအနေဖြင့် စိတ်ဝင်စားဖွယ် အဆုံးအဖြတ် ပေးထားသည်။ ယင်းဝိနိစ္ဆယ အဆိုမှာ 'ဤသည်မှာ ပါဠိတော်၌ မတွေ့ရသော အဆုံးအဖြတ်ဖြစ်၏။ အကယ်၍ ရေကန်ကို တူးလော့ဆိုလျှင် အပ်၏။ နေ

[၁] ဤကျမ်း၊ စာ - ၂၇၃ ကို ရှုပါ။
[၂] ဝိ ၂၊ ၄၉။ ယော ပန ဘိက္ခု ပထဝိံ ခဏေယျ ဝါ ခဏာပေယျ ဝါ ပါစိတ္တိယံ။



ရာတစ်ခုကို တူးမှသာလျှင် ရေကန်ဟုခေါ်၏။ သို့ဖြစ်၍ ယင်းသည် သင့်လျော်သော အသုံးအနှုန်းဖြစ်၏။ ရေတွင်းကို တူးလော့၊ ရေအိုင်ကို တူးလော့၊ ချောက်ကို တူးလော့ဟု ဆိုရာ၌လည်း ဤစည်းကမ်းအတိုင်းဖြစ်၏။ သို့ရာတွင် ဤနေရာကို တူးလော့၊ ဤနေရာ၌ ရေကန်ကို တူးလော့ဟုဆိုလျှင် မအပ်။ သစ်ဥကို တူးလော့၊ သစ်မြစ်ကို တူးလော့ဟု နေရာမညွှန်းဘဲဆိုလျှင် အပ်၏။ ဤနွယ်ပင်ကို တူးလော့၊ ဤနေရာ၌ရှိသော ဤသစ်ဥ သို့မဟုတ် ဤသစ်မြစ်ကို တူးလော့ဟု ဆိုလျှင် မအပ်[၁]။ ဤသည်မှာ အခက်အခဲကို ကျော်လွှားရန် စကားလုံးများကို လှည့်စားလိုက်ခြင်းသာဖြစ်သည်။

ရေလှောင်ကန်များသည် ဘုန်းကြီးကျောင်းတိုက်များအတွက် အတော်အတန် ကောင်းမွန်သော ဝင်ငွေအနေဖြင့် ထောက်ပံ့မှုတစ်ရပ်ဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် အဋ္ဌကထာ[၂]အလိုအရ အလှူရှင်က ကပ္ပိယဝေါဟာရဖြင့် လှူဒါန်းမှသာ သံဃာသည် ရေလှောင်ကန်ကို လက်ခံကောင်းသည်။ အကယ်၍ 'တပည့်တော်သည် ရေလှောင်ကန်ကို လှူပါ၏'ဟုသာဆိုလျှင် ယင်းရေလှောင်ကန်ကို အလှူမခံကောင်းချေ။ ပစ္စည်းလေးပါးကို ရရှိရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းပါက သံဃာသည် ရေလှောင်ကန်ကို အလှူခံနိုင်သည်။ ရေလှောင်ကန်များကို ဘုန်းကြီးကျောင်းတိုက်များသို့ လှူဒါန်းကြောင်း ဖော်ပြသည့် ကျောက်စာအချို့တွင် ယင်းအစဉ်အလာနှင့်အညီ ပစ္စည်းလေးပါးအတွက် ရည်မှတ်၍ သံဃာတော်အား ယင်းရေလှောင်ကန်များကို လှူဒါန်းကြောင်း ဖော်ပြသည့် အမှန်တကယ် လိုအပ်သည့် စကားလုံးများ ပါဝင်သည်[၃]။

[၁] ဝိ-ဋ္ဌ ၃၊ ၂၁။ အယံ ပါဠိမုတ္တကဝိနိစ္ဆယော - ပေါက္ခရဏိံ ခဏာတိ ဝဒတိ၊ ဝဋ္ဋတိ။ ခဏာယေဝ ဟိ ပေါက္ခရဏီ နာမ ဟောတိ။ တသ္မာ အယံ ကပ္ပိယဝေါဟာရော။ ဧသေဝ နယော ဝါပိံ တဠာကံ အာဝါဋံ ခဏာတိ အာဒီသုပိ။ ဣမံ ဩာသံ ခဏ၊ ဣမသ္မိံ ဩကာသေ ပေါက္ခရဏိံ ခဏာတိ ဝတ္တုံ ပန န ဝဋ္ဋတိ။ ကန္ဒံ ခဏ၊ မူလံ ခဏာတိ အနိယမေတွာ ဝတ္တုံ ဝဋ္ဋတိ။ ဣမံ ဝလ္လိံ ခဏ၊ ဣမသ္မိံ ဩကာသေ ကန္ဒံ ဝါ မူလံ ဝါ ခဏာတိ ဝတ္တုံ န ဝဋ္ဋတိ။
[၂] ဝိ-ဋ္ဌ ၃၊ ၂၀။
[၃] *e.g.,* EZ. I, p. 211, Pālumäkiccāva Inscription of Gajabāhu I (174-196 A.D.).

အား ကိုးကွယ်ရာအဖြစ် ခန့်အပ်ထားခဲ့သလား၊ ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်ပြီး နောက် သံဃာသည် နောက်ဆုံးအဖြစ် မည်သူ့ကို စဉ်းစားသနည်းဟု မေးမြန်းသည်။ အရှင်အာနန္ဒာ၏ အဖြေမှာ ပဋိသေဓပင်ဖြစ်သည်။

ထို့နောက် ဝန်ကြီးချုပ်က ဤသို့ မှတ်ချက်ပြုသည် 'အရှင်ဘုရား အာနန္ဒာ၊ ကိုးကွယ်ရာမရှိခဲ့လျှင် (အပ္ပဋိသရဏေ) သံဃာညီညွတ် ရေး အတွက် အခြေခံကား အဘယ်ပါနည်း (ကော ဟေတု သာမဂ္ဂိယာ)'။

အရှင်အာနန္ဒာက 'ပုဏ္ဏား၊ ငါတို့မှာ ကိုးကွယ်ရာမရှိသည် မ ဟုတ်။ ငါတို့မှာ ကိုးကွယ်ရာ ရှိ၏။ ယင်းမှာ ဓမ္မဖြစ်၏'ဟု ဖြေသည်[၁]။

နိုင်ငံတော် ဝန်ကြီးချုပ်က အဖွဲ့အစည်းနှင့် ပတ်သက်သည့် ယင်း မြင့်မြတ်သည့် သဘောလက္ခဏာကို နှစ်သက်ရန် စွမ်းရည်မရှိကြောင်း မြွက်ဟသောအခါ အရှင်အာနန္ဒာက ရှင်းလင်းချက်ပေးသည် 'ရဟန်း တော်များအတွက် ဗုဒ္ဓရှင်တော်မြတ် ချမှတ်ထားသည့် ဝိနယစည်း ကမ်းများရှိပြီး ပါတိမောက်ကို ပြဋ္ဌာန်းထားပြီးပါပြီ (ပါတိမောက္ခံ ဥဒ္ဒိဋ္ဌံ)။ တစ်စုံတစ်ခုသော ပထဝီဧရိယာအတွင်း နေထိုင်ကြသည့် ရဟန်းတော်များသည် ဥပေါသထနေ့များ၌ အားလုံး စုဝေးကြပြီး အလှည့်ကျသူ ရဟန်းတော်တစ်ပါးကို ယင်းဝိနယကို ရွတ်ဆိုရန် တောင်းပန်၏။ ထိုရွတ်ဆိုမှုအတွက် မည်သည့်ရဟန်းမဆို ချိုးဖောက်မှု ကို ကြေညာလျှင် အခြားရဟန်းတော်များသည် ထိုရဟန်းတော်အား ဓမ္မနှင့်အညီ ဆောင်ရွက်၏။ မည်သူကမျှ ထိုရဟန်းအား ယင်းကို ပြုလုပ်ရန် မတိုက်တွန်းဘဲ ယင်းကို ပြုလုပ်ရန် ဓမ္မကသာ ပြု၏'။

ထိုအခါ ဝန်ကြီးချုပ်က နောက်ထပ် မေးခွန်းတစ်ခု ထပ်မေးသည် 'အရှင်ဘုရား အာနန္ဒာ၊ ယခုအခါ အရှင်ဘုရား ရိုသေသော၊ ပူဇော် သော၊ ကြည်ညိုသော၊ လေးစားသော၊ ပြီးလျှင် အရှင်ဘုရား မှီခို အားထား သော ရဟန်းတော်တစ်ပါး ရှိပါသလား'။

အရှင်အာနန္ဒာက ယင်းမေးခွန်းကို ရှိပါကြောင်း ဖြေကြားသော အခါ ဝဿကာရသည် ဝေခွဲမရဖြစ်သွားသည်။ ဝန်ကြီးချုပ်က ဤသို့ အံ့သြစွာဆို၏ 'အရှင်ဘုရားကို တပည့်တော်က ဗုဒ္ဓကဖြစ်စေ သို့ တည်းမဟုတ် သံဃာကဖြစ်စေ ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်ပြီးနောက် မည်

[၁] ဤကျမ်း၊ စာ- ၃၁၁။



မှာ သဘာဝပင်ဖြစ်သည်။ သို့တစေ ရဟန်းတော်များသည် လူတိုင်းကို တစ်ယောက်ချင်းစီ ဆေးကုသရန် မမျှော်လင့်ကြချေ။ သို့တိုင်အောင် ရဟန်းတော်များသည် မိမိတို့အနေဖြင့် ဆေးပညာကို မတတ်မြောက် ကြောင်း ပြောကြားခြင်းလည်းမရှိ၊ လူအများအား လှည့်ပြန်သွားရန် လည်း မငြင်းဆိုကြချေ။ နားလည်မှုဖြင့် လုပ်ဆောင်ရသည့် အခြေ အနေသို့ ဆိုက်လာသည်။

အကယ်၍ ဥပါသကာ တစ်ယောက်သည် ရဟန်းတော်တစ်ပါး အား လူနာကို ကုသရန် တောင်းပန်ပါက ယင်းတောင်းပန်ချက်ကို အသိအမှတ်ပြုမည် မဟုတ်ချေ။ ရဟန်းတော်တစ်ပါးထံ ဆေးဖက် အကြံပြုမှု ရယူလိုပါက လူဥပါသကာသည် ကပ္ပိယဝေါဟာရကို နား လည်ရမည်။ အကယ်၍ ဥပါသကာတစ်ယောက်သည် ရောဂါတစ်ခု အတွက် မည်သည့်ဆေးဝါးကို ပေးရမည်ဆိုသည်ကို ရဟန်းတစ်ပါးထံ စုံစမ်းမေးမြန်းလျှင် ယင်းဥပါသကာအား ပြောပြကောင်းသည်။ ဥပါ သကာက 'အရှင်ဘုရား၊ တပည့်တော်၏ မိခင်သည် နာမကျန်း ဖြစ် နေပါ၍ ဆေးညွှန်းပေးပါဘုရား'ဟုဆိုလျှင် ထိုပုဂ္ဂိုလ်အား တစ်စုံ တစ်ရာ ပြန်မပြောကောင်းချေ။ သို့ရာတွင် ရဟန်းက ရဟန်းတစ်ပါး သင့်မိခင်၏ ရောဂါမျိုး ခံစားနေရစဉ် ဤမည်သောဆေးကို ပေးဖူး ကြောင်း ရဟန်းကစတင်၍ ဒကာအား ပြောကြားကောင်းသည်။ ဥပါ သကာက ရဟန်းပြောပြသည်ကို နားထောင် မှတ်သားပြီး မိခင်အား ထိုနည်းအတိုင်း ကုသပါက အပြစ်မရှိ[၁]။

သမန္တပါသာဒိကာ၌ ဖော်ပြသည့် စိတ်ဝင်စားဖွယ် ဖြစ်ရပ်တစ်ခု ကို သရုပ်ဖော်သည့်အနေဖြင့် ဖော်ပြနိုင်ဖွယ်ရှိသည်။ ဝသဘမင်း (အေဒီ ၁၂၇-၁၇၁)၏ မိဖုရား နေထိုင်မကောင်း ဖြစ်သောအခါ အမျိုး သမီးတစ်ယောက်သည် မဟာပဒုမထေရ်ထံ သွားရောက်ပြီး ကုသ မည့်ဆေးကို ညွှန်ကြားပေးရန် တောင်းပန်သည်။ သို့တစေ ဝိနယ ကျွမ်းကျင်သူ အရှင်မြတ်သည် ဆေးပညာကို မတတ်ကျွမ်းဟု မဆိုဘဲ အထက်တွင် ဖော်ပြသည့် နည်းအတိုင်း အခြားရဟန်းတော်များနှင့် စ ကားစမြည် ပြောသည်။ အမျိုးသမီးသည် ထိုစကားစမြည် ပြောဆိုခြင်း

[၁] ယင်း၊ ၆၇။

မှ ဆေးနည်းကို သိသွားပြီး ယင်းဆေးကို လူနာအား စီမံပေးခဲ့သည်။ မိဖုရားကြီး ကျန်းမာသွားသောအခါ ၎င်းတို့သည် ကဟာပဏ ၃၀၀ နှင့်အတူ သင်္ကန်းသုံးစုံကို ဆောင်ယူခဲ့ကြပြီး ယင်းတို့ကို မထေရ်၏ရှေ့တွင် ချထားပြီး 'အရှင်ဘုရား၊ ဤအလှူငွေများကို ပန်းအလှူအတွက် အသုံးပြုပါ'ဟု လျှောက်ထားသည်။ မဟာပဒုမထေရ်သည် ယင်းသည် ဆရာလုပ်သူ၏ အဖို့ဘာဂ (အာစရိယဘာဂ)[၁] ဖြစ်၏ ဆင်ခြင်လျက် ယင်းဝတ္ထုငွေကို လက်ခံစေပြီး ပန်းပူဇော်ရာ၌ အသုံးပြုရန် ညွှန်ကြားတော်မူသည်[၂]။

အပေါ်တွင် ထုတ်ဖော်ပြခဲ့သည့် ယင်းသို့သော ပုံစံများသည် စီးပွားရေး လူမှုရေး ပြောင်းလဲမှု၏ ရလာဒ်အဖြစ် ပုံစံသစ်ဖြင့် ဘုန်းကြီးကျောင်းဘဝ တိုးတက်ခဲ့ပုံကို သရုပ်ဖော်ကြသည်။ သီဟိုဠ်နိုင်ငံ၏ နိုင်ငံတော် ဘာသာဖြစ်လာသည့် အကျိုးဆက်ကြောင့် ရဟန်းတော်များသည် လူမှုရေး နိုင်ငံရေးကိစ္စရပ်များ၌ စိတ်ဝင်စားလာကြပုံကို ဖော်ပြပြီး အခန်းများ၌ တွေ့ခဲ့ရပြီးဖြစ်သည်။

---

[၁] အာစရိယဘာဂ ဟူသည်ကို အမှုဆောင်ပေးခြင်းအတွက် ကျေးဇူးအထိမ်း အမှတ် အနေဖြင့် ယူဆနိုင်သည်။
အခါတစ်ပါး၌ ပုဏ္ဏားအိုတစ်ယောက်သည် ဗုဒ္ဓရှင်တော်မြတ်၏ အကြံအစည် အတိုင်း ဆောင်ရွက်ခြင်း၌ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုတွင် အောင်မြင်မှုရသွားပြီး ရှင်တော်မြတ်၏ အကြံပြုမှုအတွက် အာစရိယဘာဂအနေဖြင့် ဗုဒ္ဓအား သင်္ကန်းတစ်စုံ လှူဒါန်းရာတွင် ဗုဒ္ဓရှင်တော်မြတ်က ယင်းသင်္ကန်းကို အလှူခံသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သံယုတ္တနိကာယ်၌ အသုံးပြုထားသော ဝေါဟာရမှာ အာစရိယဘာဂ ဖြစ်ခြင်းမှာ ထူးခြားသည် (သံ ၁၊ ၁၇၉)။

[၂] မဟာပဒုမမထေရ်၏ ယင်းဝတ္ထုငွေကို လက်ခံခြင်းမှာ ဝိနည်း ရူပိယသိက္ခာပုဒ်နှင့် ဆန့်ကျင်သည်။ ယင်းသိက္ခာပုဒ်အရ ရဟန်းသည် ရွှေကိုဖြစ် စေ ငွေကိုဖြစ်စေ အပ်နှံသည်ကို ကိုယ်တိုင်လည်း လက်မခံရ၊ သူများကိုလည်း လက်မခံစေရ။ ယော ပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ၊ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ၊ ပါစိတ္တိယံ (ဝိ ၁၊ ၃၄၅)။ ယင်းထင်ရှားသည့် ဝိနည်းစည်းကမ်းကို ဖောက်ဖျက်မှုကို မဟာပဒုမ မထေရ်သည် ဥတ္တရရာဇပုတ္တ ပေးပို့လိုက်သည့် ရွှေစေတီ (သုဝဏ္ဏစေတိယ) ကို လက်ခံရန် မသင့်လျော်သဖြင့် ငြင်းဆိုသည့် အယူအဆဖြင့် စဉ်းစားသင့်သည် (ဝိ-ဋ ၂၊ ၁၃၀)။ မထေရ်မြတ်သည် ဝိနည်းတွင် အလွန်ကျွမ်းကျင်သူအဖြစ် ထင်ရှားသည်။



အုပ်ချုပ်ရေးပိုင်းနှင့် ပတ်သက်၍ သံဃနာကယဆရာတော် သို့မဟုတ် သီဟိုဠ်တစ်ကျွန်းလုံးရှိ သံဃာတော်များကို ထိန်းချုပ်မည့် ဗဟိုသံဃာ့အဖွဲ့တစ်ခု မရှိချေ။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် သံဃာတော်အား အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို ထုတ်ပြန်မည့် အဆင့်မြင့် အာဏာပိုင်အဖွဲ့ မရှိချေ။ သံဃာ့ခေါင်းဆောင် သို့မဟုတ် သံဃနာယက ထားရှိခြင်းမှာ ဗုဒ္ဓတရားတော်၏ မူလအနှစ်သာရကို ဆန့်ကျင်သည်။ သံဃာ့အဖွဲ့ကို ဒီမိုကရေစီနည်းကျ ဖွဲ့စည်းထားကြောင်း တွေ့ခဲ့ရပြီးဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်သည် ပျံလွန်တော် မမူမီ အချိန်ကလေးတွင် အနီးကပ်ပြုစု စောင့်ရှောက်သူအား 'အာနန္ဒာ၊ သင်တို့သည် ဤသို့ စဉ်စားလိမ့်မည်။ ဓမ္မသည် ဆရာမရှိတော့ချေ။ ငါတို့မှာ ဆရာ မရှိတော့ချေ။ သို့တစေ အာနန္ဒာ၊ သင်တို့သည် ထိုသို့ မစဉ်းစားသင့်။ ငါဘုရားဟောကြားသည့် ဓမ္မနှင့် ဝိနယသည် ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သင်တို့၏ ဆရာဖြစ်လိမ့်မည်[၁]။ ယင်းသို့ဖြင့် ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်ပြီးနောက် သံဃာတော်သည် ဓမ္မကို ယင်းဆရာအဖြစ် သတ်မှတ်ပြီး တစ်သီးပုဂ္ဂလ အနေဖြင့် မရှိခဲ့ချေ။

ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်ပြီးနောက် လအနည်းငယ်အကြာတွင် အရှင်အာနန္ဒာနှင့် မဂဓနိုင်ငံ ဝန်ကြီးချုပ် ဝဿကာရတို့ ပြောကြားခဲ့သည့် ပညာသားပါပြီး သံဃာအဖွဲ့အစည်းနှင့် သံဃာ့အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အရိုန်အဝါရှိသည့် ဗုဒ္ဓဝါဒသဘောထားကို ရှင်းလင်းဖော်ပြသည့် ဆွေးနွေးပြောဆိုမှုတစ်ရပ်ကို တွေ့ရသည်။

ဝဿကာရသည် အရှင်အာနန္ဒာအား ဗုဒ္ဓသည် မည်သည့် ရဟန်းအား ကိုးကွယ်ရာ (ပဋိသရဏ)အဖြစ် ခန့်အပ်ထားခဲ့သလား၊ ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်ပြီးနောက် သံဃာသည် မည်သူ့အား ယခုအခါ နောက်ဆုံး အနေဖြင့် စဉ်းစားသနည်း (ဧတရဟိ ပဋိဓာဝေယျာထ)ဟု စုံစမ်းမေးမြန်းသည်။ အရှင်အာနန္ဒာက 'ထိုသို့ လုပ်ခြင်းမရှိပါ'ဟု ဖြေသည်။ ထိုအခါ ဝဿကာရအမတ်က သံဃာတော်သည် မည်သည့် ရဟန်း

---

[၁] သိယာ ခေါ ပနာနန္ဒ တုမှာကံ ဧဝံ အဿ 'အတီတသတ္ထုကံ ပါဝစနံ၊ နတ္ထိ နော သတ္ထာ'တိ။ န ခေါ ပနေတံ နာနန္ဒ ဧဝံ ဒဋ္ဌဗ္ဗံ။ ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ (ဒီ ၂၊ ၁၂၈)။

သည့် ရဟန်းအား ကိုးကွယ်ရာ (ပဋိသရဏ)အဖြစ် ခန့်အပ်ထားခဲ့သနည်း’ မေးမြန်းသောအခါ အရှင်ဘုရားက ‘ထိုသို့ လုပ်ခြင်းမရှိပါ’ဟု ဖြေပါ၏။ ယခုတစ်ဖန် တပည့်တော်က ‘အရှင်ဘုရား ရိုသေသော၊ ပူဇော်သော၊ ကြည်ညိုသော၊ လေးစားသော၊ ပြီးလျှင် အရှင်ဘုရား မှီခိုအားထားသော ရဟန်းတော်တစ်ပါး ရှိပါသလား’ဟု မေးမြန်းသောအခါ အရှင်ဘုရားက ‘ရှိပါသည်’ဟု ဖြေ၏။ တပည့်တော် အရှင်ဘုရား ဖြေကြားသည်ကို မည်သို့ နားလည်ရပါမည်နည်း။

အရှင်အာနန္ဒာက ရှင်ပင်ဗုဒ္ဓသည် ယုံကြည်မှုကို ရရှိစေသည့် အရည်အသွေးဆယ်မျိုး (ဒသ ပသာဒနိယာ ဓမ္မာ)[၁] ကို ဟောကြားတော်မူခဲ့ပြီး ရဟန်းတော်တစ်ပါး၌ ယင်းဆယ်မျိုးကို တွေ့ရှိမူ သံဃာတော်သည် ထိုရဟန်းတော်အား ရိုသေရမည်၊ ပူဇော်ရမည်၊ ကြည်ညိုရမည်၊ လေးစားရမည်၊ ပြီးလျှင် ထိုရဟန်းတော်အား မှီခိုအားထားရမည်ဟု ရှင်းပြတော်မူသည်။

ဝဿကာရသည် အရှင်အာနန္ဒာ ရှင်းပြသည်ကို နှစ်သက်ပါကြောင်း မြွက်ဆိုသည်[၂]။

ဝဿကာရမေးသည်ကို အရှင်အာနန္ဒာ၏ ဖြေကြားချက်များသည် သံဃာဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ ခိုင်လုံသော ရှင်းလင်းချက်ဖြစ်သည်။ နံပါတ်တစ်၊ သံဃာ၏ ခေါင်းဆောင် သို့မဟုတ် နာယက မရှိ။ သို့တစေ သံဃာသည် သီလ ပညာနှင့် ကြားမြင်သုတများသည့် မည့်သည့် ရဟန်းကိုမဆို အမြဲတမ်း ရိုသေလိုက်နာလိမ့်မည်။ နံပါတ်နှစ်၊ လုပ်ပိုင်ခွင့်နှင့် အာဏာကို ဗဟိုမပြု။ ရဟန်းတော်များသည် နေရာဒေသအသီးသီး၌ အုပ်စုငယ်များဖွဲ့၍ စည်းလုံးမှုနှင့် စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းကြသည်။ သံဃာဟူသည် ရဟန်းတော်

---

[၁] အရည်အသွေး ဆယ်မျိုးမှာ ၁။ သီလဝါ = သီလနှင့် ပြည့်စုံခြင်း ၂။ ဗဟုဿုတော = ကြားမြင်သုတများခြင်း ၃။ သန္တုဋ္ဌော = ရောင့်ရဲ လွယ်ခြင်း ၄။ ဈာနလာဘီ = ဈာန်လေးပါးကို ရခြင်း ၅။ ဣဒ္ဓိမာ = တန်ခိုးနှင့် ပြည့်စုံခြင်း ၆။ ဒိဗ္ဗသောတံ = ဒိဗ္ဗသောတ အဘိညာဏ်ရခြင်း ၇။ ပရစိတ္တဝိဇာနနာ = သူတစ်ပါးစိတ်ကို သိခြင်း ၈။ ပုဗ္ဗေနိဝါသာနုဿတိ = ရှေးဘဝခန္ဓာကို သတိရခြင်း ၉။ ဒိဗ္ဗစက္ခု = ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရခြင်း ၁၀။ ရဟန္တာ ဖြစ်ခြင်း

[၂] မ ၃၊ ၅၈ (ဂေါပက မောဂ္ဂလ္လာနသုတ်)။

များ၏ အစုအပေါင်းဟု အဓိပ္ပာယ်ရပြီး အနည်းဆုံး ရဟန်းလေးပါး အုပ်စုတစ်ခု ဖွဲ့မိလျှင် ယင်းအုပ်စုသည် သံဃာကို ကိုယ်စားပြုရန် အခွင့်အာဏာရှိပြီး အခြားအုပ်စုများကို အမှီအခိုမပြုဘဲ အချို့သော ဝိနည်း ကိစ္စများကို ဆောင်ရွက်နိုင်သည်[၁]။

သို့ရာတွင် ယင်းအုပ်စုများ၌ ကိုယ်ပိုင်သွင်ပြင် မူဝါဒမရှိ။ ၎င်းတို့နေထိုင်ရာ ဒေသတိုင်းတွင် ရဟန်းတော်များအား လိုက်နာကျင့်သုံးသည့် တူညီသော ဝိနယစည်းမျဉ်းများကို လိုက်နာကြသည်။ နေရာဒေသ အသီးသီး၌ အုပ်စုအမျိုးမျိုးသည် ဝိနည်းတော်မှာ လာရှိသည့်အတိုင်း ၎င်းတို့၏ မှုခင်းများ အငြင်းပွားမှုများကို ကြားနာကြသည်။ ကြားမြင်သုတရှိ၊ သီလနှင့် ပြည့်စုံပြီး ပညာရှိသည့် မထေရ်ကြီးကို ထိုအစည်းအဝေး သို့မဟုတ် အုပ်စု သို့မဟုတ် အခမ်းအနား၏ အကြီးအမှူးအဖြစ် ခန့်အပ်သည်။ အကယ်၍ နေရာဒေသ အသီးသီးမှ အုပ်စုနှစ်ခု သို့မဟုတ် အုပ်စုအများကြီး စည်းရုံးကြလျှင်မူ သံဃာတော်များအားလုံးသည် ထိုအခမ်းအနားအတွက် အကြီးအမှူးတစ်ယောက်၏ (ဦးဆောင်မှု)အောက်၌ အလိုအလျောက် စုစည်းကြသည်။ မည်သည့် အတင်းအကြပ်တိုက်တွန်းမှုမှမရှိဘဲ အားလုံးမှာ မိမိဆန္ဒအလျောက်သာဖြစ်သည်။ ဗုဒ္ဓဓမ္မရေးရာ အတွေးအမြင်နှင့် လေ့ကျင့်အားထုတ်မှုတို့၌ သံဃာတော်များအကြား သဘောထားကွဲလွဲမှု ပေါ်ပေါက်လာမူ အလွန်အဆင့်မြင့် တန်ဖိုးထားသည့် သံဃာတော်များ၏ ညီညွတ်မှုကို နှောင့်ယှက်ပြီး ယင်းနောက်တွင် ဂိုဏ်းဂဏ အမျိုးမျိုး နိကာယအမျိုးမျိုး ပေါ်ပေါက်လာမှုများ ဖြစ်ပေါ်လာသည်။

အနုရာဓပုရခေတ်အတွင်း သီဟိုဠ်ရဟန်းတော်များသည် တစ်စုံတစ်ရာ အဓိကပြောင်းလဲမှုများမရှိဘဲ တူညီသည့် အစဉ်အလာကျင့်စဉ်ကို လိုက်နာကျင့်သုံးခဲ့ကြသည်မှာ ထင်ရှားသည်။

ရှေးခေတ်သီဟိုဠ်တွင် ဗဟိုဌာနနှစ်ခုစီတို့၌ တစ်နှစ်လျှင် နှစ်ကြိမ် ဝါမဆိုမီနှင့် ဝါဆိုပြီးနောက် သံဃာစုဝေးမှုကြီး နှစ်ကြိမ်ရှိခဲ့သည်။ ဗဟိုဌာန နှစ်ခုအနက် တစ်ခုမှာ အနုရာဓပုရမြို့တော်ရှိ မဟာဝိဟာရကျောင်းတိုက်ဖြစ်ပြီး နောက်တစ်ခုမှာ ရောဟဏအရပ်ရှိ တိဿမဟာ

[၁] သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတ္တာရော ဘိက္ခူ ပကတတ္တာ (ပါတိမောက်)။



ဝိဟာရ ကျောင်းတိုက် ဖြစ်သည်။ မဟာဝါလိဂင်္ဂါ (Mahaväli-gañga) မြစ်၏ မြောက်ဖက်၌ သီတင်းသုံးကြသော ရဟန်းတော်များသည် မဟာဝိဟာရကျောင်းတိုက်၌ စည်းဝေးကြပြီး ယင်းမြစ် တောင်ဖက်၌ သီတင်းသုံးကြသော ရဟန်းတော်များသည် တိဿမဟာဝိဟာရ ကျောင်းတိုက်၌ စည်းဝေးကြသည်။ ယင်းအစည်းအဝေး၏ ရည်ရွယ်ချက်မှာ များစွာရှိသည်။ ဝါမဆိုမီ စည်းဝေးကြခြင်းမှာ စေတီတော်အား သန့်ရှင်းရန်နှင့် ထုံးသုတ်ရန်အပြင် ကမ္မဋ္ဌာန်းတရားရယူရန် ထင်ရှားသည့် မထေရ်ကြီးများအား တွေ့ဆုံရန်ဖြစ်သည်။ သီတင်းကျွတ်ပြီးနောက် တွေ့ဆုံကြခြင်းမှာ ဝါတွင်းကာလအတွင်း မိမိတို့၏ စိတ်ပိုင်းဘဝ လေ့ကျင့်အား ထုတ်မှု အခြေအနေကို ပြောဆိုရန်အပြင် ၎င်းတို့သင်ယူထားသည့် ဓမ္မကိုရွတ်ဆိုရန်နှင့် ပြန်လည်တည်းဖြတ်ညှိနှိုင်းရန်လည်း ဖြစ်သည်။ ထိုအချိန်ကာလများ၌ မိမိတို့၏ သံသယများကို ကျွမ်းကျင်သူများနှင့် ခက်ခဲသည့် အစိတ်အပိုင်းများကို ဆွေးနွေးခြင်းဖြင့် သံသယကင်းရှင်းစေသည့် အခွင့်အလမ်းရရှိကြခြင်း ဖြစ်သည်။ တစ်နှစ်လျှင် နှစ်ကြိမ် အစည်းအဝေးကြီး နှစ်ရပ်ကို ကျင်းပသည့်အလေ့မှာ ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှား ရှိစဉ်ကပင် စတင်ခဲ့သည်မှာ ထင်ရှားသည်[၁]။

[၁] ဒီ-ဋ ၂၊ ၁၇၂။

00000000

သုံး (ဘုံ) ဆွမ်းစားဆောင်များ ရှိကြသည်။ ထောင်ပေါင်း များစွာသော ရဟန်းတော်များသည် ထိုနေရာသို့ဆွမ်းရယူရန် သွားရောက်ကြသည်။

ဖာဟီယန်၏ မျက်မြင်မှတ်တမ်းတွင် ဤသို့ဖော်ပြသည် 'ရဟန်းတော်များသည် ၎င်းတို့၏ အစားအစာကို အများသုံးနေရာများမှ ရရှိကြ၏။ ထို့ပြင် ဘုရင်မင်းတရားသည် မြို့တော်အတွင်း အခြားနေရာများတွင် ငါးထောင်ခြောက်ထောင်မကသော ရဟန်းတော်များအတွက် အများသုံး ဆွမ်းအထောက်အပံ့ကို ပြင်ဆင်ထား၏။ ဆွမ်း အလိုရှိသောအခါ ရဟန်းတော်များသည် သပိတ်ကိုယူလျက် ဆွမ်းလောင်းလှူသည့်နေရာသို့ သွားပြီး သယ်ယူနိုင်သလောက် ရယူကာ အပြန်တွင် သပိတ်များ အပြည့်ဖြစ်၏'[၁]။

ရာစုနှစ် နှစ်ခုလွန်ပြီးနောက် ဟူယင်ဆန်က ၎င်းကြားခဲ့ရသည့် အချက်ကို အောက်ပါအတိုင်း ရေးသားသည် 'ဘုရင့်နန်းတော်ဘေးတွင် ချက်ပြုတ်ဆောင်ကြီးဆောက်ထားပြီး ယင်းအဆောင်မှ ရဟန်းရှစ်ထောင်အတွက် အစားအစာကို ဝေငှလောင်းလှူ၏။ ဆွမ်းစားချိန်ရောက်လာသောအခါ ရဟန်းတော်များသည် သပိတ်များဖြင့် မိမိ၏ ဆွမ်းဝေစုကိုရယူရန် ကြွရောက်လာကြ၏။ ဝေစုရပြီး ဆွမ်းဘုဉ်းပေးပြီးနောက် ၎င်းတို့အားလုံး မိမိတို့၏ နေရာအသီးသီးသို့ ပြန်သွားကြ၏။ ထိုနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိချိန်မှစပြီး ဘုရင်မင်းသည် ယင်းသို့ လှူဒါန်းမှုကိုပြုပြီး နှောင်းခေတ် ဘုရင်မင်းများသည်လည်း ငါတို့ခေတ်တိုင်အောင် ဆက်လက် ဆောင်ရွက်ခဲ့ကြသည်'[၂]။

ရသဝါဟိနီကျမ်း၌ ကျောင်းတိုက်ကြီးငါးခုမှ ရဟန်းများနှင့် ရဟန်းမိန်းမများသည် ဆွမ်းအတွက် မဟာပါဠိ (ဆွမ်းစားဆောင်)၌ စုဝေးကြကြောင်းဆိုသဖြင့် တရုတ်ဘုရားဖူးရဟန်းတော်များ၏ အဆိုကို ထောက်ခံသည်[၃]။

ရဟန်းတော်များအနေဖြင့် ဆွမ်းစားဆောင်သို့ လမ်းလျှောက်ရန်နှင့် ဆွမ်းစားဆောင်မှပြန်ရန်၊ ဆွမ်းလောင်းလှူသည့်နေရာ၌ မိမိတို့ အလှည့်ကို စောင့်ဆိုင်းရန် ရဟန်းတော်များ အသုံးပြုရသည့်အချိန်မှာ

---

[၁] Fa Hien, p. 105.

[၂] Hiuen Tsiang Bk, XI, p. 250.

[၃] ရသဝါဟိနီ ၂၊ ၅၁။

အခန်း ၁၁

# ရဟန်းတော်များ၏ လူမှုဘဝ ၂ လှုပ်ရှားမှုများ

အရပ်ဒေသအမျိုးမျိုးတွင် ပြန့်ကျဲနေသည့် ရည်ညွှန်းချက် အပိုင်းအစများအရ ရှေးခေတ်သီဟိုဠ်၌ ရဟန်းတော်များ နေထိုင်ခဲ့သည့် ကောင်းမွန်သည့် ဘဝရုပ်ပုံလွှာကို ရနိုင်သည်။

## နေ့စဉ် လုပ်ငန်းများ[၁]

ရဟန်းတော်များသည် များသောအားဖြင့် နံနက်စောစော နေမထွက်မီတွင် အိပ်ရာမှ ထလေ့ရှိကြသည်။ ယင်းနောက် စတုရာရက္ခဟုခေါ်သည့် ကမ္မဋ္ဌာန်းလေးမျိုးကို ဆင်ခြင်ကြသည်။ ယင်းတို့မှာ ဗုဒ္ဓါနုဿတိ၊ မေတ္တာဘာဝနာ၊ အသုဘာနုပဿနာနှင့် မရဏာဿတိတို့ဖြစ်သည်။ ယင်းအစဉ်အလာသည် အနည်းဆုံး အေဒီ ၁၀ ရာစုထိ မဟိန္ဒလေ့၌ လိုက်နာကျင့်သုံးခဲ့ကြောင်း သိရသည်။ အေဒီ ၁၀ ရာစုမတိုင်မီနှင့် ယင်းနောက်ပိုင်း ကာလများတွင် အခြားနေရာများ၌ ယင်းအစဉ်အလာမရှိဟု မဆိုနိုင်ချေ။ အကြောင်းမူ ယင်းအစဉ်အလာသည် ယနေ့ခေတ်တိုင် သံဃာတော်များအကြား ဆင်းသက်ခဲ့သောကြောင့် ဖြစ်သည်။

ထိုသို့ ခပ်မြန်မြန် ကမ္မဋ္ဌာန်းရှုမှတ်မှုပြီးနောက် ရဟန်းတော်များသည် သွားတိုက်မျက်နှာသစ်ခြင်းပြု၍ ၎င်းတို့၏ သာသနာရေးတာဝန်များကို ဆောင်ရွက်ကြသည်။ အချို့သော အဋ္ဌကထာ မှတ်တမ်းများ

---

[၁] မဟိန္ဒလေ့ရှိ စတုတ္ထမဟိန္ဒမင်း၏ ကျောက်စာများ။ အံ-၄ ၂၊ ၈၆။ မ-၄ ၁၊ ၁၂၈။

အရ နံနက်စောစောတွင် ကျောင်းတိုက်ဝင်းနှင့် ပတ်ဝန်းကျင်တွင် တံမြက်လှည်းခြင်း သန့်ရှင်းခြင်းများနှင့် စေတိယင်္ဂဏ ဗောဓိယင်္ဂဏ ဝတ်များပြုခြင်းကဲ့သို့သော ဝတ္တရားများကို ပြုလုပ်ကြသည်။ သို့ရာတွင် စတုတ္ထမဟိန္ဒမင်းလက်ထက် မဟိန္တလေ့ ကျောက်စာတွင် ယင်းကျင့်ဝတ်များကို ဖော်ပြခြင်းမရှိ။ ယင်း၏ ဖော်ပြချက်မှာ ဘာသာရေး ဆောင်ရွက်မှုများပြီးနောက် ရဟန်းတော်များသည် သင်္ကန်းကို သေခိယသိက္ခာပုဒ်နှင့်အညီ ကောင်းစွာပြင်ဝတ်၍ အခန်းသို့သွားပြီး မေတ္တာသုတ်ကို ရွတ်သည်[၁]။ ယင်းနောက် ရဟန်းတော်များသည် ဆွမ်းစားဆောင်သို့ ဆင်းသွားကြပြီး ၎င်းတို့၏ နံနက်စာကို ရယူကြသည်။ အကယ်၍ နာမကျန်းဖြစ်၍ ရဟန်းတော် တစ်ပါးပါးသည် ဆွမ်းခံသည့် အခန်းသို့ မသွားနိုင်ခဲ့လျှင် ဆရာဝန်တို့ ညွှန်ကြားသည့်အတိုင်း ထိုရဟန်းတော်များ၏ အစားအစာ ဝေစုကို ပို့ပေးသည်[၂]။

အင်္ဂုတ္တရအဋ္ဌကထာ[၃]၌လာသည့် နောက်မှတ်တမ်း တစ်ခုအရ အရုဏ်ဆွမ်းအကြောင်းကို လုံးဝ ဖော်ပြခြင်းမရှိ။ သို့တစေ ယင်းမှာ ကမ္မဋ္ဌာန်းရှုမှတ်မှု၌သာ ဘဝကို မြှုပ်နှံထားသည့် ရဟန်းတော်များကို ရည်ညွှန်းသည်မှာ ထင်ရှားသည်။ ထိုရဟန်းတော်များအား ဆွမ်းခံထွက်ရန် ထသည့်အချိန်တိုင်အောင် သမာပတ်နှင့်နေထိုင်ရန် ညွှန်ကြားသည်။ ဆွမ်းကိစ္စပြီးနောက် ညနေချမ်းအချိန် စေတိယင်္ဂဏဝတ်နှင့် အာစရိယဝတ်များကို ဆောင်ရွက်ရမည့်အချိန်ထိ ကမ္မဋ္ဌာန်းထိုင်ရသည်။ ထို့နောက် နေ့၏ပထမယံကို ကမ္မဋ္ဌာန်းထိုင်၍ကုန်လွန်ရသည်။

---

[၁] ဝိက္ကမသယေ် (ပုဂ္ဂိုလ်)၏ met pirit koṭ ဟူသော စကားလုံးများကို 'မေတ္တာစိတ်ဓာတ်ကို လေ့ကျင့်ခြင်းနှင့် ပရိတ်တော်များကို ရွတ်ဖတ်ခြင်း'ဟု ဘာသာပြန်ခြင်းသည် ဗုဒ္ဓဝါဒဆိုင် ဝေါဟာရများနှင့် ရင်းနှီးကျွမ်းဝင်မှု လိုအပ်သောကြောင့်ဖြစ်သည်မှာ ထင်ရှားသည်။ Met- Pirit မှာ သုတ္တနိပါတ်လာ မေတ္တသုတ္တ၏ အခြားအမည်တစ်မျိုးသာ ဖြစ်သည်။ ယင်းသုတ်ကို ပရိတ်ကြီး၌လည်း ထည့်သွင်းထားသည်။ Met-Pirit ဟူသော ဝေါဟာရကို ယင်းသုတ်ကို ပရိတ်ကြီး၌ ထည့်သွင်းသောအခါ အသုံးပြုသည်။

[၂] ဤကျောက်စာ၌ ဒုတိယအကြိမ် သို့မဟုတ် နေ့လယ်စာနှင့် ပတ်သက်၍ ဤကျောက်စာ၌ ဖော်ပြခြင်းမရှိ။

[၃] အံ-ဋ္ဌ ၂။ ၈၆။



ဆွမ်းခံလှည့်ချိန်ကဲ့သို့သော အရေးပါသည့် အချိန်စာရင်းကို စည်သို့မဟုတ် မောင်းတီး၍ ကြေညာသည်။ သို့ဖြင့် ကေလျာဏီ(Kälyāṇi) မဟာဝိဟာရကျောင်းတိုက်၌ အချိန်ကို စည်တီး၍ ကြေညာသည်။ သို့ရာတွင် ဝိဇဂရဂိရိ (Vijagaragiri)ဝိဟာရ၌မူ မောင်းကို ရိုက်ခတ်၍ ကြေညာသည်။ နေ့အခါတွင် အချိန်ကို သတ်မှတ်ရန် ကာလထမ္ဘဟုခေါ်သည့် တိုင် (နေနာရီ ပါသည့်တိုင် ဖြစ်နိုင်သည်) တစ်ခုရှိသည်။ သို့ရာတွင် အချိန်ကို ကောင်းစွာ တိုက်ထားပါက ညအခါမှာပင် ပြောနိုင်သည့် ယာမယန္တ 'နာရီစက်' ဟုခေါ်သည့် ကြိယာတန်ဆာပလာနောက်တစ်မျိုးရှိသေးသည်။ ယင်းစက်ကို နာရီကဲ့သို့ နာရီတိုင်းတွင် ရိုက်ခတ်ရဖွယ်ရှိသည် (ယာမယန္တံ ပဋ္ဌတိ)။ အာရာမ်စောင့် (အာရာမိက)များကိုဖြစ်စေ ရဟန်းတော်အချို့ကိုဖြစ်စေ အချိန်စာရင်း၏ အချိန်အမျိုးမျိုးကို ကြေညာရန် တာဝန်ပေးထားသည်။ ကေလဏိယကျောင်းတိုက်တွင် အာရာမ်စောင့်များက ယင်းတာဝန်ကို ဆောင်ရွက်ပုံရပြီး ဝိဇဂရဂိရိဝိဟာရ၌မူ ကာလဒေဝဟုခေါ်သည့် မထေရ်တစ်ပါးက အထူးသဖြင့် ဝါတွင်းကာလများ၌ မောင်းတီးရန် တာဝန်ယူထားပုံရသည်။ ကာလဒေဝမထေရ်သည် အခြားရဟန်းတော်များနှင့်မတူဘဲ အရှင်မြတ်သည် နာရီစက်ကိုမကြည့်ဘဲ အမြဲတမ်း မောင်းတီးနိုင်သည်အထိ အချိန်မှန်ကိုသိရာ၌ လိမ္မာကျွမ်းကျင်တော်မူကြောင်းသိရသည်။ အရှင်မြတ်သည် မောင်းကိုတီးရန် တီးတံဖြင့် ရပ်လိုက်သောအခါ သို့မဟုတ် မောင်းကို တစ်ချက် သို့မဟုတ် နှစ်ချက် မတီးမီတွင် နာရီစက်လည်း တူညီစွာပင် အသံမြည်သည်။ အရှင်မြတ်သည် ညဥ့်သုံးယမ်ပတ်လုံး ယင်းသို့ အချိန်ကို ကြေညာသည်[၁]။

### အစားအစာ

ရဟန်းတော်တစ်ပါး၏ နေမွန်းမတည့်မီ အချိန်အတော်များများကို နည်းအမျိုးမျိုးဖြင့် ရရှိနိုင်သည့် ဆွမ်းကွမ်းရှာဖွေမှုဖြင့် ကုန်လွန်ရသည်။ မဟာဝိဟာရကျောင်းတိုက်၊ အဘယဂိရိကျောင်းတိုက်နှင့် မဟိန္တလေ့ကဲ့သို့သော ကျောင်းတိုက်ကြီးများနှင့် ဆက်နွယ်နေသည့် အများ

---

[၁] မ-ဋ္ဌ ၁၊ ၁၂၈။

ဝမ်းနုတ်ခြင်းနှင့် အခြားဆေးဝါးများသုံးဆောင်ခြင်းဖြင့် မိမိ၏ ခန္ဓာကိုယ်အား စောင့်ရှောက်ရမည် ဖြစ်သည်။

ဝိသုဒ္ဓိမဂ်[၁]မှ အမှတ်မထင်တွေ့ရသည့် ဖော်ပြချက်အရ အနည်းဆုံး အေဒီ ၅ ငါးရာစုခန့်တွင် ရဟန်းတော်အချို့နေထိုင်သည့် နေရာများမှာ တစ်ခါတစ်ရံ အလွန်ညစ်ပတ်ကြောင်း သိရသည်။ ကော်ဇောများမှာ ဖုန်များဖြင့် ပြည့်နှက်နေပြီး ပုတ်သင် ကင်းလိပ်တို့၏ ချေးများ မကျစေရန် ခေါက်ထားကြသည်။ အခန်းများမှာ လင်းနို့နံ့ ကြွက်နံ့များ နံသည်။ ကြမ်းခင်းမှာ ခိုငှက်ချေးများဖြင့် ညစ်ပတ်နေသည်။ ခြံဝင်းထဲတွင် သစ်ရွက်ခြောက်များ မြက်ခြောက်များ လေတိုက်၍ ပြန့်ကျဲနေသည်။ တစ်ခါတစ်ရံတွင် ကျောင်းဝင်းသည် နာမကျန်း ဖြစ်ပြီး အိမ်သာရောက်အောင် မသွားနိုင်သည့် သာမဏေငယ်များ၏ ကျင်ကြီးကျင်ငယ်များနှင့် တံတွေးများဖြင့် စိုရွှဲနေသည်။ မိုးရွာသော နေ့များတွင် ကျောင်းဝင်း၌ ရွှံ့များ ဗွက်အိုင်များဖြင့် ပြည့်နေသည်။

ကျောင်းတိုက်များ ကျောင်းဆောင်များကို တံမြက်လှဲခြင်း သန့်ရှင်းခြင်းများ၏ ကျေးဇူးကို ရှေးဟောင်း ဗုဒ္ဓဘာသာကျမ်းစာများ၌ အထူးပြု ရေးသားခဲ့သည်မှာ ဘုန်းကြီးကျောင်းတိုက်အချို့၌ တွေ့ရသည့် ယင်းသို့သော စိတ်မချမ်းမြေ့ဖွယ် အခြေအနေကြောင့် ဖြစ်ဖွယ်ရှိသည်။ ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင်လည်း တံမြက်လှည်းခြင်း အကျိုးငါးမျိုးကို ဟောတော်မူပြီးဖြစ်သည်။ သမန္တပါသာဒိကာကျမ်း၌ ယင်းကိုထောက်ခံပြီး ဝတ္ထုဖြစ်ရပ်များစွာကို ဖော်ပြသည်။ အချို့ရဟန်းတော်များမှာ မိမိတို့ သန့်ရှင်းသပ်ရပ်စွာ လှည်းကျင်းထားသည့် ခြံဝင်းကို ကြည့်၍ရရှိသည့် ပျော်ရွှင်မှုဖြင့် နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်ကြောင်း ဆိုသည်[၂]။

---

သည်ပင် မိမိနေထိုင်သည့် အခန်းကို သန့်ရှင်းရေး ဆောင်ရွက်သည်ကို တွေ့ရသည်။ ရဟန်းတစ်ပါးသည် ဤအရှင်မဟာသံဃရက္ခိတ မထေရ်ထံ ကမ္မဋ္ဌာန်းတရား ရယူရန် သွားသောအခါ မထေရ်ကြီးအား မိမိနေထိုင်ရာ ကျောင်းကို ပြုပြင်ပြီး သန့်ရှင်းရေးလုပ်၍ အလုပ်ရှုပ်နေသည်ကို တွေ့ရ သည် (အံ-ဋ္ဌ ၁၊ ၂၉)။

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၃၇။

[၂] ဝိ-ဋ္ဌ ၄၊ ၁၇၄။



ငြီးငွေ့ဖွယ် ကြာမြင့်မည်ဖြစ်သည်။ သို့တစေ ရဟန်းတော်များသည် အရင်စလို ပြုခြင်းမရှိကြချေ။

အများသုံး ဆွမ်းစားဆောင် (ဘုံဆွမ်း) နေရာသို့မသွားဘဲ တစ်အိမ်ဝင် တစ်အိမ်ထွက် ဆွမ်းခံကြသည့် ရဟန်းတော်များ ရှိကြသည်။ ယင်းသို့ ပြုခြင်းမှာ ဘုံဆွမ်းခံရာသို့ သွားခြင်းထက်ပို၍ အချိန်ကုန်ဖွယ်ရှိသည်။ ရဟန်းတော်အချို့မှာ ဆွမ်းအတွက် မဟိန္ဒလေ့မှ အနုရာဓပုရသို့ လမ်းလျှောက်လေ့ရှိကြသည်[၁]။ ရဟန်းတစ်ပါး ဆွမ်းခံကြွသောအခါ လျင်မြန်မြန် မကြွရောက်ရန် ညွှန်ကြားချက်ရှိသည်[၂]။ အများစုဖြစ်နိုင်သည့် ရဟန်းအချို့မှာ နံနက်စောစော တစ်ကြိမ်နှင့် နေမွန်းမစောင်းမီတစ်ကြိမ် တစ်နေ့နှစ်ကြိမ် ဆွမ်းခံကြသည်[၃]။ မကြာခဏပင် ရဟန်းတော်များအား ကြည်ညိုသူ ဥပါသကာများက ဆွမ်းအတွက် ရဟန်းတော်များကို မိမိတို့အိမ်သို့ ပင့်ဖိတ်ကြသည်ကို အများသိပြီးဖြစ်သည်။ တစ်ခါတစ်ရံ ရဟန်းတော်တစ်ပါးသည် ထောပတ်သို့မဟုတ် ဆီအတွက် ဆွမ်းခံထွက်လေ့ရှိကြပြီး ယင်းသို့သော အခါများတွင် ထာလက(ခွက်ငယ်)ကို ယူဆောင်သွားလေ့ရှိပြီး ပုံမှန် ဆွမ်းခံသပိတ်ကို ယူဆောင်သွားလေ့မရှိပေ[၄]။

ဆွမ်းနှစ်ထပ်အကြားတွင် တစ်ခါတစ်ရံ၌ အန္တရခဇ္ဇကဟုခေါ်သည့် သရေစာများဖြင့် အဆာပြေ စားသောက်မှုများရှိသည်။ ယင်းအဆာပြေခဲဖွယ်များတွင် ပျား(မစု)နှင့် တင်လဲ ကြံသကာ (သက္ခရ)ကဲ့သို့သော အစားအစာများ ပါဝင်သည်။ တစ်ခါတစ်ရံ အမဲသားကို ပြင်ဆင်ထားခြင်းပင် ပါဝင်သည်။ ရသဝါဟိနီကျမ်းလာ ဝတ္ထုဖြစ်ရပ်တစ်ခုမှာ သူဌေးတစ်ယောက်သည် သံဃာတော်များအား နံနက်ပိုင်းတွင် ယုန်သားအပါအဝင် အရသာရှိသည့်အစားအစာများဖြင့် နေမွန်း

---

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၂၀။ မဟာတိဿဟု ခေါ်သည့် မထေရ်တစ်ပါးသည် စေတိယပဗ္ဗတ (မဟိန္ဒလေ့)မှ အနုရာဓပုရမြို့သို့ ဆွမ်းခံကြွလေ့ရှိသည်။ အနုရာဓပုရမြို့တော်သည် မဟိန္ဒလေ့မှ အလွန်မဝေးကွာနိုင်ချေ။ သို့တည်းမဟုတ် အနုရာဓပုရမြို့တော်သည် မဟိန္ဒလေ့ အနီး သို့တိုင် ကျယ်ဝန်းခဲ့လေသလော။

[၂] ဒီ-ဋ္ဌ ၁၊ ၁၆၅။ မ-ဋ္ဌ ၁၊ ၂၅၉။

[၃] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၇။

[၄] သဟဿဝတ္ထု၊ သဟ်ာမစ္စဿ ဝတ္ထု။ ရသဝါဟိနီ ၂၊ ၁၇၆။

မတည့်မီ သုံးကြိမ်တိုင်တိုင် အလုပ်အကျွေးပြုကြောင်း ဖော်ပြသည်။ ယုန်သားဖြင့် အထူးပြုပြင် စီမံမှုသည် အန္တရခဇ္ဇမှာရော အခြားဆွမ်းနှစ်ကြိမ်တွင်ပါ ပါဝင်သည်[၁]။ တောဏိဂလ (Tōṇigala) ကျောက်စာအရ အေဒီ ၄ ရာစု သီဟိုဠ်ရဟန်းတော်များ၏ ခါတ်စာများတွင် ဒိန်ခဲ၊ ပေဏိ၊ ပျားရည်၊ နှမ်း၊ ထောပတ်၊ ဆားနှင့် သစ်မြစ်စိမ်းများ ပါဝင်သည်[၂]။

ရဟန်းတော်များသည် မူလက တစ်နေ့လျှင် တစ်ကြိမ်သာ စားသောက်နိုင်ကြောင်း သိကြသည်။ သို့ဖြစ်၍ ရဟန်းကို ဧကဘတ္တိက = တစ်ထပ်တည်းစားသူဟု ခေါ်ခြင်းဖြစ်သည်။ သို့ရာတွင် ဧကဘတ္တိကဟူသော ပုဒ်၏ အဋ္ဌကထာအဖွင့်များ၌ လျော့ပေါ့ပြီး များစွာ ရက်ရောသည်။ ယင်းအဖွင့်အရ ပါတရာသဘတ္တ (နံနက်စာ)နှင့် သာယမာဘတ္တ (နေ့လယ်စာ)ဟု နှစ်မျိုးရှိသည်။ နံနက်စာဟူသည် နေမွမ်းမတည့်မီအချိန်ဖြစ်သည်။ နောက်ဆွမ်းတစ်မျိုးမှာ နေထွက်ချိန်နှင့် နေမွန်းတည့်အကြားကာလတွင် ဖြစ်သည်။ သို့ဖြစ်သဖြင့် အကယ်၍ ရဟန်းတစ်ပါးသည် နေမွန်းမတည့်မီ အချိန်တွင် ဆယ်ကြိမ်မက စားသောက်သော်လည်း ထိုရဟန်းအား ဧကဘတ္တိက တစ်ထပ်တည်းစားသူဟုသာဆိုနိုင်သည်[၃]။ နှောင်းခေတ်များတိုင်အောင်ပင် တစ်နေ့ တစ်ကြိမ်သာ စားရမည်ဟူသော သိက္ခာပုဒ်ကို အတိအကျ လိုက်နာ ကျင့်သုံးနေကြသော ရဟန်းတော်အချို့ ရှိနိုင်သော်လည်း ရဟန်းတော် အများစုမှာ နံနက်မတိုင်မီအတွင်း တစ်ကြိမ်မက စားသုံးကြဖွယ်ရှိသည်။ ညနေခင်းတွင် ရဟန်းတော်များသည် ဖျော်ရည် သို့မဟုတ် ထောပတ် သို့မဟုတ် ထန်းလျက်များကို အဆာပြေ စားသောက်ကြသည်[၄]။

## တာဝန်ဝတ္တရားအမျိုးမျိုး

နေ့တဓူဝ လုပ်ရပ်များတွင် ရဟန်းတော်များသည် အခမ်းအနားအမျိုးမျိုးသို့ တက်ရောက်လေ့ရှိကြသည်။ ရဟန်းတော်များသည် ကိုယ်ပိုင် သင်္ကန်းများ ချုပ်လုပ်၊ လျှော်ဖွတ်ပြီး ဆေးဆိုးကြရသည်။ စေတီ

[၁] ရသဝါဟိနီ ၂၊ ၁၂၈။ ပရမတ္ထဇောတိကာ ၁၊ ၃၀၁။ [၂] EZ. III, p. 178.
[၃] ဒီ-ဋ္ဌ ၁၊ ၇၅။ [၄] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၇။



တော်၊ ဗောဓိပင်နှင့် ဥပုသ်အိမ်များသို့ တက်ရောက်ကြရသည်။ တစ်ခါတစ်ရံ ဝက်မှင်ဘီးများ(ကောစ္ဆ)နှင့် လှေကားများဖြင့် စေတီတော်အား ထုံးသုတ်ခြင်းများကိုပင် ပြုလုပ်ကြသည်[၁]။ သို့တစေ ရဟန်းတော်များသည် အမှုလုပ်ခြင်း၌ ပျော်ပိုက်ခြင်း (ကမ္မာရာမတာ) အတွက် အပြစ်ရှိမည်ဖြစ်သောကြောင့် အချိန်အားလုံးကို ယင်းအလုပ်များတွင်သာ မြုပ်နှံထားကြမည် မဟုတ်ချေ။ သို့ဖြစ်၍ မိမိတို့၏အချိန်ကို စာပေလေ့လာ သင်ကြားခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ခြင်းနှင့် စေယင်္ဂဏဝတ်နှင့် အခြားတာဝန်များကို သင့်တင့်လျောက်ပတ်စွာ အသုံးပြုရန် ညွှန်ကြားသည်[၂]။

အတွင်းအပြင် နှစ်ခုလုံး သန့်ရှင်းစယ်ကြယ်မှုသည် ဗုဒ္ဓဝါဒစာပေ၌ များစွာချီးမွမ်းသော ကိုယ်ကျင့်တရားဖြစ်သည်။ သုမင်္ဂလဝိလာသိနီ အဋ္ဌကထာ၌ ဗောဇ္ဈင်ခုနစ်ပါးကို ဖွင့်ပြရာတွင် ဝတ္ထုဝိသဒကိရိယာ (ပစ္စည်းပစ္စယများ သန့်ရှင်းမှုကို ဆောင်ရွက်ခြင်း) သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် (ဓမ္မကိုရှာဖွေခြင်း) ကို ဖြည့်ကျင့်ရာ၌ လိုအပ်သော အခြေအနေ ခုနစ်မျိုးအနက် တစ်ခုဖြစ်ကြောင်း ဆိုသည်[၃]။ ယင်းဖော်ပြချက်အရ ရဟန်းတစ်ပါးသည် မိမိ၏ဆံပင်နှင့် ခြေသည်းလက်သည်းများကို အလွန်ရှည်အောင် မထားရ[၄]။ ရဟန်းတော်သည် မိမိ၏ ကိုယ်ခန္ဓာကို လျစ်လျူရှုမထားရဘဲ ခန္ဓာကိုယ်ကို ချွေးနှင့် မြူအညစ်အကြေးများ မလိမ်းကျံနေစေရန် ပုံမှန် ရေချိုးရမည်ဖြစ်ပြီး ခန္ဓာကိုယ်ကို သန့်ရှင်းနေစေရမည်။ ရဟန်းသည် မိမိဝတ်ရုံသည့်သင်္ကန်းကို ကောင်းစွာ ချုပ်စပ်၊ ဖွတ်လျှော်၊ ဆေးဆိုးခြင်းဖြင့် သန့်ရှင်းစေရမည်။ အိပ်ရာ နေရာများကို သန့်ရှင်းသပ်ရပ်စွာ ထားရမည်[၅]။ ရဟန်းသည် လိုအပ်ပါက

[၁] အံ-ဋ္ဌ ၄၊ ၂၄၆။ မ-ဋ္ဌ ၂၊ ၃၀၀။
[၂] အံ-ဋ္ဌ ၃၊ ၁၆၀။ ပညာရေးလုပ်ဆောင်မှုများအကြောင်းကို ပညာရေး ကဏ္ဍ (ဤကျမ်း၊ စာ - ၄၉၈)တွင် ရှုပါ။
[၃] ဒီ-ဋ္ဌ ၂၊ ၃၇၇။
[၄] ဝိနည်းအရ ရဟန်းသည် မိမိဆံပင် နှစ်လက်မထက် ပိုမရှည်ခင် သို့မဟုတ် နှစ်လ မကျော်လွန်မီတွင် ရိတ်ဖြတ်ရသည် (ဝိ-ဋ္ဌ ၃၊ ၇၀)။
[၅] ဤညွှန်ကြားချက်များနှင့် အညီ ကမ္မဋ္ဌာန်းထိုင်သူများအား ကမ္မဋ္ဌာန်းတရားပေးသည့် မလယဝါသီ မဟာသံဃရက္ခိတ မထေရ်ကဲ့သို့သော မထေရ်ကြီးများ

သည်။ ရဟန်းများသည် မထေရ်များအား ထိခိုက်မည့် သွားလာနေထိုင်မှုများကို မလုပ်ရချေ။ မထေရ်ကြီးများက နိမ့်သောနေရာ၌ ထိုင်နေမူ မထေရ်ငယ်များက မြင့်သောနေရာ၌ မထိုင်ရချေ။ မထေရ်ကြီးများ ဖိနပ်စီးမထားဘဲနေစဉ် မိမိက ဖိနပ်ကို စီးမထားရ။ မထေရ်ကြီးများအား လက်ညှိုးထိုး၍ စကားပြောဆိုခြင်းမပြုရချေ။ မထေရ်ကြီးများ၏ခွင့်ပြုချက်မရှိဘဲ မထေရ်ကြီးများ၏ ရှေ့မှောက်တွင် တရားဟောခြင်း၊ မေးခွန်းကို ဖြေကြားခြင်း မလုပ်ရ။ ဘုန်းကြီးကျောင်းတိုက် အတွင်း၊ ရေချိုးသည့်နေရာ၊ လူသူရှေ့မှောက်စသည်တို့၌ သင့်လျော်သည့် အမူအရာအပြုအမူ အသေးစိတ်ကို ရှည်လျားစွာ ဖော်ပြထားသည်။ ရဟန်းတစ်ပါးသည် ဆရာဘုန်းကြီးတစ်ပါးထံသို့ ကမ္မဋ္ဌာန်းတရားရယူရန် သွားရောက်သောအခါ အလွန်ရိုကျိုးသည့် အမူအရာဖြင့် သွားရသည်။ ထိုရဟန်းသည် ကပ္ပိယ သို့မဟုတ် တပည့်တစ်ယောက်ကို မိမိနှင့်အတူ ခေါ်ဆောင်မသွားရ။ ဖိနပ်စီးမသွားရ။ ထီးကိုပင် ယူဆောင်မသွားရ[၁]။ ရဟန်းငယ်သည် မထေရ်ကြီးခပ်သည့်ရေကို အသုံးမပြုရ။ မထေရ်ငယ်သည် ခြေကို ရေဆေးသော အချိန်မှာပင် ဆရာမထေရ် မမြင်သည့်နေရာသို့ သွား၍ ဆေးကြောရသည်။ ထိုရဟန်းသည် ကမ္မဋ္ဌာန်း တရားမရမီတွင် မထေရ်၏ အလွန်နှိမ့်ချကျိုးနွံသော အလုပ်အကျွေး တစ်ယောက်ကဲ့သို့ ပြုမူရသည်[၂]။

ရဟန်းတစ်ပါးသည် ကျောင်းတိုက်တစ်ခုသို့ ဧည့်သည်အဖြစ်သွားသောအခါ ကျောင်းနေရဟန်းများသည် ထွက်ပြီး ဧည့်သည် ရဟန်းအား ကြင်နာစွာ လက်ခံရမည်။ ဧည့်သည်၏ သပိတ်၊ သင်္ကန်းနှင့် ယပ်တော်များကို ယူဆောင်ပြီး၊ နေရာထိုင်ခင်း ပေးလျက်၊ လိုအပ်ချက်များကို ယူဆောင်ပေးရသည်။ ဧည့်သည်ရဟန်းသည် ပြန်သွားလိုကြောင်း ဖွင့်ဆိုသောအခါ ကျောင်းနေပုဂ္ဂိုလ်များက ပြန်မသွားရန် ဆက်လက် သီတင်းသုံးရန် တောင်းပန်လျှောက်ထားရသည်။ အကယ်၍ ကျောင်းနေ ရဟန်းများက ဧည့်သည်ရဟန်းများကို ကြင်နာစွာ မစောင့်ရှောက်မူ ယင်းသည် ကျောင်းနေ ရဟန်းများအဖို့ မကောင်း၊

[၁] ဖိနပ်နှင့် ထီးများကိုပင် ဇိမ်ခံပစ္စည်းများဟု ယူဆပုံရသည်။

[၂] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၁၈၊ ၉၈။



သဲဖြူခင်းပြီး ကောင်းစွာ လှည်းကျင်းထားသည့် စေတီတော်တစ်ဆူ၏ ပရိဝုဏ်လောက် မည်သည့်အရာမျှ စိတ်ကြည်နူးသည့် နေရာမရှိချေ။ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းသည် ကျေးရွာတွင် အသန့်ရှင်းဆုံးနေရာဖြစ်ပြီး ကောင်းမွန်လှပသည့် နေရာအားလုံး၏ ဗဟိုအချက်အချာနေရာဖြစ်သည်။ သို့ဖြစ်၍ ရဟန်းတော်များ ကိုယ်တိုင် မိမိတို့၏ ဘုန်းကြီးကျောင်းများကို ပုံစံ သစ်နေစေရန်နှင့် လာရောက်သူများအား ကြည်ညိုသဒ္ဓါပွားစေရန် ပြုလုပ်ကြသည်။ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ကျောင်းဝင်းသည် အဖွဲ့တွင်ငြိမ်းချမ်းရေးနှင့် ကျောင်းတိုက်၏ တည်ငြိမ်မှုအတွက် သင်္ကေတကဲ့သို့ ဖြစ်သည်။

## ညနေခင်း တာဝန်များ

စေတီရင်ပြင်တော်အား နေ့စဉ်တံမြက်လှည်းခြင်းမှာ ရဟန်းတော်များ၏ ကျင့်ဝတ်တစ်ခုဖြစ်ပြီး စေတီတော်အား ပူဇော်ဝတ်ပြုပြီးနောက် စေတီရင်ပြင်တော်တွင် အတူတကွ ငြိမ်းချမ်းစွာ ထိုင်ကြပြီး မြတ်ဗုဒ္ဓအား ကြည်ညိုလျက် သဒ္ဓါတရားထုံမွှမ်းနေသည့် နှလုံးသားဖြင့် သုတ္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ဘိက္ခုနီများနှင့် အခြားပုဂ္ဂိုလ်များလည်း ရဟန်းတော်များ သုတ္တန်များကို ရွတ်ဆိုခိုက် ထိုနေရာတွင် ကြည်ညိုဖွယ် ရွတ်ဖတ်သံကို နာယူလျက် ထိုင်ကြသည်[၁]။ သုတ္တန်များကို ရွတ်ဆိုပြီးသည့်အဆုံးတွင် မထေရ်ကြီးများက ထေရ်ငယ်များအား တရားတော်များဟောကြားလျက် ဓမ္မနှင့်ပတ်သက်သည့် မေးခွန်းအထွေထွေကို ဆွေးနွေးကြသည်[၂]။ ယင်းဖြစ်ရပ်သည် များသောအားဖြင့် ညနေခင်းတွင် ဖြစ်သည်။

ယင်းစုပေါင်းရွတ်ဆိုခြင်းအပြင် ညချိန်၌ ရဟန်းတော်များသည် တစ်ပါးချင်းလည်း သုတ္တန်များကို မိမိနေထိုင်ရာ ကျောင်းဆောင်၌ ရွတ်ဆိုကြသည်။ သစ်ပင်များဖြင့် ဆိတ်ငြိမ်သည့်အရပ်တွင် တိတ်ဆိတ်ငြိမ်သက်သည့် ညအခါ၌ ရဟန်းတော်များ၏ သုတ္တန်ပါဠိတော်များကို သံနေသံထားဖြင့် ရွတ်ဖတ်သံသည် ကြားနာရသူတို့၏ စိတ်နှလုံးကို ကြည်နူးစေသည်။ လကောဠပဗ္ဗတ ဝိဟာရရှိ နာဂလေဏနှင့်

[၁] မ-ဋ္ဌ ၁၊ ၁၈၉။

[၂] အံ-ဋ္ဌ ၂၊ ၂၁၅။

တောင်ပိုင်း ပင်္ဂုရဝိဟာရတွင် အသီးသီး သီတင်းသုံးကြသည့် ရဟန်းပျို တစ်ပါးစွတ်ဆိုသည့် မဟာသမယသုတ္တန်နှင့် မဟာဓမ္မသမာဒနသုတ္တန် များကို ရွတ်ဖတ်သည့်အသံအား နာကြားကြရသည့် နတ်သားနှစ် ယောက်တို့သည်ပင် ရဟန်းတော်နှစ်ပါး၏ ရွတ်ဖတ်သံကို ချီးမွမ်းကြ သည်အထိ အလွန်နှစ်သက်သွားကြောင်း ဖော်ပြသည်အထိ သံဃာ တော်များ၏ ရွတ်ဖတ်သံသည် သတ္တဝါအပေါင်း၏ စိတ်နှလုံးကို ကြည် နူးစေသည်[၁]။

## ဓမ္မဒေသနာ

တရားဒေသနာ ဟောကြားနိုင်သည့် ရဟန်းတော်များသည် မိမိတို့ အလှည့်ကျရောက်ပါက တရားဟောကြားရသည်။ လပြည့်ရက်နှင့် လဆန်းရက်များတွင်သာမက လဆန်းလဆုတ် ရှစ်ရက်နေ့များ၌လည်း ဘုန်းကြီး ကျောင်းတိုက်များ၌ တရားဒေသနာ ဟောကြားသည်။ ယနေ့ခေတ်ကဲ့သို့ပင် တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်များသည် ယပ် တောင် (ဗီဇနီ)ကို ကိုင်ထားကြသည်။ တရားဟောချိန်ကို ကြေညာ လိုက်သောအခါ ရဟန်းတော်များကိုယ်တိုင် တရားနာရန် စည်းရုံးကြ သည်။ တရားနာချိန် ကြေညာလိုက်ပြီးနောက် တရားနာ မတက် ရောက်ခြင်းအား ဓမ္မကို အလေးဂရုမပြုခြင်း၊ ဓမ္မကို မရိုသေခြင်းဟု ယူဆသည်[၂]။ တစ်ခါတစ်ရံတွင် ရဟန်းတော်များသည် ကျော်ကြား သည့် ဓမ္မကထိကပုဂ္ဂိုလ်တို့၏ တရားကို နာကြားရန် အလွန်ဝေးသော အရပ်တိုင် ခရီးသွားကြသည်[၃]။

## စုပေါင်းတာဝန်

ရဟန်းတော်များဟူသည် စိတ်ဘဝကို လေ့ကျင့်နေသည့် မိသားစုကြီး ဖြစ်သည်။ ရဟန်းတော်မှန်လျှင် အချင်းချင်း လုပ်ဆောင်ရန် တာဝန် ဝတ္တရားများနှင့် ကျေးဇူးတရားများ ရှိကြသည်။ ဆရာနှင့် တပည့်

[၁] ဒီ-ဋ္ဌ ၂၊ ၂၈၈။ မ-ဋ္ဌ ၂၊ ၂၇၆။
[၂] မ-ဋ္ဌ ၁၊ ၂၃၆။ ဒီ-ဋ္ဌ ၂၊ ၃၃၇။ အံ-ဋ္ဌ ၁၊ ၃၂။
[၃] အံ-ဋ္ဌ ၂၊ ၁၃၄။



အကြားရှိ ဆက်ဆံရေးသည် အဖေနှင့် သားတို့၏ ဆက်ဆံရေးနှင့် တူ သည်။ ဗုဒ္ဓကိုယ်တိုင်က ဆရာဟူသည် မိမိတပည့်အပေါ် သားအဖြစ် ယူဆပြီး တပည့်သည် ဆရာအပေါ် ဖခင်ကဲ့သို့ သတ်မှတ် ကြောင်း မိန့်တော်မူသည်။ သို့ဖြစ်၍ ဥပဇ္ဈာယ်ဆရာနှင့် သဒ္ဓိဝိဟာရိက တပည့် တို့၏ အကြားရှိဆက်ဆံရေးမှာ ထိုနည်းအတိုင်းဖြစ်သည်[၁]။ ဓမ္မဖြင့် ရော အာမိသဖြင့်ပါ တပည့်သည် ဆရာကို ပြုစုစောင့်ရှောက်ရပြီး ဆရာသည် တပည့်ကို စောင့်ရှောက်ရသည်။ ပုံမှန်အားဖြင့် တပည့် သည် ဆရာကို ပြုစုရသော်လည်း တပည့်နာမကျန်းဖြစ်လျှင်မူ ဆရာ ကတပည့်ကို အိပ်ရာပြင်ပေးခြင်း၊ ရေနွေးပူ ပြုလုပ်ပေးခြင်းနှင့် အခြား လိုအပ်သည်များကို ပြုပြင်စီမံပေးခြင်းဖြင့် ပြန်လည်ပြုစု စောင့်ရှောက် ရသည်။ ဝိနယပါဠိတော်များ၌ ဆရာတပည့်တို့၏ တာဝန်ဝတ္တရားများ ကို အသေးစိတ် ဖော်ပြထားခြင်းများအရ ရဟန်းတော်များ၏ အုပ်စု အသိုင်းအဝိုင်းဖြင့် သစ္စာရှိရှိ ချစ်ခင်မြတ်နိုးစွာ နေထိုင်မှုဘဝကို ဖော် ပြသည်[၂]။ သာမဏေများသည် ဥပသမ္ပဒကံဆောင်ပြီး ရဟန်းတော် များ၏ လိုအပ်ချက်များကို ရိုသေစွာ ပြုလုပ်ပေးလေ့ရှိကြသည်[၃]။

ရဟန်းတော်များသည် မထေရ်ကြီးများ၏ ရှေ့မှောက်တွင် လိုက် နာနေထိုင်ရမည့် သင့်တော်သည့် အမူအရာနှင့် ကျင့်ဝတ်များကို သိရ

[၁] အာစရိယော ဘိက္ခဝေ အန္တေဝါသိကမှိ ပုတ္တစိတ္တံ ဥပဋ္ဌပေဿတိ၊ အန္တေဝါ- သိကော အာစရိယမှိ ပိတုစိတ္တံ ဥပဋ္ဌပေဿတိ (ဝိ ၃၊ ၆၀)။ ဥပဇ္ဈာ ယော ဘိက္ခဝေ သဒ္ဓိဝိဟာရိကမှိ ဥပဋ္ဌပေဿတိ၊ သဒ္ဓိဝိဟာရိကော ဥပဇ္ဈာယမှိ ပိတုစိတ္တံ ဥပဋ္ဌပေဿတိ (ဝိ ၃၊ ၅၇)။
[၂] ဝိ ၃၊ ၅၇။
[၃] ရဟန်းငယ်တစ်ပါးသည် သာမဏေငယ်တစ်ပါးနှင့်အတူ ဒန်ပူရယူရန် သွားကြ သည်။ လမ်းမှ အတန်ငယ်ဝေးစွာ သွားသည့် သာမဏေငယ်သည် အသုဘ ဘာသာဝနာကမ္မဋ္ဌာန်းကို ရှုမှတ်ပြီး မဂ်ဖိုလ်သုံးဆင့်ကို ရသွားသည်။ မိမိစိတ် စတုတ္ထမဂ်ဖိုလ် (ရဟန္တာ)အဆင့်ကို ရောက်လုတွင် ရဟန်းငယ်က သာမဏေ ငယ်အား လှမ်းခေါ်သည်။ သာမဏေသည် 'ငါသည် သာမဏေပြုသည့်နေ့မှ စ၍ ရဟန်းတော်တစ်ပါးက ငါ့ကို နှစ်ကြိမ်ခေါ်ရသည့် အဖြစ်မျိုးကို မပြုမူခဲ့ ဖူး။ တစ်နေ့တွင် စတုတ္ထမဂ်ဖိုလ်အဆင့်ကို ရပါလိမ့်မည်'ဟု ဆင်ခြင်သည်။ သို့ဖြင့် သာမဏေသည် 'မှန်ပါ အရှင်ဘုရား'ဟု ချက်ခြင်းပင် ပြန်ကြားလိုက် သည် (ဒီ-ဋ္ဌ ၁၊ ၁၆၆။ အဘိ-ဋ္ဌ ၂၊ ၃၃၃)။

ကောင်း တစ်ယောက်အဖြစ် ထင်မြင်စေရန် စေတီတော်ရင်ပြင်ကို တံမြက်လှည်းနိုင်သည်၊ နေထိုင်ရာအခန်းကို သန့်ရှင်းနိုင်သည်၊ ပန်းတင်ခုံများကို သန့်ရှင်းနိုင်သည်၊ ဗောဓိပင်ကို ရေလောင်းနိုင်သည်။ လူဒါယကာများ ရှေ့မှောက်တွင် ရဟန်းတစ်ပါးသည် မထေရ်ကြီးများအား 'အရှင်ဘုရား၊ တပည့်တော် စေတီရင်ပြင်ကို တံမြက်လှည်းနေခိုက် မြက်ပင်တစ်ချို့ ပျက်စီးကုန်ပါသည်၊ တပည့်တော်အား မည်သည့် အပြစ်ရှိပါသနည်း' စသည့် မေးခွန်းများကို မေးတတ်သည်[၁]။ မထေရ်ကြီးက စေတနာမပါ၍ မည်သည့် အာပတ်မှမသင့်ဟု ဖြေသည်။ 'အရှင်ဘုရား၊ သို့ရာတွင် တပည့်တော်သည် အာပတ်သင့်သည်ထင်မိပါသည်။ တပည့်တော်အမှုနှင့် ပတ်သက်၍ ဂရုတစိုက် စစ်ဆေးပေးပါဘုရား'ဟု သီလကြောင်ပုဂ္ဂိုလ်က လျှောက်သည်။

ယင်းသို့သော အပြန်အလှန်ပြောဆိုမှုများကို နားထောင်မိသူ အသိပညာနည်းသည့် ဒကာဒကာမများသည် 'ဩ၊ အကယ်၍ ဤရဟန်းသည် ဤကဲ့သို့သော သေးငယ်သည့် အာပတ်ကိုပင် စိုးရိမ်စိတ်ဖြစ်ဘိမူ ပိုမို ကြီးလေးသည့် အာပတ်ကိုမူ မည်မျှ စိုးရိမ်စိတ် ပြင်းလေမည်နည်း'ဟု ယူဆကောင်း ယူဆနိုင်သည်။

ရဟန်းသည် ဘုန်းကြီးကျောင်းတိုက်သို့ ရောက်လာသော လူအများကို မြင်ပါက ကမ္မဋ္ဌာန်းထိုင်နေဘိသကဲ့သို့ ဟန်ဆောင်နိုင်သည်။ ပညာမတတ်သည့် အချို့ရဟန်းမှာမူ အခြားပုဂ္ဂိုလ်များ၏ ရှေ့မှောက်၌ ဧရာမပညာရှင်ကြီးကဲ့သို့ ဟန်ဆောင်တတ်သည်။ သီလကြောင်ပုဂ္ဂိုလ်များသည် အမှန်တကယ် ထင်ရှားမရှိသည့် သီလသမာဓိပညာဖြင့် အခြားပုဂ္ဂိုလ်များကို ဆွဲဆောင်ရန် ကြိုးစားခဲ့ကြပုံကိုဖော်ပြသည့် ရှည်လျားပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် မှတ်တမ်းများကို အဋ္ဌကထာကျမ်းများ[၂]၌ ဖော်ပြကြသည်။ ယင်းမှတ်တမ်းများက ရဟန်းများအား ရိုးသားဖြူစင်သည့်ဘဝဖြင့် နေထိုင်ရေးကို ညွှန်ကြားရန် သံဃာတော်များ၏အသိ၌ မည်မျှ စိုးရိမ်ခဲ့ကြသည်ကို ကျွန်ုပ်တို့အား ဖော်ပြသည်။

---

[၁] စိမ်းစိုသည့် မြက်သစ်ပင်များကို ဖျက်ဆီးခြင်းသည် ဝိနည်းသိက္ခာပုဒ်များအရ ပါစိတ်အာပတ်သင့်သည် (ဝိ ၂၊ ၅၁)။

[၂] အဘိ-ဋ္ဌ ၂၊ ၄၅၇



အကြောင်းမူ အကယ်၍ ကျောင်းနေရဟန်းများသည် ယင်းပြုမူဆက်ဆံမှု ယင်းတို့အား ဆက်ဆံရေးမကောင်းသူ၊ သစ္စာမရှိသူ၊ နှစ်သက်ဖွယ် မကောင်းသူ၊ သုန်မှုန်သူများအဖြစ် အများက ယူဆပြီး အခြားရဟန်းတော်များ လာရောက်လည်ပတ်လိုစိတ် ရှိမည်မဟုတ်ချေ။ ယင်းသို့ဖြစ်မူ ရဟန်းတော်များသည် ပညာရှင် သစ္စာတည်တံ့သည့် ဆရာတော်များနှင့် ပေါင်းသင်းရမှု အခွင့်အရေး ရမည်မဟုတ်သောကြောင့် ကျောင်းတိုက်နှင့် ယင်းကျောင်းတိုက်နေ ရဟန်းတော်များအဖို့ ဆုံးရှုံးမှုဖြစ်သည်[၁]။

တစ်ခါတစ်ရံတွင် ရဟန်းငယ်များသည် အလွန် ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး ခပ်ပေါ့ပေါ့ နေတတ်ကြသည်။ ရောဟဏအရပ်၌ ဘေရပါသာဏဝိဟာရ ကျောင်းတိုက်တွင် ရဟန်းတော်များနှင့် အတူနေထိုင်သူ ဥတ္တရအမည်ရသည့် စိတ်မမှန်သူ တစ်ယောက်အား နောက်ပြောင်သည့် ရဟန်းငယ်များ၏ စိတ်ဝင်စားဖွယ်ဖြစ်ရပ် တစ်ခုရှိသည်။ ထိုရဟန်းငယ်များသည် ထိုစိတ်မနှံ့သူအား မီးတင်းကုပ် မိုးယိုနေသဖြင့် အမိုးမိုးရန် သက်ငယ်ရှာရန် တောသို့သွားကြသည်။ မြက်ကိုရိတ်ဖြတ်ပြီး စည်းကြသောအခါ ရဟန်းငယ်များက ဥတ္တရအား မြက်အစည်း ၅၀ သယ်နိုင်သလောဟု မေးကြသည်။ စိတ်မနှံ့သူက မသယ်နိုင်ပါဟုဆိုသည်။ သို့ဖြစ်၍ ရဟန်းငယ်များက အစည်း ၈၀ ကိုကော သယ်နိုင်မလောဟု မေးကြပြန်သည်။ ဥတ္တရသည် ယင်းကိုလည်း ငြင်းသည်။ သို့ရာတွင် အစည်း ၁၀၀ ကိုတော့ သင်မသယ်နိုင်ဘူး မဟုတ်လောဟု ရဟန်းတော်များက စုံစမ်းကြသည်။ အစည်း ၁၀၀ ကိုတော့ ထမ်းနိုင်ပါ၏ဟုဆိုပြီး မြက်အစည်း ၁၀၀ ကို ဘုန်းကြီးကျောင်းသို့အရောက် ခက်ခက်ခဲခဲ သယ်ယူသည်။ ဘုန်းကြီး ကျောင်းတိုက်မှ အခြားရဟန်းးတော်များက ဥတ္တရ ပင်ပန်းပုံရသည်ဟု မှတ်ချက်ပြုကြသည်။ 'မှန်ပါ့ဘုရား၊ ဤရဟန်းငယ်များက တပည့်တော်ကို လိမ်ညာကြပါသည် တပည့်တော်က ဤအစည်း တစ်ရာကို တောင် မသယ်ယူနိုင်ဘဲ တပည့်တော်ကို အစည်း ၅၀ ကို တောင် သယ် ယူခိုင်းပါသည်'ဟု ဆိုသည်။ 'ဟုတ်တာပေါ့ ဥတ္တရ၊ သူတို့ မင်းကို လိမ်ကြ

---

[၁] အံ-ဋ္ဌ ၃၊ ၁၆၀။

ပြီ'ဟု ရဟန်းတော်များက သနားကရုဏာဖြင့် ပြောလိုက်ကြသည်[၁]။

## စိတ်ပိုင်းရေးရာ အဆင့်အတန်း

ရှေးခေတ်သီဟိုဠ်၌ ရဟန်းအချို့၏ စိတ်ပိုင်းဆိုင်ရာ အဆင့်အတန်းမှာ မြင့်ခဲ့ပုံမရချေ။ အစောဆုံး အေဒီ ၃ ရာစုခန့်က ဝေါဟာရိက တိဿမင်းသည် ရဟန်းအချို့ကို အကြွေးလျှော်ပစ်ရန် ငွေ ၃၀၀၀၀၀ (သုံးသိန်း) ပေးရကြောင်း သိခဲ့ကြပြီးဖြစ်သည်။ အဋ္ဌကထာကျမ်းများ၌ တွေ့ရသည့် မှတ်တမ်းတစ်ခုအရ အေဒီ ၅ ရာစု အချို့ ရဟန်းတော်များ၏ ဘဝသည် မနာလိုမှု၊ အကျင့်သိက္ခာ ပျက်ယွင်းမှုနှင့် သေးသိမ်မှုများ ပြည့်နှက်နေသည်ဟု သုံးသပ်ပါက မှျတမှုရှိသည်။ ဝိသုဒ္ဓိမဂ်[၂]၌ တွေ့ရသည့် ဖော်ပြချက်တစ်ခုသည် ထိုရဟန်းတော်များ၌ ဘဝနှင့် ပတ်သက်သည်ကို မီးမောင်းထိုးပြသည်။ ရဟန်းတစ်ပါးသည် ထင်ရှားသည့် ကမ္မဋ္ဌာန်းပြ ဆရာထံသို့ ကမ္မဋ္ဌာန်းတရားရယူရန် သွားရောက်သောအခါ ထိုဆရာထံသို့ တိုက်ရိုက် အလျင်ဆုံးသွားရန်နှင့် ဆရာနှင့်မတွေ့မီ အနားယူရန်အတွက်ပင် အခြားရဟန်းတော်များ၏ နေရာသို့ မသွားရောက်ရန် ညွှန်ကြားသည်။ အကြောင်းမူ အကယ်၍ ထိုထင်ရှားသည့် ကမ္မဋ္ဌာန်းဆရာအား အဆိုးမြင်သည့် အခြား ရဟန်းများ၏ နေရာသို့သွားမိခဲ့လျှင် ထိုရဟန်းတော်များက ထိုကမ္မဋ္ဌာန်းဆရာအကြောင်း မကောင်းပြောနိုင်ပြီး အသစ်လာရောက်သူ ရဟန်းတော်၏စိတ်သည် ထိုကမ္မဋ္ဌာန်းဆရာအပေါ် မကောင်းမြင်သွားနိုင်သောကြောင့် ဖြစ်သည်။

ရောဟဏအရပ်မှ ဒီဃဘာဏက အဘယမထေရ်သည် ဆရာကြီးတစ်ဆူဖြစ်ပြီး အခါတစ်ပါး အရှင်မြတ် အရိယဝံသသုတ်တော်ကို ဟောကြားစဉ် မဟာဂါမတစ်ရွာလုံး အရှင်မြတ်၏တရားကို လာရောက် နာယူကြသည်။ လှူဒါန်းဖွယ်အမြောက်အမြားကို ဆရာမထေရ်

[၁] အံ-ဋ္ဌ ၂၊ ၂၁၅။ အလုပ်က ပြန်လာသည့် အမျိုးသားတစ်ယောက်အား တစ်ပတ်ရိုက်သွားသည့် သာမဏေငယ်များအကြောင်း နောက်ဖြစ် ရပ်တစ်ခု ရှိသေးသည်။ (မ-ဋ္ဌ ၃၊ ၁၉၁။ အဘိ-ဋ္ဌ ၂၊ ၃၃၈ ကို ရှုပါ။)

[၂] ဝိသုဒ္ဓမဂ္ဂ ၁၊ ၉၈။



အား လှူဒါန်းကြသည်။ အဘယမထေရ်၏ ကျော်ကြားမှုနှင့် လူသိများမှုကို မနာလိုဖြစ်သည့် မဟာထေရ်တစ်ပါးက 'ကြည့်စမ်း၊ ဒီဃဘာဏက ပုဂ္ဂိုလ်သည် အရိယဝံသသုတ်ကို ဟောကြားမှုကို ယိုးမယ်ဖွဲ့ပြီး တစ်ညလုံး ကြီးစွာ အနှောင့်အယှက် ပြုဘိ၏'ဟု မှတ်ချက်ပြုသည်။

ထိုမထေရ်ကြီး နှစ်ပါးလုံးသည် မိမိတို့ကျောင်းသို့ ထွက်ခွာကြပြီး တစ်ဂါဝုတ်လောက်အဝေးတွင် မထေရ်ကြီးနှစ်ပါးသည် တစ်ခုတည်းသောလမ်းကို အတူတူ သွားကြရသည်။ တစ်လမ်းလုံး ထိုမထေရ်ကြီးသည် ဒီဃဘာဏက အဘယမထေရ်အား ထိပါးစော်ကားသည့် မှတ်ချက်များကို ပြုသော်လည်း အဘယမထေရ်ကမူ ပြောသမျှ အားလုံးကို သည်းခံပြီး တစ်ခွန်းတစ်လေမျှ ခွန်းတုံ့ မပြန်ချေ။ မထေရ်၏ စိတ်ကို ကမ္မဋ္ဌာန်းအာရုံသို့ ဦးတည်ထားသည်။ မိမိတို့၏ နေရာသို့ သွားရမည့် လမ်းဆုံနေရာသို့ မထေရ်နှစ်ပါး အရောက်တွင် ဒီဃဘာဏက မထေရ်က ရှိခိုးဝတ်ပြုပြီး 'အရှင်ဘုရား၊ ဤလမ်းမှာ အရှင်မြတ် သွားရမည့်လမ်း ဖြစ်ပါ၏'ဟု လျှောက်သော်လည်း မကောင်းပြောတတ်သည့် မထေရ်ကြီးကား မကြားယောင်ဆောင်၍ ထွက်သွားသည်[၁]။

အဋ္ဌကထာကျမ်းများ၌ တွေ့ရသည့် အချို့သော မှတ်တမ်းများမှာ အမည်နာမ အတိအကျဖြင့် ရည်ညွှန်းခြင်း မရှိသော်လည်း မိမိတို့ကျောင်းတိုက်သို့ ဧည့်သည်အဖြစ်ဖြင့် လာရောက်သည်ကို မနှစ်သက်သည့် ရဟန်းအချို့ရှိကြောင်း ဖော်ပြသည်။ ထိုသို့သော ကျောင်းနေရဟန်းများသည် မိမိတို့၏ ဒကာဒကာမများကို ဧည့်သည် ရဟန်းများနှင့် ရင်းနှီးသွားမည်ကို မနာလိုဖြစ်ကြသည်။ ထိုရဟန်းများသည် သံဃာပိုင်သည့် ပစ္စည်းများကိုပင် အခြားရဟန်းတော်များအား ခွဲခြမ်းဝေငှလိုစိတ်မရှိကြချေ။ အခြားရဟန်းတော်များ၏ အတတ်ပညာကိုပင် မနာလိုသည့် ရဟန်းများ ရှိကြသည်[၂]။

သူတော်ကောင်းဖြစ်မှုမှာ ထင်ရှားသည့် အားနည်းချက်ဖြစ်သည်။ လူအများ ကျောင်းတိုက်သို့ လာရောက်ကြသည့် ပွဲတော်နေ့များတွင် ရဟန်းသည် မိမိအား လူအများက သာသနာကို ကြည်ညိုသူ၊ ရဟန်း

[၁] မ-ဋ္ဌ ၁၊ ၈၂။

[၂] ဒီ-ဋ္ဌ ၃၊ ၂၁၀။

ရေး အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို မဟာပါဠိ ဆွမ်းစားဆောင်ရှိ ကျောက်လှေပေါ်တွင် ရေးထိုးထားသည့် ကျောက်စာ၌ ရဟန်းတော်များသည် မဟာပါဠိမှရရှိသည့် မိမိတို့၏ ဆွမ်းဆန်တော်ဝေစုကို ဇေတဝနစေတီတော် ပြန်လည် တည်ဆောက်ရေးအတွက် ပူဇော်လှူဒါန်းကြောင်း ပြဆိုသည်အထိ အလွန်ထူးကဲစွာ ကုသိုလ်ရရှိကြောင်း ယူဆကြသည်[၁]။ မဟာဝံသကျမ်းတွင် အာကာသ စေတီသို့တက်ရန် သာမဏေငယ်တစ်ပါးက ကျောက်လှေကားဆင့်များ လှူဒါန်းမှုကဲ့သို့သော အသေးအဖွဲကိစ္စကိုပင် ဂရုတစိုက် မှတ်တမ်းတင်ထားပြီး ယင်းလုပ်ငန်း ကုသိုလ်အဖြစ် ချီးကျူးထားသည်အထိ ပြန်လည်တည်ဆောက်မှုလုပ်ငန်းကို အလွန်ချီးကျူးထားသည်[၂]။ သာသနာ့ အဆောက်အအုံများကို တည်ဆောက်ခြင်းဖြင့် အလုပ်များခြင်းအား အာရုံတရားကို အောင်နိုင်ခြင်း ထိန်းချုပ်ခြင်းအတွက် နည်းလမ်း တစ်ခုအဖြစ် ယူဆသည်။ အဌကထာကျမ်းများ၌ ရဟန်းတစ်ပါးသည် ဥပုသ်ဆောင် (သိမ်) သို့မဟုတ် ဆွမ်းစားကျောင်း တည်ဆောက်ခြင်းများပြုလုပ်နေသောအခါ ထိုလုပ်ငန်းအတွက် လိုအပ်သည်များကို စဉ်းစားခြင်းဖြင့် အလုပ်များရသဖြင့် ထိုရဟန်း၏ ကိလေသာများ မွေနောက်ရန် အခွင့်အလမ်းမသာကြောင်း ဖော်ပြကြသည်[၃]။ အင်္ဂုတ္တရ အဌကထာ၌ အကျယ်ဖော်ပြပြီး တစ်ခါတစ်ရံ ရဟန်းတစ်ပါးသည် ကိလေသာများကို ဝင်ရောက်ခွင့် မပေးခြင်းမှတစ်ဆင့် နောက်တစ်ဖန် ဖြစ်ပေါ်ခြင်းကို နှိပ်နင်းလျက် ရဟန္တာအဖြစ်သို့ပင် ရောက်ရောက် သွားကြောင်း ဖြစ်ရပ်တစ်ခု ဖော်ပြသည် -

---

ဆာယ စေတီတော်အား ပြန်လည်တည်ဆောက်မှုကို ဆောင်ရွက်သကဲ့သို့ ဖြစ်သည်။

[၁] မိမိတို့ ဝေစုကို ထိုကိစ္စအတွက် ပေးလိုက်ပြီးနောက် ရဟန်းတော်များသည် မည်သို့ နေထိုင်ခဲ့ကြသနည်း။ အဖြစ်နိုင်ဆုံးမှာ ဆွမ်းခံ၍ နေထိုင်ခဲ့ခြင်းဖြစ်ဖွယ်ရှိသည်။

[၂] မဟာဝံသ ၂၂၊ ၂၅-၂၈။

[၃] ဧကစ္စော ပန နဝကမ္မိကော ဟောတိ၊ ဥပေါသထာဂါရ ဘောဇနသာလာဒီနိ ကရောန္တိ၊ တဿ တေသံ ဥပကရဏာနိ စိန္တေန္တဿ ကိလေသာ ဩကာသံ န လဘန္တိ (အဘိ-ဋ္ဌ ၂၊ ၃၃၅။ အံ-ဋ္ဌ ၁၊ ၂၄)။



မိမိတို့၏ တပည့်များနှင့် ပိုင်ဆိုင်ပစ္စည်းများကို အလွန် စွဲလမ်းသည့် ရဟန်း (သတ္တသင်္ခါရ ကေဠာယန ပုဂ္ဂလ) အချို့လည်း ရှိခဲ့သည်။ ထိုရဟန်းများသည် မိမိတို့၏ တပည့်များအား အခြားပုဂ္ဂိုလ်များအတွက် မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခွင့်မပေး၊ အခြား ပုဂ္ဂိုလ်များအား မိမိပိုင်ပစ္စည်းများကို သုံးစွဲခွင့်လည်း မပြုချေ[၁]။

ဇေတဝနာရာမ သက္ကတကျောက်စာနှင့် မဟိန္ထလေ့ရှိ စတုတ္ထ မဟိန္ဒမင်း ကျောက်ပြားများအရ အေဒီ ၉ ရာစုနှင့် ၁၀ ရာစု ရဟန်းတော်များ၏ စိတ်ပိုင်းဘဝအဆင့်အတန်းလည်း နိမ့်ပုံရသည်။ စိုက်ပျိုးရေးနှင့် စီးပွားရေးကို စိတ်ဝင်စားသူ၊ လယ်ယာမြေများ ပိုင်ဆိုင်သူ၊ ရဟန်းကျင့်ဝတ် လူ့ကျင့်ဝတ်နှစ်မျိုးလုံးကို ဖောက်ဖျက်သူ၊ အပြောအဆို ကြမ်းတမ်းပြီ အမှန်ကို မပြောဆိုသူ ရဟန်းအချို့ ရှိခဲ့သည်။ ယင်းသို့သော ရဟန်းများကို ၎င်းတို့နေထိုင်ရာ ဘုန်းကြီးကျောင်းများ၌ နေထိုင်ခွင့်မပေး၊ သို့မဟုတ် ဆွမ်းသင်္ကန်းတို့ကို ရယူခွင့် မပြုချေ[၂]။

ဘုန်းကြီးကျောင်းတိုက်များ၌ ဆွေးနွေးမှုများနှင့် သေးသိမ်သော အငြင်းပွားမှုများကို မတွေ့ရချေ။ အချို့သောနေရာများတွင် ယင်းဆွေးနွေးငြင်းခုန်မှုများမှာ ကျောင်းတိုက်တစ်ခုအား အလှူငွေ ပေးအပ်မှုကို ဖော်ပြသည့် အေဒီ ၉ ရာစုကျောက်စာတစ်ခုက ‘အကယ်၍ ကျောင်း တိုက်တစ်ခုအတွင်း အစာအစားများကို ကျီးစာခွေးစာအဖြစ် လွှင့်ပစ် ရမည်’ဟူသော အခြေအနေတစ်ရပ်ကို ချမှတ်ထားသည်ထိ အလွန် လူသိများ ထင်ရှားခဲ့ဖွယ်ရှိသည်[၃]။

## အဆောက်အအုံများနှင့် ပြုပြင်ထိန်းသိမ်းရေး

စူဠဝဂ္ဂပါဠိတော်၌ ဆွေနွေးမြေ့ပျက်စီးနေသည့် ဘုန်းကြီးကျောင်းများကို ပြန်လည်ပြုပြင်ရန်ရော ဘုန်းကြီးကျောင်းသစ်များ တည်ဆောက်

---

[၁] ဒီ-ဋ္ဌ ၃၊ ၂၁၀။ မ-ဋ္ဌ ၁၊ ၃၀၃၊ အဘိ-ဋ္ဌ ၂၊ ၂၇၂။

[၂] EZ. I, p. 4-5,86.

[၃] ကောလုဒိယပေါကုဏဂူ ကျောက်စာ (Kaludiyapokuṇa) EZ.III,. 258.

ရန်ပါ ဗုဒ္ဓရှင်တော်မြတ် ခွင့်ပြုတော်မူကြောင်း ဆိုသည်[၁]။ ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ရှင်တော်မြတ်၏ တရားတော်များကို သံဂါယနာတင်ရန် ရာဇဂြိုဟ်မြို့၌ ရဟန်းတော်များ စည်းဝေးကြသောအခါ ဗုဒ္ဓရှင်တော်မြတ် မိန့်မှာတော်မူသည့်အတိုင်း[၂] ပထမ တစ်လ အချိန်အခါကို ပျက်စီးဆွေးမြေ့နေသည့် ဘုန်းကြီးကျောင်းများကိုပြုပြင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့ဖြင့် ရှေးဦး ရဟန်းတော်များသည် မိမိတို့ သီတင်းသုံးရာ ကျောင်းတိုက်များကို ပြုပြင်မှုကို မိမိတို့၏ တာဝန် ဝတ္တရားအဖြစ် ယူဆခဲ့ကြသည်။

သို့ဖြစ်၍လည်း ဇေတဝနာရာမ သက္ကတကျောက်စာ၌ ရဟန်းတော်များနှင့် သက်ဆိုင်သည့် နေရာမှန်သမျှကို မပျက်စီးမဆွေးမြေ့အောင် စောင့်ရှောက်ရမည်ဟု ချမှတ်ထားသည်။ ဘုန်းကြီးကျောင်းတိုက်တစ်ခု၌ နေထိုင်သည့် ရဟန်းတော်တစ်ပါးသည် အဆောက်အအုံသစ်များ ဆောက်လုပ်ရန် သို့မဟုတ် အဆောက်အအုံဟောင်းများ ပြန်ပြင်ရန် အလုပ်ကိုမလုပ်ခဲ့လျှင် မိမိတာဝန်ကို ဥပေက္ခာပြုနေလျှင် အခြားပုဂ္ဂိုလ်များ၏ ကဲ့ရဲ့ခြင်းကိုခံရသည်[၃]။ သို့ဖြစ်၍ ဘုန်းကြီးကျောင်းတိုက်တစ်ခု၌ သီတင်းသုံးနေထိုင်သည့် ရဟန်းတော်တစ်ပါးသည် ထိုနေရာ တိုးတက်မှုနှင့် ပတ်သက်သည့် အချို့သော လုပ်ငန်းမျိုးကို ပုံမှန်အားဖြင့် ဆောင်ရွက်ရသည်။ သို့ရာတွင် ရဟန်းသည် တစ်ခါတစ်ရံ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ခြင်းနှင့် စာပေသင်ကြားခြင်းတို့၌ အချိန်ပြည့် မြုပ်နှံထားနိုင်ရန် ယင်းသို့သော ပလိဗောဓ လုပ်ရပ်များကို တားမြစ် ဥပမာများလည်း ရှိကြသည်[၄]။

---

[၁] အနုဇာနာမိ ဘိက္ခဝေ နဝကမ္မံ ဒါတုံ၊ နဝကမ္မိကော ဘိက္ခဝေ ဘိက္ခု ဥဿုက္ကံ အာပဇ္ဇိဿတိ ကိန္တိ နုခေါ ဝိဟာရော ခိပ္ပံ ပရိယောသာနံ ဂစ္ဆေယျာတိ ခဏ္ဍဖုလ္လံ ပဋိသင်္ခရိဿတိ (ဝိ ၃၊ ၃၀၈)။

[၂] ဘဂဝတာ ခေါ အာဝုသော ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ဝဏ္ဏိတံ။ ဟန္ဒ မယံ ခဏ္ဍဖုလ္လံ ပဋိသင်္ခရိဿာမ (ဝိ ၄၊ ၄၈၂)။

[၃] နဝဝိဟာရေ ဗဟုံ နဝကမ္မံ ဟောတိ။ အကရောန္တံ ဉဇ္ဈာယန္တိ (ဝိသုဒ္ဓိမဂ္ဂ ၁၊ ၁၁၈)။ ဇိဏ္ဏဝိဟာရေ ပန ဗဟုံ ပဋိဇဂ္ဂိတဗ္ဗံ ဟောတိ။ အန္တမသော အတ္တနော သေနာသနမတ္တမ္ပိ အပဋိဇဂ္ဂန္တံ ဉဇ္ဈာယန္တိ (ဝိသုဒ္ဓိမဂ္ဂ ၁၊ ၁၁၈)။

[၄] ယင်း၊ ၁၁၈။



ယေဘုယျအားဖြင့်ဆိုမူ ရဟန်းတော်များအားလုံးသည် နေထိုင်ရာကျောင်းများကို တည်ဆောက် ပြုပြင်ထိန်းသိမ်းမှုများနှင့် ပတ်သက်သည်။ စေတီတော်ကို ပြုပြင်ခြင်း၊ ဗောဓိဆောင် သို့မဟုတ် ဥပေါသထဆောင်ကို မိုးခြင်းစသည့် ရည်ရွယ်ချက်များဖြင့် အခါအားလျော်စွာ စည်(ဘေရီ) သို့မဟုတ် မောင်း(ဂဏ္ဍိ)များကို တီးခတ်ခြင်းတို့အတွက် ထုံးစံများရှိခဲ့သည်[၁]။ ရဟန်းတော်များသည် အလွန်ရှေးကျသည့်ခေတ်များ အချိန်ကပင် အနုပညာသည်များအဖြစ် ပြုမူခဲ့ကြသည်။ မဟာဝံသသည် ကိုးထပ်ရှိသည့် လောဟပါသာဒ (ကြေးပြာသဒ်) အုတ်မြစ် (Plan)ကို ဒုဋ္ဌဂါမဏိမင်းကြီး တောင်းပန်ချက်အရ ရဟန္တာမထေရ်ကြီး ရှစ်ပါးကရေးဆွဲခဲ့သည်[၂]။ ရုဝန်ဝါလိဆာယ (Ruvanvälisäya) အရပ်ရှိ ဓာတ်တော်တိုက် တည်ဆောက်ရေးလုပ်ငန်း ဣန္ဒဂုတ္တအမည်ရှိ ရဟန္တာမထေရ်ကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ခဲ့သည်[၃]။ ရဟန်းတော်များသည် မဟာစေတီတော်ကို တည်ဆောက်ရန် အုတ်များ သယ်ဆောင်ခြင်းကဲ့သို့သော နည်းများဖြင့် အလုပ်ကြမ်းများကိုပင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်[၄]။ မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ ရှင်းလင်းချက်များအရ မဟာစေတီတော်ကို ထုံးသုတ်သည့် သောတာပန်ဖြစ်သွားသည့် ရဟန်းတော်တစ်ပါး အကြောင်းကို မှတ်တမ်းတင်ထားသည်[၅]။

ကတရဂါမ (အေဒီ ၁ နှင့် ၂ ရာစု) ကျောက်ပြားရေးစာ တစ်ခုတွင် နန္ဒအမည်ရသည့် မထေရ်တစ်ပါးသည် ထိုကျေးရွာရှိ စေတီအား အရွယ်ကြီးအောင် တိုးချဲ့မွမ်းခဲ့ပြီး ဝင်ပေါက်လေးခု၌ နာယကဆရာတော်များ၏ သဘောတူချက်ဖြင့် ကျောက်ပြားများချခဲ့သည်[၆]။ ဘာသာ

---

[၁] အံ-ဋ္ဌ ၁၊ ၃၉၇။

[၂] မဟာဝံသ ၂၇၊ ၉-၂၀။

[၃] ယင်း ၃၊ ၈၉။

[၄] ယင်း ၃၊ ၁၉-၄၁။

[၅] မ-ဋ္ဌ ၂၊ ၃၀၀။

[၆] EZ. III, p. 215. နန္ဒမထေရ်သည် ယင်းကို ပြုလုပ်ခဲ့ပုံရသည်။ သရဏံရသံဃရာဇာ၏ တပည့်များသည် အေဒီ ၁၈ ရာစုတွင် ပျက်စီးယိုယွင်း နေသည့် ကျောင်းများကို ပြန်လည်ပြုပြင် တည်ဆောက်သကဲ့သို့ သို့မဟုတ် နာရန်ဝိတ သုမနသာရမထေရ်သည် အေဒီ ၁၉ ရာစု၏ နောက်ဆုံးနှစ်ဝက်တွင် ရုဝန်ဝါလိ

တစ်ခါတစ်ရံ ရဟန်းတော်များ၏ စိတ်အာရုံသည် ကျေးရွာ အလှမယ်များကိုသာမက နန်းတွင်းသူ အလှအပများသို့ပင် ရောက်သွားသည်။ လောဟပါသာဒမှ ရဟန်းပျိုတစ်ပါးနှင့် သဒ္ဓါတိဿမင်း၏ အခြွေအရံ အမျိုးသမီး တစ်ယောက်သည် အချစ်အတွက် အသက်စွန့်ကြကြောင်း သိရသည်[၁]။ စေတိယဂိရိကျောင်းတိုက်မှ အသက်ကြီးပြီးမှ ရဟန်းပြုလာသူ စိတ္တအမည်ရသည့် အခြားရဟန်းတော် တစ်ပါးသည် မဟာဒါဌိကမဟာနာဂမင်း (အေဒီ ၆၇-၇၉) ၏ ချောမောလှပသည့် တမီးလ်မိဖုရားပျိုအား ချစ်သည့်စိတ်ဖြင့် ရူးသွပ်သွားပြီး မဟိန္ဒလေ့ရှိ ရဟန်းငယ်များ၏ ပြောင်လှောင်စရာ ပုဂ္ဂိုလ်ဖြစ်သွားသည်[၂]။

ရဟန်းတော်များသည် ဘိက္ခုနီများနှင့် ချစ်ကြိုက်သည့် သာဓကများလည်း ရှိသည်။ တစ်ခါသော် ရဟန်းငယ်များသည် မဟာစေတီတော်၌ သုတ္တန်များကို ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။ ညနေပိုင်းတွင် ဖြစ်ဖွယ်ရှိသည်။ ငယ်ရွယ်သည့် ဘိက္ခုနီမများသည် ရဟန်းတော်များ အနီး၌ကပ်လျက် ရွတ်ဖတ်သံကို နာယူရင်း ထိုင်ကြသည်။ ရဟန်းပျိုတစ်ပါးသည် မိမိလက်ကို နောက်ဖက်သို့ ဆန့်တန်းလိုက်စဉ် ဘိက္ခုနီမငယ်၏ကိုယ်ကို ထိမိသည်။ ဘိက္ခုနီမငယ်သည် ရဟန်းပျို၏ လက်ကို ကိုင်ပြီး ရင်ဘတ်ပေါ်၌ တင်ထားသည်။ ၎င်းတို့ နှစ်ဦးသည် အချင်းချင်း မေတ္တာပိုသွားပြီး နောင်တွင် လူထွက်သွားကြသည်[၃]။

မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ နှစ်သက်ဖွယ် ဖြစ်ရပ်တစ်ခု ဖော်ပြသည်[၄]။ မရိစဝဋ္ဋိဝိဟာရ (ဘီစီ ၁ ရာစု) လှူဒါန်းပွဲ အခမ်းအနားတွင် များစွာသော ဘိက္ခု ဘိက္ခုနီများသည် အနုရာဓပုရမြို့တော်၌ စုဝေးကြ

[၁] အံ-ဋ္ဌ ၁၊ ၁၇။

[၂] ပညာရှင် အဒိကရမ် က ယင်းမှာ သင်တန်းတစ်ခုဟု ယူဆသည် (EHBC, p. 127.)။ သို့ရာတွင် ယင်းသည် ရဟန်းတော်များ စေတီတော်၌ ရှိခိုးဝတ်ပြုကြပြီးနောက် ရဟန်းတော်များ၏ ညနေပိုင်းတွင် သုတ္တန်များ ရွတ်ဖတ်ခြင်းသာ ဖြစ်သည်။ ယင်းအလေ့အကျင့်သည် ယနေ့ခေတ် ဗုဒ္ဓဝါဒီရဟန်းတော်များတိုင် ရှိသေးသည်။ တစ်ခါတစ်ရံတွင် အမျိုးသား အမျိုးသမီးများသည်လည်း ဓမ္မရွတ်ဖတ်သံကို နာယူရန် ထိုင်ကြသည်။

[၃] မ-ဋ္ဌ ၁၊ ၂၈၈။ ၂၆၉။ ဒီ-ဋ္ဌ ၁၊ ၁၇၆။ အဘိ-ဋ္ဌ ၂၊ ၃၄၃။ အံ-ဋ္ဌ ၁၊ ၂၀။

[၄] မ-ဋ္ဌ ၂၊ ၅၁။



စိတ္တလပဗ္ဗတကျောင်းနေ တိဿရဟန်းသည် ရဟန်းဘဝကို စိတ်ပျက်ပြီး လူထွက်ရန် ဆုံးဖြတ်လျက် ဆရာမထေရ်အား ထိုကိစ္စကို လျှောက်ထားသည်။ ဆရာမထေရ်ကား အရည်အချင်း ပြည့်ဝသည့် ပုဂ္ဂိုလ်ဖြစ်သည်။ တိဿ၊ ယခု ငါ အိုမင်းပြီ။ ငါ့အတွက် နေထိုင်စရာ ကျောင်းတစ်ခု တည်ဆောက်ဦးလော့'ဟု တပည့်ရဟန်းငယ်အား မိန့်ကြားသည်။ ရဟန်းငယ် ထိုကိစ္စကို ချက်ခြင်းပင် သဘောတူလိုက်သည်။ ယင်းနောက် မထေရ်က 'ကျောင်းဆောက်နေစဉ်အတွင်း သင်၏ ကမ္မဋ္ဌာန်းအာရုံကို မမေ့နှင့်။ အခါအားလျော်စွာ ကသိုဏ်းတစ်ခုခုကို ပွားများလော့'ဟု ဆိုသည်။ တိဿကလည်း သဘောတူသည်။ ရဟန်းတော် တိဿသည် ဂူတစ်ခုကို ရှင်းလင်းပြီး နံရံများကို တည်ဆောက်သည်၊ ဝင်ပေါက်တံခါးနှင့် ပြတင်းပေါက်များကို တပ်ဆင်သည်၊ လိုအပ်သည်များ အားလုံးကို ပြင်ဆင်ပြီးနောက် ဆရာမထေရ်အား အကြောင်းကြားသည်။ 'တိဿ၊ သင်သည် ဤကျောင်းကို ခက်ပင်ပန်းစွာ ဆောက်လုပ်ရသည်၊ အဘယ်ကြောင့် တစ်ညလောက် ဤကျောင်း၌မနေဘဲ နေဘိသနည်း'ဟု ဆရာမထေရ်က မိန့်ဆိုသည်။ တပည့်ရဟန်းက နားထောင်သည်။ ရဟန်းငယ်သည် ခြေထောက်ကို ဆေးကြောပြီး ဂူထဲကိုဝင်လျက် တင်ပလ္လင်ခွေထိုင်ကာ စတင် တရားရှုမှတ်သည်။ ရဟန်းငယ်သည် မိမိဘဝနှင့် အလုပ်အကြောင်းကို ဆင်ခြင်နှလုံးသွင်းလျက် စိတ်ကို ဝိပဿနာကမ္မဋ္ဌာန်း အာရုံသို့ စူးစိုက်ထားလိုက်သဖြင့် ရဟန္တာ ဖြစ်သွားသည်။ သို့ဖြစ်၍ အဆောက်အအုံတစ်ခုကို ဆောက်လုပ်ခြင်းဖြင့် အလုပ်များခြင်းသည် ကိလေသာကို အကြွင်းမဲ့ ပယ်ရှားရန် အထောက်အပံ့ပြုကြောင်း ယူဆသည်[၁]။

ကိလေသာကို ပယ်ရှားရန် နည်းလမ်း တစ်ခုဖြစ်သည့် ယင်းသို့သော တည်ဆောက်ပြုပြင် အလုပ်မျိုးကို စိတ်ပိုင်းဘဝ လေ့ကျင့်မှုတွင် မပျော်ပိုက်ဘဲ ဆုတ်နစ်နေသည့် ရဟန်းတော်များ အတွက်သာ ဖော်ပြခြင်းဖြစ်သည်။ မိမိ၏ စိတ်ပိုင်းဘဝ တိုးတက်မှုအတွက် ကြိုးပမ်းအားထုတ်ရန် နှစ်နှစ်ကာကာ လိုလားသည့် ပုဂ္ဂိုလ်တစ်ယောက် အဖို့မူ

[၁] အံ-ဋ္ဌ ၁၊ ၃၄။

ယင်းသို့သော လုပ်ငန်းများကို ရှောင်ရှားရမည့် ပလိဗောဓ (အနှောင့်အယှက်) အဖြစ် ယူဆသည်[၁]။

## နှလုံးသားရေးရာ ကိစ္စများ

ရဟန်းတော်များ၏ ဘဝသည် တင်းကြပ်စွာ ထိန်းချုပ်ထားသော်လည်း အခါအားလျော်စွာ နှလုံးသားရေးရာ ကဲ့သို့သော ကြားဝင်ကိစ္စများမှ မလွတ်မြောက်နိုင်ဘဲ ရှိကြသည်။ ရဟန်းငယ်များကို စောင့်ရှောက်ကြသည့် မထေရ်ကြီးများသည် ဖြားယောင်းမှုနှင့် အန္တရာယ်များ၏ သားကောင်များ ဖြစ်သွားခြင်းမှ မိမိတို့၏ တပည့်များကို ကာကွယ်ရန် အတတ်နိုင်ဆုံး ကြိုးစားကြသည်[၂]။

ကာဠဒီဃဝါပိဒွါရဝိဟာရ၏ နာယကဆရာတော်သည် ရွာတွင်းသို့ အဝင်အထွက် မပြုမှုသာ ငယ်ရွယ်သူ စာသင်သား ရဟန်းတော်များအား သင်ကြားပေးရန် သဘောတူသည်။ ဆရာမထေရ်သည် တပည့်ရဟန်း အနေဖြင့် ရွာတွင်း၌ ဖြားယောင်းမှု အချို့ကို အရှုံးပေးရမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ ယင်းကျေးရွာမှာ မကောင်းသတင်း ထွက်ခဲ့ဖွယ်ရှိသည်။

ထိုရဟန်းငယ်သည် အဘယ်ကြောင့် မိမိဆရာသည် မိမိအား ရွာတွင်းသို့ ဝင်ရောက်ခြင်းကို တားမြစ် ထားရသနည်းဟူသည်ကို သိအောင် စုံစမ်းလိုစိတ် အလိုအလျောက် တိုးပွားခဲ့သည်။ သို့ဖြစ်၍ စာပေလေ့ လာသင်ကြားမှုပြီးနောက် မိမိနေရပ်သို့ အပြန်တွင် ရဟန်းငယ်သည် ထိုကျေးရွာလမ်းအတိုင်း ဖြတ်လျှောက်သည်။ အဝါရောင် အဝတ်အစားကို ဝတ်ဆင်ထားသည့် လုံမပျိုတစ်ယောက်သည် အိမ်မှ ထွက်လာပြီး ရဟန်းတော်၏ သပိတ်ထဲသို့ ယာဂုဆွမ်း လောင်းလှူသည်။ လုံမငယ်သည် ရဟန်းတော်အား မြင်လျှင်မြင်ချင်း ချစ်ကြိုက်သွားလျက် အိမ်ထဲပြန်ဝင်ပြီး အိပ်ရာပေါ်တွင် လဲလျောင်းနေသည်။

အဘယ်ကြောင့် ယင်းသို့ဖြစ်ရသည်ကို မိန်းမပျို၏ မိဘများက စုံစမ်းမေးမြန်းသောအခါ ရဟန်းပျို၏ မေတ္တာကို မရလျှင် မိမိအသက်ရှင်တော့မည် မဟုတ်ဟု ပြောကြားသည်။

မိဘများသည် ရဟန်းတော်၏ နောက်သို့ ပြေးလိုက်သွားပြီး ရှိခိုးဦးညွတ်ပြီး ရဟန်းပျိုအား ဆွမ်းကို မိမိတို့အိမ်တွင် ဘုဉ်းပေးရန် ပင့်လျှောက်သည်။ သို့ရာတွင် ရဟန်းငယ်က ပြန်လာရန် ငြင်းဆိုသည်။ ယင်းနောက် မိဘနှစ်ပါးသည် ရဟန်းငယ်အား လျှို့ဝှက်ချက်ကို ဖွင့်ဟပြောဆိုသည် ‘အရှင်ဘုရား၊ တပည့်တော်တို့သည် ပြည့်စုံကြွယ်ဝပြီး သမီးကညာ တစ်ဦးသာရှိပါ၏။ အရှင်ဘုရားသည် တပည့်တော်တို့၏ သားအဖြစ် ပျော်ရွှင်စွာ နေထိုင်ပါလော့’ဟု လျှောက်ကြသည်။

သို့တစေ ရဟန်းငယ်သည် ချက်ခြင်းပင် ဆရာအရှင်၏ အကြံပြုချက်ကိုတွေးမိပြီး ယင်းသည် ကြီးစွာသော အန္တရာယ်ဖြစ်ကြောင်း သိမြင်ပြီး ထွက်ပြေးခဲ့သည်။ အမျိုးသမီးငယ်သည် အစားအစာမစားဘဲ လွမ်းဆွေးပြီး သေဆုံးသွားသည်။

အသုဘအခမ်းအနားပြီးနောက် မိဘများသည် အမျိုးသမီးငယ် ဝတ်ဆင်သည့် အဝါရောင်အဝတ်ကို အနီးအနားရှိ ကျောင်းတိုက်တစ်ခုသို့ လှူဒါန်းလိုက်သည်။ ယင်းအဝါရောင်အဝတ်မှ အပိုင်းအစတစ်ခုကို အလှူဝေစုရရှိသည့် ရဟန်းတော်တစ်ပါးသည် ကေလဏိယသို့ ဘုရားဖူးခရီးသွားစဉ် ထိုနေရာတွင်နေထိုင်ခဲ့သူ ရဟန်းငယ်အား ယင်း ဖြစ်ရပ်ကုန်စင်ကို အကြောင်းတိုက်ဆိုင်ရင်း ပြောပြလိုက်သည်။ ရဟန်းငယ်သည် သစ္စာတည်တံ့ပြီး ချစ်မြတ်နိုးတတ်သည့် ဘဝကြင်ဖော်ကို ရရှိသည့် အခွင့်အရေး ဆုံးရှုံးမှုအတွက် များစွာ နောင်တရပြီး ရဟန်းငယ်သည်လည်း သောကဖြင့် ပျံလွန်တော်မူသည်[၁]။

---

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၇။

[၂] ဝေတ်မွတ်ခေါင်းပါးစဉ် ကာလအတွင်းမှာပင် မဟာထေရ်တစ်ပါးသည် စိတ်ထဲ၌ သံသယဖြစ်စေမှုအတွက် သာမဏေငယ် တစ်ပါးအား ပြစ်ဒဏ် ပေးတော့မည့်ဆဲဆဲ ဖြစ်ခဲ့သည်။ နောင်အခါ ပိဋကတ်သုံးပုံကို ကျွမ်းကျင်သည့် ဝတ္တဗ္ဗကနိဂြောဓရဟန်းအဖြစ် ထင်ရှားလာသည့် သာမဏေ ငယ်သည် အာရုံမတက်မိ အာရညက (ခုတင်)ကို ဆောက်တည်ရန် တောသို့ ထွက်သွားခဲ့သည်။ သို့ရာတွင် ဆရာမထေရ်သည် မိမိတပည့်သာမဏေ မည်သို့ဖြစ်သွားခဲ့သည်ကို မသိချေ (အဘိ-ဋ္ဌ ၂၊ ၄၃၂)။

[၁] မ-ဋ္ဌ ၁၊ ၂၈၈။ အံ-ဋ္ဌ ၁၊ ၁၇။ ရက်ကန်းသည်မကို ကြိုက်ပြီး အိမ်ထောင်ပြုသွားသည့် သာမဏေငယ်တစ်ပါး အကြောင်းလည်း ရှိသည် (အဘိ-ဋ္ဌ ၂၊ ၂၈၁။ မ-ဋ္ဌ ၃၊ ၁၈၉)။

ကျင့်ကြံကြသည့် ရဟန်းတော်များမှာ များသောအားဖြင့် အဖော်မပါဘဲ တစ်ပါးတည်း သွားကြသည်[၁]။

အန္တရာယ်များပြီး ခက်ခဲလှသည့် အိန္ဒိယရှိ ဗုဒ္ဓဂယာ မဟာဗောဓိသို့ ဘုရားဖူးခရီးကိုမူ တစ်ခါတစ်ရံ ဥပါသကာ ဥပါသိကာများ ပါဝင်ပြီးပုံမှန်အားဖြင့် အုပ်စုလိုက် သွားကြသည်။ အနုရာဓပုရမြို့မှ ဗုဒ္ဓဂယာအထိ ခရီးစဉ်တစ်ခုလုံးအတွက် ဆယ်လ သို့မဟုတ် ဆယ့်နှစ်လအထိ ကြာသည်[၂]။

သီဟိုဠ်တွင် ဘုရားဖူးခရီးသွားမည့် ထင်ရှားသည့်နေရာ များစွာရှိသည်။ အနုရာဓပုရမြို့ရှိ မဟာဗောဓိနှင့် မဟာစေတိယ (ရုဝန်ဝေလိဆာယ) အရပ်တို့မှာ အလွန်ထင်ရှားသည်[၃]။ နာဂဒီပ (ယနေ့ခေတ် ဂျာဖနာကျွန်းဆွယ်)လည်း ထပ်တူပင် လူသိများသည်[၄]။ တောင်ဖက်တွင် တိဿာရာမဝိဟာရ[၅]နှင့် အနောက်ဖက်တွင် ကလျာဏီစေတီ[၆]တို့မှာ အခြားထင်ရှားသည့် နေရာများဖြစ်ကြသည်။ တစ်ခါတစ်ရံ သမန္တကူဋ (သိရိပါဒ)ကိုလည်း ဖော်ပြသည်[၇]။ ဖော်ပြပါ ထင်ရှားသည့် နေရာများသို့ သွားရောက်သည့် ခရီးစဉ်တွင် ဘုရားဖူးများသည် မိမိတို့ ဖြတ်ကျော်ရသည့် အခြားဘာသာရေးဆိုင်ရာ နေရာများကိုလည်း ပူဇော်ဝတ်ပြုကြသည်။

ဘုရားဖူးတစ်ယောက်၏ ထိုအချိန်က အကျိုးတရားများမှာ များစွာရှိသည်။ ယင်းသည် အခြေခံအားဖြင့် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ဟောကြားချက်နှင့်အညီ ရှေးခေတ် အစဉ်အလာအရ စေတိယစာရိကာဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးသို့ ခရီးသွားခြင်းသည် သစ်ဆန်းသည့်

---

[၁] အံ-ဋ္ဌ ၂၊ ၂၇၉။

[၂] ရသဝါဟိနီ ၂၊ ၁၂၄-၁၂၅။ အနုရာဓပုရမြို့မှ ကောဋ္ဌပဋ္ဋန (သဒ္ဓမ္မာလင်္ကာရကျမ်း၌ ယင်းကို မာဝဋ္ဋုပဋ္ဋုဂမဟုခေါ်သည်)သို့ ၄ လကြာသည်။ ကောဋ္ဌပဋ္ဋနမှ အခြားကမ်း (ပရတီရ)သို့ ပင်လယ်ခရီးဖြင့် ၂ လကြသည်။ ထိုနေရာမှ ဗုဒ္ဓဂယာ မဟာဗောဓိသို့ ၄ လကြာသည်။

[၃] အဘိ-ဋ္ဌ ၂၊ ၃၃၂။ ဝိသုဒ္ဓိမဂ္ဂ ၁၊ ၁၃၉။

[၄] ဒီ-ဋ္ဌ ၂၊ ၁၂၅။ မ-ဋ္ဌ ၂၊ ၂၉၅။ အံ-ဋ္ဌ ၃၊ ၉၂။

[၅] အံ-ဋ္ဌ ၁၊ ၃၉၆။

[၆] ရသဝါဟိနီ ၂၊ ၁၇။ အဘိ-ဋ္ဌ ၂၊ ၃၃၈။

[၇] ရသဝါဟိနီ ၂၊ ၁၇။



သည်။ သာမဏေငယ်တစ်ပါးသည် ယာဂု ပူပူနွေးနွေးပါသည့် ခွက်ကို ကိုင်ယူလာသည်။ ယာဂုခွက်မှာ သင်္ကန်းဖြင့် ခုကိုင်ရသည်ထိ ပူနွေးသဖြင့် နောက်ဆုံး မြေကြီးပေါ် ချလိုက်ရသည်။ ဘိက္ခုနီကလေးတစ်ယောက်သည် သာမဏေငယ်ကို မြင်သဖြင့် ‘ဤပန်းကန်ပြားပေါ် တင်ပြီး ယူပါအရှင်’ ဟုဆို၍ ပန်းကန်ပြားကို ပေးလိုက်သည်။

နှစ်ကာလ ကြာညောင်းသွားခဲ့ပြီး သီဟိုဠ်၌ အစာရှားပါးမှုနှင့် ကြုံသည်။ အထက်ဖော်ပြပါ နှစ်ယောက် အပါအဝင် ဘိက္ခု၊ ဘိက္ခုနီများစွာတို့သည် နိုင်ငံတော်မှ ယခင်ဖြစ်ဖူးသည့် ထုံးစံအတိုင်း အိန္ဒိယနိုင်ငံဖြစ်ဖွယ်ရှိသည့် သမုဒ္ဒရာတစ်ဖက်ကမ်း (ပရသမုဒ္ဒ)သို့ ထွက်ပြေးကြရသည်။ ထိုဘိက္ခုနီမငယ်သည်လည်း ဆိုပြီးဘိက္ခုနီမများနှင့် အတူယင်းသို့ ပါသွားသည်။ သီဟိုဠ်ရဟန်းသစ်တစ်ပါး ရောက်ရှိလာကြောင်း သတင်းကြားသိသောအခါ ထိုဘိက္ခုနီမငယ်သည် ထိုအရှင်နှင့်သွားတွေ့ပြီး စကားစမြည်ပြောဆိုသည်။ ‘အရှင်ဘုရား၊ မရိစဝဋ္ဋိဝိဟာရလှူဒါန်းပွဲ အခမ်းအနားတုန်းက သက်တော် ဘယ်လောက်ရှိပါပြီးလဲဘုရား’ဟု ဘိက္ခုနီမငယ်က စုံစမ်းသည်။ ‘အဲဒီအချိန်က ငါ ခုနစ်နှစ်သားအရွယ် ကိုရင်မျှသာရှိပါသေးသည်။ သင်ကော အဲဒီတုန်းက အသက် ဘယ်လောက်ရှိသလဲ’ဟု ရဟန်းက ပြန်မေးသည်။ ‘တပည့်တော်မလည်း ထိုအချိန်က ခုနစ်နှစ်မျှ သာရှိသေးသည့် သာမဏေရီဖြစ်ပါသည်’ဟု ဖြေကြားလျက် ဘိက္ခုနီမက ‘အဲဒီတုန်းက အသက်ခုနစ်လောက်သာ ရှိသေးသည့် ပူနွေးသည့် ယာဂုခွက်ကို ကိုင်လာပြီး မြေကြီးပေါ်ကို ယာဂုခွက်ကိုချနေသည့် သာမငယ်တစ်ပါးကို အောက်ခံခွက်တစ်ခု လှူဒါန်းခဲ့ရပါသည်’ဟု ရှောင်တခင် ဖြစ်ရပ်ကလေးကို ပြောပြသည်။ မထေရ်က ‘အဲဒီသာမဏေဟာ ကျုပ်ပဲ’ဟု အံ့ဩစွာဆိုလျက် ထိုပန်းကန်ပြားကလေးကို ဘိက္ခုနီအား ထုတ်ပြသည်။ အတိတ်က အောက်မေ့ဖွယ် ဖြစ်ရပ်များသည် ပြန်လည် လန်းဆန်းလာပြီး မေတ္တာစိတ်များ တိုးပွားလာပြီးသည့် နောက်တွင် သာသနာ့ဘောင်မှ ထွက်ခွာသွားကြသည်။ ဤဖြစ်ရပ်အရ ထိုအချိန်က ၎င်းတို့ နှစ်ယောက်မှာ အသက်ခြောက်ဆယ် ရှိပြီဖြစ်သည်။

ဖော်ပြပြီးဖြစ်ရပ်များကဲ့သို့သော ခြွင်းချက်ဖြစ်ရပ်များမှာ ရဟန်းအချို့ သင်္ကန်းဝတ်ဖြင့်ရှိစဉ် ကိုယ်ကျင့်တရား ခေါင်းပါးမှုအတွက်

အမှတ်မထင်တွေ့ရသည့် သာဓကများ ဖြစ်ကြသည်။ ဓမ္မပြဒီပိကာ (သီဟိုဠ်ဘာသာ) ကျမ်း၌[၁] ဘီစီ ၂ ရာစုတွင် တစ်ခုတည်းသော ပုံစံအဖြစ် အနုရာဓပုရမြို့ ပန်းခြံတစ်ခု၌ ကိုယ်လက်နှီးနှောမှု ပြုကြသည့် 'သက်န်းဝတ်ရုံထားသည့် အမျိုးသမီးနှင့် အမျိုးသားတစ်ယောက်'[၂] အကြောင်းကို ဖော်ပြသည်။ အကယ်၍ ရဟန်းတစ်ပါးသည် အမျိုးသမီးတစ်ယောက်နှင့် ချစ်ကြိုက်ပြီး ယင်းဆွဲဆောင်မှုကို ကျော်လွှား နိုင်စွမ်းမရှိတော့လျှင် ပုံမှန်အားဖြင့် ထိုရဟန်းသည် ရိုးသားစွာ လူထွက်ပြီး ထိုအမျိုးသမီးကို လက်ထပ်ခြင်းမှာ လုံးဝ ပြည့်စုံမျှတပြီး ခွင့်ပြုသည်။

## ဘုရားဖူးခရီးများ

ထင်ရှားသည့် နေရာများအား ရှိခိုးဝတ်ပြုရန် ဘုရားဖူးခရီးသွားခြင်းမှာ ရဟန်းတော်များ၏ ထင်ရှားသည့် ဘဝပုံသွင်တစ်ခု ဖြစ်သည်။ ယင်းကို မြတ်ဗုဒ္ဓကိုယ်တိုင်လည်း အားပေးသည်။ ဗုဒ္ဓရှင်တော်မြတ်သည် သက်တော်ထင်ရှားရှိစဉ်က ဝါတွင်းသုံးလ သို့မဟုတ် လေးလအတွင်း တစ်နေရာတည်းတွင် သီတင်းသုံးပြီး နှစ်ကာလ၏ ကျန်သည့် လပိုင်းအချိန်များကို ကောင်းမွန်သည့် ဘဝနေနည်းတစ်ခုကို သင်ကြားလျက် တစ်ရွာပြီးတစ်ရွာ၊ တစ်နယ်ပြီးတစ်နယ်၊ တစ်နိုင်ငံပြီးတစ်နိုင်ငံ လှည့်လည်သီတင်းသုံးသည်။ ယင်းသို့ ခရီးထွက်ခြင်းကို စာရိကာဟု ခေါ်ပြီး စာရိကာတွင် ဗုဒ္ဓရှင်တော်မြတ်နှင့်အတူ ရဟန်းတော် ရာပေါင်း များစွာတို့ ပါဝင်ကြသည်။

မဟာပရိနိဗ္ဗာန သုတ်တော်တွင် ဗုဒ္ဓရှင်တော်မြတ်က အရှင်အာနန္ဒာအား ကြည်ညိုသူ ဥပါသကာ တစ်ယောက်သည် ဗုဒ္ဓရှင်တော်မြတ် မွေးဖွားတော်မူသည့်နေရာ၊ သဗ္ဗညုတဉာဏ်ကို ရတော်မူသည့်နေရာ၊ တရားဦးဒေသနာ ဟောကြားတော်မူသည့် နေရာ၊ ပရိ

[၁] ယင်းကျမ်း၊ စာ - ၃၂၂။

[၂] ဂုရုဋ္ဌဂေါမိ (ပုဂ္ဂိုလ်)သည် ထိုပုဂ္ဂိုလ်နှစ်ယောက်အား ဘိက္ခု ဘိက္ခုနီဟု ခေါ်ရန် မနှစ်သက်သော်လည်း 'သက်န်းဝတ်ရုံထားသည့် အမျိုးသမီးနှင့် အမျိုးသားတစ်ယောက်'ဟု ရည်ညွှန်းခဲ့သည်။



နိဗ္ဗာန်စံတော်မူသည့် နေရာဟူ၍ ယင်းဌာနလေးခုကို သွားရောက် ဖူးမြော်ပြီး ယင်းသို့ စေတီတော်များအား လှည့်လည် ဖူးမြော်သွားရင်း စုတိပြတ်ကြွေ သေလွန်ဘိမူ ထိုသူသည် နတ်ပြည်လောက သုဂတိဘဝသို့ ရောက်ရသည်ဟု ဟောကြားတော်မူသည်[၁]။

ယင်းပါဠိတော်ကို ဖွင့်ရာ၌ အရှင်မဟာဗုဒ္ဓဃောသအရှင်မြတ်က ဘုရားဖူးသွားရင်း စင်ကြယ်သော စိတ်ထားဖြင့် သေသောသူများပင် နတ်ပြည်လောက၌ မွေးဖွားနိုင်သည်ဆိုလျှင် စေတီတော်ရင်ပြင်ကို တံမြက်လှည်းခြင်း၊ ပန်းတင်ခုံကို ဆေးကြောခြင်းနှင့် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းခြင်း ပြုသူများအဖို့မူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟု ပြဆိုသည်[၂]။

သီဟိုဠ်ရှိ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် အဆိုပါ ယူဆချက်နှင့် အစဉ်အလာကို လိုက်နာကြလျက် သီဟိုဠ်ကျွန်းတွင် သာမက အိန္ဒိယတွင်ပါ ဘုရားပူဇော်ရန် ရည်ရွယ်ပြီး ဘုရားဖူး လှည့်လည်လေ့ရှိခဲ့ကြသည်။ ထိုခရီးစဉ်များတွင် ရဟန်းတော်များသည် ပိုပြီးနှစ်သက်ဖွယ်နှင့် အန္တရာယ်ကင်းစေရန် အုပ်စုဖွဲ့၍ သွားကြသည်။ တလင်္ဂရပဗ္ဗတအနီးရှိ တိဿာရာမဝိဟာရ ကျောင်းတိုက်မှ အရှင်ဓမ္မဒိန္နမထေရ်နှင့် တိပိဋကစူဠာဘယ မထေရ်ကဲ့သို့သော မထေရ်ကြီးများ ဘုရားဖူးခရီး လှည့်လည်သောအခါ နောက်ပါ ရဟန်းတော်မှာ ၅၀၀ လောက်အထိ များပြားလှသည်[၃]။ ၇၊ ၁၂၊ ၃၀၊ ၅၀ သို့မဟုတ် ၆၀ လောက်ရှိသည့် ရဟန်းတော်များ၏ အုပ်စုငယ်များမှာ အလွန် ထင်ရှားသည်[၄]။ များသောအားဖြင့် ယင်းအုပ်စုများမှာ စာချဘုန်းကြီးနှင့် စာသင်သား ရဟန်းများ သို့မဟုတ် အနီးရှိကျောင်းများမှ အတူ ပူးပေါင်းပါဝင် လိုက်လာသူများ ဖြစ်ကြသည်။ သို့တစေ ပံသုကူလိက မထေရ်များနှင့် ပိဏ္ဍပါတိက မထေရ်များကဲ့သို့သော ပြင်းပြင်းထန်ထန်

[၁] ဒီ ၂၊ ၂၁၆။

[၂] ဒီ-ဋ္ဌ ၂၊ ၁၇၃။

[၃] ရသဝါဟိနီ ၂၊ ၁၂၈။ အဘိ-ဋ္ဌ ၂၊ ၄၂၃။ ယင်းဂဏန်းအရေအတွက်ကို အတိအကျ မယူသင့်ချေ။

[၄] ရသဝါဟိနီ ၂၊ ၁၅၀။ အဘိ-ဋ္ဌ ၂၊ ၃၃၈။ ဒီ-ဋ္ဌ ၂၊ ၁၂၄။ အံ-ဋ္ဌ ၃၊ ၉၂။

သို့ဖြစ်စေကာမူ အများစုမှာမူ စူဠပိဏ္ဍပါတိက တိဿမထေရ်၏ သဘောကို မနှစ်သက်ဘဲ လူမှုအကျိုး ဆောင်ရွက်သည့် ရဟန်းများကို ပို၍ နှစ်သက်ကြသည်။

အစဉ်အလာနှင့် ထင်ရှားသည့် ဥပါသကာ ဥပါသိကာများ အပေါ်ထားရှိသည့် သံဃာ့သဘောထားမှာ အောက်ပါဂါထာပါဠိဖြင့် လူအများအား ပေးထားသည့် အကြံဉာဏ်ဖြင့် ရှင်းလင်းပြီး လိုရင်းကို ရောက်သည် -

ဂိဟီနံ ဥပကရောန္တာနံ၊ နိစ္စံ အာမိသဒါနတော။
ကရောထ ဓမ္မဒါနေန၊ တေသံ ပစ္စယကာရကံ[၁]။

အာမိသဒါနဖြင့် သင်တို့ကို ထောက်ပံ့ကြသည့် ဥပါသကာ ဥပါသိကာများအား ဓမ္မဒါနဖြင့် တုံ့ပြန်၍ထောက်ပံ့ကြလော့။

ဒီဃနိကာယ် သိင်္ဂါလသုတ်တွင် ယင်းယူဆချက်ကို ပိုမို အသေးစိတ် ဖော်ပြထားသည်[၂]။

အထက်တွင် ဖော်ပြသည့် ဂါထာ၌ ဓမ္မဒါနဟူသော ဝေါဟာရ၌ စိတ်ပိုင်းလေ့ကျင့်မှု၊ ပညာရေးဘဝ၊ ယဉ်ကျေးမှုဆိုင်ရာ ကူညီဆောင်ရွက်မှုအားလုံးကို ထည့်သွင်းနိုင်သည်။ သို့ဖြစ်၍ ရဟန်းတော်များ အနေဖြင့် မိမိတို့အပေါ် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့၍ စောင့်ရှောက်ကြသူများအား စိတ်ပိုင်းလေ့ကျင့်မှု၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ ပေးကမ်းမှုများဖြင့် ဆောင်ရွက်ပေးရန်မှာ မိမိတို့၏ ကြီးလေးသည့် တာဝန်ဖြစ်သည်ဟု ခံယူကြသည်။

အချို့သော ဖြစ်ရပ်ဝတ္ထုကြောင်းများမှ ရဟန်းတော်များ၏ ယေဘုယျအတွေးအမြင်မှာ မိမိတို့ကိုယ်တိုင် မြင့်မြတ်သည့်ဘဝကို ခံယူလျက် အတတ်နိုင်ဆုံး အများကောင်းကျိုး ဆောင်ရွက်နိုင်ရန်ဖြစ်၏ဟု နားလည်ရသည်။ ရဟန်းတော်များ၏ဘဝသည် ဘာသာတရား အဆုံးအမကို လိုက်နာကျင့်သုံးရာ၌ လူအများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးခြင်းအတွက် စံနမူများဖြစ်သည်။ ရဟန်းများသည် သက်သောင့်သက်သာ အတိုင်းအတာဖြင့် လူများက လှူဒါန်းသည့် အဖိုးတန် အလှူ

[၁] သဒ္ဓမ္မာလင်္ကာရယ၊ ၅၂၃။
[၂] ဒီ ၃၊ ၁၄၅။



အရာများကို တွေ့ရပြီး လူအသစ်များနှင့် တွေ့ဆုံရလျက် ငြီးငွေ့ဖွယ် ဘုန်းကြီးကျောင်း နေထိုင်မှုဘဝ၏ အပြောင်းအလဲတစ်ရပ် ဖြစ်သည်။ ပညာရှင် ဆရာတစ်ပါးနှင့် အတူခရီးသွားရခြင်းသည် အမြဲတမ်းပင် အကျိုးရှိသည်။ အကြောင်းမူ ရဟန်းတော်များသည် ခရီးတစ်လျှောက်တွင် အရေးပါသည့် အချက်များကို ထိုပညာရှင်မထေရ်နှင့် ဆွေးနွေးနိုင်သောကြောင့် ဖြစ်သည်။ ယင်းသည် ခရီးသွားရင်း ကျောင်းတက်သကဲ့သို့ ဖြစ်သည်။ ဘုရားဖူးခရီးသွားခြင်းသည် ရဟန်းတော်များအား ၎င်းတို့၏ နေထိုင်ရာကျောင်းကို တွယ်တာ တပ်မက်မှုအား ပယ်ရှားရန်လည်း အထောက်အပံ့ပြုသည်။

ယင်းတို့ အားလုံးထက် ပိုသည်မှာ ဘုရားဖူး ပုဂ္ဂိုလ်များအား ရဟန်းတော်များက အလွတ်တာဝန်ကျေစွာ စောင့်ရှောက်ပေးကြခြင်း ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်နှင့် တပည့်ရဟန်းသံဃာတော်များ ဒေသစာရီ ကြွချီသကဲ့သို့ပင် ဘုရားဖူး ရဟန်းတော်များသည် ၎င်းတို့ ဖြတ်သန်းသွားရသည့် မြို့ရွာတစ်လျှောက် လူအများအား တရားဒေသနာ ဟောကြား သွားကြသည်။ ရဟန်းတော်များသည် (တစ်နေရာမှ တစ်နေရာသို့) အလျင်စလို (ခွဲခွာ) မသွားကြချေ။ လိုအပ်လျှင် ရက်အတန်ကြာ နေထိုင်ကြသည်။ သို့ဖြစ်၍ ဘုရားဖူးရဟန်းတော်များသည် လိုအပ်သည့် အရပ်ဒေသများ၌ ရပ်နားပြီး တရားဒေသနာ ဟောကြားကြသည်။

သင်္ကန်းသုံးထည်၊ သပိတ်နှင့် ရေစစ်တို့အပြင် ခရီးသွားရဟန်းသည် များသောအားဖြင့် ဆီဘူး (ခြေကို သုတ်လိမ့်သည့် ဆီ = ခြေနယ်ဆီကို ထည့်သည့်ဘူး)၊ ညှပ်ဖိနပ်တစ်ရံ၊ အသုံးမပြုသည့်အခါ ယင်းဖိနပ်ကို ထည့်ရန် ခြင်းတစ်ခု၊ ယပ်တောင်နှင့် တစ်ခါတရံ ထီးနှင့် တောင်ဝှေးတို့ကိုပါ ဆောင်ယူသည်[၁]။ ထို့ပြင် မီးမွှေးသည့် ပစ္စည်းကိရိယာ (မီးခတ်ကျောက်)၊ သိပါဠိကာ (ဘူး ?)၊ အာရကဏ္ဍက (ပင်အပ် ?)၊ ပိပ္ဖလက (ကတ်ကြေး ?)၊ နခစ္ဆေဒန (လက်သည်းညှပ်)နှင့် သူစိ (အပ်)များကိုထည့်သည့် ထဝိကာ (အိတ်) တစ်ခုကိုလည်း သယ်ဆောင်သွားကြသည်။ ယင်းအိတ်ထဲတွင် အခါအားလျော်စွာ ရည်ညွှန်း

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၈။ အံ-ဋ္ဌ ၃၊ ၁၆၀။

ကိုးကားနိုင်ရန် ဗုဒ္ဓဓမ္မဂုဏ်တော်များကို ရေးသားထားသည့် မှတ်စုစာအုပ် (မုဋ္ဌိပေါတ္ထက) တစ်အုပ်လည်း ပါသည်[၁]။

## လူမှုရေး လုပ်ဆောင်ချက်

ပညာရေးနှင့် ယဥ်ကျေးမှုလုပ်ရှားမှုများမှ တစ်ပါး ရဟန်းတော်များ လူမှုရေးကိစ္စကို စိတ်ဝင်စားမှုနှင့် ပတ်သက်သည့် ဖော်ပြချက် အနည်းငယ်မျှသာ ရရှိသည်[၂]။ ရဟန်းတော်များသည် လူမှုအကျိုး ဆောင်ရွက်မှုနှင့် လောကီရေးလှုပ်ရှားမှုများကို စိတ်ဝင်စားသင့်သလောဟူသည်နှင့် ပတ်သက်၍ ယူဆချက်တစ်ရပ် ချမှတ်သင့်သည်။ မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ ဖော်ပြသည့် ဖြစ်ရပ်အပိုင်းအစ တစ်ခုသည် ဤကိစ္စနှင့် ပတ်သက်သည့် အတွေးအမြင်တစ်ရပ်ကို ပေးသည်[၃]။

ကျေးရွာတစ်ရွာမှ အမျိုးသမီး ဥပါသိကာ တစ်ယောက်သည် စူဠပိဏ္ဍပါတိက တိဿမထေရ်အား နှစ်ပေါင်းများစွာ ကိုးကွယ်ဆည်းလျက်ရှိသည်။ တစ်နေ့တွင် ကျေးရွာကို မီးလောင်ကျွမ်းသဖြင့် အိမ်အများအပြား မီးလောင်ရာတွင် ထိုဥပါသိကာမ၏ အိမ်လည်း မီးထဲပါသွားသည်။ ထိုအချိန်တွင် ယင်းကျေးရွာသို့ အလည်အပတ်ရောက်ရှိနေကြသည့် ရဟန်းတော်အချို့သည် ထိုဥပါသိကာမကြီးအား ကရုဏာသက်စွာဖြင့် တစ်စုံတစ်ရာ စုဆောင်းထားသည့် ပစ္စည်းရှိသလားဟု စုံစမ်းမေးမြန်းကြသည်။ သို့ရာတွင် စူဠပိဏ္ဍပါတိက တိဿမထေရ်သည် ထိုဥပါသိကာမ၏ ကံဆိုးမိုးမှောင်ကျနေသည့် အချိန်တွင် ကြွရောက် လည်ပတ်ခြင်းမရှိ။ ရွာသားများက ထိုမထေရ်သည် ဆွမ်းခံချိန်ကျမှ ကြွလာလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုကြသည်။ မထေရ်လည်း နောက်နေ့ ဆွမ်းစားချိန် အတိအကျ လောက်တွင် ထိုနေရာသို့ သွားပြီး ပုံမှန်အတိုင်း ဆွမ်းကိုခံယူသည်။ ဥပါသိကာမကြီးသည် အုတ်နံရံတစ်ခု၏ အရိပ်အောက်၌ ဆွမ်းပြင်ပြီး မထေရ်အား ဆွမ်းလှူသည်။

---

[၁] မ-ဌ ၁၊ ၃၉၄။

[၂] ရဟန်းတော်များ၏ ပညာရေးနှင့် ယဥ်ကျေးမှု လှုပ်ရှားမှုများ အကြောင်းကို ပညာရေးကဏ္ဍတွင် ရှုပါ။

[၃] မ-ဌ ၁၊ ၂၈၈။



ဆွမ်းကိစ္စပြီးနောက် မထေရ်ပြန်ကြွသွားသောအခါ ရွာသားများက ထိုရဟန်း၏ သဘောထားနှင့်ပတ်သက်၍ ဥပါသိကာမကြီး၏ မိတ်ဆွေရဟန်းသည် ဆွမ်းခံချိန်အတိအကျတွင်သာ ကြွလာခဲ့ကြောင်းပြောဆိုလျက် လှောင်ပြောင် သရော်ပြုကြသည်။ အပြစ်မဲ့ရှာသူ ဥပါသိကာမကြီးက ရိုးသားစွာပင် ‘သင်တို့နှင့် အကျွမ်းဝင်သည့် ရဟန်း(ကုလူပက)များမှာ သင်တို့ အပေါ်ကောင်းပြီး ကျွန်မကိုးကွယ်သည့် မထေရ်မှာ ကျွန်မအတွက် ကောင်းပါသည်’ဟု ပြန်လည် ပြောဆိုသည်။

ဤဖြစ်ရပ်သည် ရှုထောင့်များစွာကို မီးမောင်းထိုးပြသည်။ ရဟန်းတော်များတွင်း အဆင့်အတန်း နှစ်မျိုးရှိသည်။ တစ်ခုမှာ မိမိကိုယ်ကို ဘဝသံသရာမှ လွတ်မြောက်ရန်ဟူသော တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် မည်သည့် လူမှုကောင်းကျိုးဆောင်ရွက်မှုတွင်မှ စိတ်ဝင်စားမှုမရှိဘဲ ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်မှုတွင်သာ မြှုပ်နှံထားသည့် ရဟန်းမျိုးဖြစ်သည်[၁]။ အခြားရဟန်းတစ်မျိုးမှာ မိမိတို့၏ ဘဝသံသရာ လွတ်မြောက်မှုအပြင် စိတ်ပိုင်း ရုပ်ပိုင်းနှစ်မျိုးလုံးတွင်း လူအများ၏ ကောင်း ကျိုးဆောင်ရွက်မှုကို စိတ်ဝင်စားပုံရသည်။ ယင်းသဘောထားသည် ပထမအမျိုးအစားထက် ပိုမိုအကျိုးများပုံရပြီး ဗုဒ္ဓရှင်တော်မြတ်၏ စိတ်ထားနှင့်လည်း ညီညွတ်ပုံရသည်။ ဗုဒ္ဓသည် အခါတစ်ပါး၌ ပြောင်းခင်း တစ်ခုလုံး ရေလွှမ်းမိုး၍ ပျက်စီးသွားသဖြင့် စိတ်မချမ်းမသာဖြစ်နေသည့် ပုဏ္ဏားမိတ်ဆွေတစ်ယောက်ထံ ကြွရောက်ပြီး အားပေးစကား ဆိုဖူးကြောင်းသိရသည်[၂]။

ယင်းမေးခွန်းနှင့်ပတ်သက်၍ အများ၏ ယူဆချက်လည်း ကွဲပြားပုံရသည်။ ဥပါသိကာမကြီးကဲ့သို့သော လူအချို့သည် အထက်တွင် ဖော်ပြသည့် ဖြစ်ရပ်၌ကဲ့သို့ စူဠပိဏ္ဍပါတိက တိဿမထေရ်၏ သဘောထားမျိုးကို နှစ်သက်ကြသည်။ အဋ္ဌကာကျမ်းကိုယ်တိုင်က စူဠပိဏ္ဍပါတိက တိဿမထေရ်အား မည်သူ့ကိုမျှ မမီခိုလွန်းသူ၊ မည်သည့် ကျေးဇူးတင်ခံယူခြင်းမှ မရှိဘဲ ဆွမ်းကို ရရယူသူအဖြစ် ချီးမွမ်းထားသောကြောင့် ယင်းသို့သော သဘောထားကို နှစ်သက်ခဲ့ပုံရသည်။

---

[၁] ‘ရဟန်းတော်များ၏ ခြိုးခြံစွာကျင့်မှု’တွင် ရှုပါ။

[၂] သုတ္တနိ-ဌ ၂၊ ၉။

လက်တည်ရှိခဲ့သလော ဆိုသည်ကို အတိအကျ မဆိုနိုင်ချေ။ ပံသုကူလိကဂိုဏ်းဝင် ရဟန်းများသည် ထူပါရာမကျောင်းတိုက် ကဲ့သို့သော မြို့ပြနှင့် နီးစပ်သည့် ကျောင်းတိုက်များတွင် နေထိုင်ကြသကဲ့သို့ တပေါဝနကဲ့သို့သော တောကျောင်းများနှင့် ရိဋ္ဌိဂလကဲ့သို့သော ဂူကျောင်းများ၌လည်း သီတင်းသုံးကြသည်[၁]။

ဂါမဝါသီ မြို့ပြကျေးရွာများ၌ နေထိုင်သည့်ရဟန်းများကို ဆန့်ကျင်သည့် တောတောင် ဧရိယာ၌ နေထိုင်သည့် အရညဝါသီ သို့မဟုတ် ဝနဝါသီဟုခေါ်သည့် နောက်ထပ် ရဟန်း အုပ်စုတစ်ခုရှိသည်။ အေဒီ ၆ ရာစုခန့်မှစ၍ ယင်းတို့အား ဂိုဏ်းကွဲတစ်ခု အဖြစ်မဟုတ်ဘဲ ခြားနားသည့် အုပ်စုအဖြစ် ရည်ညွှန်းသည်[၂]။ ပံသုကူလိကများကဲ့သို့ပင် နိကာယအားလုံး၌ အာရညကများရှိရန် သေချာသလောက် ဖြစ်သည်။ မဟာဝိဟာရဂိုဏ်းဝင် အာရညကမထေရ်တစ်ပါး အကြောင်း ဖော်ပြချက်ရှိသည်[၃]။ အေဒီ ၆ ရာစုခန့်မှစ၍ တောနေရဟန်းများအား တစ်ခါတစ်ရံတွင် ဘိက္ခုများကိုပုံမှန် အသုံးပြုရိုးမဟုတ်သည့် 'တပဿီ' 'ကျင့်ကြံနေသူ' ဟူသော ဝေါဟာရဖြင့် ဖော်ပြသည်[၄]။ အေဒီ ၁၀ ရာစု ရည်ညွှန်းချက်တစ်ခုတွင် တောနေရဟန်းများ နေထိုင်ရာ ဖြစ်သည့် အနုရာဓပုရမြို့ အနီးရှိ 'ရသေ့တော' တပေါဝန ခေါ်သည့် ဘုန်းကြီးကျောင်းတိုက်တစ်ခုကို ရည်ညွှန်းထားသည်။ ထိုကျောင်းတိုက်တွင် ပံ့သကူဆောင် မထေရ်များလည်း သီတင်းသုံးကြသည်[၅]။

---

[၁] အံ-ဌ ၂၊ ၂၇၉။ မဟာဝံသ ၄၇၊ ၆၆။ ၄၈၊ ၄။

[၂] မဟာဝံသ ၄၁၊ ၉၉။ ၅၂၊ ၂၂။ ၅၃၊ ၁၄။ ၅၄၊ ၂၀။

[၃] မဟာဝိဟာရေ ဘိက္ခုနံ၊ ဝနေ နိဝသတံ အဒါ။ မဟာဝံသ ၅၂၊ ၂၂။

[၄] ယင်း ၅၁၊ ၉၉။ ၅၄၊ ၂၀။

[၅] မဟာဝံသ ၅၃၊ ၁၄။ ယင်းသည် အနုရာဓပုရာမြို့အနောက်ဖက်ရှိ တောစပ်အတွင်း နေထိုင်သည့် အနောက်ပိုင်းကျောင်းတိုက်များဟု ခေါ်သော အုပ်စုဖြစ်ဖွယ်ရှိသည်။ ယင်းကျောင်းတိုက် အကြွင်းအကျန်များအကြောင်း သေးစိတ်ကို *Memoirs of the Archaeological Survey of Ceyln,* Vol. I. . 18.

အရညဝါသီ ရဟန်းတော်များသည် တောတောင်ရေမြေနှင့် ဆိတ်ငြိမ်သည့် နေရာများတွင် နေလေ့ရှိပြီး ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းအား ထုတ်မှုတွင် မြှုပ်နှံထားပြီး ဂါမဝါသီများကမူ မြို့ပြကျေးရွာများတွင် နေထိုင်လျက် ယဉ်ကျေးမှုနှင့် ပညာရေး တိုးတက်မှုကို ရှေးရှုသည့် လှုပ်ရှားမှုများတွင် ပါဝင်ကြ



အလှူပစ္စည်းများကိုပင် ထိုက်တန်သူဖြစ်ရမည်ဟု ထက်သန်စွာ ခံယူကြသည်။ သို့တစေ လိုအပ်ချိန်၌မူ မိဘများကို အာမိသဒါန (ပစ္စည်းဝတ္ထုလှူဒါန်းမှု) ဖြင့် ကူညီပြီး ပြုစုစောင့်ရှောင့်ရန် ရဟန်းတော်များအား ညွှန်ကြားသည်[၁]။

## ဂိုဏ်းကွဲ သို့မဟုတ် နိကာယများ

သံဃာတော်များအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပုံနှင့် သီဟိုဠ်၌ နိကာယများ သို့မဟုတ် ဂိုဏ်းကွဲများ စတင်ခဲ့ပုံကို ရှေးအခန်းများ၌ ဖော်ပြပြီးဖြစ်သည်။ သမိုင်းကျမ်းများ၌ နိကာယသုံးမျိုး (နိကာယတ္တယ)ကို မကြာခဏ ရည်ညွှန်းကြသည်[၂]။ မဟာနာဂဘုရင် (အေဒီ ၅၅၆-၅၆၈)သည် စေတီကြီးသုံးဆူ (မဟာစေတိယတ္တယ)ကို ပြုပြင်ခဲ့ကြောင်းနှင့် နိကာယသုံးခုမှ ရဟန်းတော်များအား သင်္ကန်းများ လှူဒါန်းခဲ့ကြောင်းသိရသည်[၃]။ ဤနေရာ၌ ဖော်ပြသည့် စေတီကြီးသုံးဆူဟူသည် အနုရာဓပုရမြို့ရှိ သုဝဏ္ဏမာလီ (Ruvanväli-säya)၊ အဘယဂိရိနှင့် ဇေတဝနစေတီတို့ဖြစ်သည်မှာ သေချာပြီး ယင်းစေတီကြီးသုံးဆူတို့သည် အဓိကကျောင်းတိုက်ကြီးသုံးခုကို အသီးအသီး ကိုယ်စားပြုသည်။ ယေဘုယျအားဖြင့် နိကာယတစ်ခုသည် ကျောင်းတိုက်ကြီးတစ်ခု၏ အမည်နာမဖြင့် ထင်ရှားသည်။ သို့ဖြစ်၍ မဟာဝံသပါဠိသမိုင်း၌ ဖော်ပြသည့် နိကာယသုံးခုဟူသည် မဟာဝိဟာရ၊ အဘယဂိရိနှင့် ဇေတဝနတို့ဖြစ်ကြောင်း သံသယဖြစ်ရန် အကြောင်းမရှိချေ။

ဓမ္မရုစိနှင့် သာဂလိယဟုခေါ်သည့် အခြားဂိုဏ်းကွဲနှစ်ခု ရှိသေးသည်။ သို့ရာတွင် အထက်တွင် တွေ့ရပြီးသည့်အတိုင်း တစ်ခါတစ်ရံ ယင်းတို့ကို ယခင်နာမည်ဟောင်းများဖြင့် ရည်ညွှန်းသော်လည်း ယင်းတို့ကို အဘယဂိရိနှင့် ဇေတဝနတို့၌ အသီးသီး ထည့်သွင်းသည်[၄]။

---

[၁] ဝိ-ဌ ၂၊ ၆၈။

[၂] မဟာဝံသ ၄၁၊ ၉၇။ ၄၄၊ ၁၃၁။ ၄၅၊ ၁၆။ ၄၈၊ ၇၃။ စသည်။

[၃] ယင်း ၄၁၊ ၉၅၊ ၉၇။

[၄] မဟာဝံသ ၅၊ ၁၃။ ၃၉၊ ၄၁။ ၄၂၊ ၄၃။ ၄၇၊ ၁-၂။ ၅၂၊ ၁၇။



၅။ အနုရာဓပုရမြို့ ဒေဝါနံပိယတိဿမင်း (ဘီစီ ၃ ရာစု) စိုက်ပျိုးခဲ့သော
ဗုဒ္ဓဂယာ မဟာဗောဓိ ပင်ပွားတော်
ကမ္ဘာပေါ်တွင် သက်တမ်း အရှည်ဆုံး ဗောဓိညောင်ပင် ဖြစ်သည်။



၁။ အရှင်မဟာဗုဒ္ဓဃောသ (အေဒီ ၎း ရာစု) သည်
မိမိရေးသားသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကို
အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက် သံဃာတော်အား အပ်နှင်းစဉ်
(ကေလဏိဝိဟာရ ကျောင်းတိုက်မှ ပန်းချီကား)



၂။ ကန္ဒီမြို့ မြတ်ဗုဒ္ဓ စွယ်တော်တိုက်
(အေဒီ ၄ ရာစုတွင် အိန္ဒိယတောင်ပိုင်းမှ ပင့်ဆောင်ခဲ့သည်)



၃။ ဘီစီ ၃ ရာစုတွင် အရှင်မဟိန္ဒနှင့် အိန္ဒိယသံဃာငါးပါး
ပထဆုံး ကြွရောက်သီတင်းသုံးခဲ့သည့် မိဿကတောင် (ယခု မဟိန္ထလေ့)



၄။ အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက်အနီး ဒေဝါနံပိယတိဿမင်းကြီး
တည်းခဲ့သော ထူပါရာမစေတီ (ဘီစီ ၃ ရာစု)



၁၂။ ဝေဿဂိရိယမှ ရဟန္တာဂူများ



၁၃။ ရှေးခေတ် ဘုန်းကြီးကျောင်းတိုက်



၆။ အနုရာဓပုရမြို့  မဟာစေတီ (ဘီစီ ၁ ရာစု)



၇။ အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက်အနီး
နာမည်ကျော် လောဟပါသာဒ (ကြေးပြာသဒ်) ကျောင်းတော်ရာ




၈။ မရိစဝဋ္ဋိယစေတီတော် (ဘီစီ ၁ ရာစု)



၉။ မဟိန္ဒလေ့မှ ရှေးခေတ် ဆွမ်းစားကျောင်း



၁၀။ အဘယဂိရိစေတီ (ဘီစီ ၁ ရာစု)



၁၁။ ဇေတဝနစေတီ (အေဒီ ၄ ရာစု)

နိကာယသုံးခုတို့နှင့် ယှဉ်လျက် ရည်ညွှန်းခံရသည့် အခြားနိကာယနှစ်ခုလည်း ရှိသည်။ မဟာဝံသကျမ်း[၁]၌ စတုတ္ထအဂ္ဂဗောဓိမင်း (အေဒီ ၆၅၈-၆၇၄)သည် ယင်းနိကာယနှစ်ခုမှ ကျောင်းတိုက်များအား ထိန်းသိမ်းရန် ကျေးရွာများစွာ လှူဒါန်းပြီး အခြားနိကာယသုံးခုအား ကျေးရွာတစ်ထောင် လှူဒါန်းကြောင်း ပြဆိုသည်[၂]။ ယင်းနိကာယနှစ်ခုမှာ နိကာယကြီးသုံးခုတွင် ပါမပါ သို့မဟုတ် ဓမ္မရုစိနှင့် သာဂလိယ သို့မဟုတ် အခြားနိကာယနှစ်မျိုးလောဟူသည်ကိုမူ ရှင်းလင်းစွာ မသိရချေ။ ဝီလျံ ဂိုင်ဂါ က ဤနေရာ၌ ထူပါရာမနှင့် မရိစဝဋ္ဋိဝိဟာရများကို ဆိုလိုဖွယ်ရှိကြောင်း ယူဆသည်[၃]။ သို့ရာတွင် ယင်းတို့ကို သီးခြားနိကာယနှစ်ခုအဖြစ် ရည်ညွှန်းထားသည်မှာ မထင်ရှားပေ။

ယင်းသို့သော နိကာယ သို့မဟုတ် ဂိုဏ်းကွဲများအကြောင်းကို မကြားရမီတွင် ဘီစီ တစ်ရာစု နောက်ဆုံး နှစ်ဝက်ခန့် မှတ်တမ်းများတွင် ဓမ္မကထိကနှင့် ပံသုကူလိကဟု သံဃာအုပ်စု နှစ်ခုကို တွေ့ရသည်[၄]။ ယင်း တို့သည် သီးခြားဂိုဏ်းကွဲများမဟုတ်ဘဲ နေထိုင်နည်းနှစ်မျိုးဖြင့် နေထိုင်ကြသည့် အုပ်စုနှစ်ခုသာ ဖြစ်သည်။ ဓမ္မကထိကဟူသည် စာပေဝေါဟာရအားဖြင့် တရားဟောဆရာဟု အဓိပ္ပာယ်ရသည်။ ယင်းအုပ်စု၌ စာပေတတ်ကျွမ်းသည့် ဆရာမထေရ်များ ပါဝင်ကြခြင်းမှာ ထင်ရှားသည်။ ပံသုကူလိကဟူသည် ပံသကူသင်္ကန်းများကိုသာ ဝတ်ရုံသည့် အုပ်စုဖြစ်သည်။ ထိုမထေရ်များ၌ အဆင့် သုံးမျိုးရှိသည်။ ပထမအဆင့်မှာ ထိုသုသာန်များတွင် စွန့်ပစ်ထားသည့် ပိတ်စများကို ကောက်ယူပြီး ချုပ်စပ်ထားသည့် သင်္ကန်းများကိုသာ ဝတ်ရုံကြခြင်းဖြစ်သည်။ ဒုတိယအဆင့်မှာ ရဟန်းတော်များ အသုံးပြုရန် ဥပါသကာများက ဟိုနေရာ သည်နေရာတွင် စွန့်ပစ်ထားသည့် ပိတ်စမျိုးစုံကို ကောက်ယူပြီး သင်္ကန်းချုပ်ခြင်းဖြစ်သည်။ တတိယ အဆင့်မှာ ရဟန်းတော်များ၏ ခြေရင်းတွင် ဥပါသကာများ ပစ်ချထားသည့် သင်္ကန်းကိုပင် လက်ခံကြခြင်းဖြစ်သည်။ သို့ရာတွင် ယင်းတို့ အားလုံးသည် မိမိတို့၏ဆန္ဒနှင့် နှစ်သက်မှုများအရ ဥပါသကာတို့ လှူဒါန်းသည့် သင်္ကန်းကို လက်ခံယူခြင်း မရှိကြချေ[၁]။ မဟာဝံသမှတ်တမ်းအချို့အရ အေဒီ ၈ ရာစုနှင့် ၁၀ ရာစုများ၌ ဘုရင်မင်းများ လှူဒါန်းသည့် သင်္ကန်းကို လက်ခံသည့် ပံသကူဆောင်မထေရ်များမှာ တတိယဆင့် ပုဂ္ဂိုလ်များဖြစ်သည်[၂]။

သို့တစေ ဂိုဏ်းကွဲအမျိုးမျိုး ပေါ်ပေါက်လာသောအခါ ထိုဂိုဏ်းကွဲများ အတွင်းမှာပင် ပံ့သကူဆောင်များ ရှိလာကြသည်။ သို့ဖြစ်၍ မဟာဝိဟာရဂိုဏ်းဝင် ပံ့သကူဆောင် မထေရ်များနှင့်ရှိသကဲ့သို့ အဘယဂိရိဂိုဏ်းဝင် များလည်းရှိကြသည်[၃]။ သို့တစေ ဒုတိယသေနမင်း (အေဒီ ၈၅၁-၈၈၅)နန်းစံ ၂၂ နှစ်မြောက်တွင် အဘယဂိရိဂိုဏ်းဝင် ပံ့သကူဆောင် မထေရ်များသည် ကွဲပြားသွားပြီး သီးခြားဂိုဏ်းအဖြစ် တည်ထောင်ကြသည်[၄]။ ယင်းအုပ်စုသည် သီးခြားဂိုဏ်းအဖြစ် ဆက်

---

[၁] ယင်း ၄၅၊ ၁၅-၁၆။ တထာ ဒွိန္နံ နိကာယာနံ၊ ဝိဟာရေ မန္ဒပစ္စယေ။
ဒိသွာ ဝါပိစ သုတွာ ဝါ၊ ဘောဂဂါမေ ဗဟူ အဒါ။
ဗဟုနာ ကိန္တု ဝုတ္တေန၊ နိကာယေသုပိ တီသုပိ။
အဒါ ဂါမသဟဿံ သော၊ သဟုပ္ပါဒံ နရာကုလံ။

[၂] စူဠဝံသ၊ အင်္ဂလိပ်ဘာသာပြန် ၁၊ စာ - ၉၉၊ မှတ်ချက် ၂။

[၃] အကယ်၍ အထက်တွင် ကိုးကားဖော်ပြထားသည့် မဟာဝံသ (အခန်း ၄၅၊ ၁၅-၁၆) ဂါထာနှစ်ပုဒ်ကို တစ်ဆက်တည်းယူလျှင် 'ဗဟုနာ ကိန္တု ဝုတ္တေန = များများဆို၍ အဘယ်အကျိုးရှိအံ့နည်း'ဟူသော စာကြောင်းမှာ စဉ်းစားဖွယ်ဖြစ်လာသည်။ ယင်းသည် ဂါထာအမှတ် ၅ တွင် ဖော်ပြပြီး နိကာယနှစ်ခုသည် ဂါထာအမှတ် ၁၆ ၌ ဖော်ပြသည့် နိကာယနှစ်ခုတွင် ပါဝင်သည်။

ဝိ-၄ ၁၊ ၂၆၆ ၌ ကျောင်းတိုက်ကြီး ငါးတိုက် (ပဉ္စမဟာဝိဟာရ) ကို ဖော်ပြသည်။ ရသဝါဟိနီ ၂၊ စာ - ၅၁ ၌လည်း ကျောင်းတိုက်ကြီး ငါးတိုက် (ပဉ္စမဟာဝါသ) အကြောင်းကို ဆိုသည်။ ယင်းတို့မှာ မည်သည့်အရာများ ဖြစ်သည်ကို အတိအကျ မဆိုနိုင်ချေ။ သို့ရာတွင် နိကာယ သို့မဟုတ် ဂိုဏ်းကွဲများ မဟုတ်သည်မှာ သေချာသည်။

[၄] အံ-၄ ၁၊ ၇၁။

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၆၁။

[၂] မဟာဝံသ ၄၈၊ ၁၆။ ၅၂၊ ၂၇။ ၅၃၊ ၄၈။ ၅၄၊ ၂၅။

ဂိုင်ဂါသည် အခန်း ၅၂၊ ဂါထာအမှတ် ၂၇ ၏ ဒုတိယစာကြောင်းကို 'ပံသုကူလိကမာတူနံ'ဟု ဖတ်သည်။ ကိုလမ္ဗိုမူ၌ 'ပံသုကူလိကဘိက္ခူနံ' ဟု ဆိုသည်။ ဤနေရာ၌ 'မာတူနံ'ဟု ဖတ်ပြီး 'ဘိက္ခူနံ'ဟု မဖတ်ရန် အကြောင်းမရှိချေ။

[၃] အံ-၄ ၂၊ ၂၇၉။ မဟာဝံသ ၄၇၊ ၆၆။ ၅၀၊ ၅၂။

[၄] မဟာဝံသ ၅၁၊ ၅၂။

ပံသုကူလိကနှင့် အာရညကတို့မှာ ဓုတင် ၁၃ ပါးအနက် နှစ်မျိုးသာဖြစ်သည်။ ပိဏ္ဍပါတိကကဲ့သို့သော အခြားဓုတင်များကို ဆောက်တည်သည့် ရဟန်းတော်များလည်း ရှိကြသည်။ သို့တစေ ယင်းတို့ကို သီးခြားဂိုဏ်းများအဖြစ် မယူဆကြချေ။ ပံသုကူလိကနှင့် အာရညကများကိုသာလျှင် သီးခြားဂိုဏ်းအဖြစ် ယူဆခြင်းနှင့် ပတ်သက်၍ စုံစမ်းဖွယ်ရှိပြီး ယင်းကိစ္စအတွက် နှစ်သက်လောက်သည့် ရှင်းလင်းချက်ရရန် မဖြစ်နိုင်ချေ။

## ဘိက္ခုနီများ

ဘိက္ခုနီများ၏ လှုပ်ရှားမှုအကြောင်းကို အနည်းငယ်မျှသာ သိရသည်။ အေဒီ ၁၀ ရာစုတွင် ရေးထိုးသည့် ကုကုရုမဟန္ဒမနကျောက်စာတွင် (အနုရာဓပုရ) မြို့တော် အတွင်းရှိ Hight Street ပေါ်ရှိ မဟိန္ဒာရာမဟုထင်ရှားသည့် ဘိက္ခုနီကျောင်းတိုက်၏ ရှေ့တွင် ဆေးရုံတစ်ခုရှိခဲ့ကြောင်း ပြဆိုသည်[၁]။ ဘိက္ခုနီများသည် ဆေးရုံများတွင် သူနာပြုများကဲ့သို့ အလုပ်အကျွေးပြုနိုင်သလော ဟူသည်ကို မေးမြန်းလိုပေသည်။

---

သည်။ နှောင်းခေတ်များတွင် အာရညကများလည်း ဂါမဝါသီများကဲ့သို့ အသိပညာဆိုင်ရာ ရယူလိုမှုတွင် များစွာစိတ်ဝင်စားပြီး ဘာသာတရားနှင့် မပတ်သက်လောက်သော ကျမ်းစာများရေးသားမှုကိုပင် ဆောင်ရွက်ကြသည်။ အာရညကဝါသီ ဒိမ္ဗုလာဂလ မဟာကဿပမထေရ် ရေးသားသည့် ဗာလာဝဗောဓန သဒ္ဒါကျမ်းမှာ နမူနာကောင်းတစ်ခု ဖြစ်သည်။ ထိုအချိန်မှစ၍ အရညဝါသီနှင့် ဂါမဝါသီတို့အကြား ခြားနားချက်မှာ အမည်နာမမျှသာ ရှိပုံရပြီး လေ့ကျင့်အားထုတ်မှုအနေဖြင့် ခြားနားချက် ရှိပုံမရချေ။ အရညကများလည်း ဂါမဝါသီများ၏ ဘဝနေနည်းကို နှစ်သက်ပုံရသည်။ ယင်းနှစ်မျိုးလုံးကို နောင်တွင် ဂါမဝါသီ အရညဝါသီနှစ်မျိုးလုံးနေသည့် ဥဘယဝါသီများဟု ခေါ်ကြသည် (နိကာယသင်္ဂဟ၊ စာ - ၂၀၊ ၂၂၊ ၂၄)။ ကန္ဒီမြို့ရှိ ယနေ့ခေတ် မလဝတ္တနှင့် အဿဂိရိယဟူသော အဓိကကျောင်းတိုက်နှစ်ခုမှာ ယခင်က ဂါမဝါသီနှင့် အရညဝါသီ ဖြစ်ခဲ့သည့် ဥဘယဝါသီများမှ ဆင်းသက်ခဲ့ပုံရသည်။

လာဘဝါသီဟု ထင်ရှားသော နောက်ရဟန်းအုပ်စုတစ်စုကို အေဒီ ၁၀ ရာစုနှင့် နှောင်းပိုင်းတွင် ဖြစ်သည် (မဟာဝံသ ၅၄၊ ၂၇။ ၆၀၊ ၆၈၊ ၇၂)။ သို့ရာတွင် ယင်းအကြောင်း အနည်းငယ်မျှသာ သိရသည်။

[၁] EZ. II, p. 22.

သာဓကများစွာသည် ပြည့်စုံကြွယ်ဝသည့် ဘိက္ခုနီကျောင်းတိုက်များကို ဘုရင်မင်းများနှင့် မိဖုရားများက တည်ဆောက်ခဲ့ကြသည်[၁]။ ဒီပဝံသကျမ်း၌ ထင်ရှားသည့် ဘိက္ခုနီများစာရင်းကို ဖော်ပြသော်လည်း ဝိနည်းကို သင်ကြားပေးကြသည်ဟူသော အချက်မှတစ်ပါး ၎င်းတို့၏ အလုပ်အကိုင် အကြောင်းကို တစ်စွန်းတစ်စမျှ မသိရချေ။ ဘိက္ခုနီမများလည်း ရဟန်းတော်များကဲ့သို့ တူညီသော ဘဝတစ်ခုကိုပင် နေထိုင်ခဲ့မည်မှာ သံသယဖြစ်ဖွယ် အကြောင်းမရှိချေ။

---

[၁] မဟာဝံသ ၃၉၊ ၄၃။ ၆၆၊ ၂၇။

စားချက်မျိုး ရမိသည်[၁]။

ဘီစီ ၁ ရာစု ဒုဋ္ဌဂါမဏိမင်းနှင့် ၎င်း၏ညီတော် သဒ္ဓါတိဿမင်း လက်ထက်တွင် ရဟန္တာမထေရ်များစွာတို့ ရှိခဲ့ကြောင်းဆိုသည်[၂]။ သို့ရာတွင် အလွန်ထူးခြားစွာပင် သဒ္ဓါတိဿမင်းက ရဟန်းတော်များအား မိမိ၏ လေးစားမှုကို ထိုက်တန်သည့် ပုဂ္ဂိုလ်များကိုသာလျှင် အယျ (အရှင်)ဟု ခေါ်မည်ဖြစ်ကြောင်း တောင်းပန်မှုကို တွေ့ရသည်[၃]။ ယင်းတောင်းပန်မှုသည် ဘီစီတစ်ရာစု သံဃာတော်များအပေါ် ရောင်ပြန်ဟပ်ချက်တစ်ရပ် ဖြစ်သည်မှာ သံသယဖြစ်ဖွယ်မလိုချေ။ သဒ္ဓါတိဿမင်းသည် မိမိလက်ထက်၌ ရဟန်းအရေအတွက် များခြင်းကို နှစ်သက်ပုံမရဘဲ မိမိအနေဖြင့် မတုန်လှုပ်သော သဒ္ဓါတရားဖြင့် ကြည်ညိုနိုင်မည့်သူကို မတွေ့နိုင်ဘဲ ဖြစ်နေပုံရသည်[၄]။

ဖော်ပြပါ မျက်မှောက်ပစ္စက္ခ လူ့အဖွဲ့အစည်းအပေါ် ယေဘုယျအားဖြင့် မနှစ်သက်ဘဲ အတိတ်ကို ချီးမွမ်းခြင်းမျိုးကို ဗုဒ္ဓရှင်တော်မြတ်လက်ထက်တော်အထိ ပြန်၍ ခြေရာခံနိုင်သည်။

တစ်နေ့တွင် အရှင်မဟာကဿပသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ဗုဒ္ဓရှင်မြတ်အား ကြွရောက်ဖူးမြော်သည်။ တစ်ကိုယ်တစ်ကာယတည်း သီတင်းသုံးရာတွင် ပြိုင်ဖက်ကင်းအောင် ကျော်စောလှသည့် အရှင်မြတ်သည် လူသူကင်းဆိတ်ရာ၌ အနေများပြီး အခါအားလျော်စွာသာလျှင် ဗုဒ္ဓထံသို့ အဖူးအမြော်ကြွရောက်သည်။ ဗုဒ္ဓကိုယ်တိုင် အရှင်မြတ်အား များစွာ လေးစားတော်မူပြီး ရဟန်းတော်များအား အလေးအနက် တိုက်တွန်းလျက် အရှင်မြတ်အား မိမိကိုယ်တိုင်နှင့် ထပ်တူပြုတော်မူသည်။ သို့ဖြစ်၍

[၁] မိမိတို့တပည့်များကို စွဲလမ်းပြီး အခြားပုဂ္ဂိုလ်များအား အလုပ်အကျွေး ပြုခွင့်မပေးသည့် ရဟန်းများအကြောင်း ယခင်က ဖော်ပြခဲ့သည်ကို သတိရသင့်သည် (ဤကျမ်း၊ စာ - ၃၃၃)။

[၂] သီဟိုဠ် ရဟန္တာများအကြောင်းကို ရှေ့အခန်းတွင် ရှုပါ။

[၃] ဘန္တေ မယံ ဝန္ဒိတဗ္ဗယုတ္တကံ ဧကံ အယျံ အာစိက္ခိဿထ (အံ-ဋ္ဌ ၂။ ၁၃၂)။

[၄] သဒ္ဓါတိဿမင်းသည် မိမိ၏နန်းတွင်းသူ အမျိုးသမီးတစ်ယောက်နှင့် မေတ္တာမျှသည့် လောဟပါသာဒကျောင်းတိုက်မှ ရဟန်းပျို တစ်ပါးကြောင့် ယင်းသို့ ကြိုတင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ဖွယ်ရှိသလော။ ဤကျမ်း၊ စာ - ၃၃၈ ကိုရှုပါ။

## အခန်း ၁၂

## ရဟန်းတော်များ၏ လူမှုဘဝ ၃ ခြိုးခြံစွာ ကျင့်သုံးခြင်း

အထက်မှာ ဖော်ပြခဲ့သည့် ယခင်အခန်းနှစ်ခုတွင် ရဟန်းတော်များသည် ယင်းတို့၏ ထိန်းချုပ်မှု အလွန်ရှိ အခြေအနေ များစွာတို့ကြောင့် တဖြည်းဖြည်း ဘဝနေနည်း ပြောင်းလဲသွားရန် ဖိအားပေးခဲ့ပုံကို တွေ့ခဲ့ရပြီးဖြစ်သည်။ ယင်းအပြောင်းအလဲကို ရှေးရိုးစွဲသံဃာများက သတိပြုမိသော်လည်း ရှောင်လွှဲမရသည့် တိုးတက်မှု၊ ဖြစ်မြဲသဘာဝနှင့် ပုံမှန်အဖြစ် အသိအမှတ် မပြုခဲ့ချေ။ ထိုသံဃာတော်များသည် ယင်းအပြောင်းအလဲကို ပျက်စီးယိုယွင်းမှုတစ်ရပ်အဖြစ် စိုးရိမ်ကြီးစွာ ရှုမြင်ခဲ့ကြသည်။ ရဟန်းတော်များ၏ သာသနာတော် သန့်ရှင်း စင်ကြယ်ရန် စိတ်အားအထက်သန်ဆုံးနှင့် ထပ်ပြန်တလဲလဲ ကြိုးပမ်းမှုအစား ယင်းပြောင်းလဲတိုးတက်မှု ဒီရေလွှမ်းမိုးမှုကို ဆန့်ကျင်ရန် မဖြစ်နိုင်ကြောင်း နားလည်ခဲ့ကြသည်မှာ ထင်ရှားသည်။ သို့ဖြစ်၍ ခေတ်ပြိုင် ကိစ္စရပ်များ၏ အခြေအနေကို စိတ်မသက်မသာ ဖြစ်ကြသဖြင့် ထိုသံဃာတော်များသည် ပြည့်စုံကောင်းမွန်ပြီး စံပြအဖြစ် ယူဆခဲ့သည့် အတိတ်ကို လမ်းညွှန် ပြောပြစရာအဖြစ် ပြန်လည် ရှုမြင်ခဲ့ကြသည်။

အတိတ်ဖြစ်ရပ်များက အားလုံးတွင် အကောင်းဆုံးဖြစ်ပြီး ပစ္စက္ခဖြစ်ရပ်များမှာ ဆိုးရွားလျက် အနာဂတ်ဖြစ်ရပ်များကား ပိုမိုဆိုးလိမ့်မည်ဟု အမြဲလိုလိုပင် လူသားတို့ ယုံကြည်ခြင်းမှာ ဆင်ခြင်ဖွယ် ဖြစ်သကဲ့သို့ အများဖြစ်ချင်သည့် သဘောထားလည်း ဖြစ်သည်။ ရဟန္တာသူတော်စင်များအဖြစ် ယူဆထားသည့် ကောင်းမွန် မြင့်မြတ်သော ပုဂ္ဂိုလ်အားလုံးသည် အတိတ်ကာလတွင် ရှိခဲ့သည်။ ယနေ့ခေတ် ပုဂ္ဂိုလ်များကား စာရိတ္တပျက်ပြားပြီး နိမ့်ကျသည်။ ကျွန်ုပ်တို့ ပြီးနောက် အနာဂတ်သည် ပိုမို ဆိုးရွားသွားမည်။ အမှန်စင်စစ် တစ်ချိန်က လုံးဝမရှိခဲ့သော ယင်းစံပြ အတိတ်ကာလသည် အနီးသို့ ရောက်သွားသော

အခါ ဝေး၍ဝေး၍ လွင့်မျောသွားသော တံလျှပ်ကဲ့သို့ ဖြစ်သည်။ အကယ်၍ စံပြအတိတ်ကာလကို နက်နက်ရှိုင်းရှိုင်း သွားကြည့်ပြီး ယင်းကာလတွင် ရှိခဲ့သည့် ပုဂ္ဂိုလ်များ၏ အတွေ့အကြုံများကို လေ့လာစစ်ဆေးကြည့်လျှင် ပစ္စုပ္ပန်အခြေအနေများကဲ့သို့ပင် နှစ်သက်ဖွယ် မရှိနိုင်သည်ကို တွေ့ရမည်ဖြစ်လျက် အတိတ်ကပုဂ္ဂိုလ်များ ကိုယ်တိုင်လည်း စံပြအတိတ်ကာလ တစ်ရပ်အပေါ် ပြန်လည်စဉ်းစားမှုကို အမြဲတမ်း အာရုံစိုက်ထားကြသည်။

သို့ဖြစ်၍ ပါဠိအဋ္ဌကထာကျမ်းများ၌ အတိတ်တွင် ရှိခဲ့ကြသည့် မထေရ်ကျော်များကို ချီးမွမ်းပြီး ပစ္စက္ခ ရဟန်းလောက အနည်းဆုံး အေဒီ ၅ ရာစုခေတ်အချိန်၏ မနှစ်သက်ဖွယ် သဘာဝအပေါ် သွယ်ဝိုက်ပြီး မှတ်ချက်ပြုကြသည်ကို တွေ့ရသည်[၁]။

ပုံစံအားဖြင့် မိမိ၏ တပည့်ဖြစ်သူ တိပိဋကစူဠနာဂမထေရ်၏ တရားပွဲသို့ တက်ရောက်သည့် တိပိဋက စူဠာဘယမထေရ်အကြောင်း ဖြစ်ရပ်တွင် အဋ္ဌကထာကျမ်းများ၌ ရှေးခေတ်ထေရ်များသည် ဓမ္မကို ကြားနာခြင်းကို နှစ်သက်ကြကြောင်းနှင့် (တရားပွဲကို) ကြေညာမောင်းခတ်သည်ကို ကြားသိရသည်နှင့် အပြိုင်အဆိုင် တရားနာသွားရောက်ကြကြောင်း ဖော်ပြသည်[၂]။ ယင်းအဋ္ဌကထာစကားရပ်အား အဆိုပါ ဖော်ပြချက်ကို ရေးသားချိန်က ရဟန်းအချို့သည် ဓမ္မကြားနာမှုကို ကောင်းစွာ ဂရုစိုက်မှုမရှိကြောင်း သွယ်ဝိုက်ဖော်ပြသည့် အရိပ်အမြွက် အဖြစ် ယူဆနိုင်သည်။

နက်ရှိုင်းသည့် ဓမ္မရေးရာ အဓိကအချက်များနှင့် ပတ်သက်၍ ဆရာနှင့်တပည့်အကြား ခြားနားသည့် ယူဆချက်များရှိပြီး နောက်ဆုံးတွင် ဆရာသည် မိမိတပည့်၏ အယူအဆကို ပွင့်လင်းစွာ လက်ခံကြောင်း သိရသည်။ ဤနေရာတွင် တစ်ဖန် အဋ္ဌကထာ၌ စူဠသုမန မထေရ်၏ စိတ်ထားကြီးမြတ်မှုကို ချီးကျူးလျက် 'ရှေးခေတ် မထေရ်များသည် မနာလိုဝန်တိုခြင်း မရှိကြ။ ထိုအရှင်တို့သည် ကြံပင်၏ အစည်းကဲ့သို့ မိမိနှစ်သက်သည်ကိုသာ မယူကြ။ ထိုအရှင်တို့သည် ကြောင်းကျိုး ဆီလျော်သည်ကိုသာ လက်ခံပြီး မညီညွတ်သည်ကို လက်မခံကြ'ဟု ဖော်ပြသည်[၁]။ ဤဖော်ပြချက်သည် ယေဘုယျအားဖြင့် ထိုခေတ်က ရဟန်းများသည် အကြောင်းယုတ္တိကို လက်ခံလိုစိတ် မရှိကြဘဲ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ မိမိတို့၏ ယူဆချက်များကို တင်းကြပ် ခေါင်းမာစွာ စွဲကိုင်ခဲ့ကြကြောင်း လှစ်ပြခြင်းဖြစ်သည်[၂]။

မထေရ်ကြီးများအား ပြုစုလုပ်ကျွေးခြင်းနှင့် ပတ်သက်၍ ဖော်ပြရာတွင် အဋ္ဌကထာကျမ်းများ၌ 'ယခုအခါတွင် ရှေးခေတ် ရဟန်းတော်များသည် ဤကား ငါ၏ဥပဇ္ဈာယ်ဆရာတည်း၊ ဓမ္မာစရိယဆရာတည်းဟု စဉ်းစား ဆင်ခြင်လျက် မျက်နှာလိုက်ပြီး ရိုသေမှုကို မပြုကြ။ ထိုရဟန်းများသည် ရောက်လာသည့် (ဧည့်သည်များ) ကဲ့သို့ ပြုစုကြ၏'ဟု ဆိုသည်[၃]။ ဤစာပိုဒ်ကို ဖတ်ရသောအခါ ယင်းကို ရေးသားစဉ်က ရဟန်းတော်များသည် မိမိတို့၏ ဆရာ၊ ဥပဇ္ဈာယ်ဆရာနှင့် ယင်းသို့သော ပုဂ္ဂိုလ်များကိုသာ ဝတ်ကြီးဝတ်ငယ်ပြုပြီး မိမိတို့ရင်းနှီးကျွမ်းဝင်ခြင်း မရှိသည့် အခြား မထေရ်များအပေါ် မပြုကြဟူသော ခံ

[၁] ဤနေရာ၌ ယနေ့ခေတ် အဋ္ဌကထာကျမ်းများ၌ တွေ့ရသည့် ဖော်ပြချက်များမှာ ယခင် ရာစုနှစ်ပေါင်းများစွာ ကတည်းက ရေးသားထားခဲ့သည့် မူရင်း သီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်းများကို ပါဠိဘာသာပြန်ဆိုထားခြင်းဖြစ်ကြောင်း သတိရသင့်သည်။ သို့ဖြစ်၍ ယင်းဖော်ပြချက်များသည် အေဒီ ၅ ရာစုမတိုင်မီကပင် တည်ရှိခဲ့သည့် ရဟန်းသံဃာများကို ရည်ညွှန်းသည်။

[၂] ပေါရာဏကတ္ထေရာ ကိရ ပိယဓမ္မဿဝနာ ဟောန္တိ။ သဒ္ဒံ သုတွာဝ အဟံ ပဌမံ အဟံ ပဌမန္တိ ဧကပ္ပဟာရေနေဝ ဩသရန္တိ (ဒီ-ဋ္ဌ ၂၊ ၃၃၇။ မ-ဋ္ဌ ၁၊ ၂၃၆။

[၁] ပေါရာဏိကတ္ထေရာ ဟိ အနုသုယျကာ ဟောန္တိ။ န အတ္တနော ရုစိံ ဧဝ ဥစ္ဆုဘာရံ ဝိယ ဥက္ခိပိတွာ ဝိစရန္တိ။ ကာရဏံ ဧဝ ဂဏှန္တိ၊ အကာရဏံ ဝိဿဇ္ဇေန္တိ (ဒီ-ဋ္ဌ ၂၊ ၃၃၇။ မ-ဋ္ဌ ၁၊ ၂၃၆)။

[၂] သို့ရာတွင် ရှေးခေတ်ရဟန်းလည်း ပိုမို ကောင်းမွန်ကြသည်မဟုတ်ချေ။ ကောသမ္ဗီမှ အငြင်းသန်သည့် ရဟန်းများသည် ဗုဒ္ဓရှင်တော်မြတ်၏ ဆုံးမ ဩဝါဒကိုပင် လက်မခံဘဲ မပြောပလောက်သည့် ကိစ္စအပေါ် မိမိတို့၏ အုပ်စုကွဲအမြင်များကို ခေါင်းမာခံယူပြီး ကြောင်းကျိုးမဲ့စွာ စွဲကိုင်ခဲ့ကြသဖြင့် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ကျောင်းတိုက်မှ ထွက်ခွာပြီး တောထဲတွင် သီတင်းသုံးခဲ့ရပုံကို ကျွန်ုပ်တို့ သိကြသည်။

[၃] ပေါရာဏကဘိက္ခူ ကိရ န အမှာကံ ဥပဇ္ဈာယော အမှာ အာစရိယောတိ မုခံ ဩလောကေတွာ ဝတ္တံ ကရောန္တိ။ သမ္ပတ္တပရိစ္ဆေဒေနေဝ ကရောန္တိ (ဒီ-ဋ္ဌ ၁၊ ၁၆၈။ သံ-ဋ္ဌ ၃၊ ၂၂၀။ မ-ဋ္ဌ ၁၊ ၂၆၀။ အဘိ-ဋ္ဌ ၂၊ ၃၃၄)။

ဖော်ပြပြီးသာဓကများသည် ဗုဒ္ဓရှင်တော်မြတ် လက်ထက်တော်နှင့် ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်ပြီးနောက် များမကြာမီအချိန်ကပင် လူကောင်းများသည် အတိတ်တွင်ရှိပြီး ပစ္စက္ခလူအများမှာ နှစ်သက်လောက်ဖွယ်မရှိဘဲ အနာဂတ်မျိုးဆက်များမှာ မျှော်လင့်ဖွယ် လုံးဝမကောင်းလောက်အောင် အကျင့်သိက္ခာ ပျက်ယွင်းမည်ဟူသော အတွေးအမြင်၏ ပြင်းပြသည့် အခြေခံတစ်ခုရှိခဲ့ကြောင်း ရှင်းလင်းစွာ ဖော်ပြသည်။ ဗုဒ္ဓကိုယ်တိုင်လည်း မျက်မှောက်ခေတ်ထိ ဆင်းသက်ခဲ့သော ယင်းအတွေးအမြင်ကို ပေးခဲ့ကြောင်း သိရသည်။

ယင်းအယူအဆ လွှမ်းမိုးခံရသည့် ရှေးခေတ် သီဟိုဠ်ရဟန်းတော်များသည်လည်း သဘာဝအားဖြင့် ပစ္စက္ခအခြေအနေများကို မကျေနပ်မနှစ်သက်ဘဲ ရှိကြသည်။ ထိုရဟန်းတော်များ အနေဖြင့် ပြောင်းလဲမှုများဟူသည် မရှောင်လွှဲနိုင်ဘဲ သမိုင်း ဖြစ်ရပ်မှန်များ ဖြစ်ကြောင်း သဘောမတူကြချေ။ ယင်းတို့၏ အမြင်အရ ပြောင်းလဲမှုများသည် ဆုတ်ယုတ်မှု၏ လက္ခဏာများ ဖြစ်သည်။

သို့ဖြစ်၍ ပိုမို၍ လောကုတ္တရာ တရားဖက်ကို စိတ်သန်သည့် ရဟန်းတော်များသည် ထုံးစံအတိုင်း စံပြမြင့်မြတ်သည့် ဘဝနှင့် ပတ်သက်၍ အတိတ်ကို ပြန်ပြောင်း ပြောပြကြသည်။ ယင်းသို့ပြုခြင်းဖြင့် ရဟန်းတော်များသည် ဗုဒ္ဓဓမ္မ၏ အနှစ်သာရကို နားလည်ခြင်းမရှိဘဲ စာသားမျှကို အတိအကျ လိုက်နာခဲ့ပုံရလျက် အကျိုးမှာ မျှော်လင့်ထားသည့် အတိုင်းပင် ဖြစ်သည်။

ခိုင်လုံသည့် သာဓကများအရ ဗုဒ္ဓလက်ထက်တော်က ရဟန်းတော်များသည် ယေဘုယျအားဖြင့် ပျော်ရွှင်ပြီး ရောင့်ရဲကြကြောင်း သိရသည်။ တစ်နေ့တွင် ကောသလဘုရင် ပသေနဒီသည် သကျနိုင်ငံအတွင်းရှိ မြို့တစ်မြို့၌ သီတင်းသုံးနေသော ဗုဒ္ဓကို သွားရောက်ဖူးမြော်ပြီး မိမိအနေဖြင့် ဗုဒ္ဓရှင်တော်မြတ်အား ကြည်ညိုရခြင်း၏ အကြောင်းများကို လျှောက်ထားသည်။ ကောသလ လျှောက်ထားသည့် အကြောင်းတရားများအနက် တစ်ခုမှာ မင်းကြီးသည် အခြားကျောင်းများမှ သမဏဗြာဟ္မဏများမှာ ပိန်လှီ၊ ကြမ်းကြုတ်၊ ရုပ်ဆိုးပြီး ဖြူပပ်ဖြူရော်ရှိကြလျက် ခန္ဓာတစ်ကိုယ်လုံး အကြောပြိုင်းပြိုင်း ထနေကြသည်ကို တွေ့ရခြင်းဖြစ်သည်။



ဗုဒ္ဓရှင်တော်မြတ်သည် အရှင်မဟာကဿပအား ရဟန်းတော်များကို အကြံဉာဏ် ပေးရန်နှင့် ထိုကိစ္စနှင့် ပတ်သက်၍ တရားဟောကြားရန် တိုက်တွန်းတော်မူသည်။

သို့တစေ အရှင်မဟာကဿပသည် ယင်းသို့ပြုရန် များစွာ စိတ်ထက်သန်ခြင်းမရှိသဖြင့် ဗုဒ္ဓအား ဤသို့ ပြန်လျှောက်၏ 'အရှင်မြတ်ဘုရား၊ ယခုအခါ၌ ရဟန်းတော်များသည် ပြောလွယ်ဆိုလွယ် မရှိပါကုန်။ နာခံလိုစိတ် မရှိပါကုန်။ အကြံ ဉာဏ်ပေးသည်ကို လက်ခံလိုခြင်း မရှိပါကုန်။ အာနန္ဒာ၏ အနီးနေတပည့် ဘဏ္ဍုနှင့် အနုရုဒ္ဓါ၏ အနီးနေတပည့် အာဘိဥ္စိကတို့သည် "လာစမ်း၊ မည်သူ ပို၍ရွတ်နိုင်မည်နည်း၊ မည်သူ ပိုပြီးကောင်းကောင်း ရွတ်နိုင်မည်နည်း၊ မည်သူ ပိုပြီးကြာကြာ ရွတ်နိုင်မည်နည်း"ဟု မိမိ၏အသိပညာနှင့် ပတ်သက်၍ အချင်းချင်း နှိမ့်ချ ပြောဆိုနေကြသည်ကို တပည့်တော် တွေ့မိပါ၏'[၁]။

ထိုအတူ သာဝတ္ထိမြို့ရှိ နောက်ဖြစ်ရပ်နှစ်ခုတွင် ဗုဒ္ဓရှင်တော်မြတ်က အရှင်မဟာကဿပအား ရဟန်းတော်များအား ဩဝါဒပေးရန် မိန့်ကြားသောအခါ အရှင်မြတ်က ရဟန်းတော်များသည် ဆိုးရွားသည်ဟူသော အကြောင်းပြချက်ဖြင့် နောက်ဆံတင်းနေပြီး ဗြဟ္မစရိယကို ကျင့်သုံးသူတစ်ယောက်အဖို့ လိုအပ်သည့် အရည်အချင်းမရှိကြောင်း သွယ်ဝိုက်၍ လျှောက်ထားသည်[၂]။

---

[၁] သံ ၂၊ ၂၀၄။

[၂] သံ ၂၊ ၂၀၄။ အခါတစ်ပါး၌ အရှင်မဟာကဿပ၏ တပည့်တစ်ပါးက ရာဇဂြိုဟ်အနီးက အရှင်မြတ်သီတင်းသုံးသည့် ကျောင်းသင်္ခမ်းကို မီးရှို့ခဲ့သည်ကို အကယ်၍ သတိရခဲ့ပါက အရှင်မြတ်၏ စိတ်မကောင်းဖြစ်မှုကို ပို၍ နှစ်သက်နိုင်မည်ဖြစ်သည်။ ထိုအချိန်က အရှင်မြတ်နှင့်အတူ တပည့်နှစ်ပါး သီတင်းသုံးလျက်ရှိပြီး တစ်ပါးမှာ စိတ်ထားကောင်းမွန်ပြီး ကျန်တစ်ပါးမှာ ဆိုးသည်။ အခါပေါင်းများစွာပင် အရှင်မြတ်သည် ထိုတပည့်ဆိုးအား မိမိ၏ အပြုအမူများကို ပြုပြင်ရန် ဩဝါဒပေးသဖြင့် ယင်းရဟန်းငယ်သည် မထေရ်မြတ်အပေါ် ဆန့်ကျင်သည့် ဒေါသခံစားမှုကို တည်းထားသည်။ တစ်နေ့ အရှင်မြတ် အပြင်သို့ကြွသွားစဉ် ကောက်ကျစ်သူ ရဟန်းငယ်သည် မထေရ်၏ အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးပြီး သင်္ခမ်းကျောင်းကို မီးရှို့ပြီး ထွက်ပြေးသည်။ သို့ဖြစ်၍ အရှင်မဟာကဿပ မထေရ်ကြီး ရဟန်းတော်များအား ဩဝါဒမပေးလိုသည်ကို အံ့ဩဖွယ်မရှိချေ (ဓမ္မပဒ-ဋ္ဌ ၁၊ ၂၉၃)။ ကုဋိဒူသနဇာတ်တော်ကိုလည်း ရှုပါ။

'ကဿပ၊ ထိုအတိုင်းပင် ဖြစ်ပေ၏' ဗုဒ္ဓရှင်တော်မြတ် သဘောတူ
တော်မူပြီး လက်ရှိပစ္စက္ခအခြေအနေကို ဤသို့ရှင်းပြသည် 'ရှေးအခါ
တုန်းက ရဟန်းတော်များသည် တောတောင်များ၌ နေထိုင်ကြ၏။
ဆွမ်းခံ၍ အသက်မွေး ဝမ်းကျောင်းပြုကြ၏။ ပံ့သကူသင်္ကန်းများကို
သုံးဆောင်ကြ၏။ သင်္ကန်းသုံးထည်သာ ရှိကြ၏။ မည်သည့်အရာကိုမျှ
မတပ်မက်ကြချေ။ ရောင့်ရဲလွယ်ကြ၏။ လူအများနှင့် ရောနှောယှက်
တင် မရှိကြဘဲ တစ်ကိုယ်တည်း နေထိုင်ကြ၏။ လုံ့လဝီရိယ ရှိကြ၏။
သိက္ခာသုံးရပ်ကို မြတ်နိုးကြ၏'။ ယင်းဟောတော်မူချက်သည် သိက္ခာ
သုံးရပ်ကို လိုက်နာကျင့်သုံးရန် ရဟန်းငယ်များအဖို့ စိတ်ဓာတ်ခွန်အား
ကို မြှင့်တင်ပေးသည်။

သို့တစေ ယခုအခါ၌ ရဟန်းတော်များသည် သိက္ခာသုံးရပ်ကို မ
လေ့ကျင့်ကြချေ။ ယခုအခါ၌ ရဟန်းတစ်ပါးသည် အကယ်၍ အောင်
မြင်ကျော်ကြား လူသိများလာလျှင်၊ အကယ်၍ ပစ္စည်းလေးပါးကို
ပေါများစွာ ရရှိလျှင် အရှင်မြတ်များသည် ၎င်းအား လက်ခံရိုသေကြ
လိမ့်မည်။ ရဟန်းငယ်များသည်လည်း ထိုရဟန်းတော်များ၏ စံနမူကို
လိုက်နာကြသည်။ ထင်ရှားကျော်ကြားသူများသည် ဗြဟ္မစရိယအကျင့်
မြတ်၏ အန္တရာယ်များ လွှမ်းမိုးခံရသည်ဟု ပြောနိုင်ကြသည်[၁]။

နောက်တစ်ကြိမ်တွင် မဟာကဿပမထေရ်သည် မြတ်ဗုဒ္ဓအား
အဘယ်ကြောင့် ရှေးအခါတုန်းက သီလ သိက္ခာပုဒ်နည်းပြီး ရဟန္တာ
များ ပိုမိုများပြားပြီး ယခုအခါ၌ သီလသိက္ခာပုဒ်များပြီး ရဟန္တာပုဂ္ဂိုလ်
အနည်းငယ် သာရှိကြပါသနည်းဟု လျှောက်ထားသည်။

ဗုဒ္ဓရှင်တော်မြတ်က 'ကဿပ၊ ထိုအတိုင်း မှန်ပေ၏။ လူအများ
အကျင့်ပျက်ပြားပြီး ဓမ္မကောင်းများ ပျောက်ကွယ်သွားသောအခါ
သီလသိက္ခာပုဒ်များ များပြားလာပြီး ရဟန်းအနည်းငယ်သာ ရဟန္တာ
အဖြစ်ကို ရရှိကြ၏' ဟောတော်မူသည်[၂]။

---

[၁] သံ ၁၊ ၂၀၅။

[၂] ယင်း၊ ၂၀၅။ ဘဒ္ဒါလိရဟန်းက ဗုဒ္ဓရှင်တော်မြတ်အား အလားတူ မေးခွန်း
မျိုး မေးလျှောက်ခဲ့ပြီး အလားတူ အဖြေပေးခဲ့သည်။ ဗုဒ္ဓရှင်တော် မြတ်က
သိက္ခာပုဒ်ပညတ်ရန် အကြောင်းတရား မဖြစ်ပေါ်မချင်း ပညတ်တော်မမူ
ကြောင်း မိန့်ကြားတော်မူသည် (မ ၂၊ ၁၀၁)။



ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အခါတစ်ပါး
၌ အရှင်မဟာကဿပမထေရ်က အရှင်အာနန္ဒာအား လူထွက်ပြီး
မိမိကိုယ်ကို မစောင့်စည်းကြသော ရဟန်းငယ်များနှင့်အတူ သွားလာ
နေခြင်းနှင့် ပတ်သက်၍ ပြစ်တင် ရှုတ်ချတော်မူသည်။ အရှင်မဟာ
ကဿပသည် အရှင်အာနန္ဒာအား အတိုင်းအတာ ပမာဏကို မသိ
သည့် ကလေး (ကုမာရက) ဟု ခေါ်တော်မူသည်။

အရှင်အာနန္ဒာသည် မိမိဦးခေါင်းပေါ်၌ ဆံဖြူများရှိသော အချိန်
မှာပင် အရှင်မဟာကဿပမထေရ်က မိမိအား ကုမာရက (ကလေး
ငယ်) ဟု ခေါ်ပါဟု တောင်းပန်သည်။ အရှင်မဟာကဿပမထေရ်က
ယင်းသို့ ဖြစ်ခြင်းမှာ စိတ်ကို မထိန်းချုပ်ဘဲ တာဝန်မသိတတ်သော
ရဟန်းငယ်များကြောင့် ဖြစ်ကြောင်း ဆက်လက်မိန့် ကြားသည်[၁]။

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ပါရာပရိယအမည်ရှိ
သည့် မထေရ်တစ်ပါးသည် ရဟန်းတော်များ၏ ဂုဏ်သိက္ခာ နိမ့်ကျ
မှုနှင့် ကိုယ်ကျင့်တရား ပျက်ယွင်းမှုနှင့် ပတ်သက်ပြီး ရှည်လျားစွာ
တွေးသည်။ ထိုရဟန်းက ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိစဉ်
က ရဟန်း တော်များသည် ဗြဟ္မစရိယကို ကျင့်ကြံခဲ့ကြသော်လည်း
ယခုအခါ၌မူ စိတ်မချမ်းမြေ့ဖွယ်ရာ ကိုယ်ကျင့်သိက္ခာနိမ့်ကျ ပျက်
ယွင်းနေကြပြီး မကောင်းမှုများနှင့် ပြည့်နှက်နေကြသည်။ ထိုကြီးမြတ်
သည့် ရဟန္တာကြီးများသည် ယခုအခါ၌ ပရိနိဗ္ဗာန်စံလွန်တော်မူကြပြီ။
ယင်းသို့သော ပုဂ္ဂိုလ်များကား ယခုအခါ ရှားပါးလှပေ၏'ဟု စိတ်မ
ချမ်းသာဖြစ်သည်[၂]။

ဖုဿအမည်ရသည့် နောက်မထေရ်တစ်ပါးက အနာဂတ်တစ်ချိန်
၌ ရဟန်းတော်များသည် စိတ်ပျက်ဖွယ် အကျင့်ပျက်ပြီး ကိုယ်ကျင့်
တရားနိမ့်ကျမည်ဖြစ်ပြီး ဗုဒ္ဓဘုရားရှင် တားမြစ်သည့် အလုပ်များ
ကြောင့် အပြစ်ရှိကြလျက် လောကီလူသားတို့၏ ဘဝနေနည်းဖြင့် နေ
ထိုင်ကြလိမ့်မည်[၃]။

---

[၁] သံ ၁၊ ၄၁၈။

[၂] ထေရဂါထာ၊ ၂၅၄။

[၃] ယင်း၊ ၃၄၀။

သို့တစေ ဤနေရာ၌ မထေရ်သည် မှားယွင်းစွာ နားလည်သို့မဟုတ် သံသယလွန်ကဲခြင်း ဖြစ်သည်။ ဝိနည်းသိက္ခာပုဒ်များအရ ဆွေမျိုးမတော်သည့် ဘိက္ခုနီမထံမှ ဆွမ်းကိုလက်ခံမှုကိုသာ တားမြစ်သည်။ အကယ်၍ ရဟန်းသည် ဆွေမျိုးတော်စပ်သည့် ဘိက္ခုနီမထံမှ ဆွမ်းကို အလှူခံယူလျှင် ဝိသိက္ခာပုဒ်အရ အပြစ် မရှိချေ[၁]။

သို့ရာတွင် နာဂမထေရ်သည် စိုးရိမ်လွန်ကဲပြီး 'ဆွေမျိုးမတော်သည့် ဘိက္ခုနီမထံမှ ဆွမ်းကိုပင် လက်မခံရလျှင် ကိုယ့်နှမအရင်းဖြစ်သည့် ဘိက္ခုနီမပင်ဖြစ်စေ ဘိက္ခုနီမအားလုံးထံမှ ဆွမ်းကို အဘယ်ကြောင့် လက်ခံမည်နည်း။ သို့ဖြစ်မူ အပြစ်ရှိရန် အခွင့်အလမ်း အနည်းငယ်မျှပင် ရှိတော့မည်မဟုတ်'ဟု စဉ်းစားခဲ့သည်။

သဒ္ဓါတရားကောင်းသည့် ရဟန်းတော်များသည် စိတ်ပိုင်းဘဝ တိုးတက်မှုနှင့် အသိဉာဏ်ထူးကို ရရှိခြင်းအတွက် ဝိနယသိက္ခာပုဒ်များကိုသာ ယန္တရားဆန်စွာ တည်မှီခဲ့ကြပုံကို ဖော်ကျူးရန် စံပြပုံစံအဖြစ် ကိုးကားနိုင်သည့် စိတ်ဝင်စားဖွယ် ဖြစ်ရပ်တစ်ခုကို ဝိသုဒ္ဓိမဂ် ၌ ဖော်ပြသည်။

စိတ္တဂုတ္တမထေရ်သည် ရောဟဏနယ်၊ မဟာဂါမရွာအနီး ကုရဏ္ဍက မဟာလေဏအတွင်း နှစ် ၆၀ ထက်မနည်း သီတင်းသုံးခဲ့သည်။ ယင်းလိုဏ်ဂူထဲတွင် ဘုရားရှင်ခုနစ်ဆူတို့၏ တောထွက်ခန်း သရုပ်ဖော် လှပသည့် ပန်းချီဆေးရေးများ ရှိသည်။ ယင်းလိုဏ်ဂူသို့ အလည်အပတ် ကြွရောက်လာကြသည့် ရဟန်းတော်များသည် ဌာနေမထေရ်ကြီးအား ထိုပန်းချီကားတို့၏ အလှကို နှစ်သက်ကြောင်း လျှောက်ထားကြသည်။ 'အရှင်ဘုရားတို့၊ တပည့်တော်သည် ဤလိုဏ်ဂူ၌ အနှစ် ၆၀ ကျော်နေထိုင်ခဲ့ပါ၏။ သို့ရာတွင် တပည့်တော်သည် ပန်းချီဆေးရေးများ ရှိသည်ကိုပင် မသိရှိခဲ့ပါ။ ယနေ့တွင်ကျမှသာလျှင် မျက်လုံးရှိကြသည့် ဤရဟန်းတော်များကြောင့် ထိုပန်းချီဆေးရေးများကို တပည့်တော် သိရပါသည်'။

---

[၁] ဝိ ၂၊ ၂၂၂။
[၂] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၈။ ဤဖြစ်ရပ်ကို အခြားအဓိပ္ပာယ်ဖြင့် ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။



'သို့ရာတွင် အရှင်ဘုရား၏ ကျောင်းတိုက်၌ ရဟန်းတော်များသည် ပျော်ရွှင်လန်းဆန်းလျက်၊ စိတ်ဓာတ် တက်ကြွလျက်၊ မွေ့လျော်လျက်၊ ရုပ်ဣန္ဒြေ ကြည်လင်လျက်၊ သောကကင်းဝေးပြီး တည်ငြိမ် အေးချမ်းလျက် ပေါ့ပါးသော နှလုံးသားဖြင့် နေထိုင်လျက် ရှိပါကုန်၏။ ဤရဟန်းတော်များသည် အရှင်ဘုရား ဟောကြားသည့် တရားတော် များကြီးမြတ်ပြည့်ဝသည့် ခမ်းနားမှုကို အမှန်ပင် သဘောပေါက်ကြသည်ဟု ထင်ပါ သည်ဘုရား'ဟု လျှောက်ထားသည်။

မင်းကြီးထွက်ခွာသွားပြီးနောက် ဗုဒ္ဓက ရဟန်းတော်များအား ကောသလမင်းကြီး၏ လျှောက်ထားချက်များကို နားလည်ရန်တိုက်တွန်းပြီး ယင်းသို့ဖြင့် ကောသလမင်း ဖော်ပြသည့် ခံစားချက်ကို မှန်ကန်ကြောင်း မိန့်တော်မူသည်[၁]။

ယင်းဖော်ပြချက်သည် ရှေးခေတ်များ၌ ဘဝအပေါ် ရဟန်းတော်များ၏ သဘောထားမှာ ပျော်ရွှင် ကောင်းမွန်ကြောင်း ဖော်ပြသည်မှာ သေချာသည်။ ရဟန်းများသည် အတွင်းသန္တာန်၌ သုန်သုန်မှုန်မှုန် တအုံ့ နွေးနွေးစဉ်းစာပြီး မကောင်းမြင်လေ့ရှိခဲ့ပုံမရချေ။

တစ်နေ့လျှင် တစ်ထပ်သာစားပြီး ရိုးသားအေးချမ်းသည့် ဘဝဖြင့် ရဟန်းတော်များ၏ ရုပ်သွင်သည် ယင်းသို့ အလွန်ကြည်လင်ရပုံ မေးခွန်းကို ဗုဒ္ဓရှင်တော်မြတ်က 'ရဟန်းများသည် အတိတ်ကို ပူပန်မနေ၊ အနာဂတ် ကိုလည်း တမ်းတမနေ၊ ပစ္စုပ္ပန်မှာ နေထိုင်ကြ၏။ သို့ဖြစ်၍ ရဟန်းတော်များ၏ ခန္ဓာကိုယ် ကြည်လင် ဝင်းပ၏။ အနာဂတ်ကို တအုံ့နွေးနွေး စဉ်းစားခြင်း အတိတ်ကို ပူပန်ခြင်းဖြင့် လူမိုက်များသည် အောက်သို့ ကြွေကျသည့် သစ်ရွက်စိမ်းကဲ့သို့ ခြောက်သွေ့သွားရ၏'ဟု ဖြေကြားတော်မူသည်[၂]။

ယင်းကောင်းမွန်သည့် သဘောထားသည် အချိန်ကာလ၏ ဖြစ်စဉ်တွင် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့ပုံရလျက် 'ရဟန်းကောင်းများ'သည် ဘဝအပေါ် အနိဋ္ဌာရုံသဘောထားကို လက်ခံခဲ့သည်ဟုဆိုနိုင်ဖွယ် ရှိသည်။ သမန္တပါသာဒိကာနှင့် မဟာဝံသ နှစ်ကျမ်းလုံးမှာပင်

---

[၁] မ ၂၊ ၃၂၀ (ဓမ္မစေတိယသုတ်)။
[၂] သံ ၁၊ ၅။

သရုပ်ဖော် ကိုးကားနိုင်သည့် ဖြစ်ရပ်ဝတ္ထု တစ်ခုကို ဖော်ပြကြသည်[၁]။

တစ်နေ့သ၌ မင်းသား (တိဿ) သည် အမဲလိုက်စဉ် သားသမင်များ တောအုပ်တွင် ရွှင်မြူးခုန်ပေါက်နေကြသည်ကို တွေ့သည်။ ယင်းမြင်ကွင်းကြောင့် မင်းသားသည် 'တောထဲ၌ မြက်ကို စားသောက်ရသည့် ဤသားသမင်များသည်ပင် ဤမျှ ပျော်ရွှင်ကြသေး၏။ ကောင်းမွန်စွာ စားသောက်နေထိုင်ရသည့် ရဟန်းများသည် အဘယ်ကြောင့် မပျော်ရွှင်ဘဲရှိကြမည်နည်း'ဟု စဉ်းစားမိသည်။

နန်းတော်ကို ပြန်ရောက်ပြီးနောက် မင်းသားသည် ဖခင်မင်းကြီးအား မိမိ၏ တွေးတောမှုကို ပြောပြသည်။ မင်းသားအား သင်ကြားရန် မင်းကြီးက 'သားတော်၊ တစ်ပတ်ကြာ ထီးနန်းစည်းစိမ်ကို ခံစားပါ။ ယင်းနောက် သားတော်အား သေဒဏ်ပေးမည်'ဟု ဆိုပြီး မင်းသားအား ထီးနန်းစည်းစိမ်ကို တစ်ပတ်ကြာ လွှဲပြောင်း ပေးအပ်သည်။

တစ်ပတ်ကြာပြီးနောက် 'သားတော်၊ အဘယ်ကြောင့် ဖြူပပ်ဖြူရော်နှင့် မပျော်မရွှင် ဖြစ်ရသနည်း'ဟု မင်းကြီးက သားတော်အား မေးသည်။ 'သေရမည်ကို ရောက်သောကြောင့် ဖြစ်ပါသည်'ဟု မင်းသားက ဖြေသောအခါ 'တစ်ပတ် ကုန်လွန်ပြီးနောက် သေရမည်ဆိုသည်ကို ဆင်ခြင်လျက် သားတော်သည် ပျော်မြူးရွှင်ပျခြင်းမရှိခဲ့။ သို့ဖြစ်သော် သေခြင်းတရားကို အမြဲတမ်း ဆင်ခြင်နေကြသည့် ရဟန်းတော်များသည် အဘယ်မှာလျှင် ပျော်ရွှင်မြူးတူးနိုင်ကြမည်နည်း'ဟု မင်းကြီးက ရှင်းပြလိုက်သည်။

ဤဖြစ်ရပ်ကို စာအရှိအတိုင်း မယူသင့်ချေ။ ဤဝတ္ထုကြောင်း၏ အဓိကဆိုလိုရင်းမှာ ရဟန်းတော်များသည် သေခြင်းတရားမှ ကြောက်ရွံ့၍ ပျော်ရွှင်မြူးတူးခြင်းမရှိဟု ဖြစ်သည်။ ရဟန်းတော်များအား သေ

[၁] ဝိ-ဋ္ဌ ၁၊ ၄၁။ မဟာဝံသ ၅း၁၅၄-၁၅၉။ ဤကျမ်း၌ မဟာဝံသ၌ ဖော်ပြသည့် ဝတ္ထုကို ဖော်ပြပါသည်။ ကျွန်ုပ်အနေဖြင့် ဂိုင်ဂါ၏ အင်္ဂလိပ်ဘာသာပြန်မှ ယူပါသည်။ ကီဠန္တိဟူသော ဝေါဟာရသည် ကစားခြင်း၊ မြူးတူးပျော်ပါးခြင်းဟု အဓိပ္ပာယ်ရသည်။ ဂိုင်ဂါသည် ဂါထာနှစ်ပိုဒ်လုံး၌ အဓိပ္ပာယ်နှစ်မျိုးလုံးကို အသုံးပြုခဲ့သည်မှာ အတော်အတန် ကျေနပ်ဖွယ်ကောင်းသည်။ 'မိဂါ ကီဠန္တိ = သားကောင်များ ခုန်ပေါက် ပျော်မြူးကြ၏။ ဘိက္ခူ န ကီဠိသန္တိ = ရဟန်းတော်များသည် ခုန်ပေါက် မြူးတူးခြင်း မရှိကြ'။



ခြင်းတရားကို သဘာဝတရားနှင့် ရှောင်လွှဲမရသည့် သဘောတရားအဖြစ် နားလည်ရန် သင်ကြားခြင်းမှာ မှန်သည်။ ရဟန်းတော်များသည် ယင်းသို့သော ဘဝနှင့် သေခြင်းအပေါ် အလေးအနက် နားလည်မှုမရှိကြသည့် သာမန်လောကီသားများကဲ့သို့ သေခြင်းတရားကို မကြောက်ခြင်းမှာ ထိုအကြောင်းတရားကြောင့် ဖြစ်သည်။ လူတစ်ယောက်သည် လောကီပစ္စည်းများကို မတပ်မက်ဘဲ စိတ်လွတ်လပ်လျက် ဘဝနှင့်သေခြင်းတရား၏ လျှို့ဝှက်ချက်ကို နားလည်သောအခါ သေခြင်းတရားကို ကြောက်ရွံ့ခြင်းမရှိချေ။ သူသည် စိုးရိမ်ပူပန်မှုသို့မဟုတ် သုန်သုန်မှုမှုန် ဖြစ်နေရန် အကြောင်းမရှိချေ။ အခြားတစ်နည်းဆိုမူ ထိုသူသည် အပျော်ရွှင်ဆုံးသော ပုဂ္ဂိုလ်ဖြစ်လာသည်။ ထို့ကြောင့်လည်း ဘုရင်ကောသလမင်းသည် အထက်တွင် ဖော်ပြသည့်အတိုင်း ဓမ္မကို အပြည့်အဝ နားလည်ကြသည့် ရဟန်းတော်များအား နှစ်သက်ဖွယ် ကိုယ်ဣန္ဒြေ၊ ရွှင်လန်း တက်ကြွသည့်စိတ်ဖြင့် ဘဝကို နှစ်သက်စွာ နေထိုင်ကြသည်ကို တွေ့ရခြင်းဖြစ်သည်။

နှောင်းခေတ်များတွင် 'ရဟန်းကောင်း'များသည် ဝိနည်းသိက္ခာပုဒ်များ၏ ဖုံးကွယ်နေသည့် အနှစ်သာရကို နားလည်ခြင်းမရှိဘဲ စက်ယန္တရားအသွင် လိုက်နာကျင့်သုံးလာခဲ့ကြသည်။ ထိုရဟန်းများသည် လက်ရှိပစ္စက္ခ အခြေအနေအား ဆန့်ကျင်မှုကို ရှောင်ပြန်ဟပ်ကြသည်။ လူသည် မိမိ၏ ပြန်လည်တုံ့ပြန်မှုတွင် အစွန်းရောက်လေ့ရှိသည်မှာ ဓမ္မတာဖြစ်သည်။ ဤသာဓကေ၌လည်း ရှေးခေတ်သီဟိုဠ်ရဟန်းတော်များသည် ခြွင်းချက်ရှိခဲ့ပုံမရချေ။ (သီဟိုဠ်)ရဟန်းများသည် ဗုဒ္ဓလက်ထက်တော်က ရဟန်းများထက် ပို၍ပင် အစဉ်အလာယူဆချက်ကို လိုက်နာလာကြပြီး ပိုမိုတိကျစွာ ခြိုးခြံသည့်အကျင့်ကို ကျင့်သုံးလာကြသည်။

သို့ဖြစ်၍ ဗြာဟ္မဏတိဿ ငတ်မွတ်ခေါင်းပါးဘေး (ဘီစီ ၁ ရာစု) အတွင်း နာဂမထေရ်သည် ဘိက္ခုနီမ တစ်ယောက်ထံမှ ဆွမ်းကို အလှူခံခြင်းမှာ မသင့်လျော်ဟု ယူဆပြီး အစ်မဖြစ်သူ ဘိက္ခုနီ နာဂထေရီ လှူဒါန်းသည့် ဆွမ်းကို ငြင်းပယ်သည်[၁]။

[၁] မ-ဋ္ဌ ၂၊ ၂၉၆။ ဒီ-ဋ္ဌ ၂၊ ၁၂၅။

နေရာသို့ ပြန်လာရလျက် ထိုနေရာမှ ပြန်၍ ကမ္မဋ္ဌာန်းအာရုံဖြင့် ပြန်၍ စတင် လျှောက်လှမ်းရသည်။ ထို့အတူပင် အကယ်၍ သွားစဉ်၊ ရပ်စဉ်၊ ထိုင်စဉ် သို့မဟုတ် လျောင်းစဉ် စိတ်ထဲ၌ ညစ်ညူးသည့် ကိလေသာစိတ် ဖြစ်ပေါ်လာလျှင် ဣရိယာပုထ်ကို မပြောင်းဘဲ ရှိမြဲ ဣရိယာပုထ်မှာပင် ယင်းစိတ်ကို ပျောက်အောင် လုပ်ရသည်[၁]။ ယင်းအကျင့်မှာ မဟာသတိပဋ္ဌာနသုတ်တော်၌ ဖော်ပြသည့် ကမ္မဋ္ဌာန်း ရှုမှတ်နည်းအချို့ကို အခြေခံသည့် တိုးတက်မှုတစ်ရပ် ဖြစ်ဖွယ်ရှိသည်[၂]။

အာလိန္ဒကအရပ်မှ မဟာဖုဿဒေဝမထေရ်သည် ယင်းအကျင့်ကို ၁၉ နှစ်တိုင်အောင် လိုက်နာကျင့်သုံးခဲ့သည်။ မထေရ်မြတ်သည် လမ်းတွင်ရပ်ပြီး အတန်ဝေးကွာသည့်ထိ သွားပြီး တစ်ဖန်ပြန်စဖန်များ သဖြင့် မထေရ်သည် လမ်းမှားသလား သို့မဟုတ် စိတ်အာရုံ ပျက်ယွင်းသလားဟု ကျယ်လောင်စွာ ပြောကြသည်အထိ ဖြစ်သည်။ သို့တစေ မထေရ်သည် ယင်းသို့ ပြောသံဆိုသံများကို ဂရုစိုက်ခြင်း မရှိဘဲ မိမိကမ္မဋ္ဌာန်းအာရုံဖြင့်သာ ဆက်သွားပြီး နောက်ဆုံး နှစ် ၂၀ အတွင်း ရဟန္တာဖြစ်သွားသည်။ မထေရ်သည် ၁၉ နှစ်တာပတ်လုံး ပန်းတိုင်ကို မရောက်နိုင်သဖြင့် သီတင်းကျွတ်လပြည့်တိုင်း မျက်ရည် ကျလေ့ရှိသည်ထိ ထက်သန်ပြင်းပြပြီး လိုလိုလားလားရှိခဲ့သည်[၃]။ အထက်တွင် ဖော်ပြခဲ့သည့် ကာလဝလ္လိမဏ္ဍပရွာက မဟာနာဂမထေရ်သည် ဂတပစ္စာဂတအကျင့်ကို ၁၆ နှစ် ကျင့်ခဲ့သည်[၄]။ တစ်ခါတစ်ရံ ဂတ ပစ္စာဂတဝတ္တသည် နောက်မျိုးဆက်များ၏ လှုပ်ရှားမှုသို့တိုင် ဆင်းသက်သွားခဲ့ပုံရသည်။ သို့ဖြင့် ဘွဲ့အမည်နှင့် သီတင်းသုံးသည့်နေရာကို ဖော်ပြမထားသည့် မထေရ်တစ်ပါးသည် တစ်နေ့တွင် မိမိတပည့်နှင့် စကားပြောနေသည်။ ထိုမထေရ်သည် ရုတ်တရက် လက်ကို ကွေးညွတ်လိုက်ပြီး ပြန့်ဆန့်လျက် တစ်ဖန်ပြန်ကွေးပြီး ဖြည်းညှင်း

[၁] ဒီ-ဋ္ဌ ၁၊ ၁၆၉။ အဘိ-ဋ္ဌ ၂၊ ၃၃၆။

[၂] ကာယာနုပဿနာ၊ ဣရိယာပထနှင့် သမ္ပဇာနပဗ္ဗခန်း၊ စိတ္တာနုပဿနာခန်း များကို ရှုပါ။

[၃] ဒီ-ဋ္ဌ ၁၊ ၁၆၉။ မ-ဋ္ဌ ၁၊ ၃၆၂။ အဘိ-ဋ္ဌ ၂၊ ၃၃၆။

[၄] ဒီ-ဋ္ဌ ၁၊ ၁၆၉။ အဘိ-ဋ္ဌ ၂၊ ၃၃၆။



ပန်းချီဆေးရေးများမှာ လိုဏ်ဂူ၏ မျက်နှာကျက်တွင် ရှိသလော သို့တည်းမဟုတ် နံရံတွင်ရှိသလောဟူသည်ကိုမူ ကျွန်ုပ်တို့ မသိရချေ။ သို့ရာတွင် ဤဝတ္ထုကြောင်းက မထေရ်သည် ထိုမျှလောက်နှစ်ကာလ ပတ်လုံး ဦးခေါင်းကိုမော့၍ ဂူပတ်လည်ကို မကြည့်ဖူးကြောင်း ဆိုခြင်း ဖြစ်သည်[၁]။ ဂူ၏ရှေ့တွင် ရေခံတက်ပင်ကြီး တစ်ပင်ရှိသည်။ မထေရ်သည် ထိုသစ်ကြီးကိုလည်း တစ်ခါမျှ မော့မကြည့်ဖူးချေ။ မြေကြီးပေါ်သို့ နှစ်စဉ်ကြွေ ကျလာသည့် ပွင့်ဖတ်များကြောင့်သာလျှင် သစ်ပင်ကြီး ပွင့်ကြောင်း သိခြင်းဖြစ်သည်။

မထေရ်မြတ်၏ ဂုဏ်ကျေးဇူးများကို သိသဖြင့် ဘုရင်သည် မထေရ်အား ဖူးမြော်လိုစိတ် ပြင်းပြလာပြီး မထေရ်အား သွားရောက် ဖူးမြော်ပြီးနောက် မထေရ်အား မြို့တော်သို့ကြွလာရန် ဖိတ်ကြားတော်မူသည်။ သို့ရာတွင် မထေရ်က ကြွမလာဘဲနေသည်။ ဘုရင်[၂] သည် မထေရ်မြတ် ကြွလာစေရန် ဝှကျကျ ပုံမှန်မဟုတ်သည့် အစီအစဉ်တစ်ရပ်ကို ဖန်တီးသည်။ ဘုရင်သည် နို့တိုက်မိခင်အားလုံး၏ ရင်သားများကို စည်းထားပြီး ဖုံးထားစေလျက် မထေရ်ကြီး မကြွမလာမချင်း နို့စို့သားငယ်များ နို့မစို့စေရဟု အမိန့်ထုတ်ပြန်သည်။

နို့စို့ကလေးငယ်များကို သနားကြင်နာတော်မူလှသဖြင့် မထေရ်သည် နောက်ဆုံးတွင် မဟာဂါမ (မြို့)သို့ ကြွတော်မူသည်။ မင်းကြီးသည် ချက်ချင်းပင် မထေရ်အား နန်းတော်သို့ ပင့်ဖိတ်လျက် ပြုစုတော်မူသည်။ ဘုရင်မင်းတရားက ရှိခိုးသည်ဖြစ်စေ၊ မိဖုရားက ရှိခိုးဝတ်ပြုသည်ဖြစ်စေ မထေရ်ကြီးက 'မင်းကြီး၊ ကျန်းမာ ပျော်ရွှင်ပါစေ' ဟု မထူးခြားဘဲ ဆုပေးသည်။ အခြားရဟန်းတော်များက 'အရှင်ဘုရား၊ မင်းကြီးရှိခိုးဝတ်ပြု သည်ဖြစ်စေ၊ မိဖုရားက ဝတ်ပြုသည်ဖြစ်စေ အရှင်ဘုရားသည် "မင်းကြီး၊ ကျန်းမာ ပျော်ရွှင်ပါစေ"ဟု မထူးမခြားဘဲ ဆုပေးတော်မူပါပြီ'ဟု လျှောက်ကြသည်။ 'တပည့်တော်သည် မင်းကြီးနှင့် မိဖုရားကြီးအကြား ခွဲခြား၍မသိပါ'ဟု မထေရ်က ခပ်အေးအေးပင် ဖြေကြားလိုက်သည်။ တစ်ပတ်ကြာပြီးနောက် မထေရ်သည်

[၁] ထေရေန ကိရ ဧတ္တကံ အဒ္ဓါနံ ဝသန္တေန စက္ခုံ ဥမ္မီလေတွာ လေဏံ န ဩလောကိတပုဗ္ဗံ (ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၈)။

[၂] ဘုရင်၏ အမည်နာမကို ဖော်ပြမထားပေ။

မိမိ၏ ပတ်ဝန်းကျင်သစ်တွင် သက်သောင့်သက်သာ မဖြစ်ဟုသိရှိ သဖြင့် မထေရ်အား ပြန်လည် ကြွချီခွင့်ပေးလိုက်သည်။ မထေရ်လည်း မိမိဂူသို့ ပြန်ကြွသွားပြီးနောက် ထိုညတွင်ပင် ရဟန္တာဖြစ် သွားသည်။

ဝိသုဒ္ဓိမဂ်ကျမ်းသည် မိမိ၏ဣန္ဒြေကို ထိန်းချုပ်လိုသည့် ရဟန်းများ၏ စံနမူအဖြစ် မထေရ်အကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ စိတ္တဂုတ္တမထေရ်သည် ဝိနည်းသိက္ခာပုဒ်များကို ပြင်းထန်တိကျစွာ လိုက်နာကျင့်သုံးသည်မှာ သံသယဖြစ်ဖွယ် မလိုချေ။ သို့တစေ မျက်လုံးများကို ပိတ်ပြီး အခြားဝတ္ထုများကို မကြည့်ရန်မှာ ဗုဒ္ဓရှင်တော်မြတ်နှစ် သက်တော်သည့် စောင့်စည်းခြင်းမျိုး အတိအကျ မဟုတ်ချေ။

ရှေ့အခန်းတွင် ဖော်ပြပြီးဖြစ်သည့်အတိုင်း ရဟန်းတော်များသည် ဝါမဆိုမီအတွင်း ကမ္မဋ္ဌာန်းတရားရယူရန် အနုရာဓပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်နှင့် မဟာဂါမရှိ တိဿာရာမကျောင်းတိုက်များ၌ ပုံမှန် စည်းဝေးကြကြောင်း သိရသည်။ သီတင်းကျွတ်ပြီးနောက် ရဟန်းတော်များသည် ဝါတွင်းကာလအတွင်း မိမိတို့၏ စိတ်ပိုင်းဘဝ တိုးတက်မှုအကျိုးကို ကြေညာရန် ထိုကျောင်းတိုက်များ၌ တစ်ဖန် ဆုံကြသည်။ သို့ဖြစ်၍ ရဟန်းတော်များသည် ဝါတွင်းကာလအတွင်း သေချာသည့် ရလဒ်တစ်ခုကို ရရှိရန် အပြင်းအထန် အားထုတ်ကြသည်။ အကြောင်းမူ ထိုအတောအတွင်း ရဟန်းတော်များသည် အေးချမ်း တိတ်ဆိတ် အလွန်သက်သောင့် သက်သာရှိသောကြောင့် ဖြစ်သည်။

ဂလမ္ဗတိတ္ထဝိဟာရ ကျောင်းတိုက်၌ ဝါဆိုကြသည့် ရဟန်း ၅၀ ဖြစ်ရပ်မှာ ယင်းအားထုတ်မှု မည်မျှပြင်းထန်ကြောင်း ဖော်ပြသည်။

ထိုမထေရ်များသည် ပထမဆုံး ဝါကပ်သည့်နေ့တွင် ရဟန္တာမဖြစ်မချင်း အချင်းချင်း စကားမပြောရန် ကတိကဝတ်ပြုကြသည်။ ဆွမ်းခံရန် ရွာတွင်းသို့ ဝင်ရန် ရဟန်းတော်များသည် စကားမပြောမိစေရန် ပါးစပ်ထဲ၌ ရေငုံထားကြသည်။ အကယ်၍ တစ်ပါးပါးသည် ရက်လ သို့မဟုတ် အခြား တစ်ခုခုသော ကိစ္စကို သိလိုလျှင် ရေကို မျိုချပြီး လိုရင်းမျှကိုသာ ဖြေကြားသည်။ လူအများသည် ရဟန်းတော်များသည် ရွာသားများကိုသာလျှင် စကားပြောခြင်းမှ ရှောင်ကြဉ်ကြသလား၊ သို့တည်းမဟုတ် ၎င်းတို့သည် အချင်းချင်းလည်း စကားမပြောကြသလား



ဟူသည်ကို စုံစမ်းကြသည်။ သို့ဖြစ်၍ လူအချို့သည် တစ်နေ့တွင် အကယ်၍ ရဟန်းတော်များ အချင်းချင်း အချင်းဖြစ်ပွားခဲ့ကြလျှင် ပြန်လည်ဖြန်ဖြေရန် စဉ်းစားပြီး ဘုန်းကြီးကျောင်းသို့ သွားကြသည်။ တစ်နေရာတွင် ရဟန်းတော်နှစ်ပါး အတူတကွ မနေထိုင်ကြပေ။ ကျောင်းတိုက်သည် ကောင်းစွာ တံမြက်လှည်းထားပြီး အားလုံး အစီအစဉ်တကျ ရှိကြသည်။ ရွာသားများသည် အကယ်၍ ရဟန်းတော်များသည် အချင်းချင်း ခိုက်ရန်ဖြစ်ပွား၍ မသင့်မြတ်ကြလျှင် ကျောင်းတိုက်မှာ ဤမျှလောက် အလွန်ရှင်းလင်းပြီး ထိုမျှ ကောင်းစွာ အစီအစဉ်တကျ ရှိကြမည်မဟုတ်ဟု သဘောပေါက်သွားကြသည်။ ဆိတ်ဆိတ် နေခြင်းသည် ရဟန်းတော်များ ဆောက်တည်နေသည့် ကတိကဝတ်ဖြစ်ကြောင်း နားလည်သွားကြသည်။ ရဟန်း ၅၀ တို့သည် ဝါတွင်းကာလမကုန်မီပင် ရဟန္တာဖြစ်သွားကြကြောင်း ပြဆိုသည်[၁]။

ကာလဝလ္လိမဏ္ဍပကျေးရွာမှ မဟာနာမအမည်ရသည့် အလားတူ အခြားမထေရ်တစ်ပါးသည် တစ်စုံတစ်ယောက်ကိုမှ စကားမပြောဘဲ ၂၃ နှစ်တိုင်တိုင် ကမ္မဋ္ဌာန်းထိုင်ခဲ့သည်။ ထိုမထေရ်သည် ပထမခုနစ်နှစ်ပတ်လုံး လမ်းလျှောက်ခြင်း၊ ရပ်ခြင်းဖြင့် ကုန်လွန်ခဲ့သည်ဟု ဆိုသည်။ ထိုမထေရ်သည် ထိုခုနစ်နှစ်အတွင်း လုံးဝမထိုင် လုံးဝ လဲလျောင်းခြင်းမရှိချေ။ (ရဟန္တာအဖြစ် သည်မထေရ်မြတ်၏ ကျော်ကြားမှုမှာ အိန္ဒိယနိုင်ငံတစ်ဝန်းလုံး ကျော်ကြားသည်)။

ဂတပစ္စာဂတဝတ္တဟုထင်ရှားသည့် စက်ယန္တရားဆန်ဆန် ပြင်းထန်သည့် အခြားကျင့်စဉ်တစ်ခု ရှိသေးသည်။ ယင်းသည် သီဟိုဠ်၌ တိုးတက်ဖြစ်ထွန်းခဲ့ပုံရသည်။ စာပေအရ ယင်းဝေါဟာရမှာ 'အသွားအပြန်ကို စောင့်ကြည့်ခြင်း'ဟု အဓိပ္ပာယ်ရသည်။ ယင်းအကျင့်ကို ကျင့်သည့် ရဟန်းသည် အကယ်၍ ကမ္မဋ္ဌာန်းအမှတ်မရှိဘဲ ရှေ့ကို ခြေတစ်လှမ်း လျှောက်မိလျှင် ချက်ခြင်း နောက်ကို ပြန်ဆုတ်ရပြီး ကမ္မဋ္ဌာန်းအမှတ်ဖြင့် ထပ်မံ အစက ပြန်လျှောက်ရသည်။ တစ်ခါတစ်ရံ ရဟန်းသည် မိမိကမ္မဋ္ဌာန်းကို မေ့သွားလျက် အကွာအဝေး အနည်းငယ်သို့သာ လမ်းလျှောက်နိုင်သည်။ ယင်းသို့မေ့သွားလျှင် မေ့သောနေ

[၁] ဒီ-ဋ္ဌ ၁၊ ၁၇၀။ အဘိ-ဋ္ဌ ၂၊ ၃၃၆။ မ-ဋ္ဌ ၁၊ ၃၆၂။

မဟာမိတ္တမထေရ်က နှမဖြစ်သူဘိက္ခုနီအား မိမိသည် ရဟန်းဖြစ်သည့် နေ့မှစ၍ အမျိုးသမီးတစ်ယောက်ကို တပ်မက်သည့် စိတ်ဖြင့် မကြည့်ဖူးပါဟု ဆိုသည်။ နေမကောင်း၍ သေရာညောင်စောင်းပေါ် လဲလျောင်းနေရသည့် မိခင်၏တောင်းပန်မှုဖြင့် နှမဘိက္ခုနီက မထေရ်ထံရောက်လာပြီး ဆေးတောင်းသည်ကို အကြောင်းပြု၍ ယင်းသို့ မြွက်ဟခြင်းဖြစ်သည်။ မိမိမှာ ယင်းကိုယ်ကျင့်တရားမှလွဲ၍ အခြား ဆေးမရှိပါဟုဆိုပြီး နှမအား ပြန်သွားစေလျက် ဤအမှန်တရားကို တစ်ဖန်ထပ်ဆိုပြီး မိခင်၏ရောဂါကို ကုသရန် မှာလိုက်သည်။ ယင်းသို့ ပြောဆိုပြီးသောအခါ မိခင်မှာ အနာပျောက် ကင်းသွားသည်ဟုဆိုသည်[၁]။

အနုရာဓပုရမြို့တော်၌ ပံ့သကူဆောင် မထေရ်တစ်ပါးသည် လွန်ခဲ့သောညက အစာမကြေသူ အမျိုးသားတစ်ယောက် လွှင့်ပစ်ထားသော မစင်များဖြင့် ညစ်ပေနေသည့် ဝတ်ရုံတစ်ခုကို အလွန်ပျော်ရွှင်စွာ ကောက်ယူသည်[၂]။

ရှေးခေတ်သီဟိုဠ်၌ ရဟန်းတော်အချို့ နေထိုင်ခဲ့သည့် ဘဝသည် မည်မျှရိုးရှင်းပြီး အတွယ်အတာမဲ့သည်ကို ဝိသုဒ္ဓိမဂ်လာ ဖြစ်ရပ်တစ်ခု၌ တွေ့မြင်နိုင်သည်။

မိတ်ဆွေနှစ်ယောက်သည် အနုရာဓပုရမြို့ ထူပါရာမကျောင်းတိုက်၌ ရဟန်းပြုကြသည်[၃]။ ငါးနှစ်ကြာ စာပေသင်ယူ လေ့ကျင့်ပြီးနောက် တစ်ပါးသည် မြို့တော်အရှေ့ဖက်ရှိ ပါစီနခဏ္ဍရာဇီအရပ်သို့

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၈။
[၂] အံ-ဌ ၂၊ ၂၇၉။ ပံသုကူလိက မထေရ်များအကြောင်းကို ဤကျမ်း၊ စာမျက်နှာ ၃၄၉ တွင် ရှုပါ။
[၃] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၈။ 'ဒွေ ကိရ ကုလပုတ္တာ အနုရာဓပုရာ နိက္ခမိတွာ ထူပါရာမေ ပဗ္ဗဇိံသု = အမျိုးကောင်းသားနှစ်ယောက်သည် အနုရာဓပုရမြို့တော်မှ ထွက်ပြီး ထူပါရာမကျောင်းတိုက်၌ ရဟန်းပြုကြ၏'ဟု ဖော်ပြသည်။ ဤဖော်ပြချက်အရ ထူပါရာမကျောင်းတိုက်သည် အနုရာဓပုရမြို့တော် အပြင်ဖက်၌ရှိကြောင်း ဖော်ပြသည်။ ယနေ့ခေတ် အနုရာဓပုရမြို့တော်အဖြစ် အများသိကြသည်မှာ မဟာဝိဟာရ၊ အဘယဂိရိနှင့် ဇေတဝနကဲ့သို့သော ဘုန်းကြီးကျောင်းတိုက်များ၏ ဧရိယာအတွင်းဖြစ်ပြီး ရှေးခေတ်မြို့တော်တည်နေရာ မဟုတ်ချေ။



စွာ ကွေးလိုက်သည်။ တပည့်ရဟန်းသည် နားမလည်ဖြစ်သွားပြီး အကြောင်းကို စုံစမ်းမေးမြန်းသည်။ မထေရ်ကြီးက မိမိကမ္မဋ္ဌာန်းစတင်အားထုတ်သည့် နေ့မှစ၍ မိမိသည် ကမ္မဋ္ဌာန်းအမှတ်မပါဘဲ လက်ကို မကွေးညွတ်ခဲ့ဖူးကြောင်း မိန့်ကြားသည်။ ယခုမိမိတပည့်များနှင့်စကားပြောဆိုနေစဉ် သတိလက်လွတ် ကွေးညွတ်ခဲ့သည်။ သို့ဖြစ်၍ မထေရ်သည် မိမိလက်ကို မူလအခြေအနေအတိုင်း ပြန်ထားပြီး ပြန်ကွေးညွတ်ခြင်းဖြစ်သည်[၁]။

နောက် မဟာသံဃရက္ခိတ မထေရ်သည် အသက် ၈၀ အရွယ် ပျံလွန်တော်မမူမီ ရဟန်းပြုသည့် နေ့မှစ၍ ကမ္မဋ္ဌာန်းအမှတ် မပါဘဲ မည်သည့်အရာကိုမျှ လုပ်ခဲ့သည်ကို သတိမရပါဟု မိန့်တော်မူသည်[၂]။

အချို့ရဟန်းတော်များသည် ရည်ရွယ်ချက်မှန်ကို ကောင်းစွာ နားမလည်သဖြင့် ၎င်းတို့၏ စိတ်ကိုလေ့ကျင့်ပြီး ထိုးဖောက်ကြသည်။ အရာဝတ္ထုများကို တွေ့မြင်သောအခါမှာပင် ယင်းတို့ကို အရှုခံတရားအဖြစ်သာ ရှုမြင်သည်။ ဝိသုဒ္ဓိမဂ်ကျမ်း၌ ကောင်းမွန်သည့် သရုပ်ဖော်ထားချက်တစ်ရပ် ပါရှိသည်[၃]။

စေတိယပဗ္ဗတဝိဟာရ (မဟိန္ထလေ့)၌ သီတင်းသုံးသည့် မဟာတိဿမထေရ်သည် လူ့ခန္ဓာကိုယ်ကို အရိုးစုအဖြစ် ရှုမြင်သည့် အလေ့အကျင့် အဋ္ဌိကသညာကို ပွားများပုံရသည်။

တစ်နံနက်တွင် အရှင်မြတ်သည် အနုရာဓပုရမြို့တော်သို့ ဆွမ်းခံကြွတော်မူစဉ် နတ်သမီးတမျှလှပသည့် အနုရာဓပုရမြို့သူတစ်ဦးသည် လင်ယောကျ်ားနှင့် အငြင်းပွားပြီး ဆွေမျိုးအိမ်သို့ ထွက်လာသည်။

မထေရ်ကိုတွေ့စဉ် ထိုအမျိုးသမီးသည် ဖောက်ပြန်သည့် စိတ်ထား (ဝိပလ္လာသ)ဖြင့် ကျယ်လောင်စွာ ရယ်သည်။ ရဟန်းသည် မျက်လွှာကို ဖွင့်ကြည့်သောအခါ ထိုအမျိုးသမီး၏ သွားကို မြင်မိလျက် ကြာမြင့်စွာကပင် မထေရ်ပွားများလာသည့် အသုဘသညာသည် ချက်ခြင်းပင် မထေရ်၏စိတ်ထဲသို့ စူးစိုက်စွာ ဝင်ရောက်လာသည်။ အမျိုး

[၁] ဒီ-ဌ ၁၊ ၁၇၆။ မ-ဌ ၁၊ ၂၆၉။ အဘိ-ဌ ၂၊ ၃၄၃။
[၂] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၆။
[၃] ယင်း၊ ၂၀။

သမီး၏သွားသည် မထေရ်၏စိတ်ထဲသို့ အရိုးစုအသွင်ဖြင့်သာ ပြန်လည် သတိရစေသည်။ မထေရ်သည် ထိုနေရာတွင်ပင် ရဟန္တာအဖြစ်ကို ရရှိသွားသည်ဟု ဆိုသည်။

အတန်ငယ်ကြာပြီးနောက် ဇနီးနောက်သို့ လိုက်လာသည့် ထိုအမျိုးသမီး၏ ခင်ပွန်းက မထေရ်ကို လမ်းမှာတွေ့သဖြင့် ဤလမ်းအတိုင်းသွားသည့် အမျိုးသမီးတစ်ယောက်ကို တွေ့မိပါသလားဟု မေးလျှောက်သည်။ မထေရ်က 'ဤလမ်းအတိုင်း သွားသည့်သူကို မိန်းမယောကျ်ားဆိုသည်ကို ကျွန်ုပ်မသိပါ။ သို့တစေ အစိုးရုတစ်ခု ဖြတ်သွားသည်ကို မြင်လိုက်၏'ဟု ဖြေကြားသည်။

ပြီးခဲ့သော အခန်း၌ ရဟန်းတော်များ၏ နေ့စဉ် လုပ်ငန်း ဆောင်တာများ အကြောင်းကို ဆွေးနွေးရာတွင် ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်မှုအတွက် ဘဝကို မြုပ်နှံထားကြသည့် ရဟန်းတော်များ၏ အချိန်ဇယားကို ဖော်ပြခဲ့သည်။

ကမ္မဋ္ဌာန်းရှုမှတ်သည့် ရဟန်းသည် တစ်ခဏမျှပင် ကမ္မဋ္ဌာန်းအာရုံမှ မိမိစိတ်ကို အလွတ်မခံရချေ။ ရဟန်းသည် တစ်နေ့တာပတ်လုံး လမ်းလျှောက်ခြင်းနှင့် ထိုင်ခြင်းဟူသော ဣရိယာပုတ် နှစ်ခုဖြင့်သာ ကုန်လွန်သည်။ ရဟန်းသည် ညဉ့်၏ ပထမယံနှင့် ဒုတိ ယယံအချိန်တွင် အိပ်စက်ပြီး တတိယယံတွင် နိုးထလျက် ယင်းအချိန်လမ်းလျှောက်ခြင်း ထိုင်ခြင်းဖြင့်သာ ကုန်လွန်သည်။

နံနက်စောစောတွင် ရဟန်းသည် စေတီတော်နှင့် မဟာဗောဓိပင်ဝတ်တရားများကို ဆောင်ရွက်ရသည်။ ရဟန်းသည် နေ့အခါ သုံးဆောင်မည့် သုံးရေသောက်ရေကို ခပ်ယူရပြီး ဆရာသမားအား စောင့်ရှောက်ရသည်။ ကိုယ်လက်သန့်စင်ပြီးနောက် အခန်းတွင် ထိုင်လျက်ဆွမ်းခံထွက်ချိန်ထိ ကမ္မဋ္ဌာန်းထိုင်ရသည်။ ဆွမ်းခံထွက်ရန် အဆင်သင့် ဖြစ်သောအခါ မိမိ၏ ကမ္မဋ္ဌာန်းအာရုံကို မမေ့ရချေ။

အပြင်သို့ မထွက်မီ စေတီတော်နှင့် ဗောဓိပင်ကို ရှိခိုးပူဇော်သည်။ ရဟန်းသည် ရှိခိုးပူဇော်နေခိုက်တွင်သာ မိမိ၏ ကမ္မဋ္ဌာန်းအာရုံကို လွှတ်ထားလိုက လွှတ်ထားနိုင်သည်။ ဗုဒ္ဓါနုဿတိအာရုံဖြစ်လျှင် ကမ္မဋ္ဌာန်းအာရုံကို လွှတ်မထားဘဲ ဘုရားအာရုံ ကမ္မဋ္ဌာန်းဖြင့် ဆက်၍ ရှိခိုးဝတ်ပြုနိုင်သည်။



ရဟန်းသည် ဆွမ်းခံထွက်ခွာသောအခါ လူအများက အိမ်သို့ ပင့်ဖိတ်ပြီး ယာဂုဆန်ပြုတ်များဖြင့် နံနက်စာ ကျွေးမွေးလျက် နံနက်စာ သုံးဆောင်ရန် လျှောက်ထားနိုင်သည်။ ရဟန်းက သဘောတူလျှင် ဆွမ်းကွမ်း အဆင်သင့် မဖြစ်မီအတွင်း လူအများက ရဟန်းတော်အား မေးခွန်းများမေးလျှောက်နိုင် သို့မဟုတ် တစ်ခုခုကို နာယူရန် လျှောက်ထားနိုင်သည်။ ထိုသို့သော အချိန်များတွင် ထိုရဟန်းသည် လူများအား ဗုဒ္ဓဘာသာဆိုင်ရာ ဟောပြောမှုမှန်သမျှတွင် ကမ္မဋ္ဌာန်းဘာဝနာနှင့် မကင်းသောကြောင့် တရားဟောကြားနိုင်သည်[၁]။

ကမ္မဋ္ဌာန်းထိုင်သော ရဟန်းအား စေတီတော်ဖွင့်ပွဲနှင့် တရားဟောပြောပွဲကြီးများကဲ့သို့သော ဘာသာရေးဆိုင်ရာ ကြီးကျယ်သည့် ပွဲတော်များသို့ မကြွရောက်ရန် ညွှန်ကြားသည်။ ယင်းသို့သော အခမ်းအနားများ၌ ထောင်ချီသော ဥပါသကာ ဥပါသိကာများသည် လှပစွာ ဝတ်စားဆင်ယင်လျက် လာရောက်ကြသဖြင့် ကမ္မဋ္ဌာန်းထိုင်နေသည့် ရဟန်းတော်၏ စိတ်အား ထိုဆွဲဆောင်ဖွယ်အရာများက အနှောင့်အယှက်ပြုနိုင်သည်။ ထိုပုဂ္ဂိုလ်၏ ရဟန်းဘဝသည်ပင် ထိုနေရာ၌ ဆုံးရှုံးသွားနိုင်သည်။ ကမ္မဋ္ဌာနိက ရဟန်းသည် လူအများစုရုံး ရောက်ရှိလာသည့် ကျော်ကြားသည့် ရဟန်းတော်များအား ဖူးမြော်ခြင်းကိုပင် ရှောင်ရှားသည်။ မိမိ၏ စိတ်ပိုင်းဘဝ၏ အန္တရာယ်မရှိမှု သေချာမှသာလျှင် ထိုနေရာများသို့ သွားရောက်နိုင်သည်[၂]။

ရှေးခေတ် မှတ်တမ်းများတွင် ဖော်ပြထားသည့်အတိုင်း ရဟန်းတော်အချို့၏ ခြိုးခြံမှု၊ ရိုးစင်းမှု၊ မတပ်မက်မှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုတို့မှာ အမှန်ပင် အံ့သြစံပြုဖွယ်ကောင်းသည်။

စိတ္တလပဗ္ဗတမှ မထေရ်ကြီးတစ်ပါးက အနှစ် ၆၀ ပတ်လုံး မိမိ၏ ခန္ဓာကိုယ်ကို မည်သူမျှ မကိုင်မထိဖူးကြောင်း၊ အသက် ၆၀ ပြည့်ပြီးမှ မလိယဒေဝမထေရ်၏ စိတ်ပိုင်းလေ့ကျင့်မှုနှင့် အသိပညာ ရင့်ကျက်မှုကို ပူဇော်သောအားဖြင့် ထိုမထေရ်အား မိမိခန္ဓာကိုယ်ကို ထိကိုင်ပြီး ရေချိုးပေးရန် ခွင့်ပြုတော်မူကြောင်း မိန့်ဆိုသည်[၃]။

---

[၁] ဒီ-ဋ္ဌ ၁၊ ၁၆၇။ အဘိ-ဋ္ဌ ၂၊ ၃၃၆။
[၂] ဒီ-ဋ္ဌ ၁၊ ၁၆၆။ မ-ဋ္ဌ ၁၊ ၂၆၉။
[၃] မ-ဋ္ဌ ၄၊ ၂၄၆။

ဝိနည်းတော်အရ ရဟန်းသည် မိဘများနှင့် ရင်းနှီးနီးစပ်လျှင်မည်သည့် အပြစ်မှ မရှိချေ။ မိဘတို့အား ဆေးကုသရန် လိုအပ်လျှင်ပြုစုစောင့်ရှောက်ရန်ပင် ရဟန်းအားခွင့်ပြုသည်[၁]။ သို့တစေ ထိုရဟန်းငယ်သည် မိဘများနှင့်ပင် ကင်းကင်းရှင်းရှင်းနေထိုင်ခြင်းမှာ အကောင်းဆုံးဖြစ်သည်ဟု တွေးခဲ့ပုံရသည်။ ရဟန်းတော်၏ စိတ်ဝင်စားမှုမှာ မိမိကောင်းကျိုးအတွက်သာ ဖြစ်သည်။

သို့ဖြစ်၍ မိဘများသည် မိမိတို့မှာ သားရင်းကို ပြုစုစောင့်ရှောက်နေကြောင်းမသိဘဲ သုံးလပြည့်သည်ထိ ပြုစုစောင့်ရှောက်ကြသည်။ သီတင်းကျွတ်သဖြင့် မိမိထွက်ခွာတော့မည်ဖြစ်ကြောင်း အကြောင်းကြားသောအခါ ဆီဘူးကို ဆီဖြည့်ပြီး ကိုးတောင်ရှည်သည့် ပိတ်စ တစ်ခုနှင့် သကြားတစ်ခဲ လှူဒါန်းသည်။

ရဟန်းငယ်သည် ရောဟဏသို့ ထွက်ခွာလျက် လမ်းတွင် ဦးလေးတော်ဥပဇ္ဈာယ်ဆရာကို တစ်ဖန်တွေ့ပြန်သည်။ ဥပဇ္ဈာယ်ဆရာသည် ရဟန်းငယ်အနေဖြင့် မိခင်ကိုတွေ့ပြီး မိမိခင်၏ဆွမ်းကို သုံးဆောင်ခဲ့သည်ကို သိရသဖြင့် ကျေနပ်သွားခဲ့သော်လည်း မိဘများက မိမိသားရဟန်မှန် မသိဘဲ ပြုစုစောင့်ရှောက်ခဲ့ကြကြောင်း မသိခဲ့ချေ။

ရဟန်းငယ်သည် ဥပဇ္ဈာယ်ဆရာ၏ခြေကို ခြေနယ်ဆီဖြင့် နှိုပ်ပေးလျက် သကြားဖြင့် ဖျော်ထားသည့် ဖျော်ရည်ကို ဆက်ကပ်ပြီး မိဘများလှူဒါန်းသည့် ပိတ်စကိုပါ ဆရာမထေရ်အား လှူဒါန်းသည်။ မိမိကျေးရွာသို့ တစ်ကိုယ်တည်းပြန်လာသည့် မထေရ်အား တွေ့သောအခါ နှမဖြစ်သူက မိမိသားရဟန်း ပျံလွန်ပြီဖြစ်၍ ယင်းသို့ တစ်ပါးတည်းကြွလာသည်ဟု ထင်မှတ်သွားသည်။ သို့ဖြစ်၍ နှမသည် ပြေးထွက်သွားပြီး မောင်ဘုန်းကြီး၏ ခြေရင်း၌ ငိုကြွေးသည်။ ထိုအချိန်ကျမှသာ ဦးလေးတော်မထေရ်က ရဟန်းငယ်၏ အလွန် တပ်မက်မှုနည်းသောကြောင့် မိမိမည်သူမည်ဝါဖြစ်ကြောင်းကို ထုတ်ဖော်ခြင်းမရှိဘဲ ပြန်လာခဲ့ကြောင်း ရှင်းလင်းစွာ သဘောပေါက်သွားသည်။ မထေရ်သည် ဖြစ်ကြောင်းကုန်စင်ကို နှမဖြစ်သူအား ရှင်းပြပြီး သားတော်မောင် လှူဒါန်းလိုက်သည့် ပိတ်စကို သက်သေအဖြစ် ပြလိုက်သည်။

[၁] ဝိ-၄ ၂၊ ၆၈။



သွားပြီး ကျန်တစ်ပါးမှာ ထူပါရာမကျောင်းတိုက်မှာပင် ကျန်ရစ်သည်။ ပါစီနခဏ္ဍရာဇီအရပ်သည် ကမ္မဋ္ဌာန်းတရား အားထုတ်ရန် သင့်တင့်လျောက်ပတ်သော အရပ်ဖြစ်သည်။ နှစ်အတန် ကြာပြီးနောက် ပါစီနခဏ္ဍရာဇီ ရဟန်းတော်သည် မိမိနေရာ၏ လက်ခံနိုင်ဖွယ် သဘာဝကို မိတ်ဆွေရဟန်းအား အသိပေးရန် ထူပါရာမသို့ သွားခဲ့သည်။

ထူပါရာမရဟန်းသည် ကြင်နာစွာ လက်ခံတွေ့ဆုံပြီး ဧည့်သည်ရဟန်းအား များစွာ ဖော်ရွေမှုကို ပြသသည်။ ဧည့်သည်ရဟန်းသည် ငြိမ်းငွေ့လာပြီး 'ယခုငါ့မိတ်ဆွေသည် ငါ့အတွက် နို့ဆီ၊ ဆီဦး သို့မဟုတ် သောက်ဖွယ်ရာကို ပို့လိမ့်မည်။ သူသည် မြို့တော်မှာ နှစ်ပေါင်းများစွာ နေခဲ့ပြီ'ဟု တွေးနေသည်။ သို့ရာတွင် ထိုရဟန်းသည် ထိုညတွင် မည်သည့်အရာကိုမျှ မရရှိချေ။

ထိုရဟန်းသည် နံနက်ပိုင်းတွင်လည်း မိတ်ဆွေရဟန်းက ယာဂုနှင့် တစ်စုံတစ်ရာ စားသောက်ဖွယ်ကို ပေးလာလိမ့်မည်ဟု မျှော်လင့်သည်။ သို့ရာတွင် မည်သည့်အရာမျှ ပေါ်မလာချေ။ မထေရ်သည် 'အင်း၊ လူတွေ ဤနေရာသို့ စားသောက်ဖွယ်ရာများ မပို့သည်မှာ သေချာ၏။ သို့တစေ အကယ်၍ သူတို့ထံသို့ ငါတို့ သွားလျှင် ငါတို့ကို တစ်ခုခု ပေးပါလိမ့်မည်'ဟု တွေးသည်။

ထူးဆန်းဖွယ်ရှိသော်လည်း နံနက်တွင် ဌာနေရဟန်းက မိတ်ဆွေအား အရုဏ်ဆွမ်းအတွက် တစ်ခုခုရှာဖွေရန် မိမိနှင့် အတူလိုက်ပါရန် ဖိတ်ကြားသည်။ ယင်းသည် မိတ်ဆွေရဟန်းအား ကျွေးမွေးရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ သို့ရာတွင် လမ်းတစ်လမ်းသို့ လှည့်လည်ပြီးနောက် မထေရ်နှစ်ပါးသည် အနည်းငယ်မျှသော ယာဂုကိုသာ ရရှိကြသဖြင့် ဧည့်သည်ရဟန်းသည် 'ဤနေရာတွင် အရုဏ်ဆွမ်း အတွက် ကောင်းစွာ ပြင်ဆင်ထားပုံမရ။ သို့တစေ နေ့ဆွမ်းအတွက်တော့ လူအများက ကောင်းစွာ လှူဒါန်းဖွယ်ရှိ၏'ဟု စဉ်းစားသည်။ သို့တစေ ရဟန်းနှစ်ပါးသည် နေ့ဆွမ်းအတွက်လည်း လုံလောက်စွာ မရကြချေ။

နေ့ဆွမ်းစားပြီးနောက်[၁] ဧည့်သည် ရဟန်းသည် မိမိမိတ်ဆွေမှာ

[၁] ဤဖော်ပြချက်မှ မထေရ်နှစ်ပါးသည် နေထိုင်သည့် ကျောင်းဆောင်သို့ မပြန်ဘဲ အပြင်တစ်နေရာတွင် ဆွမ်းဘုဉ်းပေးကြကြောင်း မှတ်သားရသည်။

အမြဲတမ်းပင် ထိုအတိုင်း သီတင်းသုံးသလောဟု စုံစမ်းမေးမြန်းသည်။ 'မှန်ပါသည်အရှင်ဘုရား'ဟု ဌာနေရဟန်းက ဖြေသဖြင့် ဧည့်သည် ရဟန်းက 'ပါစီနခဏ္ဍရာဇီအရပ်သည် သက်သောင့်သက်သာ ရှိပါ၏။ ထိုအရပ်သို့ သွားကြစို့'ဟု ဆိုသည်။

အတန်ကြာပြီးနောက် ထူပါရာမရဟန်းအား တောင်ဖက်ဂိတ်မှ ကုမ္ဘကာရဂါမသို့ သွားသည့်လမ်းသို့ ထွက်သွားသည်ကို တွေ့ရသည်။ ဧည့်သည်ရဟန်းသည် ထိုမထေရ် အဘယ်ကြောင့် ယင်းသို့ ပြုသည်ကို စုံစမ်းသည်။ ဌာနေရဟန်းက 'အရှင်ဘုရား၊ ပါစီနခဏ္ဍရာဇီအရပ်ကို ချီးမွမ်းသည် မဟုတ်ပါလော' မေးသည်။ ဧည့်သည်ရဟန်းက 'မှန်ပါသည် အရှင်ဘုရား၊ သို့တစေ အရှင်ဘုရား ဤမျှ နှစ်လကြာရှည်စွာ နေထိုင်ခဲ့သည့် အရှင်ဘုရားကျောင်းမှာ မည်သည့်ပစ္စည်းမှ မကျန်ရစ်ခဲ့ဘူးလော'ဟု မေးသည်။ 'ထိုနေရာတွင် သံဃာပိုင် အိပ်ရာတစ်ခုနှင့် ကုလားထိုင်တစ်လုံး ရှိပါသည်။ ယင်းတို့ကို ကောင်းစွာ သိမ်းဆည်းထားခဲ့ပါပြီ။ နောက်ထပ် ဘာတစ်ခုမှ မကျန်တော့ပါ'ဟု ဌာနေရဟန်းက ပြန်ကြားသည်။ ဧည့်သည်ရဟန်းက 'သို့ရာတွင် တပည့်တော်ကတော့ တောင်ဝှေး၊ ဆီကျည်နှင့် ဖိနပ်ဘူးများ ကျန်ခဲ့ပါသည်'ဟု ဆိုသည်။ ဌာနေရဟန်းက 'အရှင် ဘုရားသည် တစ်နေ့မျှနေရုံဖြင့် ပစ္စည်းတွေ များစွာ ထားပစ်ခဲ့၏'ဟု အံ့သြစွာ ဆိုသည်။

ပါစီနခဏ္ဍရာဇီ ရဟန်းသည် မိတ်ဆွေရဟန်း၏ အလွန့်အလွန် ရိုးရှင်းမှုနှင့် မတပ်မက်မှုအပေါ် များစွာ စိတ်မကောင်းဖြစ်သွားပြီး 'အရှင်ဘုရား၊ မည်သည့်နေရာပင် နေစေကာမူ အရှင်ဘုရားအဖို့ တောကျောင်းပင် ဖြစ်ပါ၏။ အရှင်ဘုရားအဖို့ ဤမြင့်မြတ်သည့်နေရာ ထူပါရာမကျောင်းတိုက်မှာပင် ဆက်လက်၍ သီတင်းသုံးခြင်းက ပို၍ ကောင်းပါ၏'ဟု ပြောကြားပြီး နောက်နေ့တွင် ပါစီနခဏ္ဍရာဇီအရပ်သို့ ပြန်သွားခဲ့သည်။

ဝိသုဒ္ဓိမဂ္ဂကျမ်း[၁]မှာပင် ရဟန်းတော်အချို့ မည်မျှ လောကီရေးနှင့် ဆက်နွယ်ပတ်သက်မှုများကို မတပ်မက်ပုံကို ဖော်ပြသည့် နောက်ထပ် စွဲငြိဖွယ် ဖြစ်ရပ်တစ်ခုကို တွေ့ရသည်။

---

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၈။



လူငယ်တစ်ယောက်သည် ကောရဏ္ဍကရွာကျောင်းရှိ မိခင်ဘက်မှ ဦးတော်သည့် မထေရ်တစ်ပါးထံတွင် ရဟန်းပြုပြီး စာပေသင်ကြားရန် ရောဟဏမြို့သို့ ကြွသည်။ မိခင်သည် မောင်ဖြစ်သူ မထေရ်ထံမှ သားမောင် ရဟန်းတော်အကြောင်းကို မကြာမကြာ စုံစမ်းသည်။ ရဟန်းငယ်သည် ရောဟဏသို့ ထွက်သွားပြီးနောက် မိဘများထံ လုံးဝပြန်မလာတော့ချေ။

တစ်နေ့သ၌ ဦးလေးတော် ဘုန်းကြီးသည် ရဟန်းငယ်အားခေါ်ယူရန် ရောဟဏသို့ ကြွတော်မူသည်။ ရဟန်းငယ်လည်း ဦးလေးတော်နှင့် မိခင်အား တွေ့ဆုံရန် ရောဟဏမှ ထွက်ခဲ့သည်။ ရဟန်းနှစ်ပါးသည် မြစ်ကမ်း (မဟာဝေလိဂင်္ဂါမြစ် ဖြစ်ဖွယ်ရှိသည်) တစ်နေရာတွင် တွေ့ဆုံကြပြီး မိမိတို့ လာရခြင်းအကြောင်းကို ပြောဆိုကြသည်။ ဦးလေးဘုန်းကြီးသည် ထိုမြစ်အနီး တစ်နေရာမှာပင် ဝါဆိုပြီး ရဟန်းငယ်ကမူ ကောရဏ္ဍက ကျောင်းတိုက်သို့ ကြွသွားသည်။

ရဟန်းငယ်သည် ထိုကျောင်းတိုက်သို့ ဝါမဝင်မီ အဖိတ်နေ့တွင် ရောက်သွားပြီး မိမိဖခင်ရင်းကိုယ်တိုင် ဆောက်လုပ်သည့် ကျောင်း၌ ရဟန်းငယ် သီတင်းသုံးရသည်။ ရဟန်းငယ်၏ဖခင်သည် နောက်နေ့နံနက်တွင် ကျောင်းတိုက်သို့ ရောက်လာပြီး မိမိဆောက်လုပ်ထားသည့် ကျောင်းသင်္ခမ်း၌ ဝါဆိုသီတင်းသုံးရန် ရောက်လာသည့် ရဟန်းသစ်တစ်ပါးရှိကြောင်း တွေ့ရသည်။ ဒါယကာသည် ရဟန်းအား ဤကျောင်းသင်္ခမ်း၌ ဝါဆိုသီတင်းသုံးသည့် ရဟန်းတော်သည် ဝါတွင်းသုံးလ မိမိအိမ်မှာ ဆွမ်းအလှူခံရပြီး သီတင်းကျွတ်၍ ပြန်မကြွမီ မိမိအား အကြောင်းကြားရသည့် ထုံးစံရှိကြောင်း လျှောက်ထားသည်။ ရဟန်းငယ်သည် ဆိတ်ဆိတ်နေ၍ လက်ခံသည်။

ရဟန်းငယ်သည် မိဘများအိမ်သို့ နေ့တိုင်းကြွပြီး ဆွမ်းဘုဉ်းပေးသည်။ သို့တစေ မိဘများမှာ မိမိတို့၏ သားတော်မောင်အား မမှတ်မိချေ။ ရဟန်းငယ်သည် ထိုမျှလောက်ပင် လုံးဝပြောင်းလဲသွားသည်။ ရဟန်းငယ်သည် အတော်ငယ်စဉ်အခါကပင် အိမ်မှထွက်သွားခဲ့ပြီး နှစ်ပေါင်းများစွာ ကြာပြီးနောက် အရွယ်ရောက် ကြီးပြင်းချိန်ကျမှ ပထမဆုံးအကြိမ် အိမ်ပြန်လာခဲ့ခြင်းဖြစ်သည်။ ရဟန်းငယ်လည်း မိမိဘယ်သူဘယ်ဝါဖြစ်သည်ကို ပြောရန်လိုအပ်သည်ဟု လုံးဝ မတွေးမိချေ။

ယင်းနောက် ဥပါသိကာမသည် သားမောင်ရဟန်း၏ ချီးမွမ်းအံ့ဩဖွယ် ကိုယ်ကျင့်တရားကို နှစ်သက်ကြည်ညိုလွန်းသဖြင့် သားမောင်ကြွသွားသည့် နေရာဖက်သို့ လက်အုပ်ချီလျက် မြေကြီးပေါ်သို့ ထိုင်ချလိုက်ပြီး ပျော်ရွှင်ပြီး မိခင်မေတ္တာစိတ်ဖြင့် 'ငါသားတော်ကား ချီးမွမ်းအံ့ဩဖွယ်ကောင်းသည့် ပုဂ္ဂိုလ်ပေတကား။ ဗုဒ္ဓရှင်တော်မြတ်သည် ဤကဲ့သို့သော ယောကျ်ားများအတွက် ဗြဟ္မစရိယအကျင့်မြတ်ကို ဟောကြားတော်မူခဲ့ပေ၏'ဟု ဥဒါန်းကျူးလိုက်သည်။

ဓုတင်ဟုခေါ်သည့် အကျင့်များကို စောင့်ခဲ့ကြသည့် ရဟန်းတော်များ၏ အသေးစိတ်များကို ဖော်ပြရန်မလိုပေ။ ပိဋကပါဠိတော်၊ ပံသုကူလိကနှင့် အာရညကဓုတင်များကို ဆောက်တည်ကြသည့် ရဟန်းတော်များကို ပို၍ မကြာခဏတွေ့ရသည်။ ထိုပုဂ္ဂိုလ်များအား ရည်ညွှန်းကိုးကားချက်များကို ဖော်ပြထားသည်[၁]။

ရဟန်းတော်များ တိကျစွာ လိုက်နာကျင့်သုံးပြီး ခြိုးခြံသည့် စိတ်ပိုင်းဘဝကို လိုက်နာကျင့်သုံးသည့် ရဟန်းတော်များ သီတင်းသုံးနေထိုင်ခဲ့သည့် ဘာသာတရားနယ်မြေအဖြစ် သီဟိုဠ်နိုင်ငံ၏ ကျော်ကြားမှုသည် အခြားနိုင်ငံများသို့ ပြန့်နှံ့သွားခဲ့ပုံရသည်။

ဥပမာဆိုမူ အိန္ဒိယနိုင်ငံ ပါဋလိပုတ်(ပတ္တနား)မြို့သား ပုဏ္ဏားနှစ်ယောက်သည် အထက်တွင်ဖော်ပြခဲ့သည့် ကာလဝလ္လိမဏ္ဍပ ကျေးရွာမှ မဟာနာဂထေရ်၏ ကျော်ကြားမှုသတင်းကို ကြားသိခဲ့သည်ဟု ဆိုသည်။ ၎င်းတို့ နှစ်ယောက်လုံး သီဟိုဠ်သို့ ထွက်ခွာခဲ့ကြသော်လည်း တစ်ယောက်မှာ လမ်းခရီးတွင် ကွယ်လွန်ခဲ့လျက် အခြားတစ်ယောက်မှာမူ သွားလိုရာသို့ ဆိုက်ရောက်သွားပြီး ထိုမထေရ်ထံတွင် ရဟန်းပြုခဲ့

---

[၁] အာရညကဓုတင် သို့မဟုတ် တောကျောင်းတွင် နေထိုင်ခြင်းသည် တစ်ခါတစ်ရံ အန္တရာယ်များသည်။ တစ်ခါတစ်ရံတွင် အန္တရာယ်ပြုတတ်သည့် လုယက်သူများသည် ယင်းအပြစ်မဲ့သည့် ရဟန်းတော်များအား ချည်နှောင်ထားခဲ့ကြကြောင်း သိရသည်။ ထိုအတွက် အကြောင်းရင်းကို မသိရချေ။ ယင်းသို့သော ရဟန်းတော်နှစ်ပါး ချည်နှောင်ခံရ၍ သေဆုံးကြောင်း သိရသည် (ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၄)။ ဂဝရဝါလိယ အင်္ဂဏကျေးရွာတွင် ကမ္မဋ္ဌာန်းထိုင်နေသည့် နောက်ထပ်ရဟန်းတော်တစ်ပါးမှာ သမင်ဟုထင်သဖြင့် မုဆိုးတစ်ယောက်က ညတွင်မြားဖြင့် ပစ်ခံရသည် (မ-ဋ္ဌ ၁၊ ၂၄၂)။

သည်[၁]။ ပတ္တနားမြို့မှ ဝိသာခအမည်ရသည့် သူကြွယ်တစ်ယောက်သည်လည်း တမ္ဗပဏ္ဏိဒီပသည် ဘာသာတရား လိုက်နာကျင့်သုံးရန် စံပြနေရာတစ်ခုဖြစ်သည်ဟု ကြားသိရဖြင့် သီဟိုဠ်သို့ ရောက်လာခဲ့ပြီး မဟာဝိဟာရ ကျောင်းတိုက်၌ ရဟန်းပြုခဲ့သည်။ ထိုမထေရ်သည် ရဟန္တာအဖြစ်ကို ရောက်ပြီး စိတ္တလပဗ္ဗတ၌ အသက်ထက်ဆုံး သီတင်းသုံးခဲ့သည်[၂]။

အေဒီ ၅ ရာစုတွင် သီဟိုဠ်၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သူ တရုတ်မဟာခရီးသည် ဖာဟီယန်သည် အရိယာသံဃာတော်များရှိရာ မြေအဖြစ် သီဟိုဠ်၏ကျော်ကြားမှုကို မျက်မြင်ကိုယ်တွေ့ ဖော်ပြခဲ့သည်။ ဖာဟီယန်သည် မဟိန္တလေ့၌ သီတင်းသုံးတော်မူသည့် ဓမ္မဂုတ္တ အမည်ရှိ ကိုယ်ကျင့်သီလ ကြီးမြတ်မှုကို ဖော်ပြသည်။ ဖာဟီယန်သည် ဝိနည်းသိက္ခာပုဒ်များကို စောင့်ထိန်းရာတွင် လူအများက ရဟန္တာဟု ယုံကြည်ရသည်အထိ မကျိုးပေါက်သည့် သီလနှင့် မြင့်မြတ်စင်ကြယ်သည့် မထေရ်တစ်ပါးကိုလည်း ရည်ညွှန်းသည်[၃]။

အေဒီ ၇ ရာစု သီဟိုဠ်ရဟန်းတော်များ၏ ဘာသာရေးဘဝ အကြောင်းနှင့် ပတ်သက်၍ ဟူယင်ဆန်ထံမှ အခြားသော ခိုင်မာသည့် သတင်းအချက်ရရှိသည်။ ဟူယင်ဆန်သည် သီဟိုဠ်သို့ လည်ပတ်ခွင့် မရခဲ့သော်လည်း ထိုအချိန်က အိန္ဒိယသို့ ကြွရောက်ကြသည့် သီဟိုဠ် ရဟန်းတော်များနှင့် ဆုံတွေ့ခွင့်ရခဲ့သည်။ တရုတ်ရဟန်းတော်သည် အောက်ပါ စကားလုံးများဖြင့် သီဟိုဠ်ရဟန်းတော်အား မိမိ ကြည်ညို မိပုံအကြောင်းကို မှတ်တမ်းတင်ထားသည် 'ရဟန်းတော်များသည် ကိုယ်ကျင့်သီလကို စောင့်ထိန်းကြလျက် စိတ်ပိုင်းဘဝနှင့် အသိပညာ စွမ်းရည်များကြောင်း ထင်ရှားကြ၏။ ၎င်းတို့၏ မှန်ကန်သည့် ကိုယ်ကျင့်တရားသည် နောင်လာနောင်သားများအတွက် စံနမူဖြစ်၏။ ၎င်းတို့၏ အမူအရာမှာ အလွန် လေးနက်တည်ငြိမ်၏'[၄]။

---

[၁] အံ-ဋ္ဌ ၂၊ ၁၃၂။ [၂] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၀၅။
[၃] Fa Hien, p. 107.
[၄] Hiuen Tsiang, Bk. XI, P. 247.

ကြသည် (ရုဝန်ဝါလိဆာယ)။ ထိုအတူပင် မဟာဝိဟာရကျောင်းတိုက်၏ အခြားဂိတ်သုံးခုစီနှင့် မြို့တော်အနောက်ဖက်ဂိတ်ရှိ ထူပါရာမ စေတီတော်ဂိတ်ရှိ ပညာမဏ္ဍပ၌လည်း ရဟန်းသုံးသောင်း ရဟန္တာဖြစ်သွားသည်။ အဘယရေကန်နှင့် အနုရာဓပုရ ရေကန်များ၏ ဘောင်များ၌လည်း ရဟန္တာဖြစ်သွားကြသည်။ အရိယဝံသသုတ်ကို ရွတ်ဖတ်သူ မဟာထေရ်တစ်ပါး (မဟာအရိယဝံသ ဘာဏကမထေရ်) သည် အထက်ပါ ဖြစ်ပုံများကို နှစ်သက်ခြင်းမရှိသဖြင့် 'အရှင်ဘုရားတို့ အဘယ်ကိစ္စကိုကို ပြောဆိုနေကြပါသနည်း၊ မဟာစေတီတော်၏ စောင်းတန်းနိမ့်နေရာမှ မြင်နိုင်သည့် အကွာအဝေးအတွင်း မည်သည့် ခြေနှစ်ချောင်းကိုမဆို ထားနိုင်သည်ဟု ဆိုရန် ဖြစ်နိုင်ပါသလား'ဟု ဆိုသည်။ အခြား မဟာထေရ်တစ်ပါးက မဟာစေတီ၏ ရင်ပြင်ပေါ်တွင် ကြဲပြန့်နေသည့် သဲပွင့်များထက်ပင် များပြားသည်ဟု မှတ်ချက်ပေးလိုက်သည်ဟု ဆိုသည်။ ထိုအရေအတွက်မှာ အနုရာဓပုရမြို့ရှိ မဟာစေတီတော် ဧရိယာအတွင်း ရဟန္တာအဖြစ်ကို ရရှိသွားကြသည့်ပုဂ္ဂိုလ်များကိုသာ ရည်ညွှန်းလိုခြင်းဖြစ်ကြောင်း ဆိုလိုသည်။ ဝိဘင်္ဂအဋ္ဌကထာ[၁]ကျမ်းတွင် ဖြပ္ပဏတိဿသူပုန်ဘေးအတွင်း တိဿမဟာရာမနှင့် စိတ္တလပဗ္ဗတတို့တွင် ရဟန္တာ အပါးပေါင်း ၂၄၀၀ (နှစ်သောင်း လေးထောင်) ရှိခဲ့ကြောင်း ပြဆိုသည်။

ထိုသာဓကများနှင့် အခြားများစွာသော သာဓကများက သီဟိုဠ်နိုင်ငံတွင် ရဟန္တာပေါင်း များစွာ ရှိခဲ့ကြောင်းပြဆိုသည်။ ထိုရဟန္တာများဟူသည် အဘယ်သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသနည်း။ ဗုဒ္ဓလက်ထက်တော်က ရှိခဲ့သည့် ကျော်ကြားသည့် ရဟန္တာအရှင်မြတ်များနှင့် အဆင့်တူ အရည်အချင်းရှိသည့် ရဟန္တာများ ဖြစ်ကြသလော။ ရှေးခေတ်သီဟိုဠ် ရဟန္တာများသည် မည်သို့သော အစစ်အမှန်ဘဝ ရှိခဲ့သည်ဟူသောအချက်ကို ယနေ့ခေတ်တွင် နားလည်ရန် မဖြစ်နိုင်ချေ။ သို့တစေ အဋ္ဌကထာကျမ်းများနှင့် အခြားသော အထောက်အထားများအရ ရဟန္တာများနှင့် စပ်လျဉ်းပြီး အေဒီ ၅ ရာစု လူအများနှင့် ဆိုင်သည့် သင့်တော်သော အတွေးအမြင်ယူဆမှုတစ်ရပ် ရရှိနိုင်သည်။

---

[၁] အဘိ-ဋ္ဌ ၂၊ ၄၂၆။

# အခန်း ၁၃

## သီဟိုဠ်ရဟန္တာများ

အရဟပုဒ်မှ ဆင်းသက်လာသည့် အရဟန္တဟူသောဝေါဟာရ၏ မူလ အဓိပ္ပာယ်မှာ 'ထိုက်တန်ခြင်း' ဖြစ်သည်။ ဗုဒ္ဓဝါဒမတိုင်မီအချိန်က ဤဝေါဟာရကို အဆင့်မြင့်အရာရှိများအား ဂုဏ်ပြုဘွဲ့အဖြစ်ပင် အသုံးပြုခဲ့ပုံရသည်[၁]။ သို့တစေ ဗုဒ္ဓရှင်တော်မြတ်သည် နိဗ္ဗာန်ကို ထိုးထွင်းသိမြင်မှုတွင် အဆင့်အမြင့်ဆုံးကိုရရှိသူအား အသုံးပြုရန် ယင်းဝေါဟာရကို ယူခဲ့သည်[၂]။ အရဟန္တဟူသောပုဒ်ကို မကြာခဏ အစားထိုးသုံးသည့် အလွန် အသုံးများထင်ရှားသည့် ဝေါဟာရမှာ ခီဏာသဝ = အာသဝေါကုန်ပြီးသူ ဖြစ်သည်[၃]။

တိပိဋကပါဠိတော်များ၌ ရဟန္တာများအား စိတ်ပိုင်းလေ့ကျင့်မှု၏ အဆင့်မြင့်ရရှိမှုကို ဖော်ကျူးလျက် 'ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယ (ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ နောင်ဘဝတစ်ဖန် ဖြစ်ပြန်ခြင်း မရှိတော့ပြီ)'ဟူသော ဖော်ပြမှုပုံစံဖြင့် မကြာခဏ ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ မဇ္ဈိမနိကာယ် ဆဗ္ဗိသောဓနသုတ်တွင် ဗုဒ္ဓရှင်တော်မြတ်က တပည့်သာဝကများအား အကယ်၍ ရဟန်းတစ်ပါးသည် ယင်းဖော်ပြချက်မျိုးကို ပြုလုပ်မှု လက်

---

[၁] See e.g. Sat, Br.III, 4,1,3,4,1,6;4,1,6; S.B.E. XXVI

[၂] ထိုအတူပင် ဗုဒ္ဓရှင်တော်မြတ်သည် မကောင်းမှုမှ လွတ်မြောက်ပြီးသူအား အသုံးပြုရန် ဗြဟ္မဏဟူသော ဝေါဟာရကိုရယူပြီး ဗြဟ္မဏ ဇာတ်ရှိသူကို မဆိုလိုချေ။

[၃] ကာမာသဝ = ကာမဂုဏ်ကို တပ်မက်မှု၊ ဘဝါသဝ = ဘဝကို တပ်မက်မှု၊ အဝိဇ္ဇာသဝ = မောဟ ဟု အာသဝတရား သုံးမျိုးရှိသည်။ တစ်ခါတစ်ရံ ဒိဋ္ဌာသဝ = အယူမှား ကိုပါထည့်၍ အာသဝတရား လေးမျိုးဖြစ်သည်။

လည်းမခံရ၊ ငြင်းလည်း မငြင်းဆိုရ။ သို့တစေ ထိုရဟန်းအား အချို့သော အချက်များနှင့် ပတ်သက်၍ မေးမြန်းရမည်ဟု သတိပေးဖူးသည်[၁]။ အကယ်၍ ထိုရဟန်း၏ အဖြေမှာ ကျေနပ်ဖွယ်ရှိလျှင် ထိုရဟန်းအား ရဟန္တာဟု လက်ခံရမည်။ ထိုသုတ္တန်၌ ဗုဒ္ဓရှင်တော် မြတ်က မေးခွန်းများအတွက် အဖြေမှန်များကို ပေးထားပြီးဖြစ်သည်[၂]။

နိကာယ်ငါးရပ်လာ သုတ္တန်များစွာတို့မှ ရဟန္တာဟူသည် သတိ ဓမ္မဝိစယ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိနှင့် ဉပေက္ခာဟူသော ဗောဇ္ဈင် ခုနစ်ပါး၊ ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဉဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာဟူသော နီဝရဏ ငါးပါးကို ပယ်ပြီးသူ၊ လောဘ ဒေါသ မောဟဟူသော အကုသိုလ်မူလ သုံးမျိုးကို အမြစ်ဖြတ်ပြီးသူ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ဖြည့်ကျင့်ပြီးသူ၊ လူဘဝပြန်ဖြစ်စေနိုင်သော ခန္ဓာငါးပါးကို တပ်မက်မှု ဘဝတဏှာ ကုန်ပြီးသူ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗပရာမာသ ကာမရာဂ ဗျာပါဒ ရူပရာဂ အရူပရာဂ မာန ဉဒ္ဓစ္စ အဝိဇ္ဇာ ဟူသောသံယောဇဉ် ဆယ်ပါးကို ဖြတ်တောက်ပြီးသူ၊ ကာယ ဝစီ မနသုံးမျိုး စင်ကြယ်သူ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ သုံးမျိုးမှ လွတ်မြောက်ပြီးသူ . . . အချုပ်အားဖြင့် ကိလေသာ (စိတ်အညစ်အကြေး) အားလုံးမှ လွတ်မြောက်ပြီးသူဖြစ်သည်[၃]။

---

[၁] ဒိဋ္ဌ (ကိုယ်တိုင်မြင်ခြင်း)၊သုတ (သူတစ်ပါးထံမှာ ကြားရခြင်း) မုတ (မြင်သိခြင်း)နှင့် ဝိညာတ (စိတ်ဖြင့်သိခြင်း) ဟူသော ဝေါဟာရလေးမျိုးဖြင့် ထိုရဟန်း၏စိတ် လွတ်မြောက်သွားပုံကို မေးမြန်းခြင်းဖြစ်သည်။ ဝေါဟာရလေးမျိုးမှာ - ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏဟူသော ဉပါဒါနက္ခန္ဓာ ငါးပါး၊ ပထဝီ အာပေါ တေဇော ဝါယော အာကာသ ဝိညာဏ ဟူသော ဓာတ် ခြောက်ပါး၊ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန နှင့် ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မဟူသော အတွင်းအပြင် အာယတန ခြောက်ပါး၊ ဤခန္ဓာကိုယ်နှင့် အပြင် အာရုံတရားများ ဖြစ်ကြသည်။

[၂] ဆဗ္ဗိသောဓနသုတ်သည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က မိမိကိုယ်ကို ရဟန္တာဖြစ်ပြီဟု မှားယွင်းစွာ သို့မဟုတ် စိတ်ဖောက်ခြင်းဖြင့် ပြောဆိုသည့် ရဟန်းတော်များ ရှိခဲ့ကြောင်းကို ဖော်ပြမှုတစ်ရပ်ဖြစ်သည်။

[၃] အသေးစိတ်ကို ဒီဃနိကာယ် သာမညဖလသုတ်၊ မဇ္ဈိမနိကာယ် သဗ္ဗာသဝသုတ်၊ မဟာသကုလုဒါယိသုတ်၊ စေတောခိလသုတ်နှင့် ဆဗ္ဗိသောဓနသုတ်နှင့် သုတ္တနိပါတပါဠိ၊ ဝါသေဋ္ဌသုတ်များကို ရှုပါ။



ရဟန္တာဟူသောပုဒ်၏ မူလအဓိပ္ပာယ် မည်သို့ဖြစ်စေကာမူ နောင်တွင် အချိန်ကာလအမျိုးအမျိုး နေရာအသီးသီးတို့၌ ယင်း အဓိပ္ပာယ်မှာ ခြားနားသွားခဲ့သည်ကို သံသယဖြစ်ဖွယ်မလိုချေ။ အဋ္ဌကထာကျမ်းများနှင့် ပါဠိသမိုင်းကျမ်းများ၌ ရှေးခေတ် သီဟိုဠ်တွင် ရဟန္တာအဖြစ် ယူဆခံရသူနှင့် ပတ်သက်သည့် အတွေးအမြင်ကို ရရှိရန် အထောက်အကူပြုသည့် သတင်းအချက်ကို အမှတ်မတင် ပေးနိုင်သော ဝတ္ထုဖြစ်ရပ်နှင့် ဖော်ပြချက်အချို့ ပါရှိသည်။ ကျွန်ုပ်တို့အနေဖြင့် ယင်းယူဆချက်၏ ခိုင်လုံမှု သို့မဟုတ် ယင်းဝတ္ထုများ၏ စစ်မှန်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုမဖြစ်ပေ။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ရနိုင်သည့် အချက်အလက်များအရ ရဟန္တာဟူသည်ကို သမိုင်းအရ မည်သို့ ယူဆခဲ့သည်ကို ဆွေးနွေးရန်သာဖြစ်သည်။

အဋ္ဌကထာကျမ်းများ၌ တစ်ချိန်က သီဟိုဠ်ကျွန်းတွင် ပုထုဇဉ်ရဟန်းသံဃာ တစ်ပါးတလေမျှပင် မရှိခဲ့ကြောင်း ဖော်ပြထားသည်[၁]။ ယင်းသည် ထိုအချိန်က သီဟိုဠ်ရဟန်းတော်များအားလုံးသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် အဆင့်လေးမျိုးအနက် တစ်မျိုးကို ရရှိပြီးဖြစ်ကြောင်း ဆိုလိုသည်။ နောက်ထပ် အဋ္ဌကထာဖော်ပြချက် တစ်ခုမှာ အခြားတစ်ချိန်တွင်မူ ပုထုဇဉ်ရဟန်းဟူသည်ကို ရှားရှားပါးပါး ရှာဖွေယူရသည် အထိဖြစ်ကြောင်း ဖော်ပြသည်[၂]။ ယာဂုဆွမ်းဘုဉ်းပေးပြီးနောက် ရဟန္တာ အဖြစ်ကို မရဖူးသေးသည့် သီဟိုဠ်ကျေးရွာရှိ ဆွမ်းစားဆောင်မှ ထိုင်ခုံ တစ်ခုတလေမျှပင် မရှိကြောင်းလည်း ဆိုထားသည်[၃]။

သံယုတ္တအဋ္ဌကထာ[၄] ဖော်ပြချက်တစ်ခုအရ ရဟန်းတော် သုံးသောင်းသည် မဟာဝိဟာရကျောင်းတိုက်၏ တောင်ဖက်ဂိတ်တွင် မတ်တတ်ရပ်လျက် မဟာစေတီကို ဖူးမြော်ရင်း ရဟန္တာအဖြစ်ကို ရရှိသွား

---

[၁] မ-ဋ္ဌ ၄၊ ၈၁။ ဒီ-ဋ္ဌ ၃၊ ၈၂။ ဣမသ္မိံယေဝ ဒီပေ ဧကဝါရေ ပုထုဇ္ဇနဘိက္ခု နာမ နာဟောသိ။။

[၂] ဧကသ္မိံ ဟိ ကာလေ ပဋိဝေဓကေရာ ဘိက္ခူ ဗဟူ ဟောန္တိ၊ ဧသ ဘိက္ခု ပုထုဇ္ဇနော တိ အင်္ဂုလိံ ပသာရေတွာ ဒဿေတဗ္ဗော ဟောတိ။ မ-ဋ္ဌ ၄၊ ၈၁။ ဒီ-ဋ္ဌ ၃၊ ၈၂။

[၃] ဒီ-ဋ္ဌ ၁၊ ၁၆၉။ မ-ဋ္ဌ ၁၊ ၂၅၅။ [၄] သံ-ဋ္ဌ ၃၊ ၂၁၈။

သာယာမှု မရှိသောကြောင့် ဖြစ်သည်။ မိမိဆရာရင်းကိုပင် ရဟန္တာဟုတ်မဟုတ် စုံစမ်းစစ်ဆေးခဲ့သူ အရှင်ဓမ္မဒိန္နမထေရ်သည် မိမိကိုယ်ကို ရဟန္တာဟုထင်မှားနေသည့် စိတ္တလတောင်၌ သီတင်းသုံးသော မထေရ်ကြီးအား ကိုယ်တိုင်ဖန်ဆင်းသည့် နှစ်သက်ဖွယ် အမျိုးသမီးငယ်ရုပ်သွင်ကို ကြည့်ရှုခိုင်းခြင်းဖြင့် နှစ်ခြောက်ဆယ်မျှ ဖိနှိပ်ထားခဲ့သည့် တဏှာရာဂကို ထကြွစေခဲ့ကြောင်း ဆိုသည်။ သူတော်ကောင်း ပုဂ္ဂိုလ်တစ်ယောက်သည် မိမိကိုယ်ကို ရဟန္တာမဟုတ်သေးမှန်း သိမြင်သွားသောအခါ အရှင်ဓမ္မဒိန္န၏ အကူအညီကို ရယူကြသည်[၁]။

ရဟန္တာအရှင်မြတ်များနှင့် ပတ်သက်၍ နောက်ထပ်စံနှုန်းမှတ်ကျောက်တစ်မျိုးမှာ မှားယွင်းစွာ ပြုကျင့်မှု သို့မဟုတ် လက်ခြေခြေများနှင့် အကျင့်စာရိတ္တပျက်ပြားသည့် အမူအယာများ မရှိခြင်းဖြစ်သည်။ အရွယ်ကြီးပြီဖြစ်သည့် ရဟန္တာပုဂ္ဂိုလ် မထေရ်မြတ် ခုဇ္ဇတိဿသည် အထက်တွင် ဖော်ပြပြီးသည့်အတိုင်း ဆိတ်ငြိမ်ရာအရပ်ကို နှစ်သက်လျက် အနုရာဓပုရမြို့တော်မှ ငါးယူဇနာခန့်အကွာရှိ မင်္ဂဏအရပ်တွင် သီတင်းသုံးနေတော်မူသည်။ အရှင်မြတ်ကား မည်သူကိုမျှ မြင်လို တွေ့လိုခြင်းမရှိ။ သဒ္ဓါတိဿမင်း (ဘီစီ ၇၇-၅၉) သည် မိမိအား ဖူးမြော်ရန်လာကြောင်း သိရသောအခါ မထေရ်သည် တမင်သက်သက် အိပ်ရာပေါ်တွင် လဲလျောင်းလျက် မင်းကြီးကို စိတ်ပျက်စေလိုသဖြင့် မြေကြီးပေါ်တွင် တွားနေသည်[၂]။ ဘုရင်သည် မထေရ်မြတ်အား ယင်းသို့ ကလေးဆန်သည့် အမူအရာကို တွေ့မြင်ရသောအခါ ရဟန္တာတစ်ပါးသည် ယင်းသို့ ကိုယ်လက်တို့ဖြင့် မဖွယ်မရာအပြုအမူမျိုးကြောင့် ပြောဆိုပြစ်တင်ဖွယ်ရှိမည်မဟုတ်ဟု မှတ်ချက်ပြုလျက် အရိုအသေပင် မပေးဘဲ ပြန်လှည့်သွားသည်[၃]။

---

[၁] မ-ဋ္ဌ ၂၊ ၈၅။
[၂] မ-ဋ္ဌ ၁၊ ၁၈၈။
[၃] နှစ်သက်ခြင်း မနှစ်သက်ခြင်း (အနုနယဂဟဏ)အပါအဝင် အလိုဆန္ဒအားလုံးမှ လွတ်မြောက်ပြီးသူဟု ဆိုရသည့် ရဟန္တာမထေရ်တစ်ပါးသည် မိမိကို ဖူးမြော်ရန် အဝေးမှလာခဲ့သည့် ကြည်ညိုသူဥပါသကာ တစ်ယောက်အား အဘယ်ကြောင့် စိတ်ပျက်သွားစေလိုရသနည်းဟူသည်မှာ နောက်ထပ် မေးစရာတစ်ခုဖြစ်သည်။
[၄] အံ-ဋ္ဌ ၃၊ ၁၃၃။ ခီဏာသဝါနံ နာမ ဟတ္ထကုက္ကုစ္စံ နတ္ထိ။



ရဟန္တာအရှင်မြတ်များသည် လူပရိသတ်ခြိမ်းခြောက်မှုမှ ဝေးရာဆိတ်ငြိမ်သည့် နေရာတွင် တစ်ကိုယ်ရေ သီတင်းသုံးနေထိုင်မှုကို နှစ်သက်ကြသည်။ ရဟန္တာများသည် လူသူများသည့် နေရာများသို့ ပင့်ဖိတ်ခံရမှုကို မနှစ်သက်ကြချေ။ သို့ဖြစ်၍ တလင်္ဂရအရပ်မှ ဓမ္မဒိန္နမထေရ်အား ရဟန်းသံဃာများအား ကမ္မဋ္ဌာန်းတရားပေးရန် မိမိကျောင်းမှ တိဿမဟာရာမသို့ ကြွရောက်မည့် အကြောင်းကို အလွန်ခဲယဉ်းစွာ လျှောက်ထားခဲ့ရသည်[၁]။ ရဟန္တာများသည် လာရောက်လည်ပတ်သူများအား အတွေ့မခံလိုကြချေ။ မင်္ဂဏကျောင်းနေခုဇ္ဇတိဿမထေရ်သည် မိမိအား ဘုရင်က အဖူးမြော်လာသည်ကိုပင် လက်မခံခဲ့ကြောင်း သိရသည်[၂]။ သို့ရာတွင် ထိုရဟန္တာများသည် အခြား ပုဂ္ဂိုလ်များကဲ့သို့ပင် လူသူပရိသတ်ကို ဖြစ်နိုင်သမျှ ရှောင်လျက် အနုရာဓပုရမြို့ရှိ မဟာစေတီနှင့် မဟာဗောဓိကဲ့သို့သော နေရာများကို ဘုရားဖူး ကြွရောက်ကြသည်။ အနုရာဓပုရမြို့တော်သို့ ဘုရားဖူးကြွရောက်သည့် ရဟန္တာတစ်ပါးသည် လူပရိသတ်ကို ရှောင်လိုသဖြင့် ရဟန်းရှင်လူများမရှိသည့် ညအချိန်ရောက်မှသာ မဟာစေတီတော်ကို ဖူးမြော်ရန် ကြွရောက်ကြောင်း သိရသည်[၃]။

ရဟန္တာတစ်ပါး၏ သေချာသော စံနမူတစ်ခုမှာ ထိုအရှင်မြတ်သည် ကြောက်ရွံ့မှုမှ ကင်းဝေးပြီးသူဖြစ်သည်။ သမန္တပါသာဒိကာတွင် ထိုအရှင်မြတ်၏ ဦးခေါင်းပေါ်သို့ မိုးကြိုးသွားကျရောက်လျှင်တောင် ရဟန္တာတစ်ပါးသည် ကြောက်ရွံ့ သို့မဟုတ် နှောင့်ယှက်ခံရမည်မဟုတ်ချေ။ အကယ်၍ ကြောက်ရွံ့မှု အရိပ်အယောင်ကို ပြခဲ့လျှင်လည်း ထိုအရှင်၏ ရဟန္တာအဖြစ်ကို ငြင်းဆိုရမည်ဖြစ်သည်[၄]။ ပါဠိ အဋ္ဌကထာကျမ်းများ၌ ယင်းဖော်ပြချက်ကို သက်သေပြသည့် အထောက်အထားနမူနာများကို ဖော်ပြကြသည်။ တလင်္ဂရကျောင်းမှ အရှင်ဓမ္မဒိန္နထေရ်

---

[၁] မ-ဋ္ဌ ၁၊ ၁၈၈။
[၂] အံ-ဋ္ဌ ၂၊ ၁၃၂။
[၃] မ-ဋ္ဌ ၃၊ ၁၈၉။ အဘိ-ဋ္ဌ ၂၊ ၃၃၂။
[၄] ဝိ-ဋ္ဌ ၂၊ ၈၁။ ခီဏာသဝဿ နာမ အသနိယာပိ မတ္ထကေ ပတယမာနာယ ဘယံဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ န ဟောတိ၊ သ စဿ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ ဥပ္ပဇ္ဇိဿတိ၊ န တွံ အရဟာတိ အပနေတဗ္ဗော။

(ညွှန်းပြီး)သည် ကျော်ကြားသည့် ရဟန္တာတစ်ဆူဖြစ်သည်။ အရှင်မြတ်
၏ ဆရာဖြစ်သူ စာပေပရိယတ္တိ တတ်ကျွမ်းပြီး သူတော် ကောင်းဖြစ်
သည့် ဥစ္စဝါလိကကျောင်းနေ အရှင်မဟာနာဂ မထေရ်သည် ပုထုဇဉ်
သမာဓိအဆင့်မျှကိုသာ ရရှိပြီးသူဖြစ်လျက် မိမိကိုယ်ကို ရဟန္တာဟု
အထင်မှားမှုဖြစ်နေသည်။ တစ်နေ့တွင် အရှင်ဓမ္မဒိန္နမထေရ်သည် ဆ
ရာအရှင်၏ မှားယွင်းစွာ ထင်မြင်နေမှုကို ဖယ်ရှားနိုင်ရန် ရည်ရွယ်
လျက် ဆရာအရှင်ထံသို့ အဖူးမြော်ကြွရောက်သည်။ ဆွေးနွေး
လျှောက်ထားပြီးနောက် အရှင်ဓမ္မဒိန္နမထေရ်က ဆရာအရှင်အား မည်
သည့်အချိန်က တရားထူးကို ထိုထွင်းသိမြင်ခဲ့သနည်းဟူသည်ကို မေး
လျှောက်သည်။ ထိုမေးခွန်းကို ဆရာအရှင်က တရားထူးကို နှစ်ပေါင်း
၆၀ အလွန်ကပင် ရရှိကြောင်း ဖြေကြားသည်။ ယင်းနောက် အ
ရှင်ဓမ္မဒိန္နက သမာဓိကိုလည်း ခံစားပါသလားဟု မေးလျှောက်သည်။
ခံစားကြောင်း အဖြေရရှိသောအခါ ဓမ္မဒိန္နမထေရ်က ဆရာအား တန်
ခိုးဖြင့် ခြိမ်းခြောက်မာန်မူသည့်ဟန်ဖြင့် အရှင်မြတ်ထံသို့ ရှေ့ရှုလာနေ
သည့် ဆင်ပုံသဏ္ဍာန် ဖန်ဆင်းပြရန် လျှောက်သည်။ မဟာနာဂ မ
ထေရ်သည် တပည့်၏ တောင်းပန်ချက်အတိုင်း ဆင်သဏ္ဍာန် ဖန်ဆင်း
ပြခဲ့သော်လည်း မိမိကိုယ်တိုင် ဖန်ဆင်းခဲ့သည့် ဆင်သဏ္ဍာန်ကြီး
နှာမောင်းကို ပါးစပ်တွင်ထားလျက် ကြောက်ဖွယ်အော်သံဖြင့် မိမိထံ
သို့ တူရူလာနေသည်ကို မြင်ရခြင်း၌ ထပြေးမည်ပြုသည်။ သို့တစေ
ဓမ္မဒိန္နမထေရ်က ဆရာအရှင်၏ သင်္ကန်းစွန်းကို ကိုင်လျက် 'အရှင်
ဘုရား၊ ရဟန္တာတို့မည်သည် ကြောက်ရွံ့ပါသလော'ဟု မေးလျှောက်
သည်။ မဟာနာဂမထေရ်သည် အမှားကို သိမြင်သွားပြီး တပည့်ဓမ္မ
ဒိန္နအား မိမိကိုကူညီရန် တောင်းပန်သည်။ တပည့်ဖြစ်သူ ဓမ္မဒိန္နမ
ထေရ်က ဆရာအရှင်အား ကမ္မဋ္ဌာန်းတရားပေးသဖြင့် မဟာနာဂမ
ထေရ်သည် မကြာမီ ရဟန္တာအဖြစ်သို့ရောက်သွားသည်[၁]။ ဓမ္မဒိန္န
မထေရ်သည် ဟင်္ကနအရပ်မှ မဟာဒတ္တမထေရ်အားလည်း အထက်ပါ
နည်းကို အသုံးပြုလျက် ရဟန္တာအဖြစ်ကို ရရှိစေကြောင်း သိရသည်[၂]။

---

[၁] ဝိသုဒ္ဓိမဂ္ဂ ၂။ ၂၇၀။
[၂] မ-ဋ္ဌ ၊ ၁၈၉။။



ဤအချက်နှင့်ပတ်သက်၍ မဇ္ဈိမနိကာယ်အဋ္ဌကထာ၌ နှစ်သက်
ဖွယ် ဖြစ်ရပ်အချို့ကို ဖော်ပြသည်။ စန္ဒမုခတိဿမင်း (အေဒီ ၁၀၃-
၁၁၂)သည် မဟာဝိဟာရကျောင်းတိုက်၏ သံဃာ့မထေရ်အား ရဟန္တာ
အစစ်အမှန် ဟုတ်မဟုတ် သိနိုင်ရန် စုံစမ်းခဲ့ဖူးကြောင်းသိရသည်။ အ
ရှင်မြတ်မှာ အသက်အရွယ်ကြီးပြီဖြစ်သဖြင့် မျက်စိအမြင် မကောင်း
တော့ချေ။ ရဟန်းတော်များ အားလုံး ဆွမ်းခံကြွတော်မူကြသောအခါ
ဘုရင်သည် တိတ်တဆိတ် ကျောင်းတိုက်သို့ သွားရောက်လျက် မြွေ
ကိုက်သည်ဟု ထင်မှတ်စေရန် မထေရ်မြတ်၏ ခြေထောက်ကို ဆိတ်
သည်။ မထေရ်မြတ်သည် ကျောက်တိုင်ကဲ့သို့ ရွေ့လျားခြင်းမပြုဘဲ
'ဘယ်သူပါလဲ'ဟုမေးသည်[၁]။ ပိဏ္ဍပါတိကခုတင်ဆောင်မထေရ် တစ်
ပါးသည် မိမိမှာ ရဟန္တာဖြစ်နေပြီဟု ထင်မှားနေသည်။ သို့တစေ ဒီဃ
ဘာဏကတိဿ မထေရ်သည် ထိုအချက်ကို သံသယရှိသဖြင့် ပိဏ္ဍပါ
တိကမထေရ်အား စုံစမ်းလိုသည်။ တစ်နေ့တွင် ပိဏ္ဍပါတိကမထေရ်
ကလျာဏီဖြစ်တွင် ရေချိုးနေခိုက် အဘယမထေရ်က ရဟန်းငယ်တစ်
ပါးအား ရေထဲမှ တိတ်တဆိတ်သွားလျက် ပိဏ္ဍပါတိကမထေရ်၏ ခြေ
ထောက်ကို ဖမ်းထားရန် စေခိုင်းလိုက်သည်။ ပိဏ္ဍပါတိကမထေရ်
သည် မိကျောင်းအထင်ဖြင့် ကြောက်၍ အော်သည်။ ယင်း သို့ဖြင့်
ပိဏ္ဍပါတိကမထေရ်မှာ ပုထုဇဉ်မျှသာဖြစ်ကြောင်း တွေ့ရှိခဲ့သည်[၂]။

အဋ္ဌကထာတွင် တစ်ခါတစ်ရံ၌ အလွန်လိမ္မာပါးနပ်ပြီး ကြောက်
ရွံ့မှု မရှိကြသည့် ပုထုဇဉ်များပင်ရှိကြောင်း ဆိုထားသည်။ ယင်းသို့
ဖြစ်ပါက ထိုရဟန်းများကို ကာမဂုဏ်အာရုံကို ထကြွစေသည့် အာရုံ
များဖြင့် စမ်းသပ်ရသည်။ ဝသဘမင်း (အေဒီ ၁၂၇-၁၇၁)သည် ထို
နည်းဖြင့် ရဟန်းတော်တစ်ပါးအား စမ်းသပ်ခဲ့ကြောင်း သိရသည်။
ထိုမင်းသည် ရဟန်းတော်အား နန်းတော်သို့ ပင့်ဖိတ်လျက် မထေရ်၏
အနီး၌ ထိုင်လျက် ဇီးသီးဖြင့် ပြုလုပ်သည့် (အချဉ်ဓာတ်) ခပ်ပြင်းပြင်း
အရွက်သုပ်တစ်မျိုးကို ပြုလုပ်သည်။ မထေရ်၏ ပါးစပ်မှ သွားရည်များ
ကျလာသဖြင့် ထိုမထေရ်မှာ ရဟန္တာမဟုတ်ကြောင်း ထင်ရှားသွားခဲ့
သည်။ အကြောင်းမူ ရဟန္တာများသည် အရသာ၌တပ်မက်မှု သို့မဟုတ်

---

[၁] မ-ဋ္ဌ ၄၊ ၈၅။
[၂] မ-ဋ္ဌ ၄၊ ၈၅။

ကျောင်းတိုက်က အက္ခရာကျွမ်းကျင်သည့် ပညာရှင်များထံမှာ အသံထွက်မှန်ကို သွားပြီး သင်ယူကြပါ'ဟု မိန့်ကြားသည်။ ရဟန္တာအရှင်မြတ်သည် စိတ်မကောင်းဖြစ်ပြီး ထိုရဟန်းတော်နှစ်ပါးအား ကမ္မဋ္ဌာန်း မပေးဘဲ အဝေးသို့ နှင်လွှတ်လိုက်သည်မှာ ထင်ရှားသည်[၁]။

စိတ္တလပဗ္ဗတကျောင်းတိုက်တွင် သီတင်းသုံးသည့် ရဟန္တာတစ်ပါးသည် လပြည့်တစ်ညတွင် အခြားရဟန်းတော်များအား ရဟန္တာများသည် မည်သည့် ဣရိယာပုထ်ဖြင့် ပရိနိဗ္ဗာန်စံဝင်သည်ကို တွေ့ဖူးကြပါသနည်းဟု မေးမြန်းသည်။ အချို့က ထိုင်ခုံပေါ်တွင် ပျံလွန်တော်မူသည်ကို မြင်ဖူးကြောင်း ဆိုကြပြီး၊ အချို့မှာ လေထဲတွင်ထိုင်လျက် ပရိနိဗ္ဗာန်စံသည်ကို တွေ့ဖူးကြောင်း ဖြေကြားကြသည်။ ထိုအခါ ရဟန္တာအရှင်မြတ်က 'ယခုအခါ အရှင်ဘုရားတို့ကို လမ်းလျှောက်ပြီး ပရိနိဗ္ဗာန်စံပုံကို တပည့်တော် ပြပါမည်'ဟုဆိုသည်။ ထို့နောက် ရဟန္တာအရှင်မြတ်သည် စင်္ကြံလမ်းတွင် အမှတ်တစ်ခု လုပ်ထားပြီး ထိုရဟန်းတော်များအား ဤသို့ဆိုမိန့်သည် 'တပည့်တော် နောက်တစ်ဖက် အစွန်းကိုသွားပြီး အပြန်တွင် ဤအမှတ်သို့ ရောက်ချိန်ကျမှသာ တပည့်တော် ပရိနိဗ္ဗာန်စံပါမည်'။ ထိုအမှတ်အသား နောက်သို့ အရှင်မြတ်ရောက်သည်နှင့် တစ်ပြိုင်နက် ရဟန္တာအရှင်မြတ် ပရိနိဗ္ဗာန်စံသည်[၂]။ ထိုရဟန္တာအရှင်မြတ်သည် မြင့်မြတ်သောနည်းဖြင့် ပရိနိဗ္ဗာန်စံခြင်းဖြင့် မှတ်တမ်းတစ်ခုကို တည်ဆောက်ရန် ဆန္ဒရှိခဲ့သည်။

အပေါ်တွင် ဖော်ပြပြီးဖြစ်သည့် မင်္ဂဏကျောင်းတိုက်နေ ခုဇ္ဇုတိဿမထေရ်၏ မီးသင်္ဂြိုဟ်ရာ ထင်းပုံသည် ဝေဟင်မှတစ်ဆင့် အနုရာဓပုရမြို့တော်အထိ ရောက်လာပြီး ထောင်ပေါင်းများစွာသော လူအပေါင်းသည် ကြည်ညိုစိတ်ဖြင့် ဟစ်အော် ကြွေးကြော်ကြသည်။ လောဟပါသာဒကျောင်းမှ ရဟန္တာအရှင် မဟာဗျဂ္ဃမထေရ်သည် ထိုကိစ္စကို သိသွားပြီး ခုဇ္ဇုတိဿမထေရ်နှင့်အတူ မိမိကိုယ်ကို ခမ်းနားစွာ သင်္ဂြိုဟ်လိုသည်။ ထိုအရှင်မြတ်က 'ကုသိုလ်ကံကြောင့် ရရှိသည့် ဂုဏ်ပြုပူဇော်မှု၏ ဝေစုကို ရရှိကြပါစေ'ဟု မိန့်တော်မူပြီး သီတင်းသုံးဖော်

[၁] မ-ဋ ၄၊ ၁၉။
[၂] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၂၈၄။



အဆင့်မြင့် စိတ်ပိုင်းလေ့ကျင့်မှုဘဝရှိပြီးဖြစ်ကြသည့် ပုထုဇဉ်ရဟန်းတော်အချို့သည် အမှန်တကယ် ဝင်ရောက်ခြင်းမရှိသေးဘဲ အဝင်ဝတွင် အမှန်တကယ်ဖြစ်ဘိသကဲ့သို့ ဆိုင်းငံ့စောင်ဆိုင်းခြင်းဖြင့် ရဟန္တာအဖြစ်ကို ရယူနိုင်သည်ဟူသော ယုံကြည်ချက်တစ်ရပ်ရှိခဲ့သည်။ မဟာသံဃရက္ခိတမထေရ်သည် မြင့်မြတ်သည့် အရိယာပုဂ္ဂိုလ် အဖြစ်ဖြင့် ကျော်ကြားသည်။ သက်တော် ၈၀ အရွယ် သေခါနီး ခုတင်ညောင်းစောင်း၌ လဲလျောင်းနေစဉ် ရဟန်းတော်များက အရှင်မြတ်၏ စိတ်ပိုင်းလေ့ကျင့်မှု အဆင့်ကို မေးလျှောက်ကြသည်။ အရှင်မြတ်က မိမိမှာ ပုထုဇဉ်မျှသာဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ သို့ဖြစ်၍ အလုပ်အကျွေးပြုသည့် ရဟန်းတော်က 'အရှင်ဘုရား၊ အရှင်ဘုရား ပရိနိဗ္ဗာန်စံ (ရဟန္တာအဖြစ်ဖြင့် ကွယ်လွန်)ပြီဟု ထင်မှတ်ပြီး ၁၂ ယူဇနာ ဝေးကွာသည့်အရပ်မှ လူအများသည် စုဝေးလျက် ရှိကြပါ၏။ အကယ်၍ အရှင်ဘုရားသည် ပုထုဇဉ်အဖြစ်ဖြင့် ကွယ်လွန်လျှင် လူအများသည် များစွာ စိတ်နှလုံး မချမ်းမြေ့ ဖြစ်ကြပါလိမ့်မည်'ဟု လျှောက်ထားသည်။ ရဟန်းအိုက 'မေတ္တေယျ ဗုဒ္ဓဘုရားရှင်ကို ဖူးတွေ့မည်ဟူသော အတွေးဖြင့် ငါသည် ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်ခြင်းမပြုခဲ့ပါ။ သင်ပြောသည့်အတိုင်း မှန်လျှင် တပည့်တော်အား ထိုင်ပေးပါ၊ ပြီးတစ်ပါးတည်း နေပါရစေ'ဟုမိန့်သည်။ အလုပ်အကျွေး ရဟန်းတော်သည် ထူပေးပြီး အပြင်သို့ ထွက်သွားသည်။ မဟာသံဃရက္ခိတမထေရ်သည် အလုပ်အကျွေးရဟန်းတော် အလွန်ဝေးကွာသည့် နေရာသို့ မရောက်မီပင် ရဟန္တာဖြစ်သွားပြီး လက်ဖျစ်တီးလျက် အလုပ်အကျွေး ရဟန်းတော်အား သင်္ကေတပြုလိုက်သည်[၁]။

ကဏ္ဍကသာလ ပရိဝေဏကျောင်းနေ အခြားမဟာထေရ်တစ်ပါးသည် သက်တော် ၈၀ အရွယ် သေရာညောင်စောင်းတွင် ပြင်းထန်သည့် နာကျင်မှုကြောင့် ညည်းညူလျက် လဲလျောင်းနေသည်။ ဝသဘမင်းသည် မထေရ်ကို သွားရောက်ဖူးမြော်ပြီးနောက် မထေရ်၏ ညည်းညူသံကို ကြားရခြင်း၌ စိတ်မချမ်းသာဖြစ်သွားလျက် အသက် ၈၀ ပင် ရှိပါလျက် အနည်းငယ်မျှသော နာကျင်မှုကို သည်းခံနိုင်စွမ်းမရှိသည့်

[၁] ဝိသုဒ္ဓမဂ္ဂ ၁၊ ၄၅။

ရဟန်းတစ်ပါးကို ဖူးမြော်လိုခြင်းမရှိဟု မှတ်ချက်ပြုပြီး တံခါးပေါက်မှ လှည့်ပြန်သွားခဲ့သည်။ အလုပ်အကျွေးပြုသည့် ရဟန်းတော်က ဘုရင်သည် အရှင်ဘုရား၏ ညည်းသံကို ကြားရသဖြင့် အကြည်ညိုပျက်ပြီး ပြန်သွားပါသည်ဟု ပံ့လွှန်တော်မူခါနီး မထေရ်ကြီးအား အသိပေးလျက် 'အရှင်ဘုရား၊ အဘယ်ကြောင့် တပည့်တော်တို့ကို ဤကဲ့သို့ သိက္ခာကျအောင် ပြုလုပ်ပါသနည်း'ဟု လျှောက်ထားသည်။ 'သို့ဖြစ်လျှင် တပည့်တော်အား တစ်ပါးတည်း ထားခဲ့ပါ'ဟု မထေရ်ကြီးက မိန့်သဖြင့် နာကျင်မှုကို သည်းခံပြီး ဝိပဿနာရှုသဖြင့် ရဟန္တာအဖြစ်ကို ရရှိသွားသည်။ ယင်းနောက် မထေရ်သည် အလုပ်အကျွေးပြုသည့် ရဟန်းတော်ကို ဘုရင်အား မိမိကို လာရောက် ဖူးမြော်နိုင်ပြီးဖြစ်ကြောင်း ပြောကြားရန် မိန့်ဆိုသည်[၁]။

ဖော်ပြပြီး သာဓကများက နိဗ္ဗာန်ကို ထိုးထွင်းသိမြင်မှုဖြစ်သည့် ရဟန္တာဟူသည် အနည်းဆုံး အေဒီ ၅ ရာစု အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်များ၏ အတွေးအမြင်အရ တစ်စုံတစ်ယောက်သည် လိုအပ်လျှင် တစ်ခဏမျှ သတိပြုလိုက်မိသည်နှင့် မရသေးသော်လည်း ရရှိရန် စွမ်းရည်ရှိပါက လက်တစ်ကမ်းတွင် အဆင်သင့်ဖြစ်နိုင်သောအရာ ဖြစ်ကြောင်း ဖော်ပြသည်။

အဋ္ဌကထာကျမ်းများ၌ ဖော်ပြချက်များအရ ရဟန္တာအရှင်မြတ်များသည် ၎င်းတို့၏ ပုဂ္ဂလိက အားနည်းချက် အနည်းငယ်ရှိကြပုံရသည်။ တလင်္ဂရတိဿပဗ္ဗကျောင်းနေ ရှေ့နားတွင် ဖော်ပြပြီးဖြစ်သည့် အရှင်ဓမ္မဒိန္နမထေရ်သည် တိဿမဟာရာမကျောင်း၌ သီတင်းသုံးလျက်ရှိကြသည့် သံဃာတော်များအား ကမ္မဋ္ဌာန်းတရား ပေးရန် သံဃာတော်များ၏ ကြိမ်ဖန်များစွာ ပင့်လျှောက်ချက်အရ ထိုကျောင်းတိုက်ကြီးသို့ ကြွရောက်တော်မူသည်။ အရှင်မြတ် ရောက်သွားချိန်တွင် ကျောင်းတိုက်နေ သံဃာတော်များသည် ထိုအရှင်တို့၏ နေ့စဉ်လုပ်ရိုးလုပ်စဉ်အတိုင်း နေရာကို တံမြက်လှဲပြီးနောက် စေတီရင်ပြင်တော်ပေါ်တွင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများပြီး ထိုင်နေကြသည်။ အရှင်ဓမ္မဒိန္နမထေရ်အား ကြိုဆိုမည့်သူ သို့မဟုတ် စကားပြောမည့်သူ တစ်

[၁] ဒီ-ဌ ၁၊ ၂၆၀။



ပါးတလေမျှမရှိချေ။ အရှင်ဓမ္မဒိန္နမထေရ်ဖြစ်ကြောင်း သံဃာတော်များ သိသွားကြသောအခါ အရှင်မြတ်အား မေးခွန်းများ မေးလျှောက်ကြသည်။ အရှင်မြတ်သည် မေးခွန်းအားလုံးကို 'ကြာရိုးစည်းကို ထက်စွာသော ဓားဖြင့် ဖြတ်ဘိသကဲ့သို့' ဖြေကြားလျက် ခြေဖျားဖြင့် မြေကြီးကို ရိုက်ခတ်လျက် 'အရှင်ဘုရားတို့၊ ဤသက်မဲ့ မဟာပထဝီ မြေကြီးသည်ပင် ဓမ္မဒိန္နမထေရ်၏ သီလဂုဏ်များကို သိ၏၊ အရှင်ဘုရားတို့က ထိုသီလဂုဏ်ရည်များကို မသိကြပါ'ဟု ဆိုသည်။ ယင်းနောက် အရှင်မြတ်သည် လေထဲသို့ အလျင်အမြန် ပျံတက်ပြီး တလင်္ဂရပဗ္ဗတသို့ ပြန်ကြွတော်မူသည်[၁]။

ဤသာဓကမှာ အရှင်ဓမ္မဒိန္နမထေရ်သည် မိမိအား သင့်တော်သည့် အရိုအသေပေးမှုကို မရရှိသဖြင့် မနှစ်သက် စိတ်မကောင်းဖြစ်သွားကြောင်း ဖော်ပြပုံရသည်။ အရှင်ဓမ္မဒိန္နသည် အရှင်မြတ်အား ပင့်ဖိတ်ခဲ့သည့် ကမ္မဋ္ဌာန်းတရားပေးရန်ဟူသော အချက်ကိုပင် မစောင့်ဆိုင်းခဲ့ချေ[၂]။

တစ်ခါတစ်ရံတွင် အရှင်ဓမ္မဒိန္နမထေရ်ကဲ့သို့ အဆင့်မြင့် ပညာမတတ်သည့် ရဟန္တာများသည် ယင်းသို့သော စိတ်မချမ်းသာမှုမျိုးကို ပြသသည်။ ဝိဇယာရာမကျောင်းတိုက်နေ ရဟန္တာမထေရ်တစ်ပါးသည် ရဟန်းတော်များအား ကမ္မဋ္ဌာန်းတရားပေးနေစဉ် သမုဒ္ဒကို သမုဒ္ဓဟု ခနိတဖြင့် မှားယွင်းစွာ အသံထွက်မိသည်။ ရဟန်းနှစ်ပါးအနက် တစ်ပါးက 'အရှင်ဘုရား၊ သမုဒ္ဒဖြစ်ပါသလား'ဟု မေးလျှောက်သည်။ ရဟန္တာအရှင်မြတ်က 'အရှင်ဘုရားတို့၊ သမုဒ္ဒဟု အသံထွက်သည်ဖြစ်စေ၊ သမုဒ္ဓဟု အသံထွက်သည်ဖြစ်စေ ရေငန်သည့် သမုဒ္ဒရာဖြစ်ကြောင်း တပည့်တော်တို့ သိကြပါသည်၊ အရှင်ဘုရားတို့ကား စာလုံးကို ရှာဖွေနေကြပြီး အနက်အဓိပ္ပာယ်ကို မရှာကြပေ၊ မဟာဝိဟာရ

[၁] မ-ဌ ၁၊ ၁၈၈။

[၂] အကယ်၍ တစ်ခုခု ချွတ်ယွင်းချက်များရှိခဲ့လျှင် အခြားပုဂ္ဂိုလ်များ၏ ကောင်းကျိုး ချမ်းသာအတွက် ယင်းတို့ကို ခွင့်လွှတ်သင့်သည်။ နောက်ဆုံးတွင် တစ်စုံတစ်ရာ အရေးတကြီး မဖြစ်ပျက်ခဲ့ချေ။ သို့ရာတွင် အရှင်ဓမ္မဒိန္နမထေရ်သည် နေရာမှ ချက်ခြင်း ခွာသွားလောက်အောင်ပင် စိတ်မကောင်းဖြစ်သွားသည်။

သပိတ်ကို အစိတ်စိတ် အမြွှာမြွှာခွဲပစ်ပြီး မျက်စဉ်း ဆေးအဖြစ် အသုံးရန် ရဟန်းတော်များအား ပေးဝေရမည်ဟု အမိန့် ချမှတ်တော်မူသည်။ ဗုဒ္ဓရှင်တော်မြတ်က ရဟန်းများသည် လူဥပါသကာများကို တန်ခိုးပြခြင်းနှင့် သစ်သားဖြင့် ပြုလုပ်သော သပိတ်ကို အသုံးပြုခြင်းမှ တား မြစ်သည့် သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူသည်[1]။

မူရင်း ဝိနည်းကျမ်းဂန်တစ်ခုဖြစ်သည့် စူဠဝဂ္ဂပါဠိတော်၌ လာ သည့် ယင်းဖြစ်ရပ်သည် အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်၏ ဆောင် ရွက်မှုသည် ရဟန်းတော်တစ်ပါးနှင့် သင့်လျော်သော အပြုအမူ မဟုတ်ကြောင်း ရှင်းလင်းစွာ ဖော်ပြသည်။ တန်ခိုးပြခြင်းသည် 'အမျိုး သမီးတစ်ယောက် ငွေကြေးအတွက် မိမိ၏ ကိုယ်ခန္ဓာကို လှစ်ပြသည် နှင့်တူ၏'ဟု ဗုဒ္ဓမိန့်တော်မူသည်အထိ မသင့်တော် မလျောက်ချေ။ အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တိုင်ပင် အတွင်းမှာ ယင်းသို့သော ကိစ္စ၌ အခြားပုဂ္ဂိုလ်များအား တန်ခိုးပြာဋိဟာကို ပြရန် ရဟန်းတော်တစ်ပါး သို့မဟုတ် မိမိ (အရှင်မြတ်)၏ဂုဏ်သိက္ခာနှင့် ညီညွတ်မှုမရှိဟု ယူဆ သဖြင့် ဝါးတိုင်မှ သပိတ်ကို ရယူရန် ဆန္ဒမရှိခဲ့ခြင်း ဖြစ်ဖွယ်ရှိသည်။ သို့တစေ အရှင်မြတ်သည် အရှင်ပိဏ္ဍောလအား ယင်းသို့ တန်ခိုးပြ ခြင်းကို မပြုလုပ်ရန် ဖျောင်းဖျပြောဆိုရန် စိတ်မညွတ်ခဲ့ချေ။ အရှင် ပိဏ္ဍောလမထေရ်သည်လည်း ဗုဒ္ဓရှင်တော်မြတ်က ထောက်ပြသည့် အချိန်ထိ တန်ခိုးပြခြင်းကို မသင့်လျော်သည့် အပြုအမူအဖြစ် တွေး မိပုံ မရချေ။ ဤဖြစ်ရပ်က ရဟန္တာတစ်ပါးသည် အပြုအမူရေးရာ အား လုံးတွင် မပြည့်စုံကြောင်း သံသယရှိဖွယ်မလိုဘဲ အကယ်၍ ဗုဒ္ဓရှင် တော်မြတ်၏ ညွှန်ကြားချက်ကို ပေးခဲ့လျှင် အထက်ပါ အသေးအဖွဲ ဖြစ်သည့် မှားယွင်းမှုမျိုးကို ကျူးလွန်မိမည်မဟုတ်ကြောင်း ဖော်ပြ သည်။ ယင်းသည် အနည်းဆုံး စူဠဝဂ္ဂပါဠိတော်ကို စုစည်းခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ ယူဆချက်တွင် ထိုကဲ့သို့ ဖြစ်သည်။

မဟာဝံသကျမ်း[2]လာ ဖြစ်ရပ်တစ်ခုအရ ရဟန္တာများသည် ဘာ သာရေးနှင့် အမျိုးသားရေးရာ အယူသည်းမှုများမှ မလွတ်မြောက်သေး

[1] ဝိ ၃၊ ၂၄၇။

[2] မဟာဝံသ ၂၅၊ ၉၈-၁၁၂ ဂါထာ။



များအား နှုတ်ဆက်စကားဆိုပြီး ထိုထင်းပုံထဲသို့ ဝင်သွားပြီး ထိုနေ ရာတွင် ပရိနိဗ္ဗာန်စံတော်မူသည်[1]။ ဤသာဓကအရ မဟာဗျဂ္ဃမထေရ် သည် ခမ်းနားသည့် သင်္ဂြိုဟ်မှုကိုပြလိုကြောင်း ဖော်ပြသည်။

ရဟန္တာတစ်ပါး (အထက်၌ ဖော်ပြပြီး)သည် မဟာစေတီတော်ကို ဝတ်ပြုပူဇော်နေခဲ့သည်။ သို့ရာတွင် ထိုအရှင်၌ (ပူဇော်ရန်) ပန်းမရှိ ချေ။ အလုပ်အကျွေးပြုသည့် တန်ခိုးရှိကြသည့် သာမဏေငယ်များ သည် ထိုနေရာသို့ ရောက်လာပြီး အကယ်၍ ထိုပန်းကို ရလျှင် ပန်းကို ပူဇော်မည်လားဟု မေးလျှောက်သည်။ 'မှန်ပါသည် ကိုရင်တို့၊ တစ်နေ ရာတည်းတွင် ထိုမျှများပြားသည့် ဓာတ်တော်များကို ဌာပနာထား သည့် စေတီတော် မရှိပါ၊ အကယ်၍ ပန်းများသာ ရနိုင်မည်ဆိုပါလျှင် ဤစေတီကဲ့သို့သော ထူးခြားမြင့်မြတ်သည့် စေတီတော်ကို မည်သူ သည် ပန်းဖြင့် မပူဇော်လိုဘဲ ရှိပါမည်နည်း'ဟု မထေရ်က ဆိုသည်။ သာမဏေငယ်များသည် တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ရေစစ်ထဲတွင် လှပမွှေး ကြိုင်သည့် ပန်းများကို ဖန်ဆင်းလိုက်ပြီး ထိုပန်းများကို ဆရာမထေရ် အား ပေးလိုက်သည်။ ထိုမထေရ်သည် ပန်းများကို လက်ခံပြီးနောက် 'ကိုရင်တို့၊ ပန်းတွေက နည်းလှသည်တကား'ဟု မှတ်ချက်ပြုသည်။ ယင်းမှတ်ချက်သည် အရှင်မြတ်အနေဖြင့် ပန်းအရေအတွက် နည်းမှု အတွက် တစ်စုံတစ်ခုသောအကြောင်းကြောင့် မနှစ်သက်ခြင်းဖြစ်ပြီး ရဟန္တာအရှင်မြတ်အနေဖြင့် ထိုထက်ပိုမို လိုချင်ခဲ့သည်။ အရှင်မြတ်မှာ ပန်းလုံးဝမရှိခဲ့သဖြင့် သာမဏေများကို နှစ်သက်ပြီး ကျေးဇူးစကားဆိုရ မည့်အစား ပန်းများမှာ နည်းလွန်းသည်ဟု စောဒကတက်ခဲ့သည်။

ကျေးရွာတစ်ရွာတွင် ရဟန္တာအရှင်မြတ်တစ်ပါးနှင့် ရဟန်းငယ် တစ်ပါးသည် ဆွမ်းခံလှည့်လည်ကြသည်။ ပထမဆုံးသော အိမ်တွင် ယာဂုပူပူနွေးနွေးကို ရရှိကြသည်။ ရဟန္တာမထေရ်သည် လေနာရောဂါ ရှိသဖြင့် ယာဂုပူပူနွေးနွေးရှိနေခိုက် စားသုံးရလျှင် ကောင်းမည်ဟု တွေးသည်။ သို့ဖြင့် ရဟန္တာမထေရ်သည် ယင်းယာဂုပူကို လေှကားခုံ အဖြစ် အသုံးပြုရန် လူအများ ယူဆောင်လာသည့် သစ်တုံးပေါ်တွင်

[1] အံ-ဋ္ဌ ၂၊ ၁၃၄။

[2] မ-ဋ္ဌ ၃၊ ၁၈၉။

ထိုင်ပြီး ယာဂုကို အလျင်အမြန် ဘုဉ်းပေးသည်။ ရဟန်းငယ်သည် မနှစ်သက်နိုင်ဖြစ်သွားပြီး ဆာလောင်မွတ်သိပ်နေသည့် ဤရဟန်းအိုသည် ရဟန်းများကို သိက္ခာကျအောင် ပြုလုပ်ဘိသည်ဟု မှတ်ချက်ပြုသည်[၁]။ လမ်းဘေးတွင်ရှိသည့် သစ်တုံးပေါ်၌ ထိုင်လျက် ယာဂုဆွမ်း ဘုဉ်းပေးခြင်းကို ရဟန်းတော်များအား တားမြစ်သည့် ဝိနယသိက္ခာပုဒ် မရှိချေ။ သို့တစေ လူမှုယဉ်ကျေးမှုအရ ယင်းသို့ ပြုခြင်းကို မသင့်လျော်ဟု ယူဆသဖြင့် ရဟန်းငယ်က မထေရ်အို၏ အပြုအမူကို သိက္ခာကျစေသည်ဟု ယူခြင်းဖြစ်သည်။ သူတော်စင်ကြီးများသည် လူမှုရေး သင့်တင့်လျောက်ပတ်မှုများကို မသိကျိုးကျွံပြုနိုင်ဖွယ်ရှိသည်။ သို့ တစေ ရဟန္တာအရှင်မြတ်များမှာ ယေဘုယျအားဖြင့် ကောင်းမွန်စွာ ပြုမူပြီး လူမှုကျင့်ဝတ်များကို စောင့်စည်းရာတွင် ထင်ရှားကြသည်။

ဗုဒ္ဓရှင်တော်မြတ် လက်ထက်တော်ကပင် မသင့်လျော်မှုများအတွက် ပြောစရာဖြစ်ခဲ့သည့် ရဟန္တာကြီးများ ရှိကြသည်။ ရဟန္တာများအားလုံးသည် အပြုအမူသင့်တော်မှုများတွင် စေ့စပ်သေချာကြသည် မဟုတ်ဘဲ ခုဒ္ဒကသိက္ခာပုဒ်များကို ကျူးလွန်နိုင်ကြသည်။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ် ထင်ရှားကျော်ကြားသည့် ပိဏ္ဍောလဘာရဒွါဇ ရဟန္တာကြီးသည် အခါတစ်ပါး၌ မသင့်လျော်သည့် အပြုအမူအတွက် ဗုဒ္ဓရှင်တော်မြတ်၏ ပြစ်တင်မှုကို ခံရဖူးသည်။ ရာဇဂြိုဟ်သူဌေးတွင် စန္ဒကူးနံ့သာသားဖြင့် ထွင်းထုထားသည့် အဖိုးတန် သပိတ်တစ်လုံးရှိသဖြင့် ဆက်ထားသည့် ဝါးလုံးရှည် ထိပ်တွင် ယင်းသပိတ်ကို ချိတ်ထားပြီး 'ဤသပိတ်ကား အလှူပစ္စည်း ဖြစ်ပါ၏၊ တန်ခိုးနှင့် ပြည့်စုံသည့် ရဟန္တာပုဂ္ဂိုလ်ရှိလျှင် ဤသပိတ်ကို ယူသွားနိုင်ပါသည်'ဟု ကြေညာလိုက်သည်။ သို့ဖြစ်၍ ပူရဏကဿပနှင့် မက္ခလိဂေါသာလကဲ့သို့သော ရဟန္တာဟုဆိုသူများသည် မိမိတို့မှာ ရဟန္တာများဖြစ်၍ မိမိတို့အား သပိတ်ကို လှူဒါန်းရန် တောင်းဆိုသည်။ သူဌေးက 'အကယ်၍ အရှင်တို့က တန်ခိုးရှိသည့် ရဟန္တာဖြစ်သည်ဆိုလျှင် သပိတ်ကိုယူပါ၊ အရှင်တို့ သပိတ်ဖြစ်ပါ၏'ဟု ဆိုသည်။ သို့ရာတွင် မည်သူမျှ ယင်းသပိတ်ကို ဝါးလုံးဖျားပေါ်မှ ရယူနိုင်ခြင်းမရှိချေ။ နောက်ဆုံးတွင် အရှင်

[၁] ဝိ-၄ ၁၊ ၁၃၄။ ဝိသုဒ္ဓိ၂၊ ၅၅။



ပိဏ္ဍောလဘာရဒွါဇကထေရ်က အရှင်မောဂ္ဂလ္လာန်အား 'အရှင်ဘုရား မောဂ္ဂလ္လာန်၊ အရှင်ဘုရားသည် တန်ခိုးနှင့် ပြည့်စုံသည့် ရဟန္တာဖြစ်ပါ၏။ သပိတ်ကို သွားပြီး ရယူပါဘုရား၊ ထိုသပိတ်က အရှင်ဘုရား၏ သပိတ်ဖြစ်၏'ဟု လျှောက်ထားသည်။ သို့ရာတွင် အရှင်မောဂ္ဂလ္လာန်က ငြင်းဆိုပြီး 'အရှင်ဘုရား ပိဏ္ဍောလဘာရဒွါဇ၊ အရှင်ဘုရားလည်း တန်ခိုးရှင် ရဟန္တာပင်ဖြစ်ပါ၏ (အာယသ္မာပိ ခေါ ပိဏ္ဍောလဘာရဒွါဇော အရဟာ စေဝ ဣဒ္ဓိမာ စ)၊ သို့ဖြစ်၍ အရှင်ဘုရား သွားပြီး သပိတ်ကို ရယူပါ၊ အရှင်ဘုရား၏ သပိတ်ဖြစ်ပါသည်'ဟု ပြန်ပြီး လျှောက်သည်။ သို့ဖြင့် အရှင်ပိဏ္ဍောလဘာရဒွါဇသည် လေပေါ်သို့ ပျံတက်ပြီး စန္ဒကူးသပိတ်ကို ယူလျက် ရာဇဂြိုဟ်မြို့ပေါ်မှ သုံးကြိမ်ပျံဝဲပြသည်။ တစ်မြို့လုံးသည် အရှင်ပိဏ္ဍောလဘာရဒွါဇအား အလွန်စိတ်အားထက်သန်ပြီး လက်ခုပ်ဩဘာ ပေးကြသည်။

အဆိုပါ တန်ခိုးပြမှုကို ဗုဒ္ဓရှင်တော်မြတ် သိတော်မူသွားသောအခါ အရှင်ပိဏ္ဍောလအား ခေါ်တော်မူ၍ 'ဘာရဒွါဇ၊ ယင်းသို့ တန်ခိုးပြခြင်းသည် မသင့်လျော်၊ မလျောက်ပတ်၊ မကောင်းမြတ်၊ ရဟန်းတော် များနှင့် မပတ်သက်၊ ညီညွတ်မှုမရှိ၊ မပြုကောင်းသော အလုပ်ဖြစ်ပေ၏။ ဘာရဒွါဇ၊ အဘယ်ကြောင့် တန်ဖိုးမရှိသည့် သစ်သားသပိတ်ကို အကြောင်းပြု၍ လူဥပါသကာတို့၏ ရှေ့မှောက်မှာ တန်ခိုးပြပြီး ဖြေဖျော်ဘိသနည်း။ အဖိုးမတန်သည့် အနည်းငယ်မျှသော ငွေဒင်္ဂါးဖြင့် အမျိုးသမီးသည် မိမိ၏ အဝတ်မဲ့ကိုယ်ခန္ဓာကို ပြသဘိသကဲ့သို့ ထိုအတူပင် ဘာရဒွါဇသည် အဖိုးမတန်သည့် သစ်သားသပိတ်ကြောင့် မိမိ၏ တန်ခိုးကို လူအပေါင်းအား ပြသပေ၏'ဟု မိန့်တော်မူလျက် ကဲ့ရဲ့ပြစ်တင်တော်မူသည်[၁]။ ယင်းနောက် ဗုဒ္ဓရှင်တော်

[၁] အနနုစ္ဆဝိကံ ဘာရဒွါဇ အနနုလောမိတံ အပ္ပဋိရူပံ အဿမဏကံ အကပ္ပိယံ အကရဏီယံ၊ ကထံ ဟိ နာမ ဘာရဒွါဇ ဆဝဿ ဒါရုပတ္တဿ ကာရဏာ ဂိဟီနံ ဥတ္တရိမနုဿဓမ္မံ ဣဒ္ဓိပါဋိဟာရိယံ ဒဿေဿတိ၊ သေယျထာပိ ဘာရဒွါဇ မာတုဂါမော ဆဝဿ မာသကရူပဿ ကာရဏာ ဟိရိကောပိနံ ဒဿေတိ၊ ဧဝမေဝ ခေါ တယာ ဘာရဒွါဇ ဆဝဿ ဒါရုပတ္တဿ ကာရဏာ ဂိဟီနံ ဥတ္တရိမနုဿဓမ္မံ ဣဒ္ဓိ ပါဋိဟာရိယံ ဒဿိတံ။

မျိုး ဖြစ်ပါသနည်း’ဟု မေးလျှောက်သည်။ ‘အရှင်ဘုရား၊ အရိယပုဂ္ဂိုလ်ဟူသည် သိရန်ခက်ခဲသူဖြစ်ပါ၏၊ ရဟန္တာမထေရ်ကို ပြုစုစောင့်ရှောက်ပြီး သပိတ်သင်္ကန်းများကို သယ်ယူလျက် အတူတကွ သွားလာနေသည့် အချို့လူအိုများဆိုလျှင် အရိယပုဂ္ဂိုလ်များကို မသိကြပါ’ဟု ရဟန္တာအရှင်မြတ်က မိန့်တော်မူသည်[၁]။

---

[၁] မ-ဋ္ဌ ၁၊ ၂၃။

00000000



ကြောင်း ဖော်ပြသည်။ စစ်ပွဲတွင် လူ့အသက် ထောင်ပေါင်းများစွာ ပျက်စီးသွားမှုကြောင့် စိတ်မချမ်းမြေ့ဖြစ်နေသည့် ဒုဋ္ဌဂါမဏိမင်းကြီးအား ရဟန္တာအရှင်မြတ်များက အားပေးစကားပြောခဲ့ကြပုံကို ရှေ့တွင် ဖော်ပြထားပြီးဖြစ်သည်။ ဤနေရာ၌ သက်ဆိုင်သည့် စာပိုဒ်ကို မူရင်းအတိုင်း ကိုးကားဖော်ပြလျှင် သင့်မြတ်သည် ‘ပိယင်္ဂုဒီပအရပ်ရှိ ရဟန်းတော်များသည် မင်းကြီး၏ စိတ်အကြံကိုသိသောအခါ မင်းကြီးအားအားပေးစကားဆိုရန် ရဟန္တာရှစ်ပါးကို စေလွှတ်လိုက်သည်။ သို့ဖြင့် ရဟန္တာအရှင်မြတ်များသည် ညသန်းခေါင်ယံရောက်သော် နန်းတော်ဂိတ်တွင် ဆင်းသက်ကြသည်။ ဝေဟင်ခရီးမှ ကြွလာခဲ့ကြောင်း အသိပေးလျက် နန်းတော် ပြာသဒ်ဆောင်ပေါ်သို့ တက်ရောက်ကြသည်။ မင်းကြီးသည် ရဟန္တာအရှင်မြတ်များကို နှုတ်ဆက်ပြီး ထိုင်သီတင်းသုံးရန် ဖိတ်ကြားလျက် အမျိုးမျိုး အရိုအသေပေးပြီးနောက် အရှင်မြတ်များကြွလာတော်မူလာရခြင်း၏ အကြောင်းကို မေးလျှောက်သည်။ ‘အိုမင်းကြီး၊ ပိယင်္ဂုဒီပကျောင်းတိုက်မှ သီတင်းသုံးဖော်များက မင်းကြီးကို အားပေးစကားဆိုရန် ဆရာတော်တို့ကို စေလွှတ်လိုက်ပါ၏’ (ဟု ရဟန္တာများက ဖြေကြားသည်)။ သို့ဖြင့် မင်းကြီးက ရဟန္တာများကို ထပ်မံ လျှောက်ထားသည် ‘အရှင်မြတ်တို့၊ တပည့်တော်သည် လူပေါင်းများစွာကို သေစေခဲ့သည့်အတွက် အဘယ်မှာလျှင် သက်သာရာကို ရပါမည်နည်း’ဟု လျှောက်ထားသည်။

‘မင်းကြီး၊ ယင်း အပြုအမူကြောင့် နတ်ပြည်ရောက်ကြောင်းလမ်းကို ပိတ်ပင်မှု မဖြစ်ပေါ်စေပါ။ အရှင်မင်းတရားသည် လူသားသတ္တဝါတစ်ယောက်နှင့် တစ်ဝက်ကိုသာ သတ်ဖြတ်ခဲ့ပါ၏။ တစ်ယောက်သည် ရတနာသုံးပါးကို ဆည်းကပ်ပြီး နောက်တစ်ယောက်မှာ ငါးပါးသီလကို ဆောက်တည်ထားပြီးဖြစ်ပါ၏။ ကျန်ပုဂ္ဂိုလ်များမှာ မိစ္ဆာဒိဋ္ဌိများနှင့် ဒုဿီလပုဂ္ဂိုလ်များဖြစ်ကြပြီး တောရိုင်းတိရစ္ဆာန်များကဲ့သို့ ဖြစ်ကြပါ၏[၂]။ သို့တစေ မင်းကြီးမူကား နည်းလမ်းများစွာဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ တရားဓမ္မကို ထွန်းပြောင်စေပါလိမ့်မည်၊ သို့ဖြစ်၍ မင်း

---

[၁] ဒီယဝံ့မနုဇာ

[၂] မိစ္ဆာဒိဋ္ဌိကာ စ ဒုဿီလာ၊ သေသာ ပသုသမာ မတာ။

ကြီး၏ နှလုံးသားမှ (ထိုအတွေးကို) ထုတ်လွှင့်ပစ်ပါ'။ သို့ဖြင့် ရဟန္တာအရှင်မြတ်တို့က ယင်းသို့ ဟောကြားသဖြင့် မင်းကြီး (၏စိတ်) သည် သက်သာရာ ရသွားသည်။

မဟာဝံသကျမ်း၌ အထက်ပါ အကြံပေးချက်ကို ရဟန္တာအရှင်မြတ် ရှစ်ပါးက ပေးခဲ့ကြောင်း အတိအကျ ဖော်ပြသည်။ သို့ရာတွင် ယင်းအကြံပြုချက်သည် ဗုဒ္ဓရှင်တော်မြတ်၏ တရားဓမ္မအနှစ်သာရနှင့် လုံးဝ ဆန့်ကျင်သည်။ မည်သည့် ပုံစံ၊ ရည်ရွယ်ချက်၊ ဗုဒ္ဓသာသနာ တည်တံ့ရန် သို့မဟုတ် ဗုဒ္ဓသာသနာကို ကာကွယ်ရန် သို့မဟုတ် ဗုဒ္ဓသာသနာကို ပြန့်ပွားစေရန်အတွက်ပင်ဖြစ်စေကာမူ လူ့အသက်ကို သတ်ဖြတ်ခြင်းမှာ ဗုဒ္ဓတရားတော်အရ လုံးဝ မျှတမှုမရှိချေ။ စိတ်ဝင်စားဖွယ်အကောင်းဆုံးမှာ စစ်ပွဲအတွင်း လူသားသတ္တဝါ တစ်ယောက်နှင့် တစ်ဝက်သာ အသတ်ခံရသည်ဟူသော ကိုယ်ကျင့်တရားနှင့်ပတ်သက်သည့် ရေတွက်ဖော်ပြမှုဖြစ်သည်။ ဘီစီ နှစ်ရာစုအချိန်က ရဟန္တာ အရှင်မြတ်များသည် ယင်းသို့ မှားယွင်းသည့် အတွေးအမြင်တစ်ရပ်ကို အကယ်ပင် မြွက်ဆိုခဲ့သလောဟူသည်ကို မသိရချေ။ သို့ရာတွင် အေဒီ ငါးရာစုတွင် ထင်ရှားလှသည့် မဟာဝံသကျမ်းပြုဆရာသည် အမျိုးသား သမိုင်းကျမ်းကြီးတွင် ယင်းဂါထာများကို ထည့်သွင်းရေးသားခဲ့သည် ဟူသော အချက်မှာ သံသယဖြစ်နိုင်စရာ အကြောင်းမရှိချေ။ ထိုအချက်သည် ပညာရှင် မဟာဝံသကျမ်းပြုဆရာနှင့် ထိုအချိန်က အခြား တာဝန်ရှိသည့် ပုဂ္ဂိုလ်များသည် ယင်းဖော်ပြချက်အား ရဟန္တာ အရှင်မြတ်များက ဖော်ပြသည်ဟူသည်ကို မငြင်းဆိုခဲ့ကြဘဲ ယင်းသို့သော သမိုင်းကျမ်းကြီးတွင် ထည့်သွင်းခဲ့ကြောင်း သက်သေပြခဲ့သည်။ ထိုပညာရှင် ပုဂ္ဂိုလ်များသည် ရဟန္တာများအနေဖြင့် ဗုဒ္ဓသာသနာတော် တည်တံ့ခြင်းအတွက် သတ်ဖြတ်ခြင်းမှာ မျှတသည်ဟု ယူဆထားပုံရသည်။

ဖော်ပြပြီး အကြောင်းအရာများသည် အတော်ရှေးကျသည့် အချိန် အတိအကျဆိုလျှင် ပါဠိအဋ္ဌကထာကျမ်းများခေတ်မှစ၍ ထင်ရှားသည့် ရဟန္တာအယူအဆကို အဓိပ္ပာယ်မှားယွင်းစွာ ဖွင့်ဆိုပြီး ထိုထက် အဓိပ္ပာယ်မှန် ဆုံးရှုံးသွားခဲ့ကြောင်း ဖော်ပြသည်။ ရဟန္တာများသည် အချို့ သို့မဟုတ် အနည်းဆုံး မာန နှင့် နှစ်သက်ချစ်ခင်မှုကို



ဖော်ပြခြင်းကဲ့သို့သော သာမန် လူသားတစ်ယောက်၏ အပြစ်များမှ လုံးဝ ကင်းလွတ်သူဖြစ်ရန် မမျှော်လင့်နိုင်သည်မှာ ထင်ရှားသည်။ ရဟန္တာများသည် အားနည်းချက်များနှင့် အမှုအယာများရှိကြသည်။ လိုအပ်သည်မှာ ရဟန္တာတစ်ပါးသည် နက်ရှိုင်းသည့် ကရုဏာတရားနှင့် သီလသိက္ခာကို အတိအကျစောင့်ထိန်းမှုတို့အတွက် ထင်ပေါ်ကျော်ကြားမှု ရှိရခြင်းဖြစ်သည်။ အကယ်၍ တန်ခိုးဣဒ္ဓိပါဒ်ရှိမှု ပိုမိုကောင်းမွန်မည်ဖြစ်သော်လည်း ယင်းသို့သော တန်ခိုးကို ပိုင်ဆိုင်မှုမှာ လိုအပ်သည့် အရာဟု ယူဆပုံမရချေ။

တစ်ခါတစ်ရံ မြင့်မြတ်သောဘဝဖြင့် နေထိုင်ကြသည့် ပုထုဇဉ် ရဟန်းတော်များသည်ပင် မိမိကိုယ်တိုင် ဝေခွဲမရရှိပြီး ရဟန္တာများအဖြစ် လူအများက ယူဆကြသည်[၁]။ ကမ္မဋ္ဌာန်းတရား ပေးသောရဟန်းတော်များအား သာမန် ရဟန်းတော်များနှင့် လူဥပါသကာများက ရဟန္တာများအနေဖြင့် မကြာခဏ ထင်မှတ်မှားကြ[၂]လျက် စေတိယဂိရိ (မဟိန္တလေ့)၊ စိတ္တလပဗ္ဗတ (Situlpavva)၊ ဒက္ခိဏဂိရိနှင့် ဟတ္ထိကုစ္ဆိ (ယခုအချိန်ထိ မည်သည့်နေရာဟု မသိရသေး) တွင် သီတင်းသုံးတော်မူကြသည့် ရဟန်းတော်များကိုလည်း များသောအားဖြင့် မခွဲခြားနိုင်သူများက ရဟန္တာဟု ထင်မှတ်ကြသည်[၃]။

သို့ရာတွင် မဇ္ဈိမနိကာယ်အဋ္ဌကထာ၌ သာမန်လူတစ်ယောက်အနေဖြင့် ရဟန္တာဟုတ်မဟုတ် ခွဲခြားသိရန် ခက်ခဲပြီး ဖြစ်ရပ်တစ်ခုဖြင့် သရုပ်ဖော်ထားသည်။ စိတ္တလပဗ္ဗတတွင် သီတင်းသုံးသည့် ခီဏာသဝ (ရဟန္တာမထေရ်) တစ်ပါးတွင် အလုပ်အကျွေးအဖြစ် အသက်အရွယ် ကြီးရင့်မှ ရဟန်းပြုလာသူ (တောထွက်) ရဟန်းတစ်ပါးရှိသည်။ တစ်နေ့တွင် ယင်းအလုပ်အကျွေး ရဟန်းတော်သည် ရဟန္တာအရှင်မြတ်၏ သပိတ်သင်္ကန်းများကို သယ်ယူပြီး ရဟန္တာအရှင်အား 'အရှင်ဘုရား၊ အရိယာပုဂ္ဂိုလ်[၄] ဟူသည် မည်သို့သော ပုဂ္ဂိုလ်

---

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၄၅။ မ-ဋ္ဌ ၁၊ ၁၈၉။ ဝိ-ဋ္ဌ ၂၊ ၈၃။

[၂] မ-ဋ္ဌ ၄၊ ၂၆။

[၃] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၉၉။

[၄] အရိယဟူသည် မြင့်မြတ်သူ'ဟု အဓိပ္ပာယ်ရပြီး ယင်းဝေါဟာရကို ပုထုဇ္ဇနဟူသော ဝေါဟာရ၏ ဆန့်ကျင်ဘက် အနေဖြင့် အသုံးပြုသည်။

လူ့အသိုင်းအဝိုင်းတွင် ဆောင်ရွက်မည့် ဘာသာရေးဆိုင်ရာ ရွတ်ဖတ်သရဇ္ဈာယ်မှုနှင့် အခမ်းအနားများမရှိဘဲ ၎င်းတို့နေရာတွင် ရဟန်းတော်များက ဆရာများနှင့် အကြံပေးသူအဖြစ်ဖြင့် နေရာယူထားကြသည်။ အခြားသော ဇာတ်စနစ်နှင့်မတူဘဲ အဆင့်အတန်းအနေဖြင့် ဗြာဟ္မဏများသည် ဟိန္ဒူဝါဒမှတစ်ပါး မတည်ရှိတော့ဘဲ ဟိန္ဒူဆိုသည်ထက်ပို၍ မိမိတို့၏ ပုဂ္ဂိုလ်ရေးနှင့် လူအဖွဲ့အစည်းတစ်ခု၏ အဆင့်အတန်းလည်း မတည်ရှိတော့ချေ။ အကယ်၍ တစ်စုံတစ်ယောက်သော ဗြာဟ္မဏသည် သီဟိုဠ် ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းအတွင်း စိမ့်ဝင်သွားသည်ဆိုလျှင် ၎င်းတို့အနေဖြင့် ၎င်းတို့၏ ဇာတိသဘာဝမှာ အလိုအလျောက် ပျောက်ကွယ်ခဲ့ပြီး ၎င်းတို့အထဲမှ ဗြာဟ္မဏများအဖြစ်ဖြင့် မကြားရတော့ချေ။ မကြာခဏ ဖော်ပြခံရသည့် ဗြာဟ္မဏများမှာ ဒေသခံ သီ ဟိုဠ်ဗုဒ္ဓဝါဒီများ၏ လူမှုတည်ဆောက်မှုအတွင်း အံဝင်ခွင်ကျ မရှိနိုင် သည့် သီဟိုဠ်တွင် နေထိုင်ကြသည့် အိန္ဒိယကျူးကျော်ဝင်ရောက်လာ သူများဖြစ်သည်မှာ ထင်ရှားသည်။

လယ်သမားများနှင့် ကုန်သည်များမှာ ဝေဿဇာတ်၌ ပါဝင်သည်။ သုဒ္ဒမျိုးတွင် လက်လုပ်လက်စားနှင့် အခိုင်းအစေစသည့် အလုပ်မျိုးစုံလုပ်သည့် အလုပ်သမားများ ပါဝင်သည်။ လူ့အဖွဲ့အစည်း၏ အောက်ဆုံး အဆင့်ဖြစ်သည့် စဏ္ဍာလများမှာ သီးခြားကျေးရွာများ ရှိကြသည်[၁]။

ဘုရင်သည် တစ်စုံတစ်ခုသော ဥပဒေကို ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးသည့်အနေဖြင့် လူတစ်ယောက်ကို ဇာတ်နိမ့်ဘဝသို့ နိမ့်ကျသွားအောင် ပြုလုပ်သည့် အာဏာရှိသည်။ သို့ဖြစ်၍ ဘာတိယမင်း (အေဒီ ၃၈-၆၆)သည် လူမှုရေးအရ ခွင့်မပြုသည့် နွားသား (ဂေါဏမံသ) စားသည့် လူအချို့အား နန်းတော်ဝင်းအတွင်း ပန်းမှိုက်သွန် အလုပ်သမားအဖြစ် အဆင့်အတန်းကို နှိမ့်ချလိုက်ကြောင်း သိရသည်။ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ ပြစ်မှုအတွက် ချမှတ်သည့် ဒဏ်ငွေကို မပေးနိုင်သောကြောင့် ပန်းမှိုက်သွန်သူအဖြစ် ပြုလုပ်လိုက်ခြင်းဖြစ်သည်။ အကယ်၍ ၎င်းတို့အနေဖြင့် ဒဏ်ငွေကို ပေးနိုင်သည့် နည်း

---

[၁] မဟာဝံသ ၃၂၊ ၁၄၀။ ရသဝါဟိနီ ၂၊ ၁၁၇၊ ၁၁၉။

## အခန်း ၁၄

## လူ၀တ်ကြောင်များ၏ဘ၀ ၁

## လူမှုရေး

ရှေးခေတ်သီဟိုဠ်တွင် လူဥပါသကာများ နေထိုင်ခဲ့သည် ဘာသာရေး ဘ၀မျိုးကို နားလည် သဘောကျနိုင်ရန် ၎င်းတို့၏ လူမှုရေးနှင့် စီးပွား ရေးနောက်ခံနှင့်ဆိုင်သည့် အတွေးအမြင်တစ်ချို့ ရရှိရန် လိုပေ သည်။

အခန်း ၂ တွင် ဗုဒ္ဓ၀ါဒမတိုင်မီ သီဟိုဠ် လူ့အဖွဲ့အစည်း၌ အိန္ဒိ ယနိုင်ငံမှာကဲ့သို့ပင် ဇာတ်စနစ်နှင့် လူမှုအဆင့်အတန်း ခွဲခြားမှု တွေ့ခဲ့ ရပြီးဖြစ်သည်။ သို့တစေ ဗုဒ္ဓ၀ါဒထွန်းကားပြီးနောက် သီဟိုဠ်တွင် ယင်းပုံစံများသည် ဗုဒ္ဓ၀ါဒ ဩဇာသက်ရောက်မှုမှ တစ်ဆင့် အချို့ ပြု ပြင်ပြောင်းလဲမှုများ ဆက်လက်တည်ရှိခဲ့သည်။ ဘုရင်သည် တစ်နိုင်ငံ လုံးကို အချုပ်အခြာအာဏာ ပိုင်စိုးသူဖြစ်ပြီး ၀န်ကြီးများ၊ ဗိုလ်ချုပ်များ နှင့် အခြားအရာရှိများမှာ အထက်တန်းလွှာ လူတန်းစားမှ ဆင်းသက် သူများဖြစ်ကြသည်။

ဗုဒ္ဓ၀ါဒမတိုင်မီ သီဟိုဠ်နိုင်ငံတွင် ဗြဟ္မဏများရှိခဲ့ကြောင်း ရှေ့အ ခန်းများတွင် တွေ့ခဲ့ရပြီးဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓ၀ါဒထွန်ကားပြီးဖြစ် သည့် သီဟိုဠ်တွင်လည်း ဗြဟ္မဏများကို အခါအားလျော်စွာ ဖော်ပြ သည်[၁]။ သို့တစေ ဗြာဟ္မဏများသည် တည်ရှိပြီးအခွင့်အရေးနှင့် စိတ် ၀င်စားမှုများရှိသည့် သီဟိုဠ်ဇာတ်စနစ်အနေဖြင့် ခိုင်မာသည့် အုပ်စု တစ်ခုကို တည်ဆောက်နိုင်စွမ်း မရှိကြချေ။ ဗြာဟ္မဏတို့သည် ဗုဒ္ဓ၀ါဒ

---

[၁] မဟာ၀ံသ ၁၉၊ ၂။ ၃၃၊ ၃၇။ ၃၂၊ ၄၁။ ၄၈၊ ၂၃။

ကြောင့် ဗုဒ္ဓဝါဒသမိုင်းတွင် လူမျိုးဇာတ် သို့မဟုတ် လူ့အဆင့်အတန်း ခွဲခြားမှုများ ရှိခဲ့နိုင်သနည်းဟူ၍ ဖြစ်သည်။

အပေါ်ယံမျှ အဖြေတစ်ခု ပေးမည်ဆိုလျှင် ဗုဒ္ဓရှင်တော်မြတ်နှင့် ယေရှုခရစ်တော်ကဲ့သို့သော ဆရာအရှင်ကြီးများ၏ မြင့်မြတ်သော အဆုံးအမများကို လောကလူသားများ လက်တွေ့ မကျင့်ကြံကြသောကြောင့်ဖြစ်သည်ဟုဆိုရန် ရှိသည်။ သို့တစေ ဤနေရာ၌ မေးခွန်းကို အတန်ငယ် နက်ရှိုင်းစွာ တွေ့ကြည့်မည်ဖြစ်သည်။

ယေဘုယျအားဖြင့် ဗုဒ္ဓဝါဒသည် ဇာတ်ဝါဒကို ဆန့်ကျင်ကြောင်း လက်ခံကြသည်။ သို့ရာတွင် ယင်းဖော်ပြချက်အား အရည်အချင်း ပြည့်စုံမှုဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်သည် သံဃာတော်များအတွင်း မည်သည့် အမျိုးဇာတ်ခွဲခြားမှုအား အသိအမှတ် ပြုမှုကိုမဆို ငြင်းပယ်တော်မူသည်။ ပဟာရာဒသုတ်တော်[၁]တွင် ဗုဒ္ဓရှင်တော်မြတ်က 'နာမည်အမျိုးမျိုးရှိကြသည့် မြစ်များသည် သမုဒ္ဒရာထဲသို့ စီးဝင်သွားသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏အမည်နာမများ ပျောက်ဆုံးသွားပြီး မဟာသမုဒ္ဒရာဟူသောအမည်ကိုသာ ရသွားသကဲ့သို့ ထိုအတူပင် ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒဟူသော အမျိုးလေးပါးတို့သည် ရဟန်းပြုလာသည့်အချိန်မှစ၍ သမဏသကျပုတ္တိယဟူသောအမည်ကို ရရှိသွားသည်'ဟု ဟောကြားတော်မူသည်။ ဗုဒ္ဓရှင်တော်မြတ်သည် သုနီတကဲ့သို့သော ပန်းမှိုက်သွန်[၂] ဇာတ်နိမ့်များအပါအဝင် လုံးဝခွဲခြားခြင်းမပြုဘဲ ဇာတ်အားလုံးကို သာသနာတော်အတွင်းသို့ ဝင်ရောက်ခွင့် ပြုခဲ့သည်မှာလည်း ထင်ရှားသည်။ တစ်စုံတစ်ယောက်၏ ဇာတ်ကိုအကြောင်းပြု၍ သာသနာ့ဘောင်သို့ ဝင်ရောက်ရာ၌ လုံးဝခြားနားမှုမရှိချေ။ တစ်စုံတစ်ရာသော ဇာတ်ကိုအကြောင်းပြု၍ ကျေးကျွန်များအား သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့် မပြုခဲ့ခြင်းမဟုတ်ဘဲ အခြားသော လူမှုရေးနှင့် စီးပွားရေး အကြောင်းများကြောင့်သာ ဖြစ်သည်။ အမှန်စင်စစ် ကျွန်ဟူသည် မည်သည့် အမျိုးဇာတ်နှင့်မျှ ပတ်သက်ခြင်းမရှိချေ။ ထိုအတူပင်

[၁] အံ ၃၊ ၃၉။
[၂] ထေရဂါထာ၊ ၃၁၀။



လမ်းရှိလျှင် အဆင့်နိမ့်ချခံရသည့် ပြစ်ဒဏ်မှ လွတ်ကင်းနိုင်ဖွယ်ရှိသည်။ ဥပဒေအရ ၎င်းတို့ကို ပန်းမှိုက်သွန်အဆင့်သို့ အတင်းအကြပ် လျှော့ချလိုက်သော်လည်း ၎င်းတို့အနေဖြင့် သုဒ္ဒမျိုးအစစ်ကဲ့သို့ ယူဆခဲ့ပုံမရချေ။ အကြောင်းမူ ကာလအတန်ကြာပြီးနောက် ထိုမင်းသည်ပင် အဆိုပါ သုဒ္ဒမျိုးဝင် တစ်ယောက်၏ သမီးချောကို နန်းတွင်းသူရာထူးသို့ တိုးမြှင့်ခဲ့သောကြောင့်ဖြစ်သည်။ ယင်းသုဒ္ဒမျိုးအားလုံးကို မူလနေရာသို့ မြှင့်တင်ပေးခဲ့သလောဆိုသည်ကိုမူ အသေအချာ မသိရချေ။ သို့တစေ ယင်းချောမောလှပသည့် သတို့သမီးငယ်၏ ဆွေမျိုးများအားလုံးသည် သတို့သမီးငယ်အား ဘုရင်သိမ်းပိုက်ခံရပြီးနောက် သက်သောင့်သက်သာ ဘဝတစ်ခုကို ပြန်ရသွားကြောင်း သိရသည်[၁]။

ယင်းနောက် အမျိုးဇာတ်တစ်ခု မဟုတ်သော်လည်း သီးခြား လူတန်းစားတစ်ခုအဖြစ် တည်ရှိသော ကျေးကျွန်များဖြစ်သည်။ ပြီးခဲ့သည့် အခန်းများတွင် ယင်းကျေးကျွန်များကို ဘုန်းကြီးကျောင်းတိုက်များတွင် အလုပ်လုပ်ကြကြောင်း တွေ့ရပြီးဖြစ်သည်[၂]။

သမန္တပါသာဒိကာကျမ်း[၃]အဆိုအရ ကျွန်လေးမျိုးရှိသည်။ ပထမအမျိုးအစားမှာ မွေးရာပါ ကျေးကျွန်(အန္တောဇာ)ဖြစ်သည့် အမျိုးသမီးမှ မွေးဖွားသည့် သားသမီးများဟူသော အိမ်ပေါက်ကျွန်၊ ဤအဆင့် ကျေးကျွန်များကို အကယ်၍ ကျွန်အဖြစ်မှ မလွတ်သေးလျှင် ရဟန်းပြုမပေးကောင်းချေ[၄]။ အဋ္ဌကထာ[၅]တွင် သရုပ်ဖော် ဝတ္ထုဖြစ်ရပ်တစ်ခုကို ဖော်ပြသည်။

အနုရာဓပုရမြို့မှ ကျွန်အမျိုးသမီးငယ်တစ်ယောက်သည် ရောဟဏအရပ်မှ အမျိုးသားတစ်ယောက်နှင့် ခိုးရာလိုက်ပြေးသည်။ ထိုအမျိုး

[၁] အဘိ-ဋ ၂၊ ၄၂၁။ အေဒီ ၁၂ ရာစုခန့်မှာပင် နွားသားစားသူများကို သုဒ္ဒမျိုးများအဖြစ် ယူဆခံရသည်။
[၂] ဤကျမ်း၊ စာ- ၂၇၂ ရှုပါ။
[၃] ဝိ-ဋ ၃၊ ၂၈၂။
[၄] ဝိနည်းအလိုအရ ကျေးကျွန်ကို ရဟန်းဘောင်သို့ ဝင်ရောက်ခွင့်မပြု။ န ဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ (ဝိ ၃၊ ၁၀၇)။
[၅] ဝိ-ဋ ၃၊ ၂၈၂။

သမီး၏ သားသည် ရဟန်းဖြစ်လာသည်။ ရဟန်းခံပြီးနောက် မိမိ၏ ရဟန်းဘဝ စင်ကြယ်မှုနှင့်ပတ်သက်ပြီး စိတ်ထဲတွင် သံသယဝင်လာသည်။ ရဟန်းတော်သည် မိခင်အား အဘယ်ကြောင့် အစ်ကိုမောင်၊ အစ်မညီမ သို့မဟုတ် အခြားမည်သည့် ဆွေမျိုးရင်းချာမျှ မရှိရသည်ကို မိခင်ထံမှ စုံစမ်းသည်။ မိခင်က သားမောင် ရဟန်းကို မိမိ၏ အတိတ် ဇာတ်လမ်းကို ပြန်လည်ပြောပြသည်။ ရိုးသားပြီး သီလသိက္ခာကို မြတ်နိုးသူဖြစ်ခြင်း၌ ရဟန်းငယ်သည် မိမိ၏ ရဟန်းအဖြစ်မှာ ဝိနည်းတော်နှင့် မညီညွတ်သဖြင့် စိတ်မချမ်းမသာဖြစ်သည်။ သို့ဖြစ်၍ ရဟန်းတော်သည် အနုရာဓပုရမြို့တော်သို့ ချက်ချင်း ထွက်ခွာသွားသည်။ ရဟန်းငယ်သည် ကျွန်ပိုင်ရှင်၏ အိမ်တံခါးရှေ့တွင် ရပ်နေပြီး မိမိသည် ၎င်းထံမှ ထွက်ပြေးသွားသော ကျွန်အမျိုးသမီးငယ်၏ သားဖြစ်ကြောင်း ပြောပြသည်။ 'အကယ်၍ သင်က ကျွန်ုပ်ကို ခွင့်ပြုလျှင် ကျွန်ုပ် ရဟန်းဖြစ်လိမ့်မည်။ သင်သည် ကျွန်ုပ်၏ အရှင်သခင်ဖြစ်ပါ၏' ဟု ဆိုသည်။ အလွန်နှစ်သက်သွားခြင်း၌ ကျွန်ပိုင်ရှင်က 'အရှင်ဘုရား၊ အရှင်ဘုရား၏ ရဟန်းအဖြစ်မှာ စင်ကြယ်ပါ၏' ဆိုပြီး ရဟန်းငယ်အား လွတ်လပ်ခွင့်ပေးလိုက်ပြီး မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးနေထိုင်နိုင်ရန် စီစဉ်ပေးသည်။ နောင်အခါတွင် ရဟန်းငယ်သည် ရဟန္တာအဖြစ်ကို ရရှိသွားကြောင်း သိရသည်[၁]။

ဒုတိယအမျိုးအစားတွင် ငွေဖြင့် ဝယ်ယူသည့် ကျွန်အမျိုးအစား ပါဝင်သည်။ သူသည် သူ့မိဘများထံမှ ဝယ်ယူသူ သို့မဟုတ် ပိုင်ရှင်ထံ

[၁] ဤဖြစ်ရပ်အရ ဝိနည်းဥပဒေသည် ရဟန်းတစ်ပါး၏ အောင်မြင်သည့် စိတ်ပိုင်းဘဝအတွက် လိုအပ်သည့် အခြေအနေအဖြစ် လူမှုရေး အဆင့်အတန်း အချို့ကို လက်ခံကြောင်းဖော်ပြသည်။ ဤရဟန်းတော်၏ ရဟန္တာအဖြစ်ကို သူ၏ အရှင်သခင်ဖြစ်သူက ထိန်းချုပ်ထားသည်။ အကယ်၍ ကျွန်ပိုင်ရှင်က ဤရဟန်းငယ်အား လွတ်လပ်ခွင့် မပေးခဲ့လျှင် ဤရဟန်းတော်သည် ရဟန်းအဖြစ်ဖြင့် ရဟန္တာအဖြစ်ကို ဘယ်တော့မှ ရနိုင်မည်မဟုတ်ချေ။ အကြောင်းမူ မည်မျှပင် စိတ်ပိုင်းဘဝ တိုးတက်စေကာမူ ဝိနည်းတော်အရ ၎င်း၏ရဟန်းအဖြစ် မစင်ကြယ်သောကြောင့် ဖြစ်သည်။ လူမှုရေးအစဉ်အလာဖြစ်သည့် ယင်းသို့သော ကျွန်စနစ်သည် အသိပညာနှင့် စိတ်ပိုင်းဘဝလွတ်မြောက်မှုဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် နည်းလမ်းတွင် ရပ်တည်နိုင်သည်မှာ ထင်ရှားသည်။



မှ ဝယ်သူ ကျေးကျွန် ဖြစ်နိုင်သည်။ မည်သည့်နည်းဖြင့်ပင် ကျွန်ဖြစ်စေကာမူ မလွတ်လပ်သေးသမျှ ရဟန်းအဖြစ်ကို ဝင်ခွင့် မရှိသောကြောင့်ဖြစ်သည်။

တတိယကျွန်အမျိုးအစားမှာ စစ်သုံ့ပန်းများ ဖြစ်သည်။ စစ်ပွဲတွင် အောင်မြင်ပြီးနောက် ဆုလာဘ်အဖြစ် နိုင်ငံခြားတိုင်းပြည်တစ်ခုမှ ရလာသည့် စစ်သုံ့ပန်းများ၊ သို့မဟုတ် တော်လှန်ပုန်ကန်မှုကဲ့သို့သော ကြီးမားသည့် ရာဇဝတ်မှုတွင် ပါဝင်ခဲ့မှုကြောင့် ပြစ်ဒဏ်ပေးမှုအဖြစ် အကျဉ်းချသည့် ကျွန်းတွင် နေထိုင်သူများလည်းဖြစ်နိုင်သည်။ မည်သည့်နည်းဖြင့် ကျွန်ဖြစ်စေကာမူ ဖမ်းယူထားသူများ၏ ထိန်းချုပ်မှု မလွတ်သေးသမျှ ရဟန်းအဖြစ်သို့ ဝင်ရောက်ခွင့် မရှိချေ[၁]။ ၎င်းတို့အား ပုံမှန်နည်းဖြင့် လွတ်မြောက်သွားသောအခါမှသာ သို့မဟုတ် ဖမ်းချုပ်ခံဘဝမှ လွတ်မြောက်ပြီး လွတ်လပ်သည့် အခြားနေရာတစ်ခုသို့ လွတ်မြောက်သွားသောအခါမှသာ (ရဟန်းအဖြစ်သို့) ဝင်ရောက်နိုင်သည်။ ဤကိစ္စတွင် အတင်းအကြပ် ကျေးကျွန်ပြုခံခဲ့ရသည့် လွတ်လပ်သူများဖြစ်ခဲ့သောကြောင့် ဒုတိယ ခွင့်ပြုချက်ကို ပေးအပ်ခြင်းဖြစ်သည်။

စတုတ္ထကျွန်အမျိုးအစားမှာ သက်မွေးဝမ်းကျောင်း သို့မဟုတ် လုံခြုံမှုအတွက် မိမိ၏ ဆန္ဒအရ ကျွန် သို့မဟုတ် အလုပ်အကျွေး ဖြစ်လာသူများဖြစ်သည်။ ဤကျွန်အမျိုးအစားကို ဤအခန်း နောက်ပိုင်းတွင် တွေ့ရမည်ဖြစ်သည်။ ထိုအခြေအနေတွင် ရှိနေသရွေ့ ဤအမျိုးအစားဝင် ကျေးကျွန်များကိုလည်း ရဟန်းအဖြစ်သို့ ဝင်ရောက်ခွင့် မပြုချေ[၂]။

ဤကိစ္စနှင့်ပတ်သက်၍ အရေးအကြီးဆုံး မေးခွန်းတစ်ခု ရှိလာသည်။ ဗုဒ္ဓဝါဒသည် လူမျိုးဇာတ်စနစ်ကို မဆန့်ကျင်သလော၊ အဘယ်

[၁] ရှေ့အခန်းများ၌ ထိုနည်းဖြင့် ဖမ်းယူခဲ့သည့် တမီလ်အကျဉ်းသားများအား သိလာမေဃဝဏ္ဏမင်းက ဘုန်းကြီးကျောင်းများသို့ ကျေးကျွန်များအဖြစ် ပေးအပ်ခဲ့ကြောင်း တွေ့ခဲ့ရပြီးဖြစ်သည်။

[၂] မနုသမိတိကျမ်း၊ အတွဲ ၈ တွင် အခြားသော ကျွန်ခုနစ်မျိုးကို ဖော်ပြသည်။ ၁၊ သုံ့ပန်းကျွန် ၂၊ နေ့စဉ်အစားအစာ ဆောင်ရွက်သူ ၃၊ အိမ်ပေါက်ကျွန် ၄၊ ငွေဝယ်ကျွန် ၅၊ အခြားတစ်ယောက် ပေးသည့်ကျွန် ၆၊ အမွေရသည့်ကျွန် ၇၊ ပြစ်ဒဏ်ကြောင့် ကျွန်ဖြစ်သူ။ မနုကျမ်းတွင် ဖော်ပြသည့် ခုနစ်မျိုးလုံးကို သီဟိုဠ်၌ မတွေ့ရချေ။

သို့တစေ ယင်းထုံးစံသည် မြတ်ဗုဒ္ဓ လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ လူအများခံစားရသည့် သက်ရောက်မှုရှိသော လူအဖွဲ့အစည်း၏ အစစ်အမှန်တရားဖြစ်သည်။ သို့ဖြစ်၍ ယင်းကို ဗုဒ္ဓဝါဒ၏ အခြေခံ သင်ကြားချက်ဖြစ်သည့် ကမ္မသီအိုရီဖြင့် ဖြေရှင်းခဲ့ခြင်းဖြစ်ပြီး ထိုအချက်ကို မဇ္ဈိမနိကာယ်၊ စူဠကမ္မဝိဘင်္ဂသုတ်တော်၌ တွေ့ရသည်[၁]။

လူသည် ယခင်ဘဝက အကုသိုလ်ကံ၏ အကျိုးဆက်အဖြစ် ဇာတ်မြင့်မှာဖြစ်စေ သို့မဟုတ် ဇာတ်နိမ့်မှာဖြစ်စေ မွေးဖွားကြောင်း၊ ဥပမာဆိုမူ ယခင်ဘဝ ကံအကျိုးပေးအတိုင်း အသက်တိုခြင်း အသက်ရှည်ခြင်း၊ ကျန်းမာခြင်း မကျန်းမာခြင်း၊ လှပခြင်း အရုပ်ဆိုးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း ဘုန်းနည်းခြင်း၊ ချမ်းသာခြင်း ဆင်းရဲခြင်း၊ ပညာရှိခြင်း ပညာမဲ့ခြင်းတို့ ဖြစ်ရကြောင်း ယင်းသုတ္တန်၌ မိန့်တော်မူသည်။

သို့ဖြင့် ကမ္ဘာပေါ်ရှိ ကိုယ်ခန္ဓာ၊ စိတ်ပိုင်းဘဝ၊ လူမှုရေးနှင့် စီးပွားရေးအသွင် မတူမှုအားလုံးကို ကမ္မသီအိုရီဖြင့် ရှင်းပြသည်။ ယင်း၏ အကျိုးဆက်အနေဖြင့် ဇာတ်ခွဲခြားမှုသည် အစစ်အမှန် သဘာဝဖြစ်ပြီး ကြွယ်ဝခြင်း၊ လှပခြင်း၊ စွမ်းအား၊ ကျန်းမာခြင်း၊ ညဏ်ပညာ ထက်မြက်ခြင်းမှာလည်း ထိုအတူပင် အစစ်အမှန် သဘာဝများပင်ဖြစ်သည်။ သဘာဝဖြစ်စေ အစစ်အမှန်ပင်ဖြစ်စေ ဗုဒ္ဓရှင်တော်မြတ်သည် စနစ်ကြီးတစ်ခုလုံး၏ မညီမျှမှုကို သိမြင်သော်လည်း ယင်းကို လုံးလုံး လျားလျား မပြောင်းလဲနိုင်ခဲ့ပေ။

သို့ဖြစ်၍ ဗုဒ္ဓရှင်တော်မြတ်သည် နောက်ထပ် အကောင်းဆုံး အရာတစ်ခုကို လုပ်ခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ်သည် ကိုယ်ကျင့်တရားနှင့် သီလသိက္ခာကို အမျိုးဇာတ်၊ စည်းစိမ်ချမ်းသာမှု၊ အလှ၊ တန်ခိုးအရှိန်အဝါ၊ ကျန်းမာရေး သို့မဟုတ် ကမ္ဘာပေါ်ရှိ အရာအားလုံး၏ အပေါ်တွင် ထားခဲ့ပြီး ထိုခြားနားသည့် အရာအားလုံးသည် ဘာသာတရား၏ စိတ်ပိုင်းဘဝနယ်ပယ်တွင် ခမ်းနားကြီးကျယ်ခြင်း မရှိဘဲ ဖျော့တော့ ပျောက်ကွယ်သွားသည်။

ဆွေးနွေးနေဆဲ အကြောင်းအရာနှင့် ပတ်သက်၍ အတွေးအမြင်သုံးရပ် ရှင်းလင်းစွာ ထွက်လာသည် -

---

[၁] မ ၃၊ ၂၃၄။



စစ်သားများ၊ သူပုန်များ၊ ကြွေးရှိသူများနှင့် အခြားများစွာသော ပုဂ္ဂိုလ်များအားလည်း အကြောင်းအမျိုးမျိုးကြောင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ကို တားမြစ်ခဲ့သော်လည်း ဇာတ်ဟူသော အကြောင်းကြောင့် မဟုတ်ချေ[၁]။ ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိစဉ်တွင် သံဃာတော်များအတွင်း မည်သည့် အမျိုးဇာတ်ခွဲခြားမှုမျိုးမှ မရှိခဲ့သည်မှာ အလွန်ထင်ရှားသည်[၂]။

သို့တစေ ထိုအခြေအနေသည် လူဥပါသကာများနှင့် ပတ်သက်၍မူ ခြားနားမှုရှိသည်။ ဗုဒ္ဓရှင်တော်မြတ်သည် မိမိ နေထိုင်ခဲ့သည့် လောကအတွင်း လူမှုရေး တည်ဆောက်မှုအနေဖြင့် အခိုင်အမာ အမြစ်စွဲ နေပြီဖြစ်သည့် ဇာတ်ခွဲခြားမှု စနစ်ကို လျစ်လျူ မပြုနိုင်ခဲ့ချေ။ ဗုဒ္ဓရှင်တော်မြတ်သည် ကိုယ်တော်မြတ်အနေဖြင့် ဇာတ်ခွဲခြားမှုကို လိုအပ်သည် သို့မဟုတ် မျှတသည်ဟု လက်မခံသော်လည်း ယင်းအချက်ကို ထည့်သွင်းစဉ်းစားခဲ့ရသည်။

အခြားတစ်ဖက်တွင် ဗြာဟ္မဏများသည် ဇာတ်ခွဲခြားမှုစနစ်ကို အလေးဂရုပြုအပ်သည့်အရာ၊ ဘာသာရေး ကျင့်ဝတ်အနေဖြင့် စွဲကိုင်ထားပြီး လူသားများအတွင်း မိမိကိုယ်ကို အမြတ်ဆုံး အမြင့်ဆုံးနှင့် အစင်ကြယ်ဆုံးဟု သတ်မှတ်ထားသည်။ ဗြာဟ္မဏများသည် သုဒ္ဒမျိုးများအား တိရစ္ဆာန်များအသွင် ဆက်ဆံပြီး ၎င်းတို့အား အခြားလူသားများ ရရှိသည့် မည်သည့် လူမှုရေး စီးပွားရေး သို့မဟုတ် ဘာသာရေး အခွင့်အရေးမျိုးကိုမျှ ပေးအပ်ခြင်း မပြုချေ[၃]။ ဗြာဟ္မဏတစ်ယောက်၏ သဘောထားမှာ မိမိသည်သာ စင်ကြယ်ပြီး ဗြာဟ္မဏမဟုတ်သူများ မစင်ကြယ်ကြ (ဗြာဟ္မဏာဝ သုဇ္ဈန္တိ၊ နော အဗြာဟ္မဏာ)[၄] သဖြင့် ထိုပုဂ္ဂိုလ် အထူးသဖြင့် သုဒ္ဒမျိုးတို့၏ စိတ်ပိုင်းဘဝ စင်ကြယ်မှုကိုပင် ငြင်းဆိုကြသည်။

---

[၁] ဝိ ၃၊ ၁၀၆ စသည်ကို ရှုပါ။

[၂] သို့ရာတွင် ယနေ့ခေတ် သီဟိုဠ်သံဃာ့အဖွဲ့အစည်းအတွင်း တရားဝင်မဟုတ်ဘဲ (အတွင်းစိတ်က) ဇာတ်ခွဲခြားမှုများကို တွေ့မြင်ရသည်။

[၃] အသေးစိတ်များကို Manu. iv 80, 81; viii 413, 414, xi 73087, xii, 43 တွင် ရှုပါ။

[၄] ဒီ ၃၊ ၆၈ (အဂ္ဂညသုတ်)၊ မ ၂၊ ၃၅၅ (အဿလာယနသုတ်)။

ဗုဒ္ဓရှင်တော်မြတ်သည် ယင်းအတ္တဗဟိုပြု ကိုယ်ကျိုးဆန်သည့် ဗြာဟ္မဏဝါဒ သဘောထား၏ တော်လှန်ရန် ခက်ခဲသော ဆန့်ကျင်သူ ပုဂ္ဂိုလ် ဖြစ်သည်။ သည်းမခံနိုင်သော ယင်း လူမှုရေး ဖောက်ပြန်မှု သဘောထားကို ဆန့်ကျင်ရာတွင် ဗုဒ္ဓရှင်တော်မြတ်၏ အရေးတယူ စိတ်ဝင်စားမှုမှာ ဇာတ်ခွဲခြားမှုစနစ်ကို လူမှုအဆောက်အအုံတစ်ခုအ ဖြစ် ကဲ့ရဲ့ရှုတ်ချရန်၊ ဗြာဟ္မဏများကို ကဲ့ရဲ့ရှုတ်ချရန်နှင့် ဗြာဟ္မဏများ မှာ အမြင့်ဆုံးမဟုတ်ဟူသည်ကို သက်သေပြရန်ချည်း မဟုတ်ချေ။ သို့ ဖြစ်၍ အချို့နေရာများ၌ ဗုဒ္ဓရှင်တော်မြတ်က ခတ္တိယများသည် ဗြာဟ္မ ဏများထက် ပိုမို မြင့်မြတ်ကြောင်း (ခတ္တိယာဝ သေဋ္ဌာ၊ ဟီနာ ဗြာဟ္မဏာ)[1] သက်သေပြရန် မိန့်ဆိုခဲ့သည်။ သို့တစေ ယင်းသည် 'ငါ့ အမျိုးသည် သင့်အမျိုးထက် မြတ်သည်'ဟု ခွဲခြားခြင်းဖြစ်သည့် ဇာတ် ခွဲခြားမှုကို လက်ခံနေခြင်းပင် ဖြစ်သည်။ သို့တစေ ဗြာဟ္မဏတို့သည့် ဇာတ်ခွဲခြားမှုစနစ်၏ အကြောင်းရင်းဖြစ်သဖြင့် အကယ်၍ ဗြာဟ္မဏ တို့ကို တိုက်ခိုက်ခြင်းမှာ ဇာတ်စနစ်တည်ဆောက်ထားပုံ တစ်ခုလုံးကို တိုက်ခိုက်ခြင်းပင် ဖြစ်ကြောင်း နားလည်လျှင် ဗုဒ္ဓရှင်တော်မြတ်၏ သဘောထားကို နှစ်သက်နိုင်မည်ဖြစ်သည်။

လက်တွေ့ ဖြစ်နိုင်ဖွယ်မရှိသည့် လုံးဝပြောင်ပြောင်တင်းတင်း ကဲ့ရဲ့ပြစ်မည့်အစား ဗုဒ္ဓရှင်တော်မြတ်သည် ဗြာဟ္မဏတို့အား မွေးရာပါ တွင် အခြေခံသည့် လူမျိုးဇာတ်စနစ် တည်ရှိမှုနှင့်ပတ်သက်သည့် ကိုယ်ကျင့်တရားရေးရာ အဓိပ္ပာယ်ကောက်ယူမှုတစ်ရပ်ကို ပေးရန် ကြိုးစားခဲ့သည်။ ဗြာဟ္မဏတို့သည် ဗုဒ္ဓရှင်တော်မြတ်၏ အမျိုးလေးပါး လုံးသည် စင်ကြယ်မှုတွင် တူညီ၏ (သမဏော ဂေါတမော စတုဝဏ္ဏိံ သုဒ္ဓိံ ပညပေတိ) ဟု ကြေညာလိုက်မှုကို ပြင်းပြင်းထန်ထန် ကန့်ကွက် ကြသည်။ ဗြာဟ္မဏဝါဒအမြင်တွင် ယင်းအဆိုမှာ အပြစ်ရှိသော ဖော် ပြချက်ဖြစ်သည်။ သို့တစေ ဗုဒ္ဓရှင်တော်မြတ်က မွေးဖွားခြင်းသည် ဗြာဟ္မဏ သို့မဟုတ် ဝသလကိုလည်း မဖြစ်စေ၊ ယင်းသို့ဖြစ်ခြင်းသည် အမြင့်ဆုံးဖြစ်သည့် စိတ်ပိုင်းဘဝတိုးတက်မှုလည်း မတားဆီးကြောင်း ဗုဒ္ဓရှင်တော်မြတ်က မိန့်တော်မူသည်။ သီလနှင့်ပြည့်စုံသည့် ဇာတ်နိမ့်

[1] ဒီ ၁၊ ၉၂ (အမ္ဗဋ္ဌသုတ်)။



တစ်ယောက်သည် သီလမရှိသည့် ဗြာဟ္မဏတစ်ယောက်ထက် ပိုမိုမြင့် မြတ်သည်[1]။ ယင်းသည် ဗြဟ္မဏများအား ဇာတ်မြင့်သူ ဝသလများ အား ဇာတ်နိမ့်များအဖြစ် ယူဆထားပြီးဖြစ်သဖြင့် အလွန်ပြင်းထန် သည့် ကိုယ်ကျင့်တရားရေးရာ အငြင်းပွားမှုတစ်ရပ် ဖြစ်သော်လည်း ဝေါဟာရတစ်မျိုးဖြင့် ဇာတ်စနစ်ကို လက်ခံခြင်းဖြစ်သည်။ ယင်းသည် ဗုဒ္ဓရှင်တော်မြတ်၏ ရည်ရွယ်ချက်အတွက် လုံလောက်မှုမရှိချေ။

မဇ္ဈိမနိကာယ်နှင့် သုတ္တနိပါတ်ပါဠိတော်များ၌ ပါရှိသည့် ဝါသေဋ္ဌ သုတ်တော်၌ ဇာတ်ခွဲခြားမှုနှင့် လူသားမျိုးနွယ်၏ လူမှုရေးတည် ဆောက်ပုံနှင့် ပတ်သက်၍ ပိုမိုဂရုတစိုက် သိပ္ပံနည်းကျ ခွဲခြမ်းစိတ် ဖြာမှုတစ်ရပ်ကို ပေးထားသည်[2]။

ဗုဒ္ဓရှင်တော်မြတ်သည် ယင်းသုတ်တော်၌ သစ်ပင်အမျိုးမျိုးတွင် မွေးရာပါအားဖြင့် ကွဲပြားခြားနားမှုကို တွေ့နိုင်ကြောင်း၊ အခြေလေး ချောင်းရှိသော သတ္တဝါသည် မြွေနှင့် မတူခြင်း၊ ငှက်သည် ငါးနှင့်မတူ ခြင်းတို့ကြောင့် ထို့အတူ တိရစ္ဆာန်များတွင် မွေးရာပါအားဖြင့် ခြားနား မှုများကို တွေ့နိုင်ကြောင်း၊ သို့ရာတွင် လူသားသတ္တဝါများမှာမူ မျက်စိ၊ နား၊ ပါးစပ်၊ လက်၊ ခြေ သို့မဟုတ် အခြားမည်သည့် ကိုယ်ခန္ဓာအစိတ် အပိုင်းမျှ ယင်းသို့သော မွေးရာပါ ခြားနားမှုမျိုးကို မတွေ့ရကြောင်း ငြင်းဆိုထားသည်။ မည်သူမျှ မွေးရာပါအားဖြင့် ဗြာဟ္မဏ သို့မဟုတ် ဗြာဟ္မဏမဟုတ်သူ ဖြစ်လာကြသည်မဟုတ်။ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူသည် လယ်သမားဖြစ်ပြီး ဗြာဟ္မဏ မဟုတ်၊ ကုန်သွယ်မှု ပြုသူသည် ကုန်သည်ဖြစ်ပြီး ဗြာဟ္မဏ မဟုတ်၊ ခိုးသူသည် သူခိုးဖြစ် ပြီး ဗြာဟ္မဏမဟုတ်ချေ။ ဇာတ်ဟူသည် ထုံးဓလေ့ မျှသာဖြစ်သည်။

[1] သုတ္တနိ၊ ၂၉၈ (ဝသလသုတ်)။

[2] မ ၂၊ ၄၀၇။ သုတ္တနိ ၊ ၃၇၄။ ဝါသေဋ္ဌသုတ်သည် ဤအကြောင်းအရာနှင့် ပတ်သက်၍ ရှေးအကျဆုံးသော သုတ္တန်များအနက် တစ်ခုဖြစ်ကြောင်း တွေ့ရသည်။ ရှေးအကျဆုံးပါဠိများအနက် တစ်ခုဖြစ်သည့် သုတ္တနိပါတ်ပါဠိတော်၌ ဖော်ပြ သောအချက်သည် ယင်းပါဠိတော်အား သက်တမ်း ကြာမြင့်ကြောင်း ဖော်ပြ သည်။ ဤသုတ်၌ ပါရှိသည့် ဂါထာပုဒ်ရေ ၂၈ ပုဒ်ကို ရှေးအကျဆုံး ပါဠိတော် တစ်ခုဖြစ် သည့် ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ်၌လည်း တွေ့ရသည်။

တားမြစ်လျက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသည်။

တစ်ခါတစ်ရံတွင် ဘုရင်မင်းတရားကိုယ်တိုင် လူတစ်ယောက်ကို နိုင်ထက်စီးနင်း လုပ်နိုင်သည်။ ယင်းသို့သော အခြေအနေတွင် ထိုသူမှာ ကူညီနိုင်သူမရှိဘဲ မည်သည့် အဆင့်မြင့် အရာရှိမှ ပေါ်လာခြင်းမရှိချေ။ သဒ္ဓါတိဿကဲ့သို့သော မင်းကောင်းတစ်ပါးသည်ပင် မုဏ္ဍဂုတ္တအမည်ရှိသူ ဆင်းရဲသား တစ်ယောက်ပိုင်သည့် နွားမကို နို့ထွက်အလွန်ကောင်းသည်ဟု သတင်းကြားသောကြောင့် အဓမ္မရယူရန် နှစ်သက်ခဲ့ကြောင်း သိရသည်။ ဆင်းရဲသားယောကျ်ားက ဒေသခံအာဏာရှိသူ၏ မိသားစုကို နို့ချဉ်ပုံမှန် အခမဲ့ ပေးရန် ပျက်ကွက်သောကြောင့် ထိုဆင်းရဲသားအား စိတ်ဆိုးဒေါသထွက်ပြီး ယင်းဒေသခံ အာဏာပိုင်က ဘုရင်မင်းအား နားဝင်အောင် ပြောဆိုခဲ့သောကြောင့်ဖြစ်သည်[၂]။ သဒ္ဓါတိဿကဲ့သို့သော ဘာသာတရားကြည်ညိုသည်ဟု ထင်ရှားသော ဘုရင်တစ်ပါး၏ ယင်းသို့သော ရှောင်တခင်ဖြစ်ရပ်ကို ဖြန့်ဖြူးပေးရန် အကယ်၍ ကျမ်းစာများက တွန့်ဆုတ်ခြင်းမရှိလျှင် ထိုဆင်းရဲသားတောသားတစ်ယောက်၏ ကံကြမ္မာသည် အကြင်နာမဲ့သည့် အစိုးရအရာရှိများ၏ လက်၌ မည်သို့ရှိမည်ကို စဉ်းစားကြည့်ရန် မခက်ချေ။

ထင်ရှားစွာ ရွေးချယ်ထားသည့် ပါလီမန်၏ လုပ်ဆောင်မှု၏ မည်သည့် ပျက်ကွက်မှုတွင်မဆို ပြည်သူလူထုမှာ နိုင်ငံရေး အခြေအနေသို့ လူထုအခွင့်အရေး သဘောတရားတစ်ခု တိုးတက်ရန် အခွင့်အလမ်းမျိုး မရှိချေ။

လူထု၏ သက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်မှုများတွင် အခန်း ၂ တွင် တွေ့မြင်ခဲ့ကြရသည်အတိုင်း စိုက်ပျိုးရေးသည် ပထမဖြစ်သည်။ အရေးပေါ်ကာလများတွင် အစားအစာ ထုတ်လုပ်ရန်အားပေးသည့် အနေဖြင့် ရေမြေ့အရှင် ဘုရင်မင်းကိုယ်တိုင် လယ်မြေသို့ ကွင်းဆင်းပြီး အခြားသူများနှင့်အတူ ပါဝင်ဆောင်ရွက်သည်အထိ ဂုဏ်ပြု အရေးပါသော လုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို ယူဆခဲ့

[၁] See Badulla Pilla Inscription.

[၂] ရသဝါဟိနီ ၂၊ ၃၃။



(၁) ဗုဒ္ဓဝါဒသည် ဇာတ်ခွဲခြားမှု စနစ်ကို တရားမျှတ သို့မဟုတ် ကောင်းသည်ဟု လက်မခံချေ

(၂) သို့ တစေ ဇာတ်ခွဲခြားမှုသည် လူ့အဖွဲ့အစည်းတွင် အစစ်အမှန်တရားတစ် ခုအဖြစ် တည်ရှိပြီးဖြစ်သောကြောင့် ယင်းစနစ်ကို ကမ္ဘသီအိုရီဖြင့် ရှင်းလင်းခဲ့သည်

(၃) သို့တစေ ကိုယ်ကျင့်တရား စိတ်ပိုင်းဘဝ အားထုတ်မှု၏ ရလာဒ်မှာ မည်သည့် အမျိုးဇာတ်ထက်မဆို အဆင့်ပိုမြင့်သည်။

အချို့သော လူ့အဖွဲ့အစည်းမျိုးတွင် အတွေးအမြင်အချို့မှာ အခြားတစ်မျိုးထက် ပိုမိုလူသိများလာသည်မှာ သဘာဝတရားဖြစ်သည်။ သို့ဖြစ်၍ ပဒေသရာဇ်စနစ် လူ့အဖွဲ့အစည်းတွင် ဒုတိယအရာကို ပထမအရာထက် ပို၍ လက်ခံနိုင်သည်။ တတိယအယူအဆအား အယူစွဲသန်သူ ဗြဟ္မဏမှတစ်ပါး အခြားမည်သည့် ကြောင်းကျိုး ဆီလျော်သူမှ မပယ်စွန့်နိုင်ချေ။ သို့ဖြစ်၍ ပုဂ္ဂိုလ်တစ်ယောက်၏ အတိတ်ကံအရ ဇာတ်နိမ့် ဇာတ်မြင့်တွင် မွေးဖွားသည်ဟူသော စူဠကမ္မဝိဘင်္ဂသုတ်တော်တွင် မြွက်ဆိုသည့် ယူဆချက်သည် ပဒေသရာဇ်ခေတ် သီဟိုဠ်တွင် လူသားမျိုးနွယ်များအကြား အစစ်အမှန်အားဖြင့် မွေးရာပါခြားနားချက်မရှိဟူသော ဝါသေဋ္ဌသုတ်လာ အတွေးအမြင်ထက် ပို၍ လူကြိုက်နှစ်သက်သွားပုံရသည်[၁]။

ရှေးခေတ်သီဟိုဠ်နိုင်ငံတွင် သီဟိုဠ်ဗုဒ္ဓဝါဒီများအား ထိုအတွေးအမြင်များ လွှမ်းမိုးခဲ့သည်မှာ ထင်ရှားသည်။ သို့ရာတွင် အိန္ဒိယမှာကဲ့သို့ တင်းကျပ်သော ဇာတ်စနစ်မဟုတ်ချေ[၂]။ ယင်းသည် လူ့လောကအလွှာတွင်သာဖြစ်ပြီး ဗြဟ္မဏဝါဒ ဇာတ်စနစ်ကဲ့သို့ ဘာသာရေးအရ မဟုတ်ချေ။ လူတစ်ယောက်၏ ဇာတ်သည် နိမ့်ကျသော်လည်း လောကုတ္တရာ

[၁] လူသားအားလုံး မွေးရာပါအားဖြင့် တူညီသည်ဟူသော ပထမယူဆချက်သည် ခေတ်သစ် လူမှု စီးပွားနှင့် နိုင်ငံရေး တိုးတက်မှုများအောက်တွင် ခေတ်သစ် ဒီမိုကရက်တစ် သီဟိုဠ်နိုင်ငံတွင် ပို၍ လူကြိုက်များနေသည်။

[၂] သို့ရာတွင် ခတ္တိယနှင့် ဗြဟ္မဏတို့မှ တစ်ပါး ဇာတ်မတူသူများနှင့် အိမ်ထောင်ပြုခြင်းကိစ္စမရှိဟု ဆိုသည်။ ကုဏ္ဍနာဂမင်း (၂၄၈-၂၄၉ အေဒီ)သည် ဗြဟ္မဏ အမျိုးသမီးဖြစ်သည် (မဟာဝံသ ၃၆၊ ၂၃။ ရသဝါဟိနီ ၂၊ ၇)။ သီဟိုဠ်နှင့် တမိးလ်များ လက်ထပ်ခြင်း ရှိကြောင်းလည်း သိရသည်။ မဟာဒါဌိက မဟာနာဂမင်း

စိတ်ပိုင်းဘ၀ ထိုးထွင်းသိမြင်မှု အခွင့်အရေးရှုထောင့်မှမူ မည်သူ့ကိုမျှ ခွဲခြားမှုမရှိချေ[၁]။ ဥပမာဆိုမူ ဆင်းရဲသားအား ဆင်းရဲခြင်းဟူသော အကြောင်းကြောင့် အဆိုပါ အခွင့်အရေးမှာ ခြားနားခြင်း မရှိ။ ဇာတ်နိမ့်သူသည် ဆင်းရဲသားကဲ့သို့ပင် အတိတ်ဘ၀ အကုသိုလ်ကံကြောင့်သာ ဖြစ်သည်။ ယင်းသည် ဗုဒ္ဓ၀ါဒရှုထောင့်အရ ကရုဏာရှေ့ထား၍ ကြင်နာစွာ ဆက်ဆံရန်သာ ဖြစ်သည်။ ယင်းအမျိုးဇာတ် အမျိုးမျိုးသည် မချိုးဖောက် သို့မဟုတ် မလွန်ကျူးစေရသော ဒုမင်္ဂလ သုမင်္ဂလကိစ္စများနှင့်ပတ်သက်သည့် ဓလေ့ထုံးစံအချို့ကို လိုက်နာရသည်[၂]။

ဘုရင်သည် နိုင်ငံတော်တစ်ခုလုံး၏ အချုပ်အခြာ အာဏာပိုင်စိုးသူဖြစ်သော်လည်း ဒေသခံလူထု၏ ထောက်ခံမှုဖြင့် ဘုရင့်အရာရှိများ အုပ်ချုပ်သည့် ဒေသဆိုင်ရာ ကိစ္စရပ်များတွင် လူထုသည် အတော်အတန် ဒီမိုကရေစီနည်းကျ လွတ်လပ်ခွင့်ရှိပုံရသည်[၃]။ သီဟိုဠ်ကျွန်းကို နယ်ပယ် သို့မဟုတ် ရဋ္ဌ များ ပိုင်းခြားထားပြီး ယင်းရဋ္ဌများကို တစ်ဖန် အုပ်ချုပ်ရေးလွယ်ကူစေရန် ကျေးရွာဆယ်ခုပါသည့် အုပ်စုများ ခွဲခြားထားပြန်သည်။

Vevalkariy ကျောက်စာအရ ယင်းကျေးရွာအုပ်စုများအတွင်း 'မှုခင်းရေးရာ အဆုံးအဖြတ်များကို ဘုရင့်ကောင်စီ အရာရှိများ၏ လက်အောက်ခံ ကျေးရွာခေါင်းဆောင်များနှင့် တာ၀န်ရှိ အိမ်ထောင်ဦးစီးများဖြင့် ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ တရားရုံးက ဆုံးဖြတ်သည်။ ယင်းကျေးရွာ တရားရုံးကို ဘုရင့်ကောင်စီနှင့် အမတ်များက ချမှတ်ထားသည့် ဥပဒေများ သက်ရောက်စေရန် အဆိုပါ ကျေးရွာ တရားရုံးကို အမိန့်အာဏာ ပေးထားသည်။ ပုံစံအားဖြင့် ယင်းကျေးရွာရုံးတော်သည် ဥပဒေချိုးဖောက်သူများထံမှ ရရှိသည့် သတ်မှတ် ဒဏ်ငွေ များမှတစ်ပါး လူသတ်မှုနှင့် လုယက်မှုများကို စစ်ဆေးနိုင်ပြီး အချို့အမှုများတွင် သေဒဏ်ကိုပင် ပေးနိုင်သည်'[၁]။

(အေဒီ ၆၇-၇၉) တွင် ဒမိဠဒေဝီအမည်ရှိသည့် မိဖုရားတစ်ပါးရှိသည် (အံ-ဌ ၁၊ ၁၃)။ စန္ဒမုခသိ၀မင်း (အေဒီ ၁၀၃-၁၁၂)၏ မိဖုရားသည်လည်း တမီးလ် အမျိုးသမီးဖြစ်သည် (ဒီပဝံသ ၂၁၊ ၄၅)။

[၁] သို့ရာတွင် အမ္ဗဂမုဝ ကျောက်စာ (E.Z. II, p. 210 ff. lines 34-35) တွင် ပထမ ဝိဇယဗာဟု (အေဒီ ၁၀၅၉-၁၁၁၄)သည် သိရိပါဒ (ဗုဒ္ဓခြေတော်ရာ) တည်ရှိသည့် အထက်ဆင့် သမနောလတောင် (Adam's Peak) ၏ အောက်တွင် ဇာတ်နိမ့်သူများ ထိုစေတီကို ဖူးမြော်နိုင်ရန် စောင်းတန်းတစ်ခု တည်ဆောက်ကြောင်း ဆိုသည်။ ဗုဒ္ဓဘာသာ ၀တ်ပြုဆုတောင်းခြင်း၌ ယင်းခွဲခြားမှုသည် ထုံးစံ မဟုတ်ဘဲ တွေ့တောင့်တွေ့ခဲ ဆောင်ရွက်မှုသာ ဖြစ်သည်။

[၂] E.Z. I, p. 246 or 247; Vevalkariya Inscription, lones 32-34.

[၃] ဒေသခံလူထုဟူသည် ယနေ့ခေတ် သီရိလင်္ကာနိုင်ငံရှိ ကျေးရွာကော်မတီ၏ ရှေ့ပြေးပုံစံဖြစ်သည်။



ထိုအတူပင် 'ဒေသဆိုင်ရာ ကုန်သွယ်မှုနှင့် အခြား ကော်ပိုရေးရှင်းများအား ဒဏ်ငွေများစည်းကြပ်ကောက်ခံရန်၊ လူသူသတ်ရာဇ၀တ်သားများအား ဖမ်းဆီးရန်နှင့် တရားဥပဒေရေးရာ စီမံဆောင်ရွက်မှုတွင် ဘုရင့်အရာရှိများအား ကူညီရန် လုပ်ပိုင်ခွင့် ပေးထားသည်[၂]။ ကန့်သတ်အချိန်တစ်ခုအတွင်း ၎င်းတို့၏ ပိုင်နက်အတွင်း ရွာသားတို့ကို ဖမ်းချုပ်ခြင်း ရာဇ၀တ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ပေးခြင်းများအတွက်မှာ စုပေါင်းအုပ်ချုပ်သူများ၏ တာ၀န်ဖြစ်ပြီး တာ၀န်ကို ချိုးဖောက်သူများရှိခဲ့လျှင် လူထုကို ပြစ်ဒဏ်များကို ချမှတ်သည်[၃]။

ပြစ်မှုအမျိုးမျိုးအတွက် ပြစ်ဒဏ်များမှာ အလွန်ပင် ရက်စက်ကြမ်းကြုတ်သည်။ သေဒဏ်၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖြတ်တောက်ခြင်း၊ သံပူကပ်၍ ကိုယ်ခန္ဓာမှာ အမှတ်တံဆိပ်ပြုခြင်း၊ ပြစ်ဒဏ်ကျူးလွန်သူများအား ရဲရဲနီအောင် ဖုတ်ထားသည့် သံပူပေါ်တွင် ဖိနပ်မပါသည့် ခြေဖြင့် အတင်းအကြပ် ဖြတ်လျှောက်ခိုင်းခြင်းစသည်တို့မှာ ယင်းပြစ်ဒဏ်များမှ အချို့ဖြစ်သည်။

လူအချို့မှာ ဒေသဆိုင်ရာ အာဏာရှိသူများ၏ အနိုင်ကျင့်ခြင်းလုပ်ကြံခြင်း ခံကြရသည်။ ထိုသို့သော အခြေအနေများတွင် ရွာသူရွာသားများသည် တစ်ခါတစ်ရံ ဘုရင်မင်း ဌာနများစွာသို့ အခါအားလျော်စွာ တိုင်းခန်းလှည့်လည်စဉ် တင်ပြကြလျက် ဘုရင်က ယင်းသို့သော တရားဥပဒေနှင့် မညီညွတ် တရားမမျှတသော အပြုအမူများကို

[၁] W Wickremasinghe : E.Z. I, p. 244.

[၂] Paranavitana : E.Z. III, p. 74.

[၃] Vevalkariya Inscription, E.Z. III, p. 245.

ရွက်လှွင့်လျက် ကုန်သည်များ ခရီးသွားကြပြီး အချို့မှာ ယင်းတိုင်းပြည်များ၌ နှစ်ပေါင်းများစွာ ကြာသည်[၁]။ အေဒီ ၇ ရာစု၏ နောက်ဆုံးနှစ်ဝက် သို့မဟုတ် ၈ ရာစု အစပိုင်း သက္ကတဘာသာရေး တိရိယာယ ကျောက်စာ (Tiriyāy Rock Inscription)တွင်[၂] 'ရောင်းဝယ်မှုကို ဆောင်ရွက်ပြီး သင်္ဘောပေါ်တွင် တင်ဆောင်ထားသည့် ကုန်ပစ္စည်း အမျိုးမျိုးကို ပြသသည့် ပင်လယ်ရေကြောင်း ကျွမ်းကျင်သူ ကုန်သည် အုပ်စုများအကြောင်း' ဖော်ပြထားသည်။ ယင်းကုမ္ပဏီများကို ဗုဒ္ဓရှင်တော်မြတ် ဗောဓိဉာဏ်ကို ရပြီးနောက် ပထမဆုံး ဆွမ်းဆက်ကပ်ပြီး ကမ္ဘာပေါ်တွင် ပထမဆုံးသော ဗုဒ္ဓဝါဒီ ဥပါသကာများအဖြစ် ယူဆခံရသည့် ထင်ရှားသည့် ဗုဒ္ဓဝါဒီ တပုဿနှင့် ဘလ္လိက နာမည်များဖြင့် မှည့်ခေါ်ကြသည်[၃]။

---

[၁] ရသဝါဟိနီ ၂၊ ၁၃၉။ ၁၇၁။ ၁၉၂။ သုဝဏ္ဏဘူမိနိုင်ငံသည် ယင်းတို့အနက် တစ်နိုင်ငံဖြစ်ကြောင်း ဖော်ပြသည်။

[၂] E. Z. IV, p. 158 and 314.

[၃] ဤကျောက်စာသည် အေဒီ ၇ သို့မဟုတ် ၈ ရာစုတွင် တည်ရှိခဲ့သည့် ကုန်သည်အုပ်စုများကို ရည်ညွှန်းသလော၊ သို့တည်းမဟုတ် ကျောက်စာပါ Trapus-sakairv Vallikakairv Vanigganaih 'တြပုဿကနှင့် ဘလ္လိကက အမည်ရသည့် ကုန်သည်အုပ်စု'ဟူသော စကားလုံးများမှာ မည်သည်ကို အတိအကျ အဓိပ္ပာယ်ဆိုလိုသည်နှင့် ပတ်သက်၍ အယူအဆ ခြားနားချက်များ ရှိခဲ့ပုံရသည်။ ပရနဝိတနပုဂ္ဂိုလ်က ယင်းစကားလုံးများမှာ ဗုဒ္ဓရှင်တော်မြတ် ဗောဓိဉာဏ်ကို ရပြီးနောက် များမကြာမီ ဗုဒ္ဓရှင်တော်မြတ်အား ဆွမ်းဆက်ကပ်ခဲ့သည့် တပုဿ ဘလ္လိကနှင့် ၎င်းတို့၏ နောက်လိုက်နောက်ပါ ကုန်သည်များကို ရည်ညွှန်းသည်ဟု ယူဆခဲ့သည်။ Rao Bahadur K.N. Dikshit ပုဂ္ဂိုလ်က ယင်းသည် 'တပုဿနှင့် ဘလ္လိကတို့၏ တပည့်နောက်ပါများ ဖြစ်သည်'ဟု ယူဆသည်။ B. Ch. Chhabra ကမူ တပုဿနှင့် ဘလ္လိကအမည်ရှိ ကုန်သည်အုပ်စုနှစ်ခုမှာ ဗုဒ္ဓရှင်တော်မြတ်အား ပထမဆုံး ဆွမ်းကို ဆက်ကပ်ခဲ့ကြသည့် တပုဿ ဘလ္လိကနှင့် ၎င်းတို့၏ နောက်ပါများကို ရည်ရွယ်သော်လည်း ဤကျောက်စာကို မရေးထိုးမီ တိရိယာယ အရပ်၌ ဘုရားကျောင်း တည်ဆောက်ခဲ့ကြသည့် ကုန်သည်များအဖြစ် ယူရမည်ဟု တိုက်တွန်းထားသည်။ စီးပွားရေး အခြေခံတစ်ခုကို နည်းလမ်း အမျိုးမျိုးဖြင့် မှည့်ခေါ်နိုင်သည်။ ယင်းအမည်ကို ပိုင်ဆိုင်သူ၏ အမည် သို့မဟုတ် ထင်ရှားကျော်ကြားသူ တစ်ယောက်၏ အမည်များဖြင့် မှည့်ခေါ်နိုင်



သည်။ ဒုဋ္ဌဂါမဏီသည် ဧဠာရကျေးမင်းကို တိုက်ခိုက်မည့် စစ်ဆင်ရေးမစတင်မီတွင် ဒီဃဝါပိအရပ် (မဟာဝါလိဂင်္ဂါမြစ် တောင်ဖက်ရှိ အရှေ့ဖျား ဒေသ)ရှိ ကျယ်ပြောသည့် နယ်မြေများ၌ ထွန်ယက်စိုက်ပျိုးရေးဆောင်ရွက်ရန် ညီတော်တိဿအား လွှဲအပ်ခဲ့ကြောင်း ဆိုသည်[၂]။

ချမ်းသာသည့် လယ်သမားများသည် လူရာပေါင်းများစွာကို ဖိတ်ကြားကျွေးမွေးလျက် စပါးစိုက်ပျိုးခြင်းနှင့်ဆိုင်သည့် ခမ်းနားသော လယ်ထွန်မင်္ဂလာကို ကျင်းပကြသည်[၃]။ အခြားသူများ၏ လယ်မြေများတွင် စပါးလှည့်ခအနေဖြင့် မိမိရရှိသည့် စပါးအနည်းငယ်ကို အမြတ်ဖြင့်ချေးငှားရာမှ ချမ်းသာသွားသော အလွန့်အလွန် ဆင်းရဲသူတစ်ယောက်အကြောင်း ကြားရလောက်အောင်ပင် စပါးမှာ အကျိုးဖြစ်ထွန်းသည့် ကုန်သွယ်စီးပွားဖြစ်သည်[၄]။

တောဏိဂလကျောက်စာအရ စပါးသာမက အခြားစိုက်ပျိုးသီးနှံများကိုလည်း အမြတ်အစွမ်းများပေးကြောင်းနှင့် အမှန်သော် သီးနှံမျိုးစုံကို အမြတ် ကောင်းကောင်းဖြင့် အပ်နှံနိုင်မည်ဖြစ်သော သီးနှံသိုလှောင်ဘဏ်များပင်ရှိကြောင်း သိရသည်။ ယင်းကျောက်စာအရပင် စပါးအပြင် အခြားသီးနှံများကိုလည်း ကျယ်ပြန့်စွာ စိုက်ပျိုးကြောင်းနားလည်ရသည်။ ယေဘုယျအားဖြင့် လူချမ်းသာတစ်ယောက်ဟူသည်ကို စပါး၊ ပဲနှင့် အခြားသီးနှံများပိုင်ဆိုင်သူအဖြစ် ဖော်ပြသည်[၅]။ မဟာဝံသကျမ်း၌ နာမည်ကျော် ဂေါဠိမ္ဗရတို့ ညီအစ်ကို စိုက်ပျိုးသည့် ပဲခင်းအကြောင်းကို ဖော်ပြထားသည်[၆]။

ဤခေတ်အပိုင်းအခြားတွင် အုန်းပင်စိုက်ပျိုးခြင်း အကြောင်းနှင့် အလုံအလောက် မကြားရခြင်းမှာ ဆန်းသော်လည်း အုန်းပင်စိုက်ပျိုးခြင်းမှာ အလွန် ထင်ရှားသည်။ ရသဝါဟိနီကျမ်း[၇]၌ ရောဟဏ အရပ်

---

[၁] ရသဝါဟိနီ ၂၊ ၁၁၃။

[၂] ယင်း၊ ၆၉။

[၃] ယင်း၊ ၁၁၆။

[၄] ယင်း၊ ၁၂၅။

[၅] ရသဝါဟိနီ ၂၊ ၁၃၁။

[၆] မဟာဝံသ ၂၈၊ ၅၁။

[၇] ရသဝါဟိနီ ၂၊ ၉၄။

ရှိ ကပ္ပကန္ဒရဝိဟာရတွင် ကြီးမားသည့် အုန်းခင်းရှိကြောင်း ဖော်ပြသည်။ မဟာဝံသကျမ်း[၁]၌လည်း ပထမအဂ္ဂဗောဓိမင်း (အေဒီ ၅၆၈-၆၀၁) တည်ဆောက်သည့် ကုရုန္ဒကျောင်းတိုက်အား သုံးယူဇနာ ကျယ်ဝန်းသည့် အုန်းခြံ (နာလိကေရာရာမံ တိယောဇနံ) တစ်ခု အကြောင်း ဖော်ပြသည်။ ကြံစိုက်ပျိုးရေးမှာလည်း ထင်ရှားပြီး သကြားစက်ရုံ အကြောင်းကိုပင် သိရသည်[၂]။

အေဒီ ၇ ရာစုတွင် ဟူယင်ဆန်က သီဟိုဠ်နိုင်ငံ၏ စိုက်ပျိုးရေး ချမ်းသာကြွယ်ဝပုံအကြောင်းကို ဤသို့ရေးခဲ့သည် 'မြေသည် ချမ်းသာပြီး မြေသြဇာကောင်း၏။ ရာသီဥတုမှာ ပူ၏။ မြေကို ပုံမှန် ထွန်ယက်စိုက်ပျိုးကြ၏။ ပန်းမန်သစ်သီးများ ပေါများ၏'[၃]။

ကျွဲနွားမွေးမြူရေးမှာလည်း စိုက်ပျိုးရေးကဲ့သို့ပင် အကျိုးဖြစ်ထွန်းသည်။ နို့ထွက်နွားမတစ်ကောင်၏ တန်ဖိုးမှာ ၈ ကဟာပဏနှင့် ၁၂ ကဟာပဏအကြား တန်ဖိုးရှိသည်[၄]။ ပုံမှန်အားဖြင့် နွားမတစ်ကောင်ကို နံနက်တစ်ကြိမ် ညနေတစ်ကြိမ် နို့ညှစ်သည်[၅]။ ချမ်းသာသည့် လယ်သမားတစ်ယောက်သည် ကျွဲနွားများစွာနှင့် လယ်မြေများကို ပိုင်ဆိုင်ရန် မျှော်လင့်သည်။ အကြောင်းမှာ ယင်းတိရစ္ဆာန်များမှာ စိုက်ပျိုးရေးအတွက် မရှိမဖြစ် လိုအပ်သောကြောင့် ဖြစ်သည်။ နွားအုပ်များနှင့် သီးခြားကျေးရွာများနှင့် အခန်းနှစ်တွင် ဖော်ပြပြီးသည့်အတိုင်း နံနက်တွင် ကျွဲနွားကျောင်းရန် ထွက်သွားပြီး ညနေတွင်[၆] အိမ်ပြန်သည့် ကျွဲနွားကျောင်းသူများ ကြားသိရသည်အထိ ကျယ်ပြန့်သောအတိုင်းအတာဖြင့် ရှေးခေတ် သီဟိုဠ်တွင် ကျွဲနွားမွေးမြူရေးလုပ်

[၁] မဟာဝံသ ၄၂၊ ၁၆။
[၂] အံ-၄ ၁၊ ၃၉၅။ ရသဝါဟိနီ ၂၊ ၁၄၃။ (ရသဝါဟိနီ၌ ယန္တဘတိ ဟူသောဝေါဟာရကို သုံးထား ပြီး ယင်းကို သဒ္ဓမ္မာလင်္ကာရကျမ်း၌ သကြားစက်ရုံတွင် အလုပ်လုပ်ခြင်းဟု အဓိပ္ပာယ်ပြန်ထားသည်။
[၃] Hiuen Tsiang : Bk. XI, p. 235.
[၄] ရသဝါဟိနီ ၂၊ ၃၂။ အံ-၄ ၁၊ ၂၇၇။
[၅] အံ-၄ ၁၊ ၃၉၅။
[၆] ရသဝါဟိနီ ၂၊ ၂၂။



ငန်းများကို ဆောင်ရွက်ကြသည်။ ရှေ့အခန်းများတွင် တွေ့ခဲ့ရသည့်အတိုင်း နွားသားကို စားသုံးခြင်းမှာ လူမှုရေးအရ ရှောင်ကြဉ်မှုတစ်ရပ်ဖြစ်သဖြင့် ကျွဲနွားများကို နို့နှင့် စိုက်ပျိုးရေးအတွက် အများဆုံး မွေးမြူပြီး အသားအတွက် မဟုတ်သည်မှာ သေချာသည်။

ပြည်တွင်း ပြည်ပကုန်သွယ်မှုမှာ ကြီးမားသည့် လုပ်ငန်းဖြစ်သည်။ ကုန်သည်များသည် စီးပွားရေးအလုပ်ဖြင့် နိုင်ငံတစ်ဝန်းလုံးသို့ လှည့်လည် သွားလာကြကြောင်း[၁] သိရပြီး အချို့မှာ ဂျင်းကဲ့သို့သော ကုန်ပစ္စည်းများကို စုဆောင်းလျက် မလယကဲ့သို့သော နေရာများသို့ လှည်းများဖြင့် သွားကြသည်[၂]။ ဗဒုလ္လကျောက်စာတွင် မဟိယင်္ဂဏအနီးရှိ ဟောင်္ဂပိဂါမ၌ ၁၀ ရာစု ဈေးနေရာတစ်ခု၏ ရုပ်ပုံလွှာကို ရှင်းလင်းစွာ ဖော်ပြထားသည်[၃]။

ထိုနေရာတွင် ဆိုင်နေရာများကို အခွန်ဆောင်ရမည့် ကုန်ပစ္စည်းအမျိုးမျိုးကို ရောင်းချခြင်းနှင့် သီးခြားခွဲထားသည်။ ငရုပ်ကောင်းနှင့် ဇာတိပ္ဖိုလ်သီးများကိုပင် ယင်းကို ဝယ်ရန်လာသူများအား ထိုဆိုင်များ၌ ရောင်းချရပြီး အကယ်၍ ယင်းတို့ကို အခြားနေရာများ၌ ရောင်းချလျှင် ဈေးတာဝန်ခံ အာဏာပိုင်များက ရောင်းချသူများအား ဖယ်ရှားနိုင်သည်။ ခွင့်ပြုအလေးချိန်နှင့် အတိုင်းအတာအားလုံးကို အစိုးရတံဆိပ် ရိုက်နှိပ်ထားသည်။ 'မှောင်ခိုဈေး'ကို တွေ့ရပြီး ယင်းမှာ တရားမဝင်ချေ။ ကုန်ပစ္စည်းအားလုံးကို ကြေညာရမည်ဖြစ်ပြီး မကြေညာသည့် ကုန်ပစ္စည်းကို တွေ့ရလျှင် ထိုကုန်ပစ္စည်းများမှ အခွန်နှစ်ဆကို ကောက်ခံသည်။ ရောင်းချရန် မရည်ရွယ်သည့် နေရာများ၌ ကုန်ပစ္စည်းများကို ချိန်တွယ် တိုင်းတာမည်မဟုတ်ချေ။ ကုန်သွယ်မှုအားလုံးကို ဥပုသ်နေ့များ၌ ရပ်ဆိုင်းထားရမည်ဖြစ်သည်။

နိုင်ငံခြားတိုင်းပြည်များနှင့် ကုန်ရောင်းကုန်ဝယ်မှု အများအပြားရှိခဲ့သည်။ စီးပွားရေးကိစ္စဖြင့် နိုင်ငံခြား တိုင်းပြည်များသို့ သင်္ဘောများ

[၁] ယင်း၊ ၁၃၆။
[၂] မဟာဝံသ ၃၈၊ ၂၁။
[၃] E. Z. III, p. 74.

အချို့မှာ အခြားပုဂ္ဂိုလ်များ၏ လယ်တွင် စပါးအငှားရိတ်ခြင်း[၁]၊ လူချမ်းသာအိမ်များ၌ အလုပ်လုပ်ခြင်း[၂]ကဲ့သို့သော ဆန်းပြားသည့် အလုပ်များနှင့် စပါးလှည့်ခြင်းနှင့် ချမ်းသာသည့် လယ်သမားများ စွန့်ပစ်ပြီးဖြစ်သည့် တနင်းနယ်သည့်ကွင်းမှ ကောက်ရိုးများကို ခါယူလျက် ရသည့် စပါးအနည်းငယ်ကို စုဆောင်း၍ပင် အသက်မွေးကြသည်[၃]။

အလုပ်အကိုင် ရှာဖွေကြသည့် ဆင်းရဲသားများကို တွေ့ရသော်လည်း မည်သည့်ခေတ်တွင်မှ စစ်မှန်သည့် အလုပ်လက်မဲ့ပြဿနာ ရှိခဲ့ပုံမရချေ။ မြေရှင်ပဒေသရာဇ်စနစ်တွင် အလုပ်လက်မဲ့ပြဿနာ လုံးဝမရှိချေ။

အခြားတစ်ဘက်တွင် ချမ်းသာကြွယ်ဝမှုကို မြေရှင်များနှင့် ကုန်သည်များက ချုပ်ကိုင်ထားပြီး အခြားတစ်ဘက်တွင်မူ ဆင်းရဲစုတ်ချာမှုသည် ဆင်းရဲသားများအား အကြီးအကျယ် ပျက်စီးစေပုံရသည်။ ဆင်းရဲသားလူတန်းစားများ၌ ဆင်းရဲမွဲတေမှုသည် တစ်ခါတစ်ရံတွင် မိဘများအား မိမိတို့၏ သားသမီးများကို ကဟာပဏအနည်းငယ်မျှဖြင့် ကျေးကျွန်အဖြစ် ရောင်းချရန် သို့မဟုတ် ပေါင်နှံရန် တွန်းပို့ ပေးသည်အထိပင် လွန်ကဲခဲ့သည်။ ယင်းသို့သော ဆင်းရဲသားတစ်ယောက်သည် မိမိ၏ သမီးအား ၁၂ ကဟာပဏဖြင့်ချမ်းသာသည့် မိသားစုတစ်စုသို့ ပေါင်နှံခဲ့ပြီး သားတစ်ယောက်မှာမူ ၈ ကဟာပဏဖြင့် လူချမ်းသာအိမ်သို့ မိဘများ၏ ပေါင်နှံခြင်းကို ခံခဲ့ရသည်[၄]။ အချို့မိဘများမှာ ၎င်းတို့၏ သားသမီးများကို အရေးပေါ် ငွေကြေးလိုအပ်ပါက ရနိုင်သည့် ကုန်ပစ္စည်းအဖြစ်ပင် ယူဆခဲ့ပုံရသည်။ အထက်တွင် ဖော်ပြခဲ့သည့် အပေါင်ခံ အမျိုးသမီးငယ်၏ မိခင်သည် ခင်ပွန်းသည်အား 'သားသမီးရှိသူများသည် ဆင်းရဲပါမည်လော၊ သင်၏ သမီးရှိပါ

[၁] သဟာဿဝတ္ထု၊ အရိယဂါလ မဟာတိဿဿ ဝတ္ထု။
[၂] ရသဝါဟိနီ ၂၊ ၁၂၅။
[၃] ယင်း၊ ၁၂၅၊ ၁၄၉။
[၄] အံ-၄ ၁၊ ၃၉၅။ ရသဝါဟိနီ ၂၊ ၁၄၃။



အနုရာဓပုရမြို့သည် ကုန်သည်အုပ်စု အမျိုးမျိုးတို့၏ ဗဟိုဌာန ဖြစ်ခဲ့သည်။ လိလာဝတီမိဖုရားရေးထိုးသော ကျောက်စာတစ်ခုအရ အဒေ

သည်။ ယနေ့ခေတ် သီဟိုဠ်တွင် ဗုဒ္ဓခေတ်က ထင်ရှားကျော်ကြားသည့် ဇီဝကဆေးဆရာကြီး၏ အမည်ကိုယူပြီး မှည့်ခေါ်ထားသော ဇီဝကဩသဓာလယ (ဇီဝကဆေးပေးခန်း)များကို တွေ့နိုင်သည်။ ထိုအတူပင် အဆိုပါ ကုန်သည်အုပ်စုများသည် အလွန်သင့်တော် ကောင်းမွန်သည့် အမည်ဖြစ်သည့် ဗုဒ္ဓရှင်တော်မြတ်အား ပထမဆုံး ဆွမ်းကပ်လှူပြီး ကမ္ဘာပေါ်တွင် ပထမဆုံး ဗုဒ္ဓဘာသာ ဥပါသကာများ ဖြစ်လာကြသည့် တပုဿနှင့် ဘလ္လိကတို့၏ နာမည်ကိုယူ၍ မှည့်ခေါ်ခဲ့ဖွယ်ရှိသည်။

တပုဿနှင့် ဘလ္လိကနာမည်တို့၏ရှေ့တွင် တွေ့ရသည့် ကအက္ခရာ အပိုမှာ အများ ယူဆထားကြသည့်အတိုင်း ပြဿနာတစ်ခု မဟုတ်ချေ။ ဤကျမ်းပြုသူ (ဝါလ်ပိုလာ ရာဟုလာ)အနေဖြင့်မူ ယင်း ကအက္ခရာကို ပုံမှန်အားဖြင့် အခြားအမည်များကဲ့သို့ပင် ပုဂ္ဂိုလ်ရေးအမည်ကို အဖွဲ့ သို့မဟုတ် အုပ်စုအမည်ဖြင့် သုံးသည့်အခါ တွဲစပ်သည့် နောက်ဆက်ပုဒ်အဖြစ် ယူဆသည်။ တောဏိဂဋ္ဌကျောက်စာ (E.Z. II,p. 177) ပါ ကဠဟုမနက (kaḷahumanaka) နိယမတနပဟိ ဟူသော စကားရပ်ကို ပရနဝိတနပုဂ္ဂိုလ်က 'ကဠှာဟုမနအရပ်၌ စီးပွားရေးအုပ်စုတစ်ခု၏ ညီလာခံ'ဟု ဘာသာပြန်သည်။ သို့ရာတွင် ကဠဟုမန (ကာဠသုမန)ဟူသည် ယင်းစီးပွားရေး အုပ်စုက နာမည်ပေးထားသည့် လူတစ်ယောက်၏ နာမည်ဖြစ်သဖြင့် ယင်းကို 'ကဠှာဟုမန အမည်ရှိသည့် စီးပွားရေးအုပ်စု၏ ညီလာခံ'ဘာသာပြန်လျှင် ပို၍ သင့်မြတ်သည်။ မဟာတုဗက နယမတနပဟိ ဟူသည်လည်း အတူတူဖြစ်သည်။ ယင်းသည် 'မဟာတုဗက (မဟာထူပ)ဟုခေါ်သည့် စီးပွားရေးအုပ်စု'ကို ဆိုလိုသည်။ ထူးခြားသည့် သီဟိုဠ်အသုံးအနှုန်းနှင့်အညီ ယင်းသို့သော ပုဂ္ဂိုလ်ရေး အမည်များတွင် ဆက်ထားသည့် ယင်းကအက္ခရာကို သက္ကတဘာသာဖြင့် ရေးထားသော်လည်း တပုဿဘလ္လိက အမည်များ၌ ထည့်သွင်း သုံးနှုန်းထားခြင်းဖြစ်သည်။ ယင်းတို့အားလုံးမှာ ပုဂ္ဂလိကနာမ်ပုဒ်များ ဖြစ်ကြသည်။ ဒေသဆိုင်ရာ ပါဠိနှင့် သက္ကတအရေးအသားများတွင် မကြာခဏ သီဟိုဠ်ဘာသာစကား လွှမ်းမိုးမှုကို တွေ့ရသည်။ ဥပမာအားဖြင့် အထက်တွင် ဖော်ပြထားသည့် ဇေတဝနာရာမ ကျောက်စာ (E.Z. I, p. 4) ကို ကြည့်ပါ။ သက္ကတဘာသာစကားတွင်လည်း နောက်ဆက် ကအက္ခရာကို ရည်ရွယ်ချက် အမျိုးမျိုးဖြင့် သုံးနှုန်းသည်မှာ ထင်ရှားသည်။ ရှေးခေတ် သီဟိုဠ်၌ ယင်း နောက်ဆက် ကအက္ခရာ အသုံးပြုမှု ယက္ခဒုဝေ သိရိပညာရာမမထေရ် ရေးသားသည့် မဇ္ဈိမနိကာယ်၏ သီဟိုဠ်ဘာသာ နိဒါန်း၌ ဝေဖန်ချက်ကို လေ့လာဖတ်ရှုပါ။

၁၂ ရာစုမှာပင် ယင်းမြို့၌ နိုင်ငံပေါင်းစုံမှ စီးပွားရေးအုပ်စုများ (နာနာဒေသီ ဗျာပါရယံ) ရှိခဲ့ကြောင်းနှင့် ဒေသအသီးသီးမှ မြို့တော် သို့ လာကြသည့် ဆင်းရဲသားများ အသုံးပြုရန် အခမဲ့တည်းခိုဆောင်ကို တည်ဆောက် ထိန်းသိမ်းရေးအတွက် အထောက်အပံ့ကို ရရှိကြောင်း သိရသည်[၁]။ တရုတ်ဘုရားဖူးရဟန်းတော် ဖာဟီယန်က အေဒီ ငါးရာစုအချိန်က အကြောင်းအရာကို 'မြို့တော်၌ ဝေဿ (ကုန်သည်)များနှင့် တိုင်းတစ်ပါး ကုန်သည်များ ရှိကြပြီး ၎င်းတို့၏ အိမ်များမှာ ခမ်းနား လှပကြ၏။ လူနေလမ်းများနှင့် လမ်းကျဉ်းများကို စနစ်တကျ ထိန်းသိမ်းထား၏'[၂]။

စီးပွားရေး လွှဲပြောင်းမှုနှင့် သဘောတူညီမှုများကို ပုံမှန်အားဖြင့် ရေးမှတ်ထားပြီး သဘောတူညီချက် ပြီးဆုံးသောအခါ ယင်းစာရွက်စာတမ်းများကို ဖျက်ဆီးပစ်ကြသည်[၃]။

အခန်း ၂ တွင် ဗုဒ္ဓဝါဒ မတိုင်မီ သီဟိုဠ်၌ အမဲလိုက်ခြင်းမှာ ထင်ရှားကြောင်း သိရသည်။ အသက်ကို သတ်ဖြတ်ခြင်းမှာ ဗုဒ္ဓဓမ္မနှင့် ဆန့်ကျင်သော်လည်း ဗုဒ္ဓဝါဒထွန်းကားပြီးနောက်မှာပင် ပိုမို ဆင်းရဲသည့် လူအချို့သည် အမဲလိုက်ခြင်းနှင့် ငါးမျှားခြင်းကို အသက်မွေးဝမ်းကျောင်းမှုအဖြစ် မဖြစ်မနေ လုပ်ကြရသည်။ ယင်းတို့အနက် အချို့မှာ အမဲလိုက်ရန် အမဲလိုက်ခွေးများရှိကြသည်[၄]။ တစ်ခါတစ်ရံတွင် မုဆိုးများသည် သီးခြားနေထိုင်ကြသည် (နေသာဒဂါမ)[၅]။ ၎င်းတို့သည် အနီးအနားရှိ စျေးနေရာများတွင် အသားများကို ရောင်းချပြီး ဝင်ငွေရရှိကြသည်မှာ ထင်ရှားသည်[၆]။

တစ်ခါတစ်ရံတွင် မုဆိုး တစ်ယောက်သည် ကျော်ကြားသည့် ဓမ္မကထိကဆရာတော် အရှင်သောဏကဲ့သို့သော မထေရ်ကြီးများ၏ဖခင်

[၁] E.Z. I, p. 179.
[၂] Fa Hien, p. 104.
[၃] ရသဝါဟိနီ ၂၊ ၁၈။ ၁၈၇။
[၄] မ-ဋ္ဌ ၄၊ ၈၇။ အံ-ဋ္ဌ ၁၊ ၃၆၄။ အဘိ-ဋ္ဌ ၂၊ ၄၂၀။ မဟာဝံသ ၃၈၊ ၉။
[၅] ရသဝါဟိနီ ၂၊ ၁၄၇။
[၆] ရသဝါဟိနီ ၂၊ ၁၃၂။ မံသေ ဝိက္ကိဏိတွာ ပုတ္တဒါရေ ပေါသေန္တော 'အသားတို့ကို ရောင်းချလျက် ဇနီးမယားနှင့် သားသမီးတို့ကို မွေးမြူလျက်'။



ခင် ဖြစ်နေတတ်သည်။ နောက်ဆုံး၌ သောဏမထေရ်သည် ဖခင်မုဆိုးမှာ သာသနာ့ဘောင်သို့ ဝင်ရောက်လိုသည့် ဆန္ဒမရှိဘဲလျက် ရဟန်းပြုပေးလိုက်သည်[၁]။ ကျမ်းဂန်စာပေ၌ ဖော်ပြသည့် မုဆိုးအများစုမှာ နောက်ဆုံးတွင် ရဟန်းပြုလာပြီး အချို့မှာ ရဟန္တာအဖြစ်ကိုပင် ရရှိသွားကြောင်း ပြဆိုကြသည်[၂]။ မုဆိုးတစ်ယောက်၏ ဇနီးသည်လည်း ၎င်း၏ ခင်းပွန်းမုဆိုး ရဟန်းမပြုခင်မှာပင် သာသနာ့ဘောင်သို့ ဝင် ရောက်ခဲ့ကြောင်း သိရသည်[၃]။

တံငါသည်အလုပ်ဖြင့် ငါးကို ရောင်း၍ သက်မွေးဝမ်းကျောင်းပြုသူများ[၄]လည်း ရှိကြပြီး တံငါသည် ရွာများကို ဖော်ပြသည်[၅]။ တရုတ်ရဟန်းတော် ဟူယင်ဆန်က အေဒီ ၇ ရာစု သီဟိုဠ်တွင် ပုလဲငုပ် လုပ်ငန်းအကြောင်းကို ဖော်ပြသည်[၆]။ ကြက်တိုက်ခြင်း[၇]ရှိသော်လည်း ယင်းသည် လောင်းကစားမှု ဟုတ်မဟုတ်ဟူသည်ကိုမူ မသိရချေ။

သကြားစက်ရုံ (ဥစ္ဆုယန္တ)ကဲ့သို့သော နေရာများ၌ အလုပ်သမားများသည် အလုပ်အကိုင် ရရှိနိုင်ကြသည်။ ဆင်းရဲသားတစ်ယောက်သည် သကြားစက်ရုံတွင် ခြောက်လကြာ အလုပ်လုပ်ပြီးနောက် ၁၂ ကဟာပဏစုမိကြောင်း သိရသည်[၈]။ အဆိုပါဆင်းရဲသားသည် သကြားစက်ရုံတွင် အလုပ်မရမီက မဟာဂါမ၌ ထင်းရောင်းပြီး အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။

[၁] မ-ဋ္ဌ ၄၊ ၈၇။ အံ-ဋ္ဌ ၁၊ ၃၆၄။ အဘိ-ဋ္ဌ ၂၊ ၄၂၀။
[၂] အံ-ဋ္ဌ ၁၊ ၂၇။ ရသဝါဟိနီ ၂၊ ၁၃၂။ ၁၄၇။
[၃] ရသဝါဟိနီ ၂၊ ၁၄၇။
[၄] အံ-ဋ္ဌ ၂၊ ၁၀၇။ မ-ဋ္ဌ ၄၊ ၂၂၉။
[၅] ရသဝါဟိနီ ၂၊ ၁၄၇။
[၆] Hiuen Tsiang : Bk. XI, p. 251.
[၇] အဘိ-ဋ္ဌ ၂၊ ၄၂၅။ ကုက္ကုဋေ ယုဇ္ဈာပေသိ။။
[၈] အံ-ဋ္ဌ ၁၊ ၃၉၅။ ရသဝါဟိနီ ၂၊ ၁၄၃။
တစ်ခါတစ်ရံ သကြားခဲများကို လုပ်အားခအဖြစ် ပေးသည်။ သကြားစက်ရုံတွင် ဟန်ဆောင် အလုပ်လုပ်ခဲ့သော မဟာစုလိ မဟာတိဿ မင်းသည် သကြားခဲများကို လုပ်ခအဖြစ် ရရှိခဲ့ကြောင်း သိရသည် (မဟာဝံသ ၃၄၊ ၄)။

နတ်သမီး (ဒေဝကညာ) များကဲ့သို့ ဝတ်စားထားသည်ဟူသော အချက်မှလွဲ၍ အမျိုးသမီးများ ဝတ်စားဆင်ယင်မှုအကြောင်းကို အနည်းငယ်မျှသာ သိရသည်[၁]။ အမျိုးသမီးများ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ဆီဂိရိယ (Sīgriya)နှင့် အခြားနေရာများရှိ အမျိုးသမီးများ၏ ပုံသဏ္ဍာန်များမှာ အစစ်အမှန်ကို ကိုယ်စားပြုခြင်းထက် ပိုမို၍ ထုံးတမ်းစဉ်လာအတိုင်း ဝတ်စားဆင်ယင်မှု ဖြစ်သဖြင့် ယင်း ရုပ်ပုံများမှ မည်သို့ ကောက်ချက်ဆွဲမည်ကို ဆုံးဖြတ်ရန် ခက်သည်။ မည်သို့ဖြစ်စေ ယောကျ်ား မိန်းမများသည် တတ်နိုင်သမျှ ပန်းချီဆေးရုပ်များကဲ့သို့ လှပစွာ ဝတ်ဆင်လျက် ပွဲတော်ကြီးများသို့ လာရောက်ကြကြောင်းသိရသဖြင့် လူအများသည် အခါအားလျော်စွာ အနုပညာမြောက်စွာ ဝတ်စားဆင်ယင်ကြသည်[၂]။

လူအများမှာ မိမိကိုယ်ကို အလွန်လှပသည်ဟု အထင်ရှိခဲ့ကြဟန်ရှိသည်။ (ယင်းသို့ ထင်မှတ်ရာ၌) ရဟန်းတော်များပင် ခြွင်းချက်မရှိချေ။ တစ်ခါသော် အနုရာဓပုရမြို့တော်၌ ရဟန်းတော်တစ်ပါးနှင့် အမတ်တစ်ယောက်၏သားတို့ အလှပြိုင်ပွဲနှင့် ဆင်သည့် ဖြစ်ရပ်တစ်ခု ရှိပုံရသည်။ အဘယမထေရ်နှင့် အမတ်၏သားသည် တူညီစွာပင် လှပကြသဖြင့် မြို့ထဲတွင် မည်သူကပို လှသနည်းဟု ပြောဆိုကြသည်။ ၎င်းတို့ နှစ်ယောက်လုံးကို မြင်တွေ့ရန် အမတ်၏ဆွေမျိုးများသည် လူငယ်အား လှပစွာ ဝတ်ဆင်လျက် မဟာစေတီကို ဖူးမြော်ရန် ယူဆောင်လာကြသည်။ မထေရ်၏ မိခင်သည်လည်း သားတော်ထံ သင်္ကန်းအသစ် တစ်စုံပို့လျက် ဦးခေါင်းမှ ဆံပင်ကို ရိတ်ဖြတ်ပြီး သင်္ကန်းသစ်ကို ဝတ်ရုံလျက် နောက်ပါ ရဟန်းတော်များနှင့် အတူ မဟာစေတီသို့ ကြွလာရန် မှာကြားလိုက်သည်။ အမတ်၏ သားရော အဘယမထေရ်ပါ နှစ်ဦးလုံးသည် မဟာစေတီတော်ရင်ပြင်၌ ဆုံတွေ့

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၂၀။

[၂] ဒီ-ဋ္ဌ ၊ ၁၆၆။ မ-ဋ္ဌ ၁၊ ၂၆၉။ 'ပန်းချီဆေးရုပ်များကဲသို့ (စိတ္တကမ္မရူပါနိဝိယ)ဟူသော စကားလုံးမှာ ပန်းချီဆေးရုပ်များဟန်ဖြင့် ဝတ်ဆင်ထားကြသည်ဟု မဆိုလိုချေ။ ယင်းသို့ ဆိုခြင်းမှာ ဥပမာစကားမျှသာ ဖြစ်ပြီး ၎င်းတို့မှာ 'အလွန် လှပသည်'ဟု ဆိုလိုခြင်းဖြစ်သည်။



၏၊ သူ့ကို အိမ်တစ်အိမ်မှာ ထားပြီး ၁၂ ကဟာပဏ ယူပြီး နို့စားနွားမ တစ်ကောင် ဝယ်ပါ'ဟု ဆိုသည်[၁]။

တစ်စုံတစ်ယောက်သည် ငွေကို ချေးငှားပြီး တစ်စုံတစ်ခုသော ကန့်သတ်အချိန်အတွင်း အကြွေးပြန်ဆပ်မှုအနေဖြင့် ကြွေးရှင်၏ အလုပ်သမား ဖြစ်လာသည့် စနစ်တစ်ရပ် ရှိခဲ့သည်။ နာဂဒီပမှ အမျိုးသမီးတစ်ယောက်သည် ကဟာပဏ ၆၀ ချေးငှားပြီး ချမ်းသာသည့် အိမ်တစ်အိမ်၌ နေ့အလုပ်သမား ဖြစ်သွားသည်။ နောင်အခါတွင် ထို အမျိုးသမီးသည် ညအလုပ်သမား(ရတ္တိဒါသီ) ဖြစ်ရန် သဘောတူညီချက်ဖြင့် နောက်ထပ် ကဟာပဏ ၆၀ ကိုပါ ထပ်ချေးသည်[၂]။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမျိုးသားတစ်ယောက်နှင့် ၎င်း၏ဇနီးသည် သူဌေးအိမ်၌ အလုပ်လုပ်လုပ်လျက် ၎င်းတို့ ချေးငှားထားသည့် အကြွေး ကဟာပဏ ၆၀ ကို ပေးဆပ်သည့်အနေဖြင့် မိမိတို့၏သားကို ၈ ကဟာပဏဖြင့် ပေါင်နှံခဲ့ကြောင်း သိရသည်[၃]။

ဖာဟီယန် မှတ်တမ်းအရ အေဒီ ၅ ရာစုတွင် မြို့တော်ရှိ ကုန်သည်များ၏ အိမ်များမှာ ခမ်းနားလှပကြောင်း စာစောက သိခဲ့ကြရသော်လည်း ၎င်းတို့အနေဖြင့် မည်သို့ အိမ်ထောင်ပရိဘောဂ ပြင်ဆင်ထားသည်ကို မသိရချေ။ သို့ရာတွင် မဇ္ဈိမနိကာယ်အဋ္ဌကထာ ဖော်ညွှန်းချက်တစ်ခုအရ မူလုပ္ပလဝါပိကျေးရွာရှိ အမတ်တစ်ယောက်၏ အိမ်တွင် ထိုင်ခုံတစ်ခုမှာ မြေထိုင်ခုံ (တဏ္ဍိလပီဌက)ဖြစ်ကြောင်း သိရသည်[၄]။ ယင်းသည် ရှည်လျားပြီး တစ်ယောက်မက ထိုင်နိုင်သည်[၅]။

[၁] သပုတ္တကာ ဒုဂ္ဂတာ နာမ နတ္ထိ၊ အယံ တေ ဓီတာ၊ ဣမံ ဧကသ္မိံ ကုလေ ဋ္ဌပေတွာ ဒွါဒသ ကဟာပဏေ ဂဏှိတွာ ဧကံ ခီရဓေနုံ အာဟရ (အံ-ဋ္ဌ ၁၊ ၃၉၅)။

[၂] ရသဝါဟိနီ ၂၊ ၁၇-၁၈။

[၃] ယင်း၊ ၃၁။

[၄] မ-ဋ္ဌ ၂၊ ၂၈၄။

[၅] ထိုင်ရန်အတွက်ရော အိပ်ရန်အတွက်ပါ နံရံကိုထိလျက် မြေကုလားထိုင်ရှည် ပြုလုပ်ခြင်းမှာ သီဟိုဠ်ကျေးရွာများရှိ ဆင်းရဲသားများ၏ အိမ်၌လည်းတွေ့ရသည်။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ[၁]၌ လာသည့် ကြောင်းကျိုးဆီလျော်သည့် အထောက်အထားတစ်ခုအရ ကျေးရွာများတွင် အိမ်များနှင့် ယင်းတို့၏ ပတ်ဝန်းကျင်များနှင့် ယင်းအိမ်များသို့ သွားသော လမ်းများမှာ မသန့်ရှင်းကြောင်း သိရသည်။ မိုးရာသီတွင် ကျေးရွာလမ်းများသည် မိုးရာသီအတွင်း ရွှံ့ညွှန်ထူထပ်ပြီး ဗွက်အိုင်များ ပြည့်နေလျက် ခြောက်သွေ့ရာသီတွင် လမ်းများသည် မြူဖုန်များရှိပြီး လေတိုက်သဖြင့် ခရီးသွားများ၏ ကိုယ်ခန္ဓာတွင် မြူဖုန်များ လိမ်းကျံကုန်သည်။ အိမ်များအနီးတွင် ယင်ကောင်များ ဝိုင်းအုံနေသည့် အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများ အပုံလိုက်ရှိပြီး ရေသေအိုင်များမှာ တီကောင် ပိုးကောင်များဖြင့် ပြည့်နေသည်။ ပတ်ဝန်းကျင်များတွင် ချွေးသလိပ်များနှင့် ခွေးဝက်တို့၏ မစင်များဖြင့် ညစ်ညမ်းနေသည်။

လူအများ ဝတ်စားဆင်ယင်မှုမှာ ရိုးရှင်းပုံရသည်။ ယေဘုယျအားဖြင့် ခန္ဓာကိုယ်အပေါ်ပိုင်းမှာ ဖုံးလွှမ်းထားခြင်းမရှိ။ အမျိုးသားများသည် ခါးအောက်ပိုင်း၌ အဝတ်အစားကို ဝတ်ဆင်လေ့ရှိပြီး နောက် ပိတ်စတစ်ခုကို ပခုံးပေါ်တွင် တင်ထားကြသည်။ ရှေးဦးဘုရင်မင်းများသည်ပင် သာမန်အခမ်းအနားများ၌ ယင်းဝတ်ရုံထက်ပို၍ မည်သည့်အဝတ်အစားကိုမျှ ဝတ်စားဆင်ယင်ပုံမရချေ။ ရသဝါဟိနီကျမ်း၌ အခါတစ်ပါးတွင် ကာကဝဏ္ဏတိဿမင်းအား တိဿမဟာဝိဟာရကျောင်းတိုက်၌ ဖော်ပြပါ အဝတ်အစားဖြင့် တွေ့ရသည်ဟု ပြဆိုသည်[၂]။ မင်းကြီးသည် ထိုကျောင်းတိုက်၌ ရဟန်းတော်တစ်ပါးအား အပေါ်ရုံအဝတ် (ဥတ္တရာသင်္ဂ)ကို လှူဒါန်းမည်ကြံသော်လည်း ထိုအခိုက်၌ မိမိမှာ ထိုဝတ်ရုံတစ်ခုမျှသာ ပါလာသောကြောင့် (ဧကသာဋကဘာဝေန နာဒါသိ) မလှူဒါန်းနိုင်ခဲ့ချေ။ ဤဖော်ပြချက်မှ မင်းကြီးသည် နိုင်ငံတော်အခမ်းအနားများ၌လည်း ထိုအဝတ်အစားကိုပင် ဝတ်သည်ဟု အဓိပ္ပာယ်ကောက်ယူခွင့် မရှိချေ။ ဥပါသကာများသည် ဘုရားကျောင်းကန်များသို့ သွားရောက်သောအခါ ရိုးရှင်းစွာ ဝတ်စားဆင်

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၃၃၇။
[၂] ရသဝါဟိနီ ၂၊ ၆၃။



ယင်လေ့ရှိကြသည်။ ပိတ်စနှစ်ခုမှာ အမျိုးသားတစ်ယောက်၏ ပုံမှန်ဝတ်စုံ ဖြစ်သည်။

အမျိုးသားများသည် နောက်ထပ် နားစွပ်များနှင့် လည်ဆွဲရတနာများ ဝတ်ဆင်ကြသည်။ မဟာဝံသကျမ်း[၁]၌ အက္ခခါယိက ငတ်မွတ်ခေါင်းပါးဘေးအတွင်း အခါတစ်ပါး၌ ဒုဋ္ဌဂါမဏီမင်းသည် ၎င်း၏ နားစွပ်ကိုရောင်းချပြီး ရဟန်းတော်များအား ဆွမ်းလှူဒါန်းကြောင်း ဖော်ပြသည်။ အခါတစ်ပါး၌ သင်္ဃာမစ္စအမည်ရသည့် ဥပါသကာသည် အရေးပေါ်အချိန်တစ်ခု၌ ရဟန်းတော်တစ်ပါးအား ဆွမ်းလှူဒါန်းရန်တစ် ကဟာပဏတန်သည့် ဆွမ်းဆန်အတွက် ကဟာပဏတစ်ထောင်တန်သည့် လည်ဆွဲရတနာကို ပေါင်နှံခဲ့သည်[၂]။

မုတ်ဆိတ်မွေး ရိတ်ခြင်းမှာ လုပ်လေ့လုပ်ထရှိသည့်အလုပ် ဟုတ်ပုံမရချေ။ မဟာဒါဌိက မဟာနာဂမင်း (အေဒီ ၆၇-၇၉)သည် ဆတ္တာသည်များအား ဂိရိဘဏ္ဍပူဇာကာလအတွင်း (မြို့တော်) ဂိတ်လေးခု၌ အဆက်မပြတ်အလုပ်လုပ်ရန် အမိန့်ပေးကြောင်း သိရသည်[၃]။ ဆံမုတ်ဆိတ်ကို ရိတ်ပယ်မှုမှာ အိမ်ရာထောင်သည့် လူ့အလုပ် မဟုတ်သောကြောင့် ဘုရားဖူးအများစုသည် ခေါင်းမရိတ်ဘဲ လာကြသောကြောင့် ယင်းအမိန့်သည် လိုအပ်ပုံရသည်။ ထိုခေတ်အချိန်က သင်တုန်းဓားများကို လွယ်လွယ်ကူကူ မရနိုင်သည်မှာ ထင်ရှားသည်။ သို့တစေ ဤအထူးပွဲတော်၌ ဘုရားဖူးများအနေဖြင့် ဆံမုတ်ဆိတ်ကို ရိတ်လိုပါက ရိတ်နိုင်ရန် စီစဉ်ပေးခြင်းဖြစ်သည်။ သဟဿဝတ္ထုကျမ်းမှ သင်္ဃာမစ္စသည် ဘုရင် (နာမည်မသိ) အား အခစားဝင်ရန် သွားရောက်သောအခါ ဘုရင်သည် မုတ်ဆိတ်မွေးကို ရိတ်ဖြတ်နေခိုက် ဖြစ်ကြောင်း ၎င်း (သင်္ဃာမစ္စ) အား အကြောင်းကြားသဖြင့် ဘုရင်သည် မုတ်ဆိတ်မွေးကို ရိတ်ဖြတ်ကြောင်း ဆိုနိုင်သည်[၄]။

[၁] မဟာဝံသ ၃၄၊ ၈၄။
[၂] ရသဝါဟိနီ ၂၊ ၁၇၅။
[၃] မဟာဝံသ ၃၄၊ ၈၄။
[၄] သဟဿဝတ္ထု၊ သင်္ဃာမစ္စသ ဝတ္ထု။

ဝသဘမင်း၏ သားတော်အား ဝင်္ကနာသိကတိဿ (အေဒီ ၁၇၁-၁၇၄)ဟု ခေါ်သည်။ အဓိပ္ပာယ် 'နှာခေါင်းကောက်သည့် တိဿ'ဟု ဖြစ်သည်။ အမှန်သော် ဤမင်း၏ နာမည်ရင်းမှာ တိဿဖြစ်ပြီး[၁] ၎င်း၏ သားတော် ပမထ ဂဇဗာဟုမင်း စိုက်ထူသည့် ကျောက်စာတွင် 'နှာခေါင်းကောက်'ဟူသည်ကို ဖော်ပြခြင်း မရှိချေ။ သို့ရာတွင် မဟာဝံသ ကျမ်းပြုဆရာသည် အေဒီ ၅ ရာစု၌ ထိုဘုရင်အား ဝင်္ကနာသိကတိဿဟု ခေါ်ဝေါ်ခဲ့သည်။ အကြောင်းမူ ထိုအချိန်က ထိုမင်းအား လူအများက ထင်ရှားစွာ ထိုနာမည်ဖြင့် သိနေကြသော ကြောင့်ဖြစ်သည်။ တိဿနာမည် များစွာရှိပြီး သာမန်လူများသည် ထိုနာမည်ကို ကောင်းစွာ ခွဲခြား၍ မသိနိုင်ချေ။ သို့ဖြစ်၍ မဟာဝံသ ကျမ်းပြုဆရာသည် အခြားတိဿများနှင့် ကွဲပြားစေရန်သာ 'နှာခေါင်းကောက် တိဿ'ဟု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သဖြင့် မဟာဝံသ၏ အခေါ်အဝေါ်မှာ သင့်မြတ်သည်။ ကုဋ္ဋကဏ္ဏတိဿ 'နားရွက်ချွန်သည့် တိဿ' (အေဒီ ၁၆-၃၈)၊ ထုလ္လထန 'ကြီးသော နို့ရှိသူ' (ဘီစီ ၅၉)၊ ခလ္လာဋ္ဋ နာဂ 'ထိပ်ပြောင် နာဂ' (ဘီစီ ၅၀- ၄၃)၊ မဟာဒါဌိက မဟာနာဂ 'နှုတ်ခမ်းမွေးထူသည့် မဟာနာဂ' (အေဒီ ၆၇-၇၉)၊ မိတ္တသေန ဝိဟိစောရ 'စပါးသူခိုး မိတ္တသေန' (အေဒီ ၄၃၂) များမှာ အချို့ဘုရင်များ၏ နာမည်ပြောင်များ ဖြစ်ကြသည်။

ဝန်ကြီးများနှင့် ဗိုလ်ချုပ်များလည်း ယင်းသို့သော နာမည်ပြောင်များဖြင့် ထင်ရှားကြသည်။ ဝဋ္ဋဂါမဏိမင်း၏ အမတ်တစ်ယောက်မှာ ကပိသီသ 'မျောက်ခေါင်း' နာမည်ဖြင့် ထင်ရှားသည်[၂]။ ထိုအမတ်၏ နာမည်ရင်းကို မသိရချေ။ ရသဝါဟိနီကျမ်း၌ ရောဟဏအရပ်ရှိ ကျေးရွာတစ်ရွာမှ အမျိုးသားတစ်ယောက်မှာ အတန်ငယ် ပုကွသောကြောင့် (ဤသကံ ပနဿ ဝါမနတ္တာ) ရွာသူရွာသားများက ဂေါဠ 'ဂေါ်လုံး'ဟု ခေါ်ကြောင်း ပြဆိုသည်[၃]။

---

[၁] E.Z. I, p. 221, III, p, 116 ကိုရှုပါ

[၂] မဟာဝံသ ၃၃၊ ၇၀-၇၁။

[၃] ရဝဝါဟိနီ ၂။ ၁၇၀။



ကြကြောင်း သိရသော်လည်း အဆုံးအဖြတ်ကို မသိရသည်မှာ စိုးနှောင့်စဖွယ်ဖြစ်သည်။ ဖြစ်နိုင်ခြေ အရှိဆုံးမှာ အဆုံးအဖြတ်ကို မမျှော်လင့်နိုင်ခြင်းဖြစ်သည်။ သို့တစေ ယင်းဖြစ်ရပ်အရ အဘယမထေရ်က ပိုမို ချောမောကြောင်း ဆိုနိုင်ရာသည်။ အကြောင်းမူ ၎င်းတို့နှစ်ဦး တွေ့ဆုံကြသောအခါ မထေရ်သည် စိတ်ထဲမှ ထေ့ငေါ့ပြီး ဆိုလျက် လွန်ခဲ့သောဘဝ၌ ဖြစ်ပျက်ခဲ့သည့် ရှောင်တခင်ဖြစ်ရပ်ကို ညွှန်ပြခဲ့သောကြောင့် ဖြစ်သည်[၁]။

ယေဘုယျအားဖြင့် ချမ်းသာကြွယ်ဝသူများသည် တစ်နေ့လျှင် သုံးကြိမ် စားသောက်ကြသည်[၂]။ လူအများ၏ အဓိကစားသည့် ဆန်အပြင် ဟင်းအမျိုးမျိုး၊ ဒိန်ခဲ၊ ပျားရည်၊ ချိုချဉ်များ၊ ထောပတ်၊ သစ်မြစ်၊ ဆန်လှော် (ပုထုက)နှင့် ကြာဥနှင့် ကြာရိုး (ဘိသမုလာလ)တို့ကိုပင် စားသုံးကြသည်[၃]။

ဥဒေါင်းသား (မယူရမံသ)၊ သမင်သား၊ ဝက်သား၊ ယုံသားနှင့် ကြက်သားကဲ့သို့သော အသားအမျိုးမျိုးမှာ နှစ်သက်ကြပြီး အရသာရှိသော ဟင်းများအဖြစ် ယူဆပုံရသည်[၄]။ ရဟန်းတော်များအား ဖော်ပြပါ ဟင်းများဖြင့် မကြာခဏ ကျွေးမွေးကြသည်။ အသားချို (မဓုမံသ) ဟုခေါ်သည့် အစားအသောက် ပြင်ဆင်မှုတစ်ခုလည်း ရှိသည်[၅]။ မုဆိုးများ ဖြစ်နိုင်ဖွယ်အရှိဆုံးဖြစ်သည့် အချို့လူများသည် တစ်ခါတစ်ရံ မျောက်သား (ဝါနရမံသ)ကိုပင် စားသောက်ကြသည်[၆]။ သို့ရာတွင် အထက်တွင် တွေ့ခဲ့ရသည့်အတိုင်း အမဲသားကို စားခြင်းမှာ ဒဏ်ခတ်

---

[၁] ဝိ-၌ ၄၊ ၁၇၄။ အတိတ်ဘဝတစ်ခုတွင် အဘယမထေရ်သည် စေတီတစ်ဆူ၏ ရင်ပြင်ကို တံမြက်လှည်းပြီး အမတ်၏သားသည် အမှိုက်များကို အဝေးသို့ ပစ်လွှင့်သည်။ 'ငါလှည်းပစ်သည့် အမှိုက်ကို အဝေးသို့လွှင့်ပစ်ပြီးနောက် သင်သည် ယခုငါ့ကို ယှဉ်ပြိုင်ရန် လာဘိသည်'ဟု မထေရ်က မှတ်ချက်ပြုသည်။ ဥပမိ သမ္ပတ္တိနှင့် ပြည့်စုံမှုမှာ စေတီရင်ပြင်တော်ကို သန့်ရှင်းဖူးခဲ့သည့် ကုသိုလ်၏ အကျိုးဆက်ဖြစ်သည်။

[၂] သဟဿဝတ္ထု၊ သူရနိမ္မလဝတ္ထု။

[၃] ရသဝါဟိနီ ၂။ ၂၄၊ ၁၈၀။

[၄] ရသဝါဟိနီ ၂။ ၁၀၊ ၉၁၊ ၁၂၈၊ ၁၈၁။

[၅] ယင်း၊ ၁၈၀။

[၆] ယင်း၊ ၁၄၇။

ထိုက်သော ပြစ်မှုဖြစ်သည်။ ရှေးခေတ်သီဟိုဠ်၌ လူကြိုက် များသည့် သက်သတ်လွတ်စားမှုကဲ့သို့သော တစ်စုံတစ်ရာ ရှိခဲ့ကြောင်း ဖော်ပြရန် အချက်အလက် မရှိချေ။

ချက်ပြုတ်မှုပညာကို အမျိုးသမီးများ၏ ကြီးမားသော တန်ဖိုး အဖြစ် ယူဆသည်။ နိုင်ငံတော်အမတ်ကဲ့သို့သော ထင်ရှားသူများ၏ သမီးချောများပင် ချက်ပြုတ်မှု အတတ်ပညာ (သူပသတ္ထ သို့မဟုတ် ပစနကမ္မ) ကို တတ်ကျွမ်းကြသည်[၁]။ နို့ညှစ်ခြင်းသည်လည်း အမျိုးသမီးများ ပြုလုပ်ရသည့် တာဝန်ဖြစ်သည်။ သဒ္ဓါတိဿမင်း၏ မိဖုရားသည်ပင် နွားများကို မည်သို့နို့ညှစ်ရမည်ကို သိသည်ဟု ဆိုသည်[၂]။

အရက်သေစာ သောက်သုံးခြင်းသည် လောကီလူသားများအတွက် ရည်ရွယ်သည့် ငါးပါးသီလအနက် နောက်ဆုံးသိက္ခာပုဒ်နှင့် ဆန့်ကျင်သော်လည်း လူအချို့အတွင်း ထင်ရှားခဲ့ပုံရသည်။ အရက်သေစာ ပမာဏများများကို သောက်သုံးနိုင်မှုကို ကိုယ်ခန္ဓာခွန်အား ရှိမှု၏ သင်္ကေတအဖြစ် ယူဆသည်။ ရသဝါဟိနီကျမ်း[၃]၌ ဒုဋ္ဌဂါမဏီမင်းသည် သုရာနိမ္မလအား ခွန်အားကို စမ်းသပ်ရန် ထန်းရည် ၁၆ နာဠိကို သောက်ခိုင်းသည်ဟု ဆိုသည်။ ဒုဋ္ဌဂါမဏီ၏ နောက်ဗိုလ်ချုပ်တစ်ယောက်ဖြစ်သူ ဂေါဌဣမ္ဗရသည်လည်း အရက်သေစာ သောက်သုံးကြောင်း သိရသည်[၄]။

တရားဝင်ကိစ္စဖြင့် ကျေးရွာသားများ လာရောက်လည်ပတ်သောအခါ အစိုးရအရာရှိများသည် အရက်သေစာကို လက်ခံလျက် ရွာသားများနှင့်အတူ အရက်သေစာ သောက်သုံးကြောင်း သိရသည်။ ဗဒုလ္လကျောက်စာအရ တစ်ခါတစ်ရံ အရာရှိများသည် ကျေးရွာသားများထံမှ အရက်သေစာကို တောင်းဆိုကြကြောင်းနှင့် ကျေးရွာသို့ ယူဆောင်လာသည့် အရက်များကို အခမဲ့ယူဆောင်ကြကြောင်းပင် သိရသည်[၅]။

---

[၁] ယင်း၊ ၄၅။
[၂] ယင်း၊ ၃၂၊ ၃၄။
[၃] ယင်း၊ ၈၄။
[၄] ယင်း၊ ၈၉။
[၅] ယင်း၊ ၁၈၁။ E.Z. III, p. 76.



ကွမ်းဝါးခြင်းမှာ ထင်ရှားသည့် အလေ့အကျင့်တစ်ခုဖြစ်ပြီး လူအများသည် မိမိတို့နှင့်အတူ ကွမ်းအစ်များကို သယ်ဆောင်သွားလေ့ရှိသည်။ ဘုရင်မင်းများသည်ပင် မိမိနှင့်အတူ ကွမ်းအစ်ကို သယ်ယူသွားသည်အထိ အမျိုးသားရေးရာ ထုံးစံတစ်ခုဖြစ်သည်။ သို့ဖြစ်၍ မဟာဝံသကျမ်း၌ တတိယ ဇေဋ္ဌတိဿမင်းသည် ကွမ်းအစ် (တမ္ဗူလတ္ထဝိ) ထဲတွင် သိမ်းထားသည့် ဓားဖြင့် မိမိကိုယ်ကို အဆုံးစီရင်သွားကြောင်း ပြဆိုသောကြောင့် ဖြစ်သည်[၁]။

ဗိုလ်ချုပ်တစ်ယောက်ဖြစ်သည့် ဝသဘမင်း၏ ဦးလေးသည် တူတော် (ဝသဘ)အား သုဘဘုရင်ထံ ပေးအပ်ရန် သွားမည်ပြုသောအခါ ဗိုလ်ချုပ်၏ ကတော်က ခင်ပွန်းသည်အတွက် ကွမ်းများကို ပြင်ဆင်ခဲ့သည်။ ဗိုလ်ချုပ်သည် နန်းတော်ဂိတ်တွင် လက်ကိုင်ကို ဖွင့်လိုက်သောအခါ ကွမ်းတစ်ယာအတွက် မရှိမဖြစ်လိုအပ်သော အဆာတစ်ခုဖြစ်သည့် ထုံးမှုမပါကြောင်း တွေ့ရသည်။

ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ယောက်ကို မတွေ့ဆုံမီ ကွမ်းဝါးခြင်းမှာ ထုံးစံတစ်ရပ် သို့မဟုတ် ဗိုလ်ချုပ်သည် ဘုရင်ကို ပေးကမ်းရန် ကွမ်းကို ယူဆောင်လာခြင်းဖြစ်ဖွယ်ရှိသည်။ အဆင့်မြင့်အရာရှိများအား ကွမ်းကို လက်ဆောင်ပေးခြင်းမှာ ယနေ့ခေတ် သီဟိုဠ်မှာပင် ယဉ်ကျေးသည့် အမျိုးသား အစဉ်အလာတစ်ရပ် ဖြစ်သည်။

ကွမ်းဝါးသည့် အလေ့သည် ဟောပိတိဂမဈေးတွင် ကွမ်းနှင့်ကွမ်းသီးကို ရောင်းရန် အထူးဆိုင်များ ရှိသည်အထိ အလွန်ထင်ရှားသည်။

ရှေးခေတ် သီဟိုဠ်လူမျိုးများသည် ကောင်းစွာ တိုးတက်သည့် ဟာသအမြင်နှင့် ချစ်စနိုးအမည်နာမများ ပေးခြင်းအတွက် အထုံပါရမီရှိကြောင်း ထင်ရှားသည်။ တိုင်းပြည်၏ ဘုရင်မင်းများသည်ပင် ယင်းအလေ့အကျင့်မှ လွတ်မြောက်ခြင်း မရှိနိုင်ချေ။ ဥပမာအားဖြင့်

---

[၁] မဟာဝံသ ၄၄၊ ၃။
[၂] ယင်း ၃၅၊ ၆၁၊ ၆၃။
[၃] E.Z. III, p. 77.
[၄] ယင်းအခြေခံကို ယနေ့ခေတ် ကျေးလက်နေ သီဟိုဠ်လူအများမှာပင် တွေ့နိုင်သည်။

ဒုတိယဖော်ပြချက်ကို ဒီဃနိကာယ် သိင်္ဂါလောဝါဒသုတ်၌ ဖော်ပြသည်။ ယင်းသုတ်တော်တွင် ဗုဒ္ဓရှင်တော်မြတ်က လူဒါယကာများအပေါ် ရဟန်းတော်တစ်ပါး၏ ဝတ္တရားခြောက်မျိုးအနက် လူ ဒါယကာများအား နတ်ပြည်ရောက်ကြောင်း လမ်းစဉ်ကို ပြသရန်ဟူသော ဝတ္တရားတစ်ရပ်ကို ချမှတ်ထားသည်[၁]။ လူဒါယကာများအား ရဟန်းတော်များက ပြသရမည်မှာ နိဗ္ဗာန်ရောက်ကြောင်းလမ်း (သဂ္ဂဿ မဂ္ဂံ) ဖြစ်ပြီး သံသရာမှ လွတ်မြောက်ရာလမ်း (မောက္ခဿ မဂ္ဂံ)မဟုတ်သည်မှာ အလွန် ထူးခြားသည်။ နိဗ္ဗာန်ရောက်ကြောင်းလမ်းသည် သာမန်လူ များစုအနေဖြင့် လျှောက်လှမ်းရန် အလွန့်အလွန် ခက်ခဲ့သည်မှာသေ ချာသည်။

ရှေးခေတ်သီဟိုဠ်ရှိ လူဝတ်ကြောင်များ၏ ဘာသာရေးမှာ ယေဘုယျအားဖြင့် အခြေခံယူဆချက်ဖြစ်သည့် ၎င်းတို့ နားလည်နိုင်စွမ်း၊ အဆင့်မြင့် စိတ်ပိုင်းဘဝနှင့် အသိပညာဆိုင်ရာ သစ္စာတရားကို လိုက်နာမှု အကန့်အသတ်အပေါ်တွင် အခြေခံခဲ့သည်။ သဘာဝအားဖြင့် ဥပဒေတိုင်း၌ ခြွင်းချက်များ ရှိမြဲဖြစ်သည်။

ရှေးခေတ်သီဟိုဠ်၌ လူဝတ်ကြောင်းများအား ဟောကြားသည့် အချို့သော တရားဒေသနာများသည် ၎င်းတို့ကို နှစ်သက်စေသည့် အတွေးအမြင်မျိုးဖြစ်ကြောင်း ညွှန်ပြသည်။ ဒက္ခိဏာဝိဘင်္ဂသုတ်တော်မှာ ထင်ရှားသည့် ဒေသနာတော်များအနက် တစ်ခုဖြစ်သည်[၂]။ ယင်းသုတ်တော်သည် ဗုဒ္ဓရှင်တော်မြတ်မှစ၍ တိရစ္ဆာန်များတိုင်အောင် ၁၄ မျိုးသော အလှူခံပုဂ္ဂိုလ်အသီးသီးအား လှူဖွယ်ဝတ္ထုများ ပေးကမ်းခြင်းဖြင့် ရရှိသော ကောင်းမှုအဆင့်အတန်း အမျိုးမျိုးအကြောင်းနှင့် သံဃာကို ရည်မှန်း၍ လှူဒါန်းသော အလှူဝတ္ထု ခုနစ်မျိုး၏ အကျိုးကြီးမြတ်ပုံကို ဖော်ပြသည်။ ယင်းသုတ္တန်သည် အလှူဒါန၏ စင်ကြယ်ပုံ မစင်ကြယ်ပုံ မေးခွန်းနှင့်လည်း ပတ်သက်သည်[၃]။ အဆိုပါသုတ်တော်၌ ဖော်ပြသည့်

[၁] ဒီ ၃၊ ၁၅၃။ သဂ္ဂဿ မဂ္ဂံ အာစိက္ခတိ။ သဂ္ဂဟူသော စကားလုံးကို 'ပျော်ရွှင်မှု အခြေအနေ'ဟုလည်း ဘာသာပြန်နိုင်သည်။

[၂] ရသဝါဟိနီ ၂၊ ၁၆၃၊ ၁၈၉။

[၃] မ ၃၊ ၂၉၅။



ရဟန်းတော်များကိုပင် ခြွင်းချက်မထားချေ။ ဒုဋ္ဌဂါမဏီမင်းလက်ထက်တွင် မထေရ်တစ်ပါးအား ဂေါဓဂတ္တတိဿ[၁]ဟု ခေါ်ဝေါ်ခဲ့သည်။ အကြောင်းမှာ အရေပြားနှင့်ပတ်သက်သည့် ရောဂါဖြစ်ဖူးသဖြင့် ထိုမထေရ်၏ အရေမှာ ဖွတ်၏ အရေပြားကဲ့သို့ အကြေးခွံရှိသောကြောင့် ဖြစ်သည်။ ဝဋ္ဋဂါမဏီ လက်ထက်တွင် ဗဟုလမဿုတိဿ 'မုတ်ဆိတ်မွှေးထူ တိဿ'ဟု ထင်ရှားသော မထေရ်တစ်ပါး ရှိခဲ့သည်[၂]။

အနုရာဓပုရမြို့ရှိ ကျောက်ထွင်းနှင့် ပန်းပုရုပ်တုများနှင့် ဆီဂိရိယအရပ်မှ ပန်းချီဆေးရေးများက ရှေးခေတ် သီဟိုဠ်လူမျိုးများသည် ယဉ်ကျေးသည့် အလှအပနှင့် တည်ကြည်ခန့်ညားမှု အတွေးအမြင်များ ရှိခဲ့ကြောင်း ရှင်းလင်းစွာ ဖော်ပြသည်။ ဤခေတ်အတွင်း တည်ဆောက်ခဲ့သည့် ကြီးမားသည့် စေတီပုထိုးများနှင့် ကျယ်ပြောသည့် ရေလှောင်ကန်များသည် မငြီးငွေ့နိုင်သော ဇွဲလုံ့လ၏ ညွှန်းကိန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ မမြင်နိုင်သော ဆုံးဖြတ်ချက်များ ဖြစ်ကြသည်။ ယနေ့ခေတ် လာရောက်လည်ပတ်သူအား ေးကြည့်ရှုံမှုဖြင့် မူးနောက်စေသော ဆီဂိရိယရှိ မယှဉ်ပြိုင်နိုင်လောက်သော တောင်ကုန်းမြင့်များကဲ့သို့သော တောင်စွန်းများသည် ရှေးခေတ်သီဟိုဠ်လူမျိုးတို့ ရှိခဲ့ပြီးဖြစ်သော အလွန့်အလွန် ကျန်းမာသန်စွမ်းသည့် ဇွဲသတ္တိကို ဖော်ပြလျက် ရှိကြသည်။

[၁] မဟာဝံသ ၂၄၊ ၄၉။

[၂] မဟာဝံသ ၃၃၊ ၉၆။

## အခန်း ၁၅

## လူဝတ်ကြောင်များ၏ဘဝ ၂
## ဘာသာရေး

ယေဘုယျအားဖြင့် လူ့လောက ဘာသာရေးနှင့် ပတ်သက်၍ သဘောထားပြင်းထန်သည့် ဗုဒ္ဓဝါဒသဘောထား အညွှန်းတစ်ရပ်အဖြစ် အရေးပါသည့် ထုတ်ဖော်ချက် နှစ်ရပ်ကို ဖော်ပြနိုင်သည်။

ဗုဒ္ဓရှင်တော်မြတ်အား များစွာထောက်ပံ့ခဲ့သူ အနာထပိဏ်သူဌေး သေရာညောင်စောင်းတွင် ရှိနေသောအခါ အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့သည် လူနာရှုရန် ကြွရောက်လာကြပြီး အဆင့်မြင့် စိတ်ပိုင်းဆိုင်ရာ သိမ်မွေ့နက်နဲသည့် အကြောင်းအရာပါသည့် တရားဓမ္မကို ဟောကြားတော်မူသည်။ ဘဏ်သူဌေးကြီးသည် မျက်ရည်ကျပြီး မိမိမှာ ရှင်တော်ဗုဒ္ဓနှင့် ရဟန်းတော်များနှင့် ထိုမျှကြာရှည်စွာ ပေါင်းသင်းဆက်ဆံနေခဲ့ရသော်လည်း ယခင်က ယင်းသို့သော ဓမ္မမျိုးကို မနာဖူးခဲ့ကြောင်း ဆိုသည်။ အရှင်သာရိပုတ္တရာက ယင်းသို့သော ဘာသာရေးနှင့်ပတ်သက်သည့် ဟောကြားမှုများကို လူဝတ်ကြောင်များ နားမလည်နိုင်ဘဲ ရဟန်းတော်များသာ နားလည်နိုင်ကြောင်း ရှင်းပြခဲ့သည်[၁]။ ယင်းဖော်ပြချက်ကို ဖွင့်ဆိုရာတွင် အဋ္ဌကထာ၌ လူဝတ်ကြောင်များသည် ၎င်းတို့၏ ခြံမြေ လယ်မြေများ၊ ရွှေနှင့် စည်းစိမ်ဥစ္စာများ၊ ဇနီးမယား သားသမီးကျေးကျွန်များကို ပြင်းထန်စွာ တပ်မက် စွဲလန်းမှုရှိကြပြီး လူအများသည် မိမိတို့၏ ပိုင်ဆိုင်မှုများကို စွန့်ရန် အလေးပေးဟောကြားသည့် တရားတော်များကို နားလည်းမလည်ကြ၊ ကြားနာရန်လည်း မနှစ်သက်ကြဟု မှတ်ချက်ပြုခဲ့သည်[၂]။

---

[၁] မ ၃၊ ၃၀၅။ န ခေါ် ဂဟပတိ ဂိဟီနံ ဩဒါတဝသနာနံ ဧဝရူပီ ဓမ္မီ ကထာ ပဋိဘာတိ၊ ပဗ္ဗဇိတာနံ ခေါ် ဂဟပတိ ဧဝရူပီ ဓမ္မီ ကထာ ပဋိဘာတိ။

[၂] မ-႒ ၄၊ ၂၃၀။

'ကုသိုလ်မှတ်စုစာအုပ်' ရှိသည်ဟု ပြဆိုသည့် သာဓကမတွေ့ရချေ[၁]။ ရဟန်းတော်များသည် မိမိတို့၏ စိတ်ပိုင်းဘဝ တိုးတက်မှုကို စိတ်ဝင်စားကြပြီး ယင်းကို စာအုပ်တွင် မှတ်တမ်းတင် ရေးထိုးခြင်းမရှိချေ။ သို့ဖြစ်၍ 'ကုသိုလ်စာရင်းစာအုပ်' ဟူသည် အိမ်ရာတည်ထောင် လူဝတ်ကြောင်များအဖို့ အဖိုးတန် ရတနာသိုက်ဖြစ်သော်လည်း ရဟန်းတော်များအဖို့ ယင်းသည် အသုံးဝင်သော ရည်ရွယ်ချက်မဟုတ်ချေ။ သို့ဖြစ်၍ ဒုဋ္ဌဂါမဏီမင်းမှာ 'ကုသိုလ်စာရင်းစာအုပ်'တစ်ခု ရှိခဲ့ပြီး ယင်းစာရင်းကို မင်းကြီး ကွယ်လွန်ခါနီးမှာ လက္ခကအမည်ရှိ မင်းကြီး၏ ကိုယ်ရေးအရာရှိက ဖတ်ပြသည်[၂]။ ယင်းစာအုပ်၌ မှတ်တမ်းတင်ထားသော ကုသိုလ်ကောင်းမှုများမှာ စေတီများတည်ခြင်း၊ သံဃာအား အလှူဒါနပြုခြင်းနှင့် ပွဲလမ်းသဘင်များ ကျင်းပခြင်းများဖြစ်သည်[၃]။

ကုသိုလ်ကောင်းမှု အားလုံးမှာ တန်ဖိုးခြင်း မတူညီကြချေ။ ကုသိုလ်အမျိုးမျိုးက အကျိုးအထွေထွေကို ပေးသည်။ သို့ဖြစ်၍ ဥပါသကာများသည် အထူးသဖြင့် ဘုရင်မင်းများသည် ဖြစ်နိုင်သရွေ့ များစွာသော ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ရရှိလိုကြသည်။ ဒုဋ္ဌဂါမဏီမင်းကြီးသည် ဓမ္မဒါနသည် အာမိသဒါနထက် မြင့်မြတ်ကြောင်းကြားသိရသဖြင့် သံဃာတော်များအား ရိုသေလေးစားမှု ပျက်ကွက်သော်လည်း သံဃာတော်များရှေ့မှောက်၌ လောဟပါသာဒပြာသဒ်မှာ မင်္ဂလသုတ်ကို ဟောကြားရန် ကြိုးစားသည်[၄]။ မင်းကြီးသည် ဟောကြားနိုင်စွမ်းသောကြောင့် သို့မဟုတ် ယင်းဟောကြားခြင်းအတွက် အမှန်တကယ်လိုအပ်သောကြောင့် ဟောကြားလိုသည်မဟုတ်ဘဲ တရားဟော၍ ရသော ထင်ရှားသည့် ကုသိုလ်တံဆိပ်ကို ရရှိလိုသောကြောင့်သာဖြစ်သည်။ မင်းကြီးသည် ထိုကိစ္စကို မအောင်မြင်သဖြင့် ကိုယ်တိုင်တရားဟောခြင်းထက် ပို၍အသုံးဝင်သည့် နောက်ထပ် အကောင်းဆုံးအရာ

[၁] ရဟန်းတော်များ၌ **မူဠှပေါတ္ထက**ဟုခေါ်သော မှတ်စုစာအုပ်ရှိသည်ကိုမူ တွေ့ရသည်။ သို့တစေ ယင်းစာအုပ်၌ ဗုဒ္ဓဓမ္မဂုဏ်ရည်များကို ရေးသားပြီး ကုသိုလ်ကောင်းမှု စာရင်းကို ရေးသားခြင်းမဟုတ်ချေ (မ-ဋ္ဌ ၁၊ ၃၉၄)။

[၂] အံ-ဋ္ဌ ၂၊ ၁၀၇။ မဟာဝံသ ၃၂၊ ၂၅။

[၃] မဟာဝံသ ၃၂၊ ၂၆။

[၄] မဟာဝံသ ၃၂၊ ၄၂-၄၃။ ရသဝါဟိနီ ၂၊ ၇၇။



အယူအဆများမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး လူအပေါင်းသည် ယင်းသုတ်တော်၌ အဆင့်အတန်း ခွဲခြားထားမှုနှင့်အညီ မိမိတို့ တတ်နိုင်သည့်နည်းဖြင့် လှူဒါန်းနိုင်သောကြောင့် နောင်ဘဝ၌ ကုသိုလ်ရရှိရန် အလွန် စိတ်ထက်သန်သူများအား နှိုးဆော်ပေးသည်။ အလှူဒါနပြုရာ၌ စံနမူအဖြစ်ယူဆခံရသည့် ဝေဿန္တရာဇာတ်တော် (အမှတ်စဉ် ၅၄၇)မှာ အလွန် လူသိများ ထင်ရှားသည်။ ယင်းဇာတ်တော်သည်လည်း လူတို့၏ သိမ်မွေ့သည့် စိတ်အာရုံကို နိုးထစေသည်[၁]။

ဒေဝဒူတသုတ်[၂]မှာ ဖော်ပြခံရသည့် နောက်ထပ် သုတ်တော်တစ်ခု ဖြစ်သည်[၃]။ ယင်းသုတ္တန်တွင် မကောင်းမှုပြုသူတို့ ငရဲတွင် ခံစားရမည်ဖြစ်သော နှိပ်စက်မှုနှင့် နာကျင်မှုများအကြောင်းကို ပီပြင်စွာ ရှင်းလင်းချက်ပေးထားသည်။ ယင်းသုတ္တန်သည် မေ့လျော့ ကောက်ကျစ်သူများအား မကောင်းမှုကို ရှောင်ကြဉ်ရန်နှင့် ကောင်းမှုကို ပြုလုပ်ရန် ကိုယ်ကျင့် သို့မဟုတ် လူမှုရေး ဝတ္တရားများကို မပြုလိုသောအခါ သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ အသက်သေစာ သောက်စား ခြင်းကဲ့သို့သော အကုသိုလ်မှုကိုပြုရန် ထိတ်လန့်စေခြင်းဖြင့် အလွန်ပင် အထောက်အပံ့ပြုခဲ့ပုံရသည်။

အချို့သော သုတ္တန်များကို လူမှုရေး လုပ်ငန်းတွင် စိတ်ဝင်စားမှုတစ်ရပ်ကို နာကြားသူများတွင် မြင့်တက်လာစေရန် ရည်ညွှန်းသည်။ ဥပမာအားဖြင့် ဒေဝမထေရ် ဟောကြားသည့် ဂိလာနသုတ်တော်သည် ဝေါဟာတိဿမင်း (အေဒီ ၂၆၉-၂၉၁) အား နေရာငါးခု (ပဉ္စာဝါသ) တွင် ဆေးနှင့်ဆိုင်သော ပစ္စည်းများ ဖြန့်ဖြူးရန် အားပေးခဲ့သည်[၄]။ တုလာဓာရကျောင်းတိုက်နေ ဇာတကဘာဏက မဟာပဒုမမထေရ် ဟောကြားသည့် ကပိဇာတ်တော်တွင် ပါရှိသည့် လူသားတစ်

[၁] အံ-ဋ္ဌ ၂၊ ၁၀၅။

[၂] မ ၃၊ ၂၁၇။

[၃] ရသဝါဟိနီ ၂၊ ၁၃၃၊ ၁၃၅။ ဝိဒ္ဓေါလ အမည်ရှိသည့် မုဆိုးတစ်ယောက်သည် ယင်းသုတ္တန်ကို မဟာဂါမရှိ တိဿမာဟာဝိဟာရ၌ ဟောကြားနေသည်ကို နှစ်ကြိမ် ကြားနာရသည်။

[၄] ဒီပဝံသ ၂၂၊ ၄၁။ မဟာဝံသ ၃၆၊ ၂၉။

ယောက်အပေါ် အသက်ဟူသော အကြောင်းကြောင့်ပင် ကိုယ်ကျိုးမဖက်သည့် လုပ်ဆောင်မှု အတွေးအမြင်က တွန်းအားပေးလိုက်သည့် ဣလနာဂမင်း (အေဒီ ၉၃-၁၀၂) သည် တိဿဝါပိနှင့် ဒူရဝါပိ ရေကန်နှစ်ခုနှင့် ရောဟဏ အရပ်ရှိ ကျောင်းတိုက်များကို ပြန်လည်ပြုပြင်ခဲ့သည်[၁]။

ယင်းလူသိများ ထင်ရှားသည့် ကိုယ်ကျင့်တရားရေးရာ သခ်န်းစာမျိုးနှင့် ဓမ္မစက္ကပဝတ္တနသုတ်နှင့် သတိပဋ္ဌာနသုတ်ကဲ့သို့သော ခက်ခဲသည့် သုတ္တန်များကိုလည်း လူထုအား ဟောကြားသည်[၂]။ သို့ရာတွင် ယင်းသုတ္တန်များ၏ အဓိပ္ပာယ်ကို လူအဘယ်မျှ ရှင်းလင်းစွာ နားလည်ကြသနည်းဟူသည်မှာ အလွန် သံသယဖြစ်ဖွယ်ရှိသည်[၃]။ သတိပဋ္ဌာနသုတ်အား ယင်းသုတ် ရွတ်ဖတ်သံကို နားထောင်ရုံမျှဖြင့် မြွေပါ (Ratsnake) တစ်ကောင်နှင့် လင်းနို့ငါးရာတို့ သုဂတိဘဝတွင် ပြန်လည်မွေးဖွားရသည်ဟု ထင်ရှားစွာ ယုံကြည်ကြသည်အထိ လွန်စွာအလေးဂရုပြုကြသည်[၄]။ ထိုအတူပင် လူအများ သည် ထိုသုတ္တန်ကိုလုံးဝနားမလည်လျှင်တောင် နောင်ဘဝအတွက် ကုသိုလ်ရစေရန်သာ ယင်းသုတ္တန်ကို နာယူကြခြင်း ဖြစ်ကြောင်းခန့်မှန်းနိုင်သည်[၅]။ အခမ်း

[၁] ဒီပဝံသ ၂၁၊ ၄၂။ မဟာဝံသ ၃၅၊ ၃၀-၃၂။

[၂] ရသဝါဟိနီ ၂၊ ၁၃၆။

[၃] သို့ရာတွင် အနုရာဓပုရမြို့ အနောက်ဖက်ရှိ ကျေးရွာတစ်ရွာမှ ချောမောလှပသည့် ဟေမာအမည်ရှိ လုံမပျိုတစ်ယောက်သည် အဋ္ဌကထာနှင့်တကွ ဓမ္မစက္ကပဝတ္တနသုတ်ကို လေ့လာသည်ဟု ဆိုသည် (ရသဝါဟိနီ ၂၊ ၁၃၆-၁၃၇)။

[၄] ရသဝါဟိနီ ၂၊ ၁၃၂၊ ၁၉၀။ မြွေပါအား မဟာသတိပဋ္ဌာနသုတ်ကို ရွတ်ပြခဲ့သူမှာ တလင်္ဂရအရပ်မှ ကျော်ကြားသည့် အရှင်ဓမ္မရက္ခိတ မထေရ်ဖြစ်သည်။

[၅] ယနေ့တိုင်အောင်ပင် သီဟိုဠ်တွင် ဥပုသ်နေ့များ၌ ရှစ်ပါးသီလဆောက်တည်ကြသည့် ဥပါသကာအများစုသည် ပုံမှန်အားဖြင့် သီဟိုဠ်ဘာသာ နိဿယနှင့်အတူ အစမှ အဆုံးတိုင် မဟာသတိပဋ္ဌာနသုတ်ကို ရွတ်ဖတ်ကြသည်။ လူအချို့မှာ ယင်းသုတ္တန်ကို အာဂုံနှုတ်လွတ် ရပြီးဖြစ်သည်။ သို့ရာတွင် အများစုမှာ ယင်းသုတ္တန်၏ အနက်အဓိပ္ပာယ်ကို နားမလည်ကြချေ။ သို့တစေ ဥပါသကာများသည် ယင်းသုတ္တန်ကို ပုံမှန် ရွတ်ဖတ် နာယူကြသည်။ အကြောင်းမူယင်းသုတ္တန်ကို အလွန် လေးစားယုံကြည်ပြီး ယင်းသို့ ရွတ်ဆို နာယူခြင်းဖြင့် ကုသိုလ်ရသည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။



အနားဖြင့် ရွတ်ဆိုလေ့ရှိသည့် အရိယဝံသုတ်မှာ ကြည်ညိုသူ ဥပါသကာတို့ နာယူရန် ဆန္ဒပြင်းပြသည့် နောက်ထပ် ထင်ရှားသည့် သုတ္တန်တစ်ခုဖြစ်သည်။ ထို့ပြင် ထင်ရှားသည့်သုတ္တန်များအဖြစ် ဖော်ပြခံရသည့် အန္ဓကဝိန္ဒသုတ်၊ အာသီဝိသောပမသုတ်[၁] နှင့် မဟာဗုဒ္ဓသီဟနာဒသုတ်[၂] ကဲ့သို့သော သုတ္တန်များရှိကြသည်။

နောင်ဘဝအတွက် ယုံကြည်စိတ်ချရစေရန် ကုသိုလ်ကောင်းမှုအမျိုးမျိုးရရှိရေးသည် ဘုရင်မှစ၍ ဆင်းရဲသား လယ်သမားများအထိ လူဝတ်ကြောင်းများ၏ ဘာသာရေးဘဝတွင် ငုပ်လျှိုးနေသော ဘာသာရည်ရွယ်ချက် ဖြစ်သည်။ ချမ်းသာခြင်း၊ ကျန်းမာခြင်း၊ လှပခြင်း၊ အသက်ရှည်ခြင်း၊ ပညာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ အမျိုးမြတ်ခြင်းကဲ့သို့သော လူအများအလိုရှိသည့် အရာများမှာ ကုသိုလ်ကံ၏ အကျိုးများ ဖြစ်ကြသည်။ သို့ဖြစ်၍ လူအများသည် ယင်းပျော်ရွှင်ဖွယ် အခြေအနေများကို ရရှိရေးအတွက် ကောင်းမှုပြုရန်နှင့် လူကောင်းဖြစ်ရန် ကြိုးစားခဲ့ကြသည်။ သာမန် အိမ်ရာတည်ထောင်သူတစ်ယောက်အဖို့ ကောင်းမွန်စင်ကြယ်သည့် စိတ်ပိုင်းဘဝ တိုးတက်အောင် လုပ်ဖို့ထက် ကုသိုလ်ဟု ယူဆထားသည့် အလုပ်က ပို၍လွယ်ကူသည်။ အခန်း ၁၂ တွင် ရဟန်းတော်အချို့သည် အဘယ်မျှ အဆင့်မြင့် စိတ်ပိုင်းဘဝပြီးမြောက်မှုကို ရရှိရန် အားထုတ်ကြသည်ကို တွေ့ရှိရပြီးဖြစ်သည်။ သို့တစေ ပါဠိအဋ္ဌကထာကျမ်းများမှာရော သမိုင်းကျမ်းများမှာပါ လူဥပါသကာများနှင့် ပတ်သက်၍မူ စိတ်ပိုင်းဘဝ အခြေအနေကို ဖော်ပြခဲ့ပြီး ၎င်းတို့၏ ဘာသာတရားမှာ အပြင်ပန်း ကုသိုလ်တရားများနှင့်သာ ကန့်သတ်ထားသကဲ့သို့ ထင်ရသည်။

အချို့သော ဥပါသကာများမှာ မိမိပြုခဲ့သည့် ကုသိုလ်စာရင်းကို ရေးမှတ်ထားသည့် **ပုညပေါတ္ထက**ခေါ် ကုသိုလ်မှတ်စုစာအုပ်ရှိကြသည်။ ယင်းစာအုပ်မှာ ထုံးစံအားဖြင့် သေခါနီးပုဂ္ဂိုလ်တစ်ယောက် ၎င်း၏ နှလုံးသားကို ဝမ်းသာစေရန်နှင့် သုဂတိဘဝကို သေချာစေရေးအတွက် ၎င်း၏ နောက်ဆုံးအာရုံများစင်ကြယ်စေရန် သေရာညောင်စောင်းပေါ်တွင် ဖတ်ပြရန် ရည်ရွယ်သည်။ ရဟန်းတစ်ပါး၌

[၁] မ ၁၊ ၉၇ မှ မဟာသီဟနာဒ သုတ်ကို ဆိုလိုဟန်တူပါသည်။

ကောင်းမှုကို ကုစားရန်အတွက် အခွန်ဘဏ္ဍာများ ပေးအပ်ပြီး သာကဝတ္ထုဝိဟာရကို တည်ဆောက်ခဲ့သည်[၁]။

စစ်တပ်ကို ထိန်းသိမ်းရန် ဒုတိယကဿပမင်းသည် အသက်ငယ်သည့်မင်း ဖြစ်သည့်အတိုင်း ထူပါရာမနှင့် ဒက္ခိဏဝိဟာရရှိ စေတီတော်များနှင့် အခြားများစွာသော မြင့်မြတ်သော နေရာများကို ဖောက်ပြီး ယခင်ဘုရင်မင်းများ လှူဒါန်းခဲ့သည့် အဖိုးတန် ရတနာသိုက်များကို လုယူသည်။ သို့တစေ ၎င်းဘုရင်ဖြစ်လာသောအခါ '၎င်း၏ မကောင်းမှုအကုသိုလ်ကို ဖျက်ဆီးရန်'ဟူသော အတွေးဖြင့် (နာသံ ပါပဿ ကမ္မဿ ပါနံ အတ္တနော) ထိုမင်းသည် ဘုန်းကြီးကျောင်းတိုက်များ တည်ဆောက်ပြုပြင်ခြင်း၊ ရုံပုံငွေများ ပေးအပ်ခြင်း၊ ဘာသာရေးပွဲတော်များနှင့် အခမ်းအနားများ ကျင်းပခြင်းများဖြင့် မှန်ကန်စွာ အသုံးပြုကုသိုလ်ကောင်းမှု များစွာကို ပြုလုပ်ခဲ့သည်[၂]။

ဗုဒ္ဓဘာသာတရားသည် နောင်ဘဝအတွက်သာမက ယခုဘဝအတွက်ပါ ကိုးကွယ်ရာ အကာအကွယ်တရား ဖြစ်သည်။ နိုင်ငံရေးအရ အန္တရာယ်ရှိသောကာလများတွင် မင်းညီမင်းသားများသည် ၎င်းတို့၏ အသက်ချမ်းသာရေးအတွက် သာသနာ့ဘောင်သို့ ဝင်ရောက်ကြသည်။ ဥပမာဆိုရမူ အနုလာမိဖုရား၏ရန်ကို ကြောက်လန့်သည့် ကနိဋ္ဌတိဿ (အေဒီ ၁၆-၃၆) မင်းသားသည် သာသနာ့ဘောင်သို့ ဝင်ရောက်နေပြီး အခွင့်သာသည့် အချိန်တွင် လူထွက်ပြီး အနုလာမိဖုရားကို သတ်လျက် မင်းပြုသည်[၃]။ ထို့အတူ သိလာကာလမင်း (အေဒီ ၅၂၄-၅၃၇) အိန္ဒိယသို့ ထွက်ပြေးပြီး ပထမကဿပမင်းကို ကြောက်လန့်သဖြင့် ရဟန်းပြုသည်။ ကဿပမင်း ကွယ်လွန်ပြီးနောက် လူဝတ်ကြောင် အဖြစ်ဖြင့် နိုင်ငံတော်သို့ ပြန်လာခဲ့သည်[၄]။

သို့ရာတွင် သီဟိုဠ်ဘုရင်များအနက် အမှန်တကယ် သနားကြင်နာတတ်ပြီး ဘာသာတရား ကိုင်းရှိုင်းသည့် စတုတ္ထ အဂ္ဂဗောဓိမင်း

[၁] ယင်း၊ ၁၃၁-၁၃၅။
[၂] ယင်း၊ ၄၆၊ ၁၃၇-၁၅၁။
[၃] ယင်း၊ ၃၆၊ ၂၉။
[၄] ယင်း ၃၄၊ ၄၅-၅၅။



တစ်ခုကို လုပ်ခဲ့သည်။ မင်းကြီးသည် တရားဟော ဓမ္မကထိကပုဂ္ဂိုလ်များအား ဆုတော် လာဘ်တော်များ ပေးလျက် သီဟိုဠ်တစ်ကျွန်းလုံး ဓမ္မဟောကြားခြင်းအတွက် ပြင်ဆင်မှုများကို ပြုလုပ်ခဲ့သည်[၁]။

မဟာစူလိ မဟာတိဿ (ဘီစီ ၁၇-၃)သည် နဖူးမှချွေး ခြေမကျသည်ထိ လုပ်အားမှ ရရှိသည့် ပစ္စည်းများဖြင့် လှူဒါန်းမှုမှာ အလွန် ကုသိုလ်ရကြောင်း သိရသဖြင့် စပါးခင်းတစ်ခုတွင် ဟန်ဆောင်၍ အလုပ်လုပ်ပြီး လုပ်ခအဖြစ် ရရှိသည့်ဆန်ဖြင့် မဟာသုမနမထေရ်အား လှူဒါန်းသည်။ မင်းကြီးသည် သကြားစက်ရုံတွင် အလုပ်သမားအဖြစ် ဟန်ဆောင် အလုပ်လုပ်ပြီး လုပ်ခရသည့် သကြားခဲများကို ရဟန်းတော်များအား လှူဒါန်းသည်[၂]။ မဟာစူလိယ မဟာတိဿမင်း၏ အဓိက ရည်ရွယ်ချက်မဟုတ်သော်လည်း နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးသူတစ်ယောက်သည် လယ်သမား အလုပ်သမားများနှင့်အတူ လုပ်ခစားအဖြစ် လုပ်သည့် စိတ်ဝင်စားဖွယ်နှင့် မှတ်သားဖွယ် ဗဟုသုတတစ်ရပ်ဖြစ်သည်မှာ သံသယဖြစ်ဖွယ်မလိုချေ။ သို့တစေ မင်းကြီးသည် ဆင်းရဲသူအများစုနှင့် ပတ်သက်၍ အသုံးဝင်သည့် ဗဟုသုတကောင်းတစ်ရပ်ကို ဦးစွာ ရရှိခဲ့သည်။

ပထမ သံဃတိဿမင်း (အေဒီ ၃၀၃-၃၀၇)သည် ဒါမဂလ္လက မဟာဒေဝမထေရ် ဟောကြားသည့် တရားတစ်ခုတွင် ယာဂုထမင်း လှူဒါန်းမှု၏ အကျိုးကို ကြားသိရပြီး မင်းကြီးသည် ရဟန်းတော်များအား ယာဂုဆွမ်း လှူဒါန်းနိုင်ရန် မြို့တော်ဂိတ်လေးခုတွင် သင့်တင့်လျောက်ပတ်သည့် ပြင်ဆင်မှုများ ပြုသည်[၃]။

ယင်းသို့သော ကုသိုလ်မျိုးကို နောင်ဘဝတွင် အလိုရှိသော အကျိုးတရားကို ရရှိစေရန်သာမက ဤဘဝ၌ အန္တရာယ်ကင်းမှုသေချာစေရန်လည်း ပြုလုပ်ကြခြင်းဖြစ်သည်။ ဤအချက်နှင့် ပတ်သက်သည့် ရှင်းလင်းသော နမူနာတစ်ရပ်ကို ဝသဘမင်း (အေဒီ ၁၂၇-၁၇၁) ဖြစ်ရပ်တွင် ပါရှိသည်။ ဝသဘမင်းသည် ၎င်းသွားရောက် စုံစမ်းခဲ့သူ ဗေ

[၁] မဟာဝံသ ၃၂၊ ၄၄။
[၂] မဟာဝံသ ၃၄၊ ၂-၆။
[၃] ယင်း၊ ၃၆၊ ၆၆-၆၉။

ဒင်ဆရာ (ဟောရာပါဌက) က ၎င်း၏မိဖုရားမှာ အသက် ၁၂ နှစ်သာ အသက်ရှည်မည်ဟူသော ဟောကြားချက်ကို ယုံကြည်လျက်ရှိသည်ဟု ဆိုသည်။ ယင်းဟောကြားချက်ကို မည်သူ့ကိုမျှ မပြောကြားဘဲ အသက်ကို ရှည်စေနိုင်သော နည်းလမ်းရှိမရှိ သံဃာတော်များထံမှ စုံစမ်းမေးမြန်းသည်။ သံဃာတော်များက ရှိကြောင်း မိန့်ကြားပြီး နည်းလမ်းကို ပြောပြသည်။ ရေစစ်[၁] လှူဒါန်းပါ၊ နေရာထိုင်ခင်းများ လှူဒါန်းပါ၊ နေထိုင်မကောင်းသူများကို စောင့်ရှောက်ပါ၊ ပျက်စီးနေသည့် အဆောက်အအုံများကို ပြင်ဆင်ပါ၊ ငါးပါးသီလ[၂]ကို စောင့်ထိန်းပါ၊ ထို့ပြင် ဥပုသ်နေ့များ၌ ရှစ်ပါးသီလ[၃]ကိုလည်း စောင့်ရှောင့်ပါ၊ ယင်းအရာများသည် အသက်ရှည်စေသော တရားဖြစ်များ ဖြစ်ကြသည်။ ဝသဘမင်းသည် ယင်းအရာများအားလုံးထက် ပို၍ပင် ပြုလုပ်ခဲ့ပြီး မင်းကြီးသည် ၄၄ နှစ် အုပ်ချုပ်ခဲ့ကြောင်း သိရသည်[၄]။

ဘုရင်မင်းများနှင့် ပြည်သူအများသည် မိမိတို့ကိုယ်တိုင်ကို ဘုန်းတော်ကြီးကျောင်းများအား လှူဒါန်းပြီး ယင်းတို့ကို ပြန်လည်ရွေးယူကြပုံကို ရှေ့အခန်းများတွင် သိခဲ့ကြပြီးဖြစ်သည်။ ယင်းတို့အားလုံးကို အပြုအမူတစ်ခုဖြင့် ကုသိုလ်နှစ်မျိုးကို ရရှိရန် ပြုခဲ့သည်။ ပထမ ယင်းတို့ကို ကျေးကျွန်များအဖြစ် လှူဒါန်းခြင်း၊ ယင်းနောက် လှူဒါန်းထားသူတို့ကို ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေရန် ကျောင်းတိုက်များအား ငွေကြေးလှူဒါန်းခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြပြီးသည့်အတိုင်း ဘုရင်များစွာတို့သည် သာသနာတော်အား 'နိုင်ငံတော်ကို လှူဒါန်းခြင်း'မှာ ဤနည်းအတိုင်း ဖြစ်သည်။ ရဟန်းတော်များမှာ လိမ္မာ

[၁] ပရိဿဝန 'ရေစစ်'သည် ရဟန်းတို့၏ ပရိက္ခရာ ရှစ်ပါး၌ ပါဝင်သည်။ ရေစစ်ကို ရေထဲမှာရှိဖွယ်ရှိသည့် သတ္တဝါငယ်များ၏ ဘဝကို မပျက်စီးစေရန် ရေမသောက်ခင် ရေကိုစစ်ရန် အသုံးပြုသည်။

[၂] သူ့အသက် မသတ်ခြင်း၊ သူ့ဥစ္စာကို မတရား မယူခြင်း၊ သူတစ်ပါး သားမယားကို မကျူးလွန်ရ၊ မလိမ်ညာရ၊ အရက်သေစာ မသောက်စားရ။

[၃] သူ့အသက် မသတ်ခြင်း၊ သူ့ဥစ္စာကို မတရား မယူခြင်း၊ မေထုန်မမှီဝဲရ၊ မလိမ်ညာရ၊ အရက်သေစာ မသောက်စားရ၊ နေလွဲညစာ မစားရ၊ သီဆို ကခုန်ခြင်း၊ ပန်းနံ့သာ လိမ်းကျံခြင်း မပြုရ၊ ဇိမ်ခံမွေ့ယာများနှင့် မအိပ်ရ။

[၄] မဟာဝံသ ၃၅၊ ၇၁-၁၀၀။



ပါးနပ်ကြသဖြင့် တရားနှင့်အညီ မျှတစွာ အုပ်ချုပ်ရန် အကြံပေးပြီး ဘုရင်မင်းကိုသာလျှင် အမြဲတမ်း ပြန်လည် ပေးအပ်ကြသည်[၁]။

တစ်ခါတစ်ရံတွင်မူ ဘုရင်မင်းများသည် နိုင်ငံရေးအာဏာကို အန္တရာယ်ရှိသောအခါ ဘာသာရေးသည် ခြားနားချက် မရှိချေ။ ဘုရင်မင်းများသည် ဘာသာရေးကို မေ့ပျောက်သွားပြီး အချင်းချင်း သတ်ဖြတ်ကြသည်။ ထီးနန်းကိုရရှိရန် ရည်ရွယ်ထားသရွေ့ ဘုန်းကြီးကျောင်းတိုက်များကိုပင် လုယက်ကြသည်။ သို့တစေ ထီးနန်းကို ရသည်နှင့် တစ်ပြိုင်နက် ၎င်းတို့သည် သာသနာကို ကြည်ညိုလာကြပြီး ဘာသာတရား လိုက်စားလာကြလျက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။ ဤသည်မှာ အဓိကအားဖြင့် ယခင်လုပ်ခဲ့ကြသည့် အကုသိုလ်အကျိုးဆက်များကို ရှောင်ရှားရန် ဖြစ်သည်။ ယင်းအတွက် နမူနာ ပုံစံ များစွာ သမိုင်းတွင် ထင်ရှားရှိသည်။

အဖေကိုသတ်သည့် ကဿပမင်း၏ ဘာသာရေးလုပ်ဆောင်ချက် များစွာနှင့် ပတ်သက်သည်ကို ပြဆိုပြီးနောက် မဟာဝံသကျမ်းက မင်းကြီးသည် 'တမလွန်လောကကို ကြောက်ရွံ့၍'[၂]ဟု ဆိုသည်။ ပထမဒါဌောပတိဿမင်းသည် ကျောင်းတိုက်သုံးနှင့် ဓာတ်တော်တိုက်ခန်းမှ အဖိုးတန် ပစ္စည်းများ၊ ရွှေဆင်းတုများကို ယူပြီး ထူပါရာမစေတီတော်၏ ထီးတော်ကို ချိုးပြီး ရွှေအဆင်တန်ဆာများနှင့် ရတနာပစ္စည်းများကို ယူသည်။ နောင်တွင် သံဝေဂရပြီး ၎င်း၏ကုသိုလ်

[၁] ပုံစံအားဖြင့် သဒ္ဓါတိဿမင်းသည် ကာလဗုဒ္ဓရက္ခိတမထေရ်အား နိုင်ငံတော် ကို လှူဒါန်းသည်။ မထေရ်က 'တုမှေဟိ မဟာရာဇ ပသန္နာကာရော ကတော၊ အမှေ ပန အမှာကံ ဒိန္နံ ရဇ္ဇံ တုမှာကံယေဝ ဒေမ၊ ဓမ္မေန သမေန ရဇ္ဇံ ကာ-ရေဟိ မဟာရာဇ'။ 'မင်းကြီး၊ သင်သည် ကြည်ညိုနှစ်သက်ဖွယ်ကို ပြုပေ၏။ ငါတို့အဖို့မူ ငါတို့အား လှူဒါန်းသည့် မင်းအဖြစ်ကို သင်တို့အားသာလျှင် ပြန် ပေးအပ်ပါ၏။ တရားသဖြင့် နိုင်ငံတော်ကို အုပ်ပါလော' (မ-ဌ ၂၊ ၁၉၆)။ မောဂ္ဂလ္လာနမင်းသည် ထီးဖြူတော်ကို သံဃာတော်အား လှူဒါန်းသော်လည်း ယင်းကို သံဃာတော်အား ပြန်လည်ပေးအပ်သည်။ ဆတ္တေန သံဃံ ပူဇေမိ၊ သံဃော အဒါသိ နံ အဒါ (မဟာဝံသ ၃၉၊ ၃၁)။

[၂] မဟာဝံသ ၃၉၊ ၁၉။ ဘီတော သော ပရလောကမှာ။

ရည်ရွယ်ချက်အစစ်အမှန်ကို မသိကြသော်လည်း လူအများသည် ဘာသာတရားအမည်ဖြင့် အသက်ကိုပင် ပေးလိမ့်မည်ဖြစ်သည်။ သို့ဖြစ်၍ လူအများသည် ၎င်းတို့၏ ဤဘဝတွင်ရော နောင်ဘဝတွင်ပါ ဘဝနှင့် စိတ်ဓာတ်ရေးရာ လမ်းညွှန်များဖြစ်ကြသည့် ရဟန်းတော်များအား ဘာသာတရား လေ့ကျင့်အားထုတ်မှုအတွက် မျှော်လင့်ကြသည်။ လူအများသည် မြင့်မြတ်သည့် ကိစ္စတွင် ပါဝင်ကြပြီး စိတ်ဖြူစင်သည့် သံဃာတော်တစ်ပါးအား ကူညီထောက်ပံ့ခြင်းဖြင့် ကုသိုလ်ကောင်းမှုကို သွယ်ဝိုက်၍ ရရှိကြသည်။ ဥပမာအားဖြင့် ဒုဋ္ဌဂါမဏီမင်းသည် ကိုယ်တိုင် တရားဟောရန် မစွမ်းနိုင်သောကြောင့် ဓမ္မဒါနကုသိုလ်ကို ရရှိရန်အတွက် တရားဟောပုဂ္ဂိုလ်များအား ထောက်ပံ့ပူဇော်သကဲ့သို့ဖြစ်သည်။

သာမန်လူဝတ်ကြောင် တစ်ယောက်အဖို့ ဘုန်းကြီးကျောင်းတိုက်သည် ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းထားသည့် နေရာဖြစ်ပြီး ရဟန်းတော်များမရှိဘဲ ဘုန်းကြီးကျောင်းတိုက် မတည်ရှိနိုင်။ သို့ဖြင့် နောက်ဆုံးတွင် ရဟန်းတော်များသည် လူဝတ်ကြောင်များ၏ ဘာသာတရား ခံယူချက်များနှင့် ကြည်ညိုမှုများအားလုံးကို ထုတ်ဖော်မှုပေးနိုင်သည့် အရာဝတ္ထုဖြစ်လာသည်။

ထိုအတူပင် အမှတ်ရအံ့ဩဖွယ်ကောင်းသည့် လူဝတ်ကြောင်များ၏ သံဃာတော်များအပေါ် ကြည်ညိုနှစ်သက်မှုကို ဖော်ပြမှုတစ်ရပ်ကို တွေ့ရသည်။ ဘီစီနှစ်ရာစုတွင် မဟာလေ့ ဝိဒုရိန်ဒုနာဝို (Mahalē Viduriňdunāvō)အမည်ရှိ နိုင်ငံတော်၏ အတွင်းဝန်ချုပ်သည် အနုရာဓပုရမြို့ရှိ ပန်းခြံတစ်ခုတွင် နေထိုင်သည့် 'သက်န်းဝတ်ထားသည့် အမျိုးသားနှင့် အမျိုးသမီးတစ်ယောက်' ကို အမှတ်မထင် တွေ့ခဲ့ကြောင်း စောစောပိုင်းက သိခဲ့ရပြီးဖြစ်သည်။ ထိုအတွင်းဝန်သည် မိမိမျက်လုံးကို အပြစ်တင်လျက် သံဃာ၏အမှားကို နောက်တစ်ကြိမ် လုံးဝမမြင်နိုင်စေရန် မျက်လုံးထဲကို သဲများထည့်သွင်းလျက် မျက်လုံးကို ကန်းအောင်လုပ်ခဲ့ကြောင်း သိရသည်အထိ 'ကျွန်ုပ်တို့ လူမျိုး၏ အစောင့်နတ်များ'ဖြစ်သည့် သံဃာနှစ်ပါး ကျူးလွန်သည့် ယင်းသို့သော လုပ်ရပ်ကို တွေ့မြင်ရခြင်းအတွက် စိတ်မချမ်းသာ မပျော်ရွှင်ဖြစ်ခဲ့သည်။ အတွင်းဝန်သည် ထိုကိစ္စကို မည်သူတစ်ဦးတစ်ယောက်မျှ မသိနိုင်အောင်



(အေဒီ ၆၅၈-၆၇၄) ကဲ့သို့သော ဘုရင်မင်းအချို့ရှိခဲ့သည်။ ထိုမင်းကွယ်လွန်ပြီးနောက် ၎င်း၏ ပြာများကို လူအများက ဆေးအဖြစ်အသုံးပြုကြသည်အထိ တိုင်းသူပြည်သား အလွန်ချစ်မြတ်နိုးခြင်း ခံရလောက်အောင် သနားကြင်နာပြီး တရားမျှတသည့်မင်း ဖြစ်သည်[၁]။

လောကီရေးကိစ္စများတွင် အလွှာမျိုးစုံသည့် လူအဖွဲ့အစည်းအကြား မည်သို့ပင် ခြားနားကွာဝေးနိုင်စေကာမူ ဗုဒ္ဓဝါဒသည် ရှိခိုးပူဇော်သည့် နေရာတွင် လုံးဝနီးပါး တူညီသည့်အဆင့် ရှိကြသည်[၂]။ ရှင်ဘုရင်အား အကြီးကျယ်ဆုံးသူနှင့် လူအားလုံးတို့၏ အပေါ်တွင် ထားသော်လည်း ဘာသာရေးဆိုင်ရာကို ဆောင်ရွက်သည့် အချိန်အခါများတွင် ဘုရင်သည် သာမန်ပြည်သူများကဲ့သို့ ဥပါသကာတစ်ယောက်အနေဖြင့် လွတ်လပ်စွာ သွားလာလှုပ်ရှားသည်။ ဘုရင်မင်းအချို့သည် ဥပုသ်သီလများကို ဆောက်တည်လျက် ဘုန်းကြီးကျောင်းများတွင် တစ်နေကုန် နေထိုင်လေ့ရှိသည်။ ဥပမာအားဖြင့် သဒ္ဓါတိဿမင်းသည် စေတိယပဗ္ဗတရှိ ရာဇလေဏတွင် ဥပုသ်နေ့ကို ကုန်လွန် (ဥပေါသထကမ္မံ ကရောန္တော)ကြောင်း သိရသည်[၃]။ ရာဇလေဏ မင်း၏ လိုဏ်ဂူဟူသော အမည်ပင် ဥပုသ်နေ့တွင် ဤလိုဏ်ဂူ၌ မင်းကြီးတရားဘာဝနာအားထုတ်သည့် နေရာဟု အဓိပ္ပာယ်သက်ရောက်စေသည်။ ပူဇာနေ့များတွင် အဋ္ဌသီလ (ရှစ်ပါးသီလ) ဆောက်တည်သည့် ဥပါသကာများလည်း ဘုန်းကြီးကျောင်းတွင် တစ်နေကုန်နေထိုင်လိုကြသည်[၄]။ ယင်းအခမ်းအနားများအနက် တစ်ခုမှာ သဒ္ဓါတိဿမင်းသည် မဟိန္ဒလေ့ရှိ ကာလတိမ္ဗရုပင်အောက်တွင် သီတင်းသုံးသည့် ကာလဗုဒ္ဓ

[၁] ယင်း ၄၆၊ ၃၇။ မည်သို့သော ပုံစံဖြင့် ၎င်း၏ပြာများကို ဆေးအဖြစ် အသုံးပြုခဲ့သည်ကိုမူ မသိရချေ။

[၂] သို့ရာတွင် (ဤကျမ်း စာ၊ ၄၁၈ မှတ်ချက် ၁)တွင် ပထမဝိဇယဗာဟုသည် သမနောဠ (အဒမ် တောင်ထွတ်)တွင် ဇာတ်နိမ့်များအတွက် တန်းလျား ဆောင်တစ်ခုတည်ဆောက်ခဲ့ကြောင်း သိရသည်။ ယင်းသည် လုပ်ရိုးထုံးစံတစ်ခု မဟုတ်ချေ။

[၃] မဟိန္ဒလေ့အရပ်တွင် ယနေ့ခေတ်၌ ရာဇဂိရိလေဏဟုခေါ်သည့် ဂူတစ်ခုရှိသည်။ ယင်းသည် ရှေးခေတ် ရာဇလေဏ ဖြစ်ဖွယ်ရှိသည်။

[၄] ဥပုသ်သီလဆောက်တည်သူများသည် ယနေ့တိုင်ပင် တစ်နေကုန် ဘုန်းကြီးကျောင်းများ၌ နေထိုင်လေ့ရှိကြသည်။

ရက်ခွဲတ မထေရ်ဟောကြားသည့် ကာလကာလာရာမသုတ်ကို မထင်မရှားအသွင်ဖြင့်[၁] မတ်တတ်ရပ်ပြီး တစ်ညလုံး နာယူသည်ဟုဆိုသည်[၂]။

ဒုတိယ ဒါဌောပတိဿမင်း (အေဒီ ၆၅၀-၆၅၈) သည် ဥပုသ်သီလစောင့်သုံးခြင်းနှင့် တရားနာယူခြင်း အလေ့ရှိကြောင်းသိရသည်[၃]။ သို့တစေ ပဉ္စမအဂ္ဂဗောဓိမင်း (အေဒီ ၇၁၁-၇၁၇)သည် ဖော်ပြပြီးမင်းများ အားလုံးထက် ပို၍ဒီမိုကရေစီ သဘောမျိုးရှိသည်။ မင်းကြီးသည် ဥပုသ်နေ့များတွင် ကျွန်းသူကျွန်းသားများနှင့်အတူ ဥပုသ်စောင့်ပြီး ၎င်းတို့အား လောကုကုတ္တရာပျော်ရွှင်မှုကို ပေးနိုင်ရန် တရားဓမ္မဟော ကြားသည်ဟု ဆိုသည်[၄]။

ယင်းသို့သော အချိန်အခါများတွင် ဘုရင်မင်းသည် တိုင်းသူပြည်သူ ပြည်သားများ၏ စိတ်ပိုင်းဘဝရေးရာ ဆရာဖြစ်ပြီး လူထုထဲမှ တစ်ယောက်သာသာပင် ဖြစ်သည်။ သို့ရာတွင် ဘုန်းကြီးကျောင်းတိုက်မှာပင် တိုင်းပြည်အုပ်ချုပ်သူဖြစ်သောကြောင့် လေးစားမှု လျော့မသွားသည်မှာ သံသယဖြစ်ဖွယ် မလိုချေ။ ဘာသာတရားကြည်ညိုမှုနှင့် ပတ်သက်၍ အလုပ်သမားတစ်ယောက်ကဲ့သို့ လုပ်ကိုင်ခဲ့သည့် မဟာစူလိမဟာတိဿမင်းကဲ့သို့သော မင်းအကြောင်းကို စဉ်းစားကြည့်ပါက ဗုဒ္ဓဝါဒသည် သီဟိုဠ်လူမျိုးနှင့် သီဟိုဠ်ဘုရင်မင်းများအား မည်မျှ လွှမ်းမိုးခဲ့ကြောင်း ခန့်မှန်းနိုင်သည်။

လူဝတ်ကြောင်များ ဘာသာရေးဘဝ၏ အရှင်းလင်းဆုံးနှင့် အထူးခြားဆုံး သွင်ပြင်မှာ သံဃာတော်များအား အလွန့်အလွန် ကြည်ညိုခြင်းဖြစ်သည်။ ယင်းသို့ဖြစ်ခြင်းမှာ အကြောင်းနှစ်ချက်ကြောင့် ဖြစ်သည်။ ပထမ လူအများသည် လူအများ၏ အယုံကြည်ရဆုံး ဆရာနှင့် လမ်းညွှန်ဖြစ်သည်။ ရဟန်းသည် အရေးကြီးကိစ္စများအားလုံးတွင် ကြားဝင် ဆောင်ရွက်ပေးပြီး နိုင်ငံတော်ရေးရာ ကိစ္စများမှာပင် အငြင်းပွားမှုများကို ပြေငြိမ်းစေသည်။ ကိစ္စကြီးငယ်မဟူ အရေးအခင်းအားလုံးတွင် အကြံဉာဏ်နှင့် လမ်းညွှန်မှု ရယူရန် ရဟန်းတော်များထံသို့ သွားကြပြီး ယုံကြည်ချက်ကြီးစွာဖြင့် တိုင်ပင်ကြသည်။ ဒုတိယ ရဟန်းသည် နောင်ဘဝအတွက် ၎င်းတို့အား ပို၍ပင် အားထားရာဖြစ်သည်။ ယေဘုယျအားဖြင့် ယောကျ်ားမိန်းမများသည် ဤဘဝထက် နောင်ဘဝ ချမ်းသာမှုကို ပိုမို စိုးရိမ်ကြသည်။ နောင်ဘဝအတွက် ကူညီပေးနိုင်သူမှာ ရဟန်းတော်များမှတစ်ပါး အခြားသူ မရှိချေ။

ကုသိုလ်ဟူသည် နောင်ဘဝအတွက် လုံခြုံစွာ မြှုပ်နှံထားသော အရင်းအနှီးဖြစ်သည်။ သံဃာတော်အား ကောင်းမှုမျိုးစေ့ကို ကြဲချပြီး နောင်ဘဝတွင် ယင်းကို ပြန်လည်ရိတ်သိမ်းရာ ကုသိုလ်လယ်မြေ ပုညခေတ္တ ဟု ခေါ်သည်။ လယ်မြေမကောင်းလျှင် အသီးအနှံ နည်းပါးမည်ဖြစ်ပြီး လယ်သမားသည် သဘာဝအားဖြင့် ယင်းအတွက် စိတ်မချမ်းမသာဖြစ်ရသည်။ အကယ်၍ သံဃာမစင်ကြယ်လျှင် မြှုပ်နှံသည့် ကုသိုလ်ဒါနသည် အကျိုးပေးနည်းမည်ဖြစ်ပြီး အလှူရှင်များမှာ ယင်းအတွက် စိတ်မချမ်းမြေ့ဖြစ်ရသည်။ ယင်းသည် ဘုရင်နှင့် ပြည်သူပြည်သားများ အဘယ်ကြောင့် အပြစ်ကင်းပြီး စင်ကြယ်သည့် သံဃာနှင့် ပတ်သက်၍ စိုးရိမ်ရခြင်း၏ အကြောင်းဖြစ်သည်။ မှန်သည်၊ ယင်းသို့ စိုးရိမ်မှုနှင့် ပတ်သက်၍ အခြားထင်ရှားသည့် အကြောင်း တစ်ချက် ရှိသေးသည်။ ရဟန်းတော်များသည် နိုင်ငံတော်၏ ဆရာနှင့် လမ်းညွှန်သူဖြစ်ကြပြီး အကယ်၍ ၎င်းတို့ ကိုယ်ကျင့်တရား မကောင်းလျှင် တစ်နိုင်ငံလုံး လမ်းမှားသို့ သွားကြလိမ့်မည်။ အကယ်၍ ရဟန်းတော်များဆိုးသွမ်းနေလျှင် ရဟန်းတော်များကိုယ်တိုင်မှာ အန္တရာယ်ရှိသည်သာမက တစ်နိုင်ငံလုံး ဤဘဝတွင်ရော နောင်ဘဝတွင်ပါ ဘေးဒုက္ခကြုံရလိမ့်ဖြစ်သည်။

လူထုအများစုသည် မြတ်ဗုဒ္ဓ၏ အဆင့်မြင့်တရားတော်များကို လေ့ကျင့်အားထုတ်ခြင်းအတွက် လိုအပ်သော စိတ်အားထက်သန်မှုနှင့် စိတ်ငြိမ်းချမ်းမှု မရှိခဲ့ချေ။ လူအများသည် ယင်းလိုအပ်ချက်၏ အရေးပါမှုကို နားလည်နိုင်သည့် အသိဉာဏ်လည်း မရှိခဲ့ကြချေ။ သို့ရာတွင် လူအများသည် ဘာသာတရားအပေါ် အကြီးမြတ်ဆုံးသော ရိုသေ လေးစားခြင်းနှင့် နှစ်သက်ခြင်း ရှိခဲ့ကြသည်။ ဘာသာတရား၏

---

[၁] ပရိသတ်ကို မနှောင့်ယှက်လိုသောကြောင့် ဖြစ်နိုင်သည်။

[၂] မ-ဠ ၂၊ ၄၆၉၊ ၄၇၀။

[၃] မဟာဝံသ ၄၅၊ ၂၅။

[၄] ယင်း ၄၇၊ ၁၀။ ဥပေါသထံ ဥပဝသိ၊ သဒ္ဓိံ ဒီပဇနေဟိ သော။
ဓမ္မဉ္စ တေသံ ဒေသေသိ၊ ဒါတုံ လောကုတ္တရံ သုခံ။

မကျန်းဖြစ်သဖြင့် မင်းကြီးသည် ငိုကြွေးရှိုက်ဖိုလျက် မထေရ်အား ပြုစုစောင့်ရှောက်ခဲ့သည်[၁]။

မဟာဝိဟာရဂါမအရပ်မှ မထင်ရှားသည့် ဥပါသိကာမတစ်ဦးသည် လေဏဂိရိအရပ်မှ မထေရ်တစ်ပါးအား ခင်မင်သည်။ ထိုဥပါသိကာမသည် ထိုမထေရ်အတွက် နို့ထမင်းကို ပြင်ဆင်ထားစဉ် ရဟန်းတော်များစွာ အိမ်ကို ဆွမ်းခံ ကြွကြသော်လည်း ထိုရဟန်းတော်များအား နို့ထမင်းကို မလောင်းလှူဘဲ နေသည်။ နောက်ဆုံး မထေရ်မြတ် အိမ်သို့ ကြွလာမှသာလျှင် တိဿမထေရ်အား လောင်းလှူလိုက်သည်[၂]။ ဗြာဟ္မဏတိဿသူပုန်ဘေးအတွင်း သံဃဒတ္တာနှင့် မောင်နှမများသည် ဘေးကင်းရာအရပ်သို့ သွားကြစဉ် ၎င်းတို့မိသားစု၏ မိတ်ဆွေဖြစ်သည့် စူဠနာဂမထေရ်အား မိမိတို့နှင့်အတူ ပင့်သွားပြီး မထေရ်အား စောင့်ရှောက်ထားကြသည်[၃]။

ခမ်းနားသည့် ပွဲတော်များသို့ သွားရောက်ခြင်းနှင့် ဘုရားဖူးခရီးသွားခြင်းများမှာ ဘာသာရေးတည်တံ့မှုနှင့် ဆက်နွယ်နေသည့် သွင်ပြင်နှစ်မျိုးဖြစ်သည်။ လူအများသည် ပွဲတော်များကို ပါဝင်ဆင်နွှဲရန် အလွန် ဝေးကွာသောအရပ်များသို့ တတ်စွမ်းသမျှ လှပစွာ ဝတ်စားဆင်ယင်လျက် ခရီးသွားခဲ့ကြသည်ဟု ဆိုသည်[၄]။ အချို့မှာ သီဟိုဠ်၌ရှိ ဘုရားဖူးနေရာများကိုသာမက အိန္ဒိယရှိ နေရာများသို့ပါ ဘုရားဖူးသွားကြသည်[၅]။ တစ်ခါတစ်ရံ ဘုရားဖူးခရီးအား နန်းတော်မှ ကြီးကြပ်ပေးမှုကိုပင်ရရှိသည်[၆]။ အေဒီ ၁၂ ရာစုတွင် အနုရာဓပုရမြို့သို့ နေရပ်အသီးသီးမှ ရောက်ရှိလာကြသည့် ဆင်းရဲသားများ လှူဒါန်းရန် လိလာဝတီ မိဖုရား တည်ဆောက်ခဲ့သည့် အခမဲ့ အလှူပေးဇရပ်တစ်ခု ရှိခဲ့သည်[၇]။ ဆင်းရဲသူများအား ပေးကမ်းလှူဒါန်းရန် အမြဲတမ်းနေရာ

[၁] အဘိ-ဋ္ဌ ၂၊ ၄၃၃။

[၂] မ-ဋ္ဌ ၂၊ ၂၉၅၊ အံ-ဋ္ဌ ၃၊ ၉၂။

[၃] ရသဝါဟိနီ ၂၊ ၁၇၈။

[၄] ဒီ-ဋ္ဌ ၁၊ ၁၆၆။ မ-ဋ္ဌ ၁၊ ၂၆၉။

[၅] ရသဝါဟိနီ ၂၊ ၃၀။

[၆] ယင်း ၂၊ ၃၈။

[၇] E,Z. I, p. 179.



အလွန် ဂရုစိုက်ခဲ့သည်။ သို့တစေ ၎င်း၏ စိတ်ဝင်စားမှုများကို စောင့်ကြည့်ခဲ့သည့် ရက္ခသတစ်ယောက်က ထိုရှောင်တခင်ဖြစ်ရပ်အကြောင်းကို အတွင်းဝန်ချုပ်အား ပြောပြခဲ့သဖြင့် ဝိဒုရိန်ဒုနာရိသည် အလွန်အမင်း ဒေါသထွက်ပြီး ရက္ခသအား ပြစ်တင်ဝေဖန်သည်။ နောက်ဆုံးတွင် အတွင်းဝန်၏ မျက်လုံးများသည် အံ့သြဖွယ် နဂိုမူလအတိုင်း ပြန်ဖြစ်သွားကြောင်း ဝတ္ထုကြောင်းက ဆက်၍ဆိုသည်[၁]။

စာပေသဘောအရ ယင်းဝတ္ထုကြောင်း တစ်ခုလုံးကို အမှန်ဟု မယူနိုင်ချေ။ ယင်းသို့သော ဖြစ်ရပ်တစ်ခု လုံးဝမဖြစ်နိုင်ဟု ဆိုလျှင်ပင် ယင်းသို့ ပြင်းပြသည့် စိတ်အာရုံ ခံစားမှုတစ်ရပ်ကို ဓမ္မပြဒီပိကာ၌ ဖော်ပြသည့်အချက်က လူဝတ်ကြောင်အချို့သည် သံဃာအပေါ် မည်မျှကြီးမားစွာ ကြည်ညိုကြောင်း၊ သံဃာ၏စင်ကြယ်မှုကို စိုးရိမ်ကြောင်းနှင့် သံဃာ၏အမှားကို ပြည်သူ့ရှေ့မှောက်၌ ဖွင့်ဟခွင့်မပြုရန် မည်မျှဂရုစိုက်ကြောင်း သံသယကင်းဖွယ် ဝေါဟာရများဖြင့် ဖော်ပြသည်။

သံဃာတော်အား ထောက်ပံ့မှုသည် လူဝတ်ကြောင်များ၏ တာဝန်ဝတ္တရားဖြစ်သည်။ သို့ဖြစ်၍ မင်းသားဒုဋ္ဌဂါမဏိသည် အခါတစ်ပါး၌ ၎င်း၏ အနီးနေ ငယ်ကျွန် (စူလုပဋ္ဌာက)တစ်ဦးအား မိမိသည် သံဃာတော်အား မလှူဒါန်းဘဲ မည်သည့် အစားအစာကိုမျှ မစားဖူးကြောင်း မိန့်ဆိုဖူးသည်[၂]။ သို့တစေ နောင်အခါ၌ မင်းကြီးသည် ရဟန်းတော်များကို မေ့လျော့ပြီး ငရုပ်သီးတစ်တောင့်ကို စားလိုက်သဖြင့် မိမိ၏ ပေါ့လျော့မှုကို ပြစ်ဒဏ်ပေးသည့်အနေဖြင့် မရီစဝဋ္ဋိစေတီကို တည်ကြောင်း အဆိုရှိသည်[၃]။

ဗုဒ္ဓဒါသမင်း၏သား တစ်လတွင် လေးကြိမ် အဋ္ဌသီလ စောင့်သုံးသည့် အလွန့်အလွန် ဘာသာတရား ကိုင်းရှိုင်းသူ ပထမဥပတိဿမင်း (အေဒီ ၅ရာစု) သည် မြင့်မြတ်သည့် ဟန်ဖြင့် မိမိ၏ သံဃာတော်အား ကြည်ညိုလေးစားပုံကို ဤသို့ မြွက်ဆိုသည် 'ဒုဋ္ဌဂါမဏီမင်းနှင့် မတူဘဲ အသက်ထက်ဆုံး ထိုမင်းသည် သံဃာအများ၏ ဆွမ်း

[၁] ဓမ္မပြဒီပိကာ၊ ၃၂၂။

[၂] အံ-ဋ္ဌ ၂၊ ၁၀၅။

[၃] မဟာဝံသ ၂၆၊ ၁၆-၁၇။

စားဆောင်ဖြစ်သည့် မဟာပါဠိမှ ထမင်းကို စားသောက်ခဲ့သည်[၁]။ ဤသည်မှာ မင်းကြီးအနေဖြင့် သံဃာ၏ အလုပ်အကျွေး ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ မင်းကြီးသည် ရဟန်းတော်များအား ဆွမ်းဆက်ကပ်ပြီးနောက် စားသုံးခဲ့ခြင်းဖြစ်ဖွယ်ရှိသည်။

သာမန် ဆင်းရဲသားများ၏ ကြည်ညိုမှုမှာ ပိုမိုဖြူစင်ပြီး ဘုရင်မင်းများနှင့် ဝန်ကြီးများ၏ ကြည်ညိုမှုထက် နှစ်သက်ဖွယ်ဖြစ်သည်။ ချမ်းသာသူများအနေဖြင့် သံဃာတော်များကို ပြုစုစောင့်ရှောက်ခြင်းမှာ အခက်အခဲမရှိဘဲ ထိုကိစ္စအတွက် တစ်စုံတစ်ရာ စွန့်လွှတ်ရန် မလိုချေ။

သို့တစေ တစ်ခါတစ်ရံ၌ ဆင်းရဲသူများသည် မိမိတို့ကိုယ်တိုင် မစားမသောက်ရဘဲရှိစဉ်မှာ သံဃာတော်များအား ကျွေးမွေးကြခြင်းဖြစ်သည်။ အချို့မှာ သံဃာတော်အား မိမိ၏ သားသမီးများကဲ့သို့ ဆက်ဆံကြသည်။ ဆင်းရဲသူ အမျိုးသမီးကြီးတစ်ယောက်သည် ကဿပလေဏ၌ သီတင်းသုံးသည့် မဟာမိတ္တမထေရ်ကြီးကား မိမိ၏သားတော်ကဲ့သို့ ပြုစုစောင့်ရှောက်သည်။ ထိုအမျိုးသမီး၏ သမီးမှာလည်း အရှင်မြတ်အား မိမိ၏အစ်ကိုရင်းကဲ့သို့ စောင့်ရှောက်သည်။ အဖွားအိုနှင့် သမီးတို့မှာ အလွန်ဆင်းရဲစွာ စားသောက်ရသော်လည်း အရှင်မြတ်အားမူ ၎င်းတို့ အတိုင်းအတာအရ အကောင်းမွန်ဆုံးသော အစားအစာများဖြင့် ကျွေးမွေးကြသည်။ မဟာမိတ္တမထေရ်သည် တစ်နေ့နံနက်တွင် ထိုသားအမိနှစ်ယောက် ပြောဆိုနေသံကို အမှတ်မထင်ကြားမိသဖြင့် အလွန် ကြည်နူးသွားလျက် ထိုနံနက်မှာပင် အဖွားအိုကိုသနားကရုဏာဖြစ်သဖြင့် ရဟန္တာဖြစ်သွားသည်[၂]။

ဆင်းရဲသူအချို့သည် သံဃာတော်များအား ပြုစုစောင့်ရှောက်ရေးအတွက် ငွေရရှိရန် မိမိတို့၏သားသမီးများကိုပင် ပေါင်နှံကြသည်။ ဥပမာဆိုမူ မုဏ္ဍဂုတ္တသည် ရဟန်းတော်များအား ပြုစုစောင့်ရှောက်နိုင်ရန် နွားတစ်ကောင်ဝယ်ယူရန် ရှစ်ကဟာပဏဖြင့် မိမိ၏သားကို ပေါင်နှံခဲ့သည်[၃]။ မဟာဂါမအရပ်မှ ဒါရုဘဏ္ဍက မဟာတိဿသည် ၁၂

[၁] ယာဝဇီဝဋ္ဌ သော ဘုဉ္ဇိ၊ မဟာပါဠိမှိ ဘောဇနံ။ မဟာဝံသ ၃၇၊ ၂၀၂-၂-၃။
[၂] ဒီ-ဌ ၃၊ ၃၈၀။ မ-ဌ ၁၊ ၂၉၈။ အံ-ဌ ၁၊ ၃၉၃။ အဘိ-ဌ ၂၊ ၂၆၆။
[၃] ရသဝါဟိနီ ၂၊ ၃၃။



ကဟာပဏဖြင့် သမီးကို ပေါင်နှံပြီး သံဃာပြုစုရန် ရည်ရွယ်ချက်ဖြင့်ပင် နွားတစ်ကောင် ဝယ်သည်[၁]။ ထိုပုဂ္ဂိုလ်သည် ပို၍အံ့သြဖွယ်ကိုပင်ပြုခဲ့သေးသည်။ သမီးအား ရွေးရန်မျှော်လင့်၍ သကြားစက်ရုံတွင် အလုပ်လုပ်၍ ရသည့် ၁၂ ကဟာပဏဖြင့် နေ့ဆွမ်း လှူတော့မည့် ရဟန်းတော်အတွက် ဆွမ်းတစ်နပ်စာ ဝယ်လိုက်သည်[၂]။ ရသဝါဟိကျမ်း၌ မိမိတို့ ဝတ်ရုံထားသည့် ပိတ်စကို သံဃာတော်နှစ်ပါးအား လှူဒါန်းသည့် ကိဋ္ဌိသံဃာနှင့် သဒ္ဓါသုမနာဟူသော အမျိုးသမီး နှစ်ယောက်အကြောင်း ဖော်ပြသည်[၃]။

ယေဘုယျအားဖြင့် သံဃာကို ကြည်ညိုသည်သာမက အချို့မှာ ပုဂ္ဂိုလ်ရေးအရ အခြားရဟန်းတော်များထက် ပိုမို စွဲလန်းမှုရှိလျက် မိမိတို့နှင့် ရင်းနှီးနီးစပ်ပြီး ကြည်ညိုနှစ်သက်သည့် ရဟန်းတော်များရှိကြသည်။ ဥပမာအားဖြင့် ကုဋ္ဋကဏ္ဍတိဿမင်း (အေဒီ ၁၆-၃၈) တွင်ယင်းသို့သော ရဟန်းတော် နှစ်ပါးရှိသည်။ တစ်ပါးမှာ ဂိရိဂါမကဏ္ဍအရပ်မှ စူဠသုဓမ္မမထေရ်ဖြစ်သည်။ မင်းကြီးသည် မထေရ်၏ မိခင်ထံမှ မထေရ်ကြိုက်သော အစားအစာမျိုးကို သိရပြီး အထူးသဖြင့် ထိုအစားအစာမျိုးကို ပြင်ဆင်ပေးသည်။ သို့ရာတွင် မင်းကြီးသည် မထေရ်၏ မျက်နှာကို တည့်တည့်ကြည့်နိုင်ခြင်းမရှိဟု ဆိုသည်။ ဤသည်မှာ မထေရ်၏ ရုပ်ရည်သပ္ပာယ်မှုနှင့် မင်းကြီး၏ မထေရ်အပေါ် လေးစားမှုနှစ်မျိုးလုံးကြောင့်ဖြစ်နိုင်သည်။ မင်းကြီး၏ တိပိဋကစူဠနာဂမထေရ်အား ကြည်ညိုစွဲလန်းမှုမှာ ပို၍ပင် ပြင်းပြသည်။ တစ်ခါသော် မထေရ်၌ လက်ညှိုးတွင် အနာစိမ်းပေါက်သဖြင့် မင်းကြီးသည် မထေရ်အပေါ် အလွန် ချစ်ခင် မြတ်နိုးသည့်စိတ်ဖြင့် မထေရ်၏ လက်ချောင်းကို နှုတ်ဖြင့် ငုံထားလိုက်စဉ် အနာသည် မင်းကြီး၏ ပါးစပ်ထည်း၌ ပြည်ပေါက်သွားသည်။ မင်းကြီးသည် ပေါက်ထွက်လာသည့် ပြည်ကို ထွေးထုတ်လိုက်ပါက မထေရ်အား မရိုသေရာကျမည်စိုးရိမ်သဖြင့် မျိုချလိုက်သည်အထိ မင်းကြီး၏ ဤမထေရ်အပေါ် ချစ်ခင်မှုမှာ မျက်ကန်းဆန်သည်ဟု ဆိုသည်။ နောင်အခါတွင် မထေရ်မြတ် သေလုနီးပါး နာ

[၁] အံ-ဌ ၁၊ ၃၉၅။ [၂] ယင်း၊ ၃၉၅။
[၃] ရသဝါဟိနီ ၂၊ ၄၇-၅၀။

မြတ်များအဖြစ် မှတ်ယူကြကြောင်း သိရသည်။ ဖာဟီယန်က 'အဓိက လမ်းမကြီးလေးခု၏ ထိပ်များအားလုံးတွင် တရားဟောဓမ္မာရုံများ ဆောက်လုပ်ထား၏။ ထိုနေရာတွင် လတစ်လ၏ ရှစ်ရက်မြောက်၊ ဆယ့်လေးရက်မြောက်နှင့် ဆယ့်ငါးရက်မြောက် နေ့များတွင် လူအများ သည် ကောဇောများကို ခင်းပြီး ဓမ္မာသနပလ္လင်များကို ချလျက် ရဟန်း တော်များနှင့် အရပ်လေးမျက်နှာမှ လူအများဓမ္မကို နာယူရန် စုဝေး ရောက်ရှိလာကြ၏'[၁] ဟု ဆိုသည်။ ဓမ္မကို နာယူရန် ရောက်ကြသူများ တွင် လူအများစုမှာ ရှစ်ပါးသီလကို ဆောက်တည်ထားကြသည်မှာ အ တော် ဖြစ်နိုင်ဖွယ်ရှိသည်။

ဘာသာတရားလိုက်စားသည့် နိုင်ငံအဖြစ် သီဟိုဠ်၏ ကျော်ကြား မှုသည် ကျွန်း၏ကမ်းခြေမှ အပြင်ဖက်သို့တိုင် ပျံ့နှံ့သွားပြီး ယင်းသ တင်းကို ကြားသိခဲ့သူ ဟူယင်ဆန်က 'သီဟိုဠ်လူမျိုးများသည် ပညာ သင်ကြားမှုကို ချစ်မြတ်နိုးပြီး ကိုယ်ကျင့်တရားကို အလေးဂရုပြုကြ၏။ ဘာသာတရားဆိုင်ရာ ထူးချွန်မှုကို အလွန် လေးစားကြပြီး ဘာသာ တရားနှင့်ဆိုင်သည့် ကုသိုလ်ရရှိရေးအတွက် အလုပ်လုပ်ကြ၏'[၂] ဟု မှတ်တမ်းရေးခဲ့သည်။

---

[၁] Fa Hien, p. 104.

[၂] Hiuen 'Tsiang : Bk. XI, p. 235.





ဌာနတစ်ခု ဖွင့်လှစ်ခြင်းမှာ ပုံမှန် မဟုတ်ချေ။ ယင်းဇရပ်ကို မြင့်မြတ် သည့် မြို့တော်သို့ လည်ပတ်လာကြသည့် ဆင်းရဲသား ဘုရားဖူးများ အား ပြုစုစောက်ရန် တည်ဆောက်ခဲ့သည်မှာ အလွန် ဖြစ်နိုင်သည်။

ဗုဒ္ဓဝါဒမတိုင်မီ သီဟိုဠ်၌ နတ်ဒေဝါတို့အား ပူဇော်မှုမှာ ထင်ရှား သည့် အယူသည်းမှုများအနက် တစ်ခုဖြစ်ကြောင်းကို ရှေ့အခန်း (ဤကျမ်း၊ စာ ၃၄ ကို ရှုပါ)တွင် သိခဲ့ရပြီးဖြစ်သည်။ ဗုဒ္ဓဝါဒရောက်ရှိ လာခြင်းက ယင်းယုံကြည်ချက်အပေါ် အလွန့်အလွန် ဝင်ရောက်စွက် ဖက်ခြင်း မပြုခဲ့ချေ။ အမှန်စင်စစ် ရှေးဦး ဗုဒ္ဓဝါဒ ကျမ်းစာများ၌ ပန်း ခြံ ဥယျာဉ်များ၊ သစ်တောများနှင့် သစ်ပင်အမျိုးမျိုး၌ နေထိုင်ကြသည့် နတ်ဒေဝါတို့အား ရည်ညွှန်းချက် များစွာ ရှိကြသည်[၁]။ သို့ဖြစ်၍ ဗုဒ္ဓ ဝါဒနှင့် ဗုဒ္ဓဝါဒမတိုင်မီ အကြား နတ်ဒေဝါပူဇော်မှုကို အကြောင်းပြု၍ ပဋိ ပက္ခ ရင်ဆိုင်တွေ့မှုများ မရှိခဲ့ချေ။ ဗုဒ္ဓဝါဒပြန့်ပွားပြီးနောက် သီ ဟိုဠ်တွင် ယင်းနတ်များအားလုံးကို ဗုဒ္ဓဝါဒီများအဖြစ်သို့ သွတ်သွင်း ပေးလိုက်ခြင်းသာလျှင် ခြားနားသည်။ ယင်းနတ်ဒေဝါများမှာ လူထု အကြား အလွန် ထင်ရှားပြီး ဗုဒ္ဓဝါဒီများသည် ယင်းနတ်ဒေဝါတို့ကို နေရာတိုင်းနီးပါးတွင် ထားကြသည်။

နတ်ဒေဝါများတွင် လူများမှာကဲ့သို့ပင် ချမ်းသာသူနှင့် ဆင်းရဲသူ များရှိကြသည်[၂]။ အချို့နတ်များမှာ ပြာဟ္မဏတိဿသူပုန်ဘေးအတွင်း နတ်တစ်ယောက်သည် မထေရ်တစ်ပါးထံမှ အစားအစာကို လက်ခံ ရ ယူရသည်အထိပင် ဆင်းရဲသည်[၃]။

ဗုဒ္ဓဝါဒီများသည် သနားကြင်နာတတ်ပြီး ဘာသာတရားကိုင်းရှိုင်း သူများအား အလွန်ကူညီစောင်မသည့် နတ်ဒေဝါတို့ ရှိကြောင်း ယုံ ကြည်ကြသည်[၄]။ ထို့အတူပင် ၎င်းတို့သည် ယုတ်မာသည့် နတ်များကို

---

[၁] မ ၁၊ ၃၇၅။ အာရာမဒေဝတာ ဝနဒေဝတာ ရုက္ခဒေဝတာ ဩသဓိတိဏ ဝနပ္ပတီသု အဓိဝတ္ထာ ဒေဝတာ။

[၂] ရသဝါဟိနီ ၂၊ ၁၁။

[၃] ယင်း ၂၊ ၁၅၁။

[၄] ထင်ရှားသည့် နတ်ဒေဝါ ယုံကြည်မှုများအကြောင်းကို ရသဝါဟိနီ ၂၊ စာ ၁၁၊ ၁၄၊ ၂၄၊ ၅၁၊ ၁၅၁နှင့် ၁၈၅ တို့တွင် ရှုပါ။

လည်း ယုံကြည်ကြပြီး မန္တရားများ၏ စွမ်းအားဖြင့် နတ်ဒေဝါတို့ကို ထိန်းချုပ်အသုံးချသူများအကြောင်းကို ဖော်ပြချက်တွေ့ရသည်[၁]။

ဗုဒ္ဓဘာသာနိုင်ငံတစ်ခုသည် ဗုဒ္ဓဝါဒဆိုင်ရာ အမည်နာမများကို မိမိတို့၏ အမည်နာမများအဖြစ် မွေးစားခြင်းမှာ သဘာဝသာလျှင်ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဒါသ၊ သံဃတိဿ၊ သံဃဒတ္တ[၂]၊ မောဂ္ဂလ္လာန၊ ကဿပနှင့် မဟိန္ဒကဲ့သို့သော အမည်နာမများကို တွေ့ရသည်။ ဗုဒ္ဓဒါသမင်းသည် မိမိ၏သားတော်များအား ဗုဒ္ဓ၏ မဟာသာဝကများ၏ အမည်ကို ပေးခဲ့သည်ဟု ဆိုသည်။ ဗုဒ္ဓဝါဒနာမည်များကို မွေးစား မှည့်ခေါ်ခြင်းမှာ နောင်အခါတွင် တစ်စုံတစ်ခုသောအကြောင်းကြောင့် ရေပန်းစားလာခဲ့ပုံရသည်။ အကြောင်းမူ ရှေးဦးဗုဒ္ဓဘာသာ ဘုရင်များတွင် ဗုဒ္ဓဘာသာဆိုင်ရာ အမည်နာမများ မရှိသောကြောင့် ဖြစ်သည်။ ဤ ကိစ္စနှင့် ပတ်သက်၍ ပုဂ္ဂိုလ်ရေး အမည်နာမများရှိကြသည့် ဗုဒ္ဓဓာတ်တော် အမျိုးမျိုးဖြင့် အသုံးပြုခံရသည့် ဩဇာလွှမ်းမိုးမှုကို လေ့လာကြည့်ပါက စိတ်ဝင်စားဖွယ် ဖြစ်သည်။ နှစ်ခုလုံး အိန္ဒိယမှ ပင့်ဆောင်လာခဲ့သည့် အနုရာဓပုရမြို့ရှိ မဟာဗောဓိပင်၏ ပင်ပွားနှင့် ဗုဒ္ဓ၏ စွယ်တော်ဓာတ်တို့မှာ ဗုဒ္ဓရှင်တော်မြတ်၏ အရေးအပါဆုံး ဓာတ်တော် နှစ်ဆူဖြစ်သည်။ စွယ်တော်ဓာတ်မှာ ပို၍အရေးပါပြီး အမြဲတမ်း ဘုရင်မင်းတို့သာ ပိုင်ဆိုင်ခဲ့သည်။ ဘုရင်မင်းများစွာတို့သည် မိမိတို့၏ အမည်ရှေ့တွင် ဒါဌာ (စွယ်တော်ဓာတ်)ဟူသော စကားလုံးကို ပေါင်းထည့်၍ အမည်ပေးခဲ့ကြသည်။ ဥပမာအားဖြင့် ဒါဌာပဘုတိ၊ ဒါဌောပတိဿနှင့် ဟဋ္ဌဒါဌတို့ဖြစ်သည်။ ပထမအဂ္ဂဗောဓိမင်း၏ သမီးတော်၏ အမည်မှာ ဒါဌာဟူသော စကားလုံးမျှသာ ဖြစ်သည်[၃]။

---

[၁] ရသဝါဟိနီ ၂၊ ၁၄၂။

[၂] ရသဝါဟိနီ ၂၊ ၁၈၁။

[၃] မဟာဝံသ ၄၂၊ ၁၀။ ဤနေရာတွင် အိန္ဒိယတွင် ဗုဒ္ဓ၏ ဓာတ်တော်ကို ဒန္တဟုခေါ်ဆိုကြောင်း မှတ်သားရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဥပမာ ဒန္တပုရ (စွယ်တော်ဓာတ်ကို ထိန်းသိမ်းထားသည့်မြို့) နှင့် ဒန္တကုမာရ (စွယ်တော်ဓာတ်ကို သီဟိုဠ်သို့ သယ်ယူလာသည့် မင်းသား)တို့ ဖြစ်သည်။ သို့တစေ သီဟိုဠ်တွင် ယင်းကို ဒါဌာ (သီဟိုဠ်ဘာသာ ဒဠ)ဟု ခေါ်သည်။



ထိုနည်းတူစွာပင် ဗောဓိဟူသော ပုဒ်ကိုလည်း ပုဂ္ဂိုလ်ရေး အမည်နာမများတွင် ထည့်သွင်း သုံးနှုန်းခဲ့သည်။ ဥပမာအားဖြင့် သံဃဗောဓိနှင့် အဂ္ဂဗောဓိတို့ဖြစ်သည်။ ဗောဓိမာတု မဟာတိဿဟူသော မထေရ်တစ်ပါးရှိခဲ့သည်[၁]။ မထေရ်၏ မိခင်နာမည်ကို ဗောဓိမာတာ (ဗောဓိ၏ မယ်တော်)ဟု မှည့်ခေါ်ခဲ့ဖွယ်ရှိသည်။ ပထမကဿပမင်း၏ သမီးတော်နှစ်ပါးအနက် တစ်ပါးကို ဗောဓိဟူ၍သာ မှည့်ခေါ်ခဲ့သည်[၂]။ အေဒီ ၁၁ ရာစုတွင် ကေသဓာတုကဿပ (ဆံတော်ဓာတ်ကဿပ) အမည်ရသည့် စစ်သူကြီးတစ်ယောက် ရှိခဲ့သည်[၃]။ ဓာတုသေနကဲ့သို့သော အချို့မှာ တစ်စုံတစ်ရာ အထူးပြုခြင်းမရှိဘဲ ဓာတုဟူသော စကားလုံးကို ထည့်ကြသည်။ ပုဂ္ဂိုလ်ရေး အမည်နာမတစ်ခုတွင် ထည့်သွင်းထားသည့် ဓာတ်တော်တစ်ဆူ၏ နာမည်သည် ယင်းနာမည်ရရှိသူအား ကောင်းချီးမင်္ဂလာနှင့် ပျော်ရွှင်မှုများကို ဆောင်ယူလာသည်ဟူသော ယုံကြည်ချက်မျိုး ရှိခဲ့ပုံရသည်။

ရှေးခေတ် ဗုဒ္ဓဘာသာ သီဟိုဠ်နိုင်ငံတွင် ဥပုသ်နေ့သည် ပြည့်သူ့အားလပ်ရက်ဖြစ်သည်။ ဗဒုလ္လကျောက်စာတွင် ဥပုသ်နေ့များ၌ စီးပွားရေးလုပ်ငန်းများအားလုံး ရပ်စဲ (အနားယူ)ကြကြောင်း ရှေ့အခန်းများ၌ သိခဲ့ကြရပြီးဖြစ်သည်။ အဋ္ဌမ အဂ္ဂဗောဓိမင်း (အေဒီ ၈၀၁-၈၁၂) သည် ဥပုသ်နေ့များ၌ မြို့တော်အတွင်းသို့ ငါး၊ အသားနှင့် အရက်ကို ယူဆောင်လာမှုကို တားမြစ်ခဲ့သည်[၄]။ ဥပုသ်နေ့ဟူသည် ရှစ်ပါးသီလနှင့် ဘာသာရေး လုပ်ငန်းများဆောင်ရွက်မှုအတွက် ရည်ရွယ်သောနေ့ဖြစ်သည်။ ယင်းသို့သော ဥပုသ်နေ့ တစ်လတွင် လေးရက်ရှိသည်။ ယင်းတို့မှာ လပြည့်နေ့၊ လဆန်းတစ်ရက်နေ့နှင့် လလယ်နှစ်ရက်တို့ဖြစ်သည်။ ယင်းလေးရက်လုံး ပြည်သူ့ အားလပ်ရက်ဖြစ်သည်။

ဖာဟီယန်မှတ်တမ်းအရလည်း အေဒီ ၅ ရာစုတွင် ရှစ်ရက်မြောက်နေ့၊ ဆယ့်လေးရက်မြောက်နေ့နှင့် ဆယ့်ငါးရက်နေ့များကို ရက်

---

[၁] အံ-ဋ္ဌ ၂၊ ၁၀၇။

[၂] မဟာဝံသ ၃၉၊ ၁၁။

[၃] ယင်း ၅၂၊ ၆၅၊ ၆၇၊ ၆၉၊ ၇၄၊ ၇၅။

[၄] မဟာဝံသ ၄၉၊ ၄၈။

ယင်းပွဲတော်များမှာ ဘာသာတရားနှင့် ဆိုင်သော်လည်း ဆိုးရွားမှုန်မှိုင်းသော အရာမဟုတ်ချေ။ ပွဲတော်များ၌ အသက်ဝင်မှု၊ အရောင်အဆင်းနှင့် မျိုးစုံမှုများ ရှိကြသည်။ ဘာသာရေးနှင့်ဆိုင်သော အခမ်းအနားများနှင့် ပွဲတော်များအားလုံးမှာ ဂီတနှင့် အဆိုအကများ ပါဝင်ကြသည်။ ဘုရင်မင်းများသည် ဘာသာရေး လုပ်ငန်းများအတွက် ကချေသည်များနှင့် ဂီတပညာရှင်များကို ထောက်ပံ့ပေးကြောင်း သိရသည်[၁]။ အလွန်ဝေးကွာသည့် အရပ်မှ လူအများသည် ယင်းပွဲတော်များကို ကြည့်ရှုရန် စုရုံးရောက်လာကြသည်အထိ ယင်းပွဲတော်များမှာ ဆွဲဆောင်နိုင်သည်။

ပြည်သူ့လူ့ပ်ရှားမှု အားလုံးနီးပါးမှာ ဘာသာတရားနှင့် ပတ်သက်သည်။ လောကီရေးရာ ဆောင်ရွက်မှုများသည်ပင် ဘာသာရေးဆိုင်ရာ အစီအရင်တစ်မျိုးပါရှိသည်[၃]။

ယနေ့ခေတ်နှင့် မတူသည်မှာ ရှေးခေတ်တွင် ပြည်သူ့ ဖျော်ဖြေရေး အခွင့်အလမ်း နည်းပါးခြင်းဖြစ်သည်။ ဘာသာရေးပွဲတော်များသည် ဖျော်ဖြေရေးကိုရော ဘာသာရေးစိတ်အာရုံ ပြင်းပြမှုအတွက် နှစ်မှုကိုပါပေးသည်။ သို့ဖြစ်၍ ယင်းသို့သော ပွဲတော်များ အရေအတွက် များပြားလာခြင်းနှင့် နှစ်ကာလများ ကြာညောင်းသည့်တိုင် ပြန့်ပွားလာခဲ့ခြင်းအတွက် အံ့သြဖွယ်မလိုချေ။ လာမည့် စာမျက်နှာများတွင် အရေးပါသည့် ဘာသာရေးအစီအမံများ၊ အခမ်းအနားများနှင့် ပွဲတော်များအကြောင်းကို အကျဉ်းမျှ ဆွေးနွေးမည်ဖြစ်သည်။

## တရားပွဲ

တရားဟောခြင်းမှာ အခြေခံအားဖြင့် နာယူသူများ နားလည်အောင် ဓမ္မကို ရှင်းပြခြင်းဖြစ်သော်လည်း နှောင်းခေတ်များတွင် ယင်းကို ပွဲလမ်းသဘင်ပုံစံဖြင့် ယူဆခဲ့သည်။ တစ်ခါတစ်ရံတွင် လူအများသည်

---

[၁] ဥပမာ ပထမ ဘာတိယမင်း (အေဒီ ၃၈-၆၆)။ ဒီပဝံသ ၂၁၊ ၂၆၊ ၂၇။

[၂] ဒီ-ဋ္ဌ ၁၊ ၁၆၆။ မ-ဋ္ဌ ၁၊ ၂၇၉။ အဘိ-ဋ္ဌ ၂၊ ၃၃၃။ ဝိ-ဋ္ဌ ၁၊ ၁၆၆။

[၃] သို့ဖြစ်၍ ဟူယင်ဆန်က ဘုရင်မင်းတရားကိုယ်တိုင် တစ်နေ့တွင် ပုလဲငုပ် အခမ်းအနား၌ ဘာသာရေး အစီအမံများကို ဆောင်ရွက်ရန် သွားကြောင်း ဆိုသည် (Hiuen 'Tsiang, Bk. XI, p. 251.)

# အခန်း ၁၆

## အခမ်းအနားများနှင့် ပွဲတော်များ

လူဝတ်ကြောင် အများစုသည် ဗုဒ္ဓရှင်တော်မြတ်၏ အရေးပါသည့် တရားဓမ္မကို နားလည်ရန် သို့မဟုတ် လေ့ကျင့်အားထုတ်ရန် အခွင့်အလမ်းမရှိခဲ့ကြောင်း ရှေးအခန်းတွင် သိခဲ့ရပြီးဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် ၎င်းတို့၏ ဘာသာတရားကိုမူ အမြင့်မြတ်ဆုံးအဖြစ် ယူဆပြီး အနက်ရှိုင်းဆုံး ကြည်ညိုကြလျက် ၎င်းတို့သည် မိမိတို့၏ ဘာသာရေးနှင့် ဆိုင်သည့် စိတ်အာရုံပြင်းပြမှုကို ထုတ်ဖော်ပြသမည့် နည်းလမ်းကိုလည်း လိုအပ်ခဲ့သည်။ စိတ်ပိုင်းဘဝရေးရာ ကိုယ်ကျင့်တရား တိုးတက်မှုမှာ ၎င်းတို့အဖို့ အလွန့်အလွန် သိမ်မွေ့ပြီး ရရှိရေးအတွက် ကွာလှမ်း လှသည်။ ၎င်းတို့အဖို့ ပိုမို ထိတွေ့နိုင် မြင်စွမ်းနိုင်သော သိမြင် နားလည်နိုင်သည့်အရာတစ်ခု လိုအပ်ခဲ့ပြီး ရွှတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အခမ်းအနားနှင့် ပွဲလမ်းသဘင်များမှာ ယင်းစိတ်အာရုံ ခံစားမှု လိုအပ်ချက်ကို ရှေ့အခန်းတွင် ဆွေးနွေးခဲ့သည့် ကျင့်ကြံမှုများနှင့် အတူ ဆောလျင်စွာ ဖြည့်ဆည်းပေးသည်။ လူတစ်ယောက်အဖို့ ဘာသာ တရားဟူသည် အခြားတစ်ယောက်အဖို့ စော်ကားမှုတစ်ရပ် ဖြစ်နိုင်သည်။ ယင်းသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီ၏ စိတ်ပိုင်းဘဝနှင့် အသိပညာဆိုင်ရာ အဆင့်အတန်း ပြောင်းလဲမှုအပေါ်တွင် တည်မှီသည်။ ဘာသာရေးအစီအရင်၊ အခမ်းအနားများနှင့် ပွဲလမ်းသဘင်များမှာ ဗုဒ္ဓဝါဒအနှစ်သာရနှင့် ညီညွတ်မှုမရှိသော်လည်း ဗုဒ္ဓဝါဒသည် ထင်ရှားသည့် နိုင်ငံတော်ဘာသာတရား ဖြစ်လာသောအခါ ယင်းတို့မှာ ဖြစ်ပေါ်လာရန် ဦးသွားသည့် ထုံးစံနှင့် ရှောင်လွှဲမရနိုင်သည့် တိုးတက်မှုများ ဖြစ်ကြသည်။

သည့် အရိယဝံသသုတ် တရားကို နာယူရန် သားငယ်ကို နို့တိုက်လျက် ငါးယူဇနာခရီးမှ လာခဲ့သည့် အမျိုးသမီးတစ်ယောက်အား နမူနာပေးထားသည်။ ထိုအဋ္ဌကထာ[1]မှာပင် ဂဝရဝါလအင်္ဂဏအရပ်တွင် ဝါဆိုဝါကပ်တော်မူကြသော ရဟန်းတော်သုံးကျိပ်သည် ဆယ်လေးရက် ဥပုသ်နေ့များ၌ မဟာအရိယဝံသကို ဟောကြားကြကြောင်း ဖတ်ရသည်။

ရသဝါဟိနီကျမ်း[2]၌ အရိယဝံသသုတ်ကို ရည်ညွှန်းသည့် ဖြစ်ရပ်သုံးခုကို မှတ်တမ်းတင်ထားသည်။ ပထမဖြစ်ရပ်မှာ ထိုအချိန်က ထိုအရပ်၌ နှစ်ပတ်လည်ကျင်းပမြဲဖြစ်သည့် အရိယဝံသသုတ် ဟောကြားမှုကို နာကြားရန် ကုဏ္ဍာရဇ္ဇအရပ်မှ မဟာဂါမ[3] အရပ်ရှိ မဟာဝါပိဝိဟာရကျောင်းတိုက်သို့ ကြွရောက်သော မထေရ်တစ်ပါး ဖြစ်သည်။ ထို့ပြင် ယင်းဝတ္ထု၌ လူအများသည် ယင်းတရားကို နာယူရန် အလွန်ဝေးသည့်အရပ်မှ လာရောက် စုဝေးကြကြောင်းလည်း ဆိုသည်။ ဒုတိ

[1] ယင်း ၂၊ ၁၀၅။။

[2] ရသဝါဟိနီ ၂၊ ၄၊ ၁၈၃၊ ၁၉၀။

[3] အဆိုပါ နာဂမဟာဝိဟာရသည် တိဿမဟာရာမ ကိရိန္ဒလမ်းပေါ်မှ ယောဒဝါဝ (Gaint's Tank) ရေကန်ဘောင်တွင် တည်ရှိသည်။ ယနေ့ခေတ် တိဿမဟာရာမကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် ဂဏေဂမ ဣန္ဒသာရမထေရ်က ယနေ့ခေတ် နာဂမဟာဝိဟာရသည် မှားယွင်းသော အမည်ဖြစ်ကြောင်းနှင့် ယင်းသည် ရသဝါဟိနီကျမ်း၌လာသည့် မဟာဝါပိဝိဟာရကျောင်းတိုက် နေရာဟောင်းဖြစ်ကြောင်း ကျွန်ုပ် (ရာဟုလာ) အား ပြောပြသည်။ ကွယ်လွန်သူ မာဂမ် ပတ္တု အမျိုးသားအဖွဲ့ အရာရှိ (Mudaliyar of the Māgam Pattu)အိပ်ချ် အီး အမရဆေကရပုဂ္ဂိုလ်က နာဂမဟာဝိဟာရကျောင်းဟောင်း၏ နေရာဖြစ်ကြောင်း မှားယွင်းသည့် ဖော်ပြချက်ဖြင့် ယင်းကျောင်းတိုက်အား ယခုခေါ်နေသည့် အမည်ကို ပေးခဲ့ခြင်းဖြစ်သည်။ ယိုဓ (ပါဠိ ယောဓ) ဟူသော ဝေါဟာရကို သီဟိုဠ်ဘာသာဖြင့် (၁) စစ်သူကြီး (၂) ကြီးသော ဟူ၍ အဓိပ္ပာယ် နှစ်မျိုးဖြင့် အသုံးပြုသည်။ ကြီးသော အဓိပ္ပာယ်ဖြင့် အသုံးရာတွင် ယင်း ယိုဓ ဟူသော စကားလုံးမှာ ပါဠိဝေါဟာရ မဟာနှင့် အဓိပ္ပာယ်တူသည်။ သို့ဖြစ်၍ ယခုဖော်ပြသည့် ယိုဓဝါဝသည် ရှေးခေတ် မဟာဝါပိ သို့မဟုတ် မဟာဝါဝ ဖြစ်နိုင်ပြီး ယင်းကို အစွဲပြု၍ ထိုကျောင်းတိုက်ကို အမည်ပေးထားခြင်းဖြစ်သည်။



ကျေးရွာတစ်ခု၌ ကြီးမားသည့် မဏ္ဍပ်သို့မဟုတ် ခန်းမတစ်ခု ဆောက်လုပ်ပြီး ညလုံးပေါက် တရားနာယူပွဲ (သဗ္ဗရတ္တိံ ဓမ္မဿဝနံ)ကို ဆော်ဩကြသည်။ ယင်းသို့သော အခါများတွင် အမျိုးသား အမျိုးသမီးများနှင့် ကလေးများသည် ရပ်ဝေးမှ လာရောက်၍ပင် လူများစွာ စုရုံးကြပြီး ညအချိန်တွင် ဝေးကွာသည့် တောစွန်နယ်ဖျားရှိ အိမ်များသို့ ပြန်သွားရန် ခက်ခဲသောကြောင့် ထိုညကို တရားဟော မဏ္ဍပ်မှာပင် ကုန်လွန်ကြရလျက် တရားပွဲမှာလည်း တစ်ညလုံး ကြာမြင့်ရသည်[1]။ ဓမ္မာသနပလ္လင်ကို ရွှေပန်းကုံးကဲ့သို့သော အဆင်တန်ဆာများဖြင့် လှပစွာ ပြင်ဆင်ထားသည်[2]။

ယေဘုယျအားဖြင့် ဘုန်းကြီးကျောင်းများ၌ နေဝင်ပြီးမှ တရားပွဲကို စတင်လျက် မောင်းထုပြီး ကြေညာသည်[3]။ ဓမ္မကထိကပုဂ္ဂိုလ်မှာ ယနေ့ခေတ်မှာကဲ့သို့ပင် ယပ်တောင် (ဗီဇနီ)ကို အသုံးပြုသည်[4]။

နေ့ရောညပါ ဟောကြားပုံရသည့် ပြည့်စုံသည့် တရားပွဲကြီးတစ်ခုတွင် သီးခြားစင်မြင့်များ၌ ဓမ္မကထိကပုဂ္ဂိုလ် သုံးပါးပါဝင်သည်[5]။ ပထမ ဒိဝါကထိက 'နေ့ဟောပုဂ္ဂိုလ်' ဖြစ်သည်။ အမည်ကဖော်ပြသည့်အတိုင်း ထိုပုဂ္ဂိုလ်သည် မိမိ၏ တာဝန်ကို နေ့အချိန်အတွင်း ဆောင်ရွက်သည်။ ဤအရှင်၏ အစိတ်အပိုင်းမှာ ပါဠိတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသာ အများဆုံးဖြစ်နိုင်သည်။ အကြောင်းမူ ယင်းနောက် ပဒဘာဏက 'စကားလုံးကို ရွတ်ဖတ်သူ' လာသောကြောင့်ဖြစ်သည်။ ဤအရှင်၏ အပိုင်းသည် အသေးစိတ်ရှင်းလင်းချက်များ မလုပ်ဘဲ သုတ္တန်ကို စကားလုံးတစ်လုံးစီ သီဟိုဠ်ဘာသာဖြင့် အနက်နိဿယ ပြန်ဆိုခြင်းဖြစ်သည်မှာ ထင်ရှားသည်။ ပထမပုဂ္ဂိုလ်မှာ များစွာ သင်ယူရန် မလိုသော်လည်း ဒုတိယပုဂ္ဂိုလ်မှာ အတော်အသင့် ပညာတတ်ရမည်ဖြစ်သည်။ နောက်ဆုံးမှ လာသည့် တတိယ ပုဂ္ဂိုလ်မှာ သုံးပါးအ

[1] ဒီ-ဋ္ဌ ၁၊ ၁၆၆။ အဘိ-ဋ္ဌ ၂၊ ၃၃၃။ မ-ဋ္ဌ ၁၊ ၂၆၉။

[2] ဝိ-ဋ္ဌ ၂၊ ၁၃၀။

[3] မ-ဋ္ဌ ၄၊ ၂၄၆။ ရသဝါဟိနီ ၂၊ ၁။

[4] ဒီ-ဋ္ဌ ၂၊ ၃၃၇။ မ-ဋ္ဌ ၁၊ ၂၃၆။

[5] အံ-ဋ္ဌ ၁၊ ၃၀။ အံ ၂၊ ၁၀၅။

နက် ပညာအတတ်ဆုံးနှင့် အရေးအပါဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ အမှန်စင်စစ် ညဉ့်၏ အပိုင်းကြီးတစ်ခုလုံးအတွင်း အသေးစိတ်များ ရှင်းလင်းချက်များနှင့် တရားကို ဟောကြားသူဖြစ်သည်။ ဤအစီအစဉ်သည် ပျင်းရိငြီးငွေ့ဖွယ်မဟုတ်ဘဲ လူအများအား နေ့ရောညပါ ကုန်လွန်စေနိုင်လျက် အကျိုးရှိခဲ့ကြောင်း ဖော်ပြသည်[၁]။

ပြီးခဲ့သည့် အခန်းတွင် အနုရာဓပုရမြို့တော်၌ အဓိကလမ်းမကြီး လေးခုထိပ်များတွင် တရားဟော ခန်းမများဆောက်လုပ်ထားကြောင်းနှင့် တစ်လလျှင် လေးကြိမ် ယင်းခန်းမများ၌ တရားဟောကြောင်း တွေ့ခဲ့ကြပြီးဖြစ်သည်။

## အရိယဝံသပွဲတော်

အဋ္ဌကထာကျမ်းများနှင့် ကျောက်စာများစွာတို့၌ ရှေးခေတ်သီဟိုဠ်တွင် အလွန်ထင်ရှားပြီး ကြီးကျယ်ခမ်းနားသည့် ပွဲတော်တစ်ရပ်ကို အရိယဝံသ သုတ်ဟောကြားရန် ကျင်းပခဲ့ကြောင်း ဖော်ပြသည်[၂]။ အေဒီ ငါးရာစု မတိုင်မီနှင့် ငါးရာစုပြီးနောက် ရာစုနှစ်ပေါင်း များစွာအတွင်း အရိယဝံသသုတ်သည် ထင်ရှားသည့် သုတ္တန်တစ်ခုဖြစ်ခဲ့ရုံမက ထိုအချိန်က ဘုရင်များ၊ မှူးမတ်များနှင့် ချမ်းသာကြွယ်ဝသူများ လှူဒါန်းသည့် ထောက်ပံ့ငွေများ တည်မြဲရေးအတွက် များစွာ အလေးဂရုပြု ကျင်းပခဲ့သည့် အရေးပါသော အဆောက်အအုံတစ်ခုလည်းဖြစ်သည်။

မဟာဝံသ၌ ဝသဘတိဿမင်း (အေဒီ ၂၆၉-၂၉၁)သည် တစ်ကျွန်းလုံးတွင် အရိယဝံသသုတ်ကို ဟောကြားသည့် နေရာတိုင်းတွင် ပုံမှန် ဆွမ်းလှူဒါန်းမှု တစ်ရပ်ကို တည်ထောင်ခဲ့ကြောင်း ဖော်ပြသည်[၃]။

---

[၁] နေ့ရက်အတန်ကြာ နေ့ရောညပါ တရားဟောခြင်းအစဉ်အလာမှာ မကြာမီအချိန်ကထိ သီဟိုဠ်နိုင်ငံ အချို့ဒေသများ၌ တွေ့ရသည်။ ယင်းသို့သော တရားပွဲပုံစံမှာ 'သဇ္ဈာယ် သို့မဟုတ် နိကာယတရားပွဲ'ဟု ထင်ရှားသည်။

[၂] အရိယဝံသပွဲတော်နှင့် ပတ်သက်သည့် နားလည်လွယ်သည့် ဆွေးနွေးချက်ကို ကျွန်ုပ် (ဝါလ်ပိုလာ ရာဟုလာ) the UCR. Vol. I, No. I, p. 59 တွင် ရေးသည့် *The Significance of Ariyavamsa* ဆောင်းပါးကို ဖတ်ရှုပါ။

[၃] မဟာဝံသ ၃၆၊ ၃၈။ ယင်းဂါထာကို ဘာသာပြန်ရာ၌ ဂိုင်ဂါသည် အရိယဝံသဟူသော စကားလုံးက မည်သို့ဆိုသည်ဟူသောအချက်ကို သေချာရေရာမှု မရှိခဲ့



အေဒီ ၄ ရာစုတွင် ရေးထိုးသည့် တောဏိဂလကျောက်စာအရ ဝန်ကြီးများအဖွဲ့ဝင် သိဝအမည်ရှိသူ၏သား ဒေဝခေါ်သောပုဂ္ဂိုလ်က စပါး၊ ဥန္ဒုနှင့် ပဲတို့ကို ရက်ရောစွာ ထောက်ပံ့မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။ အရင်းကို မသုံးရဘဲ အတိုးငွေကိုသာ အရိယဝံသသုတ်ကို ရွတ်ဖတ်ရန် ရည်ရွယ်ချက်ဖြင့် ယဟိသပဝတကျောင်းတိုက် (ဝဝုနိယ အရပ်အနီးရှိ ယနေ့ခေတ် တောဏိဂလနေရာဟောင်းတွင် အများဆုံး တည်ရှိနိုင်ဖွယ်ရှိသည်) နေ ရဟန်းတော်များအား ဆွမ်းကွမ်းအတွက် သုံးစွဲရမည်ဟူသော သဘောတူညီချက်ဖြင့် (ယင်းထောက်ပံ့ငွေကို လှူဒါန်းခဲ့ခြင်းဖြစ်သည်)[၁]။

မြောက်ဖက် အလယ်ပိုင်းဒေသမှ လဗုအာဋ္ဌဗာညဒိဂလ (Labuä-abäňdigala)[၂] ကျောက်စာ (အေဒီ ၅ ရာစု) နှစ်ခုတွင် အရိယဝံသပွဲတော်ကို ဆောင်ရွက်ရန် ဒေဝိဂိရိဟု ထင်ရှားသော ကျောင်းတိုက်ကြီးတစ်ခုသို့ သိရိနက ဟုခေါ်တွင်သည့် အမျိုးသားတစ်ဦးသည် ကဟာပဏ ၁၀၀ နှင့် နဋ္ဌလဝိဋ္ဌိယသိဝဟုခေါ်သည့် နောက်တစ်ဦးမှာ ကဟာပဏ ၂၀ ကို အပ်နှံကြောင်း မှတ်တမ်းတင်ထားသည်[၃]။

ဤပွဲတော်၏ ကျော်ကြားထင်ရှားမှုကို စာပေတွင် ယင်းပွဲတော်အား များစွာ ရည်ညွှန်းထားချက်အရ နားလည်နိုင်သည်။ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၌[၄] ဒီဃဘာဏက မဟာအဘယမထေရ် ဟောကြား

---

ဘဲ တိုက်ဆိုင်မှုတစ်ရပ် ပေးထားသည် 'စာပေနည်းအရ မြင့်မြတ်သူတို့၏ ကျမ်းစာ ဟုဆိုလို၏။ ဗုဒ္ဓသာသနာတွင် ထင်ရှားခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ အကြောင်းအရာများ ဖြစ်ဖွယ်ရှိ၏။ ထိုပုဂ္ဂိုလ်များအကြောင်း သိအောင် ထုတ်ဖော်ဖတ်ကြားခြင်း ဖြစ်ဖွယ်ရှိ၏' (မဟာဝံသ၊ အင်္ဂလိပ်ပြန်၊ စာ၊ ၂၆၈)။ သို့တစေ ယခုအခါ၌ ယင်းမှာ အရိယဝံသသုတ်ဖြစ်ကြောင်း သံသယဖြစ်ဖွယ် မလိုချေ။

[၁] E.Z. III, p, 177.

[၂] ယင်း III, p. 250.

[၃] ယင်းကျောက်စာ အားလုံး၌ သုံးနှုန်းခဲ့သည့် ဝေါဟာရမှာ အရိယဝံသဖြစ်သည်။ ပရနဝိတနပုဂ္ဂိုလ်က ယင်းဝေါဟာရကို 'မြင့်မြတ်သော ဝံ'ဟု ဘာသာပြန်သည်။ ယင်းမှာ မှားယွင်းမှုတစ်ရပ်ဖြစ်သည်။ ကျွန်ုပ်၏ အထက်တွင် ညွှန်းခဲ့သည့် . The Significance of Ariyavamsa ဆောင်းပါးကို ဖတ်ရှုပါ။

[၁] အံ-ဋ္ဌ ၂၊ ၁၀၅။

ကြိမ် အရိယဝံသသုတ်ကို ဟောကြားလေ့ရှိကြသည်[၁]။

ယနေ့တိုင်အောင်ပင် ဝါတွင်းကာလ၌ ထုံးတမ်းစဉ်လာအရ ရဟန်းတော်များသည် ပိုမိုဘာသာတရား လိုက်စားကြ၊ ပုံမှန် ဥပုသ် အခမ်းအနား ဆောင်ရွက်ကြ၊ မကြာခဏ ဥပါသကာများအား တရား ဟောကြားကြသည်ကို စဉ်းစားကြည့်ပါက အရိယဝံသပွဲတော်ကို ဝါတွင်းကာလ၌ ပုံမှန်ကျင်းပကြသည်ဟု ကောက်ချက်ချပါက မှားနိုင်မည်မဟုတ်ချေ။ ယင်းပွဲတော်ကို ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ်များ၏ ဆန္ဒနှင့်အညီ နှစ်တစ်နှစ်၏ အခြားရာသီကာများ၌လည်း ကျင်းပနိုင်သည်ဟုဆိုပါက မငြင်းသာချေ။

ဘုရင်မင်းများ၊ ဝန်ကြီးများနှင့် အခြားကောင်းကျိုးလိုလားသူများသည် အရိယဝံသပွဲတော် ကျင်းပရေးအတွက် ရက်ရောစွာ လှူဒါန်းကြသည့် အချက်က ယင်းသည် အတော်အတန် ငွေကုန်ကြေးကျများသည့် ပွဲတစ်ခုကြောင်း ဆိုနိုင်သည်။ ဝေးကွာသည့် အရပ်ဒေသမှ လာကြပြီး တရားပွဲနေရာတွင် ရက်အတန်ကြာ သီတင်းသုံးနေထိုင်ကြသည့် ရဟန်းတော်များအား ဆွမ်းကွမ်းနှင့် နေရာထိုင်ခင်းများ ပေးရန်နှင့် တရားနာယူရန် လာကြသူများအတွက် ယာယီနေထိုင်စရာများ ဆောက်လုပ်ပေးရန်တို့အတွက် ဖြစ်နိုင်ဖွယ်ရှိသည်။

သီဟိုဠ်အစဉ်အလာသည် အသောကခေတ်အတွင်း ထင်ရှားခဲ့သည့် အိန္ဒိယအစဉ်အလာ အဆက်ဖြစ်သည်ဟူသော အချက်ကို ထောက်ခံရန် အကြောင်းအချက်အချို့ ရှိသည်။ ဤစကားရပ်နှင့် ပတ်သက်၍ အသောကမင်း ရေးထိုးခဲ့သည့် ဘဘြု (Babru) ကျောက်စာတွင် **အလိယဝံသာနိ** ဟုဖော်ပြထားခြင်းမှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ သံဃာတော်များအား ရည်ညွှန်းထားသည့် ယင်းကျောက်စာ၌ အသောကမင်းတရားက ဘိက္ခု ဘိက္ခုနီ ယောကျ်ား မိန်းမတို့အား ရွေးချယ်ထားသည့် သုတ္တန် ခုနစ်ခုကို မကြာခဏ နာယူ ဆင်ခြင်ရန် တိုက်တွန်းထားရာ၌ အလိယဝံသသုတ် ပါဝင်သည်။ မည်သည်မှာ

[၁] အံ-ဋ္ဌ ၂၊ ၁၀၅။ သာကီဝင်မင်းသား နာမည်ကြီး အယောင်ဆောင်တတ်သူ သာကီဝင်မင်းသား ဥပနန္ဒ ရဟန်းတော်သည်ပင် ဝါတွင်းကာလ၌ အရိယဝံသသုတ်ကို ဟောကြားလျက် သွားလာသည်မှာ ထင်ရှားသည် (ဇာ-ဋ္ဌ ၂၊ ၃၇၀)။



ယမှာ ဒုဗ္ဗိဠှိမဟာရာဇမင်း[၁]လက်ထက်၌ အရိယဝံသသုတ်ကို ဥဒုမ္ဗရ မဟာဝိဟာရကျောင်းတိုက် (ဒိမ္ဗုလာဂလ)၌[၂] ခြောက်လတစ်ကြိမ် ရွတ်ဖတ်ပြီး လေးယူဇနာအဝေးမှ လူအများသည် လာရောက်စုရုံးကြလျက် ပွဲတော်အတွက် အသေးစိတ် ပြင်ဆင်မှုများ (မဟန္တံ ပူဇာဝိဓာနံ) ပြုကြသည်။ တတိယ သာဓကမှာ ကုမ္ဗလတိဿပဗ္ဗတအရပ်ရှိ အရိယာကရဝိဟာရဟုခေါ်သည့် ကျောင်းတိုက်၌ အရိယဝံသသုတ်ကို ပွဲတော်ကျင်းပ၍ ရွတ်ဖတ်ခြင်းဖြစ်သည်။

အရိယဝံသဟူသည် ရွတ်ဖတ်ရန် သုတ်တော်တစ်ခု ဖြစ်သော်လည်း အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ အရှင်မြတ်က ဝိသုဒ္ဓိမဂ်ကျမ်း၌ စာဖတ်သူအနေဖြင့် ယင်းမှာ သုတ်တော်တစ်ခုကို ဆိုလိုသည်ဟု အတော်အတန် ရှင်းလင်းစွာ ယုံကြည်လျက် အရိယဝံသဟု ပုဂ္ဂလနာမ်စားမျှသုံး၍ ခေါ်ဝေါ်ခဲ့ရသည်အထိပင် ကျော်ကြားသည်။ ယင်းကို ဖော်ပြသည့် စကားစပ်သည် သုတ္တန်တစ်ခု၏ နမူနာကို အလိုရှိသောအခါ အရှင်မဟာဗုဒ္ဓဃောသ၏ စိတ်ထဲ၌ အဆင်သင့်အဖြစ်ဆုံး ပေါ်လာသည်မှာ အရိယဝံသသုတ်ဖြစ်ကြောင်း လည်း ညွှန်ပြပုံရသည်[၃]။ ထို့ပြင် အရိယဝံသသုတ်ကို ဟောကြားရာ၌ ထင်ရှားသည့် အရိယဝံသဘာဏကဟု ထင်ရှားသော မထေရ်အချို့ ရှိသည်ဟူသောအချက်နှင့် ယင်းမထေရ်များအား တစ်ခါတစ်ရံ၌ ဓမ္မရေးရာတွင် အရှိန်အဝါ ရှိသူများအဖြစ် ဖော်ပြခံရသည် ဟူသော အချက်များကြောင့် ယင်းယူဆချက်ကို ထုတ်ဖော်ခြင်း ဖြစ်သည်[၄]။

ရှေးခေတ် သီဟိုဠ်တွင် ယင်းသို့ အရေးပါ ထင်ရှားခဲ့သည့် အရိယဝံသသုတ်ဟူသည် အဘယ်နည်း။

[၁] မဟာဒါဌိက မဟာရာဇမင်း (အေဒီ ၆၇-၇၉)ကို ဆိုလိုသည်။ ယင်းသို့ ထပ်တူပြုခြင်းနှင့် ပတ်သက်၍ ကျွန်ုပ် (ရာဟုလာ)၏ *Dubbi hi Mahārāja* (UCR. Vo.. I, No. 2. p. 82)ဆောင်းပါး မှတ်ချက်ကို ကြည့်ပါ။

[၂] ယနေ့တိုင်အောင်ပင် ဒိမ္ဗုလာဂလအရပ်၌ ဝါတွင်းကာလတွင် ရှေးအစဉ်အလာ ဟောင်း တည်ရှိမှုအတွက် အရေးပါသည့် အရိယဝံသသုတ်ကို ရွတ်ဖတ်သည်။

[၃] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၆၄။

[၄] သံ-ဋ္ဌ ၃၊ ၁၆၇။

အရိယဝံသသုတ်ပါ အချက်အလက်များကို ဖွင့်ဆို ရှင်းပြသည့် အဋ္ဌကထာ ရည်ညွှန်းချက် များစွာတို့အရ အင်္ဂုတ္တနိကာယ်၊ စတုက္ကနိပါတ်၊ ဥရုဝေလဝဂ်တွင် တွေ့ရသည့် ထင်ရှားသည့် သုတ္တန်တစ်ခု[၁] အဖြစ် ဆက်စပ်ယူရန် ဦးတည်စေသည်။ ယင်းသည် အရိယဝံသတရား လေးပါးနှင့် ပတ်သက်ပြီး အရိယဝံသ၊ မဟာအရိယဝံသ၊ ဝံသသုတ် ဟူသော အမည်များဖြင့် ထင်ရှားပုံရသည်။

ယင်းသုတ်ပါ တရားလေးမျိုးမှာ အောက်ပါအတိုင်းဖြစ်သည် -

၁။ ရဟန်းတစ်ပါးသည် ရရသမျှသော သင်္ကန်းပရိက္ခရာဖြင့် ကျေနပ်နှစ်သက်၏၊ ရရှိသမျှသော သင်္ကန်းပရိက္ခရာဖြင့် ကျေနပ်မှု၏ တန်ဖိုးကို ချီးမွမ်းစကားဆို၏၊ သင်္ကန်းပရိက္ခရာအား သိုမှီးသိမ်းဆည်းရန် မည်သည့် မစင်ကြယ်မှုကိုမျှ မကျူးလွန်၊ မိမိမှာ ရောင့်ရဲ နှစ်သက်မှု စွမ်းရည်ရှိမှုနှင့် ပတ်သက်၍ မိမိကိုယ်ကို မချီးမွမ်း သို့မဟုတ် သူတစ်ပါးကိုလည်း အထင်အမြင်သေးမှု မပြု၊ ရဟန်းသည် ထို့အတူပင်

၂။ ရရသမျှသော အစားအစာနှင့်

၃။ ရရသမျှသော နေထိုင်စရာ တို့၌ အထက်ပါအတိုင်း ပြုမူ၏[၂]။

၄။ ရဟန်းသည် ကမ္မဋ္ဌာန်းစီးဖြန်းမှုတွင် နှစ်သက်ပျော်မွေ့၏၊ သို့တစေ မိမိ၏ ရှိပြီးအရည်အချင်းနှင့် ပတ်သက်၍မူ ကိုယ့်ကိုယ်ကို ချီးမွမ်းစကားမဆို၊ အခြားပုဂ္ဂိုလ်များအားလည်း အထင်အမြင်သေးခြင်းမရှိ။

အထက်ပါ အချက်များသည် အရိယဝံသသုတ်၏ အဓိပ္ပာယ် အမြွက်ဖြစ်ပြီး ဗုဒ္ဓသာသနာတော် တည်တံ့ခြင်း၏ အကြောင်းဖြစ်သော ရဟန်းတော်တစ်ပါး၏ ဘဝအနှစ်သာရများ ပါဝင်သည်။ သို့ဖြစ်သဖြင့် အဋ္ဌကထာကျမ်းများ၌ အရေးတကြီးဖွင့်ပြမှုနှင့် သံဃာတော်များရော လူဥပါသကာများပါ အလွန်လေးစားသည်မှာ ဆိုဖွယ်ရာမရှိတော့ချေ။

အရှင်မဟာဗုဒ္ဓဃောသ၏ ယင်းသုတ်အဖွင့် အဋ္ဌကထာတွင် ပထမ အရိယဝံသတရား သုံးပါးဖြင့် ဝိနယပိဋ္ဌက တစ်ခုလုံးကို ဖော်ပြ

[၁] အံ ၁၊ ၂၀၄။

[၂] အဋ္ဌကထာအလိုအရ ဂိလာနပစ္စယ (ဆေးဝါးလိုအပ်ချက်)ကို ပိဏ္ဍပါတမှာပင် ထည့်သွင်းရမည် (အံ-ဋ္ဌ ၂၊ ၂၈၄)။



ပြီး လေးခုမြောက် အရိယဝံသတရားဖြင့် ကျန်ပိဋကတ်နှစ်ခုကို ဖော်ပြကြောင်း ဆိုသည်။ သို့ဖြစ်၍ ဤအရိယဝံသသုတ်တော်ကို ဟောကြားသူ ဓမ္မကထိကသည် မိမိတရား၌ ပိဋကတ်သုံးပုံလုံးကို မွှေနှောက်၍ ဟောကြားနိုင်သည်။ အဋ္ဌကထာတွင် ဆက်လက်၍ နောက်ဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည့် ဘာဝနာရာမ အရိယဝံသတရားကို မည်သို့ အသေးစိတ် ဟောကြားရမည် ဆိုသည်နှင့်ပတ်သက်၍ ဓမ္မကထိက ပုဂ္ဂိုလ်အား ညွှန်ကြားချက်များ ပေးထားသည်။ အဋ္ဌကထာဆရာက 'ယင်းသုတ္တန်ကို ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်လာ နေက္ခမ္မပါဠိ၊ ဒီဃနိကာယ်လာ ဒသုတ္တသုတ်၊ မဇ္ဈိမနိကာယ်လာ သတိပဋ္ဌာနသုတ်၊ အဘိဓမ္မပိဋကာ နိဒ္ဒေသများနှင့်အညီ ဟောပြောရမည်ဟု ညွှန်ကြားသည်[၁]။ ဓမ္မကထိက ပုဂ္ဂိုလ်များအား ယင်းအသေးစိတ် ညွှန်ကြားချက်များမှာ ယင်းသုတ္တန် ထင်ရှားမှုနှင့် အရေးပါမှုနှင့် ပတ်သက်ပြီး နောက်ထပ် ဖော်ပြချက်တစ်ရပ် ဖြစ်သည်။

အထက်တွင် ဖော်ပြပြီးသည်အတိုင်း ယင်းသုတ္တန်အား ဟောကြားချက်ကို ပွဲတော်တစ်ခုနှင့် အတူ ကျင်းပသော်လည်း ယင်းပွဲတော်အတွက် တစ်နှစ်တာတွင် သတ်မှတ်ကာလ ရှိခဲ့သလား၊ အကယ်၍ ရှိခဲ့လျှင် ယင်းသည် မည်သည့်အချိန်ကာလ ဖြစ်သည်ဟူသော အချက်နှင့် ပတ်သက်၍မူ ရှင်းလင်းစွာ မသိရချေ။ ရသဝါဟိနီကျမ်း၌ မဟာဂါမအရပ်ရှိ မဟာဝါပိဝိဟာရကျောင်းတိုက်တွင် အရိယဝံသသုတ်ကို နှစ်စဉ်ရွတ်ဆိုပြီး ဒိမ္ဗုလာဂလ (ကျောင်းတိုက်)၌မူ ခြောက်လ တစ်ကြိမ် ကျင်းပကြောင်း ပြဆိုသည်[၂]။ ဒေဝဂိရိဝိဟာရကျောင်းတိုက်၌လည်း မည်သည့်အချိန်ဟု မသိရသော်လည်း တစ်နှစ် တစ်ကြိမ် ကျင်းပသည်။ သို့တစေ တောဏိဂလ ကျောက်စာက 'မိုးကာလတိုင်းတွင် နိကိနိလဆန်း ၁၂ ရက်'၌ ယင်း (အရိယဝံသပွဲ)ကို ပြုရမည်ဟု ချမှတ်ထားသည်။ ဂဝရဝါလ အင်္ဂဏကျောင်း၌ ဝါတွင်းသုံးလ ဝါကပ်ကြသော ရဟန်းသုံးကျိပ်သည် ဥပုသ်နေ့များ၌ ဆယ့်လေးရက်တစ်

[၁] အံ-ဋ္ဌ ၂၊ ၂၈၄။

[၂] ရသဝါဟိနီ ၂၊ ၄၊ ၁၈၃။

ပွဲတော်များကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ဝေါဟာရတိဿမင်း (အေဒီ ၂၆၉-၂၉၁)[၁]၊ ဂေါဌာဘယ (အေဒီ ၃၀၉-၃၂၂)[၂]၊ ဇေဋ္ဌတိဿ (အေဒီ ၃၂၃-၃၃၃)[၃]၊ ဒလ္လမောဂလ္လာန (အေဒီ ၆၁၁-၆၁၇)[၄]၊ ဒုတိယသေန (အေဒီ ၈၅၁-၈၈၅)[၅] မင်းအားလုံးကို ဝိဆက်ပွဲတော်ကြီးများ ကျင်းပခဲ့သည့် ဘုရင်မင်းများအဖြစ် ဖော်ပြခံရသည်။ နောက်ဆုံးမင်းမှာ ဆင်းရဲသားများအား အစားအသောက်နှင့် အဝတ်အစားများကို ၎င်းတို့အလိုရှိပါက ပေးကမ်းလျက် ကျင်းပခဲ့ကြောင်း ထင်ရှားသည်။

ယနေ့တိုင်အောင်ပင် သီဟိုဠ်၌ ဝိဆက်ပွဲတော်ကို နှစ်စဉ် ပွဲတော်ကြီးတစ်ခုဖြင့် ခမ်းနားစွာ ကျင်းပပြီး ဗုဒ္ဓဘာသာအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ဆောက်လုပ်သည့်အခန်း၊ အပန်းဖြေခန်းမများမှာ ထိုနေ့တွင် မြင့်မြတ်သော နေရာတော်များသို့ လာရောက်ကြသည့် ဘုရားဖူးများအား တစ်ကျွန်းလုံးတွင် ဆောင်ရွက်ပေးသည်။

## ဂိရိဘဏ္ဍပူဇာ

ကျော်ကြားလှသည့် ဂိဘဏ္ဍပူဇာပွဲတော်သည် မဟာဒါဌိက မဟာနာဂမင်း (အေဒ ၆၇-၇၉)တွင် စတင်ခဲ့ပုံရသည်။ မဟိန္တလေ့အရပ်၌ ခက်ခဲသည့် လုပ်ငန်းကြီးဖြစ်သည့် မဟာထူပကို တည်ဆောက်မှုလုပ်ငန်းအလုံးစုံပြီးဆုံးပြီးနောက် သမိုင်းဝင်အခါသမယကို အထိမ်းအမှတ်ပြုပျော်ပွဲရွှင်ပွဲတစ်ခုနှင့်တူသည့် ယင်းကြီးကျယ်သည့် ပွဲတော်ကို စတင်ကျင်းပခဲ့သည်။ မဟိန္တလေ့အရပ်မှ တစ်ယူဇနာဝန်းကျင်အတွင်း နေရာတစ်ခုလုံးကို ခမ်းနားကြီးကျယ်စွာ တန်ဆာဆင်ထားသည်။ တောင်ကိုပတ်သွားသည့် လမ်းတစ်လမ်းကို ဖောက်လုပ်ထားပြီး ဂိတ်ပေါက်လေးခုရှိသည်။ လမ်းဘေး တစ်ဘက်တစ်ချက်တွင် ဈေးဆိုင် ကုန်စုံဆိုင်များ ဖွင့်လှစ်ထားသည်။ တစ်လမ်းလုံးကို အလံများ၊ မုခ်များနှင့်

---

[၁] ယင်း ၃၆၊ ၄၀။
[၂] ယင်း ၃၆၊ ၁၀၉။ ဒီပဝံသ ၂၂၊ ၅၉။
[၃] မဟာဝံသ ၃၆၊ ၁၃၀။
[၄] ယင်း ၄၄၊ ၄၆။
[၅] ယင်း ၅၀၊ ၈၄။



အလိယဝံသတရားများ အစစ်အမှန်ဖြစ်သည် ဟူသောအချက်နှင့် ပတ်သက်၍မူ အယူအဆ ခြားနားသည်[၁]။ ဤကျမ်းပြုပုဂ္ဂိုလ် အနေဖြင့် ကောသမ္ဗီ၊ လန်မန်နှင့် ဗရူးဝါးတို့နှင့် သဘောတူပြီး ယင်းသည် အထက်တွင် ဖော်ပြသည့် အရိယဝံသသုတ်နှင့် အတူတူဖြစ်သည်[၂]။ သို့ဖြစ်၍ အရိယဝံသသုတ် ရွတ်ဖတ်မှု အခမ်းအနားသည် အိန္ဒိယနိုင်ငံမှ သီဟိုဠ်သို့ ရောက်လာပြီး ယင်းအစဉ်အလာသည် ရာစုနှစ်ပေါင်းများစွာ ထွန်းတောက်ခဲ့ပုံရသည်။

မည်သည့်အချိန်ကစပြီး မည်သည့်အကြောင်းကြောင့် အရိယဝံသပွဲတော်ကို လူကြိုက်များလာသနည်းဟူသည်ကို မသိရသေးချေ။ ကိတ္တိသိရိရာဇသီဟမင်း (အေဒီ ၁၇၄၇-၁၇၈၀) လက်ထက် ကန္ဒီမြို့တွင် သီတင်းသုံးခဲ့သည့် အယိတ္တာလိယဒ္ဒေမုဟန္ဒိရမ ရေးသားခဲ့သော သံဃရာဇသာဓု စရိယာဝကျမ်း[၃]၌ သရဏင်္ကရ သံဃရာဇမထေရ်၏ တပည့် ဗာမိဏိဝတ္တေ ဥန္နာနသေ ရေးသားသည့် အရိယဝံသသုတ် သီဟိုဠ်နိဿယကျမ်းတစ်စောင်ကို ဖော်ပြထားသည်[၄]။

---

[၁] မူကာဂျီ (ပုဂ္ဂိုလ်)၏ အသောက (စာအုပ်) စာ၊ ၁၁၈၊ မှတ်ချက် ၄။ ရေးစ် ဒေးဗစ်က ယင်းသည် ဒီဃနိကာယ် သင်္ဂီတိသုတ်တွင် ပါရှိကြောင်း ယူဆသည်။ ဓမ္မာ နန္ဒကောသမ္ဗီနှင့် လန်မန် (Lanman)တို့က ယင်းကို အံ ၂၊ ၂၈ ဟု ဆိုသည်။ ဟတ်ဇတ် (Hultzach) က ယင်းဝေါဟာရကို အရိယဝံသာနိကို ဆိုလိုကြောင်း ထုတ်ဖော်သည်။ ဗရူးဝါး (Barua)ကမူ ဓမ္မာနန္ဒကောသမ္ဗီ၏ အဆိုကို သဘောတူသည် (*Inscriptions of Asoka* II, . 203, n. 6)။
[၂] စတ္တာရော အရိယဝံသာဟု ပုလ္လိင်ဖြင့်တွေ့ရမြဲ ဖြစ်သော်လည်း တစ်ခါတစ်ရံ စတ္တာရိ အရိယဝံသာနိဟု နပုလ္လိင် (ပဋိသမ္ဘိဒါမဂ္ဂ၊ ၈၄) ဖြင့်လည်း တွေ့ရသည်။ ထိုအတူ ယင်းကျောက်စာ၌ အလိယဝံသာနိ ဟု နပုလ္လိင်ဖြင့် တွေ့ရသည်။
[၃] ယင်းကျမ်း၊ စာ -၃၄။
[၄] ၁၈၉၈ ခုနှစ်၊ ကိုလံဗိုတွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် သီဟိုဠ်ဘာသာ နိဿယပေါင်းနှင့်အတူ အရိယဝံသသုတ်နှင့် ပါဠိဘာသာ အဖွင့်ကျမ်းတစ်စောင်ရှိသည်။ ယင်းသည် ဘာသာစကားအရ ဆုံးဖြတ်ရမူ ဗာမိဏိဝတ္တေ ဥန္နာနသေ ရေးသော ကျမ်းဖြစ်နိုင်သည်။ ယင်းကျမ်း ကျောဖက်၌ပါသည့် မှတ်ချက်မှာ ‘ဂေါလေမြို့၊ ဝိဇယာနန္ဒ ပရိဝေဏကျောင်းအုပ်ဆရာတော် အရှင်ပေယာဂလ သိရိသုမန တိဿမထေရ်သည် တပည့်များအား သင်ကြားပြီး ယင်းသုတ်ကို တပည့်များအား နေ့စဉ် ဟောကြားရန် တိုက်တွန်းသည်’ဟု ဖော်ပြသည်။

ယနေ့တိုင်အောင်ပင် အရိယဝံသပွဲတော်ကို သီဟိုဠ်၌ လုံးဝ မေ့သွားခြင်း မရှိသေးချေ။ မကြာမီက သီဟိုဠ်နိုင်ငံ ပဆ်ဒုန် ကိုရဋ္ဌေ (Pasdun Kōraḷē)မြို့ ဂုရုဠုဗာဒ္ဒ အရပ်အနီး ရှာဖွေတွေ့ရှိခါစ ဂူဘုရားကျောင်းတစ်ခုတွင် ပွဲတော်အတွင်း အရိယဝံသသုတ်ကို နေ့ပေါင်းများစွာ ရွတ်ဖတ်ခဲ့သည်။ ဒိမ္ဗုလာဂလအရပ်တွင် ဝါတွင်းကာလ၌ ယင်းသုတ်ကို ယနေ့တိုင် ဟောကြားဆဲဖြစ်ကြောင်း အစတွင် ဖော်ပြပြီးဖြစ်သည်။

## ဝေသာခပွဲတော်

ဗုဒ္ဓမွေးနေ့ အခမ်းအနားအတွက် ဝိဆက် (မေ)လတွင် ကျင်းပသည့် ဝိဆက် (ပါဠိဝေသာခ) ပွဲတော်သည် နိုင်ငံတော်၏ ထုံးတမ်းစဉ်လာဖြစ်သည်[၁]။ ဝိဆက်ပွဲတော်သည် အိန္ဒိယမှာပင် ခေတ်ဦးပိုင်းကာလများ၌ ကျင်းပခဲ့သည့် ရှေးအကျဆုံး ဗုဒ္ဓဘာသာပွဲတော်ဖြစ်သည်။ ဖာဟီယန်က အေဒီ ၅ ရာစုခန့်တွင် 'နှစ်စဉ် ဒုတိယလ၏ ရှစ်ရက်မြောက်နေ့တွင် လူအများသည် ဗုဒ္ဓဆင်းတုတော် လှည့်လည်ပွဲကို ကျင်းပကြ၏။ ဘီးလေးခုပါသည့် ရထားကို ပြုလုပ်ပြီး ယင်းအပေါ်တွင် ဝါးများကို တွဲချည်လျက် ငါးထပ်ပါ အဆောက်အအုံတစ်ခု ဆောက်လုပ်၏ . . . ရွှေငွေတို့ဖြင့် နတ်ရုပ်များလုပ်လျက် . . . လေးဘက်တွင် ကလိုင်လေးပေါက်ပါပြီး အပေါက်တိုင်းတွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူ သီတင်းသုံးပြီး ဗောဓိသတ္တတစ်ဆူမှာ မတ်တတ်ရပ်လျက် ဗုဒ္ဓဆင်းတုတော်များအား ခစားနေ၏။ ရထားအစီး နှစ်ဆယ်ခန့်ရှိနိုင်ပြီး အားလုံးမှာ ခန့်ညားထယ်ဝါကြ၏။ သို့ရာတွင် ရထားတိုင်းမှာ တစ်ခုနှင့် တစ်ခု မတူကြချေ'[၂]။

ဤနေရာ၌ အသောက၏ကောက်စာအမှတ် ၄ တွင် မင်းကြီးသည် တိုင်းသူပြည်သားများအား စွဲလန်းနှစ်သက်စေသော နတ်ရထားတမျှ လုပသည့် ရထားများတွင် ရွှေဆင်းတုများခင်းကျင်း ပြသခြင်းနှင့် စီတန်းလှည့်လည်ပွဲများ ကျင်းပကြောင်း ဖော်ပြသည်ကို သတိရရန်လိုသည်။ အေဒီ ၅ ရာစု၌ တရုတ်ရဟန်းတော် ဖာဟီယန်မြင်တွေ့ခဲ့သည်မှာ ရာစုနှစ်ပေါင်း များစွာ ကြာညောင်းပြီးနောက် ပြင်ဆင်မှုနှင့် တိုးတက်ပြောင်းလဲမှုအချို့ရှိသည့် ယင်းရှေးဟောင်းပွဲတော်ကို ဆက်လက်ကျင်းပကြခြင်းဖြစ်ဖွယ်ရှိသည်။ အရှင်မဟိန္ဒသည် မိမိ၏ဖခင် ဦးစီးကျင်းပသည့် ယင်းပြပွဲနှစ် စီတန်းလှည့်လည်မှုများ တွေ့မြင်ခဲ့ရလျက် ယင်းပွဲတော်၏ လူထုစိတ်အပေါ် သက်ရောက်မှုကို သဘောပေါက်ခဲ့သဖြင့် သီဟိုဠ်၌ ယင်းပွဲတော်ကျင်းပမှုကို ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်နိုင်သည်။ ညှိနိုင်းချက်အချို့နှင့်အတူ သီဟိုဠ် ဝိဆက်ပွဲတော်မှာ ဘုရင်အသောက၏ 'ပြပွဲနှင့် စီတန်းလှည့်လည်မှု' ကိုရော ဖာဟီယန်မြင်တွေ့ခဲ့ရသည့် 'ဆင်းတုတော်များ စီတန်းလှည့်လည်မှု'ကိုပါ ပြုပြင်ထားသည်ဟု ယူဆနိုင်သည်။ တရုတ်ရဟန်းတော်က အိန္ဒိယ လှည့်လည်ပူဇော်မှုကို ဒုတိယလတွင် ကျင်းပကြောင်း ဆိုသည်။ ယခုအခါတွင် အိန္ဒိယပြက္ခဒိန်အရ နှစ်တစ်နှစ်၏ ဒုတိယလဟူသည် ဝေသာခ (ကဆုန်) လ ဖြစ်သဖြင့် အိန္ဒိယ၌ ဖာဟီယန်မြင်ခဲ့သည်မှာ ပွဲတော်အမည်ကို မဖော်ပြသော်လည်း ဝိဆက်ပွဲတော် ဖြစ်နိုင်သည်။

သီဟိုဠ် ဝိဆက်ပွဲတော်အကြောင်း မဟာဝံသကျမ်း၌ ပထမဆုံးသော ရည်ညွှန်းချက်မှာ ဝိဆက်ပွဲတော် နှစ်ဆယ့်လေးခုကို ကျင်းပခဲ့ကြောင်း ပြဆိုသော ဒုဋ္ဌဂါမဏိမင်း (ဘီစီ ၁၀၁-၇၇) လက်ထက်တွင် ဖြစ်သည်[၁]။ သို့ရာတွင် ယင်းပွဲတော်သည် သီဟိုဠ်တွင် ယင်းခေတ်ထက် များစွာစောစီးစွာကပင် တည်ရှိခဲ့ပုံရသည်။ ဒုဋ္ဌဂါမဏိမင်းသည် ရှေးခေတ် ဗုဒ္ဓဘာသာ သီဟိုဠ်နိုင်ငံ၏ သူရဲကောင်းဖြစ်သဖြင့် မင်းကြီးသည် ပွဲတော်ကို ပြန်လည်ပြုပြင်ပြီး ယခင်ကထက် ပိုမိုခမ်းနားကျယ်ပြန့်စွာ ပွဲတော်ကို ကျင်းပခဲ့ပုံရသည်။ မင်းကြီးလွန်ပြီးနောက် မင်းများစွာတို့သည် ယင်း (ဝိဆက်)ပွဲတော်ကို ပုံမှန် ကျင်းပခဲ့ကြောင်း သိရသည်။ ဘာတိယမင်း(အေဒီ ၃၈-၆၇)သည် ဝိဆက်ပွဲတော် နှစ်ဆယ့်ရှစ်ခု[၂]၊ ဝသဘမင်း(အေဒီ ၁၂၇-၁၇၁)မင်းသည် ဝိဆက်ပွဲတော် လေးဆယ့်လေးခု[၃] ကျင်းပခဲ့သည်။ ဖော်ပြပါ ဘုရင်နှစ်ပါးသည် နှစ်စဉ်ပုံမှန်

---

[၁] ဒီပဝံသ ၂၁၊ ၂၈။ ဝေသာခမာသေ ပုဏ္ဏမာယံ၊ သမ္ဗုဒ္ဓေ ဥပ္ပဇ္ဇထ၊ ဣမံ မာသံ ပူဇနတ္ထာယ။

[၂] Fa Hien, p. 79.

[၁] မဟာဝံသ ၃၂၊ ၃၅။

[၂] မဟာဝံသ ၃၄၊ ၅၉။

[၃] ယင်း ၃၅၊ ၁၀၀။

နှင့် ရောဂါကပ်ဆိုးကြီး ပပျောက်သွားသည်။ ဥပတိဿမင်းသည် သီဟိုဠ်တွင် အလားတူ ဘေးအန္တရာယ်ကြုံတိုင်း ယင်းပွဲတော်ကို ကျင်းပရမည်ဟု ချမှတ်ခဲ့သည်[၁]။

ဘုရင်မင်းပေါင်းမည်မျှ ယင်းချမှတ်ချက်ကို လိုက်နာခဲ့ကြောင်း မသိရချေ။ သို့တစေ ဒုတိယသေနမင်း (အေဒီ ၈၅၁-၈၈၅)သည် သီဟိုဠ်၌ ကပ်ဘေးကြီးတစ်ခု ဖြစ်ပွားစဉ် အလားတူ ပွဲတော်တစ်ခု ကျင်းပခဲ့ကြောင်း သိရသည်။ ဗုဒ္ဓဆင်းတုတော်နေရာတွင် အရှင်အာနန္ဒာဆင်းတုတော်ကို တင်လျက် ပရိတ်ရွတ်ပွားခြင်းနှင့် ပရိတ်ရေ ပက်ဖျန်းခြင်းများပြုလျက် ရဟန်းတော်များက နောက်ကလိုက်ပြီး မြို့တော်လမ်းများတစ်လျှောက်တွင် လှည့်လည်ခဲ့သည်။

ရတနသုတ်တော်ကို ရွတ်ဖတ်ပြီး ဗုဒ္ဓ၏ သပိတ်တော်မှ ရေကို ပက်ဖျန်းလျက် ဝေသာလီမြို့တွင်း၌ လှည့်လည်သွားလာခဲ့သည်မှာ အရှင်အာနန္ဒာဖြစ်သောကြောင့် ဤပွဲတော်၌ အရှင်အာနန္ဒာဆင်းတုတော်အား အသုံးပြုခြင်းမှာ ထူးခြားမှုရှိသည်။ ဒုတိယသေနမင်းသည် ဥပတိဿမင်း၏ ပွဲကို ပိုမို အသေးစိတ် အတုယူလိုက်နာခဲ့ပုံရသည်။ ဒုတိယသေနမင်းသည် ရတနသုတ်တော်အား ရွှေပေပေါ်တွင် ရေးထိုးစေခဲ့ကြောင်းလည်း သိရသည်။

ပဥ္စမကဿပမင်း (အေဒီ ၉၁၃-၉၂၃)သည်လည်း မြို့တော်အတွင်း ပရိတ်ဒေသနာ ရွတ်ကြားရန် ဂိုဏ်းသုံးဂိုဏ်းမှ ရဟန်းတော်များကို ပါဝင်စေခြင်းဖြင့် ငတ်မွတ်ခေါင်းပါးခြင်းနှင့် ကပ်ရောဂါအန္တရာယ်ကို ဖယ်ရှားနိုင်ခဲ့ကြောင်း ဆိုသည်။ ဤမင်းသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယခင် ရိုးရာအစဉ်အလာပွဲတော်များကို လိုက်နာကျင့်သုံးခဲ့သလောဟူသည်ကိုမူ မသိရချေ။ သို့ရာတွင် ဤပွဲတော်၌

[၁] မဟာဝံသ ၃၇၊ ၁၈၉-၁၉၈။ အိန္ဒိယတွင် ပတ္တမဟာဟုခေါ်သော ပွဲတော်တစ်ခုလည်း ကျင်းပကြောင်း ဆိုသည်။ ယင်းပွဲတော်၌လည်း ဗုဒ္ဓ၏ ကျောက်သပိတ်တော်ကို ပူဇော်သည် (ရသဝါဟိနီ ၁၊ ၃၄)။

[၂] မဟာဝံသ ၄၀၊ ၈၀-၈၁။

[၃] မဟာဝံသ ၄၀၊ ၇၉။

[၄] ယင်း ၄၁၊ ၈၀။



မီးပုံးတန်းများဖြင့် ထိန်ထိန်လင်းနေသည့် အောင်ပွဲခံဂိတ်များဖြင့် ဆင်ယင်ထားသည်။ အက၊ အဆို၊ အတီးများကို ပွဲတော်ကာလ၏ ပျော်ပွဲရွှင်ပွဲများအဖြစ် ထည့်သွင်းထားသည်။ ကဒမ္ဗနဒီမှ မဟိန္ဒလှေ့သို့ရောက်သောလမ်းကို မြစ်တွင် ဆေးကြောပြီးနောက် ဘုရားဖူးများ သန့်ရှင်းသည့် ခြေဖြင့် လမ်းလျှောက်နိုင်စေရန် ကော်ဇောများဖြင့် ဖုံးလွှမ်းထားသည်။ မြို့တော် ဝင်ပေါက်လေးခုတွင် ကြီးမားသည့် ဆွမ်းလှူဒါန်းမှုကို ဆောင်ရွက်သည်။ သီဟိုဠ်တစ်ကျွန်းလုံး ပြတ်တောက်ခြင်းမရှိသည့် မီးပုံးများကို ထွန်းညှိထားသည်။ ကျွန်းပတ်လည် တစ်ယူဇနာ ဝေးသောနေရာအထိ ပင်လယ်ကို ကျော်၍ပင် မီးလုံးများ ထွန်းညှိသည်။ စေတီတော် အောင်ပွဲအခမ်းအနားသို့ စုဝေးရောက်ရှိလာကြသည့်ရဟန်းတော် မြောက်မြားစွာတို့အား ရွှေစည်ရှစ်ခုကို ရိုက်ခတ်ခြင်းနှင့်အတူ နေရာဌာနရှစ်ခုတို့၌ ဆွမ်းများနှင့် လှူဒါန်းဖွယ်ရာများ လှူဒါန်းကြသည်။ ထောင်ဒဏ် ကျခံနေရသူများအား လွှတ်ရက်လည်း ကြေညာသည်။ ဂိတ်ပေါက်လေးခုတွင် ဆံသများအား ဆက်လက်လုပ်ကိုင်နိုင်ရန် အလုပ်ခန့်ထားသည်[၁]။

အဘယ်ကြောင့် ခမ်းနားလှသည့် ယင်းပွဲတော်ကို ဂိရိဘဏ္ဍပူဇာပွဲဟုခေါ်ကြောင်း အတိအကျ မသိရချေ[၂]။ ယင်းဝေါဟာရ၏ အဓိပ္ပာယ်မှန် မည်သို့ရှိသည်ဖြစ်စေ ယင်းပွဲတော်အတွင်း လှူဒါန်းမှု များ

[၁] မဟာဝံသ ၃၄၊ ၆၈-၈၄။

[၂] အမှန်ပင် ဂိရိဟူသည် တောင်၊ ဘဏ္ဍဟူသည် ပစ္စည်းများ၊ ပူဇာဟူသည် ပူဇော်ခြင်းသို့မဟုတ် ပွဲတော်ဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် ဂိရိဘဏ္ဍဟူသော စာများပေါင်းလိုက်သောအခါ မည်သည်ကို ရည်ရွယ်သနည်း။ 'တောင်ပေါ်ရှိ ပစ္စည်းများကို ပူဇော်ခြင်း' သို့မဟုတ် 'ပစ္စည်းများရှိသည့် တောင်ကို ပူဇော်ခြင်း' ဟု အဓိပ္ပာယ်ပြန်နိုင် (ဒီပဝံသ ၂၁၊ ၃၂) ပြီး ဂိရိဘဏ္ဍဝါဟနပူဇာ 'တောင်ပေါ်ရှိ ပစ္စည်းများကို သယ်ယူခြင်း'ဟုလည်း အဓိပ္ပာယ်ပြန်နိုင်သည်(ဝိသုဒ္ဓိ ၂၊ ၄။ အံ-ဋ ၁၊ ၁၇)။ ရသဝါဟိနီကျမ်း ဒုတိယတွဲ (စာ- ၁၈၅) တွင် ဂိရိမဏ္ဍမဟာပူဇာ 'တောင်ပူဇော် ပွဲကြီး'ဟု ခေါ်သည်။ အဋ္ဌကထာကျမ်းများ၌ ယင်းပွဲတော်တွင် အကောင်းဆုံး သင်္ကန်းတစ်စုံကို ရရှိသူ လေဏဂိရိအရပ်နေ တိဿ မဟာထေရ်နှင့် ဆက်စက် ပတ်သက်၍ ရည်ညွှန်းဖော်ပြထားသည် (ဒီ-ဋ ၂၊ ၁၂၄။ မ-ဋ ၂။ ၂၉၆။ အံ-ဋ ၃၊ ၉၂)။

များစွာပြုသည်မှာ ထင်ရှားပြီး အထောက်အထားများ အားလုံးက ယင်းပွဲကို မဟာဒါဌိကမဟာနာဂမင်း လက်ထက်တွင် စတင်ကြောင်း တူညီစွာ ဆိုကြသည်[၁]။

ဂိရိဘဏ္ဍပွဲသည် သမိုင်းတွင် ထင်ရှားခဲ့သော်လည်း အခြားဘုရင်မင်းများ ယင်းပွဲကို ကျင်းပခြင်းနှင့်ပတ်သက်၍ ဖော်ပြမှုမတွေ့ရချေ။ ရာစုနှစ် ရှစ်ခုလွန်ပြီးနောက် ဒုတိယဥဒယမင်း (အေဒီ ၈၈၅-၈၉၆) သည် ဂိရိဘဏ္ဍအမည်ရသည့် ကျောင်းတိုက်တစ်ခုကို ပြန်လည်ပြုပြင်ခဲ့ကြောင်း သိရသည်[၂]။ သို့တစေ ယင်းကျောင်းတိုက်သည် မဟာဒါဌိကမင်း ဂိရိဘဏ္ဍပူဇော်ပွဲကျင်းပခဲ့သည့် မဟိန္ဒလေ့ရှိကျောင်းတိုက်နှင့် ပတ်သက်သလော သို့မဟုတ် အခြား ကျောင်းတိုက်တစ်ခုလောဟူ သည်ကို ကျွန်ုပ်တို့ အတိအကျ မသိရချေ။

## ဂင်္ဂါရောဟဏပွဲတော်

ဗုဒ္ဓဒါသမင်း၏ သားတော် ပထမ ဥပတိဿမင်းသည် အေဒီ ၄ါးရာစု အစပိုင်းတွင် နှစ်စဉ် ဂင်္ဂါရောဟဏအမည်ရသည့် ပွဲတော်တစ်ခုကို ကျင်းပခဲ့ခြင်းဖြင့် ချီးမွမ်းပြောဆိုကြသည်။ ထိုအချိန်က သီဟိုဠ်ကျွန်းတွင် ငတ်မွတ်ခေါင်းပါးဘေးနှင့် ရောဂါဘေးဆိုးနှင့် ကြုံကြိုက်သည်။ ဘုရင်မင်းသည် သံဃာတော်များအား လူအပေါင်း ယင်းဆင်းရဲဒုက္ခမှ လွတ်မြောက်စေရန် ယင်းသို့သောအခြေအနေတွင် ဗုဒ္ဓရှင်တော်မြတ်သည် တစ်စုံတစ်ခုကို ဆောင်ရွက်တော်မူခဲ့ပါသလားဟု မေးလျှောက်သဖြင့် သံဃာတော်များက ယင်းသို့သော ကပ်ဆိုးကြီး ဝေသာလီမြို့တွင် ဖြစ်ပွားသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရတနသုတ်တော်ကို ရွတ်ပွားခဲ့ပုံအကြောင်းကို မင်းကြီးအား မိန့်ကြားကြသည်[၁]။ သို့ဖြစ်၍ မင်းကြီးသည် ဗုဒ္ဓ၏ ရွှေဆင်းတုတော်ကို ထုတ်စေပြီး ရေဖြည့်ထားသည့် ဗုဒ္ဓ၏ကျောက်သပိတ်တော်ကို ဗုဒ္ဓဆင်းတုတော်၏ လက်ပေါ်၌ တင်လျက် ယင်းဆင်းတုတော်ကို ရထားပေါ်တွင် တင်သည်။ ယင်းနောက် မင်းကြီးသည် ဆွမ်းလောင်းလှူပွဲကြီးတစ်ခုကျင်းပလျက် မြို့သူမြို့သားများအား ဥပုသ်သီလ ဆောက်တည်ကြရန် ဆော်သြ လျက် ကိုယ်တိုင်လည်း သီလကို ဆောက်တည်သည်။

မြို့တော်အား လှပစွာ တန်ဆာဆင်လျက် ရဟန်းသံဃာထောင်ပေါင်းများစွာသည် ရတနသုတ်ကို ရွတ်ပွားပြီး ရေကို ပက်ဖျန်း၍ တစ်ညလုံး မြို့တော်လမ်းများတွင် လှည့်လည်လမ်းလျှောက်လျက် ဗုဒ္ဓဆင်းတုတော် တင်ဆောင်ထားသည့် ရထားနောက်မှ လိုက်ကြသည်။ မင်းကြီးကိုယ်တိုင်လည်း ရဟန်းတော်များနှင့် လမ်းလျှောက်လျက် ယင်းပွဲတော်တွင် ပါဝင်သည်။ မိုးရွာသွန်းပြီး ငတ်မွတ်ခေါင်းပါးဘေး

---

[၁] ရသဝါဟိနီ ဒုတိယတွဲ စာမျက်နှာ ၁၈၅ တွင် ယင်းပွဲတော်သည် ဒုဗ္ဗိဋ္ဌိမဟာရာဇမင်း လက်ထက်တွင် စတင်ခဲ့ကြောင်း ဆိုသည်။ သို့ပတစေ ယင်းမင်းသည် မဟာဒါဌိက မဟာနာဂနှင့် အတူတူဖြစ်ကြောင်း သံသယဖြစ်ဖွယ် မလိုချေ။ ယင်း မင်းနှစ်ပါး တူညီကြောင်းအဆိုနှင့် ပတ်သက်၍ မှတ်ချက်ကို UCR. Vol. I, No. 2. p. 82. တွင် ကျွန်ုပ်ရေးသား သော Dubb hi Mahārāja ကို ရှုပါ။

[၂] မဟာဝံသ ၄၉၊ ၂၉။

[၃] မဟာဝံသ၌ ယင်းကို ဂင်္ဂါရေဟဏသုတ်ဟုလည်း ခေါ်ထားသည်။



[၁] ဝေသာလီမြို့တော်၌ ငတ်မွတ်ခေါင်းပါးဘေးနှင့် ကြောက်မက်ဖွယ် ရောဂါဘေးဆိုးကြီး ဖြစ်ပွားနေစဉ် ဗုဒ္ဓရှင်တော်မြတ်သည် လိစ္ဆဝီမင်းတို့၏ ပင့်ဖိတ်မှုကြောင့် မြို့တော်သို့ ကြွရောက်တော်မူလျက် ရတနသုတ်ကို ဟောကြားတော်မူခဲ့သည်။ (ယင်းသုတ်သည် ခုဒ္ဒကပါဌနှင့် သုတ္တနိပါတပါဠိတော်များ၌ လာသည်။) ဗုဒ္ဓရှင်တော်မြတ်သည် ယင်းသုတ်တော်ကို အရှင်အာနန္ဒာအား သင်ပေးတော်မူပြီး လိစ္ဆဝီမင်းများ ခြံရံလျက် မြို့တော်သို့ လှည့်လည်၍ ယင်းသုတ်ကို ရွတ်ဖတ်လျက် ဗုဒ္ဓသပိတ်တော်မှ ရေများကို ပက်ဖျန်းရန် ညွှန်ကြားတော်မူသည်။ မြို့တော်သည် ယင်းကပ်ဆိုးကြီးမှ ကင်းဝေးသွားသည်။ ဗုဒ္ဓရှင်တော်မြတ်ကြွလာသည်ကို ပူဇော်သည့် အနေဖြင့် ပွဲတော်ကြီးတစ်ခု ကျင်းပသည်။ လှေနှစ်စင်းကို မြစ်ထဲတွင် ဖောင်ခတ်ထားပြီး ယင်းဖောင်ပေးတွင် မဏ္ဍပ်ထိုးထားသည်။ ယင်းအောင်မြင်သည့် သာသနာပြုခရီးပြီးနောက် ဗုဒ္ဓရှင်တော်မြတ်သည် ဂင်္ဂါမြစ်ကြောင်းအတိုင်း ရာဇဂြိုဟ်သို့ ပြန်ကြွတော်မူသည်။ ယင်းခရီးစဉ်ကို ဂင်္ဂါရောဟဏဟုခေါ်ပြီး ပွဲတော်ကိုလည်း ယင်းအမည်ကိုပင် ပေးခဲ့သည် (သုတ္တနိ-ဋ္ဌ ၁၊ ၂၆၇-၂၆၈။ သာရတ္ထသမုစ္စယ၊ ၉၇)။

[၂] ဂိုင်ဂါက ယင်းသည် နိုင်ငံတော်ဘာသာတရားက ပြုစုပျိုးထောင်ခဲ့သော ထင်ရှားသည့် မိုးမျက်လှည့် (ပေါက္ခရဝဿမိုး)၏ ပေါ်လွင်သည့် နမူနာဖြစ်ကြောင်း ဆိုသည် (စူဠဝံသ၊ ဂိုင်ဂါ အင်္ဂလိပ်-ပြန်၊ ဒုတိယတွဲ၊ စာ - ၁၉၊ မှတ်ချက် ၅)။

စွယ်တော်[၁]သည် သီဟိုဠ်သို့ ဆောင်ယူခဲ့သမျှသော ဗုဒ္ဓဓာတ်တော်အားလုံးအနက် အရေးအပါဆုံးနှင့် တန်ဖိုးအရှိဆုံးဖြစ်သည်[၂]။

စွယ်တော်ဓာတ်ကို ပိုင်ဆိုင်သူသည် ပုံမှန်အားဖြင့် ပြည်သူ့အထောက်အပံ့ကို ရသောကြောင့် ပြည်တွင်းရေး ပဋိပက္ခဖြစ်ပွားချိန်များတွင် ထီးနန်းကို တော်လှန်သူများသည် စွယ်တော်ဓာတ်ကို ပိုင်ဆိုင်ရန် ကြိုးပမ်းကြသည်။ ဓာတုဝံသကျမ်းအရ စွယ်တော်ဓာတ်ကို သီဟိုဠ်သို့ မပင့်ဆောင်လာမီ အိန္ဒိယရှိ အုပ်ချုပ်သူမင်းညီမင်းသားများသည် စွယ်တော်ဓာတ်ကို ပိုင်ဆိုင်မှုကို အကြောင်းပြု၍ ပဋိပက္ခ ဖြစ်ပွားနေခဲ့ကြောင်း သိရသည်[၃]။

ဤကျမ်းအစောပိုင်း[၄]တွင် ဖော်ပြခဲ့သည့်အတိုင်း စွယ်တော်ဓာတ်သည် ရှေးအကျဆုံးကာလကပင် အဘယဂိရိကျောင်းတိုက်နှင့် ပတ်သက်မှုရှိခဲ့သည်။ သို့ဖြစ်၍ ယင်းဓာတ်တော်အား ပြည်သူကို ပြသမှုနှင့် ပွဲတော်ကျင်းပခြင်းများကို အဘယဂိရိကျောင်းတိုက်တွင် ကျင်းပသည်[၅]။ စွယ်တော်ဓာတ်အတွက် သီးခြား အဆောက်အအုံရှိသည်[၆]။ 'ဘုရင့်နန်းတော်၏ ဘေးတွင် ရတနာများဖြင့် တောက်ပနေပြီး ရှားပါးကျောက်သံများဖြင့် ခြယ်သထားသော ပေရာပေါင်းများစွာ မြင့်သည့် ဗုဒ္ဓစွယ်တော်ကျောင်းကြီးရှိ၏။ ကျောင်းကြီး၏ အထက်တွင် ပတ္တမြားရတနာကြီးတပ်ဆင်ထားသော ထောင်မတ် ပိန္နဲတိုင်ရှိ၏ . . .'[၇]။

အေဒီ ငါးရာစုအစပိုင်းတွင် မျက်စိဖြင့် ကိုယ်တိုင်မြင်တွေ့ခဲ့ရသူ၏ စွယ်တော်ပွဲကျင်းပပုံ အသေးစိတ်ကို သိရသဖြင့် ကံကောင်းသည်။ ဖာဟီယန်၏ ဖော်ပြချက်[၈]အရ ဗုဒ္ဓရှင်တော်မြတ်၏ စွယ်တော်

---

[၁] ဒါဌာဓာတုဝံသ၊ ၃၄၀။ မဟာဝံသ ၃၇၊ ၉၂။

[၂] ဓာတုဝံသကျမ်း စာ ၆ တွင် သီဟိုဠ်၌ စွယ်တော်ဓာတ် နှစ်ဆူရှိကြောင်းဆိုသည်။

[၃] ဒါဌာဓာတုဝံသ၊ ၂၈၄၊ ၂၈၆၊ ၂၈၉၊ ၂၉၅၊ ၂၉၆။

[၄] ဤကျမ်း၊ စာ ၁၉၄-၅ ကိုရှုပါ။

[၅] ဒါဌာဓာတုဝံသ၊ ၄၀၈။

[၆] Fa Hien, p. 104.

[၇] Hiuen Tsiang Bk. XI, p. 248.

[၈] Fa Hien, p. 105-107.



ဗုဒ္ဓဆင်းတုတော် သို့မဟုတ် အရှင်အာနန္ဒာဆင်းတု သို့မဟုတ် ဗုဒ္ဓသပိတ်တော် ဆိုသည်ကို ဖော်ပြထားခြင်းမရှိ။ ယင်းပွဲတော်အခမ်းအနားမှာ အချိန်ကာလ ကြာမြင့်ပြီဖြစ်၍ ပြောင်းလဲသွားခဲ့ဖွယ်ရှိသည်[၁]။ စတုတ္ထအဂ္ဂဗောဓိမင်း (အေဒီ ၆၅၈-၆၇၄)သည်လည်း ပရိတ်ရွတ်ပွဲများ ကျင်းပခဲ့သော်လည်း ယင်းသို့ကျင်းပရခြင်း၏ အကြောင်းနှင့် ပွဲတော်အသေးစိတ်အကြောင်းကို ဖော်ပြမထားပေ[၂]။

## ပရိတ်ရွတ်ပွဲတော်

ကာကွယ်ခြင်းဟု အဓိပ္ပာယ်ရသည့် ပရိတ္တ (သီဟိုဠ် ပိရိတ်)သည် နတ်ဆိုးများအား နှင်ထုတ်ရန်၊ ရောဂါများ ကင်းဝေးစေရန်နှင့် အိမ်သစ်တက်မင်္ဂလာများ၌ မင်္ဂလာကျက်သရေများနှင့် ပြည့်စုံစေရန် စသည့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ကျင်းပသည့် ပွဲတော်ဖြစ်သည်။ စတုဘာဏဝါရဟု ထင်ရှားသည့် ပရိတ်စာအုပ်သည် မူရင်းနိကာယ်များ၌ လာသည့် သုတ္တန်များကို စုဆောင်းထားခြင်းဖြစ်သည်။ မိလိန္ဒပဉှပါဠိတော်အရ အထင်ရှားဆုံး ပရိတ်တော်များမှာ ရတနသုတ်၊ ခန္ဓပရိတ်၊ မောရပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်နှင့် အင်္ဂုလိမာလပရိတ်တို့ဖြစ်သည်[၃]။ ဒီဃနိကာယ်အဋ္ဌကထာ၌ မေတ္တာသုတ်၊ ဓဇဂ္ဂသုတ်နှင့် ရတနသုတ်များကို အရေးပါကြောင်း ဖော်ပြသည်[၄]။

---

[၁] ၁၉ ရာစု အလယ်လောက်တွင် သီဟိုဠ်တောင်ပိုင်းရှိ မာတရနယ်၌ ဂင်္ဂါရောဟဏပွဲတော်တစ်ရပ်ကို ကျင်းပခဲ့သည်။ ဂင်္ဂါရောဟဏဝဏ္ဏနာအမည်ရှိ သီဟိုဠ်ကဗျာတစ်ပုဒ်တွင် ယင်းပွဲတော်အကြောင်းကို အသေးစိတ်ဖော်ပြထားသည်။

[၂] မဟာဝံသ ၄၆၊ ၅။

[၃] မိလိန္ဒ၊ ၁၅၂။

[၄] ဒီ-ဋ္ဌ ၃၊ ၁၅၀။ လက်ရှိပရိတ် သို့မဟုတ် စတုဘာဏဝါရစာအုပ်မှာ အထက်ဖော်ပြပါ သုတ်တော်များအပြင် ဓသဓမ္မသုတ်၊ မင်္ဂလသုတ်၊ စန္ဒပရိတ်၊ သူရိယပရိတ်၊ မဟာကဿပထေရ ဗောဇ္ဈင်္ဂ၊ မဟာမောဂ္ဂလ္လာနထေရဗောဇ္ဈင်္ဂ၊ မဟာစုန္ဒထေရဗောဇ္ဈင်္ဂ၊ ဂိရိမာနန္ဒသုတ်၊ ဣသိဂိလိသုတ်၊ ဓမ္မစက္ကပဝတ္တနသုတ်၊ မဟာသမယသုတ်၊ အာဠဝကသုတ်၊ ကသိဘာရဒွါဇသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်၊ သစ္စဝိဘင်္ဂသုတ်များဖြစ်ကြသည်။

အာဋ္ဌာနာဋိယသုတ်သည် မကောင်းဆိုးဝါးများကို နှင်ထုတ်ရာ၌ အရေးအပါဆုံးနှင့် အစွမ်းအထက်မြက်ဆုံးဖြစ်သည်။ ဒီဃနိကာယ်အဋ္ဌကထာ၌ ယင်းသုတ္တန်ကို ရွတ်ပုံရွတ်နည်းနှင့် ရွတ်ဖတ်ချိန်တို့ကို အသေးစိတ် ရှင်းပြထားသည်[1]။ ယင်းသုတ္တန်ကို ပထမဆုံး မရွတ်ဆိုသင့်ပေ။ အကယ်၍ နတ်ဆိုးတစ်ယောက်ကို နှင်ထုတ်လိုလျှင် ပထမတွင် မေတ္တသုတ်၊ ဓဇဂ္ဂသုတ်နှင့် ရတနသုတ်များကို ဦးစွာ ခုနစ်ရက် တိုင်တိုင် ရွတ်ဖတ်ရသည်။ အကယ်၍ နတ်ဆိုးသည် လူနာထံမှ ထွက်ခွာသွားလျှင် ကောင်းမွန်သည်။ ထွက်ခွာမသွားပါက အာဋ္ဌာနာဋိယသုတ်ကို ရွတ်ရသည်။ ဤကိစ္စနှင့်ပတ်သက်၍ လိုက်နာကျင့်သုံးရန် ကြိုတင်သတိပေးချက်နှင့် သုံးသပ်ချက် များစွာရှိသည်။ ယင်းသုတ္တန်ကို ရွတ်ဆိုသည့် ရဟန်းတော်သည် အသားကို မစားရ၊ မီးကင်သော အစားအစာကိုလည်း မစားရ၊ သုသာန်၌ မနေရ၊ သို့မဟုတ်ပါက နတ်ဆိုးများသည် ထိုရဟန်းအား နှောင့်ယှက်ရန် အခွင့်အလမ်းရသွားနိုင်သည်။ နေထိုင်ရာ ဘုန်းကြီးကျောင်းမှ လူနာအိမ်ရောက်သည်ထိ ထိုရဟန်းတော်အား ကာကွယ်ရန် လက်နက်နှင့် လှံတန်များကိုင်ဆောင်သူများက ပို့ဆောင်ပေးရသည်။ ရွတ်ဖတ်ခြင်းမှာ လွင်တီးခေါင်တွင် မဖြစ်ရ။ ရဟန်းတော်သည် တံခါးနှင့် ပြတင်းပေါက်များကို ပိတ်ထားသည့် အခန်းထဲတွင် နေထိုင်လျက် မိမိနှလုံးသား၌ အထက်မြက်ဆုံးသော မေတ္တာစာတ်ဖြင့် ယင်းသုတ်တော်များကို ရွတ်ပွားရသည်။ ရွတ်ဖတ်နေစဉ်အတွင်းတွင် လက်နက်ကိုင်ဆောင်ထားသည့် ယောကျ်ားများက စောင့်ရှောက်ရမည်ဖြစ်သည်။

လူနာအား သီလဆောက်တည်စေပြီးမှ ပရိတ်တော်ကို ရွတ်ဖတ်ရသည်။ အကယ်၍ နတ်ဆိုးထွက်မသွားသေးလျှင် လူနာကို ဘုန်းကြီးကျောင်းတိုက်သို့ ယူဆောင်သွားပြီး စေတီရင်ပြင်၌ ချထားသည်။ စေတီရင်ပြင်ကို တံမြက်လှည်းပြီးနောက် ပန်းဆီမီးပူဇော်ခြင်းများ ပြုရသည်။ ယင်းနောက် မင်္ဂလာဂါထာများ ရွတ်ဖတ်သရဇ္ဈာယ်ရသည်။ နတ်ဒေဝါအားလုံးပါဝင်သည့် အစည်းအဝေးတစ်ရပ်ကို ခေါ်ရသည်။ ကျောင်းတိုက် အရာမ်အတွင်းတွင် သက်တမ်းရှည်သစ်ပင်ရှိမူ ထိုသစ်

[1] ဒီ-ဋ္ဌ ၃၊ ၁၅၀။



ပင်၌ နေထိုင်သည့် နတ်အား ထိုအစည်းအဝေးသို့ တက်ရောက်ရန် သံဃာတော်များ၏ အမည်နာမဖြင့် ဖိတ်ကြားရသည်။ နတ်ပူးဝင်နေသည့် ယောကျ်ားအား ၎င်း၏အမည်ဖြင့် မေးမြန်းရသည်။ အမည်နာမကို ဖော်ပြပြီးသောအခါ နတ်ဆိုးအား ထိုအမည်နာမဖြင့်သာလျှင် ခေါ်ဝေါ် ပြောဆိုရသည်။ နတ်ဆိုးကို အလှူဒါနပြုခြင်း၊ ပန်းဆီမီးပူဇော်ခြင်းများကြောင့် ရရှိသည့် ကုသိုလ်အဖို့ကို ၎င်း (နတ်ဆိုး)အား ပေးဝေပါကြောင်း ပြောကြားလျက် မင်္ဂလာဂါထာတော်များကို ၎င်း၏ လက်ဆောင်အဖြစ်ဖြင့် ရွတ်ကြားပေးပြီး ယခုအချိန်တွင် သံဃာတော်များအား လေးစားသောအားဖြင့် လူနာထံမှ ထွက်ခွာသွားရမည်ဖြစ်ကြောင်း ပြောကြားရမည်ဖြစ်သည်။ အကယ်၍ နတ်ဆိုးသည် ငြင်းဆန်ဆဲ ငြင်းဆန်နေမည်ဆိုလျှင် နတ်ဒေဝါတို့အား ဖိတ်ကြားလျက် နတ်ဆိုး၏ နှောင့်ယှက်နေမှုကို အကြောင်းကြားလျက် ‘ဤနတ်ဆိုးသည် တပည့်တော်တို့၏ စကားကို နာမခံပါ၊ တပည့်တော်တို့မှာ သံဃာတော်၏ အမိန့်ကို နာခံရပါမည်’ဟု ကြေညာပြီးနောက် အာဋ္ဌာနာဋိယ သုတ်ကို ရွတ်ကြားရသည်။

အကယ်၍ ရဟန်းတစ်ပါးကို နတ်ဆိုးတို့ ပူးဝင်သည်ဆိုလျှင် ဘုရားကျောင်းကို သန့်ရှင်းပြီး ပန်းပူဇော်လျက် ကုသိုလ်အမျှကို (ထိုနတ်ဆိုးအား) ပေးဝေလျက် နတ်ဒေဝတာ အစည်းအဝေးတစ်ရပ် ခေါ်ယူပြီးလျှင် ပရိတ်တော်များကို ရွတ်ကြားရမည်ဖြစ်သည်[1]။

## စွယ်တော်ဘုရားပွဲတော်

မဟာသေနမင်း၏ သားတော် သိရိမေဃဝဏ္ဏမင်း (အေဒီ ၃၇၁)[2]မင်းနန်းစံ ကိုးနှစ်မြောက်တွင် သီဟိုဠ်သို့ ဆောင်ယူခဲ့သော ဗုဒ္ဓ၏ လက်ဝဲ

[1] ယင်းသည် ပယောဂ ချွတ်ခြင်းမျိုးဖြစ်ပြီး ထင်ရှားသည့် ဘာသာတရား အားလုံးနှင့်ဆိုင်သည့် ယုံကြည်မှုဆိုင်ရာ ပုဂ္ဂိုလ်များအား ပေးလှူရန် တိုက်တွန်းသည့် ဘုရားကု ကုခြင်းမျိုးလည်း ဖြစ်သည်။ ယနေ့ခေတ်တွင် ကျွန်ုပ်တို့ သိပြီးဖြစ်သည့်အတိုင်း ပြည့်စုံသည့် ပရိတ်ရွတ်ပွဲတစ်ခု၏ တိုးတက်မှုကို ပေလုန္နရုဝခေတ်ပြီး နောက်မှသာလျှင် တွေ့မြင်နိုင်သည်။

[2] ဒါဌာဓာတုဝံသ၊ ၁၁၄-၁၁၉။

ယက်ပစ္စည်းကို ပေးအပ်လျက် အဆောက်အအုံ ဆောက်လုပ်မည့် နေရာအတွင်း အရပ်လေးမျက်နှာတွင် မင်းကြီးကိုယ်တိုင် ထွန်ရေးဆင်သည် (furrow)။ ယင်းနောက် မင်းကြီးသည် ရဟန်းတော်များနှင့် လူများအား လယ်ယာမြေများနှင့် အိုးအိမ်များကို ထိုအချိန်မှစ၍ သားစဉ်မြေးဆက် မည်သူမှ နှစ်စဉ် သို့မဟုတ် ယင်းနောက် ချိုးဖောက်မှု မရှိ (သက်ရောက်မှုရှိ) စေရန် သံပြားပေါ်တွင် ရုံပုံငွေများကို ရေးထွင်းလျက် ပေးအပ်သည်”[၁]။

## ဗုဒ္ဓဆင်းတုတော် အနေကဇာတင်ပွဲ

နာမည်အထွေထွေဖြင့် ထင်ရှားသည့် ဗောဓိပင်အမျိုးမျိုးကို ဤကျမ်းအစပိုင်း တစ်နေရာ[၂]တွင် ဖော်ပြခဲ့သည့်အတိုင်း သိခဲ့ကြပြီးဖြစ်သည်။ ထိုအတူပင် ဗုဒ္ဓဆင်းတုတော်အမျိုးမျိုး၌ ဥပသုမ္ဘနှင့် အဘိသေကများကဲ့သို့သော ပုဂ္ဂလိကနာမည် အမျိုးမျိုး ရှိကြသည်[၃]။

ဗုဒ္ဓဆင်းတုတော်များအား အဘိသေကမင်္ဂလာဆင်ယင်သည့် အထူးအခမ်းအနားတစ်ရပ် ရှိခဲ့ပုံရသည်။ ကံမကောင်းစွာ ယင်းအခမ်းအနားနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို မတွေ့ရချေ။ သို့ရာတွင် ယင်းအခမ်းအနားကို အရေးကြီးအရာတစ်ခုအဖြစ် ကျင်းပခဲ့ကြောင်း သံသယဖြစ်ဖွယ်မလိုချေ။ မိဂါရစစ်သူကြီးသည် သိလာသမ္ဗုဒ္ဓဆင်းတုတော်ထက်ပင် ပိုမိုခမ်းနားသည့် အစီအစဉ်ဖြင့် ကျင်းပရန် မျှော်လင့်ခဲ့သည့် ဗုဒ္ဓါဘိသေကမင်္ဂလာဆင်ယင်ကျင်းပရန် ခွင့်တောင်းသည်ကို ပထမ ကဿပမင်းကြီးက ငြင်းဆိုခဲ့သည်။ မိဂါရစစ်သူကြီးသည် မိမိ၏ ဆန္ဒကို မောဂ္ဂလ္လာနမင်း ရောက်လာသည့်တိုင် မျိုသိပ်၍ စောင့်ဆိုင်းနေခဲ့သည်[၄]။ နောက် ဆယ့်ရှစ်နှစ်ခန့်အကြာ မောဂ္ဂလ္လာနမင်း ထီးနန်းရသောအခါ မိဂါရစစ်သူကြီးသည် မိမိ ဆန္ဒရှိခဲ့သည့်အတိုင်း ဗုဒ္ဓါဘိသေက မင်္ဂလာကို ကျင်းပခဲ့သည်[၅]။ စစ်သူကြီး၏ ယင်း

[၁] Fa Hien, P. 108-109.

[၂] ဤကျမ်း၊ စာ ၁၂၀ တွင် ရှုပါ။

[၃] မဟာဝံသ ၃၈၊ ၆၆။

[၄] မဟာဝံသ ၃၉၊ ၆-၇။

[၅] ယင်း ၃၉၊ ၄၀။



ဓာတ်ကို တတိယလ၏ အလယ် လေးရက်မြောက်နေ့တွင် အမြဲတမ်းသယ်ယူကြောင်း သိရသည်။ ဆယ်ရက်ခန့်အလိုတွင် ဘုရင်မင်းသည် ဆင်ပြောင်ကြီးတစ်စီးကို ခမ်းနားစွာ ဆင်ယင်လျက် ပီပီသသ ပြောဆိုနိုင်သူ အမျိုးသားတစ်ယောက်အား ထီးနန်းဝတ်စုံများကို ဝတ်ဆင်စီနင်းစေပြီး စည်ကြီးကို တီးခတ်၍ ဗုဒ္ဓရှင်တော်မြတ်၏ ဘဝနှင့် ဂုဏ်ကျေးဇူးတော်များကို ဖော်ပြ၍ ပြည်သူပြည်သားများအား ဤသို့ ကြေငြာသည် ‘ကြည့်ရှုကြလော့၊ ယနေ့မှစ၍ ဆယ်ရက်ကြာပြီးနောက် မြတ်ဗုဒ္ဓ၏ စွယ်တော်ဓာတ်ကို လှည့်လည်ပြီးနောက် အဘယဂိရိကျောင်းတိုက်သို့ ပင့်ဆောင်ပါလိမ့်မည်။ ပြည်သူအားလုံး ရဟန်းရှင်လူမည်သူမဆို ကုသိုလ်ကောင်းမှု ဆည်းပူးလိုသူများသည် လမ်းကို ချောမွတ်အဆင်ပြေအောင် ပြုလုပ်ပြီး ရပ်ကွက်များနှင့် လမ်းများကို တန်ဆာဆင်ယင်လျက် ဗုဒ္ဓမြတ်စွယ်တော်အား ပူဇော်ရန် ပန်းများ အမွှေးနံ့သာများ ပြည့်စုံလုံလောက်သည့် ဆိုင်များကို စီမံကြလော့’။

ကြေညာချက် ပြီးဆုံးသောအခါ မင်းကြီးသည် လမ်း၏ ဝဲယာတို့၌ ဇာတ်တော်များတွင် လာရှိသည့်အတိုင်း ဗုဒ္ဓ၏ အတိတ်ဘဝတွင် ပါရှိသည့် ဘဝခန္ဓာကိုယ် ငါးရာကို ခင်းကျင်းပြသရန် နေရာပြင်ဆင်သည်။ ရုပ်ပုံအားလုံးမှာ တောက်ပစွာ ချယ်သထားပြီး ‘တကယ်သက်ရှိဟု ထင်ရလောက်အောင်’ ခမ်းနားလှသည်။

ယင်းနောက် ဗုဒ္ဓစွယ်တော်ကို ယူဆောင်လျက် လမ်းမ၏ အလယ်ဗဟိုတွင် သယ်ယူလှည့်လည်သည်။ လမ်းတစ်လျှောက် နေရာတိုင်းတွင် စွယ်တော်ဓာတ်အား ပူဇော်မှုများ ပြုလုပ်ကြသဖြင့် အဘယဂိကျောင်းတိုက်ရှိ ခန်းမသို့ ရောက်ရှိသည်။ ထိုနေရာတွင် ရဟန်းပရိသတ်နှင့် လူပရိသတ်များ စုရုံးကြပြီး အမွှေးတိုင်ထွန်းညှိခြင်း၊ ဆီမီးတိုင်ဖြင့် မီးပူဇော်ခြင်းများနှင့် စီမံထားသည့်အတိုင်း ရက်ပေါင်း ကိုးဆယ်ပြည့်သည်ထိ မရပ်နားဘဲ နေ့ရောညပါ ပြုလုပ်ကြပြီး စွယ်တော်ဓာတ်အား မြို့တော်အတွင်းရှိ စွယ်တော်ကျောင်းသို့ ပြန်လည်ယူဆောင်ကြသည်။ ပူဇော်ပွဲနေ့များတွင် ကျောင်းတိုက်၏ တံခါးများကို ဖွင့်ထားပြီး စည်းမျဉ်းများနှင့်အညီ အခမ်းအနားဆိုင်ရာ ပူဇော်မှုပုံစံများကို ဆောင်ရွက်ကြသည်။

နောက်ထပ် အသေးစိတ်ဖော်ပြချက်ကို ဟူယင်ဆန်၏ မှတ်တမ်း မှ သိကြရသည် 'ဘုရင်သည် တစ်နေ့လျှင် သုံးကြိမ် ဗုဒ္ဓစွယ်တော်အား အမွှေးရည်၊ တစ်ခါတစ်ရံ နံ့သာမှုအရည်ဖြင့် သန့်စင်သည်။ ရေသန့်စင်သည်ဖြစ်စေ အမွှေးတိုင်ထွန်းသည်ဖြစ်စေ အခမ်းအနားတစ်ခုလုံးကို အလွန်အဖိုးတန်သည့် ရတနာများဖြင့် ပူဇော်မှုများ ပါဝင်သည်'[၁]။

နာမည်ကျော် ကန္ဒိပေရဟာရ ပါဝင်သည့် စွယ်တော်လှည့်လည်ပွဲကို သီဟိုဠ်တွင် ယနေ့တိုင် နှစ်စဉ် ကျင်းပဆဲဖြစ်သည်။

## မဟိန္ဒပွဲတော်

မဟာသေနမင်း၏သားတော် သိရိမေဃဝဏ္ဏမင်း (၎င်းမင်းလက်ထက်၌ စွယ်တော်ဓာတ်ကို သီဟိုဠ်သို့ ဆောင်ယူလာသည်) သည် အရှင်မဟိန္ဒအား ပူဇော်သည့်ပွဲတော်သစ်တစ်ခု ကျင်းပပေးခြင်းအတွက် ကျေးဇူးတင်ရမည်ဖြစ်သည်။ ၎င်းမင်းသည် ပကတိလူသားအရွယ် အရှင်မဟိန္ဒ ဆင်းတုတော်တစ်ခုကို ရွှေစင်ဖြင့် ပြုလုပ်စေလျက် တော်သလင်း (ဗုဗ္ဗကြတ္တိကမာသ) လဆန်းခုနစ်ရက်နေ့တွင် အရှင်မဟိန္ဒထေရ် ဒေဝါနံပိယတိဿကို တွေ့ဆုံသည့် မဟိန္ဒလေ့အရပ်ရှိ အမ္ဗတ္ထလသို့ ယင်းဆင်းတုကို ဆောင်ယူသည်။ ယင်းအခမ်းအနားကို ဂုဏ်ပြုသည့် အနေဖြင့် ဆွမ်းလောင်းလှူပွဲကြီးတစ်ခု ကျင်းပသည်။ မဟိန္ဒလေ့မှ အနုရာဓပုရမြို့တစ်လျှောက် လမ်းကို လှပစွာ တန်ဆာဆင်သည်။ ထိုလ ကိုးရက်မြောက်နေ့တွင် ဘုရင်ကိုယ်တိုင်ဦးဆောင်လျက် များစွာသော လူထုနှင့် ရဟန်းတော်ပါဝင်သည့် အစဉ်အတန်းဖြင့် ယင်း ဆင်းတုတော်ကို မြို့တော်၏ အရှေ့ဘက်ဂိတ်အနီးရှိ ထိုသိရိမေဃဝဏ္ဏမင်းကြီးပင် တည်ဆောက်သည့် သောတ္ထိယာကရ ကျောင်းတိုက်သို့ ယူဆောင်သည်။ သုံးရက်တိုင်တိုင် ထိုဆင်းတုသည် ထိုကျောင်းတိုက်၌ သီတင်းသုံးသည်။ တစ်ချိန်တည်းတွင် မြို့တော်ကို လှပစွာ တန်ဆာ ဆင်ထားသည်။ ယင်းလ ဆယ့်နှစ်ရက်မြောက်နေ့တွင် ယင်းဆင်းတုတော်ကို မြို့တော်တစ်လျှောက် စီတန်းလှည့်လည်လျက် မဟာဝိဟာရကျောင်းတိုက်သို့ ယူဆောင်လျက် မဟာဗောဓိပင်ဝင်း အတွင်း သုံးလတိုင်တိုင်

[၁] Hiuen Tsiang Bk. XI, p. 248.



ပူဇော်ခံထားသည်။ နောက်ဆုံးတွင် ယင်းဆင်းတုကို နန်းတော်အနီး အရှေ့တောင်ဖက်တွင် အထူးတည်ဆောက်ထားသည့် အဆောက်အအုံ၌ ထားသည်။ မင်းကြီးသည် ထိုအဆောက်အအုံထဲတွင် ဣဋ္ဋိယ အပါအဝင် မဟိန္ဒနှင့် အတူလိုက်လာသည့် အခြားပုဂ္ဂိုလ်များ၏ ဆင်းတုများကိုလည်း တည်ဆောက်သည်။ ယင်းနေရာကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပွဲတော်များ ကျင်းပနိုင်ရန် အလှူငွေများ ထားရှိသည်။ ဆက်ခံသူ ဘုရင်မင်းများအားလုံးသည် နှစ်စဉ် ယင်းပွဲတော်ကို ဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်တစ်ရပ် ချမှတ်ခဲ့သည်။

မဟာဝံသကျမ်း၏ ဒုတိယပိုင်း (စူဠဝံသဟုလည်းခေါ်သည်) ကို ရေးသားသူ အရှင်ဓမ္မကိတ္တိက ထိုအချိန်မှစ၍ ဘုရင်မင်းများသည် ထိုပြဋ္ဌာန်းချက်ကို လေးစားလိုက်နာကြပြီး ပွဲတော်ကို စတင်ကျင်းပခဲ့ပြီး ရာစုနှစ်ပေါင်းကိုးခု (နှစ်ပေါင်းကိုးရာ) ကြာခဲ့ပြီဖြစ်သည့် ယနေ့ အေဒီ ၁၃ ရာစုတိုင်အောင် ဆက်လက်ကျင်းပခဲ့ကြသည်ဟု ဆိုသည်[၁]။ ဓာတုသေနမင်း (အေဒီ ၄၆၀-၄၇၈) သည်လည်း မဟိန္ဒပွဲတော်ကို ကျင်းပကြောင်းဆိုပြီး ယင်းပွဲတော်၌ ရွတ်ဖတ်သရဇ္ဈာယ်မှုနှင့် ခင်းကျင်းပြသမှု အကြောင်းကို ဒီပဝံသကျမ်းတွင် အထူးဖော်ပြထားသည်[၂]။

## ကျောင်းလှူဒါန်းပွဲ

ဖာဟီယန် မှတ်တမ်းအရ ရှေးခေတ်သီဟိုဠ်တွင် ဘုရင်တစ်ပါးက သံဃာတော်အား ကျောင်းတိုက်လှူဒါန်းပုံအကြောင်း မှတ်သားချက်ကို တွေ့ရသည်။ ပထမတွင် ဘုရင်မင်းသည် အစည်းအဝေးကြီးတစ်ရပ် ဆင့်ခေါ်သည် 'ရဟန်းတော်များ ဆွမ်းဆက်ကပ်လျက် မိမိ၏ လှူဒါန်းဖွယ်ရာများကို (ယင်းအခမ်းအနားတွင်) လှူဒါန်းလျက် နွားလားဥသဘ တစ်စုံကို ရွေးချယ်လျက် ယင်းနွားများ၏ ဦးချိုကို ရွှေငွေကျောက်သံ များဖြင့် တန်ဆာ ဆင်ယင်သည်။ ရွှေဖြင့်တန်ဆာဆင်ထားသည့် ထွန်

[၁] မဟာဝံသ ၃၇၊ ၆၆-၈၉။

[၂] ယင်း ၃၈၊ ၅၈-၅၉။ မဟိန္ဒပွဲတော်ကို မကြာမီက ပြန်လည်ပြုပြင်ပြီး ယခုအခါတွင် သီဟိုဠ်၌ နှစ်စဉ် ပြန်လည် ကျင်းပသည်။

'(ယင်းထင်းပုံ၏' လေးဖက်လေးတန်တွင် ယင်းသစ်သားထင်းမီးပုံသို့ တက်ရန် လှေကားများ ပြုလုပ်ထား၏။ ပိုးသားအတိပြီးသော ဆံဖြူရောင် ပိတ်စဖြင့် ခန္ဓာကိုယ် (ရုပ်အလောင်း)ကို အထပ်ထပ် ရစ်ပတ်၏[၁]။ ခိုင်မာသည့် ငါတို့၏ အသုဘတင်ယာဉ် သဏ္ဌာန်ရှိသော်လည်း နဂါးနှင့်ငါးပုံများမပါရှိသည့် ဧရာမတလားကြီးတစ်ခု ပြုလုပ်ကြ၏။

'သဂြိုဟ်သောအခါတွင် ဘုရင်နှင့် အခြွေအရံများ၊ အရပ်ဒေသ အသီးသီးမှ လူအများ စုရုံးလာကြပြီး ပန်းနံ့သာများ လှူဒါန်းပူဇော်ကြသည်။ ယင်းကိစ္စပြီးဆုံးသောအခါ ယင်းအသုဘတင်ယာဉ်ကို အဆိုပါ ထင်းပုံကြီးပေါ်သို့ မတင်ကြပြီး ယင်းတစ်ခုလုံးကို သင်းကြိုင်သည့် ဆီမွှေးဖြင့် သွန်းလောင်းပြီးနောက် မီးရှို့လိုက်၏။ မီးတောက်လောင်နေစဉ်တွင် လူတိုင်းသည် ကြည်ညိုလေးစားသော နှလုံးသားဖြင့် ပျံလွန်တော်မူသည့် ရဟန္တာအရှင်မြတ်၏ ကိုယ်ရုံသင်္ကန်းကို ဆွဲခွာကြလျက် လောင်ကျွမ်းမှုကို လွယ်ကူစေရန် အရှင်မြတ်၏ ငှက်မွေးယပ်တောင်နှင့် ထီးများဖြင့် ခပ်လှမ်းလှမ်းမှ မီးပုံအလယ်သို့ ပစ်လွှင့်ကြ၏။ သဂြိုဟ်ခြင်းကိစ္စပြီးဆုံးသောအခါ အရိုး (ဓာတ်တော်)များကို ကောက်ယူသိမ်းဆည်းလျက် ထူပတွင် ထည့်သွင်း (စေတီတည်)ကြ၏။ ရဟန်းတော် ဖာဟီယန်သည် (ထင်ရှားလှသည့် ရဟန္တာအရှင်မြတ်အား အသက်ရှင်စဉ် ဖူးမြော်ရန်) အချိန်မီမရောက်နိုင်ခဲ့ဘဲ အရှင်မြတ်၏ ဈာပန အခမ်းအနားကိုသာလျှင် တွေ့မြင်ခဲ့ရ၏'။

ဖော်ပြပြီး ပွဲတော်များနှင့် အခြားများစွာသော အခမ်းအနားများ ပွဲတော်များသည် လူအများအား ၎င်းတို့၏ ဘာသာတရားဆိုင်ရာ အတွေးအမြင်ကိုသာမက ၎င်းတို့၏ ခံစားချက်နှင့် စိတ် လှုပ်ရှားမှုများကိုပါ ထုတ်ဖော်ရန် အခွင့်အခါကို ဖြစ်ပေါ်စေသည်။ ယင်းပွဲတော်များသည် သာမန်လူအများစုအား ပြစ်မှုကျူးလွန်ခြင်းမှ ကင်းဝေးစေပြီး

[၁] မဟာပရိနိဗ္ဗာနသုတ် (ဒီ ၂၊ ၆၁)တော်တွင် ဖော်ပြသည့်အတိုင်း မြတ်ဗုဒ္ဓရှင် ၏ အလောင်းတော်ကို သဂြိုဟ်သည့် အစီအမံကို လေ့လာနိုင်သည်။ ဗုဒ္ဓ၏ အလောင်းတော်ကို အဝတ်အစားသစ်နှင့် ဝါဂွမ်းတို့ဖြင့် အထပ်ထပ် ရစ်ပတ်ပြီးနောက် ခန္ဓာကိုယ်အား ဆီလောင်းပြီးလျှင် အဖုံးဖြင့် ဖုံးအုပ်ခဲ့သည်။ အနုရာဓပုရသဂြိုဟ်အခမ်းအနားတွင် အလောင်းကို ဆီမလိမ်းကျံချေ။



သို့သော ကြာရှည်စွာ စိုးရိမ်မှုနှင့် စိတ်အားထက် သန်မှုတို့က မည်သို့ပင်ဖြစ်စေ ရှေးခေတ် သီဟိုဠ်လူမျိုးများအနေဖြင့် ဗုဒ္ဓါဘိသေက မင်္ဂလာ ဆင်ယင်ကျင်းပမှုမှာ အလွန်စိတ်ဝင်စားမှုရှိပြီး အရေးပါကြောင်း ဖော်ပြသည်။

## ဆီမီးပူဇော်ခြင်း

ဒီပပူဇာ သို့မဟုတ် ဆီမီးပူဇော်ခြင်းသည် အလွန်ထင်ရှားသော ပွဲတော် တစ်ခုဖြစ်သည်[၁]။ ကျောင်းတိုက်ဝင်းတစ်ခု၏ မြေပေါ်တွင် ပုံမှန်စီတန်း၍ ဆီမီးခွက် ထောင်ပေါင်းများစွာကို ထွန်းညှိခြင်းသည် ကြည်ညိုသူ ဥပါသကာများအား စိတ်လှုပ်ရှားဖွယ် လှပသည့် လှံ့လ ပြုမှုများကို ဖြစ်စေသည်။

ထိုအတူပင် ဘုရားကျောင်းဆောင်များနှင့် စေတီတန်ဆောင်းများပါ ပါဝင်ဖွယ်ရှိသည့် နေရာများကို ပန်းများဖြင့် ဖုံးလွှမ်းလျက် ကျင်းပသည့် အာသနပူဇာဟု ထင်ရှားသည့် အခမ်းအနားတစ်ရပ်လည်း ရှိသည်[၂]။

## ကျောင်းတိုက်၌ ရှိခိုးပူဇော်ခြင်း

ဗုဒ္ဓဝါဒီတစ်ယောက်သည် ကျောင်းတိုက်တစ်ခုသို့ သွားရောက်သောအခါ ရှိခိုးပူဇော်မှုနှင့် ပတ်သက်၍ ဓလေ့ထုံးစံတစ်ချို့ကို လိုက်နာရသည်။ ပထမ စေတီတော်ကို ဖူးမြော်ပူဇော်ရသည်။ အကြောင်းမူ ယင်းတွင် ဗုဒ္ဓရှင်တော်မြတ်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းဖြစ်သည့် ဓာတ်တော်များ ကိန်းဝပ်သောကြောင့်ဖြစ်သည်။ ဗုဒ္ဓဝါဒီ ဥပသကာသည် စေတီတော်အား သုံးကြိမ် လက်ျာရစ် လှည့်လည်ရသည်။ စေတီ

[၁] ဒီပဝံသ ၁၁၊ ၁၁၊ ၁၅။

[၂] မ-ဋ္ဌ ၄၊ ၈၈။ အံ-ဋ္ဌ ၂၊ ၃၇၇။ ယင်း အဋ္ဌကထာများ၌ ထလသန္ထရပူဇာ အမည်ရှိ ပူဇော်ပွဲ တစ်ခုအကြောင်းကိုလည်း ဖော်ပြသေးသည်။ ယင်းသည် စေတီ (ကျောင်းတိုက်) ဝင်းကို ပန်းများဖြင့် ဖြန့်ကျက်ပြီး အခမ်းအနား ကျင်းပခြင်း ဖြစ်နိုင်မည်လား မသိပါ။ မဇ္ဈဘဏ္ဍပူဇာမှာ နောက်ပွဲတော် တစ်ခု ဖြစ်ပြီး ယင်း၏ အသေးစိတ်ကို မသိရချေ (ဒီပဝံသ ၁၉၊ ၁၀)။

တော်မှာ ကြီးလျှင် ရပ်နားပြီး နေရာလေးခုတို့၌ ရှိခိုးဝတ်ပြုရသည်။ စေတီတော်မှာ ငယ်လျှင် ရပ်နားပြီး နေရာရှစ်ခုတို့၌ ရှိခိုးဝတ်ပြုရသည်[၁]။ ရှေးခေတ်က ဥပါသကာများသည် ဝေဒိကာဘူမိ (စောင်းတန်း)များသို့ တက်ရောက်ကြပြီး ပန်းများကို ပူဇော်ကြလျက် အစပိုင်းတွင် တွေ့ရသည့်အတိုင်း စေတီတော်ကို လက်ျာရစ် လှည့်လည်နေစဉ်တွင် ပန်းများကို ပူဇော်ကြသည်[၂]။ စေတီတော်အား ပူဇော်ပြီးနောက် ဗုဒ္ဓဝါဒီသည် ဗောဓိပင်ကို ရှိခိုးဝတ်ပြုသည်[၃]။ ယနေ့ခေတ်တွင် နောက်ထပ် ရှိခိုးပူဇော်ဖွယ်တစ်ခုမှာ ဗုဒ္ဓဆင်းတုတော် ဖြစ်သည်။ သို့ရာတွင် ရှေးဦး ဗုဒ္ဓဘာသာကျမ်းစာများတွင် ဗုဒ္ဓဆင်းတုတော်အား ပူဇော်စရာအရာတစ်ခုအနေဖြင့် အထူးတလည် ဖော်ပြခြင်းမရှိပေ။

စေတီတော်အား သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ သတ်မှတ်ထားရသည်။ ဗုဒ္ဓဘုရားရှင်အား ပေးအပ်သည့် ရိုသေပူဇော်ခြင်း အားလုံးကို စေတီတော်အားလည်း ထပ်တူထပ်မျှ ပေးရသည်။ အကယ်၍ ရဟန်းတော်တစ်ပါးသည် စေတီတော်အား ပူဇော်ဝတ်ပြုရန် မသွားပါလျှင် ယင်းကို ဗုဒ္ဓရှင်တော်ရှင်တော်မြတ်အား ဖူးမြော်ခစားခြင်း မရှိသကဲ့သို့ သတ်မှတ်သည်။ ရဟန်းတော်သည် စေတီတော်တစ်ဆူ၏ မြင်ကွင်းအတွင်း၌ ပခုံးနှစ်ဖက်လုံးကို မဖုံးလွှမ်းရ၊ ဖိနပ်မစီးရ၊ ထီးမဆောင်းရ၊ ရေမချိုးရ၊ သဘာဝ၏ခေါ်သံများကို မဖြေကြားရချေ[၄]။

## ဝါဆိုနှင့် ကထိန်ပွဲ

ရဟန်းတော်များ နေရာတစ်ခုတွင် ဝါဆိုဝါကပ်မှုကို စောင့်သုံးသည့် အကြမ်းဖျင်းအားဖြင့် ဇူလိုင်လမှ အောက်တိုဘာလအထိ မိုးရာသီအချိန်သည် တစ်နိုင်ငံလုံး ဘာသာတရားဆိုင်ရာ စိတ်ဓာတ်ရှိလာသည့်

[၁] သို့ရာတွင် အချို့ အဋ္ဌကထာကျမ်းများ၌ ဥပသကာသည် ရပ်နားပြီး နေရာဆယ့်ခြောက်ခုတို့၌ ပူဇော်ဝတ်ပြုရမည်ဖြစ်ကြောင်း ဖော်ပြသည်။ အသေးစိတ်ကို ဤကျမ်း စာမျက်နှာ ၂၂၇၊ အောက်ခြေမှတ်ချက် ၄ တွင် ရှုပါ။

[၂] ဤကျမ်း၊ စာမျက်နှာ ၂၂၇ ကို ရှုပါ။

[၃] ဒီ-ဋ္ဌ ၁၊ ၁၀၇။ မ-ဋ္ဌ ၁၊ ၂၆၀။ အဘိ-ဋ္ဌ ၂၊ ၃၃၂။

[၄] ဒီ-ဋ္ဌ ၃၊ ၂၁၇။ အဘိ-ဋ္ဌ ၂၊ ၄၈၇။



အချိန်ကာလဖြစ်သည်။ ဤအခန်းအစပိုင်းတွင် တွေ့ရပြီးသည့်အတိုင်း အရိယဝံသပွဲတော်ကဲ့သို့သော ပွဲတော်များကို ဤရာသီတွင် ကျင်းပကြသည်။ ဤရာသီတွင် ရဟန်းတော်များအား ကူညီစောင့်ရှောက်ရန် ပံ့ပိုးမှုပြင်ဆင်မှုများ ရှိကြသည်[၁]။ ကထိန်ပွဲမှာ မိုးရာသီ ဝါဆိုဝါကပ်ပြုခြင်း၏ အောင်မြင်ပြီးမြောက်မှု ဖြစ်သည်။ သုံးလကုန်ဆုံးချိန်တွင် ကထိန်ဟု အမည်ရသည့် အထူးသင်္ကန်းကို ဝါဆိုဝါကပ်သည့် ကျောင်းတိုက်မှ ရဟန်းတော်များအား လှူဒါန်းကြသည်။ ယင်းလှူဒါန်း ခြင်းကို အထူးကုသိုလ် ရသည်ဟု ယူဆကြသည်။ ဒလ္လမောဂ္ဂလာနမင်း (တတိယ မောဂ္ဂလ္လာနမင်း)သည် သီဟိုဠ်တစ်ကျွန်းလုံးရှိ ဘုန်းကြီးကျောင်းတိုက်များတွင် သီတင်းသုံးကြသည့် ရဟန်းတော်များအား ကထိန်သင်္ကန်း လှူဒါန်းကြောင်း သိရသည်[၂]။ ယနေ့တိုင်အောင်ပင် ကထိန်သင်္ကန်းလှူအခမ်းအနားမှာ သီဟိုဠ်ဗုဒ္ဓဘာသာဝင်များ၏ ဘာသာရေးဘဝတွင် အထူး အချိန်အခါတစ်ရပ်ဖြစ်သည်[၃]။

## အသုဘအခမ်းအနား

ဖာဟီယန်[၄]သည် အေဒီငါးရာစု သီဟိုဠ်ရဟန်းတော်များ ဆောင်ရွက်ရသည့် အသုဘဆိုင်ရာ အခမ်းအနားများနှင့် ပတ်သက်၍ အဖိုးတန်သတင်းအချက်အလက်များကို ပေးထားသည်။ ယင်းဖော်ပြချက်မှာ ထိုအချိန်က ရဟန္တာအဖြစ် သတ်မှတ်ခံရသည့် ရဟန်းတော်တစ်ပါးအား သင်္ဂြိုဟ်သည့် အခမ်းအနားအကြောင်းကို ရည်ညွှန်းထားသည်။

'ကျောင်းတိုက်၏ အရှေ့ဖက် လေးငါးလီ ခန့်အကွာတွင် အလံလေးဆယ် စတုရန်းကျယ်ထက်ပင် ကျယ်ဝန်းနိုင်ပြီး အမြင့်ယင်းပမာဏရှိသည့် ဧရာမ သစ်သား ထင်းမီးပုံကြီးတစ်ခုကို ပုံထား၏။ ထင်းမီးပုံ ထိပ်အနီးတွင် စန္ဒကူး၊ ကရမက် (aole)နှင့် အခြား အမွှေးနံ့သာ သစ်သားမျိုးများကို တင်ထား၏။

[၁] ဒီပဝံသ ၁၉၊ ၂၅။ [၂] မဟာဝံသ ၄၄၊ ၄၈။

[၃] ဝါဆိုခြင်းနှင့် ကထိန်အကြောင်းနှင့် ပတ်သက်၍ အသေးစိတ်ကို ဝိနည်းမဟာဝါပါဠိတော် စာမျက်နှာ ၁၆၃၊ ၃၀၄ တို့တွင် ရှုပါ။

[၄] Fa Hien, P. 107-108.

ဒီဃနိကာယ်လာ သိင်္ဂါလသုတ်တော်[၁]တွင် လူဥပါသကာများအား အသိပညာပေးခြင်းနှင့် လမ်းညွှန်ပေးခြင်းတို့မှာ ရဟန်းသံဃာတော်များ ဆောင်ရွက်ရမည့် တာဝန်တစ်ခုဖြစ်ကြောင်း ဖော်ပြသည်။ သီဟိုဠ်ရဟန်းတော်များသည် နိုင်ငံတော်တစ်ခုလုံး၏ ပညာရေးကို မိမိတို့၏ လက်တွင် ရယူလျက် ယင်းတာဝန်ကို ဆောင်ရွက်ကြသည်။ တိုင်းပြည်အုပ်ချုပ်သူများနှင့် ခေါင်းဆောင်များရော တိုင်းသူပြည်သားများကိုပါ ရဟန်းတော်များက ပညာသင်ကြားပေးပြီး လေ့ကျင့်ပြုစုပျိုးထောင်ပေးကြသည်[၂]။

ယနေ့အခေါ်အဝေါ်အရ ပညာရှိတစ်ယောက်ဟူသည်ကို စာဖတ်များသူအဖြစ် ရည်ညွှန်းကြသည်။ အကြောင်းမူ အသိပညာဟူသည်ကို စာဖတ်ခြင်းဖြင့်သာလျှင် အဓိကအားဖြင့် ရရှိနိုင်သောကြောင့် ဖြစ်သည်။ သို့တစေ ရှေးခေတ်တွင် ပညာရှိပုဂ္ဂိုလ်ဟူသည်ကို ဗဟုသုတများစွာ ကြားနာပြီးသူတစ်ယောက်ဟု ရည်ညွှန်းကြသည်။ အကြောင်းမူ ထိုအချိန်က အသိပညာကို အဓိကအားဖြင့် ကြားနာမှတ်သားခြင်းဖြင့်သာလျှင် ရရှိကြသောကြောင့်ဖြစ်သည်။ ဗုဒ္ဓလက်ထက်တော်အခါက အိန္ဒိယတွင် ကျမ်းစာအုပ်များ မရှိသေးဟု ယုံကြည်ရသည်[၃]။

ဘီစီပထမရာစု ရောက်မှသာ ပါဠိဘာသာ ပိဋကတ်သုံးပုံကို ပေပေါ်တွင် အက္ခရာတင်၍ ရေးသားခဲ့သော်လည်း ဘီစီသုံးရာစု ဗုဒ္ဓဝါဒ သီဟိုဠ်သို့ စတင်ရောက်ရှိပြီးနောက် များမကြာမီ အချိန်ကပင် သီဟိုဠ်ဘာသာဖြင့် ပိဋကတ်သုံးပုံ အဖွင့်ကျမ်းစာအုပ်များ သီဟိုဠ်တွင် အသုံးပြုနေကြပြီး ဖြစ်ပုံရသည်။

---

[၁] ဒီ ၃၊ ၁၄၆။

[၂] သိရိသယ်ဗောဓိ (အေဒီ ၃၀၇-၃၀၉)၊ ဇေဋ္ဌတိဿနှင့် မဟာသေနမင်း ညီအစ်ကို (အေဒီ ၄၀၆-၄၇၈၉)၊ အဂ္ဂမ အဂ္ဂဗောဓိ (အေဒီ ၈၀၁-၈၁၂)ကဲ့သို့သော ဘုရင်မင်းများနှင့် နှောင်းခေတ် ဘုရင်မင်းများစွာတို့သည် ရဟန်းတော်များထံမှ ပညာသင်ယူရခြင်းအတွက် ထင်ရှားကြသည်။ ရှေးဟောင်း ရာဇဝင်ကျမ်းများ၌ သာမန်လူတို့အား ပညာသင်ကြားရေးအကြောင်းများအကြောင်း တိုက်ရိုက် ရည်ညွှန်းမှုများကို မမျှော်လင့်နိုင်ချေ။ အကြောင်းမူ ယင်းသို့သော ကိစ္စများကို မှတ်တမ်းတင်လေ့မရှိသောကြောင့်ဖြစ်သည်။

[၃] Rhys Davids ၏ *Buddhist India,* p. 107ကိုရှုပါ။



ကောင်းမွန်သည့် လူမှုရေး တန်းတူညီမျှမှုကို ထိန်းသိမ်းရန် လိုအပ်မှုတစ်ရပ်အဖြစ်ဖြင့်ပင် ယူဆနိုင်သည်။

00000000

# အခန်း ၁၇

## ပညာရေး

'ဗုဒ္ဓဝါဒပညာသင်ကြားပုံ နည်းစနစ်ဆိုင်ရာ သမိုင်းသည် အဓိကအားဖြင့် သံဃာ့အဖွဲ့အစည်း၏ သမိုင်းစဉ်ပင်ဖြစ်သည်။ ဝေဒယဉ်ကျေးမှုသည် တိရိစ္ဆာန်ယဇ်ပူဇော်မှုတွင် အခြေခံသကဲ့သို့ ဗုဒ္ဓဝါဒဆိုင်ရာ ပညာရေးနှင့် သင်ကြားရေးသည် ဘုန်းကြီးကျောင်းတိုက်ကြီးများ၌ အခြေပြုကြသည်။ ဗုဒ္ဓဘာသာလောကသည် ဘုန်းကြီးကျောင်းတိုက်များများမှတစ်ပါး သို့မဟုတ် အမှီအခိုမပြုဘဲ မည်သည့်ပညာရေးအခွင့်အလမ်းများကိုမှ ပေးအပ်ခြင်းမရှိချေ။ လောကီ လောကုတ္တရာ ပညာရေးအားလုံးသည် ရဟန်းတော်များ၏ လက်တွင်ရှိသည်။ ရဟန်းတော်များသည် စာပေသင်ကြားခြင်းကို ချုပ်ကိုင်ထားပြီး ယင်းအတွက် အချိန်ပိုများရှိကြသည်။ ရဟန်းတော်များသည်သာလျှင် ဗုဒ္ဓယဉ်ကျေးမှုကို ထိန်းသိမ်းသူနှင့် သယ်ဆောင်သူများဖြစ်ကြသည်'။

ရှေးခေတ် အိန္ဒိယ ဗုဒ္ဓဘာသာ ပညာသင်ကြားရေးအကြောင်းကို ရည်ညွှန်းထားသည့် ရာဓကုမုဒမူကာဂျီ၏ ယင်းဖော်ပြချက်အား ရှေးခေတ်သီဟိုဠ် ပညာရေးနှင့် ကိုက်ညီစွာ ထပ်တူပြုနိုင်သည်။

ရှေးအခန်းများတွင် ရဟန်းတော်များသည် နိုင်ငံ၏ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာများ လှုပ်ရှားမှုများတွင် တက်ကြွစွာ စိတ်ဝင်စားမှုရှိလာခဲ့ပုံနှင့် လောကီရေး လောကုတ္တရာပါ ပညာသင်ကြားရေးစနစ်တစ်ခုလုံး သံဃာတော်များ၏ လက်တွင်ရှိလာပုံ အကြောင်းကို တွေ့ခဲ့ ရပြီးဖြစ်သည်။

---

[၁] ရာဓ ကုမုဒ မူကာဂျီ (Radha Kumud Mookerji) *Ancient Indian Education* p. 394.

ရဟန်းတော်တစ်ပါး အကြောင်းကို မှတ်တမ်းတင်ထားသည်။ ဥပါသကာ ပုနဗ္ဗသု၏ သားဖြစ်သူ တိဿအမည်ရှိ ထိုရဟန်းတော်သည် သီဟိုဠ်တွင် ပညာသင်ပြီးနောက် ထင်ရှားကျော်ကြားသည့် ယောနက မဟာဓမ္မရက္ခိတ မထေရ်ထံ နောက်ထပ် ပညာသင်ကြားရန် အိန္ဒိယသို့ ကြွရောက်ခဲ့သည်။ အိန္ဒိယ၌ ပညာသင်ကြားမှု ပြီးဆုံးနောက် သီဟိုဠ်သို့ အပြန်တွင် သင်္ဘောပေါ်သို့ တက်ခါနီးတွင် အကြောင်းအရာ တစ်ခုနှင့် ပတ်သက်၍ စိတ်ထဲတွင် သံသယဝင်လာသည်။ အရှင်တိဿသည် ချက်ခြင်းပင် ခရီးစဉ်ကို ပြန်ရွှေ့လိုက်ပြီး ယူဇနာ တစ်ရာတွင် ရှိသည့် ဆရာဓမ္မရက္ခိတမထေရ်ထံ နောက်တစ်ခေါက် ပြန်သွားပြီး မိမိ၏သံသယကို ရှင်းအောင် လုပ်ခဲ့သည်[၁]။

ပညာသင်ကြားမှု၏ ရည်ရွယ်ချက်မှာ ကိုယ်ကျင့်တရားနှင့် စိတ်ပိုင်းဘဝ အကျင့်စာရိတ္တတိုးတက်ရေး ဖြစ်သည်။ ယင်းရည်ရွယ်ချက် မပါသည့် စာပေသင်ကြားမှုသည် အကျိုးမရှိဟု ယူဆသည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ယောက်သည် ရုပ်ပိုင်းဘဝ အကျိုးအမြတ် ရရှိရေး အတွက် ရည်ရွယ်ချက်ဖြင့် ဘာသာတရားကို လေ့လာပြီး ကိုယ်ကျင့်တရားနှင့် စိတ်ပိုင်းဘဝ အကျင့်စာရိတ္တ တိုးတက်မှုအတွက် ရည်ရွယ်ချက်မပါလျှင် စာပေသင်ကြားပြီး အချိန်ဖြုန်းနေခြင်းထက် အိပ်နေခြင်းက ပိုကောင်းသည်ဟု ယူဆသည်[၂]။

ဆရာအရှင်များသည် မိမိတို့၏ တပည့်များစိတ်တွင် ယင်းအတွေးအခေါ်မျိုးကို စိုးရိမ်တကြီးပြု၍ အမြဲတမ်း ညွှန်ပြလေ့ရှိကြသည်။ ဆရာတစ်ယောက်၏ တာဝန်မှာ စာပေ သင်ကြားပေးရန်သာမက မိမိတပည့်၏ သီလနှင့်စိတ်ပိုင်းဘဝ ကောင်းမွန်မှုအတွက် စောင့်ရှောက်ပေးရန်လည်းဖြစ်သည်။ သို့ဖြင့် ကာလဒီဃဝါပိဒ္ဓါရ ဝိဟာရကျောင်းတိုက် နာယကမထေရ် (အထက်တွင် ဖော်ပြပြီး) သည် စာသင်သားထံမှ ရွာတွင်းသို့ မသွားပါဟူသော ကတိကိုမရမချင်း မိမိ၏ စာသင်

[၁] ယင်းဖြစ်ရပ်သည်လည်း အဆိုပါ စာသင်သားများသည် မိမိတို့ စာပေသင်ကြားမှုတွင် အဘယ်မျှ ရိုးသား၊ ဖြူစင်ပြီး အပင်ပန်းခံခဲ့ကြကြောင်း ထင်ရှားသည့် စံနမူနာတစ်ရပ် ဖြစ်သည်။

[၂] မ-ဌ ၂၊ ၁၃။



ပေရွက်များ[၁]ပေါ်တွင် လက်ဖြင့် ရေးထားခြင်းဖြစ်ဖွယ် အများဆုံးရှိသဖြင့် ယင်းကျမ်းစာအုပ်များမှာ ယနေ့ခေတ် ပုံနှိပ်စာအုပ်များကဲ့သို့ ရှားပါးပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုခဲ့နိုင်ချေ။ သို့ဖြစ်၍ ကျမ်းစာအုပ်များတွင် တည်ရှိခြင်းအစား အသိပညာကို နားမှတစ်ဆင့် အဓိက ရရှိကြခြင်းဖြစ်သဖြင့် ထိုခေတ်အချိန်များက ပညာရှိပုဂ္ဂိုလ်အား ဗဟုသုတဟူသော ရှေးဝေါဟာရဖြင့် အသုံးပြုခြင်းဖြစ်သည်။ တပည့်သည် ဆရာက နှုတ်ဖြင့် သင်ကြားပို့ချပေးသည်ကို နာယူပြီး နှုတ်တက်အာဂုံဆောင်ရသည်။ ယင်းဆရာဖြစ်သူကိုယ်တိုင်လည်း မိမိဆရာထံမှ အာဂုံနှုတ်ရ ဆောင်ယူခဲ့သူဖြစ်သည်။

မှတ်ဉာဏ်သည် ရှေးခေတ် ပညာသင်ကြားရေးစနစ်တွင် ယနေ့ခေတ်ထက် ပိုမိုအရေးပါသည် ကဏ္ဍတွင် ရှိခဲ့သည်။ ပါဠိတော်ကျမ်းများ၌ ယနေ့ခေတ် စာဖတ်သူအား ငြီးငွေ့စေသည့် ထပ်ခါထပ်ခါ ပြန်ဆိုခြင်းများသည် ရှည်လျားသော ပါဠိတော်များကို အာဂုံနှုတ်တက်ဆောင်ကြရသည့် ရှေးခေတ် စာသင်သားများအား လွယ်ကူစေသည်။ ပညာရှင်မထေရ်ကြီးများမှာ ၎င်းတို့၏ မှတ်ဉာဏ်ကောင်းမှုအတွက် ထင်ရှားကြသည်။ မဇ္ဈိမနိကာယ်၌ အထူးကျွမ်းကျင်တော်မူသည့် မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်သည် နှစ်ရှည်ကမ္မဋ္ဌာန်းတရား အားထုတ်ရန်အတွက် ၁၉ နှစ်တိုင်တိုင် ပိဋကတ်လေ့လာမှုကို လျစ်လျူရှုထားခဲ့သော်လည်း ထိုမျှရှည်လျားသည့် ဝိပဿနာစုရကာလ အပြီးတွင် အမှားအယွင်း အကျအပေါက်လုံးဝမရှိဘဲ နိကာယ်တစ်ခုလုံးကို အာဂုံရွတ်ဆိုနိုင်ပြီး ပို့ချပေးနိုင်သည်။ ကာရလိယဂိရိကျောင်းတိုက်နေ အရှင်နာမမထေရ်သည် ၁၈ နှစ်တိုင်တိုင် စာပေပို့ချမှုကို စွန့်လွှတ်ထား

[၁] သီဟိုဠ်ဘာသာဖြင့် ပုဆကောလ (Pusko!a)ဟုခေါ်သည့် ပေရွက်သည် ပြုပြင်ပြီး ရေးသားရန် အဆင်သင့်ဖြစ်သောအခါ ယင်းသည် အလွန်ရှေးကျသည့် အချိန်များ၌ ကျမ်းစာအုပ်များကို ရေးသားရန် အကောင်းဆုံးသော ကုန်ပစ္စည်းဖြစ်သည်။ ယင်းအရွက်ကိုရရှိသည့် ပေ သို့မဟုတ် ထန်း (တာလ)ပင်အား အနည်းဆုံး အေဒီ ၁၀ ရာစုအချိန်က ယင်း (ပေ) ပင်သည် စာပေ သင်ကြားမှုနှင့် စာပေပြန့်ပွားရန် မရှိမဖြစ် လိုအပ်သောကြောင့် ယင်းအပင်ကို ခုတ်လှဲခြင်းကို တားမြစ်ထားသည်အထိ တန်ဖိုးထားသော သစ်ပင်အဖြစ် ယူဆခံရသည် (E.Z. I, p. 87 or 93; p. 185 or 187 line 28)။

ခဲ့သော်လည်း ဓာတုကထာကျမ်းကို လုံးဝအမှားအယွင်းမရှိဘဲ ပို့ချနိုင်သည်။ ရောဟဏအရပ် တုလာဓာရပဗ္ဗတတောင်နေ အရှင်ဓမ္မရက္ခိတမထေရ်သည် နှစ်ပေါင်း ၃၀ ကြာ အချို့သော ပါဠိတော်များကို မပို့မချဘဲ ပြတ်တောက်နေခဲ့သော်လည်း ပိဋကတ်သုံးပုံလုံးကို ဆုတ်ဆိုင်းခြင်းမရှိဘဲ သင်ကြားပေးနိုင်သည်[၁]။

ဒီဃနိကာယ်အဋ္ဌကထာ၌ မထေရ်နှစ်ပါးအကြောင်းကို မှတ်တမ်းတင်ထားသည်။ မဟာဂတိမ္ဗ အဘယမထေရ်သည် ငါးရက်သား အရွယ်နှင့် ဒီဃဘာဏက အဘယမထေရ်သည် ကိုးရက်သားအရွယ်၌ ဘဝတွင် ကြုံတွေ့ခဲ့ရသည့် ရှောင်တခင်ဖြစ်ရပ်အချို့ကို အမှတ်ရနေသေးကြောင်းဆိုသည်။ တိပိဋကစူဠာဘယမထေရ်သည် အနုရာဓပုရမြို့သားအားလုံး၏ အမည်များကို မှတ်မိသည့်ပြင် ၎င်းတို့အနေဖြင့် မထေရ်မြတ်ထံ နောက်ထပ် တစ်ကြိမ်ရောက်ရှိပါက မှတ်မိသည်[၂]။

ယနေ့ခေတ် စာဖတ်သူတစ်ယောက်အဖို့ အံ့သြဖွယ်ရှိသည့် ယင်းသို့သော ထူးခြားစွာ မှတ်ဉာဏ်ကောင်းမှုကို ပညာနှင့် စင်ကြယ် ကျန်းမာသည့် စိတ်အခြေအနေ၏ သင်္ကေတအဖြစ် ယူဆနိုင်သည်။ မက်ခ်စ် မူလာ (Max Muller)ပုဂ္ဂိုလ်က ‘အိန္ဒိယ နှုတ်ငုံဆောင် ပညာသင်ကြားမှုသည် ကျွန်ုပ်တို့၏ တက္ကသိုလ်များနှင့် ခြားနားသကဲ့သို့ ကျွန်ုပ်တို့နှင့် အလွန်ခြားနားသည့် လူ့အဖွဲ့အစည်းအခြေအနေ တစ်ရပ်ရှိ မှတ်ဉာဏ်စွမ်းရည်နှင့် ပတ်သက်သည့် အတွေးအမြင်ကို မဖော်ပြနိုင်ပါ။ ကျွန်ုပ်တို့ မကြာခဏတွေ့ရသည့် ထူးခြားသည့် မှတ်ဉာဏ်ရှိသူများက ယင်းက္ကန္ဒြေကန့်သတ်ချက်နှင့် ပတ်သက်သည့် ကျွန်ုပ်တို့၏ မှတ်သားချက်များမှာ အတော်အတန် တစ်ဖက်သတ်ဆန်၏။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်မှတ်ဉာဏ်မှာ မျိုးဆက်ပေါင်းများစွာ စနစ်တကျ ဖျက်ဆီးထားပြီးဖြစ်၏။ အခြားဘာကိုမျှ မပြောဘဲ နံနက်တိုင်း တိုင်းမ်စ်သတင်းစာ တစ်မျက်နှာ အကျန်းမာဆုံးသော မှတ်ဉာဏ်ကို ဖျက်ဆီးပြီး အားနည်းသွားစေနိုင်၏’[၃]ဟု ဆိုသည်။ နိကာယ်တစ်ခုလုံးကို နှုတ်

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၉၂။
[၂] ဒီ-ဋ္ဌ ၂၊ ၁၂၀။
[၃] Mookerji ၏ *Ancient Indian Education*, p. 212 တွင် ကိုးကားချက်ကို ဖော်ပြသည်။



ငုံဆောင်နိုင်သည့် ရဟန်းတော်အရေအတွက်သည် ထိုနေ့အချိန်က နှုတ်ငုံဆောင်ခြင်းမှာ ထင်ရှားသောအရာ ဖြစ်ကြောင်း ဖော်ပြသည်[၁]။ သို့တစေ ‘အာဂုံနှုတ်လွတ်ဆောင်မှု လွှမ်းမိုးသည့် ကာလတွင် နားလည်မှုစွမ်းရည် ကျဆင်းသွားသည်’ဟု ထင်မြင်ရန် မလိုချေ။

ပညာသင်ကြားရေးကို မှတ်ဉာဏ် သို့မဟုတ် အာဂုံနှုတ်လွတ်ဆောင်ခြင်း၊ အကြားအနာများခြင်းဖြင့် အဓိက ဖြန့်ဖြူးပေးသော်လည်း ကျမ်းစာဖြင့် ရေးသားမှုများကို လုံးဝအသုံးမပြုခဲ့ဟု ကောက်ချက်ဆွဲပါက မှန်ကန်မည် မဟုတ်ချေ။ ကျမ်းစာအုပ်များကို အမှန်ပင် အသုံးပြုခဲ့သော်လည်း အသုံးမများသေးခြင်းသာဖြစ်သည်။ စာသင်သားတိုင်း ပါဠိတော် ဖတ်စာအုပ်ကို ပိုင်ဆိုင်ရန် မဖြစ်နိုင်ချေ။ ပေစာမူတစ်ခုကို ပြုလုပ်ရန်မှာ အလွန်ပင် ပင်ပန်းသည်။ အဖြစ်ဆုံးမှာ ပေစာမူတော်များကို ပင်မကျောင်းတိုက်ကြီးများ၌ ရည်ညွှန်းကျမ်းများအဖြစ်သာ ရရှိ နိုင်ဖွယ်ရှိသည်။ တစ်ခါတစ်ရံတွင် ကျမ်းစာအုပ်များကို ဖတ်ရှုရန် ရည်ညွှန်းဖော်ပြချက်များကို တွေ့ရသည်။ သမန္တပါသာဒိကာ အဋ္ဌကထာ၌ ဖော်ပြချက်တစ်ခုအရ ဆီမီးတိုင် အလင်းရောင်ဖြင့် ညအခါ၌လည်း ကျမ်းစာများကို ဖတ်ရှုကြကြောင်း တွေ့ရသည်[၂]။ မဟာဝံသကျမ်း၌ အေဒီ ငါးရာစုတွင် ဓာတုသေနမင်းသားငယ်သည် သစ်ပင်တစ်ပင် အောက်၌ ကျမ်းစာအုပ်တစ်ခုကို လေ့လာဖတ်ရှုနေကြောင်း ဖော်ပြသည်[၃]။

ကျမ်းစာအုပ်များ ရရှိရန် ခက်ခဲခြင်းနှင့် ဆက်သွယ်ရေး နည်းလမ်းများ မရှိခြင်းများကြောင့် စာသင်သားများမှာ အလွန်ခက်ခဲကြသည်။ ဝိဘင်္ဂအဋ္ဌကထာ[၄] ၌ မိမိဆရာအရှင်ထံမှ မှတ်ချက်တစ်ခုကို ရရှိရန် ယူဇနာတစ်ရာ ဝေးသည့်အထိ ခရီးသွားခဲ့သည့် စာသင်သား

[၁] တစ်သက်လုံး အာဂုံနှုတ်ရဆောင်ရန် ဘဝကို အဓိက မြှုပ်နှံထားသူတစ်ယောက်အဖို့ စာမျက်နှာ ၅၀၀ မှ ၁၀၀၀ အထိခန့်ကို အာဂုံဆောင်ထားခြင်းကိစ္စမှာ အလွန် ခက်သောအရာမဟုတ်ချေ။ ထိုပါဠိတော်များ၌ ရှည်လျားလှသည့် ထပ်ခါထပ်ခါ ပြန်ဆိုမှု အများအပြား ပါရှိသည်ကို မမေ့သင့်ချေ။
[၂] ဝိ-ဋ္ဌ ၂၊ ၂၇၄။
[၃] မဟာဝံသ ၃၈၊ ၁၆-၁၈။
[၄] အဘိ-ဋ္ဌ ၂၊ ၃၇၂။

ဆင်းသက်သည်။ ပုံစံအားဖြင့် ဒုဋ္ဌဂါမဏိ၏ စစ်သူကြီး ဆယ်ယောက်ထဲမှ တစ်ယောက်၏ သားဖြစ်သူ ဖုဿဒေဝအား ဖခင် ဖြစ်သူကိုယ်တိုင် လေးအတတ်ကို လေ့ကျင့်ပေးသည်။ ယင်းအတတ် ပညာသည် ၎င်းတို့၏ မိသားစုမှ ဆင်းသက်ခဲ့ပညာ (ဝံသာဂတံ) ဖြစ်ကြောင်း သိရသည်[၁]။

နိုင်ငံတော်အတွင်းရှိ ကျောင်းတိုက်တိုင်းသည် အခမဲ့ကျောင်း၏ ရည်ရွယ်ချက်ဖြင့် ပညာသင်ကြားပေးနေစဉ်တွင် အဆင့်မြင့်သင်ကြားမှုနှင့် အထူးပြုအသိပညာများအတွက် တက္ကသိုလ်အဆင့်ကို ရယူထားသည့် သင်ကြားမှုဆိုင်ရာ ဌာနများရှိကြသည်။ ယင်းတို့အနက် အဓိကမှာ အနုရာဓပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်ဖြစ်သည်။ သို့ရာတွင် အချို့သော အထူးပြုအသိပညာများအတွက် မဟာဝိဟာရကျောင်းတိုက်ထက်ပင် ထင်ရှားသည့် အခြားအနည်းငယ်သော သင်ကြားရေးဌာနများလည်း ရှိသည်။ ရောဟဏအရပ်တွင် ယင်းသို့သော သင်ကြားရေးဌာန များစွာရှိသည်။

မဟာဝိဟာရကျောင်းတိုက်မှ အထက်တန်းပညာ ရရှိပြီးသည့် ရဟန်းတော်များပင် အထူးပြုသင်ကြားမှုအတွက် ထိုအရပ်ဒေသများသို့ သွားရောက်ကြသည်။ ပုံစံအားဖြင့် မဟာဝိဟာရကျောင်းတိုက်မှ တိပိဋကစူဠာဘယမထေရ်သည် ပိဋကတ်သုံးပုံတွင် ကျွမ်းကျင်သော်လည်း အဋ္ဌကထာကျမ်းများကို မလေ့လာရသေးချေ။ အဋ္ဌကထာကျမ်းများ၌ ကောင်းစွာ သင်ကြားလေ့ကျင့်မှု မရှိဘဲ ပညာရေးမပြည့်စုံသေးသဖြင့် ရောဟဏအရပ်ရှိ တုလာဓာရပဗ္ဗတကျောင်းတိုက်ရှိ သင်ကြားပေးမှုအားလုံးကို ကျွမ်းကျင်သည့် ဓမ္မရက္ခိတအမည်ရှိ နာမည်ကျော်ပါမောက္ခမထေရ်ကြီးထံ ဆက်လက် လေ့လာရန် ၎င်း (တိပိဋကစူဠာဘယမထေရ်)၏ ဆရာများက စေလွှတ်ကြသည်[၂]။

မဟာဂါမအရပ်ရှိ တိဿမဟာဝိဟာရကျောင်းတိုက်မှာ ရောဟဏအရပ်ရှိ နောက်ထပ် ထင်ရှားသည့် ပညာသင်ကြားသည့် ဌာနဖြစ်သည်။ ဖော်ပြပါ ကျောင်းတိုက်မှ မဟာသီဝမထေရ်သည် များစွာ

---

[၁] မဟာဝံသ ၂၈၊ ၈၅။
[၂] ဝိသုဒ္ဓိ ၁၊ ၉၁။



သား တပည့်အဖြစ် လက်မခံခြင်း ဖြစ်သည်။ ဆရာသည် စာသင်သားရဟန်းပျိုအား စာသင်ချိန်အတွင်း လွတ်လပ်စွာ သွားလာခွင့်ကို ပေးခဲ့လျှင် ဖျားယောင်းမှု၏ သားကောင်ဖြစ်သွားမည်ကို စိုးရွံ့သည်[၁]။ ကျော်ကြားထင်ရှားသည့် ကာလဗုဒ္ဓရက္ခိတမထေရ်သည် ပညာသင်ကြားမှုကိစ္စ ပြီးဆုံးပြီးနောက် မိမိသီတင်းသုံးသည့် ကျောင်းတိုက်ကို ပြန်လာရောက်သောအခါ အရှင်မြတ်၏ ဥပဇ္ဈာယ်ဆရာသည် ပညာသင်ကြားမှုသည် မလုံလောက်သေးဘဲ ကမ္မဋ္ဌာန်းဘာဝနာ ပွားများပြီး စိတ်ပိုင်းဘဝ ရင့်ကျင့်မှုကို ရရှိရန် ကြိုးစားသင့်ကြောင်း မိန့်တော်မူသည်။ ထိုမိန့်ကြားချက်အရ ကာလဗုဒ္ဓရက္ခိတမထေရ်သည် ကမ္မဋ္ဌာန်းပွားများသဖြင့် ရဟန္တာအဖြစ်ကို ရရှိသွားသည်[၂]။

ကိုယ်ကျင့်ပျက်သည့် ပညာရေးမှာ သီလနှင့်စပ်၍ မေးစရာရှိသော ဆရာထံမှ မည်သူမျှ ပညာမသင်ယူလိုလောက်အောင်ပင် ဂုဏ်သိန်ငယ်မှုရှိသည်။ မစင်ကြယ်သော ရဟန်းဘဝဖြင့် နေထိုင်သည့် ရဟန်းတစ်ပါးထံမှ မဟာနိဒ္ဒေသပါဠိတော်ကို သင်ယူရန် မဟာရက္ခိတတိဿမထေရ်အား ခက်ခဲစွာ တောင်းပန်ခဲ့ရသည်။ မဟာရက္ခိတထေရ်သည် အလိုမရှိသော်လည်း ယင်း သီလမစင်ကြယ်သည့် ရဟန်းသည် သီဟိုဠ်တွင် မဟာနိဒ္ဒေသပါဠိတော်ကို အာဂုံဆောင်သည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် သင်ယူရန် သဘောတူခဲ့သည်[၃]။ အကယ်၍ မဟာရက္ခိတ မထေရ်သည် ယင်းပါဠိတော်ကို မသင်ယူခဲ့လျှင် ယင်းရဟန်းယုတ် ပျံလွန်သည်နှင့် ယင်းပါဠိတော် ပျောက်ဆုံးသွားလိမ့်မည် ဖြစ်သည်။

ပညာသင်ကြားမှုသည် ရဟန်းတော်များ၏ လက်တွင်ရှိသောကြောင့် ယင်းပညာရေးသည် အခြေခံအားဖြင့် ဘာသာရေးနှင့် ပတ်သက်နေမည်မှာ သဘာဝပင်ဖြစ်သည်။ ဘာသာရေးစာပေတွင် မတတ်ကျွမ်းသူအား ယဉ်ကျေးသည်ဟု မယူဆပေ။ ဝိနည်းနှင့် သုတ္တန် အပါ

---

[၁] မ-ဋ္ဌ ၂၊ ၅၀။ ဤကျမ်း၊ စာမျက်နှာ ၃၃၈ ကိုရှုပါ။
[၂] မ-ဋ္ဌ ၂၊ ၁၉၄။
[၃] ယင်းသည် ဗြာဟ္မဏတိဿ သူပုန်ဘေး ကျရောက်စဉ်အတွင်း ဖြစ်သည်။ ဝိ-ဋ္ဌ ၂၊ ၂၇၄ ကို ရှုပါ။

အဝင် ဗုဒ္ဓဝါဒရေးရာဗဟုသုတ များစွာ ကြွယ်ဝမှုသည် ရဟန်းဖြစ်စေ လူဖြစ်စေ လိမ္မာယဉ်ကျေးသူ တစ်ယောက်အဖို့ အဓိကအရေးပါသည်။ အစိုးရအဆင့်မြင့် အရာရှိများသည် ပုံမှန်အားဖြင့် ဗုဒ္ဓဝါဒ အကြောင်း နားလည်ကျွမ်းကျင်ကြသည်။ သို့ဖြစ်၍ ရဟန်းသံဃာအငြင်းပွားမှုမှာရော တရားဓမ္မရေးရာ အငြင်းပွားမှုများကိုပါ ငြိမ်းအေးစေရန် ဆောင်ရွက်ပေးနိုင်လောက်အောင် ပိဋကတ်ပညာ တတ်ကျွမ်းကြသည့် ဝန်ကြီးများစွာကို တွေ့ခဲ့ကြပြီးဖြစ်သည်[၁]။ အာဘိဓမ္မိက ဂေါဒတ္တမထေရ်၏ သီဟိုဠ်နိုင်ငံ တရားသူကြီးချုပ် ရာထူးမြင့်တင်ပေးခံရလောက်အောင် အရည်အချင်းပြည့်ဝမှုမှာ ဗုဒ္ဓဝါဒသဿနှင့် ဝိနည်းဥပဒေတွင် အလွန် တတ်ကျွမ်းမှုကြောင့်ဖြစ်သည်။

တွေးခေါ်ရှင်တစ်ယောက်အဖြစ် လေးစားခံရသည့် အခြေအနေသို့ ပုဂ္ဂိုလ်တစ်ယောက်အား မြှင့်တင်ပေးသည့် အဘိဓမ္မာ၌ ကျွမ်းကျင်မှုသည် လူတိုင်းလိုလားတောင့်တသော ခက်ခဲသည့် အောင်မြင်မှုဖြစ်သည်။ သို့ဖြစ်၍ တတိယ ဇေဋ္ဌတိဿမင်းက ၎င်း၏မိဖုရားအား သီလရှင်ဝတ်ပြီး အဘိဓမ္မာကို သင်ကြားရန် တောင်းပန်သည်မှာ ထိုအကြောင်းကြောင့် ဖြစ်ဖွယ်ရှိသည်[၂]။ ဒုတိယကဿပ (အေဒီ ၆၄၁-၆၅၀)နှင့် ဒုတိယ မဟိန္ဒ (အေဒီ ၇၇၂-၇၉၂)ကဲ့သို့သော မင်းများသည် အဘိဓမ္မဗဟုသုတကို ပြန့်ပွားစေရန် အထူး ကြိုးပမ်းမှုများပြုခဲ့ကြကြောင်း သိရသည်[၃]။ ဗုဒ္ဓသာသနာတော် ကွယ်ပသောအခါ အခြားသော ပိဋကနှစ်ခု မကွယ်မီကပင် အဘိဓမ္မာပိဋကကွယ်ပမည်ဟု ဖော်ပြခံရအောင်ပင် အဘိဓမ္မာပိဋကအား နက်ရှိုင်းလေးနက်သည်ဟု ယူဆကြသည်[၄]။ အဘိဓမ္မပိဋကသင်ကြားပေးသူများသည် အခြားပိဋကနှစ်ခုကို သင်ကြားပေးသူများထက် ပိုမို ဂုဏ်ပြုခံရပုံကို ဖော်ပြခဲ့ပြီး ဖြစ်သည်။

---

၁ ဤကျမ်း စာမျက်နှာ ၅၁၂ ကို ကြည့်ပါ။
၂ မဟာဝံသ ၄၄၊ ၁၀၇။
၃ ယင်း ၄၄၊ ၁၅၀။ ၄၈၊ ၁၄၁-၁၄၂။
၄ မ-ဋ္ဌ ၄၊ ၈၁။ ပဉ္စမံ အဘိဓမ္မပိဋကံ နဿတိ။



ဗုဒ္ဓဝါဒဆိုင်ရာ အထွေထွေ ဗဟုသုတရှိမှုကို နိုင်ငံသားကောင်းများ ဖြစ်လာရေးအတွက် အထူးလိုအပ်သည်ဟု ယူဆသည်။ သို့ဖြစ်၍ ပညာတတ်ရဟန်းတော်များအား ပူဇော်ဂုဏ်ပြုလျက် ဓမ္မကိုသင်ကြားရန် လူကြီးရော ကလေးပါ ထောက်ပံ့မှုများပြုခဲ့သည့် ဘုရင်မင်းကောင်းများစွာကို တွေ့ကြရသည်။ ကလေးငယ်များအား သကြားလုံးကျွေးလျက် ဓမ္မကိုသင်ကြားရန် ဆွဲဆောင်ခဲ့သည့် ဒုတိယ မောဂ္ဂလ္လာနမင်း (အေဒီ ၅၃၇-၅၅၆) အား အထူးဖော်ပြရမည်ဖြစ်သည်[၁]။

ရှေးခေတ် သီဟိုဠ် ပညာသင်ကြားရေး သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်၍ ဘာသာရေးမှတစ်ပါး တိကျသည့် သတင်းအချက်ကို မသိရချေ။ သို့ရာတွင် ယဉ်ကျေးမှုနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်များ၊ သဒ္ဒါနှင့် ကဗျာဖွဲ့သီခြင်း၊ ဘာသာစကား၊ စာပေ၊ သမိုင်း၊ ယုတ္တိဗေဒ၊ သင်္ချာ၊ ဆေးနှင့် နက္ခတ္တဗေဒဘာသာရပ်များကို ဘုန်းကြီးကျောင်းများတွင် သင်ကြားပေးသည့် အထောက်အထားများ ရှိသည်။ ထုံးစံတစ်ရပ်သာဖြစ်သည့် မြေယာဥပဒေလည်း ဘာသာရပ်တစ်ခု ဖြစ်ဖွယ်ရှိသည်။ ပန်းချီနှင့် ပန်းပုကဲ့သို့သော အနုသုခုမပညာ ဗဟုသုတနှင့် သင်ကြားလေ့ကျင့်မှုကိုလည်း ဘုန်းကြီးကျောင်းများ၌ သင်ကြားပေးနိုင်ဖွယ်ရှိသည်။ သီဟိုဠ် ရဟန်းတော်များတွင် အနုပညာကျော်များရှိခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်[၂]။ သို့ရာတွင် လက်မှု အနုပညာလေ့ကျင့်သင်ကြားမှုများမှာ များသောအားဖြင့် မိဘများမှ သား သမီးများသို့ ဆင်းသက်မှုက များသည်[၃]။

ဘုရင်မင်းများသည်ပင် လက်မှုပညာကျော်များ ဖြစ်ကြသည်။ ဒုတိယ ဇေဋ္ဌတိဿမင်းသည် ဆင်စွယ်ကို ထွင်းသည့်ပညာတွင် အလွန်ကျော်ကြားပြီး မင်းကြီးသည် ယင်းပညာကို လူများစွားအား သင်ပေးကြောင်း အဆိုရှိသည်[၄]။ တစ်ခါတစ်ရံ လေးပစ်အတတ်နှင့် လှံပစ်အတတ် ကဲ့သို့သော စစ်ပညာအတတ်များပင် ဖခင်မှ သား ဖြစ်သူသို့

---

၁ မဟာဝံသ ၄၁၊ ၅၈-၆၀။ ၄၄၊ ၄၇။ ၄၅၊ ၂။ ၄၉၊ ၃၃။
၂ ဤကျမ်း၊ စာမျက်နှာ ၃၃၄ ကို ရှုပါ။
၃ လက်မှုပညာကို ဘုန်းကြီးကျောင်းများ၌ သင်မပေးဟု အတိအကျ မဆိုနိုင်ချေ။
၄ မဟာဝံသ ၃၇၊ ၁၀၀-၁၀၁။

ဝဂ္ဂပါဠိတော်မှ ပထမသုံးကဏ္ဍ၊ အင်္ဂုတ္တရ နိကာယ်ဆောင် အုပ်စု ဝင်ဖြစ်မူ အင်္ဂုတ္တရနိကာယ် သုံးပုံတစ်ပုံ သို့မဟုတ် နှစ်ပုံတစ်ပုံ၊ ယင်းကို မဆောင်နိုင်လျှင် အစမှ တိကနိပါတ်ကုန်သည်ထိ တတ်မြောက်ရမည်ဖြစ်သည်[၁]။ ဇာတကဘာဏက တစ်ယောက်သည် အဋ္ဌကထာနှင့်တကွ ဇာတကပါဠိတော် တစ်ခုလုံးကို တတ်မြောက်ရမည်ဖြစ်ပြီး ထိုထက် မလျော့ရချေ[၂]။ ရဟန်းတစ်ပါးသည် ဖော်ပြပါ ကျမ်းဂန်များ၌ ကျွမ်းကျင် တတ်မြောက်ပါလျှင် ထိုရဟန်းအား ကောင်းစွာ စာပေသင်ကြား တတ်မြောက်သူ သို့မဟုတ် ဗဟုဿုတ အကြားအမြင်ရှိသူအဖြစ် ယူဆခံရလျက် ပရိသတ်အား တရားဓမ္မ ဟောကြားရန် အရည်အချင်းပြည့်သူမီဖြစ်သည်။ ထိုရဟန်းသည် အလိုရှိရာအရပ်သို့ သွားရောက်နိုင်ပြီး ခေါင်းဆောင် (ဒိသာပါမောက္ခ) ဖြစ်သည်။

ဘိက္ခုနောဝါဒက (ဘိက္ခုနီတို့အား ဆုံးမသြဝါးပေးသူ) ဟုခေါ်သည့် အဆင့်မြင့်ရဟန်းတော်သည် ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ တတ်မြောက်ရမည်ဖြစ်သည်။ ပိဋကတ်သုံးပုံလုံး၏ အဋ္ဌကထာကို မစွမ်းနိုင်လျှင် နိကာယ်လေးခုမှ တစ်ခု၏ အဋ္ဌကထာကျမ်းကို ပိုင်နိုင်ရမည်ဖြစ်သည်။ နိကာယ်တစ်ခု၏ အဋ္ဌကထာကို တတ်ကျွမ်းမှုသည် အခြားနိကာယ်များကိုပါ ရှင်းပြပေးနိုင်သည်။ အဘိဓမ္မာ ခုနစ်ကျမ်းအနက် လေးကျမ်း၏ အဖွင့်ကျမ်းများကို တတ်ကျွမ်းရမည်ဖြစ်သည်။ အကြောင်းမူ ယင်းသည် ကျန်အဘိဓမ္မာကျမ်းများကိုပါ ရှင်းပြပေးနိုင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် ဝိနယပိဋကတစ်ခုလုံးကိုမူ အဋ္ဌကထာနှင့်တကွ ပိုင်နိုင်တတ်ကျွမ်းရမည်ဖြစ်သည်။ အကယ်၍ ရဟန်းတော်တစ်ပါးသည် ယင်းတို့အားလုံးကို တတ်ကျွမ်းလျှင် ဘိက္ခုနီ

---

[၁] သို့ရာတွင် မဟာပစ္စရိအဋ္ဌကထာ အလိုအရ အကယ်၍ ဘာဏကဆောင် ပုဂ္ဂိုလ်တစ်ယောက်သည် နိပါတ်တစ်ခုမျှကိုသာ သင်ယူမူ စတုက္ကနိပါတ် သို့မဟုတ် ပဉ္စကနိပါတ်ကို ရွေးချယ်ရမည်ဖြစ်ကြောင်း ပြဆိုသည်။

[၂] မဟာပစ္စရိအဋ္ဌကထာ၌ ထိုထက်ပို၍ ထိုရဟန်းသည် ဝတ္ထုများနှင့်တကွ ဓမ္မပဒကိုပါ တတ်မြောက်ရမည်ဟု ချမှတ်သည်။ တစ်ခါတစ်ရံတွင် ဓမ္မပဒဘာဏကများကိုလည်း သီးခြားအဆင့်အနေဖြင့် ဖော်ပြလေ့ရှိသည် (ဓမ္မပဒ-ဋ္ဌ ၂၊ ၆၀၀)။



အနားယူခြင်းမရှိဘဲ နေ့ရောညပါ ပါဠိတော်ရော အဋ္ဌကထာကျမ်းများကိုပါ (အတ္ထဝသေန စ ပါဠိဝသေန စ) အုပ်စုကြီး ၁၈ အုပ်စု (အဋ္ဌရသ မဟာဂဏော) ကို သင်ကြားပေးသည်ဟု ဆိုသည်။ အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်များ (အဋ္ဌကထာထေရာ)သည်ပင် မိမိတို့၏ သံသယကို ပယ်ဖျောက်ရန် ဤအရှင်မြတ်ထံသို့ လာရောက်ကြကြောင်း သိရသည်[၁]။ ကောရဏ္ဍကကျောင်းတိုက် (အထက်တွင် ညွှန်းပြီး)ကျောင်းတိုက်မှ ရဟန်းငယ်တစ်ပါးသည်လည်း မည်သည့် နေရာဟု အတိအကျ မသိခဲ့သော်လည်း ရောဟဏအရပ်သို့ ပညာသင်ကြားရန် ကြွရောက်ကြောင်း သိရသည်[၂]။

အခြား နာမည်ကျော် စာသင်တိုက်မှာ ကလ္လဂါမရှိ ကုလဒီဃဝါပိဒ္ဒါရ ဝိဟာရ[၃]နှင့် မဏ္ဍလာရာမကျောင်းတိုက်တို့ ဖြစ်ကြသည်။ နာမည်ကျော် မလိယဒေဝထေရ်နှင့် မဟာတိဿဘူတိထေရ်တို့ ပညာသင်ယူခဲ့သည်မှာ မဏ္ဍလာရာမကျောင်းတိုက်တွင် ဖြစ်သည်[၄]။ ဘာသာရပ်ဆိုင်ရာ အထူး လေ့လာသင်ကြားမှုအတွက် ကျော်ကြားသည့် ပညာသင်ယူရာ ဌာနများ ရှိကြသကဲ့သို့ ဗုဒ္ဓဓမ္မရေးရာ ဘာသာရပ်ခွဲတစ်ခုတွင် အထူး ပြုလေ့လာထားကြသည့် အုပ်စု (ဂိုဏ်းများ)လည်း ရှိကြသည်။ ပုံစံအားဖြင့် သုတ္တန္တိကဂဏမှာ သုတ္တပိဋကကို အထူးပြုလေ့လာထားကြသည့် ရဟန်းအုပ်စုဖြစ်ပြီး အာဘိဓမ္မိကဂဏမှာ အဘိဓမ္မာပိဋက၌ အထူးပြု လေ့လာသူများ ဖြစ်ကြသည်[၅]။ ထို့အတူပင် အချို့ဆရာများနှင့် စာသင်သား တပည့်များမှာ နိကာယ်ငါးရပ်ကို အထူးပြုလေ့လာကြပြီး မဇ္ဈိမနိကာယ် အဋ္ဌကထာတွင် ထိုရဟန်းတော်များသည် ဂေဟဿိတပေမဖြင့် မိမိတို့ အထူးပြု လေ့လာထားသည့် ပို့ချစဉ် အထူး စုစည်း မှတ်သားချက်များကို မြဲမြံစွာ ဆုပ်ကိုင်ထားကြ

---

[၁] အံ-ဋ္ဌ ၁၊ ၃၄။ ဒီ-ဋ္ဌ ၂၊ ၃၁၉။

[၂] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၈၈။ ယင်းရဟန်းငယ်မှာ အထွေထွေသင်ကြားမှု အတွက်သာ ဖြစ်ပြီး အထူးပြု သင်ကြားရန် ဟုတ်ပုံမရချေ။

[၃] မ-ဋ္ဌ ၂၊ ၂၆၈။ ဤကျမ်း၊ စာမျက်နှာ ၃၃၆ တို့ကိုလည်း ရှုပါ။

[၄] မ-ဋ္ဌ ၁၊ ၆၈။ အံ-ဋ္ဌ ၁၊ ၃၂။

[၅] ဝိသုဒ္ဓိ ၁၊ ၉၀။

ကြောင်း ပြဆိုသည်[၁]။ ထို့အတူပင် သက်ဆိုင်ရာ နိကာယ်များကို ကျွမ်းကျင်သူများအဖြစ် ယူဆခံရသည့် ဒီဃဘာဏက၊ မဇ္ဈိမဘာဏက၊ အင်္ဂုတ္တရဘာဏက၊ သံယုတ္တဘာဏ[၂] အနေဖြင့် ထင်ရှားကြသည့် မထေရ်များ အကြောင်းကို တွေ့ကြရသည်။ တစ်ခါတစ်ရံတွင် ကောလိတဝိဟာရ ကျောင်းတိုက်နေ စတုနိကာယိက တိဿမထေရ်ကဲ့သို့သော နိကာယ်လေးခုလေးမျိုးလုံး၌ ကျွမ်းကျင်သည့်အတွက် ထင်ပေါ်ကျော်ကြားသည့် ရဟန်းတော်ကြီးများလည်း ရှိကြသည်[၃]။ တုလာဓာရကျောင်းတိုက်နေ မဟာပဒုမထေရ်ကဲ့သို့ ဇာတကတွင် အထူးကျွမ်းကျင်သည့် မထေရ်များလည်း ရှိကြသည်[၄]။

သမန္တပါသာဒိကာအဋ္ဌကထာ[၅]အရ ကြားမြင်သုတရှိမှုနှင့် ပတ်သက်၍ အဆင့်သုံးမျိုး (ဗဟုဿုတော နာမ တိဝိဓော) ရှိသည်။ ယင်းသုံးမျိုးကို အခြေခံအဆင့်၊ အလယ်တန်းအဆင့်နှင့် နောက်ဆုံး

---

[၁] မ-ဋ္ဌ ၁၊ ၃၁၅။ ယင်းသို့ အထူးပြု လေ့လာသင်ယူမှု အစဉ်အလာသည် အထူးရွေးချယ်ထားသည့် မဟာထေရ်များနှင့် ၎င်းတို့၏ တပည့်များအား သက်ဆိုင်ရာ နိကာယ်များကို သင်ကြားပို့ချရန် တာဝန်ပေးအပ်ခဲ့သည့် ပဌမသံဂါယနာတင် အချိန်ကာလမှပင် စတင်ခဲ့သည်။ ဝိနယပိဋကကို အရှင်ဥပါလိနှင့် တပည့်များအား တာဝန်ပေးခဲ့သည်။ ဒီဃနိကာယ်ကို အရှင်အာနန္ဒာနှင့် တပည့်များ၊ မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ၏တပည့်များ၊ သံယုတ္တနိကာယ်ကို အရှင်မဟာကဿနှင့် တပည့်များ၊ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါနှင့် တပည့်များ (ဒီ-ဋ္ဌ ၁၊ ၁၅)။ အနုရာဓပုရခေတ် သီဟိုဠ်ရှိ ယင်းဘာဏက ပုဂ္ဂိုလ်များသည် မိမိတို့၏ အစဉ်အလာကို ဗုဒ္ဓနှင့် တိုက်ရိုက်ပတ်သက်သည့် တပည့်များမှ ဆင်းသက်ခဲ့ဖွယ်ရှိသည်။

[၂] ဘာဏကဟူသည် ရွတ်ဆိုသူဟု အဓိပ္ပာယ်ရသည်။ သို့ဖြစ်၍ ဒီဃဘာဏကဟူသည် ဒီဃနိကာယ်ကို ရွတ်ဆိုသူ (အာဂုံဆောင်သူ) အဓိပ္ပာယ်ရသည်။ ထိုအတူ မဇ္ဈိမနိကာယ်ဆောင် စသည်ဖြင့် အဓိပ္ပာယ်ရသည်။ ဘာဏကပုဂ္ဂိုလ် ဖြစ်ရန် နိကာယ်တစ်ခုလုံးကို မစွမ်းနိုင်လျှင် အနည်းဆုံး ယင်းနိကာယ်၏ အကောင်းဆုံး ကဏ္ဍတစ်ခုကို တတ်ကျွမ်းရသည်။

[၃] အံ-ဋ္ဌ ၂၊ ၇၄။

[၄] မဟာဝံသ ၃၅၊ ၃၀။ ယင်းမထေရ်သည် ဣလနာဂမင်း (အေဒီ ၁၀၂) ခေတ်တွင် ဖြစ်သည်။

[၅] ဝိ-ဋ္ဌ ၂၊ ၅၄။



အဆင့်များအဖြစ် ကိုယ်စားပြုပုံရပြီး ယင်းအဆင့်များတွင် ပင်မသုတ္တန်၏ ထုတ်နုတ်ချက်များကို ဖော်ပြထားပုံရသည်။

နိဿယမုစ္စနကဟုခေါ်သည့် ဥပသမ္ပဒကံဆောင် (ရဟန်းပြု)ပြီးနောက် ငါးဝါရပြီးသူ အဆင့်အနိမ့်ဆုံးရဟန်းသည် အနည်းဆုံး ဒွေမာတိကာ[၁]ကို အာဂုံဆောင်ရမည်ဖြစ်ပြီး ဥပုသ်နေ့များတွင် တရားဟောရန် ရည်ရွယ်ချက်ဖြင့် သုတ္တန်မှ လေးဘာဏဝါရ[၂] တတ်မြောက်ရမည်ဖြစ်သည်။ လာရောက် ဖူးမြင်သူများအား ဟောကြားရန် အန္ဓကဝိန္ဒသုတ်၊ မဟာရာဟုလောဝါဒ သုတ်နှင့် အမ္ဗဋ္ဌသုတ်ကဲ့ သို့သော သုတ္တန်များ၊ အထူးအခမ်းအနားများ၌ ဝမ်းမြောက်စကား ပြောကြားရန် အနုမောဒနာ သုံးသုတ်[၃]၊ ဥပုသ်ပဝါရဏာ ကဲ့သို့သော အခြေခံဝိနည်းကံများအကြောင်းနှင့် ရဟန္တာအဖြစ်ကို ရရှိစေသည် အထိ ကမ္မဋ္ဌာန်းတရားများ ပေးတတ်ရမည်ဖြစ်သည်။ ဖော်ပြပြီးအားလုံးကို သင်ကြားတတ်မြောက်ရမည်ဖြစ်သည်ပြင် အမှီအခိုမရှိဘဲ လွတ်လပ်စွာ သွားနိုင်နေနိုင်ရမည်ဖြစ်သည်။

ဆယ်ဝါရပြီးသူ ပရိသုပဋ္ဌာပက (ပရိသတ်နှင့်နေထိုင်သူ)ဟု ခေါ်သည့် ဒုတိယ အဆင့်ရဟန်းတော်သည် ဝိနည်းပါဠိတော်မှ အနည်းဆုံး ဥဘတောဝိဘင်္ဂ[၄]ကို အာဂုံ နှုတ်လွတ်ဆောင်နိုင်ရမည်ဖြစ်သည်၊ အကယ်၍ မဆောင်နိုင်လျှင် ဖော်ပြပြီးသုတ္တန်သုံးခုအပြင် နောက်ထပ်သုတ္တန်သုံးခုကိုပါ အာဂုံဆောင်နိုင်ရမည်ဖြစ်သည်။ ဝိနည်းကံများအပြင် ခန္ဓဝတ်များကိုလည်း သိရမည် ဖြစ်သည်။ အကယ်၍ ထိုရဟန်းသည် မဇ္ဈိမနိကာယ်ဆောင် (အုပ်စုဝင်)ဖြစ်မူ မဇ္ဈိမနိကာယ်မှ မူလပဏ္ဏာသ (ပထမဆုံး သုတ္တန် ၅၀)ကို သိရမည်ဖြစ်သည်။ ဒီဃဘာဏကအုပ်စုဝင်ဖြစ်မူ ဒီဃနိကာယ်မှ မဟာဝဂ္ဂ (ဒုတိယ ၁၀ သုတ်)၊ သံယုတ္တနိကာယ်ဆောင်အုပ်ဝင် ဖြစ်မူ သံယုတ္တနိကာယ် မဟာ

---

[၁] ဘိက္ခုဘိက္ခုနီမာတိကာ ဖြစ်ပြီး ပါတိမောက္ခဟု အသိများသည်။

[၂] ပရိတ္တလေးဘာဏဝါရ ဖြစ်သည်မှာ ထင်ရှားသည်။

[၃] သံဃဘတ္တ (ဆွမ်းကျွေး)၊ မင်္ဂလာ (အိမ်သစ်တက်ခြင်း၊ လက်ထပ်ခြင်းကဲ့သို့သော မင်္ဂလာအခမ်းအနား) နှင့် အဝမင်္ဂလာ (အသုဘ သို့မဟုတ် ကွယ်လွန်သူအတွက် ဆွမ်းလှူခြင်း) များအတွက် အနုမောဒနာ အခမ်းအနားများဖြစ်သည်။

[၄] ပါရာဇိကကဏ္ဍနှင့် ပါစိတ္တိယကဏ္ဍကို ဆိုလိုသည်။

သည်။ မဇ္ဈိမနိကာယ်အဋ္ဌကထာတွင် ဖော်ပြသည့် စာပိုဒ်တစ်ခုကို ထိုအချိန်က သီဟိုဠ်ကျေးလက်ဒေသများ၌ ရရှိသည့် စာပေတတ်မြောက်မှုအတိုင်းအတာ တစ်ရပ်အဖြစ် မှတ်ယူနိုင်သည်။ ထိုစာပိုဒ်တွင် ကျေးလက်ဒေသတစ်ခုသို့ ဘုရင်မင်းက အမိန့်စာချွန်တစ်ခု ပို့လိုက်သောအခါ စာကို မဖတ်တတ်သူများသည် မိမိတို့ကိုယ်စား ယင်းစာကို ဖတ်ရှုပေးရန် အခြားတစ်ယောက်အား စေခိုင်းကြောင်း ဆိုသည်[၁]။

ယင်းသည် နယ်စွန်နယ်ဖျားဒေသများ၌ နန်းတော်မှ ညွှန်ကြားချက်တစ်ရပ်နှင့် ပတ်သက်သည်ကို စာပေမတတ်သည့် ကျေးရွာသားများ သိရပုံဖြစ်သည်။ နယ်စွန်နယ်ဖျားဒေသ (ပစ္စန္တဇနပဒေ) ဟူသော စကားလုံးများမှာ ထူးခြားသည်။ ယင်းစကားလုံးများသည် ယင်းသို့သော ဖော်ပြချက်များကို နားလည်ရန် မြို့ပြကျေးရွာများ၌ မည်သူမျှ အကူအညီမလိုကြောင်း ဖော်ပြသည်။

စာပေသင်ကြားခြင်းသည် ရဟန်းတော်များ၏ လက်တွင်ရှိသော်လည်း အဆင့်မြင့် ပညာတတ်ကျွမ်းပြီး ယဉ်ကျေးကြသည့် ယောက်ျားမိန်းမများလည်း ရှိကြသည်။ ယင်းတို့အနက် အချို့မှာ ရဟန်းတော်များကိုယ်တိုင် ၎င်းတို့အား ကျမ်းဂန်တတ်သိသူများအဖြစ် သဘောတူလက်ခံရသည်အထိ ပညာတတ်ကျွမ်းကြသည်။ ပုံစံအားဖြင့် သမန္တပါသာဒိကာတွင် ဘာတိယမင်း (အေဒီ ၃၈-၆၆)သည် ဘာသာစကားများစွာကို တတ်ကျွမ်းသည့် ပညာရှင်ကြီးတစ်ယောက် (ပဏ္ဍိတော ဘာသန္တရကုသလော) ဖြစ်သည့် ပုဏ္ဏားမျိုး ဒီဃကာရာယနအမည်ရှိ ဝန်ကြီးတစ်ယောက်အား မဟာဝိဟာရ ကျောင်းတိုက်နှင့် အဘယဂိရိကျောင်းတိုက်တို့ ဆွဲကိုင်ထားသည့် အငြင်းပွားနေသည့် အတွေး

[၁] မ-ဋ္ဌ ၁၊ ၁၉၇။ ယထာ ဟိ ရညာ ပစ္စန္တဇနပဒေ ပဟိတံ လေခံ တတ္ထ မနုဿာ လေခံ ဝါစေတုံ အဇာနန္တာ ယော ဝါစေတုံ ဇာနာတိ တေန ဝါစာပေတွာ တံ အတ္ထံ သုတွာ ရညော အာဏာတိ အာဒရေန သမ္ပာဒေန္တိ။ ယင်းစာပိုဒ်သည် နိုင်ငံတစ်နိုင်ငံ၏ မည်သည့် နယ်မြေကိုမှ ရည်ညွှန်းမထားပေ။ ယင်းဖော်ပြချက်သည် တစ်စုံတစ်ခုသော အချက်ကို ရှင်းလင်းစေရန် သရုပ်ဖော်သည့် ယေဘုယျ ဖော်ပြချက် တစ်ရပ်သာဖြစ်သည်။ သို့တစေ အဋ္ဌကထာကျမ်းများသည် ယေဘုယျအားဖြင့် ဒေသဆိုင်ရာ အခြေအနေမှ သရုပ်ဖော်ကြောင်း သိရသည်။



တို့အား ဩဝါဒပေးရန် အဆင့်မီသူဖြစ်သည်[၁]။

ကျောင်းတိုက်တစ်ခုတွင် ယေဘုယျအားဖြင့် တစ်နေ့လျှင် စာပေသင်ကြားပို့ချမှု သုံးကြိမ်ရှိသည်။ နေ့ဆွမ်းအတွက် ဆွမ်းခံမထွက်မီ နံနက်ခင်းတစ်ချိန်နှင့် မွန်းလွဲတွင် တစ်ချိန်ဖြစ်သည်။ တတိယ စာသင်ချိန်မှာ ညနေခင်းတွင် ဖြစ်သည်။ ညနေပိုင်း ဘာသာရေး ဝတ်ပြုမှုပြီးနောက် အများဆုံး ဖြစ်နိုင်သည်[၂]။ တစ်ခါတစ်ရံတွင် အများကိုဟောပြောပို့သည့်ပုံစံဖြင့် စာသင်ချိန်သုံးခု ရှိသည်။ မဟာဝိဟာရကျောင်းတိုက်မှ တိပိဋကစူဠာဘယမထေရ်သည် ရောဟဏအရပ်ရှိ တုလာဓာရပဗ္ဗတနေ ဓမ္မရက္ခိတမထေရ်ထံ စာသင်ကြားရန် နောက်ပါရဟန်းတော်များစွာနှင့် အတူ ကြွသွားသောအခါ ညအချိန်တွင် စာသင်သားရဟန်းတော်သည် ဆရာ့ရှေ့မှောက်၌ ကျမ်းစာများကို ရွတ်ဆိုပြရလျက် ဆရာမထေရ်က ရွတ်ဆိုပြီး ကျမ်းများကို နေ့အခါတွင် ရှင်းပြပေးရန် အချိန်ဇယားကို စီမံထားသည်။ ကျေးရွာသားများက ကျောင်းတိုက်၏ရှေ့တွင် မဏ္ဍပ်ကြီးဆောက်လုပ်ထားလျက် တိပိဋကစူဠာဘယနှင့် တပည့်များသည် ဟောပြောပို့ချမှုသို့ နေ့စဉ် တက်ရောက်ကြသည်[၃]။

အဆင့်မြင့် သင်ကြားမှုတွင် ဆွေးနွေးမှုသည် အဓိက သင်ကြားနည်းဖြစ်သည်။ ရှေးအခန်း[၄]တွင် အနုရာဓပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်နှင့် မဟာဂါမရှိ တိဿမဟာဝိဟာရကျောင်းတိုက်တို့၌ နှစ်စဉ် နှစ်ကြိမ်စီ၊ ကျောင်းတိုက် အသီးသီးတွင် နှစ်ကြိမ်စီ ကျင်းပ

[၁] သို့ဖြစ်၍ ပိဋကတ်သုံးပုံ တတ်ကျွမ်းသူသာလျှင် ဘိက္ခုနီတို့အား ဩဝါဒပေးရန် လုံလောက်သူအဖြစ် ယူဆခံရသည်။ ယင်းသည် ထိုရဟန်းတော်အနေဖြင့် မေးမြန်းခံရသည့် မေးခွန်းအားလုံးကို ဖြေကြားနိုင်သည့် အခြေအနေတွင် ရှိသောကြောင့် ဖြစ်ဖွယ်ရှိသည်။ ရဟန်းတစ်ပါးသည် မိမိ၏ ယုံမှား သံသယကို ဖြေရှင်းပေးနိုင်ရန် အခွင့်အရေး များစွာရှိနိုင်သော်လည်း ဘိက္ခုနီတစ်ပါး၏ လှုပ်ရှားမှုများမှာ တင်းကြပ်ပြီး စာပေ သင်ကြားရန် အဓိကအခွင့်အလမ်းမှာ ဘိက္ခုနောဝါဒက ရဟန်းတော်များသာလျှင် ဖြစ်သည်။

[၂] အံ-ဋ္ဌ ၁၊ ၂၉-၃၀။

[၃] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၉၂။

[၄] ဤကျမ်း၊ စာမျက်နှာ ၃၁၄ ကို ရှုပါ။

ကြောင်း တွေ့ခဲ့ရပြီးဖြစ်သည်။ ယင်းစည်းဝေးကြီးများတွင် ရဟန်းတော်များသည် ထင်ရှားကျော်ကြားသည့် ကျွမ်းကျင်ပညာရှင်များနှင့် ခက်ခဲသည့် ပြဿနာများကို ဆွေးနွေးခွင့်ရရှိကြပြီး မိမိတို့၏ သံသယများကို ရှင်းလင်းနိုင်ကြလျက် ယင်းသို့ဖြင့် ၎င်းတို့၏ ထေရဝါဒ အစဉ်အလာကို ထိန်းသိမ်း သယ်ဆောင်ခဲ့ကြသည်။

လွတ်လပ်စွာ ဆွေးနွေးမှုမှာ အလွန်လေးစားခံရသည့် အရေးကြီးသော သွင်ပြင်တစ်ရပ်ဖြစ်သည်။ တပည့်တစ်ပါးသည် မိမိ၏ဆရာနှင့် သဘောထား ကွဲလွဲနိုင်ပြီး ပြစ်တင်မှုမရှိဘဲ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ဆွေးနွေးနိုင်လျက် မိမိ၏ တပည့်မှန်သည်ဟု ဆရာအရှင်အနေဖြင့် ယုံကြည်လျှင် ဆုတ်ဆိုင်းခြင်းမရှိဘဲ တပည့်၏ ယူဆချက်ကို လက်ခံသည်။ နှစ်ပါးလုံး ပိဋကတ်သုံးပုံတွင် အထူးကျွမ်းကျင်ကြသည့် တိပိဋကစူဠသောမနှင့် တပည့်ဖြစ်သူ တိပိဋကစူဠနာဂ (အထက်တွင် ဖော်ပြပြီး) မထေရ်နှစ်ပါးသည် သတိပဋ္ဌာနသုတ်လာ ဧကာယနမဂ္ဂ ဟူသော ဝေါဟာရနှင့် ပတ်သက်ပြီး အတွေးအမြင် မတူဘဲရှိကြသည်။ ဆရာဖြစ်သူက ပြဿနာကို အလွန်နက်ရှိုင်းစွာ တွေးတောပြီး နောက်ဆုံးတွင် မိမိတပည့်၏ အယူအဆမှန်ကန်ကြောင်း သိမြင်သွားသည်။ စူဠသောမထေရ်သည် တပည့်ဖြစ်သူ စူဠနာဂမထေရ်၏ ပို့ချချက်ကို နာယူရန် စည်းဝေးရောက်ရှိလာကြသည့် ပရိသတ်ရှေ့မှောက်၌ မိမိတပည့်၏ယူဆချက်ကို လက်ခံခဲ့ကြောင်း သိရသည်[၁]။ သို့တစေ ယင်းသို့သော နှလုံးစိတ်ဝမ်း ကြီးမြတ်မှုနှင့် လွတ်လပ်စွာ ဆွေးနွေးမှုများသည် အဋ္ဌကထာကျမ်းများကို ရေးသားချိန်၌ ရှားပါးပြီး ဖြစ်ပုံရသည်[၂]။

မိမိ၏ အသိပညာအတွက် မိမိကိုယ်ကို နှိမ့်ချခြင်းနှင့် မဝင့်ဝါခြင်းကို ကြီးမြတ်သော ပညာရှင်၏ သင်္ကေတအဖြစ် ယူဆခံရသည်။ ထင်ရှားကျော်ကြားသည့် ပညာရှင် ရောဟဏအရပ်ရှိ တုလာဓာရကျောင်းတိုက်မှ ဓမ္မရက္ခိတမထေရ်သည် မဟာဝိဟာရကျောင်းတိုက်မှ တိပိဋကစူဠာဘယမထေရ်အား သင်ကြားပြီးနောက် မိမိတပည့်၏ ခြေ

[၁] ဒီ-ဋ္ဌ ၂၊ ၃၃၇။ မ-ဋ္ဌ ၁၊ ၂၃၆-၂၃၇။
[၂] ဤကျမ်း၊ စာမျက်နှာ ၃၅၉ ကို ရှုပါ။



ရင်း ဖျာပေါ်တွင် ထိုင်လျက် ကမ္မဋ္ဌာန်းတရား ပေးရန် လျှောက်ထားသည်။ 'အရှင်ဘုရား၊ တပည့်တော်က အရှင်ဘုရားထံမှာ သင်ယူခဲ့သည် မဟုတ်ပါလား၊ အရှင်ဘုရားမသိပါလို့ တပည့်တော် မည်သို့ လျှောက်ထားရပါမည်နည်း' ဟု တပည့်က လျှောက်ထားသည်။ ဆရာဖြစ်သူက 'သို့ရာတွင် အရှင်ဘုရား၊ ထိုးထွင်းသိမြင်မှု လမ်းစဉ်မှာ အတော်အတန် ခြားနားသော အရာဖြစ်ပါသည်'ဟု ဆရာအရှင်က ပြန်မိန့်ကြားသည်။ တိပိဋကစူဠာဘယမထေရ်သည် ထိုအချိန်က သောတာပန်ဖြစ်သည်။ ဆရာမထေရ်သည် တပည့်ပေးသည့် ကမ္မဋ္ဌာန်းတရားဖြင့် ရဟန္တာဖြစ်သွားသည်ဟု ဆိုသည်[၁]။

နောက်ထပ် ထင်ရှားသည့် ပညာရှင်ဖြစ်သူ ဥစ္စဝါလိကာကျောင်းတိုက်နေ မဟာနာဂ မထေရ်သည်လည်း မိမိတပည့်ဖြစ်သူ တလင်္ဂရကျောင်းတိုက်နေ ဓမ္မရက္ခိတမထေရ်၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်ပြီး ကမ္မဋ္ဌာန်းတရားကို တောင်းပန်ကြောင်း ဆိုသည်[၂]။

ဓမ္မကို ရှင်းပြတတ်သူမထေရ်ကြီးဖြစ်ပြီး ရဟန်းများစွာ၏ ဆရာအရှင်ဖြစ်သူ သာကေတတိဿမထေရ်အား အဋ္ဌကထာကျမ်းများ၌ မိမိ၏ ဗဟုသုတကို ထုတ်ဖော်မပြတတ်သည့် ဂုဏ်ရည်နှင့်ပြည့်စုံသည့် စံနမူအဖြစ်ဖြင့် ဖော်ပြခံရသည်။ အခါတစ်ပါး၌ မထေရ်သည် ကျောင်းတိုက်နှင့် တပည့်များကိုထားခဲ့ပြီး အတန်ဝေးကွာသည့် အရပ်ရှိ ကဏိကာရဝါလိကသမုဒ္ဒဝိဟာရ ကျောင်းတိုက်တွင် ဝါဆိုလျက် အခြား ရဟန်းတော်များအား ကူညီရင်း သာမန် ရဟန်းတော် တစ်ပါးကဲ့သို့ နေထိုင်ခဲ့သည်[၃]။

ရဟန်းအားလုံးမှာ တစ်စုံတစ်ခုသော အတိုင်းအတာထိ ပညာအရည်အချင်းရှိကြကြောင်း သေချာသလောက်ဖြစ်သည်။ သို့တစေ လူဝတ်ကြောင်းများအကြား စာပေတတ်မြောက်မှု အတိုင်းအတာကို သေချာစေသည့် နည်းလမ်း မရှိချေ။ သို့တစေ ကျေးရွာသားများအကြား စာပေမတတ်သူများ အများအပြား ရှိကြောင်းကိုမူ သေချာစွာ ဆိုနိုင်

[၁] ဝိသုဒ္ဓိမဂ္ဂ ၁၊ ၉၂။
[၂] ဝိသုဒ္ဓိမဂ္ဂ ၂၊ ၂၇၀။
[၃] အံ-ဋ္ဌ ၁၊ ၅၉။ မ-ဋ္ဌ ၂၊ ၄၇။

တွေ့ရမြဲဖြစ်သော စာလုံးများထက် များစွာ မကြီးသည့် စာလုံးသေး၊ တစ်ခါတစ်ရံ ယင်းထက်ပင် များစွာသေးငယ်သော စာလုံးများဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ တံတိုင်းနံရံကို အတတ်နိုင်ဆုံး ထိခိုက်ပျက်စီးမှု နည်းပါးစေရန် များစွာ မနက်စေဘဲ ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ချွန်ထက်သော သံချောင်းဖြင့် မရေးထွင်းမီ အနီရောင် ဆေးဖြင့် နံရံတွင် ရှေးဦးစွာ ရေးချခဲ့ပြီး ယင်းဆေးရေးများမှာ နေရာအနည်းငယ်တွင် မရေးထွင်းဘဲ ကျန်နေသေးသည်။ ရေးသားချက် အချို့မှာ အလွန် ဂရုတစိုက်ကြည့်ရှုမှသာ ယင်းတို့ကို သတိပြုမိနိုင်လောက်အောင် တိမ်လွန်းလှသည်[၁]။

ထိုခေတ်က စာပေရေးသားခြင်းသည် အလွန် ထင်ရှားပုံရသည်။ စာပေရေးသားတတ်သူများသည် ကျွန်ုပ်တို့ ဖောင်တိန် သို့မဟုတ် ခဲတံကို ယူဆောင်သွားသကဲ့သို့ ၎င်းတို့နှင့်အတူ ကညစ်ကိုပါ သယ်ယူသွားကြပုံရသည်။ 'ပုဂ္ဂိုလ်တိုင်း သုံးမြဲတိုင်းလက်ကို အသုံးပြုခဲ့ကြပြီး ရေးသားချက် များစွာတွင် သတိပြုမိနိုင်သည့် ရေးပုံရေးဟန် ခြားနားချက်များကို အသေအချာ တွေ့မြင်နိုင်သည်။ ယင်း ရေးသားချက်အချို့မှာ အကောင်းမွန်ဆုံးသော ရှေးခေတ်သီဟိုဠ် လက်ရေး နမူနာများတွင် ပါဝင်ပြီး အချို့မှာ အလွန်အလွန် ဂရုတစိုက် ရေးထွင်းခဲ့ကြသည်'[၂]။

ယနေ့တိုင် တည်ရှိသေးသည့် ရှေးအကျဆုံး ကျမ်းစာထက်ပင် ရှေးကျသည့် ယင်းမှတ်တမ်းများကို ပညာရှင်ကြီးများ ထင်ရှားသည့် ကဗျာဆရာများ ရေးသားခဲ့ကြသည်မဟုတ်ဘဲ သာမန် အရပ်သားလာရောက် လည်ပတ်သူများ ရေးသားခဲ့ကြခြင်းသာ ဖြစ်သည်။ ဂါထာတစ်ပုဒ်ကို 'ပန်းချီဆရာကြီးတစ်ယောက်၏ အလုပ်သင် တပည့်သုံးယောက် ၎င်းတို့၏လက်ကို အတူတူထား၍ ရေးဖွဲ့ခဲ့ကြ၏'ဟု ဖြစ်သည်[၃]။ အမျိုးသမီးများ ရေးထိုးသည့် ဂါထာပုဒ်များစွာတို့က ရှေးခေတ်သီဟိုဠ်၌ အမျိုးသမီးပညာရေးသည် အမျိုးသား ပညာရေးနှင့် အလွန်မကွာကြောင်း ဖော်ပြသည်။

[၁] ယင်း၊ စာ-၃၁၁။
[၂] ယင်း၊ စာ-၃၁၁-၃၁၂။
[၃] ယင်း၊ စာ-၃၃၄။



အမြင်များနှင့် ပတ်သက်သည့် ပါဠိတော်နှင့် ဓမ္မရေးရာ အချက်များကို ဆုံးဖြတ်ရန် ခန့်အပ်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်[၁]။

ဝေါဟာရိကတိဿမင်း (အေဒီ ၂၆၉-၂၉၁) သည် ဝန်ကြီးကပိလအား ဝေတုလ္လဝါဒအား စုံစမ်းစစ်ဆေးပြီး ဖယ်ရှားရန် အဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့သည်။ မဟာသေနမင်း (အေဒီ ၃၃၄-၃၆၂) လက်ထက်တွင် တရားသူကြီးချုပ်သည် တိဿမထေရ် အား ၎င်းကို ဆန့်ကျင်သည့် အချို့အချက်များကို ဝိနည်းနှင့်အညီ စုံ စမ်းစစ်ဆေးပြီးနောက် သာသနာ့ဘောင်မှ ထုတ်ပယ်လိုက် (လူဝတ်လဲလိုက်) ကြောင်း အဆိုရှိသည်[၂]။

ယင်းပုံစံများသည် နိုင်ငံတော်၏ ဝန်ကြီးများသည် အဆင့်မြင့်ပညာတတ်ကျွမ်းပြီး ယဉ်ကျေးသူများဖြစ်ကြောင်းလည်း ဖော်ပြသည်။ ထိုဝန်ကြီးများ၏ သုတေသနနှင့် လောကုတ္တရာရေးကိစ္စများ၌ ဝင်ရောက်စွက်ဖက်မှုသည် ၎င်းတို့၏ နောက်ခံ နိုင်ငံရေးအာဏာကြောင့်သာ မဟုတ်ဘဲ ယင်းသို့သော အခြေအနေများကို ကိုင်တွယ်ရန် ၎င်းတို့ကိုယ်တိုင်၏ အသိပညာနှင့် ကိုယ်ကျင့်တရားရေးရာ အရည်အချင်းပြည့်ဝခြင်းတို့ကြောင့်လည်း ဖြစ်သည်။

ပဌမအဂ္ဂဗောဓိမင်း (အေဒီ ၅၆၈-၆၀၁)လက်ထက်အတွင်း သီဟိုဠ်ဘာသာဖြင့် ကဗျာကျမ်းများ ရေးသားခဲ့ကြသည့် ကျော်ကြားသည့် ကဗျာဆရာ ဆယ့်နှစ်ယောက်ရှိခဲ့သည်[၃]။

[၁] ဝိ-ဋ္ဌ ၂၊ ၁၆၈။
[၂] မဟာဝံသ ၃၆း၄၁။ [၃] ယင်း ၃၇း၃၉။
[၄] မဟာဝံသ ၄၂း၁၃။ နိကာယသင်္ဂဟ၊ စာ-၁၅။ နိကာယသင်္ဂဟကျမ်းအလိုအရ ယင်းကဗျာဆရာ ၁၂ ယောက်၏အမည်စာရင်းမှာ ၁) သကဒါမလ (Sakdāmala) ၂) အသကဒါမလ (Asakdāmala) ၃) ဒါမိ (Dāml) ၄) ဗာဟိရိ (Bāhiri) ၅) ဒဠ္ဋပိသော (Daḷabisô) ၆) အနုရုတကုမာရု (Anurutkumaru) ၇) ဒလဂေါ်-တ ကုမရု (Daḷagot Kumaru) ၈) ဒလသလ ကုမရု (Daḷasala Kumaru) ၉) ကိတသိရိ ကုမရု (Kitasiri Kumaru) ၁၀) ပုရဝဒု ကုမရု (Puravaḍu Kumaru) ၁၁) သူရိယဗာဟု (Sūriyabāhu) ၁၂) ကသုပကောတ အာပါ (Kasupkoṭa Āpā) တို့ဖြစ်သည်။ ယင်းအမည်နာမ အားလုံးမှာ လူဝတ်ကြောင်များ ဖြစ်ဖွယ်ရှိသည်။ ယနေ့အချိန်ထိ ယင်းကဗျာဆရာတို့ ရေးသားခဲ့သောလက်ရာ တစ်ခုတစ်လေမျှကို မတွေ့ရတော့ချေ။

အမျိုးသမီးများ ပညာရေးမှာ အမျိုးသားပညာရေး၏ နောက်တွင် များစွာ ကျန်မနေခဲ့ဘဲ ပညာရေးလုပ်ငန်းများတွင် ပညာတတ် ဘိက္ခုနီများလည်း ပါဝင်ပတ်သက်မှုရှိခဲ့ကြောင်း ယူဆရန် အကြောင်းရှိသည်။ သဘာဝအားဖြင့် ဘိက္ခုနီများသည် အမျိုးသမီးထု၏ အသိပညာနှင့် ကိုယ်ကျင့်တရားရေးရာ ကောင်းကျိုး ဆောင်ရွက်မှု အတွက် ၎င်းတို့၏ ဘဝကို မြှုပ်နှံထားကြသည်။ တတိယ ဇေဋ္ဌတိဿ မင်း၏ မိဖုရားသည် ဘိက္ခုနီဝတ်ပြီး ဉာဏ်ပညာ ထက်မြက်သူများအတွက်သာ ရည်ရွယ်သည့်[၁] ဘာသာရပ်တစ်ခုဖြစ်သည့် အဘိဓမ္မာကို အဋ္ဌကထာနှင့်တကွ သင်ယူသည်[၂]။

ရှေးခေတ်သီဟိုဠ်တွင် ကျယ်ပြန့်ပြီး အဆင့်မီသည့် ယေဘုယျ ပညာသင်ကြားမှုအကြောင်း အသက်ဝင်သည့် ဖော်ပြချက်တစ်ရပ်မှာ ဆိဂိရိယ အရပ်ရှိ မှန်တံတိုင်းဖြစ်သည်။ အေဒီ ငါးရာစုတွင် ပထမ ကဿပမင်း (အေဒီ ၄၇၈-၄၉၆) ကိုယ်တိုင် တည်ဆောက်ခဲ့ဖွယ်ရှိသည့် ယင်း တံတိုင်း၏ မှန်နှင့်တူသော နံရံမျက်နှာတွင် သေးသေး ကွေးကွေး ရေးသားချက်များစွာ ပါရှိပြီး အေဒီ ခြောက်ရာစုမှ ပေါဠုန္နရုဝခေတ် နောက်ပိုင်းတစ်ချိန်ထိ ရက်စွဲများကို စဉ်လျက် ရှေးဟောင်း အရေးအသားဖြင့် ဖော်ပြထားသည်။ ယင်းရေးသားချက်များမှာ ယင်းကျောက်ခံတပ် သမိုင်းဝင်နေရာတစ်ခုဖြစ်လာချိန် ဖော်ပြပါ ခေတ်ကာလအတွင်း ဆိဂိရိယသို့ အလည်အပတ်ရောက်ရှိလာကြသူများစွာတို့ ရေးခြစ်ခဲ့ကြသည့် မှတ်တမ်းများ ဖြစ်ကြသည်။

ယင်းမှတ်တမ်း အမြောက်အမြားကို ဂါထာများဖြင့် ရေးသားထားပြီး အချို့အနည်းငယ်မှာ စကားပြေများပင် ဖြစ်ကြသည်။ ယင်းတို့အများစုမှာ ကျော်ကြားသည့် ဆိဂိရယ ပန်ချီများ၏ အလှနှင့် ပတ်သက်ကြပြီး အခြား အချို့မှာ ကျောက်တောင်ထိပ်သို့ အဝင်ရှိ ဧရာမ ခြင်္သေ့ရုပ်ကြီးနှင့် ပတ်သက်လျက် အချို့မှာ ဆိဂိရိယ၏ ကြီးကျယ်ခမ်းနားမှု အတွေးအမြင်နှင့် ပတ်သက်ကြသည်။

[၁] မဟာဝံသ ၄၄း၁၀၈-၁၁၇။

[၂] အထက်တွင် ဖော်ပြခဲ့သည့် ယင်းကဗျာ ၁၂ ပုဒ်အနက် ဒဠ္ဌဗိသော (Daḷa-bisô) ခေါ်တွင်သူသည် အမျိုးသမီးတစ်ယောက်၏ နာမည် ဖြစ်နိုင်မည်လော။



ရေးမှတ်သူများ၏ အမည်နာမနှင့် နေရပ်များကို ၎င်းတို့၏ မှတ်တမ်းများနှင့် အတူ ရေးမှတ်လေ့ရှိကြသည်။ ၎င်းတို့မှာ ဘုရင့်မိသားစုများမှသည် သာမန် ကျေးရွာလူထုအထိ စုံလင်သည်။ ဘုရင်မင်းများ၊ မင်းညီမင်းသားများ၊ ဝန်ကြီးများ၊ ရဟန်းတော်များ၊ အစိုးရ အရာရှိများနှင့် သာမန် အမျိုးသား အမျိုးသမီးများ ဖြစ်ကြသည်။ ၎င်းတို့သည် သီဟိုဠ်ကျွန်း နေရာအနှံ့မှ လာရောက်ကြသည်။ 'ရေးသားချက်များ၌ တွေ့ရသည့် အမည်နာမ အများစုမှာ သမိုင်းတွင် နေရာရနိုင်လောက်အောင် အရေးပါသူများ မဟုတ်ကြချေ'[၁]။ ထီးနန်းနှင့် ပတ်သက်သူများကိုပင် များစွာ မတွေ့ရချေ။

ယင်းရေးသားချက်သည် ရှေးခေတ်အချိန်များက ဆိဂိရိယသို့ အလည်အပတ်လာသူ အများစုသည် ယနေ့ အလည်အပတ်လာသူ အများစုထက် ပိုမို ပညာတတ်ပြီး ယဉ်ကျေးကြကြောင်း ရှင်းလင်းစွာ ဖော်ပြသည်။ ခေတ်သစ် အလည်အပတ်လာရောက်သူများသည် တောက်ပြောင်ချောမွတ်သည့် မျက်နှာပြင်ပေါ်တွင် ဆိုးရွားစွာ ရေးခြစ်မှုများ၊ ရိုင်းစိုင်းစွာ ရေးထွင်းထားသည့် နာမည်၏ အစစာလုံးကြီးများနှင့် တစ်ခါတစ်ရံ တန်ဖိုးကြီးမားသည့် ယင်းရှေးဟောင်း မှတ်တမ်းများကို ပျက်စီးစေခြင်းများကြောင့် ဖော်ပြပါ သမိုင်းဝင် တံတိုင်း ပျောက်ကွယ်ရပုံကို တွေ့မြင်နိုင်သည်။ သို့တစေ ရှေးခေတ် လာရောက်လည်ပတ်သူများ ပြုလုပ်သည့် ယင်းသို့သော ရိုင်းပျမှုသင်္ကေတ တစ်ခုတလေမျှကို မတွေ့ရချေ။ ယင်းတံတိုင်းနံရံများတွင် ရေးသားရန်မှာ သင့်လျော် လျောက်ပတ်ပုံမရသော်လည်း ရှေးခေတ်က ဆိဂိရိယသို့ လာရောက်ခဲ့ကြသူများသည် ကြီးစွာ ဂရုစိုက်လျက် ဧည့်မှတ်တမ်း စာအုပ်ကဲ့သို့ ယင်းမှန်တံတိုင်းကို အသုံးပြုခဲ့ကြပုံရသည်။

'အင်္ဂတေအတွင်းသို့ ကြီးမားသည့် အက္ခရာများဖြင့် မိမိတို့၏ နာမည်များကို နက်ရှိုင်းစွာ ရေးခြစ်ကြသည့် ယနေ့ခေတ် အလှဖျက်ဆီးသူများနှင့် မတူဘဲ အလယ်ခေတ်က လာရောက် လည်ပတ်ကြသူများသည် ၎င်းတို့၏ ဂါထာများကို များသောအားဖြင့် ပေစာများတွင်

[၁] *Sigiriya Graffiti* by Paranavitana JRAS. (CB), Vol. XXXIV, (No. 92, 1939), p. 338.

ပရနဝိတန (ပုဂ္ဂိုလ်)က ဤသို့သုံးသပ်သည် 'ပုံမှန်အားဖြင့် ယင်းပုံစံဖြင့် မှတ်တမ်းတင်မှုများ၌ စာပေရေးရာ ထူးခြားပြောင်မြောက်မှု တစ်စုံတစ်ရာကိုမျှ မမျှော်လင့်နိုင်သော်လည်း အကောင်းဆုံးတစ်ခုကို ရွေးချယ်ရန် ကြိုးစားခြင်းမပြုဘဲ အထက်တွင် ဖော်ပြခဲ့သည့် အချို့သော ဂါထာများမှာ စာပေအငွေ့အသက် မကင်းကြသဖြင့် ကဗျာဟု ခေါ်နိုင်သည်ဟု ကျွန်ုပ်ထင်၏'[၁]။ 'လူသားတို့၏ အလုပခံစားမှုကို ဆွဲဆောင်နိုင်စွမ်းရှိမှုအတွက် ထူးခြားသည့် နေရာတွင် တည်ရှိလျက် စင်ကြယ် ယဉ်ကျေးသည့် လူများကို ကိုယ်စားပြုခြင်းဖြင့် ယင်းသို့သော မိမိတို့၏ လတ်တလော အာရုံခံစားချက်များကို ထုတ်ဖော်ခြင်းများမှာ မကြာခဏ သဒ္ဒါ၊ အရေးအဖွဲ့နှင့် ကာရန်များကြောင့် ပင်ပန်းစွာ လေ့ကျက်ရမှုများဖြင့် အရည်အသွေး ကျဆင်းစေသည့် နှောင်းခေတ် သီဟိုဠ်ကဗျာပုံစံတွင် များစွာမတွေ့ရသည့် ရည်ညွှန်းချက်တစ်ရပ်ရှိ၏'[၂]။

လူတန်းစားအလွှာပေါင်းစုံမှ ဆိဂိရိယသို့ လာရောက်လည်ပတ်သူ ရာပေါင်းများစွာသည် ၎င်းတို့၏ စိတ်အာရုံခံစားမှုနှင့် အတွေးအမြင်များကို တောက်ပြောင်ပြီး စင်ကြယ်ကောင်းမွန်သည့် ကဗျာများဖြင့် ထုတ်ဖော်နိုင်သည့် အချက်သည် ထိုခေတ်က ပညာရေးသည် ကျယ်ပြန့်ပြီး အခွင့်ထူးခံလူတန်းစားအတွက်သာ ကန့်သတ်မထားကြောင်း သက်သေပြလျက်ရှိသည်။

ပညာသင်ကြားရာ နယ်မြေအဖြစ် သီဟိုဠ်၏ ထင်ပေါ်ကျော်ကြားမှုသည် ဝေးကွာကျယ်ပြန့်သည့် အရပ်များသို့ ပျံ့နှံ့သွားသည်။ ဟူယင်ဆန်သည် 'သမုဒ္ဒရာအလယ်တွင် **သီဟဠ** ဟုခေါ်သည့် နိုင်ငံတစ်နိုင်ငံရှိ၏။ ယင်းနိုင်ငံကား သထဝိရ (Sthavira School) ဂိုဏ်းဝင်ပညာရှင် ပါရဂူများကြောင့် ထင်ရှားပြီး ယောဂသျှတ္တရကို ရှင်းပြနိုင်စွမ်းရှိသူများကြောင့်လည်း ကျော်ကြား၏'ဟု ကြားဖူးခဲ့သည်[၃]။

နောင်အခါ ယင်း တရုတ်ရဟန်းတော်သည် အိန္ဒိယတောင်ပိုင်း ကဉ္စိပူရမြို့တွင် ဗောဓိမေယဆွာရနှင့် အဘယဒံသျှတ္တရ အမည်ရသည့်

---

[၁] ယင်း၊ စာ-၃၃၉။

[၂] ယင်း၊ စာ-၃၄၀။

[၃] Beal : *The Life of Hiuen Tsiang*, p. 133.

ထင်ရှားသည့် ဓမ္မကထိကမထေရ်နှစ်ပါး ဦးဆောင်သည့် သီဟိုဠ်ရဟန်းတော် အပါး ၃၀၀ ခန့်နှင့် ဆုံတွေ့ခွင့်ရခဲ့သည်[၁]။ ဟူယင်ဆန်သည် ထိုရဟန်းတော်များနှင့် တွေ့ဆုံမေးမြန်းခွင့်ရခြင်း၌ 'အရှင်ဘုရားတို့ နိုင်ငံမှ သံဃာ့အကြီးအကဲများသည် သထဝိရဂိုဏ်းသားတို့၏ တိပိဋကနှင့် ယောဂသျှတ္တရကျမ်းများကို ရှင်းပြနိုင်သည်ဟု ဆိုပါ၏။ ကျွန်ုပ်အနေဖြင့် ထိုနိုင်ငံသို့ သွားရောက်ပြီး ယင်းကျမ်းများကို သင်ယူရန် ဆန္ဒပြင်းပြနေပါ၏။ ဤနေရာသို့ အဘယ်ကြောင့် လာရောက်ကြသနည်းဟု အရှင်ဘုရားတို့အား တပည့်တော် မေးလျှောက်နိုင်ပါသလော' ဟု မေးမြန်းသည်။

ယင်းအမေးကို ဖြေဆိုရာ၌ သီဟိုဠ်ရဟန်းတော်များက ထိုအချိန်က သီဟိုဠ်တွင် ကပ်ဘေးဆိုက်ရောက်နေပြီး ဇမ္ဗူဒီပ (အိန္ဒိယ)မှာ ရှင်တော်ဗုဒ္ဓ၏ မွေးဖွားရာမြေဖြစ်သောကြောင့် လာခဲ့ရကြောင်း ပြောကြားကြသည်။ သီဟိုဠ်ရဟန်းတော်များက 'ဓမ္မကိုသိကြသည့် တပည့်တော်တို့ ဂိုဏ်းဝင် ရဟန်းတော်များတွင် အသက်အရွယ်နှင့် သိက္ခာဝါအရ တပည့်တော်တို့ကို ကျော်လွန်သူများ မရှိကြတော့ပါ။ သို့ဖြစ်၍ အရှင်ဘုရားအနေဖြင့် အကယ်၍ အရှင်ဘုရားမှာ တစ်စုံတစ်ရာ သံသယများပါက အရှင်ဘုရား၏ ဆန္ဒအတိုင်း ယင်းသံသယများနှင့် ပတ်သက်သည်တို့ကို အတူတကွ ဆွေးနွေးကြရအောင်' ဆက်၍ ပြောဆိုလိုက်ကြသည်[၂]။

---

[၁] ယင်းအမည်နာမများမှာ ပုံမှန် မဟုတ်ချေ။ Beal သည် ယင်း သက္ကတဝေါဟာရများကို တရုတ်နာမည်များကို ဘာသာပြန်ရာ၌ အသံဖလှယ်ခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားသည်။

[၂] Beal : *op.cit*, p. 133.

00000000

၂၀၀၈ ဧပြီ ၉ ရက်။

## နောက်ဆက်တွဲ ၂

## ခေတ်အလိုက် သမိုင်းဖြစ်စဉ်များ

**ဘီစီ**

**၃ ရာစု**

| | |
|---|---|
| ၂၄၇-၂၀၇ | ဒေဝါနံပိယတိဿမင်း နန်းစိုက်ခြင်း၊ |
| | ဗုဒ္ဓဝါဒ ရောက်ရှိခြင်း၊ |
| | ဗောဓိပင် ပင့်ဆောင်ခြင်း၊ |
| | မဟာဝိဟာရကျောင်းတိုက်ကို တည်ထောင်ခြင်း၊ |
| | သီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်းများ ပေါ်လာခြင်း၊ |

**၂ ရာစု**

| | |
|---|---|
| ၁၂၉ | အရှင်မဟိန္ဒမထေရ် ပရိနိဗ္ဗာန်စံခြင်း၊ |
| ၁၂၈ | အရှင်မသံဃမိတ္တာ ပရိနိဗ္ဗာန်စံခြင်း၊ |
| ၁၀၁-၇၇ | ဒုဋ္ဌဂါမဏိ နန်းစိုက်ခြင်း၊ |
| | ဘာသာရေးအခြေပြု အမျိုးသားရေးဝါဒ ဖြစ်ပေါ်လာခြင်း၊ |
| | ရဟန်းများ လူမှုနှင့် နိုင်ငံရေးများတွင် ပါဝင်လာခြင်း၊ |
| | ကဆုန်လပြည့် ဗုဒ္ဓနေ့ပွဲတော် စတင်ကျင်းပ၊ |
| | လောဟပါသာဒ၊ မဟာစေတီ၊ စိတ္တလပဗ္ဗတဝိဟာရ နှင့် တိဿမဟာဝိဟာရများ တည်ဆောက်၊ |

**၁ ရာစု**

| | |
|---|---|
| ၄၃-၂၉ | ဗြဟ္မဏတိဿသူပုန်ဘေး ပေါ်ပေါက်ခြင်း၊ |
| | ပေထက်အက္ခရာတင်ခြင်း၊ |
| | ပရိယတ္တိ (သင်ကြားမှု) သည် ပဋိပတ္တိ (ကျင့်ကြံမှု) နှင့် ပဋိဝေဓ (ထိုးထွင်း သိမြင်မှု) တို့ထက် ပိုမို အရေးကြီးကြောင်း ယူဆလာသည် - ဂန္ထဓုရနှင့် ဝိပဿနာဓုရ အယူအဆ ဖြစ်လာခြင်း၊ |
| | ပံသုကူဆောင် မထေရ်များနှင့် ဓမ္မကထိကမထေရ်များ၊ |

## နောက်ဆက်တွဲ ၁

## မဟာဝိဟာရဟူသည်

မဟာဝိဟာရဟူသော ဝေါဟာရသည် အဘယ်ကို ရည်ညွှန်းပါသနည်း။ ယင်းသည် ပထဝီအနေအထားအရ ထင်ရှားရှိသော နေရာသို့မဟုတ် တက္ကသိုလ်တစ်ခု ဖြစ်သလော။ ယင်းဝေါဟာရကို ပထမဆုံး အသုံးပြုခဲ့သည့်အတိုင်း မဟာဝိဟာရဟူသော ဝေါဟာရအား အနုရာဓပုရမြို့တွင် ဒေဝါနံပိယတိဿမင်းကြီး တည်ဆောက်ခဲ့သော ပထမဆုံးသော ကျောင်းတိုက်ကြီးကို ခေါ်ဝေါ်ကြောင်း သံသယဖြစ်ဖွယ် မလိုချေ။ မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ကြသော ရဟန်းတော်များအား သဘာဝအားဖြင့် မဟာဝိဟာရဝါသီ မဟာဝိဟာရကျောင်းတိုက်နေရဟန်းများ ဟု ခေါ်ဝေါ်သည်။ မူလက သီဟိုဠ်ရှိ ရဟန်းတော်များ အားလုံးမှာ မည်သည့်အရပ်တွင် နေသည်ဖြစ်စေ အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက် အနွယ်များဖြစ်ကြသဖြင့် အခြားကျောင်းတိုက်အားလုံးမှာ အနည်းနှင့်အများ အဓိကအားဖြင့် မဟာဝိဟာရအဆက်အနွယ်များ ဖြစ်ကြသည်။ ဘီစီ တစ်ရာစုတွင် အဘယဂိရိကျောင်းတိုက်နှင့် အေဒီလေးရာစုတွင် ဇေတဝနကျောင်းတိုက်များ ပေါ်ပေါက်လာပြီးနောက် သံဃာ့ညီညွတ်မှု ပျက်ပြားသွားပြီး အခြားဂိုဏ်းကွဲများ ပေါ်ပေါက်လာသည်။ မဟာဝိဟာရဟူသော ဝေါဟာရ၏ ခမ်းနားမှုမှာ ပိုမို အသီးအခြား ဖြစ်သွားသည်။ အေဒီ ငါးရာစု၌ အရှင်မဟာဗုဒ္ဓဃောသမထေရ်က ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းများ၌ မဟာဝိဟာရဟူသောဝေါဟာရကို သုံးနှုန်းသောအခါ အနုရာဓပုရမြို့ရှိ အဘယဂိရိနှင့် ဇေတဝနကျောင်းတိုက်တို့ကို ဆန့်ကျင်သည့်အနေဖြင့် မဟာဝိဟာရဟူသော အမည်ကို ရည်ရွယ်ခဲ့ပုံရလျက် မဟာဝိဟာရဝါသီဟူသော ဝေါဟာရကို အနုရာဓပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးကြသည့် ရဟန်းတော်

များကိုသာလျှင် ရည်ရွယ်ခဲ့သည်[၁]။ သို့ရာတွင် ဒုတိယအဓိပ္ပာယ်ပွားမှာ မည်သည့်နေရာတွင် သီတင်းသုံးနေထိုင်သည်ဖြစ်စေ မဟာဝိဟာရ ကျောင်းတိုက်နှင့် ဆက်နွယ်မှုရှိသည့် ရဟန်းတော်များအားလုံးကို အကျုံးဝင်သည်ထိ ကျယ်ပြန့်သည်[၂]။

မဟာဝိဟာရဟူသော ဝေါဟာရသည် အနုရာဓပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်အတွက်သာ အသုံးပြုသည်မဟုတ်ချေ။ အနည်းဆုံး အနုရာဓပုရ မြို့တော်၌ ဗုဒ္ဓဝါဒ၏ ဗဟိုဌာနပြိုကွဲခဲ့သည့် အေဒီ ၁၂ ရာစု အချိန်ထိ သီဟိုဠ်ကျွန်း၏ အခြားအစိတ်အပိုင်းများ၌ ယင်း အမည်ဖြင့် ထင်ရှားခဲ့သော အခြား ကျောင်းတိုက်ကြီး များစွာတို့ ရှိခဲ့ပုံ ရသည်။ ပဉ္စမ ဒမ္ဗုလမင်း (အေဒီ ၉၂၃-၉၃၄) နန်းစံ ခြောက်နှစ်မြောက်တွင် ရေးထိုးသည့် ကတရဂါမကျောက်စာ၌ တိဿမဟာဝိဟာရကို အတိအကျ ရည်ညွှန်းပြီး မဟာဝိဟာရဟူသော ဝေါဟာရကို သုံးနှုန်းထားသည်[၃]။ ရသဝါဟိနီကျမ်း[၄] အရ အရိယဂါလတိဿအမည်ရှိ အမျိုးသားတစ်ယောက်သည် ရဟန်းတော်များအား ပင့်ဖိတ်ရန် ရောဟဏအရပ်ရှိ မဟာဝိဟာရကျောင်းတိုက်သို့ သွားရောက်သည်။ ယင်းသည် တိဿမဟာဝိဟာရကို ရည်ညွှန်းသည်မှာ ထင်ရှားသည်[၅]။ မန္နရ ကဆေဟေရိ (Mannar Kacheheri)အရပ်ရှိ အေဒီကိုးရာစုခန့် ရေးထိုးသည့် ကျောက်စာတစ်ခုတွင် မဟာဝိဟာရကျောင်းတိုက်၏ ဗဟာဒုရုသေန ပိယင်္ဂလ (Bahadurusen Piyangala) ဟုခေါ်သည့် ကျောင်း

[၁] ယင်းအဓိပ္ပာယ်သည် မဟာဝံသကျမ်း၌ ဖော်ပြသည့် အဓိပ္ပာယ်ဖြစ်သည်မှာ ထင်ရှားသည်။

[၂] ယနေ့တိုင်ပင် ယေဘုယျအားဖြင့် ဂိုဏ်းအသီးသီးမှ ရဟန်းတော်များကို ၎င်းတို့၏ဌာနချုပ် အမည်များဖြင့် အသိများကြသည်။ ပုံစံအားဖြင့် ကန္ဒီမာလဝတ္တ ကျောင်းတိုက်၌ ဥပသမ္ပဒါအဖြစ်ကို ရရှိခဲ့ကြသူများအား ကန္ဒီမှာ နေသည်ဖြစ်စေ မတရမှာ နေသည်ဖြစ်စေ မာလဝတ္တ ရဟန်းများဟူသော အမည်ကို ရကြသည်။ သို့ဖြစ်၍ အခြေခံအားဖြင့် ဘုန်းကြီးကျောင်းတိုက်တစ်ခုဖြစ်သည့် မာလဝတ္တသည် ပြောင်းလဲသည့် အမြင်ဖြင့် ဂိုဏ်းတစ်ခုကို ရည်ညွှန်းသည်။

[၃] EZ. III, pp. 222-223.

[၄] ရသဝါဟိနီ ၂၊ ၃၆။

[၅] တစ်ခါတစ်ရံ ယင်းကျောင်းတိုက်ကို ဗာဠမဟာဝိဟာရဟု ခေါ်သည် (ရသဝါဟိနီ ၂၊ ၈)။



တိုက်တစ်ခုအား ပေးအပ်သည့် အလှူငွေတစ်ရပ်အကြောင်း ဖော်ပြသည်[၁]။ ကုရုနာဂလ (Kurunagala) ခရိုင်၊ ဒေဝမာဒိ ကောရလေ့ (Devamadi Korale)မြို့ ဂေါဏ္ဏဝ ဒေဝါလေ (Gonnava Devale) အရပ်ရှိ အေဒီ ကိုးရာစုရေးထိုးသည့် နောက်ထပ် ကျောက်စာ တစ်ခုတွင် 'မဟာဝိဟာရကျောင်းတိုက်၏ အတွင်းကျောင်း' တစ်ခု အတွက် ဝတ္တကမြေ ပေးအပ်မှုအကြောင်းကို မှတ်တမ်းတင် ထားသည်[၂]။

ယင်းကျောက်စာများ၌ ပါသည့် မဟာဝိဟာရဟူသော ဝေါဟာရသည် အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက်ကို ရည်ညွှန်းသလော၊ အနုရာဓပုရမြို့ရှိ ဌာနချုပ်ဝင် ဒေသဆိုင်ရာ ကျောင်းများကို ရည်ညွှန်းသလော၊ သို့မဟုတ် ဒေသခံတို့က မဟာဝိဟာရဟု နားလည်သည့် အခြားကျောင်းတိုက်တစ်ခုကို ရည်ညွှန်းသလောဆိုသည်ကိုမူ ကျွန်ုပ်တို့အနေဖြင့် အသေအချာ မဆိုနိုင်ချေ။ ထင်ရှားခဲ့သည့် မဟာဝိဟာရဟူသောအမည်ကို ဒေသဆိုင်ရာ ကျောင်းတိုက်များအား အမည်နာမပေးရာ၌ အသုံးပြုခဲ့ကြဖွယ်ရှိသည်။

သို့ရာတွင် အေဒီငါးရာစုတွင် ရေးသားသည့် အဋ္ဌကထာကျမ်းများ၌ မဟာဝိဟာရဟူသောအမည်ကို အနုရာဓပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်မှတစ်ပါး အခြား မည်သည့် ကျောင်းတိုက်ကိုမျှ အသုံးမပြုခဲ့ချေ။ ဒီဃနိကာယ်အဋ္ဌကထာ[၃]၌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရဟန်းတော်များ တစ်နှစ်လျှင် ပုံမှန် နှစ်ကြိမ် စည်းဝေးလေ့ရှိသည့် သီဟိုဠ်၌ အရေးပါသော ကျောင်းတိုက်ကြီးနှစ်ခုကို ရည်ညွှန်းထားသည်။ မြစ် (Mahāvāliganga) တစ်ဖက်ကမ်း၌ သီတင်းသုံးကြသည့် ရဟန်းများသည် မဟာဝိဟာရကျောင်းတိုက်၌ စည်းဝေးကြပြီး ဤဖက်ကမ်း၌ သီတင်းသုံးကြသော ရဟန်းတော်များသည် တိဿမဟာဝိဟာရကျောင်းတိုက်၌ စည်းဝေးကြသည်။ ထိုအချိန်မှာပင် ရောဟဏအရပ်ရှိ ကျောင်းတိုက်ကြီးအား တိဿဟူသော ရှေ့ဆက်စကားမပါဘဲ မဟာဝိဟာရဟူသော အမည်ကို မခေါ်ဝေါ်ခဲ့ချေ။

[၁] EZ. III, p, 103.

[၂] EZ. IV, pp. 188-189.

[၃] ဒီ-ဋ္ဌ ၂၊ ၁၇၂။ ဤကျမ်း၊ စာ- ၃၁၅ ကိုလည်း ရှုပါ။

## နောက်ဆက်တွဲ ၃
## မင်းဆက်များ
(ဝီလျံဂိုင်ဂါ၏ စူဠဝံသ အင်္ဂလိပ်ဘာသာပြန်၊ တွဲ ၂ အတိုင်း)

| အမည် | နန်းစိုက်မြို့ | သက္ကရာဇ် |
|---|---|---|
| ၁။ ဝိဇယ | တမ္ဗပဏ္ဏိနဂရ | ၄၈၃-၄၄၅ ဘီစီ |
| ကြားကာလ (ဥပတိဿ ရင်ခွင် ပိုက်အုပ်ချုပ်) | ဥပတိဿဂါမ | ၄၄၅-၄၄၄ |
| ၂။ ပဏ္ဍုဝါသုဒေဝ | ॥ | ၄၄၄-၄၁၄ |
| ၃။ အဘယ | ॥ | ၄၁၄-၃၉၄ |
| ကြားကာလ (အဘယ၏ညီ တိဿ ရင်ခွင်ပိုက် အုပ်ချုပ်) | ॥ | ၃၉၄-၃၇၇ |
| ၄။ ပဏ္ဍုကာဘယ | အနုရာဓပုရ | ၃၇၇-၃၀၇ |
| ၅။ မုဋသိဝ | ॥ | ၃၀၇-၂၄၇ |
| ၆။ ဒေဝါနံပိယတိဿ | ॥ | ၂၄၇-၂၀၇ |
| ၇။ ဥတ္တိယ | ॥ | ၂၀၇-၁၉၇ |
| ၈။ မဟာသိဝ | ॥ | ၁၉၇-၁၈၇ |
| ၉။ သူရတိဿ | ॥ | ၁၈၇-၁၇၇ |
| ၁၀။ သေန (တမီးလ်) | ॥ | ၁၇၇-၁၅၅ |
| ၁၁။ ဂုတ္တိလ (တမီးလ်) | ॥ | ၁၇၇-၁၅၅ |
| ၁၂။ အသေလ | ॥ | ၁၅၅-၁၅၄ |
| ၁၃။ ဧဠာရ (စောဠ) | ॥ | ၁၅၄-၁၀၁ |
| ၁၄။ ဒုဋ္ဌဂါမဏိ | ॥ | ၁၀၁-၇၇ |
| ၁၅။ သဒ္ဓါတိဿ | ॥ | ၇၇-၅၉ |
| ၁၆။ ထုလ္လထန | ॥ | ၅၉- |
| ၁၇။ လဇ္ဇိတိဿ | ॥ | ၅၉-၅၀ |
| ၁၈။ ခလ္လဋနာဂ | ॥ | ၅၀-၄၃ |



၂၉-၁၇ ဝဋ္ဋဂါမဏိ နန်းစိုက်ခြင်း၊
ပထမဆုံး အကြိမ် သံဃာကွဲပြားခြင်း၊
မဟာဝိဟာရမှ အဘယဂိရိ ခွဲထွက်၊
ဓမ္မရုစိဂိုဏ်း ဖြစ်ပေါ်လာခြင်း၊

**အေဒီ**

**၁ရာစု**

၆၇-၇၉ မဟာဘာတိက မဟာနာဂမင်း ဂိရိဘဏ္ဍပူဇာပွဲ ကျင်းပ၊
၇၉-၈၉ အာမဏ္ဍဂါမဏိမင်း၏ မာဃာတ(အသက်မသတ်ရ) အမိန့်၊
၈၉-၉၂ ကဏိရဇာနု တိဿမင်းက မိမိကို လုပ်ကြံခဲ့ကြသည့် ရဟန်းအပါး ၈၀ ကို ကွပ်မျက်၊

**၃ ရာစု**

၂၄၈-၂၄၉ ဧကနာဠိက ငတ်မွတ်ခေါင်းပါးဘေး၊
၂၆၉-၂၉၁ ဝေါဟာရတိဿမင်း နန်းစိုက်၊
ဝေတုလ္လဝါဒကို နှိပ်နင်း၊
သံဃာ သန့်ရှင်းရေး၊
ပထမဆုံးအကြိမ် အရိယဝံသပွဲတော် ကျင်းပ၊

**၄ ရာစု**

၃၀၉-၃၂၂ ဂေါဌာဘယမင်း နန်းစိုက်၊
ဝေတုလ္လဝါဒကို နှိမ်နင်းခြင်း၊ ဝေတုလ္လဝါဒီ ရဟန်းများကို တိုင်းပြည်မှ နှင်ထုတ်၊
ဒက္ခိဏဂိရိအရပ်၌ သာဂလိယဂိုဏ်း ပေါ်ပေါက်ခြင်း၊
၃၃၄-၃၈၁ မဟာသေနမင်း နန်းစိုက်၊
မဟာသေနမင်း မဟာယာနဝါဒကို ထောက်ပံ့ခြင်း၊
မဟာသေနမင်း မဟာဝိဟာရကျောင်းတိုက်ကို ဖျက်ဆီး၊
စေတိယပဗ္ဗတ (မဟိန္ထလေ့) ကို ဓမ္မရုစိကတို့ သိမ်းပိုက်၊
ဇေတဝနဝိဟာရကျောင်းတိုက်ကို တည်ဆောက်ပြီး သာဂလိယ ဂိုဏ်းအား လှူဒါန်း၊
ဒုတိယအကြိမ် မဟာဝိဟာရကျောင်းတိုက် စွန့်ပစ်ခံရခြင်း၊
ဗောဓိသတ္တရုပ်ကို ပထမဆုံးအကြိမ် ဖော်ပြ၊

၃၆၂-၄၀၉ သီရိမေဃဝဏ္ဏမင်းက မဟိန္ဒပွဲတော်ကျင်းပ၊
ဤမင်းလက်ထက်အတွင်း စွယ်တော်ဓာတ်ကို သီဟိုဠ်သို့ ပင့်ဆောင်လာခြင်း၊
တရုတ်ရဟန်းတော် ဖာဟီယန် သီဟိုဠ်သို့ ရောက်လာ၊
မဟာဓမ္မကထိ မထေရ် ပါဠိတော်ကို သီဟိုဠ်ဘာသာပြန်၊

## ၅ ရာစု

၄၀၉-၄၃၁ မဟာနာမမင်း အုပ်ချုပ်ခြင်း၊
အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်အဋ္ဌကထာများကို ပါဠိ ဘာသာသို့ ပြန်ဆို၊

## ၆ ရာစု

၄၉၆-၅၁၃ ပထမ မောဂ္ဂလ္လာနမင်း နန်းစိုက်၊
ကေသဓာတု (ဗုဒ္ဓဆံတော်ဓာတ်) ကို သီဟိုဠ်သို့ ပင့်လာ၊
အသိဂ္ဂါဟဘွဲ့ ပေးအပ်၊
သာသနာသန့်ရှင်း စင်ကြယ်ရေးဆောင်ရွက်၊
၅၂၄-၅၃၇ သိလာကာလမင်း နန်းစိုက်၊
အရှင်ဇောတိပါလ မထေရ်က ပြည်သူ့ရှေ့မှောက်တွင် ဝေတုလ္လဝါဒီများကို နှိမ်နင်း၊
ကလိင်္ဂဘုရင်၊ မိဖုရားနှင့် ယင်းတို့၏ ဝန်ကြီးများ သီဟိုဠ် သို့ ရောက်လာပြီး ရဟန်းပြုကြသည်၊
၅၃၆- ဓမ္မဓာတုကို ကာသိ (ဗာရာဏသီ) မှ သီဟိုဠ်သို့ ပင့်၊

## ၇ ရာစု

၆၁၁-၆၁၇ တတိယ မောဂ္ဂလ္လာနမင်း နန်းစိုက်၊
ပိဋကတ်သုံးပုံကို ရွတ်ဆိုခြင်း၊ သာသနာသန့်ရှင်းစေခြင်း၊
၆၁၇-၈၂၈ သိလာမေဃဝဏ္ဏမင်း နန်းစိုက်၊
အဘယဂိရကျောင်းတိုက် ပြဿနာ၊
သာသနာကို သုတ်သင်ရှင်းလင်းခြင်း၊
အဘိဓမ္မာကို အထူးစိတ်ဝင်စားလာ၊
၆၂၆-၆၄၁ ဘုန်းကြီးကျောင်းများ လုယက်ခံရ၊



၆၃၀-၆၅၈ ဒုတိယဒါဌောပတိဿမင်းနှင့် မဟာဝိဟာရကျောင်းတိုက် အကြား မပြေမလည်ဖြစ်ခြင်း၊
၆၅၈-၆၇၄ ပရိတ်ရွတ်ပွဲတော် စတင်ကျင်းပ၊
၆၇၈-၇၁၁ ပံသုကူလိကမထေရ်များ ထင်ရှားလာ၊

## ၈ ရာစု

၇၆၆-၇၂၂ စတုတ္ထအဂ္ဂဗောဓိမင်း သာသနာကို သုတ်သင်ခြင်း၊
ဗုဒ္ဓဝါဒကျင့်စဉ်များ၌ ဟိန္ဒူ အယူအဆများ လွှမ်းမိုးခြင်း၊

၈ ရာစု

၈၃၁-၈၅၁ ပထမသေနမင်း နန်းစိုက်၊
ဝါဇိရိယဝါဒ သီဟိုဠ်သို့ ရောက်လာခြင်း၊
ပဏ္ဍုယလူမျိုးတို့ သီဟိုဠ်ကို ကျူးကျော်တိုက်ခိုက်ခြင်း၊
၈၅၁-၈၈၅ ဒုတိယသေနမင်း နန်းစိုက်၊
ဒုတိယသေနမင်း ပဏ္ဍုယနိုင်ငံကို သိမ်းပိုက်၊
သာသနာကို သုတ်သင်ခြင်း၊
၈၇၁- ပံသုကူလိကဂိုဏ်းဝင်များ အဘယဂိရိမှ သီးခြားခွဲထွက်၊

00000000

| **အမည်** | **နန်းစိုက်မြို့** | **သက္ကရာဇ်** |
|---|---|---|
| ၁၀၀။ ကဿပ ၃ | အနုရာဓပုရ | ၇၁၇-၇၂၄ |
| ၁၀၁။ မဟိန္ဒ ၁ | ။ | ၇၂၄-၇၂၇ |
| ၁၀၂။ အဂ္ဂဗောဓိ ၆ | ။ | ၇၂၇-၇၆၆ |
| ၁၀၃။ အဂ္ဂဗောဓိ ၇ | ပေလုန္နရုဝ | ၇၆၆-၇၇၂ |
| ၁၀၄။ မဟိန္ဒ ၂ | အနုရာဓပုရ | ၇၇၂-၇၉၂ |
| ၁၀၅။ ဥဒယ ၁ (ဒပ္ပုလ ၂) | ပေါလုန္နရုဝ (?) | ၇၉၈၂-၇၉၇ |
| ၁၀၆။ မဟိန္ဒ ၃ | အနုရာဓပုရ (?) | ၇၉၇-၈၀၁ |
| ၁၀၇။ အဂ္ဂဗောဓိ ၈ | ။ | ၈၀၁-၈၁၂ |
| ၁၀၈။ ဒပ္ပုလ ၂ (၃) | ။ | ၈၁၂-၈၂၈ |
| ၁၀၉။ အဂ္ဂဗောဓိ ၉ | ။ | ၈၂၈-၈၅၂ |
| ၁၁၀။ သေန ၁ | ပေါလုန္နရုဝ | ၈၃၁-၈၅၂ |
| ၁၁၁။ သေန ၂ | ။ | ၈၅၁-၈၈၆ |
| ၁၁၂။ ဥဒယ ၂ (၁) | အနုရာဓပုရ | ၈၈၅-၈၉၆ |
| ၁၁၃။ ကဿပ ၄ | ပေါလုန္နရုဝ | ၈၉၆-၉၁၃ |
| ၁၁၄။ ကဿပ ၅ | ။ | ၉၁၃-၉၂၃ |

00000000



| **အမည်** | **နန်းစိုက်မြို့** | **သက္ကရာဇ်** |
|---|---|---|
| ၁၉။ ဝဋ္ဋဂါမဏိအဘယ | အနုရာဓပုရ | ၄၃- |
| ၂၀။ ပုလဟတ္ထ | ။ | |
| ၂၁။ ဗာဟိယ | ။ | |
| ၂၂။ ပနယမာရ | ။ | |
| ၂၃။ ပိဠယမာရ | ။ | |
| ၂၄။ ဒါဌိက | ။ | ၄၃-၂၉ |
| (ဝဋ္ဋဂါမဏိအဘယ တိုင်းပြည်မှ ထွက်ပြေးနေရစဉ် အုပ်ချုပ်သည့် တမီးလ် ကျူးကျော်ဘုရင် ၅ ယောက်) | | |
| ၁၉။ ဝဋ္ဋဂါမဏိအဘယ (ပြန်လည် နန်းစိုက်) | ။ | ၂၉-၁၇ |
| ၂၅။ မဟာစူဠိက မဟာတိဿ | ။ | ၁၇-၃ |
| ၂၆။ စောရနာဂ | ။ | ၃ ဘီစီ ၉ အေဒီ |
| ၂၇။ တိဿ | ။ | ၉-၁၂ အေဒီ |
| ၂၈။ အနုလာ | ။ | ၁၂-၁၆ |
| ၂၉။ ကုဋကဏ္ဏတိဿ | ။ | ၁၆-၃၈ |
| ၃၀။ ဘာတိယ ၁ (ဘာတိကာဘယ) | ။ | ၃၈-၆၆ |
| ၃၁။ မဟာဒါဌိက မဟာနာဂ | ။ | ၆၇-၇၃ |
| ၃၂။ အာမဏ္ဍဂါမဏိ အဘယ | ။ | ၇၉-၈၉ |
| ၃၃။ ကဏိရဇာဏု တိဿ | ။ | ၈၉-၉၂ |
| ၃၄။ စူဠာဘယ | ။ | ၉၂-၉၃ |
| ၃၅။ သီဝလိ | ။ | ၉၃- |
| ၃၆။ ဣလနာဂ | ။ | ၉၃-၁၀၂ |
| ၃၇။ စန္ဒမုခသိဝ | ။ | ၁-၃-၁၁၂ |
| ၃၈။ ယသလာလက တိဿ | ။ | ၁၁၂-၁၂၀ |
| ၃၉။ သုဘ | ။ | ၁၂၀-၁၂၆ |
| ၄၀။ ဝသဘ | ။ | ၁၂၇-၁၇၁ |
| ၄၁။ ဝင်္ကနာသိက တိဿ | ။ | ၁၇၁-၁၇၄ |
| ၄၂။ ဂဇဗာဟု ၁ (ဂဇဗာဟု ဂါမဏိ) | ။ | ၁၇၄-၁၉၆ |

| အမည် | နန်းစိုက်မြို့ | သက္ကရာဇ် |
|---|---|---|
| ၄၃။ မဟလ္လကနာဂ | အနုရာဓပုရ | ၁၉၆-၂၀၂ |
| ၄၄။ ဘာတိယ တိဿ ၂ (ဘာတိက တိဿ) | ။ | ၂၀၃-၂၂၇ |
| ၄၅။ ကနိဋ္ဌတိဿ | ။ | ၂၂၇-၂၄၆ |
| ၄၆။ ခုဇ္ဇနာဂ | ။ | ၂၄၆-၂၄၈ |
| ၄၇။ ရုဒ္ဓနာဂ | ။ | ၂၄၈-၂၄၉ |
| ၄၈။ သိရိနာဂ ၁ | ။ | ၂၄၉-၂၆၈ |
| ၄၉။ ဝေါဟာရိကဿ | ။ | ၂၆၉-၂၉၁ |
| ၅၀။ အဘယနာဂ | ။ | ၂၉၁-၂၉၉ |
| ၅၁။ သိရိနာဂ ၂ | ။ | ၃၀၀-၃၀၂ |
| ၅၂။ ဝိဇယကုမာရ | ။ | ၃၀၂-၃၀၃ |
| ၅၃။ သင်္ဃတိဿ ၁ | ။ | ၃၀၃-၃၀၇ |
| ၅၄။ သိရိသံဃဗောဓိ | ။ | ၃၀၇-၃၀၉ |
| ၅၅။ ဂေါဌာဘယ | ။ | ၃၀၉-၃၂၂ |
| ၅၆။ ဇေဋ္ဌတိဿ ၁ | ။ | ၃၂၃-၃၃၃ |
| ၅၇။ မဟာသေန | ။ | ၃၃၄-၃၆၂ |
| ၅၈။ သိရိမေဃဝဏ္ဏ | ။ | ၃၆၂-၄၀၉ |
| ၅၉။ ဇေဋ္ဌတိဿ ၂ | ။ | ။ |
| ၆၀။ ဗုဒ္ဓဒါသ | ။ | ။ |
| ၆၁။ ဥကတိဿ | ။ | ။ |
| ၆၂။ မဟာနာမ | ။ | ၄၀၉-၄၃၁ |
| ၆၃။ သောတထိသေန | ။ | ၄၃၁- |
| ၆၄။ ဆတ္တဂါမက | ။ | ၄၃၁-၄၃၂ |
| ၆၅။ မိတ္တသေန | ။ | ၄၃၂-၄၃၃ |
| ၆၆။ ပဏ္ဍု (တမီလ်များ) | ။ | ၄၃၃-၄၈၀ |
| ၆၇။ ပါရိန္ဒ ။ | ။ | ။ |
| ၆၈။ ခုဒ္ဒပါရိန္ဒ ။ | ။ | ။ |
| ၆၉။ ပိရိတရ ။ | ။ | ။ |
| ၇၀။ ဒါဌိယ ။ | ။ | ။ |
| ၇၁။ ပိဋ္ဌိယ ။ | ။ | ။ |



| အမည် | နန်းစိုက်မြို့ | သက္ကရာဇ် |
|---|---|---|
| ၇၂။ ဓာတုသေန | အနုရာဓပုရ | ၄၆၀-၄၇၈ |
| ၇၃။ ကဿပ ၁ | အနုရာဓပုရနှင့် သိဂိရိယ | ၄၇၈-၄၉၆ |
| ၇၄။ မောဂ္ဂလ္လာန ၁ | အနုရာဓပုရ | ၄၉၆-၅၁၃ |
| ၇၅။ ကုမာရဒါသ (ကုမာရဓာတုသေန) | ။ | ၅၁၃-၅၂၂ |
| ၇၆။ ကိတ္တိသေန | ။ | ၅၂၂- |
| ၇၇။ သိဝ၁ | ။ | ၅၂၂ |
| ၇၈။ ဥပတိဿ ၂ | ။ | ၅၂၂-၅၂၄ |
| ၇၉။ သိလာကာလ | ။ | ၅၂၄-၅၃၇ |
| ၈၀။ ဒါဌာပဘုတိ | ။ | ၅၃၇- |
| ၈၁။ မောဂ္ဂလ္လာန ၂ | ။ | ၅၃၇-၅၅၆ |
| ၈၂။ ကိတ္တိသိရိမေဃ | ။ | ၅၅၆- |
| ၈၃။ မဟာနာဂ | ။ | ၅၅၆- ၅၅၉ (၅၅၈ ?) |
| ၈၄။ အဂ္ဂဗောဓိ ၁ | ။ | ၅၈၉-၆၀၁ |
| ၈၅။ အဂ္ဂဗောဓိ ၂ | ။ | ၆၀၁-၆၁၁ |
| ၈၆။ သံဃတိဿ ၂ | ။ | ၆၁၁- |
| ၈၇။ မောဂ္ဂလ္လာန ၃ (ဒလ္လ မောဂ္ဂလ္လာန) | ။ | ၆၁၁-၆၁၇ |
| ၈၈။ သိလာမေဃဝဏ္ဏ | ။ | ၆၁၇-၆၂၆ |
| ၈၉။ အဂ္ဂဗောဓိ ၃ | ။ | ၆၂၆-၆၄၁ |
| ၉၀။ ဇေဋ္ဌတိဿ ၃ | ။ | ။ |
| ၉၁။ ဒါဌောပတိဿ ၁ (ဒါဌာသိဝ) | ။ | ။ |
| ၉၂။ ကဿပ ၂ | ။ | ၆၄၁-၆၅၀ |
| ၉၃။ ဒပ္ပုလ ၁ | ။ | ၆၅၀- |
| ၉၄။ ဒါဌောပတိဿ ၂ (ဟဋ္ဌဒါဌ ၁) | ။ | ၆၅၀-၆၅၈ |
| ၉၅။ အဂ္ဂဗောဓိ ၄ | အနုရာဓပုရနှင့် ပေါလုန္နရုဝ | ၆၅၈-၆၇၄ |
| ၉၆။ ဒတ္တ | အနုရာဓပုရ | ၆၇၄-၆၇၆ |
| ၉၇။ ဟတ္တဒါဌ ၂ | ။ | ၆၇၆- |
| ၉၈။ မာနဝမ္မ | ။ | ၆၇၆-၇၁၁ |
| ၉၉။ အဂ္ဂဗောဓိ ၅ | ။ | ၇၁၁-၇၁၇ |